www.burmeseclassic.com



ပဒ္မဂံစာအုပ်တိုက်

# ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်...

ဒုတိယအကြိမ်

ကျော်သူ

စီစဉ်သူ
အလင်းဆက်
(IR)

www.burmeseclassic.com

www.burmeseclassic.com





ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ အုပ်ရေ - ၅၀၀

ဒုတိယအကြိမ်ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ - ၅၀၀

မျက်နှာဖုံးပန်းချီ
ပန်းချီတင်ထွဏ်း

အတွင်းသရုပ်ဖော်
မင်းကျော်ခိုင်၊ မမွေး၊ ဗဂျီလင်းဝဏ္ဏ၊ ကာတွန်းမောင်မောင်အောင်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးဇော်မြင့်ဝင်း (ကာလာဒုံအော့ဖ်ဆက်)
အမှတ် ၁၈၄၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသူ
ဦးမြင့်အောင် (ပဥ္စဂံစာပေ)
၁၆၇၊ ၃၅ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်

စာအုပ်ချုပ်
ဖူးပွင့်မွေး


တန်ဖိုး - ၆၀၀၀ ကျပ်

စာအုပ်ကတ်တလောက်အချက်အလက်များ - CIP

ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်...ကျော်သူ ၉၂၈.၉၅
ကျော်သူနှင့် အခြား --- ။
ရန်ကုန်၊ ပဥ္စဂံစာအုပ်တိုက်၊ ၂၀၁၃။
စာတ်ပုံ၊ ရုပ်ပုံ၊ ၄၁၆ စာ၊ ၂၄ စင်မီ
၁။ ကျော်သူနှင့် အခြား ဆောင်းပါး အင်တာဗျူးများ
၂။ မြန်မာစာပေ --- ၂၀ ရာစု

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်...

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ဟံသာဝတီ ဦးဝင်းတင်၏ အမှာစာ | | က |
| မောင်မိုးသူ၏ အမှာစာ | | ခ |
| ဦးဝင်းငြိမ်း၏ အမှာစာ | | ဃ |
| စီစဉ်သူ၏စကား | | ဈ |
| ကျော်သူ၏ နှလုံးသားထက်မှ ကမ္ဘည်းမှတ်တမ်း | | ၇ ည |
| **အခန်း (၁) ကျော်သူ့ကောက်ကြောင်း** | | |
| ၁။ | ဂါရဝတရား | ၁ |
| ၂။ | ကျော်သူ့ဘဝ တစ်ဆစ်ချိုးပြောင်းခဲ့သော အမေးအဖြေများ | ၃ |
| ၃။ | ပရဟိတ အနုပညာရှင်တစ်ဦးအား ထုဆစ်ခြင်း | ၁၀ |
| ၄။ | ကျွန်မချစ်သော မင်းသား (သို့မဟုတ်) ပြည်သူချစ်သောမင်းသား | ၁၅ |
| ၅။ | ကျော်သူ့ထုံး | ၁၈ |
| ၆။ | မေးလို့ဖြေပြီ | ၂၁ |
| ၇။ | ကျွန်တော်တို့က လူတွေပါဗျာ | ၂၉ |
| ၈။ | လူပီသချင်တဲ့ သူ | ၃၀ |
| ၉။ | ကျော်သူပြောတဲ့ ... ကျော်သူ့ဘဝဇာတ်ကြောင်း ဘဝလည်ပြန် | ၃၆ |
| ၁၀။ | ရွေးလိုက်တဲ့လမ်း | ၅၁ |
| ၁၁။ | ကျော်သူ၏ မဟေသီ မရွှေဇီးကွက်နှင့် တွေ့ဆုံခြင်း | ၆၁ |
| ၁၂။ | ငယ်စဉ်ကြီးလိုက် | ၇၀ |
| ၁၃။ | တက္ကသိုလ် လည်ပြန်အလွမ်း | ၇၃ |
| **အခန်း (၂) ပုရိပ်ရှင်ကျော်သူ** | | |
| ၁၄။ | ကျော်သူ့ဇာတ်ကားတွေ ကြည့်နိုင်ပြီဟေ့ | ၈၁ |
| ၁၅။ | ကျော်သူ ရုပ်ရှင်ပြန်ရိုက်တော့မည် | ၈၄ |
| ၁၆။ | သစ္စာဖောက်ရုပ်ရှင် | ၈၆ |
| ၁၇။ | သွေးစကား | ၉၀ |
| ၁၈။ | သွေးဇာတ်ကားသရုပ်ဆောင် ဦးကျော်သူနှင့် တွေ့ဆုံခြင်း | ၉၄ |
| ၁၉။ | ရှင်ကြီး ကျားထက်ဆိုး | ၉၉ |
| ၂၀။ | နာရေးဆင်ဆာ | ၁၀၃ |
| **အခန်း (၃) ဖြူစင်ရိုးရှင်းနှလုံးသားပိုင်ရှင် ကျော်သူ** | | |
| ၂၁။ | FREEDOM | ၁၀၇ |
| ၂၂။ | ရုပ်ရှင်ဂုဏ်ထူးဆောင်ဆုကို လက်ခံမယ့် ကျော်သူ့ စကားသံ | ၁၀၉ |
| ၂၃။ | အမေ | ၁၁၂ |
| ၂၄။ | အမေက ပြုံး သားက ရယ်ပေါ့ | ၁၁၃ |
| ၂၅။ | ခွပ်ချိန်တန် 'ခွပ်'၊ ကချိန်တန် 'က' | ၁၁၆ |
| ၂၆။ | တစ်လေးလုံးနေ့ | ၁၁၇ |
| ၂၇။ | "အမျိုးသား"ရုပ်ရှင် ထုတ်လုပ်ရေးပိုင်ရှင် ဒေါ်အောင်ဆန်းစုကြည် | ၁၁၉ |
| ၂၈။ | ဗိုလ်ချုပ်တပ်လှန့်သံ | ၁၂၁ |
| ၂၉။ | ဒီမိုကရေစီဆိုတာကို မျက်စိလည်နေတဲ့ ကျော်သူနှင့်တွေ့ဆုံခြင်း | ၁၂၉ |
| ၃၀။ | ဖွ | ၁၃၅ |
| ၃၁။ | အထက်ကတဲ့လား | ၁၄၁ |
| ၃၂။ | အကြောက်တရားများ ဖယ်ရှားကြ | ၁၄၅ |


www.burmeseclassic.com

www.burmeseclassic.com


၃၃။ ပြည်သူတွေ သတိထားဖို့နဲ့ အသိပေးရှိဖို့ လိုတယ်ဆိုတဲ့ ကျော်သူ ၁၄၇
၃၄။ တစ်ဦးချင်း စည်းကမ်းရှိဖို့ ၁၅၇
၃၅။ မသေဆေး စားကြသူများ ၁၆၀
၃၆။ အိမ်ရှင်နဲ့ ဧည့်သည် ၁၆၅
၃၇။ လက်တော့ပ်ကိုင်တော့မည့် မျိုးဆက်သစ်များ ၁၆၉
၃၈။ ကြည့်မှန် ၁၇၁
၃၉။ ပရဟိတသမားကွေမှာ ကြုံကြုံခံစိတ်က သစ္စာဆိုခြင်းပဲဆိုတဲ့ ကျော်သူနှင့် တွေ့ဆုံခြင်း ၁၇၄
၄၀။ မြန်မာ့ဂုဏ်ရည် ဦးကျော်သူနှင့် အင်တာဗျူး ၁၈၅
၄၁။ အဖိုးမဖြတ်နိုင်သော အစားထိုးရလဒ် ၁၉၂
၄၂။ သုသာန်ဆိုတာ အမှတ်တရ သီးသန့်လုပ်ပေးဖို့သင့်တယ်ဟု နာရေးဥက္ကဋ္ဌ ဦးကျော်သူ ပြောကြား ၁၉၅
၄၃။ ငါးဆယ့်နှစ် ၁၉၈
၄၄။ အကြောင်းတရားကောင်းမှ အကျိုးတရားတွေ ရောက်လာနိုင်မှာဖြစ်တယ်လို့
ဒေါ်မြင့်မြင့်ခင်ဖေ ပြောကြား ၁၉၉
၄၅။ အများကောင်းကျိုးကို အကောင်းဆုံးလုပ်ပေးမှာပါဟု ဒေါ်ရွှေဇီးကွက်ပြောကြား ၂၀၂
၄၆။ မအိုဆေး ၂၀၄
၄၇။ ခံစားမှု၏ နိဂုံး ၂၁၀
၄၈။ အစိမ်းရောင်လူသား ၂၁၂
၄၉။ ဝင်္ကြေးတွေ ကျေ ကံကြွေးတွေ ပြေ ၂၁၆
၅၀။ နှလုံးသားတွင် ဘုရားဟည် ၂၁၈
၅၁။ သရဏဂုံကိုတော့ စောင့်ထိန်းသင့်တယ်လို့ပြောတဲ့ ဦးကျော်သူနှင့် တွေ့ဆုံခြင်း ၂၂၂
၅၂။ တရား ၂၃၀
၅၃။ ကက်ကင်း ၂၃၁
၅၄။ မြိုင်ပွဲ ၂၃၅
၅၅။ သတ်ကွင်း ၂၃၇
၅၆။ ထွက်ပေါက် ၂၄၃
၅၇။ လူမှုပရဟိတစိတ်ထားဖွံ့ဖြိုးရှင် ဦးကျော်သူနှင့် တွေ့ဆုံခြင်း ၂၄၇
၅၈။ ပီတိကို ရိုက်ချိုးခြင်း ၂၅၀
၅၉။ မန္တလေးတိုင်း အယူသီးမှုတိုက်ဖျက်ရေး ခရီးစဉ် ၂၅၃
၆၀။ ရှင်းတမ်း (၁) ၂၅၆
၆၁။ ရှင်းတမ်း (၂) ၂၆၄
၆၂။ ပိုင်ရှင်မဲ့များ ၂၇၁
၆၃။ သေခါနီးလေ ... ပျော်စရာကောင်းလေ ၂၇၃


**အခန်း (၄) ကျော်သူအသံ**


၆၄။ ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင် ၂၇၇
၆၅။ ဦးဦးပုံပြောမယ် ၂၈၅
၆၆။ အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်းအပေါ် ဦးကျော်သူ၏ အမှာစကား ၂၈၇
၆၇။ အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်းအပေါ် သဘောထားအမြင် ထုတ်ပြန်ခြင်း ၂၉၇
၆၈။ အမေးရှိရင် အဖြေရှိရမယ် ၃၀၀


**အခန်း (၅) မာယစိတ်ထား**


၆၉။ ၂၀၁၀ ပေးဆပ်မှုများ ၃၀၃
၇၀။ အဘမှိုင်းပြတိုက် ၃၀၇
၇၁။ မျိုးဆက်ဟောင်း သူရဲကောင်း မောင်စိန်ဝင်း (ပုတီးကုန်း) ၃၁၀


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၇၂။ | သုခအလင်း မွေးဖွားခြင်း | ၃၁၂ |
| ၇၃။ | (၁)နှစ်သား 'သုခအလင်း' စာကြည့်တိုက် | ၃၁၄ |
| ၇၄။ | ဘဝနေနည်း အနုပညာ | ၃၁၆ |
| ၇၅။ | သား 'သုခ'ရဲ့ အားဆေးတစ်ခွက် | ၃၁၉ |
| ၇၆။ | ဇရာဝတီရဲ့ ပွဲတင်သံများ | ၃၂၁ |
| ၇၇။ | မြေကြီးကို (ကလိ)ထိုးရုံမျှနှင့် စိုက်နိုင်သောအပင်များ | ၃၂၅ |
| ၇၈။ | သီရိခေတ္တရာသို့ ဒိုင်ယာရီခြေလှမ်းများ | ၃၂၈ |
| ၇၉။ | အသံ | ၃၃၃ |
| ၈၀။ | "အမေ ... ဦးကျော်သူဆီ မရောက်ရောက်အောင် သွားကု" | ၃၃၇ |
| ၈၁။ | မလေးရှားလူမှုခရီးစဉ် | ၃၄၀ |
| ၈၂။ | ငြိမ်းချမ်းရေး လူမှုရေးခြေလှမ်းများ | ၃၄၆ |
| ၈၃။ | ဒဂုန်တာရာ၏ ငြိမ်းချမ်းရေးပန်ကြားလွှာ (၂) | ၃၅၀ |
| ၈၄။ | ငြိမ်းချမ်းပါစေ လိုင်ဇာမြေ | ၃၅၁ |
| ၈၅။ | ခေတ်သစ်ပေါက်ပြား | ၃၅၄ |
| ၈၆။ | နိုင်ငံရေးအကျဉ်းသားလွတ်ရေး နာရေးကူညီမှုအသင်း တောင်းဆို | ၃၅၈ |
| ၈၇။ | ပိုး | ၃၆၁ |
| ၈၈။ | ကူညီပါရစေ | ၃၆၅ |
| ၈၉။ | ဆောင်းဟေမာန်က ရှာမှရှား အလှူ | ၃၆၉ |
| ၉၀။ | ခေါင်းစီးတပ်ရန်မလို | ၃၇၁ |
| ၉၁။ | ကလုန်း ကျော်သူ | ၃၇၆ |


**အခန်း (၆) သံဝေဂကထာ**


| | | |
|---|---|---|
| ၉၂။ | လွတ်ငြိမ်းခွင့် | ၃၇၉ |
| ၉၃။ | ဖြစ်ပျက် | ၃၈၁ |
| ၉၄။ | စုတိကမ္ဘဇရပ် ချုပ်ငြိမ်းခြင်း | ၃၈၆ |
| ၉၅။ | ဇာမဏီငှက် တောင်ပံတစ်ဖက်နှင့် ဆရာ နန္ဒာသိန်းဇံ | ၃၈၈ |
| ၉၆။ | ငြိမ်းချမ်းရေးနေအိမ်ထဲက ဆရာ'ပါ' | ၃၉၀ |
| ၉၇။ | သေရင် မီးခိုးနဲ့ပြာ ပါသွားမှာက ကုသိုလ် အကုသိုလ် | ၃၉၂ |
| ၉၈။ | နေ့မြင်ညပျောက် | ၃၉၃ |
| ၉၉။ | U Thu Kha's 100th Birthday | ၃၉၄ |
| ၁၀၀။ | အကယ်ဒမီမော့စ် ကောင်းရာသုဂတိ လားပါစေ | ၃၉၅ |
| ၁၀၁။ | ငြိမ်းချမ်းပါစေ တာရာမင်းဝေ | ၃၉၇ |
| ၁၀၂။ | "သံဝေဂ"ရစရာ လမ်းကြောင်း (၂)ခု | ၃၉၉ |
| ၁၀၃။ | လူထုထဲက သံမဏိကလောင်တစ်ချောင်း ကြွေလွင့် | ၄၀၁ |
| ၁၀၄။ | အဝင်နဲ့ အထွက် | ၄၀၃ |
| ၁၀၅။ | ပကာသနမဖက်ဘဲ သဘာဝအတိုင်းသွားချင်သူ ကိုဝဏ္ဏ | ၄၀၄ |
| ၁၀၆။ | မသေခင် သုတ္တန် | ၄၀၆ |
| ၁၀၇။ | သံဝေဂတရား ထပ်မံရရှိခြင်း | ၄၀၉ |
| ၁၀၈။ | တစ်သိန်းပြည့်ပြီ | ၄၁၂ |
| ၁၀၉။ | ကုသိုလ်ပြုလျှင် ကိုယ့်ဖို့ ... ကျန်ခဲ့လျှင် သူများဖို့ | ၄၁၄ |
| ၁၁၀။ | ပင်လုံကျောက်တိုင်မှ ငြိမ်းချမ်းရေးကျောက်တိုင်သို့ | ၄၁၅ |


www.burmeseclassic.com

www.burmeseclassic.com





# ကိုကျော်သူနဲ့ ပြည်သူ

## ခရီးတူလှမ်းကြရင်း ...

ကိုကျော်သူတစ်ယောက် ဘဝအတွေ့အကြုံတွေ များလွန်းမက များလှရောပေါ့။ အနုပညာရှင်တစ်ယောက် အနေနဲ့ ဖြတ်သန်းခဲ့တဲ့ ပုဂ္ဂလိကခရီးကလဲ အရှည်အဝေးကြီး။ ဗြဟ္မစိုရ် တရားရှင်တစ်ယောက် အနေနဲ့ ကျော်လွှားခဲ့တဲ့ လူမှုဘဝခရီးကလဲ တမျှော်တခေါ်ကြီး။ ဒါတွေက ကိုကျော်သူရဲ့ ပုဂ္ဂိုလ်ထူး ဂုဏ်ရည်တွေပဲ။

စစ်အာဏာရှင်တွေရဲ့ နှစ် ၂၀ လူ့ငရဲဘဝဆိုးကို ဖြတ်သန်းခဲ့ရတဲ့ ကျွန်တော့်လို လူအဖို့ ကိုကျော်သူရဲ့ ဘဝခရီးလမ်းဟာ တယ်ဖြောင့်တန်းပေသကိုး ... တယ်ချောမွေ့သကိုး ... နံ့သာပက်ဖျန်း ပန်းခင်းသော လမ်းပါတကားလို့ မုဒိတာစကားဆိုစရာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီ ပန်းခင်းသောလမ်းပေါ်မှာကို ဆူးခက်တွေညှိ၊ ခလုတ်တွေထိ၊ တအိအိနဲ့ ခရီးမတွင် ဖြစ်နေတာတော့ ကိုကျော်သူပဲ သိမှာ ဖြစ်ပါတယ်။ ကိုကျော်သူကို ယုံကြည်ကိုးစား အားထားဝန်းရံသူတွေကတော့ လမ်းပျက်ရင် ဝိုင်းဖို့ကြဖို့၊ ဘီးနစ်ရင် ဝိုင်းတွန်းကြဖို့၊ လှည်းကျိုးရင် ဝိုင်းပြောကြဖို့ အားမွေးထားကြရမှာပဲ ဖြစ်ပါတယ်။

ကိုကျော်သူတစ်ယောက် ဒီခရီးစခန်းတထောက်အထိ ပေါက်ရောက်လွန်မြောက်ခဲ့ပြီ။ ကိုကျော်သူ အနာဂတ်ခရီးရှည်ကြီးကို အောင်မြင်ချောမောစွာ ဆက်လက်တက်လှမ်းနိုင်ပါစေ။ ဝေနေယျ သတ္တဝါတွေအားလုံးရဲ့ ဘဝခရီးလမ်း ပြုကွဲကျိုးပေါက်မှုတွေကိုလဲ ဦးဆောင်ဖို့ဖာပေးနိုင်ပါစေ။ လူထုတွေရဲ့ ဘဝလှည်းကျိုးပျက်တွေကိုလဲ ဦးဆောင်ပြင်ဆင်ပေးနိုင်ပါစေလို့ မေတ္တာသုတ် တစ်ပုဒ်လုံး ပုဒ်မပါကျုံးပြီး ဟည်းတိုက်လို့ ပို့လွှတ်လိုက်ရပါကြောင်း။

ကိုကျော်သူရဲ့ ပရဟိတလုပ်ငန်း အားလုံးလဲ ပြည်သူလူထုတွေရဲ့ စွမ်းအားနဲ့ အတူရုန်းပြီး အောင်ပန်းဆင်နိုင်ပါစေ။

ပြည်သူလူထုတွေရဲ့ အတ္တဟိတ ဘဝအားလုံးလဲ ကိုကျော်သူရဲ့ ဗြဟ္မစိုရ်စွမ်းအားနဲ့အတူ ပေါင်းပြီး အောင်ပန်းဆင်နိုင်ပါစေ။

**ဟံသာဝတီဦးဝင်းတင်**
**၂၂စက်တင်ဘာ ၂၀၀၃**
**ရန်ကုန်မြို့**
**ဓေတ္တ Green Land ဆေးရုံ**

www.burmeseclassic.com

www.burmeseclassic.com




# မင်းသားကျော်သူ
# နှင့်
# နာရေးကူညီမှုအသင်း

ရုပ်ရှင်မင်းသား ကိုကျော်သူကို ရုပ်ရှင်ဒါရိုက်တာ လုပ်ဖူးတဲ့ မောင်မိုးသူ ရုပ်ရှင်လုပ်ငန်းခွင်အတွင်း မဆုံဘူးခဲ့ပါ။ မောင်မိုးသူ ရုပ်ရှင်ဒါရိုက်တာအဖြစ် လုပ်ကိုင်ခဲ့စဉ်က ရိုက်ခဲ့ဘူးသော မင်းသားများမှာ ဦးထွန်းဝေ၊ ဦးမြတ်လေး၊ ဦးညွန့်ဝင်း၊ တွံတေးသိန်းတန်၊ နေအောင်၊ ဇော်ဝမ်း၊ သုမောင်၊ ဇော်လင်း၊ ထွန်းထွန်းဝင်းတို့လောက်ပဲ ဖြစ်ပါတယ်။ ကျော်သူ၊ စိုးသူတို့ မင်းသားနှစ်လက် ပေါ်ပေါက်ထွန်းကားလာချိန်မှာ နာမည်တွေမှာ “သူ”ပါလို့ စိတ်ဝင်စားမှု ရှိပေမယ့် သူတို့နှင့်တော့ မရိုက်ဖူးဖြစ်ခဲ့ပါ။

၈၈ ကျတော့ မောင်မိုးသူ နိုင်ငံရေးလောကထဲ ရောက်သွားပါတယ်။ ရုပ်ရှင်နှင့် ဝေးပေ့ါ။

တိုင်းပြည်က ဆင်းရဲနွမ်းပါးမှုတွေ ကြီးမြင့်နေတဲ့အတွက် နေရေးကခက်၊ သေရေးက ပိုခက် ဖြစ်နေခဲ့ပါတယ်။ ဒါကို မန္တလေးက အမေမာ (လူထုဒေါ်အမာ) တို့ ဦးစီးပြီး ဗြဟ္မစိုရ် အသင်း ထောင်ကြပါတယ်။ နာရေးကူညီမှု အသင်းပါပဲ။ နောက် ရန်ကုန်မှာ ဆရာဦးသုခ ကြီးမှူးပြီး နာရေးကူညီမှုအသင်း ထောင်ပါတယ်။ ဆင်းရဲနွမ်းပါးသူတွေအတွက် နာရေးကူညီမှု၊ ဝန်ဆောင်မှုပေးတဲ့ အသင်းပါ။ ကိုကျော်သူဟာ နာရေးကူညီမှုအသင်းမှာ ခွန်ပြည့်အားပြည့် လုပ်ဆောင်ပါတယ်။ နောက်ဆုံး နိဗ္ဗာန်ယာဉ်ကို ကိုယ်တိုင်မောင်းပြီး ပို့ဆောင်သယ်ပိုး လုပ်ဆောင်ပါတယ်။ အစိုးရကသာ နာရေးအတွက် ဘာမှ လုပ်မပေးတာ နာရေးကူညီမှုအသင်းများဖြစ်တဲ့ ဗြဟ္မစိုရ်တို့ ရန်ကုန်နာရေးတို့ကို အမြဲတန်း ရန်လုပ် ရန်ရှာခြင်းကို ခံကြရပါတယ်။ အဲဒါတွေကို ကြံ့ကြံ့ခံပြီး ဗြဟ္မစိုရ်တို့ နာရေးအသင်းတို့ဟာ ကျယ်ကျယ်ပြန့်ပြန့် အောင်အောင်မြင်မြင် ဝန်ဆောင်မှုပေးနိုင်ခဲ့ကြပါတယ်။

နာရေးကူညီမှု လုပ်ကိုင်ရင်း ပြည်သူတွေရဲ့ ဆင်းရဲမှု၊ ကြပ်တည်းမှု၊ ကျန်းမာရေး၊ လူမှုရေး အခက်အခဲများကို မြင်လာတဲ့ ကိုကျော်သူဟာ ဆေးခန်းတွေဖွင့်၊ ဆေးကုသမှုတွေ၊ ပညာအခမဲ့ သင်တန်းတွေ ဖွင့်လှစ်လုပ်ကိုင်တာတွေကိုပါ ကြားသိခဲ့ရပါတယ်။

ကိုကျော်သူ၊ မရွှေဇီးကွက်တို့ ဇနီးမောင်နှံ စာရေးဆရာမ သန်းမြင့်အောင်တို့ ပါဝင်ကြတဲ့အတွက် ရုပ်ရှင်အနုပညာသည်များ၊ စာပေနှင့် အနုပညာရှင်များအတွက် နာရေးအတွက် ပူပန်စရာမလိုတော့သလောက် ဖြစ်လာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်လောကမှာ မဆုံလိုက်ရတဲ့ ကိုကျော်သူကို နာရေးကူညီမှုအသင်း ကိုကျော်သူ အဖြစ် မကြာခဏ ဆုံတွေ့ရပါတယ်။ သူ့လို စေတနာထားပြီး ဇောက်ချလုပ်ကိုင်နိုင်သူဖြစ်လို့ တွေ့တိုင်း ချီးကျူးဂုဏ်ယူမဆုံး ဖြစ်ခဲ့ရပါတယ်။

လူသားရဲ့ အရည်အချင်းဟာ အတ္တအကျိုးထက် ပရအကျိုးကို သယ်ပိုးပိုင်သူများကိုမှ လေးစား ချစ်ခင် ကြည်ညိုကြတာ ဖြစ်ပါတယ်။

ကိုကျော်သူ အသက်ရာကျော် ရှည်ပါစေ။

နာရေးကူညီမှုအသင်းကြီး ပြည်သူပြည်သား ဆင်းရဲသူ ဆင်းရဲသားများအတွက် အဖက်ဖက်မှ ကူညီစောင့်ရှောက်နိုင်သော အသင်းကြီး တည်တံ့အောင်မြင်စေကြောင်း ဆုတောင်း ပဏ္ဍာ ပို့သလိုက်ရပါတယ်။

[illegible signature]

www.burmeseclassic.com

www.burmeseclassic.com

# ဥက္ကဋ္ဌအတွက် စာတစ်စောင်

ဥက္ကဋ္ဌဆိုတာ တခြားအဖွဲ့အစည်းက မဟုတ်ပါဘူး။ နေ့စဉ်နဲ့အမျှ 'သေသူတွေက အသက်ရှူရပ်ပြီး၊ ကျန်သူတွေက အသက်ရှူကြပ်'တဲ့ ပြဿနာကို ဖြေရှင်းပေးနေတဲ့ နာရေးကူညီမှုအသင်း (ရန်ကုန်)ရဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ တစ်နည်းပြောရရင် ကျွန်တော့်အနုပညာ ညီတော်တဲ့ အကယ်ဒမီ ကျော်သူကို ပြောတာပါ။ ကျွန်တော် ပြောချင်တာက သူနဲ့ ကျွန်တော့် အကြောင်းဆိုရင် ပိုမှန်ပါလိမ့်မယ်။

မြန်မာရုပ်ရှင်လောကမှာ **ချစ်ကြိုးလေးနှစ်မျှင်** ဇာတ်ကားနဲ့ သျှမ်းသျှမ်းတောက် အောင်မြင်ခဲ့ပြီး ခေတ်တစ်ခေတ်ထူထောင်နိုင်ခဲ့တဲ့ ကျော်သူက ကျွန်တော့်ညီ အငယ်ဆုံးနဲ့ ရက်ပိုင်းသာ ကွာခြားပြီး မွေးဖွားခဲ့သူဖြစ်လို့ ကျွန်တော့်အတွက် ညီတစ်ယောက်နဲ့ မခြားပါဘူး။ သူနဲ့ကျွန်တော် ဆုံဖြစ်ပုံကတော့ နည်းနည်းထူးခြားတယ်လို့ ဆိုရပါလိမ့်မယ်။ ဆရာ ဦးမြလှိုင် တည်းဖြတ်ထုတ်ဝေနေတဲ့ ပေဖူးလွှာ မဂ္ဂဇင်းမှာ ကျွန်တော် ရေးသားနေစဉ် ဆရာဦးမြလှိုင်နဲ့ အတူတွဲတဲ့ ဗိုလ်မှူးကြီး စောမြင့်ကို အဲဒီကာလတုန်းက နေ့တစ်ဆူ လတစ်ဆူဖြစ်တဲ့ ဦးနေဝင်းက ရှားရှားပါးပါး မဂ္ဂဇင်းတစ်စောင် ထုတ်ဝေခွင့် ပေးလိုက်ပါတယ်။ လျှောက်ယူရတာမဟုတ်ဘဲ စာပေစိစစ်ရေးက ဦးနေဝင်းအမိန့်နဲ့ ခေါ်ယူပြီး မဂ္ဂဇင်းတစ်စောင် ချပေးခဲ့တာပါ။ မဟေသီ မဂ္ဂဇင်းပေ့ါ။ မဟေသီကို ပေဖူးလွှာတိုက် ဝိုင်းတော်သားများကပဲ ဝိုင်းဝန်းလုပ်ဆောင်ကြတာ ဆိုတော့ ကျွန်တော်လည်း တစ်တပ်တစ်အားပါဝင်ရပါတယ်။ မဟေသီက ပေဖူးလွှာလို ရသဇာတ်ပေးမှာမဟုတ်ဘဲ ပေါ့ပ်လိုင်းနဲ့သွားမှာဆိုတော့ ဆရာ ဦးမြလှိုင်ကပဲ ကိုဝင်းငြိမ်း ကူညီလိုက်ပါလို့ ဆိုပါတယ်။

မတူညီတဲ့ ပေါ့ပ်ကဏ္ဍများ ဖန်တီးပေးရာမှာ လူငယ်ကြိုက် ရုပ်ရှင်သရုပ်ဆောင်များရဲ့ အကြောင်းကို သူတို့မိခင်တွေပြောတဲ့အနေနဲ့ ရေးသားချင်လို့ 'မေ့သား...'ဆိုတဲ့ ကဏ္ဍတစ်ခု ဖန်တီးလိုက်ပါတယ်။ ပထမဆုံးပွဲထုတ်ချင်တာက ကျော်သူ ဖြစ်ပါတယ်။ ဒါပေမဲ့ သူနဲ့ကျွန်တော် မသိပါဘူး။ ဘယ်ကိုဆက်သွယ်ရမှန်းလည်းမသိပါဘူး။ ဒီတော့ အန်ကယ် ဦးစောမြင့်က 'ကျွန်တော် သိတယ်။ သူ့အဖေက ကျွန်တော် လုပ်ခဲ့ဖူးတဲ့ စိုက်ပျိုးရေးဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးဗျ'လို့ ဆိုပြီး လိပ်စာတစ်ခုလည်း ပေးပါတယ်။ လိပ်စာက ၆ မိုင်ခွဲမှာရှိတဲ့ ရတနာလမ်း လိပ်စာပါ။

အဲဒီလိပ်စာအတိုင်း ကျွန်တော်ရောက်သွားတော့ ဦးကျော်သူရဲ့ဖခင် ဦးစိန်တင်နဲ့ စတွေ့ပါတယ်။ ဦးစောမြင့်က လွှတ်လိုက်တာပါဆိုတော့ ဦးစိန်တင်က အံ့သြသွားပါတယ်။ ဒါပေမဲ့ မင်းသားအဖေပီပီ ဧည့်ခံဆည်လိုက်ပြီး သူ့သား မောင်မောင်(ခ)ကျော်ဝင်း(ခ)ကျော်သူနဲ့ ပေးတွေ့ပါတယ်။ (နောက်မှ ကျွန်တော်သိရတာက အန်ကယ် ဦးစောမြင့်နဲ့ သိတယ်ဆိုတာက စိုးသူရဲ့ဖခင် ဖြစ်ပါတယ်။ လိပ်စာက မှန်ပြီး လူကတော့ လွဲသွားတာပေ့ါ။) ဒီနည်းနဲ့ ကျွန်တော်တို့ နှစ်ယောက် စတင်ဆုံစည်းကြပြီး ညီအစ်ကိုရင်းများသဖွယ် ဒီနေ့ထက်တိုင် တစ်ယောက်ကို တစ်ယောက် ကူညီစောင့်ရှောက်ကြရင်း နှစ်တွေကြာလာခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com


ကျော်သူရဲ့ အကျင့်က သူ လိုချင်တာကို မရရအောင် ချက်ချင်းလိုချင်တဲ့ အကျင့်ရှိပါတယ်။ ဦးစိန်တင်နဲ့ ဒေါ်မြသန်း (စိန့်ပေါလ်ကျောင်းမှ အင်္ဂလိပ်စာဆရာမ)တို့ရဲ့ သားသမီးသုံးယောက်ထဲမှာ အလတ်ဖြစ်ပြီး သူတစ်ယောက်သာ မိဘများအနားမှာ ရှိကာ အစ်မဖြစ်သူနဲ့ ညီဖြစ်သူတို့က ပြည်ပမှာ နေထိုင်ကြပါတယ်။ တစ်ဦးတည်းသော သားလိုဖြစ်နေတဲ့ သူ့အတွက် လိုတရတာ မဆန်းလှပါဘူး။ သူ့ပွတ်ဝန်းကျင်က သူ ကျိတိုက်သမျှကို ဖန်တီးပေးတာကလည်း သူ့အတွက် ဘဝပေးကုသိုလ်လို့ ဆိုရပါမယ်။

ဖခင်ဖြစ်သူက အမျိုးသားတိုးတက်ရေး ရုပ်ရှင်ကုမ္ပဏီတည်ထောင်ထားပြီး ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ရိုက်ကူးထုတ်လုပ်နေပေမယ့် သားဖြစ်သူကိုတော့ ဘယ်တော့မှ မင်းသားတင်ရိုက်ဖို့ စဉ်းစားခဲ့သူ ‘မဟုတ်ပါဘူး။ အမျိုးသားရုပ်ရှင် စတူဒီယိုကြားထဲမှာ ကြီးပြင်းလာသူပီပီ သူ့ရင်ထဲမှာ အနုပညာပိုးတွေ အပြည့်တည်ရှိလာခဲ့ပါပြီ။ သူတို့ စတူဒီယိုထဲမှာ ဒါရိုက်တာ မောင်ဝဏ္ဏရိုက်တဲ့ ရုပ်ရှင်ကားရဲ့ အခန်းတစ်ခုမှာ မထင်မရှားပါဝင်ပြီး သူ့အနုပညာပိုးကို ဖြည့်ဆည်းခဲ့တာတောင် ဖခင်ဖြစ်သူက သိသွားချိန်မှာ ဖြတ်ပစ်စေခဲ့ပါတယ်။

အရာရာတိုင်းဟာ အချိန်မတန်ရင် ဘာမှ မဖြစ်လာပါဘူး။ ဖြစ်ချိန်တန်လာရင်တော့လည်း ဘယ်သူမှ တားလို့မရပါဘူး။ ဒါရိုက်တာ မျိုးမြင့်အောင်က ကျော်သူကိုတွေ့ချိန်မှာ ခေါင်းဆောင်မင်းသား တင်ရိုက်လိုက်တဲ့အတွက် မြန်မာ့ရုပ်ရှင်လောကမှာ ကျော်သူဆိုတာ ပေါ်ပေါက်လာခဲ့ပါတော့တယ်။ ကျော်သူခေတ်မှာ ဖက်ရှင်မျိုးစုံကို သူ ထွင်ခဲ့တယ်။ အထင်ရှားဆုံးကတော့ အထက်တန်းကျောင်းသားအနေနဲ့ သရုပ်ဆောင်ရာမှာ လွယ်အိတ်ကို ထုံးပြီး လွယ်ခြင်းက အဲဒီခေတ်မှာ လူငယ်အားလုံး အတုယူစရာ ဖြစ်သွားခဲ့ပါတယ်။ အဲဒီခေတ်တုန်းက နာမည်ကြီးလှတဲ့ ကင်ဗိုဲ ရယ်ဒီမိတ် ရှပ်အင်္ကျီများကိုသာ ဝတ်ဆင်သရုပ်ဆောင်လေ့ရှိတဲ့အတွက် ကင်ဗိုမင်းသားလို့လည်း ဆိုကြပြန်ပါတယ်။

ထင်ရှားအောင်မြင်လာတဲ့ ရုပ်ရှင်ကားပေါင်းများစွာထဲမှာ ဒါရိုက်တာ ကြည်စိုးထွန်း ရိုက်ကူးပေးတဲ့ ‘ဒိုး’ ဇာတ်ကားမှာ သူနဲ့ စင်ပြိုင်နီးပါး ပေါ်ပေါက်လာတဲ့ စိုးသူနဲ့ တွဲဖက်ပြီး သရုပ်ဆောင်ခဲ့ရာမှာ လူငယ်စရိုက် ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့ပါတယ်။ နံပါတ်ဖိုးစွဲနေတဲ့ လူငယ်နှစ်ယောက်အကြောင်းပါ။ ဒီကားနဲ့ ကျော်သူ အကယ်ဒမီ ရလိမ့်မယ်လို့ တစ်ပြေးခဲ့ပါတယ်။ အဲဒီနှစ်က အကယ်ဒမီ ဆုပေးပွဲကို ရန်ကုန်မြို့မှာ ရုပ်ရှင်ရုံသစ်ကြီးတစ်ရုံဖြစ်တဲ့ နဝဒေး ရုပ်ရှင်ရုံမှာ ကျင်းပခဲ့ပါတယ်။ အခမ်းအနား ကြေညာသူက ဒီနှစ်အတွက် အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို ဆွတ်ခူးရရှိသွားသူကတော့ ကျော်....ဆိုပြီး အချိန်တော်တော်ကြာကြာ ရပ်ထားပါတယ်။

ကျွန်တော်တို့ သတင်းသမားအတွက် အကယ်ဒမီဆုပေးပွဲကိုသွားရင် တစ်ပြေးသူများရဲ့ ခုံနေရာကိုလည်း ကြည့်ရပါတယ်။ ကျော်သူရဲ့ ခုံနေရာက ထွက်ရလွယ်ကူတဲ့ ထောင့်စွန်းနေရာမှာရှိသလို ကျော်ဟိန်းရဲ့နေရာကလည်း ထောင့်စွန်းမှာ ရှိပါတယ်။ အခမ်းအနားမှူးက ‘ကျော်...’ကို အချိန်ဆွဲပြီး နောက်တစ်လုံး ကြေညာရာမှာတော့ ‘ဟိန်း’လို့ ကြေညာလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က ၁၉၉၁ ခုနှစ် ဒီဇင်ဘာလပါ။ ကျွန်တော်က လေဖြတ်နေတဲ့အတွက် ဆေးရုံကြီးပေါ်မှာပါ။ နေ့စဉ်နီးပါး ကျွန်တော့်ကို လာရောက်အားပေးနေတာကြောင့် ပတ်ဝန်းကျင်ခုတင်များက လူနာများကပါ သူ့ကို ရစေချင်နေမှန်း ကျွန်တော်သိပါတယ်။ ဆရာမများက တစ်ဆင့် ကျော်ဟိန်းရသွားကြောင်း သိလိုက်ရတော့ ကျွန်တော့်ညီ ဘယ်လောက်စိတ်ပျက်သွားမယ်ဆိုတာ ကျွန်တော် နားလည်ခဲ့ပါတယ်။ တော်တော်ကြီး ညဉ့်နက်တော့ ကျွန်တော့်ဆီကို မျက်စိမျက်နှာ မကောင်းစွာနဲ့ ရောက်လာခဲ့တာ ကျွန်တော် မှတ်မိနေပါတယ်။

အဲဒီကာလတုန်းက စာရေးဆရာမ မအေးလေးရဲ့ဝတ္ထုတွေကို ရုပ်ရှင်သမားများ မျက်စိကျပြီး ရုပ်ရှင်ရိုက်နေကြတဲ့ အချိန်ပါ။ ဒါရိုက်တာ ကြည်စိုးထွန်းကပဲ 'ဥက္ကာ' ဆိုတဲ့ အမည်နဲ့ ရုပ်ရှင်ကားကြီးတစ်ကား ရိုက်ပါတယ်။ ဖခင်ဖြစ်သူက အမြင်မကြည်လင်တဲ့ လူငယ်ကလေး ဥက္ကာအဖြစ် ကျော်သူက သရုပ်ဆောင်ရာမှာလည်း အံ့ဝင်ခွင်ကျရှိခဲ့တာကြောင့် အခုချိန်ထိ 'ဥက္ကာ'ကို ထပ်ဖန်တလဲလဲ ဗီဒီယိုကားများအဖြစ် ရိုက်ကူးနေကြပါသေးတယ်။ သရုပ်ဆောင်အလုပ်ထက် ဒါရိုက်တာအလုပ်ကို သူ စိတ်ဝင်စားလာချိန်မှာ ဆရာမ မအေးလေးက 'ကောင်းချစ်တဲ့ မမ' ဆိုတဲ့ ဝတ္ထုတစ်ပုဒ် ထုတ်ဝေလိုက်ပြန်ပါတယ်။ ထွက်ထွက်ချင်း ကျွန်တော်တို့နှစ်ယောက်အတွက် စာအုပ်လက်ဆောင် ပေးလိုက်ပါတယ်။ ကျော်သူက ရှူတင်မှာဖတ်မယ်ဆိုပြီး ဖတ်ကြပါတယ်။ ကျွန်တော် အရင်ပြီးသွားတော့ 'မင်း ဝယ်လိုက်တော့' လို့ မီးစိမ်းပြလိုက်ပြီး မမနေရာမှာ ခင်သန်းနုနဲ့ လိုက်တယ်လို့ ဇာတ်ဆောင်ပါ ရွေးပေးလိုက်ပါတယ်။ တစ်ဖက်မှာ ဆရာမ မအေးလေးကိုလည်း ဒါရိုက်တာတစ်ယောက်က စကားကမ်းလှမ်းနေပြီမို့ ကျွန်တော်ပဲ စကားပြန်လိုက်ပါတယ်။ ကျွန်တော်တို့ ယူလိုက်ပြီလို့။

'ကောင်းချစ်တဲ့ မမ' ကို သူကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး လူငယ်ကြိုက် ဇာတ်ဝင်သီချင်းများနဲ့ ဖန်တီးနိုင်အောင် အဲဒီကာလတုန်းက အမျိုးသားရုပ်ရှင်ခြံအနီးမှာ နေထိုင်တဲ့ တေးရေးဆရာ သုခမိန်လှိုင်ဆီမှာ အပ်ခဲ့ကြပါတယ်။ ဂျေမောင်မောင်လည်း ရေးပေးခဲ့ပါတယ်။ အဲဒီတုန်းကတော့ ဒီခေတ်လို နာမည်ကြီးသီချင်းများကို ဝယ်ပြီး ဇာတ်ဝင်သီချင်းအဖြစ် သုံးတာမျိုး မဟုတ်ဘဲ ဇာတ်နဲ့လိုက်မယ့်သီချင်းကို တေးရေးဆရာများက ဖန်တီးပေးကြတာပါ။ သူရိုက်တဲ့ 'ကောင်းချစ်တဲ့ မမ'ဟာလည်း အောင်မြင်ခဲ့ပါတယ်။

ရုပ်ရှင်လောကမှာ သရုပ်ဆောင် ဒါရိုက်တာအဖြစ် ကျင်လည်ရင်း ကျွန်တော် ဦးစီးလုပ်ဆောင်တဲ့ ဥက္ကာကျော် ကုမ္ပဏီရဲ့ဝတ္ထုတိုပြိုင်ပွဲမှာ ပထမ၊ ဒုတိယဆုများရတဲ့ ကိုလှိုင်ကြည်ဝင်းနဲ့ ဒေါင်းနေမင်းတို့ရဲ့ ဝတ္ထုနှစ်ပုဒ်ကို ပေါင်းပြီး 'အမေ့နို့ဖိုး'ဆိုတဲ့ ရုပ်ရှင်ကား ရိုက်ကူးပြန်ပါတယ်။ အကယ်ဒမီဆုပေါင်းများစွာ ရခဲ့တဲ့အထဲမှာ သူ့အတွက်လည်း ဒါရိုက်တာဆု ရခဲ့ပါတယ်။

သရုပ်ဆောင်ဆုကိုတော့ 'တစ်ပြည်သူ မရွေထား'နဲ့ ရခဲ့တာပါ။ အဲဒီညကလည်း ကျော်သူခမျာ အကယ်ဒမီရဲ့ ကျီစယ်မှုဒဏ်ကို မခံနိုင်တော့လို့ ဆုပေးပွဲ မတက်ပါဘူး။ ကျွန်တော့်ကိုတော့ သူ ဒါရိုက်တာ အောင်မြင့်မြတ်အိမ်မှာ ရှိမယ်လို့ အသိပေးထားပါတယ်။ ဆုပေးပွဲမှာ တာဝန်ရှိသူဖြစ်တဲ့ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဖေက ဆုယူမယ့်သူတွေ ရောက် မရောက်

www.burmeseclassic.com


မကြာခဏ လာကြည့်လေ့ရှိတာကို ကျွန်တော်က သိထားပါတယ်။ ကျော်သူကို သူ မတွေ့တော့ သွားမေးပါတယ်။ ဦးစိန်တင်ကလည်း သူ မသိကြောင်းနဲ့ ကျွန်တော့်ဘက်ကို လက်ညှိုးထိုးပြလိုက်ပါတယ်။ ကျွန်တော့်ကို လာမေးတော့ ဦးအောင်မြင့်မြတ်အိမ်မှာ ရှိလိမ့်မယ်လို့ ညွှန်လိုက်တဲ့အတွက် တာဝန်ရှိသူများ ကားနဲ့ သွားခေါ်ကြပါတယ်။ ကျော်သူက အိမ်ပြန်ရောက်နေပါပြီ။ လာခေါ်ကြသည့်တိုင် ကျော်သူ့ကတော် ရွှေဇီးကွက်က သူ့ယောကျ်ားကို ထပ်မနှိပ်စက်ကြပါနဲ့၊ တကယ်ပေးမယ်ဆိုမှသာ ခေါ်သွားပါလို့ ဆိုတာကြောင့် တာဝန်ရှိသူများမှာ တကယ်ပေးမှာဖြစ်ကြောင်း အာမခံပြီး ခေါ်သွားခဲ့ရတာပါ။

သရုပ်ဆောင်ဆု၊ ဒါရိုက်တာဆုတွေ သူ ရပြီးတဲ့နောက်မှာတော့ တိုင်းပြည်မှာ အပြောင်းအလဲတွေဖြစ်ဖို့ အချိန်ရောက်လာခဲ့ပါပြီ။ ရွှေဝါရောင်တော်လှန်ရေးကာလမှာ ရန်ကုန်မြို့လယ်က ဆူးလေစေတီတော်မှာ တရားပွဲကျင်းပမယ်ဆိုတဲ့သတင်းကြောင့် သူ ကျွန်တော့်ရုံးခန်းရှိရာ မဟာဗန္ဓုလပန်းခြံလမ်းကို ရောက်လာခဲ့ပါတယ်။ နိုင်ငံရေးကို သူ ဘာမှ နားမလည်ဘူးဆိုတာ အစ်ကိုရင်းလိုဖြစ်နေတဲ့ ကျွန်တော် ကောင်းကောင်းသိတာပေါ့။ ဒါကြောင့် ရုံးမှာရှိတဲ့ ကျွန်တော့်အခန်းထဲမှာ မင်း အိပ်နေလို့ဆိုပြီး တံခါးပိတ်ထားခဲ့ပါတယ်။

တရားပွဲပြီးသွားချိန် လူအုပ်ကြီးက မဟာဗန္ဓုလပန်းခြံလမ်းထဲ ဝင်လာတော့ ကျွန်တော့်ဝန်ထမ်းကလေးများက ဝရန်တာကနေ ထွက်ကြည့်ကြပါတယ်။ အဲဒီအချိန် သူ အပြေးအလွှားထွက်လာပြီး 'မောင်မောင် ဒီမှာ မောင်မောင် ဒီမှာ' လို့ အော်ရင်း ဟစ်ရင်း လမ်းပေါ်မှာရှိတဲ့ ကဗျာဆရာ ကိုအောင်ဝေးတို့နဲ့ ပူးပေါင်းဖို့ ဆင်းပြေးသွားပါတယ်။

တာဝန်ရှိသလိုဖြစ်နေတဲ့ ကျွန်တော် ကိုအောင်ဝေးကို သွားတွေ့ပြီး ကျော်သူဟာ နိုင်ငံရေးနဲ့ပတ်သက်လို့ တစ်လုံးတစ်ပါဒမှ မသိပါကြောင်း ကိုအောင်ဝေး စောင့်ရှောက်ပါလို့ မှာလိုက်ရပါတယ်။ ကျွန်တော် တားလို့မှ မရတော့ဘဲကိုး။

လှုပ်ရှားမှုများ ပြင်းထန်နေတဲ့ကာလမှာ သူ ဖုန်းဆက်သွယ်လာပြီး ဆေးရုံတစ်ရုံ ရောက်နေတယ်ဆိုတာကြောင့် ထိတ်ထိတ်ပြာပြာနဲ့ လိုက်သွားရပါတယ်။ ကိုအောင်ဝေးရော သူ့ပါ ရှိနေတာပါ။ ထောက်လှမ်းရေးတွေကလည်း ဒီဆေးရုံကို မသင်္ကာလို့ စောင့်ကြည့်နေကြပါတယ်။ ဒီကထွက်ဖို့ သူ နည်းလမ်းရှာတဲ့အခါ ဆေးရုံက တာဝန်ရှိသူများကလည်း ကူညီကြပါတယ်။ လူနာတစ်ဦး ကွယ်လွန်သွားတဲ့ ပုံစံနဲ့ လှည်းပေါ်မှာ အိပ်စေပြီး ပိတ်ဖြူအုပ်ကာ ခုတင်လှေကားမှတစ်ဆင့် အပေါက်ဝမှာ စောင့်ဆိုင်းနေတဲ့ နာရေးကားတစ်စီးပေါ်ကို တင်ပေးလိုက်ပါတယ်။ အဲဒီနည်းနဲ့ ကျော်သူ လွတ်မြောက်သွားပြီး ကိုအောင်ဝေးကတော့ သူ့နည်းနဲ့သူ ပြည်ပကို ရောက်သွားခဲ့တာပါ။

ကျော်သူနဲ့ ရွှေဇီးကွက်တို့ နေအိမ်မှာ မရှိကြဘဲ မိတ်ဆွေတစ်ယောက်အိမ်မှာ သွားရောက်ခိုလှုံနေကြရတယ်။ အဲဒီအချိန်တုန်းက သမီးဖြစ်သူကို ဩစတြေးလျနိုင်ငံမှာ နေထိုင်တဲ့ မြန်မာအမျိုးသားကလေးတစ်ဦးနဲ့ စေ့စပ်ကြောင်းလမ်းပွဲ လုပ်ပေးဖို့ စီစဉ်ထားချိန်ပါ။ မိဘနှစ်ပါးစလုံး အိမ်မှာမရှိကြဘဲ ကလေးများ ကျိုးလန့်စာစား နေကြရပါတယ်။ ထောက်လှမ်းရေး

www.burmeseclassic.com

www.burmeseclassic.com


များက မကြာခဏဆိုသလို နေအိမ်ကို ဝင်ရှာနေကြတာပေါ့။ ဘကြီးစိန်လို့ ကျွန်တော်ခေါ်တဲ့ ကျော်သူရဲ့ဖခင် ဦးစိန်တင်က လှမ်းပြီး တိုင်ပင်တယ်။ မြေးမကလေးကို သူ့ခင်ပွန်းလောင်းနဲ့ ဩစတြေးလျသို့ ပို့လိုက်တော့မယ်လို့ ဆိုတယ်။ ကလေးတွေအတွက် လုံခြုံအောင် ဒီတစ်နည်းသာ ရှိတော့တာကိုး။ လေဆိပ်မှာ ပြဿနာပေါ်နိုင်တာကြောင့် 'ဘကြီးစိန် ကလေးတွေ လေယာဉ်ထွက်ပြီးမှ လေဆိပ်က ပြန်ခဲ့ပါ' လို့ မှာလိုက်မိပါသေးတယ်။ ကံကောင်းချင်တော့ သမီးလေးရဲ့ နိုင်ငံကူးလက်မှတ်မှာ ဖခင်အမည်က ဦးကျော်ဝင်းဖြစ်နေတာကြောင့် ကျော်သူ့သမီးမှန်း မသိဘဲ သွားခွင့်ပေးလိုက်ကြပါတယ်။ သူတို့ သွားခွင့်ရသွားပြီဆိုတော့မှပဲ ကျွန်တော်တို့လည်း ရင်အေးခဲ့ရတာပါ။

ကျော်သူတို့ ဇနီးမောင်နှံကို ရှာမတွေ့တဲ့အဆုံးမှာ ထောက်လှမ်းရေးက ဘကြီးစိန်ကို သုံးလေးရက်လောက် သူတို့ရုံးမှာ ခေါ်ခေါ်ထားပါတယ်။ မနက်ခေါ် ညပြန်ပို့ လုပ်ကြတယ်။ သူ့အစား ဖခင်ဖြစ်သူ ဒုက္ခရောက်နေတာကိုသိတော့ ကျော်သူက ဖခင်နဲ့ဆက်သွယ်ပြီး သူ့နေအိမ်မှာပဲ ဇနီးမောင်နှံ အဖမ်းခံလိုက်ကြပါတယ်။

အဲဒီနောက်မှာတော့ ကျော်သူရဲ့ အနုပညာလုပ်ငန်းတွေကို ပိတ်ထားပါတယ်။ ရုပ်ရှင်မရိုက်ရ၊ ဗီဒီယို မရိုက်ရ၊ ကြော်ငြာ မရိုက်ရ၊ ရိုက်ပြီးသား ရုပ်ရှင်ကားများ ရုံတင်ပြသခြင်း မပြုရ စတဲ့ ပြင်းထန်လှတဲ့ အာဏာစက်တွေနဲ့ အနုပညာသမားတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်တွေကို ပိတ်ပစ်ခဲ့ပါတယ်။

အဆိုးထဲက အကောင်းလို့ ကျွန်တော်ကတော့ ပြောချင်ပါတယ်။

တစ်ရက်မှာ ဘဘ ဦးသုခက မန္တလေးမှာ သူတွေ့ခဲ့တဲ့ ဖြဟ္မာစိုရ်အသင်းအကြောင်း ကျွန်တော်တို့ကို ခေါ်ယူ ပြောပြပါတယ်။ ရန်ကုန်နာရေးအသင်းမှာ သူတို့ဇနီးမောင်နှံနဲ့အတူ ကျွန်တော် ပါဝင်ပြီး တခြား ပုဂ္ဂိုလ်များလည်း ပါဝင်ပါတယ်။ အားလုံးကိုတော့ ကျွန်တော် မမှတ်မိတော့ပါဘူး။

အခုတော့ ကျော်သူက နေ့စဉ်နဲ့အမျှ ဝမ်းနည်းကြေကွဲနေတဲ့ လူတွေရဲ့ မျက်ရည်များကို သုတ်ပေးနေပါပြီ။ ကိုယ်ကျိုးမဖက်၊ ပြည်သူများအတွက် ဆောင်ရွက်နေတဲ့ ကျွန်တော့်ညီက သရုပ်ဆောင်လုပ်တတ်တယ်၊ စီစဉ်ညွှန်ကြားတတ်တယ်၊ ပန်းချီဆွဲတတ်တယ်၊ စာလည်း ရေးတတ်တယ်။ ဒါကြောင့် သူရေးတဲ့စာတွေကို စုစည်းပြီး မန္တလေး ပဥ္စင်္ဂံစာအုပ်တိုက်က ထုတ်ဝေမယ်လို့ ဆိုလာပါတယ်။ အစ်ကို အမှာစာရေးပါဦးဆိုတော့ သူ့စာတွေအကြောင်း ရေးတာထက် ကျွန်တော်သိတဲ့ သူ့အကြောင်း တချို့ကို (မပြောချင်လို့ ချန်ထားတာတွေတော့ ရှိတာပေါ့။) အမှတ်တရ ရေးပေးလိုက်ပါတယ်။

ညီငယ် မောင်မောင် အများအကျိုး ဆတက်ထမ်းပိုး တိုးပြီး ဆောင်ရွက်ရင်း ကျန်းမာရွှင်လန်းပါစေ ...

အစ်ကို (ဝင်းငြိမ်း)

www.burmeseclassic.com


## စီစဥ်သူ၏အမှာစာ

ကျွန်တော် အရွယ်ရောက်လာချိန်တွင် ပတ်ဝန်းကျင်၌ ငွေသာ အဓိက၊ အာဏာသာ အဓိက၊ ငွေနှင့်အာဏာ အကြောင်းပြု ပေါင်းဖက်၍ မြို့မျက်နှာဖုံး၊ တိုင်းပြည်မျက်နှာဖုံး ဆိုသော ပုဂ္ဂိုလ်များစွာကို တွေ့ရသည်။ ထိုသူတို့၏ နိုင်ထက်စီးနင်း ဗိုလ်ကျမှုများစွာကို များစွာသောသူများ ခံခဲ့ရသည်။ ရှိပါစေတော့။ ထိုခေတ်၊ ထိုသူများကို ဘဝင်ကျ နှစ်ခြိုက်သူများထဲတွင် ကျွန်တော်တော့ မပါဝင်ခဲ့။

ကျွန်တော် ရုပ်ရှင်မင်းသား ကိုကျော်သူ၏ ရုပ်ရှင်များစွာကို ကြည့်ဖူးခဲ့၍ စရိုက်ပီပြင်သလို၊ လူ့သဘာဝကို နားလည်သည်ဟုလည်း ထင်မိသည်။ အပြင်လောကရှိ လူတို့နှင့် တစ်သားတည်းကျ သရုပ်ဆောင်ကောင်းလွန်းသည်။ သူ့နှလုံးသား ဖြူစင်မှုနှင့် သူ၏ ကြိုးစားမှုက အရာထင်သည့် သဘောပင်ဖြစ်ပေသည်။

ဆိုးဝါးလှသောခေတ်တွင် လူတို့၏ စားဝတ်နေရေးသာမက နာရေးကိစ္စများတွင် အခက်အခဲများ ကြုံရပေသည်။ ထိုအခက်အခဲကို မင်းသား ကိုကျော်သူ ဦးဆောင်ဖြေရှင်းပုံများကို တွေ့ရပြီးနောက် ကျွန်တော် သူနှင့် ဆုံတွေ့ခဲ့ရသည်။ အနီးကပ်ပေါင်းကြည့်တော့ သူ၏ ရိုးဖြောင့်လှသော စီမံခန့်ခွဲမှုများဖြင့် အသင်းကြီးတစ်ခုကို ဦးဆောင်ပဲ့ကိုင်ပုံကို တွေ့မြင်ရသည်။ အောင်မြင်မှုများလည်း အံ့မခန်းပေ။ ပြည်သူလူထု၏ တကယ့်အခက်အခဲများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်း အချိန်ပြည့် လုပ်အားဖြင့် ပေးဆပ်မှုများမှာ ကျွန်တော့်အတွက်တော့ သူသည် တကယ့် စံပြပုဂ္ဂိုလ်ပင် ဖြစ်ပေသည်။

သူ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များနှင့် သူ၏ ခံစားချက်ကို Facebook၊ blog၊ စာနယ်ဇင်းများတွင် သူ ရေးသားခဲ့ပါသည်။ ထို့အတူ စာနယ်ဇင်းများတွင် အင်တာဗျူး ပြောဆိုသည်များကိုလည်း တွေ့ခဲ့ရသည်။ ကျွန်တော် ဖတ်ခဲ့သမျှ၊ တွေ့ခဲ့သမျှကို သိမ်းဆည်း စုဆောင်းဖြစ်သည်။

တစ်ချိန်ချိန် ကြုံကြိုက်ခဲ့ရင် စာမူများ စုစည်းပြီး ကိုကျော်သူ့အတွက် ဂုဏ်ပြုအမှတ်တရ စာအုပ် ကျွန်တော် ထုတ်ပေးချင်သည်။ ထိုဆန္ဒသည် ယခုတော့ အကောင်အထည်တစ်ခု ပေါ်လာပေပြီ။

စာမူများဖော်ပြပေးသော မှူရင်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း အယ်ဒီတာများကို လည်းကောင်း၊ blogger ဒီမိုဝေယံအား လည်းကောင်း၊ ခွင့်ပြုပေးခဲ့သည့် ကိုမောင်(ကိုကျော်သူ) အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့လူ့ဘောင်လောကတွင် စံပြုထိုက်သောပုဂ္ဂိုလ် အများအပြား ပေါ်ထွန်းပါစေ။

**အလင်းဆက်** (IR)

(အမှားအယွင်း တစ်စုံတစ်ရာ တွေ့ရှိပါက စီစဥ်သူ၏ ချို့ယွင်းမှုကြောင့်သာ ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



## ကျော်သူ၏ နှလုံးသားထက်မှ ကမ္ဘည်းမှတ်တမ်း

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အမှာချီးမြှင့်ပေးခဲ့သော ဆရာ ဟံသာဝတီ ဦးဝင်းတင်၊ ဘကြီးမိုး၊ ဦးဝင်းငြိမ်း (အယ်ဒီတာချုပ် ရွှေအမြုတေမဂ္ဂဇင်း၊ အလင်းတန်းဂျာနယ်)တို့အား အထူးကျေးဇူးတင်ပါသည်။ နှလုံးသားတွင်းမှ တိုက်တွန်းအားပေး အကြံပြုခဲ့ကြသော အလင်းဆက်(IR)၊ စာရေးဆရာ ဆရာဟိန်းလတ်၊ ထုတ်ဝေသူ ပဉ္စင်္ဂံစာအုပ်တိုက်တို့အား လည်းကောင်း၊ မျက်နှာဖုံးပန်းချီ ရေးဆွဲပေးသည့် ဆရာတင်ထွဋ်၊ ဇာတ်ညွှန်း လွင်မင်းအံ့၊ အတွင်းသရုပ်ဖော် ပန်းချီဆရာများဖြစ်ကြသော မင်းကျော်ခိုင် (USA, NY)၊ မမွှေး၊ ဗဂျီ လင်းဝဏ္ဏ၊ ကာတွန်းမောင်မောင်အောင်တို့နှင့် FFSS(Ygn) မှ ပရဟိတ ညီအစ်ကိုမောင်နှမ များဖြစ်ကြသော ကျော်ဟိန်း၊ ဇော်စိုင်း၊ ရောဘတ်အောင်၊ ဇူးဇူး၊ ဇာနည်ထက်နှင့် တိုင်း/ပြည်နယ်အသီးသီးရှိ ပရဟိတ လူမှုရေးအသင်းအဖွဲ့များ၊ လူမှုရေးသမားများ၊ စာဖတ် ပရိသတ်အပေါင်း အားလုံးတို့နှင့်တကွ ပြည်သူလူထုတို့နှင့် တစ်သားတည်း ထပ်တူထပ်မျှဖြစ် သော စစ်မှန်သည့် လူမှုရေးအသင်းအဖွဲ့ များ၏ ဗြဟ္မစိုရ်စကားလုံးများ (ကျွန်ုပ်၏ ခံစားမှု အနုပညာ ထွက်ပေါက်အဖြစ်) အား ကမ္ဘာ့နိုင်ငံများရှိမြန်မာပြည်သူလူထုအပေါင်းတို့ သိရှိစေရန် စေတနာဖြင့် စာပေထွက်ပေါက်တစ်ခုဖြစ်သည့် www.facebook.com/actorkyawthu Face book စာမျက်နှာကို ဖွင့်လှစ်ပေးခဲ့သော စင်္ကာပူနိုင်ငံရှိ ဒယ်နီအောင်မျိုးကျော်၊ အင်္ဂလန် နိုင်ငံရှိ မျိုးဇေယျာဦးတို့အပြင် ပေါ်ပြူလာဂျာနယ် အယ်ဒီတာချုပ် ကိုမျိုး (မြန်မာစာ) တို့အား နှလုံးသားထက်မှ ကမ္ဘည်းမှတ်တမ်းတင် ကျေးဇူးတင်ရှိပါကြောင်း ..... ။

အနန္တော အနန္တငါးပါးအား အစဉ် ဦးထိပ်ထား ပူဇော်ကိုးကွယ်လျက်။




တွေ့ဆုံမေးမြန်းခဲ့သည့်
ဆရာ၊ ဆရာမများ အားလုံးကို
အထူးကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





ကိုကျော်သူ့အတွက် ဒေါ်အောင်ဆန်းစုကြည်၏အမှတ်တရလက်ဆောင်

၁. ၇. ၂၀၀၇

ကျေးဇူးများစွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com





# အမေ

သားတို့ဘဝ လုံခြုံသွားပြီ ... အမေ။
ရှေ့ဆက်ပြီး ရင်ဆိုင်ရမယ့် ... လမ်း၊
လျှောက်လှမ်းရမယ့် ... လမ်း၊
တွေ့ကြုံရမယ့် ... လမ်း၊
အဲဒီလမ်းတွေကို
"အမေ" နွေးထွေးစွာ ဦးဆောင်ပြီး လမ်းပြပေးပါအုံး ... အမေ။
သားတို့ လမ်းပေါ်မှာ လမ်းမပျောက်ချင်ပါဘူး ... အမေ။
လမ်းသိပါလျက်နဲ့ လမ်းမပျောက်ချင်ပါဘူး ... အမေ။
လမ်းရှိပါလျက်နဲ့ လမ်းမလျှောက်ဝံ့တဲ့ဘဝကို မလိုချင်ပါဘူး ... အမေ။
အမေ့ရဲ့အင်အား
အမေ့ရဲ့စွမ်းအား
အမေ့ရဲ့ပါဝါ
အမေ့ရဲ့လမ်းညွှန်မှု
အမေ့ရဲ့ဦးဆောင်မှု
အမေ့ရဲ့လမ်းပြမှုတို့နဲ့
သားတို့ ဆက်လက်ချီတက်ချင်ပါတယ် ... အမေ။


**ကျော်သူနဲ့ သွေးသောက်များ**
**၁၃.၄.၂၀၁၀**

(ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်သောနေ့တွင် ကျွန်တော်ကိုယ်တိုင် သွားရောက်တွေ့ဆုံခဲ့ပါသည်။ ကိုယ်တိုင်ရေးဆွဲသော ပန်းချီကားနှင့်အတူ ရေးစပ်ခဲ့သော ကဗျာကို ဒေါ်အောင်ဆန်းစုကြည်အား လက်ဆောင်ပေးခဲ့ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

## စာအုပ်အမည်နှင့် ပတ်သက်၍ ပြောပါရစေ




ဒီကောင် ရှူးနေပြီ ... တန်ရာတန်ရာ ပြောပါကွာ ... ကြီးကြီးကျယ်ကျယ်နဲ့ ... မဆီမဆိုင်ကွာ ... အာဏာရှူးတစ်ယောက် ပေါ်လာပြန်ပြီ ... ပလ္လင်ပေါ် ခွေးတက်ချင်ပြန်ပြီ ... ဒီယုန်မြင်လို့ ဒီချုံထွင်တာပါကွာ ... ဟူသော စကားသံများ ကျွန်တော့်နားနဲ့မဆန့် လျှံထွက်၊ ပွဲတင်သံများ ဟိန်းထွက်နေမည်မှာကို ယုံကြည်ပြီးသား ... မျှော်လင့်ပြီးသား။

"ကျွန်တော်သာ သမ္မတကြီး ဖြစ်ခဲ့ရင်"

"ကျွန်တော်သာ စစ်ဦးစီးချုပ် ဖြစ်ခဲ့ရင်"

"ကျွန်တော်သာ လွှတ်တော်အမတ်ကြီး ဖြစ်ခဲ့ရင်"

"ကျွန်တော်သာ နာမည်ကြီးမင်းသားတစ်ဦး ဖြစ်ခဲ့ရင်"

"ကျွန်တော်သာ ပရဟိတသမားတစ်ဦး ဖြစ်ခဲ့ရင်"

www.burmeseclassic.com

www.burmeseclassic.com

ဒီ 'ဖြစ်ခဲ့ရင်' ဆိုသည်မှာ စေတနာပါသည်။ မေတ္တာပါသည်။ ကရုဏာပါသည်။ မုဒိတာပါသည်။ 'ဖြစ်ခဲ့ရင်' နှင့် 'ဖြစ်ချင်သည်' မှာ များစွာ ကွာခြားလှသည်။ ဒီ 'ဖြစ်ချင်သည်' ဆိုသည်မှာ လောဘ၊ မောဟ၊ ဒေါသ၊ အတ္တများ ပါသည်။

ကျွန်တော်သည် မြန်မာ့နိုင်ငံရေးလောကကြီးကို နားမလည် လှည့်စားမှု၊ ကောက်ကျစ်မှု၊ လူသားမဆန်မှု၊ ရှေ့/ဘေး/နောက်မှ ဓားနှင့်ထိုးမှုများ၊ ဖုံးကွယ်မှုများနှင့် ရှုပ်ထွေးလှသည်ကိုသာ ခေတ်အဆက်ဆက် မျက်မြင်ကိုယ်တွေ့ ကြားသိ မြင်သိခဲ့ရသည်။ "အမေစုအား ကိုယ်ချင်းစာမိသည်။ သနားကရုဏာ သက်မိသည်၊ ဂုဏ်လည်း ဂုဏ်ယူမိသည်၊ စိုးလည်း စိုးရိမ်မိသည်။"

ထိုနည်းတူစွာ သမ္မတကြီး ဦးသိန်းစိန်အားလည်း ကိုယ်ချင်းစာနာမိသည်။ ဒါ ... လူမှုရေးသမားများအမြင်ဖြင့် ပြောကြားခြင်းပင်ဖြစ်သည်။

လူမှုရေးသမား၊ ပရဟိတသမား စင်စစ်ဖြစ်ပါက မေတ္တာ၊ ကရုဏာ။ မုဒိတာ၊ ဥပေက္ခာတရားဟူသော ဗြဟ္မစိုရ်တရား (၄)ပါးအား လက်ကိုင်ပြုပြီး လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ မရွေးတို့အား လူသားချင်း စာနာထောက်ထားသောစိတ်ဖြင့် အနစ်နာခံ ပေးဆပ်မှုမျိုးကို စေတနာထား၍ ပေးဆပ် ထမ်းရွက်ရသည်။ အတ္တများကို ဖြုတ်ရသည်။ မာန်မာနများကို ချန်ထားခဲ့ရသည်။

ပြည်ပအထောက်အပံ့ မပါဘဲနှင့် မြန်မာပြည်သူလူထုအပေါင်း၏ လှူဒါန်းမှုအစုစုကို ရရှိခဲ့သည်။ ထိုလှူဒါန်းမှုများဖြင့် ပြည်သူလူထုတို့ ကြုံတွေ့နေရသော ဒုက္ခပင်လယ်ကြီးထဲသို့ ကိုယ်တိုင်ကိုယ်ကျဆင်း၍ ကယ်တင်ကူညီ ဖေးမမှုတို့ကို ပြုလုပ်ပေးခဲ့ရသည်။

နိုင်ငံတော်သစ်ကြီး ထူထောင်ရာ၌ အခြေခံအုတ်မြစ် ခိုင်မာရန် အရေးကြီးလှသည်။ သို့မှသာ အထပ်ပေါင်း မည်မျှပင် မြင့်မားပါစေ သက်တမ်းကြာမြင့်စွာ ခံနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်သော ဆင်းရဲနွမ်းပါး ဒုက္ခရောက်နေကြရသော ပြည်သူလူထုတို့၏ ကြုံတွေ့ခံစားနေရသော စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ နာရေး စသည့် ဒုက္ခများကို ခိုင်မာမှုရှိရန်အတွက် ဦးစွာ ဆောင်ရွက်စေလိုသော ဆန္ဒဖြင့် "ပြည်သူလူထုတို့နှင့် တစ်သားတည်း" ရပ်တည်ခံစားကာ အပူမီးများကို ငြိမ်းသတ်ပေးနေရသော ကျွန်တော်တို့ လူမှုရေးသမားများ အားလုံး၏ ကိုယ်စား ရင်ထဲမှ ထွက်ပေါ်လာရသော ခံစားမှုခေါင်းစီးဟုသာ စာဖတ်သူအပေါင်း အသိအမှတ် ပြုစေချင်တော့သည်။

ဘယ်အစိုးရတက်တက်

မသာဘဲချနေမယ့် ...



www.burmeseclassic.com

အခန်း(၁)

# ကမ္ဘာ့ ကောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com














www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







# ဂါရဝတရား

မျိုးဆက်သစ်ကလေးငယ်များ နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ အင်္ဂလိပ်စာသင်တန်းကို လာရောက်တက်ရောက်ကြရာတွင် တပျော်တပါး ဝမ်းသာအားရ ကြည်နူးမှုအပြည့်ဖြင့် နံနက် ၇း၀၀ နာရီအချိန်ကတည်းက လာရောက်ကြသည်။ သုခ အာဟာရ စားသောက်ဆိုင်တွင် စားသောက်သူ စားသောက်၊ နာရေးကူညီမှုအသင်း (ရန်ကုန်) ခြံဝင်းအတွင်းနှင့် ဘဘဦးသုခ ကျောက်ရုပ်ပတ်ပတ်လည်တွင် စိန်ပြေးတန်းကစားသူက ကစား၊ ဘဘဦးသုခ ကျောက်တိုင်ရှိ စာသားတချို့ကို ဖတ်သူက ဖတ်နှင့် ကလေးတို့ ဘာသာဘာဝ ပျော်ပါးလျက်ရှိနေကြသည်။

ထိုအချိန်တွင် ကျွန်တော်က ကလေးငယ်များအား ခေါ်ယူကာ ဘဘဦးသုခ၏ ဂုဏ်ပုဒ်၊ ဘဘဦးသုခ၏ စွမ်းရည်၊ ဘဘဦးသုခ၏ လူသားချင်းစာနာစိတ်၊ ဘဘဦးသုခ၏ ဘာသာတရားကို ကိုင်းရှိုင်းမှု၊ ဘဘဦးသုခ၏ အနုပညာစွမ်းပကားတို့နှင့် ဘဘဦးသုခကြောင့် ယခုလို သားတို့ သမီးတို့ ပညာရေး၊ အများပြည်သူတို့၏ နာရေး(အခမဲ့) ကျန်းမာရေးကုသပေးမှုများကို ပြုလုပ်နိုင်ခဲ့ကြောင်းကို ကလေးငယ်များအား စိတ်ဝင်စားအောင် ပြောကြားပေးခဲ့သည်။

ထိုနေ့မှစ၍ နောက်တစ်နေ့ မနက်စောစော ၇း၀၀ နာရီခန့်တွင် ကျွန်တော် ရုံးပြင်ပ၌ အဆောက်အအုံအား မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးနေစဉ် အင်္ဂလိပ်စာသင်တန်းသို့ တက်ရောက်ရန် လာကြသော ကလေးငယ်များ ရောက်ရှိလာသည်။ သူတို့အချင်းချင်း ယမန်နေ့က လာရောက်ခြင်းမရှိသော ကလေးငယ် သူငယ်ချင်းများအား တီးတိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောဆို ကြသည်ကို မြင်တွေ့ခဲ့ရသည်။ ထို့နောက် ယင်းကလေးငယ်တို့သည် ဘဘဦးသုခ၏ ကျောက်တိုင်ရှေ့သို့ သွားရောက်ကြကာ လက်အုပ်ချီမိုး ဂါရဝပြုလျက် စာသင်ခန်းအတွင်းသို့ ဝင်ရောက်သွားကြသည်ကို ကျွန်တော် မှတ်တမ်းဓာတ်ပုံရိုက်ရိုကာ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရပါသည်။

ဘဘဦးသုခသည် ကျွန်တော်နှင့် အများပြည်သူ၏ ကျေးဇူးရှင်ဆရာတစ်ပါးလည်း ဖြစ်သည်။ ဘဘဦးသုခကြောင့် ကျွန်တော် လူမှုရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်းများကို နိုင်ငံတော်အတွက် အများပြည်သူအတွက် ဖေးမကူညီပံ့ပိုးမှုစိတ်ဓာတ်များ မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။ ဘဘဦးသုခ၏ လူသားများအပေါ် ထားရှိသည့် မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာ၊ မုဒိတာ စသော မျိုးစေ့များအား သေတပန်သက်တဆုံး ထိန်းသိမ်း၊ ကျင့်သုံး၊ ကာကွယ် ပေးဆပ်သွားမည်ဖြစ်သည်။

**ကျော်သူ**



www.burmeseclassic.com

www.burmeseclassic.com





# ကျော်သူဘဝ တစ်ဆစ်ချိုးပြောင်းခဲ့သော အမေးအဖြေများ

ကျွန်တော်တို့ ငယ်ငယ်က မြန်မာစကားပြေ လက်ရွေးစင်မှ သိပ္ပံမောင်ဝ၏ "နှိုက်နှိုက်ချွတ်ချွတ်" ဟူသော ဆောင်းပါးကို သင်ခဲ့ရဖူး၏။ မောင်လူအေးတို့ သားအဖ အပြန်အလှန် မေးဖြေနေကြပုံဖြစ်၏။ သား မောင်လူမွေး၏ နှိုက်နှိုက်ချွတ်ချွတ် အမေးကို ဖခင် မောင်လူအေးက ကြံ့ကြံ့ဖန်ဖန် ဖြေပြနေပုံဖြစ်၏။ ဆောင်းပါး၏ ရည်ရွယ်ချက်မှာ ကလေးသူငယ်များ လူ့လောကဝယ် ရောက်လာစ စူးစမ်းလိုစိတ် သိလိုစိတ်လေးများ ရှိနေရကား ဤသည်ကို လူကြီးများက "ကလေးနှယ့် လျှာရှည်ရန်ကော" ဟု ဟောက်ငန်းဟန့်တားမှုမပြုဘဲ တတ်နိုင်သလောက် သူတို့နားလည် အောင် ရှင်းပြရန်ဖြစ်၏။ သို့ရာတွင် ကလေး၏ အမေးများသည် ရံဖန်ရံခါ ဖြေဆိုရခက်သည်များ ရှိတတ်ရာ မောင်လူအေးသည်ပင် ဇနီးသည် ဈေးကပြန်လာမှ စကားလွှဲလိုက်ရခြင်းဖြင့် အဆုံးသတ်ထား၏။

အောင်ဆန်းမြို့ မိုးကုတ်ဝိပဿနာ ရိပ်သာအဖွဲ့ခွဲ (၇၇)၊ ပဓာန,နာယကဆရာတော်အရှင် သဒ္ဓမ္မကိတ္တိသာရမှာလည်း ပြီးခဲ့သည့် သင်္ကြန်တရားစခန်းရက်က အဆိုပါ သိပ္ပံမောင်ဝ၏ ဆောင်းပါးမှ ဇာတ်ကောင် မောင်လူမွေး၊ မလူမွေးကလေးများနှင့် တွေ့ရ၏။ ၎င်းတို့မှာ ရုပ်ရှင်သရုပ်ဆောင် ကိုကျော်သူနှင့် ဇနီး မမြင့်မြင့်ခင်ဖေတို့၏ ရင်သွေးများဖြစ်ကြသည့် ဒသမတန်းကျောင်းသား မောင်ပြည်သိမ်းကျော်နှင့် သတ္တမတန်းကျောင်းသူ မမြင့်မိုရ်ဦးတို့ ဖြစ်ကြ၏။ သူတို့တွေ တရားစခန်းဝင်ခိုက် သိလိုရာရာလေးများကို ဆရာတော်အား မေးမြန်းသဖြင့် ဆရာတော်၏ လက်တန်းဖြေဆိုမှုများကို စာရေးသူမှ မှတ်တမ်းတင် ဖော်ပြလိုက်ရပါသည်။

www.burmeseclassic.com



၃။ အဲဒီ အန္တရကပ် (၆၄)ကပ် (သို့) ၂၀ ဟာ အသင်္ချေယျကပ်။
၄။ ၎င်းအသင်္ချေယျ ၄ ကပ်သည် မဟာကပ် ၁ ကပ် (တစ်ကမ္ဘာ)ပါတဲ့ကွယ်။
ဒါက ဘုန်းဘုန်းတို့ စာမှာလာတဲ့ ကမ္ဘာ့သက်တမ်းတွက်ပုံပေါ့။

အထက်ဆုံးက ရူပဗြဟ္မာကြီးရဲ့ အသက်ဟာ ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင် (၁၆၀၀၀) ရှည်သတဲ့။ အထက်ဆုံး အရူပဗြဟ္မာကြီးဆိုရင် ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် (၈၄၀၀၀) ရှည်သတဲ့။ ဒီလောက် အသက်ရှည်တာ တစ်ကမ္ဘာ၊ တစ်နှစ်လို့ လူတွေလို သတ်မှတ်ရေတွက်ရင်တောင် နှစ်ပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်သွားပြီ။ ထားပါ။ အဲဒီ တစ်ကမ္ဘာက တစ်နှစ်ဆိုရင် (၁/၁၂) ဟာ တစ်လ။ အဲဒီ တစ်လရဲ့(၁/၃၀)ဟာ တစ်ရက်ပေါ့ နော်။

"လူ့သက်ထက် နတ်သက်ရှည်၊ နတ်သက်ထက် ဗြဟ္မာသက်ရှည်၊ ဗြဟ္မသက်ထက် ငရဲသက်ရှည်"သတဲ့။ ဒီလို နတ်ဗြဟ္မာသက်တွေတောင် ကမ္ဘာချီပြီး ရေတွက်ရတာဆိုတော့ ငရဲသတ္တဝါတွေဟာ ကမ္ဘာပျက်တာတောင် ကံမကုန်သေးရင် တခြားမပျက်တဲ့ ကမ္ဘာမှာ ပြောင်းရွှေ့ခံရတာဖြစ်တော့ သူတို့သက်တမ်း ဘယ်လိုရေတွက်တော့မလဲ။

ဒါတွေက အမေးရှိလို့ ပြောနေရပေမယ့် ဝိပဿနာတရား အားထုတ်မယ့် ပုဂ္ဂိုလ်အတွက် ဘာမှ အသုံးမဝင်လှပါဘူး။ သိအောင် လုပ်စရာတွေ မဟုတ်ပါဘူး။ သိအောင်လုပ်ဖို့က "သစ္စာ"ပဲ။ သစ္စာသိတာနဲ့ အားလုံး အနှစ်မဲ့ (အသာရကဋ္ဌ)ကို သဘောပေါက်သွားမှာပါ။

**ကျော်** - သူများမုန့်စားနေတာကို စားချင်တဲ့စိတ်ဖြစ်ရင် (၈)ပါးသီလ ကျိုးသလား။

**ဆရာတော်** - မကျိုးပါဘူးကွယ်။ သီလစောင့်တယ်ဆိုတာ ကာယကံ၊ ဝစီကံ ယဉ်ကျေးအောင် ဆုံးမစောင့်ထိန်းထားတာပဲဟာ။ စိတ်ထဲကဖြစ်တာကိုတော့ သားတို့ ဝိပဿနာနဲ့ထိန်းပေါ့။ ဟုတ်ဘူးလား။

**ကျော်** - လောဘ၊ ဒေါသ၊ မောဟတွေမရှိရင် နိဗ္ဗာန်ကို ရောက်ပါသလား။

**ဆရာတော်** - နိဗ္ဗာန်ဆိုတာ ရစရာ အရာဝတ္ထု၊ ရောက်ရမယ့် နေရာဒေသတစ်ခု မဟုတ်ဘူးတဲ့။ လောဘငြိမ်းတော့ လောဘငြိမ်းတဲ့ နိဗ္ဗာန်ပေါ့။ ဒါတွေက သိပ်မြင့်သွားပြီ။ တရားများများ အားထုတ်၊ သူများပြောတာထက် နားလည်သွားလိမ့်မယ်။

**ကျော်** - (၈)ပါးသီလ တစ်သက်လုံးစောင့်ရင် နိဗ္ဗာန်ရောက်သလား။

**ဆရာတော်** - သီလစောင့်ထိန်းရုံနဲ့တော့ နိဗ္ဗာန်မရနိုင်ပါဘူး။ နိဗ္ဗာန်ဆိုတာ ဝိပဿနာကင်းပြီး မရနိုင်ဘူး။ ကံ၊ ကိလေသာတွေကို ဖျက်ချိုးနိုင်မှ နိဗ္ဗာန်ရတယ်။

"ဝီရိယခြေ၊ သီလမြေထက်၊ သဒ္ဓါလက်ဖြင့်၊ ကမ္မဋ္ဌာန်းယိန်၊ ဉာဏ်ပုဆိန်ကို၊ ချိန်ရွယ်မိုးလျက်၊ ချိုးဖျက်တော်မူခဲ့လေပြီ"ဆိုတဲ့ ဖွင့်ဆိုချက်အရ ကံ ကိလေသာတွေကို ဖျက်ဆီးရာမှာ သီလဟာ မြေပြင်နဲ့တူတယ်။ ဝီရိယသည် ခြေ၊ သဒ္ဓါသည် လက်၊ ဉာဏ်သည် ပုဆိန်၊ ပုဆိန်နဲ့ ခုတ်ဖြတ်ရာမှာ ရပ်နေတဲ့မြေကလည်း မာမှ၊ လက်ကလည်း သန်မှ၊ ပုဆိန်ကလည်း အသွားထက်ပါမှ။ ဒါမှ ကံ၊ ကိလေသာကို အမြစ်ပြတ် ဖြတ်နိုင်မှာပေါ့။ အဲဒီမှာ မြေဟာ ပဓာနအကျ

www.burmeseclassic.com

ဆုံးပဲ။ ဒါကြောင့် တရားအားထုတ်ရာမှာ မြေနဲ့တူတဲ့ သီလကို လုံခြုံစင်ကြယ်အောင် လုပ်ခြင်းပဲ ပေါ့။ သီလနဲ့မလုံရင် နိဗ္ဗာန်နဲ့ ဝေးမှဝေး မှတ်လိုက်ပါ။

**မြင့်** - ယခုခေတ် ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ သေရင် ဘယ်ဘဝကိုရောက်မလဲ။ အကယ်၍ ရုပ်ရှင်မင်းသား၊ မင်းသမီးတစ်ယောက်ယောက်က ရုပ်ရှင်မရိုက်တဲ့ အချိန်တိုင်းမှာ တရား အားထုတ်ခဲ့ရင်ကော ဘယ်ရောက်မလဲ။

**ဆရာတော်** - သမီးက ရုပ်ရှင်မင်းသား၊ မင်းသမီးတွေလို့ ခေါင်းတပ်မေးတော့ ပြောရတာ တောင် အားနာစရာ။ စာမှာပြောတာကတော့ သဘင်သည်တွေ (ဟိုတုန်းက ရုပ်ရှင်မှ မရှိသေး တာ) ဟာ "ပဟာသရေ"ကို ကျတတ်တယ်တဲ့။ ဒါပေမယ့် အားတော့မငယ်ပါနဲ့။ ဒါကြောင့်သာ ငရဲကျစတမ်းဆိုရင် ကြည့်တဲ့သူတွေလည်း အတူတူပါပဲတဲ့။ မန်လည်ဆရာတော်ဘုရားကြီးက ဘယ်လိုစာချိုးသလဲဆိုတော့ "ပင့်ထောက်ကူ အမူတွဲငယ်နှင့်၊ သဘင်သည် လူယဉ်ရွဲတို့မှာ၊ အားပေးသူဥပဒေနဲ့ မလွဲတာမို့၊ သည်အကြံ သည်ကံနဲ့ မြဲကြရင်ဖြင့်၊ ချုပ်စဲကာ ခန္ဓာကြွေတော့၊ အောက်သံမြေဝီစိပုံးမှာ၊ လအော်အုံး အောင်သဘင်ဟန်သို့၊ ချင်း သဏ္ဍာန် ခံရမြဲငယ်ဟု ကျမ်းထဲမှာ ဇကန်ဖော်လို့ မြတ်ရှင်တော် စိန္တေစောငယ်က ဟောမုချ ရွှေခွန်းတင်၊ မွန်းသဘင် သည်များ"တဲ့။

တကယ်တော့ သဘင်သည်ပဲဖြစ်ဖြစ်၊ ကုန်သည်လယ်သမားဖြစ်ဖြစ်၊ မိမိရဲ့ စီးပွားရေး အတွက် အသက်မွေးမှုအတွက် ကာယဒုစရိုက်၊ ဝစီဒုစရိုက်တွေ ပြုနေရပါတယ်ဆိုရင် "သမ္မာ အာဇီဝ"မဖြစ်ဘူး။ သမ္မာအာဇီဝနဲ့ အသက်မွေးတာမဟုတ်ရင် ဘယ်သူဖြစ်ဖြစ် အောက်ကို ဆင်းရမှာပါပဲ။ ဒါကြောင့် မန်လည်ဆရာတော်ဘုရားကြီး ဆုံးမတော်မူခဲ့တဲ့ သံချိုက "အမှား ပြုရင်ဖြင့် လားမှုအပါယ်တူပ၊ ဘယ်ဘယ်လူ မဟုပေဘူး၊ ကမ္မငယ်ဒါယာဒန်မို့ မသွေလှန် အမွေခံ ဇကန်ဖြစ်ပေလိမ့်၊ လမ်းစစ်အမှန်ပင်"တဲ့၊ ကိုယ်ပြုတဲ့ကံက ကိုယ့်ကို အကျိုးပြုမှာပါပဲ။

ရုပ်ရှင်မရိုက်တဲ့အချိန်မှာ တရားအားထုတ်ခဲ့ရင်ရောဆိုတော့ ပြောရရင် "အပါယာဒိ ဝဋ္ဋဒုက္ခေသု အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော"တဲ့။ တရား (ဓမ္မ)ဆိုတာ ဆင်းရဲတွင်းထဲ မကျရအောင် အောက်တန်းမကျအောင် ဆောင်ထားပေးမှာပါပဲ။ တရားစောင့်သူကို တရားက စောင့်မှာပါပဲ။

**ကျော်** - တရားထိုင်ရင် မျက်စိဖွင့်ထိုင်လို့ရလား၊ ဆုန်းဘုန်း။

**ဆရာတော်** - သားတို့အိမ်မှာ တံခါး (၆)ပေါက်ရှိတယ်ဆိုပါတော့။ တံခါးတွေဖွင့်ထားရင် အရပ် လေးမျက်နှာက လေနဲ့အတူ အမှိုက်သရိုက်တွေ၊ ဖုံတွေ ဝင်လာနိုင်တယ်။ ကြီးငှက် စတာတွေ လည်း ဝင်လာနိုင်ပေါ့။ တံခါးတွေ ပိတ်ထားလိုက်ရင် အဲဒါတွေ ဝင်မလာတော့ဘူး။ အဲသလိုပဲ လူမှာလည်း မျက်စိ စတဲ့ ဒွါရ (၆)ခုရှိတယ်။ ဒွါရဆိုတာ တံခါးပဲ။ မျက်စိဖွင့်ထားရင် တစ်ခုခုကို မြင်မယ်။ နှစ်သက်စရာ ဖြစ်ချင်ဖြစ်မယ်။ မုန်းစရာ ဖြစ်ချင်ဖြစ်မယ်။ နှစ်သက်တယ်။ မုန်းတယ် ဆိုတော့ အကုသိုလ်ဝင်ပြီပေါ့။ ဒီတော့ ဘာလို့ အကုသိုလ် အမှိုက်သရိုက် အဝင်ခံမလဲ။ ပိတ် ထားတော့ မဝင်နိုင်ဘူးပေါ့။ သမာဓိလည်း ပိုတည်တယ်။ သီချင်းနားထောင်ရင်း မုန့်စားရင်း၊

www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးလိမ်းရင်း စတာတွေလုပ်ပြီး တရားထိုင်ကြည့်ပါလား။ သမာဓိရ မရ ဒွါရ (၆)ပါး (တံခါး ၆ ပေါက်)ကတော့ နှလုံးသွင်းမှားရင် အကုသိုလ်ချည်းဝင်မှာပဲ။ ပိတ်ထားတော့ အဝင်သက်သာတာပေါ့။

ဒါပေမယ့် ဘုရားကတော့ လျောင်းထိုင်ရပ်သွား ဣရိယာပုထ် (၄)ပါးလုံး အမြဲ သတိကပ် (သတိပဋ္ဌာန်)နဲ့ နေပါတဲ့။ ကုန်ကုန်ပြောရရင် အပေါ့အလေးသွားတာတောင် "ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ"တဲ့။ ဒါက ကြုံလို့ တစ်ဆက်တည်း ပြောလိုက်တာပါ။ စားသတိ၊ သွားသတိပေါ့နော်။

**မြင့်** - သိကြားမင်းက ဘယ်လိုကျင့်ကြံခဲ့လို့ သိကြားမင်းဖြစ်ရတာလဲ။ သိကြားမင်းစုတေရင် ဘယ်ဘဝကို ရောက်ပါမလဲ။

**ဆရာတော်** - သိကြားမင်းကို မာဃဆိုတာ သိဖူးကြမှာပေါ့။ မာဃ မဟုတ်ပါဘူး။ မဃပါ။ သူ့ရဲ့ လူ့ဘဝအမည်ပေါ့။ သူက မစလရွာက လူငယ်တစ်ယောက်တဲ့။ သူနဲ့အပေါင်းပါ သူငယ်ချင်း (၃၂)ယောက်၊ အဲ ရဲဘော်သုံးကျိပ် သုံးယောက် ဆိုပါတော့။ သူတို့ဟာ လူ့ပြည်တုန်းက လမ်းတံတားတွေ ဖောက်တယ်။ ကျောင်းဇရပ်တွေ ဆောက်တယ်။ ရေတွင်းရေကန်တွေ တူးတယ်။ ပြုပြင်တယ်။ သီလလည်း စောင့်တယ်။ ဒါနဲ့ သူတို့သေလွန်တော့ နတ်ပြည်ကို ရောက်သွားတာပေါ့။ သူတို့ သုံးကျိပ်သုံးယောက်ဖြစ်ရာ နတ်ပြည်ဖြစ်လို့ သူတို့ကို အစွဲပြုပြီး "တာဝတိံသာ" လို့ ခေါ်ပါသတဲ့။

အဲဒီထဲမှာ မဃလုလင်ကတော့ သူများထက်ထူးပြီး တာဝန်ကြီး (၇)ရပ်ကို အထူးစောင့်ထိန်းခဲ့တယ်။ ဒါကြောင့် နတ်ဖြစ်တော့လည်း နတ်တို့သနင်း သိကြားမင်းဆိုတာ ဖြစ်ရတာပေါ့။ သိကြားမင်းဖြစ်ချင်ရင်တော့ သူ့လိုပဲ ဒါတွေ လိုက်နာပေါ့။

၁။ မိဘကို လုပ်ကျွေးပါ။

၂။ ကြီးသူကို ရိုသေပါ။

၃။ အပြောအဆို နူးညံ့သိမ်မွေ့ပါ။

၄။ ဂုံးတိုက်စကား မပြောပါနှင့် (အတင်းအဖျင်း မပြောပါနှင့်)။

၅။ နှမြောတွန့်တိုမှုမရှိ၊ ရက်ရက်ရောရော ပေးလှူပါ။

၆။ မှန်ကန်သောစကားကို ဆိုပါ။

၇။ အမျက်ဒေါသ မထွက်ပါနှင့် (စိတ်ရှည်ရှည်ထားပါ)။

သိကြားမင်းက သောတာပန်သိကြားဆိုတော့ သောတာပန်ဟာ အပါယ်တံခါးပိတ်တယ် မဟုတ်လား။ ဒီတော့ ၃၁ ဘုံထဲက အပါယ် ၄ ဘုံ နှုတ်လိုက်ရင် ကျန် ၂၇ ဘုံ ရောက်နိုင်တာပေါ့ကွယ်။

**မြင့်** - ဒီဘဝမှာလုပ်တဲ့ ကောင်းမှုကုသိုလ်နှင့် အကုသိုလ်တို့သည် ဘယ်နှစ်ဘဝ ဆက်ပါသွားပါသလဲဘုရား။

www.burmeseclassic.com

www.burmeseclassic.com


**ဆရာတော်** - ကောင်းမှု၊ မကောင်းမှုတွေကို ကံလို့ခေါ်တယ်။ အဲဒီကံတွေကို
၁။ ဒိဋ္ဌဓမ္မ ဝေဒနီယကံ
၂။ ဥပပဇ္ဇ ဝေဒနီယကံ
၃။ အပရာပရိယ ဝေဒနီယကံ
၄။ အဟောသိကံ ဆိုပြီး (၄)မျိုးခွဲတယ်။

ဒိဋ္ဌဓမ္မ ဝေဒနီယကံ ဆိုတာ ဘဝမခြားဘဲ လတ်တလော အကျိုးပေးတာ။ အမှတ်(၂) ကံက ဒီဘဝပြီး ဒုတိယဘဝမှာ အကျိုးပေးတာ။ အမှတ် (၃)ကံက တတိယဘဝကနေ နိဗ္ဗာန် မရောက်မချင်း ဘဝတစ်ခုခုမှာ အကျိုးပေးမှာ။ အမှတ် (၄) ကံကတော့ အကျိုးပေးခွင့် မသာ တော့ဘဲ လုံးဝပျောက်ဆုံးသွားတာ။ အဟောသိကံ ဖြစ်သွားတယ်လို့ အရပ်ထဲမှာပြောတဲ့ စကား ပေါ့။

မောင်လူမွေးတို့၏ နှိုက်နှိုက်ချွတ်ချွတ် အမေးကား ဤမျှသာဖြစ်ပါ၏။ မောင်လူအေး အဖြစ် သရုပ်ဆောင်လိုက်ရသော ဆရာတော်မှာ နဖူးမှ ချွေးစကလေးများကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း "ခုခေတ်ကလေးတွေ လျှော့တွက်လို့ မရဘူးဗျနော်"ဟူသော မှတ်ချက်ကိုပါ မှတ် တမ်းတင်လိုက်ရပါ၏။

ချစ်ဘုန်းလူ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (မြောက်ဥက္ကလာပမြို့နယ်)မှ ပညာရေးလှုပ်ရှားမှု အစီအစဉ်တစ်ရပ်အဖြစ် ပန်းချီဆရာမောင်မောင် (ခ) ဦးကျော်သူ (နာရေးကူညီမှုအသင်း - ရန်ကုန်) ဥက္ကဋ္ဌ အား ဂုဏ်ပြု၍ ပုံတူပန်းချီနှင့် ပန်းပု လက်တွေ့ရေးဆွဲထုလုပ်ခြင်း အခမ်းအနားအား ၅.၈.၂၀၁၂ ရက်နေ့ နနက် (၉း၃၀) နာရီအချိန်မှ စတင်၍ နာရေးကူညီမှုအသင်း (ရန်ကုန်)ရှိ တည်ဆောက်ဆဲ ခန်းမဆောင်(အသစ်) တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဦးကျော်သူသည် ပန်းချီပညာရပ်အား ငယ်ရွယ်စဉ် ကျောင်းသားဘဝ ၁၉၇၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း နွေရာသီပန်းချီ ရက်တိုသင်တန်းအား ပန်းချီဆရာကြီး ဦးသောင်းဟန် ထံတွင် ပန်းချီပညာကို လေ့လာဆည်းပူးခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် ဒေသကောလိပ် - ၂ (လှိုင်)၊ တက္ကသိုလ်ပန်းချီပြပွဲ၌ ပန်းချီမောင်မောင် အမည်ဖြင့် ပိုစတာကာလာ ပန်းချီကားချပ် (၁၀) ချပ်ကို ဝင်ရောက်ပြသခဲ့သည်။ ဒုတိယအကြိမ် ၁၉၈၆ ခုနှစ်တွင် ယုဒသာန်ခန်းမ၌ ကျင်းပပြုလုပ်သည့် "အဗ္ဗုတ္တပန်းချီ" ပြပွဲ၌ "နာကြည်းမှု (ဘဝဈေး)" သရုပ်ဖော်ပန်းချီကားချပ် တစ်ချပ် ပြသခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ပန်းချီလောကသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ပန်းချီကျော်သူအမည်ဖြင့် ရေးဆွဲထားသော "မမြင်ချင်၊ မကြားချင်၊ မပြောချင်" ပန်းချီကားချပ်အား



## ပရဟိတအနုပညာရှင်တစ်ဦးအား ထုဆစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကျန်းမာရေးအထူးကုဆေးရုံရှိ ပန်းချီပညာရပ်ဖြင့် ကုသနည်းခန်းမအတွက် လှူဒါန်းခဲ့သလို ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကအား "ကြာလိုလူ" အမည်ရှိ သရုပ်ဖော်ပန်းချီကားချပ်တစ်ချပ် လှူဒါန်းပေးအပ်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် လောကနတ် ပန်းချီခန်းမ၌ "ဆူး" အမည်ရှိ ပေါက်ကွဲမှု ပန်းချီကားချပ်တစ်ချပ် ပြသခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ကမ္ဘာမြေပြင်ကို အလည်ရောက် ဘ၀ ... ဘ၀ဇတ်ကို ဖြတ်သန်းလျှော်ခတ်ရင်း ငြိမ်းချမ်းမှု သစ္စာတရားကို ရှာဖွေတွေ့ရှိခဲ့သူ လူသားတစ်ယောက်၏ ပုံရိပ်မှတ်တိုင်များ (သို့) ကျော်သူ၏ Kyaw Thu's Art Zone အမည်ဖြင့် ကိုယ်ပိုင်ပန်းချီပြခန်းအား ဖွင့်လှစ်ကာ တစ်ကိုယ်တော်ပန်းချီပြပွဲအား ကျင်းပနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တစ်ကိုယ်တော်ပန်းချီပြပွဲအား Kyaw Thu's Art Zone Vol:2 အဖြစ် ဒုတိယအကြိမ်မြောက် ပြသနိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၂ ခုနှစ်၊ ဇွန်လတွင်လည်း အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် First Break Out အမည်ဖြင့် ပန်းချီပြပွဲအား ကျင်းပနိုင်ခဲ့သည်။ ပန်းချီမောင်မောင်(ခ) ကျော်သူသည် ယနေ့ချိန်ထိ ပန်းချီကားချပ်များအား ရေးဆွဲလျက်ရှိသည်။



ထိုကဲ့သို့သော ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာတစ်ဦးလည်းဖြစ်သူ ပန်းချီဝါသနာရှင်လည်းဖြစ်သူ လူမှုရေးလောကတွင်လည်း အများအတွက် ပေးဆပ်လုပ်ကိုင်နေသူတစ်ဦးအား ဂုဏ်ပြုသောအားဖြင့် ၅.၈.၂၀၁၂ ရက်နေ့ နံနက်တွင် ဦးကျော်သူ၏ ရုပ်ပုံလွှာအား ပုံတူ ပန်းချီ၊ ပန်းပု ပညာရှင်များက အမှတ်တရ ဂုဏ်ပြုရေးဆွဲပွဲအား ကျင်းပခဲ့သည်။ ယင်းအခမ်းအနားတွင် ပန်းပုပညာရှင်ဆရာကြီးများဖြစ်ကြသော ဦးလွင်မောင်၊ ဦးတင်မြ၊ ဦးကြည်စိန်လေး(ထားဝယ်)၊ ဦးမြမောင်၊ ဦးကျော်ညွှန့်၊ ဦးဆန်နီညိမ်း၊ စာပေလောကမှ ဦးဝင်းငြိမ်း (ရွှေအမြုတေ၊ အလင်းတန်းဂျာနယ်) ကိုမျိုး-မြန်မာစာ (ပေါ်ပြူလာဂျာနယ်) စာပေပညာရှင်များနှင့် စိတ်ဝင်စားကြသူများ တက်ရောက်အားပေးခဲ့ကြသည်။ ပန်းချီပညာရှင်ဆရာများ ဖြစ်ကြသော ဦးသက်အောင်၊ ဦးသပြေမြင့်သိန်း၊ ဦးဇော်ဝင်း (ငှက်ပျောသီး)၊ ဦးကြင်၊ ဦးဇော်ဝင်းဖေ၊ ဦးရဲမြင့် (ရွှေသို့)၊ ဦးရွှေမြင့် အစရှိသည့် ပန်းချီ၊ ပန်းပုပညာရှင် (၄၀)ဦးခန့်တို့ သည် နံနက် (၉း၃၀) နာရီအချိန်ခန့်မှ စတင်ကာ ညနေ (၄း၀၀) နာရီအချိန်ထိ ရေးဆွဲခဲ့ကြကာ ပန်းချီဆရာများ၏ မျိုးဆက်သစ် သမီးငယ်လေးတစ်ဦးမှလည်း ဦးကျော်သူ၏ ဂျိုးငှက်လွှတ်နေသည့် ရုပ်ပုံအား အမှတ်တရ ရေးဆွဲခဲ့သည်။ ပန်းပု

www.burmeseclassic.com

www.burmeseclassic.com


ပညာရှင် ကိုကျော်ကျော်မင်းမှလည်း ဦးကျော်သူ၏ ပုံတူရုပ်တုအား ထုလုပ်ခဲ့သလို ပန်းချီကားချပ်များနှင့် ရုပ်တုအား ဦးကျော်သူအတွက် အမှတ်တရ ဂုဏ်ပြုပေးအပ်ခဲ့ကြသည်။

**ကျော်ကျော်မင်း (ပန်းပုပညာရှင်)**

ကိုကျော်သူကတော့ မူလအစက ပန်းချီဆရာ မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်တို့လို ပန်းချီဆရာတွေထဲကနေ အခုလိုမျိုး ပြည်သူတွေကို အကျိုးပြုတဲ့လူတစ်ယောက် ပေါ်ထွန်းလာတဲ့အတွက် ကျွန်တော်က ဂုဏ်ပြုရေးဆွဲခြင်းဖြစ်ပါတယ်။

**ရွှေမြင့် (ပန်းချီ)**

ဦးကျော်သူလုပ်ခဲ့တာက ရုပ်ရှင်ကိစ္စတို့၊ နာရေးကူညီမှုကိစ္စတွေ သူကလုပ်ခဲ့တော့ ကျွန်တော်တို့က လေးစားတယ်။ လေးစားတော့ ဂုဏ်ပြုပွဲလေးလုပ်ပြီး သူ့ရဲ့ပေါ်ထရစ် ရေးဆွဲမယ်။ သူ့ရဲပုံစံ မျက်နှာက အရမ်းရေးချင်တဲ့ ပုံမျိုးဖြစ်တယ်။

**တော်ဝင်း (ငှက်ပျောသီး)**

ဦးကျော်သူကို များသောအားဖြင့် သိကြတာကတော့ နာရေးကူညီမှုအသင်း (ရန်ကုန်)နဲ့ တွဲဖက်ပြီး ဘယ်လိုမှ ခွဲခွာလို့မရပါဘူး။ အဲဒါကြောင့် ဒီနေ့ ကျွန်တော်တို့ ဂုဏ်ပြုရေးဆွဲခြင်း ဖြစ်ပါတယ်။

**တော်ဝင်းဖေ (ပန်းချီ)**

အရင်က ကျွန်တော်တို့ ရေးနေကြတာက အမျိုးသမီးပုံတွေ၊ ကိုရင်လေးတွေ ဒါမျိုးလေးတွေ။ အခုနောက်ပိုင်းမှာ တကယ့် အမှတ်တရ ဖြစ်နိုင်လောက်တဲ့၊ ဖြစ်စေလောက်တဲ့ ပုဂ္ဂိုလ်တွေကို ရေးဆွဲကြတာ တွေ့ရတယ်။ နာရေးကူညီမှုအသင်း (ရန်ကုန်)ရဲ့ဦးကျော်သူဆိုတာ အခုအချိန်မှာ ကိုယ်မလုပ်နိုင်တဲ့ ကိုယ်မဖြည့်နိုင်တဲ့ ပါရမီကို ဖြည့်နေတဲ့ လူတစ်ယောက်ကို ကျွန်တော်တို့က ရေးခွင့်ရခဲ့တယ်။

**ကြည်စိန်လေး (ထားဝယ်)**

ဦးကျော်သူလိုပုဂ္ဂိုလ်မျိုး ယခုမြန်မာနိုင်ငံမှာ ကိုယ်ကျိုးစွန့်ပြီးတော့ အများအတွက် အထောက်အကူပြုနေတဲ့ လူတစ်ယောက် ကျွန်တော်တို့ မြန်မာမှာရော၊ ကမ္ဘာမှာရော ဂုဏ်ယူစရာ လူတစ်ယောက်အနေနဲ့ ရုပ်တုတစ်ခုထားသင့်တဲ့ အခြေအနေမှာလည်း ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင် ဦးကျော်သူရုပ်တုကို ကျွန်တော်တို့မြန်မာနိုင်ငံမှာ အကောင်းဆုံးရုပ်တုတစ်ခုအနေနဲ့ နိုင်ငံခြားမှာ ဒေါက်တာတွေကို ထုထားသလို ထုချင်တဲ့ဆန္ဒ ပြင်းပြနေလျက်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးဆန်နီညိမ်း (ပန်းပု)**

ပုံတူဆွဲတယ်ဆိုတာ အနုပညာရှင်တစ်ယောက်ကနေပြီးတော့ နောက်ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အကြောင်းကို သူကတစ်ဆင့် ဖော်ပြတာပဲ။ ကိုယ်နဲ့နီးစပ်ရာတွေ ဒါမှမဟုတ် ကျော်ကြားတဲ့သူတွေ၊ အောင်မြင်တဲ့သူတွေ မှတ်တမ်းတင်ခဲ့ချင်လို့ မှတ်တမ်းတင်သင့်တဲ့သူတွေကို ဆွဲတာပေါ့။ အခု ကိုကျော်သူကို ပုံတူဆွဲကြတယ်ဆိုတာကလည်း သူ့ဘဝမှာ သူလုပ်ဆောင်ခဲ့တာတွေ၊ သူသယ်ပိုးခဲ့တာတွေကို လေးစားတန်ဖိုးထားပြီးတော့ ပုံဆွဲကြတာပါ။ ဒီကနေ့ပွဲရဲ့ ဖန်တီးမှုကတော့ အားရစရာပါပဲ။

**ဦးဝင်းငြိမ်း (အလင်းတန်းရှာနယ် အယ်ဒီတာချုပ်)**

လက်တွေ့ရေးဆွဲတယ်။ လက်တွေ့ ဓာတ်ပုံရိုက်တယ်ဆိုတာ များသောအားဖြင့် မိန်းမချောချောလေးတွေကို ဆွဲကြတယ်။ ဓာတ်ပုံရိုက်ကြတယ်။ အခုလို ထူးခြားတဲ့ပုံအနေနဲ့ ကိုကျော်သူကို ပန်းချီဆွဲကြတယ်။ ပန်းပုထုကြတယ်။ အင်မတန် ထူးခြားပါတယ်။ အဲဒါကြောင့် ကျွန်တော် ကြွရောက်ချီးမြှင့်ခဲ့တာပါ။ ပန်းချီ ကိုဇော်ဝင်း (ငှက်ပျောသီး)ဆိုလို့ရှိရင် စတိတ်ရှိုးတွေဆွဲရင် ပေအတော်မြင့်မြင့် ပုံကြီးတွေကို လက်တန်းဆွဲနိုင်တဲ့ ဆရာပါ။ သူဒီမှာ လာပြီးတော့ ရေးဆွဲနေတယ်ဆိုတာ အတော်ကို အံ့သြစရာပါ။ ကြည်နူးစရာပါ။

**ကိုလင်း (သတင်းထောက်)**

ဓာတ်ပုံဆရာတွေစုပြီးတော့ မော်ဒယ်(လ်)တွေကို ရိုက်ကြတယ်။ အခုလို ထူးထူးခြားခြား ပန်းချီလည်းပါတယ်။ ပန်းပုလည်းပါတယ်။ စိတ်ဝင်စားစရာကောင်းတာက ဘာလည်းဆိုတော့ ကျော်သူက မော်ဒယ်(လ်)သဘောမျိုး ထိုင်နေတယ်ဆိုပေမယ့် ကျော်သူကို ရေးဆွဲကြတာ မဟုတ်ဘဲနဲ့ ကျော်သူရဲ့ အတွင်းစိတ်ကို ဖော်ထုတ်ပြီး ရေးဆွဲကြတာဆိုတော့ ကောင်းပါတယ်။ ပန်းချီဆရာအချင်းချင်းနဲ့လည်း ရင်းနှီးမှု၊ ချစ်ကြည်မှု၊ တစ်ယောက်ပညာ တစ်ယောက်ရမယ်ဆိုတော့ အင်မတန်ကောင်းပါတယ်။

**ဒေါ်မြင့်မြင့်ခင်ဗေ (ခ) ရွှေစီးကွက် (နာရေးကူညီမှုအသင်း-ရန်ကုန်) အတွင်းရေးမှူး**

ကိုကျော်သူကတော့ တစ်ချိန်က အင်မတန်မှ ရုပ်ရည်ချောမောလှပတဲ့ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်ပေါ့။ အဲဒီဘဝတုန်းက ဘယ်သူမှ သူ့ကို ပန်းချီဆွဲပေးဖို့၊ ပန်းပုထုပေးဖို့ သူ့အလိုလို စိတ်ဝင်စားတဲ့လူ မရှိခဲ့ဘူး။ အခုချိန်မှာ သူ့အလိုလို စိတ်ဝင်စားပြီးတော့ ရုပ်ရည်အနေနဲ့တော့ မလှတော့ဘူး။ အများအကျိုးကို ရွက်သယ်ပိုးတဲ့လူတစ်ယောက်၊ ဒီလူရဲ့ စိတ်ဓာတ်ကို လေးစားလို့ လာရောက်ပြီး ရေးဆွဲကြတော့၊ ကျွန်မ ဘာသွားမြင်လည်းဆိုတော့ စိတ်ဓာတ်ရဲ့ အနှစ်သာရက ရုပ်ရည်ပကာသနထက် ပိုပြီးတော့ အင်အားကြီးတာကိုမြင်တယ်။ ရေးဆွဲကြတဲ့ ပညာရှင်တွေကလည်း အကာနဲ့အနှစ်ကို ခွဲတတ်တဲ့သူလို့ ကျွန်မနားလည်တယ်။

www.burmeseclassic.com

www.burmeseclassic.com


**ကျော်ကျော်မြင့် (နာရေးကူညီမှုအသင်း–ရန်ကုန်) အသင်းသား**

အရင်ကနဲ့ အခုအချိန်မှာ ကွာခြားမှုကတော့ အကြီးကြီးဖြစ်သွားပြီ။ အရင်တုန်းကတော့ မင်းသားတစ်ယောက်အမြင်နဲ့ သိကြတယ်။ အခုက ပြည်သူတွေကို အကျိုးပြုနေတဲ့ ပရဟိတ မင်းသားအဖြစ်နဲ့ ပြည်သူတွေကို ပေးဆပ်တဲ့ အနေအထားခြင်းလည်း အရမ်းကွာသွားပြီ။ အဲဒီအတွက်လည်း အရမ်းဝမ်းသာပါတယ်။

**ဝင်းလှဲ့ငင် (နာရေးကူညီမှုအသင်း–ရန်ကုန်) အသင်းသူ**

ဒီနေ့မြင်ကွင်းလေးက ကြည်နူးဖို့ အရမ်းကောင်းပါတယ်။ ဘာပဲပြောပြော မင်းသား ဘဝတုန်းက အခုလိုမျိုး မရှိခဲ့ဘူး။ အခုလိုမျိုး လူမှုရေးလုပ်ငန်းတွေ လုပ်တဲ့အခါကြတော့ သူ့ ပုံတူတွေလည်းဆွဲတယ်။ ပန်းပုထုကြတယ်ဆိုတော့ အရမ်းလည်း ဂုဏ်ယူဖို့ကောင်းပါတယ်။

မည်သို့ပင်ဖြစ်စေကာမူ ပန်းချီ၊ ပန်းပုပညာရှင် (၄၀) ဦးတို့၏ မတူညီသော ရေးချက်များ၊ ရေးပုံရေးနည်း ပညာရပ်များတို့ကြောင့် ဦးကျော်သူ၏ ပုံရိပ်လွှာများ၊ ပန်းချီကားများ သည် ဦးကျော်သူကိုယ်ပွား ရုပ်ပုံလွှာ (၄၀) ထွက်ရှိလာခဲ့သော်လည်း ဦးကျော်သူ၏ အတွင်းစိတ် သဏ္ဌာန် ခံယူချက်များသည်ကား ပုံရိပ်လွှာတိုင်းတွင် ထူးခြားစွာဖြင့် တစ်ခုတည်းသော စိတ် အစဉ်ကို ဖော်ပြနေခြင်းအား တွေ့မြင်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်မချစ်သော မင်းသား (သို့မဟုတ်) ပြည်သူချစ်သော မင်းသား



ဆယ်ကျော်သက်အရွယ်တုန်းက သူက အိပ်မက်ထဲမှာ စိုးမိုးသူ။ နူးညံ့တဲ့ အကြည့်လေး၇ တစ်ချက်၊ နှုတ်ခမ်းလေးရဲ့ ပြုံးတတ်တဲ့ အပြုံးလေးတစ်ခု၊ တစ်ခါတစ်ခါမပီတဲ့ စကားသံလေးတွေနဲ့ ဆွဲဆောင်မှုရှိလှတဲ့ မင်းသားမို့ ကျွန်မတို့ခေတ်မှာ အတော် ရေပန်းစားခဲ့သူ။ အထက်တန်းကျောင်းသူဘဝကတည်းက ကျွန်မသူငယ်ချင်း တော်တော်များများမှာ သူ့ဓာတ်ပုံရှိကြသည်။ တချို့က သူ ဓာတ်ပုံရှေ့ချပြီး စာကျက်မှ ခေါင်းထဲရောက်သည်တဲ့။ RIT တုန်းက ကျွန်မသူငယ်ချင်းကတော့ သဇင်ဆောင်နား သူ့ရုပ်ရှင်လာရိုက်တာ သွားကြည့်ပြီး ၃ ရက်လောက်စာကျက်မရအောင် ရင်ခုန်နေခဲ့သည်တဲ့။

ကျွန်မကတော့ သူ့ရုပ်ရှင် တော်တော်များများကို အိမ်မှုလစ်၊ ကျောင်းမှုလစ်ပြီး မလွတ်တမ်း အားပေးခဲ့သူ။ နာမည်ပျက်ရှိခဲ့ဖူးသော ကောင်မလေးကို ချစ်တာကတစ်ဖက်၊ ပတ်ဝန်းကျင်ကတစ်ဖက်၊ ဗျာများရသော အင်ဂျင်နီယာပေါက်စလေးအဖြစ် သရုပ်ဆောင်ခဲ့သော 'အစဉ်သဖြင့်'၊ တစ်အိမ်ထဲနေ ကောင်မလေးနဲ့ တကျက်ကျက်ရန်ဖြစ် ခပ်မြူးမြူး သရုပ်ဆောင်ခဲ့သော 'မုန်းရခက်ကြီး'၊ ပကာသနတွေကြားထဲက ချစ်သူကို ဆွဲခေါ်ထုတ်လာခဲ့သော ဂီတပညာ

 www.burmeseclassic.com 

ရှင်အဖြစ် သရုပ်ဆောင်ခဲ့သော 'အရိုင်းစံပယ်'၊ တဖက်သတ်ချစ်သူနဲ့ ကိုယ့်ချစ်သူကြား ဗျာများရသော 'ကိုကိုဘာလို့ မုန်းတာလဲ'၊ မမကို အချစ်ကြီးလွန်းတဲ့ ကောင်လေးအဖြစ် သရုပ်ဆောင်ခဲ့သော 'ကောင်းချစ်တဲ့မမ" ... ဒီကားတွေအားလုံးက ဒီနေ့ထက်ထိ နှလုံးသားမှာ စွဲထင်ဆဲ။ ဘယ်မင်းသားကို အကြိုက်ဆုံးလဲလို့ တစ်စုံတစ်ယောက်က မေးလာခဲ့ရင် "ကျော်သူ" လို့ မဆိုင်းမတွ ပြောတတ်သည်။

ကျရာဇာတ်ရုပ်ကို သဘာဝကျကျ ပီပီပြင်ပြင် သရုပ် ဆောင်နိုင်သော သူ့မှာ လူကြီး၊ လူငယ် အရွယ်စုံ ပရိသတ် ရှိသည်။ သံယောဇဉ်ကြီးလှတဲ့ သူငယ်ချင်းနှစ်ယောက် ရဲ့ရင်နင့်ဖွယ်



မှုးယစ်ပညာပေးကား 'ဒိုး'ထဲက မျှော်ခဲ့ရတဲ့ အကယ်ဒမီက 'တပြည်သူမရွှေထား' ကျမှ မျှော်ရကျိုးနပ်တော့သည်။ American Idol လိုသာ ပရိသတ် ကိုယ်တိုင်ရွေးချယ်ခွင့် ရသော အကယ်ဒမီဆိုလျှင် သူ့မှာ ထားစရာနေရာပင် မရှိလောက်အောင် အကယ်ဒမီတွေ တပွေ့တပိုက်ဖြစ်မှာ သေချာသည်။ ဒါရိုက်တာ ဆရာကြီးဦးသုခ ရိုက်ကူး၍ မင်းသားကြီးဇော်လင်း၏ သားနေရာက သရုပ်ဆောင်ခဲ့သော ရုပ်မြင်သံကြားဇာတ်လမ်းမှာ ကြည့်မိတိုင်း မျက်ရည်လည်အောင် ပီပြင်လွန်းလှသည်။


သူသည် ဆရာကောင်းကို ဆည်းကပ်ခဲ့သည်။ ဆရာကောင်း စကားကို မြေဝယ်မကျ နာယူခဲ့သည်။ ဆရာကောင်း၏ လမ်းညွှန်မှုအတိုင်း ယုံယုံကြည်ကြည် လျှောက်လှမ်းခဲ့သည်။ ကျွန်မ သံယောဇဉ်ကြီး နှစ်သက်ခဲ့သော မင်းသား၏ မြင့်မြတ်သော ပေးဆပ်မှုတွေက အံ့သြစရာကောင်းအောင် ကြီးမြတ်ခဲ့သည်။ သူ့ပရိသတ်တစ်ယောက်အနေနှင့် သူ့အနုပညာသက်သက်သာ ချစ်မြတ်နိုးခဲ့ပြီး သူ့ဆီက ဘာကိုမှ မမျှော်ကိုးမိခဲ့၊ မျက်ဝါးထင်ထင် မြင်တွေ့ရသောအခါ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကြည်ညိုလေးစားမိသည်။ မျက်ရည်ရစ်ဝဲရသည်ထိ ကြည်နူးမိသည်။

တော်ရုံလူ မပေးဆပ်ရဲသော ပေးဆပ်မှုတွေ ကျပ်တည်းနေသော ခေတ်ကြီးမှာ အခမဲ့ ဆေးခန်း။ အခမဲ့ဆေးရုံ၊ အခမဲ့ နာရေးကူညီမှု၊ သူက ငွေကြေးသန်းပေါင်းများစွာ မချမ်းသာပါ။ စေတနာကတော့ သန်းပေါင်းများစွာမက။ သူ အခေါင်းကိုယ်တိုင်ရိုက်၊ နာရေးကား ကိုယ်တိုင် မောင်းဖို့ အဆင်သင့်ဖြစ်နေသည့် တွဲလက်ညီသော ဇနီးချောရှိသည်။ သူက ဒုက္ခသည်တွေဆီ အခက်အခဲများစွာ ကျော်ဖြတ်သွားရောက် ကူညီချိန်မှာ သူ့ဇနီးကလဲ တစ်ဖဝါးမခွာ။ ပေါ်ပြူလာ ဖြစ်ဖို့သက်သက် အပေါ်လေး နှမ်းဖြူးတတ်သော တချို့မင်းသား၊ မင်းသမီးတွေနဲ့တော့ မိုးနဲ့မြေ။

တကယ်တော့ သူက ဘဝအဓိပ္ပာယ်စစ်စစ်ကို ရှာဖွေတွေ့ရှိသွားသူ။ ရခဲလှတဲ့ လူ့ဘဝကို လေးလေးနက်နက် အသုံးချတတ်သူ။ လုပမြင့်မြတ်တဲ့ သူ့သမိုင်းကို သူကိုယ်တိုင် ရေးဖွဲ့တတ်သူ။

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ရာကို ရဲရဲရင့်ရင့် လျှောက်လှမ်းတတ်သူ။ ကျွန်မဆယ်ကျော်သက် အရွယ်ထဲက စွဲလန်းခဲ့ရတဲ့သူ၊ ခုချိန်မှာ ကျွန်မ လေးစားကြည်ညိုရတဲ့ သူရဲကောင်းတစ်ယောက် သူ့ရဲ့ကြီးမြတ်တဲ့ မေတ္တာ၊ စေတနာတွေကို ဒီစာလေးဖြင့် ဦးညွှတ်ဂုဏ်ပြုလိုက်ပါသည်။

**တန်ခူး**

❏

www.burmeseclassic.com

www.burmeseclassic.com



"အမေ … ကျွန်တော် ကျောင်း သွားတော့မယ် … လွယ်အိတ်ထုံးပေး"

"အေးပါ … သားရယ်"

"ကျော်သူထုံးနော် … အမေ"

ကျွန်တော်တို့ ငယ်ငယ်တုန်းက ဖြစ်ပါသည်။ ရုပ်ရှင်ကားထဲတွင် ကိုကျော်သူ လွယ်ထားသော လွယ်အိတ်မှာ အထုံးလေးနှင့် ဖြစ်ပါသည်။ ဒါကိုမြင်ပြီး အားကျ အတုယူကာ ကျောင်းသွားကြလျှင် ကျော်သူ လွယ်အိတ်ထုံး စတိုင်လ်လေးနှင့် သွားကြသည်။ ကျွန်တော်တို့ ငယ်ငယ်က 'ကျော်သူထုံး' ဆိုပြီး တစ်ခေတ်ဖြစ်ခဲ့ဖူးသည်။ နောက်တော့ ခေတ်ရေစီးကြောင်း အပြောင်းအလဲကြားမှာ ကျော်သူ လွယ်အိတ်ထုံးသည်လည်း ကွယ်ခဲ့ရသည်။ အနုပညာရပ်ဝန်းမှာ အမည်ကောင်းတစ်ခုနှင့် ကြာရှည်စွာ ရှင်သန်နေဖို့က မဖြစ်နိုင်ပါ။ စန်းထနေတဲ့ အချိန်လေးသာ



# ကျော်သူထုံး

www.burmeseclassic.com

www.burmeseclassic.com


ဟိုးလေးတကျော်ကျော်ဖြစ်ပြီး စန်းကျသွားပြီဆိုရင်တော့ ပျောက်ကွယ်ရသည်ချည်းပင်။ ထို့ထက် ပိုတွေးကြည့်မိတော့ မိမိတို့ကျင်လည် ရာ လုပ်ငန်းခွင်၊ ပတ်ဝန်းကျင်မှာပင် အမည်ကောင်းတစ်ခုကို ပိုင်ဆိုင်နိုင်ဖို့ မလွယ်ပေ။ ထို့ထက် ပိုတွေးကြည့်ပါက နိုင်ငံတစ်ဝန်းမှာ အမည်ကောင်းတစ်ခု ရဖို့ဆိုတာ ပိုလို့ပင် မလွယ်ကူပေ။ ကုန်ပစ္စည်းတစ်ခုရဲ့ ကွာလတီကိုသာ ထိန်းထားဖို့ လွယ်သည်။ အမြဲဖောက်ပြန် ပြောင်းလဲနေသော လူတစ်ယောက်ရဲ့စိတ်ကွာလတီကိုတော့ ထိန်းထားဖို့ မလွယ်ကူလှချေ။ မိမိတို့ ပတ်ဝန်းကျင်၊ မိမိတို့ နိုင်ငံ၊ မိမိတို့ ကမ္ဘာမှာ အမည်ဆိုးနှင့် ကျော်ကြားသူတွေသာ များသည်။ အမည်ကောင်းဖြင့် ကျော်ကြားသူက အင်မတန်ရှားပါးလှသည်။

ယနေ့အချိန်တွင် ကိုကျော်သူနှင့် ခေတ်ပြိုင်တချို့ နှိုင်းယှဉ်ကြည့်သောအခါ အများကြီး ကွာခြားသွားခဲ့လေပြီ။ ဒီလိုပြောခြင်းဟာ တခြားသူတွေကို အပြစ်တင်ရှုတ်ချခြင်း မဟုတ်ပါပေ။ ဘာကြောင့် ကိုကျော်သူရဲ့အမည်နာမဟာ ပိုမိုတောက်ပြောင်လာရသနည်း ဆိုရရင် သူ့ရဲ့ပရဟိတ အများအကျိုး ရွက်သယ်ပိုးလိုတဲ့ စိတ်ကြောင့်လို့သာ ဆိုရပါမည်။ တကယ်လို့ ကိုကျော်သူသာ ပရဟိတလိုင်းဘက် ရောက်မလာခဲ့ဘဲ ရုပ်ရှင်လောကမှာသာ ရှိနေခဲ့မည်ဆိုပါက ယခုအချိန်သည် အကျဘက်တွင် ရှိနေပါလိမ့်မည်။ ဒီနေရာမှာ လူတချို့အတွက် ဆင်ခြေတက်စရာ ရှိလာခဲ့သည်။ ဘာလဲဆိုတော့ 'သူက အနုပညာလုပ်ငန်း လုပ်ကိုင်ခွင့် ပိတ်ခံထားရတာကိုး လုပ်နိုင်မှာပေါ့' ဟု ဆိုကဆိုနိုင်ပါသည်။ လူတစ်ယောက်ရဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ နှစ်ရှည်လုပ်ကိုင်လာပြီးမှ အလုပ်ပြုတ်သွားသော် ရာထူးမှ ဖယ်ရှားခံလိုက်ရသော် စိတ်ဓာတ်ကျသွားမည်သာ ဖြစ်ပါသည်။



နိုင်ငံရေး အရှုပ်အထွေးတွေကြောင့် သူ အပိတ်ခံလိုက်ရတဲ့အခါ သူလဲ စိတ်ဓာတ်ကျမည်သာဖြစ်ပါသည်။ သို့သော် သူက ငြိမ်ခံပြီး အကြာကြီးမနေ၊ တွန်းလှန်ပစ်သည်။ နိုးထလာခဲ့သည်။ သူ့ဘဝကို အလကားလူအဖြစ် အရောက်မခံ။ ပေးဆပ်သူစစ်စစ်အဖြစ် အသွင်ကူးပြောင်းလိုက်သည်။ ဒါဟာ လွယ်ကူသည့်ကိစ္စတော့မဟုတ် သို့သော် သူလုပ်ပြနိုင်ခဲ့သည်။ သူနှင့် တစ်ခါတုန်းက ခေတ်ပြိုင် လုပ်ဖော်ကိုင်ဖက်တွေ ဟိုတယ်ကြီးတွေမှာ ဇိမ်ခံနေတဲ့အချိန်၊ နိုင်ငံတကာမှာထွက်ပြီး ရှော့ပင်းထွက်နေတဲ့အချိန်မှာ သူဟာ ဆင်းရဲသား အခြေခံလူတန်းစားတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး ထောက်ပံ့မှုတွေနှင့် ဆင်းရဲသားအခြေခံလူတန်းစား မိသားစုဝင်တွေ သေဆုံးတဲ့အခါ လူအများစု မထိချင် မကိုင်ချင်ကြတဲ့

www.burmeseclassic.com

www.burmeseclassic.com

အလောင်း၊ကောင် ပုပ်ပွပွတွေကို ကားနှင့်တင်ပြီး မီးသင်္ဂြိုဟ်စက်အထိ အခမဲ့ အရောက်ကူညီပို့ဆောင်ပေးနေခဲ့သည်။ အခမဲ့ဆိုတာထက် သင်္ဂြိုဟ်စရိတ် မတတ်နိုင်သူတွေကို ထောက်ပံ့ပေးခြင်း၊ ဆင်းရဲနွမ်းပါးပြီး ကျန်းမာရေး ချို့တဲ့သော်လည်း ဆေးခန်းလာပြဖို့ ခရီးစရိတ် မတတ်နိုင်တဲ့သူတွေကို ထောက်ပံ့ခြင်း၊ အခြေခံ လူတန်းစားတွေရဲ့ ကလေးတွေကို အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ စိတ်ဓာတ်မြှင့်တင်ပေးခြင်း လုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိသည်။ အလောင်း ကောက်ခြင်း (သို့) သယ်ယူပို့ဆောင်ပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပေးသည်။

အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းဖြင့် အခြေခံ ဆင်းရဲသားလူတန်းစား မိသားစုတွေအတွက် ကျန်းမာပျော်ရွှင်သော မိသားစုဘဝလေးကို ပိုင်ဆိုင်နိုင်ရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးသည်။ အနာဂတ် ကြယ်ပွင့်လေးတွေအတွက် ပညာရေး ထောက်ပံ့ပေးခြင်းဖြင့် တိုင်းပြည်နှင့်လူမျိုးကို အလှဆင်ပေးသည်။ ဒီတစ်ခါ ကိုကျော်သူထုံးသည်ကား လွယ်အိတ်မဟုတ်တော့ပေ။ သူ့နှလုံးသား၊ သူ့ဘဝကို တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်ပေးဆပ်ခြင်း စစ်စစ်ဖြင့် “ထုံး”ပြနေခြင်းပင်ဖြစ်သည်။ ဒီတစ်ခါရော ကျွန်တော်တို့တစ်တွေ အားကျအတုယူနိုင်ပါဦးမည်လား ... ။

ကျွန်တော်တို့ တက်ညီလက်ညီ ကြိုးစားကြရပါဦးမည်။

ဤစာစုလေးဖြင့် ဦးကျော်သူ (နာရေးကူညီမှုအသင်း) အား ဦးညွှတ်ပါ၏၊ နှစ်သစ် အခါသမယမှသည် အသက်ထက်ဆုံးတိုင် တိုင်းပြည်နှင့် လူမျိုး၏အကျိုးကို ပိုမိုမြင့်မြတ်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုခြွေတောင်းပါသည်။

**ဝေယျာဇော**



www.burmeseclassic.com

www.burmeseclassic.com





# မေးလို့ ဖြေပြီ*

လူတစ်ယောက်ဖြစ်လာတဲ့နောက်မှာ ဖြတ်သန်းကျော်လွှားရတဲ့ နယ်ပယ်တွေက တော်တော်များပါတယ်။ နှစ်သစ်တစ်နှစ်ကိုရောက်တိုင်း၊ နှစ်ဟောင်းတွေကို ဖြတ်ကျော်ပြီးတိုင်း လူတိုင်းလိုလို ပြောလေ့ရှိတဲ့ စကားလုံးအရ “နှစ်ဟောင်းက အညစ်အကြေးတွေ ကုန်ဆုံးပြီး နှစ်သစ်မှာ ပျော်ရွှင်နိုင်ပါစေ”လို့ ဆုတောင်းပေးကြလေ့ရှိပေမယ့် တကယ်တော့ နှစ်ဟောင်းက အရာတွေဟာ ကုန်ဆုံးတယ်လို့မရှိဘဲ ကိုယ့်နောက်က အရိပ်တစ်ခုလို အမြဲလိုက်ပါနေတာပါ။ ကောင်းခြင်းတွေကိုပဲ သယ်ဆောင်လို့ မသွားနိုင်သလို ဆိုးခြင်းတွေကို ချန်ထားရစ်ခဲ့လို့ မရနိုင်ပါဘူး။ လူတစ်ယောက်ဟာ နာမည်တစ်ခုနဲ့အတူ ဘဝတစ်ခုမှာ ရှင်သန်နေထိုင်ပေမယ့် တစ်ခါတစ်ခါမှာ မထင်မှတ်ဘဲ ပြောင်းလဲသွားတဲ့ အပြောင်းအလဲတွေ ရှိတတ်ပါတယ်။ ဒါဟာလည်း မမြင်နိုင်တဲ့ ကံတရားပဲ မဟုတ်ပါလား။

ဒီကံတရားကပဲ အတွေးအခေါ်တွေ ဖြတ်သန်းရတဲ့ လူမှုပတ်ဝန်းကျင်တွေကို အပြောင်းအလဲဖြစ်စေပါတယ်။ ဘဝလမ်းခရီးတွေရဲ့ အချိုးအကွေ့တွေက ရည်ရွယ်ရာလမ်းကြောင်းတွေကို ပြောင်းလဲသွားစေတယ်။ ဒီလိုပြောင်းလဲမှုတွေကို ကြုံဆုံတွေ့ရတဲ့ လူတစ်ယောက်ရဲ့ ခရီးလမ်းကြောင်းတစ်ခုကို ဖော်ပြပေးချင် ပါတယ်။ ဒါကတော့ တစ်ချိန်က နာမည်ကျော်

* 10.8.2011. NewsWatch Weekly ဂျာနယ်၊ အတွဲ(၇) အမှတ် (၆)မှ အင်တာဗျူး။

www.burmeseclassic.com

www.burmeseclassic.com





သရုပ်ဆောင် တစ်ယောက်ဖြစ်တဲ့ အကယ်ဒမီကျော်သူ၊ အခုအချိန်မှာတော့ နာရေးကူညီမှုအသင်း (ရန်ကုန်)ရဲ့ ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်တဲ့ ဦးကျော်သူပါပဲ။

ကျွန်မတို့ ကျော်သူလျှောက်သောလမ်းကို ကြည့်ရအောင် ...

အမျိုးသား ရုပ်ရှင်ကုမ္ပဏီရဲ့သားတစ်ယောက်ဖြစ်တဲ့ မောင်မောင်ဆိုတဲ့ လူငယ်တစ်ယောက်အတွက်တော့ ဒီအနုပညာရပ်ဝန်းဟာ သူ့အတွက် မစိမ်းတဲ့ နယ်ပယ်တစ်ခုပါ။ ဒီအနုပညာကို ချစ်မြတ်နိုးတယ်။ ဒီအနုပညာ နယ်ပယ်မှာပဲ ကြီးပြင်းခဲ့တယ်။ ဒါပေမယ့် သူဟာ ဒီလမ်းခရီးကို အလွယ်တကူ ဝင်ရောက်ခဲ့တာ မဟုတ်ခဲ့ဘူး။ အချိန်အများကြီး ပေးဆပ်ခဲ့ရတယ်။ ကြိုးစားခဲ့ရတယ်။ မိဘရဲ့ နောက်ခံအင်အားတွေနဲ့ ပံ့ပိုးမှုတွေကြောင့် အောင်မြင်လာခဲ့တာ မဟုတ်ပါဘူး။ ကိုယ်တိုင်ကိုယ်ကျ ကြိုးစားခဲ့ရတာပါ။ ဒီ ကြိုးစားအားထုတ်မှုတွေကပဲ ပထမဆုံးဇာတ်ကားမှာ ပရိသတ်က ကျော်သူဆိုပြီး သရုပ်ဆောင်လောကထဲကို ခြေချခွင့်ပြုခဲ့ပါတယ်။ ဒါရိုက်တာ မျိုးမြင့်အောင် ရိုက်ကူးတဲ့ "ချစ်ကြိုးလေးနှစ်မျှင်" ဆိုတဲ့ ဇာတ်ကားပါပဲ။ ဒီဇာတ်ကားနဲ့ ရုပ်ရှင်လောကထဲ ခြေချလာခဲ့တဲ့ မင်းသားကျော်သူဟာ အဲဒီနောက်ပိုင်းမှာ ဒါရိုက်တာ တော်တော်များများနဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ဆက်တိုက် ရိုက်ကူးဖြစ်လာပါတယ်။ ရိုက်ကူးတဲ့ ဇာတ်ကားတိုင်းကလည်း ပရိသတ်ရင်ထဲကို ရောက်စေတဲ့ ဇာတ်ကားတွေပဲ ဖြစ်ခဲ့ပါတယ်။ ဒရာမာကားတွေမှာလည်း ကျော်သူရဲ့ သရုပ်ဆောင်မှုတွေက ရင်ထဲကို ထိရောက်စေခဲ့တယ်။ အက်ရှင်ကားတွေမှာလည်း ဟာကွက်မရှိတဲ့ သရုပ်ဆောင်မှုမျိုးကို တွေ့ရပါတယ်။ အကယ်ဒမီနဲ့ အကြိမ်ကြိမ် လွဲခဲ့ပေမယ့် နောက်ဆုံးတော့ စစ်မှန်တဲ့ လုံ့လနဲ့ မလျှော့သောဇွဲက ကိုကျော်သူကို "တပြည်သူမရွှေထား" ဆိုတဲ့ ဇာတ်ကားနဲ့ အကယ်ဒမီဆုကို ဆွတ်ခူးရယူစေပါတယ်။

နိုင်ငံတော်ဇာတ်ကားအဖြစ် "လုလေးစိန်" ဆိုတဲ့ ဇာတ်ကားကို ရိုက်ကူးခဲ့ပါသေးတယ်။ ကလိထိုးရယ်ရတဲ့ ဟာသကားတွေကြားထဲမှာ သဘာဝကျကျနဲ့ ပျော်စရာ၊ မိသားစုဇာတ်ကားလေးတစ်ကားဖြစ်တဲ့ "အချစ်ဟု အဓိပ္ပာယ်သက်ရောက်ခြင်း မရှိစေရ" ဆိုတဲ့ ဇာတ်ကားကြီးကတော့ ကျော်သူရဲ့အနုပညာပြသခွင့်ရတဲ့ နောက်ဆုံးဇာတ်ကားဖြစ်မယ်လို့ အကယ်ဒမီ ကျော်သူကလည်း တွေးဖြစ်ခဲ့မယ် မထင်ပါဘူး။ ဒါဟာ အကယ်ဒမီကျော်သူ အနုပညာရှင်တစ်ယောက်ဆိုတဲ့ ဘဝတစ်ခုအဖြစ် ကျန်ရစ်ပြီးခဲ့တဲ့ အတိတ်တွေပါပဲ။ ဘယ်လိုပဲ မှုန်ဝါးဝါး အတိတ်တွေ ဖြစ်နေစေဦးတော့ အကယ်ဒမီကျော်သူဆိုတာ အနုပညာလောကမှာရော၊ လူထုပရိသတ်တွေကြားမှာပါ အမြဲရှိနေတဲ့သူတစ်ယောက် ဖြစ်နေခဲ့တယ်။ ဒီစိတ်ကူးတွေ ပြောင်းလဲသွားတဲ့ ယုံကြည်မှုတွေကို အခုလို မေးခွန်းတွေကတစ်ဆင့် သိခဲ့ရပါတယ်။

အခုအချိန်မှာတော့ ဘဝဆိုတဲ့ စကားလုံးအဓိပ္ပာယ်ကို ဒီလို ဖော်ဆောင်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




"ဘဝဆိုတာ ရခဲတယ်။ လူ့ဘဝကို အောင်မြင်မှုရှိအောင်လို့တော့ မတွက်ဘူး။ တန်ဖိုးရှိအောင်နေတယ်။ တန်ဖိုးရှိအောင်နေတယ်ဆိုတဲ့ နေရာမှာတော့ ကိုယ့်အတွက်လည်း တန်ဖိုးရှိအောင်၊ အများပြည်သူအတွက်လည်း တန်ဖိုးရှိအောင်နေတယ်။ အောင်မြင်မှုဆိုတာ ကျွန်တော့်ဆီမှာ မရှိဘူး။ တန်ဖိုးရှိဖို့ပဲ အဓိကထားတယ်။"

**အရင်မင်းသားဘဝက "ဘဝ"ဆိုတဲ့စကားကို အဓိပ္ပာယ်ဖွင့်ပါဆိုရင် ဒီစကားလုံးမျိုး ဖြစ်လိမ့်မယ် မထင်ဘူးနော်၊ အရင်ကရော ဘယ်လိုများ ဖွင့်ဆိုထားပါလဲ။ ဒီလိုပဲ တွေးခဲ့တာတော့ ဟုတ်မယ်မထင်ဘူးနော်။**

မတွေးခဲ့ဘူး။ ဒီလိုမျိုး လုံးဝကို မတွေးခဲ့တာပါ။

**ဒါဆိုရင် မင်းသားကျော်သူက ဖွင့်ဆိုထားတဲ့ ဘဝအကြောင်းကို ပြောပေး ပါဦး။**

အဲဒီအချိန်တုန်းကတော့ အောင်မြင်မှုလို့ သတ်မှတ်တယ်။ ရုပ်ရှင်လောကမှာ အောင်မြင်မှုဆိုတာ လိုချင်တယ်။ နာမည်ကြီးချင်တယ်။ တန်ဖိုးရှိအောင်နေဖို့ဆိုတာ မတွေးမိခဲ့ဘူး။

**ဒီလိုအတွေးတွေ ဝင်ရောက်လာစေဖို့ ပံ့ပိုးပေးတဲ့အရာ ဘယ်လိုအရာမျိုးဖြစ်မလဲ။**

လူသားတွေပဲပေါ့။ လူသားတွေကပဲ ဒီအရာတွေကို ပံ့ပိုးပေးတယ်။ အသိဉာဏ်ပေးတယ်။ လူသားတွေဆိုတာ အားလုံးပါပဲ။ ဆရာတော်ကြီးတွေလည်း ပါတာပေါ့။

**အခုလို နာရေးကူညီမှုအသင်းဖြစ်လောက်အောင် စတင်ဖြစ်ခဲ့တာနဲ့ပတ်သက်ပြီး နည်းနည်းလောက် ပြောပြပါဦး။**

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်နေ့မှာ စဖြစ်တယ်။ အဲဒီမတိုင်ခင် ဘဘဦးသုခက နာရေးကူညီမှုအသင်း လုပ်တယ်။ ကျွန်တော့်မိန်းမကလည်း လူမှုရေးအသင်းအဖွဲ့ တစ်ခုခု လုပ်ချင်နေတယ်။ သူ့အဒေါ်က မန္တလေး ဗြဟ္မစိုရ်အသင်းမှာ နာယကအအနေနဲ့ လုပ်တယ်။ အဲဒီကြားကတည်းက သူက အရမ်းလုပ်ချင်နေတာ။ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေတာ။ ဘဘဦးသုခကလည်း ဒီအသင်းကို စမယ်ဆိုတာနဲ့ ဘဘအိမ်သွားတယ်။ အကြံဉာဏ်ယူတယ်။ အသင်းကို ဖွဲ့စည်းပြီး စလုပ်ဖြစ်တယ်။ ဒီလို အသင်းအဖွဲ့မျိုးတွေက ဗုဒ္ဓဘာသာလူမျိုးတွေမှာ မရှိဘူး။ တခြားဘာသာတွေမှာက ရှိတယ်လေ။ ဘဘက အဲဒီအတွေးနဲ့ ရန်ကုန်မှာ စခဲ့တာ။ အဓိက ရန်ကုန်မှာ မရှိဘူးဖြစ်နေတာ။

**ဒီအလုပ်ကို လုပ်မယ်လို့ ဆုံးဖြတ်လိုက်ချိန်မှာ ဦးကျော်သူအနေနဲ့ တစ်ဦးတစ်ယောက်ကို အားကျစိတ်မျိုး ရှိနေမိလား။**

မရှိဘူး။ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ အားကျစိတ်နဲ့ လိုက်လုပ်တာမျိုး မဟုတ်ပါဘူး။ ဒီအလုပ်ကိုလုပ်ရင်းနဲ့ ဘာအဖြေထွက်လာသလဲဆိုတော့ ငါ မင်းသားဖြစ်တုန်းက အများပြည်သူက ပေးတဲ့ပိုက်ဆံနဲ့ ကိုယ့်မိသားစုကို သားတွေ၊ သမီးတွေကို ဆုံးခန်းတိုင်အောင် လုပ်ပေးနိုင်ခဲ့တယ်။ ဒီအချိန်မှာ ဘယ်လိုကျေးဇူးဆပ်မလဲဆိုတော့ ဒီလို ကျေးဇူးဆပ်တာက အကောင်းဆုံးဖြစ်တယ်လို့ တွေးမိလာတယ်။

www.burmeseclassic.com

www.burmeseclassic.com




**အရင်အချိန်က လူသေတွေအတွက် မြှုပ်နှံသင်္ဂြိုဟ်တဲ့ အလုပ်မျိုးကို လုပ်တဲ့သူ မြန်မာလူမျိုးက မရှိသလောက်နည်းပြီး လုပ်တဲ့သူရှိပြန်ရင်လည်း လူ့ပတ်ဝန်းကျင်မှာ နေရာ မပေးကြဘူးလေ။ ကျွန်မ ကြားဖူး သိဖူးသလောက်ဆိုရင် ၁၉၇၀ ခုနှစ်ကျော်လောက်က ဒီလိုအလုပ်မျိုးလုပ်တဲ့ မိသားစုမှာဆို ငွေကြေးချမ်းသာပါရဲ့ ပတ်ဝန်းကျင်က လက်မခံတဲ့ အတွက် သားသမီးတွေ အိမ်ထောင်ရေးမှာ သတင်းစာမျက်နှာပေါ်က ကြေငြာခေါ်ယူရတဲ့အထိ အခြေအနေမျိုး ရှိခဲ့တာမို့ ဦးကျော်သူအနေနဲ့ ဒီအကြောင်းအရာတွေကို နာရေး ကူညီမှုအသင်း မတည်ထောင်မီက ခံစားဖြစ်ခဲ့သေးလား။**

လုံးဝကို မစဉ်းစားဘူး။ စဉ်းစားစရာလည်း မဟုတ်ဘူး။ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို လုပ်တယ်။ မြတ်စွာဘုရား ချမှတ်တဲ့ လမ်းစဉ်အတိုင်း ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ပြုပြီး လုပ်တယ်။ ဒါဟာ လူဖြစ်လာရင် လူတွေလုပ်ရမယ့် အလုပ်၊ ဘယ်ဘာသာ ဘယ်လူမျိုးမှ လုပ်ရမယ်လို့ မပြောဘူး။ လူဖြစ်လာရင် လူတွေလုပ်ရမယ့် အလုပ်ပဲ။

**သရုပ်ဆောင်အလုပ်ကို စွန့်လိုက်ချိန်မှာ ခံစားချက်ကတော့ တော်တော်ပြင်းထန်လိမ့်မယ်နော်။**

ဒါတွေဟာ ပြီးသွားပါပြီ။ အခုအချိန်မှာ ဒီအလုပ်တွေကို ထဲထဲဝင်ဝင်လုပ်နိုင်လို့ ကုသိုလ်ရတယ်။ အဲဒီအတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

**နာရေးကူညီမှုအသင်းပြီးတော့ သုခကုသိုလ်ဖြစ်ဆေးခန်းကို ဖွင့်ဖြစ်ခဲ့တယ်နော်။ ဘယ်အရာမှ အလွယ်တကူ တည်ဆောက် လို့မရတဲ့ အချိန်အခါမျိုး၊ အခြေအနေမျိုးမှာ အသင်းကို ခိုင်မာအောင်၊ ဘေးပယောဂတွေ မဝင်အောင် တော်တော် ကြိုးစားယူခဲ့ ရမှာပဲ။ ဘယ်လိုအခက်အခဲမျိုးတွေ ကျော်လွှားခဲ့ရသလဲ။ ကြုံတွေ့ခဲ့ရသလဲ။**

အခက်အခဲ၊ အနှောင့်အယှက်၊ အတားအဆီးကတော့ အများကြီးပါပဲ။ ရည်ရွယ်ချက်မှန်မှန်နဲ့ ကြိုးစားအားထုတ်ရပါတယ်။

**အသင်းကို အုပ်ချုပ်တဲ့အခါ ဘယ်လိုပုံစံမျိုးနဲ့ အုပ်ချုပ်လဲ။**

အသင်းကိုတော့ ကျွန်တော်ရဲ့ အနုပညာစိတ်နဲ့ပဲ အုပ်ချုပ်ပါတယ်။ ကျွန်တော်တို့ဆီမှာ နိုင်ငံတကာအသင်းတွေရဲ့ ဥပဒေသတွေ ဘာမှမရှိပါဘူး။ နားမလည်ဘူး။ သိလည်းမသိဘူး။ သိလည်းမသိချင်ဘူး။ ကိုယ့်ခြေလှမ်းနဲ့ ကိုယ်ပဲလျှောက်တယ်။ ဒီလိုလျှောက်ကြရင်းနဲ့ (၃)နှစ်အတွင်း အခုလိုဖြစ်လာတယ်။ အများကို ထိထိရောက်ရောက် ကူညီနိုင်တယ်။

**ရှေ့ဆက်လုပ်ဖို့ ရည်ရွယ်ထားတဲ့ ပရဟိတလုပ်ငန်းတွေ ရှိသေးလား။**

ဘာတွေလုပ်ဖို့ ရည်ရွယ်လဲဆိုတော့ ဒီမှာက အခုအခြေအနေအရ အနာဂတ်ကိုပြောလို့ မရနိုင်သေးပါဘူး။ ဒါကြောင့် ပစ္စုပ္ပန်အလုပ်ကို ကောင်းအောင်လုပ်ဖို့ပဲရှိတယ်။ ပစ္စုပ္ပန်ကောင်းအောင်လုပ်ရင် အနာဂတ်က ပွင့်လင်းလာပါလိမ့်မယ်။

**စာကြည့်တိုက်လည်း ဖွင့်လှစ်ထားသေးတယ်နော်။**

ဟုတ်ပါတယ် စာကြည့်တိုက်ကို ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ဖေဖော်ဝါရီလ (၁၃)ရက်နေ့မှာ ဖွင့်လှစ်ခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com





**ဒီနေ့ လက်ရှိအခြေအနေမှာ စီးပွားရေးအရ တွက်ဆရရင် လူတန်းစားက နှစ်ရပ်ဖြစ်နေတယ်။ အလယ်လတ်တန်းစား ဆိုတာက ပျောက်နေတယ်။ ဒါဟာ ဘာကြောင့်ဖြစ်မယ်လို့ ထင်မိလဲ။**

နိုင်ငံရေးစကားလုံးတွေနဲ့တော့ ကျွန်တော်သိတာက ဒီမှာ အရမ်းချမ်းသာတဲ့သူတွေ ရှိတယ်။ ဆင်းရဲတဲ့သူတွေရှိတယ်။

**နိုင်ငံရေးဆိုတဲ့ စကားလုံးကြားမိလို့ မေးချင်လာတာ တစ်ခုရှိပါတယ်။ ဘာလဲဆိုတော့ နာရေးကူညီမှုအသင်းကို လူတွေ အားကိုးလာကြတယ်။ အကူအညီတောင်းခံလာကြတယ်။ ဒီ့အပြင် အသင်းရဲ့ကူညီမှုတွေကို ခုတုံးလုပ်တဲ့ ကြားပွဲစားတွေကို ပပျောက်အောင်လည်း ရှင်းလင်းနိုင်ခဲ့တယ်။ ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အသွေးတွေကို တွေ့ရတဲ့ ဦးကျော်သူအနေနဲ့ ကျင်းပပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာရော၊ အခုပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာရော ဝင်ရောက်ဖို့ စိတ်မဝင်စားခဲ့ဘူးလား။**

စိတ်မဝင်စားဘူး။ ဒီအသင်းအဖွဲ့လေးလုပ်တာတောင်မှ လူပေါင်းစုံနဲ့ ဆက်ဆံရတယ်။ လက်တွဲပြီး အလုပ်လုပ်ရတယ်။ ဒီလိုအလုပ်တွေ လုပ်ရာမှာ စည်းကမ်းဖောက်တဲ့သူကလည်း ဖောက်တယ်။ သီလမလုံတဲ့သူတွေကလည်း မလုံဘူး။ ဒီတော့ လူပေါင်းများစွာနဲ့ အလုပ်လုပ်ရမယ့်၊ အုပ်ချုပ်ရတဲ့အလုပ်ကို စဉ်းကို မစဉ်းစားဘူး။ ကိုယ်နိုင်တဲ့ ဝန်ကိုပဲ ထမ်းတယ်။ အခုက နိုင်တယ်လို့လည်း မဟုတ်ဘူး။ နိုင်အောင် ကြိုးစားနေရတာ လူတွေကိုလည်း တော်တော်စိတ်ကုန်တယ်။

**လူတွေကို တော်တော်စိတ်ကုန်တယ်ဆိုတော့ တစ်ခါတစ်ခါမှာ ဒီအလုပ်ကို လုပ်ချင်စိတ်မရှိတော့ဘူးဆိုတာ ဖြစ်မိလား။**

တကယ်လည်း လူတွေကို စိတ်ကုန်တယ်။ နေလည်း မနေချင်တော့ဘူး။ အလုပ်တစ်ခု လုပ်တယ်ဆိုတာ အားလုံး စိတ်တူကိုယ်တူနဲ့ လုပ်တာကောင်းတယ်။ တစ်ယောက်တစ်မျိုးနဲ့ ဖြစ်လာရင် ကုသိုလ်လိုချင်လို့လုပ်တာ အကုသိုလ်တွေပဲ ပါလာတယ်။ ကျွန်တော်ကတော့ မလုပ်ချင်တော့ဘူး။ မလုပ်ချင်တော့ဘူးဆိုတာ အတိုင်းအတာတော့ ရှိတာပေါ့။ ဒါပေမယ့် အများအတွက် လုပ်ပေးရမယ့်အပိုင်းတွေ၊ လုပ်ပေးရမယ့် တာဝန်တွေ၊ လုပ်ပေးရမယ့် လူ့ကျင့်ဝတ်တွေ ရှိသေးတာပေါ့။ ဒီအလုပ်လုပ်တယ်ဆိုကတည်းက စွန့်လွှတ်ရတာတွေက အများကြီးပါ။

**ဘယ်လိုအရာမျိုးတွေကို စွန့်လွှတ်ခဲ့ရလဲ။**

ရုပ်ရှင်မင်းသားတစ်ယောက်ဖြစ်ဖို့ ကြိုးစားရတာထက် ဒီမှာ ပိုပြီးကြိုးစားရတယ်။ စွန့်လွှတ်ရတယ်။ သားသမီးလည်း စွန့်လွှတ်ရတယ်။ ကိုယ့်စီးပွားရေးတွေလည်း စွန့်လွှတ်ရတယ်။ ဝင်ငွေ တစ်ပြားတစ်ချပ်မှ မရတဲ့အလုပ်ကို လုပ်နေရတာ။ ၂၀၀၁ ခုနှစ်ကစပြီး ဒီနေ့ ဒီအချိန်အထိ ကိုယ့်ထမင်း ကိုယ်စား၊ ကိုယ့်ကားနဲ့ ကိုယ်လာပြီး အလုပ်လုပ်နေရတာ၊ အသင်းသည် ကိုယ့်အတွက် မဖြစ်စေရ၊ ကိုယ်သည် အသင်းအတွက်သာ ဖြစ်ရမည်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လုပ်နေတာ။

www.burmeseclassic.com

www.burmeseclassic.com




**မင်းသားတစ်ယောက်အဖြစ်လည်း အောင်မြင်အောင် ကြိုးစားနိုင်ခဲ့သလို အခု ပရဟိတ လုပ်ငန်းကိုလည်း အောင်မြင်အောင် တည်ဆောက်နိုင်ခဲ့တယ်။ အခုလို မတူညီတဲ့ နယ်ပယ် နှစ်ခုလုံးမှာ အောင်မြင်ခဲ့တာ ဘာကြောင့်လဲ။**

မင်းသားလုပ်တုန်းကတော့ ကျွန်တော်တို့ဆီမှာ သင်တန်းတွေ ရှိခဲ့တာ မဟုတ်ပါဘူး။ ဒါရိုက်တာ ဦးမျိုးမြင့်အောင်ကနေ ပထမဆုံး ရိုက်ခဲ့တယ်။ သူလည်း သူတတ်သလောက် သင်ပေးခဲ့တယ်။ ကျွန်တော်ကလည်း ကြိုးစားတယ်။ ပရိသတ်က အားပေးလာတယ်။ မင်းသား ကျော်သူဆိုပြီး ဖြစ်လာတယ်။ ထို့နည်းတူစွာ ဆရာတွေတော့ ရှိတာပေါ့။ ဦးအောင်မြင့်မြတ်ဆိုရင် ဒရာမာပိုင်းကို သင်ပေးတယ်။ အေဝမ်း ဦးလှမျိုးဆိုရင် အက်ရှင်ပိုင်းကို သင်ပေးတယ်။ ကျွန်တော်က သူတို့နဲ့ သင်တန်းတစ်ခုလို သင်ရတာလည်း မဟုတ်ဘူး။ သူတို့လုပ်တာကို လေ့လာပြီးတော့ လုပ်ရတာ။ ကိုယ့်ရဲ့ ဖြစ်ချင်တဲ့ စိတ်ကပဲ အရေးကြီးတာပါ။

**နာရေးကူညီမှုအသင်းဆိုတော့ လူသေအလောင်းတွေကို ကိုယ်တိုင်သယ်ယူ ရတာနော်။ ဦးကျော်သူ မှတ်မိသလောက်လေး ပြောပါဦး။**

ဒီမှာက လူသေအလောင်းကို ဘယ်လိုပြင်ဆင်မယ်ဆိုတာ သင်တန်းပေးတာမျိုးလည်း မရှိပါဘူး။ တစ်ခါမှ အလောင်းသယ်ဖူးတာလည်း မရှိဘူး။ နိဗ္ဗာန်ယာဉ်ကားလည်း မောင်းဖူးတာ မဟုတ်ဘူး။ ဆွေမျိုးသားချင်းတွေမှာတုန်းကလည်း အလောင်းကို ကိုယ်တိုင်လည်း ကိုင်ဖူးတာ မဟုတ်ပါဘူး။ အဘိုးအဘွားတွေတုန်းကလည်း ကိုယ်တိုင်ကိုင်ရတာ မဟုတ်ဘူး။ ပထမဆုံး ကိုယ်နဲ့ သူစိမ်းတစ်ယောက်ဖြစ်တဲ့ ဦးဟန်တင်ရဲ့ ရုပ်ကလာပ်ကို ကိုယ်တိုင်သယ်ရတယ်။ ကိုယ်တိုင်ကားမောင်း ပို့ပေးရတယ်။ ကိုယ်က ဒီလို ပေးဆပ်မယ်ဆိုတဲ့ စိတ်ဓာတ်ကြောင့် အခုလို လုပ်နိုင်တာ။

**ပရဟိတလုပ်ငန်းတွေမှာ စိတ်ဓာတ်က အဓိကကျတယ်လို့ ပြောရမှာပေါ့။**

ဒီလိုစိတ်ဓာတ်ကြောင့် ကိုယ့်ရဲ့ခံယူချက်တွေ မှန်တဲ့အတွက် အများပြည်သူကလည်း အားပေးလာတယ်။ နာရေးကူညီမှုအသင်းကို အားပေးလာတယ်။ အရေးကြီးတာက စိတ်ဓာတ်ပဲ။

**တစ်ခါတလေတော့ ဦးကျော်သူအနေနဲ့ အရင်က သရုပ်ဆောင်ဘဝကို လွမ်းမိသေးလား။**

တစ်ခါတလေတော့ ကိုယ်သရုပ်ဆောင်ထားတဲ့ ကားလေးတွေကို ပြန်ကြည့်ဖြစ်ပါတယ်။ သရုပ်ဆောင်ဘဝဆိုတာလည်း မလွမ်းလောက်ပါဘူး။

**မလွမ်းလောက်ဘူးဆိုတာက ...**

ဒီလိုပါ။ မနေ့က လှိုင် မဟာစည်ဆရာတော်ဘုရားဆီ ရောက်ခဲ့တယ်။ ဆရာတော်ကြီးက အနုပညာသမားတွေ သေရင် ပဟာသငရဲကို ရောက်တယ်ဆိုတာ မြတ်စွာဘုရားနဲ့ တပည့်

www.burmeseclassic.com

www.burmeseclassic.com




ရဟန်းတစ်ပါး ပြောကြားတဲ့အကြောင်းကို ဟောတာ၊ ရဟန်းတော်တစ်ပါးက မြတ်စွာဘုရားကို အနုပညာသမားတွေသေရင် ပဟာသငရဲကို ရောက်တယ်ဆိုတာ ဟုတ်လားလို့မေးတာ။ အဲဒါနဲ့ ပတ်သက်ပြီး ပြောဖြစ်ခဲ့တာက ကျွန်တော့်သမီးနဲ့ သားက နွေရာသီကျောင်းပိတ်ရက်မှာ တရားစခန်းဝင်တယ်။ အင်းစိန် အောင်ဆန်းတောရမှာ။ အဲဒီတုန်းက သမီးက ရုပ်ရှင်သရုပ်ဆောင်တွေ သေရင် ဘယ်ဘဝကို ရောက်သလဲမေးတော့ ဆရာတော်ကြီးကလည်း အဲဒီလိုပဲ မိန့်တယ်။ အဲဒီအကြောင်းကို ဆရာတော်ကြီးကို အခုပြောပြဖြစ်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီမှာကတည်းက တုန်လှုပ်သွားပြီး ဘာသာရေးဘက်ကို တဖြည်းဖြည်း လိုက်လာခဲ့တာ။ အနုပညာသမားဆိုတာကလည်း ဘဘဦးသုခတို့လို ကိုယ့်ရဲ့အနုပညာကိုလည်း ဖော်ထုတ်၊ လူတွေကို အကျိုးပြုမယ့် ဇာတ်ကား တွေရိုက်ဖို့ အရေးကြီးတယ်။

**အသင်းရဲ့ ရန်ပုံငွေကို ဘယ်လိုကောက်ခံပါသလဲ။**

အသင်းအတွက် ရန်ပုံငွေကောက်ခံခြင်းတွေ မလုပ် သလိုဘဲ နိုင်ငံတကာ ဘယ်အဖွဲ့အစည်းကိုမှလည်း အကူအညီ တောင်းခံတာမျိုး မလုပ်ပါဘူး။ အသင်းကို လာရောက်လှူဒါန်းတဲ့ အလှူငွေနဲ့ပဲ လည်ပတ်တယ်။ စာရင်းစစ်တွေရှိတယ်။ အသင်းမှာ ငွေစာရင်း အတိအကျထားတယ်။ အသင်းရဲ့ ငွေစာရင်းတွေကို သက်ဆိုင်ရာ တိုင်း၊ မြို့နယ်တွေကို လစဉ် အမြဲပို့တယ်။

**ပေါ်ပေါက်လာတဲ့ လူမှုရေးအသင်းအဖွဲ့တွေနဲ့ပတ်သက်ပြီး ဦးကျော်သူအမြင် ပြောပါဦး။**

ဒီမှာ လူမှုရေးအသင်းအဖွဲ့တွေ ပေါ်ပေါက်လာတယ်။ ဖောင်ဒေးရှင်းတွေ ပေါ်လာတာတွေက အစိုးရက လုပ်တာပဲလေ။ လုပ်တဲ့ရည်ရွယ်ချက်မှန်ဖို့ အရေးကြီးတယ်။ နာမည်ကြီးချင်လို့ လုပ်တာလား။ အများပြည်သူအတွက် ကူညီချင်လို့ လုပ်တာလား။ ဒါမှမဟုတ် တခြားအသင်းအဖွဲ့ကို တိုက်ခိုက်ချင်လို့ လုပ်တာလား။ ဒါတွေကို ပြန်သုံးသပ်ဖို့လိုတယ်။ တကယ့်စိတ်ရင်းနဲ့ ကိုယ်ကျိုးစွန့်ပြီး လုပ်ကြရင်တော့ အောင်မြင်မယ်လို့ ကျွန်တော်ထင်တယ်။

**အခုလို လူမှုရေးတွေလုပ်နိုင်တဲ့ ဦးကျော်သူအတွက် အိမ်ရှင်မရဲ့ နားလည်သိတတ်မှုက ဘယ်လောက်အတိုင်းအတာအထိ ပါဝင်လဲ။**

သူက အပြည့်အဝပါဝင်တယ်။ မင်းသားလုပ်တုန်းကတော့ သူက ဒီအလုပ်ကို စိတ်မဝင်စားဘူး။ ဒါပေမယ့် အဲဒီကရလာတဲ့ငွေကို စနစ်တကျ သိမ်းဆည်းတယ်။ သုံးစွဲတယ်။ ဒါကြောင့်လည်း အခုအချိန်မှာ ကျော်သူဟာ အလုပ်မရှိဘဲ ထိုင်စားနေနိုင်တာပါ။ အခုလည်း ဒီမှာ လူမှုရေးအလုပ် လုပ်တယ်ဆိုတာ သူလုပ်ချင်တဲ့ အလုပ်ပဲ။ လူမှုရေးဟာ ဘာသာရေးနဲ့လည်း နွယ်တယ်။ ဒီတော့ ဒါဟာ နှစ်ယောက်စလုံးရဲ့ ဆန္ဒပဲ။ ဒါကြောင့် ဒီနေ့အချိန်အထိ လက်တွဲပြီး ရပ်တည်နိုင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com




**ဒီနေ့ လူငယ်တွေအတွက်နဲ့ပတ်သက်ပြီး ဦးကျော်သူမှာ ပြောစရာစကားလုံးများ ရှိနေမလားပဲ။**

ဒီနေ့ လူငယ်တွေဟာ ကိုယ့်ဝမ်းစာကိုယ်ပဲရှာရှာ၊ ကုမ္ပဏီမှာပဲ လုပ်လုပ်၊ ဘယ်လို ပတ်ဝန်းကျင်မှာပဲဖြစ်ဖြစ်၊ ဘယ်လောကထဲ ရောက်ရောက် ကိုယ့်အလုပ် ကိုယ်လုပ်မယ်။ ကိုယ့်လမ်း ကိုယ်သွားမယ်။ ကိုယ့်သီလ ကိုယ်လုံဖို့ တိုက်တွန်းချင်တယ်။ အဓိကတော့ သီလလုံဖို့ပါပဲ။


**ဟုတ်ကဲ့ပါ။ အခုလိုဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

❑

www.burmeseclassic.com

www.burmeseclassic.com


# ကျွန်တော်တို့က လူတွေပါဗျာ...



တိရစ္ဆာန်တွေတောင် ကမ္ဘာ့ရန်သူတွေ ဘယ်လောက်ပဲဖြစ်ဖြစ်၊
သမိုင်းရဲ့ နာကျည်းမှုတွေ ဘယ်လောက်ပဲကြီးကြီး၊
အာဃာတတွေ ဘယ်လောက်ပဲထားထား၊
အမုန်းတရားတွေ ဘယ်လောက်ပဲရှိရှိ၊
ဗြဟ္မစိုရ်တရားရှိမှ
မြင်တွေ့ရတဲ့ မြင်ကွင်းလေးတွေက ငြိမ်းချမ်းမှုကို ရစေတယ်လေ။
သူတို့က တိရစ္ဆာန်တွေပါ။ အခု ... ကျွန်တော်တို့က လူတွေပါဗျာ။
ဒါကြောင့် ... လူဆိုတာ ဗြဟ္မစိုရ်တရားလေးပါး ဖက်ကိုင်ထားမှ ငြိမ်းချမ်းရေးကိုရမယ်။
ငြိမ်းချမ်းရေးကိုရမှ တိုင်းပြည်အေးချမ်းမယ်။
တိုင်းပြည်အေးချမ်းမှ မြို့နယ်အေးချမ်းမယ်။
မြို့နယ်အေးချမ်းမှ ရပ်ကွက်အေးချမ်းမယ်။
ရပ်ကွက်အေးချမ်းမှ မိသားစုအေးချမ်းမယ်။
မိသားစုအေးချမ်းမှ မိမိကိုယ်တိုင်အေးချမ်းမယ်။
ကျွန်တော်တို့က လူတွေပါဗျာ ...

**ကျော်သူ**

www.burmeseclassic.com

www.burmeseclassic.com




# လူပီသချင်တဲ့သူ*

ကျွန်တော်က ရန်ကုန်ဇာတိပါ။ ကျွန်တော့်မိဘများက ဦးစိန်တင်နဲ့ ဒေါ်မြသန်းပါ။ ၁၉၅၉ ခုနှစ် နိုဝင်ဘာ ၂ ရက်နေ့မှာ မွေးပါတယ်။ မောင်နှမ သုံးယောက်ရှိတယ်။ အစ်မက ဒေါက်တာချိုချိုအေး အင်္ဂလန်မှာ ဆရာဝန်လုပ်နေတယ်။ ကျွန်တော်က အလတ်၊ ကျွန်တော့်ညီက အောင်မင်း၊ အမေရိကား ဟောလိဝုဒ်မှာ Graphic Designer လုပ်နေတယ်။ ကျွန်တော့်ရဲ့ နာမည်အရင်းက ကျော်ဝင်း။ အနုပညာအလုပ် စလုပ်မယ်ဆိုမှ ဆရာမင်းသိင်္ခက ကျော်သူဆိုပြီး နာမည်ပေးလိုက်ရာကနေစပြီး ကျော်သူဖြစ်လာခဲ့တာပါ။ ကျွန်တော် ငယ်ငယ်တုန်းက ကိုယ်လုပ်ချင်တာကို လုပ်ခဲ့တာ။ ပညာရေးဆိုလည်း ထိထိရောက်ရောက် မလုပ်ခဲ့ဘူး။ မိဘက ဆူရင်လည်း ခေါင်းထဲမထည့်ဘူး။ ပန်းချီ ဝါသနာပါခဲ့တယ်။ အဲဒီတော့ ဆရာဦးသောင်းဟန်ဆီမှာ ရေနံဆီပန်းချီသင်တန်း တက်ခဲ့တယ်။ ကျွန်တော့်အဖေက နဂိုတုန်းက နိုင်လွန်စက်ရုံ လုပ်ငန်း လုပ်တယ်။ ၁၉၆၂ ခုနှစ်မှာ ပြည်သူပိုင်သိမ်းတော့ အဖေလည်း လုပ်ငန်းပျက်ပြီး ထောင်ကျသွားခဲ့တယ်။ ထောင်က ထွက်လာပြီးတဲ့အချိန်မှာ အမျိုးသားတိုးတက်ရေး ရုပ်ရှင်လုပ်ငန်းကို လုပ်ခဲ့တယ်။ ပြီးတော့ ကာလ်တန်ရုံမှာ ရှယ်ယာပါတယ်။ အဲဒီတော့ ကျွန်တော် ငယ်ငယ်လေး ကတည်းကစပြီး ရုပ်ရှင်မှာ ဝါသနာပါခဲ့တာ။ ဝင်ရောက်လုပ်ကိုင်ချင်စိတ်တွေ ပေါ်ပေါက်

---

* ဧရာဝတီ (အင်တာနက်)

www.burmeseclassic.com

www.burmeseclassic.com





လာခဲ့တယ်။ ဇာတ်ညွှန်းလေးတွေ ဘာတွေ ရေးဖြစ်တယ်။ ပန်းချီနဲ့ဆက်စပ်ပြီးတော့ ဒါရိုက်တာပညာကိုပါ လေ့လာဖြစ်တယ်၊ သင်ဆရာ ဆိုလို့ မရှိဘူး။ မြင်ဆရာနဲ့ပဲ ကြိုးစားလာခဲ့တာ။

ကျောင်းက အ.ထ.က(၁) ဒဂုံမှာ ပညာသင်တယ်။ ဒဂုံ(၁)မှာ ဆယ်တန်းအောင်ပြီး ဒေသ ကောလိပ် Second betch regionalမှာ စတက်ခဲ့တယ်။ တက်တော့လည်း ပညာရေးကို ပီပီပြင်ပြင် မကြိုးစားဘူး။ စာမေးပွဲ တဘုန်းဘုန်းကျခဲ့တယ်။ နောက် မိန်းမခိုးပြေးပြီး အိမ်ထောင်ကျခဲ့တယ်။ မိန်းမရမှ အလုပ်တစ်ခုခုလုပ်ရင် ကောင်းမယ်ဆိုပြီးတော့ ဒါရိုက်တာ ဦးမျိုးမြင့်အောင်၊ ဒါရိုက်တာ ဦးမင်းနိုင်၊ ဒါရိုက်တာ ဗိုလ်ဇကို၊ ဒါရိုက်တာ မောင်ဝဏ္ဏတို့ကနေ ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းလာတဲ့ အချိန်ကစပြီး ဒါရိုက်တာ ဦးမျိုးမြင့်အောင်နဲ့ ဇာတ်ကား စရိုက်ဖြစ်ခဲ့တာပေါ့။ နှစ်ကိုယ်ခွဲ ဇာတ်လမ်းလေးတစ်ပုဒ်။ ကျွန်တော်က နဂိုကတည်းက ရုပ်ရှင်ရိုက်ဖို့ရှိတယ်။ အိမ်က ကျောင်းမပြီးသေးတော့ သဘောမတူတဲ့အတွက် လာကမ်းလှမ်းလာတဲ့ ကိစ္စတွေ အမျိုးမျိုးပျက်ကုန်တာ။ ဒါရိုက်တာ ဦးမျိုးမြင့်အောင် ကမ်းလှမ်းလာတဲ့ အချိန်ကျတော့ ကျွန်တော်က အိမ်ထောင်ကျပြီ။ အလုပ်တစ်ခုလုပ်သင့်ပြီဆိုတဲ့အချိန်ကျတော့ အိမ်ကလည်း ခွင့်ပြုလာခဲ့တယ်။ အဲဒီလိုနဲ့ ရုပ်ရှင်လောကထဲကို စတင်ရောက်ဖြစ်ခဲ့တာပါ။ ပထမဆုံးရိုက်တဲ့ ဇာတ်ကားက "ချစ်ကြိုးလေးနှစ်မျှင်"၊ တင်နီလာဝင်း၊ သီတာဝင်း၊ ကိုသုမောင်၊ အန်တီချိုပြုံးတို့ ပါဝင်တယ်။ ကျွန်တော်က နှစ်ကိုယ်ခွဲအဖြစ် သရုပ်ဆောင်ရတာပေါ့။ အဲဒီဇာတ်ကားကြီးကနေ စတင်အောင်မြင်ခဲ့ပြီး တောက်လျှောက်ရိုက်လာခဲ့တာ။ "ကောင်းချစ်တဲ့မမ" ဇာတ်ကားကျတော့ ကျွန်တော် ဒါရိုက်တာအဖြစ် စတင်ရိုက်ကူးခဲ့တဲ့ ဇာတ်ကားပေါ့။



"အတွေ့"၊ "ဒဏ္ဍာရီထဲက သတို့သမီး"၊ "ဆေးပေါင်းခတဲ့ည"၊ "ပုဏ္ဏားဘကွန်း"၊ "အမေ့နို့ဖိုး" ဇာတ်ကားကြီးတွေက ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့တဲ့ ဇာတ်ကားကြီးတွေပါ။ သရုပ်ဆောင်လုပ်ရင်းကနေ "တစ်ပြည်သူမရွှေထား" ဇာတ်ကားကြီးမှာ သရုပ်ဆောင်ဆုကို ရရှိခဲ့တယ်။ ရုပ်ရှင်ဗွီဒီယို ဇာတ်ကားပေါင်း ၃၀၀ နီးပါးလောက် ရိုက်ကူးခဲ့တယ်။ ဗီဒီယိုဇာတ်ကားက

www.burmeseclassic.com

www.burmeseclassic.com



တော့ အများဆုံးပေါ့။ နောက် ကျွန်တော် ဒါရိုက်တာလုပ်ခဲ့တဲ့ "အမေ့နို့ဖိုး" ဇာတ်ကားကြီး မှာကျတော့ စုစုပေါင်း အကယ်ဒမီခုနစ်ဆု ရခဲ့ တယ်။ နောက် ၂၀၀၇ ခုနှစ်မှာကျတော့ သံဃာ့



အရေးအခင်းကြောင့် အနုပညာ အလုပ် အပိတ်ခံရတယ်။ ဘဘ ဦးသုခ က နာရေးကူညီမှု (ရန်ကုန်)မှာ အသင်း ဖွဲ့တဲ့ အချိန်ကတည်းက စတင် ပါဝင် ခဲ့တာ။ ခုအချိန်ထိပဲပေါ့။

ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ ဘဝ အတွေ့အကြုံတွေကို ပြန်ကြည့်မိတဲ့ အခါမှာ အိမ်ထောင်ကျပြီးတော့ အလုပ်အကိုင် ရှာဖွေရမယ်ဆိုပြီးတော့ အလုပ်ရှာခဲ့ပေမယ့် အလုပ်မရှိဘဲနဲ့ နေနိုင်တဲ့ အတိုင်းအတာရှိခဲ့တယ်။ သို့သော် လူဖြစ်တဲ့အတွက်ကြောင့်မို့ အလုပ်တစ်ခုရှိရမယ်။ ကိုယ့် မိသားစုရပ်တည်ဖို့အတွက် ကိုယ်တိုင်ရှာဖွေမှရမယ်။ မိဘကိုပဲ အားကိုးလို့မရဘူးဆိုတဲ့ အသိ တစ်ခုကြောင့် အလုပ်တစ်ခုလုပ်ခဲ့တယ်။ ကျွန်တော်တို့ အိမ်ထောင်ကျပြီးတဲ့နောက် ရရှိတဲ့ လက်ဖွဲ့ငွေလေးကိုစုပြီး မုန့်ကြွပ်လုပ်ငန်းကို လုပ်မယ်ဆိုပြီးတော့ မန္တလေးကနေ မုန့်ကြွပ်မှာ တယ်။ ရန်ကုန်ကနေတစ်ဆင့် ဧရာဝတီတိုင်းဘက်ကို ဖြန့်ခဲ့တာ။ အဲဒါကလည်း ရှုံးတာပါပဲ။ အခုလို ပါကင်ကောင်းကောင်းမရှိတော့ မုန့်ကြွပ်တွေက ရန်ကုန်ရောက်ရင် အကုန်ကျိုးပဲ့ကုန် တော့ အဲဒီလုပ်ငန်းမှာရှုံးတော့ မလုပ်ဖြစ်တော့ဘဲနဲ့ ရုပ်ရှင်လိုင်းဘက်ကို ရောက်လာပြီး သရုပ် ဆောင်ဖြစ်ခဲ့တာ။ သားသမီးနှစ်ယောက်ရတယ်။ သားကတော့ ပြည်သိန်းကျော်နဲ့ သမီး မြင့်မိုရ်ဦး။ ပြည်သိန်းကျော်က အခုဆိုရင် အမေရိကားမှာ အင်ဂျင်နီယာဘွဲ့ရပြီးတော့ လေယာဉ်ကုမ္ပဏီမှာ လုပ်နေတယ်။ သမီးကတော့ ၂၀၀၇ ခုနှစ် စက်တင်ဘာလမှာ ကျွန်တော့်ကိုဖမ်းဖို့ လုပ်နေတုန်း သမီးနဲ့စေ့စပ်ထားတဲ့ ကောင်လေးနဲ့ ဩစတြေးလျကို လွှတ်လိုက်တယ်။ ဆေးကျောင်း ဒုတိယ နှစ်မှာ ကျောင်းပြန်တက်နေပြီ။ နောက်ဆုံးနှစ်ရောက်တော့မယ်။ အခုချိန်မှာ ကျွန်တော်က မြေးနှစ်ယောက်ရနေပြီပေါ့။ ကျွန်တော့်ဇနီးကတော့ သားသမီးတွေကို ထိန်းသိမ်းစောင့်ရှောက် ဖြစ်ခဲ့တယ်။ သူ့ကြောင့် သားသမီးတွေက ထူးချွန်ထက်မြက်လာခဲ့တယ်။ အားကစား၊ ပညာရေး ကအစပေါ့။ ကျွန်တော်က အနုပညာကနေရတဲ့ ငွေကြေးအားလုံးကို သူ့ဆီအပ်တယ်။ သူက ထိန်းသိမ်းပြီး တိုးပွားအောင်လုပ်ခဲ့တာ။ အခု အလုပ်အကိုင်မရှိပေမယ့်လည်း ထမင်းစားမပြတ် ဘဲနဲ့ လူလိုသူလို နေနေရတာပေါ့။ ကျော်သူဆိုပြီး သိလာတာကတော့ ရုပ်ရှင်သမားတစ်ယောက် အနေနဲ့ ပြောရမယ်ဆိုရင်တော့ ပထမဦးဆုံး ဇာတ်ကားမှာကတည်းက ကျော်သူဖြစ်လာတယ်။ ဒါပေမဲ့ ကျော်သူရဲ့တန်ဖိုးကို သိသေးတာမဟုတ်သေးဘူး။ ၂၀၀၁ ခုနှစ်မှာ ဘဘဦးသုခတို့နဲ့ အတူ နာရေးကူညီမှုအသင်းကို တွဲလုပ်ခါစမှ ကျော်သူရဲ့တန်ဖိုးကို သိလာတယ်။ အနုပညာမှာ အောင်မြင်တဲ့နာမည်ကိုသုံးပြီးတော့ လူမှုရေးလုပ်ငန်းတွေမှာ လုပ်တဲ့အခါ ပိုရောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်နက်တစ်ခုဖြစ်လာတဲ့အတွက်ကြောင့် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရတယ်။ လူမှုရေးလုပ်တယ်ဆိုတာကလည်း ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ရှိတယ်။ ကိုယ်ကျိုးစွန့်ပြီး လုပ်ခဲ့ရတဲ့အတွက်ကြောင့်မို့ ဒီလောက်ထိ အောင်မြင်ခဲ့တာပါ။ အနုပညာသမားတွေကို သိမ်းကျုံးပြီး စော်ကားတာမဟုတ်ပါဘူး။ ကျွန်တော်လည်း အနုပညာသမားစစ်စစ်တစ်ယောက်ပါ။ ဒါပေမဲ့ ရုပ်ရှင်မင်းသားဆိုတာက ကိုယ်နာမည်ကြီးဖို့၊ ကိုယ့်ပရိသတ်များဖို့၊ ကိုယ်ပိုက်ဆံရဖို့အတွက်ကြောင့်ပဲ လုပ်ကိုင်ကြတာပါ။ ကိုယ့်အတွက်ချည်းပဲ လုပ်ကြတာပါ။ ဒါကြောင့် ရုပ်ရှင်သည်လည်း ပြည်သူ့အတွက်ဆိုပြီး ကြွေးကြော်နေစရာလည်း မလိုပါဘူး။



ပြည်သူ့အတွက်ဆိုပြီး ပြည်သူ့အတွက် ဘာတွေလုပ်လို့လဲ။ ပြည်သူတွေခံစားနေရတဲ့ အခက်အခဲတွေကို တင်ပြပေးနိုင်မှ ပြည်သူ့အတွက်ဖြစ်တယ်။ တကယ်အကျိုးရှိမယ့် ဇာတ်ကားတွေကို ရိုက်နိုင်မှ ပြည်သူ့အတွက်ဖြစ်မယ်။ ဒါကလည်း ကျွန်တော်ကိုယ်တိုင်လည်း ရိုက်ခဲ့တာတွေပါ။ ခေတ်ရဲ့အခြေအနေကြောင့်၊ ဆင်ဆာရဲ့ ပိတ်ဆို့မှုတွေကြောင့် ရိုက်ခဲ့ရတာ ချစ်၊ ကြိုက်၊ ညား၊ ကွဲ၊ ဟာသတွေကလွဲပြီး ထိုးဖောက်ပြီး ရိုက်လို့မရခဲ့တာတွေကို ရုပ်ရှင်သမားတွေအတွက် ကိုယ်ချင်းစာတယ်။ ဒါပေမဲ့ အခုလို ခေတ်ပြောင်းလာတဲ့အချိန်မှာ ဆင်ဆာက လျှော့ပေါ့ပေးလိုက်ပြီ။ အဘက်ဘက်မှ လျှော့ပေါ့လိုက်ပြီဆိုတဲ့အချိန်မှာ ရုပ်ရှင်သမားတွေက ပြည်သူ့အတွက်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်ပါပြီ။ အနုပညာသမားတွေအပြင် ထုတ်လုပ်ရေး၊ အယ်ဒီတာ၊ စီးပွားရေးသမား၊ မင်းသား၊ မင်းသမီးတွေရဲ့ တာဝန်တွေလည်း ရှိပါတယ်။

အကယ်၍များ ကျွန်တော် ရုပ်ရှင်ရိုက်ဖို့ အခွင့်အရေးရခဲ့ရင်လည်း အနှစ်သာရမရှိ၊ အကျိုးမရှိ၊ ဖျော်ဖြေရေးသက်သက်သာ ဖော်ကျူးသည့် အများပြည်သူအား လိမ်ညာသော ဇာတ်လမ်းများကို ရိုက်မည်မဟုတ်။ သမိုင်းစစ်၊ သမိုင်းမှန်များ၊ အတ္ထုပ္ပတ္တိများ၊ ဘာသာရေး၊ လူမှုရေး၊ သမိုင်းမှတ်တိုင် အစစ်အမှန်များကိုသာ အများပြည်သူအတွက် ပေးအပ်ရိုက်ကူးသွားချင်ပါတယ်။ ကျွန်တော်လုပ်နေတဲ့ လူမှုရေးအလုပ်ဆိုတာ ဘာမျှော်လင့်ချက်မှမထားဘဲ လုပ်ရတဲ့အလုပ်၊ ဘာဖြစ်လာမလဲဆိုတာ မသိဘူး။ ကိုယ့်စားဝတ်နေရေးက လူမှုရေးအသုံးချပြီး နေလို့မရဘူး။ ၂၀၀၁ ခုနှစ်ကနေ ခုအချိန်ထိ ကိုယ့်ထမင်း ကိုယ်ဝယ်စားနေရတယ်။ ကိုယ့်ခတ်ဆီ၊ ကိုယ့်ကားနဲ့ လာရတယ်။ အနစ်နာခံရတာတွေ အများကြီးပါပဲ။ ပြည်ပမှာခေါ်တဲ့ ပြည်သူ့ဂုဏ်ရည်ဘွဲ့ (NED) ၉ ရက်ဆိုပြီး နှစ်လကြာသွားတယ်။ ကိုယ့်အတွက် ဈေးဝယ်ထွက်ဖို့ မဟုတ်ဘူး။ အများအတွက်ပဲ ခေါင်းထဲမှာထည့်ပြီး ပြည်ပနိုင်ငံနဲ့ ဘယ်လိုအဆက်အသွယ် လုပ်မယ်။ ဘယ်လိုအကူအညီရမလဲ။ သူတို့ဆီမှာ နာရေးဆိုရင် သင်္ချိုင်းတွေကို ဘယ်လိုအသုံးချလဲ။ လူသင်္ချိုင်း၊ တိရစ္ဆာန်သင်္ချိုင်းတွေ အကုန်လုံးကို လေ့လာခဲ့ရတယ်။ နာရေးကူညီမှုအသင်းမှာ နေတာများတယ်။ တစ်နှစ်ခွဲ နှစ်နှစ်နီးပါးရှိပါပြီ။ အသင်းမှာ အိပ်ရတာများတယ်။ ညဘက်ဆိုရင် ဖုန်းဆက်ပြီး အကူအညီတောင်းတာတွေရှိပေမယ့် မလုပ်ပေးနိုင်ခဲ့ဘူး။ မနက်ကျမှ ဖြေရှင်းပေးခဲ့ရတာတွေ ရှိတယ်။ ကိုယ်ကိုယ်တိုင် အနစ်နာခံပြီးပေးဆပ်မှ လူမှုရေးလုပ်ငန်းက အောင်မြင်တာပါ။ လူမှုရေးအသင်းအဖွဲ့တွေ အခုဆိုရင် များလာတာကို လက်ခံပြီး ကြိုဆိုပါတယ်။ ပြည်သူ့အတွက် အများအတွက် ကူညီပေးနိုင်တာ အရမ်းကောင်းပါတယ်။ သို့သော် လူမှုရေးလောက,ကလည်း အခုဆိုရင် စိုးရိမ်ရတဲ့ အခြေအနေကို ရောက်နေတယ်။

နိုင်ငံရေး၊ စီးပွားရေးလောကလို ဖြစ်လာတယ်။ လူမှုရေးလုပ်တယ်ဆိုရင် ပြည်သူတွေက ချစ်တယ်။ အားပေးတယ်ဆိုတာကို တော်တော်များများ သိကုန်ကြပြီ။ အဲဒီတော့ စီးပွားရေးသမားကလည်း လူမှုရေးကို ခုတုံးလုပ်ပြီး ငွေကြေးကို အမြတ်ထုတ်ချင်သူတွေရှိတယ်။ မသမာသော နည်းလမ်းတွေများလာရင် တိုင်းပြည်အတွက် မကောင်းပါဘူး။ ပြည်သူအတွက် ထိခိုက်တယ်။ ပြီးတော့ ကိုယ့်သမိုင်းလည်း လှမှာမဟုတ်ပါဘူး။ **ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်တာဝန်ကိုယ်ကျေ၊ ကိုယ့်သီလကိုယ်လုံ** ဆိုပြီး ကျွန်တော် အဲဒီဆောင်ပုဒ်ကို လက်ကိုင်ထားပြီး လုပ်ဆောင်နေတာပါပဲ။ ကျော်ဝင်းဘဝနဲ့ ကျော်သူဘဝက အများကြီးကွာခြားနေတယ်။ အခုဆိုရင် ကျွန်တော့်အနုပညာသက်တမ်း ၃၅ နှစ်ရှိခဲ့ပြီ။ ငယ်နာမည် မောင်မောင်ဘဝ၊ အဲဒီကနေ ကျောင်းသားဘဝ၊ ကျော်သူဘဝတွေက ကြားထဲမှာ အလှည့်အပြောင်းတွေနဲ့ အများကြီးကြုံတွေ့ခဲ့ရပါတယ်။ ကျော်သူဘဝ နှစ် ၂၀ လောက်အထိက လူရယ်လို့ သတ်မှတ်လို့ မရသေးပါဘူး။ လူမပီသသေးဘူး။ လူမဖြစ်သေးဘူးပေါ့။ လူပီသတာ ၂၀၀၁ ခုနှစ်နောက်ပိုင်းကျမှပါ။ အထူးသဖြင့် ၂၀၀၇ ခုနှစ်ကျမှ ကိုယ့်ကိုယ်ကိုယ် လူပီသတဲ့သူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လို့ သတ်မှတ်လို့ရတယ်။ အရင်ဘဝတွေတုန်းကတော့ ကိုယ့်အတွက်ချည်းပဲလုပ်ခဲ့တာ။ ငယ်ဘဝတွေတုန်းကဆိုရင်လည်း ကိုယ်ပျော်ဖို့ပဲ၊ ကစားဖို့ပဲ။ သူငယ်ချင်းတွေနဲ့လည်မယ်၊ ရုပ်ရှင်ကြည့်မယ်၊ ဒါပဲရှိခဲ့တာ။ ကိုယ့်ရဲ့ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှုတွေကိုပဲ ကိုယ့်အတွက် ရှာခဲ့တာ။ တကယ်စိတ်ချမ်းသာမှုအစစ်ဆိုတာက ၂၀၀၇ ခုနှစ် နောက်ပိုင်းမှ တွေ့ခဲ့တာ။ ဆရာတော်ဘုရားကြီးတွေနဲ့ ထိတွေ့မှုတွေ ရှိလာခဲ့ပြီး ကိုယ့်ရဲ့စိတ်ချမ်းသာမှုအစစ်ဆိုတာ သိလာခဲ့တယ်။ အခုဆိုရင် ကျွန်တော့်ကို တချို့ကပြောတယ်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ဆံပင်ရှည်နဲ့ ဘာဖြစ်တာလဲ။ ဘိုးတော်လုပ်မလို့လား။ တချို့ဆိုရင် မှုဆလင်တွေကို အားကျလို့လား, စသည်ဖြင့် ပုတ်ခတ်တဲ့စကားတွေနဲ့ တိုက်ခိုက်လာကြတယ်။

ဒါပေမဲ့ လူရဲ့ပုံပန်းသဏ္ဌာန်က ဘာကြီးပဲဖြစ်ဖြစ် နှလုံးသားလှဖို့က အရေးကြီးတယ်။ ကျွန်တော့်ခေါင်းထဲမှာ လူတွေအတွက် ဘယ်လိုအကျိုးပြုရင် ကောင်းမလဲဆိုတာပဲရှိတယ်။ ကျွန်တော် ဂရုမစိုက်ဘူး။ ဒါကတော့ အခုလက်ရှိ ကျော်သူ့ဘဝမှာ ခံစားနေရတဲ့ ခံစားချက်တွေပေ့ါ။ အခုလို စကားပြောနေရင်း အရင်တုန်းက ကျော်သူ့ဘဝကို ခဏတဖြုတ် ပြန်လှည့်ကြည့်ချင်ပါတယ်။ အဲဒါကလည်း အဲဒီလို ဆံပင်ပုံစံထားချင်တဲ့စိတ်ဖြစ်နေတဲ့ အချိန်မို့လို့သာ ထားဖြစ်ခဲ့တာ။ ပထမဦးဆုံးဇာတ်ကားမှာ ဒါရိုက်တာ ဦးမျိုးမြင့်အောင်က ကျွန်တော့်ကို ဆံပင်ရှည်ထားပြီး ရိုက်ချင်တယ်။ ကျွန်တော့်ဆံပင်ပုံစံကလည်း ထိပ်တည့်တည့်မှာ ဆံပင်က အလယ်ခွဲပုံစံဖြစ်နေတယ်။

အဲဒီဆံပင်ပုံစံက ကျွန်တော့်မိန်းမက ညှပ်ပေးလိုက်တဲ့ ဆံပင်ပုံစံ။ အဲဒီဆံပင်ပုံစံက ခေတ်တစ်ခေတ် ဖြစ်လာခဲ့ပြီး ခေတ်စားလာခဲ့တယ်။ နာမည်ကြီးလာတော့လည်း နာမည်ကြီးသူရဲ့ နေပုံထိုင်ပုံ၊ သွားလာပုံတွေက ခေတ်စားလာတာပေ့ါ။ နောက်ပြီး ကျွန်တော်လွယ်တဲ့ လွယ်အိတ်မှာ လွယ်အိတ်ထုံးပုံစံကလည်း တစ်ခေတ်ဖြစ်လာခဲ့တယ်။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့ လွယ်အိတ်ကြိုးထုံးခဲ့တဲ့ ပုံစံကိုကြည့်ပြီး ကျွန်တော့်ဇာတ်ကားတစ်ကားမှာ ကိုယ့်ကာရိုက်တာကို စဉ်းစားရင်းနဲ့ ဒီလို ကာရိုက်တာလေး လုပ်လိုက်မယ်ဆိုပြီး လုပ်လိုက်တာ နာမည်ကြီးသွားခဲ့တာပါပဲ။ ဒီလိုနာမည်ကြီးမှုကို အသုံးချဖို့လည်း ကိုယ်က လိုအပ်ပါတယ်။ နာမည်ကြီးနေတဲ့ မင်းသား၊ မင်းသမီးတွေက ကိုယ်နာမည်ကြီးနေတုန်း အများအကျိုးအတွက် လိပ်ပြာသန့်သန့်လုပ်ပေးဖို့ အရေးကြီးတယ်။ နာမည်ကြီးပြီး မသာချရင် နာမည်ပိုကြီးမယ်ဆိုတာ ဘယ်သူမှ ပြောလို့မရပါဘူး။ ကျော်သူ မသာချပေးလို့ နာမည်ကြီးအောင်လုပ်တယ်လို့ ပြောတဲ့သူတွေရှိတယ်။ ဂရုမစိုက်ပါဘူး။ အဲဒါဆိုရင် ခင်ဗျားတို့ နာမည်ကြီးချင်ရင် မသာချကြည့်ပါလား'လို့ ပြန်ပြောချင်တယ်။ မသာပဲချချ၊ ကျန်းမာရေး၊ ပညာရေးကူညီမှုပဲလုပ်လုပ် ကိုယ်နာမည်ကြီးဖို့၊ ကိုယ့်အဖွဲ့အစည်း နာမည်ကြီးဖို့၊ အလှူငွေရဖို့ပဲ မလုပ်ကြပါနဲ့လို့ ပြောချင်ပါတယ်။

**ရွှေသွေး**

❑

www.burmeseclassic.com

www.burmeseclassic.com

# ကျော်သူ
## ပြောတဲ့...
# ကျော်သူ့ဘဝဇာတ်ကြောင်း
# ဘဝလည်ပြန်



မိုးတွင်းကာလ မိုးသားတိမ်ရိုပ်များ မည်မှုိင်း အုံ့မှိုင်းနေစေကာမူ ရန်ကုန်မြို့ရှိ နာရေးကူညီမှု အဆောက်အအုံထဲတွင် လူသားချင်းစာနာစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူတို့၏ စေတနာအဟုန်တို့ကြောင့် တောက်ပထည်ဝါစွာဖြင့် မရပ်မတန့် လည်ပတ်လျက်ရှိရာ အသင်းကြီး၏ အဓိကပဲ့ကိုင်ရှင်ဖြစ်သော ဥက္ကဋ္ဌ ဦးကျော်သူအား ဘဝလည်ပြန်ကဏ္ဍအတွက် တွေ့ဆုံရန် ဂိတ်ဝမှဝင်သွားရာ ဖြတ်သန်းရာ လမ်းတစ်လျှောက်တွင် အပြုံးပန်းတို့ဖြင့် ကြိုဆိုနေကြသည်ကိုသာ မြင်တွေ့နေရသည်။

ရုံးခန်းထဲသို့ တံခါးဖွင့်ဝင်လိုက်သောအခါ ထိုင်ခုံပေါ်တွင် တည်ငြိမ်ရင့်ကျက်စွာဖြင့် ထိုင်နေသော ဦးကျော်သူကို တွေ့လိုက်ရသည်။ မုတ်ဆိတ်မွှေး၊ နှုတ်ခမ်းမွှေးနှင့် ဆံပင်ရှည်တို့က သူ၏ တည်ကြည်သည့် ဥပဓိရုပ်ကို တစ်နည်းတစ်ဖုံ ပံ့ပိုးနေသလိုပင်။ ဆယ့်ငါးပေပတ်လည်ခန့်ရှိသော သူလုပ်ဆောင်ဖြတ်သန်းခဲ့သည့် ဓာတ်ပုံမှတ်တမ်းများကို အစီအရီ ချိတ်ဆွဲလို့ထားသည်ကို တွေ့လိုက်ရသည်။ ဦးကျော်သူ ဖြတ်သန်းခဲ့သော ဘဝပုံရိပ်များကို မေးမြန်းသောအခါ ...



"မွေးတာကတော့ ၁၉၅၉ ခုနှစ်မှာ မွေးတာပါ။ အဖေက ဦးစိန်တင်၊ အမေက ဒေါ် မြသန်းပါ။ ကျွန်တော်က မမွေးခင်အချိန်နဲ့ မွေးပြီးအချိန်အထိ ၁၉၅၉ ခုနှစ် မတိုင်ခင်ကနေ ၁၉၆၂ ခုနှစ်လောက်အထိ အဘွားက ခေတ်အကြိုက်ဆိုတဲ့ နိုင်လွန်စက်တွေနဲ့ လုပ်ငန်းလုပ်တယ်။ အဖေကလည်း ဘိုးဘွားပိုင် ခေတ်အကြိုက်ဆိုတဲ့ စက်တွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



လုပ်တယ်။ ဒီလိုလုပ်ရင်းနဲ့ ၁၉၆၂ လောက်မှာ ပြည်သူပိုင် အသိမ်းခံရတယ်။ နောက်ပိုင်းမှာ အဖေက အခု စင်ထရယ်ဟိုတယ် ဆောက်ထားတဲ့ ကာလ်တန်ရုပ်ရှင်ရုံ အမျိုးသားတိုးတက်ရေး ကုမ္ပဏီထောင်ပြီး ရုပ်ရှင်တွေရိုက်တယ်။ နောက်ပိုင်းမှ ခွဲထွက်ပြီး အမျိုးသားရုပ်ရှင်ကို ထူထောင်ခဲ့တယ်"

**"ဒါဆိုရင် ရုပ်ရှင်လောကထဲကို ရောက်လာတာက မျိုးရိုးကြောင့်လို့ ဆိုရမှာပေါ့"**

"ငယ်ငယ်လေးကတည်းက အဖေရဲ့ ရုပ်ရှင်စတူဒီယိုထဲကို မကြာခဏဆိုသလို ရောက်တတ်တယ်။ သိတတ်စအရွယ်မှာ ရုပ်ရှင်နဲ့ပတ်သက်တာတွေကို ဝါသနာပါခဲ့တယ်။ အထူးသဖြင့် ဓာတ်ပုံရိုက်တာကို ပိုပြီးဝါသနာပါတယ်။ ဓာတ်ပုံပညာကို ဦးလေးဖြစ်တဲ့ ဦးစန်းအောင် (ယူအက်စ်အေ)ဆီက သင်ယူခဲ့တယ်။ အပျော်တမ်းဓာတ်ပုံသမားဘဝနဲ့ ကျောင်းပွဲတွေ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲတွေ၊ လှေပြိုင်ပွဲတွေ၊ မသန်စွမ်း အားကစားပြိုင်ပွဲတွေမှာ ဓာတ်ပုံလိုက်ရိုက်တယ်။ ငယ်စဉ်ကတည်းက ပန်းချီပညာကိုလည်း စိတ်ဝင်စားသလို၊ နွေရာသီ ကျောင်းပိတ်ရက်တွေမှာ သင်တန်းတွေတက်ပြီး ပန်းချီဆွဲခဲ့သေး



တယ်။ ဆယ်တန်းအောင်ပြီး ဒေသကောလိပ်-၂ ရောက်တဲ့အချိန် လှိုင်တက္ကသိုလ်မှာ ပန်းချီပြပွဲလုပ်တော့ ပန်းချီကားတွေ ပြသရောင်းချခွင့်ရခဲ့တယ်။ အဲဒီလို ဇီဇအကြောင်းတရားတွေကြောင့် ရုပ်ရှင်လောကထဲကို ရောက်ခဲ့တာထင်ပါတယ်"

*မောင်နှမသုံးယောက်ရှိပြီး အလတ်ဖြစ်တာကြောင့် ဘဝသည် အမြဲတမ်း ကြားညှပ်သလို ခံစားနေရကြောင်းနှင့် နာမည်သုံးမျိုးရှိသည့်အကြောင်းအား နှုတ်ခမ်းမွှေးတို့ကို လက်ဖြင့်သပ်ရင်း ခပ်ပြုံးပြုံးဖြင့် ပြောပြပြန်ပါသည်။*

"မောင်နှမသုံးယောက်ရှိတယ်။ ကိုယ်က အလတ်ဆိုတော့ ငယ်ငယ်ကတည်းက ဘယ်အရာမဆို ကြားညှပ်သလိုနဲ့ ခံစားခဲ့ရတယ်။ ဟန်ဘာဂါလိုလို၊ ဆန်းဒရစ်လိုလိုကြီးပေါ့ဗျာ။ အဲဒီတုန်းက မိဘတွေကလည်း သိပ်မချစ်ဘူးလို့ ခံစားရတယ်။ နာမည်ကလည်း သုံးမျိုးရှိတယ်။ အိမ်နာမည်က မောင်မောင်၊ ကျောင်းနာမည်က ကျော်ဝင်း၊ နောက်မှ ကျော်သူဖြစ်လာတာ။ ပညာရေးဆိုလည်း သိပ်စိတ်မဝင်စားဘူး။ ဒေသကောလိပ်-၂ ရောက်တော့ သူငယ်ချင်းတွေနဲ့ သွားမယ်၊ စားမယ်၊ သောက်မယ်နဲ့ ပျော်ပျော်ပါးပါးနေခဲ့တယ်။ အဲဒီလိုနေရင်းနဲ့ physic မေဂျာနဲ့ ကျောင်းတက်လို့ ဒုတိယနှစ် ရောက်တဲ့အချိန်မှာ ရည်းစားရပြီး မိန်းမရခဲ့တယ်"

**"အိမ်ထောင်ကျပြီးတဲ့နောက်ပိုင်း ဘဝရဲ့ဖြတ်သန်းမှုပုံစံ အခြေအနေကရော"**

"ဒုတိယနှစ်ရောက်တဲ့အချိန် ရွှေစီးကွက်နဲ့ ကျောင်းမှာတွေ့ပြီး သမီးရည်းစားဖြစ်တယ်။ အဲဒီခေတ်က အခြေအနေအတိုင်း ရွှေစီးကွက်ကို အလိုမတူဘဲ ကားတင်ပြေးပြီး ခိုးပြေးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com


အရင်ကတည်းက ဘယ်အရာမဆို ဇွတ်လုပ်တတ်တဲ့ အကျင့်ရှိတယ်။ လုပ်ပြီဟေ့ဆိုရင်လည်း ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ခံယူချက်နဲ့လုပ်တယ်။ ပညာရေး တစ်ပိုင်းတစ်စနဲ့ အိမ်ထောင်ပြုလိုက်ကြတော့ နှစ်ဖက်မိဘတွေက သိပ်သဘောမကျကြဘူး။ အဲဒီအချိန်မှာ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရဆိုတာ လုပ်လို့မရဘူး။ အလုပ်လုပ်ဖို့ စဉ်းစားတယ်။ ကိုယ်နဲ့ အနီးစပ်ဆုံးနဲ့ ကိုယ်လုပ်နိုင်တဲ့ အလုပ်ကိုလုပ်ဖို့ စဉ်းစားရတယ်။ အသက်က ငယ်တော့ ဒါရိုက်တာလုပ်လို့က လည်း မဖြစ်သေးဘူး။ ဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းတာတွေ ခံခဲ့ရတယ်။ အဲဒီနောက်ပိုင်းမှာ ရုပ်ရှင်လောကထဲကို ရောက်ခဲ့တာပါ"

**"ဘယ်သူတွေက ကမ်းလှမ်းခဲ့ပြီး ဘယ်သူတွေနဲ့ စရိုက်ဖြစ်ခဲ့လဲ။ အမှတ်တရလေးတွေ ပြောပြပါဦး"**

"ရုပ်ရှင်လောကထဲကိုဝင်ဖို့ စဉ်းစားနေချိန်မှာ ဒါရိုက်တာ ဗိုလ်ဗကိုနဲ့ အခြား ဒါရိုက်တာတွေရဲ့ ကမ်းလှမ်းခြင်းကို ခံခဲ့ရတယ်။ တကယ် ရိုက်ဖြစ်တာက ဒါရိုက်တာ ဦးမျိုးမြင့်အောင်နဲ့မှ ရိုက်ဖြစ်တာ။ ဆရာ ဦးမျိုးမြင့်အောင်က အစ်မ မင်္ဂလာဆောင်ပွဲ တက်လာတဲ့ ကိုယ့်ကို တွေ့သွားပြီး မင်းသားတင်ရိုက်ချင်တယ်လို့ အဖေအမေတို့ဆီ ခွင့်တောင်းတယ်။ မိဘတွေက လုပ်ချင်လုပ်ကြည့်ပေါ့လို့ဆိုတယ်။ အဲဒီတော့ မိန်းမနဲ့ ကိုယ့်မိသားစုကိုလည်း ခွင့်တောင်းရသေးတယ်။ အရင်ကတည်းက အေးအေးဆေးဆေးနေတတ်လို့ စကားနည်းတာကို သိတဲ့အတွက် သူတို့က သိပ်မထင်ကြဘူး။ လုပ်မယ်လို့ ဆုံးဖြတ်လိုက်တော့ နာမည်ရွေးဖို့ စဉ်းစားပြီး ဗေဒင်ဆရာတွေဆီမှာ လိုက်မေးခဲ့တာ။ ဘယ်သူကမှ မင်းသားဖြစ်မယ်လို့ မပြောကြဘူး။"




www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်လောကထဲသို့ စတင်ခြေလှမ်းချတော့မည့်အချိန်တွင် နာမည်ရွေးချယ်ရန်နှင့် ရုပ်ရှင်လောကတွင် အောင်မြင်နိုင်၊ မအောင်မြင်နိုင်ကို နားလည်တတ်ကျွမ်းသူများအား မေးမြန်းသောအခါ မည်သူကမျှ မဖြစ်နိုင်ကြောင်းပြော၍ စိတ်ဓာတ်ပျက်ပြယ်တော့မည့်အချိန်တွင် ဆရာကြီးတစ်ဦးက ကျိန်းသေပေါက် ဖြစ်ရမည်ဆိုပြီး အားပေးဟောပြောခဲ့သောကြောင့် ကျော်သူဆိုသည့် နာမည်တစ်လုံး ရလာခဲ့သည်ကို ခပ်မဲ့မဲ့ပြုံးရင်း ပြောပြပြန်သည်။

"ကျော်သူဆိုတာ ဖြစ်လာခဲ့ရတာက ဆရာကြီးမင်းသိခ်ကြောင့်ဆိုရင်လည်း မမှားဘူး။ ရုပ်ရှင်လောကထဲ စဝင်မယ်လုပ်တော့ နာမည်ကြီးဆရာအချို့ဆီမှာ ဖြစ်နိုင် မဖြစ်နိုင် သွားမေးတော့ မဖြစ်နိုင်ဘူးလို့ဘဲ ပြောခဲ့ကြတယ်။ အဲဒီအချိန်မှာ စဉ်းစားကြည့်လေ စိတ်ဓာတ်ကျစရာ



ကြီး။ ဒါပေမဲ့ ဆရာမင်းသိခ်နဲ့တွေ့တော့ ဖြစ်ကိုဖြစ်ရမယ်ဆိုပြီး ပြောတယ်။ ကျော်သူဆိုတဲ့ နာမည်ပေးခဲ့တယ်။ ဆရာမင်းသိခ်နဲ့သာ မတွေ့ခဲ့ရင် ကျော်သူဆိုတာ အခုလိုဖြစ်ချင်မှ ဖြစ်လာမှာ။ ဆရာမင်းသိခ်ကိုတော့ ကျေးဇူးတင်မိတယ်။ အဲဒီနောက်ပိုင်း ရုပ်ရှင်လောကထဲက သင်ဆရာ၊ မြင်ဆရာတွေရဲ့ ကျေးဇူးတွေနဲ့ ကျော်သူဆိုတာ ပိုပြီး လူသိများလာခဲ့တာပေါ့"

**"ရုပ်ရှင်စရိုက်တော့ ကြုံတွေ့ခဲ့ရတဲ့ အမှတ်တရတွေက ဘာတွေရှိခဲ့လဲ"**

"ရုပ်ရှင်စရိုက်တော့ မင်းသမီးတွေထဲက ရင်းနှီးတာဆိုလို့ အန်တီချိုပြုံးတစ်ယောက်ပဲ ရှိတယ်။ တင်နီလာဝင်းတို့၊ သီတာဝင်းတို့ဆိုတာက သိပ်မရင်းနှီးသေးဘူး။ အဲဒီအချိန်မှာ သူစိမ်းမိန်းကလေးနဲ့ တွဲဖက်သရုပ်ဆောင်ရမယ်ဆိုတော့ စိတ်ထဲက ရှက်သလိုလို ကြောက်သလိုလိုတော့ ဖြစ်ခဲ့မိတယ်။ ဘယ်ဘဝရဲ့ ကောင်းမှုကြောင့်လဲမသိဘူး ဇာတ်ကောင်စရိုက်ကို

www.burmeseclassic.com

www.burmeseclassic.com



Mood (စိတ်ခံစားမှု)သွင်းရင် လွယ်တယ်။ အလတ်ဆိုတဲ့ ခံစားချက်ကလည်းရှိတော့ Mood သွင်းရတာ လွယ်တာလို့ ထင်ပါတယ်။ ဆရာ ဦးမျိုးမြင့်အောင်ရဲ့သင်ကြားမှုနဲ့ မဖြစ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ လေ့လာသင်ယူခဲ့တယ်"

**"သရုပ်ဆောင်ပညာကို ဘယ်လိုသင်ယူခဲ့ရတာလဲ"**

"ကျွန်တော်တို့ခေတ်တုန်းက ရုပ်ရှင်သရုပ်ဆောင်တစ်ယောက် ဖြစ်ဖို့ဆိုတာမလွယ်ဘူး။ ကိုယ့်ထက် ဝါရင့်၊ သမ္ဘာရင့်တဲ့သူတွေကိုဆိုရင် အမြဲရိုသေရတယ်။ ဦးညွန့်ဝင်းနဲ့တွေ့ရင်လည်း ကိုယ်က အမြဲတမ်း ရိုရိုသေသေ ဆက်ဆံသလို၊ ဦးကျော်ဟိန်းနဲ့တွေ့ရင်လည်း ရိုရိုသေသေ ဆက်ဆံခဲ့တယ်။ သူတို့ဆီမှာက အများကြီး အတုယူလောက်တဲ့ သရုပ်ဆောင်ပညာတွေ ရှိတာကိုး။ ဒီလိုပါပဲ။ မြင်ဆရာ၊ သင်ဆရာ၊ ကြားဆရာတွေဆီက လေ့လာသင်ယူခဲ့ရတယ်။ ဆရာ ဦးမျိုးမြင့်အောင်က ဒရမ်မာအပိုင်းကို အမြဲသင်ပေးတယ်။ ဒါကြောင့် ဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)တို့၊ ဆရာငြိမ်းကျော်တို့ရဲ့ ဇာတ်တွေနဲ့ နာမည်ရခဲ့တာပါ။ ဆရာဦးမျိုးမြင့်အောင်က ဘယ်လိုသင်သလဲဆိုရင် မင်းသား၊ မင်းသမီးတွေကို အရင် ရီဟာဆယ် (အစမ်းလေ့ကျင့်) ခိုင်းတယ်။ တကယ် သရုပ်ဆောင်တဲ့အခါ မှားပြီး ပြောဆိုသရုပ်ဆောင်ရင် ကြိမ်လုံးတစ်လုံးနဲ့ ဝင်ရိုက်တော့တာပဲ။ မီးထိုး၊ မှန်ထိုးကအစ အောက်ခြေသိမ်း အကုန်လုပ်ခဲ့ရတာ။ လွယ်လွယ်ကလေးနဲ့ ရုပ်ရှင်သရုပ်ဆောင် ဖြစ်ခဲ့တာ မဟုတ်ဘူး။ အဲဒီလို မလွယ်ကူတဲ့ အခြေအနေတွေကို ဖြတ်သန်းကျော်ဖြတ်ခဲ့ရတာကို ကျေနပ်နေမိပါတယ်"



**"အမျိုးသမီးကရော ပါရမီဖြည့်ဖက်အနေနဲ့ အိမ်ထောင်မှုတာဝန်တွေကို ဘယ်လိုထိန်းသိမ်းပေးခဲ့လဲ"**

"ရွှေဇီးကွက်က ရုပ်ရှင်အလုပ်ကို သိပ်ဝါသနာမပါဘူး။ အားပေးခြင်းလဲ မရှိသလို၊ ရှုံ့ချ ခြင်းလဲ မရှိဘူး။ မိသားစုဘဝ အေးအေးချမ်းချမ်းနေဖို့ပဲ စိတ်ဝင်စားတာ။ သားသမီးတွေကို အနီးကပ် စောင့်ရှောက်ပေးတယ်။ တစ်ခါတစ်ရံ စာကို သူကိုယ်တိုင် သင်ပေးတာတွေ လုပ်ခဲ့တယ်။ ကားရိုက်လို့ မအားတဲ့အခါ သူကိုယ်တိုင် ကားရိုက်ရင်ဝတ်ဖို့ အဝတ်အစားတွေ ဝယ်ပေးတာမျိုးတွေလည်း ရှိပါတယ်။ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဆိုသလို ဝင်ငွေထွက်ငွေကို အိမ်ထောင်ရှင်မပီသစွာနဲ့ ထိန်းသိမ်းပေးခဲ့ပါ တယ်။ ရုပ်ရှင်လောကထဲရောက်ပြီး ပထမဆုံး ကိုယ့်ကား ရုံတင်တဲ့နေ့က တိုက်တိုက်ဆိုင်ဆိုင် သားလေးမွေးတဲ့အချိန်နဲ့ တိုက် ဆိုင်တယ်"

**"ပထမဆုံး ရုံတင်တဲ့ကားက ချစ်ကြိုးလေးနှစ်မျှင်နော်"**

"ဟုတ်ပါတယ်၊ ပထမဆုံး ရုံတင်တဲ့ကားက ချစ်ကြိုးလေး နှစ်မျှင်ဆိုတဲ့ နှစ်ကိုယ်ခွဲ ရုပ်ရှင်ဇာတ်ကားပါ။ အဲဒီဇာတ်ကားနဲ့ ကျော်သူဆိုတာဖြစ်လာတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ

www.burmeseclassic.com

www.burmeseclassic.com





အဲဒီကားရုံတင်တဲ့နေ့မှာ သားလေး ပြည်သိမ်းကျော် မွေးတဲ့ အချိန် ဖြစ်နေတယ်။ သားလေးနဲ့ ကျွန်တော့်ရဲ့ကြားက မမြင်နိုင်တဲ့ ချိတ်ကလေးတွေရှိတယ်။ ဒ့ါအပြင် သမီးလေး ဖြစ်တဲ့ မြင့်မိုရ်ဦးကြောင့်လည်း အသိတရားတွေ ပြောင်းလဲ လာတာ။ တရားသဘောတွေဘက်ကို စိတ်ပါလာတာလို့ ပြောလို့ရတယ်။”

**“ဘယ်လိုအကြောင်းကြောင့်လဲ”**

“သမီးလေး ငယ်ငယ်က အင်းစိန်ဘက်မှာ တရား စခန်းဝင်တယ်။ အဲဒီအချိန်တုန်းက အင်းစိန် ဆရာ တော်ကြီးကို သမီးလေးက မေးခွန်းတစ်ခု မေးခဲ့တယ်။ အဲဒီမေးခွန်းရဲ့ အဖြေက ပရဟိတလုပ်ဖို့ အပြောင်း အလဲဖြစ်စေခဲ့တာပဲ။ သမီးလေးမေးတဲ့ မေးခွန်းက အနုပညာသမားတွေ သေဆုံးရင် ဘယ်ဘုံ ဘဝကို အများဆုံးရောက်ပါသလဲလို့ မေးတော့ ဆရာတော် ကြီးက မြတ်စွာဘုရားရှင် ဟောကြားခဲ့တဲ့ တရား တော်ကို အခြေခံပြီး အနုပညာသမားတွေ သေဆုံး တဲ့အခါ ပဟာသငရဲကို ရောက်တယ်လို့ သိရတယ်။ အရင်တုန်းကဆိုရင်တော့ ဇာတ်ခုံပေါ့လေ။ ဇာတ်ခုံပေါ်မှာ ပရိသတ်ကို ငိုအောင် လုပ်လိုက် ပရိသတ်က လိုက်ငိုလိုက်။ ဒေါသထွက်အောင်လုပ်လိုက်ရင် ပရိသတ်က ဒေါသ ထွက်တယ်။ ဒီလိုပါပဲ။ ရုပ်ရှင်ကလည်း ပိတ်ကားပေါ်ကနေ ပရိသတ်ကို ငိုနိုင်း၊ ရယ်နိုင်း၊ ဒေါသ ထွက်နိုင်း၊ ပေါက်ကွဲနိုင်း၊ ကြေကွဲနိုင်းနဲ့ အများသူငါကို ခံစားစေအောင် လုပ်တဲ့အတွက် ပဟာသ ငရဲကို ကျနိုင်တယ်ဆိုတာ သိခဲ့ရတယ်။ ဒီမေးခွန်းကို သမီးက မမေးခဲ့ဘူးဆိုရင် သတိထားမိ ချင်မှ ထားမိမှာ၊ နာမည်ကြီးအောင် ဘယ်လိုလုပ်မယ်။ ကိုယ့်အနုပညာကို ဘယ်လိုလုပ်မယ်။ ဒါတွေပဲ ခေါင်းထဲမှာရှိနေတာ။ ဒီလိုမသိခင်က လူငယ်ဆိုတဲ့ သဘာဝအတိုင်း ရင်ထဲစိတ်ထဲ ရှိတာတွေကို လုပ်တတ်တယ်”

*ယခင်က လူငယ်တို့၏ သဘာဝစိတ်ထဲတွင် ရှိသည့် အတိုင်း လုပ်ကိုင်တတ်ပြီး လုပ်ချင်သည့်အရာများရှိလျှင်လည်း ပြင်းထန်စွာ လုပ်ကိုင်တတ်ကြောင်း ပြောပြပြီး ယင်းအတွက်ကြောင့် ချောင်းသာတွင် ဇာတ်ကားသွား ရိုက်သောအခါ အသက်အန္တရာယ် ဆုံးရှုံးခါနီးအချိန်၌ အကယ်ဒမီဒွေး(ကွယ်လွန်)နှင့်အတူ အဖွဲ့သားများက ကယ်ဆယ်ခဲ့ကြ သဖြင့် အသက်ရှင်ခဲ့ရ၍ ယခုချိန် အထိ ကိုသားကြီးကို ကျေးဇူးတင် သတိရမိကြောင်း ပြောပြရာ ရီဝေသွားသော မျက်လုံးအစုံက ခန်းမတံခါးကို တွေတွေကြီးစိုက်ကြည့်ပြီး ပြောနေပြန်သည်။*

www.burmeseclassic.com

www.burmeseclassic.com





"ကိုသားကြီးက ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင်ပါ။ ကျွန်တော် သတိမေ့နေတဲ့အချိန် အသက်ကယ်ဆေး ရှာပေးခဲ့တယ်။ အဲဒီတုန်းက ဖြစ်တာက ချောင်းသာမှာပါ။ ဒါရိုက်တာ ကိုအောင်မင်းသိမ်းနဲ့ ဇာတ်ကားရိုက်တော့ တစ်နေကုန် ရေထဲမှာ ဆင်းရိုက်ရတာ။ ရေတွေ လှိုင်းတွေထဲမှာ စည်ပိုင်းတွေ ဆင်းဆယ်ရတာမျိုးတွေ ရိုက်ရတယ်။ ကားရိုက်ပြီးတော့ ရေမိုးချိုးပြီး နည်းနည်းပါးပါးသောက်တယ်။ သောက်ပြီးချိန်မှာ စက်အဖွဲ့က သောင်ပြင်ပေါ်မှာ ဘောလုံးကန်မယ်ဆိုတာနဲ့ ဝင်ကန်တယ်။ ပြီးတော့ မောမောပန်းပန်းနဲ့ ပြန်သောက်တယ်။ သောက်ပြီးလုပ်ချင်ရာလျှောက်လုပ်တော့ နှစ်ပင်လိမ်သွားတယ်။ အဲဒီမှာ ပင်ပန်းပြီး ဖျားချင်နေတဲ့အရှိန်နဲ့ ပေါင်းလိုက်တော့ ရှော့ခ်ဖြစ်သွားတယ်။ ဘာကိုမှ သတိမရတော့ဘူး"

**"အဲဒီတော့ သတိရအောင် ဘယ်လိုလုပ်ကြသလဲ။ ကိုသားကြီးကရော ဘယ်လိုကူညီပေးခဲ့တာလဲ"**

"အဲဒီတုန်းက ချောင်းသာမှာ ကားရိုက်ဖို့ ကိုယ်က အရင်ရောက်ပြီး ရှော့ခ်ဖြစ်နေတာ။ အသက်လည်း မရှူတော့သလို၊ နှလုံးလည်း မခုန်တော့ဘူးလို့ သိရတယ်။ ဝိုင်းဝန်းပြုစုကြတယ်။ ဘယ်လိုမှ လုပ်လို့မရတော့တဲ့အချိန်မှာ သားကြီး(ဒွေး)က သူ့ကားနဲ့ရောက်လာပြီး ချောင်းသာဆိုတဲ့ နေရာကျဉ်းကျဉ်းလေးမှာ အသက်ကယ်ဆေး မရမက ရှာပေးတယ်။ သူနာပြုဆရာမတစ်ယောက်နဲ့ အသက်ကယ်ဆေး ထိုးပေးခဲ့တယ်။ ပြီးတော့ ဆေးရုံတင်ပို့ပေးခဲ့ကြတယ်။ ဆေးရုံတင်ဖို့ သွားတဲ့အချိန် ပုသိမ်ဘက်ရောက်မှ နှလုံးနည်းနည်းပြန်ခုန်တာလို့ သိရတယ်။ ဘာကိုမှ သတိမရတော့ဘူး။ သတိရတဲ့အချိန်မှာ နှာခေါင်း ပိုက်တွေ၊ ဆီးပိုက်တွေ တန်းလန်းနဲ့ ဆေးရုံပေါ် ရောက်နေတယ်ဆိုတာ သိလိုက်ရတယ်။ ဒါကြောင့် သားကြီးက ကိုယ့်ရဲ့ အသက်သခင် ကျေးဇူးရှင်လို့ ပြောလို့ရတယ်။ ကိုယ့်အလှည့်က သူ ကယ်ဆယ်ပေးခဲ့ပေမယ့် သူ့အလှည့်ကျတော့ မကယ်လိုက်နိုင်တာ စိတ်မကောင်းပါဘူး"

**"ဘာဖြစ်လို့ မကယ်လိုက်နိုင်တာလဲ။ ကိုသားကြီးဆုံးတဲ့အချိန် ဘယ်မှာရှိနေလို့လဲ"**

"ဟုတ်ပါတယ်။ သားကြီးဆုံးတဲ့အချိန်က ဘာသာရေးကို ဇောက်ချလုပ်နေတဲ့ အချိန်ဆိုတော့ ဘာသာရေးကိစ္စတွေနဲ့ ပြည်ကိုသွားတယ်။ ပြည်မှာ သားကြီးလှူဒါန်းထားတဲ့ ဘုန်းကြီးကျောင်းဇရပ်ကိုတောင် ရောက်ခဲ့သေးတယ်။ သားကြီးကိုးကွယ်တဲ့ ဆရာတော်မရှိတာနဲ့ အဲဒီကျောင်းကနေ ရန်ကုန်ပြန်လာတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ရန်ကုန်ကို ညခုနစ်နာရီလောက် ပြန်ရောက်တဲ့အချိန် သားကြီးဆုံးပြီဆိုပြီး ဖုန်းဝင်လာတယ်။ ချက်ချင်းပဲ သားကြီးရုပ်ကလာပ်ရှိတဲ့ဆီကို သွားခဲ့ပါတယ်။ အဲဒီတစ်ခုတော့ စိတ်မကောင်းပါဘူး။ အရင်တုန်းကကျတော့ ကိုယ့်ကို အသက်ကယ်ပေးသလို၊ သူ့အလှည့်မှာ မကယ်လိုက်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



*ယခင်က လူငယ်ပီပီ လုပ်စရာရှိလျှင် ချက်ချင်းတုံ့ပြန်တတ်သော်လည်း သမီးငယ်၏ အနုပညာသမားများသေလျှင် ပဟာသငရဲရောက်သည်ဆိုသော သတိပေးခေါင်းလောင်းသံကြောင့် ဘာသာရေးဘက်ကို တဖြည်းဖြည်း စိတ်ယိမ်းယိုင်လာပြီး ပရဟိတဘက်ကိုလည်း စိတ်ဝင်စားလာခဲ့ကြောင်း တရားသဘောဖြင့် ပြောပြန်သည်။*

"လူငယ်ဘဝတုန်းကတော့ ခံစားချက်ရှိရင် ထုတ်ပြခဲ့တာပဲ။ ဒီအချိန်မှာတော့ သမီးလေးရဲ့ အချက်ပေးခေါင်းလောင်းသံကြောင့် ပရဟိတလုပ်ငန်းတွေကို ဇောက်ချလုပ်ကိုင်နေမိပါပြီ။ အရင်ကဆိုရင် အနုပညာကို ဘယ်လိုကောင်းအောင်လုပ်မယ်၊ ဘယ်လိုနာမည်ကြီးအောင် လုပ်မယ်ဆိုတာတွေပဲ ရှိခဲ့တယ်"

*ယခင် အောင်မြင်ကျော်ကြားနေသောအချိန်က လူငယ်ပီပီ အလုပ်တစ်ခုလုပ်ချင်တာရှိလျှင် မဖြစ်မနေ လုပ်ဆောင်တတ်ကြောင်းနှင့် လူငယ်များအကြား ကျော်သူလွှယ်အိတ်၊ ကျော်သူပုဆိုး၊ ကျော်သူအလယ်ခွဲ ဆိုသည်များကို လူငယ်များ အားကျဝတ်ဆင်သောအခါ ဝမ်းသာမိသည်ဟုပြောပြီး ယခုချိန်တွင်တော့ အတွင်းစိတ်ဖြူစင် လိပ်ပြာသန့်ဖို့သာ အရေးကြီးကြောင်း အသံခပ်မာမာဖြင့် တည်ငြိမ်စွာ ပြောပြန်သည်။*

"အရင်တုန်းကတော့ လူငယ်တွေ ကိုယ့်ကိုအားကျရင် ဝမ်းသာပါတယ်။ ဒီအချိန်မှာတော့ ဒါတွေဟာ သိပ်အရေးမကြီးတော့ဘူး။ နာရေးကိစ္စတွေကို အဓိက ဇောက်ချလုပ်နေတယ်။ ဘယ်သူမဆို ဘယ်အချိန်သေမယ်ဆိုတာ မသိကြဘူး။ အရေးကြီးတာက ကိုယ့်ရဲ့အတွင်းစိတ်ဖြူဖို့၊ ကိုယ့်လိပ်ပြာကိုယ်သန့်ဖို့၊ ကိုယ့်သီလကိုယ်လုံဖို့ ကြိုးစားနေပါတယ်။ လူဆိုတာက ကိုယ့်သမိုင်းကို ရေးကြရမှာပါ။ ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာက အရေးကြီးတယ်ထင်လို့ ဆံပင်ဆေးမဆိုးဘူး။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးထားတယ်။ ဘိုးတော်လုပ်ဖို့တော့ မဟုတ်ဘူး။ ကျွန်တော် ဘာသာရေးလိုင်းအရ နေ့တိုင်းအလုပ်လုပ်ရတယ်။"

**"ဘာသာရေးလိုင်းအရ ဘာတွေလုပ်ရတာလဲ။ အားတဲ့အချိန်မှာ လုပ်ရတာလား"**

"ဘိုးတော်လုပ်ဖို့ မဟုတ်ဘူး။ နေ့တိုင်း ဘာသာရေးတရား ကျင့်ကြံအားထုတ်ရတယ်။ ဘာကြောင့်လဲဆိုတော့ အရင်ကဆိုရင် ကျွန်တော့်ကိုချစ်တဲ့ ပရိသတ်တွေရှိသလို၊ အခုလည်း ကျွန်တော့်နားမှာ ကျွန်တော့်ကို ချစ်ခင်တဲ့ မကျွတ်မလွတ်သူတွေ ရှိနေတယ်။ သူတို့အတွက် နေ့တိုင်း ပုတီးစိပ်ပြီး အမျှဝေပေးရတယ်။ ပင်ပန်းလို့ တစ်ရက်လောက် အိပ်လိုက်ရင် အမျိုးမျိုး သတိပေးကြတယ်။ ခုတင်လာလှုပ်တာတွေ ရှိတယ်။ ဒါကလည်း ကျွန်တော့်ကိုချစ်လို့ အားကိုးလို့ လုပ်ကြတာပါ။ ကိုယ့်မှာက အင်အားဆိုလို့ ဒါပဲရှိတယ်၊ တစ်ခုခု ပြဿနာ အကြီးအကျယ် တက်တယ်ဆိုရင် ကျွန်တော်နဲ့ရင်းနှီးတဲ့ လူကြီးအသိုင်းအဝိုင်းလည်း မရှိဘူး။ ဘယ်သူ့ကိုမှလဲ အားကိုးလို့မရဘူး။ ကိုယ့်ရဲ့သီလကို အားကိုးတယ်။ အမှန်တရားကို သစ္စာဆိုပြီး အရာရာကို ရင်ဆိုင်ခဲ့ရတာပါ။ အရင်ကဆို စိတ်ပျက်စရာတွေလည်း အမျိုးမျိုးကြုံတွေ့ခဲ့ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com


*ပြင်ပ ရုပ်ပိုင်းဆိုင်ရာ ကိစ္စများထက် စိတ်ပိုင်းဆိုင်ရာ ဖြူစင်သန့်ရှင်းဖို့ လိုအပ်ကြောင်း ပြောပြီး ယခင်က သူ၏ဘဝတွင် စိတ်ပျက်ဖွယ်ရာများ ခံစားခဲ့ရကြောင်း ပြောပြီး ရုပ်ရှင်လောက အတွင်း 'ဒိုး' ကားနှင့်ပတ်သက်၍ သူကြုံတွေ့ခံစားခဲ့ရသည်များကို တရစပ်ပြောပြပြန်သည်။*

"ဒိုးကားရိုက်မယ်ဆိုပြီး ဦးကြည်စိုးထွန်းကိုပြောတော့ သဘောကျတယ်။ ဒီဇာတ်ကားက မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ပညာပေးကားပါ။ ဒိုးဆိုတာက ပစ်မှတ်ကို ထိအောင်ပစ်ရမယ်။ ကိုယ့်ရဲ့အောင်မြင်မှု ဆုံးရှုံးမှုက ဒိုးကို အကျိုးရှိရှိ အသုံးချလို့ရတယ်ဆိုတာကို ဖော်ညွှန်းချင်တာပါ။ ဦးကြည်စိုးထွန်းရဲ့ ကြိုးစားမှုလည်းပါတယ်။ ရဲဘက်စခန်းတွေသွားတယ်။ မြန်မာ့ဘောလုံးလက်ရွေးစင်တွေနဲ့ လက်တွေ့လုပ်ဖို့ လေ့ကျင့်ရတယ်။ အပတ်တိုင်း မနက်အစောကြီး စလင်းကွင်းမှာ ချိန်းကန်ရတယ်။ ဆေးရုံတွေသွားပြီး ဆေးဖြတ်လူနာတွေကို အင်တာဗျူးခဲ့တယ်။ စိုးသူတောင် ဆေးလိပ်မသောက်တတ်သေးလို့ ဆေးလိပ်သောက်တာ သင်ခဲ့ရတယ်။ အောင်ခြေသိမ်းအားလုံး လေ့လာပြီးမှ အားလုံး ကြိုးစားပြီးရိုက်ခဲ့တာ။ ဒါပေမဲ့ 'ဒိုး'နဲ့ပတ်သက်ပြီး ခံစားခဲ့ရတာ တစ်ခုရှိခဲ့တယ်"

*အကယ်ဒမီပွဲသို့ တက်ရောက်သောအခါ မီဒီယာများက ဇာတ်ဆောင်ဆု အကယ်ဒမီ ရနိုင်သည်ဟူသော ထင်ကြေးများဖြင့် ရှိနေစဉ် အကယ်ဒမီ ကြေညာချက်အရ လွဲချော်မှုတစ်ခု ဖြစ်ခဲ့ရသည်ဟု သူက စိတ်ပျက်လက်ပျက်လေသံနှင့် ပြောပြပြန်သည်။*

**"ဒါဆိုရင် တစ်ပြည်သူမရွှေထား အကယ်ဒမီရတဲ့နှစ်မှာ တက်ဖြစ်တာကရော။"**

"အဲဒီတုန်းက သုဝဏ္ဏကွင်းမှာ အများပြည်သူပါ ကြည့်လို့ရတဲ့အခြေအနေ ပတ်ဇလစ်ရှိုးပုံစံဖြစ်လာတယ်။ 'တစ်ပြည်သူမရွှေထား'နဲ့ ကျော်သူရမယ်ဆိုပြီး ပရိသတ်က ထင်ကြေးပေးနေတယ်။ အဖေက အကယ်ဒမီပွဲကနေ ပြန်လာပြီး ကျွန်တော့်ကိုလည်းခေါ်တယ်။ မလိုက်ဘူးလို့ ပြောလိုက်တယ်"



**"ဒီတော့ အကယ်ဒမီက ဘယ်လိုပျပ်ဖြစ်သွားတာလဲ"**

"အဖေပြန်သွားပြီးတော့ အကယ်ဒမီပွဲက လူကြီးတွေ ထပ်လိုက်လာတယ်။ ရုပ်ရှင်လုပ်ငန်းက ကားကြီးနဲ့ရောက်လာပြီး မောင်မောင် လာပါကွာဆိုပြီး အတင်းခေါ်တယ်။ မလိုက်ဘူးလို့ပြောပေမယ့် မရဘူးဆိုပြီး အတင်း တိုက်ပုံတွေဝတ်ခိုင်းပြီး ကားထဲကိုခေါ်တယ်။ ဆင်းကျန်ခဲ့မှာစိုးလို့ တစ်ဖက်တစ်ချက်ကနေ လူတွေညှပ်ထားပြီး အကယ်ဒမီပွဲကို ခေါ်သွားတယ်။ အကယ်ဒမီပေးမယ့် သုဝဏ္ဏကွင်းရောက်တော့ အကယ်ဒမီ ဘုတ်အဖွဲ့က လူကြီးက ကွန်ကရက်ကျူလေးရှင်း ဆိုပြီး လုပ်တယ်။ ပွဲပိရောက်သွားတော့ နေရာတောင် မရှိဘူး။ တီးဝိုင်းဘေးနားက

www.burmeseclassic.com



ထိုင်ခုံလေးမှာ ထိုင်နေရတယ်။ အဲဒီ နှစ်မှ အကယ်ဒမီရတာ။ နောက်ပိုင်းမှာ အမေနှီဖိုးနဲ့ ဒါရိုက်တာဆုရတယ်။ မိဘကျေးဇူးဆပ်တဲ့ အနေနဲ့ ကမ္ဘာပေါ်မှာရှိတဲ့ အမေတွေနဲ့ ရင်သွေးတွေကို ဂုဏ်ပြုတဲ့ဇာတ်လမ်းပါ။"

**"ဪ ... ဒါနဲ့ ဦးမောင်အနေနဲ့ နာရေးကူညီမှုလုပ်ငန်းတွေ ဘယ်လိုလုပ်ဖြစ်ခဲ့တဲ့ဆိုကို သွားကြရအောင်။"**

"နာရေးကူညီမှု စလုပ်ဖြစ်ခဲ့တာကတော့ အများပြည်သူရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမလဲဆိုတာ တွေးမိတာလည်းပါတယ်။ ရွှေဇီးကွက်ရဲ့အဒေါ်က မန္တလေးမှာရှိတဲ့ ဖြဲ့မှစိုက်ရဲ့ဆိုတဲ့ လူမှုကူညီရေးအသင်းမှာ နာယကဖြစ်နေတယ်။ အဲဒီလိုပဲ သူကလည်း လူမှုရေးလုပ်ငန်း လုပ်ချင်တယ်လို့ပြောတယ်။ အဲဒီအချိန်မှာ ဘဘဦးသုခတို့က နာရေးကူညီမှုအသင်း(ရန်ကုန်)ကို ထူထောင်မယ်လို့ကြားတယ်။ ဒါကြောင့် အမျိုးသမီးနဲ့တိုင်ပင်ပြီး ဘဘဦးသုခဆီ သွားကြတယ်။ အဲဒီအချိန် အစည်းအဝေးလုပ်တာနဲ့ တိုက်ဆိုင်ပြီး ငွေငါးသိန်း ထည့်ဝင်လှူဒါန်းခဲ့တယ်။ နှစ်ဘက်မိဘတွေကလည်း ငါးသိန်းဆီ ထည့်ဝင်လှူဒါန်းခဲ့တယ်။ အဲဒီကနေ လူမှုရေးအလုပ်တွေ ပိုလုပ်ဖြစ်ခဲ့တာပါ။"

*နာရေးကူညီမှုအသင်းအား ၂၀၀၁ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်လုပ်ဆောင်ရန် အစည်းအဝေး ဆုံးဖြတ်ချက်ရခဲ့ပြီး အသင်းတည်နေရာကို ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် စတင်ဖွင့်လှစ်ဖြစ်ခဲ့ပုံနှင့် အသင်းစတင်တည်ထောင်စဉ်က ကြုံတွေ့ရသော အခြေအနေနှင့် အခက်အခဲများကို ပြောပြရာတွင် အခန်းထောင့်ရှိ ဆရာကြီးဦးသုခ၏ ရုပ်တုဆီသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း ပြောပြပြန် သည်။*

"အသင်း စတည်ထောင်မယ် ဆိုတော့ အဓိကအနေနဲ့ နေရာအခက်အခဲကရှိတယ်။ အဲဒီအချိန် သဃ်န်းကျွန်း ၁၆ ရပ်ကွက်မှာရှိတဲ့ ဗြဟ္မာ့ဝိဟာရ ပရိယတ္တိစာသင်တိုက်က ဆရာတော် ဦးဥတ္တရက နာရေးကူညီမှု အသင်းအတွက် နေရာပေးတယ်။ ဆရာတော်ကြီးပေးတဲ့ အဆောက်အအုံက အောက်က အုတ်ခံနဲ့ အပေါ်က သစ်သားကျောင်းဆောင်၊ အဲဒီမှာကလည်း သံဃာတော်တွေရှိတာနဲ့ ကိုယ့်အိမ်ဝင်းထဲက အိမ်တစ်လုံးကို အပျက်အစီးသိပ်မရှိအောင်ဖျက်ပြီး သံဃာတော်တွေအတွက် ကျောင်းဆောက်ပေးခဲ့တယ်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ စပြီး အသင်းကို စတင်လည်ပတ်မယ်လို့ အစည်းအဝေး ဆုံးဖြတ်ချက်ချခဲ့တယ်။ အစည်းအဝေး လုပ်တော့ အသင်းရဲ့ ပထမဆုံး နာရေးလမ်းကြောင်းကားကို မောင်းချင်တယ်လို့ တင်ပြခဲ့တာ မောင်းခွင့်ရခဲ့တယ်"

**"ဘယ်သူရဲ့ ရုပ်အလောင်းကို ပထမဆုံး မောင်းခွင့်ရခဲ့လဲ"**

"အသင်းသားအားလုံးရဲ့သဘောတူညီချက်နဲ့ အရင်က ဘဘဦးသုခရဲ့ရုပ်တုကို ထုလုပ်ပေးခဲ့တဲ့ ဘဘရဲ့ သူငယ်ချင်းမိတ်ဆွေ ပန်းပုဆရာကြီး ဦးဟန်တင်ရဲ့ ရုပ်အလောင်းကို သယ်ပို့ခဲ့ရတယ်။ နောက်ထပ် ဒုတိယ နာရေးလမ်းကြောင်းကို ရွှေဇီးကွက်က မောင်းချင်တယ်ဆိုတာနဲ့ ရွှေဇီးကွက်ကို မောင်းခွင့်ပြုခဲ့တယ်။ အဲဒီမှာ အခက်အခဲက စတွေ့တာပဲ"

www.burmeseclassic.com

**"ဘယ်လိုအခက်အခဲဖြစ်တာလဲ။ ဘယ်လိုဖြေရှင်းခဲ့ကြလဲ။"**

"အဲဒီတုန်းက သုဝဏ္ဏဘက်ကနေ အိမ်တစ်အိမ်က နာရေးဖြစ်တယ်ဆိုပြီး ဖုန်းဆက်တာနဲ့ ရွှေဇီးကွက်က သူသွားမယ်ဆိုပြီး သွားခဲ့တယ်။ အချိန်တော်တော်ကြာနေတာကြောင့် ဘာဖြစ်တာလဲဆိုပြီး မသင်္ကာတာနဲ့ လိုက်သွားတယ်။ အဲဒီအချိန်မှာ နာရေးရှိလို့ဆိုပြီး ဖုန်းဆက်တဲ့အိမ်ရဲ့ မနီးမဝေးမှာ ရွှေဇီးကွက်မောင်းတဲ့ ကားကြီးကို ရပ်ထားတယ်။ အဲဒီအိမ်ကလည်း နာရေးဖြစ်နေတဲ့ ပုံစံမရှိတာနဲ့ ကိုယ့်ဟာကိုယ် ဒီအတိုင်းသွားပြီးမေးကြည့်တော့ အဲဒီအိမ်က လူတွေ အလုပ်သွားတယ်လို့ ပြောတယ်။ အဲဒါနဲ့ နာရေးကားကြီးကို ပြန်မောင်းသွားရတယ်။ နာရေးရှိတယ်ဆိုပြီး ဖုန်းဆက်တဲ့အိမ်ကို နောက်မှစုံစမ်းကြည့်တော့ အဲဒီအိမ်မှာရှိတဲ့ လူတစ်ယောက်က စိတ်ပိုင်းဆိုင်ရာ အခြေအနေကြောင့် နာရေးမရှိဘဲ သူ့အဖေဆုံးတယ်ဆိုပြီး ဖုန်းဆက်တာ။ အဲဒီလိုအဖြစ်မျိုးတွေက အသင်းအစပျိုးချိန်မှာ အများကြီးပဲ။ သူငယ်ချင်းအရင်းတွေဆိုရင်လည်း စချင်နောက်ချင်တဲ့သဘောနဲ့ ဘယ်သူတော့ ဆုံးသွားပြီဆိုပြီး ဖုန်းဆက်တယ်။ သွားသယ်တဲ့အခါ အရှင်လတ်လတ်ကြီး တွေ့ရတယ်။ အဲဒါတွေကြောင့် နောက်ပိုင်းမှာ အသင်းက စည်းကမ်းဆုံးဖြတ်ချက်ကို ထပ်ထုတ်ရတယ်။"

*နာရေးကူညီမှုအသင်း စတင်တည်ထောင်ချိန်တွင် နာရေးမရှိဘဲ နာရေးရှိသည်ဆိုပြီး ဖုန်းဆက်မှုများကြောင့် အခက်အခဲဖြစ်ခဲ့ရသလို အချို့သောရောဂါများတွင် အယူအဆ အစွဲအလမ်းကြီးသူ တချို့ကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်ကို ဖြေရှင်းတိုက်ဖျက်ခဲ့ရကြောင်း တည်ကြည်စွာဖြင့် ပြောပြန်သည်။*

"အသင်းစထောင်တဲ့အချိန်မှာ မသေဆုံးဘဲနဲ့ သေတယ်ဆိုပြီး အသင်းကို ဖုန်းဆက်တာတွေရှိတယ်။ ဒါကြောင့် စည်းကမ်းချက်ထုတ်ပြီး လူတစ်ယောက်သေဆုံးပြီဆိုရင် ဆရာဝန်ရဲ့ ဆေးစာ၊ ရပ်ကွက်ထောက်ခံချက်၊ ဒေသန္တရရဲ့ သေချိုင်းလက်မှတ်ကို ထုတ်ခိုင်းတယ်။ မိတ္တူ သုံးစောင်ကူးခိုင်းပြီး အသင်းက တစ်စောင်ယူတယ်။ ပိုင်ရှင်က တစ်စောင်ယူစေတယ်။ ပြီးရင် မူရင်းကို စည်ပင်ပေးခိုင်းတယ်။ အဲဒီတော့မှ တကယ်နာရေးဖြစ်တယ် မဖြစ်ဘူးဆိုတာ သိရတယ်။ နောက်တစ်ခုရှိသေးတာက အချို့ရပ်ကွက်တွေထဲကို နာရေးဝင်ရင် အဆင်မပြေတာမျိုးတွေ ရှိခဲ့တယ်။"

**"ဘယ်လိုအဆင်မပြေခဲ့လဲ။ ဘယ်လိုဖြစ်ပျက်မှုတွေ ကြုံတွေ့ခဲ့ရလဲ။"**

"အချို့ရပ်ကွက်တွေဆိုရင် နာရေးကားဝင်မယ်ဆိုရင် အဝင်မခံဘူး။ ပြဿနာရှာတာမျိုးတွေရှိတယ်။ ပွဲပေးပြီးမှ ဝင်ရမယ်။ ဟိုလမ်းက မထွက်ရဘူး။ ဒီလမ်းက မထွက်ရဘူးဆိုတာမျိုးတွေရှိတယ်။ တစ်ခါတစ်ရံမှာ အသင်းသားတွေအနေနဲ့ ထိုးကြိတ်ခံရတာမျိုးတွေတောင် ကြုံခဲ့ရတယ်။ အဲဒီလို အယူသည်းမှုတွေကို တိုက်ဖျက်ဖို့ ဆရာတော်ကြီးတွေရဲ့ အကူအညီနဲ့ ကြိုးစားခဲ့ကြရတယ်"

www.burmeseclassic.com

www.burmeseclassic.com



**"ဘယ်ဆရာတော်ကြီးတွေနဲ့အတူ ကြိုးစားဆောင်ရွက်ခဲ့ကြတာလဲ။ ဆရာတော်ကြီးတွေက ဘယ်လိုအသိတရားတွေ ပေးခဲ့ လဲ။"**

"ဗြဟ္မစိုရ်အသင်းက ဆရာတော်ကြီး ဦးတိက္ခနဲ့အတူ လက်တွဲပြီး အယူသီးမှုတွေကို တိုက်ဖျက်ခဲ့တယ်။ ဟောပြောပွဲတွေလုပ်တယ်။ မန္တလေးမှာ အသင်းခွဲတွေ ဖွင့်ပွဲလုပ်တယ်ဆိုရင် သွားရောက်တယ်။ နာရေး လမ်းကြောင်းကြုံတယ်ဆိုရင် ကိုယ်တိုင် အလောင်းထမ်းပြီးတော့ သင်္ချိုဟ်တဲ့နေရာကို ပို့ပေးတယ်။ ညအိပ်ရတဲ့ဒေသမျိုးတွေ ရောက်တယ်ဆိုရင် ဆရာတော် ဦးတိက္ခလည်း ဟောတယ်။ ဦးနေမိန္ဒ ကိုယ်တိုင်လည်း ကြုံရင်ကြုံသလိုပြောပြီး အယူအဆ အစွဲအလမ်းတွေကို တိုက်ဖျက်ရတယ်"



**"ဘယ်လိုအကြောင်းတရားတွေနဲ့ အဓိက ထားပြီး တိုက်ဖျက်လဲ။"**

"လူတွေက သေသွားပြီဆိုရင် လူလူချင်း မကိုင်ချင်၊ မတွယ်ချင်တော့ဘူး။ ရပ်ကွက်ထဲမှာညဆိုရင်လည်း အိမ်ပြင်မှာ သေတဲ့သူကို အထဲမထည့်ချင်ဘူး။ ရပ်ကွက်အပြင်မှာ သေတဲ့သူဆိုလည်း ရပ်ကွက်ထဲ မထည့်ကြဘူး။ ဒါတွေက အယူအဆအလွဲတွေ၊ တိရစ္ဆာန် မသာတွေကျတော့ ခုတ်ထစ်ချက်ပြုတ်ပြီး ပါးစပ်ထဲကိုထည့် မြိန်ရေရှက်ရည် စားနေကြတယ်။ တကယ်တော့ လူတွေရဲ့ပါးစပ်က သင်္ချိုင်းပါပဲ။ ဒါတွေက ပြန်စဉ်းစားဖို့လိုတယ်။ လူသားချင်းစာနာဖို့ လိုအပ်တယ်။ နိုင်ငံရပ်ခြားမှာ သေတဲ့လူတွေရဲ့အလောင်းကို လေယာဉ်နဲ့ ဖြတ်သန်းသယ်နေကြတာ။ ကိုယ့်ခေါင်းပေါ်ကနေ အလောင်းတွေဖြတ်နေတာ။ ဒါကိုများ ကိုယ့်အိမ်ရှေ့ နာရေးကားလာရင် မကြိုက်ကြဘူး။ အဲဒီအယူအဆတွေ ပျောက်ဖို့လိုတယ်။ သေတဲ့ သူရဲ့ အဝတ်အစားတို့၊ ပုဆိုးတို့ကြတော့ ဖြတ်ပြီး ခန်းစီးတွေ ချုပ်တယ်၊ အိပ်ရာခင်း ချုပ်တယ်။ ဘုန်းကြီးကျောင်း လှူတယ်။ နားကပ်တို့ ဆွဲကြိုးတို့ကြတော့ ဘုန်းကြီးကျောင်း မလှူတော့ဘူးလား။ အဲဒီ လက်ဝတ်လက်စားတွေကျတော့ မခိုက်ဘူးလား။ ဖြန့်သုံးသပ်ဖို့ လိုတယ်။ နာရေးကားလာရင် ခိုက်တယ်၊ နိမိတ်မရှိဘူးဆိုတဲ့ အယူအဆတွေ ပျောက်ကွယ်သွားဖို့ လိုအပ်နေတယ်။"

*အချို့သောပြည်သူများသည် လူသေသည့်ကိစ္စကို အမင်္ဂလာဟု ထင်မြင်နေကြသည်မှာ အယူအဆ မှားယွင်းနေကြောင်း ပြောပြီး တိုင်းပြည်တစ်ပြည် ထူထောင်ရာတွင် လူအများ၏ စိတ်နေစိတ်ထားက အရေးကြီးကြောင်း ပြောပြပြန်သည်။*

"လူတွေအနေနဲ့က ဆင်းရဲသူ၊ ချမ်းသာတဲ့သူ၊ ဂုဏ်သိက္ခာရှိတဲ့သူ၊ အောက်ခြေလူတန်းစားရော အထက်တန်းလွှာရော၊ အယူသီးတာ ပပျောက်ဖို့ အရေးကြီးတယ်။ တိုင်းပြည်တစ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



ထူထောင်ရာမှာ လူတွေရဲ့ စိတ်နေစိတ်ထားက အရေးကြီးတယ်။ စိတ်နေစိတ်ထား ကောင်းရမယ်။ အယူသီးတယ်ဆိုတာ ကျွန်တော်က ဒီအလုပ်လုပ်နေလို့ အယူသီးမှုကို လက်မခံတာမဟုတ်ဘူး။ ဘယ်အလုပ်ကိုလုပ်လုပ် အယူသီးမှုရှိတာ မကောင်းဘူး။ လူဆိုတာ ဘယ်သူမဆို မွေးပြီးရင် သေမှာပဲ။ ဘာဖြစ်လို့ သေတဲ့လူသေကောင်ကို ကြောက်ရွံ့ရှုံရှာနေရတာလဲ။ ဘာဖြစ်လို့ မင်္ဂလာမရှိဘူးလို့ ပြောနေတာလဲ။ ကိုယ်လည်း တစ်ချိန်မှာ သေကြရမှာပဲ။ လူသေမှုက မင်္ဂလာမရှိဘူး။ လာဘ်ပိတ်တယ်လို့ ပြောတဲ့သူတွေကရော ပြောပြီးရင် မသေတော့ဘူးလား။ အချိန်မရွေး သေသွားနိုင်တယ်"

**"အဲဒီတော့ ဘယ်လိုစိတ်ထားမျိုးတွေ မွေးမြူသင့်လဲ"**

"ကိုယ်အသက်ရှင်နေတုန်း ကိုယ်ဘယ်လိုကောင်းအောင်လုပ်မလဲ။ ဒါတွေက စဉ်းစားဖို့ကောင်းတယ်။ ကောင်းမှုလေးတွေ အကောင်အထည်ဖော် လုပ်တဲ့နေရာမှာ အဲဒီလုပ်ငန်းအပေါ်မှာ စိတ်ထားလေးထားတတ်ဖို့ လိုအပ်တယ်"

*ပရဟိတလုပ်ငန်းများကို လုပ်ကိုင်ရာတွင် ကိုယ်ကျိုးမငဲ့ကွက်ဘဲ အများအကျိုးအတွက် စွန့်လွှတ်အနစ်နာခံ လုပ်ခဲ့ရကြောင်းကို ယုံကြည်ချက်အပြည့်ဖြင့် ပြောသောအခါ မကြာသေးခင်ကမှ လက်ဆောင်ရထားသည့် ဆူးလေဘုရားပုံပန်းချီကား အနီရဲရဲကိုကြည့်ပြီး ပြောပြပြန်သည်။*

"ပရဟိတဆိုတာ အများအကျိုးဆောင်တဲ့ကိစ္စဆိုတော့ လုပ်သင့်လုပ်ထိုက်တဲ့ဟာ၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဟာဖြစ်လို့ အများအတွက် လုပ်ဆောင်ပေးရမှာပဲ။ ကိုယ်ကျိုးမပါဘဲ ကိုယ့်ဘက်က စွမ်းစွမ်းတမံ ဆောင်ရွက်ဖို့လိုပါတယ်။ အနစ်နာခံမှု စွန့်လွှတ်မှုတွေနဲ့ လုပ်မှသာ ပရဟိတလို့ ခေါ်တာပါ။ ကိုယ့်ဘက်က စွန့်လွှတ်မှုနဲ့ ၂၀၀၁ ခုနှစ်ကတည်းက အခုအချိန်အထိ ရပ်တည်နေတာ၊ စွန့်လွှတ်စွန့်စားခဲ့ရာတွေ အများကြီးပဲ။ ထိုင်ပြောရင် ဆုံးမှာမဟုတ်ဘူး"

*လူသားချင်းစာနာပြီး နာရေးကူညီမှုလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ နိုင်ငံတကာမှ လာရောက်လေ့လာမှုများ ရှိနေသောကြောင့် စေတနာဖြူစင်စွာဖြင့် လုပ်ကိုင်ပေးသူများနှင့် အသင်းကြီးအတွက် အဘက်ဘက်မှ ကူညီပေးကြသူများကိုယ်စား ဂုဏ်ယူမိကြောင်း ခပ်ဝံ့ဝံ့ အသံဖြင့် ပြောပြပြန်သည်။*

"မသာချတဲ့အလုပ်ကို အယူသီးတဲ့သူတွေနဲ့ မတူညီတဲ့သူတွေအတွက်ကတော့ တင့်တောင့်တင့်တယ်မရှိတဲ့ အလုပ်လို့ ထင်ကြတယ်။ နိမ့်ကျတယ်လို့ သတ်မှတ်ထားကြတယ်။ အဲဒီလို အနိမ့်ကျဆုံးအလုပ် လုပ်နေတဲ့သူတွေကို နိုင်ငံတကာက ခေါင်းဆောင်ကြီးတွေ၊ သံအမတ်ကြီးတွေ၊ ပညာရှင်တွေက စိတ်ဝင်တစား လာပြီးလေ့လာတော့ အဲဒီအတွက် အသင်းရဲ့ကိုယ်စား ဂုဏ်ယူတယ်။ အဲဒီလို အနိမ့်ကျဆုံးအလုပ် လုပ်တယ်ဆိုပေမယ့် ကျွန်တော်တို့က လူသားအကျိုးပြုလုပ်ငန်း လုပ်ကိုင်ရလို့ ကျေနပ်တယ်။ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေက မှန်ကန်တယ်။ ကျွန်တော်တစ်ယောက်တည်းအတွက် မပြောဘူး။ ဒီအသင်းမှာလာပြီး စေတနာစိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



အပြည့်နဲ့ ဇွဲရှိရှိလုပ်နေတဲ့သူတွေအတွက်လည်း ပြောတယ်။ ဒီအသင်းကြီးကို ဖေးမကူညီကြတဲ့ ပြည်သူလူထုကြောင့်လည်း အောင်မြင်လာတာလို့ ပြောချင်တယ်”

**“ဘယ်လိုအရာတွေကို ဘယ်လိုစိတ်ဓာတ်တွေနဲ့ ဇွဲရှိရှိ လုပ်ကိုင်ခဲ့တယ်ဆိုတာ ပြောပြပါဦးလား”**

“ဇွဲရှိရှိနဲ့ လုပ်ကိုင်ခဲ့ရတယ်။ လုပ်ကိုင်လို့ အောင်မြင်နေပြီဆိုပြီး မသာယာဘူး။ သာယာနေလို့မရဘူး။ ဒီထက်ပိုပြီး ဘာတွေလုပ်နိုင်မလဲဆိုတာ စဉ်းစားနေရတယ်။ အများအတွက် ဘာလုပ်ရမလဲဆိုတာ ခေါင်းထဲမှာ နေ့စဉ်ထည့်ပြီး စဉ်းစားနေရတယ်။ အကောင်အထည်ဖော်ပေးနေရတယ်။ ဒီလို ပရဟိတလုပ်ငန်း လုပ်ကိုင်တာမှာလည်း အတိုက်အခိုက်က ရှိတာပဲ။ အရင်တုန်းကတစ်မျိုး၊ အခုတစ်မျိုး။ အတွင်းရန်၊ အပြင်ရန်တွေက ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ လာနေကြတယ်။ ကိုယ်က ၂၀၀၁ ကတည်းက လုပ်ခဲ့တာ။ အခုလို အောင်မြင်လာတဲ့အချိန်ကျမှ အချို့က ကျော်သူက နာမည်ကြီးချင်လို့ လုပ်တာဆိုတာမျိုးတွေ ရှိလာတယ်”

*နာရေးကူညီမှုလုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကြီးချင်၍ လုပ်ကိုင်ခဲ့ခြင်းမဟုတ်ကြောင်း။ ယခင်ကတည်းက ကျော်သူဆိုသည်မှာ နာမည်ရှိပြီးသားဖြစ်ကြောင်း။ ရှိခဲ့သည့်နာမည်ကို နာရေးကူညီမှုလုပ်ဖို့သာ မြှုပ်နှံခဲ့ရကြောင်း စကားသံခပ်သြသြဖြင့် ပြောပြပြန်သည်။*

“အချို့တွေက ကျော်သူက နာမည်ကြီးချင်လို့ လုပ်နေတာလို့ ပြောကြတယ်။ အတွေးအခေါ်တွေက လွဲနေတယ်။ ကျော်သူက နာမည်ကြီးစရာ မလိုပါဘူး။ နာရေး အသုဘပဲချချ ရုပ်ရှင်ပဲရိုက်ရိုက် ကျော်သူက နာမည်ရှိပြီးသား။ ကျော်သူက ကျော်သူပဲ။ နာမည်ကြီးရေး မကြီးရေးက အဓိကမဟုတ်ဘူး။ လူ့ဘဝကို တန်ဖိုးရှိရှိ ဘယ်လိုဖြတ်သန်းမလဲ။ ကိုယ့်ကိုယ်ကိုယ် ကြည်ညိုအောင် ဘယ်လိုလုပ်ရမလဲ။ ဒါပဲတွေးတယ်။ ကိုယ့်ကိုယ်ကိုယ် မကြည်ညိုရင် အများအကျိုးလုပ်တာက အလကားပဲ။ အရာရောက်မှာမဟုတ်ဘူး။ ဘုရားလည်းကြိုက်မှာမဟုတ်ဘူး။ ဘုရားကြိုက်တဲ့အလုပ်က ကိုယ့်သီလ ကိုယ်လုံရမယ်။ ဒါပေမယ့် အဖွဲ့အစည်းနဲ့လုပ်တဲ့အခါကြတော့ လူပေါင်းစုံနဲ့ လုပ်ကိုင်ရတော့ ပါးစပ်ပေါက်အမျိုးမျိုးက ပြောတာကိုတော့ ခံနိုင်ရည်ရှိအောင် စိတ်ဓာတ်မွေးရတယ်”

*အများနှင့်ပတ်သက်၍ လုပ်ကိုင်ရသော လုပ်ငန်းဖြစ်သောကြောင့် အကောင်းအဆိုး ဝေဖန်မှုကို တုန်လှုပ်မှုမရှိဘဲ လုပ်ကိုင်နေရကြောင်း အသံခပ်မာမာဖြင့် လက်ကိုပိုက်ပြီး ပြောပြပြန်သည်။*

“အလုပ်လုပ်တဲ့နေရာမှာ ဝေဖန်မှုတွေ၊ တိုက်ခိုက်မှုတွေရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘာကိုမှ ဂရုမစိုက်ဘူး။ ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်တယ်။ ကိုယ့်လိပ်ပြာ ကိုယ်သန့်တယ်။ ကိုယ့်ကိုယ်စောင့်နတ်သိတယ်။ လူတစ်ယောက်ကို ဝေဖန်တော့မယ်ဆိုရင်၊ အပုပ်ချတော့မယ်ဆိုရင်၊ စွပ်စွဲတော့မယ်ဆိုရင် ကိုယ်ကရော ဘယ်လောက်လိပ်ပြာသန့်လဲ။ ငွေရေးကြေးရေးနဲ့ စွပ်စွဲမလား။ လူမှုရေးအရှုပ်အထွေးနဲ့ စွပ်စွဲမှာလား။ အုပ်ချုပ်မှုအပိုင်းကို စွပ်စွဲကြမှာလား။ အဲဒီလို စွပ်စွဲမယ်ဆိုရင် ကိုယ်ကရော လွတ်လွတ်ကင်းကင်းရှိရဲ့လား။ ကိုယ့်ရဲ့သမိုင်း။ ကိုယ့်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်း။ ကိုယ့်ရဲ့လုပ်ဆောင်မှုတွေကို ပြန်ကြည့်ဖို့လိုတယ်။ ငါက ဘာတွေများပေးခဲ့သလဲ။ ငါက ဘယ်လောက်များ အာဏာရှင်ဆန်ခဲ့သလဲ။ ဒါတွေကို ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ပြီးမှ ဝေဖန်ကြဖို့လိုတယ်။ လူမှုရေးလုပ်တဲ့နေရာမှာလည်း အတိုက်အခိုက်တွေကို ပုံစံအမျိုးမျိုးနဲ့ ခံခဲ့ရပါတယ်။ ဒါတွေကို ဂရုမစိုက်ဘူး။ အများအတွက် အကောင်းဆုံးလုပ်ပေးနေတဲ့အတွက် ကိုယ့်လမ်းကို ယုံကြည်ချက်နဲ့ ဆက်လျှောက်မှာပေါ့"

**"ဦးမောင်အနေနဲ့ စာတွေဘာတွေ ပြန်ရေးနေတော့ ဘယ်အချိန်မှာ ဘယ်လိုအကြောင်းအရာတွေကို ထပ်ရေးသွားမို့ ရှိလဲ"**

"စာရေးတယ်ဆိုတာကတော့ ခံစားချက်ရှိတဲ့အခါ ရေးမယ်။ စာရေးတာကတော့ ကိုယ့်ရဲ့ ပင်မအလုပ်မဟုတ်ဘူး။ တစ်ခါတလေ စိတ်ထဲမှာရှိတာကို ရေးမယ်"

*လူမှုရေးလုပ်ငန်းများနှင့်သာ ဘဝကို ကုန်လွန်ဖြတ်သန်းနေရသောကြောင့် ဝါသနာပါသည့် ပန်းချီကိုလည်း မဆွဲဖြစ်သေးကြောင်း။ ယခုလတ်တလော လက်ဆောင်ရထားသော ပန်းချီကားကို ထပ်မံကြည့်ပြီး အားမလိုအားမရအသံဖြင့်-ပြောပြန်သည်။*

"အရင်နှစ်တွေကဆိုရင် ကျွန်တော့်မွေးနေ့ရောက်တဲ့ နိဝင်ဘာလမှာ ပန်းချီပြပွဲလုပ်တယ်။ ဒါမှမဟုတ်ရင် ဒွေးဇီးကွက်ရဲ့မွေးနေ့ ဇန်နဝါရီလမှာ လုပ်ဖြစ်တယ်။ ဒီနှစ်ကတော့ ပန်းချီ တစ်ကားမှ မဆွဲဖြစ်တော့ဘူး။ နာရေးကူညီမှုလုပ်ငန်းကို ဇောက်ချပြီးလုပ်ဖြစ်နေတာကြောင့်ပါ။ နောက်ပိုင်းမှာ ပန်းချီနဲ့ စာတွေ၊ ကဗျာတွေကို အချိန်ရရင် ရသလိုတော့ ဆွဲဖြစ် ရေးဖြစ်နေမှာပါ။"

**"ဦးမောင်အနေနဲ့ ဘာတွေများ ထပ်ပြောချင်သေးလဲ"**

"အခုလတ်တလော အခြေအနေအရ အသင်းမှတ်ပုံတင်ထားတယ်။ မှတ်ပုံတင်ကျရင် တရားဝင်လုပ်ဆောင်ခွင့်ရတော့မယ်။ တကယ့်ကို ဖိဖိစီးစီး ကျစ်ကျစ်လျစ်လျစ်နဲ့ အများအကျိုးကို တရားဝင် ထမ်းဆောင်ရတော့မယ်။ အဲဒီအခါကျရင် ကျွန်တော်တို့အပိုင်းမှာ အားနည်း၊ အားလျော့တာတွေ၊ စည်းကမ်းပိုင်းတွေကို ပိုမိုကောင်းမွန်အောင် လုပ်သွားမယ်။ လူမှုရေး အရှုပ်အထွေးကင်းဖို့နဲ့ အရက်သေစာ မသောက်စားဖို့အတွက်လည်း ထိထိရောက်ရောက် ဆောင်ရွက်သွားမယ်။ တာဝန်ယူမှုအပိုင်းတွေကို တင်းတင်းကျပ်ကျပ် လုပ်သွားမယ်။ တင်းကျပ်တယ်ဆိုတာကလည်း အာဏာရှင်စနစ်ကို သုံးတာမဟုတ်ပါဘူး။ အများအကျိုးကို ထမ်းဆောင်တဲ့နေရာမှာ တာဝန်ကျေမှုကို လိုချင်လို့ပါ။ အသင်းကြီးအပေါ် တကယ့်စေတနာနဲ့လုပ်ဆောင်တဲ့ မျိုးဆက်သစ်တွေ ဆက်လက်မွေးထုတ်ပြီး လက်လွှဲလို့ရတဲ့အခါ သင့်တော်တဲ့သူတစ်ဦးဦးကို ပခုံးလွှဲပေးမှာပါ။ နာရေးဥက္ကဋ္ဌတော့ တစ်သက်လုံး မလုပ်ပါဘူး။ တာဝန်လွှဲပြောင်းပေးပြီးတဲ့ အခါကျရင်တော့ တရားဘာဝနာအားထုတ်ပြီး ဘဝကို ငြိမ်းငြိမ်းချမ်းချမ်း ဖြတ်သန်းသွားဖို့ ဆုံးဖြတ်ထားပါတယ်။"

**ဆွေဝင်းနိုင်**

www.burmeseclassic.com

www.burmeseclassic.com



# ရွေးလိုက်တဲ့ လမ်း



**ပရဟိတလုပ်ငန်းတွေ စလုပ်ဖြစ်ပုံ၊ စိတ်ကူးလေးနဲ့စပြီး အကောင်အထည်ဖော်ဖြစ်ပုံလေး ပြောပေးပါ။**

အရင်တုန်းကတော့ ကျွန်တော်က ရုပ်ရှင်သရုပ်ဆောင်ပေါ့။ ဒါရိုက်တာလည်းလုပ်ရင်း အနုပညာလောကထဲမှာ ရပ်တည်နေတာ။ ရပ်တည်နေရင်း ပရိသတ်ကချီးမြှင့်တဲ့ ငွေကြေးနဲ့ သားတွေသမီးတွေ ပညာတတ်ဖြစ်အောင် ကျွန်တော်လုပ်ခဲ့တယ်။ ကျွန်တော်တို့ မိဘမျိုးရိုးက လည်း ပိုက်ဆံရှိတဲ့ အသိုင်းအဝိုင်းပေါ့။ ကျွန်တော်ဝါသနာပါတဲ့အတွက် ကျွန်တော် အိမ်ထောင်ကျပြီး ဒီအနုပညာအလုပ်ကို ကျွန်တော်လုပ်တယ်။ လုပ်ပြီး ကိုယ့်ဘဝကိုယ် ရပ်တည်တာပေါ့။ တစ်ရက်မှာ နာမည်ကြီးနေတဲ့အချိန်ပေါ့။ ကျွန်တော့်သမီးလည်းပါတယ်။ သူတို့ ငယ်ငယ် ကတည်းက ကျွန်တော်က သင်္ကြန်တွေဘာတွေဆိုရင် တရားစခန်းတွေ ပို့ပို့ပေးတယ်။ သူ့အမေ က ပို့တာပေါ့။ အင်းစိန်ဆရာတော်ရဲ့ကျောင်းမှာ သွားပို့တော့ အဲဒီမှာ သမီးကနေပြီးတော့ မေးတဲ့မေးခွန်းကို ဆရာတော်တို့ကျောင်းကထုတ်တဲ့ စာအုပ်ထဲမှာ ပါလာတာကို ကျွန်တော် ဖတ်မိတယ်။ အဲဒီမှာ နည်းနည်း ကျွန်တော့်ဘဝက ပြောင်းတာ။ သမီးက မေးတယ်။ ရုပ်ရှင် မင်းသား၊ မင်းသမီးတွေက သေတယ်ဆိုရင် ဘယ်ဘုံရောက်လဲလို့ ဆရာတော်ကြီးကို မေးတယ်။ အဲဒီမှာဆရာတော်က ပြန်ဖြေတယ်။ ငရဲကိုရောက်တယ် ဆိုပြီးတော့။ အဲဒီမှာ နည်းနည်းလေး တုန်လှုပ်သွားတယ်။ ယောဆရာတော်တို့၊ ဆရာတော်ဦးဇောတိကတို့၊ အရှင် ဆန္ဒာဓိကတို့၊ နောက် မဟာဂန္ဓာရုံဆရာတော်၊ သူတို့ရဲ့စာအုပ်တွေဖတ်တယ်။ ဖတ်ပြီးတော့ ဒီ ဘာသာရေးနဲ့ နွယ်ပြီးတော့ ပရဟိတကို စိတ်ဝင်စားတယ်။ အဲဒီလို စိတ်ဝင်စားတဲ့အချိန်မှာ ကျွန်တော့်အဖွား ဆုံးတယ်။ အဖွားဆုံးတော့ အဖွားရဲ့ဘော်ဒီကို ဆေးရုံကြီးရေခဲတိုက်ကနေပြီးတော့ နိဗ္ဗာန်ယာဉ် ပေါ်ပို့တယ်။ အဲဒီတုန်းက စည်ပင်သာယာအဖွဲ့ကားကိုခေါ်တယ်။ သင်္ဂြိုဟ်ဖို့၊ သုသာန်သွားဖို့

www.burmeseclassic.com





ကားရောက်လာတယ်။ ကားကလည်း တော်တော်လေး စုတ်စုတ်ပြတ်ပြတ်နဲ့၊ မီးခိုးတထောင်းထောင်းနဲ့၊ အိတ်ဇောငွေ့တွေနဲ့ ရောက်လာတာပေါ့။ ကားတံခါးဖွင့်တော့ အထဲမှာ ပိုင်ရှင်မဲ့အလောင်းတွေ သုံးလောင်းပါတယ်။ ပါတော့ ဒီလိုမျိုးကြီးတွေက မဖြစ်သင့်ဘူးဆိုပြီး အဲဒီမှာ ကျွန်တော်သိတယ်။ သိပြီးနောက် ဘဘဦးသုခကလည်း ဆေးရုံတက်တယ်။ အဲဒီဆေးရုံမှာ သူ့ဘေးက လူနာက ဆေးရုံမှာလာတက်ကုနေတာ။ သူ့မိသားစုတွေလည်း နေ့တိုင်းလာတာပေါ့။ တစ်ရက်ကျတော့ ဆရာဝန်ကနေပြီးတော့ ခင်ဗျားတို့ အမေကြီးကို အိမ်ပြန်ခေါ်သွားတော့။ ကျွန်တော်တို့ ဆေးလည်း အစွမ်းကုန်ကုပြီးပြီလို့ ပြောလိုက်တယ်။ ပြောလိုက်တဲ့နေ့ကစပြီး သူ့မိသားစုက မလာတော့ဘူး။ မလာဘဲနဲ့ ဒီလိုပဲ ဆေးရုံမှာဆုံးသွားတယ်။ ဆုံးသွားတော့ ပိုင်ရှင်မဲ့အလောင်းအနေနဲ့ပဲ ဆေးရုံက သင်္ဂြိုဟ်လိုက်တယ်။ အဲဒါကို ဘဘကနေပြီးတော့ ဘာကြောင့်ဆိုတာ စုံစမ်းတော့ ဒီအမေကြီးကို သူတို့မိသားစုက အိမ်ပြန်ခေါ်သွားရင် ကျွေးမွေးရမယ့်စရိတ် မတတ်နိုင်ဘူး။ သေရင်လည်း အသုဘချရမယ့်စရိတ် မတတ်နိုင်ဘူး။ အဲဒါသိတဲ့အတွက် ဘဘကလည်း ဒီနာရေးအသင်း လုပ်မယ်ဆိုပြီး စပြီး စိတ်ကူးဖြစ်တယ်။ ကျွန်တော့် အမျိုးသမီး ရွှေဇီးကွက်ရဲ့ အဒေါ်ကလည်း ကျွန်တော်တို့ နာရေးအသင်းထက် နှစ်နှစ်လောက် စောတယ်။ မန္တလေးမြို့က ဗြဟ္မစိုရ် နာရေးအသင်း၊ သူ့အဒေါ် ဒေါ်လှမြတ်က အဲဒီမှာ နာယက အဖြစ်ပါတယ်။ အဲဒီမှာ သူ သတင်းတွေ ကြားကြားနေတာ။ သူကလည်း လုပ်ချင်တယ်ဆိုပြီးတော့၊ ဘဘကလည်း ဒီအသင်းစဖွဲ့မယ်ဆိုတာ သိတာနဲ့ ကျွန်တော်တို့လင်မယားနှစ်ယောက် သွားပြီးတော့ ငွေသွားလှူတယ်။ လှူပြီးတော့ ကျွန်တော့်ကို အားပေးတယ်ပေါ့လေ။ ဒီအမှုဆောင်အဖွဲ့မှာ လုပ်မလားတဲ့။ ကျွန်တော်မလုပ်ဘူး၊ အသင်းသားအနေနဲ့ပဲလုပ်မယ်။ ရုပ်ရှင်ကလည်း တစ်ဖက်ဆိုတော့ အဲဒီမှာ နာရေးအသင်း စလုပ်ဖြစ်တယ်။ လုပ်ရင်းနဲ့ တဖြည်းဖြည်း လူတွေ သေတာများတယ်။ အခုဆိုရင် တစ်ရက်ကို လေးဆယ့်ငါးနဲ့ ငါးဆယ် ပုံမှန်ပဲ ပျမ်းမျှ သင်္ဂြိုဟ်ပေးရတယ်။ အဲဒီတော့ လူတွေ ဘာကြောင့်သေတာလဲ။ ဆေးဝါးမကုသနိုင်လို့သေတယ်။ အဲဒီတော့ ကျန်းမာရေး ကူညီစောင့်ရှောက်မှုလုပ်မယ်ဆိုပြီးတော့ သုခကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပြီး ဆေးကုပေးတယ်။ မျက်စိခွဲခန်းရော၊ ရောဂါအစုံ ကျွန်တော်လုပ်ပေးတယ်။ လုပ်ပေးတာ လူနာက အခုတစ်ရက်ကို အယောက်နှစ်ရာကျော်တယ်။ အခမဲ့ကုပေးတယ်။ ဘာကြောင့် လူသားတွေ ဒီလိုဖြစ်တာလဲဆို ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ဖို့ အသိဉာဏ် နည်းပါးလို့။ ဒါကြောင့် ပညာရေးကို ကျွန်တော်လုပ်တယ်။ လုပ်ပြီးတော့ အခု သဘာဝ ဘေးတို့၊ စစ်ဘေးတို့ ကျွန်တော်တို့ အားလုံးကို တတ်နိုင်သလောက်လုပ်တယ်။

**ကျွန်တော်တို့သိထားတာက အတ္တဟိတ ပရဟိတပေါ့။ အတ္တဟိတ ပြည့်စုံမှ ကျွန်တော်တို့ ပရဟိတ လုပ်ရတယ်ပေါ့။ ကိုယ့်အတွက် စားဝတ်နေရေးသော်လည်းကောင်း၊ စီးပွားရေးသော်လည်းကောင်း ပြည့်စုံနေမှ သူတစ်ပါးရဲ့ အကျိုးစီးပွားကိုရှုပ်ပေးချင်တဲ့ စိတ်က လူမျိုးတိုင်းရဲ့ရင်ထဲမှာ ရှိတယ်တဲ့။ အတ္တဟိတ ပရဟိတပေါ့နော်။ အဲဒီတော့ ကိုမောင့်အနေနဲ့ အတ္တဟိတ ပြည့်စုံလို့လား။**

www.burmeseclassic.com

www.burmeseclassic.com





**" ဒီပရဟိတ လုပ်ရင်းလုပ်ရင်းနဲ့ အတ္တဘက် ပြောင်းသွားတာမျိုးတွေရှိတယ်။**

**မပြည့်စုံမှုသော်လည်းပဲ ပရဟိတအတွက် လုပ်ချင်စိတ်ကဲသွားလို့လား။**

အတ္တဟိတပြည့်စုံမှ ပရဟိတလုပ်ရမယ်ဆိုရင် ဦး ... တို့၊ ဦး ... တို့၊ ဦး ... တို့ မပြည့်စုံ သေးဘူးလား။ ဒါပဲမေးရမှာပဲ။ အူမတောင့်မှ သီလစောင့်မယ်ဆိုတာ မဟုတ်ဘူး။ သီလစောင့်မှ အူမတောင့်မှာ။ ကိုယ့်ကိုကိုယ် ပြည့်စုံမယ်ဆိုတာလည်း ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး။ မပြည့်စုံတဲ့ကြားထဲကနေ အများတကာအတွက် ကူညီပံ့ပိုးပေးရတာပဲ။ တစ်ခုတော့ရှိတယ်။ ဒီပရဟိတ လုပ်ရင်းလုပ်ရင်းနဲ့ အတ္တဘက် ပြောင်းသွားတာမျိုးတွေရှိတယ်။ အဲဒါကို သတိထားရတယ်။ ကိုယ့်ကိုကိုယ် အမြဲတမ်း ဝေဖန်သုံးသပ်နေရတယ်။ အတ္တဘက် ပြောင်းသွားတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ အသင်းအဖွဲ့တွေပေါ့လေ။ အဲဒါကိုတော့ တော်တော်သတိထားရတယ်။

**ကျွန်တော်တို့ ငယ်ငယ်လေးတုန်းက ကြားဖူးတာလေ အများအကျိုးဆောင်ရင် ကိုယ့်အကျိုးအောင်တယ်လို့။ အခု ကိုမောင်အနေနဲ့ရော အများအကျိုးတွေ ဆောင်ခဲ့တဲ့အခါမှာ ကိုယ့်အကျိုးတွေရော အောင်ခဲ့လား။ အဲဒါလေး ပြောပြပေးပါဦး။**

ကိုယ့်အကျိုးအောင်တာ မအောင်တာ ကျွန်တော် ခေါင်းထဲမထည့်ဘူး။ အများအတွက်ကို လုပ်ပေးရရင် ပြီးတာပဲ။ နာရေးဆိုရင် နာရေးရှင်တွေရဲ့ အပူမီးကို ငြိမ်းပေးနိုင်တယ်။ ငြိမ်းပေးလိုက်တယ်။ တချို့ဆိုရင် အရင်တုန်းက ကိုယ်တိုင်ကားမောင်းတယ်။ သူတို့ရဲ့ ဦးလေးတို့ရဲ့ အဖေတို့ရဲ့အလောင်း မီးသဂြိုဟ်စက်ထဲရောက်နေပြီ၊ ထည့်တော့မယ်၊ ကားရပ်ထားပြီးပြီ။ သူတို့အဖေ၊ သူတို့ဦးလေးရဲ့ အလောင်းကို မေ့နေတယ်။ ကျွန်တော့်ဆီကိုလာတယ်။ ဦးကျော်သူ ကျေးဇူးတင်ပါတယ်။ လိမ္မော်သီးစားပါဦး၊ အော်တိုလေးရေးပေးပါဦး။ တဒင်္ဂ သူတို့ရဲ့ အပူတွေ ငြိမ်းသွားတယ်။ အဲဒီပီတိလေးကို ရတယ်ပေါ့။ အဲဒါပဲ။ ဒီ ပရဟိတလုပ်တယ်ဆိုတာ ဘာမျှော်လင့်ချက်မှ မထားရဘူး။ အများအတွက် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုတည်းကို ဦးတည်ပြီး လုပ်ပေးရတယ်။

**ကိုမောင် ပထမဦးဆုံး ပရဟိတလုပ်တုန်းက စိတ်ခံစားမှုနဲ့ ဝမ်းသာပီတိလေးကို မှတ်မိဦးမလား။**

ပထမဦးဆုံးအလောင်းက ပန်းပုဆရာကြီး ဦးဟန်တင် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှာ ကျွန်တော်စပို့တယ်။ အဲဒီတုန်းက ကျွန်တော်တို့ ဒီနိဗ္ဗာန်ယာဉ်ပေါ်လည်း တက်ဖူးတာ မဟုတ်ဘူး။ ပထမဦးဆုံး မောင်းရတယ်။ ကိုယ်က ကားမောင်းတတ်တယ်။ ဒါပေမယ့် ကိုယ်မောင်းရတဲ့ကားက နိဗ္ဗာန်ယာဉ်။ အနောက်မှာက သေဆုံးသူရဲ့ ခန္ဓာကိုယ်ပါတယ်ဆိုတော့ စိတ်ထဲမှာတော့ တစ်မျိုးလေးတော့ ဖြစ်တာပေါ့။ ဒီအလောင်းတွေ ဘာတွေထမ်းတာလည်း ပထမဦးဆုံး ထမ်းရတာ။ ဘယ်လို အလောင်းသယ်ရလဲ၊ ဘယ်လို သဂြိုဟ်ရလဲဆိုတာ ကျွန်တော်တို့ နာရေးလောကမှာ နာရေးတက္ကသိုလ်တို့ ဘာတို့ဆိုတာလည်း ရှိတာမဟုတ်ဘူး၊ ကိုယ့်အသိ

www.burmeseclassic.com

www.burmeseclassic.com





စိတ်ခါတ်နဲ့ ကိုယ် အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့ရတာ။ နောက်ပြီး ဒီကားကို မောင်းတဲ့အချိန်မှာ စိတ်က နည်းနည်း စိုးရိမ်စိတ်ကလေးတော့ ရှိတာပေါ့လေ။ အနောက်မှာ အလောင်းပါတယ်။ ကိုယ်က ဒီကားကြီးကို မောင်းနေရတယ်။ သုသာန်ကိုရောက်တယ်။ မီးသင်္ဂြိုဟ်တယ်၊ ဂူသွင်းတယ် စသဖြင့်ပေါ့။ အဲ့လိုဟာတွေရှိတော့ ပထမတော့ နည်းနည်းလေးတော့ စိုးရိမ်စိတ်ကလေးရှိတာပေါ့။ ဒါပေမယ့် ဒီစိုးရိမ်စိတ်ကလည်း ခဏပါပဲ။ နောက် ဒီဟာလေးကို ပြန်စဉ်းစားလိုက်တော့ ပီတိလေးဖြစ်ရတာပေါ့။ တစ်ဖက်မိသားစုရဲ့ ဒီအလောင်းကို လုပ်ပေးရတယ်။ လုပ်ပေးလို့လည်း သူတို့ စိတ်ကျေနပ်သွားတယ်။ ဒါလေးပဲ ပြန်တွေးပြီးတော့ ကုသိုလ်ဘက်က စိတ်တွေးရတာပေါ့။

**ဥပမာ နာရေးတစ်ခုပေါ့။ ကျွန်တော်တို့လို သာမန်လူတွေ ကူညီတာထက်စာရင် ကိုယ်မောင်တို့လို Celebrity တစ်ယောက်က ကူညီပေးတာ သူတို့အတွက် ပိုပြီးတော့ ခွန်အားဖြစ်တာပေါ့။**

အဲဒီသဘောတွေ ရှိတာပေါ့။ ဒါ နာရေးတင် မဟုတ်ပါဘူး။ ကျန်းမာရေးဖြစ်ဖြစ်၊ ပညာရေးဖြစ်ဖြစ် ဘယ်ဒုက္ခမျိုးကိုမဆို နာမည်ကြီးပုဂ္ဂိုလ်တွေ၊ ဒီ အနုပညာသမားတွေက လာပြီးတော့ ကူညီပေးရင် သူတို့အတွက် ပိုပြီးတော့ ခွန်အားဖြစ်တာပေါ့။ ဒါ အတွေ့အကြုံတစ်ခုပြောရရင် ခုနကပြောသလိုပေါ့။ အော်တိုထိုးခိုင်းတာတွေ၊ နောက် ကျွန်တော်တို့ လူကြမ်းအဖွဲ့တွေ လုပ်အားပေးတစ်ခါလုပ်ဖူးတယ်။ လူကြမ်းအဖွဲ့တွေလုပ်တဲ့အချိန် လူကြမ်းတွေ အလောင်းသွားသယ်တော့ ဟာ ... လူကြမ်းတွေလာပြီ၊ လူကြမ်းတွေလာပြီဆိုပြီး ကလေးတွေရော လူကြီးတွေရော အကုန်ပြေးတာ။ မဟုတ်ဘူး။ ကျွန်တော်တို့က ဒီမှာ အသုဘချဖို့အတွက် လာပြီးကူညီပေးတာဆိုပြီးပြောတော့ ဝမ်းသာပီတိဖြစ်ကြတယ်။ အခု နန်းခင်ဇေယျာတို့ လာပြီးလုပ်ပေးတယ်။ သူတို့ မထင်မှတ်ဘူး။ လုယဉ်ကျေးမယ်တစ်ယောက်က အလောင်းကို ကိုယ်တိုင်မပြီး ကိုယ်တိုင်ထမ်းတယ်ဆိုတော့ တော့်တော်လေး အံ့အားသင့်ပြီးတော့ သူတို့အတွက်ကတော့ တကယ်ပီတိဖြစ်စေတာပေါ့။

**ကျွန်တော် ဟိုတလောက ဂျာနယ်ထဲမှာ ဖတ်ရတာ။ ကိုမောင် ဆိုးခဲ့တယ်တဲ့၊ ဆိုးခဲ့တာမှ ကမ်းတောင်ကုန်တယ်ပေါ့နော်။ ဆိုးခဲ့တာတွေကို အသက်အရွယ်ရလာတဲ့အခါမှာ အသိတရားရလာပြီးတော့ အများအတွက် လုပ်ပေးချင်တဲ့စိတ်တွေ ပေါ်လာတယ်ဆိုပြီး။ ကျွန်တော်တို့တောင် အံ့သြနေတာ။ ကိုမောင် သူဆိုးခဲ့တာကို ဗွင့်ပြောရဲတယ်ပေါ့နော်။ အခုအချိန်မှာ။ ဆိုလိုတာက အဆိုးလွန်ရင် အကောင်းကို ကျွံတတ်သလားလို့။ အဲ့ဒါလေး သုံးသပ်ပေးပါ။**

ဒါကတော့ အဆိုးလွန်လို့ အကောင်းကိုကျွံတာတော့ မဟုတ်ဘူး။ ကိုယ်ဆိုးမှန်းသိတယ်။ သိတဲ့အချိန်မှာ ကိုယ်က အကောင်းဘက်ကို ခြေလှမ်းစလှမ်းဖို့ သိတယ်ဆိုကတည်းကိုက ကောင်းတဲ့ဘက်ရောက်ပြီး ကောင်းတဲ့ဘက်ကို ခြေလှမ်းစလှမ်းနိုင်ဖို့ပဲ အရေးကြီးတယ်။ ကိုယ် ဘယ်လိုတေတယ်၊ မိုက်တယ်ဆိုတာ သိပေမယ့် သိပြီးတော့ ရပ်လိုက်တာထက်စာရင် ကောင်းတဲ့ဘက်ကို ခြေလှမ်းလှမ်းတာက ပိုပြီးအကျိုးရှိတယ်။ ဆိုးတာတော့ ဆိုးတာ ကမ်းကုန်တယ်။

www.burmeseclassic.com

www.burmeseclassic.com




ဆိုးပေမယ့် ကောင်းတဲ့အချိန် အခိုက်အတန့် အတိုင်းအတာက ကိုယ့်ဘဝရဲ့ အရင်အတိတ်တုန်းက လုပ်ခဲ့တဲ့ဟာတွေ အချိန်တန်တဲ့ အခါ ကိုယ်က အကောင်းဘက်ကို ရောက်သွားတာပါပဲ။

**ဟိုတစ်ခါ ဂျာနယ်ထဲမှာပါတာ။ ကိုမောင် မင်းသားလုပ်တော့ ပြည်သူလူထုက ကျွေးတဲ့ ထမင်းကို စားပြီးတော့ သူတို့ကို ပြန်ပြီးတော့ ဘာလုပ်ပေးနိုင်မလဲလို့ တွေးကြည့်တဲ့အခါမှာ ဒီပရဟိတလုပ်ငန်းလေးကို စိတ်ထဲရောက်သွားပြီး ဆက်လုပ်ဖြစ်တယ်လို့ ဖတ်လိုက်ရပါတယ်။ အဲဒါလေးတစ်ချက် ကျွန်တော်တို့အတွက် ပြန်ပြောပေးပါဦး။**

အနုပညာသမားဆိုတာ၊ ကျွန်တော်မြင်တဲ့ အနုပညာသမားပေါ့လေ။ အခုလက်ရှိ အနုပညာသမားတွေကတော့ ကြိုက်ချင်မှ ကြိုက်မယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ကျွန်တော်မြင်တဲ့အတိုင်း ပြောမယ်။ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးက ကိုယ်နာမည်ကြီးဖို့လုပ်တာ။ ကိုယ့်မှာ ပရိသတ်ရှိဖို့လုပ်တာ။ ကိုယ်ပိုက်ဆံရဖို့လုပ်တာပဲ။ အဲဒီဟာတွေနဲ့ မလွတ်ကင်းဘူး။ ဒါတွေက အတ္တ။ အဲလိုမျိုးတွေ ကျွန်တော် တစ်ချိန်ကလုပ်ခဲ့တယ်။ လုပ်ခဲ့ပေမယ့် အများကို ဘာမှ ပေးဆပ်ခွင့်မရှိခဲ့ဘူး။ ဥပမာ ဇာတ်လမ်းအားဖြင့်သော်လည်းကောင်း၊ ဇာတ်လမ်းကလည်း အရင်တုန်းက ဇာတ်လမ်းစိစစ်ရေး ပိတ်ဆို့တားဆီးမှုကြောင့် ပြည်သူလူထုကို အကျိုးပြုတဲ့ ကားတွေ ရိုက်ရတာ အင်မတန်ကို ရှားပါးတယ်။ နည်းခဲ့တယ်။ မိဘမေတ္တာလောက်ပဲ ကျွန်တော်တို့က ဖော်ကျူးခဲ့ရတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်ရခဲ့တဲ့ ငွေကြေးနဲ့ ကျွန်တော့်သားသမီးတွေ ပညာတတ်ဖြစ်အောင် နိုင်ငံခြားပို့ပေးတယ်။ ပို့ခဲ့နိုင်တဲ့အတွက် သူတို့ကို ဘယ်လိုပြန်ပြီး ကျေးဇူးဆပ်မယ်ဆိုတာ ဆရာတော် အရှင်ဇနကာဘိဝံသ စာအုပ်တွေ ဘာတွေ ဖတ်ပြီးမှ ကျွန်တော် ဒီအတွေးရောက်တယ်။ ဘယ်လို ပြန်ကျေးဇူးဆပ်မလဲဆိုတော့ ဒီ နာရေးကူညီမှု အသင်း ဘဘဦးသုခကနေပြီးတော့ စပြီး လူတွေရဲ့ဘဝ နောက်ဆုံးခရီးကို လိုက်ပြီးတော့ အဆင်ပြေအောင်လုပ်ပေးတာ အကောင်းဆုံးပဲဆိုပြီးတော့ ဒီလမ်းကို ရွေးလိုက်တာ။

**ကျွန်တော်တို့ မြန်မာပြည်မှာတော့ ကိုမောင် ပထမဦးဆုံးဖြစ်မယ်နော်။**

အနုပညာသမားထဲကတော့ မပြောတတ်ဘူး။ ကျွန်တော့်ထက် ရှေ့ရှိရင်လည်း ရှိမှာပဲ။ တစ်နိုင်တစ်ပိုင်လုပ်နေတဲ့ လူတွေလည်း အများကြီးပါ။ ကိုယ့်ရပ်ကွက်ထဲမှာ၊ ကိုယ့်မြို့နယ်ထဲမှာ တစ်ဦးချင်း လုပ်ပေးနေတဲ့ လူတွေလည်း ရှိမှာပါ။

**ကျွန်တော်တို့ကမ္ဘာမှာတော့ အန်ဂျလီနာဂျိုလီတို့၊ နောက်ဆုံးသွားတဲ့ ဒိုင်ယာနာတို့၊ ဒီ Celebrity ဖြစ်တဲ့လူတွေလို မြန်မာပြည်က ပရဟိတလုပ်တဲ့သူတွေ အဲလို ထွက်မလာသေးဘူးလေ။ အခုဆို မိန်းကလေးပေါ့။**

အဲလို ကမ္ဘာနဲ့ယှဉ်ပြောရင်တော့ သူတို့လုပ်တဲ့ လုပ်ဆောင်ချက်နဲ့ ကျွန်တော်တို့ မြန်မာပြည်မှာလုပ်ရတဲ့ လူမှုရေးသမားတွေက အများကြီးပေးဆပ်ရတယ်။ အနစ်နာခံရတယ်။ တချို့ဆို ဘဝတောင် အပျက်ခံရတယ်။ ကျွန်တော်တို့ဆို ရိုက်ကွင်းတောင် အပိတ်ခံရတယ်။ မိသားစုနဲ့ တကွဲတပြား၊ ကိုယ့်မိသားစု၊ ကိုယ့်သားသမီးဆီကို သွားခွင့်မရခဲ့ဘူး။ ဒါမျိုးတွေ ကိုယ့်ဘက်က စွန့်လွှတ်ခဲ့ရတာတွေ အများကြီး။ ဥပမာ ဂျက်ကီချန်းတို့ဆို သူတို့မှာ အနုပညာကြီးငွေတွေ

www.burmeseclassic.com

www.burmeseclassic.com





အများကြီးရှိတယ်။ အများကြီးရလာတဲ့အတွက် ဒီငွေကို ဘာလုပ်မလဲဆိုပြီးတော့ အများအတွက် သူတို့လုပ်ကြတာ။ လုပ်ကြတဲ့နေရာကလည်း သူတို့ဖွဲ့စည်းထားတဲ့ ဖောင်ဒေးရှင်းတွေ၊ အဖွဲ့အစည်းတွေက ဘာတွေရှိလဲဆိုရင် UN အဖွဲ့အစည်းလိုပဲပေါ့။ ဥက္ကဋ္ဌက ဘယ်လောက်၊ အတွင်းရေးမှူးက ဘယ်လောက် လစာတွေယူကြတယ်။ ကျွန်တော်တို့က လုံးဝမယူဘူး။ ၂၀၀၁ ကတည်းက အခုချိန်ထိ ကိုယ့်ထမင်း ကိုယ်ဝယ်စားနေရတာ။ ကိုယ့်ကားနဲ့ ကိုယ့်ဓာတ်ဆီနဲ့ ကိုယ်သုံးနေရတာ။ နာရေးကူညီမှုအသင်း (ရန်ကုန်)ကနေပြီးတော့ ရပိုင်ခွင့် မရှိဘူး။ ကိုယ်ကသာပေးဆပ်ရတာ။ ကိုယ့်အချိန်တွေ ပေးဆပ်ရတယ်။ ကိုယ့်ငွေကြေးတွေပေးဆပ်၊ အခုဆို ဆုံးတယ်ဆိုရင် ကျွန်တော်တို့နဲ့ပတ်သက်တဲ့ လူတွေဆုံးတယ်။ တချို့အခက်အခဲဖြစ်တဲ့ လူတွေ ဆုံးတယ်။ ကိုယ်က အလှူငွေထည့်ရတယ်။ ပြီးတော့ ကားအက်ဆီးဒင့်ဖြစ်တယ်။ ကားအက်ဆီးဒင့်ဖြစ်ရင် ကျွန်တော်တို့ အရင်တုန်းကဆိုရင် ယာဉ်မောင်းတစ်ယောက်က မောင်းတယ်ဆိုရင် သူပြန်လျော်ရမယ်။ ဒါပေမယ့် တချို့ကကျတော့ ဒုက္ခရောက်တယ်။ ဒုက္ခရောက်တဲ့အခါကျရင် ကဲ ... ဒါဆို အလုပ်အမှုဆောင်အဖွဲ့ကပဲ ဝိုင်းပြီးတော့ ဒီပြင်ဆင်ခ ပိုက်ဆံထည့်ကြရတယ်။ အဲလိုထည့်ရတာများတယ်။ ကိုယ့်ဘက်က အပေးချည်းပဲရှိတယ်။ ဒီမှာက ရယူလိုခြင်း ဘာမှမရှိဘူး။ အဲလိုတော့ ကွာတယ်။

**တစ်ခါ ကျွန်တော် ဖတ်လိုက်ရတယ်။ ကိုမောင် ဒီလို နာရေးကူညီမှုအသင်း လုပ်ခါစက ရပ်ရွာအသိုင်းအဝိုင်းကတောင် ကိုမောင်ကို ကြဉ်တယ်လို့၊ အဲလိုဖတ်လိုက်ရတော့ စိတ်မကောင်းဖြစ်သွားတယ်။ သူလာရင် လာဘ်တိတ်မယ်တို့၊ အဲဒီသဘောမျိုးပေါ့။ ကိုမောင်ကို ကားခေါ်မရိုက်ချင်ဘူးတို့၊ ကိုမောင်ရိုက်ပြီးသားကို မထုတ်ချင်ဘူးတို့ ဖြစ်သွားတယ်ဆိုတော့ တော်တော် စိတ်မကောင်းဘူး။ အမြင်တိမ်တယ်လို့ ကျွန်တော် မြင်တာပေါ့နော်။ သူ ပရဟိတလုပ်တာက သူ့အပိုင်း၊ ဒီဘက် အနုပညာလုပ်တာက သူ့အပိုင်း။ နှစ်ပိုင်းရှိတယ်လို့ ကျွန်တော်မြင်တယ်။ ကိုမောင် အဲဒီတုန်းက တော်တော်များများ နစ်နာခဲ့ဖူးတာလား။**

နစ်နာတာပေါ့။ နစ်နာတာက ကိုယ့်ကို လာကမ်းလှမ်းတဲ့ကားတွေတောင် ကိုယ့်ဆီမရောက်တော့ဘူး။ ဥပမာ အခမ်းအနားပွဲတစ်ပွဲ သွားတယ်ပဲထား။ ဒီရုပ်ရှင်နဲ့ ပတ်သက်တဲ့ အခမ်းအနားပွဲ။ ကျွန်တော်လာတော့ ကျွန်တော့်ကို နှာခေါင်းရှုံ့ပြီး ကြည့်တဲ့အကြည့်တွေ။ နိဗ္ဗာန်ယာဉ် ကားမောင်းသွားတယ်။ မောင်းသွားရင် ရှူတင်အဖွဲ့နဲ့ တွေ့တဲ့အချိန် တချို့စက်မှုအခြေခံအလွှာတွေက ကျွန်တော့်ကို ဝမ်းသာအားရနဲ့ နှုတ်ဆက်တယ်။ တချို့မင်းသားမင်းသမီးတွေက မသိချင်ယောင်ဆောင်ပြီး မျက်နှာလွှဲပစ်လိုက်တယ်။ အရင်တုန်းက သင်္ချိုင်းကျွန်းမှာ ရုံးရှိတာကိုး။ သင်္ချိုင်းကျွန်းမှာ ရုပ်ရှင်အိမ်တွေ အများကြီးရှိတယ်။ အဲဒီအိမ်တွေရှေ့ကနေ အမြဲလိုလိုဖြတ်နေရတယ်။ ဒါမျိုးတွေရှိတာပေါ့။ ရှိပေမယ့်လည်း ဒါတွေက ဆယ်နှစ်ကျော်လာပါပြီ။ ဆယ်နှစ်အတွင်းမှာ ကျွန်တော် ဒါတွေကို တိုက်ဖျက်ခဲ့ပြီးပြီ။ တိုက်ဖျက်နိုင်ခဲ့တဲ့အတွက် အခုဆို အနုပညာသမားမှန်ရင် လူမှုရေးမလုပ်ရဘူးဆိုရင် ဒါ အနုပညာသမား မပီသဘူးဆိုတဲ့ အနေအထားမျိုးဖြစ်လာလို့ အခု အနုပညာသမားတိုင်း လူမှုရေးလုပ်ကြတဲ့အပိုင်းဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com





**ကျွန်တော့်အမြင်ကတော့ ကျဉ်းထဲကျပ်ထဲမှာတောင်မှ ကိုမောင်က လုပ်ခဲ့ပြီးပြီ။ ဒီဘက် ပွင့်လင်းလာတဲ့အချိန် ဝေါခနဲ တံခါးဖွင့်ချလိုက်သလို Celebrity တွေအကုန်လုံး ဟိုမှာလည်း ပရိဟတ၊ ဒီမှာလည်း ပရဟိတနဲ့ ကျွန်တော့်အမြင်ပြောရရင် ယိမ်းကနေသလိုပဲ။ ပေါ်ပြူလာ ယိမ်းကနေသလိုပဲ။ ဒါနဲ့ပတ်သက်ပြီး ကိုမောင် ဆွေးနွေးပေးပါဦး။**

အဲဒါတွေလည်း ပါလာတာပေါ့ဗျာ။ အမှန်ကတော့ ဒါတွေကို ပြည်သူလူထုကနေပြီးတော့ အဆုံးအဖြတ်ပေးမှာပဲ။ လူ့သမိုင်း သူရေးကြတဲ့ကိစ္စ။ အနုပညာသမားတစ်ယောက်က နာမည်ကြီးချင်လို့ အနုပညာနဲ့တင် မကတော့ဘူး။ အများရဲ့မေတ္တာကို ခံယူချင်တဲ့အတွက် လုပ်တာတွေရှိတယ်။ တချို့အဖွဲ့အစည်းတွေဆိုရင် ငွေကြေးကို အလွဲသုံးစားလုပ်ချင်လို့ ဒီ လူမှုရေးအဖွဲ့ကို ဇန်းပြုပြီးတော့ လုပ်တာတွေရှိတယ်။ တချို့ကျတော့ ကျော်သူတို့ကို တိုက်မယ်၊ ဖိုက်မယ်၊ ကျော်အောင် လုပ်မယ်ဆိုတဲ့ အကွက်မျိုးတွေ အများကြီးရှိတယ်။ အဲဒီတော့ ကိုယ့်ကိုကိုယ် ကြည်ညိုနိုင်အောင် ကိုယ်လုပ်ရမယ်။ ကိုယ့်သီလကိုယ်လုံပြီး ကိုယ့်ကိုကိုယ် ကြည်ညိုနိုင်အောင်၊ ကိုယ့်လိပ်ပြာ ကိုယ်သန့်အောင်လုပ်မှ ရေရှည်ခံမယ်။ တစ်ပွဲတိုးလုပ်လို့ရတဲ့ကိစ္စ မဟုတ်ဘူး။ ကိုယ်က ဘယ်လောက်အထိ အနစ်နာခံပြီးတော့ ဘယ်လောက်အထိ ပေးဆပ်နိုင်တယ်ဆိုတာကို အချိန်က အဆုံးအဖြတ်ပေးမှာပဲ။ လူမှုရေးဆိုတာကြီးက အခု အရမ်းကို ပေါ်ပြူလာဖြစ်နေတဲ့ အနေအထားမျိုးဖြစ်နေတယ်။ လူတကာ လူမှုရေးလုပ်ချင်တဲ့စိတ်တွေ ဖြစ်လာတယ်။ ဒါဟာ ကောင်းတယ်။ ဒါပေမယ့် ကိုယ့်ကိုကိုယ် ကြည်ညိုနိုင်လား။ ကိုယ့်ကိုကိုယ် သစ္စာဆိုရဲလား။ အဲဒါ အရေးကြီးတယ်။ သစ္စာဆိုရဲတယ်ဆိုရင် လုပ်ကြ။ အခုက နိုင်ငံရေးသမားတွေကလည်း လူမှုရေးလောကထဲဝင်တယ်။ ခရိုနီတွေကလည်း လူမှုရေးလောကထဲဝင်တယ်။ လူမှုရေးအဖွဲ့အစည်းတွေ လုပ်ကြတယ်။ ဒါတွေက အလားအလာမကောင်းဘူး။ လူမှုရေးကို အသုံးချပြီးတော့ လှုပ်ရှားချင်တဲ့အပိုင်းတွေ ဖြစ်လာတယ်။

**ဟိုတစ်ခါ ဂျာနယ်ထဲမှာ ကိုမောင် ကျောင်းပြန်တက်မှာ ပါတယ်။ လောကီကို စိတ်ကုန်ပြီးတော့ ဘုန်းကြီးဝတ်တော့မယ်လို့လည်း ပါတယ်။**

သင်္ကန်းဝတ်မယ်လို့တော့ မပြောပါဘူး။ မပါ,ပါဘူး။ စိတ်ကုန်တယ်။ ဒီလူမှုရေး အလုပ်လုပ်ရင်းနဲ့ လူတွေရဲ့ ခံစားနေရတဲ့ ဒုက္ခသုက္ခတွေ၊ ပြီးတော့ မမှန်မကန်လုပ်တဲ့ လူတန်းစားမျိုးတွေ၊ ဒါတွေကို တွေ့လာတော့ တော်တော်လေး စိတ်ညစ်လာတယ်။ စိတ်ညစ်လာပြီးတော့ နေ့စဉ်နဲ့အမျှ ဒီအပူတွေပဲ တွေ့နေရတော့ ကိုယ့်မှာလည်း ကိုယ့်ထွက်ပေါက်က တရားဘက်ပဲရှိတော့ ကိုယ့်ဘာသာကိုယ် တစ်နေရာသွားပြီးတော့ တရားအားထုတ်မယ်လို့ စဉ်းစားတယ်။ ဒါပေမယ့် သင်္ကန်းဝတ်မယ်လို့ စဉ်းစားတယ်။ ဒါပေမယ့် သင်္ကန်းဝတ်မယ်ဆိုတာတော့ ကျွန်တော် မပြောဘူး။ ကိုယ်က အခု မလေးရှားကပြန်လာတော့ မလေးရှားမှာလည်း လူမှုရေး အဖွဲ့အစည်းတွေ အများကြီးပဲ။ မလေးရှားက လူမှုရေး အသင်းအဖွဲ့တွေဆို ပိုဆိုးတယ်။ ကျွန်တော်တို့ ပြည်တွင်းမှာလုပ်ရတဲ့ အဖွဲ့အစည်းတွေထက် ပိုပြီးဒုက္ခရောက်တယ်။ အခက်အခဲတွေ အများကြီးရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီမှာ ဆုံးတယ်ဆိုရင်လည်း ငယ်ငယ်ရွယ်ရွယ်တွေပဲ။ အသက်နှစ်ဆယ်ကျော်တွေပဲ ဆုံးတာများတယ်။ ဘာကြောင့်ဆုံးလဲ ဆိုတော့ အလုပ်ကြမ်းလုပ်ရတယ်။ မူးယစ်နဲ့ ဆုံးတယ်။ အရက်သေစာနဲ့ ဆုံးတယ်။ ဆိုင်ကယ်အက်ဆီးဒင့်နဲ့ ဆုံးတယ်။ ရန်ဖြစ်လို့ ဆုံးတယ်။ အသတ်ခံရလို့ ဆုံးတယ်။ ဆုံးပုံဆုံးနည်းတွေက မကောင်းဘူး။ သက်တမ်းစေ့ပြီး ဆုံးတာမဟုတ်ဘူး။ ဒီဟာတွေကို ကူညီဖို့ကျတော့လည်း လူတစ်ယောက် ဆုံးသွားတဲ့ဟာကို ကူညီဖို့က နှစ်ရက် သုံးရက်အတွင်း သင်္ဂြိုဟ်ခွင့်မရဘူး။ အနည်းဆုံး ကိုးရက်လောက်တော့ ကြာတယ်။ Immigration တို့ ရဲတို့ တရားဝင် သွားနေထိုင်တဲ့သူ မဟုတ်တဲ့အတွက် သံရုံးကအစ အခက်အခဲ အမျိုးမျိုးတွေ ကြုံတွေ့ခဲ့ရတယ်။ အဲဒီတော့ လူတွေမဆုံးအောင်လုပ်ဖို့ အရေးကြီးတယ်။ လူငယ်တွေ လမ်းမှားလိုက်ပြီးတော့ မသေသင့်ဘဲ သေကုန်တယ်။ အဲဒီတော့ လမ်းမှားမလိုက်အောင် ဘယ်လို ပညာပေးမယ်ဆိုတဲ့အပိုင်းကို ကျွန်တော် မလေးမှာ ပြောခဲ့တယ်။ အကြံပေးခဲ့တယ်။ ကျောင်းတက်မယ်ဆိုတာက အိုဘားမားလာပြီး တက္ကသိုလ်ကြီး ပြန်လုပ်မယ်ဆိုတုန်းက ကျွန်တော်လည်း တက်ပြီး Final Year တစ်နှစ်ပဲ ပြန်ဖြေရမှာဆိုတော့ ပြန်ဖြေချင်စိတ်ရှိတယ်။ တက်ခွင့်ရရင် တက်မယ်ဆိုပြီး ကျွန်တော်လုပ်ထားတာ။

**ဆရာမ သန်းမြင့်အောင်ဆိုရင် စာအုပ်ထွက်တယ်။ ကိုမောင်က ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ စာအုပ်မထုတ်ရင်တောင် Document သို့မဟုတ် Short Film တစ်ခုခုလောက် မလုပ်ဘူးလား။**

ကျွန်တော်တို့အသင်းမှာတော့ ပေးဆပ်သူများစာအုပ်ဆိုပြီး စာရေးဆရာတွေအားလုံး ကျွန်တော်တို့ အတွေ့အကြုံလေးတွေ အတိုလေးတွေပေါ့၊ အဲ့ဒါလေးတွေ ရေးတာတော့ ရှိတာပေါ့။

**အစ်မသန်းမြင့်အောင်ရဲ့ ရေဝေး၊ ထိန်ပင်၊ ထားဝယ်ချောင် အရမ်းဗဟိုကောင်းတယ်။ သူကပြောတယ် မောင်လေး အဲဒါ အစစ်တွေနော်တဲ့။ အစ်မ ဉာဏ ဘာမှမပါဘူးတဲ့။ ဝတ္ထုရေးတဲ့ အတတ်ပညာ ဘာမှမပါဘူးတဲ့။ အစစ်အတိုင်းပဲတဲ့။ ဒီ့ထက်ကောင်းတာတွေရှိသေးတယ်တဲ့။ အစ်မက ရေးလို့မရလို့တဲ့။ ကိုမောင်ကလည်း ဒါရိုက်တာလုပ်ဖူးတော့ ကျွန်တော်က လုပ်စေချင်တယ်။ ကျွန်တော်တို့ မျှော်လင့်တာပေါ့။ နိုပ်စက်တာ မဟုတ်ပါဘူးနော်။ ကိုမောင်က အနုပညာတီထွင်မှု အားကောင်းတဲ့သူဆိုတော့ ဒီဟာလေးတွေကို ရသမြောက်အောင် Short Film ဖြစ်စေ Document ဖြစ်စေ ရိုက်ရိုက်ထားပြီး နောက်ဆုံး စီးပွားဖြစ်မဟုတ်တောင် ရိုးရိုး အခမဲ့သဘောမျိုးပေါ့၊ လှူစေချင်ပါတယ်။**

အဲဒါက ဇာတ်ကားအနေနဲ့ ကြည့်တယ်ဆိုရင် ကြည့်တဲ့လူတွေက ဒါက ဖန်တီးပြီး ရိုက်တယ်ဆိုပြီး ပြောကြမှာပဲ။ ကျွန်တော်ကတော့ တကယ့်အဖြစ်အပျက်ကိုပဲ ဥပမာ ကလေးအသုဘ တစ်ခု လိုက်ပို့တယ်။ ကလေးအမေက အရမ်းကြေကွဲပြီးတော့ အားကိုးတကြီးနဲ့ဖြစ်တယ်။ ဒါမျိုး တကယ့်အမှန်ဇာတ်လမ်းတွေပဲ ကျွန်တော်တို့က အခွေတွေထဲမှာ ထည့်ထားတယ်။ ဒါပေမယ့် အခုတော့ ရွှေစင်စကြာ မော်တော်ယာဉ်အဖွဲ့ကနေပြီးတော့ ကျွန်တော်တို့အသင်းမှာ ငွေသိန်း တစ်ရာ့ငါးဆယ် လာလှူတယ်။ လှူပြီးတော့ ဒီဟာနဲ့ ဗီဒီယိုရိုက်ပါဆိုပြီး ကျွန်တော့်ကိုပြော

www.burmeseclassic.com

www.burmeseclassic.com




တယ်။ အဲဒါကို ကျွန်တော် စဉ်းစားနေတာ။ ကျွန်တော်တို့ နာရေး ကူညီမှုကိုယ်စား ရိုက်တာထက် မြန်မာတစ်ပြည်လုံးမှာ အခုဆို တော်တော်နဲ့နဲ့ သွားနေရတာကိုး။ အခု ချင်းတောင်လည်း သွား ရမယ်။ ဒီပြည်နယ်အလိုက် လူမျိုးတွေရဲ့ အယူသီးမှုတွေ၊ သူတို့ အခက်အခဲတွေ ဒါတွေကို သူတို့နယ်တွေမှာရှိတဲ့ လူမှုရေး အသင်း အဖွဲ့တွေရဲ့ ပေးဆပ်မှု ဘယ်လိုလုပ်ရတယ်။ ကူညီမှုတွေ၊ ဒါတွေကို မြန်မာတစ်ပြည်လုံး ကိုယ်စား၊ မြန်မာပြည်သူပြည်သားအားလုံးကိုယ်စား၊ မြန်မာပြည်ရဲ့ လူမှုရေးအသင်းဖွဲ့တွေကိုယ်စား ကားကြီးတစ်ကားရိုက်ဖို့ကို စဉ်းစားနေတယ်။ ဒါဆိုရင် ဘာ့ပဲဖြစ်ဖြစ် ပြည်ပအနေနဲ့လည်း စိတ်ဝင်စားမယ်။ မြန်မာ့ယဉ်ကျေးမှုတွေ ပါမယ်။ အဲဒီဟာ ကိုတော့ ကျွန်တော် အခု စဉ်းစားနေတယ်။ ဖြစ် မဖြစ်တော့ မသိသေးဘူး။ ဒါကလည်း ကိုယ် ကိုယ်တိုင်ရိုက်မှပဲ ပိုပြီးပီပြင်မယ်။ ဒါရိုက်တာတစ်ယောက်ကို ရိုက်ခိုင်းလို့တော့ မဖြစ်ဘူး။ ကိုယ်ကိုယ်တိုင် လုပ်ဖူးတဲ့လူမှ သိမှာလေ။ ဒီအကြောင်းတွေကို ကျွန်တော်တို့ True Story တွေစုပြီး Short Story တွေပေါင်းပြီးတော့မှ ကားကြီးတစ်ကား ပြန်စည်းမှာ။ အမေ့နို့ဖိုးဆိုရင် ကျွန်တော် Short Story နှစ်ခု ပေါင်းလိုက်တာ။ ပေါင်းပြီးတော့ ကားကြီးတစ်ကား ပြန်လုပ် ထားတာ။ လူမျိုးအားလုံးရဲ့ အကြောင်းတွေပေါ့။ အဲဒါတွေ ကျွန်တော်စဉ်းစားတယ်။

**လူမျိုးတစ်မျိုးစီရဲ့ သေဆုံးမှု Culture လေးတွေပေါ့။**

အရင်တုန်းကဆို အင်းလေးမှာသင်္ဂြိုဟ်ရင် ကျွန်တော်တို့ ရန်ကုန်မြို့တွေမှာသာ နိဗ္ဗာန် ယာဉ်က အရှေ့ပို့တဲ့သူတွေက အနောက်က၊ ဟိုမှာက ပို့တဲ့လှေတွေက အရှေ့က နောက်ဆုံးကျမှ အလောင်းသယ်တဲ့လှေကို ဆွဲလာတယ်။ ဆွဲပြီးတော့ ရေထဲက ကျွန်းမျှောထဲမှာ မြှုပ်တာ။ အဲဒီက နေပြီးတော့ အခုခေတ်ကျတော့ ကုန်းပေါ်ရောက်လာပြီ။ တိုးတက်မှုလေးတွေ ဒီအယူသီးတာ တွေ မလိုဘူး။ ညောင်ရွှေမှာဆိုရင် ညောင်ရွှေအသင်းကဆိုရင် သုသာန်ကိုရှင်းဖို့ ချုံတွေချည်းပဲ ပစ်ထားတာ တော်အုပ်ကြီးအတိုင်းပဲ။ အဲဒါကိုရှင်းဖို့လုပ်တာ ဒေသခံက လက်မခံဘူး။ သုသာန် ကိုရှင်းတယ်ဆိုရင် ထပ်ပြီးတော့ သေမယ်ဆိုပြီးတော့။ ဆရာတော်ကြီးတွေဆီ ချည်းကပ်တော့ ဆရာတော်ကြီးတွေက တရားဟော၊ တရားဟောတော့မှ ဒေသခံက ဟုတ်ပြီ၊ ဒါဆိုရင်လည်း ရှင်းပါဆိုပြီးတော့ သုသာန်ကြီးကို ရှင်းလိုက်တယ်။ ရှင်းပြီးတော့ ဂူတွေကျတော့ ခြောက်ပေ၊ ခုနစ်ပေ ဂူကြီးတွေ ဖြစ်နေတယ်။ ဂူကြီးတွေဆိုတော့ အရိုးပြာလေးတွေပဲထည့်ဖို့ နှစ်ပေပတ်လည် ဂူသေးသေးလေးတွေ လုပ်မယ်ဆိုပြီး လုပ်တော့ ဘယ်သူမှ လက်မခံကြတော့ဘူး။ လက်မခံတော့ အဲဒီအသင်းကို ဦးစီးပြီးလုပ်တဲ့ လူကြီးတွေက ကောင်းပြီ အဲဒါဆို ဂူတစ်လုံးစလုပ်။ ငါ့နာမည် ရေးလိုက်။ အသက်က ကွင်းစ ကွင်းပိတ်နဲ့ ရေးလိုက်။ သူကိုယ်တိုင် သူ့ကိုယ်သူ လုပ်ပြမှ အနောက်က သုံးလေးဆယ်လောက် ပိုလာတယ်။ အဲလိုလုပ်ရတာ။ ဒီလို အခက်အခဲလေးတွေ ကို ကျွန်တော်က လုပ်ပြချင်တာ။ မလေးရှားသုသာန်တွေဆို ဇကရုစ်ရာ ကိုးရာလောက်ရှိမယ်။ အကျယ်ကြီး တောင်ကုန်းကြီးပေါ်မှာ။ သန့်ရှင်းပြီးတော့ ကျောက်ဆောင်ကြီးနဲ့ ဗေဟိုခွန်ကြီး

www.burmeseclassic.com

www.burmeseclassic.com





လို လုပ်ထားတာ။ အဲဒါ သုသာန်ထဲမှာ ပြခန်းထည့်ထားတာ။ ပြခန်းက ကောင်းတာလုပ်ရင် ကောင်းတဲ့ဘုံရောက်မယ်။ မကောင်းတာလုပ်ရင် မကောင်းတဲ့ဘုံ၊ အရုပ်ကြီးတွေနဲ့ ဂူကြီးထဲမှာ။ ဒါမျိုးတွေ ကျွန်တော်က လုပ်ချင်တာ၊ သံဝေဂလည်းရမယ်။ သင်ခန်းစာလည်း ရမယ်။ သုသာန်မှာဆို တကယ့်ကို တရားဘာဝနာ ပွားများလို့ရမယ်။ တချို့ကလေးတွေ၊ အဖိုးကြီးအဖွားကြီးတွေ အပန်းဖြေလမ်းလျှောက်တဲ့နေရာ၊ ဒါမျိုးလေးတွေ ဖြစ်ရမယ်။ အခုတော့ ဒီမှာလည်း နည်းနည်းတော့ သန့်သန့်ရှင်းရှင်း ရှိလာပါပြီ။

**ကိုမောင် ပရဟိတလုပ်တဲ့ လုပ်ငန်းစုလေးတွေ ပြောပြပေးပါဦး။**

နာရေး၊ ကျန်းမာရေးကျတော့ မျက်စိခွဲခန်း၊ မျက်စိခွဲခန်းကလည်း နှစ်နှစ်လောက် ကျွန်တော်တို့ စောင့်လိုက်ရတယ်။ ခွဲခွင့်ပြုဖို့ ပစ္စည်းတွေက ရောက်နေပြီ။ အခုတော့ စခွဲနေပြီ။ မျက်စိခွဲခန်း၊ အရိုးအဆစ်၊ ကလေးအထူးကု၊ ကိုယ်ဝန်ဆောင်၊ အရေပြား၊ အရိုးအကြော၊ ကင်ဆာပြီးတော့ ဆေးသွင်းတာ သွင်းပေးတယ်။ တော်တော်စုံတယ်။ ပညာရေးကျတော့ ဆယ်တန်းကျောင်းသားတွေ ဘာသာစုံ ညနေပိုင်းမှာ သင်တန်းရှိတယ်။ ဆယ်တန်းပြီးတော့ အ.ထ.က ကျောင်းဆရာ၊ ဆရာမတွေကို ကျွန်တော် လစာပေးတယ်။ ပြီးတော့ TOT သင်တန်းရှိတယ်။ ဆရာစွမ်းရည်မြှင့်သင်တန်း၊ LCC ကွန်ပျူတာ၊ Basic ကွန်ပျူတာ၊ Graphic၊ Editing၊ Journalism၊ နွေရာသီ အင်္ဂလိပ်စာသင်တန်း၊ ပန်းချီသင်တန်း၊ တော်တော်များများပဲ။ အဲဒါတွေကလည်း ပညာရှင်တွေရဲ့ အကူအညီနဲ့ စေတနာ့ဝန်ထမ်း လာသင်ပေးတဲ့ ဆရာ၊ ဆရာမတွေရဲ့ ကျေးဇူးကြောင့် ကျွန်တော် လုပ်ပေးနိုင်တာ။

❑

www.burmeseclassic.com

www.burmeseclassic.com






# ကျော်သူ၏ မဟေသီ မရွှေစီးကွက် နှင့် တွေ့ဆုံခြင်း

ကျွန်မမိဘက ဦးငွေအောင်ဖေနဲ့ ဒေါ်တင်တင်လတ်၊ ညီမတစ်ယောက်ရှိပါတယ်။ ရွှေပြည်စိုးလို့ ခေါ်ပါတယ်။ ကျွန်မနာမည်က ရွှေစီးကွက်။ ၁၉၅၉ ဇန်နဝါရီလ ၁ ရက်နေ့မှာ မွေးပါတယ်။ အမေပေးထားတဲ့ နာမည်ပါ။ မြင့်မြင့်ခင်ဖေလို့လဲ ခေါ်ပါတယ်။ သား ပြည်သိမ်းကျော်က ဆီဗ်ယတယ်လ်မြို့ ဘိုးရင်းကုမ္ပဏီမှာ အင်ဂျင်နီယာအလုပ် လုပ်နေပါတယ်။ သမီး မြင့်မိုရ်ဦးက ဩစတြေးလျနိုင်ငံ University of New South Wales ဆေးတက္ကသိုလ်မှာ နောက်ဆုံးနှစ် တက်နေပါတယ်။ သမီးမှာ ကလေး ၂ ယောက်ရှိပါတယ်။ ကျွန်မဇာတိက ရန်ကုန်ပါ။ အဖေက နိုင်ငံခြားရေး ဝန်ကြီးဌာနမှာ အလုပ်လုပ်တော့ ကျွန်မရဲ့ ကလေးဘဝ (အသက် ၃ နှစ်မှ ၉ နှစ်အထိ)က အနောက်ဂျာမနီနဲ့ ချက်ကိုစလိုဗက်ကီးယားနိုင်ငံမှာ ကြီးခဲ့ပါတယ်။ အသက် ၉ နှစ်မှာ မြန်မာနိုင်ငံကို ပြန်ရောက်ပြီး အ.ထ.က(၂)စမ်းချောင်းကနေ ၁၀ တန်းအောင်ပါတယ်။ စီးပွားရေးတက္ကသိုလ် တတိယနှစ်အထိ တက်ခဲ့ပါတယ်။ ၁၉၈၁ ဩဂုတ်လ ၃၁ ရက်နေ့မှာ ကိုကျော်သူနဲ့ အိမ်ထောင်ကျပါတယ်။ စာပေးစာယူပြောင်းတက်ပြီး ရူပဗေဒ အဓိကနဲ့ ဘွဲ့ရခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





၁၉၈၄ မှာ ကိုကျော်သူ ရုပ်ရှင်စရိုက်ပါတယ်။ ကျွန်မက သားနဲ့ သမီးကို ထိန်းရင်း အိမ်ရှင်မတာဝန်ကို ယူပါတယ်။ ကိုကျော်သူကို ဇာတ်လမ်းတွေ ဖတ်ပေးပါတယ်။ အဝတ်အစားတွေ ရွေးပေးပါတယ်။ ၂၀၀၁ မှာ ဘဘဦးသုခ ချမှတ်တဲ့ လမ်းစဉ်အတိုင်း ကိုကျော်သူနဲ့ အတူ နာရေးကူညီမှုအသင်း (ရန်ကုန်)ကို တည်ထောင်ခဲ့ပါတယ်။ ၂၀၀၁ ဇန်နဝါရီလ ၇ ရက်နေ့မှာ မြန်မာပြည်ရဲ့ ပထမဦးဆုံး အမျိုးသမီး နိဗ္ဗာန်ယာဉ်မောင်းအနေနဲ့ နာရေးယာဉ်ကို မောင်းခဲ့ပါတယ်။ ၂၀၀၂ မှာ စာစရေးပါ တယ်။ နာရေးကူညီမှုအသင်း (ရန်ကုန်)မှာ ၂၀၀၁ မှ ၂၀၀၃ အထိ အမှုဆောင်၊ ၂၀၀၃ မှ ၂၀၀၆ အထိ တွဲဖက်အတွင်းရေးမှူး၊ ၂၀၀၆ မှ ၂၀၁၁ အထိ ဘဏ္ဍာရေးမှူး၊ ၂၀၁၁ မှ ဒီနေ့ အထိ အတွင်းရေးမှူးတာဝန် ယူခဲ့ပါတယ်။ သားနဲ့သမီးက နိုင်ငံခြားမှာ တက္ကသိုလ်သွားတက် ကြပါတယ်။ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးမှာ အဖမ်းခံရပါတယ်။ ရန်ကုန်မြို့ ဓမ္မာနွေလ နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်းက ၂၀၁၁ နိုဝင်ဘာလ ၁၃ ရက်နေ့မှာ ကျွန်မကို Master of Human Social Services (M.H.S.S) ဘွဲ့တံဆိပ် ပေးပါတယ်။

**၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးမှာ အဖမ်းခံရတဲ့အကြောင်း ...**

၂၀၀၇ စက်တင်ဘာလ ရွှေဝါရောင်တော်လှန်ရေးမှာ ကိုဇာဂနာနဲ့အတူ သံဃာတွေကို ဆွမ်းကပ်လှူခဲ့တာကြောင့်နဲ့ ကျွန်မတို့ လင်မယားနှစ်ယောက်ကို ဖမ်းမယ်ဆီးမယ်လို့ သတင်း တွေ ဖြစ်ခဲ့ပြီးတဲ့နောက် အောက်တိုဘာလ ၁၀ ရက်နေ့မှာ ကျွန်မတို့လင်မယားက သွားတွေ့ လိုက်ပါတယ်။ သူတို့ကပြောပါတယ် ဖမ်းတာမဟုတ်ပါဘူး ... မေးရုံပဲမေးတာပါတဲ့။ ကျွန်မတို့ လင်မယားကို တစ်ယောက်ချင်းခွဲပြီး စစ်ချက်ယူသလို ကိုဇာဂနာကိုလည်း စစ်ချက်ယူပါတယ်။ မေးခွန်းတွေက အားလုံးတူနေပြီး ထွက်ဆိုချက်တွေ အားလုံးတူနေတဲ့အတွက် ကျွန်မတို့ သုံးဦး စလုံးကို တစ်ချိန်တည်းမှာ ပြန်လွှတ်ပေးပါတယ်။ ၇ ရက်ကြာ နေခဲ့ရပါတယ်။

**ကိုကျော်သူ ဘယ်အချိန်မှာ ရုပ်ရှင်ရိုက်ခွင့် ပိတ်ခံရခဲ့တာလဲ ...**

၂၀၀၇ အောက်တိုဘာလ ၁၇ ရက်နေ့မှာ ကျွန်မတို့နှစ်ယောက် ကိုဇာဂနာနှင့်အတူ ပြန်လွှတ်လာပြီးကတည်းက ကိုကျော်သူရော ကိုဇာဂနာပါ နှစ်ယောက်စလုံး ရုပ်ရှင်ရိုက်ခွင့် ပိတ်ခံခဲ့ရပါတယ်။

**မရွှေစီကွက်နဲ့ အိမ်ထောင်ကျပြီးမှ ကိုကျော်သူ ရုပ်ရှင်စရိုက်ဖြစ်တဲ့အကြောင်း ...**

ကျွန်မနဲ့ အိမ်ထောင်ကျပြီးမှ ကိုကျော်သူ ရုပ်ရှင်လောက ရောက်လာတာ မှန်ပါတယ်။ ကျွန်မကိုယ်တိုင်ပါ။ ကိုကျော်သူရဲ့ဖိဘက ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ဖြစ်ပေမယ့် သားကို ရုပ်ရှင် မင်းသား မဖြစ်စေချင်ပါဘူး။ သူတို့ရဲ့ သားသမီးကို နိုင်ငံခြားသွားပြီး ပညာသင်စေချင်ကြ တယ်။ ကိုကျော်သူရဲ့အမ အင်္ဂလန်မှာ၊ ညီငယ်က ၁၉၈၂ ကတည်းက အမေရိကန်ကို ရောက်နေ ကြပြီ။ ကိုကျော်သူနဲ့ အိမ်ထောင်ကျပြီး နိုင်ငံခြားမထွက်ချင်တာနဲ့ ကိုကျော်သူ ရုပ်ရှင်မင်းသား

www.burmeseclassic.com

www.burmeseclassic.com





လုပ်နေရင် ရုပ်ရှင်ရိုက်နေရင် နိုင်ငံခြားသွားဖို့ မလိုတော့လို့ ရုပ်ရှင်မင်းသားလုပ်ဖို့ တိုက်တွန်း အားပေးခဲ့ပါတယ်။

ကျွန်မဖေဖေဟာ နိုင်ငံခြားမှာ တာဝန်ထမ်းဆောင်နေရတဲ့ အချိန်တွေမှာ မြန်မာပြည်က စာလာတိုင်း ဖေဖေရော မေမေပါ အမြဲငိုကြပါတယ်။ သူတို့က မြန်မာပြည်ကို အရမ်းချစ်ပြီး အရမ်းလွမ်းကြတဲ့သူတွေပါ။ ကျွန်မက ငယ်ငယ်ကတည်းက နိုင်ငံခြားမှာ ကြီးလာခဲ့ရတဲ့သူဆိုတော့ နိုင်ငံခြားမှာ အခြေချရမှာ အင်မတန်မှ ကြောက်ပါတယ်။ ကျွန်မဟာ ကျွန်မရဲ့မိဘလို မြန်မာပြည်မှာပဲ နေချင်ပါတယ်။ ကိုကျော်သူသာ ရုပ်ရှင်မင်းသား မလုပ်ခဲ့ရင် ကျွန်မတို့ နိုင်ငံခြားကို ထွက်ရတော့မယ်။ ဒါကြောင့် ကိုကျော်သူကို မင်းသားဖြစ်အောင် ကြိုးစား တိုက်တွန်းခဲ့တာပါ။

နိုင်ငံခြားမထွက်ချင်တဲ့ စိတ်တစ်ခုတည်းနဲ့ ကိုကျော်သူ မင်းသားလုပ်ဖို့ အားပေးခဲ့ပေမယ့် ရုပ်ရှင်မင်းသားဘဝကို လုံးဝမကြိုက်ခဲ့ပါဘူး။ စီးပွားရေးအရ လုပ်ခဲ့တာပါ။ ကိုကျော်သူရဲ့ နာမည်ကျော် ရုပ်ရှင်မင်းသားဘဝအတွက် ဝမ်းသာကြည်နူးတာ၊ ဂုဏ်ယူတာ သိပ်မဖြစ်ခဲ့ပေမယ့် နာရေးကူညီမှုအသင်း (ရန်ကုန်)ကို စလုပ်တော့မှပဲ ရုပ်ရှင်မင်းသားဖြစ်ခဲ့တာကို သဘောကျ ကျေနပ်ဂုဏ်ယူနေမိပါတယ်။

ကျွန်မနဲ့ အိမ်ထောင်မကျခင် ကိုကျော်သူသာ မင်းသားဖြစ်နေခဲ့ရင် ကျွန်မနဲ့ အိမ်ထောင်ကျဖို့ လုံးဝမဖြစ်နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်မ ရုပ်ရှင်ကို လုံးဝ ဝါသနာမပါဘူး။

**ရုပ်ရှင်မင်းသမီး လုပ်ခဲ့ဖူးသလား ...**

ရုပ်ရှင်ကို လုံးဝ စိတ်မဝင်စားဘူး။ ကိုယ်တိုင်လဲ သိပ်မကြည့်သလို သားနဲ့သမီးကိုလဲ အားမပေးဘူး။ ရုပ်ရှင်ကို စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ပဲ လုပ်ခဲ့ပါတယ်။ ဒါပေမယ့် စီးပွားရေး အရမ်းဆန်တဲ့ ကိစ္စမျိုးကိုလဲ ကျွန်မ မလုပ်ခဲ့ပါဘူး။ နောက်ပိုင်းခေတ်မှာ ရုပ်ရှင်တစ်ကားရိုက်ရင် ရတဲ့ပိုက်ဆံနဲ့ ကြော်ငြာတစ်ခုရိုက်လို့ ရတဲ့ပိုက်ဆံက အတူတူလောက်ဖြစ်နေတော့ ကိုကျော်သူက ကြော်ငြာတွေကိုပဲ ပိုရိုက်ဖြစ်ပါတယ်။ ကြော်ငြာတိုင်းကိုလဲ လက်ခံမရိုက်ခဲ့ပါဘူး။ ဥပမာ အရက်၊ စီးကရက် ကြော်ငြာမျိုးတွေဆို ကိုကျော်သူတောင် မသိလိုက်ဘဲ ကျွန်မက ငြင်းလိုက်ပါတယ်။ ဘာလို့လဲဆိုတော့ အရင်က ကိုကျော်သူက အရက်လဲသောက်တယ်။ ဆေးလိပ်လဲ သောက်တော့ ကျွန်မတို့မိသားစု အရမ်းစိတ်ညစ်ခဲ့ရပါတယ်။ ကိုယ်တိုင်မခံစားနိုင်တဲ့ ဒုက္ခမျိုးကို သူများမိသားစုတွေ စိတ်ဒုက္ခရောက် စိတ်ဆင်းရဲပြီးမှရတဲ့ ပိုက်ဆံတော့ ငါမစားဘူးဆိုပြီး ငြင်းခဲ့တယ်။ ဒီလိုစီးပွားရေးမျိုးကို မလုပ်ခဲ့ပါဘူး။ ကျွန်မ အရမ်းချမ်းသာသလားဆိုတော့ မချမ်းသာခဲ့ပါဘူး။ ဒါပေမယ့် ဒီလိုစီးပွားရေးမျိုး မလုပ်ခဲ့တဲ့အတွက် ဒီကနေ့အထိ ကိုယ့်လိပ်ပြာ ကိုယ်လုံပါတယ်။

**မဈေးပေးကြွက် သဘောကျတဲ့ အနုပညာရှင် ... ရုပ်ရှင်တစ်ကား ...**

မင်းသမီး လုကလေးစိန်ကို ကြိုက်ပါတယ်။ ရုပ်ရှင်မှာ 'အမေ့နို့ဖိုး'၊ 'ကောင်းချစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com





မမ' ဇာတ်ကားတွေကို ကြိုက်ပါတယ်။ ကိုကျော်သူ ဒါရိုက်တာလုပ်တဲ့ ရုပ်ရှင်ဇာတ်ကားတွေမှာ (အမေ့နို့ဖိုး၊ ပုဏ္ဏားဘကွန်း) အကြံပေးခဲ့ပါတယ်။

**မြန်မာတစ်နိုင်ငံလုံးမှာ ခေတ်စားနေတဲ့ ကိုရီးယားဇာတ်ကားတွေ ကြည့်သလား။**

**မရွှေဇီးကွက်က လူမှုရေးအလုပ်ကို ဘယ်လိုစိတ်ဝင်စားခဲ့သလဲ ...**

ကျွန်မအဖိုး ဦးညာဏ်ဖေက နတ်မောက်ဇာတိပါ။ မြစ်သားမှာ အခြေချပြီး မြစ်သားအမတ် ဖြစ်လာပါတယ်။ အဖိုးက ဆေးရုံတစ်ရုံ ဆောက်ပြီးတာနဲ့ အဲဒီဆေးရုံမှာ သား ဒါမှမဟုတ် သမီး မင်္ဂလာဆောင်ပွဲ လုပ်လိုက်တယ်။ ပြီးရင် ဆေးရုံကို လှူလိုက်ပါတယ်။ အဖိုးဟာ တကယ်လိုအပ်တဲ့နေရာကို လှူတတ်တယ်။ စာကြည့်တိုက်ကို လှူလိုက်တယ်။ အဖိုးရဲ့သွေးက ကျွန်မမှာ ပါတယ်လို့ ဆိုရပါမယ်။ ဒါပေမယ့် ကျွန်မအဖေက ကျွန်မကို နိုင်ငံရေး မလုပ်စေချင်ဘူး။ နိုင်ငံရေးက 'အာဏာ'ပါနေတော့ ရှုပ်ထွေးညစ်ပတ်တာတွေပါလို့ လူမှုရေး သက်သက်ပဲလုပ်ဖို့ အဖေက အားပေးပါတယ်။

**မရွှေဇီးကွက် စာပေရေးတာတွေ တွေ့ရပါတယ်။ အနုပညာမျိုးရိုးရှိသလား ...**

ကျွန်မရဲ့အမေဘက်က ဖွားလေးက ဒဂုန်ခင်ခင်လေး၊ အဒေါ်က ယုဝတီခင်စိန်လှိုင်ပါ။ ကျွန်မ စာတိုပတ်စလေးတွေ ရေးပါတယ်။ ၂၀၀၂ ကစပြီး စာရေးဖြစ်ပါတယ်။ ဝတ္ထုရေးတာမျိုး မဟုတ်ပါဘူး။ ရွှေဇီးကွက်ကလောင်နာမည်နဲ့ ဘာသာရေးနဲ့ လူမှုရေးဆိုင်ရာ ကိုယ့်အတွေ့အကြုံတွေကို ရေးတာပါ။ ၂၀၀၅ မှာ ပိုရေးဖြစ်ပါတယ်။ ဆောင်းပါးပေါင်း ၂၀ ကျော် ရေးပြီးပါပြီ။ အဖေ့ညီက ဒေါက်တာဦးသိန်းဌေးဖေ (စိတ်ရောဂါအထူးကု ဆရာဝန်ကြီး)၊ အဖေ့ညီမအဒေါ် ဒေါ်လှမြတ်က မြန်မာစာပါမောက္ခပါ။

**မျိုးရိုးဗီဇက အရေးကြီးသလား ...**

ဗီဇက အရေးကြီးလားဆိုတဲ့နေရာမှာ လူတစ်ယောက်ရဲ့ ဗီဇက အရေးကြီးသလို ပတ်ဝန်းကျင်က ပိုပြီးအရေးကြီးတယ်လို့ ဆိုချင်ပါတယ်။ ကလေးတစ်ယောက်ရဲ့ဗီဇကောင်းပေမယ့် ပတ်ဝန်းကျင်မကောင်းတာကြောင့် ဒီကလေးဟာ ပျက်စီးသွားနိုင်ပါတယ်။ ဗီဇဘယ်လောက်ပဲ ဆိုးနေဆိုးနေ ပတ်ဝန်းကျင်ကောင်းကောင်းမှာ ထိန်းကျောင်းပေးနိုင်တယ်ဆိုရင် လူကောင်းဖြစ်လာဖို့ အခွင့်အလမ်းတွေ ရှိပါတယ်။

လူနဲ့ ပတ်ဝန်းကျင်မှာ ပတ်ဝန်းကျင်ကို ပြောင်းမဲ့သူလား၊ ပတ်ဝန်းကျင်က ပြောင်းတာကို ပြောင်းခံမဲ့သူလားဆိုတာ နှစ်မျိုးပဲရှိပါတယ်။ ပတ်ဝန်းကျင်ကို ပြောင်းမဲ့သူဟာ ပရဟိတသမားတစ်ဦး ဖြစ်လာပါတယ်။ ပတ်ဝန်းကျင်ကို ပြောင်းမဲ့သူမှာလဲ နှစ်မျိုးရှိပါတယ်။ ဆိုးတဲ့လူနဲ့ ကောင်းတဲ့လူ။ ဆိုးတဲ့သူက သူ့ရဲ့ပတ်ဝန်းကျင်တစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်နိုင်တယ်။ ကမ္ဘာစစ်ကြီးဖြစ်အောင် ဖန်တီးနိုင်တယ်။ ကဒါဖီတို့လို၊ ဟစ်တလာတို့လို လူမျိုးပါ။ အနော်ရထာတို့လို၊ ဗိုလ်ချုပ်အောင်ဆန်းတို့လို၊ ဒေါ်အောင်ဆန်းစုကြည်တို့လို လူမျိုးကျတော့ ပတ်ဝန်းကျင်ကို ကောင်းအောင် ပြောင်းပစ်လိုက်နိုင်တယ်။ ဒါကြောင့် ပရဟိတသမားတွေက အရေးကြီးပါ

www.burmeseclassic.com

www.burmeseclassic.com





တယ်။ လူကောင်းတွေဦးဆောင်ရင် ပတ်ဝန်းကျင်ကောင်းတွေ ထွက်ပေါ်လာနိုင်တယ်။

ပတ်ဝန်းကျင်မှာလဲ နှစ်မျိုးရှိပါတယ်။ ဆိုးတဲ့ ပတ်ဝန်းကျင်နဲ့ ကောင်းတဲ့ ပတ်ဝန်းကျင်။ ဆိုးတဲ့ ပတ်ဝန်းကျင်ကလာတဲ့လူက ဆိုးမယ်၊ ကောင်းတဲ့ ပတ်ဝန်း ကျင်ကလာတဲ့လူက ကောင်းမယ်။ လူတွေမှာ ပတ်ဝန်းကျင်ရဲ့ပြောင်းလဲတာကို ခံရတဲ့လူတွေ ရှိကြတော့ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးရမယ်။ ကိုယ်တိုင်လဲ ကောင်းအောင်လုပ်ရမယ်။

**နိုင်ငံရေးလုပ်ဖို့ စိတ်ဝင်စားသလား ...**

ကျွန်မကို ရွေးကောက်ပွဲဝင်ဖို့ လာပြောကြပါတယ်။ ဒါပေမယ့် ကျွန်မနဲ့ ဖြစ်မှာ မဟုတ်ပါဘူး။ ကျွန်မက Straight Forward သမားပါ။ လူမှုရေးလုပ်ငန်း သက်သက်ကိုပဲ ပိုပြီး စိတ်ဝင်စားပါတယ်။

**နာရေးကူညီမှုအသင်းမှာ လုပ်ခဲ့တဲ့ လှုပ်ရှားမှုအချို့ကို ပြောပြပေးပါလား ...**

၂၀၀၅ မေလ ၇ ရက်နေ့မှာ ရန်ကုန်မြို့ရဲ့ Plaza ၃ ခု တစ်ပြိုင်တည်း ဗုံးပေါက်တုန်းကနဲ့ ၂၀၀၈ နာဂစ်မုန်တိုင်း ကျပြီးတဲ့နောက် ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ နာရေးကူညီမှုအသင်းသူ အသင်းသားတွေ ဦးဆောင်ကူညီခဲ့ပါတယ်။

၂၀၁၀ ဇွန်လ ၈ ရက်နေ့မှာ ပြည်မြို့မှာ သုခကုသိုလ်ဖြစ်ဆေးခန်း အခွဲကို ဖွင့်ခဲ့ပါတယ်။ ၂၀၁၁ ဧရာဝတီ မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းဖို့ လက်မှတ်စုဆောင်းဖို့နဲ့ ၂၀၁၁ စက်တင်ဘာလ ၂၃ ရက်နေ့မှာ နာရေးကူညီမှုအသင်း (ရန်ကုန်)မှာ ဧရာဝတီ မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းဖို့ တောင်းဆိုတဲ့ အခမ်းအနားကို လုပ်ခဲ့ပါတယ်။

၂၀၁၁ ဒီဇင်ဘာလနဲ့ ၂၀၁၂ ဇန်နဝါရီလမှာ ကချင်ပြည်နယ်မှာ စစ်ဘေးဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရတဲ့ ကချင်တိုင်းရင်းသား ပြည်သူတွေအတွက် အလှူငွေနဲ့ ပစ္စည်းတွေကို ဇနီးမော်နဲ့ မြစ်ကြီးနားမြို့မှာ ကိုကျော်သူနဲ့ အတူသွားပြီး လှူဒါန်းခဲ့ပါတယ်။

နာရေးကူညီမှုအသင်းရဲ့ ဈာပနပို့ဆောင်ရေးလုပ်ငန်းအပြင် သုခဆေးခန်း၊ သုခအလင်းစာကြည့်တိုက်၊ သုခအလင်းပညာရေးနဲ့ သင်တန်းတွေ တိုးချဲ့ဖွင့်နိုင်ခဲ့ပါတယ်။

နာရေးကူညီမှုအသင်းရဲ့လုပ်အားပေးတွေအတွက် တစ်လကို တစ်ကြိမ် သင်တန်းမျိုးစုံ ဖွင့်ပေးပါတယ်။ ခေါင်းဆောင်မှုသင်တန်း၊ ယဉ်ကျေးမှုသင်တန်း၊ အတတ်ပညာသင်တန်း၊ စာရင်းအင်းပညာသင်တန်း၊ စာပေဟောပြောပွဲ စသဖြင့် ရှိပါတယ်။

**အမှတ်တရ အဖြစ်အပျက် ...**

အမှတ်ရစရာတွေကတော့ အများကြီးပါ။ တချို့အဖြစ်အပျက်က ပျော်ရွှင်ပြီး အမှတ်ရတာလေးတွေ တချို့ကျတော့ စိတ်နာကြီးပြီးမှ အမှတ်ရတာလေးတွေ ... အစုံပါပဲ။ အဲဒီထဲက နေ တစ်ခုကို ပြောရရင်တော့ ကျွန်မတို့လင်မယားကို ဖမ်းပြီးစစ်ဆေးတော့ စစ်မေးခဲ့တဲ့ အမျိုးသမီး၊ အမျိုးသားတွေ အားလုံးက သူတို့ စစ်မေးလို့ပြီးတော့ အလုပ်သဘောအရ မဟုတ်တော့ဘဲ

www.burmeseclassic.com

 www.burmeseclassic.com 



စကားလက်စုံ ပြောကြရင်း "အစ်ကိုတို့ ... အမတို့ ... စိတ်မပူနဲ့နော်၊ ပြန်လွှတ်မှာပါ ... မေတ္တာ သုတ်ရလား ... နမောတေဂါထာရလား ... မရရင် ကျွန်တော်/ကျွန်မတို့ ယူလာပေးမယ် ... အဲဒါတွေ များများ ရွတ်ပါ" တချို့ကျတော့လဲ "ကျွန်မရဲ့အမေဆုံးတော့ အစ်ကိုတို့ပဲ စီစဉ်ပေးတာ ... အဲဒီအတွက် အရမ်းကျေးဇူးတင်ပါတယ် ... စိတ်မပူပါနဲ့ ... မကြာခင်လွှတ်မှာပါ" စသဖြင့် ကျွန်မတို့ကို ဖမ်းတဲ့လူတွေ၊ ကိုယ့်ရဲ့ရန်သူတွေလို့ ပြောလို့ရတဲ့သူတွေဆီကနေ သူတို့ရဲ့မေတ္တာကို ခံယူခဲ့ရပါတယ်။ ကိုယ်လုပ်ခဲ့တဲ့အလုပ်ဟာ ရန်သူမရွေး၊ မိတ်ဆွေမရွေး လုပ်ခဲ့တာ၊ အားလုံးပေးဆပ်ခဲ့တာကြောင့် ကိုယ့်ရဲ့ မေတ္တာဟာ ရောင်ပြန်လာတတ်ပါတယ်။

နာရေးကူညီမှုအသင်း (ရန်ကုန်)နဲ့ အမှတ်မိဆုံးက ... တစ်ခါက ကျွန်မ ရုံးရောက်တော့ အဲဒီနေ့ နိဗ္ဗာန်ယာဉ်မောင်း တာဝန်ကျတဲ့ ဒရိုင်ဘာက နေမကောင်းလို့ မောင်းမယ့်လူမရှိ ဖြစ်နေတော့ ... အမ, ကားမောင်းပေးပါဆိုလို့ တက်မောင်းပေးရတယ်။ တကယ် အသုဘပို့ရမယ့် အချိန်ထက် နာရီဝက်လောက် နောက်ကျနေပြီ။ ဒီတော့ ကျွန်မ မောင်းသာ မောင်းသွားတယ်၊ စိတ်ညစ်နေတယ်။ ကျွန်မက ရောက်တာနဲ့ တောင်းပန်ပေမယ့် လူတွေက သိပ်တော့ မကျေနပ်ကြဘူး။ ဒါပေမယ့် ကားမောင်းလာတဲ့သူက အမျိုးသမီးလဲဖြစ်၊ ကျွန်မကိုယ်တိုင်လဲဖြစ် ... ဆိုတော့ ဘာမှတော့ သိပ်မပြောကြပါဘူး။ အခမ်းအနားပြီးတော့မှ နာရေးရှင်ရဲ့သမီးကို သေချာရှင်းပြရတာပေါ့ ... ဒီနေ့က ကျွန်မမောင်းရမယ့်အလှည့် မဟုတ်ဘူး ... မောင်းရမယ့်လူ နေမကောင်းလို့ ကျွန်မက ကိုယ်စားဝင်မောင်းပေးရတာလို့ ရှင်းပြတော့ မိန်းကလေးက "ဒါဆိုရင် ကျွန်မအဖေ ကံကောင်းတာပေါ့နော်"လို့ ပြောတော့ ကျွန်မမှာ ဘာစကားမှ ပြန်ပြောစရာ မရှိအောင် ဖြစ်သွားရပါတယ်။

နယူးယောက်ပြည်နယ် Albany မြို့မှာ မျက်ရည်ကျခဲ့ရတဲ့ အမှတ်တရအဖြစ်ဆုံး အဖြစ်အပျက်ကို ပြောပြချင်ပါတယ်။ နယ်စပ်မှာနေတဲ့ မြန်မာကလေးလေးတွေက အမေရိကား ရောက်ပြီး အဆင့်မြင့်ပညာကို ပျော်ပျော်ပါးပါး သင်ကြားခွင့်ရနေပြီး ပြည်တွင်းက ကလေးတွေ အတွက် စိတ်မကောင်းဖြစ်မိပါတယ်။ ဒီအတွက် ဝမ်းနည်းလို့ မျက်ရည်ကျခဲ့ရပါတယ်။

**မရွေးဝီးကွက်ရဲ့ ပရဟိတလုပ်ငန်း ရှေ့ဆက်အဓိအခင် ...**

ကျွန်မ ငယ်ငယ်က ကျောင်းဆရာမ အရမ်းဖြစ်ချင်ခဲ့တယ်။ ၁၀ တန်းအောင်ပြီးတော့ လုပ်အားပေးအနေနဲ့ ဆရာမ လုပ်ခဲ့ဖူးတယ်။ ဒါပေမယ့် မြန်မာပြည်ပညာရေးစနစ်က ကျွန်မနဲ့ သိပ်မလိုက်ဘူး။ ကျွန်မက ကလေးတွေကို တွေးစေချင်တယ်။ ဒါပေမယ့် စနစ်က ကလေးတွေကို အလွတ်ကျက်မှတ်စေချင်တယ်။ ဘာကြောင့်ဆိုတာကို မစဉ်းစားဘဲ ပုံသေကျက်မှတ်တဲ့ ပညာရေးစနစ်ဖြစ်လို့ ကျွန်မ အားမရခဲ့ဘူး။ ခုဆို မြန်မာပြည်ပညာရေးစနစ်က ပိုတောင် ဆိုးနေပါ သေးတယ်။ ဒါကြောင့် ခု နာရေးကူညီမှုအသင်း (ရန်ကုန်)ရဲ့သင်တန်းတွေမှာ ကလေး/လူငယ် တွေကို အစိုးရကျောင်းတွေမှာ သင်လေ့မရှိတဲ့၊ စဉ်းစားစေတဲ့ ပုံစံမျိုးရှိတဲ့ သင်တန်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်သင်ပေးနေတယ်။ အများကောင်းကျိုး ပရဟိတလုပ်ငန်းတွေကို ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမနဲ့အညီ လုပ်ကိုင်နိုင်ဖို့ နာရေးကူညီမှုအသင်း သင်တန်းတွေမှာ 'ဗုဒ္ဓဓမ္မနဲ့ ပရဟိတ' ခေါင်းစဉ်နဲ့ သင်တန်းပို့ချပေးနေပါတယ်။

**လူ့ဘဝမှာ မရွှေဝင်းကွက် လက်ကိုင်ထားတဲ့ ဆောင်ပုဒ်သဘောထား ...**

"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"

အဖိုးက "Do Right and fear for No Man" မှန်တာလုပ်ရင် ဘာမှကြောက်စရာမရှိဘူးလို့ အဖိုးက အမြဲပြောပါတယ်။ လောကကြီးမှာ ဘာမှမလိုချင်ရင် ဘာမှ ကြောက်စရာမလိုဘူးလို့ အဖေက အမြဲပြောလေ့ရှိတယ်။ အဖိုးနဲ့ အဖေကြောင့် ကျွန်မ ကြောက်စိတ်နည်းခဲ့တယ်။ ကိုယ့်ကိုကိုယ် အမှန်ဆုံးနဲ့ အလိုနည်းအောင်နေတယ်။ ဒါကြောင့် ကျွန်မ ကြောက်စိတ်နည်းတယ်။ ဘယ်သူနဲ့ပဲတွေ့တွေ့ ပြောစရာရှိတာကို ပြောရဲတယ်။ မီးရထားဝန်ကြီး ဦးအောင်မင်းနဲ့ တွေ့ခဲ့တဲ့အချိန်တုန်းမှာ သူက ရင်းရင်းနှီးနှီးနဲ့ စကားတွေလာပြောနေတော့ ကျွန်မက မေးစရာရှိလို့ မေးခွင့်ရှိလားဆိုတော့ ... မေးပါ မေးပါ ဆိုလို့ ကျွန်မ အရမ်းသိချင်နေတာလေးတစ်ခု မေးလိုက်တယ်။ "ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန် တွေ့တဲ့အချိန်မှာ နံရံမှာချိတ်ထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံက ပုံမှန်ချိတ်ထားတာလား ... ခဏချိတ်တာလား"လို့ မေးလိုက်တယ်။ ဦးအောင်မင်းက အမြဲပုံမှန် ချိတ်ထားတဲ့ပုံပါတဲ့။ ကျွန်မက အဲဒီလို မေးခဲ့ဖူးပါတယ်။ သမ္မတဦးသိန်းစိန်နဲ့တွေ့တော့ သူက ကိုကျော်သူအကြောင်း မေးပါတယ်။ ပြောပါတယ်။ ကျွန်မက ကိုကျော်သူ ရုပ်ရှင်ပြန်ရိုက်ခွင့်ရဖို့အကြောင်း မပြောပါဘူး။ ကျွန်မက နာရေးကူညီမှုအသင်း (ရန်ကုန်) မှတ်ပုံတင်ခွင့်ပြု ပါမစ်မရသေးတဲ့အကြောင်းပဲ ပြောဖြစ်ပါတယ်။ ဦးသိန်းစိန်က ဒီကိစ္စ ခုထိမပြီးသေးဘူးလားလို့ ပြောတယ်။ သူ့လူတွေကို လုပ်ပေးဖို့ ပြောလိုက်မယ်တဲ့ ... ဒါပေမယ့် ချမပေးပါဘူး။ အမေရိကန်သံအမတ် ဒဲရစ်မစ်ချယ်နဲ့တွေ့တော့ ... ဘာလုပ်ပေးရမလဲလို့ မေးတယ် ... နာရေးကူညီမှုအသင်း (ရန်ကုန်) မှတ်ပုံတင်ခွင့်ပြု ပါမစ်ရအောင် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နဲ့တွေ့တော့ ထပ်ပြောတယ်။ ၉ လ လောက်ကြာတော့မှ ခွင့်ပြုပါမစ်ရပါတယ်။

**မရွှေဝင်းကွက် အားကျအတုယူ စံပြထားတဲ့သူ ပုဂ္ဂိုလ်ရှိသလား ...**

အခုချိန်မှာ 'ဗုဒ္ဓ'ပါ။ ခေတ်မီတဲ့ ဘုန်းတော်ကြီး အရှင်ဇနကာဘိဝံသလဲပါတယ်။

**အမေရိကားကို ပြောင်းရွှေ့လာတဲ့ မြန်မာတွေကို ဘယ်လိုမြင်သလဲ။**

မြန်မာပြည်က မြန်မာတွေပဲလို့ပဲ မြင်ပါတယ်။

**မရွှေဝင်းကွက် ဘာဝါသနာပါသလဲ ...**

စာပေဝါသနာ ပါပါတယ်။ ဓာတ်ပုံရိုက်တာကိုလဲ စိတ်ဝင်စားပါတယ်။ ပန်းချီဆရာလဲ ဖြစ်ချင်တယ်။ ဒါပေမယ့် ပန်းချီလဲ မဆွဲတတ်ပါဘူး။ ပန်းချီဆွဲတာကို သင်ဖို့ စိတ်ဝင်စားပါတယ်။

www.burmeseclassic.com

 www.burmeseclassic.com 



**ပရွှေဝီးကွက်ရဲ့ တစ်နေ့တာ ...**

မနက် ၈ နာရီဆိုရင် နာရေးကူညီမှုအသင်း (ရန်ကုန်) ရုံးကို ရောက်ပါပြီ။ ရုံးအလုပ်နဲ့ အသင်းရဲ့ လိုအပ်ချက်တွေကို ဖြည့်ပေးရပါတယ်။ ထမင်းချက်၊ ကားမောင်းကအစ လိုအပ်သလို ဝင်လုပ်ပါတယ်။ ညနေ ၆ နာရီမှ အိမ်ပြန်ပါတယ်။ အပန်းဖြေ အင်္ဂလိပ် ဗီဒီယို/တီဗွီ သတင်းတွေကို ကြည့်ပါတယ်။ စာလဲဖတ်ပါတယ်။ အင်္ဂလိပ် ဗီဒီယိုတွေ များများကြည့်ခဲ့လို့ အင်္ဂလိပ်စာရေး စကားပြောပါ ပြောနိုင်ဆိုနိုင် ဆက်သွယ်နိုင်တဲ့အဆင့် ရှိပါတယ်။ တစ်နှစ်မှာ ၃၆၅ ရက်လုံး အလုပ်လုပ်လို့ သကြန်အတက်နေ့တောင် ည ၁၂ နာရီအထိ အလုပ်လုပ်တဲ့ အတွေ့အကြုံမျိုးလည်း ရှိပါတယ်။

**ဘာအစားအစာကို အကြိုက်ဆုံးလဲ ... ဘာအားကစားကို လုပ်သလဲ ..**

ဆာနေချိန်မှာတော့ အားလုံးကြိုက်ပါတယ်။ မြန်မာပီပီ မုန့်ဟင်းခါးနဲ့ လက်ဖက်သုတ်ကို ကြိုက်ပါတယ်။ ကြက်တောင်၊ ရေကူး၊ ဘားကျွမ်းလုပ်ခဲ့ဖူးပါတယ်။

**အင်တာနက် တစ်နေ့ ဘယ်နှစ်နာရီသုံးသလဲ ...**

တစ်နေ့ ၃ နာရီလောက် သုံးပါတယ်။

**ဘယ်လိုအသုံးအဆောင်မျိုး ကြိုက်သလဲ ..**

တစ်မျိုးတည်းအစွဲတော့ မရှိပါဘူး။ အခြေအနေနဲ့ အချိန်အခါကိုလိုက်ပြီးတော့ ကိုယ့်အတွက် အသုံးဝင်တဲ့ပစ္စည်းကို ကြိုက်တာတွေ ပြောင်းလဲပါတယ်။

**ဘဘဦးသုခအကြောင်း နည်းနည်းပြောပြပေးပါ ...**

ဘဘက အသက် ၉၅ နှစ်မှာ ဆုံးသွားပေမယ့် သူ့ရဲ့အသိဉာဏ်နဲ့ မှတ်ဉာဏ်ကို ဇရာက နည်းနည်းလေးမှ တိုက်စားမသွားပါဘူး။ သေသွားတဲ့အချိန်အထိ လူသားတစ်ယောက်အနေနဲ့ တန်ဖိုးရှိရှိ နေထိုင်သွားနိုင်တဲ့ လူတစ်ယောက်ပါ။

**ရွှေဝီးကွက်ရောက်ခဲ့ဖူးခဲ့တဲ့ နိုင်ငံနဲ့မြို့... အမေရိကန် ... ဘယ်မြို့ကို ကြိုက်သလဲ ...**

အနောက်ဂျာမနီ၊ ချက်ကိုစလိုဗက်ကီးယား၊ အင်္ဂလန်၊ အမေရိကား၊ ဂျပန်၊ ကနေဒါ၊ စကော့တလန်၊ စင်္ကာပူ၊ အိန္ဒိယ၊ သြစတြေးလျ။

ဆီယယ်တယ်လ်မြို့ကို ကြိုက်မိပါတယ်။ ဒါပေမယ့် ရာသီဥတုကိုတော့ မကြိုက်ဘူး။ လော့စ်အိန်းဂျလိစ်နဲ့ အာရီဇိုးနားလို ပူတဲ့ ရာသီဥတုရှိတဲ့မြို့ကို ကြိုက်ပါတယ်။

**ပိုက်ဆံနဲ့ အခြေအနေပေးခဲ့ရင် ပရွှေဝီးကွက်က မြန်မာပြည်ကို ဘယ်လိုဖြစ်စေချင်သလဲ ...**

စိတ်ကူးထဲမှာ လုပ်ချင်တဲ့ အစီအစဉ်ကတော့ ကလေးတွေရဲ့ ပညာရေးကို ပျိုးထောင်လေ့ကျင့်ပေးတဲ့ စာသင်ကျောင်း ဖွင့်ချင်ပါတယ်။ နောက်တစ်ဆင့်မှာ ခေတ်မီတဲ့ တက္ကသိုလ်တစ်ခု ဖွင့်ချင်ပါတယ်။ သက်ကြီးရွယ်အိုတွေနေမယ့် ခေတ်မီ လူအိုရုံတွေကိုလည်း ဖွင့်ချင်ပါတယ်။ သားသမီးတွေကို အားမကိုးတော့ဘဲ ကျွန်မကိုယ်တိုင်လဲ သွားနေချင်ပါတယ်။ မြန်မာပြည်အတွက် အထူးလိုအပ်နေတယ်လို့လည်း ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





**အမေရိကန်တစ်ဝှမ်း မြို့တွေလှည့်ပြီး ဘာတွေလုပ်သလဲ ... ဘာတွေမြင်သလဲ ...**

ပြည်သူ့ဂုဏ်ရည်အသင်းက ဖိတ်လို့ အမေရိကားက မြို့ပေါင်း ၁၀ မြို့ရောက်ပြီး လေ့လာခွင့်ရခဲ့ပါတယ်။ မြန်မာတိုင်းရင်းသားတွေနဲ့ တွေ့ပြီး စကားပြောခွင့်ရပါတယ်။ နာရေးကူညီမှုအသင်း (ရန်ကုန်) အကြောင်း၊ လူမှုရေးလုပ်ငန်းအကြောင်းတွေကို မြန်မာပြည်ဖွား တွေကို ရှင်းပြခွင့်ရတဲ့အတွက် အကျိုးရှိတယ်လို့ ထင်ပါတယ်။ ကျွန်မ ပြောတဲ့ စကားတစ်ခွန်းကြောင့် တစ်ယောက်လောက်ပဲ နားလည်သဘောပေါက်ခဲ့ရင်တောင် အပင်ပန်းခံရကျိုးနပ်ပါပြီ။ ပြည်သူ့ဂုဏ်ရည် အသင်းကိုလဲ ကျေးဇူးတင်ပါတယ်။ အလှူငွေ စုစုပေါင်း ဒေါ်လာ တစ်သိန်းရှစ်သောင်းနီးပါးရခဲ့လို့ လှူဒါန်းကြတဲ့ မြန်မာပြည်ဖွားအားလုံးကို ကျေးဇူးတင်ပါတယ်။ နာရေးကူညီမှုအသင်းအတွက် အားဆေးတစ်ခွက်ပါပဲ။ မြန်မာပြည် ပြန်ရောက်ရင် အတိုးချပြီး အလုပ်လုပ်ပါ့မယ်လို့ ကတိပေးပါတယ်။

iPad လက်ဆောင်ရလို့ ကိုကျော်သူနဲ့တောင် ရယ်စရာပြောဖြစ်သေးတယ်။ "I" ဆိုတဲ့ အတ္တကိုပယ်ပြီး အများအတွက် ပရဟိတအလုပ်ကို လုပ်နေတာတောင် ဒီ iPad ဆိုတာကို ရနေလို့ မြန်မာပြည်ပြန်ရောက်ရန် "WePad" ဖြစ်အောင် ကြိုးစားပါ့မယ်လို့၊ သတင်းတွေကိုလဲ သိရလို့ မြန်မာတိုင်း ဖတ်သင့်ပါတယ်။ နိုင်ငံခြားကသတင်းတွေသာမက မြန်မာပြည်က သတင်း တွေကို ပိုထည့်နိုင်ရင် ပိုကောင်းပါမယ်လို့ ထင်ပါတယ်။ ပညာပေးကဏ္ဍတွေလဲ ရှိစေချင်ပါ တယ်။ ဆောင်းပါးတွေ ပိုပါရင် ပိုကောင်းပါလိမ့်မယ်။ ဘာသာရေးမှာ ဗုဒ္ဓဘာသာကဏ္ဍကို လည်း ပါစေချင်ပါတယ်။

**ဖြည့်ပြောချင်တဲ့စကား ...**

အခုအခါ အနည်းငယ် လွတ်လပ်လာလို့ မြန်မာပြည် ပြန်လာနိုင်တဲ့ ပုံစံနှစ်မျိုးရှိပါ တယ်။ မြန်မာပြည်ကောင်းဖို့ လမ်းဖောက်ဖို့နဲ့ ကောင်းတဲ့မြန်မာပြည်မှာ လမ်းလျှောက်ဖို့ဆိုပြီး နှစ်မျိုးရှိပါတယ်။ 'လမ်းဖောက်' ချင်ရင်တော့ ပင်ပန်းမှာပဲ၊ အချိန်မရွေး ပြန်လာနိုင်ပါတယ်။ 'လမ်းလျှောက်' ဖို့ လာမယ်ဆိုရင်တော့ စောင့်ရဦးမှာပါပဲ။

ဖြေကြားပေးသော မရွှေစီးကွက်နှင့် အိမ်ရှင် ကိုကျော်ဝဏ္ဏနှင့် မမိုးချိုသင်းတို့အား အထူးကျေးဇူးတင်ပါသည်။

ပြည်သူ့ဂုဏ်ရည်အသင်း၏ ဖိတ်ကြားမှုဖြင့် တတိယအကြိမ်မြောက် ပြည်သူ့ဂုဏ်ရည် ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ရန် အမေရိကား လော့စ်အိန်းဂျလိစ်မြို့သို့ ၂၀၁၂ မေလ ၁ ရက်နေ့တွင် အကယ်ဒမီကျော်သူနှင့် ဇနီး မရွှေဇီးကွက်တို့နှင့် ရောက်ရှိလာကြသည်။

၂၀၁၂ ဇွန်လ ၂၀ ရက်နေ့တွင် လော့စ်အိန်းဂျလိစ်မြို့ ဘော်ဒွင်ပတ်ခ်စီးတီးရှိ ကိုကျော်ဝဏ္ဏ+ မမိုးချိုသင်းတို့ နေအိမ်၌ မရွှေဇီးကွက်ကို ရတနာပုံနေပြည်တော် သတင်းစာက 'မိုးသက်ကို'၏ မေးမြန်းခန်းအား ပြန်လည်ဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ငယ် စဉ် ကြီး လိုက်




**ငယ်။** သူငယ်ချင်းတို့
မင်းတို့နဲ့ငါ၊ ငယ်ငယ်ကလေးထဲက သူငယ်ချင်းတွေပါ။
ကစားဖော်၊ ကစားဖက်
ကျောင်းပြေးဖော်၊ ကျောင်းပြေးဖက်
ဆိုးဖော်၊ ဆိုးဖက်၊ ဆော့ဖော်၊ ဆော့ဖက်
ဘာပဲလုပ်လုပ်၊ တဖက်ဖက်နဲ့
မင်းတို့ထဲမှာ၊ ငါက စာအညံ့ဆုံး
ဒါပေမဲ့ ငယ်သူငယ်ချင်းတို့ ...
မင်းတို့ ငါ့ကို အချစ်ဆုံး။

**စဉ်။** သူငယ်ချင်းတို့။
အစဉ်လိုက်၊ တပူးပူး တတွဲတွဲနဲ့
ကောလိပ်ရောက်တော့လည်း၊
ရှေ့ဆင့်နောက်ဆင့်ပဲ။
မင်းတို့က ရှေ့ကသွား၊ ငါက နောက်ကလိုက်ခဲ့။
ပညာရေးက နိမ့်ပါးတော့
ငယ်ဘဝ မိဘတွေမရိပ်မိအောင်
 တားမရတော့လည်း၊ ချစ်နေကြမြဲ။
မင်းတို့ကတော့ ပညာတတ်ကြီးတွေဖြစ်သွား
ငါကတော့ မှူးယစ်သံသရာထဲ တဝဲဝဲလည်။
ဒါပေမဲ့ ငယ်စဉ်ကသူငယ်ချင်းတို့ ...
မင်းတို့ ငါ့ကို အချစ်ဆုံးပဲ။

**ကြီး။** သူငယ်ချင်းတို့ ...
ဘဝပေးအခြေအနေကြောင့်၊ ငါက မင်းသားဖြစ်သွား
မင်းတို့မှာတော့၊ အင်ဂျင်နီယာကြီးတွေ
ဆရာဝန်ကြီးတွေ၊ စစ်ဘက်အရာရှိတွေ၊
သင်္ဘောအရာရှိတွေနဲ့
ငါနဲ့မင်းတို့ ဘဝတွေက ကွာခြားသွား။

www.burmeseclassic.com

www.burmeseclassic.com


ငါ့ရဲ့ဘဝထဲ၊ ကြီးသူငယ်ချင်းတို့နဲ့ ထပ်ဆုံတွေ့
ငါ့ရဲ့လောကထဲမှာက၊ ပြဿနာပေါင်းစုံ
အရက်၊ မူးယစ်၊ မိန်းမ၊ လောင်းကစား အစုံပဲ။
အဲဒီအစုံစုံတွေကြား နစ်မွန်းခဲ့ရ။
ဒါပေမဲ့ ငယ်...စဉ်...ကြီး... သူငယ်ချင်းတို့...
မင်းတို့ ငါ့ကို အချစ်ဆုံးပဲ။
**လိုက်။** သူငယ်ချင်းတို့ ...
ငါ့ဘဝကို၊ ငါရုန်းထွက်
နာရေးကောင်းမှုထဲ၊ စုန်းစုန်းဝင်ခဲ့
လူမှုရေးလမ်းကြောင်းထဲ၊ အဆုံးထိလိုက်ခဲ့
နာရေးလူမှုရေး တပူးတွဲတွဲ၊ စက်တင်ဘာကိစ္စ စခဲ့ပြီပဲ
အကျဉ်းကျမိသားစုဘဝ၊ ကိုယ်ချင်းစာခဲ့
ငါ့ကိုခေါ်ယူမေးမြန်းခဲ့
ငါလှည့်ကြည့်မိတယ်
ဘယ်သူမှ မရှိတော့ဘူး
ဘယ်သူမှ ပါမလာတော့ဘူး
၂၀၀၇ နောက်ပိုင်း
ငါ့ဘဝမှာ ငါတစ်ယောက်တည်း
မွေးကတည်းက တစ်ယောက်တည်း
ဆုံးတဲ့အခါမှာလည်း တစ်ယောက်တည်း
ဒီစကားက မှန်နေဆဲပါ သူငယ်ချင်းတို့
အခု ငါကောင်းမှုတွေလုပ်နေပြီလေကွာ၊
မြတ်စွာဘုရား ဆုံးမဟောကြားထားတဲ့အတိုင်း
ဖြဟ္မစိုရ်၊ လူမှုရေးတွေ လုပ်နေလေပြီကွာ၊
ငါ့နားမှာ ငယ်စဉ်ကသူငယ်ချင်းတွေ
မင်းတို့မရှိကြတော့ဘူးလားကွာ
ငါ့ဘေးမှာ ကြီးမှပေါင်းတဲ့ အနုပညာသူငယ်ချင်းတွေ
မင်းတို့ မရှိကြတော့ဘူးလားကွာ
ငါတို့ လက်ချင်းမတွဲကြတော့ဘူးလားကွာ
ငါဟာ အနက်ရောင်လူသား မဟုတ်ရပါလားကွာ
ငါဟာ အရှင်လတ်လတ် ဥပေက္ခာလူသား ဖြစ်သွားပြီလား။
အခုတော့ ...



www.burmeseclassic.com

www.burmeseclassic.com


ငါ့ဘေးမှာ လူသေတွေနဲ့၊ လူနာတွေချည်းပဲပေါ့
ငါ့ကို မင်းတို့ တွေ့ရမှာ ဆုံရမှာ
ဘာလို့များ ကြောက်နေရတာလည်းကွာ
ငါဟာ တစ္ဆေ...သရဲ...ပြိတ္တာ...
မကောင်းဆိုးဝါး မဟုတ်ပါဘူးကွာ။
ပြည်သူတွေရဲ့ ဒုက္ခအခက်အခဲတွေကို
တစ်ပိုင်တစ်နိုင် ဖေးမပေးနေတဲ့ ငါပါကွ
မင်းတို့ငါတို့ အများပြည်သူ လူသားအားလုံးဟာ
ခင်ပွန်းကြီးဆယ်ပါးထဲမှာ အကျုံးဝင်တယ်ဆိုတာ မမေ့ကြပါနဲ့ကွာ
လူမှုရေးဟာ ပြည်သူ့အရေး
နိုင်ငံ့အရေးဟာ မင်းတို့ငါတို့ရဲ့ အရေးလေကွာ
မင်းတို့ မရက်စက်ကြပါနဲ့ မင်းတို့ အတ္တမကြီးကြပါနဲ့
မင်းတို့ရဲ့ ပညာရပ်တွေကို ဘယ်သူမှ မထိနိုင် မခိုးနိုင်ပါဘူး
မင်းတို့ရဲ့ ပညာတွေ မပွန်းနိုင်ပါဘူး...မပဲ့နိုင်ပါဘူးကွာ
ဓားဆိုတာ သွေးနေမှ ထက်တာတဲ့
မင်းတို့ တတ်မြောက်ထားတဲ့ ပညာရပ်တွေကို အသုံးချကြပါတော့ကွ
ဒါမှ မင်းတို့ရဲ့ပညာတွေ တောက်ပြောင်ထက်မြက်လာမှာပါ။
ခုတော့ ...
ငါ့မှာတော့ တစ်ယောက်တည်း
မင်းတို့ရဲ့ ဥပေက္ခာလုပ်ရပ်က မှားနေပြီလား
မင်းတို့ရဲ့ အယူအစွဲတွေ မှားနေပြီလား
မင်းတို့ရဲ့ ပညာရပ်တွေ ဥစ္စာခြောက်နေကြပြီလား
မိကျောင်းမင်း ရေခင်းပြတာတော့ မဟုတ်ရပါကွာ။
ငယ်စဉ်၊ ကြီးလိုက်၊ သူငယ်ချင်းတို့ရေ ...
ငါတို့ ဟိုတုန်းကလို ...
လက်ချင်းဆက်ပြီး စိတ်ချင်းဆက်ကာ
အများအတွက် တို့တွေ ပေးဆပ်ကြပါစို့လား ...
ဒါပေမဲ့
ငယ်၊ စဉ်၊ ကြီး၊ လိုက် သူငယ်ချင်းတို့
မင်းတို့ကိုတော့ ငါချစ်နေဆဲပဲ။



**မောင်မောင် (ခ) ကျော်ဝင်း (ခ) ကျော်သူ**

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိလာ လည်ပြန်အလွမ်း

ကျော်သူ



"တက္ကသိုလ်နောက်ခံ ဝတ္ထု၊ ကဗျာတွေ ရေးဖြစ်သောအကြောင်းရင်း နှစ်ချက်ရှိပါသည်။ ပထမအချက်က ဘွဲ့ရလို့ တက္ကသိုလ်နယ်မြေကို စွန့်ခွာခဲ့ရသော်လည်း တသသ စွဲလမ်းနေဆဲဖြစ်၍ အလွမ်းပြေရေးမိခြင်း၊ ဒုတိယအချက်ကတော့ ကိုယ်ကျွမ်းကျင်ပိုင်နိုင်သော နေရာဒေသဖြစ်၍ သရုပ်ပေါ်အောင် ရေးသားနိုင်ခြင်းပဲဖြစ်ပါသည်။" ဟု စာရေးဆရာ မင်းလူက ရေးသားဖွဲ့ဆိုခဲ့ဖူးသည်။

ယခုလည်း မြန်မာ့ရုပ်ရှင်လောကတွင် ထင်ပေါ်ကျော်ကြားသူ ဖြစ်ရုံမက တက္ကသိုလ်နောက်ခံ ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများဖြင့် ထင်ရှားကျော်ကြားခဲ့သော အကယ်ဒမီဦးကျော်သူ

www.burmeseclassic.com

www.burmeseclassic.com



နှင့် တက္ကသိုလ်နောက်ခံ ဇာတ်ကားရိုက်ကူးခြင်း၊ သရုပ်ဆောင်ခြင်းသည် တခြားဇာတ်လမ်း၊ ဇာတ်ရုပ်များနှင့်မတူကြောင်း၊ တက္ကသိုလ်၏အထာ၊ တက္ကသိုလ်ပရဝဏ်နှင့် နီးစပ်ပတ်သက်နေသူများသာ ပိုပြီး သရုပ်ပီပြင်နိုင်ကြောင်း ထင်မြင်ယူဆချက်များကို ပြောကြားခဲ့သည်။

"အနုပညာရှင်တစ်ယောက်အနေနဲ့ အဲဒီအချိန်က (၁၉၉၀ နောက်ပိုင်း) ကိုယ်က လည်း တက္ကသိုလ်ကျောင်းသားတစ်ယောက်ဆိုတော့ ကျောင်းသားတွေရဲ့ ခံစားမှုနဲ့ မစိမ်းဘူး လေ။ ကိုယ်က အဲဒီတုန်းက Physics ဘာသာရပ်နဲ့ ကျောင်းတက်နေတာလေ"ဟု ကိုယ်ကိုယ်တိုင် တက္ကသိုလ်ပရဝဏ်နှင့် ဆက်စပ်ပတ်သက်ပုံကို ပြောပြသည်။

**ပုံပြင်လို၊ ဒဏ္ဍာရီလို**

"တက္ကသိုလ်အကြောင်းကို အခုနေ ပြန်ပြော၊ ပြန်ရိုက်ပြရင် လူငယ်တွေအများစုက ပုံပြင်လို၊ ဒဏ္ဍာရီလိုပဲ ထင်နေကြမှာ။ ဟိုတလောက သတင်းထောက်တစ်ယောက်က ကျွန်တော့်ကို အင်တာဗျူးရင်း တက္ကသိုလ်နဲ့ ရုပ်ရှင်အကြောင်း ပြောမိသွားတယ်။ အဲဒီမှာ ကျွန်တော်က Main (ပင်မတက္ကသိုလ်)ဖွင့်ရင် ကျွန်တော်လည်း ဖိုင်နယ်ပြန်တက်ချင်တယ်လို့ ပြောလိုက်တယ်။ မီဒီယာသမားက Main ဆိုတာ ဘာလဲပြန်မေးတော့ ကျွန်တော် တော်တော် Feeling ဖြစ်သွားတယ်။ သြော် ... တချို့လူငယ်တွေ Main ဆိုတာ ဘာလဲတောင် မသိတော့ပါလား လို့လည်း တွေးမိလိုက်တယ်"ဟု ဦးကျော်သူက တက္ကသိုလ်နှင့်ပတ်သက်ပြီး ယနေ့လူငယ်များ ပင်မတက္ကသိုလ်နှင့် အလှမ်းဝေးသွားပုံကို ပြောပြပါသည်။

**လျှို့ဝှက်ချက်တွေ၊ သင်္ကေတတွေနဲ့**

"တက္ကသိုလ်ဆိုသည်မှာ ဆွတ်ပျံ့ဖွယ်ကောင်းသလို ကြည်နူးဖွယ်ကောင်းလှကြောင်း ပြန်ပြောင်းပြောပြသည့်အခါ ကိုယ့်အတိတ်ကို ပြန်အလွမ်းဆင်စေသည့် မြကျွန်းညိုရိပ်မြုံဟု ဆိုရပေမယ်။ တစ်ခါက ဖြတ်သန်းခဲ့ကြသည့် အတိတ်ကာလတစ်ခုက ရန်ကုန်တက္ကသိုလ် ပရဝဏ်ဝယ် သူငယ်ချင်းများအကြား ဆက်သွယ်ချိတ်ဆက်ပုံလေးများကလည်း ပြန်ပြောင်း တွေးကြည့်မိတိုင်း ရင်ခုန်ကြည်နူးမှုဖြစ်ရသည်ဟု ဦးကျော်သူက ဆိုသေး၏။ ထို့အပြင် တက္ကသိုလ်နောက်ခံ ရုပ်ရှင်ရိုက်ကူးတင်ဆက်၊ ရေးသားရာမှာ တက္ကသိုလ်တက်ဖူးတဲ့သူဆို ပိုကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ်မှာ လျှို့ဝှက်ချက်တွေ အများကြီးရှိနေလို့ပါ။ ကျွန်တော်တို့ခေတ်က အခုလို ဆက်သွယ်ရေးနည်းပညာတွေ မထွန်းကားသေးဘူးလေ။ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ရာမှာ သင်္ကေတလေးတွေလုပ်ပြီး အချက်ပြရတာတွေရှိခဲ့တယ်။ ဥပမာ သစ်ပုပ်ပင်က အရွက်လေးတွေပေါ်မှာ သင်္ကေတလေးတွေရေးပြီး ကျောက်တုံးလေးနဲ့ဖိထားပြီး နောက်လူကို အသိပေးတာလေးတွေလုပ်တာ ရှိခဲ့တယ်"ဟု တက္ကသိုလ် ရိပ်မြုံ၏ လျှို့ဝှက်ချက်များ ပြည့်နှက်နေပုံနှင့် ကိုယ်တိုင် ကျောင်းသားတစ်ဦးအဖြစ် ဖြတ်သန်း ခဲ့ဖူး၍ လူငယ်တို့ လူမှုနယ်ပယ် ချဲ့ထွင်နိုင်ခဲ့ပုံအကြောင်းကို ဦးကျော်သူက ပြောပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


**တစ်ခါတုန်းက တက္ကသိုလ်မှာ**

အနုပညာသမားတို့သည် မိမိတို့ကျရာ ဇာတ်ရုပ်၊ ဇာတ်ကောင်မှာ ပါဝင်သရုပ်ဆောင်ကြရပြီး ဦးကျော်သူတို့လို အနုပညာရှင်များအနေဖြင့် တက္ကသိုလ်ဇာတ်ကောင်နေရာတွင် တမင်ရည်ရွယ်ကာ ရွေးချယ်သရုပ်ဆောင်ခဲ့တာလည်း ရှိခဲ့သည်။ ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့ရသည့် တက္ကသိုလ်နောက်ခံ ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်ပြီး မှတ်မှတ်ရရ ဖော်ပြသည့်အခါမှာ နားထောင်ရသူများက ဓာတ်ပုံ တစ်ပုံပြီးတစ်ပုံ ကြည့်နေရသလို အသက်ဝင်လှပေသည်။

"ကျွန်တော်တို့ခေတ်က တက္ကသိုလ်နောက်ခံ ဝတ္ထုအရေးများတာ စာရေးဆရာငြိမ်းကျော်၊ နွမ်ဂျာသိုင်း၊ မောင်စိန်ဝင်း(ပုတီးကုန်း) တို့ပါပဲ။ ကျွန်တော် သရုပ်ဆောင်ထားတဲ့ 'တစ်ခါတုန်းက တက္ကသိုလ်မှာ' ဝတ္ထုကို နွမ်ဂျာသိုင်းရေးခဲ့တာလေ။ ကျွန်တော် တက္ကသိုလ်နောက်ခံဇာတ်ကားပေါင်း ၁၀ ကားကျော် ရိုက်ခဲ့တယ်။ အမှတ်မိဆုံးဇာတ်ကားကတော့ 'တစ်ခါတုန်းက တက္ကသိုလ်'ဇာတ်ကားရယ်၊ 'ပန်းတွေနဲ့ဝေ'က ဗီဒီယိုဇာတ်ကားပါ။ ဇာတ်ကားဟောင်းတစ်ခုပါ။ အရင်ကတော့ ဒါရိုက်တာ မောင်ဝဏ္ဏက မင်းသား ဦးညွန့်ဝင်း၊ မင်းသမီး ဒေါ်ခင်ယုမေနဲ့ ရိုက်တာ။ ကျွန်တော်ကလည်း ဒါရိုက်တာ မောင်ဝဏ္ဏနဲ့ပဲ ရိုက်ခဲ့တာပါ။ အဲဒီဇာတ်ကားထဲက ဇာတ်ဝင်သီချင်းက အကယ်ဒမီ စန္ဒရားဦးလုထွတ်ရေးတဲ့ နာမည်ကျော် 'ပန်းတွေနဲ့ဝေ'သီချင်းပါပဲ။ အဲဒီကားရိုက်ရင်း မှတ်မှတ်ရရ ကိုမင်းလူရယ်၊ အရိုင်းရယ် ထောင်ထဲကထွက်လာပြီး ကျွန်တော့်ရိုက်ကွင်းဆီ လာခဲ့ကြတယ်။ ကျွန်တော် တက္ကသိုလ်တော်တော်များများ ရိုက်ဖူးပါတယ်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ် အစုံပါပဲ။ 'ဖိုင်တွဲလေးများ' ဇာတ်ကားကို လှိုင်မြို့နယ်မှာရှိတဲ့ ဒေသကောလိပ်မှာ ရိုက်ကူးခဲ့တယ်။ မန္တလေးတက္ကသိုလ်မှာတော့ ၃ ကားလောက် ရိုက်ခဲ့တယ်။ တောင်ကြီးတက္ကသိုလ်မှာကတော့ ဒါရိုက်တာ မောင်ဝဏ္ဏရိုက်ကူးတဲ့ 'အချစ်သစ်ပင်' ဇာတ်ကားပါပဲ။ အဲဒီကားမှာ အဓိကဇာတ်ကောင်က ဦးကျော်ဟိန်းပါ။ ကျွန်တော်က အဲဒီတုန်းက ချာတိတ်ပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ အမျိုးသားရုပ်ရှင်က ထုတ်လုပ်လို့သာ ပါဝင်ဖြစ်ခဲ့တာပါ။ ကျွန်တော်တို့ အချိန်တုန်းကလည်း တက္ကသိုလ်မှာ ရုပ်ရှင်ရိုက်ခွင့်သာရတာပါ။ တကယ့်တကယ် ထဲထဲဝင်ဝင် ရိုက်ခွင့်မရခဲ့ပါဘူး"ဟု သူတို့ခေတ်က တက္ကသိုလ်နောက်ခံ ရုပ်ရှင်ဇာတ်ကားများအကြောင်းနှင့် နောက်ခံဝတ္ထုများအကြောင်းကို ဦးကျော်သူက ရင်နှင့်ခံစား၍ ပြန်ပြောင်းပြောကြားခဲ့ပုံမှာ အလွမ်းများ ရင်ခွင်ကမ်းဆင့်ကာ ဖြစ်တည်စေခဲ့ပေသည်။

**ရိုက်ကွင်းဘယ်လိုရွေးချယ်**

သူတို့ခေတ်က ရုပ်ရှင်အနုပညာသမားများ ကြုံတွေ့ခံစားရသည့် အကန့်အသတ်၊ အဟန့်အတားများ စိစစ်ဖြတ်တောက်မှုများနှင့် ပတ်သက်ပြီးလည်း ကိုယ်တိုင်အတွေ့အကြုံဖြင့် ရှင်းရှင်းလင်းလင်း မြင်သာအောင် ဦးကျော်သူက ပြောပြခဲ့သည်။ မြန်မာ့ရုပ်ရှင်လုပ်ငန်း နိုင်ငံတကာအဆင့်မီဖို့ လွတ်လပ်သည့် အခင်းအကျင်းများ ဖန်တီးပေးဖို့လိုကြောင်း တင်းကျပ်

 www.burmeseclassic.com 

သည့် ဆင်ဆာဖြတ်တောက်မှု ရှိဖို့မလိုကြောင်း ဦးကျော်သူက ဆိုသည်။

"၁၉၈၈ နောက်ပိုင်းကျတော့ ဗိုလ်ချုပ်ခင်ညွန့်နဲ့ အနုပညာရှင်တွေ တွေ့ကြပြီး ရုပ်ရှင် ရိုက်ကူးရေးနဲ့ပတ်သက်လို့ ဆွေးနွေးဖြစ်ကြတော့ သူက လေဆိပ်ထဲမှာ ရိုက်ကူးချင်သလား၊ တက္ကသိုလ်ထဲမှာ ရိုက်ကူးချင်သလား။ နောက်ဆုံး လွှတ်တော်ထဲမှာတောင် ရိုက်ကူးချင်ရင် ခွင့်ပြုမယ်လို့ ပြောခဲ့ဖူးပါတယ်။ ပြောပြီးနောက်ပိုင်းမှ ခွင့်မပြုတာ။ အခုခေတ် ရုပ်ရှင်တွေမှာ တက္ကသိုလ်ဆိုရင် တက္ကသိုလ်က စားသောက်ဆိုင်ရယ်၊ အင်းယားကန်ပေါင်ရယ် ဒါတွေပဲ ပြသ နေတာ တွေ့ရတော့တယ်"ဟု ကိုယ်တိုင် တွေ့ကြုံ ရင်ဆိုင်ခဲ့ရပုံကို ဦးကျော်သူ ပြန်ပြောင်း ပြောပြသည်။

**ရုပ်ရှင်ဆိုတာ**

ရုပ်ရှင်၊ စာပေနှင့်ပတ်သက်ပြီး ဦးကျော်သူ၏ အမြင်နှင့် ဖွင့်ချက်ကလည်း မှတ်သား ထိုက်သည်။ အနုပညာကို မြတ်နိုးတန်ဖိုးထားသူပီပီ၊ စာပေကို လေးစားမြတ်နိုး တန်ဖိုးထားသူ ပီပီ စာပေ၊ ရုပ်ရှင် အနုပညာအမြင်များတွင်လည်း စူးရှထက်မြက်သည်ကို တွေ့ရသည်။

"တက္ကသိုလ်နောက်ခံ ရုပ်ရှင်တွေ လျော့နည်းသွားရတာ အကြောင်းအမျိုးမျိုးရှိပါတယ်။ ရုပ်ရှင်ဆိုတာ စိတ်နဲ့လုပ်ရတာ၊ ခံစားမှုနဲ့လုပ်ရတာ၊ ခေါင်းရှင်းရှင်းနဲ့ လုပ်ရတာလေ။ အခု ဟာက ကန့်သတ်ချုပ်ချယ်မှုတွေကလည်း များတယ်။ ထုတ်လုပ်သူကလည်း အချိန်တိုတို အတွင်းမှာ ပြီးအောင်လုပ်ရတယ်။ မြန်မြန်ထုတ်နိုင်မှ သူ့အတွက် တွက်ခြေကိုက်မှာလေ။ ပြီးတော့ ရုပ်ရှင်ဆိုတာ ဝတ္ထုကို အခြေခံပြီး ရိုက်ရတာလေ။ ဒါကြောင့် တက္ကသိုလ်နောက်ခံ ဝတ္ထုကောင်း များများပေါ်ထွက်ဖို့လည်း လိုပါတယ်။ စာပေဆိုတာ စာဖတ်ဖို့ စိတ်ဝင်စားသူ၊ စာဖတ်တတ်တဲ့သူပဲ ဖတ်တာပါ။ ရုပ်ရှင်၊ ဗီဒီယို၊ သီချင်းတွေရဲ့ အခန်းကဏ္ဍဟာလည်း တက္ကသိုလ်အကြောင်း ဖော်ကျူးတင်ပြရာမှာ အလွန်အရေးပါတယ်လို့ ထင်မြင်ပါတယ်"ဟု ရုပ်ရှင်အနုပညာရှင် ဦးကျော်သူက ရှင်းလင်းပြောကြားခဲ့ပေသည်။

**တက္ကသိုလ်ဆိုတာ မိခင်ပါပဲ**

ကျောင်းတုန်းက ဘယ်လောက်ပဲဆိုးဆိုး (စတိတ်တုန်းကဖြစ်ဖြစ် တက္ကသိုလ်တုန်းက ဖြစ်ဖြစ်) ဆိုးတဲ့ကလေးကို ဆရာ၊ ဆရာမက ပိုချစ်ကြတယ်။ ပိုပြီး ဂရုစိုက်လုပ်ပေးခဲ့ကြတယ်။ ခုချိန် ဆရာ/ဆရာမတွေရဲ့ ကျန်းမာရေးတွေရော၊ နာရေးကိစ္စရော ခုပြန်ကူညီပေးရတော့ အရမ်းကျေနပ်မိတယ်။ ငါတို့တုန်းက ငါတို့ဒဏ်တွေကို ဆရာ၊ ဆရာမ တွေ ခံခဲ့ကြတယ်။ အခု ကျေးဇူးတရားတွေကို အောက်မေ့ပြီး ကိုယ်နိုင် တဲ့ဘက်က လုပ်ပေးရမှာပဲလေ ဒီမှာမှ မဟုတ်ဘူး။ နိုင်ငံခြားရောက် တုန်းကလည်း ဆရာ၊ ဆရာမတွေနဲ့ တွေ့တယ်။ သူတို့နဲ့တွေ့တော့ ကိုယ့် ကိုယ်ကို ကျောင်းသားဘဝကို ပြန်ရောက်သွားတယ်။ လူငယ်လေး

www.burmeseclassic.com

www.burmeseclassic.com

ပြန်ဖြစ်သွားတယ်။ စတိတ်ကျောင်းက ဆရာ၊ ဆရာမနဲ့တွေ့ရင်လည်း လက်ညှိုးလေးထောင်ပြီး ခွင့်တောင်းတဲ့ပုံလေး ပြန်ပြန်လုပ်သွားမိတယ်။ ဒါကတော့ စိတ်ခံစားမှုပေါ့လေ။ တက္ကသိုလ်မြေဆိုတာ ဘယ်လိုမှ မေ့လို့မရတဲ့နေရာပါ။ တက္ကသိုလ်မြေကနေ သူ့ကဏ္ဍနဲ့သူ အသီးသီး ဘဝခရီးကို လျှောက်လှမ်း ခွဲထွက်သွားခဲ့ကြတယ်။ အခု လူကြီးပိုင်းပေါ့။ အသက်ဘယ်လောက်ကြီးကြီး တက္ကသိုလ်လို့ ပြောလိုက်တာနဲ့ နုပျိုသွားကြတယ်။ မွေးမိခင်ကတော့ အသက်ရှင်ဖို့ မွေးပေးလိုက်သလို ကိုယ့် မိခင်တက္ကသိုလ်ကြီးကလည်း ကိုယ့်ဘဝရပ်တည်မှုအတွက်ကို မွေးထုတ်ပေးလိုက်တာပဲ။ မိန်းထဲမှာ ကြီးလာတဲ့ ကျွန်တော်တို့ မိန်းထဲကို အရမ်းသံယောဇဉ်ရှိတယ်။

**ပြည်ပရောက် ပညာရှင်တွေနဲ့ ပြည်တွင်းက ပညာရှင်တွေ ပြန်လည်ပူးပေါင်းသင့်ပြီ**

အခု ကျွန်တော့်အသင်းမှာရှိနေတဲ့ တက္ကသိုလ်ကျောင်းသားတွေ ရှိတယ်။ သူတို့ခမျာ ကျောင်းတက်ရတာ အဝေးကြီးပဲ။ သူတို့နေရာမှာ ကိုယ်သာဆိုရင် တော်တော်မလွယ်မှာ ကိုယ်ချင်းစာမိတယ်။ ကိုယ်တွေ ခေတ်တုန်းက ပျော်စရာအရမ်းကောင်းပြီး စုစုစည်းစည်းရှိခဲ့တဲ့ တက္ကသိုလ်လေ။ မိန်းထဲမှာ လာစုကြတာ ပျော်စရာကြီး။ အခုတော့ တကွဲတပြားနဲ့ အဝေးကြီးတွေမှာ။ တက္ကသိုလ်ပြန်ဖွင့်ပါစေလို့ ဆုတောင်းပါတယ်။ အာရှရဲ့ အထင်ကရတက္ကသိုလ်မှာ ဒို့တက္ကသိုလ်ပါတယ်။ ပညာတတ်တွေ အများကြီးမွေးထုတ်ပေးခဲ့လို့လေ။ ခုတော့ ပညာရေးမှာလည်း နိုင်ငံတကာနဲ့ မယှဉ်နိုင်အောင်နိမ့်ကျ။ ကျန်းမာရေးမှာလည်း နိမ့်ကျနဲ့ ပြန်အဖတ်ဆယ်ကြဖို့ အားလုံးမှာ တာဝန်ရှိတယ်။ နိုင်ငံခြားရောက်နေတဲ့ ဆရာကြီးတွေ၊ ဆရာမကြီးတွေ၊ ပညာရှင်တွေကလည်း ပြည်တွင်းမှာ ပြန်ပြီး ကိုယ့်နိုင်ငံရဲ့ ပညာရေး၊ ကျန်းမာရေးအတွက် ပြန်ထူထောင်ပေးသင့်တယ်။ လက်ရှိလုပ်ကိုင်နေတဲ့ ပြည်တွင်းက ပညာရှင်တွေကလည်း ဒီလူတွေကို ပြန်ပြီး လက်ကမ်းကြိုသင့်တယ်။ အခုဖြစ်နေကြတာက ပညာရေးလောကရော၊ ဆရာဝန်လောကရောပေါ့။ ပြည်ပကလာတဲ့ ပညာရှင်တွေကလည်း ဒီမှာရှိတဲ့ အရာလေးတွေနဲ့ သင်ကြားနေရတယ်။ ရှိတဲ့ ဆေးဝါးတွေ၊ ကိရိယာတွေနဲ့ ရှိသလို၊ ဖြစ်သလို ကုသနေကြရတယ်ဆိုတာကိုနားလည်ပေးရမယ်။ နှစ်ဦးနှစ်ဖက် နားလည်ပေးမှ ဒီလုပ်ငန်းကြီး ပြန်လည်ထူထောင်လို့ရမှာ။ မင်းတို့ ဆေးဝါးတွေ၊ တန်ဆာပလာတွေက အစုတ်တွေ၊ ဒိတ်အောက်နေပြီ။ ဒါတွေနဲ့ ငါတို့မကုနိုင်ဘူး၊ မလုပ်နိုင်ဘူးဆိုရင် သွားပြီလေ၊ မလာနဲ့တော့။ ဒီဘက်ကလည်း ဒီကောင်တွေက ကြီးကြီးကျယ်ကျယ် လုပ်နေတယ်။ ငါတို့က လက်တွေ့



www.burmeseclassic.com



လုပ်နေတာ။ ဒီလိုကောင်တွေနဲ့ လက်မတွဲနိုင်ဘူးဆို သွားပြီ။ ဒါကြောင့် နှစ်ဦးနှစ်ဖက် ကိုယ့်ရဲ့ ပညာမာနတွေလျှော့ပြီး လက်တွဲကြမှ အောင်မြင်မှာ၊ ကိုယ့်နိုင်ငံတိုးတက်မှာ။ ပညာရေးမှာ အခြေခံကအစ ပျိုးထောင်မှ တိုးတက်မှာ။ ငယ်ငယ်လေးကတည်းက သင်ကြားနည်းမှန်မှ ကြီးတဲ့အခါ ဆုံးဖြတ်တာမှန်လိမ့်မယ်။ သင်ကြားမှုမဟုတ်ခဲ့ရင် တက္ကသိုလ်ရောက်တာတောင် ကိုယ့်ဆုံးဖြတ်ချက်က မဝံ့မရဲနဲ့ အများဆိုလည်း လုပ်မိမှာပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှု မရှိဘူး။ အဲဒါတွေ ဖြစ်တတ်တယ်။ ငယ်ငယ်ကတည်းက ကိုယ့်အားကိုယ်ကိုးတဲ့ စိတ်ဓာတ် ကလေးတွေကို သွင်းပေးမထားရင် ကြီးလာရင်လည်း ဆုံးဖြတ်တတ်မှာ မဟုတ်ဘူး။ ဘာလုပ်လုပ် အကြောက်တရားဆိုတဲ့ ငါလုပ်လိုက်ရင် မှားသွားမလားဆိုတာကြီးက လွှမ်းမိုးနေလိမ့်မယ်။ နောက်တစ်ခု ကိုယ်တိုင်မဆုံးဖြတ်ဘဲ သူများလုပ်လို့ လုပ်လိုက်တာတွေ ဖြစ်လိမ့်မယ်။ ဥပမာ ဆန္ဒပြတယ်ဆိုပါတော့။ သူများပါတိုင်း လိုက်မပါတော့ဘူး။ ဒါ လုပ်သင့်လား၊ ငါပါသင့်လား၊ ငါ့ဆန္ဒက ဘယ်လို စသဖြင့်ပေါ့။ ချင့်ချိန်သွားပြီ။ မဟုတ်ရင် သူများပါလို့ ကိုယ့်ခံယူချက်မရှိဘဲ လိုက်ပါကုန်ကြတာ အများကြီးပဲ။ သပိတ်မှောက်ကျောင်းသား အယောက်တစ်သိန်းဆိုတာ ဖြစ်ချင်မှဖြစ်မယ်။ တစ်ရာလောက်ပဲ ဖြစ်ချင်ဖြစ်လိမ့်မယ်။ နိုင်ငံခြားမှာဆို တက္ကသိုလ် ကျောင်းသားတွေ ဆန္ဒပြလည်း တက္ကသိုလ်ကျောင်းသားအားလုံး မပါဘူး။ ကိုယ့်ခံယူချက်နဲ့ ကိုယ် ကွဲသွားတယ်။ ခံယူချက်ရှိတော့ ပါသလောက် လူလေးကလည်း အဲဒီထင်မြင်မှုအပေါ်မှာပဲ တည်မြဲနေတယ်။ တောင်ကူးမြောက်ကူး မရှိဘူး။ ပြောရရင် ပညာရေးအခြေခံကောင်းမှ ဖြစ်မှာ။

**လူမှန်ရင် ခံယူချက်ထားသင့်တယ်**

ဦးသန့်အရေးအခင်းတုန်းက ကျွန်တော် ရှစ်တန်းကျောင်းသားပဲရှိသေးတယ်။ ဒါပေမဲ့ အဒေါ်နဲ့ မိန်းထဲလိုက်သွားတော့ ကျောင်းထဲက မြင်ကွင်းတွေအားလုံးကို တွေ့ခဲ့ရတယ်။ စင်တွေ ထိုးကြ၊ စင်ပေါ်မှာ တရားတွေဟောကြနဲ့ တကယ့်ကို အုတ်အော်သောင်းတင်းပဲ။ ငယ်ငယ်တုန်းက တွေ့ဖူးခဲ့တယ်။ ရုပ်ရှင်က ၈၄ မှာ စရိုက်ခဲ့တာလေ။ ရုပ်ရှင်ဘက်ကနေပဲ လူပ်ရှားဖြစ်ခဲ့တယ်။ ပါခဲ့ကြပါတယ်။ အနုပညာရှင် တော်တော်များများ။ ဒါပေမဲ့ ခံယူချက်မရှိကြဘူး။ ကိုယ်ကတော့ ကိုယ့်ခံယူချက်နဲ့ပဲ ကိုယ်နေတယ်။ အခွင့်အရေးရတဲ့ဘက်ကို ယိုင်သွားတာတို့၊ သာတဲ့ဘက်ကို ကူးသွားတာတို့၊ ဒါတွေက အဓိပ္ပာယ်မရှိဘူး။ လောကမှာ အဲဒါမျိုးတွေ တော်တော်များတယ်။ ခံယူချက်မရှိတဲ့ဟာတွေ။ ဒါကြောင့် လူတွေနဲ့ကို မတွေ့ချင်တော့တာ။ အခုနေရတာ အရမ်း စိတ်ချမ်းသာတယ်။ နာရေးကား မောင်းပေးစရာရှိရင် မောင်းပေးလိုက်တယ်။ ကူညီမှု လိုနေသူ တွေအတွက် ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေး၊ စစ်ဘေး ဒုက္ခသည်၊ လူမှုရေးဒုက္ခသည် တွေအတွက်ရော အကုန် အလှူငွေရှိရင် ရှိနေသလောက် လုပ်ပေးမှာပဲ။ ဒါပဲကောင်းတယ်။ အပြင်ထွက်ပြီး ပေါလားဝါးလားတွေ မလုပ်ချင်တော့ဘူး။ အပြင်ထွက်ပြီး လူတစ်ယောက်နဲ့ တွေ့လိုက်တာနဲ့ အကုသိုလ်ကဝင်ပြီ။ ကိုယ်နဲ့ ခံယူချက်ချင်း မတူတဲ့သူနဲ့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**သစ်ပုတ်သမိုင်း မရှိင်းပါစေနဲ့**

မပြုပြင်လို့ ဟောင်းတာပဲဖြစ်ဖြစ်၊ ပိတ်ဆို့ထားလို့ ဟောင်းတာပဲဖြစ်ဖြစ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် သူ့မျိုးဆက်တွေကတော့ ထွက်လာတာပဲ။ သစ်ပုတ်ပင်ကြီးအောက်မှာ သစ်ပုတ်မျိုးဆက်တွေ အများကြီးထွက်လာတာပဲ။ ဒါ သစ်ပုတ်ပင်ကြီးရဲ့ သမိုင်းပဲ။ ဒီလိုပဲ ကျောင်းမှာ ဖွင့်ရင်ပေါ့။ ဆက်တက်ကြမယ့်မျိုးဆက်တွေ ကောင်းဖို့အရေးကြီးတာပဲ။ နောက်သစ်ပုတ်ပင်ကြီးက မပြောင်းလဲဘူး။ မယိမ်းယိုင်ဘူး။ သူ့ယုံကြည်ချက် အတိုင်းပဲ သူနေတယ်။ သူ့ပုံသဏ္ဍာန်က လက်သီးဆုပ်ပြီး ထောင်ထားသလိုပဲ။ မားမားမတ်မတ်ရှိနေတယ်။ တက္ကသိုလ်မြေက နိုင်ငံခေါင်းဆောင်တွေ အများကြီး မွေးဖွားပေးခဲ့တဲ့ နေရာပါ။ အဲဒီလိုပဲ သစ်ပုတ်ပင်ကြီးရဲ့ ရပ်တည်ရာ၊ ဆုံးဖြတ်ချက် ရည်ရွယ်ချက်ပုံမျိုးပေါ့။ နိုင်ငံအတွက် အကျိုးရှိမယ်။ အများအတွက် အကျိုးရှိမယ့် ကျောင်းသားမျိုးဆက်တွေ ဆက်လက် မွေးထုတ်ပေးနိုင်ပါစေ။ သစ်ပုတ်သမိုင်း မရှိင်းရအောင် စောင့်ထိန်းပေးကြပါလို့…။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၂)

# ပုံရိပ်ရှင် ကမ္ဘာ


www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



နာရေးကူညီမှုအသင်း (ရန်ကုန်)မှ "ဆေးဖြင့် ရောဂါတို့ကို ဆေးကြောအံ့"ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ဝေဒနာရှင် အများပြည်သူတို့အား အခမဲ့ ဆေးဝါးကုသပေးနေသော သုခကုသိုလ်ဖြစ်ဆေးခန်းတွင် မျက်စိရောဂါ ဝေဒနာရှင်တို့အား ရေတိမ်ခွဲ၍ မျက်စိအမြင်အာရုံ ချို့ယွင်းနေသော မျက်စိဝေဒနာရှင်တို့အား အမြင်အာရုံ ပြန်လည်ကောင်းမွန်ကြည်လင်မှု ရရှိစေရန် မျက်စိအထူးကု ဆရာဝန်ကြီးများမှ ခွဲစိတ်ကုသပေးလျက်ရှိရာ ၂၀၀၇ ခုနှစ်၊ မတ်လမှ ၂၀၁၀ ခုနှစ် ဇွန်လကုန်အထိ မျက်စိခွဲစိတ်လူနာပေါင်း ၂၅၀၀ ကျော် ရှိခဲ့ပါသည်။ ၂၃.၇.၂၀၁၀ (ကြာသပတေးနေ့) တွင် ခွဲစိတ်ပြီးသော ဝေဒနာရှင် လူနာများအား စေတနာရှင် မျက်စိဆရာဝန်ကြီး ဒေါက်တာ ဦးမိုးလွင်မှ ပြန်လည်စစ်ဆေး ကြည့်ရှုခဲ့ပါသည်။ ဝေဒနာရှင် လူနာများသည် ခွဲစိတ်ကုသပြီးသည့် အချိန်မှစ၍ အလင်းဒဏ်ကို ကာကွယ်ရန်အတွက်လည်းကောင်း၊ ဖုန် အမှိုက်များမှ ကာကွယ်ရန်အတွက်လည်းကောင်း ဂွမ်းစ၊ မျက်စိအဖုံးများ၊ နေကာမျက်မှန် အနက်များကို တပ်ဆင်ထားကြရာ မျက်စိဆရာဝန်ကြီးနှင့် ပြသသည့်အချိန်တွင် မျက်စိဖုံးများ၊ နေကာမျက်မှန်များကို ချွတ်၍ ဆရာဝန်ကြီးမှ ခွဲစိတ်မှု အခြေအနေနှင့် မျက်စိ၏ အမြင်စွမ်းအားတို့အား စစ်ဆေးကြည့်ရှုပါသည်။




www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မျက်စိဆရာဝန်ကြီး ဒေါက်တာ ဦးမိုးလွင်မှ စမ်းသပ်စစ်ဆေးရာတွင် လူနာများမှ မိမိတို့ အမြင်အာရုံ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ဝမ်းသာအားရနှင့် စေတနာရှင် ဆရာဝန်ကြီး၊ သူနာပြု ဆရာမများအား ကျေးဇူးတင်ရှိကြောင်း ပီတိဖြာလျက် ပြောကြားခဲ့ကြပါသည်။ ထိုသို့ပြောကြားရာတွင် မျက်စိလူနာရှင် တစ်ဦးဖြစ်သူ အမေကြီးတစ်ယောက်မှ နေကာမျက်မှန်ချွတ်ပြီးပြီးချင်း သူ၏ရှေ့တွင် မှတ်တမ်းဓာတ်ပုံရိုက်ရန် ပြင်ဆင်နေသော ကျော်သူအား တွေ့မြင်သည်နှင့် "ဟယ်တော် ... ကျော်သူကို အရှင်လတ်လတ်ကြီး မြင်တွေ့ရပြီတော်။ ကျော်သူ ဇာတ်ကားတွေ အားရပါးရ ကြည့်ရတော့မယ် တော့" ဟူ၍ ဝမ်းသာအားရ မျက်ရည် လည်ကာ ပြောကြားခဲ့သည်။ ထိုအချိန်တွင် ကျွန်တော်သည် အမြင်အာရုံ ပြန်လည်ရရှိသွားပြီဖြစ်သော အမေကြီးအား ဂါရဝပြု ကျေးဇူးတုံ့ပြန်သော အပြုံးဖြင့် ပြန်လည်ပြုံးပြပြီး မိမိလုပ်ဆောင်ရမည့် မှတ်တမ်းဓာတ်ပုံရိုက်ခြင်းကို ပြုလုပ်ခဲ့တော့သည်။



ကျွန်တော်၏ အပြုံးနောက်ကွယ်တွင် စကားလုံးပေါင်း မြောက်မြားစွာ ဦးနှောက်ထဲတွင် အစီအရီ ပေါ်ပေါက်လာသည်။ ထိုစကားလုံးများသည် နှုတ်မှ ထွက်ပေါ်လာခြင်းမရှိချေ။ ယင်းစကားလုံးများသည် "အမေရေ ... ကျွန်တော့်ကို တီဗီဖန်သားပြင်၊ ရုပ်ရှင်ပိတ်ကားထက်မှာ ဘယ်တော့အခါမှ မြင်တွေ့ရတော့မှာ မဟုတ်တော့ဘူး အမေ။ နိုင်ငံတော်မှ ကျွန်တော့်ကို အနားပေးလိုက်ပြီ အမေ။ အနုပညာလောကမှ မောင်းထုတ်ခြင်းခံလိုက်ရပြီမှာ (၃)နှစ်ရှိပြီ အမေ။ ရုပ်ရှင် အနုပညာရပ်ဆိုတာ အများပြည်သူကို ငိုခြင်း၊ ရယ်ခြင်း၊ ဒေါသထွက်ခြင်း၊ ပေါက်ကွဲစေခြင်း ဆိုတဲ့ အကုသိုလ်အလုပ် မိမိ အတ္တအကျိုးအတွက် လုပ်ဆောင်နေတဲ့ အတ္တဟိတအလုပ်၊ ပြည်သူလူထုကို လိမ်ညာနေတဲ့အလုပ်လို့ ကျွန်တော်မြင်ပါတယ်။

ဒါကြောင့် ကျွန်တော့်ရဲ့ ပရိသတ် အများပြည်သူနဲ့ အမေတို့အတွက် အမေပြောလိုက်တဲ့အတိုင်း အရှင်လတ်လတ်ကြီးနဲ့ ပြည်သူတွေရဲ့ကြားမှာ ပြည်သူတွေရဲ့အနားမှာ ပြည်သူတွေအတွက် လိုအပ်သော၊ ပေးဆပ်နိုင်သော လူမှုရေး ကိစ္စရပ်များကို ကျွန်တော့်ရဲ့ နောက်ဆုံး ထွက်သက် အချိန်



www.burmeseclassic.com

www.burmeseclassic.com


ထိ ကြိုးစားဖြည့်ဆည်းပေးနိုင်တဲ့ ပရဟိတ လူသားတစ်ယောက်အဖြစ်သာ မြင်တွေ့ရတော့မှာ ဖြစ်ပါတယ် အမေ”ဟူသော စကားလုံးများပင် ဖြစ်တော့သည်။

ထို့ကြောင့် ... အကယ်၍များ အပြောင်းအလဲတစ်ခုခုကြောင့် ကျွန်တော့်အား အနုပညာ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်များ ရရှိခဲ့သော် ကျွန်တော်သည် အနှစ်သာရမရှိသော၊ အကျိုးမရှိသော ဖျော်ဖြေရေးသက်သက်သာ ဖော်ကျူးသည့် အများပြည်သူအား လိမ်ညာသော ဇာတ်လမ်းများကို ရိုက်မည်မဟုတ်။ သမိုင်းစစ် သမိုင်းမှန်များ၊ အတ္ထုပ္ပတ္တိများ၊ ဘာသာရေး၊ လူမှုရေး သမိုင်းမှတ်တိုင် အစစ်အမှန်များကိုသာ အများပြည်သူအတွက် ပေးဆပ်ရိုက်ကူးသွားမည်ဖြစ်ပါကြောင်း စိတ်ကူးယဉ်မိပါတော့သည်။

**ကျော်သူ**

❑

www.burmeseclassic.com

www.burmeseclassic.com



# ကျော်သူ ရုပ်ရှင်ပြန်ရိုက်တော့မည်...



၄.၁.၂၀၁၃ လွှတ်လပ်ရေးနေ့ နေ့လည် (၂း၃၀) နာရီအချိန်၌ ရွှေစင်စကြာ မော်တော်ယာဉ်အဖွဲ့မှ ပိုင်ရှင် ဦးမိုးနိုင်နှင့် မန်နေဂျာ ကိုကျော်စိုး အပါအဝင် ဝန်ထမ်းများသည် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ရောက်ရှိလာကြပြီး အလှူငွေကျပ်သိန်း (၁၅၀)ကျပ်အား ပေးအပ်လှူဒါန်းပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။ ရွှေစင်စကြာအဖွဲ့သည် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ငွေရေတွက်စက်၊ မျက်စိခွဲစိတ်ခန်းနှင့် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ လိုအပ်သည့်နေရာ အသီးသီးတို့အတွက် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းပေးနေသည့် မြင့်မြတ်လှသော အလှူရှင်တစ်ဦးလည်းဖြစ်သည်။ ထို့အပြင် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ လှူမှုရေးခရီးစဉ်များအဖြစ် မြန်မာပြည်အနှံ့ လိုက်လံသွားရောက်မှု ခရီးစဉ်များအတွက် ပို့ဆောင်မှုများ ပြုလုပ်ပေးနေသော အလှူရှင်များလည်းဖြစ်သည်။ သို့ရာတွင် ယခု လာရောက်လှူဒါန်းသော လှူဒါန်းရခြင်းရည်ရွယ်ချက်မှာ ထူးခြားမှုတစ်ခုဖြစ်သည်။ နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် ရုပ်ရှင်၊ ဗီဒီယို၊ ဒီဗီဒီ ဇာတ်ကားရိုက်ကူးပြီး ရရှိလာသော အကျိုးအမြတ်များအား အများအကျိုးအတွက် အသုံးပြုရန်အတွက်ဖြစ်သည်။ ထို့ကြောင့် ရွှေစင်စကြာ မော်တော်ယာဉ်မိသားစု၏ ဆန္ဒအား ဖြည့်ဆည်းပေးရန်အတွက် ဥက္ကဋ္ဌ ဦးကျော်သူသည် ဆုံးဖြတ်ချက် ချလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ရုပ်ရှင်အနုပညာနယ်ပယ်မှ ထွက်ခွာခဲ့သည်မှာ (၅)နှစ်ကျော်ကြာခဲ့ပြီဖြစ်သော်လည်း ယခုကဲ့သို့ အများအကျိုးအတွက် အကျိုးရှိမည့် အကျိုးပြုဇာတ်လမ်းအား ရိုက်ကူးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်တော့သည်။ ယင်းဇာတ်ကားသည် အတ္တ အနုပညာအတွက်မဟုတ် ပရဟိတ အနုပညာလုပ်ငန်းသက်သက်သာ ဖြစ်စေရမည်။ ပရဟိတလုပ်ငန်းများအား ဝါသနာပါသော၊ စွန့်လွှတ်ပေးဆပ်နိုင်သော အနုပညာရှင်များဖြင့် လက်တွဲ၍ ရိုက်ကူးသွားမည်ဟု ဆုံးဖြတ်ထားသည်။ ယင်းအခမ်းအနားမစမီ၌ နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် စဉ်ဆက်မပြတ် လာရောက်ပေးဆပ်နေသော နန်းခင်ဇေယျာအား တယ်လီဖုန်းဖြင့် တီးခေါက်ကြည့်မိသောအခါ အားတက်သရော ပါဝင်သရုပ်ဆောင်ပေးမည်ဟု ပြောကြားခဲ့၍ ဦးကျော်သူသည် ဒါရိုက်တာ အဖြစ် ရိုက်ကူးပေးမည်ဟု ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်တော့သည်။ ယင်းဇာတ်ကားအား လူမှုရေးစိတ်ဓာတ်ပြင်းထန်သော၊ စွန့်လွှတ်ပေးဆပ်ရဲသော သရုပ်ဆောင်၊ အနုပညာရှင်များ၊ လူမှုရေးဂီတသူရဲကောင်းများ၏ သီချင်းသံစဉ်များ၊ ပြည်သူ့အတွက် ရုပ်ရှင်စက်မှုလုပ်သားများ၊ နာရေးကူညီမှုအသင်း (ရန်ကုန်)ရှိ လူမှုရေးသမားများ ဝန်ထမ်းများအပြင် အနယ်နယ် အရပ်ရပ်ရှိ လူမှုရေးအသင်းအဖွဲ့ အသင်းသား/သူများနှင့် တစ်ကြိမ်တစ်ခါမျှ မရိုက်ကူး မတင်ပြဘူးသော လူ့လောကအတွင်းရှိ ဖြစ်ရပ်မှန်များကို အများပြည်သူတို့အတွက် (၅)နှစ်ကျော် အနုပညာလောကနှင့် ဝေးကွာခဲ့ရသော ရုပ်ရှင်သရုပ်ဆောင်/ဒါရိုက်တာဟောင်း ဦးကျော်သူ၏ ပထမဦးဆုံး အနုပညာထွက်ပေါက်အဖြစ် ဆန်းသစ်စွာ ရိုက်ကူးတင်ပြ ထုတ်လုပ်သွားမည် ဖြစ်ပါတော့သည်။

**ကျော်သူ**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ဖြတ်သန်းလာသော ဘဝလမ်းကြောင်းခရီးကို ပြန်လည်သုံးသပ်မိသည်။ ဘဝ ခရီးကို ပထမ၊ ဒုတိယ၊ တတိယဟူ၍ (၃)ပိုင်း ပိုင်းခြားလိုက်ပါမည်။

ဘဝ၏ ပထမအရွယ်လမ်းကြောင်းကို ပြန်လည်သုံးသပ်သော် .... ငယ်စဉ်ဘဝထဲက ဝါသနာပါသော ပန်းချီပညာရပ်နှင့် ဓာတ်ပုံ (ရုပ်ငြိမ်/ရုပ်သေ) Still Cameraman ဘဝပင် ဖြစ်သည်။ ဟုတ်သည် .... ကျွန်ုပ်၏ ဖော်ကျူးထားသော ပန်းချီကားများသည် ငြိမ်သက်နေသည့် ပုံရိပ်များကို အသက်ဝင်လာအောင် တင်ပြထားမှုများက များလှသည်။ ဥပမာအားဖြင့် "အောင်စည်အောင်မောင်း"၊ "ဒိုး"၊ "စစ်နှင့်ငြိမ်းချမ်းရေး"၊ "သစ္စာဖောက် (88-1)" စသည့်




ပန်းချီကားများ ဖြစ်တော့သည်။ "အောင်စည်အောင်မောင်း"နှင့် "ဒိုး" ပန်းချီကားတို့သည် သဘင်သည် အမျိုးသမီးကနေသော ဟန်ပန် (လက်များ၊ ခါးများ၊ ခြေများ) လှုပ်ရှားမှုဟန်ကို ဖန်တီးထားခြင်း၊ "စစ်နှင့်ငြိမ်းချမ်းရေး" ပန်းချီကားတွင် ငြိမ်းချမ်းရေးငှက်အတွင်းရှိ စစ်သင်္ကေတများ လှုပ်ရှားမှုပေါ်လွင်နေခြင်း၊ ငြိမ်းချမ်းရေး (ဂျိုးငှက်)၏ ပျံသန်းမှုကား သံဆူးကြိုးမှတစ်ဆင့် ဖြတ်သန်းတော့မည့်အလားဖြစ်နေခြင်း၊ "သစ္စာဖောက်" ပန်းချီကားတွင် ငြိမ်သက်စုဝေးနေသော ငှက်အုပ်စုမှ တစ်ကောင်တည်း ပျံသန်းထွက်ခွာခြင်း စသည့် သင်္ကေတများပင်ဖြစ်တော့သည်။

ရုပ်ငြိမ်ဓာတ်ပုံပညာရပ်တွင်လည်း လှပသောရှုခင်းတွင် အလင်းရောင်အနေအထားများမှတစ်ဆင့် ခံစားရသူ ကြည့်ရှုသူတို့၏ စက္ခုအာရုံတွင် လှုပ်ရှားမှုကို ဖြစ်ပေါ်စေခြင်း၊ သဘာဝ

www.burmeseclassic.com

www.burmeseclassic.com



၏ အလှတရားများကို သက်ဝင်မှုရှိလာအောင် ဖန်တီးပေးထားမှုများပင်ဖြစ်သည်။ ဤသည်တို့ကား ပထမအရွယ်၏ ခံစားမှု၊ ဖန်တီးမှု အတ္တနယ်ပယ်ပင်ဖြစ်တော့သည်။

ဘဝ၏ ဒုတိယအရွယ်တွင် ဖော်ကျူးတင်ပြမှုကို ပြောပြပါတော့မည်။ ရုပ်ငြိမ်ပန်းချီဝါသနာရှင်ဘဝမှ ဘဝ၏ ကံဇာတာအပြောင်းအလဲကြောင့် ရုပ်ရှင်သရုပ်ဆောင်/ဒါရိုက်တာဘဝသို့ ခြေလှမ်းခဲ့ရပြီဖြစ်တော့သည်။

ရုပ်ရှင်သရုပ်ဆောင်/ဒါရိုက်တာတည်းဟူသော အနုပညာသမားတစ်ယောက်၏ ဖော်ကျူးမှုပေးဆပ်မှုတို့ကား သေနေသောအရုပ်များ၊ ရုပ်ပုံလွှာများကို ရှင်လာအောင်၊ လှုပ်ရှားလာအောင် ဖော်ပြမှုပင်ဖြစ်သည်။ ငြိမ်သက်နေသော ရေပြင်ထဲသို့ ခဲတစ်လုံး ပစ်ချလိုက်သကဲ့သို့ ရုပ်ရှင်ကြည့် ပရိသတ်၏ နှလုံးသားကို လောဘ၊ ဒေါသ၊ မောဟ၊ ဟာသ စသည့် ခံစားမှုမျိုးစုံကို ပစ်ထည့်ပေးရသော အလုပ်ပင်ဖြစ်သည်။ အများပြည်သူ ပရိသတ်များကလည်း ပျော်ပျော်ပါးပါးကြီးကို အားပေးလက်ခံကြတော့သည်။ မိမိခန္ဓာအား ရင်း၍ ခံစားမှုမျိုးစုံကို ပေးဆပ်ခဲ့ခြင်းဖြစ်သည်။ မိမိ၏ဘဝကို မေ့ခြင်းမဟုတ်၊ ကျေးဇူးရှင်လုပ်ငန်းကို ပြစ်မှားခြင်းမဟုတ်၊ လက်တွဲဖော် အနုပညာသမားများကို ချိုးနှိမ်ခြင်း မဟုတ်၊ ပုဂ္ဂလိက ခံစားမှုသက်သက်သာ ဖြစ်တော့သည်။ ယင်းကဲ့သို့ ရသမျိုးစုံပေးခြင်းကို အကုသိုလ်အလုပ်ဟူ၍ မိမိမလုပ်တော့သည့်အချိန်၊ မိမိလုပ်ပိုင်



ခွင့် မရှိတော့သည့် အချိန်ကာလရောက်မှ ကယောင်ကတမ်း တွေးခေါ်မိခြင်းတော့ မဟုတ်။ ဤအနုပညာလောကတွင် ကျင်လည်စဉ်ကာလကတည်းက တစ်ခုတည်းသော နွေရာသီကျောင်းပိတ်ရက်တွင် သားနှင့် သမီးငယ်တို့၏ အင်းစိန်တောရကျောင်း၌ ဆရာတော်ကြီးအား 'ရုပ်ရှင်အနုပညာသမားတွေ သေလွန်တဲ့အခါ ဘယ်ဘုံကိုရောက်မှာလဲ' ဟု မေးမြန်းလိုက်သည့် မေးခွန်းစကားကို ကြားမိစဉ်ကတည်းက တွေးခေါ်မှု စတင် သန္ဓေတည် မွေးဖွားလာခဲ့ခြင်းဖြစ်သည်။ ရင်စစ် အနုပညာလောကသည် အတ္တနယ်ပယ်တွင် အကုသိုလ်ဝေငှသူတို့နှင့် အကုသိုလ် လက်ခံအားပေးကြသူများဟု ရှင့်ရှင့်သီးသီး ပြတ်ပြတ်သားသားကို ကိုယ့်ပေါင်ကိုယ်လှန် ထောင်းလိုက်ရပါတော့သည်။

ယခု....ဘဝ၏ တတိယအရွယ်သို့ ရောက်ခဲ့ပြီ။ ကံကောင်းကြီးလှစွာဖြင့် အနုပညာလောကထဲမှ နှင်ထုတ်ခံလိုက်ရပြီဖြစ်တော့သည်။ အချိန်ကာလ ကန့်သတ်မှုမရှိ။ အနုပညာလုပ်ငန်းကို လုပ်ကိုင်ခွင့်မပြုတော့ချေ။ ဝမ်းမြောက်စွာဖြင့် ကျေးဇူးတင်စွာဖြင့် သာဓုခေါ်ဆိုလိုက်ပါသည်။ ရုပ်ရှင်သမားဘဝမှ ရုပ်သေလောကထဲသို့ ပြန်လည်၍ ခြေစုံပစ်ဝင်ခဲ့ရပြီဖြစ်တော့သည်။ အကြောင်းမှာ သေဆုံးသွားသောလူတို့အား (အခမဲ့) မီးသဂြိုဟ်ပေးရမှုပင်

www.burmeseclassic.com



ဖြစ်တော့သည်။ ယခုမှ ပရဟိတနယ်ပယ်တွင် ဘဝတစ်ခုလုံး စုန်းစုန်းမြုပ်၍ လုပ်ကိုင်ပေးဆပ်ခွင့်ကို ရရှိတော့သည်။ အမြော်အမြင်ကြီးမားလှသော ဘက်စုံအနုပညာရှင်ကြီး ဘဘဦးသုခ၏ ကျေးဇူးပင်ဖြစ်တော့သည်။ အနုပညာလောက၏ အကုသိုလ်ပွားများမှုများကို ကုသိုလ်တရားဖြင့် မိမိ၏ အနုပညာသည်ဘဝကို ခုတုံးလုပ်ကာ ပြန်လည်၍ ပေးဆပ်မှု၊ အကြွေးဆပ်မှု၊ ကျေးဇူးဆပ်ခွင့်ပင် ဖြစ်တော့သည်။ (ကျန်ရစ်ခဲ့သော အနုပညာမောင်နှမများ၊ ထပ်မံမွေးဖွား ပေါ်ပေါက်လာသော အနုပညာ ညီငယ်/ညီမငယ် များ၏ အတွင်းစိတ်သဏ္ဌာန်တွင်လည်း ရှိနေမည်ဟု ယူဆပါသည်။ ရှိလည်း ရှိနေစေချင်သည်။ ရှိမှုကို အကောင်အထည်ဖော်ထုတ်ကြရန် တိုက်တွန်းအားပေးလိုက်ပါသည်။) ဒါမှလည်း အတ္တနယ်ပယ်မှ ပရဟိတနယ်ပယ်သို့ ရောက်ရှိမည်ဖြစ်သည်။

ကျွန်ုပ်ဆိုလိုသည်မှာ "မင်းတို့လည်း မင်းတို့ရဲ့ အနုပညာလောကကြီးကို စွန့်လွှတ်ပြီး ငါ့လို သုဘရာဇာဖြစ်အောင် လုပ်ကြ"ဟူ၍မဟုတ်။ အတ္တနယ်ပယ်မှ ပရဟိတနယ်ပယ်သို့ ကူးရာတွင် အနုပညာလောကကိုလည်း စွန့်ရန်မလို၊ သုဘရာဇာလည်း လုပ်ရန်မလို။ ကိုယ်ကျင်လည်ရာဘဝ (အနုပညာလောက)မှ အများအကျိုးပြုမည့် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ နိုင်ငံ့အရေး၊ အမျိုးသားရေးကိစ္စရပ်များတွင် စစ်မှန်သောစိတ်ဓာတ်၊ သဒ္ဓါပွားသောလုပ်ရပ်၊ အထူးသဖြင့် သီလလုံ့စွာ ဗြဟ္မစိုရ်တရား (၄)ပါး လက်ကိုင်ပြု ကျင့်သုံးရန်သာဖြစ်တော့သည်။ သင်တို့သည် ကျွန်ုပ်ထက်သာသည်။ ကျွန်ုပ်ထက်စွမ်းသည်။ ကျွန်ုပ်ထက် အခွင့်အရေးများသည်။ အများအကျိုးဆောင် ကိုယ့်အကျိုးလည်း အောင်မည်။ အောင်မြင်မှုပန်းတိုင်နှစ်ခုကို လက်ကိုင်ပြုထားသူများဖြစ်သည်။ ကိုယ်ဝါသနာပါရာ အနုပညာလုပ်ငန်းကို လုပ်ကိုင်ခွင့်ရတုန်းရခိုက် အခွင့်အရေးလေးမှာ အများအကျိုးအတွက် ပေးဆပ်နိုင်သူများဖြစ်တော့သည်။ ကျွန်ုပ်အတွက်သည်ကား တစ်ခုတည်းသော ပေးဆပ်မှုသာ ရှိတော့သည်။

ဤကဲ့သို့ ဘဝ၏ တတိယအရွယ်တွင် သေဆုံးသွားသော ရုပ်အလောင်းများအား ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခြင်း၊ ကျန်ရစ်သူမိသားစုများ၏ အပူမီးကို ငြိမ်းအေးပေးခြင်းတို့ကို လုပ်ကိုင်လာခဲ့စဉ် နေ့စဉ် နေ့စဉ်နှင့်အမျှ ရုပ်သေရုပ်ငြိမ် ဖြစ်သွားသူတို့၏ သေဆုံးမှုခန္ဓာကိုယ်များကို ထိတွေ့မြင်တွေ့မှုများ၊ အသုဘကမ္မဋ္ဌာန်း ခံယူခဲ့ရမှုများ၊ သံဝေဂတရားများ ပေါ်ပေါက်လာမှုတို့သည်ကား ကျွန်ုပ်အတွက် များစွာ ခံစားလာခဲ့ရတော့သည်။ နေရာလုပွဲကြောင့် တိုက်နေတဲ့စစ်၊ အာဏာကြောင့် တိုက်နေတဲ့စစ်ပွဲ၊ စားဝတ်နေရေးအတွက် တိုက်နေတဲ့စစ်ပွဲ၊ ဘာသာရေးကြောင့် တိုက်နေတဲ့စစ်ပွဲ၊ အိမ်ထောင်ရေးကြောင့် တိုက်နေတဲ့စစ်ပွဲ၊ လူမျိုးရေးကြောင့် တိုက်နေတဲ့စစ်ပွဲ၊ နိုင်ငံရေးကြောင့် တိုက်နေတဲ့စစ်ပွဲ၊ အာဃာတကြောင့် တိုက်နေတဲ့စစ်ပွဲစသည့် စသည့် ဘဝစစ်ပွဲများကို တိုက်ရင်းခိုက်ရင်း နောက်ဆုံးတော့လည်း မီးခိုးနဲ့ ပြာဘဝထဲရောက်တော့တာပဲဟု မြင်လာမိတော့သည်။ ဒါဟာ ကျွန်ုပ်ရဲ့ သံဝေဂ။

ဒါကြောင့်...ဘဝ၏ တတိယအရွယ်တွင် ပေါ်ပေါက်လာသော ကျွန်ုပ်ရဲ့ဆန္ဒ ရုပ်သေသမားဘဝမှ ရုပ်ရှင်သမားဘဝ၊ ရုပ်ရှင်သမားဘဝမှ ရုပ်သေဘဝသို့ ဘဝ၏ သံသရာလည်ပတ်ခြင်းကို ခံနေရသော ဆန္ဒသည်ကား ဘဝသံသရာမှ လွတ်မြောက်လိုသည့် ဆန္ဒ၊ ရုပ်နာမ် ချုပ်ငြိမ်းရာ

www.burmeseclassic.com

www.burmeseclassic.com



ဘဝ၊ ရှင်ခြင်းများနှင့်သာ ရပ်တည်လိုသည့်ဘဝ၊ ငြိမ်းချမ်းမှု မင်္ဂလာနိဗ္ဗာန်သို့ အရောက်လှမ်းလိုသည့် ဆန္ဒပင်ဖြစ်တော့သည်။

ထို့ကြောင့်…ကျွန်ုပ်သည်ကား "ရပ်သေ"မှ "ရပ်ရှင်"သို့…


"သေခြင်း" မှ "ရှင်ခြင်း" မြဲရာအရပ်သို့ ချီတက်အားထုတ် ကြိုးကုတ်ရန်သာ ရှိတော့သည်ဟု…။

(ယုံကြည်မိပါသည်…ဤစာပိုဒ်အား ဖတ်မိသူ စာဖတ်ပရိသတ်၊ အထူးအားဖြင့် ကျွန်ုပ် နှင့် လက်တွဲမဖြုတ် စွန့်လွှတ်စွန့်စား ရုန်းကန်ပေးဆပ်နေကြသော လူမှုရေးသမားများ၏ အသံကား…

'ခင်ဗျား၊ မင်း၊ ဦး၊ အစ်ကို၊ ငါ့မောင်လေးကတော့ ငါတို့နဲ့ လမ်းခွဲချင်လို့လား။ ငြီးငွေ့လို့လား၊ စိတ်ဓာတ်ကျလို့လား၊ စိတ်ပျက်လို့လား၊ မပေးဆပ်ချင်တော့ဘူးလား၊ သတ္တိကြောင်တာလား၊ ကိုယ်လွတ်ရုန်းတာလား၊ သစ္စာဖောက်တာလား"

ဟူ၍ ပြောဆိုကြ၊ ကဲ့ရဲ့ကြ၊ ဝေဖန်ကြ၊ ရှုံ့ချကြမည်ဟု မျှော်လင့်လျက် …)

၂၅-၂-၂၀၁၁ ခုနှစ် နံနက် ၄း၀၀ နာရီတွင် ပေါ်ပေါက်မွေးဖွားလာမှု။




www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရုပ်ရှင်သမိုင်းတွင် ဦးနေဝင်းလက်ထက် ၁၉၆၂ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများမှ မြန်မာပြည်တွင်းသို့ လာရောက်၍ ရုပ်ရှင်ရိုက်ကူးခြင်းကို ပထမဦးဆုံး လာရောက်ရိုက်ကူးသောအဖွဲ့သည် ဂျပန်နိုင်ငံရှိ "သွေး"ရုပ်ရှင် ရိုက်ကူးရေးအဖွဲ့ ဖြစ်သည်။ ၂၀၀၀ ခုနှစ်ခန့်၌ ဂျပန်လူမျိုး ရုပ်ရှင်ဒါရိုက်တာကြီး မစ္စတာ ကိုဂျိချီနို (Koji Chino) နှင့်အဖွဲ့သည် မြန်မာပြည်ရှိ ဂျပန်-မြန်မာ ချစ်ကြည်ရေးအဖွဲ့ခေါင်းဆောင် ဦးခင်မောင်စိုးတို့နှင့် ပူးပေါင်း၍ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး ရေးသားသည့် ဂျပန်ခေတ် ဖြစ်ရပ်မှန်ဇာတ်လမ်းအား ရိုက်ကူးရန်အတွက် မြန်မာပြည်တွင် ပြည်တွင်းရှိ မြန်မာ့ရုပ်ရှင် အနုပညာရှင်များအား ယင်းဇာတ်ကား




အတွက် အလိုက်ဖက်ဆုံး သရုပ်ဆောင်များအား လာရောက်လေ့လာမှုကို ပြုခဲ့ကြသည်။ ထိုသို့ မြန်မာရုပ်ရှင် သရုပ်ဆောင်များအား လာရောက်ရွေးချယ် တွေ့ဆုံမှုများ ပြုလုပ်ခဲ့ရာ မြန်မာ့ရုပ်ရှင်လောကမှ သရုပ်ဆောင်များဖြစ်ကြသော မင်းမော်ကွန်း၊ ဦးအောင်လွင်၊ မျိုးသန္တာထွန်းနှင့် ကျော်သူတို့အား ရွေးချယ်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် မြန်မာပြည်တွင်းရှိ မန္တလေးမြို့တွင် ရိုက်ကူးမှုကို စတင်ပြုလုပ်ခဲ့သည်။ ထိုသို့ရိုက်ကူးရာတွင် မြန်မာပြည်၌ ပြည်ပမှ ပထမဦးဆုံး လာရောက်ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သည့်အတွက် အိမ်ရှင် မြန်မာပြည်သူ/သားများမှ အထူးဝမ်းသာအားရ ကြိုဆို၊ ပံ့ပိုးကူညီမှုများ ပြုလုပ်ခဲ့သော်လည်း ရိုက်ကူးရေးဆိုင်ရာ ကိစ္စရပ်များတွင် ဌာနဆိုင်ရာများ၏ အားနည်းချက်များ ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် ထိုစဉ်အခါ

www.burmeseclassic.com

www.burmeseclassic.com


က မြန်မာကျပ်ငွေဖြင့် ကုန်ကျစရိတ်အား ရှင်းပေးသင့်သော်လည်း အချို့ကိစ္စရပ်များတွင် အမေရိကန်ဒေါ်လာဖြင့်သာ ရှင်းလင်းပေးရမှုများအား မလိုလားအပ်ဘဲ ကုန်ကျစရိတ် များပြား ခဲ့ရမှုအား "သွေး" ရုပ်ရှင် ဒါရိုက်တာကြီး ကိုဂျိချီနိုနှင့် အဖွဲ့သားများ ကြုံတွေ့ခဲ့ရသည်။ ထိုကဲ့သို့သော ဂျပန်-မြန်မာ ချစ်ကြည်ရေးအား ပျက်ပြယ်မှုဖြစ်စေမည့် မလိုလားအပ်သော အဟန့်အတားများ၊ အခက်အခဲများ၊ တော့ဗ်င်းဆိုမှုများ၊ ငွေကြေးပြဿနာများကြောင့် "သွေး" ရုပ်ရှင်



ဇာတ်ကားသည် ရိုက်ကူးမှု အဆုံးမသတ်နိုင်မီ ဂျပန်ဒါရိုက်တာကြီး ကိုဂျိချီနိုနှင့်,ဂျပန် ရုပ်ရှင် အဖွဲ့သားများ စိတ်မကောင်းခြင်းများစွာဖြင့် ဂျပန်နိုင်ငံသို့ ပြန်လည် ထွက်ခွာသွားရတော့သည်။

သို့ရာတွင် ဂျပန်လူမျိုးတို့၏ မလျှော့သော ဇွဲလုံ့လတို့ဖြင့် ဒုတိယအကြိမ် တင်ကြွေးဆပ်ရန် မြန်မာနိုင်ငံတွင်းသို့ ၂၀၀၃ ခုနှစ်တွင် ပြန်လည်၍ ဝင်ရောက်လာခဲ့သည်။ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းမှုကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကာ "သွေး" ရုပ်ရှင်ဇာတ်ကားကြီးအား အဆုံးသတ်ရိုက်ကူးမှုကို ပြုလုပ်နိုင်ခဲ့တော့သည်။ ၂ နှစ်တာ ကာလကြာမြင့်သွားမှုကြောင့် သရုပ်ဆောင်များ၏ ကိုယ်ခန္ဓာအနေအထား၊ ဆံပင်အနေအထားများနှင့် ရိုက်လက်စ ဝတ်စားဆင်ယင်မှု အသုံးအဆောင်ပစ္စည်းများအား စနစ်တကျ တိကျမှန်ကန်မှုရှိရန် ဂျပန်ပညာရှင်များ အထောက်အကူဖြင့် အကောင်းဆုံး ဖန်တီးရိုက်ကူးနိုင်ခဲ့သည်။ ထို "သွေး" ရုပ်ရှင်ဇာတ်ကားကြီးအား ဂျပန်နိုင်ငံနှင့် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များတွင် ပြသခဲ့ရာ အထူးအားပေး အောင်မြင်မှုကို ရရှိခဲ့သည်။

ထို့ကြောင့် ယခု ၂၀၁၃ ခုနှစ်တွင် ၁၀ နှစ်ကျော် နိုင်ငံတကာတွင် အားပေးချီးကျူးခြင်းခံခဲ့ရသော "သွေး" ရုပ်ရှင်ဇာတ်ကားကြီးအား မြန်မာပြည်တွင် ပြသခွင့်ရရှိရန်အတွက် ဒါရိုက်တာ ကိုဂျိချီနိုနှင့်အဖွဲ့သည် ဂျပန်-မြန်မာ ချစ်ကြည်ရေး ဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်စိုး အကူအညီဖြင့် အစိုးရရုံးစိုက်ရာ နေပြည်တော် ပြည်ထောင်စုလွှတ်တော် သဘင်ခန်းမဆောင်တွင် လွှတ်တော်အမတ်များနှင့် အစိုးရအဖွဲ့ဝင်များအား လာရောက်ကာ ၃၀.၁.၂၀၁၃ ရက်နေ့တွင် ပြသခဲ့သည်။ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်အမတ်များ၏ အားပေးမှုကို ခံယူခဲ့ရသည်။ အချို့သော လူကြီးများ၏ မျက်ရည်စက်များ ကျဆင်းမှုကို တွေ့မြင်ခဲ့ရသည်ဟု ပြောကြားသံကိုလည်း ကြားသိခဲ့ရသည်။ ကျွန်တော်သည် ၂၉.၁.၂၀၁၃ ရက်နေ့၌ မလေးရှားနိုင်ငံတွင် လူမှုရေးလုပ်ငန်းရပ်များနှင့်ပတ်သက်၍ သွားရောက်ကာ မြန်မာလူမှုရေးအဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံရောက် မြန်မာလုပ်သားလူငယ်များ၊ မလေးရှားနိုင်ငံရောက် ရဟန်းသံဃာတော်များနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးမှု စကားဝိုင်းများ ပြုလုပ်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကာ ပင်ပန်းနွမ်းနယ်မှုနှင့် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ လုပ်ဆောင်ရမည့် လူမှုရေးလုပ်ငန်းများအား ခရီးမှ ပြန်လည်ရောက်ချင်း လုပ်ကိုင်နေ၍ နေပြည်တော်မြို့ ပြည်ထောင်စုလွှတ်တော် သဘင်ခန်းမဆောင်တွင် ပြသခဲ့သော "သွေး" ရုပ်ရှင်ဇာတ်ကားအား သွားရောက်၍ ကြည့်ရှုအားပေးခြင်းကို မပြုလုပ်နိုင်ခဲ့ပါ။

"သွေး" ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရာတွင် မြန်မာ့ရုပ်ရှင်လောကအတွက် ရိုက်ကူးမှု၊ စီမံခန့်ခွဲမှု၊ စက်မှုပိုင်း၊ မိတ်ကပ်ပညာရပ်ပိုင်း စသည့် လက်တွေ့လုပ်ဆောင်ရသော ကမ္ဘာ့အဆင့်မီ ရုပ်ရှင်ပညာရပ်များအား အသိဉာဏ် ပွင့်လင်းစေခဲ့သည်။ ကျွန်တော်သည် "သွေး" ရုပ်ရှင်ရိုက်ကူးမှုမစမီ ကာလများမှ ရုပ်ရှင်ဒါရိုက်တာအဖြစ် မြန်မာ့ရုပ်ရှင်များအား ရိုက်ကူးခဲ့ပါသော်ငြားလည်း ဒါရိုက်တာ အကယ်ဒမီဆုကို မရရှိခဲ့ပါ။ ဂျပန်ဒါရိုက်တာ ကိုဂျီချီနိ ရိုက်ကူးခဲ့သော "သွေး" ရုပ်ရှင်ဇာတ်ကား၏ အတွေ့အကြုံ ဗဟုသုတများအား မှတ်ယူလေ့လာခဲ့ကာ ၂၀၀၄ ခုနှစ်ခန့်တွင် ကျွန်တော်ကိုယ်တိုင် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော "အမေ့နို့ဖိုး" ရုပ်ရှင်ဇာတ်ကားဖြင့် ဒါရိုက်တာအကယ်ဒမီဆုကို ဆွတ်ခူးရယူနိုင်ခဲ့သလို "အမေ့နို့ဖိုး" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သော အဓိကအမျိုးသမီးဇာတ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရံ၊ ဇာတ်ညွှန်း၊ ကုမ္ပဏီ၊ ကင်မရာ စသည့် ထူးချွန်ဆုပေါင်း (၇) ဆုအား ဆွတ်ခူးရယူနိုင်ခဲ့သည်။ ထို့ကြောင့် ဂျပန်ဒါရိုက်တာကြီး ကိုဂျီချီနို၏ ကျေးဇူး၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးအတွက် ရိုက်ကူးထားသော "သွေး" ရုပ်ရှင်အဖွဲ့၏ ကျေးဇူး၊ "သွေး" ရုပ်ရှင်ဇာတ်ကားကြီး၏ ကျေးဇူးတရားများသည် ကျွန်တော့်အတွက် များစွာ တန်ဖိုးရှိခဲ့သည်။

ယခုကဲ့သို့ ကျွန်တော်၏ ကျေးဇူးရှင်တစ်ဦးဖြစ်သူ ဂျပန်ဒါရိုက်တာကြီး ကိုဂျီချီနိုနှင့် တတိယအကြိမ် တွေ့ဆုံခွင့်မရရှိခဲ့သည်ကို ကျွန်တော် များစွာ စိတ်မကောင်းဖြစ်ခဲ့ရသော်လည်း ၂.၂.၂၀၁၃ ရက်နေ့ နံနက် ၉း၃၀ နာရီတွင် "သွေး" ရုပ်ရှင်ဒါရိုက်တာကြီး ကိုဂျီချီနိုနှင့်အဖွဲ့အား ဦးခင်မောင်စိုး ဦးဆောင်၍ နာရေးကူညီမှုအသင်း (ရန်ကုန်)ရှိရာ မြောက်ဒဂုံမြို့နယ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိလာခဲ့သည်။ သွေးမှ စကားပြော၍ ကျွန်တော့်ထံသို့ ရောက်ရှိလာသော ဒါရိုက်တာကြီး ကိုဂျီချီနိုမှ ကျွန်တော့်အား ဝမ်းသာအားရနှုတ်ခွန်းဆက်ခဲ့ကာ ကျွန်တော်မှလည်း ဖက်လှဲတကင်းဖြင့် ကျွန်တော်တို့၏ လူမှုရေးလုပ်ဆောင်ချက်များ၊ သုခ ကုသိုလ်ဖြစ်ဆေးခန်း၏ ဆေးကုသမှုများအား လိုက်လံရှင်းလင်း ပြသခဲ့ပြီး ဧည့်သည်များနှင့် ဒါရိုက်တာကြီး ကိုဂျီချီနိုအား နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ပေးဆပ်မှု



www.burmeseclassic.com

www.burmeseclassic.com



DVD အချပ်၊ ရက်စွဲ မှတ်တမ်းစာအုပ်၊ လက်ကမ်းစာစောင်များနှင့် Kyaw Thu 2013 First break Out Calendar တို့အား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ ဒါရိုက်တာကြီး ကိုဂျိချိနိုမှ "ကျွန်တော့်အား ယခုကဲ့သို့ လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ပေးမှုများအား အထူးဝမ်းသာ ဂုဏ်ယူပါကြောင်းနှင့် အပူသောကများ၏ ဖိစီးမှုများအား အနုပညာလုပ်ငန်း လုပ်ခြင်းဖြင့် ပြန်လည်အစားထိုးစေလိုကြောင်း" ကျွန်တော် မမျှော်လင့်ထားသော စကားအား ပြောကြားခဲ့သည်။ ကျွန်တော်သည် ဒါရိုက်တာကြီး ကိုဂျိချိနို၏ ပုံပန်းရုပ်သဏ္ဌာန်အား ပြန်လည်၍ သတိပြုမိသောအခါ လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်က အသက် ၇၀ အရွယ်တွင် စတင်တွေ့ရှိခဲ့သော ပုံသဏ္ဌာန်နှင့် ယခု ပြန်လည်တွေ့ရှိသော အသက် ၈၀ ကျော်အရွယ်၏ ပုံသဏ္ဌာန်သည် ကွာခြားမှုမရှိဘဲ ပိုမို၍ နုပျိုသောသဏ္ဌာန်ကို တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် ကျွန်တော်၏ မနောစိတ်ထဲတွင် လွန်ဆွဲမှုတစ်ရပ် တဒင်္ဂလေးအတွင်း ဖြစ်ပေါ်ခဲ့ရသည်။ ယင်းမှာ "အနုပညာသမားများသည် အများသူငါတို့ထက် ပိုမို၍ ရုပ်ဆင်းသဏ္ဌာန် နုပျိုစေပါသလား" နှင့် "အများ ပြည်သူတို့အတွက် အနစ်နာခံ ပေးဆပ်ရင်းဖြင့် မိမိ၏ ရုပ်ဆင်းသဏ္ဌာန် အိုမင်းစေပါသလား" ဟူသော လွန်ဆွဲမှုတစ်ရပ်ပင် ဖြစ်တော့သည်။ ဒါရိုက်တာ ကိုဂျိချိနို၏ ကရုဏာတရားဖြင့် ပြောကြားလိုက်သော စကားအား တဒင်္ဂအတွင်း မိမိ၏ ဝစီနှုတ်မှ "အများအတွက် ပေးဆပ်မှုများဖြစ်တဲ့ နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေး၊ စစ်ဘေး စတဲ့ အပူမီးများကြောင့် ကျွန်တော် အနိစ္စတရားကို ကောင်းကောင်းကြီး သိသွားပြီ။ ဒါကြောင့် ပြင်ပ ရုပ်သဏ္ဌာန်ထက် အတွင်းနှလုံးသားလှဖို့ အရေးကြီးပါတယ်" ဟူ၍ ပြန်လည်၍ မေတ္တာစကား ဆိုခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ ဂျပန်-မြန်မာ ချစ်ကြည်ရေးအတွက် အဓိကရိုက်ကူးခဲ့သော "သွေး" ရုပ်ရှင် ဇာတ်ကားကြီး၏ အဓိပတိဖြစ်သူ ဂျပန်ဒါရိုက်တာကြီး ကိုဂျိချိနို၏ ဥလုံ့လ မလျှော့သော "သွေး" နှင့် ကျွန်တော် ကျော်သူ၏ ဖြဟ္မစိုရ် "သွေး" တို့သည် သွေးချင်းနှော၍ "ချစ်ကြည်ရေး၊ ငြိမ်းချမ်းရေး ပြယုဂ်သွေး" အဖြစ် ရပ်တည်သွားနိုင်မည်ဟု ကျွန်တော် ကျော်သူနှင့် ကိုဂျိချိနိုတို့ နှစ်ဦး အသိဆုံးပင် ဖြစ်တော့သည်။


**ကျော်သူ**

❑

www.burmeseclassic.com

www.burmeseclassic.com





## မြန်မာပြည်က ဝတ္ထုကို သူများနိုင်ငံက လာရိုက်တာ ဂုဏ်ယူစရာကောင်းသလို တစ်ဖက်ကလည်း ရှက်စရာကောင်းတယ်ဆိုတဲ့ သွေးဇာတ်ကား သရုပ်ဆောင်

# ဦးကျော်သူ နှင့် တွေ့ဆုံခြင်း

ဇာတ်ကားရိုက်ကူးခဲ့သည်မှာ ဆယ်စုနှစ် တစ်စုကျော် ကြာခဲ့ပြီး နိုင်ငံတကာတွင် ပြသခဲ့သော်လည်း မြန်မာနိုင်ငံတွင် ပြသခွင့် မရရှိသေးသည့် ဂျပန်-မြန်မာ ပူးပေါင်းရိုက်ကူးထားသည့် သွေးရုပ်ရှင်ဇာတ်ကားကို ပြီးခဲ့သည့် ဇန်နဝါရီလ ၃၀ ရက်နေ့က နေပြည်တော် ပြည်ထောင်စုလွှတ်တော် သဘင်ခန်းမဆောင်၌ လွှတ်တော်အမတ်များနှင့် အစိုးရအဖွဲ့ဝင်များကို ပြသခဲ့သည်။

ယင်းဇာတ်ကားကို ၁၉၉၈ ခုနှစ်ခန့်က ဂျပန်လူမျိုး ရုပ်ရှင်ဒါရိုက်တာကြီး မစ္စတာ ကိုဂျီချီနို (Koji Chino) နှင့်အဖွဲ့က ဂျပန်-မြန်မာ ချစ်ကြည်ရေးအဖွဲ့နှင့် ပူးပေါင်းကာ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ သွေးဝတ္ထုကို ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ အဆိုပါဇာတ်ကားတွင် ကျော်သူ၊ မင်းမော်ကွန်း၊ အောင်လွင်နှင့် မျိုးသန္တာထွန်းတို့ ပါဝင်သရုပ်ဆောင်ထားပြီး ဂျပန်သရုပ်ဆောင် မိဖုယု အယ်ခိဒ (Mifuyu Ikeda) လည်း ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ဦးကျော်သူသည် လက်ရှိတွင် သရုပ်ဆောင်အလုပ်ကို မလုပ်တော့ဘဲ နာရေးကူညီမှုအသင်း အပါအဝင် လူမှုရေးလုပ်ငန်းများကို

www.burmeseclassic.com





လုပ်ကိုင်နေရာမှ ပြီးခဲ့သည့်လကစပြီး ဒါရိုက်တာအနေဖြင့် ဇာတ်ကားတစ်ကား စတင်ရိုက်ကူး နေပြီဖြစ်သည်။ သွေးဇာတ်ကားကို မြန်မာနိုင်ငံတွင် ပြသနိုင်ရန် ညှိနှိုင်းမှုများလည်း ပြုလုပ်နေသည်ဟု သိရပြီး ယင်းဇာတ်ကားနှင့်ပတ်သက်ပြီး ဦးကျော်သူနှင့် မဇ္ဈိမက မေးမြန်းထားတာတွေကို ကောက်နုတ်ဖော်ပြပေးထားပါသည်။

**သွေးဇာတ်ကားရိုက်ကူးတဲ့ ဂျပန်အဖွဲ့ ဦးကျော်သူနဲ့ လာရောက်တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။**

သူတို့ နေပြည်တော်မှာ တစ်ပွဲပြတယ်။ ပြီးတော့ လွှတ်တော်အမတ်တွေကို ပြတယ်။ နောက်နစ်ရက်မှာ ကျွန်တော့်ဆီ ရောက်လာတယ်။ မြန်မာပြည်တွင်းမှာ ရုံတင်ပြသဖို့အတွက် နေပြည်တော်မှာ သွားပြပြီး လွှတ်တော်အမတ်တွေကို လာပြပြီးတော့မှ ရုံတင်နိုင်ဖို့အတွက် သူတို့ကြိုးစားနေတယ်။ အဆင်ပြေဖို့ များတယ်လို့တော့ ပြောတယ်။

**သွေးဇာတ်ကား ဘယ်လိုရိုက်ဖြစ်တယ်ဆိုတာ ရှင်းပြပေးပါ။**

၁၉၉၃ ခုနှစ်လောက်မှာ မြန်မာပြည်ထဲကိုလာပြီး ဂျာနယ်ကျော်မမလေးရဲ့ သွေးဝတ္ထု ဂျပန်ခေတ်က တကယ့်အဖြစ်အပျက်ကို ရိုက်ဖို့လာကြတယ်။ လိုက်ဖက်မယ့် သရုပ်ဆောင်တွေ လာရွေးကြတယ်။ ကျွန်တော်ပါတယ်၊ မင်းမော်ကွန်းပါတယ်၊ မျိုးသန္တာထွန်းပါတယ်။ ဂျပန်မင်းသမီးတစ်ယောက်နဲ့ ရိုက်ကြတယ်။ ပထမတစ်ကြိမ် မန္တလေးမှာ သွားရိုက်တယ် Scence (ရိုက်ကူးမည့်နေရာ) လာကြည့်ပြီး အဆင်ပြေတယ်ဆိုပြီး နောက်တစ်ခေါက် လာရိုက်ကြတယ်။ အဲဒီအချိန်က ပြည်တွင်းမှာ ဒေါ်လာခေတ်စားနေတဲ့အချိန် ဒေါ်လာနဲ့ တောင်းကြတာဆိုတော့ သူတို့လည်း မထင်မှတ်ဘဲ ငွေကုန်သွားတော့ နောက်တစ်ကြိမ် ပြန်ထပ်လာကြတယ်။ ဒုတိယအကြိမ် ထပ်လာကြတယ်။ ပြန်လာပြီးမှ အဆုံးသတ် ရိုက်ကြတယ်။

**သွေးဇာတ်ကားမှာ ဦးကျော်သူအနေနဲ့ ဘယ်လိုအခန်းကနေ ပါဝင်သရုပ်ဆောင်ခဲ့ရလဲ။**

ကျောင်းဆရာ၊ တက္ကသိုလ်ဆရာပေါ့။ ငယ်ငယ်လေးကတည်းက ကလေးတစ်ယောက်ကို မွေးစားတယ်။ အဲဒါက မင်းမော်ကွန်း။ သူ့ကို ဂျပန်လို့ပြောရင် သူက အရမ်းစိတ်ဆိုးတယ်။ သူက ဂျပန်ခေတ်က ဂျပန်စစ်ဗိုလ်နဲ့ မြန်မာအမျိုးသမီးတစ်ယောက်နဲ့ရပြီး မွေးလာတဲ့ကလေး၊ ကပြားပေါ့။ သူက ဂျပန်ဆိုတော့ လူတွေက အရမ်းမုန်းတယ်။ အဲဒီအချိန် ဂျပန်ပြည်မှာ သူ့အဖေနဲ့ မိန်းမနဲ့ သမီးတစ်ယောက်ရှိတယ်။ အဖေတူ အမေကွဲပေါ့။ အဲဒီ ဂျပန်အမျိုးသမီးကနေ သူ့မောင်လေးကို အဖေက မသေခင်မှာခဲ့တယ်။ မြန်မာပြည်မှာ မင်းရဲ့မောင် ရှိနေတယ်ဆိုတာနဲ့ သူ့မောင်ကို တွေ့ချင်လို့ မြန်မာပြည်ကိုလာတယ်။ မောင်ကို ချဉ်းကပ်တာ ချဉ်းကပ်လို့မရတော့ ကျွန်တော်က တစ်ဆင့်ဆက်သွယ်ပြီး ကျွန်တော်မွေးစားထားတဲ့ ညီနဲ့ ထိတွေ့ဖို့ ကြိုးစားပေးရတာပေါ့။ ဂျပန်မင်းသမီးနေရာကတော့ သူတို့ ဂျပန်ပြည်ကပဲ ဂျပန်မင်းသမီးအသစ် ခေါ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com





**ဇာတ်ကားရိုက်ကူးခဲ့ချိန်တုန်းက အခက်အခဲ ကြုံတွေ့ခဲ့ရတာတွေရော ရှိပါသလား။**

ကျွန်တော်တို့အတွက်ကတော့ မရှိပါဘူး။ သူတို့အပိုင်းကတော့ ဒေါ်လာနဲ့ ရှင်းရတဲ့ကိစ္စ မြန်မာ့ရုပ်ရှင်လုပ်ငန်းကနေ လူနှစ်ယောက် ထည့်ပေးတယ်။ အဲဒီလူနှစ်ယောက်ကို နေ့တိုင်း ဒေါ်လာနဲ့ ရှင်းပေးရတယ်။ ကိုယ့်ဘက်လည်း ထိထိရောက်ရောက် ကူညီပေးနိုင်တာမျိုး မရှိခဲ့ဘူး။ မြန်မာပြည်က ဒါရိုက်တာတွေ အေဝမ်း မောင်လှမျိုးတို့၊ ဦးတင်ယုတို့၊ ဦးအောင်လွင်တို့နဲ့ ပူးပေါင်းပြီး ဒီကားကို ရိုက်ခဲ့ရတာ။ သူတို့နဲ့ ညှိနှိုင်းပြီး လုပ်ဆောင်ခဲ့တယ်။ အဝတ်အစားပိုင်းကော မိတ်ကပ်ဆရာအပိုင်းရော အဆင်သင့် လုပ်ပေးထားတယ်။ ကိုယ်ဘာမှ လုပ်စရာမလိုခဲ့ဘူး။

**ပြည်ပကရိုက်ကူးတဲ့ သွေးဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခွင့်ရတဲ့အတွက် အဲဒီအချိန်တုန်းက ဘယ်လိုခံစားခဲ့မိလဲ။**

သွေးကတော့ ဝတ္ထုဖတ်ကတည်းက ဒီဇာတ်ကောင်ကို အရမ်းနှစ်သက်တော့ ဒီဇာတ်ကားကို ရိုက်ခွင့်ရတဲ့အခါ ပြီးတော့ ပြည်ပကနေရိုက်တဲ့ ဇာတ်ကားမှာ ပထမဆုံး အရွေးခံရတဲ့အတွက်လည်း ကျေနပ်တယ်။ အစွမ်းကုန်တော့ သရုပ်ဆောင်ပေးခဲ့တာပဲ။ သူတို့ဆီက အတွေ့အကြုံ အများကြီးရတယ်။ မြန်မာ့ရုပ်ရှင်မှာ ရိုက်ပုံရိုက်နည်းတွေ နည်းစနစ် ကျပုံကျနည်းတွေက ကိုယ့်အတွက် အကျိုးအများကြီး ရှိခဲ့ပါတယ်။

**အဲဒီအချိန်ကတည်းက ပြည်ပက ဒါရိုက်တာနဲ့ ရိုက်ခဲ့တာဆိုတော့ ရိုက်ရတဲ့အတွေ့အကြုံ ရခဲ့တယ်ဆိုရမှာပေါ့။**

ပြည်ပက လာရိုက်ရင်တော့ ဒီလိုအတွေ့အကြုံရှိမယ်။ ပြည်တွင်းကရိုက်ရင်တော့ ဘယ်သူမှလည်း အဲဒီလို စနစ်ကျကျ မရိုက်ကြဘူး။ ထုတ်လုပ်သူတွေကလဲ ငွေကုန်ကြေးကျ မခံနိုင်တော့ အဲဒီလို မရိုက်နိုင်ဘူး။ အဲလိုရိုက်ခဲ့လို့လဲ ကားက ကောင်းတာပေါ့။ ၁၉၉၈ မှာ စရိုက်တယ်။ အဲဒီနောက်မှာ ရပ်လိုက်ပြီး နောက်တစ်ကြိမ် ၂၀၀၃ မှာ ဒုတိယတစ်ကြိမ် ဆက်ရိုက်ကြတယ်။ နောက် အဲဒီကားကို ဂျပန်မှာ တစ်ခါပြတယ်။ အဲဒီတုန်းက ကျွန်တော်တို့ကို ဖိတ်လို့ သွားခဲ့ရသေးတယ်။

**ဦးကျော်သူအနေနဲ့ အခုပြန်ပြီး ရိုက်ကူးမယ့် ဇာတ်ကားများရော သူတို့ဆီက ရလိုက်တဲ့ နည်းပညာတွေကို အသုံးပြုဖြစ်မလား။**

ကျွန်တော် "သွေး"ရုပ်ရှင် ရိုက်ကူးမှုမစသေးတဲ့ကာလမှာ ရုပ်ရှင်ဒါရိုက်တာအဖြစ် မြန်မာ့ရုပ်ရှင်တွေ ရိုက်ကူးခဲ့ပေမယ့် ဒါရိုက်တာ အကယ်ဒမီဆုကို မရရှိခဲ့ဘူး။ ဂျပန်ဒါရိုက်တာ ချီနို ရိုက်ကူးခဲ့တဲ့ "သွေး"ကို လေ့လာခဲ့ပြီး ၂၀၀၄ ခုနှစ်လောက်က ကျွန်တော်ကိုယ်တိုင် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့တဲ့ "အမေ့နို့ဖိုး" ရုပ်ရှင်ကားက ဒါရိုက်တာ အကယ်ဒမီဆုကို ဆွတ်ခူးရယူနိုင်ခဲ့သလို အမေ့နို့ဖိုး ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အဓိက အမျိုးသမီးဇာတ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရံ၊ ဇာတ်ညွှန်း၊ ကုမ္ပဏီ၊ ကင်မရာ စတဲ့ ထူးချွန်ဆုပေါင်း ခုနှစ်ဆု ရယူနိုင်ခဲ့တယ်။ နည်းပညာပိုင်းကတော့ ရအောင်ယူရမှာပဲ စက်မှုပိုင်းကျတော့ ကျွန်တော်တို့မှာက အားနည်းတယ် နည်းစနစ်ပဲ အတုယူလို့ရမယ်။

www.burmeseclassic.com

www.burmeseclassic.com





**ဒီဇာတ်ကားကို မြန်မာပြည်မှာ ပြသခွင့်ရမယ်ဆိုရင် ဘယ်လိုတုံ့ပြန်မယ် ထင်ပါသလဲ။**

ဒီကားကတော့ ပြည်တွင်းပြမယ်ဆိုရင် အောင်မြင်မယ်လို့ ကျွန်တော်မြင်တယ်။ ဒီလို ကောင်းတဲ့ကားမျိုး အနှစ်သာရရှိတဲ့ ကားမျိုးက မရှိတော့ဘူးလေ။

**အရင်က ဦးကျော်သူရဲ့ ဇာတ်ကားတွေက ပိတ်ပင်တားမြစ်ထားတာမျိုးတွေ ရှိခဲ့တော့ ဒီဇာတ်ကားပြသမယ်ဆိုရင် ခံစားမှုက ဘယ်လိုရှိမလဲ။**

ဒီကားပြရရင်တော့ ဒီခေတ်ကလေးတွေက ကျော်သူဆိုတာ မသိတော့ဘူး။ ဒီကားပြရင် ကျော်သူဆိုတာ ဒီလိုပါလားဆိုပြီး မြင်မှာပေါ့။ ကျော်သူဆိုတာ ဘယ်လိုသရုပ်ဆောင်တတ်ပါတယ်ဆိုတာကို ရှုစားရမှာပေါ့။ ဒီလိုပြခွင့်ရတဲ့အတွက်လည်း ကျွန်တော့်ထက် ဒါရိုက်တာကြီး ချိန်အတွက် ဝမ်းသာပါတယ်။ သူက မြန်မာပြည်ကို အရမ်းချစ်တယ်။ မြန်မာပြည်ကို ချစ်တဲ့ သူက မြန်မာပြည်မှာ ရိုက်တဲ့ကားကို မြန်မာပြည်မှာ ပြခွင့်မရဘူးဆိုတော့ သူ့အတွက်က စိတ်ထိခိုက်ရတယ်။ ပြခွင့်ရသွားပြီဆိုရင်တော့ သူ့အနေနဲ့ တော်တော်လေး ကျေနပ်သွားမှာပါ။

**ဒီဇာတ်ကားရိုက်ကူးပြီးနောက်ပိုင်း ပြည်ပက လာရောက်ကမ်းလှမ်းတာမျိုး ရှိခဲ့သေးလား။**

အရင်တုန်းက လုံးဝမရှိခဲ့ဘူး။ ဒီ "သွေး"ဇာတ်ကားက ဦးနေဝင်းခေတ် ၁၉၆၂ နောက်ပိုင်း ပထမဆုံး ပြည်ပက လာကမ်းလှမ်းတာ။

**ပြည်ပကဇာတ်ကားတွေ လာရောက်ရိုက်ကူးသလို ပြည်တွင်းမှာရော ဒီလိုဇာတ်ကားကောင်း ပေါ်ထွက်ဖို့ ဘာတွေလိုအပ်မယ် ယူဆပါသလဲ။**

ဘက်စုံပါပဲ။ ပြည်တွင်းမှာက စီးပွားရေးတွေ ကျဆင်းတဲ့အတွက် ငွေထုတ်ပြီးရိုက်နိုင်တဲ့ ပရိုဂျူဆာ မရှိတော့ဘူး။ သရုပ်ဆောင်တွေပိုင်းကလည်း ဒီလို နည်းပညာတွေကို အတွေ့အကြုံ မရှိတော့ ကားတစ်ကားရိုက်ရင် မြန်မြန်ပြီးရင် မြန်မြန်ပိုက်ဆံရတယ်။ အဲလို အတွေးအခေါ်တွေ ဖြစ်နေတယ် အနုပညာက အများပြည်သူအတွက် ဘယ်လောက်ကျန်ခဲ့မယ်ဆိုတာ... ကျပ်တည်းတယ်၊ စီးပွားရေးကျတယ်၊ ပြီးတော့ ရိုက်ကူးတဲ့နေရာမှာလည်း တားမြစ်မှုတွေရှိတယ်။ တက္ကသိုလ်မှာ ရိုက်ခွင့်မရဘူး။ လေဆိပ်မှာ ရိုက်မယ်ဆို လေဆိပ်ရိုက်ခွင့်မရဘူး။ ဒါမျိုးတွေကို အားလုံးက ပြုပြင်မှပဲရမယ်။ ဂျပန်က လာရိုက်တုန်းက သူတို့က စည်းကမ်းလည်း အရမ်းကြီးတယ်။ ပုဂံမှာရိုက်တဲ့အခါ ဘုရားဝန်းကျင်မှာရိုက်ရင် အဲဒီအနားက အမှိုက်တွေကအစ လိုက်ကောက်တယ်။ ဘယ်နေရာပဲရိုက်ရိုက် သန့်ရှင်းမှုကို အလေးထားတယ်။ ဖုန်ဆို တစ်စက်မှ မရှိအောင်လုပ်ပြီး ရိုက်တယ်။ ရိုက်ကွင်းတစ်ခုကို ဒီနေ့ရိုက်တယ်။ မွန်းလွဲ ၃ နာရီထိုးသွားလို့ Lighting မကောင်းတော့ဘူးဆိုရင် သိမ်းလိုက်ပြီး နောက်တစ်ရက် အဲသည့်အချိန်ကိုပဲ ထပ်စောင့်ပြီး ရိုက်တယ်။ စနစ်ကျတာပေါ့။

**ဂျပန်ဒါရိုက်တာကြီး ချိန်နဲ့ ထပ်မံတွေ့ဆုံဖြစ်တဲ့အခါ ဘာတွေပြောဖြစ်လဲ။**

သူက အခု ဗိုလ်ချုပ်ဇာတ်ကားကိုလည်း သူရိုက်ကူးချင်တယ်လို့ ပြောပါတယ်။ ကျွန်တော့်ရိုက်ကွင်းကို သူလေ့လာတယ်။ ဒီဇာတ်ကား အရင်ပြခွင့်ရရင်တော့ အဲဒါတွေက သူ

www.burmeseclassic.com

 www.burmeseclassic.com 




နောက်ထပ်လုပ်ရင် လုပ်မှာပေါ့။ ကိုယ်ရိုက်ထားတဲ့ကားကို ပြခွင့်မရဘူးဆိုတော့ နောက်တစ်ခါ လာရိုက်ဖို့ကတော့ တော်တော်လေးကြောက်နေမှာပဲ။ သူပြသချင်တာကလည်း မြန်မာပြည်မှာ ရိုက်ထားတဲ့ကားမို့လို့ မြန်မာပြည်မှာ ပြချင်တာပေါ့။ မြန်မာပြည်မှာ သူ့ဘာယ်လို ရိုက်ခဲ့တယ်၊ သူရိုက်ထားတဲ့ဇာတ်ကားနဲ့ မြန်မာပြည်က ဇာတ်ကားတွေနဲ့ နှိုင်းယှဉ်ပြသချင်တဲ့ သဘောပဲ။

**မြန်မာဝတ္ထုတစ်ပုဒ်ကို ပြည်ပက လာရောက်ကမ်းလှမ်းပြီး ရိုက်ကူးနိုင်ရင် ကိုယ့်နိုင်ငံကတော့ ဒီလိုမျိုး မလုပ်နိုင်ဘူးလားလို့ ဦးကျော်သူ့အနေနဲ့ ထင်မြင်ယူဆမိပါသလား။**

အမှန်တော့ မြန်မာပြည်ဝတ္ထုကို ပြည်ပက ရိုက်တယ်ဆိုတာ ဂုဏ်ယူစရာကောင်းသလို ပြန်စဉ်းစားရင်တော့ ရှက်စရာကောင်းပါတယ်။ ကိုယ့်မြန်မာဇာတ်ကို မရိုက်နိုင်ဘဲနဲ့ သူများနိုင်ငံက လာရိုက်တာက တစ်ဖက်က ဂုဏ်ယူနိုင်သလို တစ်ဖက်ကလည်း ရှက်စရာကောင်းပါတယ်လို့ ယူဆမိပါတယ်။


**ပန်းမြတ်ဝေ**





www.burmeseclassic.com


# ရှင်ကြီး ကျားထက်ဆိုး



ကျော်သူ

ကျွန်တော် ကျော်သူသည် ၁၉၈၄ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းတွင် လက်ဦးဆရာ ဒါရိုက်တာ ဦးမျိုးမြင့်အောင် ရိုက်ကူးသော "ချစ်ကြိုးလေးနှစ်မျှင်" ရုပ်ရှင်ဇာတ်ကားဖြင့် ရုပ်ရှင်သရုပ်ဆောင်အဖြစ် မြန်မာ့ရုပ်ရှင်လောကထဲသို့ ရောက်ရှိခဲ့သူဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးသော "တပြည်သူမရွှေထား" ရုပ်ရှင်ကားနှင့် အဓိကသရုပ်ဆောင် အကယ်ဒမီထူးချွန်ဆုကို ရရှိခဲ့ပြီးသည့်နောက် ၂၀၀၃ ခုနှစ်တွင် "အမေ့နို့ဖိုး" ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာ ထူးချွန်ဆုကို ရရှိခဲ့ကာ ယင်းဇာတ်ကားနှင့် အကယ်ဒမီပေါင်း (၇)ဆုကိုလည်း ထိုက်ထိုက်တန်တန် ရရှိအောင် ရိုက်ကူးဖန်တီးခဲ့သောသူတစ်ယောက်လည်း ဖြစ်သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာ (ရွှေဝါရောင်တော်လှန်ရေး) မတိုင်ခင်အထိ နိုင်ငံတော်အကျိုးပြုဇာတ်ကားများ၊ နေ့ထူးနေ့မြတ် ဂုဏ်ပြုပဒေသာကပွဲများ၊ ရုပ်မြင်သံကြား ဇာတ်လမ်းများအပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေရှာဖွေရေး ဘောလုံးပွဲများ၊ ဗီဒီယိုဇာတ်လမ်းများကို ရိုက်ကူးပေးခဲ့သူလည်းဖြစ်သည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာ (ရွှေဝါရောင်တော်လှန်ရေး) မှစ၍ ကျွန်တော့်အား ပြန်ကြားရေးဝန်ကြီးဌာနမှ အနုပညာလုပ်ခွင့်များကို ပိတ်ပင်ထားသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ သို့သော် ကျွန်တော်သည် ရုပ်ရှင်လောကနှင့် ဝေးကွာသွားသည်တော့ မဟုတ်။ အနုပညာသမားများ၏ သတင်းများ၊ အနုပညာ လောကအတွင်း ဖြစ်ပေါ်နေသော ပြဿနာများကို အတွင်းကျကျ သိရှိနေသူဖြစ်သည်။ အနုပညာလောကတွင် ကျင်လည်ခဲ့စဉ်က အနုပညာမောင်နှမများ၊ ထုတ်လုပ်သူများ၊ ဒါရိုက်တာများနှင့် မည်သည့်ပြဿနာ တစ်စုံတစ်ရာမျှ မပေါ်ပေါက်ခဲ့ပါ။ သို့သော် ၂၀၀၁ ခုနှစ်မှစ၍ ရုပ်ရှင်ဖခင်ကြီးတစ်ဦးဖြစ်သော ဘဘဦးသုခ မျိုးစေ့ချပေးသော နာရေးကူညီမှုအသင်း(ရန်ကုန်)တွင် တစ်ဖက်တစ်လမ်းမှ

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်၍ အများပြည်သူတို့အား တတပ်တအား ကူညီဖေးမကာ ကုသိုလ်ဖြစ်ပေးဆပ်ခဲ့သည့် အချိန်မှစ၍ အနုပညာသမားအချို့သည် ကျွန်တော်နှင့် လက်တွဲရိုက်ကူးခြင်းကို မပြုလုပ်ကြတော့ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်လုပ်ကိုင်ပေးဆပ်နေသော လုပ်ငန်းသည် လာဘ်ပိတ်ခြင်း၊ နံနိမ်ခံရခြင်း စသည့် အယူဝါဒ အစွဲများကြောင့်ပင်ဖြစ်တော့သည်။ မည်သို့ဖြစ်စေ ကျွန်တော်သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက်အနေဖြင့် ဒိဋ္ဌိအယူဝါဒများအား တိုက်ဖျက်ကာ မိမိ၏ခံယူချက်၊ ဘဘဦးသုခ၏ ရည်ရွယ်ချက်များကို ကြံ့ကြံ့ခံကာ အများပြည်သူတို့အတွက် ပေးဆပ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်တော့သည်။

ဘဘဦးသုခ ကွယ်လွန်သွားသည့်အချိန်မှစ၍ ကျွန်တော်တို့၏ ပေးဆပ်မှုလုပ်ငန်းများအား နာရေးကူညီမှုတင်မက၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးဒဏ် စသည့် လူသားတို့၏ မဖြစ်မနေ ကြုံတွေ့ရမည့် အခက်အခဲများကို တိုးချဲ့၍ ကူညီဖေးမပေးခဲ့သည်။ ထိုသို့ နာရေးကိစ္စ အခက်အခဲများနှင့် ရန်သူမျိုးငါးပါးဒဏ် ခံခဲ့ရသော ပြည်သူလူထုကို ကူညီဖေးမပေးဆပ်ခဲ့သလို ရုပ်ရှင်အနုပညာသည်များကိုလည်း များစွာ ကူညီဖေးမ ပေးဆပ်ခဲ့ရသည်။

၂၀၁၂ ခုနှစ်၊ မတ်လတွင် မြန်မာ့ရုပ်ရှင်လောကသားများ၏ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာတွင် အာဏာရှင်စနစ်အား တိုက်ဖျက်လိုခြင်း၊ အနိမ့်ကျဆုံးဖြစ်နေသော မြန်မာ့ရုပ်ရှင်အား မြှင့်တင်လိုခြင်း၊ ရုပ်ရှင်လောကသားများ မိသားစုသဖွယ် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖြစ်စေလိုခြင်း စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအား အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းတော့မည်ဟု ကျွန်တော်သိရှိခဲ့ရသည်။ ထို့ကြောင့် ကျွန်တော့်အတွက် ကျေးဇူးမကင်းခဲ့သော မြန်မာ့ရုပ်ရှင်လုပ်ငန်းအား အရှိန်အဟုန်မြင့်မားစွာဖြင့် တိုးတက်ပြောင်းလဲမှုကို အမှန်တကယ် မျက်ဝါးထင်ထင် မြင်တွေ့လိုချင်စိတ် ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် နေ့စဉ်နှင့်အမျှ နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေး စသည့် လူမှုရေးလုပ်ငန်းများကို လုပ်ကိုင်နေ၍ ကိုယ်တိုင်သွားရောက်၍ လျှောက်လွှာအား မယူဖြစ်ခဲ့ပါ။ ယင်းနေ့နံနက် ၁၀း၀၀ နာရီခန့်တွင် ကျွန်တော်၏မိတ်ဆွေ တည်းဖြတ်ပညာရှင်ထံမှ ကျွန်တော့်ထံသို့ "ကိုယ်တိုင်လာမယူ၍ မပေးနိုင်ကြောင်း" ရုပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲအဖွဲ့ဝင်များက ပြောကြားကြောင်း အကြောင်းကြားခဲ့သည်။

ဤတွင် ကျွန်တော်မှ ပြန်လည်၍ မေးခွန်းများ ပြန်လည်မေးမြန်းချင်တော့သည်။

- ကျွန်တော့်ကဲ့သို့ အကယ်ဒမီ ရုပ်ရှင်သရုပ်ဆောင်၊ အကယ်ဒမီ ဒါရိုက်တာတစ်ဦးအား ကိုယ်တိုင်ကိုယ်ကျလာယူမှ ပေးမည်ဟု ပြောခဲ့သော်လည်း ဇာတ်ပို့/ရံ အလွှာမှ လူရွှင်တော်တစ်ဦးအား တယ်လီဖုန်းဖြင့် လျှောက်လွှာတောင်းခံခြင်းကို အဘယ့်ကြောင့် ပေးခဲ့သနည်း☒
- နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော ဇာတ်ညွှန်းအလွှာမှ ဇာတ်ညွှန်းဆရာတစ်ဦးအားလည်း အဘယ့်ကြောင့် လျှောက်လွှာပေးခဲ့သနည်း☒

www.burmeseclassic.com

www.burmeseclassic.com



ထိုအပြင် ယင်းစစ်မှန်သော ရွေးကောက်ပွဲအား အကောင်အထည်ဖော်မည်ဟု ကြွေးကြော်နေသော အနုပညာသမားများထဲတွင် ၂၀၀၇ ခုနှစ် စက်တင်ဘာ (ရွှေဝါရောင်တော်လှန်ရေး) အပြီး ကျွန်တော်အဖမ်းခံရပြီး ပြန်လည်လွတ်မြောက်လာသောအချိန်တွင် အနုပညာရှင်တစ်ဦး၏ ရှာပနအခမ်းအနား၌ "မောင်မောင် ... မင်းက အချိန်မတန်သေးဘဲ လုပ်တာကိုး"ဟု ဆရာကြီးပုံစံနဲ့ ပြောဆိုခဲ့သော အခွင့်အရေးသမားတစ်ဦး ပါဝင်နေခြင်းနှင့် ဗိုလ်ချုပ်ခင်ညွှန့် အထိန်းသိမ်းခံရာမှ ပြန်လည်လွတ်မြောက်လာစဉ် သွားရောက်တွေ့ဆုံကြသော အနုပညာသမားများထဲမှ "ကျော်သူက တစ်ချိန်လုံးမူးနေတာ၊ ဂျပန်မှာ တော်တော်ဒုက္ခပေးခဲ့တယ်"ဟု ပြောကြားခဲ့သော ကိုယ့်ဂုဏ်မြှင့်၍ အခြားသူအား အပုပ်ချခဲ့သော ခွက်ပုံးအနုပညာသမား ပါဝင်နေခြင်းတို့အား ကျွန်တော် များစွာ တွေးတောစဉ်းစားမိတော့သည်။ ယခု မြန်မာ့ရုပ်ရှင်အစည်းအရုံးအား ပြန်လည်ဖွဲ့စည်းမည်ဖြစ်သော ရုပ်ရှင်အနုပညာသည်များ ပြောကြားကြသော မြန်မာ့ရုပ်ရှင်လောက အနုပညာ မောင်နှမများအား စည်းလုံးညီညွတ်စွာဖြင့် မိသားစုစိတ်ဓာတ်ထားကာ တစ်ဦး၏အခက်အခဲကို ဝိုင်းဝန်းဖြေရှင်းပေးလိုခြင်း၊ ရုပ်ရှင်အနုပညာသမားများ၏ သာရေး/နာရေး ကိစ္စများကို ဝိုင်းဝန်း၍ ကူညီဆောင်ရွက်လိုခြင်း စသည့် စကားများသည် ကျွန်တော့်အတွက် မဖြစ်နိုင်တော့ချေ။ အကြောင်းမှာ ကျွန်တော် မြန်မာ့ရုပ်ရှင်အစည်းအရုံးတွင် တာဝန်ထမ်းဆောင်စဉ်ကာလ၌ နိုင်ငံတော်မှ အရေးယူပိတ်ပင်ခံထားရသော အနုပညာသမားများ၏ အသက်ရှင်သန်မှု၊ အနုပညာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ထိုစဉ်အခါက နိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံတိုင်း ကျွန်တော်မှ စဉ်းစားပေးရန်၊ ဖွင့်လှစ်ပေးရန် တိုက်တွန်းမှု၊ အကြံပေးမှု၊ အသနားခံမှုများကို စဉ်ဆက်မပြတ် လုပ်ကိုင်ခဲ့ပါ၍ ယင်းကဲ့သို့ ပိတ်ပင်ခံထားရသော အနုပညာသမားများ ပြန်လည်၍ အနုပညာလောကတွင် သက်ဝင်လှုပ်ရှား ပါဝင်ဆင်နွှဲနိုင်ခဲ့သည်မှာ ငြင်း၍မရပေ။ သို့သော် ၂၀၀၇ ခုနှစ် စက်တင်ဘာလမှစ၍ အနုပညာလုပ်ငန်းများ အပိတ်ပင်ခံခဲ့ရသော ကျွန်တော်၏ကိစ္စရပ်အား မည်သည့် အနုပညာသမားများ၊ မည်သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များတို့မှ နိုင်ငံတော်အုပ်ချုပ်သူပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ကြစဉ် တစ်ခွန်းတစ်ပါဒမှ ပြောပေးခဲ့ခြင်း မရှိချေ။ မြန်မာ့ရုပ်ရှင်အနုပညာလောကမှ နိုင်ငံတော်မှ အနုပညာလုပ်ခွင့် ပိတ်ပင်ခံရသူ အနုပညာရှင်များထဲတွင် ကျွန်တော်သည် ပိတ်ပင်ခံရမှု သက်တမ်းအရှည်ဆုံး အနုပညာသမားဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကျွန်တော်သည် ရုပ်ရှင်လောက ဖခင်ကြီးတစ်ဦးဖြစ်သော ဘဘဦးသုခ မျိုးစေ့ချခဲ့သော လူမှုရေးလုပ်ငန်းကြီးအား တိုးတက်မြင့်မားလာအောင် ထမ်းဆောင်ရင်းနှင့် မြန်မာ့ရုပ်ရှင်လောကတွင်ရှိကြသော အဓိကသရုပ်ဆောင်များ၊ ဒါရိုက်တာများ၊ ထုတ်လုပ်သူများ၊ ဇာတ်ပို့ဇာတ်ရံများ၊ လူကြမ်း သရုပ်ဆောင်များမှအစ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ပြန်ကြားရေးဌာနမှ ဝန်ထမ်းများ (ဥက္ကဋ္ဌမှအစ သန့်ရှင်းရေးအဆုံး) ကြုံတွေ့နေရသော နာရေး၊ ကျန်းမာရေး ကိစ္စရပ်များအား မနားမနေ ကူညီဖေးမပေးနေသူတစ်ဦးဖြစ်သည်။ သို့သော် ကျွန်တော်သည် ကုသိုလ်ရေးလုပ်ငန်းဖြစ်သော လူမှုရေးလုပ်ငန်းများ ထမ်းရွက်ပေးနေရသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ကျေးဇူးရှင်များဖြစ်ကြသော အများပြည်သူတို့နှင့် ပြင်ပလောကတွင် အနီးကပ် ထိတွေ့ပေးဆပ်နေရမှုကို ကျေနပ်ပီတိ ဖြစ်ခဲ့ပါသည်။

တစ်နေ့ ကျွန်တော့်၏မိတ်ဆွေဖြစ်သူ တည်းဖြတ်ပညာရှင်အား လမ်းကြုံ၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အဆောက်အအုံသို့ ဝင်ရောက်ပို့ဆောင်ခဲ့ပါသည်။ ရုပ်ရှင်အစည်းအရုံး၏ ဆင်ဝင်အောက်တွင် မော်တော်ယာဉ်အား ခေတ္တရပ်နား၍ ကျွန်တော်၏မိတ်ဆွေ ကားပေါ်မှ ဆင်းချိန်တွင် မော်တော်ယာဉ်အနီးတွင်ရှိသော လူကြမ်းသရုပ်ဆောင်တစ်ဦးနှင့်တွေ့ဆုံ၍ လွန်ခဲ့သော နှစ်ရက်ခန့်က ယင်းလူကြမ်းသရုပ်ဆောင် အစ်မဖြစ်သူ၏ နာရေးကိစ္စအား အဆင်ပြေမပြေ မေးမြန်းနေစဉ် ရုပ်ရှင်လောကမှ ဗီဒီယို ဒါရိုက်တာတစ်ဦးရောက်လာကာ "ဟေ့လူ... ဒီနေရာက ကားရပ်ရတဲ့ နေရာမဟုတ်ဘူး"ဟူ၍ ရင့်သီးစွာ ပြောဆိုခြင်းကို ခံခဲ့ရသည်။ ကျွန်တော် နားလည်သည်မှာ အဆောက်အအုံများတွင်ရှိသော ဆင်ဝင်အောက်သည် လူအပို့/ကြို ပြုလုပ်ရန် ထားရှိသော မော်တော်ယာဉ် ခေတ္တရပ်နားရန် နေရာပင်မဟုတ်ပါလား။ ကျွန်တော်သည် မော်တော်ယာဉ်အား စက်ရပ်နားခြင်းလည်း မပြုလုပ်။ မိနစ်ဝက်ခန့်သာ စကားလှမ်းပြောခြင်းကိုသာ လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ကျွန်တော့်၏အပေါ် ယခင် စစ်အစိုးရလက်ထက်ရှိ ပြန်ကြားရေးဌာနမှ ပိတ်ပင်ထားခဲ့မှုများကို ပြန်လည်ပွင့်လင်းအောင် လုပ်ပေးရမည်ဖြစ်သော မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ယခုကဲ့သို့ ရွေးကောက်ပွဲဝင်ခြင်းကို တားမြစ်ခြင်း၊ ကျွန်တော့်အား ယခုကဲ့သို့ ရွေးကောက်ပွဲကော်မတီတွင် ပါဝင်သော ဗီဒီယိုဒါရိုက်တာမှ ရင့်သီးစွာ ဆက်ဆံခြင်းတို့သည် လွတ်လပ်ပွင့်လင်းသော ဒီမိုကရေစီနိုင်ငံတော်ရှိ အနုပညာသမားများ လုပ်ရမည့် လုပ်ရပ်များမဟုတ်ပေ။

မည်သို့ဖြစ်စေကာမူ ကျွန်တော်သည် မည်သည့်အစိုးရတက်တက်၊ မည်ကဲ့သို့ ရုပ်ရှင်အစည်းအရုံး ပေါ်ပေါ်ပေါ်ပေါ် ကျွန်တော့်၏တာဝန်မှာ လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ၊ မိတ်ဆွေရန်သူမရွေးတို့၏ နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးဒဏ် စသည်တို့ကို သေတပန် သက်တဆုံး လုပ်ကိုင်ပေးဆပ်သွားရမည် ဖြစ်တော့သည်။ အဆုံးသတ်ရသော် မြန်မာ့ရုပ်ရှင်လုပ်ငန်း တိုးတက်မြင့်မားအောင်၊ မြန်မာ့ရုပ်ရှင်အနုပညာသမားများ စည်းလုံးညီညွတ်အောင်၊ အစိုးရအဖွဲ့အစည်းမပါဝင်သော NGO စစ်စစ် မြန်မာ့ရုပ်ရှင်အစည်းအရုံး ပေါ်ပေါက်လာအောင်၊ မြန်မာ့ရုပ်ရှင်အနုပညာသမားများ ညီရင်းအစ်ကို မောင်နှမသဖွယ် တစ်ဦး၏ကိစ္စရပ်များကို စုပေါင်းဖြေရှင်းပေးနိုင်အောင် စသည့် ရည်ရွယ်ချက်များဖြင့် ပြန်လည်၍ ဖွဲ့စည်းမည်ဖြစ်ရာ အနုပညာသမားစစ်စစ်များအနေဖြင့် အရွေးချယ်ခံမည့် လူတစ်ဦးချင်း တစ်ဦးချင်းတွင် အဓိကအားဖြင့် ကိုယ်ကျင့်သီလ၊ ခံယူချက်၊ ရည်ရွယ်ချက်နှင့် စိတ်ဓာတ်က အရေးကြီးပေသည်။ မြန်မာ့ရုပ်ရှင် အနုပညာဖြင့် ဘဝကို ရပ်တည်နေသောသူများအတွက် "ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး"ဟူ၍ မဖြစ်အောင် အထူးသတိပြုစေလိုတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရုပ်ရှင်ဆင်ဆာ (သို့မဟုတ်) (ရုပ်ရှင်၊ ဂီတ၊ စာပေ၊ သဘင်၊ ပန်းချီ၊ ပန်းပု) စိစစ်ရေးအဖွဲ့ဟုဆိုရာ၌ မြန်မာပြည်သူလူထုအတွက် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသော လျှပ်ပေါ်လော်လည် ဝတ်စားဆင်ယင်မှု၊ အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေမည့် ဝတ်ဆင်မှု၊ ရုန့်ရင်းကြမ်းတမ်းသော ပြောဆိုမှု၊ အမိအဖ/သားသမီး/မိသားစုများ ကြည့်ရှုရန် မသင့်လျော်သော ပြကွက်များ၊ အမူအရာများ၊ ကြောက်မက်ဖွယ်ရာ ရက်စက်မှုပြကွက်များ၊ ဘာသာသာသနာကို ထိခိုက်စော်ကားမှု ဖြစ်ပေါ်သော အပြုအမူ၊ အသုံးအနှုန်း၊ အပြောအဆိုများ၊ အမျိုးသားရေးကို ထိခိုက်စေမည့် ပြကွက်၊ ပြောဆိုအမူအရာများ၊ အမျိုးသားရေးကို လှုံ့ဆော်/ပုန်ကန်မှုကို ဖြစ်စေသော ပြကွက်များ... စသည် စသည်တို့ကို အများပြည်သူတို့အား မပြသသင့်၍ ပိတ်ပင်တားဆီး ကန့်သတ်သတိပေးရသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်းဟု ကျွန်တော် နားလည်မိပါသည်။




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်)၊ ဘဘဦးသုခ မျိုးစေ့ချပေးခဲ့သော နာရေးကူညီမှုအသင်း (ရန်ကုန်)၊ အများပြည်သူတို့ကို (အခမဲ့) ကူညီဖေးမပေးနေသော နာရေးကူညီမှုအသင်း (ရန်ကုန်)၊ လူသားချင်း စာနာစိတ်ထား၍ ကူညီပေးဆပ်နေသော နာရေးကူညီမှုအသင်း (ရန်ကုန်)၏ လှူပ်ရှားပေးဆပ်မှုများ၊ ကူညီဆောင်ရွက်ပေးမှုများ ပါရှိသော ဗီဒီယို DVD အချပ်များကို (ကန့်သတ်)ဟု ရေးသားရိုက်နှိပ်ကာ အလှူရှင်များ၏ လှူဒါန်းမှု အစုစုတို့ကို ကျေးဇူးတင်သည့်အနေဖြင့်လည်းကောင်း၊ မုဒိတာပွားများနိုင်ရန်လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှု ဘာသာသာသနာကို ဦးထိပ်ထား၍လည်းကောင်း၊ လူငယ်များ လူမှုရေးလုပ်ငန်းများ၊ လူသားချင်း စာနာစိတ်များ မွေးဖွားပေါ်ပေါက်လာစေရန်လည်းကောင်း ရည်ရွယ်ကာ အလှူရှင်များအတွက် (အခမဲ့) လှူဒါန်းမှုကို လုပ်ဆောင်ခဲ့ပါသည်။ ဗီဒီယိုဈေးကွက် အတွင်းသို့လည်းကောင်း၊ အများပြည်သူတို့အားလည်းကောင်း အခကြေးငွေဖြင့် ရောင်းချခြင်း လုံးဝမပြုခဲ့ချေ။ ဤနည်းဖြင့်လည်း အလှူငွေရှာခဲ့ခြင်းလည်း လုံးဝ (လုံးဝ) မဟုတ်ခဲ့ချေ။ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့်လည်း ပြုလုပ်ခဲ့ခြင်းမရှိ။ ဂီတပညာရှင်များကလည်း မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာတို့ဖြင့် လူမှုရေးလုပ်ငန်း ဖြစ်သော အများပြည်သူတို့အား ဖေးမကူညီပေးသော ကျွန်တော်တို့၏ နာရေးကူညီမှုအသင်း (ရန်ကုန်)အတွက် သီဆိုတီးခတ် ကုသိုလ်ယူ ပေးဆပ်ခဲ့ခြင်းဖြစ်သည်။ လူမှုရေး ဂီတအဆိုတော်များ၏ သီချင်းသံစဉ်တို့ဖြင့် ကျွန်တော်တို့၏ ပေးဆပ်ခဲ့သော၊ လူသားချင်း စာနာစိတ်မွေးသည့် လေးနက်သောလုပ်ရပ်များ၊ ဗြဟ္မစိုရ်တရား (၄)ပါးကို လက်ကိုင်ပြု၍ ပေးဆပ်မှု မှတ်တမ်းပုံရိပ်များဖြင့် ပုံဖော်ပြသပေးခြင်းသာဖြစ်သည်။ ကျွန်တော်တို့နည်းတူ (ကန့်သတ်) အဖြစ် အများပြည်သူတို့လက်ဝယ်သို့ ဝေငှဖြန့်ဖြူး ထုတ်ဝေနေသော UN အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းအဖွဲ့များ၊ NGO အဖွဲ့များ၊ ဆရာတော်ကြီးများ၏ (ဓမ္မဒါန) တရားတော်အခွေများလည်း များစွာရှိခဲ့ပါသည်။

ယခုမူ...ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ လှုပ်ရှားပေးဆပ်မှုများ၊ ကူညီဆောင်ရွက်ပေးဆပ်မှုများဖြစ်သည့် ဗီဒီယို (DVD) အချပ်၊ MTV အချပ်တို့အား ဆင်ဆာတင်ရမည်တဲ့ဗျာ။

နာရေး (သေခြင်းတရား)များကို မပြသသင့်၍လား။

ဒိဋ္ဌိအယူဝါဒများကို မဖယ်ရှားချင်၍လား။

သံဝေဂများ မရစေချင်၍လား။

လူသားချင်း စာနာစိတ်များ မပေါ်ပေါက်စေချင်၍လား။

လူမှုရေးသမားများ မပေါ်ပေါက်စေချင်၍လား ဟူ၍ တွေးမိတော့သည်။

“မသေရာအမှန် မြတ်နိဗ္ဗာန်”ကို ရောက်နေကြပြီလားဟူ၍ မေးခွန်းထုတ်လိုက်ချင်ပါရဲ့။ ဒီလိုဆိုရင်တော့ ကျွန်တော်တို့ မြန်မာ့သူရဲကောင်းကြီးများဖြစ်ကြသော အဘမှိုင်း၊ ဆရာဇော်ဂျီ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးသန့် စသည့် အာဇာနည်ကြီးများ မသေဆုံးကြသေးပါ၊ ရှင်သန်နေဆဲဟု အားတက်သရော အတွေးစဝင်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့သည် ကိုယ့်လမ်း...ကိုယ်သွား
ကိုယ့်အလုပ်...ကိုယ်လုပ်
ကိုယ့်တာဝန်...ကိုယ်ကျေ
ကိုယ့်သီလ...ကိုယ်လုံ
ကိုယ့်သမိုင်း...ကိုယ်ရေးနေကြသည့် လူမှုရေးသမား (စစ်စစ်)များသာဖြစ်သည်။

ကျွန်တော်တို့သည် ဆင်းရဲသော မိသားစုဝင်များ၏ နာရေးအတွက်လည်း သင်္ဂြိုဟ်ပေးသည်။

ကျွန်တော်တို့သည် ချမ်းသာသော မိသားစုဝင်များ၏ နာရေးအတွက်လည်း သင်္ဂြိုဟ်ပေးသည်။

ကျွန်တော်တို့သည် နိုင်ငံရေးမိသားစုဝင်များ၏ နာရေးအတွက်လည်း သင်္ဂြိုဟ်ပေးသည်။

ကျွန်တော်တို့သည် ဗိုလ်ချုပ်ကြီးများ၏ မိသားစုဝင်များ၏ နာရေးအတွက်လည်း သင်္ဂြိုဟ်ပေးသည်။

ကျွန်တော်တို့သည် ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာမရွေးတို့၏ နာရေးကိစ္စများကို "သေသောသူသည် သုသာန်သို့ သက်သက်သာသာ သွားသင့်သည်" ဟူသော ဆောင်ပုဒ်အတိုင်း လူသားချင်း စာနာစိတ်ကို လူသားပီသစွာ ပေးဆပ်နေသော အမျိုးကောင်းသား/သမီးများဖြစ်သည်။

ကျပ်တည်းမှု၊ မွန်းကျပ်မှုများကို နာကျည်းမှု၊ ကလဲ့စားချေမှုတို့ဖြင့် ဖြေရှင်းပေးသော အဖွဲ့အစည်းမဟုတ်။ အမိနိုင်ငံတော်ကို ပုန်ကန်ကြမည့်သူများမဟုတ်။ နိုင်ငံတော်အာဏာကို လုယူကြမည့်သူများလည်းမဟုတ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော မြတ်ဗုဒ္ဓ၏ ဗြဟ္မစိုရ်တရား (၄)ပါးတို့အား လက်ကိုင်ပြုကာ သံသရာထဲ ကျင်လည်ကြကုန်သော လူသားများအား မိမိတို့ တတ်စွမ်းသရွေ့ နိုင်သလောက် နိုင်ငံတော်အား ပံ့ပိုးဖေးမပေးမှုများကိုသာ လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။

ကျွန်တော် စဉ်းစားမိပြန်သည်။

"သြော်...ငါ့ဘဝနယ့်...ကမ္ဘာမြေပြင်ကို ရောက်တုန်းရောက်ခိုက်၊ ဘဝပေးအခြေအနေကြောင့် ရုပ်ရှင်သရုပ်ဆောင် အနုပညာနယ်ပယ်ထဲကို ရောက်ခဲ့တယ်။ အဲဒီမှာ ဆင်ဆာအဖွဲ့ရဲ့ ဖြတ်တောက်မှု၊ ပိတ်ပင်မှု၊ သတိပေးမှု၊ တားမြစ်မှုတို့ကို ကြုံခဲ့ရတယ်။ ခုလည်း...မြန်မာ့ရုပ်ရှင်လောက,ကနေပြီး အပြီးပိုင်ထွက်ခွာပြီး လူသားအကျိုးပြုလုပ်ငန်းကို ပေးဆပ်ပြန်တော့လည်း ဒီဆင်ဆာအဖွဲ့ရဲ့ တားမြစ်မှု၊ ဖြတ်တောက်မှုတို့ကို ကြုံရပြန်ပါကလား"ဟု။

အတ္တနယ်မှာလည်း ဖြတ်၊ ပရနယ်ပယ်မှာလည်း ဖြတ်ခံရတဲ့ ငါ...။

"အေးလေ...အရင့်အရင် ဘဝတွေတုန်းက ငါက သူတို့ကို ဘာတွေများ သတ်ပေး၊ တားမြစ်၊ ဖြတ်တောက်၊ ပိတ်ဆို့မှုဆိုတာတွေ လုပ်ခဲ့သလဲ"လို့။

www.burmeseclassic.com

www.burmeseclassic.com



“ဝဋ္ဋဆိုတာ လည်တတ်တယ်”ဟုသာ အရှုံးပေးရတော့မလို။ သို့သော် “ကိုယ်ပြုသော ကံ ပွဲတင်သံ... ကိုယ့်ထံပြန်လည်ဦးမည်” ဖြစ်တော့သည်။

**ကျော်သူ**

*(မြန်မာ့ရုပ်ရှင်လုပ်ငန်း ဆင်ဆာအဖွဲ့ အစည်းအဝေးမှ ပွဲတင်သံပြန်ကြားမှု၊ ၁၄-၅-၂၀၁၁ ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ အုပ်ချုပ်ရေးမှူး၊ ပြန်/ဆက်အရာရှိ၊ ဥပဒေအရာရှိ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ ခေါ်ယူသတိပေးမှုတို့ကို ပြန်လည်သုံးသပ်ခြင်းများနှင့် အတူ ညအချိန်တွင် အိပ်မက်တစ်ခုမက်ခြင်းသာ ဖြစ်တော့သည်။)*







www.burmeseclassic.com

www.burmeseclassic.com




အခန်း(၃)

# ပြဟ္မစိုရ်
# နှလုံးသားပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com



















www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

















www.burmeseclassic.com

www.burmeseclassic.com









ပန်းချီပန်းပုပညာရှင်များနှင့် ကျော်သူ


www.burmeseclassic.com

www.burmeseclassic.com

ပန်းချီဆရာ ကျော်သူ










www.burmeseclassic.com

www.burmeseclassic.com





ပန်းချီဆရာ ကျော်သူ










www.burmeseclassic.com

www.burmeseclassic.com


ဓာတ်ပုံဆရာ ကျော်သူ













www.burmeseclassic.com

www.burmeseclassic.com





# FREEDOM

ငါ ... ဘာမှမဟုတ်တဲ့ ငါ။
ဘာမှအသုံးမဝင်တဲ့ ငါ။
ဘာမှအကျိုးမဝင်တဲ့ ငါ။
လူမှုရေးတော့ သိ။
စီးပွားရေးက မရှိ။
ပညာရေးက မဟုတ်။
ကျန်းမာရေးက ဆုတ်ယုတ်။
ဖွဲ့စည်းပုံက ထွေပြား။
နိုင်ငံရေးက ဝေဝါး။
ဘာမှအသုံးမကျတော့တဲ့ ငါ။
ဘာမှအကျိုးမပြုတော့တဲ့ ငါ။
ငါ့ကို မင်းတို့ရဲ့ ချည်နှောင်မှုကနေ
လွတ်ငြိမ်းခွင့်တော့ ပေးပါတော့ ...
ငါ မဟုတ်တော့တဲ့ ငါ။

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် ... ငါ့မှာ မင်းတို့အသိုင်းအဝိုင်းတွေ
မလုပ်နိုင်တဲ့ ပညာရပ်တွေရှိတယ်၊
ငါ့မှာ မင်းတို့အဖွဲ့အစည်းတွေ
မမြင်နိုင်တဲ့ အမြင်အာရုံရှိတယ်၊
ငါ့မှာ မင်းတို့အဖွဲ့အစည်းတွေ
မတွေးနိုင်တဲ့ အတွေးမျိုးရှိတယ်၊
ငါ့မှာ မင်းတို့ပညာတတ်တွေ
မစွမ်းနိုင်တဲ့ ပညာစွမ်းရှိတယ်၊
ဒါ ... ငါ့ရဲ့စွမ်းအား၊
ငါ့ရဲ့ ပါဝါဘဲ
အဲဒီ ငါ့ရဲ့ အင်အားကို
မင်းတို့ ခုတုံးတော့ မလုပ်ကြပါနဲ့ ...
ငါ ရှက်လှပါဘီ။
ဒါကြောင့် ... ငါ ထပ်ပြောမယ်
ငါဟာ ငါ မဟုတ်တော့ဘူး
ငါ့မှာ မင်းတို့ကို အကျိုးပြုစရာ ဗလာ
ငါ့မှာ မင်းတို့ အသုံးပြုစရာ နတ္ထိ
ငါ့လမ်း ငါသွားပါရစေတော့
ငါ့အလုပ် ငါလုပ်ပြီး
ငါ့သမိုင်း ငါရေးဖို့
ငါ့ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးကြပါတော့။
နောင်တစ်ချိန်ချိန်မှာတော့ ...
တရားသိသလိုလို
တရားရှိသလိုလိုနဲ့
ဝင်လေထွက်လေရပ်ပြီး
ငါ့နောက် မလိုက်လာကြနဲ့လို့
ငါ မှာခဲ့ပါရစေ။
ငါ မဟုတ်တော့တဲ့ ငါ။

ကျော်သူ

(၂၅-၁၀-၂၀၁၀)

❑

www.burmeseclassic.com

www.burmeseclassic.com






အောက်တိုဘာ ၁၃ ရက်နေ့မှာ ကျရောက်မယ့် မြန်မာ့ရုပ်ရှင်နေ့ အမှတ်တရအနေနဲ့ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးက ရုပ်ရှင်လောကထဲမှ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေသူများကို ဂုဏ်ပြုတံဆိပ်ပေးအပ်ရန် စီစဉ်ထားသူ ရုပ်ရှင်အနုပညာရှင် (၇)ဦးထဲမှာ ဦးကျော်သူနဲ့ ဦးသူရ (ဇာဂနာ)တို့လည်း ပါဝင်နေကြောင်း သိရပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး အမှုဆောင်သစ်လက်ထက် ထူးခြားစွာ ပြုပြင်ပြောင်းလဲ ဖော်ဆောင်မှုတွေအနက် ဆင်ဆာအပိတ်ခံထားရတဲ့ ဇာတ်ကားတွေ ဆင်ဆာခွင့်ပြု ပြသခွင့်ရရှိမှုတွေ၊ ဒီမိုကရေစီအရပ်သား၊ အစိုးရခေတ်မတိုင်မီက အနုပညာလုပ်ဆောင်မှု ပိတ်ပင်ထားခြင်း ခံခဲ့ကြရတဲ့ အနုပညာရှင်တွေကိုလည်း ပြန်လည်အရေးတယူ အသိအမှတ်ပြုမှုတွေ ဆောင်ရွက်လာခြင်းလည်း ပါဝင်တယ်လို့ ဆိုကြပါတယ်။ အခုလို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ထူးချွန်ထင်ရှား ပြောင်မြောက်စွာနဲ့ ပြည်သူတွေအကျိုးကို ဆောင်ရွက်ကြသူ အနုပညာရှင်တွေကို "ရုပ်ရှင်ဂုဏ်ထူးဆောင်ဆု" ချီးမြှင့်ရာမှာ ၂၀၀၇ ခုနှစ် စက်တင်ဘာလနောက်ပိုင်း အနုပညာလှုပ်ရှားမှုသာမက ဂျာနယ်၊ မဂ္ဂဇင်း စာမျက်နှာတွေထက်မှာပါ ဖော်ပြခွင့် ပိတ်ပင်ခြင်းခံခဲ့ကြရတဲ့ ဦးကျော်သူနဲ့ ဦးသူရ (ဇာဂနာ)တို့ကို ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေသူများအဖြစ်နဲ့ အသိအမှတ်ပြု ဂုဏ်ထူးဆောင်ဆု ဂုဏ်ပြုချီးမြှင့်ခြင်းအတွက် ရုပ်ရှင်လောကမှာသာမက အနုပညာလောကနဲ့

www.burmeseclassic.com

www.burmeseclassic.com



တခြားပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေသူများအတွက်လည်း ဂုဏ်ထူးဆောင်မှု တစ်ရပ်ဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်ဖွယ် ပြောဆိုသံများ ကြားသိကြရပါတယ်။ မြန်မာ့ရုပ်ရှင်နေ့နဲ့ပတ်သက်ပြီး "မြန်မာရုပ်ရှင်နေ့တွေမှာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက သက်ကြီးပူဇော်ပွဲတွေ ကျင်းပပြီး ရုပ်ရှင် သက်ကြီးမိဘတွေကို ကန်တော့တာလည်း ကောင်းတဲ့ အစဉ်အလာတစ်ရပ်ပါပဲ။ ၂၀၀၇ စက်တင်ဘာလနောက်ပိုင်းမှာ ကျွန်တော့်ကို အနုပညာလုပ်ရှားမှုတွေ ပိတ်ပင်ခဲ့တယ်။ ၂၀၀၈ ခုနှစ် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ကျွန်တော်သွားတော့ ကျွန်တော်တွေ့လိုက်ရတဲ့ မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် ရုပ်ရှင် မင်းသား၊ မင်းသမီးတွေပုံ ပိုစတာမှာ ကျွန်တော့်ပုံ လုံးလုံးမပါတဲ့ ရုပ်ရှင်နေ့ ပိုစတာအတွက် ကျွန်တော် နားမလည်အောင် ဖြစ်ရတယ်"လို့ ဆိုခဲ့ဖူးတဲ့ ဦးကျော်သူကို အခုနှစ် မြန်မာ့ရုပ်ရှင်နေ့ရဲ့ ထူးခြားမှုအကြောင်း မေးတော့ အမေရိကကိုရောက်နေတဲ့ ဦးကျော်သူကတော့ ပေါ်ပြူလာကို ဖုန်းကနေ ပြောဆိုဖြေကြားပေးရာမှာ "မြန်မာ့ရုပ်ရှင်နေ့မှာ ရုပ်ရှင်လောကသားတွေထဲက ပြည်သူ့အကျိုး ဆောင်ရွက်နေသူတွေကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်မယ်ဆိုတာ ကောင်းတဲ့ လက္ခဏာတစ်ရပ်ပါပဲ။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကပေးတဲ့ ဆုဆိုတာထက် အခု မြန်မာနိုင်ငံ အစည်းအရုံးမှာ အမှုဆောင်တာဝန်ယူနေတဲ့သူတွေက ဗိုလ်ချုပ်ရုပ်ရှင်ကို ဖန်တီးမယ့်သူတွေလည်း ဖြစ်နေလို့ ဗိုလ်ချုပ်ကို လေးစားတဲ့အနေနဲ့၊ ဗိုလ်ချုပ်ရုပ်ရှင်ကို ယုံကြည်တဲ့အနေနဲ့ ဒီဆုကို လက်ခံယူဖို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်။ ဒါပေမဲ့ ကျွန်တော်က အမေရိကကို ရောက်နေတဲ့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို လူကိုယ်တိုင်တက်မှပေးမယ့် ဆုမျိုးဖြစ်နေရင်တော့ ကျွန်တော်ကိုယ်တိုင် လာရောက် ဆုလက်ခံယူနိုင်ခြင်းမရှိတဲ့အတွက် ရဖို့မရှိနိုင်ဘူးလေ။ အဲဒါမျိုးမဟုတ်ဘဲ ရည်ရွယ်ထားတဲ့အတိုင်း ပေးမယ်ဆိုရင် အသင်းရုံးမှာ ပေးနိုင်ပါတယ်။ အခုဆုကလည်း နာရေးကူညီမှုအသင်း (ရန်ကုန်)ကို တည်ထောင်ပြီး ပြည်သူလူထုအကျိုးကို ဆောင်ရွက်နေတဲ့အတွက် ပေးအပ်တာလို့ဆိုတာမို့ ကျွန်တော်တို့ နာရေးအသင်းကို ဆုလာပေးရင်တော့ အဖွဲ့က လက်ခံယူပါတယ်။ ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်)ဆိုတာ ဆုမှမဟုတ်ပါဘူး။ အလှူငွေတွေလည်း လက်ခံနေတာပါပဲ။ National Endowment for Democracy (NED) 2012 Democracy Award ဆုကို ကျွန်တော် လက်ခံယူပြီးပြီဆိုပေမယ့် အမေရိကမှာ ဆက်နေနေသေးတာက ရှော့ပင်းထွက်နေတာ၊ အပန်းဖြေနေတာ မဟုတ်ပါဘူး။ တိုင်းပြည်နဲ့ လူမျိုးအတွက် ဆောင်ရွက်ရမယ့် ကိစ္စတွေကို တွေ့ဆုံညှိနှိုင်း ဆောင်ရွက်နေတာပါ။ အမေရိကမှာရှိတဲ့ "သချိုင်းတွေကိုလည်း သွားရောက် လေ့လာနေတာပါ"လို့ အဆိုပါ ချီးမြှင့်မည့် ရုပ်ရှင်ဂုဏ်ထူးဆောင်ဆုအကြောင်းကိုလည်း ဖြေကြားပေးခဲ့ပါတယ်။ ဦးကျော်သူအနေနဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ချီးမြှင့်မယ့် ရုပ်ရှင်ဂုဏ်ထူးဆောင်ဆုကို တခြား ပြည်သူ့အကျိုးပြုလုပ်ငန်းရေးကိစ္စတွေ ဆောင်ရွက်နေတဲ့ အနုပညာ ညီအစ်ကိုမောင်နှမတွေနဲ့အတူ ရယူရမယ့်ကိစ္စအတွက် ဝမ်းသာဂုဏ်ယူပေမယ့်လည်း ပါလီမန်ခေတ် အစိုးရလက်ထက် နိုင်ငံတော်မှ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ဂုဏ်ပြုချီးမြှင့်တဲ့ဆု အမျိုးအစား "အလင်္ကာကျော်စွာဘွဲ့"ကို

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ အခြားသူများကိုလည်း ချီးမြှင့်ပြန်တဲ့အတွက် ဆရာကြီးရဲ့ တပည့်သားမြေး များက ဆရာကြီးရတဲ့ဆုဟာ ဇာတ်သမားပါမကျန် ရတဲ့ဆုပါလို့ ကရုဏာဒေါသဆိုလာကြခြင်း ဥပမာမျိုးကိုတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရာမှာ ထိုက်ထိုက်တန်တန် ဂုဏ်ပြုခြင်းမျိုးသာဖြစ်ရအောင် သတိပြုသင့်ကြောင်း အမှတ်တရ ထည့် သွင်းပြောကြားသွားပါသည်။

ထူးထူး

❑

www.burmeseclassic.com

www.burmeseclassic.com





# အမေ

သားတို့ဘဝ လုံခြုံသွားပြီ ... အမေ။
ရှေ့ဆက်ပြီး ရင်ဆိုင်ရမယ့် ... လမ်း၊
လျှောက်လှမ်းရမယ့် ... လမ်း၊
တွေ့ကြုံရမယ့် ... လမ်း၊
အဲဒီလမ်းတွေကို
"အမေ" နွေးထွေးစွာ ဦးဆောင်ပြီး လမ်းပြပေးပါအုံး ... အမေ။
သားတို့ လမ်းပေါ်မှာ လမ်းမပျောက်ချင်ပါဘူး ... အမေ။
လမ်းသိပါလျက်နဲ့ လမ်းမပျောက်ချင်ပါဘူး ... အမေ။
လမ်းရှိပါလျက်နဲ့ လမ်းမလျှောက်ဝံ့တဲ့ဘဝကို မလိုချင်ပါဘူး ... အမေ။
အမေ့ရဲ့အင်အား
အမေ့ရဲ့စွမ်းအား
အမေ့ရဲ့ပါဝါ
အမေ့ရဲ့လမ်းညွှန်မှု
အမေ့ရဲ့ဦးဆောင်မှု
အမေ့ရဲ့လမ်းပြမှုတို့နဲ့
သားတို့ ဆက်လက်ချီတက်ချင်ပါတယ် ... အမေ။

**ကျော်သူနဲ့ သွေးသောက်များ**
**၁၃.၄.၂၀၁၀**

(ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်သောနေ့တွင် ကျွန်တော်ကိုယ်တိုင် သွားရောက်တွေ့ဆုံခဲ့ပါသည်။ ကိုယ်တိုင်ရေးဆွဲသော ပန်းချီကားနှင့်အတူ ရေးစပ်ခဲ့သော ကဗျာကို ဒေါ်အောင်ဆန်းစုကြည်အား လက်ဆောင်ပေးခဲ့ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



# အမေက ပြုံး သားက ရယ် ပေါ့ ...



| | | |
|---|---|---|
| ဒေါင်း | ..... | ဆိုတာ ကမှ လှတယ်။ |
| ငါး | ..... | ဆိုတာ ကူးခတ်နေမှ ပျော်မြူးတယ်။ |
| ငှက် | ..... | ဆိုတာ တေးသီမှ အေးချမ်းတယ်။ |
| ခွေး | ..... | ဆိုတာ အမြီးလေးနှံ့နေမှ ကြည်နူးတယ်။ |
| လူ | ..... | ဆိုတာ ဗြဟ္မစိုရ်တရား လက်ကိုင်ထားမှ “ငြိမ်းချမ်းရေး”ကိုရမယ်။ |

အမေက ... “ပြုံးရင်လှမှာလား”တဲ့။

လှပါတယ် အမေ ...။

အဖွဲ့မကတော့ ပြုံးပြုံး၊ ရယ်ရယ်၊ ငိုငို၊ မဲ့မဲ့ လှမြဲလှဆဲပါ အမေ။

အမေက သားတို့အတွက် အစဉ်အမြဲလှဆဲ၊ ကြည်ညိုဆဲ၊ လေးစားဆဲပါအမေ။

၂၀၁၂ ခုနှစ်၊ နှစ်သစ်အတွက် ကိုမျိုး(မြန်မာစာ)ကတော့ အမေ့ရဲ့အပြုံးနဲ့ ကြိုဆိုလိုက်တာပေါ့ အမေ။

သား(ကျော်သူ) အနေနဲ့တော့ မပြုံးနိုင်ပါဘူး အမေရယ်။

ဟုတ်တယ် အမေ ... သားနဲ့ သွေးချင်းနီးတဲ့သူတွေလည်း ပြုံးနိုင်မယ်မထင်ပါဘူး အမေ။

www.burmeseclassic.com

www.burmeseclassic.com


လောကသဘာဝရဲ့ အပြုံးဒသနတွေကို ဖိစီးနေတဲ့ လူမှုဒုက္ခ သဘာဝထဲ ရှန်းကန် ပေးဆပ်ရင်းနဲ့ သား မပြုံးနိုင်တော့ဘူးအမေ။

အမေခင်းပေးတဲ့လမ်း၊ အမေဦးဆောင်သွားနေတဲ့လမ်း၊ အမေညွှန်ပြတဲ့လမ်း၊ ငြိမ်းချမ်းရေးလမ်းကို သား လျှောက်လှမ်းရင်း "သေခြင်းဟူသည် ကြီးငယ်မရွေး၊ အချိန်မရွေးနှင့် သက်ဆိုင်သည်"ဆိုတဲ့ အသိတရားတစ်ခုကို သိရှိသွားတဲ့အချိန်မှာ သား မပြုံးပါရစေနဲ့တော့ အမေ။

လောကရဲ့ အမှန်တရားကို ရှာဖွေရင်း သားတို့ မပြုံးနိုင်တော့ဘူးအမေ။

လောကရဲ့သဘာဝကို ပေးဆပ်ရင်းနဲ့ သား လက်တွေ့ခံစား တွေ့ကြုံခဲ့ရတဲ့ ဆရာကြီး တင်မိုးရဲ့ ကဗျာထဲကလို

(ခွေးမသား)တဲ့ ... အပြေးရမှားပြန်ပြီ (အမေ)၊

(အရူးမသား)တဲ့ ... ဘီလူးက,ကလို့ ဒူးတကွကွနဲ့ ဆူးတမြမြ စူးရပြန်ပြီ (အမေ)၊

(ဂုဏ်သရေရှိသား)တဲ့ ... ယုံကြည်မှုအပြည့်ထားမိပြန်ပြီ (အမေ)၊

(ကမြင်းမသား)တဲ့ ... အကျဉ်းဝတံခါးမှာ ထမင်းဝဝစားထားလို့ အကြိမ်းခံရပြန်ပြီ (အမေရယ်)။

ဒါကြောင့် ... သား မပြုံးနိုင်တော့ဘူး အမေ။

ဒါပေမယ့် ... အမေ့ကို သား ကတိပေးလိုက်ပါတယ်။

"သား အစွမ်းကုန်ကြိုးစားပြီး ပြုံးကြည့်ပါ့မယ်"လို့။

"မရဘူးအမေ ... မရဘူး" ပြုံးလို့မရဘူး အမေ။

ရှင်းရှင်းလင်းလင်း ငြိမ်းငြိမ်းချမ်းချမ်းဘဝမှာ နေသွားချင်လို့ စိတ်ရှင်းရှင်းနဲ့ စိတ်အရည်အသွေးကို မြင့်မားစွာထားရှိပြီး၊ စိတ်ရဲ့ အဆင့်အတန်းကို မြင့်မားအောင် သတိလေးနဲ့ လေ့ကျင့်ပြီး ဘဝကြီးကို ရိုးရှင်းစွာ ပေးဆပ်ခဲ့တဲ့၊ ပေးဆပ်နေတဲ့ "သား" ထပ်ကြိုးစားပြီး ပြုံးကြည့်လိုက်ပါတယ် အမေ။

"ဟား ... ဟား ... ဟား ... ဟား"

(ဟုတ်တယ် အမေ ... အဲဒါ သားပြုံးလိုက်လို့ ထွက်လာတဲ့အသံပါ။)

လှောင်ရီလား ... ထေ့ရယ်လား ... ငေါ့ရယ်လား ... ပေါက်ရယ်လား ... ရယ်လား ... ရယ်လား ... တွေလားတော့ မသိတော့ပါ။ သားမသိတော့ဘူး အမေ။ ဘာကို ဘာမှ မသိတော့ဘူးအမေ။

ဟန်ဆောင်လုပ်ကြံပြီး ရယ်လိုက်တာမဟုတ်ဘူးဆိုတာတော့ အသေအချာပဲ အမေ။

ကျေနပ်မှု၊ ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ ကြေကွဲမှု၊ နာကျည်းမှု၊ ပေါက်ကွဲမှု ... စတဲ့ "အရယ်ကဏ္ဍ"တွေ၊ "အရယ်ဒသန"တွေကိုတော့ မခွဲခြားတတ်တော့ဘူးအမေ။

ဒါပေမယ့် ... သားလည်း တာဝန်ကျေသွားပါပြီအမေ။

အမေက ပြုံး ... သားက ရယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် ... အမေ့ရဲ့အပြုံးနဲ့ သားရဲ့အရယ်ဟာ အဓိပ္ပာယ်အများကြီး ကွာခြားသွားပြီလားလို့။

မည်သို့ဖြစ်စေ ... ၂၀၁၂ ခုနှစ်ကို တိုတောင်းလှတဲ့ ဘဝကြီးထဲ သား ကမ္ဘာမြေပြင်က ပြန်လည်မထွက်သွားခင် သားကို အားပါးတရ ရယ်မောရင်းနဲ့ ဆက်လက်ပေးဆပ်ခွင့်တွေသာ ပြုလိုက်ပါတော့ အမေ။

အမေကပြုံး ... သားကရယ်ပေါ့။

**ကျော်သူ**

❑

www.burmeseclassic.com

www.burmeseclassic.com



# ခွပ်ချိန်တန် 'ခွပ်'
# ကချိန်တန် 'က'



ယခု ၂၀၁၂ ခုနှစ် မဟာသင်္ကြန် ပွဲတော်ရက်သည် အခြားသော မဟာ သင်္ကြန်နှစ်များနှင့် မတူ နာရေးကူညီမှု အသင်း (ရန်ကုန်)နှင့် မြန်မာပြည်သူ/သားများအတွက် မင်္ဂလာအရှိဆုံး မဟာသင်္ကြန် နှစ်ထူးနှစ်မြတ် ဖြစ်စေခဲ့တော့သည်။ အများပြည်သူလူထု တစ်ခဲနက် ထောက်ခံအားပေးမှုကို ခံခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောင်မြင်မှုရရှိသော နှစ်ဖြစ်သလို အကျဉ်းကျ နိုင်ငံရေး အကျဉ်းသားများဖြစ်သော (၈၈) ကျောင်းသားများ ပြန်လည်လွတ်မြောက်လာသော နှစ်လည်းဖြစ်သည်။ ထို့ပြင် နှစ်ပေါင်း (၃၀)ခန့် မမြင်ရသည်မှာ ကြာပြီဖြစ်သော သံချပ်အဖွဲ့များ ပြန်လည်ပေါ်ပေါက်လာသော နှစ်သစ်လည်းဖြစ်ပေသည်။ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ နေ့စဉ် မွန်းကျပ်မှုများ၊ လှောင်ပိတ်မှုများနှင့် ကျွန်တော်တို့အား ကူးစက်လွှမ်းခြုံခြင်း ခံနေရသော ရောဂါဝေဒနာရှင်တို့၏ အပူမီးများ၊ နာရေးရှင်တို့၏ နာရေးပရိဒေဝ အပူမီးများအား ယခုကဲ့သို့ ခဏတာအတွင်း ပြေပျောက်အေးချမ်းမှုကို လာရောက်ဆေးကြောပေးကြသော ⊠⊠⊠၊ ⊠⊠⊠သွေးလှူအဖွဲ့၏ ဖျော်ဖြေသီဆိုရေးအဖွဲ့နှင့် (၈၈)ကျောင်းသားများ မဟာသင်္ကြန် သံချပ်အဖွဲ့တို့အား ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ကာ ကျေးဇူးအထူး တင်ရှိပါတော့သည်။ ထို့ကြောင့် ကျွန်တော်တို့ လူမှုရေးသမားများသည် အများပြည်သူတို့၏ သောကအပူမီးများကို လိုက်လံ ငြိမ်းသတ်ပေးနေရသကဲ့သို့ မိမိတို့တွင် စွဲကပ်နေသော သောကအပူမီးများအားလည်း ယခုကဲ့သို့ ပြန်လည်၍ ငြိမ်းအေးစေသော အချိန်အခိုက်အတန့်အတွင်းတွင် ငြိမ်းအေးစေခြင်းသည် ⊠⊠⊠ ⊠⊠⊠သွေးလှူအဖွဲ့၏ သီဆိုဖျော်ဖြေမှု အလှပြ မော်တော်ယဉ်အဖွဲ့သားများအား ကျေးဇူး တင်စကား ပြန်လည်ပြောကြားခဲ့သော ဥက္ကဋ္ဌ ဦးကျော်သူ၏ "ဒေါ်ဆိုတာ ... ခပ်ချိန်တန် ခွပ်၊ ကချိန်တန် ကရတယ်"ဟူသော စကားပမာပင် ဖြစ်တော့သည်။

www.burmeseclassic.com






၁.၁.၂၀၁၁ စနေနေ့သည် ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်သော မင်္ဂလာတရားနှင့် ပြည့်စုံသော နေ့ရက်တစ်ရက်ပင် ဖြစ်တော့သည်။ ထိုနေ့ရက်သည် ကျွန်တော်၏ဘဝ၊ ကျွန်တော်၏ လျှောက်လှမ်းနေသော လူသားအကျိုးပြု လမ်းမပေါ်သို့ ဆွဲခေါ်လမ်းပြပေးခဲ့သော ကျွန်တော်၏ ဓမ္မပုံကြယ်၊ ကျွန်တော်၏ မဟေသီ ဒေါ်မြင့်မြင့်ခင်ဖေ (ခ) ရွှေဇီးကွက်၏ ကမ္ဘာမြေပြင်ပေါ်သို့ စတင်ရောက်ရှိလာသော နေ့တစ်နေ့လည်းဖြစ်သည်။ နှစ်သစ်မင်္ဂလာနေ့ရက်တွင် မွေးဖွားခဲ့သော ကျွန်တော့်ဘဝရဲ့ကောင်းကျိုး အသစ်အသစ်တွေကို ဖန်တီးပေးခဲ့သော ရွှေဇီးကွက်တည်းဟူသော လူမှုအကျိုးဆောင် အမျိုးသမီးတစ်ဦး မွေးဖွားသန့်စင်လာသော နေ့ရက်တစ်ရက်လည်းဖြစ်သည်။ နံနက်စောစောပိုင်း ၄း၀၀ နာရီတွင် အိပ်ယာမှထပြီးနောက် မေတ္တာပို့သ၊ ဘုရားရှိခိုး ပုတီးစိပ်အပြီး ကျွန်တော်ရဲ့အိမ်ပြင်သို့ထွက်ကာ ပတ်ဝန်းကျင်ကို လေ့လာလိုက်သည့်အခါ အလွန်ကို သာယာလှပ စိုပြေအေးချမ်းမှုကို စတင်ခံစားလိုက်မိသည်။ ကျေးငှက်များရဲ့တေးသံကို ကြားလိုက်သည်။ မင်္ဂလာရှိသော အတိတ်နိမိတ်ပင်ဖြစ်တော့သည်။ နံနက် ၇း၃၀ နာရီအချိန်မှစ၍ တဖွဲဖွဲနှင့် ကြွရောက်လာကြသော ဧည့်ပရိသတ်များ၊ အသင်းသူ/သားများနှင့် စိုပြေလာသည်။ မွေးနေ့ပွဲ အခမ်းအနားစချိန်မှာ နံနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီထိ သတ်မှတ်ထားသော်လည်း နံနက် ၇း၀၀ နာရီ/၇း၃၀ နာရီအချိန်မှစ၍ ဧည့်ပရိသတ်များ

www.burmeseclassic.com



စည်ကားလာမှုသည် ထူးခြားလှတော့သည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ လူမှုရေးသမားများနှင့် စည်ကားလှတော့သည်။

နံနက် ၈း၃၅ နာရီတွင် ကျွန်တော့်ဆီ တယ်လီဖုန်းသံ မြည်လာတော့သည်။ "ဒေါ်အောင်ဆန်းစုကြည် လာနေပြီတဲ့" အလွန်အံ့သြမိသည်။ ဝမ်းသာမိသည်။ ပရိသတ်အားလုံးလည်း အပြုံးမျက်နှာများ၊ ဝမ်းသာမှုများ၊ နွေးထွေးမှု မဟာအင်အားများ တိုးပွားလာခဲ့တော့သည်။

ဟုတ်သည်၊ အမေဒေါ်စု ၈း၅၀ နာရီတွင် ရောက်ရှိလာတော့သည်။ အမေစုကို မွေးနေ့ရှင် ဒေါ်မြင့်မြင့်ခင်ဖေ (ခ) ရွှေဇီးကွက်နှင့် ကျွန်တော့်ရဲ့ မိခင်၊ ဖခင်၊ မိတ်ဆွေသင်္ဂဟများ၊ အမေစုကို လေးစားကြည်ညိုသူအားလုံး ဝမ်းမြောက်စွာ ကြိုဆိုဂါရဝပြုကြသည်။

အမေစုသည် ကျွန်တော့်ရဲ့ ပိတ်ပင်ထားခံရသော အနုပညာလုပ်ငန်းရပ်များ၊ ဖန်တီးရိုက်ကူးထားမှုများ၊ ရေးဆွဲထားချက်များကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှု အားပေးခဲ့သည်။ အမေစုသည် ကျွန်တော် ဖန်တီးပြသထားသော "တစ်ရံရောအခါက" ဟူသော ရုပ်ရှင်နှင့်ပတ်သက်သည့် ပါဖော်မန့် သရုပ်ပြအခန်းကိုလည်း စိတ်ဝင်တစား ကြည့်ရှုအားပေးခဲ့သည်။ ကျွန်တော့်ရဲ့ ငြိမ်သက်နေသော အနုပညာလုပ်ငန်းများ ပြန်လည်အသက်ဝင် လှုပ်ရှားမှုကို ခံစားမိတော့သည်။ ဒါ...

အမေ့ရဲ့ ပါဝါ

အမေ့ရဲ့ နွေးထွေးမှု

အမေ့ရဲ့ ကြင်နာမှု

အမေ့ရဲ့ အားပေးမှုတို့ကြောင့်ပင် ဖြစ်တော့သည်။

ကြွရောက်လာသော အနုပညာနှင့်ပတ်သက်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့် ကျွန်တော့်အား အားပေးသူ၊ ကြင်နာသူ၊ ဂရုပြုကြသူများ၊ ပရိသတ်များ၊ နာရေးကူညီမှုအသင်း (ရန်ကုန်) အသင်းသူ/သားများ၊ လူမှုရေးသမားများ၊ ဂီတပညာရှင်ကြီးများနှင့် စာပေပညာရှင်များ အပါအဝင် အသက် ၈၀ ကျော်ပြီဖြစ်သော်လည်း Kyaw Thu's Art Zone ရှိ လှေကားအတက်အဆင်းများတွင် ဖန်တီးပြသထားသော အနုပညာပြချက်များကို စိတ်ပါဝင်စားစွာ တက်ကြွစွာဖြင့် လာရောက်အားပေးသော ဆရာကြီး ပါရဂူ၊ ပန်းချီပညာရှင်များနှင့် ဆရာကြီး မောင်ဒီ၊ ရုပ်ရှင်ပညာရှင်ကြီးများဖြစ်သော ဒါရိုက်တာကြီး ဦးအောင်မြင့်မြတ်နှင့် တကွ ကျွန်တော်၏ အနုပညာဖန်တီးမှု၊ ကျွန်တော့်ရဲ့ လူမှုရေးစွမ်းဆောင်မှုတို့ကို ထပ်ဆင့်ထပ်ဆင့် အားပေးချီးမြှင့် အသိအမှတ်ပြုသော အမေဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သားများ၊ လူငယ်မျိုးဆက်သစ်များ၊ အနာဂတ်ခေါင်းဆောင် လူငယ်လူရွယ်များအားလုံးကို အထူးလေးစား ဂါရဝဖြင့် နှလုံးသားထက်တွင် မှတ်တမ်းတင်လိုက်ရ သော "တစ်လေးလုံး" မင်္ဂလာရှိသော နေ့မြတ်တစ်ရက်ပင် ဖြစ်ပါတော့သည်။

**ကျော်သူ**

❑

www.burmeseclassic.com

www.burmeseclassic.com



# "အမျိုးသား" ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် ဒေါ်အောင်ဆန်းစုကြည်

၁၃.၂.၂၀၁၂ ရက်နေ့သည် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ဖြစ်သည်နှင့်အညီ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့ ရုံးခန်းဖွင့်လှစ်ခြင်း အခမ်းအနားကို အမှတ် ၁၀၁ (ဘီ)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နံနက် (၈း၃၀) နာရီအချိန်၌ ကျင်းပပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားတွင် ရုပ်ရှင်အနုပညာသမားများ၊ စာပေအနုပညာရှင်များနှင့် ၈၈ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နှင့်အဖွဲ့အပြင် အလှူရှင်များ၊ စာနယ်ဇင်းဆရာများ တက်ရောက်ခဲ့ကြသကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့မှ လူကြီးများ၊ လူငယ်များ တက်ရောက်အားပေးခဲ့ကြသည်။ ဦးစွာ ကျဆုံးသွားပြီဖြစ်သော အာဇာနည်သူရဲကောင်းများအား ရည်စူး၍ (၁)မိနစ်ခန့် ငြိမ်သက်စွာ အလေးပြုခြင်းကိုပြုလုပ်၍ ၈၈ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်မှ နှုတ်ခွန်းဆက်စကား










www.burmeseclassic.com


www.burmeseclassic.com



ပြောကြားရာ၌ "ဗိုလ်ချုပ်၏သမိုင်းကို ရိုက်ကူးရာတွင် တက္ကသိုလ်ကျောင်းသားဘဝကို ပီပြင်ဖို့လိုကြောင်း၊ ကျောင်းသားသမဂ္ဂ အဆောက်အအုံနှင့် လှုပ်ရှားမှုများပါဝင်ရန် အရေးကြီးကြောင်း" တိုက်တွန်းပြောဆိုခဲ့ပြီးသည့်နောက် ဒေါ်အောင်ဆန်းစုကြည်မှ အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ခဲ့ရာ ဆရာတော် အရှင်ဆန္ဒာဓိက၊ ဇာတ်မင်းသား ဖိုးချစ်၊ ဦးကျော်သူ၏ ဖခင် "အမျိုးသား" ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် ဦးစိန်တင် + ဒေါ်မြသန်း တို့အား ပေးအပ်ခဲ့သည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်မှ ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားအား နံနက် (၁၀း၃၀) နာရီခန့်တွင် ရုပ်သိမ်းခဲ့သည်။ အခမ်းအနား ပြီးဆုံးချိန်တွင် ဒေါ်အောင်ဆန်းစုကြည်မှ ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ဖြစ်မြောက်ရေးအဖွဲ့အား တွေ့ဆုံစကားပြောကြားခဲ့ပါသည်။

ထို့ကြောင့် ယနေ့ ဗိုလ်ချုပ် အောင်ဆန်းမွေးနေ့ (၁၃.၂.၂၀၁၂) မှစ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် "အမျိုးသား" ရုပ်ရှင် ထုတ်လုပ်ရေးပိုင်ရှင်တစ်ဦး ဖြစ်သွားပြီဖြစ်တော့သည်။

**ကျော်သူ**


UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
K25

www.burmeseclassic.com






ခန္တီတရား၊ သည်းခံခြင်း၊ စိတ်ထားဘယ်သို့ ဖြည့်သနည်း။

လူမိုက်အမူ၊ ငါပြန်ပြု လျှင်၊ သူလိုငါလည်း၊ လူမိုက်ပဲဟု၊ စိတ်ထဲတွေးဆ၊ အေးမြမြနှင့်၊ ဒေါသမထွက်၊ စိတ်မပျက်၊ သက်သက် အနာခံသတည်း။

“ငါ့အပေါ်၌ လူမိုက်ပြုသော စော်ကားမှုကို ငါကပြန်ပြုလျှင် ငါလည်း လူမိုက်ဖြစ်မှာပဲ” ဟု စိတ်ထဲမှာ တွေးဆ၍ ဒေါသမထွက်ဘဲ စိတ်ပျက်အားငယ်လို့လည်း မနေဘဲ၊ စိတ်အေးအေး နှင့် မိမိကသာ အနာခံလိုက်ခြင်းသည် ခန္တီပါရမီ၏ သဘောတည်း။ (အရှင် ဇနကာဘိဝံသ၊ ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ စာမျက်နှာ ၂၆) ဟူသော စာပိုဒ်ပါ ဆရာတော် အရှင် ရာဇိန္ဒ (ရဝေနွယ်-အင်းမ)၏ “ခန္တီပါရမီ” ဘာသာရေးဆောင်းပါးအား ဖတ်ရှုမိစဉ် မိမိ၏ အတိတ်ကာလများဆီမှ ပုံရိပ်များကို ဖြိုးခနဲ ဖျတ်ခနဲ ပေါ်လာမိသည်။

အချိန်ကား ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ။ နေပူမိုးရွာထဲ ဖိနပ်မပါဘဲနှင့် လမ်းလျှောက်ကာ ရန်ကုန်မြို့တွင်း လှည့်လည်၍ မေတ္တာပို့သ ဆုတောင်းပေးနေကြသည့် ဗုဒ္ဓ၏သားတော် သံဃာတော်တို့အတွက် ဆွမ်းဘုန်းပေးရန် အခက်အခဲများ ဖြစ်ပေါ်နေ၍ ရွှေတိဂုံစေတီတော် မြတ်၏ အရှေ့ဘက်မုခ်ဦး (ကြေးသွန်းဘုရားကြီး)တွင် ခေတ္တ ကြွရောက်သီတင်းသုံး နားနေကြ

www.burmeseclassic.com



စဉ် မိမိတို့ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဆွမ်းဆက်ကပ်ရန်အတွက် အမျိုးဘာသာ သာသနာစိတ်များ ဖြစ်ပေါ်လာခဲ့သည်။ မိမိတို့ ဗုဒ္ဓဘာသာဝင်များတင်မက သံဃာတော်များ၏ မေတ္တာတန်ခိုးကြောင့် အခြားသော ဘာသာဝင်များကပါ ဝင်ရောက်လှူဒါန်းမှုများ ဖြစ်ပေါ်လာခဲ့သည်။

ထိုစဉ်အခါက မိမိသည် တိုင်းပြည်မငြိမ်သက်စေရန် ဆန္ဒမရှိ၊ နိုင်ငံတော်ပုန်ကန်မှုကို ပြုလုပ်ခြင်းမရှိ၊ စီတန်းလှည့်လည် ဆန္ဒပြမှုတွင်လည်း ပါဝင်ခြင်းမရှိ၊ အော်ဟစ်တောင်းဆိုမှုများကိုမပြု ... အဆုံးစွန်ပြောရသော် မိမိ၏ လက်နှစ်ဖက်ကို လက်သီးလက်မောင်းတန်းပြီး အော်ဟစ်တောင်းဆိုမှုကို ပြုခြင်းမရှိဘဲ သံဃာတော်များအား ရိုသေဝပ်တွား လက်အုပ်မိုး၍ ထမင်းဗူး (ဆွမ်း)များကို ပန်းအထက် လက်နှစ်ဖက်မမြှောက်ဘဲ (မကျော်ဘဲ) ရိုသေကိုင်းရှိုင်းစွာ ဆွမ်းကပ်ခဲ့သည်ကို ပရိသတ်ကြီးလည်း မြင်တွေ့ရမည်မှာမလွဲပေ။



သို့သော် ဤသို့ဆွမ်းဆက်ကပ်မှုကြီး၏ နောက်ဆက်တွဲဇာတ်လမ်းကား ပြည်ထဲရေးရုံးချုပ်၊ အောင်သပြေ စစ်ကြောရေး စခန်းများဆီသို့ ဘဝပေးကုသိုလ်နှင့် ရောက်ခဲ့ရသည်။ မေးတဲ့သူက မေး၊ ဖြေတဲ့သူက ဖြေ၊ စစ်တဲ့သူက စစ်၊ ပြောတဲ့သူက ပြော ... လိမ်ညာလို့မရ၊ အမှန်အတိုင်း ထွက်ဆိုကြရသည်။ မိမိသည် မည်သည့်ပြစ်မှုကိုမှ မလုပ်ခဲ့ဟု ယုံကြည်မှုကြောင့်လည်းကောင်း၊ အနန္တော အနန္တ ဂုဏ်ကျေးဇူးကြောင့်လည်းကောင်း၊ သမာဒေဝ နတ်မြတ်အပေါင်း၏ မေတ္တာစွမ်းပကားတို့ကြောင့်လည်းကောင်း၊ ယင်းဌာနကြီးများ၌ ရက်ရှည် နှစ်ရှည် မနေခဲ့ရ။ "ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်"ဆိုတဲ့စကား မှန်ပြီဟော့ဟု ကြွေးကြော်မိတော့သည်။ ထိုဌာနကြီးမှ မိမိ၏ နေအိမ်သို့ ပြန်မည့်နေ့ရက်တွင် ရဲမှူးကြီးမှ "ကဲ...ကိုကျော်သူ၊ ခင်ဗျား အိမ်ပြန်ရတော့မယ်၊ ခင်ဗျား ဒီကနေထွက်ပြီး အပြင်ကို ပြန်ရောက်တဲ့အခါ ကိုယ့်ရဲ့ အနုပညာလုပ်ငန်းနဲ့ လူမှုရေးလုပ်ငန်းတွေကို လုပ်တာကိုပဲ မြင်ချင်ပါတယ်"တဲ့ဗျာ။ ဒါပဲပေါ့ဗျာ... အမှန်တရားရဲ့ နောက်ကွယ်မှာ အမှန်တရားပဲရှိတယ်ဆိုတာ။

မှားသွားပြီဗျ။ အမှန်တရားရဲ့နောက်ကွယ်မှာ အမှားတွေ၊ အာဃာတတွေ၊ မစ္ဆရိယတွေ၊ မုန်းတီးမှုတွေ များစွာပါလား။ ကိုယ်ပြုသောကံ ပဲ့တင်သံလည်း ပြန်မလာတော့ပါလားဟု တဒင်္ဂ ဖျတ်ခနဲ စိတ်ထဲပေါ်ပေါ်လာကာ ဒေါသစိတ်၊ နာကျည်းစိတ်တို့ ဖွားခနဲ...ဖွားခနဲ ပေါ်ပေါက်လာခဲ့သည်။ တောပဲခိုရမလိုလို၊ လမ်းပေါ်ထွက်ပြီး အော်ဟစ်ရမလိုလို၊ လူပဲရိုက်ရမလိုလို၊ ဆဲပဲဆဲရမလိုလို စတဲ့ အကုသိုလ်စိတ်တွေ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်ခဲ့မိသည်။

"(မင်း၊ ခင်ဗျား၊ ကိုမောင်၊ ကျော်သူ) ရုပ်ရှင်ရိုက်ခွင့် ပိတ်လိုက်ပြီ"တဲ့ဗျာ။ ကဲ...ဒါဆို "လူမိုက်အမူ ငါပြန်ပြုလျှင်၊ သူလိုငါလည်း၊ လူမိုက်ပဲ"ဟု ဆိုတဲ့စကားအရ ငါဟာ လူမိုက်လား၊

www.burmeseclassic.com


သူဟာ လူမိုက်လားဟု စဉ်းစားမိတော့သည်။ "ငါက သံဃာတော်ကို ဆွမ်းဆက်ကပ်တာပဲ လူမိုက်မဖြစ်နိုင်ဘူး။ ဒါဆိုရင် ငါ့ရဲ့အနုပညာလုပ်ငန်းတွေကိုပိတ်တဲ့ ရုပ်ရှင်လုပ်ငန်းက လူမိုက်လား။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက လူမိုက်လား။ ပြန်ကြားရေးဌာနက လူမိုက်လား"ဟု မိမိစိတ်မှာ ဒွိဟဖြစ်ခဲ့ရသည်။

သို့သော် ငါးရာ့ငါးဆယ် ဘုရားဂေါ်ဇာတ်တော်မှာ သရဘင်္ဂရသေ့က "လောကမှာ ဒေါသကို ပယ်သတ်လိုက်ရင် တစ်ရံတစ်ခါမျှ မစိုးရိမ်ရတော့ဘူး"လို့ ဟောကြားခဲ့တယ်ဆိုတဲ့ အသိတရား ဝင်လာမိတော့တယ်။ အဲဒီ သည်းခံခြင်းတရားသဘောကို မြင်တွေ့ခဲ့ပြီး "ဩော်...ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်အစည်းအရုံး၊ ပြန်ကြားရေးတို့တွေဟာ ငါ့ကို ခန္တီပါရမီ ဖြည့်ဆည်းပေးတဲ့ လူတွေပါလား၊ အဖွဲ့အစည်းတွေပါလား"လို့ ဆင်ခြင်နှလုံးသွင်းလိုက်လို့ မိမိရင်ထဲ နှလုံးသားထဲမှာ သည်းခံခြင်းဆိုတဲ့ တရားအသိ၊ တရားအားတွေ ဝင်လာမိတော့တယ်။

ဩော်...ဒါဟာ ဖြစ်ချိန်တန် ဖြစ်၊ ပျက်ချိန်တန် ပျက်၊ ဘဘဦးသုခပြောတဲ့ "ဘဝသံသရာ" ဆိုတာပါလား။ ကောင်းမှုပြုသော်လည်း ကောင်းကျိုးမပြု၊ မကောင်းမှုပြုသော်လည်း ကောင်းကျိုးကပြု။ ဒါ ဘဝဘဝအဆက်ဆက်က ပြုခဲ့တဲ့ မိမိရဲ့ကုသိုလ် အကုသိုလ်တွေနဲ့ပဲ သက်ဆိုင်ပါလားဆိုတဲ့ မိမိပြုလုပ်ပေးဆပ်နေတဲ့ နာရေးကူညီမှုအသင်း (ရန်ကုန်) နေ့စဉ်ကြုံတွေ့နေရတဲ့ "အနိစ္စ"ဆိုတာကို မြင်တွေ့မိလိုက်ပါတော့တယ်။

ဒီလို "အနိစ္စ"ဆိုတဲ့ အသိတရားနှင့်အတူ မိမိ ၂၀၀၁ ခုနှစ်မှစပြီး အများပြည်သူတို့အတွက် ကူညီဖေးမ ပေးဆပ်မှုတွေကို လုပ်ကိုင်ခဲ့တဲ့ နာရေးကူညီမှုအသင်း (ရန်ကုန်)မှာပဲ ၂၀၀၈ ခုနှစ်ကစပြီး ဥက္ကဋ္ဌအဖြစ် ထဲထဲဝင်ဝင် နေ့မအား၊ ညမအား ပိတ်ရက် နားရက်မရှိဘဲ (အခမဲ့) ကူညီဖေးမမှုများဖြစ်သော နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးဒဏ် (အရေးပေါ်ကယ်ဆယ်ရေး) စတဲ့ ကုသိုလ်ဖြစ်လုပ်ငန်းထဲတွင် ပေးဆပ်မှုများကို ခြေစုံပစ်ဝင်ရောက်၍ လုပ်ကိုင်ခဲ့ပါတော့တယ်။ မိမိနှင့် ပတ်သက်ဆက်နွယ်ခဲ့ဖူးသော ရုပ်ရှင်အနုပညာလောကကြီးထဲသို့ မိမိရဲ့ခြေလှမ်း လှမ်းဝင်ဖို့ပင် လုံးဝ မကြိုးစားခဲ့တော့ပေ။ လူ့လောကကြီးထဲ ရောက်တုန်းရောက်ခိုက် (၁၁) ဘုံတွင် မည်သည့်ဘုံတွင်မှ မလုပ်နိုင်သော မရနိုင်သော ဤကုသိုလ်ကောင်းမှုတော်ကြီးကို မိမိ လက်မလွှတ်နိုင်တော့ချေ။

သို့သော် မိမိသည် ဤနာရေးကူညီမှု၊ ဆေးဝါးကုသကူညီမှု၊ ပညာရေးကူညီဖေးမမှု၊ သဘာဝဘေး(အရေးပေါ်ကယ်ဆယ်ရေး) ကူညီဖေးမ လှူဒါန်းမှုတည်းဟူသော နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ကုသိုလ်ကောင်းမှုတော်ကြီးကို ကူညီဖေးမ ပေးဆပ်ခဲ့မှုသည် (၁၁)နှစ်ပြည့်ရန် တစ်လအလိုအချိန်၌ မိမိအား စွန့်ပစ်ထားခဲ့သော၊ မိမိက စွန့်လွှတ်ခဲ့သော အနုပညာလောကကြီးထဲသို့ ပြန်ဝင်ရောက်ရန် အကြောင်းဖန်လာတော့သည်။

"ဩော်...ဘဝသံသရာ..။"

မိမိတို့ လေးစားကြည်ညို အားကျဂုဏ်ယူနေကြတဲ့ "အမေဒေါ်အောင်ဆန်းစုကြည်"က မိမိတို့ မြန်မာနိုင်ငံရဲ့ အထွတ်အမြတ်ဖြစ်သူ အာဇာနည်ပုဂ္ဂိုလ်ကြီး "ဗိုလ်ချုပ်အောင်ဆန်း"ရဲ့

www.burmeseclassic.com

 www.burmeseclassic.com 

အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးတော့မည်တဲ့။ အနုပညာ အင်အားပေါင်းစုံ၊ ပြည်သူလူထု အင်အားပေါင်းစုံ၊ အစိုးရဌာနများ၏ အကူအညီတို့နှင့် အမျိုးသားရေးစိတ်ဓာတ် ပြည့်ဝစွာဖြင့် မြန်မာပြည်ရဲ့ အတ္ထုပ္ပတ္တိ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ မော်ကွန်းမှတ်တိုင်ကို စိုက်ထူတော့မည်ဖြစ်သည်။ မြန်မာပြည်ဖွား ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက်အနေဖြင့် မိမိ ကျင်လည်လှုပ်ရှားရာ လူမှုရေးနယ်ပယ်မှ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကျေးဇူးတင် ဂုဏ်ယူမုဒိတာပွားနေမိတော့သည်။

ဒေါ်အောင်ဆန်းစုကြည်မှ ရုပ်ရှင်အနုပညာသည်များနှင့် တွေ့ဆုံကြမည့် ၃.၁၂.၂၀၁၁ ရက်နေ့တွင် မိမိအား လာရောက်ရန် အကြောင်းကြားခဲ့သည့်အတွက် မိမိသွားရောက်ခဲ့သည်။



၄ နှစ်တာကာလ ဝေးကွာခဲ့သော အနုပညာ မောင်နှမများနှင့် ပြန်လည်ဆုံတွေ့ခဲ့ရသည်။ အားလုံး၏ မျက်လုံးများသည် ချစ်ခင်လေးစား ကြည်ညိုကြသော အမေ ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံခွင့်ရ၍ တောက်ပ ဝင်းလက်နေကြသည်ကို မြင်တွေ့ရမိသည်။ အမေ ဒေါ်အောင်ဆန်းစုကြည်၏ဆန္ဒကို အကောင်အထည်ဖော်ရန် အားလုံးသဘောတူညီ၍ ဇာတ်ကားရိုက်ကူးမှုကို စတင်နိုင်ရန်အတွက် ဖြစ်မြောက်ရေးကော်မတီအဖွဲ့များ ဖွဲ့စည်းကြသည်ကို နောက်မှ မိမိသိရသည်။ သို့သော် မိမိထံသို့ မည်သူမျှ အကြောင်းကြား အသိပေးခြင်းမရှိခဲ့ချေ။ မည်သို့ရှိစေ မိမိ ဝမ်းမြောက်ကြည်နူးမိသည်။ အနုပညာလောကသားများအတွက် ဂုဏ်ယူဝမ်းမြောက် မုဒိတာပွားနိုင်ခဲ့သည်။ ယခု ဖော်ထုတ်ကြမည့် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ကားကြီးကား မြန်မာ့သမိုင်း၊ မြန်မာ့အတ္ထုပ္ပတ္တိ၊ မြန်မာ့ရာဇဝင်၊ မြန်မာ့မော်ကွန်း၊ မြန်မာ့အာဇာနည်ဟူ၍ ကမ္ဘာပေါ်ရှိ လူသားများအားလုံး မျက်စိဒေါက်ထောက် ကြည့်ကြမည့် ဂုဏ်ယူဖွယ်ရာ အမျိုးသားရေးကိစ္စ ဖြစ်တော့သည် မဟုတ်ပါလား။

၂၀.၁၂.၂၀၁၁ ရက်နေ့တွင် မိမိထံသို့ ထပ်မံ၍ သတင်းပို့လာသည်။ ဒေါ်အောင်ဆန်းစုကြည်မှ တွေ့လိုသည်ဟု ချိန်းဆိုသည့်အတွက် မိမိသွားရောက်ခဲ့သည်။ အမေကပြောသည် “ယခု ဗိုလ်ချုပ်အောင်ဆန်း” ဇာတ်ကားမှာ သား ပါရမယ်၊ သား ကိုပါ အမေတာဝန်ပေးတယ် ကိုယ်စားလှယ်အဖြစ်နဲ့”” ဟု။ မိမိ မည်သို့မျှ ပြန်လည်ပြောရန် အင်အားမရှိတော့ချေ။ အမေ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခဲ့သည့်နေ့ရက်က အမေ့ဆီ မိမိတစ်ဦးတည်း သွားရောက် တွေ့ဆုံ ဂါရဝပြုခဲ့သည်။ အဲဒီနေ့ အဲဒီအချိန်မှာ မိမိက အမေ့အား “အမေ တိုင်းပြည်နဲ့ လူမျိုး

www.burmeseclassic.com

www.burmeseclassic.com

**"သင်္ချိုင်းကြပ်တဲ့သူရှိသလို၊ နှင်းဆီပန်းပွင့်လေးတွေ လာပေးတဲ့သူလည်း ရှိတာပဲလေ။ ဒါပေမယ့် အမေ အားလုံးနဲ့ လက်တွဲနိုင်တယ်။ လောကကြီးကို ဒီလိုပဲ တည်ဆောက်ရမယ်၊ ဒီလိုပဲ ရင်ဆိုင်ရမယ်**

အတွက် အမေပေးတဲ့တာဝန်တွေကို သား ထမ်းဆောင်ပေးဆပ်ပါ့မယ်"ဟု ပြောကြားခဲ့ဖူးသည်။ အမှန်မှာ "အမေရေ၊ သား ဒီအနုပညာအလုပ်ကို ပြန်မလုပ်ပါရစေနဲ့တော့၊ သားရဲ့ လူမှုရေးလုပ်ငန်းမှာ စိတ်သန့်သန့်ရှင်းရှင်းနဲ့ သီလလုံခြုံစွာ ကုသိုလ်ရေးအတွက်ပဲ ငြိမ်းချမ်းစွာ လုပ်ပါရစေတော့"ဟု ပြောဆိုသင့်သည် မဟုတ်ပါလား။ သို့သော် အမေသည် မိမိ၏ သူရဲကောင်းကြီးဖြစ်သည်။ အမေ့ကို လေးစားသည်၊ ချစ်ခင်သည်၊ ကြည်ညိုသည်။ အမေသည် အမှန်စင်စစ်လူမှုရေးသူရဲကောင်းတစ်ဦးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူမှုရေးသမားတို့မည်သည် စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ စွန့်စားမှု၊ ပေးဆပ်မှု၊ ငြိမ်းချမ်းမှု၊ ဖေးမမှု၊ ကူညီမှု စသည့် ဂုဏ်ပုဒ်များ ရှိဖို့လိုသည်။ အမေ့မှာ ယင်းဂုဏ်ပုဒ်များထက်မကသော ဂုဏ်ပုဒ်ကြီးများ၊ စွမ်းအားများ၊ ပါဝါများ ရှိသည်မဟုတ်ပါလား။ ထို့ကြောင့် အမေ့ရဲ့"သားကို တာဝန်ပေးတာ"ဟူသော စကားရပ်ကို မိမိ မလွန်ဆန်ဝံ့တော့ပေ။

ထို့ကြောင့် မိမိအား ဘကြီးမိုး(ဦးမိုးသူ)၊ ညီမငယ် ဒါရိုက်တာ ကြည်ဖြူသျှင်နှင့် ညီငယ် ဒါရိုက်တာ ဝိုင်းတို့မှ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ကား ရိုက်ကူးအကောင်အထည်ဖော်ကြမည့် အဖွဲ့တွင် ဒု-ဥက္ကဋ္ဌနေရာမှ ဆောင်ရွက်ပေးရန် ပြောဆိုလာသည်။ ထပ်မံ၍ ၂၃.၁၂.၂၀၈၁ ရက်နေ့တွင်လည်း ကြီးလေးသောတာဝန်များ၊ ဝတ္တရားများအား ထပ်မံ၍ ထမ်းဆောင်ပေးရန် အဓိကနေရာများတွင် မိမိအား ထည့်သွင်းရန် စီစဉ်ကြပြန်သည်။ မိမိပြန်လည်၍ ပြောကြားခဲ့ရသည်။ "အလုပ်တစ်ခု လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ စည်းစနစ်ကျဖို့လိုတယ်၊ အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းပြီးရင် လူစုံ အစည်းအဝေးလုပ်ပြီးမှ ဆုံးဖြတ်ချက်ကို အတည်ပြုရတယ်၊ အများသဘောတူတဲ့ ဆုံးဖြတ်ချက်ဖြစ်ရမယ်"ဟု မိမိ တတ်သလောက် မှတ်သလောက် ပြန်လည်ပြောကြားခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် မိမိ ဈေးကိုင်ခြင်းမဟုတ်။ မိမိနှင့် ရုပ်ရှင်လောက ပတ်သက်မှု မရှိတော့ပါ။ မိမိပါဝင်လာမှုအား မကြိုက်သည့်သူ၊ မနှစ်မြို့တဲ့သူတွေသည်လည်း ရှိနေသည် မဟုတ်ပါလား။

သို့သော်...အမေက မိမိကို အားပေးစကား ပြောကြားခဲ့သည်။

**"သား...သူများအတင်းပြောတာ၊ အပုပ်ချတာတွေကို ဂရုမစိုက်နဲ့၊ ကိုယ်လုပ်ရမယ့် လုပ်ငန်းကို ကိုယ်လုပ်"**တဲ့။

"အမေဆိုရင် အတင်းပြောတာ၊ အပုပ်ချ၊ အပြစ်ပြောခံရတာ အများဆုံးသော နိုင်ငံရေးလောကထဲမှာ နေရတာ၊ သင်္ချိုင်းကြပ်တဲ့သူရှိသလို၊ နှင်းဆီပန်းပွင့်လေးတွေ လာပေးတဲ့သူ

www.burmeseclassic.com

 www.burmeseclassic.com 

လည်း ရှိတာပဲလေ။ ဒါပေမယ့် အမေ အားလုံးနဲ့ လက်တွဲနိုင်တယ်။ လောကကြီးကို ဒီလိုပဲ တည်ဆောက်ရမယ်၊ ဒီလိုပဲ ရင်ဆိုင်ရမယ်”တဲ့။

ဟုတ်ပါတယ်အမေ။ ဒါပေမယ့် ယခု အနုပညာသည်တွေ တည်ထောင်ကြမယ့် မြန်မာ့သမိုင်းမှတ်တိုင်ကြီးအတွက် သားဟာ အနှောင့်အယှက် မဖြစ်လိုပါဘူးအမေ။ အမေပေးတဲ့ တာဝန်ကို သား ကျေပွန်ချင်ပါတယ်အမေ။ သမိုင်းမှတ်တိုင်စိုက်ထူတဲ့ လုပ်ငန်းကြီးမှာ သားလည်း ပါဝင်ချင်တာပေါ့အမေ။ သားနည်းတူ အနုပညာသည်တိုင်း မြန်မာပြည်သူလူထုအားလုံး တစ်ယောက်မကျန် ပါဝင်ချင်ကြပါတယ် အမေ။

တစ်ခုပဲ သားပြောချင်ပါတယ် အမေ။

ဒီလို မြန်မာ့သမိုင်းမှတ်တိုင်ကြီးကို ဖော်ကျူးကြတဲ့နေရာမှာ ပါဝင်ကြတဲ့ အနုပညာရှင်တွေအားလုံးဟာ နေရာက အဓိကမဟုတ်၊ မိမိတို့ပေးဆပ်မှု၊ အနစ်နာခံမှု၊ စိတ်ဓာတ်ခွန်အား၊ လူမှုခွန်အားများသာ အဓိကဟု ပြောလိုပါတယ်။ ပါဝင်သူအချင်းချင်းသော်လည်းကောင်း၊ မပါဝင်ဘဲ ဘေးမှနေ၍လည်းကောင်း၊ အတင်းအဖျင်း၊ ဝေဖန်၊ ဘုပြော၊ ပုတ်ခတ်၊ တိုက်ခိုက်မှုတွေ လုပ်နေကြတာဟာ အကုသိုလ်တွေ သယ်ဆောင်နေကြတယ်လို့ အသိတရားလေးများ ရကြစေချင်တယ်။

ယခု ဖော်ကျူးဖန်တီးကြမည့် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ကားမှ ရရှိမည့် အကျိုးအမြတ်များကို မြန်မာပြည်တွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ ကဏ္ဍများကို လှူဒါန်းမှုပြုမယ်လို့ အမေပြောကြားထားသည့်အတွက် အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ကျူးမည့် သမိုင်းအတ္ထုပ္ပတ္တိ ဇာတ်ကားတစ်ကားဖြစ်သလို ဘာသာ သာသနာအတွက် သာသနာပြုမည့် လုပ်ငန်းကြီးတစ်ရပ်ဟု မြင်တွေ့မိပါတယ်။

ဒါကြောင့် နိုင်ငံရေးပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ပညာရေးပဲလုပ်လုပ်၊ ကျန်းမာရေးပဲလုပ်လုပ်၊ လူမှုရေးပဲလုပ်လုပ်၊ ယခုကဲ့သို့ အမျိုးသားရေးကို ဖော်ထုတ်ကြမယ့် သမိုင်းပေးတာဝန်ကို ထမ်းရွက်ကြမယ့် အနုပညာအလုပ်ကိုပဲလုပ်လုပ် ပေးဆပ်ကြမည့်သူတိုင်း သီလ၊ သမာဓိ လုံ့ခြုံစွာဖြင့် စည်းလုံးညီညွတ်ကြပြီး မိမိတို့ရဲ့ အောင်မြင်မှုပန်းတိုင်ကို မမေ့မလျော့သော သစ္စာအဓိဋ္ဌာန် ဆုံးဖြတ်ချက်တည်းဟူသော ပါရမီ (၁၀)ပါးတို့ဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရား(၄)ပါး ပွားများပြီး ပညာဉာဏ်ကိုသုံးကာ မိမိတို့ရည်ရွယ်သော လုပ်ငန်းကို အောင်မြင်ပြီးမြောက်စွာ အကောင်အထည်ဖော်ကြဖို့သာ အရေးကြီးပါကြောင်း ပါဝင်ကြမည့် အနုပညာရှင်များ၊ အများပြည်သူလူထုများအားလုံးကို တပ်လှန့်နှိုးဆော်လိုက်ရပါတော့သည်။

ပါရမီ (၁၀)ပါး လက်ကိုင်ထား၍ သမိုင်းမှတ်တိုင်ကို ဖော်ထုတ်ကြပါစို့လားဗျာ ...။

❑

www.burmeseclassic.com

www.burmeseclassic.com





# ဒီမိုကရေစီဆိုတာကို မျက်စိလည်နေတဲ့ ကျော်သူနှင့်တွေ့ဆုံခြင်း

ရုပ်ရှင်အနုပညာလောကနှင့် ငါးနှစ်ကျော် အဆက်အသွယ် ပြတ်နေတဲ့ ဦးကျော်သူ။ ကြား လိုက်ရုံနဲ့ကို လူတွေရဲ့စိတ်ထဲမှာ မနှစ်မြို့ဖြစ်ပြီး ဘယ်သူမှ လုပ်မပေးချင်တဲ့အလုပ်ကို ဆင်းရဲချို့တဲ့သူတွေကြား မားမားမတ်မတ်ရပ်တည်ပြီး ဘဘဦးသုခနှင့်အတူ ပရဟိတလုပ်ငန်းတွေကို ဦးဆောင်လုပ်ကိုင်ခဲ့တဲ့ ဦးကျော်သူ။ ဘဘဦးသုခ မရှိတော့တဲ့ နောက်ပိုင်းမှာလည်း ဒီ ပရဟိတလုပ်ငန်းကို ဦးဆောင်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာနီးပါး ဆောင်ရွက်လျက်ရှိတဲ့ ဦးကျော်သူ။ အခုချိန်မှာ အနုပညာလုပ်ငန်းတွေကို ပြန်လည်လုပ်ကိုင်ခွင့် ရပြီလို့ သတင်းသဲ့သဲ့ ကြားမိပါတယ်။ အဲဒီလိုကြားမိတာနဲ့ ကျွန်မ ပတ်ဝန်းကျင်မှာရှိတဲ့ ဦးကျော်သူရဲ့ ပရိသတ်အများစုက "ကျော်သူ ရုပ်ရှင်ပြန်ရိုက်တော့မှာလား၊ ရုပ်ရှင်ပြန်ရိုက်ခွင့်ရပြီဆို" အစရှိတဲ့ မေးခွန်းပေါင်းများစွာ မေးလာခဲ့ပါတယ်။ အဲဒါကြောင့် ဦးကျော်သူရဲ့ ပရိသတ်တွေအတွက် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနဲ့ပတ်သက်တဲ့ ဦးကျော်သူရဲ့ အတွေးအမြင်တချို့ကို မေးမြန်းဖြစ်ခဲ့ပါတယ်။

**ဦးကျော်သူ လူမှုအကျိုးပြု ရုပ်ရှင်ရိုက်မယ်ကြားလို့ပါ။ ဘယ်လိုမျိုး ရိုက်ဖြစ်တာလဲ။**

ရုပ်ရှင်လောကနဲ့ အဆက်အသွယ်ပြတ်သွားဆာ ငါးနှစ်ကျော်ပြီ။ အစိုးရက ရိုက်ခွင့်မပေးတာပေါ့။ အခုကျတော့ အစိုးရသစ်လက်ထက်မှာ ဒီအနုပညာကို လုပ်ခွင့်ရမယ်ဆိုပြီး သတင်းသဲ့သဲ့ကြားတယ်။ ကြားတဲ့အချိန်မှာ လာပြီး ကမ်းလှမ်းတဲ့လူတွေရှိတယ်။ သရုပ်ဆောင်အဖြစ် ရိုက်ပေးဖို့၊ ကြော်ငြာရိုက်ပေးဖို့၊ ဒါရိုက်တာအဖြစ် ရိုက်ပေးဖို့ ကမ်းလှမ်းတဲ့လူတွေရှိတယ်။ အဲဒါတွေ တစ်ခုမှ မလုပ်ခဲ့ဘူး။ ဟိုတလောက ရွှေစင်စကြာ အဆင့်မြင့်မော်တော်ယာဉ် မိသားစုက ကျပ်သိန်း (၁၅၀) လာလှူတယ်။ သူက ခါတိုင်းလည်း လှူနေကြ။ လာလှူရင်းနဲ့ ဒီ သိန်း (၁၅၀)ကို ဗီဒီယိုရိုက်တဲ့နေရာမှာ အသုံးပြုပေးပါလို့ ပြောတယ်။ နောက် ဗီဒီယိုရိုက်မယ်ဆိုရင် ပြည်သူလူထု လက်တွေ့ခံစားနေရတဲ့ ဘဝတွေ၊ ဒါတွေကို ကျွန်တော်တို့ လူမှုရေးသမားတွေက

www.burmeseclassic.com





ကူညီဖေးမပေးရတဲ့အတွက် တကယ့်အဖြစ်အပျက်တွေကို ရိုက်ဖို့ စဉ်းစားလိုက်တာ။ စဉ်းစားတဲ့ အဆင့်ပဲ ရှိပါသေးတယ်။ ရိုက်ခွင့်ပြုမှ ရိုက်လို့ရမှာ။ ရုပ်ရှင်လုပ်ငန်းအနေနဲ့ ပြန်ကြားရေး ဝန်ကြီးဌာန အနေနဲ့ ရိုက်ခွင့်ပြုမယ်ဆိုရင် ရိုက်မယ်။ ခွင့်မပြုဘူးဆို မရိုက်ဘူး ပေါ့။

**ဇာတ်ညွှန်းရော ရေးပြီးသွားပြီလား။ သရုပ်ဆောင်တွေရော ဘယ်လိုသုံးမှာလဲ။**

ဇာတ်ညွှန်းကို မရေးရသေးဘူး။ ခုမှ ဇာတ်ညွှန်းစရေးခိုင်းထားတာ။ ဇာတ်ညွှန်းရေးတော့ လိုမယ့် သရုပ်ဆောင်ကတော့ များမှာပဲ။ ဒါ လူတွေရဲ့ဘဝကို ရိုက်ပြရမယ့် ဇာတ်ဖြစ်တော့ လူတွေ ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး တွေ့ကြုံခံစားနေရတာတွေ။ နောက် လူမှုရေးအသင်း အဖွဲ့ဆိုရင် ကျွန်တော်တို့ ရန်ကုန် နာရေးကူညီမှုအသင်းတစ်ခုတည်း လုပ်ဆောင်ချက်မဟုတ် ဘူး။ လုပ်ချင်တဲ့ဆန္ဒက မြန်မာတစ်ပြည်လုံးမှာရှိတဲ့ လူမှုရေးအသင်းအဖွဲ့တွေရဲ့ အတွေ့အကြုံ တွေ၊ အယူသည်းတာတွေ အားလုံးကို တိုက်ဖျက်ရတာ။ လူမှုရေးသမားတွေ အားလုံးကိုယ်စား၊ မြန်မာပြည်သူလူထု အားလုံးကိုယ်စား ကျွန်တော်က တင်ပြရမယ်။ ဒါမှလည်း ထိရောက်မှုရှိ မယ်။

**ငွေကြေးဆိုင်ရာ ဘယ်လောက် အကုန်အကျခံ သုံးစွဲမှာလဲ။**

အခုက သိန်း (၁၅၀)နဲ့ လုပ်ရမှာကိုး။ သိန်း (၁၅၀) ထက် လိုတယ်ဆိုရင် ရွှေစင်စကြာ မိသားစုက ထပ်ဖြည့်ပေးမယ်ပြောတယ်။ အတတ်နိုင်ဆုံးဆိုတော့ အလှူငွေကို သုံးစွဲတဲ့နေရာ မှာ သေချာ စနစ်ကျဖို့လိုတယ်။ သုံးသင့်သုံးထိုက်တဲ့ နေရာမှာပဲ သုံးရမယ်။ ဥပမာ မော်တော် ကားတွေ ဘာတွေ ငှားဖို့ဆိုရင် ကျွန်တော်တို့အသင်းက ကားတွေပဲသုံးမယ်။ သရုပ်ဆောင်ဆို လည်း တကယ့် ပရဟိတစိတ်ဓာတ်ရှိပြီး၊ တကယ် ကုသိုလ်ယူချင်တဲ့ သရုပ်ဆောင်တွေ ကမ်းလှမ်း လာရင် ခေါ်သုံးမယ်။ ကျွန်တော်တို့ကတော့ ဘယ်သူ့ကိုမှ မကမ်းလှမ်းဘူး။ နာရေးကူညီမှု အသင်း (ရန်ကုန်)အနေနဲ့ ၂၀၀၇ ခုနှစ်ကတည်းက စဖွဲ့တာ။ အခု ဆယ့်နှစ်နှစ်ကျော်ပြီ။ ဒေါ် ဘယ်သူရေ၊ မောင် ဘယ်သူရေ ကျွန်တော်တို့ကို လှူပါဆိုပြီး တစ်ခွန်းမှ မပြောခဲ့ဘူး။ အလှူရှင် တွေအနေနဲ့လည်း မင်းသား၊ မင်းသမီးတွေ သဒ္ဓါပေါက်ပြီး လာလှူရင် လက်ခံတယ်။ နိုင်ငံရေး သမားတွေ လာလှူလည်း လက်ခံတယ်။ ဘယ်သူ့ဆီမှာမှ လက်ဖြန့်မတောင်းခဲ့ဘူး။ အဲဒီတော့ ထိုနည်းလည်းကောင်း အဲဒီ ရုပ်ရှင်ရိုက်တဲ့နေရာမှာ ဒါ လူမှုရေးကား၊ ကုသိုလ်ပြုရမယ့်ကား။ ဒီနေရာမှာကိုလည်း တစ်ကမ္ဘာလောက် ပါပါရစေ။ အခန်းနည်းတယ် များတယ် မဟုတ်ဘူး ဆိုရင် ကျွန်တော်တို့က ထည့်ပေးမယ်။ တကယ့် ကုသိုလ်ရေးစစ်စစ် အဖြူစင်ဆုံးဇာတ်ကား ဖြစ်ရမယ်။ အဲဒီတော့ အခကြေးငွေပေးပြီး ရိုက်ရတာမျိုးကို အတတ်နိုင်ဆုံး ရှောင်မယ်။

**ဒါရိုက်တာက ဘယ်သူဖြစ်မလဲ။**

ဒါရိုက်တာက ကျွန်တော်ကိုယ်တိုင် ရိုက်မယ်။

www.burmeseclassic.com

www.burmeseclassic.com




**ရှုံတင်ပြသဖို့ရော ရည်ရွယ်ထားလား။**

ဒါကတော့ ရိုက်တဲ့ဇာတ်ကားပေါ်မှာ မူတည်တယ်။ ဇာတ်က တကယ့် မြန်မာတစ်ပြည်လုံး ကိုယ်စားပြုတဲ့ဇာတ်ဆိုရင် ရှုံတင်တဲ့ အဆင့်ထိရောက်အောင် ရိုက်ရမယ်။

**မင်းသား၊ မင်းသမီးတချို့က အရင်က ဦးကျော်သူနဲ့ ရိုက်မယ်ဆိုရင် သုဘရာဇာနဲ့ မရိုက်ချင်ဘူး၊ မရိုက်နိုင်ဘူးဆိုတာတွေရှိခဲ့တယ်။ အဲဒါနဲ့ပတ်သက်ပြီး ဦးဘာယ်လိုမြင်လဲ။**

ဒါ သူတို့ နားမလည်လို့ပေါ့။ အရင်တုန်းက နားမလည်လို့ ဖြစ်ခဲ့တာတွေပဲ။ ဒါ ရှေးအယူသီးတဲ့ကိစ္စတွေ၊ အရင်တုန်းက သုဘရာဇာမို့လို့၊ နာရေးလုပ်နေလို့ မတွဲချင်ဘူး။ အခုကျတော့ ဒီနာရေးလုပ်ရင် နာမည်ကြီးတယ်ဆိုတဲ့ အနေအထားမျိုးဖြစ်လာတယ်။ လူမှုရေးလုပ်ချင်တဲ့ သူတွေ များလာတယ်။ ဒါ ကျွန်တော်တို့က တိုက်ဖျက်ထားတာ၊ အယူသီးမှုကို သူတို့အပေါ်မှာ လည်း ဘယ်လိုစိတ်မှမရှိဘူး။ သူတို့က သူတို့အတွေးအခေါ်တွေ၊ ရှေးအယူအဆတွေ ဒါတွေနဲ့ ဘယ်နိုင်ငံကမှ ဘယ်ဆုမှ ပေးမှာမဟုတ်ဘူး။ ဒါ တကယ်တမ်းဆိုရင် အများအတွက် လုပ်တယ် ဆိုရင် အကျိုးကျေးဇူး ခံစားရမှာပဲ။ လုပ်တဲ့နေရာမှာ မှန်မှန်ကန်ကန် လုပ်ဖို့လိုတယ်။ နာမည် ကြီးချင်လို့ လူမှုရေးလုပ်မယ်။ ဒီအလှူငွေကို ငါတို့သုံးချင်လို့ လူမှုရေးလုပ်တယ်။ အသင်းအဖွဲ့ ကို တိုက်ချင်၊ ခိုက်ချင်လို့၊ ကျော်သူတို့အဖွဲ့ကို ကျော်အောင်လုပ်ချင်လို့၊ နာမည်ဖျက်ချင်လို့ လုပ်မယ်ဆိုရင်တော့ မှားမယ်။ "ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်" ဆိုတဲ့ စကား ကို အမြဲတမ်း နှလုံးသွင်းထားဖို့လိုတယ်။

**ပရဟိတလုပ်ဖို့ ရည်ရွယ်တယ်ဆိုရင် လူတစ်ယောက်ရဲ့စိတ်ထဲမှာ မရှိသင့်ဆုံးစိတ်ဓာတ်၊ အမှန်ကန်ဆုံးစိတ်ဓာတ်က ဘာဖြစ်မလဲ။**

ကိုယ့်ကိုကိုယ် ကြည်ညိုနိုင်ရဲ့လား အရင်စဉ်းစားရမယ်။ ကိုယ့်ကိုကိုယ် ကြည်ညိုနိုင်တဲ့ အဆင့်ရောက်ပြီလား။ ကိုယ့်သီလ ဘယ်လောက်လုံလဲ။ လူသားချင်းစာနာစိတ် ဘယ်လောက် ရှိလဲ။ ကိုယ်ဘယ်လောက် အနစ်နာခံပေးဆပ်နိုင်လဲ။ ဒါကိုကြည့်ရမယ်။ ငါကတော့ အနစ်နာ မခံနိုင်ဘူး။ သူများကိုပဲ ကူညီမယ်ဆိုရင် ဒါ ပရဟိတသမားမဟုတ်ဘူး။ ဟန်ဆောင်နေတာ။ ဟန်ဆောင်မှုက ရေရှည်မခံဘူး။ ပရဟိတအလုပ်ဆိုတာ စီးပွားရေးလုပ်ငန်းမဟုတ်ဘူး။ အသင်း အဖွဲ့ချင်း ပြိုင်စရာမလိုဘူး။ အပုပ်ချစရာမလိုဘူး။ အဖြူစင်ဆုံး ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားရမယ်။ အဲဒါကြောင့် ကိုယ့်ကိုကိုယ် ကြည်ညိုနိုင်တဲ့အဆင့်ရောက်ပြီဆိုရင် လုပ်၊ ကိုယ့်သီလ ကိုယ်လုံပြီဆို လုပ်၊ သီလမလုံဘဲ လုပ်ရင်တော့ ရေရှည်ခံမှာမဟုတ်ဘူး။

**အနုပညာလုပ်ခဲ့စဉ်က သိရှိခဲ့တဲ့ အသိပညာနဲ့ လူမှုရေးလုပ်တဲ့အချိန်မှာ ရရှိတဲ့ အသိပညာက ဘယ်လိုကွာခြားလဲ။**

ကွာတာပေါ့။ အရင်တုန်းက အနုပညာသမားဆိုတာ ကိုယ်အောင်မြင်ဖို့ လုပ်တာ။ ကိုယ်အောင်မြင်ဖို့လုပ်တယ်။ ကိုယ့်မှာ ပရိသတ်ရှိဖို့လိုတယ်။ ကိုယ်ပိုက်ဆံရဖို့လိုတယ်။ အဲဒီ တော့ အဲဒါက ရယူမှုတွေများတယ်။ ဒီလူမှုရေးကျတော့ ဘာမှ ရယူမှုမရှိဘူး။ ငွေလည်း ကိုယ် သုံးခွင့်မရှိဘူး။ ၂၀၀၁ ကတည်းက အခုချိန်ထိ ကိုယ့်ထမင်း ကိုယ်ဝယ်စားနေတယ်။ ကိုယ့်ကားနဲ့

www.burmeseclassic.com

www.burmeseclassic.com





ကိုယ် ဓာတ်ဆီကိုယ်တိုင်ထည့်ပြီး လာရတယ်။ ဒီအသင်းက ဘာမှ ရယူပိုင်ခွင့်မရှိဘူး။ ကိုယ်ကသာ ပေးဆပ်ရတာ။ ရုပ်ရှင်အနုပညာမှာဆိုရင် ကိုယ်တစ်သက်လုံးလုပ်လာတဲ့ ရုပ်ရှင်အနုပညာကို အပိတ်ခံရတယ်။ ကိုယ့်သားသမီးတွေ ပြည်ပရောက်ကုန်တယ်။ သူတို့နဲ့လည်း တွေ့ခွင့်မရှိဘူး။ တလောကမှ ပြန်လာတယ်။ ငါးနှစ်ကျော်မှ သားသမီးတွေနဲ့ ပြန်တွေ့ရတာ။ အဲဒီတော့ ကိုယ့်ဘက်က အနစ်နာခံရတာတွေ အများကြီးပဲ။ လူမှုရေးလုပ်တဲ့နေရာမှာ ကိုယ်က ပီတိလေးပဲရတာ။ ပီတိဆိုတာ နာရေးကူညီမှုမှာဆိုရင် နာရေးရှင်တွေရဲ့အပူမီးတွေကို ငြိမ်းပေးနိုင်တယ်။ သူတို့ရဲ့ ကျေးဇူးတင်မှု အကြည့်လေးတွေပေါ့။ ဒါလေးတွေ ခံစားရတယ်။ ဒါပဲ။ တောက်လျှောက် ပေးဆပ်နေရတာ။ ဒါကြောင့် ကွာတယ်။ ကွာတော့ လူမှုရေးအသင်းကြီးကို အုပ်ချုပ်တဲ့နေရာမှာ အနုပညာစိတ်အခံနဲ့ အုပ်ချုပ်တယ်။ အဲဒါပဲ။

**အနုပညာစိတ်အခံဆိုတာ ဘာလဲ။**

အနုပညာစိတ်အခံဆိုတာ စာနာစိတ်၊ ကိုယ်ချင်းစာစိတ်ရှိရတယ်။ လူတွေ ဘဝကို ကိုယ်ကသိထားတော့ သူတို့ဘဝကို ကိုယ်က ကိုယ်ချင်းစာစိတ်ရှိရမယ်။ ပြီးတော့ အလှူရှင်တွေကို ပြန်ပြီးတော့ အမှတ်တရအနေနဲ့ လက်ဆောင်ပေးဖို့ စာအုပ်တို့၊ Panphlet တို့၊ CD ချပ်တို့။ ဒါတွေဆို ကိုယ့်ရဲ့အနုပညာလုပ်ဆောင်ချက်နဲ့ ဖန်တီးထားတာ။ ဖန်တီးတယ်ဆိုတာ တကယ့်အဖြစ်အပျက်တွေကို ကိုယ်က စိတ်ဝင်စားမှုရှိအောင် တင်ပြတာကို ပြောတာ။ ဒီလိုစိတ်မျိုးက ဖန်တီးယူလို့လည်း ရတာမဟုတ်ဘူး။ လက်တွေ့အဖြစ်အပျက်တွေကို ဘယ်လိုတင်ပြရမလဲ ဆိုတာ ဒါကိုပြောတာ။

**အနုပညာမလုပ်ရဘူးလို့ ပိတ်လိုက်တဲ့အချိန်မှာ ဘယ်လိုခံစားရလဲ။**

ဘယ်လိုခံစားရလဲဆိုတော့ ဆရာဝန်ကို ဆေးကုသတဲ့ နားကြပ်တို့၊ ဆေးထိုးအပ်တို့ သိမ်းလိုက်သလိုပေါ့။ စစ်ဗိုလ်ကို လက်နက်တွေ၊ ဗုံးတွေ အကုန်သိမ်းလိုက်သလို ခံစားရတယ်။ ကိုယ်က ဒီအနုပညာအလုပ် လုပ်နေတဲ့သူကို အနုပညာအလုပ် မလုပ်ရဘူးဆိုတော့ အဲဒီလို ခံစားရတာပေါ့။

**အခု ပြန်လုပ်လို့ရပြီလို့ သတင်းကြားတဲ့အချိန်မှာရော ဘယ်လိုခံစားရလဲ။**

ဘာမှတော့ သိပ်မခံစားရဘူး။ ပြန်လုပ်လို့ရပြီလို့ သတင်းကြားတာနဲ့ ဘာမှ စိတ်တုန်လှုပ်မှု မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက အပိတ်ခံရတဲ့ အတိုင်းအတာတစ်ခုမှာ ကိုယ်က ခုနပြောသလို စစ်ဗိုလ်တစ်ယောက်ကို လက်နက်အသိမ်းခံရသလို ဒေါသလေးတော့ ရှိတာပေါ့။ နောက်ကျတော့ ငါ့ကို ပိတ်လိုက်တဲ့လူတွေရဲ့ ကျေးဇူးက တော်တော်များပါလားလို့ သိရတယ်။ သူတို့ ဒီအနုပညာကို ပိတ်လိုက်တဲ့အတွက် ကျွန်တော်က အမြဲတမ်း သာဓုခေါ်နေတယ်။ သူတို့ပိတ်လိုက်တဲ့အတွက် ကျွန်တော်က တကယ့်ကို ထဲထဲဝင်ဝင်လူမှုရေးလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com




ကို လုပ်နိုင်တာပေါ့။ ဒါကြောင့် ကျွန်တော့်အတွက် ကုသိုလ်တွေ ရသလို၊ အများပြည်သူအတွက်လည်း အကျိုးရှိတယ်။ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်ထိပေါ့။

**ပြန်လုပ်ခွင့်ပြုပြီဆိုတော့ နောက်ပိုင်းမှာ အနုပညာအလုပ်ကို ဆက်လုပ်သွားဖို့ရှိလား။**

မလုပ်ဘူး။ မလုပ်ဘူးဆိုတာ ဖျော်ဖြေရေးပိုင်းကို မလုပ်တော့တာ။ ဖျော်ဖြေရေးပိုင်းဆိုတာ ပရိသတ်ကို ရယ်စေတယ်။ ငိုစေတယ်။ ဒေါသထွက်စေတယ်။ ဒါတွေက အကုသိုလ်တွေ။ အဲဒီတော့ ပြည်သူလူထု ဘယ်လို အကျိုးရှိမလဲ။ ဘဘဦးသုခရိုက်ခဲ့တဲ့ ဟာမျိုးတွေ၊ ဘဘက ဘာသာရေးကားတွေလည်း ရိုက်ခဲ့တယ်။ ဒါမျိုးတွေ လူမှုရေးသက်သက် ရိုက်ဖို့တော့ စဉ်းစားမှာပါ။ ရိုက်ဖို့တော့ သိပ်မရှိတော့ပါဘူး။

**မကြာသေးခင်ကမှ ခရီးကပြန်လာတာဆိုတော့ အဲဒီမှာ ကြိုးကြိုးမားမား အခက်အခဲရှိခဲ့လား။**

ကြိုးကြိုးမားမားကတော့ ခုန အယူသီးတဲ့ဟာပေါ့။ အခုတော့ အောင်မြင်သွားပါပြီ။ သက်ရှိထင်ရှားရှိရဲ့နဲ့ ငါ့ဂူလုပ်ထားဆိုပြီး သူ့ဂူလုပ်ပြလိုက်တယ်။ အဲဒီတော့မှ နောက်က လိုက်လုပ်ကြတယ်။ သူတို့မှာ မီးသင်္ဂြိုဟ်စက်လုပ်ဖို့ အခက်အခဲရှိတယ်။ အဲဒါ အသင်းမှာ အကူအညီတောင်းတော့ ကျွန်တော်တို့က စဉ်းစားပေးရမယ့် အပိုင်းရှိတယ်။ အရင်တုန်းကတော့ အင်းလေးမှာဆိုရင် ကျွန်းမျောတွေအောက်မှာ မြှုပ်တယ်။ ရေထဲမှာ။ အခုတော့ ကုန်းပေါ်မှာ မြှုပ်တာပေါ့။ သုသာန်မြေ ကျဉ်းတယ်ဆိုတော့ အလောင်းတွေက တစ်လောင်းနဲ့တစ်လောင်း ထပ်နေတယ်။ အလောင်းတစ်လောင်းမြှုပ်ဖို့ မြေတူးရင် အောက်ကအလောင်းကို သွားဖော်ပြီးသားဖြစ်နေတယ်။ အဲဒီတော့ ဒါမျိုးတွေကတော့ မဖြစ်သင့်ဘူး။ သုသာန်မြေကို ကျယ်ကျယ်ဝန်းဝန်းထားရမယ်။ မီးသင်္ဂြိုဟ်စက်တွေ ဆောက်ပေးရမယ်။

**အခုလို ဟောပြောပွဲတွေ ပြုလုပ်ခဲ့တဲ့အတွက် ပြည်သူလူထုရဲ့စိတ်ထဲမှာ အယူသီးမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လောက် တိုးတက်လာတယ်ထင်လဲ။**

ဟောပြောပွဲမှာ လူဦးရေ (၅၀၀၀)လာတယ်။ (၅၀၀၀)လာရင် (၅)ယောက်ပဲ အတွေးအခေါ် တစ်ခု ရသွားပြီဆိုရင် ရပြီ။ အဲဒီလောက်ဆို ကျေနပ်တယ်။ (၅)ယောက်ပဲဖြစ်ဖြစ်။ (၁)ယောက်ပဲဖြစ်ဖြစ် အတွေးအခေါ်လေးတစ်ခု ရသွားဖို့ပဲ။ (၅၀၀၀)လာရင် (၅၀၀၀)လုံးရရမယ်ဆိုတာကတော့ အဓိပ္ပာယ်မရှိတာဘဲ။ အဲဒီတော့ (၅)ယောက်ဖြစ်ရင်ဖြစ်မယ်။ (၅၀၀)ဖြစ်ရင်ဖြစ်မယ်။ ဒီလိုအတွေးလေးရသွားရင် ရပြီ။ ဒီလိုပဲ တစ်စတစ်စ လုပ်ရမှာပေါ့။

အခြေခံလူတန်းစားတွေရဲ့ဘဝမှာ ဘယ်လိုအခက်အခဲမျိုးတွေ ရင်ဆိုင်နေရလဲ။

ရင်ဆိုင်နေရတာတော့ အမှန်ပဲ။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး။ လူတွေရဲ့ဘဝ ဆိုတာ ရန်ကုန်မြို့ကြီး ခေတ်မီတိုးတက်အောင် လုပ်မယ်ဆိုပြီး လုပ်တဲ့နေရာမှာ နိုင်ငံတကာ အဆင့်မီအောင် လမ်းတံတားတွေ၊ ဥပမာ မြောက်ဥက္ကလာဆိုရင် လမ်းကျဉ်းတော့ Traffic တွေဖြစ်တယ်။ ကားတွေ ပိတ်ဆို့တယ်။ အခု အစိုးရက ကွန်ကရစ်လမ်းကြီး၊ မြောက်လမ်းသွား၊

www.burmeseclassic.com

www.burmeseclassic.com





ခင်းပေးလိုက်ပြီ။ ဒါတောင် Traffic ဖြစ်နေတုန်းပဲ။ လမ်းတွေ ပိတ်ဆို့နေတုန်းပဲ။ ဘာကြောင့်လဲဆိုတော့ ဘတ်စ်ကားတွေ လမ်းလယ်မှာရပ်တယ်။ တစ်စီးနဲ့တစ်စီး အပြိုင်မောင်းတယ်။ သူများလိုင်းကို မောင်းတယ်။ လူတွေကလည်း လမ်းပေါ်တက် လျှောက်တယ်။ ဆိုင်တွေကလည်း လမ်းပေါ်တက်ရောင်းတယ်။ အဲဒီတော့ လူတစ်ဦးချင်းစီရဲ့ စိတ်ဓာတ်တွေ ပြုပြင်မှရမယ်။ လူဖြစ်လာရင် လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းဆိုတာ ရှိတယ်။ လူ့စည်းကမ်းကို လိုက်နာမှ တိုင်းပြည်က မြန်မြန်တိုးတက်မှာ။ အစိုးရကြီးပဲ အပြစ်ဖို့နေလို့မရဘူး။ အစိုးရလည်း အာဏာစက်နဲ့ သူလုပ်သင့်တာ လုပ်ရမှာပဲ။

**အခု ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေပြီလို့ပြောတယ်။ အမှန်တကယ် လျှောက်လှမ်းပြီလို့ ယုံကြည်လား။**

မသိဘူး။ ဒီမိုကရေစီဆိုတာ ဘာခေါ်မှန်းတောင် မသိတော့ဘူး။ မျက်စိတောင် လည်နေပြီ။ ဒီမိုကရေစီဆိုတာ ကိုယ့်စည်းကမ်း ကိုယ့်ကျင့်ဝတ်ကို ကိုယ့်ဘာသာကိုယ် စောင့်ထိန်းရမယ်။ အဲဒီလိုစောင့်ထိန်းမှ ဒီမိုကရေစီဖြစ်မှာ။ အခုက ခရိုနီကိစ္စတွေကလည်း ရှုပ်ထွေး၊ ရှုပ်ထွေးတယ်ဆိုတာ လူမှုရေး၊ နိုင်ငံရေးကိစ္စမှာ အများပြည်သူက ယုံကြည်ကိုးစားတယ်ဆိုတာနဲ့ အဲဒီထဲကို ဝင်လာကြတယ်။ ဒါ သူတို့စီးပွားဖြစ်ဖို့၊ သူတို့ သက်တမ်းရှည်ဖို့ ဒါမျိုးတွေရှိတယ်။ ဒါ အသင်းအဖွဲ့ကိုတိုက်တာ တကယ့်ကို လူမှုရေးလုပ်ပြီဆိုရင် လူမှုရေးစိတ်ဓာတ်ရှိရဲ့လား။ လူအများကို လုပ်ပေးချင်ရဲ့လား။ သူ့အကျိုးကိုမျှော်ပြီးတော့ လာပြီးပံ့ပိုးတာလား။ ဒါတွေ အများကြီးရှိတယ်။

**ဒါဆို လူမှုရေးလုပ်ငန်းတွေ ပြုလုပ်ခြင်းဖြင့် နိုင်ငံအတွက် ဘယ်လောက်အကျိုးရှိနိုင်မလဲ။**

ဒါကတော့ လူမှုရေးဆိုတာ ပြည်သူလူထုအကျိုးအတွက်လုပ်တာ။ ပြည်သူလူထု အကျိုးရှိတယ်ဆိုရင် ဒါ တိုင်းပြည်တိုးတက်မှာပဲ။ လူမှုရေးနဲ့ နိုင်ငံရေးဆိုတာ အားလုံး ဆက်စပ်နေတာ။

**ဒါဆို ဒီမိုကရေစီလမ်းကြောင်းဟာ ဘယ်လောက်တိုးတက်လာနေတယ်ထင်လဲ။**

ကိုယ့်လှေကိုယ်ထိုး ပဲခူးရောက်ရောက် လုပ်နေကြတာပဲ။ ဇွန်ပန်းရုံအောက်မှာ လှည်းဘီးနစ်နေတယ်။ ကျူ၍ တွန်းပေးကြပါ။ တွန်းတော့ တွန်းတယ်။ တွန်းတယ်ဆိုတာ ဦးတည်ချက် တစ်ဖက်စီဆိုတော့ ဒီလှည်းဘီးက ပိုပိုနစ်နေတာ။ တိုင်းပြည်အတွက် စေတနာရှိလား။ ပြည်သူလူထုအတွက် တကယ်စေတနာရှိလား။ လူမှုရေးလုပ်ငန်းအပေါ် တကယ်သစ္စာရှိတာလား။ နိုင်ငံရေးမှာ တကယ့်ကို နိုင်ငံကောင်းစားစေချင်တဲ့စိတ် ရှိတာလား။ ရှိတယ်ဆိုရင် တကယ် တစ်ဖက်တည်းကို တွန်းကြ။ ပန်းတိုင်ဆိုတာ တကယ် တစ်နေရာတည်းပဲရှိတယ်။ ဦးတည်ချက်တစ်နေရာကို လူတွေက ဝိုင်းတွန်းတယ်ဆိုရင် မြန်မြန်ရောက်မယ်။ လူမှုရေးလုပ်ငန်း ဗန်းပြပြီး လုပ်စားနေတယ်။ ငါသည် ဒီငွေကို ဘယ်လိုသုံးဖို့၊ နာမည်ကြီးအောင် ဘယ်လိုလုပ်ဖို့ ဆိုတဲ့စိတ်နဲ့ လုပ်ရင်တော့ ဒီလှည်းဘီးဟာ ပိုမိုနစ်နာသွားမှာပဲ။ နိုင်ငံရေးလောကလည်း ဒီလိုပဲ။ ငါ နိုင်ငံတော်ကောင်းစားဖို့ လုပ်တာလား။ ငါ အာဏာရဖို့ လုပ်တာလား။ ငါ့အကျိုးစီးပွားအတွက် လုပ်တာလား။ ဒါတွေကို စဉ်းစားရမယ်။ အဲဒီလိုစဉ်းစားမိတယ်ဆိုရင် ခုနက မကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com





အယူအဆတွေ မကောင်းတဲ့ ရည်ရွယ်ချက်တွေနဲ့ လုပ်ရင်တော့ တိုင်းပြည်က ဘယ်တော့မှ တိုးတက်မှာမဟုတ်ဘူး။

**မြန်မာပြည်ကို စင်ကာပူလိုဖြစ်အောင်လုပ်မယ်လို့ ပြောထားတာရှိတယ်ဆိုတော့ ဦးအနေနဲ့ရော ဘယ်နှစ်နှစ်အတွင်း ဖြစ်လာနိုင်မယ်ထင်လဲ။**

ဒါကတော့ ဘာဘဦးသုခစကားရှိတယ်လေ။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုတာ။ တကယ်ဖြစ်ချင်တယ်ဆိုရင် တကယ်လုပ်ရမှာပဲ။ ခုနကပြောသလို ပြည်သူလူထု တစ်ဦးချင်းရဲ့ စိတ်ဓာတ်တွေဟာ ဒီလို မဖြစ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့စိတ် ရှိရမယ်။ စင်ကာပူကိုမီဖို့ မမီဖို့ဆိုတာထက် စင်ကာပူကို မီတာတစ်ခုရှိတယ်။ အဝတ်လှမ်းတာဆိုရင် ဝါးလုံးတွေထိုးပြီး တိုက်ခေါင်မိုးတွေပေါ်မှာ အဝတ်လှမ်းတဲ့ကိစ္စတော့ မီတယ်။ ကျန်တာတော့ မီဖို့ မျှော် လင့်ချက် သိပ်မရှိဘူး။

**အခု ကြေးနီစီမံကိန်းနဲ့ပတ်သက်ပြီး ပြည်သူလူထုအများစုက တရုတ်ကို ဆောင်းစားနေတာပေါ့နော်။ အဲဒီလို ပြောကြတယ်ဆိုတော့ ဦးကျော်သူကရော အခု တရုတ်နဲ့ ဖက်စပ်လုပ်နေတဲ့ ကိစ္စတွေအပေါ် ဘယ်လိုမြင်ပါသလဲ။**

ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်တိုင်းပြည်ပဲဖြစ်ဖြစ်၊ အမေရိကားပဲဖြစ်ဖြစ်၊ တရုတ်ပဲဖြစ်ဖြစ်၊ အိန္ဒိယပဲဖြစ်ဖြစ် ကိုယ်အကျိုးတစ်ခုခုရှိမှ ကိုယ်လုပ်ကြတာချည်းပဲ။ ဒါ ဘယ်တိုင်းပြည်မဆို မြန်မာနိုင်ငံကို ဝင်တယ်ဆိုရင် ကိုယ့်အကျိုး ဘယ်လောက်ရှိတယ်ဆိုတာ တွက်မှာပဲ။ ဒါ ဗြဟ္မစိုရ်တရားတွေ ခေါင်းပါးနေတာ။ ဗြဟ္မစိုရ်တရား မခေါင်းပါးရင် တစ်ကမ္ဘာလုံး ငြိမ်းချမ်းတယ်။ ဗြဟ္မစိုရ်တရားတွေ ခေါင်းပါးနေတဲ့အတွက် စစ်ပွဲတွေဖြစ်တယ်။ လုကြ၊ သတ်ကြ၊ စီးပွားရေးတွေ ချွတ်ခြုံကျကြ။ ဒါတွေဖြစ်ကုန်တယ်။ အဲဒီတော့ အိန္ဒိယကလည်း အိန္ဒိယအလျောက်၊ တရုက်ကလည်း တရုတ်အလျောက်၊ အိမ်နီးချင်းနိုင်ငံတွေပေါ့။ သူတို့အကျိုးအမြတ်ရှိဖို့ လုပ်ကြတာပေါ့။ သူတို့ အကျိုးအမြတ်ရှိဖို့ လုပ်ခွင့်ပေးလိုက်ပေမယ့် တိုင်းပြည်အတွက် ဘယ်လောက် အကျိုးအမြတ်ကျန်မယ်ဆိုတာကို ထည့်တွက်ရမယ်လေ။ ငါ့အကျိုးအမြတ်အတွက် ဘယ်လိုဆိုပြီး ကိုယ့်အတ္တမဖြုတ်ရင်တော့ တိုင်းပြည် ဘယ်တော့မှ တိုးတက်မှာမဟုတ်ဘူး။ ပြည်သူလူထုအတွက်၊ အများအတွက် အကျိုးဘယ်လောက်ရှိမယ်ဆိုတာ ခေါင်းထဲထည့်ထားရမယ်။ ဒါ အခုလက်ပံတောင်းတောင်ကိစ္စ။ အဲဒါဆိုရင် တိုင်းပြည်အတွက် ဘယ်လောက်အကျိုးရှိမယ်။ ပြည်သူလူထုအတွက် ဘယ်လောက်အကျိုးရှိမယ်။ ရပ်ရွာကျေးလက်ဒေသအတွက် ဘယ်လောက် အကျိုးရှိမယ်၊ ဒါကို ချပြရမယ်။ ချပြပြီးတော့ ခင်ဗျားတို့ ဒီလိုလုပ်ရင် နောင်နှစ်ဘယ်လောက်ဆိုတ ိ့ ဘာက်လာမယ်။ ခင်ဗျားတို့ ဒီနေရာကနေ ဖယ်ပေးပါ။ ဒီထက်ကောင်းတဲ့ နေရာကို မြို့အလိုက် ရွာအလိုက် ပို့ပေးမယ်။ နောက်သုံးလေးနှစ်လောက်ဆိုရင် ငါတို့ ဒီထက်ကောင်းတဲ့နေရာမှာ နေရမယ်ဆိုပြီး ပြည်သူလူထုက လက်ခံမှာပဲ။ အဲဒီလို ညှိနှိုင်းမှုမရှိဘဲ ဆော်လိုက်တော့ အကုန်ရှုပ်ကုန်တာပဲ။ ကြိုပြီးတော့ ညှိနှိုင်းရမယ်။ ချပြရမယ်။ ချမပြဘူး။ မညှိနှိုင်းဘူး။ ထိုယ့်သဘောနဲ့ ကိုယ်လုပ်ကြတော့ ပြည်သူလူထုက အစိုးရပိုင်း၊ လူကြီးပိုင်းတွေကို သူတို့အကျိုးစီးပွားရှိလို့ ကော်မရှင် ဘယ်လောက်ရလို့ဆိုပြီး စွပ်စွဲချင်လာတယ်။ အဲဒီတော့ ပြဿနာတွေက ကြီးထွား

www.burmeseclassic.com





**ဦးကျော်သူ လူသားတွေအတွက် မှတ်သားစေချင်တဲ့ စကားလေး ပြောပြပေးပါဦး။**

အရေးအကြီးဆုံးကတော့ ဗြဟ္မစိုရ်တရားပေါ့။ လူတွေက လူသားချင်း စာနာစိတ်ရှိရမယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာကို ကျင့်သုံးရမယ်။ ကိုယ့်ရဲ့သီလ လုံရမယ်။ သီလ လုံတယ်ဆိုရင် ဗြဟ္မစိုရ်တရားလည်း ခြုံငုံပြီးသားဖြစ်သွားပြီ။ ပြီးတော့ သစ္စာဆိုရဲရမယ်။ ဘာကိုမဆို သစ္စာဆိုရဲရမယ်။ သစ္စာဆိုရဲမှ တိုင်းပြည်တိုးတက်မှာ၊ ဘယ်အလုပ်ပဲလုပ်လုပ် ကျန်းမာရေး၊ ပညာရေး ကြိုက်တာလုပ်၊ ကိုယ့်အတ္တမပါဘဲ အများအတွက် ဒီလိုလုပ်ဆောင်ပါတယ်။ သစ္စာ မဆိုရဲသရွေ့ ဘာအလုပ်မှ လုပ်မနေနဲ့တော့ ... ။

❑

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံတစ်ခု တည်ဆောက်မည်ဆိုပါက အခြေခံအောက်ခြေအုတ်မြစ် ခိုင်မာမှု ရှိရန် အရေးကြီးလှသည်။ ကျန်းမာသန်စွမ်းမှုဖြစ်ရန် သန့်ရှင်းမှုသည် အဓိကကျသည်။ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုတိုင်းပြည်၏ အစိုးရနှင့် ပြည်သူလူထုတို့၏ ပူးပေါင်းစွမ်းဆောင်မှုသည် အရေးပါလှသည်။ ဒီမိုကရေစီ နိုင်ငံထူထောင်မှုသည် ကျွန်တော်တို့ ပြည်သူလူထုတို့၏ စောင့်ထိန်းရမည့် စည်းကမ်းများသည် အဓိကဖြစ်တော့သည်။


ထို့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် နာမည်ကောင်းဖြင့် ထင်ရှား ကျော်ကြား၊ စံနမူနာဖြစ်စေမည့် ခေတ်မီတိုးတက် ဖွံ့ဖြိုးသန့်ရှင်းသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အင်တိုက်အားတိုက် အားမာန်ပြည့်ဝစွာဖြင့် စတင်ချီတက်မှုကို ပြုလုပ်နေချိန်တွင် ပြည်သူလူထုတို့၏ အားထားရာ၊ ပြည်သူလူထုတို့ တင်မြှောက်ထားသော သန့်ရှင်းသော အစိုးရအဖွဲ့အစည်း (Clean Governance) နှင့် ပြောင်းလဲမှု (Change) ကို ပြုလုပ်လိုသော နိုင်ငံတော်သမ္မတကြီးမှလည်း ယင်းကဲ့သို့ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်းတို့အား ပုံဖော်မှုပြုရာတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ (လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ)နှင့်အတူ လက်တွဲပုံဖော်ရန် အရေးကြီးကြောင်း တရားဝင် အများပြည်သူလူထုတို့အား ရေဒီယိုမှလည်းကောင်း၊ နိုင်ငံတော်ထုတ် သတင်းစာများမှလည်းကောင်း၊ ဂျာနယ်၊ စာစောင်များတွင်လည်းကောင်း မိန့်ခွန်းပြောကြားခဲ့မှုများ ပါဝင်ခဲ့သည်။ ထို့အပြင် ယခုအချိန်ကာလတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com





ဖြစ်သော အမေရိကန်နိုင်ငံသို့ သွားရောက်၍ အမေရိကန် နိုင်ငံသမ္မတ ဘာရက်အိုဘားမား နှင့် လည်းတွေ့ဆုံကာ အရပ် ဘက် လူ့အဖွဲ့အစည်းများ သည် ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် အဓိက ကျသည့် အကြောင်း အချက်အလက်များ အား ဆွေးနွေးကြမည်ဟု လည်း သိရှိရသည်။ ထို့အပြင် အမျိုးသား ဒီမို ကရေစီအဖွဲ့ချုပ် ခေါင်းဆောင်၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် သည်လည်း ယခုနှစ် မဟာသင်္ကြန်မကျရောက်မီ တစ်ရက်အလိုတွင် ပြည်သူလူထုတို့အတွက် ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဖွဲ့စည်းတည်ထောင်ထားသော "ပေးဆပ် သူများ" မဟာသင်္ကြန် သံချပ်အဖွဲ့မှ ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ သွားရောက်ဖျော်ဖြေမှု ပြုလုပ်ခဲ့ရာတွင် ဖျော်ဖြေပွဲအပြီးတွင် ဂုဏ်ပြုဆုငွေ ပေးအပ်ခဲ့စဉ် "တိုင်းပြည်ထူထောင်ရာတွင် သားတို့ရဲ့ လူမှုရေးအသင်းအဖွဲ့တွေရဲ့ အင်အားတွေ အများကြီးလိုအပ်တယ်၊ အခုလို တက်တက်ကြွကြွ အများပြည်သူလူထုအတွက် လုပ်ဆောင်ပေးမှုများအပေါ် အမေ အရမ်း ကျေနပ်ဝမ်းသာတယ်၊ အခုလို ပေးဆပ်မှုများအပေါ် ကျေးဇူးလည်း အထူးတင်တယ်" ဟူ၍ ပြောကြားခဲ့သည်။

ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် ရန်ကုန်တိုင်းအတွင်း (အခမဲ့) နာရေးကူညီပံ့ပိုးပေးမှုများကို ပြုလုပ်ပေးခဲ့သည်။ ထို့အပြင် မြန်မာပြည်တွင်းရှိ တိုင်း၊ မြို့နယ်၊ ရပ်ကွက်များရှိ ကိုယ်ထူကိုယ်ထ နာရေးကူညီမှုအဖွဲ့များအတွက် လိုအပ်သော နိဗ္ဗာန် မော်တော်ယာဉ်၊ နိဗ္ဗာန်ရေယာဉ်၊ နိဗ္ဗာန်ယာဉ် ထော်လာဂျီ၊ နိဗ္ဗာန်လက်ဆွဲလှည်းယာဉ်၊ စတီးပန်း၊ အလှမီနီယံအခေါင်းအဖုံး၊ မီးသင်္ဂြိုဟ်စက် စသည့် နာရေးလုပ်ငန်းနှင့်ပတ်သက်သော နိဗ္ဗာန် အသုံးအဆောင် ပစ္စည်းများအားလည်း လှူဒါန်းမှုတို့ကို ပြုလုပ်ပေးကာ နှစ်လတစ်ကြိမ်ခန့် မြန်မာတစ်ပြည်လုံးရှိ မြို့နယ်၊ တိုင်းဒေသများတွင် ဖွဲ့စည်းထူထောင်ထားသော လူမှုရေး အသင်း အဖွဲ့များအား လူမှုရေးစွမ်းရည်မြှင့် သင်တန်းများအားလည်း မြောက်ဒဂုံမြို့နယ်ရှိ နာရေး ကူညီမှုအသင်း (ရန်ကုန်) ရုံးချုပ်တွင် (Camp) စခန်းသွင်း၍ သင်ကြားပေးလျက်ရှိသည်။ ကျန်းမာရေး ကူညီစောင့်ရှောက် ကုသပေးမှုအဖြစ်လည်း ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်တွင် သုခ ကုသိုလ်ဖြစ်ဆေးခန်းဟူ၍ မျက်စိခွဲစိတ်ကုသပေးမှု၊ အရိုးအကြော၊ အရိုးဖာဆစ်၊ ကိုယ် အင်္ဂါ ပြန်လည်သန်စွမ်းရေး (Physiothraphy) ကလေး၊ အရေပြား၊ နား၊ နှာခေါင်း၊ လည်ချောင်း၊

www.burmeseclassic.com

www.burmeseclassic.com


ခွဲစိတ်(အသေးစား)၊ OG (ကိုယ်ဝန်ဆောင်မိခင်)၊ သွား၊ အထွေထွေရောဂါ ဝေဒနာရှင်များ၊ အား အခမဲ့ နေ့စဉ် (လကုန် နောက်ဆုံးရက်မှအပ) ကုသပေးလျက်ရှိပြီး နယ်ဒေသများသို့လည်း နယ်လှည့်ဆေးကုသပေးမှုလုပ်ငန်းအား ပရဟိတဆရာဝန်ကြီးများ၊ ပရဟိတ လူငယ်လူရွယ်များ နှင့် လက်တွဲကာ သွားရောက်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ပြည်မြို့၊ ကြို့ပင်ကောက်မြို့၊ ပဲခူးမြို့များတွင်လည်း သုခကုသိုလ်ဖြစ်ဆေးခန်းခွဲများ ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံ ပရဟိတ လူငယ်များ ပရဟိတ ဆရာဝန်များနှင့် ပူးပေါင်း၍ ကုသိုလ်ဖြစ် အများပြည်သူအကျိုးအတွက် တစ်ဖက်တစ်လမ်း ကူညီမှုများကို ပေးဆပ်ကာ အစိုးရ ဆေးရုံကြီးများတွင် လိုအပ်လျက် ရှိသော ခွဲစိတ်ခန်းသုံး ကုတင်၊ ဆေးကုသမှု အသုံးအဆောင်ပစ္စည်း များနှင့် ကိုယ်ထူကိုယ်ထ နယ်ဆေးခန်းများအတွက်လည်း လစဉ် ဆေးဝါးထောက်ပံ့မှုများအားလည်း ပြုလုပ်ပေးလျက် ရှိသည်။ ပညာရေးကိစ္စရပ်များနှင့်ပတ်သက်၍ သုခအလင်း ပညာဒါနဟူ၍ အမည်တပ်ကာ ဘုန်းတော်ကြီး ပညာသင်ကျောင်းများမှအစ အမေ့အိမ် ပညာရေးကျောင်းများ၊ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများ၊ တက္ကသိုလ်ဝင်တန်းပညာရေး၊ ဆေးကျောင်းတက်ရောက်နေသော ဆရာဝန်လောင်းလျာများအတွက် ဆရာဝန်ဖြစ်သည်အထိ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးဆပ်မှု၊ ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများအား အလုပ်အကိုင် ရှာဖွေရေး ဖြစ်သော LCCI စာရင်းအင်း ပညာ သင်တန်းများ၊ ဟိုတယ်ဝန်ဆောင်မှု အတတ်ပညာ (Hospitality) သင်တန်း၊ ကွန်ပျူတာ သင်တန်း၊ အင်္ဂလိပ်စာ 4Skills သင်တန်း၊ ပန်းချီသင်တန်း များနှင့် ကလေးသူငယ်များအတွက် အနာဂတ်တွင် အလိုအပ်ဆုံးသော ယဉ်ကျေးလိမ္မာ သင်တန်းများအား (အခမဲ့) သင်ကြား ပို့ချပေးကာ အနယ်နယ်အရပ်ရပ်ရှိ ဆရာ၊ ဆရာမများ အတွက်လည်း (TOT) သင်တန်းများ အားလည်း (Camp) စခန်းသွင်း၍ သင်ကြားပေးလျက်ရှိသည်။ နယ်ဒေသများရှိ ကိုယ်ထူ ကိုယ်ထ စာကြည့်တိုက်များအတွက်လည်း စာအုပ်စာပေများအား စဉ်ဆက်မပြတ် လှူဒါန်းမှု များကို ပြုလုပ်ပေးလျက်ရှိကာ နယ်လှည့်ပညာ သင်ကြားမှုများအားလည်း ပရဟိတ ဆရာ၊ ဆရာမများနှင့် လက်တွဲ၍ နယ်ဒေသများသို့ သွားရောက်ကာ ပညာ ဒါနပြုလုပ်ပေးကာ အချို့သောဒေသများတွင် ပျက်စီး ယိုယွင်းနေသော အစိုးရ စာသင် ကျောင်းများအားလည်း ပြန် လည်ဆောက်လုပ် လှူဒါန်းပေး လျက်ရှိသည်။ ထို့အပြင် သဘာဝ ဘေးဒဏ်များဖြစ်သော ရေဘေး၊ မီးဘေး၊ လေဘေးသင့် ဒေသများသို့ လည်း အချိန်နှင့်တစ်ပြေးညီ ပရဟိတ လူငယ်များနှင့် ပူးပေါင်း၍ သွားရောက် လှူဒါန်း ကူညီပေးမှုများကိုလည်း၊



www.burmeseclassic.com

www.burmeseclassic.com



စဉ်ဆက်မပြတ် ပြုလုပ်ပေးခဲ့သည့်အပြင် စစ်ဘေးသင့်ဒေသများရှိ စစ်ဘေးဒဏ်ခံ တိုင်းရင်းသား မိဘပြည်သူအပေါင်းတို့အားလည်းကောင်း၊ လူမျိုးရေးပဋိပက္ခကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားကြရရှာသော ပြည်သူပြည်သားအပေါင်းတို့ထံသို့လည်းကောင်း လှူဒါန်းကူညီ ဖေးမ အားပေးစကားများကို ပြောကြားကူညီခဲ့ကြသည်။ ၎င်းအပြင် မြန်မာပြည်တွင်း နွေရာသီ ကာလများတွင် သောက်သုံးရေ ရှားပါး၊ နည်းပါး၊ လုံးဝမရှိသော အရပ်ဒေသများ သို့လည်း ကွင်းဆင်းလေ့လာမှု များ ပြုလုပ်ခဲ့ကာ ရေတွင်း ရေကန်များ၊ အဝီစိတွင်းများ တူးဖော်ပေးခြင်း များ၊ ရေပိုက်လိုင်းများ သွယ်တန်းပေးခြင်းများ၊ ရေသိုလှောင်ရန် အုတ်ကန်များ တည်ဆောက် ပေးမှုများ၊ ရေစုပ်စက်များ တပ်ဆင်ပေးမှုများအားလည်း ပြုလုပ်ပေးကာ သောက်သုံးရေ ရှားပါးသော လက်လှမ်းမီရာ အရပ်ဒေသများ ဖြစ်ကြသော ဒေါပုံ၊ ဒလ၊ ပဲခူး၊ မှော်ဘီ၊ ခရမ်း၊ သဃ်န်းကျွန်းမြို့နယ်နှင့် မြောက်ဒဂုံ အရပ်ဒေသများသို့ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဝယ်ယူထားသော ရေဂါလံ (၃၆၀၀)ဆံ့ မော်တော်ယာဉ်ဖြင့် သွားရောက်ကာ ရေကုသိုလ် လုပ်ငန်းအား ပေးဆပ်လျက်ရှိသည်။



ယခုဆိုလျှင် ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု၊ အိုဇုန်းလွှာပျက်စီးမှုအား ကာကွယ်မှုပြုရန် အတွက် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေ ရေးအတွက် လိုက်လံ၍ လမ်းဘေးတွင် စည်ပင် သာယာအဖွဲ့မှ စိုက်ပျိုးထားပေးသော အရိပ်ရ သစ်ပင်များအားလည်း ရှင်သန်ကြီးထွားလာ ရန်အတွက် ရေလောင်းပေးခြင်းလုပ်ငန်းရပ်အား "အစိမ်းရောင်စစ်ဆင်ရေး"ဟူ၍ ပထမခြေလှမ်း အဖြစ် မြောက်ဒဂုံမြို့နယ်ရှိ ဝိုလ်မှူးဗထူးလမ်းတစ်လျှောက် လုပ်ဆောင်ပေးနေပြီဖြစ်သည်။ ထပ်မံ၍ နာရေးကူညီမှုအသင်း (ရန်ကုန်) ရုံးချုပ် တည်ဆောက်ရန်အတွက် နိုင်ငံတော်အစိုးရမှ ချမှတ်ပေးလိုက်သော အမှတ် ၁၃/က၊ ဗိုလ်မှူး ဗထူးလမ်း၊ မြောက်ဒဂုံမြို့နယ်တွင် အဆောက် အအုံများ တည်ဆောက်မှုတွင် ကြုံတွေ့ခဲ့ရသော အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများ၊ ကြွပ်ကြွပ်အိတ် ပလပ်စတစ်များ၊ ကော်ဘူးများ၊ သံတိုသံစများနှင့် ပြည့်နှက်ဖုံးလွှမ်းနေသော (၂) ဧကကျော် မြေကွက်အား ပြုပြင်ပြောင်းလဲခဲ့ရသော အတွေ့အကြုံဆိုးများ၏ ဒဏ်ရာဒဏ်ချက်များကြောင့် လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အဓိက အခြေခံအုတ်မြစ်ဖြစ်သော လူ့စည်းကမ်း၊ ပြည်သူလူထုတို့ စောင့်ထိန်းရမည့် ကျင့်ဝတ် များထဲတွင် ပါဝင်သော စည်းမဲ့ကမ်းမဲ့ အမှိုက်ပစ်မှုများအား ပညာပေးလှုံ့ဆော်မှုဖြစ် လည်းကောင်း၊ မြေသြဇာဖြစ်စေမည့် အမှိုက်နှင့် ပြန်လည်၍ အသုံးပြုနိုင်သည့်အမှိုက် (စက္ကူ၊ သစ်ရွက်၊ အဝတ်စုတ်နှင့် ရေသန့်ဗူးခွံ၊ သံဗူး၊ ပုလင်း၊ မီးချောင်း ...) စသည့် စွန့်ပစ်အမှိုက် များအား စနစ်တကျ ခွဲခြား၍ စွန့်ပစ်ကြရန် သင်ခန်းစာပေးလိုသည့် ဆန္ဒအရလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com





အမှိုက်ကအစ ပြဿနာ မီးလောင်မှု မဖြစ်စေရန် ကာကွယ်ထိန်းသိမ်းမှုကို ပြုလုပ် ကြရန်အတွက် လည်းကောင်း၊ လူဦးရေ (၅.၆) သန်း ကျော်ရှိသော ရန်ကုန် မြို့နှင့် ရန်ကုန်မြို့ စည်ပင်သာယာ သန့်ရှင်းရေး လုပ်သားဦးရေ (၅၀၀၀) ကျော် ဟူသော အချိုးအစားအရလည်းကောင်း၊ ကျွန်တော် တို့ နာရေးကူညီမှုအသင်း(ရန်ကုန်) လူမှုရေး အသင်းအဖွဲ့ အနေဖြင့် လူသားချင်း စာနာထောက်ထားမှု မြတ်စွာဘုရား၏ ဗြဟ္မစိုရ်တရားလေးပါးအား လက်ကိုင်ပြုပြီး နိုင်ငံထူထောင်မှု အချိန် ကာလတွင် တစ်ဖက်တစ်လမ်း ပံ့ပိုးကူညီပေးမှုအဖြစ် ၁၁.၅.၂၀၁၃ စနေနေ့တွင် ပန်းဆိုးတန်း ဆိပ်ကမ်းဧရိယာအတွင်းရှိ ခရီးသည်နားနေဆောင်နှင့် ဆိပ်ခံဘောတံတားနှင့် အနီးပတ်ဝန်း ကျင်များ၊ မြောက်ဥက္ကလာပမြို့နယ် လူစည်ကားသည့် မြောက်ဥက္ကလာပအဝိုင်း ကားမှတ်တိုင် အနီး ပတ်ဝန်းကျင်များတွင် စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်များတို့အား ကောက်ယူ သိမ်းဆည်းခြင်းများကို လိုက်လံ၍ လူမှုရေးသမားများနှင့် အတူတကွ လက်တွဲလုပ်ဆောင် ပေးခဲ့ကြသည်။ မြို့နယ်ဒေသခံ မိဘပြည်သူများမှာလည်း ဝမ်းသာကြည်နူးစွာဖြင့် အတူ လက်တွဲ လုပ်ဆောင်ပေးခဲ့ကြသည်။ ကျွန်တော်တို့ ကောက်ယူခဲ့သော အမှိုက်များအားလည်း မြောက်ဒဂုံမြို့နယ်ရှိ ထားဝယ်ချောင် သုဿန်အနီးရှိ အမှိုက်ပုံသို့ စနစ်တကျ စည်းကမ်းရှိစွာ သွားရောက်စွန့်ပစ်ခဲ့ကြသည်။ ယခု ထပ်မံ၍ ၁၈.၅.၂၀၁၃ စနေနေ့ ညနေ ၃း၀၀ နာရီ အချိန် တွင်လည်း ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ လူသွားလူလာ ရုံးတက်/ရုံးဆင်း ထူထပ်များ ပြားလှသော မဟာဗန္ဓုလပန်းခြံတစ်လျှောက် လူမှုရေးသမားများ၊ ဂီတပညာရှင်များ၊ စာပေနှင့် စာနယ်ဇင်းပညာရှင်များနှင့်လက်တွဲကာ အင်တိုက်အားတိုက် သန့်ရှင်းမှုအား ပြုလုပ်ကြမည် ဖြစ်တော့သည်။ ယခုတစ်ကြိမ်တွင် ဂီတပညာရှင်များ၊ စာပေပညာရှင်များ ပါဝင်လာရခြင်းမှာ ပြည်သူပြည်သားများအား အသိပညာပေးမှုတွင် ထိရောက်သည့် လက်နက်ဖြစ်သော အနုပညာစွမ်းအားများကို တာဝန်သိသိ၊ တာဝန်ရှိရှိနှင့် တာဝန်ယူကြသော အများပြည်သူ အတွက် ပေးဆပ်ကြမှုတစ်ခုပင်ဖြစ်သည်။ ကျွန်တော်တို့၏ အနာဂတ်ကာလအတွက် စိတ်ကူး အိပ်မက်များသည် မြို့နယ်တစ်ခုချင်း၊ ရပ်ကွက်တစ်ခုချင်း၊ မြို့တစ်မြို့ တစ်မြို့ချင်း၊ သန့်ရှင်း စိုပြေလှပမှုများကို အပြိုင်အဆိုင် အနိုင်လုပ်ဆောင်ကြမည်ဆိုပါက နိုင်ငံတော် တာဝန်ရှိသူ တစ်ဦး ပြောကြားခဲ့သလို "(၄)လအတွင်း စင်္ကာပူနိုင်ငံကဲ့သို့ ဖြစ်စေရမယ်"ဟူသော စကားမှာ မှန်ကောင်းမှန်ပေလိမ့်မည်။

သို့သော် ယနေ့ ၁၈.၅.၂၀၁၃ စနေနေ့ နံနက် ၉း၀၀ နာရီအချိန်တွင် ကျွန်တော့်ထံသို့ တယ်လီဖုန်းဝင်လာသည်။ "ဦးကျော်သူတို့ အမှိုက်ကောက်မည့်အစီအစဉ်အား ရပ်ဆိုင်းပေး ပါရန်"ဟူ၍ ရန်ကုန်မြို့ စည်ပင်သာယာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန အရာရှိကြီး၊

www.burmeseclassic.com



တစ်ဦးမှ ဆက်သွယ်ပြောကြားလာခဲ့သည်။ ထို့ကြောင့် ကျွန်တော်တို့ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လုပ်ဆောင်ပေးဆပ်ကြရန် စုရပ်ဖြစ်သော ဗိုလ်အောင်ကျော်လမ်းထိပ်ရှိ "ရွှေလင်ဗန်း" လက်ဖက်ရည်ဆိုင်သို့သွားရောက်ကာ အစီအစဉ်ဖျက်သိမ်းကြောင်း ဂီတ၊ စာပေလူမှုရေးသမားများ၊ ရပ်မိရပ်ဖ ပြည်သူလူထုများနှင့် လူမှုရေးလုပ်ငန်းအား စိတ်ဝင်စား၍ လာရောက်ကြသော မူလတန်းအရွယ် ကလေးငယ်များကို ဦးဆောင်၍ ခေါ်ယူလာသော BG အဖွဲ့သားများအား ဝမ်းနည်းစွာဖြင့် အကြောင်းကြားခဲ့ရတော့သည်။ အပြန်လမ်းတစ်လျှောက် ကျွန်တော် တွေးတောမိတော့သည်။ ကျွန်တော်တို့ လူမှုရေးသမားများသည် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးကြမည့်သူများမဟုတ်၊ နိုင်ငံတော်အား ဆူပူမှုဖြစ်အောင် လုပ်မည့်သူများမဟုတ်၊ တည်ငြိမ်အေးချမ်းသော ရေပြင်အား ဂယက်ထဆူပွက်စေမည့်သူများမဟုတ်၊ ငြိမ်ချမ်းမှုကိုသာ လိုလားကြသည့်၊ စည်းကမ်းရှိမှုကိုသာ လိုလားကြသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရုပ်/စိတ်တို့ကိုသာ လိုလားကြသည်။ စိမ်းလန်းသာယာမှုကို လိုလားကြသည်။ ကျန်းမာသန့်စွမ်းပြီး ပညာရေးတိုးတက်မှုတို့ကိုသာ လိုလားကြသည်။ အဘယ့်ကြောင့် ယခုကဲ့သို့ ပတ်ဝန်းကျင်သန့်ရှင်းမှုလုပ်ငန်းအား ဝိုင်းဝန်းပံ့ပိုးပေးမှုကို တားမြစ်ရသနည်း⊠ ပိတ်ဆို့ရသနည်း⊠ ဟန့်တားရသနည်း⊠ ဤကဲ့သို့သော အသေးငယ်ဆုံး ပါမွှားလုပ်ငန်းလေးတစ်ခုကိုပင် တားမြစ်ခံရခြင်းအတွက် ကျွန်တော့်အတွက် အဖြေရှာမရ။ ထို့ကြောင့် အများပြည်သူအပေါင်းတို့အား တရားဝင် ကြေငြာထားသော အမှိုက်ကောက်မည့်အစီအစဉ်အား ဖျက်သိမ်းရခြင်းအကြောင်းကို အများပြည်သူတို့ထံသို့ တရားဝင် ပြန်လည်ပြောကြားရမည့် တာဝန်တစ်ရပ် ဖြစ်ပေါ်လာရသည်။ တစ်နည်းအားဖြင့် အများပြည်သူလူထုအား သတင်းပါးခြင်း၊ သတင်းပွားခြင်း၊ သတင်းဖွခြင်းပင် ဖြစ်တော့သည်။


အမှိုက်မကောက်ရ၍ အမှိုက်ဖွရန်မဟုတ်။
အမှိုက်မကောက်ရ၍ သတင်းပါးခြင်း၊ သတင်းပွားခြင်း၊ သတင်းဖွခြင်း သက်သက်မျှသာဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com






ကျွန်တော်တို့ ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အများပြည်သူလူထုတို့အပေါ် ဖြူစင်ရိုးသားစွာလေးပါး လက်ကိုင်ပြုပြီး သီလလုံခြုံစွာဖြင့် အနစ်နာခံပေးဆပ်မှု စေတနာတရားများအား ဟန့်တားခြင်း၊ ပိတ်ဆို့ခြင်း၊ တားမြစ်ခြင်း စသည့် အကုသိုလ်လုပ်ရပ်များကို ယခင့်ယခင် အစိုးရလက်ထက်များကတည်းက တွေ့ကြုံခံစားခဲ့ရသည်။ ကျွန်တော်တို့ ပရဟိတသမားများသည် နိုင်ငံရေးပါတီ ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံရေးသမားများ မဟုတ်။ နိုင်ငံ့အရေး ပြည်သူ့အရေးကိစ္စများကို အစိုးရအား အုတ်တစ်ချပ် သဲတစ်ပွင့် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးကူညီပေးနေသော စေတနာရှင်များသက်သက်သာ ဖြစ်ပါသည်။ နိုင်ငံတော်အား ဆူပူမှုကို လှုံ့ဆော်ကြသူများမဟုတ်။ နိုင်ငံတော်အာဏာအား လိုချင်တက်မက်ကြသောသူများလည်းမဟုတ်။ ပြည်သူလူထုတို့အား စည်းရုံးရေးဆင်းရန်မလို၊ ကိုယ့်အလုပ်ကိုယ်လုပ်ကြသော ပရဟိတသမားများသာဖြစ်သည်။ နိုင်ငံတော်ကြီး ငြိမ်းချမ်းမှု၊ သာယာဝပြောမှု၊ မိမိတို့ ရပ်ကွက်၊ မြို့နယ်၊ တိုင်းဒေသအသီးသီးတို့တွင် စိမ်းလန်းစိုပြေဝပြောမှုကိုသာ လိုလားကြသော စေတနာရှင် မေတ္တာရှင် ပေးဆပ်ကြသူများသာဖြစ်သည်။

တစ်ချိန်က ဆရာတော်ကြီးတစ်ပါးမှ မြို့နယ်တစ်ခုတွင် တရားပွဲဟောကြားမှုပြုရာတွင် ဤတရားပွဲမှရရှိသော အလှူငွေများကို ကျွန်တော်တို့၏ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေးတို့ ကြုံတွေ့နေရသော နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေး စသည့် အကူအညီများကို

www.burmeseclassic.com



အခမဲ့ ပေးဆပ်နေသော နာရေးကူညီမှုအသင်း (ရန်ကုန်) အား လှူဒါန်းမည်ဟု ကြေငြာပြီး ကျွန်တော့်အား အသိပေးအကြောင်းကြားခဲ့သောကြောင့် ထိုနေ့ညတွင် ကျွန်တော်နှင့် အလုပ်အမှုဆောင်အချို့သည် တရားပွဲကျင်းပသည့် မြို့နယ်သို့ သွားရောက်ခဲ့ကြသည်။ လမ်းခုလတ်၌ ကျွန်တော့်ထံသို့ တယ်လီဖုန်းဝင်လာသည်။ "ဦးကျော်သူခင်ဗျာ ... ကျွန်တော်တို့ တရားပွဲဖြစ်မြောက်ရေးအဖွဲ့ကပါ။ ဆရာတော်ကြီးရဲ့ အလှူငွေလှူဒါန်းခြင်း အစီအစဉ် ပျက်သွားပါပြီ"ဟူ၍ ဝမ်းနည်းကြေကွဲစွာ ဆက်သွယ်လာသည်။ ဘာကြောင့်နည်းဟု ကျွန်တော်မှ ပြန်လည်မေးမြန်းခဲ့ရာ "မြို့နယ်အာဏာပိုင်အဖွဲ့မှ လှူခြင်းလှူ ကျော်သူတို့အဖွဲ့ကို မလှူရဘူး။ သူတို့ ဖွဲ့စည်းထူထောင်ထားတဲ့ အင်အားကြီးအဖွဲ့ကြီးအား လှူရမယ် အထက်က အမိန့်ချတယ်"တဲ့ဗျာ။ ဩော် ... ကျွန်တော်တွေးမိသည်။ အလှူရှင်၏ဆန္ဒကို ဖျက်သိမ်းပြီး အာဏာစက်ဖြင့် ဟိုကို မလှူရဘူး။ ဒီကို လှူရမယ်လို့ ကန့်သတ်ချက်က ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတွင် ရှိနေပါလားဟု။ ရှိစေတော့ ... ကိုယ့်လိပ်ပြာ ကိုယ်သန့်ဖို့ပဲ လိုသည်မဟုတ်လား။

နောက် နာဂစ် လေဘေးကယ်ဆယ်ရေး၊ ပခုက္ကူ ရေဘေးကယ်ဆယ်ရေးများကို ကျွန်တော်တို့အဖွဲ့ သွားရောက်၍ ကူညီမှုများပြုရာတွင် နိုင်ငံတကာအဖွဲ့များ မသွားခဲ့သော၊ မသွားရောက်နိုင်သော ကျေးလက်ဒေသများအထိ ကျွန်တော်တို့အဖွဲ့မှ လူမှုရေးသမားများသည် စွန့်စွန့်စားစား ခဲရာခဲဆစ် သွားလာခဲ့ကြသည်။ ထိုသို့သွားလာရာတွင် ကယ်ဆယ်ရေးပစ္စည်းများအား သယ်ဆောင်ရန် စက်လှေ၊ မော်တော်ယာဉ် စသည့် သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် သွားရာတွင် "ကျော်သူတို့အဖွဲ့ဆိုရင် မငှားရဘူး။ မလိုက်ရဘူး။ အထက်အမိန့်"ဟူ၍ ထွက်ပေါ်လာပြန်သည်။ "ဩော်...လူသားချင်းစာနာမှုကင်းမဲ့သော အထက်ပါလား"ဟူ၍ တွေးမိပြန်သည်။ ရှိစေတော့ ... ကိုယ့်လိပ်ပြာ ကိုယ်သန့်ဖို့ပဲ လိုအပ်သည်။

နောက်ထပ်များစွာရှိသေးသည်။ နာရေးကူညီမှုအသင်း (ရန်ကုန်) တွင် အခမဲ့ သင်ကြားပို့ချပေးနေသည့် အင်္ဂလိပ်စာသင်တန်း၊ ရှေးဦးသူနာပြုစုနည်းသင်တန်း၊ လူမှုရေးစွမ်းရည်မြှင့်သင်တန်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းများ စသည့် စသည့် သင်တန်းမျိုးစုံနှင့် သင်တန်းဆင်းပွဲများကိုလည်း "အထက်အမိန့်အရ လာရောက်စုံစမ်း မေးမြန်းခြင်း"များလည်း ရှိသည့်အပြင် ကျွန်တော်၏ နယ်လှည့်လူမှုရေးဟောပြောပွဲများကိုလည်း "အထက်က ညွှန်ကြားထားသည့်အတွက် မှတ်တမ်းလာယူခြင်း၊ ထောက်လှမ်းခြင်း"များလည်း စဉ်ဆက်မပြတ် လုပ်နေရဆဲပင်ဖြစ်သည်။ ယင်းကဲ့သို့ သင်တန်းများတွင် ထို ထောက်လှမ်းသတင်းယူကြသူတို့၏ ဇနီး၊ သားသမီးများပင် လာရောက်၍ သင်တန်းတက်ကြသည်။ ကျွန်တော်တို့ ဝမ်းသာစွာ ကြိုဆိုပါသည်။ ဒါမှလည်း ကျွန်တော်တို့၏ မှန်မြတ်သော လုပ်ဆောင်ချက်များကို ထဲထဲဝင်ဝင် အထက်လူကြီးများ သိရှိမည်ဖြစ်သည်။ ကျွန်တော်တွေးမိသည်။ "ဩော် ... သူတို့တွေဟာ နိုင်ငံ့ဝန်ထမ်းတွေ၊ နိုင်ငံတော် ပြည်သူက ပေးထားတဲ့ လစာကိုစားကြပြီး ဘာကြောင့် အခုလို အဓိပ္ပာယ်မရှိတဲ့ စုံစမ်းစစ်ဆေးမှု တားမြစ်မှုတွေကို အချိန်ကုန်ခံ၊ အပင်ပန်းခံ၊ ငွေကုန်ခံပြီး အလဟဿ အင်အားများကို ဖြုန်းတီးပစ်နေပါလိမ့်။ အခုလို အချိန်ကုန်ခံ၊ လုပ်အားအကုန်ခံမယ့်အစား နိုင်ငံတော်

www.burmeseclassic.com


အတွက် အထိရောက်ဆုံး အထောက်အပံ့ဖြစ်မယ့် အခြားသော နိုင်ငံတော်ထူထောင်ရေး လုပ်ငန်းရပ်များမှာ သူတို့ရဲ့ စွမ်းအားများကို အသုံးချလိုက်ပါက အများပြည်သူနဲ့ နိုင်ငံတော်အတွက် များစွာ အကျိုးဖြစ်ထွန်းလိမ့်မည်"ဟု စေတနာဖြင့် တွေးတောမိသည်။ ကျွန်တော်တို့နောက် ယခုလို ထပ်ချပ်မကွာ လိုက်နေလျှင် သချိုင်း/သုသာန်နှင့် ဘုန်းကြီးကျောင်း၊ လူမှုရေးအသင်းအဖွဲ့များသို့သာ ရောက်ရှိမည်ဖြစ်သည်။ ကြာလာလျှင် တရားပေါက်ပြီး နိုင်ငံ့ဝန်ထမ်းလိုစိတ်များ ကုန်ခမ်းသွားမှာကိုပင် စိုးရိမ်ရမည့် အခြေအနေမျိုး ဖြစ်လာနိုင်သည်။ ကောင်းပြီ။ နောက်မှ ထပ်ချပ်မကွာ လိုက်ပါ၍ သတင်းပို့မည်ဆိုပါက မိမိအတွက် စားစရိတ်၊ လမ်းစရိတ်ရရှိရေး၊ မိမိနေရာရရေး၊ ရာထူးတက်ရေး၊ အာဏာရရှိရေးဟူသော စိတ်ခေတ်များဖြင့် မဟုတ်မမှန် သတင်းများ လုပ်ကြံမှုမျိုးတော့ အထက်ကို မတင်ပြသင့်ချေ။ ထိုကဲ့သို လုပ်ကြံမှုများယွင်းသတင်းပေးမှုများကြောင့်လည်း ကျွန်တော်တို့ ခံရပေါင်းများလှပြီ။ ကျွန်တော်တို့အားတိုင်းပြည်ခေါင်းဆောင်ကြီးများမှ အယုံအကြည်ကင်းမဲ့မှုကို ခံခဲ့ရပေါင်းများလှပြီ။ ဤကဲ့သို့မြင့်မြတ်သော ကုသိုလ်ရေးများ လုပ်ကိုင်နေသော ပရဟိတအဖွဲ့များ၊ လူမှုရေးသမားများကို အသုံးချပြီး အများပြည်သူမှ အားကိုးအားထားပြုလာစေရန် ရည်ရွယ်ချက်ဖြင့် ခုတုံးလုပ်ခြင်း၊ အသုံးချခြင်း လုပ်ရပ်မျိုးကို မလုပ်သင့်တော့ချေ။ မည်သို့ဖြစ်စေ ... ကိုယ့်လိပ်ပြာ ကိုယ်သန့်ဖို့ လိုအပ်ပေသည်။

ထပ်မံပြီး ရေရှားပါးဒေသများသို့ သွားရောက်ခဲ့စဉ် သောက်သုံးရေများ သွားရောက်လှူဒါန်းမှုပြုရာတွင်လည်း လမ်းမှပိတ်ဆို့ကာ အင်အားကြီးအဖွဲ့အစည်း၏ အလံထူပြီးမှ သွားခွင့်ပြုခြင်း၊ အနာဂတ်ခေါင်းဆောင်များ ပေါ်ထွက်ရေးအတွက် ရည်ရွယ်ပြီး ပညာရေးအတွက် ကျောင်းဆောက်လုပ်လှူဒါန်းမှုပြုရာတွင်လည်း တားမြစ်ခြင်း၊ နယ်ဒေသများရှိ မိဘပြည်သူလူထုတို့၏ ကျန်းမာရေးအတွက် အခမဲ့ ဆေးခန်းဖွင့်လှစ်မှုများတွင်လည်း ဟန့်တားမှုများ ဖြစ်ပေါ်ခဲ့ခြင်းများကလည်း 'အထက်က အမိန့်အရ' ဟူ၍ပင် ဖြစ်တော့သည်။ မည်သို့ဖြစ်စေ ကိုယ်ချင်းစာနာစိတ်ဖြင့် ကိုယ့်လိပ်ပြာ ကိုယ်သန့်ဖို့တော့ လိုပေလိမ့်မည်။

ဤသို့ဆိုလျှင် ထိုထိုသော အများပြည်သူလူထု အကျိုးပြုစေမည့် ကုသိုလ်ရေး ကိစ္စအဝဝတို့အား ဟန့်တားပိတ်ပင် တားမြစ်မှုများသည် 'အထက်'က အာဏာစက်ဖြင့် ဖန်တီးစေခိုင်းနေသကဲ့သို့ ထင်ယောင်ထင်မှား ဖြစ်နေတော့သည်။ ထို့ကြောင့် "အထက်က ... အထက်က"ဟူ၍ စကားရပ်အား အလွဲသုံးစားပြုခြင်း၊ ခုတုံးလုပ်ခြင်း၊ ပါးစပ်အရသာခံခြင်း၊ ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုခြင်းများကို ရှောင်သင့်ပေတော့သည်။ ဤကဲ့သို့ လွဲမှားအသုံးချ ပြောဆိုခြင်းမှာ အထက်က လူပုဂ္ဂိုလ်ကြီးများအား နာမည်ဂုဏ်သိက္ခာကျဆင်းအောင် ပြည်သူလူထုတို့မှ အကြည်ညိုပျက်အောင် လုပ်နေသော လုပ်ရပ်ပင်ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံတွင် အထက်ဟူသော စကားရပ်မှာ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံ့အကြီးအကဲများကို ဆိုလိုသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည်လည်း ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်ကြရာဝယ် အရပ်ဖက် လူ့အဖွဲ့အစည်းများ၏ အင်အားလိုအပ်

www.burmeseclassic.com



ကြောင်း၊ ပူးပေါင်းလုပ်ကိုင်စေလိုကြောင်း တရားဝင် ပြောဆိုခဲ့ပြီးဖြစ်သည်။ ထို့ပြင် သမ္မတကြီးနှင့်တကွ ယခု နိုင်ငံ့ခေါင်းဆောင်များသည်လည်း ဘာသာတရားအား ကြည်ညိုလေးစားကြသောသူများပင်ဖြစ်သည်။ မြတ်စွာဘုရား၏ ဆိုဆုံးမမှုကို လိုက်နာကျင့်သုံးသူများ ဖြစ်ကြသည်။ ထို့ကြောင့် မြတ်စွာဘုရားဟောကြားထားသော ဗြဟ္မစိုရ်တရား လေးပါးကို လိုက်နာကျင့်သုံးနေကြသော ကျွန်တော်တို့ ပရဟိတသမားများ၊ လူမှုရေးအသင်းအဖွဲ့များအား ပိတ်ပင်၊ တားဆီး၊ ဟန့်တားစေလိုသော ဆန္ဒလည်းရှိမည်မဟုတ်။ အမိန့်ထုတ်ပြန်ခြင်းလည်း ပြုမည်မဟုတ်ဟု ကျွန်တော် ထင်မိပါသည်။ ဤသို့ဆိုလျှင် နိုင်ငံတော်တွင် အထက်နှင့် အောက်အကြား "အလယ်ထက်၊ အထက်လယ်"ဆိုတာများ ရှိနေပြီလား မသိတော့ချေ။

ယခု အဆိုးဆုံးဖြစ်ရပ်ကား ခေတ်မီတိုးတက်သော နိုင်ငံတော်ထူထောင်ရာတွင် သတိထားရမည့် လူ့ကျင့်ဝတ်ဖြစ်သော "အမှိုက် စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ခြင်း" လုပ်ရပ်ဆိုးအား ပြည်သူလူထုတို့အား သင်ခန်းစာပေးလိုခြင်း၊ ဥပမာပေးလိုသည့် ဆန္ဒဖြင့် စံပြုအမှိုက်ကောက်ခွင့် ပြုပါရန် တရားဝင် တိုင်း၊ မြို့နယ်များသို့ စာတင်၍ လေးလေးစားစား တင်ပြခဲ့ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခွင့်မပြု၊ 'အထက်အမိန့်အရ' ဟူသော အသုံးအနှုန်းမျိုးဖြင့် ပြန်လည်ပြောဆိုခဲ့ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ မြို့သူမြို့သားများ ပြည်သူလူထုတို့အား "အမှိုက်မကောက်ရ"လျှင် "အမှိုက်ပစ်ကြ အမှိုက်ဖွကြ"ဟု ပြောဆိုမိန့်ကြားသကဲ့သို့ ခံစားခဲ့ကြရသည်။

မည်သို့ဆိုစေကာမူ ကျွန်တော်တို့သည် သမ္မတကြီးအားလည်းကောင်း၊ နိုင်ငံတော်အကြီးအကဲများအားလည်းကောင်း၊ တိုင်းဒေသကြီး အကြီးအကဲများအားလည်းကောင်း ယုံကြည်သည်။ ယခုကဲ့သို့သော လူနေမှုဘဝ မြင့်မားတိုးတက်အောင် သဲတစ်ပွင့်အဖြစ် ပေးဆပ်ထမ်းရွက်နေသော လူမှုရေးအသင်းအဖွဲ့များကို အထက်လူကြီးများအနေဖြင့် ဟန့်တားပိတ်ဆို့ခြင်းများ လုပ်မည်မဟုတ်ချေ။ ထိုသို့ဆိုလျှင် အထက်က ... အထက်ကသည် မည်သူတွေများဖြစ်မည်နည်း။ ပြည်သူလူထု ပရဟိတသမားများအနေဖြင့် "အထက်က" ဟူတိုင်းကြောက်ရန်မလိုချေ။

မြတ်စွာဘုရားနှင့်တကွ ဘာသာပေါင်းစုံတို့၏ ဘုရားသခင်တို့ နှစ်သက်မြတ်နိုး ချီးကျူးသော ပရဟိတစိတ်ဓာတ်များ မွေးဖွားရှင်သန်သူ ဘာသာလူမျိုးမရွေးတို့အတွက် ဘုရားသခင်တို့၏ အလိုဆန္ဒအတိုင်း၊ လူသားချင်း စာနာထောက်ထားသော စိတ်ဓာတ်များ ရှင်သန်ထက်မြက် ကြီးထွားလာရန်သာ "အထက်က" ဆုံးမသြဝါဒ (သို့) ဘုရားသခင်တို့၏ တူညီမျှတသော ငြိမ်းချမ်းရေးသြဝါဒများ ကိုသာ မြေဝယ်မကျ လိုက်နာကျင့်သုံးကြဖို့ပဲ လိုအပ်ပါတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com






# အကြောက်တရားများ ဖယ်ရှားကြ

ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်) ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အများပြည်သူ လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာမရွေးတို့၏ နာရေးကိစ္စ၊ ကျန်းမာရေး ကိစ္စ၊ ပညာရေးကိစ္စ၊ သဘာဝဘေးဒဏ် ကိစ္စ ရပ်များအား (အခမဲ့) ပံ့ပိုး ကူညီခဲ့ရာ ၂၀၀၈ ခုနှစ် တွင် အသင်းမှတ်ပုံတင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။ ၂၀၀၈ ခုနှစ်မှ စ၍ အသင်းမှတ်ပုံတင်အသစ်ပြန်လည်လျှောက်ထားခဲ့သော်လည်း မှတ်ပုံတင်အသစ်ကို ပြည်ထဲရေးဌာနမှ ပြန်လည်ချမှတ်ပေးခြင်း မပြုခဲ့ပေ။ သို့သော် ကျွန်တော်တို့အနေဖြင့် လူသားချင်း စာနာစိတ်ဖြင့်လည်းကောင်း ကူညီဖေးမမှုများကို စဉ်ဆက်မပြတ် လုပ်ကိုင်ပေးဆပ်ခဲ့ရာတွင် သဘာဝဘေးဒဏ် ကယ်ဆယ်ရေးများ သွားရောက်ကူညီရာတွင် သက်ဆိုင်ရာ မြို့နယ်၊ တိုင်း အစိုးရဌာနများ၏ တရားမဝင်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကာ လုပ်ငန်းဆောင်တာများအား ကြန့်ကြာမှုများ၊ ပိတ်ပင်မှုများ၊ ဟန့်တားမှုများ တွေ့ကြုံခဲ့ရသည်။ သို့သော် ကျွန်တော်တို့အနေဖြင့် နိုင်ငံရေးပါတီ ထောင်ထား၊

www.burmeseclassic.com



သော အဖွဲ့အစည်းမဟုတ်ခြင်း၊ နိုင်ငံတော်အား ဖျက်လိုဖျက်ဆီး ပြုလုပ်သူများမဟုတ်ခြင်း၊ နိုင်ငံတော်အစိုးရအား တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီနေသူများဖြစ်ခြင်း၊ လူသားချင်း စာနာထောက်ထားသောစိတ်ဓာတ်ဖြင့် မြတ်စွာဘုရား၏ ဗြဟ္မစိုရ်တရားအား လက်ကိုင်ပြု၍ သီလလုံစွာ ပေးဆပ်နေသော လူမှုရေးသမား များဖြစ်သည်နှင့်အညီ ရဲရဲဝံ့ဝံ့ စွန့်လွှတ်စွန့်စားမှုများစွာဖြင့် ပြည်သူလူထုအပေါ် ပေးဆပ်ခဲ့ကြသည်။

သို့ရာတွင် ကျွန်တော်တို့၏ မှတ်ပုံတင်မကျသေးသော၊ တရားမဝင်သေးသော နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် လာရောက်၍ အသင်းဝင်လိုသော လူမှုရေးသမား လူငယ်လူရွယ် အချို့သည် မိဘအုပ်ထိန်းသူတို့၏ စိုးရိမ်ကြောင့်ကျမှုဖြင့် ထဲထဲဝင်ဝင် အသင်းသားအဖြစ် ဝင်ရောက်လုပ်အားပေးခြင်းတို့ကို မပြုလုပ်နိုင်ခြင်း၊ နာရေးကူညီမှုအသင်း မိမိတတ်စွမ်းသော ပညာရပ်တို့ဖြင့် ကုသိုလ်ယူ လုပ်အားပေးချင်သော ဆရာ၊ ဆရာမများ၊ ကျန်းမာရေးအတွက် ဇီဝိတဒါန ကုသိုလ်ဖြစ်လာရောက်၍ ဆေးဝါးကုသပေးလိုသော ဆရာဝန်ကြီးများတို့သည်လည်း တရားဝင် မှတ်ပုံတင်မကျသေးသည့်အတွက် မိမိတို့၏ လုပ်ငန်းအရပ်ရပ်တို့အား ထိခိုက်မည်ကို စိုးရိမ်နေခြင်း၊ တရားဝင် မှတ်ပုံတင်မကျသေးသော နာရေးကူညီမှုအသင်း (ရန်ကုန်)အား ပြည်တွင်းပြည်ပမှ ကုသိုလ်ရှင် စေတနာရှင်များ၏ အထောက်အကူပစ္စည်းများ၊ အလှူငွေများကို ကိုယ်တိုင်လာရောက် လှူဒါန်းလိုသော်လည်း အကြောင်းတရားဖြင့် ယုဉ်တွဲကာ လူကြုံဖြင့် လက်ဆင့်ကမ်း လှူဒါန်းနေခြင်းတို့ကို များစွာ ကျွန်တော်တို့ ကြုံတွေ့ခဲ့ရသည်။

ယခု ၁၂.၃.၂၀၁၂ ရက်နေ့တွင် အစိုးရရုံးစိုက်ရာ နေပြည်တော်ရှိ ပြည်ထဲရေးရုံးချုပ်မှ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ လုပ်ကိုင်ခွင့်မှတ်ပုံတင်အား ပြန်လည်ချမှတ်ပေးလိုက်ပြီ ဖြစ်သည်။ သက်တမ်းအားဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်သူလူထုတို့အား ပေးဆပ်မှုများ ပြုလုပ်နိုင်တော့မည်ဖြစ်သည်။

ထို့ကြောင့် နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် လုပ်အားပေးလိုသော လူမှုမျိုးဆက်သစ်များ လာရောက် ကုသိုလ်ဖြစ် ပညာသင်ကြားလိုသော ဆရာ/မများ၊ ဆေးဝါးကုသပေးလိုကြသော ဆရာဝန်များနှင့် လာရောက်လှူဒါန်းလိုသော အလှူရှင်များ အားလုံးတို့သည် အကြောင်းတရားအား ပြတ်ပြတ်သားသား ဖယ်ရှားကာ ကုသိုလ်ရေးကိစ္စရပ်များအား ရဲရဲဝံ့ဝံ့ လုပ်ကိုင်နိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ကျော်သူ**

www.burmeseclassic.com

www.burmeseclassic.com



# အမှိုက်ပစ်တာကအစ
# အမှိုက်ကောက်တာကအစ
# အောက်ခြေသိမ်းအထိ
# ပြည်သူတွေ သတိထားဖို့နဲ့
# အသိလေးရှိဖို့
# လိုတယ်ဆိုတဲ့
# ကျော်သူ



**အသိတရားဆိုတဲ့ အရာကို ဦးကျော်သူအနေနဲ့ ဘယ်လိုခံယူချက်တွေနဲ့ အဓိပ္ပာယ်ဖွင့် ဆိုချင်ပါသလဲ။**

မြတ်စွာဘုရား ဟောကြားထားတယ်။ အသိနဲ့သတိ ဒီနှစ်ခုက ယှဉ်တွဲနေတယ်။ ကိုယ်က သတိထားပြီး အသိတရားနဲ့ ဆင်ခြင်ရမယ်။ ကိုယ်လုပ်လိုက်တဲ့အရာက မှားလား မှန်လား၊ ကိုယ်လုပ်ကိုင်နေတာက မှားလား မှန်သလားဆိုတာကို အသိ၊ သတိလေးနဲ့ ယှဉ်တွဲပြီး လုပ်သင့်တယ်။ လူမှုရေးပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ နိုင်ငံရေးပဲလုပ်လုပ် အသိ သတိဆိုတာက လူသားတိုင်း လိုက်နာကျင့်သုံးရမယ့် စကားလုံးနဲ့ ကျင့်ဝတ်လည်းဖြစ်တယ်။

**ကိုယ်ပိုင် အသိဉာဏ်ဆိုတာ လူ့ဘဝကို ဖြတ်သန်းတဲ့အခါမှာ ဘယ်လောက်အထိ လိုအပ်တယ်လို့ ထင်ပါသလဲ။**

ကိုယ်ပိုင်အသိဉာဏ်ဆိုတာကတော့ လူရယ်လို့ဖြစ်လာပြီး လူလားမြောက်လာပြီ၊ အရွယ်ရောက်လာပြီဆိုရင် ဒီအသိဉာဏ်က အရေးကြီးတယ်။ ဆင်ခြင်တုံတရားပေါ့။ ငယ်ရွယ်စဉ် ကလေးဘဝဆိုတာတော့ ဘာမှမသိဘူး။ လုပ်သင့်လုပ်ထိုက်တဲ့အရာတွေ၊ သွားသင့် မသွားသင့်၊ စားသင့် မစားသင့်တဲ့အရာလေးတွေကအစ လူကြီးမိဘတွေကနေ ကိုယ့်ကလေးငယ်တွေကို ထိန်းကျောင်းပေးရမယ်။ ရှေ့ကနေပြီး ဦးဆောင်ဦးရွက် ပြုလုပ်ပြရမယ်။ ဒါမှ ဒီကလေးတွေက အသိဉာဏ်ကြွယ်ဝပြီး အကျိုးပြုလုပ်ငန်းတွေမှာ လုပ်နိုင်မယ်လို့ထင်တယ်။

**တချို့မိဘတွေက သားသမီးကို စိတ်မချဘူးဆိုပြီး ဘယ်မှ မသွားခိုင်း မလာခိုင်းဘဲ အိမ်ထဲမှာပဲ နေခိုင်းကြတယ်။ ဒီကလေးက ကိုယ့်ဘဝလမ်းကို လျှောက်တဲ့အခါ အန္တရာယ်ကြုံလာရင် မဖြေရှင်းတတ်တော့ဘူး။ အဲဒီတော့ မိဘတွေအနေနဲ့ ကိုယ့်သားသမီးမှာ ကိုယ်ပိုင်အသိဉာဏ်လေးတွေ ဖွံ့ဖြိုးအောင် ဘယ်လိုမျိုးများ ဆုံးမသွန်သင်သင့်ပါ သလဲ။**

မိဘတွေက စိတ်မချဘူးဆိုပြီး အိမ်ထဲပဲ ထည့်ထားတယ်။ ဘယ်မှလည်း မသွားနိုင်ဘူး ဆိုရင် ဒီကလေးက အရွယ်ရောက်လာပြီး လူကြီးဖြစ်လာတဲ့အခါကျရင် ဒီလူက တာကယ့်ကို

www.burmeseclassic.com

www.burmeseclassic.com





စိတ်မချစရာကောင်းတဲ့ လူတစ်ယောက်ဖြစ်လာမှာပဲ။ မိဘက စိတ်မချလို့ မသွားခိုင်းဘူး၊ မလွှတ်ဘူး၊ မပြောခိုင်းဘူးဆိုရင်တော့ တကယ့်ကို စိတ်ချရတဲ့ လူတစ်ယောက်ဖြစ်လာမှာ မဟုတ်ဘူး။ လွှတ်ပေးသင့်တာ လွှတ်ပေးရမယ်။ သွားသင့်တာကို သွားခိုင်းရမယ်။ ဒီဟာကတော့ သူ့အသက်အရွယ်နဲ့သူ လုပ်သင့်တာကို လုပ်ခိုင်းရမယ်။ နိုင်ငံခြားမှာဆိုရင် ကလေးငယ်တွေကို မူကြို အဆင့်မှာ စာတောင် မသင်ပေးသေးဘူး။ သုံးတန်းအရွယ်လောက်မှ စာစသင်တယ်။ မူကြို အဆင့်မှာက လူတစ်ယောက်ရဲ့ ရပ်တည်မှု၊ သွားတာ၊ စားတာ၊ သောက်တာ၊ သန့်ရှင်းရေး လုပ်တာ၊ ရေချိုးခန်း အိမ်သာသွားတာကအစ ကလေးတွေကို Training လုပ်ပေးထားတော့ ပြင်ပနိုင်ငံက ကလေးတွေက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အတွေးအခေါ်တွေ မြင့်မားပြီး ထက်မြက်ကြတယ်။ လွှတ်ပေးသင့်တဲ့အချိန်မှာတော့ လွှတ်ပေးရမှာပဲ။ စာသင်တဲ့အရွယ်ဆိုပြီး စာချည်းပဲ အလွတ်ကျက်ခိုင်းနေလို့ မဖြစ်ဘူး။ အသိဉာဏ်တိုးပွားဖို့ကလည်း လိုသေးတယ်။ အသိဉာဏ်တိုးပွားမှသာ လူ့ဘဝသက်တမ်းမှာ လူ့လောကကြီးအတွက် အားလုံး အဆင်ပြေမှာပါ။

**အခုခေတ်ကလေးတွေက တစ်နေကုန်ကို စာတွေပဲသင်နေရတယ်။ ကျောင်းပြီးတာနဲ့ ကျူရှင်က တက်ရသေးတယ်။ အဲဒီတော့ ပြင်ပဗဟုသုတ အသိဉာဏ်တွေကို လေ့လာဖို့ ကလေး တွေမှာ အချိန်မရှိဘူး။ အဲဒီတော့ ကျောင်းက ဆရာ၊ ဆရာမတွေ အနေနဲ့ ကလေးတွေ ပြင်ပ ဗဟုသုတ အသိဉာဏ်တွေရှိအောင် ဘာတွေလုပ်ပေးသင့်တယ်ဆိုတာကို ပြောပြပေးပါလား။**

ပညာရေးနဲ့ပတ်သက်ပြီး မြန်မာပြည်ပညာရေး သင်ကြားမှုစနစ်က အကုန်ပြောင်းပစ်မှ ရမှာ။ မူလတန်းအရွယ် ကလေးကအစ ပြောင်းလဲပြီးတော့ သင်ရိုးညွှန်းတမ်းရော သင်ပုံ သင်နည်းပါ ပြောင်းလဲဖို့လိုတယ်။ ပြင်ပနိုင်ငံတွေမှာဆိုရင် ကျွန်တော့်မြေးလေး အခုဆို တစ်တန်းတက်တော့မယ်။ အဲဒီအတွက် ကျောင်းမှာ သူ့ဘာသာသူ အင်တာဗျူး သွားလုပ် ရတယ်။ မိဘတွေ မလိုက်ရဘူး။ သူ့အင်တာဗျူး သူဖြေပြီးမှ ကျောင်းတက်ခွင့်ရှိတယ်။ ဒါမှ ကလေးတွေက ပြောရဲဆိုရဲဖြစ်လာတယ်။ လုပ်ရဲကိုင်ရဲရှိလာတယ်။ ဘယ်ဟာမှားတယ်၊ မှန်တယ် ဆိုတာကို ဝေဖန်သုံးသပ်လာနိုင်တယ်။ မြန်မာပြည်မှာ ပညာရေးစနစ်တွေ ပြောင်းလဲမယ်။ တက္ကသိုလ်ကြီးတွေ ဖွင့်မယ်ဆိုရုံနဲ့ ပညာရေးက တိုးတက်လာမှာ မဟုတ်ဘူး။ မူလတန်းကြို အဆင့် ကလေးတွေကနေစပြီး သင်ရိုးညွှန်းတမ်းတွေ ပြောင်းရမယ်။ ကျွန်တော်တို့ဆီမှာ အခု ပြင်ပနိုင်ငံ ဩစတြေးလျကလာတဲ့ ကလေးတွေရဲ့ပညာရေးနဲ့ပတ်သက်ပြီး ဘွဲ့ရထားတဲ့ ဆရာမ က ကျွန်တော်တို့ဆီမှာ သူ့ရဲ့ သင်ရိုးညွှန်းတမ်းတွေနဲ့ နွေရာသီသင်တန်းဆိုပြီး ကလေးတွေကို လာသင်ပေးတယ်။ သူတို့ရဲ့ ပညာသင်စနစ်က အများကြီး ပြောင်းလဲသွားပြီ။ ဥပမာ ပန်းသီးပုံ ကို ဆေးခြယ်ကြဆိုရင် ကလေးတွေက အစိမ်းရောင်ခြယ်ရင် ခြယ်မယ်။ အညိုရောင် ခြယ်ရင် ခြယ်မယ်။ အနီရောင်ခြယ်ရင် ခြယ်မယ်။ သူ့စိတ်ထဲမှာရှိတဲ့အတိုင်း ခြယ်မှာပဲ။ အဲဒါကို မင်း ပန်းသီးကို ဘာဖြစ်လို့ အညိုရောင်ခြယ်ရတာလဲ၊ ပန်းသီးဆိုတာ အနီရောင် ဖြစ်ရမယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com




ကလေးကို ဆူလို့မရဘူး။ အညိုရောင်ကြီးတောင် ဖြစ်သွားပြီနော်၊ အစိမ်းရောင်ခြယ်ထားတယ်ဆိုရင်လည်း သမီးရဲ့ပန်းသီးက စားလို့မရသေးဘူး။ အစိမ်းကြီးဖြစ်နေတယ်။ အနီရောင်ခြယ်ထားတယ်ဆိုရင်လည်း သမီးရဲ့ပန်းသီးက စားလို့ရပြီ၊ အရမ်းကောင်းမှာပဲဆိုပြီး စသည်ဖြင့် ကလေးတွေရဲ့စိတ်ကို ဆိုက်ကို နည်းပညာနဲ့ တွဲသင်ကြတယ်။ အဲဒီလို သင်ရိုးညွှန်းတမ်းတွေကအစ အရမ်းအရေးကြီးတယ်။ မြန်မာပြည် ပညာရေးအတွက်ကတော့ ကလေးငယ်တွေကအစ သင်ပုံသင်နည်း၊ သူတို့ကို ဆက်ဆံရေးကအစ ပြောင်းလဲဖို့ အချိန်ရောက်နေပြီ။

**ကိုယ်ပိုင်အသိဉာဏ်ရှိဖို့အတွက်ကို ကိုယ်ကိုယ်တိုင်ကကော ဘယ်လိုလေ့လာသင်ယူမှုတွေ လုပ်သင့်ပါသလဲ။**

ကိုယ်ပိုင်အသိဉာဏ်ရဖို့အတွက်က ကိုယ်တိုင်လေ့လာဖို့လိုတယ်။ စာများများဖတ်ရမယ်။ ပတ်ဝန်းကျင်ကို လေ့လာရမယ်။ ကျွန်တော်ဆိုရင် အရင်တုန်းက ပြည်ပခရီးသွားရင် မင်းသားတစ်ယောက်အနေနဲ့ နိုင်ငံခြားမင်းသား၊ မင်းသမီးတွေ ဘယ်လိုဝတ်တယ်၊ လူနေမှုစနစ်က ဘယ်လို၊ Fashion ပစ္စည်းတွေကအစ လေ့လာတယ်။ အခုဆိုရင် လူမှုရေးအလုပ်တွေလုပ်နေတယ်။ နာရေးအလုပ်တွေ လုပ်နေတဲ့အတွက် ဘယ်နိုင်ငံသွားသွား ကျွန်တော် သင်္ချိုင်းကုန်းကို လေ့လာတယ်။ သင်္ချိုင်းကုန်းကို လေ့လာတဲ့အခါ လူတွေကို ဘယ်လိုသံဝေဂရအောင်လုပ်ထားသလဲဆိုတာကို ကိုယ်ကိုယ်တိုင် လေ့လာတယ်။ ဒါမှလည်း အကျိုးရှိမှာ။ ကြည့်ပြီးတော့ ဟိုငေးဒီငေးနဲ့ ခေါင်းထဲလည်းမထည့်၊ တွေးခေါ်မှုလည်း မရှိဘူးဆိုရင်တော့ အမြင်သက်သက်ပဲ။ ဒီအမြင်က ခဏလေးနဲ့ ပျောက်သွားမှာပဲ။ ကိုယ်မြင်လိုက်တဲ့ အရာဝတ္ထုတစ်ခု၊ ဥပမာ သုသာန်မှာ အရိုးအိုးအတွက် မြေကွက်လေးတွေ ထားထားတယ်။ ဘာကြောင့် ဒီလိုမျိုးထားတာလဲ၊ မြေနေရာလည်း ခြိုးခြံချွေတာတဲ့အနေနဲ့ အမှတ်တရလေးလည်းဖြစ်အောင် သပ်သပ်ရပ်ရပ်နဲ့ ထားတယ်။ သေဆုံးသွားတဲ့သူက စာဖတ်တာကို ဝါသနာပါတယ်ဆိုရင် သူ့ရဲ့အရိုးအိုးနားမှာ စာအုပ်ပုံစံ ကျောက်ရုပ်ကလေးလုပ်ပေးတယ်။ တချို့သုသာန်တွေဆို ရင် သံဝေဂရစရာပြတိုက်တွေ လုပ်ထားတယ်။ မကောင်းမှုလုပ်တယ်ဆိုရင် ဘယ်လိုဖြစ်မယ်၊ အကုသိုလ်လုပ်တယ်ဆိုရင် ဘယ်လိုငရဲကျမယ် ဆိုတာမျိုးတွေ ပြထားတယ်။ ဒါတွေက ကိုယ်က ယူတတ်မှရမှာ၊ မယူတတ်ရင်တော့ ရမှာမဟုတ်ဘူး။

**အခုခေတ်က အရင်ခေတ်တွေနဲ့မတူဘဲ နေရာတိုင်းမှာ အန္တရာယ်တွေက တွေ့လာနိုင်တော့ ဒါတွေကို ဖြေရှင်းတတ်ဖို့အတွက် ဘယ်လိုမျိုး အသိဉာဏ်တွေရှိဖို့ လိုအပ်ပါသလဲ။**

ဒီနေရာက ကောင်းတယ်၊ မကောင်းဘူး၊ လုပ်သင့်တယ်၊ မလုပ်သင့်ဘူးဆိုတာကို ကိုယ်တိုင်ဆုံးဖြတ်ရမှာ။ ကိုယ့်ရှေ့မှာ ကြုံတွေ့ခဲ့တဲ့ လူတွေ၊ အကြောင်းအရာတွေကို ကြည့်ပြီး သေချာစဉ်းစားဆုံးဖြတ်ရမယ်။ ဒီလိုဆုံးဖြတ်နိုင်ဖို့အတွက် ကိုယ်တိုင်က လေ့လာမှုလုပ်ဖို့လိုတယ်။ သူများတွေ့ကြုံတဲ့ အဖြစ်အပျက်ကိစ္စနဲ့ ပြဿနာတွေက ကိုယ်တိုင်လည်း ကြုံလာနိုင်တယ်။ အဲဒီအတွက် သူများတွေရဲ့အဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး ကိုယ်တိုင်ကြုံတဲ့အခါမှာ ဖြေရှင်းတတ်ဖို့လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com





**တချို့လူငယ်တွေက ကိုယ်သွားရမယ့်လမ်းက အန္တရာယ်ရှိလားဆိုတာကို သေချာမစဉ်းစားဘဲ တစ်ဇွတ်ထိုးလုပ်တာတွေရှိတယ်။ အဲဒီအပေါ် ဦးကျော်သူရဲ့အမြင်ကို ပြောပြပေးပါလား။**

အဲဒါကတော့ တစ်ဇွတ်ထိုးလုပ်တာပဲ။ တစ်ဇွတ်ထိုးလုပ်တယ်ဆိုရင် မှားမှာပဲ။ ကောင်းတဲ့အရာတွေဖြစ်သွားတာက အင်မတန်နည်းတယ်။ ဇွတ်လုပ်မယ်ဆိုရင် မကောင်းတဲ့ အန္တရာယ်ကြုံမှာ သေချာတယ်။ လူတစ်ယောက်က ဒီဟာကို တားမြစ်ထားတယ်။ မသွားရဘူး၊ မလုပ်ရဘူးဆိုတာကို ဇွတ်လုပ်ပြီး ထိပ်တိုက်တွေ့မယ်ဆိုပြီး လုပ်တယ်ဆိုရင် ကိုယ့်ဘက်က အထိအခိုက်ရှိမှာပါ။ ဥပမာ နယ်မြေတစ်ခု။ အဲဒီနယ်မြေကိုသွားရင် အန္တရာယ်ရှိတယ်လို့ ပြောထားတယ်။ အဲဒါကို ရတယ်ကွာ ငါကတော့ စွန့်စားတာကို ဝါသနာပါတယ်ဆိုပြီး ဘာပဲဖြစ်ဖြစ် ချမယ်ဆိုပြီး သွားတယ်။ သွားတဲ့အခါ ကိုယ့်မှာ ထိခိုက်မှုတွေရှိမယ်၊ သေချင်သေနိုင်တဲ့အထိ ဖြစ်သွားနိုင်တယ်။ ဒါက ကိုယ့်ရဲ့ တလွဲဆုံးဖြတ်ချက်ပဲ။ ဘာပဲလုပ်လုပ် အရေးကြီးတာက ချင့်ချိန်ပြီးတွေးရမယ်၊ စာနာစိတ်ထားရမယ်။ ကိုယ်ချလိုက်တဲ့ ဆုံးဖြတ်ချက်တစ်ခုက တခြားသူတွေအတွက်ကော ထိခိုက်မှုရှိနိုင်သလားဆိုတာကို ကိုယ်ချင်းစာစိတ်ကလေးနဲ့ တွေးပေးရမယ်။ မဟုတ်ဘူး။ ငါ စည်းကမ်းအတိုင်း လိုက်နာမယ်ဆိုရင်တော့ မကောင်းဘူး။ တဇွတ်ထိုးလုပ်တာက မကောင်းဘူး။ ကျွန်တော်တို့လည်း တစ်ချိန်တုန်းက တဇွတ်ထိုးလုပ်ခဲ့တာပဲ။ ဖြစ်ချင်တာဖြစ်ဆိုပြီး အရက်သောက်ရင် မူးမှန်းသိတယ်။ မူးယစ်ဆေးသုံးရင် ဒုက္ခရောက်မယ်ဆိုတာ သိတယ်။ ဒါကို ဇွတ်လုပ်မိတာပဲ။ နောက်ဆုံးတော့ ကိုယ်ပဲ နစ်နာတာပဲ။ တားမြစ်ချက်ဆိုတာက မလုပ်သင့်လို့ တားတာ၊ မလုပ်သင့်တာကို မလုပ်ရဘူး။ မတရားတားမြစ်မှု၊ မတရားပိတ်ဆို့မှုတွေကိုတော့ ကျွန်တော်တို့က အမှန်တရားကို လက်ကိုင်ထားပြီး ရင်ဆိုင်ရမှာပဲ။ ကိုယ့်ကိုတားတဲ့အရာက ကိုယ်ဆိုးဖို့လား၊ ကောင်းဖို့လား၊ ဒါကိုတော့ တွက်ဆရမယ်။ ကိုယ်ကောင်းဖို့အတွက် တားတယ်ဆိုရင်တော့ မလုပ်သင့်ဘူး။ ဒီ တားမြစ်ချက်ကြောင့် ကိုယ့်ဘဝကြီး ဒုက္ခရောက်နိုင်တယ်။ ပြည်သူတွေ ဒုက္ခရောက်နိုင်တယ်။ ဥပမာ အစိုးရနဲ့ ပြည်သူ၊ အစိုးရကနေ ဟိုဟာမလုပ်ရဘူး ဒီဟာမလုပ်ရဘူးလို့ တားမြစ်တယ်။ ဒါကို ကိုယ်တို့က ဇွတ်လုပ်တယ်ဆိုရင် ကိုယ်တို့ပဲ နစ်နာမှာ၊ ကိုယ်တို့ပဲ ထိခိုက်မှုရှိတယ်။ တချို့ကိစ္စလေးတွေကျတော့ လုပ်သင့်ရင်လည်း ရင်းရမယ့်အရာလေးတွေရှိတယ်။ ပုံသေ တစ်သမတ်တည်း ပြောလို့မရဘူး။ ကိုယ့်အတွက် ကောင်းမယ်၊ လောကကြီးအတွက် ကောင်းမယ်၊ ပြည်သူတွေအတွက် ကောင်းမယ်ဆိုရင် အနစ်နာခံပြီးတော့ ရင်းသင့်ရင် ရင်းရမှာပဲ။

**တချို့သောကိစ္စရပ်တွေမှာ ကိုယ့်ဘက်က မှန်နေပေမယ့် သူများတစ်ဝက်သားတွေ အတွက် မှားချင် မှားနိုင်တယ်။ ဒါမျိုးတွေကိုကော လုပ်သင့်ပါသလား။**

သူများအတွက် နစ်နာမယ်ဆိုရင် ပရဟိတသမားတစ်ယောက်အနေနဲ့ ပြောရရင်တော့ အများနစ်နာမယ့် ကိစ္စတွေဆိုရင်တော့ မလုပ်သင့်ဘူး။ စီးပွားရေးသမားဆိုရင်တော့ အတ္တ

www.burmeseclassic.com

www.burmeseclassic.com





ထူထောင်ဖို့အတွက် ကိုယ့်ပစ္စည်းရောင်းရဖို့အတွက် ဒါမျိုးဆိုရင် အတ္တသမားကတော့ လုပ်မှာ ပဲ။ နောက်ပိုင်း အကျိုးပေးကျတော့ အတ္တသမားပဲ ဒုက္ခရောက်မှာပဲ။

**တချို့ကျတော့ သူငယ်ချင်းတွေက မြှောက်ပေးလို့ အရက်သောက်တယ်။ ဆေးလိပ်သောက်တယ်။ မူးယစ်ဆေးသုံးကြတာတွေ ရှိကြတယ်။ ဒါတွေကို မလုပ်မိဖို့အတွက် ဘယ်လို ရှောင်ရှားမှုတွေနဲ့ စဉ်းစားဆင်ခြင် ဆုံးဖြတ်သင့်ပါသလဲ။**

ဒါကတော့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ပဲ ဆိုင်တယ်။ သူများက အရက်သောက်ဖို့ မြူဆွယ်တယ်။ မူးယစ်ဆေးသုံးဖို့ ဆွဲဆောင်တယ်။ ဒါတွေကို သူများမြှောက်ပေးလို့ လုပ်တယ်ဆိုတာက လည်း ကိုယ်နဲ့ပဲဆိုင်ပါတယ်။ ကိုယ်တိုင်က မကောင်းတဲ့အရာကို သွားပြီး သာယာမယ်ဆိုရင် ကိုယ်ပဲ ဒုက္ခရောက်မှာပဲ။ ကျွန်တော်လည်း အခု ဆေးလိပ်သောက်တယ်။ ဖြတ်ချင်တယ်၊ ဒါပေမဲ့ မဖြတ်နိုင်သေးဘူး။ ဒီဆေးလိပ်က မကောင်းဘူးဆိုတာကို သိတယ်။ သိလျက်နဲ့ လုပ်နေ တဲ့အတွက် အသက်ရှည်မှာ မဟုတ်ဘူး။ အရက်၊ မူးယစ်ဆေးဝါးလည်း မကောင်းဘူးဆိုတဲ့ အရာကတော့ လူတိုင်းသိကြတာပဲ။ ဒါကတော့ ကိုယ့်အပေါ်မှာပဲ မူတည်တယ်။ ဒီ မကောင်း တဲ့အရက်ကိုလုပ်ဖို့ ဆွဲဆောင်တဲ့သူမှာလည်း အပြစ်ရှိတယ်။

**အကြောင်းအရာတစ်ခုကို သေချာမစဉ်းစားဘဲ သူများပြောတိုင်း ယုံပြီး လိုက်လုပ်ကြတယ်။ တကယ် ပြဿနာနဲ့ကြုံတဲ့အခါ ကိုယ်က ဘာမှမသိဘဲ ခံလိုက်ရတာတွေရှိတယ်။ အဲဒီလိုမဖြစ်အောင် ကိုယ်တိုင်က ဘယ်လိုလေ့လာမှုတွေနဲ့ အသိဉာဏ်တွေ လိုအပ်ပါ သလဲ။**

အဲဒါကတော့ တွေးတောမှုပေါ့။ ကိုယ့်ရဲ့ အသိဉာဏ်နဲ့ ဗဟုသုတအပေါ် မူတည်တယ်။ လူတစ်ယောက်ကနေ ရန်ကုန်မြို့ နေရာတစ်နေရာမှာ မီးလောင်နေတယ်ဆိုပြီး လုပ်ကြံပြီး တော့ပဲ ပြောပြော၊ ကောလာဟလအနေနဲ့ပဲပြောပြော အဲဒါကို ကိုယ်တို့က ဖြစ်နိုင်၏၊ မဖြစ်နိုင်၏၊ ဆိုတာကို စဉ်းစားဆုံးဖြတ်ရမယ်။ ကောလာဟလဆိုတာကလည်း အင်မတန် ကြောက်စရာ ကောင်းတဲ့ စကား။ ကောလာဟလကြောင့် လူတွေအများကြီး အသက်ဆုံးရှုံးရတယ်။ ဒုက္ခ ရောက်ကြရတာတွေလည်း အများကြီး။ ကိုယ့်ရဲ့ဆင်ခြင်တုံတရားနဲ့ ဒီကိစ္စက မှန် မမှန်၊ ဒီစကား ကို နားထောင်လိုက်တဲ့အတွက် ကိုယ့်မှာ ဘယ်လောက်အထိ အကျိုးရှိနိုင်မလဲဆိုတာကို ကိုယ်တိုင်သုံးသပ်ရမယ်။ ဆင်ခြင်ရမယ်။ ဒီဟာက အသိဉာဏ်ပိုင်း။ ကိုယ့်အတွေ့အကြုံပိုင်းနဲ့ သင်ခန်းစာယူပြီး မှန်၏၊ မမှန်၏ဆိုတာ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ရမှာပဲ။

**ကိုယ်ပိုင်အသိဉာဏ်မရှိဘဲ အရာရာမှာ သူများအားကိုးပြီး သူများပြောတိုင်းယုံတဲ့ သူတွေရဲ့ဘဝမှာ ဘာတွေများ ဖြစ်လာ နိုင်ပါသလဲ။**

အဲဒါကတော့ လူဖြစ်ရှုံးတာပေါ့။ လူ့ဘဝမှာ လူဖြစ်တယ်ဆိုရင် အရာရာကိုသိထားမှ တော်ကာကျမှာ။ စီးပွားရေးလောကမှာပဲဖြစ်ဖြစ်၊ အနုပညာလောကမှာပဲဖြစ်ဖြစ် အားလုံး မသိရင်တောင်မှ အပေါ်ယံ သဘောတရားတွေကိုတော့ သိထားဖို့လိုတယ်။ ဥပမာတစ်ခု

www.burmeseclassic.com

www.burmeseclassic.com





ပြောရရင် ရုပ်ရှင်ကြည့်တဲ့အခါ မင်းသားနဲ့ လူကြမ်းတို့ လက်သီးထိုးကြရင် လူကြမ်းက မင်းသားကို ဓားနဲ့ထိုးလိုက်တယ်။ မင်းသားက သွေးတွေထွက်ပြီး လဲကျသွားတယ်။ ဒါကို သေပါပြီဆိုပြီး ဝမ်းနည်းကြတယ်။ ဒါတွေက ကိုယ့်ရဲ့စိတ်ကို လှည့်ဖြားမှုတွေပါပဲ။ အဲဒီ အစွဲလမ်းကြီးကိုတော့ မထားသင့်ဘူး။ သူများပြောတိုင်း ယုံတယ်ဆိုတာကတော့ ဒါ လူဖြစ်ရှုံးတဲ့သူပဲ။ လောကကြီးမှာ ဆန်ကုန်မြေလေးပဲ။ အဲဒီတော့ လောကကြီးမှာ ဆန်ကုန်မြေလေးတွေမဖြစ်အောင် သိသင့်သိထိုက်တာတွေ၊ လုပ်သင့်လုပ်ထိုက်တာတွေ၊ အတွေ့အကြုံတွေကို လေ့လာရမယ်။

**တချို့သော မိဘတွေက ကလေးတွေကိုမေးတဲ့ မေးခွန်းတွေကို နင်တို့နဲ့မဆိုင်ဘူးဆိုပြီး မဖြေကြတာတွေရှိတယ်။ ဒါမျိုးတွေကကော ဖြစ်သင့်ပါသလား။**

ကလေးတွေမေးတဲ့ အရာတွေကို မိဘတွေအနေနဲ့ သေချာဖြေပေးဖို့တော့ လိုတယ်။ ဒါမှလည်း ကလေးတွေက အသိဉာဏ်ကြွယ်ဝပြီး တွေးခေါ်တတ်လာမယ်။ ကလေးတွေ မေးတဲ့ မေးခွန်းကို ဖြေတတ်ဖို့ကလည်း မိဘတွေဘက်က လေ့လာမှုရှိဖို့လိုတယ်။ ကိုယ်တို့ထက်ကို သူတို့က သာနေပြီ။ အဲဒီတော့ ကလေးတွေကို ထိန်းကျောင်းတဲ့အခါ မှာ ကိုယ့်ရဲ့အတွေ့အကြုံနဲ့ ဗဟုသုတအရ ဒီကိစ္စက ကောင်းတယ်၊ မကောင်းဘူးဆိုတာကို အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြသင့်တယ်။ အဲဒီလိုမဟုတ်ဘူးဆိုရင် ကလေးတွေက ကိုယ်တို့ကို အထင်အမြင်သေးတဲ့ လူတစ်ယောက် ဖြစ်သွားနိုင်တယ်။ မိဘတွေအနေနဲ့ ကလေးတွေ သိချင်တာကို ဖြေပေးတဲ့ အတွက် သူတို့လေးတွေအတွက် သင်ခန်းစာရတယ်။ ဥပမာ မျဉ်းကျားကနေ ဘာကြောင့် လမ်းဖြတ်ကူးတာလဲ၊ ဒီကကူးလည်း ရတာပဲလို့ ကလေးကပြောရင် ဒါက လမ်းစည်းကမ်း သတ်မှတ်ထားတာ၊ မျဉ်းကျားကကူးရင် ယာဉ်အန္တရာယ်ကင်းရှင်းတယ်။ ထိခိုက်မှု မဖြစ်နိုင်ဘူး။ မျဉ်းကျားမှာဆိုရင် ကားတွေက ရပ်ပေးတယ်။ ဖြည်းဖြည်းမောင်းတယ်။ အဲဒီလိုမျိုး ကလေးကို သေသေချာချာ စိတ်ရှည်ရှည်နဲ့ ရှင်းပြပေးဖို့လိုတယ်။ ကိုယ်က ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ်၊ ဘယ်လောက်ပဲ စိတ်တိုနေသည်ဖြစ်စေ ကလေးတွေနဲ့ ပတ်သက်ရင်တော့ ကိုယ့်ရဲ့စိတ်က အဖြူထည်အတိုင်း ဆက်ဆံသင့်တယ်။

**မိန်းကလေးတစ်ယောက်အတွက် အခုခေတ်မှာ အိမ်ထဲမှာကော အပြင်မှာပါ အန္တရာယ်တွေ ကြုံလာနိုင်တော့ ဒီအန္တရာယ်တွေကို ကာကွယ်နိုင်ဖို့အတွက် မိန်းကလေးတစ်ယောက်အနေနဲ့ ဘာတွေကို သိရှိနားလည်ထားသင့်ပါသလဲ။**

ကိုယ့်အတွက် လုံခြုံရေးကတော့ မိန်းကလေးပဲဖြစ်ဖြစ်၊ ယောကျ်ားလေးပဲဖြစ်ဖြစ် အခုခေတ်မှာက အန္တရာယ်တွေက ရှိနေတာချည်းပဲ။ ဒီအန္တရာယ်တွေကို အန္တရာယ်လို့ မသတ်မှတ်ဘဲ သွားရင်တော့ ကိုယ့်ဘဝအတွက် အန္တရာယ်အကြီးမားဆုံး ဖြစ်သွားမှာပဲ။ ကိုယ်ဒီလို ဝတ်တယ်၊ ဒီလိုသွားတယ်ဆိုရင် ဘယ်လိုအန္တရာယ်တွေ ရှိနိုင်တယ်ဆိုတာ တွေးတတ်ဖို့ လိုတယ်။ ကျွန်တော်တို့အဖွဲ့မှာ အလုပ်လုပ်တယ်ဆိုရင် ဒါတွေလုပ်တဲ့အတွက် ဆိုးကျိုး ကောင်းကျိုး ဘာတွေရှိသလဲဆိုတာကို ကြိုပြီးတွက်ရမယ်။ ဆိုးကျိုးကို အရင်ဆုံး စဉ်းစားရမယ်။

www.burmeseclassic.com

www.burmeseclassic.com





ဒီဆိုးကျိုးတွေကို ကြုံလာတဲ့အခါ ဘယ်လိုဖြေရှင်းရမလဲ ဆိုတာကို ခေါင်းထဲမှာ သေချာအကွက်ချပြီး စဉ်းစားရမယ်။ ဒါမှလည်း ဖြစ်လာတဲ့ ပြဿနာတွေကို ကာကွယ်နိုင်မှာလေ။ မိန်းကလေး တစ်ယောက်ထဲ အိမ်ထဲမှာနေလို့လည်း စိတ်မချရဘူး။ အိမ်ထဲမှာ အင်တာနက်သုံးနေတော့ အင်တာနက်ကနေ အသက်အန္တရာယ်နဲ့ ကြုံတွေ့ရတဲ့သူတွေလည်း ရှိနေတော့ ဒါတွေကို သတိနဲ့ ယှဉ်ပြီး တော့ ကိုယ့်အန္တရာယ်ကိုယ် ကာကွယ်သင့်တယ်။

**အင်တာနက်သုံးကြပြီး အင်တာနက်ကနေတစ်ဆင့် အလိမ်ခံရတာတွေ၊ လူသတ်မှုတွေအထိ ဖြစ်တာကို ခဏခဏ ကြားရတော့ အင်တာနက်သုံးတဲ့အခါ ဘယ်လိုခံယူချက်၊ ဘယ်လို အသိဉာဏ်တွေနဲ့ယှဉ်ပြီး သုံးသင့်ပါသလဲ။**

အင်တာနက်သုံးတဲ့အခါ ဘယ်အရာကိုဖတ်ရင် ကိုယ့်အတွက် အကျိုးရှိမယ်၊ ကိုယ့်မိသားစုအတွက် အကျိုးရှိမယ်၊ ကိုယ့်နိုင်ငံအတွက် အကျိုးရှိရမယ်၊ ဒါမျိုးတွေကို လေ့လာရမယ်။ တင်သမျှစာတွေကို လိုက်ဖတ်နေရင်တော့ ရူးသွားမှာပဲ။ ကျွန်တော်တို့ဆို အခု စာအုပ်တောင် သိပ်မဖတ်ဖြစ်တော့ဘူး။ အင်တာနက်ကနေပဲ ဆောင်းပါးတွေ၊ သတင်းတွေ ဖတ်တယ်။ ဒါမှလည်း ကမ္ဘာမှာ ဘာတွေဖြစ်နေလဲဆိုတာကို သိရမှာ။ တခြားနိုင်ငံက ဘာလုပ်လို့ ငါတို့လိုက်လုပ်မယ်ဆိုတာလည်း မဖြစ်သင့်ဘူး။ ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုက်ညီတာကိုပဲ အသုံးပြုသင့်တယ်။

**လူငယ်တွေကြားထဲမှာ တက်တူးထိုးတာတွေ ခေတ်စားလာတာကို တွေ့ရတယ်။ တချို့မိန်းကလေးတွေဆိုရင် မတော်တရော်နေရာတွေမှာ တက်တူးတွေ ထိုးကြတယ်။ ဒါတွေက ဖြစ်သင့်ပါသလားဆိုတာကို ပြောပြပေးပါလား။**

တက်တူးထိုးတယ်ဆိုတာက ဟိုးရှေးတုန်းက မြန်မာယောကျ်ားမှန်ရင် ဆေးမင်ကြောင် ရှိကြတယ်။ အဲဒီတုန်းက စုတ်နဲ့ထိုးထားတာ။ ဒါက သတ္တိကိုပြတဲ့အနေနဲ့ ထိုးကြတာ။ ထိုးကွင်း ဘယ်လောက်ရှိတယ်ဆိုရင် သတ္တိဘယ်လောက်ရှိတယ်ပေါ့။ အခုကတော့ Fashion အနေနဲ့ ထိုးကြတယ်။ ထိုးတာကိုတော့ အပြစ်လို့ မပြောချင်ပေမယ့် မိန်းကလေးတွေအနေနဲ့ ထိုးတာကိုတော့ ပြောချင်တယ်။ ချက်မှာပဲထိုးထိုး၊ ချက်အောက်မှာပဲထိုးထိုး ထိုးပြီးရင် လူမြင်စေချင်တဲ့အတွက် ချက်ပေါ်အောင်ဝတ်ကြတယ်။ ဒါမျိုးတွေကိုတော့ ဆင်ခြင်သင့်တယ်။ ပြီးတော့ တက်တူးထိုးတယ်ဆိုတာ သေရာပါမယ့်ကိစ္စ၊ လုပ်သင့် မလုပ်သင့်ဆိုတာကိုတော့ ကိုယ့်အသိဉာဏ်နဲ့ စဉ်းစားဖို့ပဲလိုတယ်။

**တချို့သော ကျေးရွာတွေမှာဆိုရင် ဗဟုသုတ သိပ်မရှိကြတော့ သူများပြောတိုင်းယုံပြီး ဒုက္ခတွေ တွေ့ကြတယ်။ အဲဒီလိုတွေ မဖြစ်အောင် သူတို့တစ်တွေအတွက် ဘာတွေလုပ်ပေးသင့်ပါသလဲ။**

ဒါတွေက အာဏာပိုင်တွေပေါ်မှာ တာဝန်ရှိတာပဲ။ မြို့နယ်အာဏာပိုင်တွေကနေ ကိုယ့်မြို့နယ်ကလူတွေ အသိဉာဏ်ဖွံ့ဖြိုးလာအောင် ပညာပေးလေးတွေ လုပ်ပေးရမယ်။ စာကြည့်တိုက်တွေ ဖွင့်ပေးရမယ်။ မြန်မာပြည်ရဲ့ အမြို့မြို့အနယ်နယ်မှာ စာကြည့်တိုက်တွေ ဖွင့်ပြီဆိုပြီး ပြောတယ်။ ဖွင့်တော့ ဖွင့်ပါတယ်။ ဒါပေမဲ့ အမြဲတမ်း တံခါးပိတ်ထားတယ်။ အရင်ဆုံး လူတွေကို

www.burmeseclassic.com

www.burmeseclassic.com





စာဖတ်ချင်စိတ်ဖြစ်အောင် စိတ်ဝင်စားတဲ့စာအုပ်တွေ ထားပေးရမယ်။ ကာတွန်းစာအုပ်ကြိုက်တဲ့သူအနေနဲ့ ကာတွန်းလာဖတ်ရင်းနဲ့ ဘေးကစာအုပ်ကိုတွေ့လို့ ကြိုက်ပြီးဖတ်ရင်လည်း တဖြည်းဖြည်းနဲ့ စာအုပ်တွေ ဖတ်ဖြစ်လာမယ်။ အခုဆိုရင် မြန်မာပြည်အနှံ့ စာပေဟောပြောပွဲတွေလည်း လုပ်နေတယ်။ ဒါတွေကတော့ ကောင်းတဲ့အချက်တွေပေါ့။

**တချို့ကျတော့လည်း သူများမြှောက်ပေးတိုင်း သွေးပူပြီး လျှောက်လုပ်ကြတယ်။ တကယ်တော့ သူတို့တစ်တွေ စားစာခံလုပ်ခံရတယ်ဆိုတာကို မသိဘူး။ အဲဒီအတွက် သူတို့တစ်တွေအနေနဲ့ ဘယ်လိုစဉ်းစားဆင်ခြင်သင့်တယ်ဆိုတာကို ပြောပြပေးပါလား။**

သူများမြှောက်ပေးတိုင်း လုပ်တယ်၊ ကိုယ်ကလည်း ဘာမှမသိဘူး။ မလေ့လာဘဲနဲ့ ချချဆို ဝင်ပြီးထိုးတယ်။ အဲဒါကတော့ ကိုယ့်ရဲ့အသိဉာဏ်ပဲ။ သူများပြောတိုင်း နားယောင်လို့တော့ မဖြစ်ဘူး။ မြှောက်ပေးတိုင်း လုပ်တဲ့သူက အဓိပ္ပာယ်မရှိတဲ့လူပဲဖြစ်မှာ။ မြှောက်ပေးတိုင်း မလုပ်ရဘူး။ အဓိကက ကိုယ့်အသိဉာဏ်နဲ့ကိုယ် စဉ်းစားရမယ်။ အကျိုးအကြောင်း ဆီလျော်စွာ သိဖို့လည်း လိုတယ်။

**ဦးကျော်သူရဲ့ဘဝမှာ သတိလွတ်ပြီး အသိမဲ့တဲ့ လုပ်ရပ်မျိုးတွေကို လုပ်ခဲ့ဖူးပါသလား။**

အသိမဲ့လုပ်ရပ်မျိုးတွေ လုပ်ခဲ့ဖူးပါတယ်။ ကျွန်တော် အရင် မင်းသားဘဝတုန်းက အရက်သောက်တယ်။ မူးယစ်ဆေးဝါး အနည်းအကျဉ်း သုံးခဲ့ဖူးတယ်။ လူငယ်ဘဝ စမ်းသပ်တဲ့သဘောနဲ့လုပ်ရင်း အလွန်အကျွံတွေ ဖြစ်သွားတယ်။ အဲဒီအခါ ပြဿနာတွေ အများကြီးကြုံလာတယ်။ မိသားစု အိမ်တွင်းရေးပြဿနာတွေ တက်တယ်။ ကိုယ့်စီးပွားရေးလုပ်ငန်းပိုင်းမှာ ပြဿနာတွေတက်တယ်။ ကျွန်တော် သတိလက်လွတ်နဲ့ အမှားတွေများစွာကို လုပ်ခဲ့တယ်။

**အဲဒီအမှားတွေထဲကနေ ဦးကျော်သူ ဘယ်လိုအသိတွေနဲ့ ရုန်းထွက်လာနိုင်ခဲ့ပါသလဲ။**

ဒီဟာတွေအားလုံး မကောင်းဘူးဆိုတာကို ကျွန်တော့်အနေနဲ့ ဆရာတော်ကြီးတွေရဲ့ ဆိုဆုံးမမှုတွေကို နားထောင်ပြီး သိခဲ့တယ်။ မကောင်းမှုတွေကို သိတဲ့အချိန်မှာ ကောင်းတာတွေက ဘာတွေလဲဆိုတာကို လေ့လာတယ်။ အဲဒီနောက်ပိုင်း စာအုပ်တွေဖတ်တယ်။ ဆရာတော်ကြီးတွေရဲ့ တရားတွေကို နားထောင်ပြီး ဒီလိုပဲ ရုန်းထွက်ခဲ့ရတာပဲ။ ဒီလိုမရုန်းထွက်ဘဲ ရေစုန်မျှောလိုက်မယ်ဆိုရင်တော့ ကိုယ့်ရဲ့သမိုင်းကြောင်းက လှမှာမဟုတ်ဘူး။ လူဖြစ်ရကျိုးနပ်မှာ မဟုတ်ဘူး။ အရင်တုန်းက မင်းသားလုပ်တုန်းကဆိုရင် ပရိသတ်ရှိဖို့၊ ငွေရဖို့ကိုပဲ သိတယ်။ နောက်ပိုင်းမှာ ဆရာတော်တွေရဲ့ ဆုံးမမှုကြောင့် ဒီလို လူမှုရေးအလုပ်တွေကိုလုပ်ဖို့ အသိတွေရခဲ့တယ်။

**ခေတ်မီတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ဖို့အတွက် ပြည်သူတွေဆီမှာ ဘယ်လိုအသိဉာဏ်တွေ လိုအပ်ပါသလဲ။**

ပြည်သူလူထုဆိုတာ လူပဲ။ လူဆိုရင် လူ့ကျင့်ဝတ်ကို လိုက်နာရမယ်။ အငြင်းအခုံ ကိစ္စဖြစ်တဲ့ အမှိုက်ကအစ ပစ်သင့်သလား မပစ်သင့်ဘူးလားဆိုတာကို စဉ်းစားရမယ်။ ပြီးတော့ လောကကြီးမှာရှိတဲ့ လူ့ကျင့်ဝတ်တွေ၊ လူ့စည်းကမ်းတွေကို လိုက်နာဖို့လိုတယ်။ ဒါတွေကို

www.burmeseclassic.com

www.burmeseclassic.com





လိုက်နာမှ နိုင်ငံတော်ထူထောင်တဲ့အခါ ထိထိရောက်ရောက်နဲ့ မြန်မြန်ဆန်ဆန် အောင်မြင်မှုရှိမယ်။ ကိုယ်တို့က အစိုးရချည်းပဲ အပြစ်တင်နေလို့မရဘူး။ အစိုးရက လမ်းတွေမဖောက်ပေးတော့ လမ်းတွေကျဉ်းပြီး ကားတွေပိတ်တယ်ပြောကြတယ်။ အဲဒီတော့ အစိုးရကနေ မြောက်ဥက္ကလာဘက်မှာ (၆)လမ်းသွားလမ်းကြီး ဖောက်ပေးလိုက်တယ်။ ဒါလည်း လမ်းတွေပိတ်၊ ကားတွေကျပ်တုန်းပဲ။ ဘာကြောင့်ဖြစ်တာလဲဆိုတော့ စားသောက်ဆိုင်တွေက လမ်းပေါ်ရောက်နေတယ်။ ကားတွေက မရပ်သင့်တဲ့နေရာမှာ ရပ်ကြတယ်။ ဘတ်(စ်)ကားတွေက နှစ်ထပ်တွေရပ်တယ်။ အပြိုင်မောင်းကြတယ်။ ဒီလို စည်းမဲ့ကမ်းမဲ့တွေဖြစ်နေရင် တိုင်းပြည်က ဘယ်လိုမှ တိုးတက်မှာ မဟုတ်ဘူး။ စည်းကမ်းရှိဖို့ပဲလိုတယ်။ အခုဆိုရင် ကျွန်တော်တို့တစ်တွေ အမှိုက်ကောက်ဖို့ အစီအစဉ်လုပ်တယ်။ ဒါကို မလုပ်ရဘူးဆိုပြီး အပိတ်ခံရတယ်။ ကျွန်တော်တို့က ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ကို အရှက်ကွဲစေချင်လို့ လုပ်တာမဟုတ်ဘူး။ အမှိုက်တွေပွနေလို့ လိုက်ကောက်တာ မဟုတ်ဘူး။ အမှိုက်ပစ်ရင် ဘယ်လိုပစ်ရတယ်။ စက္ကူဆိုရင် ဘယ်ပုံးထဲကို ထည့်ရတယ်။ ကြွပ်ကြွပ်အိတ်ဆိုရင် ဘယ်ပုံးထဲကို ထည့်ရတယ်။ သံဗူးဆိုရင် ဘယ်ပုံးထဲကို ထည့်ရတယ်ဆိုတာကို သိစေချင်လို့ စနစ်တကျနဲ့ ပစ်တတ်အောင် ကျွန်တော်တို့က စံပြအနေနဲ့ လုပ်ပြတာ။ အမှိုက်ပစ်တာက ရှက်စရာကောင်းတဲ့ လုပ်ရပ်ဆိုတဲ့ အတွေးမျိုးကို ပြည်သူတွေ တွေးတတ်အောင်လို့၊ အစိုးရကိုလည်း ပံ့ပိုးတဲ့အနေနဲ့ ကျွန်တော်တို့က လုပ်ပြချင်တာ။ အမှိုက်ပစ်တာကအစ၊ အမှိုက်ကောက်တာကအစ အောက်ခြေသိမ်းအထိ ပြည်သူတွေ သတိထားဖို့၊ အသိလေးရှိဖို့ လိုတယ်။ ဒါက အသေးအဖွဲ့ကိစ္စ။ နောက်ပိုင်း နိုင်ငံတော်ထူထောင်တဲ့နေရာမှာ အားလုံး စည်းကမ်းရှိမှ ကျွန်တော်တို့နိုင်ငံက အမြန်ဆုံး တိုးတက်တဲ့နိုင်ငံဖြစ်မယ်။ စည်းကမ်းမဲ့နေမယ် ဆိုရင်တော့ မလွယ်ဘူး။

**ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ကို အားလုံးလိုလားကြတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့အတွက် ပြည်သူတွေအနေနဲ့ ဘယ်လို အသိဉာဏ်တွေ ရှိသင့်ပါသလဲ။**

ဒီမိုကရေစီကို အစိုးရကပေးလိုက်ပြီ၊ ဒီမိုကရေစီနိုင်ငံဖြစ်ပြီဆိုပြီး စည်းမဲ့ကမ်းမဲ့ လုပ်နေရင်တော့ ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ နိုင်ငံဖြစ်မှာပဲ။ အခုတောင်မှ ဒီမိုကရေစီအတွက် အစည်းအဝေးလုပ်ကြတယ်။ ပါတီစုံပါတယ်။ တော်ဝင်နှင်းဆီမှာ အစည်းအဝေးလုပ်တဲ့အခါမှာ ဖိနပ်ထည့်ဖို့ ကြွပ်ကြွပ်အိတ်တွေကို အပြင်မှာလှွှင့်ပစ်ထားတာ ပွစာကိုကြဲနေတာပဲ။ ဒါ ဒီမိုကရေစီအတွက် အစည်းအဝေးလုပ်တဲ့နေရာမှ ဒီလိုမြင်ကွင်းမျိုးကို ကမ္ဘာလှည့်ခရီးသွားတွေ မြင်သွားမယ်ဆိုရင် သွားပြီပေါ့။ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေကြတဲ့ ခေါင်းဆောင်တွေက အစ ဒါမျိုးတွေကို လိုက်နာရမယ်။ တစ်ယောက်က ပစ်တာနဲ့ အကုန်လုံး လိုက်ပစ်ကြတော့တာပဲ။ သူများပစ်ရင်တောင် ကိုယ်က ခင်ဗျား ဒီလိုမပစ်နဲ့ဆိုပြီး လိုက်ကောက်ပေးလိုက်ရင် ဒီလူ နောက်ပစ်ရဲတော့မှာ မဟုတ်ဘူး။ အဲဒီလို အသိလေးရှိဖို့တော့ လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com





**အသိဉာဏ်နဲ့ပတ်သက်ပြီး ဦးကျော်သူအနေနဲ့ လူငယ်တွေကို ဘာများပြောချင်ပါသေးလဲ။**

အရေးကြီးတာကတော့ ကိုယ့်ရဲ့အသိဉာဏ်ကို ဖွံ့ဖြိုးတိုးတက်အောင် အမြဲတမ်း လေ့လာသင်ယူ စူးစမ်းနေရမယ်။ တွေးတတ်၊ ခေါ်တတ်၊ စဉ်းစားဆင်ခြင်တတ်အောင် ကလေးတွေကို လမ်းဖွင့်ပေးရမယ်။ မသိတာကို သိချင်ယောင်မဆောင်ရဘူး။ မသိဘူးဆိုရင် မေးရမယ်။ ဘာမှ ရှက်စရာမလိုဘူး။ သိသလို ဟန်ဆောင်နေတာကမှ ရှက်ဖို့ကောင်းတာ။ မေးရတာကို ရှက်တယ်ဆိုရင် လူဖြစ်ရှုံးပြီး ဘာမှသိလာမှာ မဟုတ်ဘူး။ မေးမှပဲ အတွေ့အကြုံနဲ့ အသိဉာဏ်တွေရမှာဖြစ်တယ်။ အဲဒီအတွက် လူငယ်တွေအနေနဲ့ မသိတာကို သိအောင်လုပ်ဖို့ ကြိုးစားကြပါလို့ပဲ ပြောချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်ရှင့် ...။**

❑

www.burmeseclassic.com

www.burmeseclassic.com




# တစ်ဦးချင်း စည်းကမ်းရှိဖို့

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ထောင်နေတဲ့ ကျွန်တော်တို့နိုင်ငံမှာ စည်းကမ်းဆိုတာ အင်မတန်အရေးကြီးတယ်။ ဥပမာ ကွမ်းတံတွေး မထွေးရဘူးဆိုတဲ့နေရာမှာ ထွေးတာတို့။ အခုဆိုရင် နိုင်ငံတော်အစိုးရက မြောက်ဥက္ကလာလမ်းမကို ကားတွေကျပ်နေလို့ဆိုပြီး ခြောက်လမ်းသွားလမ်းကြီးဖြစ်အောင် ချဲ့ပေးလိုက်ပေမဲ့ ဘတ်စ်ကားတွေ၊ ကားတွေ စည်းမဲ့ကမ်းမဲ့ရပ်တာ၊ စက်ဘီးတွေသွားတာ၊ လမ်းဘေးဈေးသည်တွေ လမ်းမပေါ်ရောက်နေတာတွေကြောင့် ကားတွေက အခုချိန်ထိ ကျပ်နေတုန်းပဲ။ ကိုယ်တစ်ဦးချင်း၊ တစ်ယောက်ချင်း စည်းကမ်းမရှိဘဲ ဒီမိုကရေစီဆိုပြီး ပြောနေလည်း အလကားပဲ။

**လူတစ်ယောက် တိုးတက်အောင်မြင်ဖို့အတွက် စည်းကမ်းရဲ့ ပံ့ပိုးမှုတွေ ...**

စည်းကမ်းဆိုတာ လူ့ကျင့်ဝတ်ပဲ။ လူတစ်ယောက်က ကိုယ့်ကိုယ်ကိုယ် လူလို့သတ်မှတ်လိုက်ပြီဆိုရင် လူ့ကျင့်ဝတ်ကို နားလည်ရမယ်၊ လိုက်နာရမယ်။ ဥပမာ အပေါ့မသွားရတဲ့နေရာ မသွားရဘူး။ ကြားမဖြတ်ရတဲ့နေရာမှာ ကြားမဖြတ်နဲ့။ ကျွန်တော့်အသင်းနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် သုခကုသိုလ်ဖြစ်ဆေးခန်း လူနာကြိုတင်နေရာ တန်းစီတဲ့အခါ ကိုယ့်နေရာနဲ့ကိုယ်စီသွားရင် ဘာပြဿနာမှမရှိဘူး။ ဒီကြားထဲမှာ တိုကင်နေရာ လာရောင်းတဲ့သူတွေရှိတယ်။ ဆရာဝန်ကို လိမ်ပြတဲ့သူ၊ ဆေးကို လိမ်ထုတ်ချင်တဲ့သူ အမျိုးမျိုးရှိတယ်။ ဒါမျိုးတွေက စည်းမဲ့ကမ်းမဲ့ပေါ့။ ဒါကြောင့် လူသားချင်း စာနာစိတ်မွေးနိုင်မှ လူ့စည်းကမ်း၊ ကျင့်ဝတ်ကို လိုက်နာလို့ရမယ်။ စည်းကမ်းရှိမှ တိုးတက်အောင်မြင်နိုင်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com





**စည်းကမ်းရှိခြင်း မရှိခြင်းရဲ့ အကျိုးသက်ရောက်မှု**

စည်းကမ်းမရှိရင် ဘယ်လိုမှ လူလို့ သတ်မှတ်လို့ရမှာ မဟုတ်ဘူး။ ကောင်းကောင်းမွန်မွန် မရပ်တည်နိုင်ဘူး။ စည်းမဲ့ကမ်းမဲ့နဲ့ ဖြစ်ချင်တိုင်း ဖြစ်နေမယ်ဆိုရင် ဘယ်နေရာမှာမဆို အောင်မြင်မှုရမှာ မဟုတ်ဘူး။ ဥပမာ တိုကင်စီရတာကို လူနာရှင်တွေက ဘာဖြစ်လို့ ဒီလိုတန်းစီခိုင်းရတာလဲဆိုပြီး ပြောချင်တယ်။

နိုင်ငံတကာတိုးတက်မှုမှာ စားသောက်ဆိုင်၊ ရှိုးပွဲ၊ သံရုံး၊ Universal Studio ဘယ်ပဲသွားသွား တန်းစီရတာပဲ။ စနစ်တကျ တန်းစီပြီး ကိုယ့်အလှည့်ကျမှ ကိုယ်ဝင်ဆိုတော့ အားလုံး အဆင်ပြေပြီး ကိုယ်ဖြစ်ချင်တာတွေ၊ လုပ်ချင်တာ၊ ကြည့်ချင်တာ အားလုံးလုပ်လို့ရတယ်။ ဘတ်စ်ကားစီးတာ နာရီဝက်ဆိုရင် ရှစ်နာရီခွဲ ဘတ်စ်ကားမှတ်တိုင်ကို ရောက်သွားရင် ရှစ်နာရီခွဲမှာ ရောက်ရမယ့် ဘတ်စ်ကားလည်း အရောက်ဆိုတော့ ရုံးချိန်ကို ကွက်တိရောက်သွားတယ်။ သူ့စနစ်နဲ့သူ့လုပ်မှ တိုးတက်မှုဆိုတာရှိတယ်။

**စည်းကမ်းရှိအောင်၊ စည်းကမ်းရဲ့အကျိုးကို နားလည်အောင် ဆောင်ရွက်သင့်ပုံများ**

ပြည်သူပြည်သားအားလုံး စည်းကမ်းရှိဖို့ဆိုတာ ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်း၊ ကျင့်သုံးရမှာပဲ။ စည်းကမ်းရှိဖို့ဆိုရင် ရိုးသားမှုရှိရမယ်။ လူသားချင်း စာနာစိတ်မွေးလိုက်တာနဲ့ ကိုယ်ချင်းစာနာမှုရှိမယ်ဆိုရင် အလိုလို စည်းကမ်းရှိလာမှာပဲ။ နိုင်ငံတော်အစိုးရအနေနဲ့လည်း စည်းကမ်းရှိဖို့ တိုက်တွန်းမှုတွေ၊ နှိုးဆော်မှုတွေ လုပ်ပေးရမယ်။ အပြစ်ပေးသင့်တဲ့နေရာမှာ ပေးရမယ်။ ဒါတွေအားလုံး အစိုးရကိုပဲ ပုံချလို့မရဘူး။ ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းမှ စည်းကမ်းဆိုတာရှိလာမယ်။

**ကိုယ့်မိသားစုအတွက်၊ ကိုယ့်အတွက် ချမှတ်ထားတဲ့ "စည်းကမ်းတွေ"**

မိသားစုကို ကျွန်တော်အမြဲ ပြောနေတာကတော့ "ကိုယ့်ကိုယ်ကိုယ် ကြည့်ညိုနိုင်အောင်လုပ်၊ ကိုယ့်သီလ ကိုယ်လုံအောင်လုပ်"ဆိုတာပဲ။ ဒါဆိုရင်တော့ စည်းကမ်းဆိုတာ သီးသန့်လုပ်ယူစရာတောင် မလိုတော့ပါဘူး။

**စည်းကမ်းဆိုတာ အားလုံးနဲ့သက်ဆိုင်**

စည်းကမ်းဆိုတာ ကိုယ့်မိသားစုအတွင်းရေးနဲ့လည်း သက်ဆိုင်တယ်။ အိမ်ထောင်စုတစ်စုကို အပြင်လူတွေက စော်ကားမော်ကား လာလုပ်မယ်ဆိုရင် မိသားစုဝင်အားလုံး ဖြေရှင်းလို့ရတယ်။ ဒါ ကျွန်တော်တို့ရဲ့ မိသားစုအရေးဖြစ်တယ်။ ကိုယ့်နိုင်ငံကို အကျိုးကျော်တာကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ရှင်းလို့ရတယ်။ မိသားစုအတွင်းထဲမှာကို ပြဿနာတက်တယ်ဆိုရင်တော့ မလွယ်ဘူး။ လင်နဲ့မယား စကားများတာကို ဘေးပတ်ဝန်းကျင်ကရှင်းပေးရတာ လွယ်တာမဟုတ်ဘူး။ ပြဿနာဖြေရှင်းဖို့က အချင်းချင်း နားလည်မှုရအောင်လုပ်ရမယ်။ အဲဒါကို နားလည်မှု ငြိမ်းချမ်းမှုကိုရမယ်။ နိုင်ငံရဲ့စည်း၊ အိမ်ထောင်စုရဲ့စည်း၊ လူ့ရဲ့စည်း စတဲ့ လုပ်ငန်းပိုင်းမှာရှိတဲ့ စည်းကို ဖောက်လို့မရဘူး။ ဖောက်ရင်တော့ ဒုက္ခရောက်မယ်။

• ကျော်သူ



www.burmeseclassic.com

www.burmeseclassic.com



# မသေသေး စားကြသူများ

ကျော်သူ



ကျွန်ုပ် အားငယ်သည်။ ကျွန်ုပ်တို့လောကတွင် ကျွန်ုပ်သည် အသိမ်ငယ်ဆုံး၊ အသေးမွှားဆုံး၊ အင်အားအသေးဆုံးဖြစ်တော့သည်။ ကျွန်ုပ်ကို ချစ်စနိုး "ကီးကီး" လို့ ခေါ်ကြသည်။

ကျွန်ုပ်၏ ဖခင်နှင့် ဘကြီးများ၊ ဦးလေးများ၊ အစ်ကိုကြီးများ၏ နာမည်များကတော့ ဖခင်ကြီး ဦးဇူး၊ အစ်ကိုကြီး ကိုတာ၊ ဦးလေး ဦးကရောင်း၊ ဘကြီးကွန်းတို့ ဖြစ်ကြသည်။ သူတို့သူတို့သည် အလုပ်အင်မတန် လုပ်ကြသည်။ မနားမနေ၊ မမောမပန်း တာဝန်ကျေကြသည်။

ကျွန်ုပ်၏ ဆရာသည်လည်း ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ရေစက်ခေါ်မည်လား၊ ပဋ္ဌာန်းဆက်ခေါ်မည်လားပဲ။ ဆရာသည်လည်း ဆရာ၏ လောကပတ်ဝန်းကျင်တွင် ကျွန်ုပ်ကဲ့သို့ ခံစားခဲ့ရဖူးသည်။ ဆရာ၏ မိတ်ဆွေများက ကြီးကျယ်စွာ လှုကြ၊ တန်းကြသောအခါ ဆရာသည် ချောင်တစ်ချောင်၊ ထောင့်တစ်ထောင့်တွင် သိမ်ငယ်စွာ၊ အားငယ်စွာ၊ အားကျစွာ ခံစားရစမြဲပင်။

သို့သော် ဆရာသည် စိတ်မပျက်စွာ စိတ်ဓာတ်မကျဘဲ မိမိ၏ ခန္ဓာကိုယ်အား ရင်းမြဲကုသိုလ်ယူစမြဲ။ ကျွန်ုပ်သည်လည်း ဆရာ့ကို အားကျသည်။ သို့ပေမဲ့ ကျွန်ုပ်၏ သေးငယ်လှသော ခန္ဓာနှင့် ဝန်ဆောင်မှုကိုပေးရမည့်တာဝန်သည် မမျှ။ ကျွန်ုပ် ထမ်းဆောင်ရန် မဖြစ်နိုင်။ ဘာကြောင့်များ ကျွန်ုပ်၏ ဆရာသည် ကျွန်ုပ်အား သည်လောက၊ သည်ပတ်ဝန်းကျင်၊ သည်အသိုင်းအဝိုင်း၊ သည်အဖွဲ့အစည်းသို့ ဖွတ်သွင်းယူခဲ့သနည်း။

www.burmeseclassic.com


ကျွန်ုပ် အဖြေရှာမရ ...
ကျွန်ုပ် အားငယ်ရ ...
ကျွန်ုပ် စိတ်ပျက်ရ ...
ကျွန်ုပ် စိတ်ဓာတ်ကျရ ...
ရှိစေတော့ ...
ကျွန်ုပ် စောင့်ကြည့်မည်။

ကျွန်ုပ်သည် ဤလောက၊ ဤအသိုင်းအဝိုင်း၊ ဤပတ်ဝန်းကျင်သို့ ရောက်လာပြီး ဤလောကအသိုင်းအဝိုင်း ပတ်ဝန်းကျင်၏ ကျေးဇူးကို မဆပ်နိုင်ခဲ့လျှင် ကျွန်ုပ် အဝေးတစ်နေရာသို့ ထွက်သွားမည်ဟု သန္နိဋ္ဌာန်ချလိုက်တော့သည်။ ကျွန်ုပ်တို့ မျိုးရိုးစဉ်ဆက် ရိုးသားသည်၊ ကြိုးစားသည်၊ ဖြောင့်မတ်သည်၊ ကုန်ကုန်ပြောရရင် လိပ်ပြာသန့်ကြသည်။

ဖခင်ကြီး၊ ဘကြီး၊ ဦးလေး၊ အစ်ကိုကြီးတို့သည် သူတို့တာဝန် သူတို့ကျေကြသည်။ မည်သူ့ကိုမျှ ဂုဏ်သိက္ခာမညှိုးနွမ်းစေရ။ မည်သူ့ကိုမျှ မစော်ကား၊ မမောက်မာကြ။ ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်ကြသည်။ သို့သော် ကိုယ်က ရိုးသားကြိုးစားစွာ တာဝန်ထမ်းဆောင်စဉ် တစ်ဖက်မှ ပြဿနာရှာခြင်းများ ကြုံတွေ့ရတတ်သည်။ တစ်ဖက်မှ ရမ်းကားမှု၊ စော်ကားမှုများကို ကြုံတွေ့ရတတ်သည်။ သို့သော် သည်းခံခြင်းသည် အောင်မြင်မှု မဟုတ်ပါလား။

ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုကြုံရသော်

ရဲရဲသည်းခံ...
ရဲရဲရိုးသား...

ရဲရဲဖြောင့်မတ်မှုကို ချိုးဖျက်၍ မည်သို့မျှ မတုန့်ပြန်ကြ၍ နှလုံးသားအမာရွတ်နှင့် လူတစ်စုဟု ခေါ်နိုင်ပါသည်။ ဒဏ်ရာအနာတရ ရလာသော ကျွန်ုပ်ဆရာ၏ အသိုင်းအဝိုင်းက ကုသပေးသည်။ ဘကြီးကွန်း ဟိုတစ်လောက လူကြီးရောဂါဖြစ်သည်။ ဇရာထောင်းလာ၍ ဝေဒနာ ခံစားလာရသည်။ ထိုအခါ ကျွန်ုပ်၏ဆရာအဖွဲ့က အင်နှင့်အားနှင့် ကုသပေးသည်။ နိုင်ငံခြားမှ ဆေးဝါးများမှာ၍ ကုသပေးသည်။ ဘကြီး ကျန်းမာသန်စွမ်းလာသည်။ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်တော့သည်။



ကျွန်ုပ်၏ဖခင် ဦးဇူးသည်လည်း ထိုနည်းတူ ရိုးသားကြိုးစားစွာ လုပ်ငန်းခွင်ဝင်နေစဉ် တစ်ဖက်မှ ရမ်းကားမှုရစ်ကာ ထိုးကြိတ်မှု

www.burmeseclassic.com




ကို ခံခဲ့ရ၍ ဒဏ်ရာရခဲ့သည်။ သို့သော် ကျွန်ုပ်၏ဆရာ အဖွဲ့သားများက ကုသပေးခြင်းကြောင့်ရောဂါဒဏ်များ ပျောက်ကင်းပြီး လုပ်ငန်းခွင် ဆင်းနိုင်ပြီဖြစ်သည်။ ကျွန်ုပ်တို့ ဆရာအဖွဲ့အား ကျွန်ုပ်တို့အတွက် "မသေဆေးဖော်သူများ" ဟုပင် တင်စားချင်သည်။

ကျွန်ုပ်သည် ကျွန်ုပ်ဆရာ၏ လောကကြီးထဲ စုန်းစုန်းဝင်ရောက်လာရပြီး မကြာခင် ကျွန်ုပ် အတွက် ကျွန်ုပ်ဆရာသည် ဝတ်စုံ တစ်စုံ ဆင်ယင်ပေးသည်။ ဘာဝတ်စုံကြီးပါလိမ့်ဟု ကျွန်ုပ် တွေးမိသည်။ ဟုတ်တယ်လေ ... အဖေတို့ ဦးလေးတို့ အစ်ကိုတို့ ကျတော့ဝတ်စုံက တည်တည်တံ့တံ့ ကျက်သရေရှိလိုက်သည့်ဖြစ်ခြင်း။ ကျွန်ုပ်ဘကြီးကျတော့ လူကြီးမို့လားမသိပါဘူး။ ရွှေရောင်ဝတ်စုံနှင့် ခံ့ညားလိုက်သည့်ဖြစ်ခြင်း။ ကျွန်ုပ်ကျတော့ အူကြောင်ကျား ... ပန်းပွင့်တွေ၊ အပြုံးမျက်နှာတွေ၊ ငြိမ်းချမ်းရေး Peace ပုံတွေ၊ လိပ်ပြာပုံတွေနဲ့ ကလေးကလား၊ စိတ်ပျက်မိတယ်ဗျာ။ ဆရာ ဘာတွေများ လျှောက်လုပ်နေပါလိမ့်။

ကျွန်ုပ်သည် ဆရာ၏ လောကပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် လူပိုမဖြစ်ချင်၊ ဆန်ကုန်မြေလေး မဖြစ်ချင်။ အဓိပ္ပာယ်ရှိချင်သည်။ ကျေးဇူးဆပ်ချင်သည်။ ပေးဆပ်ချင်သည်။ တာဝန်ကျေချင်သည်။ ဟေးလားဝါးလားနဲ့ ယောင်ဝါးဝါးမဖြစ်ချင်။ ဆရာ့ရဲ့လုပ်ရပ်တွေ ယောင်ဝါးဝါးကြောင်တောင်တောင်တွေ ဖြစ်နေပြီလားဟု တွေးမိသည်။ သို့သော် ကျွန်ုပ်၏ အပြစ်တင်တွေးတောမှု စောသွားသည်။ ဆန္ဒစောသွားသည်။ အဲဒီနေ့က မြန်မာနှစ်ဆန်းတစ်ရက်နေ့၊ မင်္ဂလာရှိတဲ့နေ့၊ အဓိပ္ပာယ်ရှိတဲ့နေ့၊ တာဝန်ကျေတဲ့နေ့၊ ပီတိအဖြစ်ဆုံးနေ့၊ ပီတိစားရတဲ့နေ့။

အဲဒီနေ့ တစ်သက်မေ့မရတဲ့နေ့မှာ ကျွန်ုပ် ဝတ်စားဆင်ယင်မှုနဲ့အတူ ကျွန်ုပ် ဂုဏ်ယူဝင့်ကြွားရမည့်နေ့ ဖြစ်တော့သည်။ ထိုနေ့မှာ ကျွန်ုပ်၏ဆရာအဖွဲ့အစည်းမှ ကျွန်ုပ်အား ကျွန်ုပ်ခန္ဓာကိုယ်နှင့်လိုက်ဖက်ညီမည့် တာဝန်ဝတ္တရားတစ်ခုကို ခိုင်းတော့သည်။ ကျွန်ုပ်သည် တက်ကြွစွာဖြင့် ထမ်းဆောင်သည်။ သည်လုပ်ငန်းကို ရိုးမြေကျသည်အထိ ထမ်းဆောင်မည်ဖြစ်၍ ကျွန်ုပ်အား ဂုဏ်ထူးဆောင်ဘွဲ့လက်မှတ် ချီးမြှင့်ပေးလိုက်တော့သည်။ ကျွန်ုပ်၏ အနာဂတ်အလင်းရောင်ဖြစ်သည့် ဤဂုဏ်ထူးဆောင်လက်မှတ်၏ ခေါင်းစဉ်ကို "မသေဆေးစားသူများ" ဟုပင် တင်စားလိုက်ချင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com


**"မသေသေးစားသူများ ဂုဏ်ထူးဆောင်လက်မှတ်"**

အမည် - ဆူဇူကီး (SUZUKI)
မှတ်ပုံတင်အမှတ် - ၁၈/၉၄၆၇
တာဝန် - အပြစ်မဲ့၍ အကုသိုလ်ကင်းရှင်းစွာဖြင့် ဘဝတစ်ပါးသို့ ပြောင်းသွားရသော ကဗျွေးသူငယ်များ၏ ရုပ်ကလာပ်ကို အခဲမဲ့ ကုသိုလ်ဖြစ် သယ်ဆောင်ပို့ပေးရန်။
ရာထူး - ကလေးနိဗ္ဗာန်ယာဉ်။
လိပ်စာ - နာရေးကူညီမှုအသင်း (ရန်ကုန်)။
ဆက်သွယ်ရန်ဖုန်း - ၅၈၀၁၃၃၊ ၅၈၁၃၆၃၊ ၇၀၄၇၈၄၊ ၇၀၉၂၇၇၊ ၇၂၈၀၈၉

ကျွန်ုပ်၏ဖခင် ဖခင်ကြီး ဦးဇူး (ခ) အစ်စ်ဇူးဇူး (ISUZU)၊ ဘကြီးဦးကွန်း (ခ) လင်ကွန်း (LINCON)၊ ဦးလေးဦးကရောင်း (ခ) တိုယိုတာကရောင်း (TOYOTA CROWN)၊ အစ်ကိုကြီး ကိုတာ (ခ) တိုယိုတာဟိုင်းလတ် (TOYOTA HILUX)တို့ ခြေရာကို ထက်ကြပ်မကွာလိုက်ရင်း ပန်းတိုင်အထိရောက်အောင် ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ်ခိုင်ခံ့စွာဖြင့် လိပ်ပြာသန့်စွာ အရှိန် အဟုန်ပြင်းစွာဖြင့် ဆက်လက်၍ ကျေးဇူးဆပ်မည့် ကျွန်ုပ်တို့၏ ဘဝသည်ကား "မသေသေး စားကြသူများ"ပင် ဖြစ်တော့သည်။

အားလုံးကို လေးစားဦးညွှတ်လျက်
ကီးကီး (ခ) ဆူဇူကီး

စာကြွင်း ။ ။ ဤဆောင်းပါးပြီးသွားချိန် ကျွန်ုပ် ကီးကီးသည် လူသားအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နေဆဲ ... မမျှော်လင့်တဲ့အချိန်၊ မမျှော်လင့်တဲ့ နေ့ရက်တစ်ရက်တွင် မမျှော်လင့်ခဲ့သော အကြောင်းအရာတစ်ခု ထပ်မံပေါ်ပေါက်လာခဲ့သည်။ ယင်းမှာ နှစ်ပေါင်းများစွာ ကွဲကွာ၍ ကျွန်ုပ် တစ်ကြိမ်တစ်ခါမှ မဆုံဘူးခဲ့သော၊ မမြင်ဘူးခဲ့သော ကျွန်ုပ်၏အဖိုး (ဘကြီးကွန်းရဲ့ဖခင်) ဖိုးဖိုးချက်နှင့် ကျွန်ုပ်တို့ ပြန်လည်ဆုံတွေ့ရခြင်းပင်ဖြစ်သည်။ ဘကြီးကွန်း၊ ဦးလေးကရောင်း၊ ဖခင်ကြီးဦးဇူး၊ အကိုကြီးကိုတာနှင့် ကျွန်ုပ်ကီးကီးတို့ ပျော်လိုက်သည့်ဖြစ်ခြင်း။

ဖိုးဖိုးချက်သည် ဒုတိယကမ္ဘာစစ်အတွင်းမှ အသက်မသေဘဲ မိသားစုနှင့် ကွဲကွာခဲ့ရာမှ ယခုလို ပြန်လည်ဆုံတွေ့ခွင့် ရခဲ့ခြင်းပင်ဖြစ်သည်။ ဖိုးဖိုးချက်သည် စစ်၏ အနိဋ္ဌာရုံများကို ကြုံတွေ့ခဲ့ရသူပီပီ နွမ်းလျလျက်ရှိနေသည်။ သို့သော် အသက်အရွယ်ကြီးမြင့်ပြီဖြစ်သော်လည်း ယခု ကျွန်ုပ်တို့နှင့်အတူ လက်တွဲမဖြုတ် လူသားအကျိုးပြုလုပ်ငန်းများလုပ်ရန် ကျွန်ုပ်ထံ ရောက်ရှိလာခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အဖိုးထံမှ အတွေ့အကြုံများ၊ ဗဟုသုတများ၊ ဘဝ သမိုင်းကြောင်းများ ဂဃနဏ သိရတော့မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်၏အဖိုးအမည်ရင်း - ချက်ပလက်
မှတ်ပုံတင်အမှတ် - စ/၃၃၀၀
တာဝန် - နာရေးလမ်းကြောင်းပို့ရာတွင် နိဗ္ဗာန်ယာဉ်နောက်မှ နာရေးပို့ ပရိသတ် (အသုဘ ရှုမည့် ပရိသတ်)တို့အား လိုက်လံပို့ဆောင်ရန်။
ရာထူး - အသုဘပို့ဆောင်ယာဉ်။
လိပ်စာ - နာရေးကူညီမှုအသင်း (ရန်ကုန်)။ အမှတ် (၁၃-က)၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၂ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။

ဖိုးဖိုးချက်ကို ကျွန်ုပ်ထံ လာရောက်ပို့ဆောင်ကြသော ဦးဟုန်းတန် + ဒေါ်ခင်မြင့်ရီ မိသားစု၊ ရပ/၁၃၁၊ နယ်မြေ - ၁၀၊ ကျောင်းကြီးစုရပ်ကွက်၊ အနောက်မြို့ပတ်လမ်း (တောင်ကြီး မြို့)နှင့် ဘကြီးကွန်း (LINCON)၊ ဦးလေးကရောင်း (TOYOTA CROWN)တို့ကို လာရောက် ပို့ဆောင်ကြသော ဦးဇော်ဝင်း + ဇနီး ဒေါ်တင်သန်း သား ကိုဗညား (ခေတ္တဂျပန်) မိသားစုအား လည်းကောင်း၊ ပြည်တွင်းပြည်ပ အလှူရှင်များ၏ အလှူငွေဖြင့် ဖခင်ကြီး ဦးဇူး (ISUZU)၊ အကိုကြီး ကိုတာ (TOYOTA HILUX)နှင့် ကျွန်ုပ် ကီးကီး (SUZUKI)တို့အား လူသား အကျိုးပြု လုပ်ခွင့်ပေးခဲ့သော (၇) ရက်သားသမီးအပေါင်းတို့အား ကျေးဇူးအထူးတင်ရှိ၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုလိုက်ပါသည်။

ကီးကီး (ခ) ဆူဇူကီး (SUZUKI)


www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်နှင့် ဧည့်သည်ဟုဆိုရာ၌ အိမ်ရှင်သည်လည်း ဧည့်ဝတ်ကျေပွန်ရမည်။ ဧည့်သည်သည်လည်း ဧည့်သည်တို့ စောင့်ထိန်းရမည့် ဝတ္တရားများကို လိုက်နာရမည်ဖြစ်သည်။

ယခု နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပြင်ပဧည့်သည်၊ ပြည်ပလူမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ လာရောက်လေ့လာခြင်း၊ လာရောက်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဟူသော ပွင့်လင်းမှုရှိသော အချိန်ကာလတစ်ခုလည်းဖြစ်သည်။ သို့ရာတွင် ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လည်ပတ်မှု အများဆုံးဖြစ်သော ပုဂံညောင်ဦးမြို့များတွင် ဖေဖော်ဝါရီလ ၆ ရက်၊ ၁၄ ရက်၊ ၁၆ ရက်နေ့၌ ပြည်ပခရီးသွားများထံမှ ပစ္စည်းလုယက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အင်္ဂလန်နိုင်ငံသူ နှစ်ဦးထံမှ လုယက်သူများအား ၂ ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ကျန်ရှိသော လုယက်မှုနှစ်မှုအား ဆက်လက်စုံစမ်းနေဆဲဖြစ်သည်။ ပစ္စည်းအလုခံရသူ အင်္ဂလန်နိုင်ငံသူနှစ်ဦးသည် ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း သိရှိရသည်။ လုယက်ခံရသောပစ္စည်းနှင့် နိုင်ငံခြားငွေစက္ကူအချို့တို့အား ညောင်ဦးမြို့နယ် ရဲစခန်းမှ ပြန်လည်အပ်နှံကာ အခမ်းအနားတွင် “ကျွန်မတို့ မြန်မာနိုင်ငံကိုလာတာ ပထမဦးဆုံးပါ။ ကျွန်မတို့ စက်ဘီးစီးနေချိန်မှာ အနောက်ကနေပြီးတော့ ဆိုင်ကယ်နဲ့ လူနှစ်ဦးက ခြင်းထဲကအိတ်ကို နှိုက်ယူသွားတယ်။ ကျွန်မတို့ ပြစ်မှုကျူးလွန်တဲ့လူတွေကို ဖမ်းမိသွားတယ်ကြားတော့ အရမ်းအံ့သြသွားတယ်။ မျက်ရည်တောင်ကျမိတယ်”ဟု ပြောကြားခဲ့သည်။ ထို့နောက် “လာရောက်လည်ပတ်သူတွေကို ပြောချင်တာက အပြင်တွေကို ထွက်မယ်ဆိုရင် ကိုယ့်ရဲ့တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို လုံခြုံစိတ်ချရတဲ့ နေရာဖြစ်တဲ့ ဟိုတယ်အခန်း၊ ဧည့်ကြိုကောင်တာများတွင် အပ်နှံထားကြရန်” အကြံပြု ပြောကြားခဲ့





## အိမ်ရှင်နဲ့ ဧည့်သည်

www.burmeseclassic.com

www.burmeseclassic.com





သည်။ ထို့ပြင် တစ်ချိန်ကလည်း နိုင်ငံခြားခရီးသွားတစ်ဦးအား အဓမ္မကျင့်ကြံရန် ကြိုးစားမှု ဖြစ်ပေါ်ခဲ့သေးသည်။ ထိုကဲ့သို့သော ဖည့်ဝတ်မကျေပွန်မှု၊ လူ့ကျင့်ဝတ်ဖောက်ဖျက်မှုများသည် အထူးအားဖြင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအနေဖြင့် မသင့်လျော်ချေ။ မည်သည့် လူမျိုး၊ မည်သည့်ဘာသာဝင်မဆို မိမိတို့တိုင်းပြည်၊ မိမိတို့ဒေသများသို့ လာရောက်လည်ပတ် ကြသော အခြားသော လူမျိုးဘာသာဝင်များအား အိမ်ရှင်ပီသစွာ လှိုက်လှဲပျူငှာစွာဖြင့် ကြိုဆို ဖည့်ခံ ကူညီမှုများ ပြုလုပ်ကြစမြဲပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ခံ ကျင်းပပြုလုပ်တော့ မည်ဖြစ်သော အားကစားပွဲတော်များအတွက်လည်းကောင်း၊ တိုင်းပြည်၏ ပြောင်းလဲမှုတို့ ကြောင့်လည်းကောင်း၊ ပြည်ပနိုင်ငံမှ ထပ်မံတိုးမြင့် လာရောက်လည်ပတ်ကြမည့် နိုင်ငံခြားသား ဖည့်သည်အတွက် "နိုင်ငံခြားသား၊ ခရီးသည်များအား ကူညီစောင့်ရှောက်ပါ" ဟူသော ဆောင်ပုဒ် အတိုင်း အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များတင်မက အများပြည်သူလူထုများကပင် လိုက်နာသင့် သော အချက်ဖြစ်သည်။

၁၈. ၂. ၂၀၁၃ ရက်နေ့တွင် Australia နိုင်ငံ၊ Sydney မြို့နေ Mr. Angus McDonald သည် သူ၏ လက်တွဲဖော်အမျိုးသမီး Ms. Catherine Aderson နှင့်အတူ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပြီးသည့်နောက် သူတို့နေထိုင်ရာ Australia, Sydney မြို့သို့ ပြန်လည် ထွက်ခွာရန်အတွက် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့အရောက် Mr. Angus McDonald သည် နှလုံးရောဂါ ဖိစီးမှုဒဏ်ကြောင့် ဝိတိုရိယ ဆေးရုံကြီးသို့ သွားရောက်ခဲ့ရာ ဆေးရုံသို့မရောက်ရှိမီတွင် Mr. Angus McDonald အသက် ၅၀ နှစ်သည် ဘဝတစ်ပါးသို့ ပြောင်းလဲသွားပြီဖြစ်ပါကြောင်း သိရှိရသည့်အတွက် သူ၏ကျန်ရစ်သော ရုပ်ခန္ဓာကိုယ်အား မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ရမည်ကို Mr. Angus McDonald ၏ မိဘများ ရှိရာ Australia, Sydney မြို့သို့ အကြောင်းကြားခဲ့ရာ မိဘများသည်လည်း မြန်မာနိုင်ငံကို ချစ်မြတ်နိုးသော သူများဖြစ်သည့်အတွက် သူတို့၏သားဖြစ်သူ Mr. Angus McDonald အား မြန်မာနိုင်ငံတွင်

www.burmeseclassic.com

www.burmeseclassic.com


သာ သင်္ဂြိုဟ်ခြင်း အခမ်းအနားအား စီစဉ်ဆောင်ရွက်စေခဲ့သည်။ ထို့ကြောင့် Ms. Catherine Aderson သည် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ရောက်ရှိလာကာ အကူအညီတောင်းခံမှု ကြောင့်၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ အုပ်ချုပ်ရေးမှူး ဒေါ်ရောမောင်မောင်မှ ဖော့ဝတ် ကျေပွန် နွေးထွေးစွာဖြင့် အကူအညီတောင်းမှုအား လက်ခံခဲ့သည်။ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဒေါ် မြင့်မြင့်ခင်ဖေ (ခ) ဒေါ်ရွှေဇီးကွက်နှင့် အသင်းသားများတို့သည် ၂၀.၂.၂၀၁၃ ရက်နေ့ နေ့လည် ၂း၀၀ နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီးမှ ရေဝေးသုသာန် အအေးခန်းသို့ ပို့ဆောင်ကူညီပေးခဲ့သည်။ မြောက်ဥက္ကလာပ ဆေးရုံကြီးသို့ ရောက်ရှိသောအခါ ကွယ်လွန်သူ Mr. Angus McDonald ၏ မိဘနှစ်ဦး၊ အစ်ကိုနှင့် ညီမဖြစ်သူတို့ပါ Australia, Sydney မြို့မှ အားချင်းရောက်ရှိနေပြီကို တွေ့မြင်ရ သည်။ ထို့အပြင် ကွယ်လွန်သူ၏ဖခင်သည် တစ်ချိန်တစ်ခါက အာရှတိုင်းပြည်များတွင် နေထိုင် ခဲ့ဖူးသူများ ဖြစ်သည့်အပြင် မြန်မာနိုင်ငံသို့လည်း လာရောက်ခဲ့ဖူးသူဖြစ်သည်။ မြန်မာလူမျိုး တို့၏ ဖော်ရွေမှု၊ ဖော့ဝတ်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှုတို့ကို သိမြင်ခဲ့ရကာ နောင် တစ်ချိန်တွင် ထပ်မံ၍ မြန်မာနိုင်ငံတွင်းသို့ လာရောက်ဦးမည်ဟု သူ၏မိသားစုအား ပြောကြား ခဲ့ဖူးသည်။ သို့ရာတွင် ယခုကဲ့သို့ သားဖြစ်သူ၏ နာရေးကိစ္စမျိုးဖြင့် လာရောက်ခဲ့ရခြင်းကို စိတ်မကောင်းပါကြောင်း ဝမ်းနည်းစွာ ရင်ဖွင့်ပြောဆိုခဲ့သည်။ ထို့အပြင် ကွယ်လွန်သွားရှာသော Mr. Angus McDonald ၏ လက်တွဲဖော် Ms. Catherine Anderson နှင့် ကွယ်လွန်သူ ၏ မိဘများက သားဖြစ်သူ၏ နာရေးအခမ်းအနားအား ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအတိုင်း သံဃာတော်ပင့်ဖိတ်၍ သရဏဂုဏ်တင်ခြင်းတို့ပါ ပြုလုပ်လိုကြောင်း ပြောကြားခဲ့သောကြောင့် ကျွန်တော်တို့ အံ့ဩမိခဲ့ရသည်။ စင်စစ် ကွယ်လွန်သူ Mr. Angus McDonald သည် ဗုဒ္ဓကို ယုံကြည်ကိုးကွယ်သော လူမျိုးခြားပင် ဖြစ်တော့သည်။

၂၁.၂.၂၀၁၃ ရက်နေ့ ညနေ ၃း၀၀ နာရီတွင် ရေဝေးသုသာန်ခန်းမ၌ နာရေးကူညီမှု အသင်း (ရန်ကုန်)မှ ဦးစီး၍ Mr. Angus McDonald ၏ ဈာပနအခမ်းအနားအား သူ၏ မိဘနှစ်ပါး၊ ညီအစ်ကို မောင်နှမ၊ သူ၏လက်တွဲဖော် Ms. Catherine Anderson တို့နှင့် အတူ အသင်းသား/သူများနှင့် ငြိမ်သက်အေးချမ်းစွာဖြင့် သံဃာတော်များ၏ တရားသံတို့နှင့် အတူ ကျင်းပပြုလုပ်ခဲ့သည်။ သံဃာတော်များအား ဝတ္ထုငွေ ဆက်ကပ်ခြင်းနှင့် နာရေးကူညီမှု အသင်းမှ စီစဉ်ဆောင်ရွက်ပေးထားသော သင်္ကန်းစုံတို့အား ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက် ချခြင်းတို့ကို မိသားစုတို့မှ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအတိုင်း ဆောင်ရွက်ခဲ့ကြပြီး Mr. Angus McDonald ၏ အရိုးပြာအား Australia, Sydney မြို့သို့ ပြန်လည်သယ်ဆောင် သွားရန်အတွက် ရေဝေးသုသာန်ရှိ တာဝန်ခံများတို့မှ ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် သူ၏ မိသားစုဝင်တို့သည် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လာရောက်ခဲ့ကြပြီး ဦးကျော်သူ၊ ဒေါ်ရွှေဇီးကွက်နှင့်တကွ အသင်းသား/သူများနှင့် အုပ်ချုပ်ရေးမှူး ဒေါ်ရောမောင်မောင်၊ ဒေါ်စောသဥ္ဇာတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် အိမ်ရှင်ပီသသော မြန်မာလူမျိုးများ၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း ပြောကြားခဲ့ကာ နွေးထွေးသော ခြေလှမ်းအစုံတို့ဖြင့် နာရေးကူညီမှုအသင်း (ရန်ကုန်) မှ ပြန်လည်ထွက်ခွာသွားတော့သည်။

ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်)အနေဖြင့် အိမ်ရှင်ပီသစွာဖြင့် ၂၄.၂.၂၀၁၃ တနင်္ဂနွေနေ့တွင် ကွယ်လွန်သူ **Mr. Angus McDonald** အသက် ၅၀ နှစ်၏ တစ်ပတ်ပြည့် ရက်လည်ဆွမ်းအား သံဃာတော်များအား ဆက်ကပ်လှူဒါန်းမှုကို ပြုလုပ်ပေးရပါသည်။ အမှန် စင်စစ် အိမ်ရှင်၊ ဧည့်သည်ဟူသည် ပညတ်ချက်များပင်ဖြစ်သည်။ ကျွန်တော်တို့ လူသား အားလုံးသည် အမှန်ပင် ဧည့်သည်စစ်စစ်များသာဖြစ်သည်။ လူ့ဘဝသို့ ခေတ္တခဏ လာရောက် ကြသောသူများ (ဧည့်သည်)များပင် ဖြစ်တော့သည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံး လူသား ချင်း စာနာထောက်ထားသော စိတ်ထားများဖြင့် လူ့လောကကြီးမှ မထွက်ခွာမီ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေးတို့အား ကူညီဖေးမကြပါက ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးအား တည် ဆောက်နိုင်မည်ဖြစ်တော့သည်။

**ကျော်သူ**



www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့ပ်ကိုင်တော့မည့် မျိုးဆက်သစ်များ

ကျော်သူ



"ပညာရေးနှင့် ပတ်သက်ပြန်တော့လည်း ကျွန်တော်နားမလည်။ မတတ်ကျွမ်း။ မ.ဆ.လခေတ်တွင် ကြီးပြင်းလာသူတစ်ယောက်အနေဖြင့် ပညာရေးဆုံးရှုံးမှုများထဲတွင် တစ်ယောက်အပါအဝင်ဖြစ်ခဲ့သည်။ ပညာရေးအစမ်းသပ်ခံ လူသားတစ်ဦးဖြစ်ခဲ့ရသည်။ ပညာရေးနှင့်ပတ်သက်၍ နောက်ဆုံးနှစ် ရူပဗေဒနှင့် ကျောင်းထွက်ခဲ့သည်။ ဘွဲ့ထူးဂုဏ်ထူးများလည်း မရ။ ပညာရေးကို အဲဒီလို ကျွန်တော် မုန်းခဲ့၊ စိမ်းကားခဲ့သည်"ဟု ကျွန်တော်သာ သမ္မတကြီး ဖြစ်ခဲ့ရင် ဆောင်းပါးတွင် ရေးသားခဲ့ဖူးပါသည်။

သမ္မတကြီး ဦးသိန်းစိန်၏ တစ်နှစ်ပြည့် နှုတ်ခွန်းဆက်မိန့်ခွန်းတွင် တက္ကသိုလ်တွေ စာသင်ကျောင်းတွေ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်တဲ့နေရာမှာ ခေတ်စနစ်နှင့်ညီတဲ့ သင်ရိုးညွှန်းတမ်းတွေသာမက စီမံခန့်ခွဲမှု၊ ပြုပြင်ပြောင်းလဲရေးကိုပါ ဒွန်တွဲဆောင်ရွက်နေကြောင်း၊ စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် သမားရိုးကျ စာကြည့်တိုက်များအပြင် နိုင်ငံတကာ အဆင့်မြင့် တက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ထားသော အွန်လိုင်းစာကြည့်တိုက်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ အရည်အသွေးမြင့်မားရေး၊ လက်တွေ့ အင်တာနက်ချိတ်ဆက်မှုများ၊ ကွန်ယက်များ မြှင့်တင်ဆောင်ရွက်ရေးများကို လုပ်ဆောင်ပေးမည့်အပြင် "သေနတ်ကိုင်သောလက်များကိုလက်တော့ပ်ကိုင်သော လက်များအဖြစ်

www.burmeseclassic.com



ပြောင်းပေးမည်”ဟူသော သမ္မတကြီး၏ မိန့်ခွန်းစကားအရ ပညာရေးဟူသော စကားလုံးအား ကျွန်တော် ချစ်ခင်မိသည်။ မြတ်နိုးမိတော့သည်။ ထို့ကြောင့် ပညာရေးတွင် အားနည်းခဲ့သော အထူးအားဖြင့် အင်္ဂလိပ်စာဘာသာရပ်တွင် အားနည်းခဲ့သော ကျွန်တော့်အနေဖြင့် နောင်တစ်ချိန် အနာဂတ်ခေါင်းဆောင်များဖြစ်လာကြမည့် လူငယ်လူရွယ်များအား အသိပညာ၊ အတတ်ပညာရှင်များ ဖြစ်လာနိုင်စေရန်အတွက် လုပ်အားပေး ဆရာ၊ ဆရာမများ၏ ကောင်းမှုအကူအညီဖြင့် ကွန်ပျူတာသင်တန်းများ၊ လူမှုရေးသင်တန်းများ၊ ဒီဇိုင်နာ (အပ်ချုပ်)သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှု လူမှုဆက်ဆံရေးသင်တန်း၊ နွေရာသီ အင်္ဂလိပ်စာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် စတင်၍ နွေရာသီသင်တန်းများ ဖွင့်လှစ်ခဲ့ရာတွင် ကျောင်းသားကျောင်းသူဦးရေ (၁၀၀) ကျော်ခန့်သာ တက်ရောက်သင်ကြားခဲ့သော်လည်း ယခု ၂၀၁၂ ခုနှစ် နွေရာသီအင်္ဂလိပ်စာသင်တန်း၌ ကျောင်းသားကျောင်းသူဦးရေ (၈၀၀)ကျော် တက်ရောက် သင်ကြားခဲ့ကြသည်။

၁၀.၃.၂၀၁၂ ရက် နေ့တွင် ကလေး ငယ်များအား နွေရာသီ အင်္ဂလိပ်စာသင်တန်း တက်ရောက်ကြရမည့် တန်းခွဲများအား ခွဲခြား နိုင်ရန်အတွက် အရည်အချင်းစစ် စာမေးပွဲ များကို နံနက် (၉း၀၀)နာရီ၊ နံနက် (၁၁း၀၀) နာရီ၊ နေ့လည် (၁း၀၀)နာရီ စသဖြင့် အချိန် များခွဲ၍ စစ်ဆေးဖြေဆိုမှုကို ပြုလုပ်ပေး ခဲ့သည်။ ယခင် ၂၀၁၀ ခုနှစ်တွင် တက်ရောက် ကြသော ကလေးငယ်များသည် မိဘအုပ်ထိန်းသူများမှ ဆိုက္ကား၊ စက်ဘီး၊ ခြေလျင်တို့ဖြင့် လိုက်လံပို့ဆောင် ပေးခဲ့သော်လည်း ယခု ၂၀၁၂ ခုနှစ်တွင် ပညာသင်ကြားရန် လာရောက်သော ကလေးငယ်များအား ဆိုက္ကား၊ စက်ဘီးတို့အပြင် TAXI၊ ကိုယ်ပိုင်မော်တော်ယာဉ်တို့ဖြင့် လူတန်းစား အလွှာပေါင်းစုံမှ လာရောက်၍ ပို့ဆောင်မှုကို တွေ့ရှိရသည့်အတွက် များစွာ ကျေနပ်ပီတိ ဖြစ်မိတော့သည်။


နာရေးကူညီမှုအသင်း (ရန်ကုန်)သည် အောက်ခြေလူတန်းစားများဖြစ်ကြသော စီးပွားရေးချို့တဲ့သူများ၊ ဆင်းရဲနွမ်းပါးသူများ၏ အားကိုးအားထားရာ နေရာဌာနတစ်ခုဖြစ်ခဲ့သော်လည်း ယခုဆိုလျှင် စီးပွားရေးကောင်းသူများ၊ ငွေကြေးတတ်နိုင်သူများကပါ မိမိတို့၏ ရင်သွေးငယ်များအား လာရောက်၍ ပညာရေး၊ လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ် ခေါင်းဆောင်ကောင်း များဖြစ်လာရန် ယုံကြည်မှု ပြည့်ဝစွာ ဖြင့် လူတန်းစားပေါင်းစုံမှ လာရောက် အပ်နှံခြင်းသည် ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် လူသားအကျိုး ထမ်းရွက်ရကျိုး နပ်တော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com






ကြည့်မှန်ဟုဆိုရာ၌ ဆံပင်ဖြီးခြင်း၊ ဝတ်စား ဆင်ယင်မှုကို သုံးသပ်ခြင်း စသည်ဖြင့် မိမိကိုယ်ကို လေ့လာသုံးသပ်မှုအတွက် အထောက်အကူပြု ပစ္စည်းဖြစ်ပါသည်။

ကျွန်တော် ကြည့်မှန်ကို ယခု အထူးနှစ်ခြိုက် သည်။ စွဲလန်းသည်။

ယခင်ကနှင့်မတူ။

ယခင်ကဆိုလျှင် ကျွန်တော် ရုပ်ရှင်ရိုက်ကူးရာ ဆံပင်ဖြီးခြင်း၊ နှုတ်ခမ်းမွှေးရိတ်ခြင်း၊ မျက်မှန်နှင့် လိုက်ဖက်မှု ရှိ,မရှိ ကြည့်ရှုခြင်း၊ ဝတ်စားဆင်ယင်မှုအနေအထား သုံးသပ်ခြင်း၊ အိုက်တင်လုပ်ကြည့်ခြင်း စသဖြင့် အထောက်ကူပြုသော မိမိအတွက်သာ အသုံးပြုသော အတ္တ ကြည့်မှန်ကို သုံးခဲ့သည်။ ယင်းနောက်ပိုင်းတွင် ၂ နှစ်ကျော်ကာလအထိ မိမိနှင့် ကြည့်မှန် ဆုံစည်းခွင့်မရှိတော့။ (၂၀၀၇ ခုနှစ်၊ စက်တင်ဘာလတွင် မိမိ ကြည့်မှန် ကျကွဲသွားခဲ့သည်။) ယခု ပြန်လည်ရရှိဆုံခွင့်ရသော ကြည့်မှန်သည် ၄ လခန့်သာ ရှိသေးသည်။

ယခုကြည့်မှန်သည်ကား ပရဟိတကြည့်မှန်ဖြစ်တော့သည်။ ဤ ပရဟိတကြည့်မှန် တစ်ချပ်ကို လက်ဆောင်ပေးခဲ့သူ နှစ်ဦးရှိသည်။ သူတို့သည် တစ်ချိန်က မိမိ၏ ပရိသတ်ထဲမှ ဖြစ်သော အဝေးတစ်နေရာမှ ကိုဇေယျာနှင့် ကိုဒယ်နီအောင်မျိုးကျော်တို့ ဖြစ်ကြသည်။ သူတို့ နှစ်ဦးနှင့် မိမိ တစ်ကြိမ်တစ်ခါမျှ ပြင်ပတွင် မဆုံဘူးခဲ့၊ မတွေ့ဘူးခဲ့ပါ။ သူတို့နှစ်ဦး လက်ဆောင် ပေးခဲ့သော ကြည့်မှန်ကို မိမိ မြတ်နိုးစွဲလန်းမိတော့သည်။ မကြည့်ရ မနေနိုင်အောင် ဖြစ်ခဲ့သည်။ မိမိသည် လူမှုရေးနယ်ပယ်တွင် အတော်အသင့် ကျင်လည်မှုရခဲ့သော ဤအချိန်ကာလတွင် ထိုကြည့်မှန်၏ နောက်ဆက်တွဲ အကျိုးပေးမှုများကို ခံစားနားလည်လာတော့သည်။ အဖိုးမဖြတ် နိုင်သော ကြည့်မှန်ပင်ဖြစ်တော့သည်။

ထိုကြည့်မှန်ကိုကြည့်၍ မိမိကိုယ်ကို ပြန်လည်သုံးသပ်ခွင့်ရလာသည်။

မိမိမှားနေလား၊ မှန်နေလား

မိမိလုပ်သင့်လား၊ မလုပ်သင့်လား

www.burmeseclassic.com

www.burmeseclassic.com



မိမိပြောသင့်လား၊ မပြောသင့်လား စသဖြင့် ကြည့်မှန်သည် မိမိဘဝတစ်လျှောက် ကူးခတ်လှော်ခတ်ရာ၌ "ပဲ့"သဖွယ် ဖြစ်လာတော့သည်။

ရှင်းရှင်းပြောရလျှင် ဘဝခရီးလမ်း လျှောက်လှမ်းရာ၌ သံလိုက်အိမ်မြှောင်သဖွယ်၊ လမ်းပြသဖွယ် ဖြစ်တော့သည်။

ထို့အပြင် မိမိ၏ ထိုကြည့်မှန်သည် မိမိ၏ အတိုင်ပင်ခံပုဂ္ဂိုလ်လည်း ဖြစ်တော့သည်။ မိမိ၏ ရင်တွင်းခံစားချက်များ တင်ပြရာ ဟစ်တိုင်လည်းဖြစ်သည်။ လူမှုရေးလုပ်ရာတွင် တစ်ခါတစ်ရံ မိမိသည် အရိယသူတော်စင်ပုဂ္ဂိုလ် မဟုတ်သည့်အတွက် ဒေါသဖြစ်မိသည်။

တစ်ခါတစ်ရံ ပေါက်ကွဲမိသည်။

တစ်ခါတစ်ရံ မိမိကိုယ်ကို ကိုယ့်ပေါင်ကို လှန်ထောင်းမိသည်။

တစ်ခါတစ်ရံ ဘယ်သူနှင့်မှ စကားပြောချင်စိတ်မရှိ။

တစ်ခါတစ်ရံ ဘယ်သူ့ကိုမှ ကြည့်ချင်စိတ်မရှိ။

တစ်ခါတစ်ရံ ဘယ်သူ့အသံကိုမှ ကြားချင်စိတ်မရှိ စသည်ဖြင့် ဖြစ်ခဲ့ဖူးသည်။

သို့သော် ... ယခုဆိုလျှင် မိမိတွင် ထွက်ပေါက်ရှိလာပြီဖြစ်သည်။

မိမိ၏ "ထွက်ပေါက်"သည် မိမိ၏ကြည့်မှန် ...

မိမိ၏ "လမ်းပြ"သည် မိမိ၏ကြည့်မှန် ...

မိမိ၏ "ပဲ့"သည် မိမိ၏ကြည့်မှန် ...

အဆုံးစွန်ဆုံးပြောရလျှင် မိမိ၏"ဆရာ"သည် မိမိ၏ကြည့်မှန်ပင်ဖြစ်တော့သည်။ နေ့စဉ် အချိန်ရလျှင် ရသလို မိမိ၏ကြည့်မှန်ကို မိမိကြည့်သည်။ ပြန်လည်၍ ..

မိမိကို မိမိ ဆုံးသပ်သည်။

မိမိကို မိမိ ဆုံးမသည်။

မိမိကို မိမိ ဝေဖန်သည်။

မိမိကို မိမိ ဖြေသိမ့်သည်။

မိမိကြည့်မှန်သည် ပွင့်လင်းသည်။ ရိုးစင်းသည်။ ဘက်မလိုက်၊ ကောလာဟလမလုပ်၊ အမှန်ကို အမှန်အတိုင်းမြင်သည်။ မှန်တကာ့ မှန်ထဲတွင် အကြည်လင်ဆုံး၊ အပြတ်သားဆုံးမှန်သည် မှန်ဝါးခြင်း၊ လိမ်ကောက်ခြင်း၊ အခြစ်ရာ၊ အစင်းရာ၊ တွန့်လိမ်ခြင်း လုံးဝမရှိ။

မိမိရင်ဖွင့်မှုများကို

မှန်လျှင်မှန်ကြောင်း ...

မှားလျှင်မှားကြောင်း ...

ထောက်ခံလျှင် ထောက်ခံကြောင်း ...

ကန့်ကွက်လျှင် ကန့်ကွက်ကြောင်း ... မိမိ၏ သွားရာလမ်းကြောင်းကို တည့်မတ်မှုပေးသည်။ အဖိုးမဖြတ်နိုင်သော ကြည့်မှန်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုကြည့်မှန်သည်ကား မိမိ၏ FACE BOOK ပင် ဖြစ်တော့သည်။ မိမိ၏ ရင်ဖွင့်သံများ။ လှုပ်ရှားမှုများ။ ခံစားချက်များကို စာနာထောက်ထား၍ အကြံပြုသော ကျေးဇူးရှင် FAN ပရိသတ်ကြီးသည် ယခုဆိုလျှင် ၉၈၀၀ ဦးရှိပြီဖြစ်သည်။

ထိုသူတို့သည် မိမိ၏ ကျေးဇူးရှင်၊ မိမိ၏ လမ်းပြကြယ်၊ မိမိ၏ ပုံ၊ မိမိ၏ ထွက်ပေါက်များပင် ဖြစ်တော့သည်။ ထို FACE BOOK ကိုကြည့်၍ မိမိကိုယ်ကို ပြုပြင်လာနိုင်သည်။ မိမိကိုယ်ကို ထိန်းသိမ်းမှုရှိလာသည်။ မိမိကိုယ်ကို သွန်သင်မှုတွေ ရှိလာသည်။

ထို့ကြောင့် မိမိကဲ့သို့ အများသည်လည်း မိမိကိုယ်ကို ပြုပြင်လာနိုင်သည့် FACE BOOK ဆိုသော ကြည့်မှန်ကို အပျော်တမ်း၊ အပျင်းပြေ မသုံးစေလိုပါ။ အကျိုးရှိမည့် ကိစ္စရပ်များကိုသာ အသုံးပြုစေချင်သော စေတနာဖြစ်ပေါ်လာသည်။ တန်ဖိုးရှိအောင် သုံးစေချင်သည်။ ဖျော်ဖြေရေး သက်သက် မသုံးသင့်ပေ။ ဒါဟာ မိမိရင်ထဲက စေတနာပင်ဖြစ်သည်။ ဆက်လက်၍လည်း မိမိ၏ FACE BOOK မှတစ်ဆင့် မိမိ တိုင်ပင်ပါအုံးမည်။ တင်ပြပါအုံးမည်။ ရှင်းချက်များ ထုတ်ပါအုံးမည်။

FAN ပရိသတ်ကြီးမှလည်း ဝေဖန်ပါ။ အကြံပြုပါ။ အားပေးကြပါ။ မိမိ၏ ကြည့်မှန် = မိမိ၏ FACE BOOK = မိမိ၏ အားဆေးဟုလည်း သတ်မှတ်နိုင်ပါသည်။

ယင်း FACE BOOK မှ မိမိသည် အင်အားများစွာရခဲ့သည်။ ခွန်အားများ တိုးပွားလာသည်။ စိတ်ဓာတ်များ တိုးမြင့်လာစေသည်။ အမှန်တရားများ ပိုမိုနက်ရှိုင်းစွာ မြင်လာစေသည်။ ခံယူချက်များ ပြင်းထန်လာစေသည်။

ထို ... ထိုသောအကြောင်းအရာများ။ ကျေးဇူးတရားများ။ အသိဉာဏ်များကို ပေးခဲ့သော မိမိ၏ ကျေးဇူးရှင် FAN ပရိသတ်ကြီးနှင့် အဝေးတစ်နေရာမှ ကိုဗေယျာ၊ ကိုဒယ်နီတို့နှင့် ဝိုင်းဝန်းကူညီပံ့ပိုးသူအားလုံးကို မိမိသည် ကျေးဇူးတင်သည့်အနေနှင့် ကျေးဇူးဆပ်သည့်အနေနှင့် တစ်ခုခု ပေးဆပ်ချင်စိတ်ပေါ်လာသည်။

မိမိ၏ စိတ်ဓာတ်အင်အား

မိမိ၏ အသိဉာဏ်အင်အား

မိမိ၏ ခံယူချက်တို့ ပေါင်းစပ်ကာ ငါးကြောင်းတည်းသော စာပိုဒ်ကလေးတစ်ခုကို ဖန်တီးမိတော့သည်။ ယင်းစာပိုဒ်သည်

မိမိ၏ ခံယူချက်၊ မိမိ၏ သဘောထားပင်ဖြစ်သည်။

မိမိ၏ သဘောထားသည် ပြည်သူလူထု၏ သဘောထားပင် ဖြစ်လိမ့်မည်။

မိမိ၏ ခံယူချက်သည် ပြည်သူလူထုရဲ့ ခံယူချက်ဟု ယူဆသည်။

မိမိနှင့် ပြည်သူလူထု တစ်သားတည်းကျနေသည်ဟု သတ်မှတ်သည်။ ထိုစာပိုဒ်ကလေးကို FAN ပရိသတ် တစ်သောင်းပြည့်ပြီဆိုပါက မိမိ၏ ကြည့်မှန် FACE BOOK ထဲသို့ ပစ်သွင်း လွှတ်တင်လိုက်ပါမည်ဟု ကတိပြုရင်းနှင့် .... မျှော်။

အားလုံးကို လေးစားဦးညွှတ်လျက် ....

www.burmeseclassic.com

www.burmeseclassic.com





## ပရဟိတသမားတွေမှာ ကြုံကြုံခံတဲ့စိတ်ဓာတ်က သစ္စာဆိုခြင်းပဲဆိုတဲ့

# ကျော်သူ

## နှင့်

# တွေ့ဆုံခြင်း

စာရေးသူတို့ ငယ်စဉ်ကလေးဘဝကတည်းက နာမည်ကျော်ကြားထင်ရှားသော ရုပ်ရှင်မင်းသားတစ်ယောက် ...။ သူ ပါဝင်သရုပ်ဆောင်သော ရုပ်ရှင်ဇာတ်ကားတော်တော်များများကို ကြည့်ဖူးပြီး ဇာတ်ကားတိုင်းကို ကြိုက်နှစ်သက်ခဲ့ပါသည်။ နောက်တော့ ပရဟိတ အလုပ်တွေ လုပ်သည်ဟု သတင်းကြားသည်။ လုပ်သော ပရဟိတအလုပ်ကလည်း ထူးဆန်းသည်ဟု ငယ်စဉ်က တွေးမိခဲ့သည်။ သုဘရာဇာအလုပ်လေ။ လူအများ မလုပ်ချင်သောအလုပ်၊ မြန်မာလူမျိုးများအတွက် အယူသီးမှုများစွာ ရှိနေခဲ့သောအလုပ်၊ မသေခင်ကသာ ချစ်ခင်စွဲလမ်း တပ်မက်နေကြပေမယ့် သေပြီး၊ အလောင်းဖြစ်သွားပြီဆိုပါက မိသားစုအရင်းကြီးကပင်လျှင် မထိချင်မကိုင်ချင်ကြတော့။ ရုံးဇာတ်ကားများတွင် အောက်တန်းအကျဆုံးအလုပ်မျိုးဟုပင် ထည့်သွင်းရိုက်ကူးပြတတ်သောအလုပ်ဖြစ်သည်။ ယင်းအလုပ်ကို သူလုပ်သည်။

သို့ဖြစ်၍ အခက်အခဲများစွာကို ကြုံတွေ့ရကြောင်း သတင်းကြားသည်။ အနှောင့်အယှက်၊ အဟန့်အတားများနှင့် အယူသီးမှုများစွာကို သူ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။ တစ်ဖက်တွင်လည်း ဂုဏ်ယူဖွယ်ရာကောင်းသော အကြောင်းများကိုလည်း ကြားသိရသည်။ မိမိ၏ မိသားစုဝင်တစ်ယောက် သေဆုံးသွားခြင်းကြောင့် ပူဆွေးသောကရောက်နေကြသူများသည်ပင်လျှင် အလောင်းသယ်ရန် သူရောက်သွားသောအခါ "ဟယ် ... ကျော်သူကြီးတော့" ဆိုပြီး ကိုယ်နှိပ်စားနေရသော အပူများကို ခေတ္တခဏ မေ့လျော့ကာ ပျော်ရွှင်သွားကြသည့်အကြောင်းမျိုးကို ကြားရသောအခါ စာရေးသူတို့ပါ ပြုံးမိရသည်။

ရှည်လျားသော ခရီးကြမ်းကြီးတွင် ကြုံတွေ့ရသော အခက်အခဲများကို စိတ်ဓာတ်ကြံ့ခိုင်မှုဖြင့် ရင်ဆိုင်ကျော်ဖြတ် လျှောက်လှမ်းခဲ့သူဖြစ်သည်။ တစ်ချိန်က အောက်တန်း၊ အကျဆုံး

www.burmeseclassic.com





အလုပ်ဟု လူအများ ယူဆသတ်မှတ်ခဲ့သော်လည်း ယခုအချိန်တွင်တော့ သုဘရာဇာအလုပ်ကို လူအများ လေးစားတတ်ခဲ့ပြီ။ ရှေးရိုးစွဲ အယူသီးမှုများကိုလည်း တိုက်ဖျက်နိုင်ခဲ့သည်။ ရုပ်ရှင်မင်းသား ကျော်သူကို ချစ်ခင်ခဲ့သူများက နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးကျော်သူကို လေးစားကြသည်။ မြန်မာတွင်သာမက ကမ္ဘာကပါ အသိအမှတ်ပြုလာကြသည်။ ယခုအခါ နယ်မြို့တော်ဇာတ်များများတွင်ပါ နာရေးကူညီမှုအသင်းခွဲများ ဖွဲ့စည်းတည်ထောင်သော အများအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေကြပြီ။ လူငယ်များအတွက် အတုယူသင့်သော သူတစ်ယောက်ဖြစ်သောကြောင့် သူ၏စိတ်ဓာတ် ကြံ့ခိုင်မှုအကြောင်းကို သိရှိလိုသည်။ သူ့ထံမှ အတွေ့အကြုံများ၊ အတွေးအခေါ်များ၊ ရင့်ကျက်မှုများ၊ အများအကျိုးအတွက် စွန့်လွှတ်အနစ်နာခံလိုစိတ်များ၊ ဇွဲသတ္တိနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုတို့ကို လူငယ်များထံသို့ ပေါင်းကူးပေးလိုသည်။ ထို့ကြောင့် မိုးဖွဲဖွဲရွာသော ဇွန်လ၏ နေ့လယ်ခင်းတစ်ခုတွင် နာရေးကူညီမှုအသင်း ရုံးခန်းထဲ၌ ဦးကျော်သူနှင့် တွေ့ဆုံစကားပြောဖြစ်ခဲ့ပါသည်။

**ဦးကျော်သူရဲ့ ဘဝဖြတ်သန်းမှုမှာ စိတ်ဓာတ်ကြံ့ခိုင်မှုကို ဘယ်လိုတည်ဆောက်ခဲ့ရလဲ။ အနုပညာအလုပ်နဲ့ ပရဟိတအလုပ်တွေမှာ အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့တာက ဝါသနာကြောင့်လား။**

အောင်မြင်မှုဆိုတာက ကိုယ်အောင်မြင်တယ်ဆိုပြီး သာယာနေလို့ မဖြစ်ဘူး။ အောင်မြင်လာတာနဲ့အမျှ အတိုက်အခိုက် အနှောင့်အယှက်တွေက ရှိလာတယ်။ ကိုယ့်ဘက်က သမာသမတ်ကျကျနဲ့ ကြံ့ကြံ့ခံပြီး ရင်ဆိုင်ခဲ့တဲ့အတွက် ရုပ်ရှင်လောကမှာ နာမည်တစ်ခု ရလာခဲ့တာပါ။ မှတ်တိုင်တစ်ခုအနေနဲ့ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဆု ရခဲ့တယ်။ ဒီအကယ်ဒမီဆုရခဲ့တဲ့ ဇာတ်ကားတွေကလည်း တကယ့်ကို ကိုယ့်ဘက်က အခက်အခဲတွေကို ကြံ့ကြံ့ခံပြီး ကြိုးစားခဲ့တဲ့အတွက် အောင်မြင်မှုရခဲ့တာပါ။ အမေ့နို့ဖိုးဇာတ်ကားဆိုရင် အင်းလေးမှာလည်း ရိုက်ရတယ်။ မန္တလေးမှာလည်း ရိုက်ရတယ်။ ရန်ကုန်မှာလည်း ပြန်ရိုက်ရတယ်။ ခဲရာခဲဆစ်တွေ ရိုက်ခဲ့ရတယ်။ ကိုယ်ကလည်း ဝါသနာပါတယ်။ ကိုယ့်အနုပညာကိုလည်း အကောင်းဆုံးဖြစ်အောင် ဖော်ပြချင်တယ်။ ရိုက်ကွင်းရိုက်ကွက်ကအစ အပင်ပန်းခံပြီး လုပ်ခဲ့တယ်။ ရာသီဥတုဒဏ်ကိုလည်း ခံခဲ့ရတယ်။ မိုးရွာလို့ရှိရင်လည်း နားနေရတယ်။ ဒါတွေကို စိတ်ဓာတ်မကျဘဲ မိုးတိတ်ချိန်အထိစောင့်ပြီး ရိုက်ခဲ့တယ်။ ပင်ပန်းတာတွေနဲ့ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကြံ့ကြံ့ခံပြီး လုပ်ခဲ့တာကြောင့် ဒီဇာတ်ကားက အောင်မြင်ခဲ့တယ်။ ကိုယ်လိုချင်တဲ့ အိုက်တင်ပိုင်း မရမချင်း ပြန်ရိုက်ခဲ့တယ်။ ကိုယ့်ဘက်က အများပြည်သူကို ပြတဲ့နေရာမှာ စေတနာပါရမယ်။ အကျိုးရှိမယ့် အရာမျိုးဖြစ်ရမယ်။ သရုပ်ဆောင်တဲ့နေရာမှာလည်း အကောင်းဆုံးဖြစ်ရမယ်။ အဲဒီလိုဖြစ်ဖို့အတွက် ကိုယ့်ဘက်က အနစ်နာခံရမယ်။ အဲလိုဖြစ်ဖို့အတွက် ကိုယ့်ဘက်က အနစ်နာခံရတာက သရုပ်ဆောင်မှုတွေကို မကြိုက်မချင်း ပြန်ရိုက်တော့ ဖလင်ဆုံးရှုံးတာ။ တစ်ရက်ပြီးမယ့်ကိစ္စ နှစ်ရက်၊ သုံးရက်လောက် ပြန်ရိုက်ရတဲ့ အနစ်နာခံခဲ့တဲ့ အပိုင်းတွေရှိတယ်။ အဲလိုမျိုး

www.burmeseclassic.com

www.burmeseclassic.com





ကြိုးစားခဲ့တဲ့အတွက် ဒီဇာတ်ကားက အောင်မြင်ခဲ့တယ်။ ဒါက အနုပညာဘက်မှာပေါ့။

ကျွန်တော်တို့ ပရဟိတသမားတွေမှာ ကြုံကြုံခဲ့တဲ့စိတ်ဓာတ်က သစ္စာဆိုတာ။ "၂၀၀၁ ခုနှစ်ကနေ အခုအချိန်အထိ အများပြည်သူအတွက်လုပ်တာ မှန်ကန်ပါက ဒီအခက်အခဲတွေ အမြန် ပြေပျောက်ပါစေသား"ဆိုပြီး ဘုရားရှေ့မှာ သစ္စာဆိုတယ်။ သုသာန်သွားပြီး ဘဘဦးသုခရဲ့အုတ်ဂူရှေ့မှာ နဖူးနဲ့မြေကြီးထိ ဦးခိုက်ပြီး သစ္စာဆိုတယ်။ အနုပညာအလုပ်မှာ ကြုံကြုံခံတာနဲ့ ပရဟိတအလုပ်မှာ ကြုံကြုံခံတာကတော့ ကွဲပြားတယ်။ ပရဟိတမှာကျတော့ ဘာသာရေးအပိုင်းပါပြီး သစ္စာတရားတွေ ပါလာတယ်။

**အနုပညာအလုပ်တွေလုပ်နေတဲ့ လူငယ်ဘဝက ဘယ်လိုအခက်အခဲတွေကို အများဆုံးရင်ဆိုင်ခဲ့ရလဲ။ အနုပညာလောကမှာ ကြုံတွေ့ရတတ်တဲ့ လောကဓံတွေကိုရော ဘယ်လို ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ပါသလဲ။**

အနုပညာအလုပ်မှာ ဘယ်လို ကြုံကြုံခံခဲ့သလဲဆိုရင် အရင်တုန်းက ပိတ်ကားပေါ်မှာ ကျွန်တော်တို့က Black & White ခေတ်ကတည်းက မင်းသားဖြစ်လာတယ်။ ပရိသတ်တွေ အနေနဲ့ တကယ့်ကိုအားပေးမှ မင်းသားဖြစ်တာ။ အားပေးမှုရအောင်လည်း တကယ်ကို ကျော်ဖြတ်ခဲ့ရတယ်။ မင်းသားတစ်လက်ဆိုတာ လွယ်လွယ်ကူကူမဖြစ်ဘူး။ ဒါရိုက်တာတွေရဲ့ခြေထောက်နဲ့ အကန်ခံရတာတွေရှိတယ်။ ဖနောင့်နဲ့ အကန်ခံရတာတွေရှိတယ်။ တုတ်နဲ့ အရိုက်ခံရတာတွေ ရှိတယ်။ အိုက်တင်မကောင်းဘူးဆိုရင် ရီဟာဇယ်လုပ်ခိုင်းတယ်။ ရီဟာဇယ်မှာလုပ်ပြီး တကယ်လုပ်တဲ့အခါ လွဲတာနဲ့ အရိုက်ခံရတာတွေရှိတယ်။ အခုလက်ရှိ သက်ရှိထင်ရှားရှိနေတဲ့ ဒါရိုက်တာကြီးတွေလည်းရှိတယ်။ ဒါရိုက်တာကြီးတွေရဲ့ကျေးဇူးကြောင့် ကိုယ်ကလည်း ကိုယ့်ဆရာသမားဆိုပြီး ဂါရဝပြုပြီး ပြောတဲ့အတိုင်း လေးလေးစားစားနဲ့ လုပ်ခဲ့လို့ အောင်မြင်ခဲ့တာ။ ကိုယ့်ဘက်က ကြုံကြုံခံတယ်ဆိုတာ အနုပညာလောကမှာ ဒီလောက်ပဲရှိတယ်။ ပရဟိတအလုပ်မှာ ကြုံကြုံခံတာက ပိုလေးနက်ပြီး အဓိပ္ပာယ်ပိုရှိတယ်။

လောကဓံတွေကတော့ ထားလိုက်တော့။ ဘယ်လောကပဲ ဖြစ်ဖြစ် အနုပညာလောက၊ ဆရာဝန်လောက၊ အင်ဂျင်နီယာလောက၊ ကျောင်းဆရာလောက၊ ဘုန်းကြီးလောကပဲဖြစ်ဖြစ်၊ အပုပ်ချခံရတဲ့ လောကဓံတွေက မျိုးစုံရှိနေတယ်။ လူဆိုတာ ကိုယ့်သမိုင်း ကိုယ်ရေးကြတာ။ ကိုယ့်လိပ်ပြာ ကိုယ်သန့်ဖို့ပဲ အရေးကြီးတယ်။

**အနုပညာလောကမှာပဲဖြစ်ဖြစ်၊ တခြားလောကမှာပဲဖြစ်ဖြစ် ကြိုးစားနေတဲ့ လူငယ်လေးတွေ၊ တချို့ တက်သစ်စလေးတွေဟာ လောကဓံဒဏ်ကို ချက်ချင်းခံရတာတွေရှိတယ်။ တချို့ကျတော့ ကိုယ့်ဘက်က မမှန်လို့ အပြောခံရတာတွေရှိတယ်။ တချို့ကျတော့ ကိုယ့်ဘက်က မှန်နေပေမယ့် ရည်ရွယ်ချက်တစ်ခုခုနဲ့ အမျိုးမျိုး အပုပ်ချခံရတာရှိတယ်။ ဒါတွေကို မခံနိုင်လို့ရှိရင် ပြိုလဲသွားနိုင်တဲ့ အနေအထားမျိုးတွေရှိတော့ ဦးကျော်သူအနေနဲ့ လူငယ်တွေကို စိတ်ဓာတ်ကြံ့ခိုင်မှုရှိအောင် ဘယ်လိုလုပ်သင့်သလဲဆိုတာ ပြောပြပေးပါဦး။**

လောကဓံကို ကြုံတွေ့ရရင် အဓိက ကိုယ့်အပေါ်မှာပဲ မူတည်တယ်။ ကိုယ်က မတရား

www.burmeseclassic.com

www.burmeseclassic.com





အပြောခံရတာလား။ ဒါမှမဟုတ် ကိုယ်တစ်ခုခုလုပ်မိတာကိုပဲ ချဲ့ထွင်ပြီး သုံးလေးဆလောက် အပြောခံရတာလား။ ကိုယ့်လိပ်ပြာ ကိုယ်သန့်ဖို့ပဲ အရေးကြီးတယ်။ အခုချိန်ထိ ကျွန်တော်လည်း အပြောခံရတုန်းပဲ။ မနက်ပဲ ဖုန်းလာတယ်။ မလေးရှားက မြန်မာတွေကို ကိုကျော်သူက တာဝန် ယူတယ်၊ လက်မှတ်ထိုးခိုင်းရင် ပြန်လာလို့ရတယ်ဆိုပြီး မလေးရှားကကိစ္စကို ဖုန်းဆက်မေးတယ်။ ဟာ ကျွန်တော်က နိုင်ငံတော်သမ္မတလည်း မဟုတ်ဘူး၊ နိုင်ငံခြားရေးရာ သံအမတ်လည်း မဟုတ်ဘူး။ ကျွန်တော်နဲ့လည်း မဆိုင်ဘူး။ ကောလာဟလဖြစ်ရင်လည်းဖြစ် မတတ်နိုင်ဘူး။ ခင်ဗျားတို့မှာလည်း အသိဉာဏ်ရှိတယ်။ ကောလဟာလပြောတဲ့သူတွေ၊ ကောလာဟလ အပြောခံရတဲ့သူတွေလည်း အသိဉာဏ်ရှိတယ်။ ကိုယ့်အသိဉာဏ်နဲ့ ဖြစ်သင့်လား။ မဖြစ်သင့်လား။ ကိုယ့်ဘာသာကိုယ် စဉ်းစားကြပေါ့။ ယုံသင့်ယုံထိုက်မှ ယုံ။ မနေ့ကလည်း ဖုန်းလာတယ်။ ဦးကျော်သူ သေပြီဆိုတာ ဟုတ်လားဆိုပြီး နှစ်ယောက်၊ သုံးယောက် ဖုန်းဆက်မေးကြတယ်။ ဟုတ်တယ်၊ သေခါနီးပြီလို့ ပြောလိုက်တယ်။

ဒါမျိုးတွေကိုပဲ ကိုယ်ကလိုက်ပြီး ခံစားနေရင် ကိုယ့်လမ်းကြောင်းပဲ နှေးမယ်။ ပိတ်သွားမယ်။ လမ်းကြောင်းပြန်ကွေ့ရင် ကွေ့သွားတတ်တယ်။ ကောလာဟလကို လိုက်ပြီးတော့ ခံစားနေလို့မရဘူး။ ကိုယ်လုပ်စရာရှိတဲ့ ကိုယ့်အလုပ် ကိုယ်လုပ်ရုံပဲ။ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်တာဝန် ကိုယ်ကျေ၊ ကိုယ့်သီလ ကိုယ်လုံဖို့ပဲ အရေးကြီးတယ်။

အခုလည်း နာရေးကူညီမှုအသင်းက အနုပညာသမားတွေ ဆုံးလို့ရှိရင် မလုပ်ပေးတော့ဘူးဆိုပြီး သတင်းထွက်လာတယ်။ ဒါကလည်း ဒီပြင်အဖွဲ့အစည်းတွေကနေ ထုတ်တဲ့သတင်းတွေပါ။ ဒါတွေကိုပဲလိုက်ပြီး ခံစားနေလို့မရဘူး။ ကိုယ်က တစ်နေ့တစ်နေ့ကို အလောင်းပေါင်း လေးဆယ်နဲ့ ငါးဆယ်ကြား လုပ်ပေးနေရတာ။ အဲဒီတော့ အနုပညာသမားလည်း လူပဲ၊ သာမန်ပြည်သူလူထုတွေကလည်း လူပဲ။ ဗိုလ်ချုပ်တွေလည်း လူပဲ၊ နိုင်ငံရေးသမားတွေလည်း လူပဲ။ လူတွေမှန်သမျှ ကျွန်တော်တို့က လုပ်ပေးနေရတာ။ တစ်ခုရှိတာက အနုပညာသမားတွေကို မလုပ်ပေးတော့ဘူးဆိုတဲ့ သတင်းထွက်တာ ဘာကြောင့်လဲဆိုတော့ ဒါရိုက်တာ အာယု၊ အကော်ဒီယံ အုန်းကျော်၊ တေးရေး ကေအေတီ ဒီသုံးယောက်ကို ကျွန်တော်တို့ လုပ်ခွင့်မရလိုက်ဘူး။ ဘာကြောင့် လုပ်ခွင့်မရသလဲဆိုတာက သူတို့ဘက်က သင်္ချိုင်းလက်မှတ်မရတဲ့အတွက် ကျွန်တော်တို့က ရေဝေးသုသာန်ကို သွားပို့မယ်ဆိုရင် စည်ပင်က လက်မခံဘူး။ သင်္ချိုင်းလက်မှတ်ပါမှ အအေးခန်းမှာ ထားခွင့်ပေးတယ်။ တချို့အဖွဲ့တွေကျတော့ စည်ပင်သာယာကနေပြီး ရတယ်။ သင်္ချိုင်းလက်မှတ်ကို နောက်နေ့မနက်မှ လာပေးဆိုတာမျိုးရှိတယ်။ အမှန်မှာ ကျွန်တော်တို့က အကုန်လုံးကို လုပ်ပေးတယ်။ သင်္ချိုင်းလက်မှတ်ဆိုတာက ဆုံးတယ်ဆိုရင် ဆရာဝန်ရဲ့ သေဆုံးကြောင်း စာ၊ ရပ်ကွက်ကနေပြီး ဒီရပ်ကွက်မှာနေကြောင်း စာ၊ မြို့နယ်ဒေသန္တရမှာ သင်္ချိုင်းလက်မှတ်ဆိုတာ ထုတ်ရတယ်။ သေဆုံးသူအမှတ်စဉ် ဘယ်လောက်ဆိုပြီးတော့ပေါ့။ အဲဒါတွေ

www.burmeseclassic.com





ရတော့မှပဲ စည်ပင်သာယာက လက်ခံတယ်။ ဥပမာ ညနေ (၄) နာရီ၊ (၅)နာရီလောက် ဆုံးတယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ညနေ (၅)နာရီဆိုရင် ပိတ်ပြီ။ ဒါပေမဲ့ ညဘက်ဆိုရင်လည်း ဒီမှာ ကား မောင်းပေးမယ့် လူတွေရှိတယ်။ သို့သော် သင်္ချိုင်းလက်မှတ်က ချက်ချင်းမထုတ်နိုင်တဲ့အတွက် သုသာန်ကို ချက်ချင်း မသွားနိုင်ဘူး။ ကာယကံရှင်တွေကလည်း မြန်မြန်ရရင် ပြီးရောဆိုပြီးတော့ ဘယ်အသင်းအဖွဲ့နဲ့ပဲဖြစ်ဖြစ် ပို့ချင်တယ်။ လူတွေက ဘာလို့လဲဆိုတော့ သေပြီဆိုတာနဲ့ ဒီအလောင်းကို အိမ်မှာမထားချင်တော့ဘူး။ ဒါတွေက တရားရစရာတွေပဲ။

ကြုံကြုံခံတာနဲ့ပတ်သက်ပြီး ပြောရရင် သရုပ်ဆောင်ဘဝမှာ ကြုံကြုံခံတယ်ဆိုတာက မခံချင်စိတ်တွေရှိတယ်။ လူမှုရေးသမားကျတော့ မခံချင်စိတ်တွေ မရှိတော့ဘူး။ အားလုံးကို တရားနဲ့ပဲ ဖြေလိုက်တော့တယ်။ ကိုယ့်ဘက်က အဓိက သစ္စာတရားကိုပဲ လက်ကိုင်ပြုပြီး နေလိုက်တော့တယ်။ အနုပညာဘက်မှာ မခံချင်စိတ်နဲ့ လုပ်တဲ့အခါကျတော့ ကိုယ့်ရဲ့မာနကြောင့် ကြုံကြုံခံမှုက အများဘက်ကို ရောက်သွားတတ်တယ်။ ဒီဘက်မှာကျတော့ ဘာမှမရှိတော့ဘူး။ သူတို့ပြောတာတွေ မဟုတ်လည်း ကိုယ့်ဘက်က တရားနဲ့ပဲ ဖြေလိုက်တော့တယ်။

**နာရေးကူညီမှုလုပ်တဲ့အချိန်မှာ ဦးကျော်သူကျော်ဖြတ်ခဲ့ရတဲ့ အခက်အခဲတွေထဲက မှတ်မှတ်ရရဖြစ်ခဲ့တာရှိရင် ပြောပြပေးပါလား။**

မှတ်မှတ်ရရဖြစ်တဲ့ အခက်အခဲကတော့ ဆေးခန်းအဆောက်အအုံဆောက်ပြီး ဆေး စလှူတဲ့အချိန် အရှေ့မှာ ငါးပေအကျယ်၊ ငါးပေအနက် မြောင်းတူးခိုင်းတယ်။ မြောင်းတူးပြီးမှ ဒီမှာ လုပ်ငန်းလုပ်ခွင့်ပေးမယ်ဆိုပြီး စည်ပင်သာယာက အမိန့်ထုတ်တယ်။ အဆောက်အအုံ ဆိုတာ မြောင်းရှိရမယ်။ မြောင်းရှိမှ ဒီအဆောက်အအုံမှာ နေထိုင်ခွင့်ပေးတယ်။ စည်ပင်ဥပဒေ အရပေါ့။ ကိုယ်တို့တွေရဲ့ ဘယ်ဘက်၊ ညာဘက်၊ ဘုန်းကြီးကျောင်းဘက်တွေမှာ မြောင်းတူး ခိုင်းတာကတော့ ဒါ သက်သက်ညစ်တာပဲ။ အဲဒါဆိုလည်း မတူးဘူးကွာဆိုပြီး ကိုယ့်ဟာကိုယ် လုပ်စရာရှိတာ လုပ်တော့ တရားရုံးကနေ စာရောက်လာတယ်။ အဲဒီကိစ္စကို တရားစွဲထားတဲ့ အတွက် တရားရုံးက ဆင့်ခေါ်တာ။ တရားရုံးချိန်း နှစ်ခါ၊ သုံးခါခေါ်တာ မသွားဘူး။ မသွားတော့ ဖမ်းဝရမ်းထုတ်တယ်။ ဒီဟာ မြောင်းမတူးလို့ အဖမ်းခံရရင် အဖမ်းခံရဲတယ်။ မြောင်းတူးလိုက် ရင် အလှူရှင်တွေရဲ့ အလှူငွေတွေကို မြေကြီးထဲ အလကားထည့်လိုက်ရမှာ။ ငါးပေအကျယ် ငါးပေအနက်ဆို နည်းတာမဟုတ်ဘူး။ ဒီမြောင်းတူးလိုက်ခြင်းအားဖြင့် ရေစီးရေလာ ကောင်း သွားသလား။ တို့တွေရဲ့ အကွက်ရှေ့မှာပဲ လာပြီးတော့ ခြင်တွေပေါက်ပြီး ရောဂါတွေဖြစ်မယ်။ အဲဒါနဲ့ မတူးဘူးဆိုပြီးနေတာ။ မီဒီယာကနေအော်တော့မှ အဲဒီကိစ္စက ပြီးသွားတယ်။ အဲဒီ တော့မှ အထက်ကလူကြီးတွေက ဒီကိစ္စ မလုပ်နဲ့တော့ဆိုပြီးတော့ ပြောလိုက်တယ်။ အဲဒါက လည်း အများအတွက် ကြုံကြုံခံခဲ့ရတဲ့ ကိစ္စပဲ။

အရေးကြီးတာက ကြုံကြုံခံတယ်ဆိုတာ အမှန်တရားက ကိုယ့်ဘက်မှာရှိရမယ်။ အမှန်

www.burmeseclassic.com





တရားကို လက်ကိုင်ပြုပြီး သစ္စာတရားနဲ့ ကြံ့ကြံ့ခံရမယ်။ မကောင်းတဲ့ဘက်မှာ ကြံ့ကြံ့ခံနေလို့ကတော့ မှားသွားမယ်။ ကိုယ်က မကောင်းတာတွေကိုလည်း လုပ်နေတယ်။ ကိုယ်လုပ်နေတဲ့ဟာကို ဒီဟာမဟုတ်ဘူး၊ ဒီဟာမလုပ်နဲ့ဆိုတာကို ငါကတော့ ကြံ့ကြံ့ခံမှာပဲ ဆိုပြီး လုပ်နေရင်တော့ သူ ကျရှုံးမှာပဲ။

**ဦးကျော်သူရဲ့နောက်မှာ အားထားရမယ့် လူငယ်မျိုး၊ နာရေးကူညီမှုအသင်းကို ဦးဆောင်နိုင်မယ့် လူငယ်မျိုးတွေရှိလား။**

အခုမှ မွေးနေရတုန်း၊ ထပ်တူထပ်မျှကျမယ့်သူမျိုးတော့ ရှိမှာမဟုတ်ဘူး။ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် စိတ်ဓာတ်ချင်းလည်း မတူဘူး။ အသွေးအသားချင်းလည်း မတူဘူး ဆိုတော့ ကိုယ်နဲ့ ထပ်တူထပ်မျှကျမယ့်သူမျိုးတော့ ရှိမှာမဟုတ်ဘူး။ ကိုယ့်ထက်တော်ရင်လည်း တော်သွားမယ်။ ကိုယ့်ထက်လျော့ရင်လည်း လျော့သွားမယ်ဆိုတော့ အရေးကြီးတာက ရည်ရွယ်ချက် ပျောက်မသွားဖို့ဘဲ။ ကိုယ့်ရဲ့ရည်ရွယ်ချက်ကိုရောက်အောင် သွားမယ့်လမ်းကြောင်းက ကိုယ်က တစ်ဆိုရင် သူက နှစ်ကနေ သွားချင်သွားမယ်။ တချို့က သုံးကနေ သွားချင်သွားမယ်။ လမ်းကြောင်းတွေကတော့ တူမှာမဟုတ်ဘူး။ ကိုယ့်လမ်းကြောင်းနဲ့ ကိုယ်သွားကြမှာပဲ။ ကြံ့ကြံ့ခံနိုင်တဲ့ လမ်းကြောင်းကတော့ တော်တော်များများ သူတို့သဘောပေါက်နေပြီ။ ကိုယ်လျှောက်မယ့်လမ်းကြောင်းကို ဘယ်လိုလမ်းကြောင်းမျိုးနဲ့ လျှောက်မလဲဆို တာကကော သူတို့ ကျွန်တော့်အပေါ် လေ့လာရဦးမယ်။ ဒါကိုပြုပြီး သင်ပေးဖို့ဆိုတာကတော့ ပရဟိတဆိုတာ တက္ကသိုလ်လည်းရှိတာ မဟုတ်ဘူး။ မသာတက္ကသိုလ်ကနေ ဘွဲ့ရခဲ့တာလည်းမဟုတ်ဘူး။ ကိုယ်တွေက လုပ်ရင်းနဲ့ ဒါတွေကို မြင်လာတဲ့အခါ ဘယ်လို အခက်အခဲကို ဘယ်လို ကျော်လွှားရမယ်ဆိုပြီး ကိုယ့်လုပ်ဆောင်ချက်တွေနဲ့ပဲ လုပ်သွားကြတာ။ ဒါတွေကို သူတို့က ကြည့်နေရမယ်။ ဒါမျိုးကို ဘယ်လိုကျော်လွှားနိုင်ခဲ့သလဲ။ ဘယ်လိုကွေ့ဝိုက်ပြီး သွားခဲ့သလဲဆိုတာ သူတို့ နားလည်ရမယ်။

ကိုယ်က ဘာကိုစိတ်ပျက်မိသလဲဆိုတော့ ကိုယ့်အသင်းအဖွဲ့နဲ့ ပတ်သက်ပြီး ကိုယ်တွေက မျိုးဆက်သစ်တွေ ဆွဲခေါ်တယ်။ ဆွဲခေါ်ပြီးတော့ အဆင့်တစ် နေရာလောက် ရောက်လာရင် ပရဟိတတွေနဲ့ ဆန့်ကျင်ဘက်တွေ သွားသွားလုပ်ကြတယ်။ ကိုယ်က မျှော်လင့်ချက်တွေနဲ့ သူတို့တွေကို ဆွဲခေါ်တဲ့နေရာမှာ သူတို့တွေ လမ်းကြောင်းပြောင်း ပြောင်းသွားတဲ့အပေါ်မှာ တော်တော်လေး စိတ်ကုန်မိတယ်။ ဒီအသင်းအဖွဲ့က ကျော်သူမရှိဘူး ဆိုရင်လည်း ကမ္ဘာတည့်သရွေ့ လည်ပတ်နေရမယ်။ ကျော်သူမရှိတဲ့အချိန်မှာ အသင်းဟာ ဖရိုဖရဲတွေဖြစ်ပြီး ပျောက်သွားတယ်၊ ပျက်သွားတယ်ဆိုရင် ဒါက မဖြစ်သင့်ဘူး။ ကိုယ်တွေက အနစ်နာခံပြီး စေတနာ ပါပါနဲ့ ဆွဲခေါ်တယ်။ တချို့လူငယ်တွေက ကိုယ်တွေကို နားမလည်ဘူး၊ နားလည်မပေးဘူး။ ပရဟိတဆိုတဲ့ အဓိပ္ပာယ်ကို လေးလေးနက်နက်မတွေးဘူး။ ဒါမျိုးတွေဖြစ်တဲ့အခါ ကိုယ်က တစ်ခါတလေ စိတ်ပျက်မိတယ်။ စိတ်ပျက်ပေမယ့် စိတ်ဓာတ်တော့ မကျဘူး။ သူတို့ မလိုက်နိုင်

www.burmeseclassic.com

www.burmeseclassic.com





လည်း မလိုက်နဲ့ပေါ့။ ကိုယ်ကတော့ လုပ်စရာရှိတာ ဆက်လုပ်သွားရမှာပဲ။

**ပရဟိတလုပ်နေတဲ့လူငယ်တွေမှာ ရှိသင့်တဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုအကြောင်းကို အကြံပြုပေးပါလား။**

ကိုယ်က ကောင်းတဲ့အရာကို လုပ်တယ်ဆိုရင် ဘယ်လို အခက်အခဲပဲဖြစ်ဖြစ်၊ ဘယ်လို အတားအဆီးပဲဖြစ်ဖြစ် ကျော်လွှားနိုင်အောင် ကိုယ့်ရဲ့ ပင်ကိုယ်အသိဉာဏ်နဲ့ တွေးဆရမယ်။ ကျော်လွှားရမယ်။ ပရဟိတဆိုတော့ အများအတွက် ကိုယ့်ရဲ့အနစ်နာခံရမှုတွေ၊ ပွန်းပဲ့ရမှုတွေ ရှိမှာပဲ။ အများအတွက်ဆိုတဲ့ ရည်ရွယ်ချက်ရှိတဲ့အတွက် ကိုယ်တွေက အဆုံးစွန် ကိုယ့်အသက်တောင်မှ ဆုံးရှုံးခံပြီးတော့ လုပ်သင့်ရင် လုပ်ရမယ်။ ပရဟိတအလုပ်ဖြစ်တဲ့အတွက် ကိုယ့်အလုပ်ဟာ အမွန်မြတ်ဆုံးအလုပ်၊ အများအတွက် အကျိုးရှိဆုံးအလုပ်ဆိုတဲ့ ကိုယ့်အလုပ်ရဲ့ ကောင်းမွန်မြင့်မြတ်တဲ့ စွမ်းအားကို အသုံးချပြီး အဲဒီစွမ်းအားနဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုကို တည်ဆောက်ရမယ်။ ကိုယ့်လုပ်ရပ်တွေက မှားနေတယ်၊ မကောင်းမှု ဒုစရိုက်အလုပ်ကို လုပ်မယ်ဆိုရင်တော့ အဲဒီ စွမ်းအားကို အသုံးချလို့မရဘူး။ ကိုယ့်ရည်ရွယ်ချက်က မှန်ရမယ်။

**အခုခေတ်မှာ လူငယ်တွေကို ဆွဲဆောင်နေတဲ့ အရာတွေကများတော့ လမ်းမှားကိုမရောက်အောင် စာရိတ္တမလျှော့င်ကြံ့ခိုင်ဖို့ ဘယ်လိုလုပ်သင့်ပါသလဲ။**

ကျွန်တော်ကျော်ဖြတ်ခဲ့တဲ့ အရာတွေချည်းပဲ။ မူးယစ်ဆေးဝါး၊ အရက်ဆိုလည်း အကုန်သောက်ခဲ့ဖူးတယ်။ မကောင်းဘူးဆိုတာ သိလျက်သားနဲ့ လူငယ်သဘာဝ ဘယ်အရာမဆို စမ်းသပ်ချင်တဲ့စိတ်ရှိတယ်။ စမ်းသပ်ရင်းနဲ့ ငြီးငွေ့သွားတဲ့အခါ ဘာဖြစ်လာလဲဆိုတော့ ဒီဟာတွေက ကိုယ့်ကျန်းမာရေးကို ထိခိုက်စေတယ်။ ကိုယ့်မိသားစု လူပုံအလယ်မှာ မျက်နှာငယ်လာပြီ။ ကိုယ့်အသိုင်းအဝိုင်းက ကိုယ့်ကို နှာခေါင်းရှုံ့လာပြီ။ ကိုယ့်လုပ်ငန်းတွေပျက်လာပြီ။ ကိုယ့်ကျန်းမာရေးထိခိုက်တာ ကိစ္စမရှိဘူးဆိုရင်လည်း ကိုယ့်မိသားစု မျက်နှာငယ်လာပြီး ကိုယ့်စီးပွားရေးလုပ်ငန်းတွေ အနှောင့်အယှက်ဖြစ်လာပြီ၊ ပျက်စီးလာပြီဆိုရင် ဒါ မကောင်းဘူးဆိုတာ သိသင့်လောက်ပြီ။ အဲလိုသိတဲ့အချိန်မှာ ကောင်းတဲ့အရာက ဘာလဲဆိုတာ အဖြေရှာတတ်ဖို့လိုတယ်။ ကောင်းတဲ့အရာက လူသားအကျိုးပြုလုပ်ငန်းတွေရှိတယ်။ တရားဘက်သွားမလား၊ တရားဘာဝနာပွားမလား၊ လူမှုရေးလုပ်ငန်းတွေ လုပ်မလား။ ကိုယ့်ရဲ့ မကောင်းတာတွေကို ကျော်လွှားနိုင်ဖို့ ဘာတွေရှိလဲဆိုတာကြည့်။ တွေ့တဲ့အခါမှာ ကိုယ်တွေ့တဲ့လမ်းကြောင်းကို ချက်ချင်းကူးနိုင်ဖို့လိုတယ်။ ဆရာမင်းသိခ်ရဲ့ စကားအတိုင်း "ဖျတ်ခနဲပေါ် ဆတ်ခနဲလှုပ်" ဆိုတာကို ကျွန်တော် လက်ကိုင်ပြုထားတယ်။ ကျွန်တော်ကိုယ်တိုင် လက်ကိုင်ထား ကျင့်သုံးခဲ့တဲ့အတွက် ကောင်းတဲ့အရာကို ကျွန်တော်လုပ်နိုင်ခဲ့တယ်။ ကျော်သူက သူတော်ကောင်းကြီးဆိုပြီး မွေးကတည်းက သူတော်ကောင်းဖြစ်လာတယ်ဆိုပြီး ကိုယ့်ကိုကိုယ် ကြွေးကြော်တာမဟုတ်ဘူး။ မှားခဲ့တာတွေ အများကြီးပဲ။ ဒါတွေကို ဘယ်လိုကျော်လွှားခဲ့ရသလဲဆိုတော့ ဖျတ်ခနဲပေါ်

www.burmeseclassic.com

www.burmeseclassic.com





ဆတ်ခနဲလုပ် ဆိုတဲ့အတိုင်း ကိုယ့်ရဲ့အသိဉာဏ်ကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ခဲ့တာပါပဲ။

**အရက်စွဲနေတဲ့သူတွေ အများစုဟာ အရက်မကောင်းမှန်းသိသိကြီးနဲ့ မဖြတ်နိုင်ကြဘူးနော်။**

မထူးတော့ပါဘူးဆိုပြီး စိတ်လျှော့လိုက်ရင်တော့ ရေစုန်မျော ပြီပဲ။ အားလုံးက စွဲလမ်းစေတဲ့ အရာတွေချည်းပါ။ 'မူးယစ်ဆေး ဆိုလည်း ဒီအတိုင်းပဲ။ မကောင်းတာမှန်သမျှ စွဲလမ်းစေတဲ့ အရာတွေချည်းပဲ။ ဒါက အမျှင်တန်းတန်းလေးကိစ္စကို မဖြတ်နိုင်ကြတာ၊ ဖြတ်လိုက်တာနဲ့ ကိုယ့်ဘဝ ပြောင်းလဲသွားပြီ။ ပြောင်းလဲသွားပေမယ့် ဒီဟာကိုပဲ ပြန်ပြီး သံသရာလည်သွားတာတွေလည်း ရှိတယ်။ ဒါကတော့ ကြံ့ကြံ့ခံမှုဆိုတဲ့ စိတ်ဓာတ်နဲ့ ဆိုင်သွားပြီ။ ကိုယ်က အရက်လည်း မသောက်တော့ပေမယ့် ဘေးပယောဂဒဏ်တွေကို မခံနိုင်ဘဲ စိတ်ညစ်လို့ပြန်သောက်တယ်ဆိုရင်တော့ အဖတ်ဆယ်လို့ မရတော့ဘူး။

**အရက်စွဲနေပြီးသားလူတစ်ယောက် အရက်ဖြတ်ဖို့အတွက် ဘယ်လိုစိတ်ဓာတ်ခွန်အားမျိုး လိုပါသလဲ။ ဦးကျော်သူအနေနဲ့ အရက်၊ မူးယစ်ဆေးတို့ကို ဘယ်လိုဖြတ်ခဲ့ပါသလဲ။**

ဒီအတိုင်း တုံးတိပဲ ဖြတ်ခဲ့တာ။ အရက်၊ မူးယစ်ဆေးတို့ဆိုတာ မကောင်းဘူးဆိုတာ သိတယ်။ ကောင်းတဲ့အရာကိုတွေ့ရင် ဒါကို ဘယ်လိုပုံစံနဲ့ဖြတ်မလဲ၊ သာသနာ့ဘောင်ဝင်ပြီး သက်န်းစည်းလိုက်တယ်။ သင်္ကန်းစည်းလို့ရှိရင် သောက်လို့မရတော့ဘူး။ အဲဒီဒဏ်ကိုတော့ ကိုယ်ကခံရတယ်။ အိပ်တယ်ဆိုရင်လည်း ကောင်းကောင်းအိပ်လို့မရဘူး။ အရင်တုန်းကလည်း ဆေးရုံတက်ပြီး ဖြတ်ဖူးတယ်။ ဆေးသောက်တော့ ပိုပြီး စိတ်တွေက ကယောင်ချောက်ချားတွေ ဖြစ်တယ်။ သာသနာ့ဘောင် ဝင်လိုက်တဲ့အခါမှ ကိုယ့်ရဲ့လမ်းကြောင်းက မှန်သွားတယ်။ ဘုရားတရားကို လက်ခံကျင့်သုံးပြီး တရားထိုင်တာ၊ ပုတီးစိပ်တာတွေလုပ်တော့ တစ်ခါတည်း အရက်ပြတ်သွားတယ်။

**အခုခေတ်မှာ စီးပွားရေးသမားတွေက ခွင်ရိုက်ပြီး ဝန်ထမ်းတွေကျတော့ အောက်ဆိုက်ရတဲ့ အလုပ်မျိုးပဲ လုပ်ချင်ကြတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း မရိုးသားတဲ့သူတွေက များနေတော့ လူငယ်တွေကို ရိုးရိုးသားသား မှန်မှန်ကန်ကန် ကြိုးစားကြဖို့ အကြံပြုချက်လေး ပြောပြပေးပါ။**

အဲဒါတွေက လူ့ကျင့်ဝတ်နဲ့ဆိုင်တယ်။ လူရယ်လို့ဖြစ်လာရင် လူ့ကျင့်ဝတ်ကို ထိန်းသိမ်းရမှာပဲ။ လာဘ်ယူတာတို့၊ ခွင်ရိုက်တာတို့ဆိုတာတွေက မသမာတဲ့လုပ်ရပ်တွေ။ ဒါတွေကလည်း ရှေ့ဆောင်လမ်းပြ ဦးဆောင်တဲ့အပေါ်မှာ အများကြီးမူတည်တယ်။ မကောင်းတဲ့သူတွေ၊ မရိုးသားတဲ့သူတွေ များနေတော့ ကောင်းတာလုပ်တဲ့သူ၊ ရိုးသားတဲ့သူတွေကပဲ လူတောမတိုးသလိုလို၊ လူရိုးလူအကြီးလိုလို ဖြစ်နေရော။

တကယ်တော့ ဒါတွေက မှန်ကန်တဲ့ လုပ်ရပ်တွေမှ မဟုတ်တာ။ ဒါတွေကလည်း တစ်ချိန်မှာ ပြန်ထိမှာပဲ။ ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမှာပဲ။ ကိုယ်ပြန်ထိတဲ့အချိန်မှာ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com





နောင်တရတဲ့အချိန်မှာ နောင်တဆိုတဲ့အတိုင်း ကိုယ်က အဖတ်ဆယ်လို့ရမှာ မဟုတ်ဘူး။ ကိုယ့်သမိုင်းမှာ အမည်းစက်ကြီး ထင်သွားပြီ။ ဒါကြောင့် လူငယ်တွေဟာ ကိုယ့်သမိုင်းမှာ အမည်းစက် မထင်အောင် အသန့်ရှင်းဆုံးဖြစ်အောင် နေထိုင်ရမယ်။

ခွင်ရိုက်တယ်ဆိုတာတွေကလည်း ရှေ့က လုပ်ပြတဲ့သူတွေရှိတယ်။ လူကြီးပိုင်းတွေက သူတို့ကို ခွင့်ပြုလိုက်တယ်။ ခွင့်ပြုလိုက်တော့ သူတို့ကောင်းစားသွားတယ်။ နောက်ကလူတွေကလည်း ဒီလမ်းကြောင်းဆိုရင် ကိုယ်တွေလည်း ကောင်းစားမှာပဲဆိုပြီး လိုက်လုပ်ကြတယ်။ တိုင်းပြည်အခြေအနေကြောင့် စီးပွားရေးကျပ်တည်းတဲ့အတွက် ဒီလို ခွင်ရိုက်တဲ့ကိစ္စတွေ ဖြစ်ကုန်တာ။ မူဝါဒကြီးတစ်ခုလုံး လူတွေရဲ့ကျင့်ဝတ်တွေ၊ လူတွေလိုက်နာရမယ့် စနစ်တွေအားလုံး ပြောင်းမှရမယ်။

နိုင်ငံကို ထူထောင်တဲ့နေရာမှာ ပညာရေးက အဓိကအကျဆုံး မူကြိုလောက်ကတည်းက သင်တဲ့ ပညာရေးစနစ်ကို ပြန်ပြီးပြောင်းလဲမှ ရတော့မယ်။ သင်တဲ့ကလေးတွေကလည်း လမ်းကြောင်းမှန်ရမယ်။ သင်ပေးတဲ့ဆရာ၊ ဆရာမတွေကလည်း လမ်းကြောင်းအမှန်ကို အသုံးပြုရမယ်။ Generation လိုက်ပြောင်းမှ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်လာမှာပါ။ မဟုတ်ရင်တော့ အညံ့ဆုံးနိုင်ငံတွေထဲ ပါနေမှာပဲ။

**လူတစ်ဦးတစ်ယောက်ချင်းကလည်း ကိုယ့်တာဝန်ကိုယ် ယူသင့်တယ်လို့ ထင်တယ်။ ဦးကျော်သူအမြင်ကို ပြောပါဦး။**

လူတစ်ဦးတစ်ယောက်ချင်းစီက ကိုယ့်တာဝန် ကိုယ်သိရမယ်။ ကိုယ့်တာဝန် ကိုယ်ယူရမယ်။ တာဝန်သိပြီး တာဝန်ကျေပွန်ရမယ်။ အမိုက်ပစ်လို့ရှိရင်လည်း တာဝန်သိသိနဲ့ တာဝန်ယူပြီး တာဝန်ကျေပွန်အောင် အမှိုက်ပုံးထဲ ထည့်ရမယ်။

**အလုပ်ထဲမှာဆိုရင်လည်း ကိုယ်လုပ်ရမယ့်တာဝန်ကိုတောင် ခေါင်းရှောင်နေပြီး မတတ်သာမှဘဲ လုပ်တဲ့သူတွေရှိတတ်တော့ ဘယ်လိုအကြံပြုချင်ပါသလဲ။**

ဒီအသင်းမှာတော့ အားလုံးက သူ့တာဝန်နဲ့ သူရှိတယ်။ ဧည့်ကြိုဂျူတီရှိတယ်။ ဆေးခန်းဂျူတီရှိတယ်။ စျာပနဂျူတီရှိတယ်။ ကင်တင်းဂျူတီရှိတယ်။ စာကြည့်တိုက်ဂျူတီရှိတယ်။ ကိုယ့်ဂျူတီအချိန်မှာ ကိုယ့်အလုပ်တာဝန်ကျေအောင် လုပ်ရမှာပဲ။ ဒါပေမဲ့ ကိုယ်သွားရင်းလာရင်းနဲ့ တခြားနေရာမှာ လိုအပ်ချက်တစ်ခုခု တွေ့လို့ရှိရင် ကိုယ့်အသိက ဒီအသင်းအဖွဲ့အတွက် ဒီလူ့လောကအတွက် ငါ့မှာလည်း တာဝန်ရှိတယ်ဆိုတဲ့ အသိရှိရမယ်။ တာဝန်သိတယ်ဆိုရင် တာဝန်ရှိရှိနဲ့ တာဝန်ကျေပွန်အောင် လုပ်ရမယ်။ ဒါမှလည်း လူဖြစ်ရကျိုးနပ်မယ်။ ကိုယ့်အတွက်လည်း ကောင်းမယ်၊ အများအတွက်လည်း ကောင်းမယ်။

**တချို့လူငယ်တွေကတော့ ပညာရပ်တစ်ခုဆိုရင်လည်း ဥပမာ အင်္ဂလိပ်စကားပြောသင်တန်းတက်တယ်။ ဒါပေမဲ့ ဘယ်တတ်ကျွမ်းတဲ့အထိ မသင်ဖြစ်ဘဲ ဟိုလိုလို ဒီလိုလိုနဲ့ ရပ်သွားတတ်တယ်။ အလုပ်ဆိုရင်လည်း အလုပ်တစ်ခုမှာ ကြာကြာ စွဲစွဲမြဲမြဲ မလုပ်ဘဲနဲ့ လက်ရှိ အလုပ်ထက်များ ပိုကောင်းမလားဆိုပြီးတော့ အလုပ်တွေလည်း တစ်ခုပြီး တစ်ခု ပြောင်းနေတတ်တဲ့ လူငယ်တွေရှိတယ်။ ဒါနဲ့ပဲ ဘာပညာမှ ထိထိရောက်ရောက်မတတ်၊ ဘာအလုပ်မှ ထိထိရောက်ရောက်မလုပ်ဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်**

www.burmeseclassic.com

www.burmeseclassic.com





**ဖြစ်နေတဲ့ လူငယ်တွေရှိတယ်။ ဦးကျော်သူအနေနဲ့ရော ဒီလိုမျိုး လူငယ်တွေနဲ့ ကြုံခဲ့ဖူးပါသလား။**

ကြုံဖူးတယ်။ ဥပမာ ဒီမှာ Volunteer သင်တန်းတွေ နှစ်လတစ်ကြိမ်လောက်ပေးတယ်။ ပေးတဲ့အခါ သင်တန်းတစ်ခုကို လူအယောက် ငါးဆယ်၊ ခြောက်ဆယ်လောက် တက်တယ်။ အခုတစ်ခေါက်ဆိုရင် သင်တန်းတက်တာ ခုနစ်ဆယ်ကျော်တယ်။ သင်တန်းတွေ စပေးတာက ၂၀၀၇ နောက်ပိုင်း စပေးတာဆိုတော့ အခုဆိုရင် ငါးနှစ်ရှိပြီ။ ငါးနှစ်ဆိုရင် ဘာပဲဖြစ်ဖြစ် လူအင်အားက သုံးထောင်နီးပါးရှိရမယ်။ ဒါပေမဲ့ ဒီမှာမရှိဘူး။ ဘာကြောင့်လဲဆိုရင် ဒီမှာ သင်တန်းလာတက်တာက ငါတို့နာရေးအသင်းမှာ လုပ်ဖူးတယ်ဆိုတဲ့ဂုဏ်ကို လိုချင်လို့ လာတဲ့သူတွေရှိတယ်။ ဒါတွေက ဇွဲမရှိတာ၊ စိတ်ဓာတ်ကြံ့ခိုင်မှုမရှိတာနဲ့ ဆိုင်သွားပြီ။ စိတ်ဓာတ်ကြံ့ခိုင်မှုဆိုတာက ကျွန်တော် ခုနပြောသလို ကိုယ်ဝါသနာပါတဲ့ အလုပ်လည်း ဖြစ်ရမယ်။ ကွန်ပျူတာသင်တန်းဆိုရင်လည်း သူများတက်လို့ ငါလည်း ခေတ်မီအောင် တက်မယ်။ သင်တန်းဆင်း လက်မှတ်ရပြီဆိုရင် ပြီးပြီလို့ ထင်နေတယ်။ Certificate လက်မှတ်ယူပြီးတာနဲ့ ဒီပြင်သင်တန်းကို တစ်ခုပြီးတစ်ခု တက်ဖို့ကြိုးစားတယ်။ ကိုယ်ဘာလုပ်မယ်လို့ ရည်ရွယ်ချက် တိတိကျကျမရှိဘဲ Popular ဖြစ်တဲ့ဟာမျိုးကို လိုက်လုပ်တာကတော့ လွဲမှားတယ်။ စိတ်ဓာတ်ကြံ့ခိုင်မှုရှိပြီး ကိုယ်ဝါသနာပါတဲ့အလုပ်ကို အောင်မြင်အောင်၊ ဆုံးခန်းတိုင်အောင် လုပ်သင့်တယ်။

အဓိက ကိုယ်ဝါသနာပါတဲ့အလုပ်ဆိုရင် အခက်ခဲတွေ့ရင်လည်း တော်ရုံတန်ရုံနဲ့ စိတ်မပျက်ပါဘူး။ မဖြစ်မနေ ကြိုးစားမှာပဲ။ ဝါသနာမပါဘဲ အလုပ်သဘောအရ စားဝတ်နေရေးအတွက် လုပ်တာပဲဖြစ်ဖြစ်၊ Popular ဖြစ်ချင်လို့ လုပ်တာပဲဖြစ်ဖြစ် ရေရှည်မှာ အလုပ်က မြဲမှာမဟုတ်ဘူး။ ကိုယ်ဝါသနာပါတဲ့ အလုပ်ဆိုရင်တော့ ကြံ့ကြံ့ခံနိုင်တဲ့စိတ်ရှိတဲ့သူက များမှာပါ။

**လူငယ်တွေ အောင်မြင်လာတဲ့အချိန်မှာ ဘယ်လိုစိတ်ဓာတ်မျိုး ထားရှိသင့်တယ်ဆိုတာ အကြံပြုစကားလေး ပြောပေးပါဦး။**

အောင်မြင်လာပြီး အောက်ခြေလွတ်သွားတဲ့ သူမျိုးတွေလည်း ရှိတယ်။ ရာထူးတစ်ခုရလာတဲ့အချိန် အောက်ခြေလွတ်ပြီး လူအမြင်ကပ်လောက်အောင် လုပ်သွားတာတွေလည်း ရှိတယ်။ ဒါကတော့ ကိုယ်စောင့်ထိန်းရမယ့် ကိုယ်ကျင့်သီလပဲ။ လူ့ကျင့်ဝတ်တွေကို စောင့်ထိန်းရမယ်။ ပရဟိတအလုပ်မှာတော့ အဲလိုဖြစ်တာ ရှားပါတယ်။ ပရဟိတအလုပ်မှာ နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေး စတဲ့ ကိုယ့်ရဲ့လုပ်ငန်းတွေက များလာပြီး ပရဟိတအလုပ်မှာကို ကိုယ့်ရဲ့ ပေးဆပ်မှု များလာလေလေ ကိုယ့်ရဲ့ဘဝကို နှိမ့်ချရလေပဲ။ လူတွေနဲ့ဆက်ဆံတဲ့နေရာမှာ အပြောအဆိုကအစ နှိမ့်ချရမယ်။ ကိုယ့်ကိုကိုယ် နှိမ့်ချပြီးနေရင် ကိုယ့်ရဲ့အလုပ်က အောင်မြင်မှာပဲ။ အပြင်စီးပွားရေးလုပ်ငန်းမှာ ကိုယ်နာမည်ကြီးလာရင် လက်မထောင်ပြီး မြောက်ချင်မြောက်သွားမှာပဲ။ သူ့အပိုင်းနဲ့သူ ရှိတာပေါ့လေ။ ပရဟိတသမားတွေ

www.burmeseclassic.com

www.burmeseclassic.com





ကတော့ ကိုယ့်ရဲ့လုပ်ဆောင်ချက် များလာလေလေ ကိုယ်က ပိုပြီး အောက်ကျို့ရလေလေပဲ။

ပရဟိတအလုပ်က လူတွေအကျိုးကိုလုပ်တော့ လူတွေနဲ့ ဆက်ဆံရမယ်။ လူတွေနဲ့ ဆက်ဆံတဲ့အခါ အစိကအောက်ကျို့ပြီး ဆက်ဆံရမယ်။ ကိုယ့်အတွက် ဘာမှရပိုင်ခွင့်မရှိဘူး။ လူတစ်ယောက်ကို အသုဘချပေးလို့ ရေ့ာမုန့်ဖိုးလေးဆိုပြီး ပေးလိုက်တာမျိုး ရှိတာလည်း မဟုတ်ဘူး။ ကိုယ်ကတောင် သူတို့ ဒုက္ခရောက်နေလို့ ရက်လည်ဆွမ်းအတွက် ကိုယ့်အိတ်ထဲက ပိုက်ဆံပေးလိုက်ရတာမျိုးတွေ ရှိတယ်။

ရှေ့လကနေစပြီးတော့ တစ်ခုထပ်လုပ်တော့မယ်။ နာရေးမှာ လူသေမှ အလောင်းသွားသယ်ပြီး သင်္ဂြိုဟ်ပေးတာထက်စာရင် မသေအောင် ကျန်းမာရေးအတွက် ဆေးဝါးတွေ ကုသပေးတယ်။ သေနေ့စေ့လို့ သေခါနီးလူနာတွေ၊ ဝေဒနာခံစားနေရတဲ့ လူနာတွေအတွက် အသေဖြောင့်ဖို့ ဘဝကူးကောင်းဖို့အတွက် ကာယကံရှင်ရဲ့ဆန္ဒအရ ဒါမှမဟုတ် ကာယကံရှင်ရဲ့မိသားစုဆန္ဒအရ ဆရာတော်၊ သံဃာတော်တွေကို လူနာအိမ်ဖြစ်ဖြစ်၊ ဆေးရုံဖြစ်ဖြစ် ပင့်ပြီး မေတ္တာပို့ပေးမယ်။ သရဏဂုံတင်ပေးမယ်။ သူတို့တွေရဲ့ တောင်းဆိုချက်အရ လုပ်ပေးမယ်။ အဲဒါက အမြင့်မြတ်ဆုံးနဲ့ အကောင်းဆုံးကုသိုလ်ပဲ။

**လူငယ်ဘဝတုန်းက ဦးကျော်သူကို အများဆုံး စိတ်ဓာတ်ခွန်အားပေးခဲ့တဲ့အရာက ဘာများဖြစ်နိုင်ပါသလဲ။**

အဲဒါ မခံချင်စိတ်ပေါ့။ အနုပညာအလုပ် လုပ်မယ်ဆိုတော့ ကျွန်တော်တို့ ရုပ်ရှင်ကုမ္ပဏီအသိုင်းအဝိုင်းက လူတွေကပါ ဒီကောင် ဖြစ်မှာမဟုတ်ပါဘူး။ စကားတောင်မှ တစ်လုံးကနေနှစ်လုံးကို ဖြောင့်အောင်ပြောတဲ့သူမဟုတ်ဘူး။ စကားလည်း မပီဘူး။ ဒီလိုမျိုး ကိုယ့်ကို ပြောတာတွေကို မခံချင်စိတ်နဲ့ အင်အားအဖြစ် ပြန်လည်အသုံးချတယ်။ ကိုယ့်ကို အထင်သေးတဲ့ စကားတွေကို အင်အားအဖြစ် အသုံးချပြီး မခံချင်စိတ်နဲ့ ကြိုးစားခဲ့တာပါ။

**အခု လက်ရှိအချိန်မှာ ဦးကျော်သူကို စိတ်ဓာတ်ခွန်အာပေးတာကရော ဘာတွေများပါလဲ။**

"ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမယ်"ဆိုတဲ့ မြတ်စွာဘုရားရဲ့အဆုံးအမကို ကိုယ်က လက်ကိုင်ပြုထားပါတယ်။ ကိုယ့်မှာ အားကိုးစရာဆိုလို့ ဘုရားပဲရှိတာ။ ကျွန်တော်တို့အထက်မှာ မြတ်စွာဘုရားပဲရှိတယ်။ မြတ်စွာဘုရားဟောကြားတဲ့ ဖြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ပြုပြီးတော့ ဘုရားဟောတဲ့အတိုင်း အများအကျိုးကို ထမ်းရွက်တယ်။ ကိုယ့်အထက်မှာ သမ္မတတို့၊ ဝန်ကြီးချုပ်တို့က ကျော်သူ မင်း ဒါတွေလုပ်ဆိုပြီး ပြောတာမဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ အဆုံးအမကိုပဲ ကိုယ်က လိုက်နာကျင့်သုံးနေတာပါ။

ဆွေဆွေမျိုးနိုင် (ဆေးတက္ကသိုလ်)

❑

www.burmeseclassic.com

www.burmeseclassic.com




# မြန်မာ့ဂုဏ်ရည် ဦးကျော်သူ နှင့် အင်တာဗျူး

လွန်ခဲ့သော (၅)နှစ်ကျော် (၆)နှစ်ကျော်က ဦးကျော်သူနှင့် အင်တာဗျူး လုပ်ခဲ့ဖူးပါသည်။ ထိုအချိန်က သူသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌအဖြစ်သာမက နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေပါသည်။ ယခုတော့ သူသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌအဖြစ်မှ အနားယူခဲ့ပြီးဖြစ်သလို မြန်မာ့ရုပ်ရှင် ရိုက်ကူးမှုများကိုလည်း ရပ်နားခဲ့ပြီးဖြစ်သည်ဟု သိရသည်။ သို့အတွက် သူ ဥက္ကဋ္ဌအဖြစ်နှင့် သူရုံးထိုင်ရာ နာရေးကူညီမှုအသင်း (ရန်ကုန်) ရုံးခန်းမှာ ကျွန်တော်နှင့်အတူ အကြည်တော်တို့ သွားရောက် အင်တာဗျူးဖြစ်ခဲ့ပါသည်။ ထိုစဉ်က ၂၀၁၁ ခုနှစ် နှစ်ဆန်းဖြစ်၍ ဒေါက်တာဘွဲ့ကို ဦးကျော်သူ ရရှိခြင်း မရှိသေးသည့်အတွက် မြန်မာ့ဂုဏ်ရည် ဦးကျော်သူနဲ့ အင်တာဗျူးဟု ခေါင်းစဉ်တပ်လိုက်ပါသည်။

**လူတွေက နှုတ်ချွန်းပေါ်က စကားတွေနဲ့ပဲ ပြောလိုက်ကြတာရှိတယ်။ ပြောပြီးတော့ ကိုယ့်စကားကို ကိုယ်တည်နိုင်မယ် မတည်နိုင်ဘူးဆိုတာ တကယ်တမ်း မစဉ်းစားဘူး။ ဒါမှမဟုတ်ရင်လည်း ကိုယ်တကယ် အကောင်အထည်ဖော်မယ့် အကြောင်းအရာကို ပြောကြမယ့် လူတွေရှိသလို ကိုယ်လုပ်နေပါတယ်ဆိုပြီး ကြွားဝါပြောတဲ့ဟာလည်း ရှိတယ်။ လူမျိုးစုံ စိတ်မျိုးစုံနဲ့ ပြောကြတဲ့အပေါ်မှာ ဒါပေမဲ့ တကယ်တမ်းကျတော့ စာမျက်နှာပေါ်တင်တဲ့ အကြောင်းအရာကို ပရိသတ်ကဖတ်တယ်။ ဖတ်တဲ့အခါမှာ သူတို့က ပေါ့ပေါ့ပါးပါး ဖတ်ရတဲ့အကြောင်းအရာ၊ မေ့မေ့ပျောက်ပျောက်လို့ ပြောတဲ့လူက ထင်ခဲ့ရင် ဒီစာဖတ်သူကို စော်ကားတာနဲ့တူတယ်။ တစ်ခါတလေကျရင် စာဖတ်သူကလည်း ဒီအကြောင်းအရာ အသေးအနုတ်ကြီးကို မဖတ်ချင်ဘူးဆိုတဲ့ တစ်ဖက်သတ်အတွေးနဲ့ ခံပြောလိုက်မယ်။ ဘယ်သူမှ မမှတ်မိဘူးဆိုပြီး နှုတ်ချွန်းပေါ်က ပြောမိတဲ့လူတွေလည်းရှိတယ်။ ဒါလေးနဲ့မှတည်ပြီးတော့ ကျော်ပေါ်မိုးထားသော စားများဆိုပြီး ဗျူးခဲ့ပါတယ်။ အစ်ကိုတို့လည်း အရင်တုန်းက ပြောခဲ့ပါတယ်။ အခုအချိန်မှာ အစ်ကိုက ပြန်ခဲ့တဲ့ (၅)နှစ်က အခန အထားနဲ့ အခု (၅)နှစ် အနေအထား ကွာခြားမှု တော်တော်များများရှိလာတာ တွေ့ရတယ်။ အဲဒီအပေါ်မှာ ကျော်ပေါ်မိုးထားသောစားဆိုတဲ့**

www.burmeseclassic.com

www.burmeseclassic.com





**အက်ဗရေးရှင်းလေးပေါ်မှာပဲ အစ်ကိုရဲ့အမြင်ကလေး တစ်ချက်လောက်၊ အစ်ကိုဘယ်လိုမျိုးစကားတွေကိုပြောလေ့ပြောထရှိတယ် ဆိုတာလေး ပြောပြပေးပါ။**

အမှန်ကတော့ စကားဆိုတာ ဘယ်အရာမှာပဲဆိုဆို ဘယ်လောကမှာပဲဖြစ်ဖြစ်၊ ဘယ် အသိုင်းအဝိုင်းမှာပဲဖြစ်ဖြစ်၊ ပေါ့ပေါ့တန်တန် မပြောသင့်ဘူး။ ကျွန်တော်တို့မိသားစုကိစ္စလေးပဲ ထားလိုက်၊ မိသားစုကိစ္စ ကိုယ့်သားသမီးလေးတွေ ငယ်ငယ်တုန်းက ဟေ့သားလေး အဖေပြန်လာရင် မင်းလိုချင်တဲ့ အရုပ်ဝယ်ပေးမယ်။ ဒါ ပေါ့ပေါ့တန်တန်လေး ပြောလိုက်တာ။ အိမ်ပြန်ရောက်လို့ ကိုယ်က အလုပ်ရှုပ်ပြီး မေ့လျော့ပြီးနေရင် အိမ်လည်းရောက်ရော ကိုယ့်သားက ဖေကြီး အဲ့ဒီအရုပ် မပါဘူးလားဆိုရင် အေးကွာ ဖေဖေမေ့သွားလို့ဆိုပြီး ကိုယ်ကလည်း ပေါ့ပေါ့တန်တန် ပြောလိုက်တယ်။ ဒါပေမယ့် ကလေးရဲ့ရင်ထဲမှာ ဘယ်လောက်ထိ ခံစားသွားရလဲဆိုတာ ကိုယ်တွေ့ပဲ။ ကလေးဘဝတုန်းကလည်း ဒါမျိုးတွေ ကြုံတွေ့ခဲ့ရတယ်။ ကလေးတွေရဲ့ရင်ထဲမှာ ခံစားသွားရတဲ့ အမာရွတ်က ကြီးတဲ့အထိ ရှိသွားတယ်။ ဒါက မိသားစုကိစ္စပြောတာ။ အဲဒီတော့ ပေါ့ပေါ့တန်တန် မပြောသင့်ဘူး။ ကိုယ်ပြောတဲ့ စကားကို တာဝန်ယူရဲရတယ်။ အဲဒါကို ကျွန်တော်လက်ခံတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ (၅)နှစ်နဲ့ အခု ဒီဘက်ပိုင်းရောက်လာပြီဆိုတော့ အရင်တုန်းကတော့ ကျွန်တော်က ရုပ်ရှင်မင်းသားပေါ့။ ရုပ်ရှင်မင်းသားဆိုတော့ ရှင်းရှင်းပြောရရင် လူမဖြစ်သေးဘူး။ ဘဘဦးသုခနဲ့တွေ့မှ နောက်ယောဆရာတော်ကြီးတို့ ဓမ္မဒူတ ရှင်ဆေကိန္ဒ တို့နဲ့တွေ့မှ၊ အရှင်ဇနကာဘိဝံသရဲ့စာပေတွေကို ဖတ်ဖူးမှ လူဖြစ်လာတာ၊ လူပီသလာတာ။ လူအလုပ်ကို လုပ်လာတာ။ အရင်တုန်းက လူအလုပ် မလုပ်ဘူး ကိုယ့်အတ္တပဲလုပ်တယ်။ အတ္တလုပ်တယ်ဆိုတာ လူမဟုတ်ဘူးလို့ ကျွန်တော် သတ်မှတ်တယ်။ လူ့အလုပ်လုပ်လာတဲ့အချိန်မှာ ကိုယ့်အတွက် ပိုပြီးတာဝန်ကြီးလာတယ်။ ကိုယ်ပြောလိုက်တဲ့ စကားတစ်ခုက ဘယ်လောက် တာသွားတယ်။ ဘယ်လောက်ထိ အရေးပါတယ်ဆိုတာ ကိုယ့်ကိုကိုယ် သတိထားလာတယ်။ ကိုယ့်ရဲ့လုပ်ရပ်ကလည်း အများကြီး။ ကျွန်တော့်အတွက်ကတော့ ကုပ်ပေါ်မိုးထားသောဓားထက် ကြိုးကွင်းစွပ်ခံထားရတဲ့ လူတစ်ယောက်ဖြစ်နေတယ်။ ကျွန်တော် နည်းနည်းလေး လှုပ်လိုက်တာနဲ့ ပြုတ်ကျပြီ၊ ပြုတ်ကျရင် ကိုယ့်အသက်ပါ ထိခိုက်ပြီ၊ အဲဒီတော့ အခုနောက်ပိုင်းပြောတဲ့ စကားတွေက ကျွန်တော့်ရင်ထဲ နှလုံးထဲက အသွေးအသားထဲကပါတဲ့ စကားတွေပဲ ကျွန်တော်ပြောတယ်။ ဒါပေမယ့် ကျွန်တော်ပြောတဲ့ စကားတွေက မှားချင်လည်း မှားမယ်။ မှန်ရင်လည်း မှန်မယ်။ မှားတယ်ဆိုရင်လည်း ဒီဟာက ကျော်သူပြောတာ အမှားကြီးပဲလို့ ဝေဖန်လို့ရတယ်။ ဒါပေမယ့် ကျွန်တော် အခုအချိန်ထိ (၅)နှစ်တာကာလအတွင်းမှာ ကျွန်တော် မှန်တဲ့အလုပ်တွေပဲ လုပ်တယ်လို့ ကိုယ့်ကိုကိုယ်ယုံကြည်တယ်။

**ခုန အစ်ကိုပြောတဲ့ လူမဖြစ်ခင်ကာလ အပိုင်းအခြားလေး ကျွန်တော် တစ်ခုပြောပါရစေ။ အဲဒါကလည်း (၅)နှစ်မကပါဘူး။ (၁၀)နှစ်အတောအတွင်း။ (၁၀)နှစ်တောင် မကတော့ဘူးထင်ပါတယ်။ အစ်ကိုရဲ့ အထုံးကလေးတွေရဲ့ လွယ်အိတ်လေးကို လွယ်**

www.burmeseclassic.com

www.burmeseclassic.com





**ခဲ့တဲ့ အကြောင်းအရာလေးတွေ အဲဒါလေးတွေက ပြောရရင်တော့ ဒီနေ့ ဒီအချိန်ကာလ အစ်ကိုက လူမှုရေးလုပ်နေတဲ့ လူတစ်ယောက်အနေနဲ့ လူတွေက စံပြုတယ်ဆိုတာ တစ်ပိုင်းပေါ့။ အစ်ကို လူမဖြစ်သေးဘူးလို့ ပြောတဲ့ကာလမှာပဲ အစ်ကို့ပေါ်မှာ စံပြုပြီးတော့ အစ်ကိုလုပ်တာတွေ အကုန်လိုက်လုပ်နေကြတဲ့ လူငယ်ထုလေးတွေလည်း ရှိခဲ့ဖူးတယ်။ အဲဒီထဲမှာပဲ လွယ်အိတ်ထိုးခဲ့တဲ့ဆိုထဲမှာ ကျွန်တော်တို့လည်း အပါအဝင်ပါပဲ။ ကျော်သူထိုးဆိုတာလည်း တစ်နည်းတစ်ဖုံ လူငယ်ထုထဲမှာ တော်တော်ပျံ့နှံ့ပြီးတော့ လူငယ်တွေကို တော်တော် လွှမ်းမိုးနိုင်ခဲ့ပါတယ်။ အဲဒီတော့ အစ်ကိုဆောင်ရွက်ခဲ့တဲ့ အရာတွေအားလုံးက လူငယ်တွေ လိုက်လုပ်တဲ့ဟာမျိုးရှိတယ်။ အဲဒါမျိုးကျရင် လူငယ်တွေ အတုယူမှားမှာစိုးလို့ဆိုတဲ့ကိစ္စမျိုး အစ်ကိုအဲဒီကာလတွေမှာ တွေးမိခဲ့မိမှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်မိတယ်။ အဲဒီအမြင်လေးပေါ်မှာ တစ်ချက်လောက် ပြန်ပြောပြပေးပါဦး။**

လွယ်အိတ်အထုံးက ကျွန်တော် "မရဲ့မောင်လေး" ကားမှာ စပြီးထုံးခဲ့တယ်။ အဲဒီတုန်းက လူငယ်လည်းလူငယ် အတွေးအခေါ်ပိုင်းက ဘာရိုလဲဆိုတော့ ပေါ်ပြူလာဖြစ်ချင်တယ်။ လူအများမလုပ်တဲ့ အလုပ်တစ်ခုကို လုပ်ပြချင်တယ်။ ကိုယ်လုပ်တဲ့အလုပ်ကလည်း အထူးသဖြင့် လူငယ်ပိုင်းမှာ လိုက်လုပ်နိုင်တဲ့ အခြေအနေမျိုးတစ်ခုကို ကျွန်တော်ဖန်တီးဖို့ အမြဲတမ်းစဉ်းစားတယ်။ အဲဒီတော့ ဒီလွယ်အိတ်ဆိုတာက လူငယ်တွေနဲ့ မကင်းတဲ့အရာ၊ အဲဒီတော့ လွယ်အိတ်ကို စတိုင်လ်တစ်ခုအနေနဲ့၊ ဒါပေမယ့် ကျွန်တော်ကစပြီးတော့ ထုံးတာတော့ မဟုတ်ပါဘူး။ ရှေးကတည်းက ဗမာလူမျိုးကြီးတွေ လွယ်အိတ်ကိုထုံးပြီး အထုံးတွေထုံးတာမျိုးရှိတယ်။ အဲဒီတော့ ဒီဟာကို ကျွန်တော်အတုယူတာပါ။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်လည်း အဲဒီလို လွယ်အိတ်အကြီးကြီးလွယ်ပြီးတော့ အထုံး ထုံးတာကို တွေ့ရတယ်။ တွေ့ထားတော့ ဇာတ်ကားမှာ လွယ်အိတ်အထုံးထုံးတဲ့အတွက် လူငယ်တွေ လိုက်ထုံးကြတယ်။ အဲဒီလို လူငယ်တွေ လိုက်လုပ်တဲ့ကိစ္စက အန္တရာယ်မဖြစ်ဘူး။ ယဉ်ကျေးမှုကိုလည်း ထော်လော်ကန့်လန့်မဖြစ်ဘူး။ မထိခိုက်ဘူးပေါ့လေ။ အဲဒီကိစ္စကတော့ ကျွန်တော့်အတွေးအခေါ်က ဘယ်သူ့ကိုမှ အဆိပ်အတောက်မဖြစ်ဘူး။ မှန်ကန်တယ်လို့ ယူဆနိုင်ခဲ့တယ်။ လွယ်အိတ်အထုံးထုံးတယ်၊ ပုဆိုးတိုတိုဝတ်တယ်ဆိုတာ လူငယ်တွေအတွက် တက်တက်ကြွကြွအသွင်၊ အဲဒါကို ကျွန်တော်ဖန်တီးခဲ့တာ။

**ကျော်သူ လွယ်အိတ်ထုံးတာမျိုး လူငယ်တွေ လိုက်လုပ်မယ်ဆိုတာ အစ်ကိုသိထားပြီး လုပ်ခဲ့တာလို့ ဆိုခဲ့တယ်နော်။ အဲဒီမှာ ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှုနဲ့ ဘာသာရေးမှာ တားမြစ်ထားတဲ့ အိန်း၊ ဘင်း၊ ကဇော်၊ လော်ဘ၊ အရက် အဲဒါတွေကို ထင်ရှားကျော်ကြားတဲ့ ဘယ်သူမှ အဆိပ်အတောက်မဖြစ်ပေမဲ့ ကျော်သူ မူးယစ်ဆေးဝါး သုံးစွဲတဲ့အခါ သူ့ကို အားကျအတုယူတဲ့သူတွေ လူငယ်တွေမှာ ကြီးမားတဲ့ ဘေးဥပါဒ်တွေ ဖြစ်စေခဲ့တယ်။ အဲဒီတော့ အစ်ကိုကိုယ်တိုင် မူးယစ်ဆေးနဲ့ မလွယ်မကင်း ရှိခဲ့စဉ်ကာလက စိတ်ထဲမှာ ဘယ်လိုရှိခဲ့ပါသလဲ။**

အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော့် ပန်းချီပြခန်းအနေနဲ့ ကျော်သူ Art ဆိုပြီး ပြထားတဲ့ ပြခန်းမှာ ပန်းပုလေးရှိတယ်။ လက်ဖဝါးပေါ်မှာ ကျွန်တော့်မျက်နှာ အရုပ်ကလေးတင်ထားတယ်။ ဘိန်းပန်းတစ်ပွင့်နဲ့ လက်ကိုတွဲပြီး သံဆူးကြိုးတွေ ပတ်ထားတယ်။ သင်ခန်းစာလို့ နာမည်ပေးထားတယ်။ အဲဒါကို ကျွန်တော်ရှင်းပြတယ်။ တစ်ချိန်တစ်ခါတုန်းက ကျွန်တော် မူးယစ်

www.burmeseclassic.com





ဆေးဝါး သုံးစွဲခဲ့တယ်။ သုံးစွဲခဲ့တဲ့အတွက် နှာခေါင်းဒဏ်ရာရခဲ့တယ်။ အရင်တုန်းကဆိုရင် အနုပညာလောကမှာ ကျွန်တော်တွေ့ခဲ့ဖူးတဲ့ မင်းသား၊ မင်းသမီး အနုပညာရှင်တွေက ပြောခဲ့ကြတာရှိတယ်။ ကိုမောင့်ရဲ့နှာခေါင်းက ဒီလိုနှာတံမျိုးက ဖြောင့်စင်းပြီးတော့ ကြည့်ကောင်းတယ်၊ လှတယ်လို့ ပြောခဲ့ကြတယ်။ ဒါပေမယ့် အဲဒီ နှာခေါင်းက မူးယစ်ဆေးဝါးကြောင့် ပျက်စီးခဲ့တယ်။ အဲဒါ သင်ခန်းစာပဲ။ အဲဒါမျိုး လူငယ်တွေမဖြစ်အောင် ကျွန်တော့်ပြခန်းကို လာကြည့်တဲ့သူတွေ စိတ်ထဲဝင်သွားအောင် ကျွန်တော့်ရဲ့လုပ်ရပ်တစ်ခု မှားသွားခဲ့တာကို သင်ခန်းစာအနေနဲ့ ကျွန်တော်ပြထားတယ်။ မူးယစ်ဆေးဝါးဆိုတာ လူငယ်တွေအနေနဲ့ မစမ်းသင့်တဲ့ကိစ္စပါ။ လူငယ်တင်မကပါဘူး။ လူတွေက ကိုယ့်ရဲ့ထွက်ပေါက်တစ်ခုအနေနဲ့ ဒါကို စမ်းသပ်သုံးစွဲကြတယ်။ ထွက်ပေါက်ဆိုတာက ကောင်းတဲ့ထွက်ပေါက်ရှိသလို၊ မကောင်းတဲ့ထွက်ပေါက်ရှိတယ်။ မူးယစ်ဆေးဝါးဆိုတာက မကောင်းတဲ့ထွက်ပေါက်ပဲ အဲဒီလမ်းကို ကျွန်တော်လိုက်ခဲ့မိတယ်။ အဲဒီပန်းပုလေးကတော့ ကိုယ့်ကိုကိုယ် ပြန်ဆုံးမရုံတင်မကဘူး လူငယ်တွေလည်း သင်ခန်းစာယူနိုင်ဖို့အတွက် ကျွန်တော်ဖန်တီးထားခဲ့ပါတယ်။ လူငယ်တွေ ကျွန်တော့်လိုအမှားမျိုး မလုပ်မိဖို့ အရေးကြီးတယ်။ အတွေးအခေါ်တွေ မှန်ကန်ဖို့ အရေးကြီးတယ်။ အခု ဒီလူမှုရေးလုပ်နေတဲ့ အခါကျတော့ လူငယ်တွေကို ကျွန်တော် အဓိကထားပြီး ဒီသင်ခန်းစာပေးပါတယ်။

**တစ်လက်စတည်း အစ်ကိုရဲ့ ဒီနှာခေါင်းက ဘယ်လိုဖြစ်သွားတယ်ဆိုတာ ပြောပြပေးပါ။**

အဲဒါက ချောင်းသာမှာဖြစ်တာ၊ ချောင်းသာမှာ အရက်လည်းသောက်တယ်၊ မူးယစ်ဆေးလည်း သွားသုံးစွဲမိတယ်။ စမ်းသပ်တာ။ လူငယ်က ဘယ်အရာမဆို စမ်းသပ်ချင်တဲ့ ဝသီရှိတယ်။ ဒါပေမဲ့ လူငယ်စကားအတိုင်း ပြောရရင် နှစ်ပင်လိမ်တာပေါ့။ နှစ်ပင်လိမ်ပြီးတော့ ရှော့ခ်ဖြစ်ပြီးတော့ ဘာမှမသိတော့ဘူး။ ကျွန်တော် ပစ်လဲသွားတယ်။ ပစ်လဲသွားပြီး ကျွန်တော် သတိရတဲ့အချိန်မှာ ကျွန်တော့်ကိုပြောပြတဲ့ စကားတွေအရဆိုရင် ကျွန်တော့်နှလုံးတွေ မခုန်တော့ဘူး။ နှလုံးခုန်သံရပ်သွားပြီး မျက်လုံးတွေ၊ အသားအရေတွေ ပြာနေပြီ။ ဇွန်းနဲ့ ပါးစပ်ထဲထည့်ပြီးတော့ လျှာကိုကော်ထုတ်ရတယ်။ ပြီးတော့ အသက်ရှူလာအောင် ပါးစပ်ကိုတေ့ပြီးတော့ နှလုံးပြန်ခုန်လာအောင် လုပ်ရတယ်။ ဒါပေမဲ့ မရဘူး။ မရတဲ့အချိန်မှာ ဒွေး၊ ဒွေးက ကျွန်တော့်ရဲ့ အသက်သခင်ကျေးဇူးရှင်၊ ဒွေးကနေပြီး သူနဲ့ရိုက်နေတဲ့ကားကို အဲဒီ့ကားအတွက် သူလည်း ချောင်းသာရောက်နေတယ်။ သူက သူ့မော်တော်ကားနဲ့ အသက်ကယ်ဆေးလိုက်ရှာတယ်။ လှည့်ပတ်ရှာတယ် မတွေ့ဘူး။ တစ်နေရာမှာတွေ့တယ်။ တွေ့တဲ့အချိန်မှာ အဲဒီ့နာ့စ်ကြီးရဲ့အစ်ကိုပေါ့။ သူက အရင်တုန်းက ပြိုင်ဘီးမောင်းတဲ့ အားကစားသမား၊ ဝက်သားတွေဘာတွေရောင်းတယ်။ သူပါလိုက်လာပြီး ကျွန်တော့်ပါးစပ်ကို mouth to mouth လုပ်တယ်။ အဲဒီလိုလုပ်ပြီး ကျွန်တော့်နှလုံးခုန်လာအောင် လုပ်ပေးခဲ့တယ်။ ကျွန်တော်တို့ ချောင်းသာကနေ ပုသိမ်ဆေးရုံအထိ ဇက်နဲ့ပို့တယ်။ ပုသိမ်ဆေးရုံရောက်ပြီး နောက်နေ့မနက်မှာ ကျွန်တော်သတိရတယ်။ သတိ

www.burmeseclassic.com

www.burmeseclassic.com




ရတဲ့အချိန်မှာ ပိုက်တွေအားလုံးတန်းလန်း၊ ဆီးမှာ ပိုက်သွယ်ထား၊ တယ်။ နှာခေါင်းက အောက်ဆီဂျင်ပေးထားတယ်။ ရော်ဘာ (မျက်နှာဖုံး) ပေးထားတယ်။ ရော်ဘာ (မျက်နှာဖုံး)က ဆေးရုံသုံး ပစ္စည်းက နည်းနည်းဒိတ်အောက်နေပြီလား မသိဘူး။ အဲဒီ ရော်ဘာ (မျက်နှာဖုံး)ကြောင့် နှာခေါင်းပျက်စီးသွားတယ်။

**လူမှုရေးဆောင်ရွက်နေတဲ့ ကာလမှာလား။ ဒါမှမဟုတ် လူမှုရေးဆောင်ရွက်မှု အနေအထားကို မသိသေးတဲ့ကာလမှာလား။ အဲဒီဖြစ်စဉ်ဖြစ်ပြီးတော့မှ ဘယ်လောက်ကြာလောက်မှာမှ ဒီလူမှုရေးလောကကို ခြေစုံပစ်ဝင်တဲ့ နည်းပါးပါးပဲ ဒီအသင်းထောင်တယ် ဆိုကတည်းက အဲဒါလေးတစ်ချက်လောက် ပြောပေးပါဦး။**

အသင်းထောင်ခဲ့တာကတော့ ၂၀၀၁ ဇန်နဝါရီ ၁ ရက်ပေါ့။ ဒါပေမဲ့ ကျွန်တော် အဲဒီတုန်းက သရုပ်ဆောင်လည်း လုပ်နေတယ်။ မနက်ဖက်ဆိုရင် အသင်းကိုသွားတယ်။ အဲဒီအသင်းမှာ လုပ်စရာရှိတာလုပ်၊ ကားရိုက်သွား၊ ရုပ်ရှင်ရိုက်သွား ညနေဆို အသင်းပြန်လာ၊ ဒီကြားထဲမှာ ထူးခြားတဲ့လမ်းကြောင်းတွေ ကိုယ်တိုင်မောင်းရမယ့် လမ်းကြောင်းတွေဆိုရင် ရိုက်ကွင်းကို ခွင့်တောင်းပြီး၊ သွားပြီး မော်တော်ယာဉ်မောင်းပေးတယ်။ နိဗ္ဗာန်ယာဉ်မောင်းပေးတယ်။ ၂၀၀၇ နောက်ပိုင်းကျမှ ကျွန်တော်အသင်းမှာ နေ့စဉ်မပြတ် နေ့ရောညပါ အလုပ်လုပ်ပေးတယ်။ အချိန်ပြည့် ပေးဆပ်ပေးနိုင်ခဲ့တယ်။

ဂိုက်လိုင်းလုပ်နေရတယ်။ လုပ်နေရတဲ့နေရာမှာ အနုပညာစိတ်နဲ့ အနုပညာခံစားချက်နဲ့ ကျွန်တော့်အသင်းကို အုပ်ချုပ်တယ်။ ဒီအနုပညာကို ဆက်ပြီးတော့ သုံးနေရမှာပဲ။ ကျွန်တော့်အသွေးအသားထဲမှာရှိနေတဲ့ အနုပညာနဲ့ ဒီလူမှုရေးလုပ်ငန်းကို ဖန်တီးတယ်။ တည်ဆောက်တယ်။ အဲဒီတော့ အနုပညာကနေ ထွက်သွားပြီးဟေ့ဆိုတဲ့ တချို့ပုဂ္ဂိုလ်တွေရှိတယ်။ အဲဒီမျိုးပုဂ္ဂိုလ်တွေကျတစ်မျိုးပေါ့။ ဥပမာ သာသနာ့ဘောင်ဝင်သွားတဲ့ လူတို့၊ ဒီပြင် စီးပွားရေးလုပ်တဲ့လူတို့ ဒါမျိုးတွေတော့ရှိတယ်။ ရှိပေမဲ့သူတို့က အပြတ်လုပ်သွားတဲ့အပိုင်း၊ ကျွန်တော် လူမှုရေးလုပ်တယ်ဆိုတော့ အများနဲ့ ဆက်ဆံရတယ်။ အများနဲ့ဆက်ဆံတော့ အများသာစုခေါ်နိုင်ဖို့ အုပ်ချုပ်တယ်။ အလှူရှင်တွေကိုလည်း နဂိုရုပ်ရှင်အတတ်ပညာ၊ ဗီဒီယိုရိုက်ပြီးတော့ ကျွန်တော်တို့ လုပ်ဆောင်ချက်လေးတွေ ဂီတသမားတွေနဲ့ ပူးတွဲပြီး ဖန်တီးပြီးတော့ အလှူရှင်တွေကို CD ချပ် မေတ္တာလက်ဆောင်ပြန်ပေးတာတွေရှိတယ်။ အနုပညာလောက,ကနေ ထွက်သွားပြီလို့ ကျွန်တော်မပြောဘူး။ မြန်မာ့ရုပ်ရှင် လောက,ကနေထွက်သွားပြီ။ ဒါပေမဲ့ ကျွန်တော်တစ်ချိန်မှာတော့ သမိုင်းအစစ်အမှန်တို့၊ အတ္ထုပ္ပတ္တိတို့၊ အဲဒါတွေ ကျွန်တော်ရိုက်ချင်လည်း ရိုက်မယ်။ မရိုက်ချင်လည်း မရိုက်ဘူးပေါ့။ ဒီလို ဖျော်ဖြေရေးလုပ်တာတို့ ဘာတို့တော့ ကျွန်တော်မရိုက်တော့ဘူး။ ဒါ ဒီကောင်အသက်ကြီးမှ ဒီစကားပြောတယ်လို့ ပြောရင်လည်းပြော ရတယ်။ ကျွန်တော်ကတော့ အဲဒီကိစ္စတော့ ပြတ်သွားပြီ။ ဖျော်ဖြေနေတဲ့ လူတွေကလည်း အများကြီးရှိတာပဲ။ သမိုင်းအတ္ထုပ္ပတ္တိတွေ ရိုက်တဲ့နေရာမှာ လိမ်ညာပြီး ဖုံးကွယ်ပြီးရိုက်တဲ့လူတွေလည်း ရှိတယ်။ ဒါမျိုးကတော့ မဖြစ်သင့်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းတို့ အာဇာနည်တို့ဆိုတာကို ကာလေ၊

www.burmeseclassic.com

www.burmeseclassic.com





တွေ မသိတော့သလို ဒီလိုအဖြစ်မျိုး မဖြစ်စေရဘူး။ ဘဘဦးသုခက လည်း ဒီအတိုင်းပဲ ဘဘဦးသုခကျောက်ရုပ်ကို ကျွန်တော်လုပ်တယ် ဆိုတာ လူမြင်ကောင်းအောင် ကြွားကောင်းအောင် လုပ်တာ မဟုတ်ဘူး။ မျိုးဆက်သစ်ကလေးတွေ၊ အမိကက ကလေးတွေ သိရှိအောင်၊ ဘဘဦးသုခဆိုတာ ဒီလိုရုပ်ပုံပါလား။ ဘဘဦးသုခ သမိုင်းအကျဉ်းချုပ်က ဘာတွေဆိုတာသိအောင် လုပ်ရမယ့်တာဝန် ကျွန်တော်တို့မှာရှိတယ်။ ဘဘဦးသုခနဲ့ပတ်သက်ပြီး ပြောရရင် နှစ် ၁၀၀ ပြည့် မဂ္ဂဇင်းမှာ ဘဘဦးသုခရိုက်ခဲ့တဲ့ကားတွေ အကယ်ဒမီဆုရခဲ့တဲ့ ဇာတ်ကားတွေ၊ ဘဘဦးသုခ ရေးခဲ့တဲ့ စာတွေ၊ သီချင်းတွေ အဲဒါတွေကို သူတို့က ဖော်ထုတ်တယ်။ စာရေးဆရာတွေကလည်း ဖော်ထုတ်တယ်။ နောက်ပြီး အမေနေ့ကို ဖော်ထုတ်ခဲ့တယ်။ ဒါပေမဲ့ မြန်မာပြည်မှာ အလိုအပ်ဆုံး ဖြစ်တဲ့ လူမှုရေး နာရေးကူညီမှုအသင်းကိုစပြီး မျိုးစေ့ချခဲ့တယ်ဆိုတာ တစ်ကြောင်းမှမပါဘူး။ အဲဒီတော့ ဒါတွေက မဖြစ်သင့်ဘူး။ ကျွန်တော်တို့အသင်းကလည်း နိုင်ငံရေးလှုပ်ရှားတဲ့ အသင်း လည်း မဟုတ်ဘူး။ ပါတီထောင်တဲ့ အသင်းအဖွဲ့မဟုတ်ဘူး။ အများပြည်သူအတွက် လိုအပ် နေတဲ့နေရာကို ဖြည့်ဆည်းပေးရတဲ့အသင်းဖြစ်တယ်။ အဲဒီလို သမိုင်းအစစ်အမှန်တွေ ဖော် ထုတ်ဖို့က ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိတယ်။

**အနားယူသွားပေမဲ့ အနုပညာစိတ်နဲ့ပဲ ကျန်တဲ့အလုပ်ကို ဆက်လုပ်မယ်။ ဆက်လုပ်မယ့်အတွက် အစ်ကို့ကို မြင်ရတာပေါ့။ အမြင်မှာလည်း ရှင်သန်တယ်ပေါ့။ တချို့က အနားယူသွားပြီဆိုတာနဲ့ ပင်စင်ပေးခံရသလိုပဲ။ ပျောက်ထွက်သွားတယ်။ အစ်ကိုက လူငယ်တွေနဲ့ မြန်မာ့ရုပ်ရှင်ထဲမှာရှိတဲ့ လူငယ်တွေအတွက် အနုပညာကို သေတဲ့အထိ အစ်ကိုက နောက်လူငယ်မျိုးဆက်တွေကို နေရာ လွှဲပေးလိုက်သည့်တိုင်အောင် အငြိမ်းစားယူလိုက်ရသည့်တိုင်အောင် ဆက်ပြီးတော့ အနုပညာသည် ရှင်သန်ပါဆိုတဲ့ ပုံစံမျိုး အစ်ကို့ အမြေ နားထောင်လိုက်တော့ ကျွန်တော်ခံစားရတယ်။ အစ်ကို့အနေနဲ့ကကော ဘယ်လိုအမှာစကားမျိုးပြောချင်လဲ။**

နောက်မျိုးဆက်သစ် အနုပညာသမားတွေပေါ့။ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရံ ကအစ သူတို့အနေနဲ့ အရေးကြီးတာက လူမှုရေးစကားနဲ့ပြောရင် သီလလုံဖို့ အရေးကြီးတယ်။ ဘယ်အလုပ်ပဲလုပ်လုပ် ကိုယ့်ကိုကိုယ် ဘယ်လောက် သီလလုံတယ်ဆိုတာ ပြန်သုံးသပ်ရမယ်။ ကိုယ့်ကိုကိုယ် မနက်မိုးလင်းတာနဲ့ မှန်ကြည့်တယ်။ ဖြီးလိမ်းလုပနေရုံနဲ့မပြီးဘူး။ မှန်ကြည့်တယ် ဆိုတာ အတွင်းစိတ်ကို ကိုယ့်ဘာသာကိုယ် သိအောင်ကြည့်ဖို့လိုတယ်။ အတွင်းစိတ်ကနေပြီး ငါဒီနေ့ ရုပ်ရှင်ကားကြီးရိုက်တယ်။ ရိုက်လိုက်တဲ့ ရိုက်ကွက်၊ ဇာတ်လမ်းက ပြည်သူလူထုကို ဘယ်လောက်အတိုင်းအတာထိ အကျိုးပြုသလဲ၊ ရာနှုန်းပြည့် အကျိုးပြုစရာမလိုပါဘူး။ တစ်ရာခိုင်နှုန်း၊ ဒါမှမဟုတ် နှစ်ရာခိုင်နှုန်းလောက် အကျိုးပြုသွားတယ်ဆိုလည်း ဒါ ကုသိုလ် တစ်ခုလုပ်တာပဲ။ ကိုယ့်အနုပညာလောက,ကနေ နားလိုက်တယ်။ အသက်ကြီးလို့ပဲနားနား၊ အသက်မကြီးဘဲနဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ နားနား၊ ကိုယ်က အများပြည်သူကိုတော့ ကြည့်ရမယ်။ ဥပမာ နာမည်ကြီးလာတဲ့ကိစ္စက ကိုယ့်ရဲ့ကြိုးစားမှုရှိသလို၊ အများပြည်သူရဲ့ အားပေးမှုကြောင့် လည်းဖြစ်တယ်။ အဲဒီတော့ အများပြည်သူကိုလည်း ပြန်ပြီးကြည့်ရမယ်။ ကိုယ်နားလိုက်ပေမဲ့

www.burmeseclassic.com





အများပြည်သူကိုလည်း ကြည့်စရာမလိုဘူး။ ကိုယ့်အတွက်ပဲ ကိုယ်လုပ်နေရင် ဒါပထမပိုင်း ကျွန်တော်ပြောတဲ့ လူမဟုတ်တော့ဘူး။ လူဆိုရင်တော့ အများပြည်သူကို ပြန်ကြည့်ရမယ်။ ကိုယ်နားလိုက်တဲ့အချိန်မှာ အများပြည်သူရဲ့ကျေးဇူးကို ပြန်ဆပ်ရမယ်။ ဒါလူ့ရဲ့တာဝန်ပဲ။ လူ့တာဝန် ကျေဖို့ အရေးကြီးတယ်။ ကိုယ့်ကိုကိုယ် သီလလုံလုံနဲ့ တစ်နေ့တစ်နေ့ ရိုက်မယ့်၊ ရိုက်ကွက်လေးတွေ၊ ဇာတ်လမ်းလေးတွေက ဘယ်လိုလဲ ဒါတွေကို ပြန်သုံးသပ်ပါ။ ဇာတ်လမ်းတိုင်းလည်း ရိုက်စရာမလိုဘူး။ ဇာတ်လမ်းတိုင်းရိုက်တယ်ဆိုတာ ကိုယ့်အတွက်အတွက် ကိုယ်ပိုက်ဆံရဖို့အတွက်ပဲ ရိုက်တာ၊ ကိုယ်ရိုက်လိုက်တဲ့ ကားတစ်ကားက အများပြည်သူကြည့်ပြီးတော့ အတွေးအခေါ်တွေ မှားကုန်မယ်။ အကုန်လုံး ပေါ့ပျက်ပျက်တွေဖြစ်ကုန်မယ်။ လေးနက်မှုမရှိတော့ဘူးဆိုရင် ကိုယ့်အတွက် အကုသိုလ်တွေရမယ်။ ဒါပဲ ကျွန်တော်ပြောချင်တယ်။

**အနုပညာရှင်တွေ တော်တော်များများ ဖောင်ဒေးရှင်းတွေ လုပ်ကြတယ်။ သူတို့ကို ဘာလိုအပ်တယ်လို့ ပြောချင်လဲ၊ လမ်းညွှန်ချင်လဲ။**

ဖောင်ဒေးရှင်းတွေ၊ အသင်းအဖွဲ့များလာတာက အများပြည်သူတွေအတွက် ကောင်းတယ်။ သို့သော် ဖောင်ဒေးရှင်းထူထောင်ရတဲ့ ကိစ္စမျိုး၊ အသင်းအဖွဲ့ထူထောင်ရတဲ့ ကိစ္စမျိုးကို ကိုယ့်ကိုကိုယ်ပြန်ပြီး မှန်ပြန်ကြည့်ပါ။ ကိုယ့်အတွက်အတွက်လား၊ ကိုယ်နာမည်ကြီးဖို့လား၊ ပေါ်ပြူလာဖြစ်လို့လား၊ အများပြည်သူအတွက် တကယ်ပေးဆပ်ဖို့လား။ ဒါကို ပြန်သုံးသပ်ဖို့ အရေးကြီးတယ်။ ကိုယ့်စိတ်ကိုယ်လုံ၊ ကိုယ့်သီလကိုယ်လုံပြီဆိုရင် လုပ်ပါ။ အများအတွက် အကျိုးရှိတယ်။ ကျွန်တော်ကြိုဆိုပါတယ်။ နာမည်ကြီးဖို့အတွက် လုပ်တာမျိုးကတော့ နာမည်ကြီးမယ်။ ကိုယ့်ကိုယ်ကျိုးအတွက် အစိုးရပိုင်းက အခွင့်အရေးပေးမှာမို့လို့ လုပ်တယ်ဆိုရင်တော့ သမိုင်းလုပ်မှာမဟုတ်ဘူး။

**ကိုမျိုး(မြန်မာ)၊ အကြည်တော်**

❑

www.burmeseclassic.com

www.burmeseclassic.com






ကျွန်တော်သည် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် အမေရိကန် နိုင်ငံရှိ ဝါရှင်တန်မြို့တော်တွင် အမေရိကန်အစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် ဖွဲ့စည်းထားသော National Endowment for Democracy (NED) အဖွဲ့မှ ချီးမြှင့်သော ဒီမိုကရေစီ စွမ်းဆောင်သူများ ဟူသော 2012 Democracy Award ဆုအား လက်ခံရယူရန် သွားရောက်စဉ်က ကျွန်တော်၏ လွယ်အိတ်တွင် ချိတ်ဆွဲထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံပါ ရင်ထိုးတံဆိပ်အား အမေရိကန်နိုင်ငံတွင် TAXI မောင်းနေသော အီသီယိုပီးယားလူမျိုး၏ တောင်းဆိုမှုကြောင့် ကျွန်တော် အမြတ်တနိုး ဂုဏ်ယူစွာ ချိတ်ဆွဲထားသော အမေစု (ဒေါ်အောင်ဆန်းစုကြည်)၏ ရုပ်ပုံပါရင်ထိုးအား ပေးလိုက်ခဲ့သည့် အကြောင်းအရာနှင့် ပတ်သက်၍ ယခင် ကျွန်တော်ကိုယ်တိုင် ရေးသားခဲ့သော "လွမ်းလို့ကျန်ရစ်ခဲ့ရပြီ အမေ" ဟူသော ဆောင်းပါးတွင် ရေးသားခဲ့ပြီးဖြစ်သည်။

အမေစုကို မြန်မာပြည်သူလူထု၊ လူကြီး၊ ကလေးမကျန် သိရှိကြသလို ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံ တိုင်းပြည်များရှိ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များအပြင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင် အီသီယိုပီးယားနိုင်ငံရှိ ပြည်သူများပါမကျန် သိရှိကြခြင်း၊ ကြည်ညိုကြခြင်းတို့မှာ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြည်သူပြည်သားများအဖို့ များစွာ ဂုဏ်ယူဖွယ်ဖြစ်သည်။ ထို့အပြင် "လွမ်းလို့ကျန်ရစ်ခဲ့ပြီ အမေ" ဆောင်းပါးတွင် ရေးသားခဲ့သော ဖြစ်ရပ်မှန်တွင် အီသီယိုပီးယားလူမျိုး TAXI DRIVER အလွန်တောင့်တ လိုအပ်နေသော ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံပါရင်ထိုးအား ကျွန်တော်သည် သူ၏လက်ထဲသို့ ပေးလိုက်သောအခါ သူသည် ချက်ချင်းဆိုသလို သူ၏ မော်တော်ကားရှေ့ရှိ သူတို့၏ သူရဲကောင်းများ၊ ခေါင်းဆောင်များ၊ သူတို့၏ ကိုးကွယ်ရာဖြစ်သော

www.burmeseclassic.com



ဘုရားသခင်ပုံတော်တို့အား မြတ်မြတ်နိုးနိုး ချိတ်ဆွဲထားရှိသည့် မော်တော်ကား Dash Board နေရာတွင် အမေစုရုပ်ပုံရင်ထိုးအား ချိတ်ဆွဲထားလိုက်သည်။ အမေစုအား ကမ္ဘာ့နိုင်ငံခေါင်းဆောင် ဟူသမျှ လေးစားအသိအမှတ်ပြုကြသည်မှာ အမေစုရဲ့ ပြည်သူလူထုအပေါ် ထားရှိသော မှန်ကန်သည့် သစ္စာတရား၊ တိုင်းပြည်နှင့် လူမျိုးအပေါ် ထားရှိသော စစ်မှန်သည့် မေတ္တာတရားတို့၏ စွမ်းပကားတို့မှာ အရှိန်အဝါ ထုထည်ကြီးမားမှုကို လက်တွေ့ပြသလိုက်ခြင်းဖြစ်သည်။ "ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည် ဆိုသည့်စကား မှန်ကန်လှပေတော့သည် အမေရယ်" ဟူ၍ ကျွန်တော်




ရေးသားခဲ့ဖူးသည်။ ထိုစဉ်အခါက ကျွန်တော်၏ သက်မဲ့ပိုင်ဆိုင်မှု တစ်ခုအား အခြား လူစိမ်းတစ်ဦးအား ပေးလိုက်ရ၍ တဒင်္ဂဆုံးရှုံးမှု ကွက်လပ်တစ်ခု ဖြစ်ပေါ်ခံစားခဲ့ရသည်။ သို့သော် ယင်းတဒင်္ဂ ဆုံးရှုံးမှုသည် လူစိမ်းတစ်ယောက်၏ မြတ်နိုးစွာ တန်ဖိုးထားရှိမှုကို မြင်တွေ့ခဲ့ရ၍ ဝမ်းသာပီတိကျေနပ်စွာ ဖြစ်မိသည်။ တစ်စုံတစ်ယောက်မှ မိမိပိုင်ဆိုင်သော အရာဝတ္ထုတစ်ခုအား လိုချင်တောင့်တမှုကို မိမိမှ ပြန်လည်၍ ပေးအပ်ခြင်း (ပေးဆပ်ခြင်း)တို့ကို ဆောင်ရွက်ခြင်းကြောင့် မိမိတွင် ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပေါ်ခဲ့သော်လည်း တစ်စုံတစ်ယောက်သောသူမှာ သူ၏ဆန္ဒ ပြည့်ဝသွားမှုကို ကြည့်ရှု မြင်တွေ့ခဲ့ရသောအခါ မိမိသည်လည်း ထိုတစ်စုံတစ်ယောက်၏ ကြည်နူးဝမ်းသာမှုတို့ကို ပြန်လည်၍ ကူးစက်ခံစားစေနိုင်သကဲ့သို့ ကျွန်တော်တို့ လူမှုရေးသမားများအနေဖြင့် ယင်းကဲ့သို့ ပေးဆပ်မှု၏ရလဒ်ဖြစ်သော ပီတိကိုသာ စားသုံးရသည် မဟုတ်ပါလား။

ယင်းဖြစ်ရပ်မှန် ဖြစ်စဉ်ဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း ကျွန်တော်တို့၏ NED ဆုပေးပွဲနှင့် ဒေါ်အောင်ဆန်းစုကြည်အတွက် အမေရိကန်နိုင်ငံ အစိုးရမှ ချီးမြှင့်သော DEDICATED TO PROMOTING FREEDOM AND DEMOCRACY IN BURMA ဟူသော ရွှေတံဆိပ် ဆုပေးပွဲတို့ ပြီးဆုံးသွားသောအချိန်တွင် ကျွန်တော်သည် အမေရိကန်နိုင်ငံရှိ သုသသန်များကို လိုက်လံလေ့လာပြီး မြန်မာနိုင်ငံသို့ပြန်ရတော့မည်ဖြစ်သောကြောင့် ကျွန်တော်၏ ညီဂုမ်းကွဲ ရှိရာ လော့အိန်ဂျလစ်မြို့ နေအိမ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ရန်ကုန်မြို့သို့ မထွက်ခွာမီ (၂)ရက်ခန့်အလိုတွင် ကျွန်တော်နေထိုင်ရာ လော့အိန်ဂျလစ်မြို့ နေအိမ်သို့ စာတိုက်မှ တစ်ဆင့် ပါဆယ်ထုပ်တစ်ထုပ် ကျွန်တော့်နာမည်နှင့် ရောက်ရှိလာခဲ့သည်။ ကျွန်တော်သည် ထိုပါဆယ်ထုပ်အား ဖွင့်ကြည့်သောအခါ ကျွန်တော် မမျှော်လင့်သော၊ မထင်မှတ်သော၊ တန်ဖိုးထားသော ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံပါ ဆုတံဆိပ်ကြီးအား မြင်တွေ့ရတော့သည်။ ယင်း

www.burmeseclassic.com

www.burmeseclassic.com






ဒေါ်အောင်ဆန်းစုကြည် ရုပ်ပုံပါ ဆုတံဆိပ်ကြီးအား ကျွန်တော် ရှင်းနီးစွာ၊ အကျွမ်းဝင်စွာ၊ မကြာခဏ ယခုရက်ပိုင်းအတွင်း မြင်တွေ့ခဲ့ဖူးသည်။ စင်စစ် ယင်းဆုတံဆိပ်ကြီးသည် ဒေါ်အောင်ဆန်းစုကြည်အတွက် အမေရိကန်နိုင်ငံအစိုးရမှ ချီးမြှင့်သော DEDICATED TO PROMOTING FREEDOM AND DEMOCRACY IN BURMA ဟူသော ရွှေတံဆိပ်ပုံစံတူတစ်ခုပင် ဖြစ်တော့သည်။ ယင်းပါဆယ်ထုပ်နှင့် အတူတွဲပါလာသော စာအိတ်အား ဖွင့်ဖတ်ကြည့်သောအခါ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ (ဗာဂျီးနီးယား) မြို့နေ မြန်မာလူမျိုးဖြစ်သော ဒေါက်တာစိန်ဝင်းနှင့် ဇနီး ဒေါက်တာတင်မိုးသူတို့မှ ကျွန်တော်နှင့် ကျွန်တော်၏ဇနီး ဒေါ်မြင့်မြင့်ခင်ဖေ (ခ) ရွှေဇီးကွက်တို့၏ လူမှုရေးလုပ်ဆောင်မှုများအား အထူးကျေးဇူးတင် ဂုဏ်ယူမိပါကြောင်းနှင့် ယခုပေးလိုက်သော လက်ဆောင်ပစ္စည်းမှာလည်း အမေရိကန်နိုင်ငံအစိုးရမှ ချီးမြှင့်သော DEDICATED TO PROMOTING FREEDOM AND DEMOCRACY IN BURMA ဟူသော ဒေါ်အောင်ဆန်းစုကြည်အား ချီးမြှင့်သည့် ရွှေတံဆိပ်ဆုပုံစံတူတစ်ခုဖြစ်သည့်အပြင် ယင်းရွှေတံဆိပ်ပုံစံတူ စုစုပေါင်း (၁၀၀)ခုသာ အမေရိကန်နိုင်ငံအစိုးရ US Government Mint မှ ထုတ်လုပ်ခဲ့ကြောင်းနှင့် ယင်းကုမ္ပဏီမှ ဆုတံဆိပ် (၁၀၀)ထဲမှ မိမိတို့ ကြိုတင်မှာယူ ဝယ်ထားခဲ့ကာ ဦးကျော်သူတို့ ဇနီးမောင်နှံအား မိမိတို့မှ ဂုဏ်ပြုသည့်အနေဖြင့် အမှတ်တရ ပို့ပေးခြင်းဖြစ်ကြောင်း ရေးသားထားသည်ကို အံ့ဩဝမ်းသာစွာဖြင့် ဖတ်ရှုရတော့သည်။ ထို့ကြောင့် ယခင် ကျွန်တော်၏လွယ်အိတ်တွင် ချိတ်ဆွဲထားသော အမေဒေါ်စု ရုပ်ပုံရင်ထိုးမှ နေ့ချင်းညချင်း ကမ္ဘာ့နိုင်ငံကြီးဖြစ်သော အမေရိကန်နိုင်ငံအစိုးရမှ ချီးမြှင့်သည့် အမေစုရုပ်ပုံပါ ပုံစံတူတံဆိပ်ကြီးအဖြစ် ပြောင်းလဲသွားမှုကို တွေ့မြင်ခံစားမိတော့သည်။ ကျွန်တော်၏ သက်မဲ့ ပိုင်ဆိုင်မှုတစ်ခုအား အခြားလူစိမ်းတစ်ဦးအား ပေးလိုက်ရ၍ တဒင်္ဂဆုံးရှုံးမှု ကွက်လပ်တစ်ခုသည် နေ့ချင်းရက်ချင်းအတွင်း ကျွန်တော့်အဖို့ အဖိုးမဖြတ်နိုင်သော ရလဒ်တစ်ခု၊ တန်ဖိုး ကြီးမားလှသော ကွက်လပ်တစ်ခုကို ပြန်လည်အစားထိုး ရရှိခြင်းပင်ဖြစ်သည်။ ကျွန်တော် ရေးသားခဲ့သော "လွမ်းလို့ကျန်ရစ်ခဲ့ရပြီ အမေ" ဖြစ်ရပ်မှန်ဆောင်းပါး၏ နောက်ဆုံးစာပိုဒ်ဖြစ်သည့် "ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည် ဆိုသည့်စကား မှန်ကန်လှပေတော့သည် အမေရယ်"ဟူသော စကားသည်လည်း ကျွန်တော့်အဖို့ လုံးဝဥဿုံ မှန်ကန်လှပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# သုသာန်ဆိုတာ
# အမှတ်တရ သီးသန့်လုပ်ပေးဖို့သင့်တယ်ဟု
# နာရေးဥက္ကဋ္ဌ ဦးကျော်သူ
# ပြောကြား

အမေရိကန်လွှတ်တော် ကွန်ဂရက်က အသိအမှတ်ပြုထားသည့် NED ဆုပေးပွဲသို့ တက်ရောက်ရင်း အမေရိကန်ရှိ သုသာန်များအခြေအနေကို လေ့လာခဲ့သည့် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ -

**အမေရိကန်ပြည်ထောင်စုကို လေ့လာရေးခရီးသွားခဲ့ရတဲ့အကြောင်း သိချင်ပါတယ်။**

အမေရိကန်လွှတ်တော်ကွန်ဂရက်က အသိအမှတ်ပြုထားတဲ့ ဒီမိုကရေစီ စွမ်းဆောင်ရှင်များဆု NED က လေယာဉ်အသွားအပြန်၊ တည်းခိုစရိတ်၊ စားစရိတ်ကအစ (၉)ရက်စာထောက်ပံ့ပေးပါတယ်။ ကျန်တဲ့ရက်တွေကိုတော့ ကိုယ့်စရိတ်နဲ့ကိုယ်နေထိုင်ပြီး အဲဒီမှာရှိတဲ့ သုသာန်တွေကို လေ့လာခဲ့ပါတယ်။ လူသင်္ချိုင်းသာမက တိရစ္ဆာန်သင်္ချိုင်းတွေကိုပါ လေ့လာခဲ့တယ်။

**ဒီလိုလေ့လာချက်တွေအရ အမေရိကန်ပြည်ထောင်စုက သုသာန်တွေနဲ့ မြန်မာနိုင်ငံက သုသာန်တွေ ဘာတွေကွာခြားနေလဲ။ မြန်မာနိုင်ငံက သုသာန်တွေမှာ ဘာတွေလိုအပ်နေသေးလဲဆိုတာ သိချင်ပါတယ်။**

သင်္ချိုင်းတွေ ကွာခြားမှုရှိပါတယ်။ ဟိုမှာရှိတဲ့ လူသင်္ချိုင်းမပြောနဲ့၊ တိရစ္ဆာန်သင်္ချိုင်းတောင် ဒီကလူသင်္ချိုင်းထက် အဆပေါင်းများစွာ သာတယ်။ ဒီမှာ လူ့အခွင့်အရေးဆိုတာ လိုအပ်နေသေးတယ်။ ဟိုမှာ တိရစ္ဆာန်အခွင့်အရေးက မြန်မာပြည်က လူ့အခွင့်အရေးထက်သာတယ်။ တိရစ္ဆာန်ဆိုရင် တိရစ္ဆာန် အခွင့်အရေးရှိတယ်။ သုသာန်တွေက တိရစ္ဆာန်သင်္ချိုင်းရှိသလို တိရစ္ဆာန်နဲ့ လူနဲ့ အတူတူထားတဲ့ သင်္ချိုင်းတွေလည်းရှိတယ်။ ဥပမာ အိမ်မွေးတိရစ္ဆာန်တွေရဲ့ ပိုင်ရှင်တွေ ဆုံးသွားရင် သူတို့ရဲ့ အရိုးပြာနဲ့ သူတို့မွေးထားတဲ့ တိရစ္ဆာန်အရိုးပြာကို အတူတူထားတာရှိတယ်။ အဲဒီလိုထားတာကလည်း သပ်သပ်ရပ်ရပ်။ ဟိုမှာက သန့်ရှင်းသပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com





တယ်ဆိုတာ မြန်မာပြည်ဘက်က ဆင်ခြေပေးလို့ရတယ်။ ဟိုမှာက ပုဂ္ဂလိကပိုင်ဆိုင်တယ်။ အခကြေးငွေပေးရတယ်။ အဲဒါကြောင့် သန့်ရှင်းသပ်ရပ်တယ်လို့ ပြောလို့ရတယ်။ သုသာန်ဆိုတာ လူတွေရဲ့ နောက်ဆုံးထွက်ခွာသွားတဲ့ နေရာမှတ်တိုင်ပဲ။ အဲဒီနေရာလေးကိုတော့ အမှတ်တရ သီးသန့်လုပ်ပေးဖို့ သင့်ပါတယ်။ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ထားသင့်တယ်။ ဟိုမှာ သုသာန်ဆိုတာ မြေပေါ်မှာ မြက်ခင်းပြင်ပေါ်မှာ လူတွေ အပန်းဖြေ လဲလျောင်းနိုင်ဖို့လည်းရှိတယ်။ ဒီမှာက လဲဖို့နေနေသာသာ ခြေချဖို့တောင် ဝန်လေးနေရတဲ့ အနေအထားမျိုးဖြစ်တယ်။

**အန်ကယ်တို့ နာရေးကူညီမှုအသင်းအနေနဲ့ သုသာန်တွေ သန့်ရှင်းသာယာရေးအတွက် ဘာတွေလုပ်ဆောင်သွားဖို့ရှိလဲ။**

သုသာန်နဲ့ပတ်သက်လာရင် ရန်ကုန်မှာ စည်ပင်သာယာက တာဝန်ယူဆောင်ရွက်နေတော့ စည်ပင်ကို ကျော်လုပ်လို့မရဘူး။ အရင်အစိုးရလက်ထက်တုန်းကဆိုရင် ရေဝေးသုသာန်မှာ အအေးခန်းက နည်းနည်းသေးတဲ့အတွက် အလှူရှင်တစ်ဦးက လှူချင်တယ်ပြောတယ်။ အဲဒါနဲ့ စည်ပင်သာယာကို သွားညှိရတယ်။ အဲဒီမှာ အအေးခန်းဆောက်ပြီးရင် သူတို့ကို လွှဲရမယ်ပြောတယ်။ အဲဒါနဲ့ အလှူရှင်က မဆောက်တော့ဘူး။ အဲဒါမျိုးတွေရှိတယ်။ အဲဒီတော့ ကိုယ့်လက်ကိုယ့်ခြေ လုပ်လို့တော့မရဘူး။ အစိုးရရဲ့ ကြီးကြပ်မှုအောက်မှာ လုပ်ဆောင်သွားရမယ်။ ဒါပေမယ့် နယ်သုသာန်တွေဆိုရင် သူတို့မြို့နယ်တွေမှာ အဆင်ပြေရင် ပြုပြင်ပေးတယ်။ သန့်ရှင်းသပ်ရပ်ဖို့ကတော့ သူတို့အပိုင်းပေ့ါ။ မီးသင်္ဂြိုဟ်စက်တို့၊ ဇရပ်တို့ လိုအပ်ရင် ကွင်းဆင်းလေ့လာပြီး ဆောက်လုပ်ပေးတယ်။ မီးသင်္ဂြိုဟ်စက်က မြန်မာပြည်မှာ တကယ်လိုအပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သုသာန်မြေ အကျယ်အဝန်းက ကျဉ်းတယ်။ အမေရိကားက သုသာန်ဆိုရင် ဧက ၄၀၀၊ ၅၀၀ လောက်က အသေးဆုံး။ တချို့ဆိုရင် ဧက ၁၀၀ လောက်အထိကျယ်တယ်။ ဒါကြောင့် သူတို့ဆီမှာ မြေမြှုပ်တာက ပြဿနာမရှိဘူး။ ဒီမှာကျတော့ မြေမြှုပ်တာက သန်လျင်သုသာန်ဆိုရင်တောင် အလောင်းတစ်လောင်းမြေချဖို့ မြေတူးပြီဆိုရင် ပထမအလောင်းပေါ်လာတာတို့၊ မိုးတွင်းမှာ ရေတိုက်စားလို့ အလောင်းပေါ်လာတာတို့ဖြစ်တယ်။ ဒါကြောင့် မီးသင်္ဂြိုဟ်စက်ရှိမှ အလုပ်ဖြစ်တယ်။ မီးသင်္ဂြိုဟ်စက်ကျတော့လည်း သစ်တောတွေပြုန်းတီးတယ်။ တချို့ဒေသတွေကတော့ ဖွဲသုံးတယ်။ ဖွဲက ပြဿနာမရှိဘူး။ မီးသင်္ဂြိုဟ်စက်ရှိတာ ကောင်းကျိုး ဆိုးကျိုးက ဒွန်တွဲနေတယ်။ ဆိုးကျိုးက သစ်တောပြုန်းတီးမယ်။ ငွေကြေးအကုန်အကျများမယ်။ ပတ်ဝန်းကျင်ကို ထိခိုက်တယ်။ ဒါကြောင့် ဟိုတလောက မှော်ဘီသုသာန်ကိုရောက်တော့ အဲဒီမှာ မီးသင်္ဂြိုဟ်စက်ရှိတယ်။ ထင်းကို ဝယ်သုံးရတယ်ပြောတယ်။ သုသာန်မြေမှာ မြေယာအလွတ်တွေရှိတယ်။ အဲဒီမြေလွတ်တွေမှာ သစ်ပင်စိုက်ကြပါလို့ အကြံပေးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com






**အန်ကယ့်အနေနဲ့ အမေရိကန်လွှတ်တော်အမတ်တွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ တွေ့ဆုံတဲ့အခါ ဘာတွေများ ဆွေးနွေးခဲ့ပါသလဲ။**

ပြည်ပမှာ လူတစ်ယောက် မြေချဖို့ဆိုတာ မလွယ်ပါဘူး။ အခေါင်း တန်ဖိုးတင် မြန်မာကျပ်ငွေ ၁၀ သိန်းဝန်းကျင်လောက်ရှိတယ်။ အခေါင်းက သူ့အမျိုးအစားနဲ့သူ အမျိုးသားအခေါင်း၊ အမျိုးသမီး အခေါင်း၊ ကလေးအခေါင်း၊ ဘာသာရေးသမားတွေအတွက်အခေါင်း စသဖြင့် ရှိတယ်။ သူတို့အိမ်မှာ အသုဘအိမ် လုပ်စားတာရှိတယ်။ သူတို့ဆီမှာ နာရေးတစ်ခုအတွက် စရိတ်က အရမ်းများတယ်။ ဒါကြောင့် ဒီလိုနာရေးအတွက် အခမဲ့ကူညီတာကို အရမ်း အံ့အား သင့်နေကြတယ်။ သူတို့ဆီမှာ ဒီလို အခမဲ့လုပ်ပေးတာမျိုး မရှိဘူး။ ဘယ်လိုပုံစံနဲ့ လုပ်တယ် ဆိုတာကို သူတို့ စိတ်ဝင်စားကြတယ်။ ကိုယ့်ရဲ့ခံယူချက်၊ ရည်ရွယ်ချက်မပျက်ဘဲ ကိုယ့်သီလလုံစွာ လုပ်ရတယ်။ သီလဆိုတဲ့စကားကို သူတို့နားလည်တာမဟုတ်လို့ အကြမ်းဖျင်း ရှင်းပြခဲ့ရတယ်။ ငွေရေးကြေးရေး အောင်မြင်မှုတွေမှာ မသာယာဘဲ ကိုယ့်ရည်ရွယ်ချက်က အများကို ကူညီ နိုင်ရမယ်။ ရလာတဲ့အလှူငွေတွေ၊ အခွင့်အရေးတွေကို အလွဲသုံးစားမလုပ်ရဘူး။ ကိုယ်ကသာ အသင်းအတွက် ဖြစ်စေရမယ်။ အသင်းက မိမိအတွက် မဖြစ်စေရဘူးလို့ ရှင်းပြခဲ့ရတယ်။ သူတို့က အရမ်းကျေနပ် အားရသွားတယ်။ ပြီးတော့ ဒီဘက်ကို ပံ့ပိုးပေးဖို့ ကိစ္စတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။

**ထူးထူး**





**မလေးရှားနှင့် ဩစတြေးလျသုသာန်တွင် လေ့လာခဲ့စဉ်က**



www.burmeseclassic.com

www.burmeseclassic.com





# ငါးဆယ့်နှစ်

၅၂ နှစ်တဲ့ဗျာ ...
အရေးအကြောင်းတွေက စလာခဲ့ပြီပဲ၊
သူမရဲ့ အတွေးအခေါ်တွေက နုပျိုလာဆဲ။

၅၂ နှစ်တဲ့ဗျာ ...
ခြေလှမ်းတွေက နှေးကွေးလာမြဲ၊
သူမရဲ့ လှမ်းချက်တွေက တက်ကြွနေဆဲ။

၅၂ နှစ်တဲ့ဗျာ ...
အရွယ်နှောင်းလို့ ဖေးမကူကာတွဲ၊
သူမရဲ့ ဖေးမပေးဆပ်မှုက လူသားမျိုးစုံပဲ။

၅၂ နှစ်တဲ့ဗျာ ...
ဖြတ်သန်းမှုက ဘဝမျိုးစုံထဲ၊
သူမရဲ့ ဖြတ်သန်းမှုဘဝကတော့ သီလလုံဆဲ။

၅၂ နှစ်တဲ့ဗျာ ...
ဇရာဘက်ကို ခြေလှမ်းခဲ့ပြီပဲ၊
ကျွန်တော့်အဖို့ကတော့ လုပနေဆဲ။

၅၂ နှစ်တဲ့ဗျာ ...
သူမနဲ့ကျွန်တော်က မတိမ်းမယိမ်းရှိနေဆဲ၊
ကျွန်တော်နဲ့ သူမတို့ရဲ့ ဦးတည်အရပ်ကား အစဉ်ထာဝရ ငြိမ်းချမ်းမှုဒေသပဲ။

**ကျော်သူ**

(မောင်တစ်ထမ်းမယ်တစ်ရွက် ရုန်းကန်၊ တိုက်ခိုက်၊ ဖေးမ၊ ကူညီ၊ ပံ့ပိုးပေးခဲ့သော ကျွန်တော့်မဟေသီ ဒေါ်မြင့်မြင့်ခင်ဖေ (ခ) ရွှေငီးကွက်၏ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့ မွေးနေ့အတွက် နှစ်သစ်ကြို ဂုဏ်ပြု မွေးနေ့ရေးသား)

www.burmeseclassic.com

www.burmeseclassic.com



# အကြောင်းတရားကောင်းမှ အကျိုးတရားတွေ ရောက်လာနိုင်မှာဖြစ်တယ်လို့ ဒေါ်မြင့်မြင့်ခင်ဖေ ပြောကြား



ဇန်နဝါရီလ ၇ ရက်ညနေ ၃ နာရီခန့်က ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ခေတ္တခဏ ရောက်ရှိရာမှ နာရေးကူညီမှုအသင်း၏ ဥက္ကဋ္ဌ ဦးကျော်သူ၏ ဇနီး ဒေါ်မြင့်မြင့်ခင်ဖေ (ရွှေဇီးကွက်)နှင့် တွေ့ဆုံဖြစ်ခဲ့ပါတယ်။ တွေ့ဆုံရာတွင် ဒေါ်မြင့်မြင့်ခင်ဖေက "နာရေးကူညီမှုအသင်းမှာ စည်းကမ်းတွေ ချမှတ်ထားတယ်" ဒါပေမယ့် တချို့က မကြိုက်ဘူး။ ဥပမာ ဒီလူမမာက ဒီဆရာဝန်ကို ပြသရမယ်။ ဒါပေမယ့် တခြားဆရာဝန်တစ်ဦးက ဆေးပေးတာ ပိုကောင်းတယ်။ ဆေးပေးတာ များတယ်ဆိုပြီး အဲဒီဆရာဝန်ကိုပြဖို့ ခိုးဝင်တယ်။ ခိုးဝင်တော့ ဖမ်းမိတယ်။ ဖမ်းမိတော့ ဆေးမပေးရဆိုပြီး ဒဏ်ပေးတယ်။ အဲဒီတော့ စိတ်ဆိုးကြတယ်။ ဒါပေမယ့်လည်း ခွင့်မလွှတ်ဘူး။ လူနာကို ဆေးပေးလိုက်မယ်။ ကလေးတစ်ယောက်ကို တစ်တန်းအောင်သွားအောင် လုပ်ပေးလိုက်တာမျိုးကို ဒီမှာ ခွင့်မလွှတ်ဘူး။ ဒါဟာ ဒီနေရာမှာ ကလိမ်ကကျစ်လုပ်လို့ မရပါလားဆိုတဲ့ အသိဉာဏ်ကို ရိုက်သွင်းပေးလိုက်တာဖြစ်တယ်။ ဒါကြောင့် သူဟာ နောက်တစ်ခါ ဒီမှာမလုပ်တော့ဘူး။ ဒါကြောင့် သံသရာအတွက်လည်း ကောင်းသွားတယ်။ စိတ်ဓာတ်လည်း ကောင်းသွားတယ်။ တချို့ကပြောတယ် ပရဟိတလုပ်တာ လွယ်လွယ်လေးပဲ။ သွားလှူလိုက်ရင် ပြီးတာပဲ။ အဲဒီလို မဟုတ်ပါဘူး။ အသိဉာဏ်ကို ပြုပြင်ပြောင်းလဲပေးရမယ်။ နာရေးကူညီမှု လုပ်ကိုင်နေရာကနေ လူတွေ မသေသင့်ဘဲ သေဆုံးနေကြတာကို တွေ့ရတယ်။ သူတို့မှာဖြစ်ပွားတဲ့ ရောဂါတချို့ဟာ ဖြစ်ပွားစရာအကြောင်းကို မရှိတဲ့ အနေအထားပါ။ ကာကွယ်ရမယ့် အသိဉာဏ်နည်းပါးလို့ ဖြစ်ပွားရတာတွေဖြစ်တယ်။ ဒီနေရာမှာ တွေ့ရတာက ဗဟုသုတနဲ့ အသိတရားဟာ အများကြီးကွာဟတာကို တွေ့ရတယ်။ ဗဟုသုတများများရှိတာက ကောင်းပါတယ်။ ဒါပေမယ့် လိုက်လို့မဆုံးဘူး။ အသိတရားကတော့ အဓိကကျတယ်။ မသိလို့မရဘူး။ မြတ်စွာဘုရားဟာ တောအုပ်တစ်ခုမှာ သူလက်ထဲမှာ သစ်ရွက်တချို့

www.burmeseclassic.com



ကို ဆုပ်ကိုင်ပြီး သူ့ရဟန်းတွေကို မေးမြန်းတယ်။ ငါ့လက်ထဲက သစ်ရွက်နဲ့ တောအုပ်ထဲက သစ်ရွက် ဘယ်ဟာပိုများလဲလို့ မေးမြန်းတော့ ရဟန်းတွေက တောအုပ်ထဲကဟာ များပါတယ်လို့ ဖြေတယ်။ အဲဒီအခါ မြတ်စွာဘုရားက အေး ငါသိတာတွေဟာ တောအုပ်လောက်ရှိတယ်။ ဒါပေမယ့် အရေးမကြီးဘူး။ ငါ့လက်ထဲက သစ်ရွက်လေးလောက်သာ အရေးကြီးတယ်လို့ ဟောပြောခဲ့တယ်။ ဒါကြောင့် အသိတရားဟာ သိပ်အရေးကြီးပါတယ်။ ဗဟုသုတ အရေးကြီးပါတယ်။ ဒါပေမယ့် ဗဟုသုတများလေလေ ကြောက်စရာ ကောင်းလေလေ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာပျက်လောက်တဲ့ ဗုံးတွေ တီထွင်လာနိုင်တာဆိုတော့လေ။ တချို့က မေးတယ်။ ဘာကြောင့် ဒီအလုပ်ကို အပင်ပန်းခံပြီး လုပ်နေရတာလဲတဲ့။ ကျွန်မကတော့ အဲဒီလိုမမြင်ဘူး။ မြတ်စွာဘုရားက ဟောပြီးသားပဲ။ ဘယ်ဟာကောင်းတယ် မကောင်းဘူး။ ဘယ်ဟာ လုပ်သင့်၊ မလုပ်သင့်၊ ကုသိုလ် ဘယ်လိုရှာမလဲဆိုတာကိုလေ။ အဲဒါကို ကျွန်မသိသွားတဲ့အချိန်မှာ ဘယ်ဟာကို ကျွန်မ စွန့်လွှတ်ရမလဲဆိုတာကို သိလာပါတယ်။ ကလေးတွေကိုချစ်ရင် အလိုမလိုက်နဲ့၊ အလိုလိုက်ရင် နစ်ရာရောက်တယ်ဆိုတာမျိုးပေါ့။ ကျွန်မတို့ ကိုယ်တိုင်လည်း ပုထုဇဉ်ဖြစ်တယ်။ မကောင်းမှုမှာ ပျော်ပါးချင်တယ်။ ဒါပေမယ့် ဒါဟာ ကိုယ့်ကိုကိုယ်တကယ်ချစ်ရာမရောက်ဘူး ဆိုတာ သိလာပါတယ်။ ဒါကြောင့် ကျွန်မအတွက် နာရေးကူညီမှုတွေ ပရဟိတတွေဟာ ပင်ပန်းတယ်လို့ကို မထင်တော့ပါဘူး။ လူတိုင်းကိုလည်း ဗုဒ္ဓအဆုံးအမနဲ့ နေစေချင်ပါတယ်။ လူတွေက မိမိကိုယ်ကို လောဘ၊ ဒေါသ၊ မောဟတို့နဲ့ နေနေကြတာကို မသိလို့ပါ။ တချို့က ပြောတယ်။ ကျွန်မတို့က ပြည့်စုံလို့ လုပ်နိုင်တာပါတဲ့။ အဲဒီလို ပြည့်စုံတယ်ဆိုတာ မဟုတ်ပါဘူး။ ကိုယ့်လောဘကို သတ်လိုက်တဲ့နေ့ ကိုယ်ဟာ ပြည့်စုံတဲ့သူပါ။ တချို့ကလည်း စီးပွားရေးလုပ်နေလို့ ပရဟိတ မလုပ်နိုင်ဘူးလို့ပြောတယ်။ အဲဒါလည်း မဟုတ်သေးပါဘူး။ ဥပမာ မုန့်ဟင်းခါးသည် တစ်ယောက်သည် မုန့်ဟင်းခါးကို ဈေးနှုန်းသင့်တင့်စွာ၊ အရသာရှိစွာ၊ ကျန်းမာရေးညီညွတ်စွာနဲ့ စတာလေးတွေ ထည့်စဉ်းစားပြီး အမြတ်ရဖို့ အဓိကမဟုတ်ဘဲ (လက်ကုန်မနိုက်ရင်လည်း) ဒါဟာ ပရဟိတပါပဲ။

အခု မြန်မာနိုင်ငံက လူမျိုးတွေ အတော်ကို လိုအပ်နေသေးတယ်။ ဘာလို့လဲဆိုတော့ နော်ဝေ၊ ဒိန်းမတ်တို့မှာ လူတိုင်း ကားစီးနိုင်တယ်။ မောင်းတတ်တယ်။ ဒါပေမယ့် သူတို့က စက်ဘီးပြောင်းပြီး စီးတယ်။ ဘာလို့လဲဆိုတော့ ကမ္ဘာပျက်မှာစိုးလို့တဲ့။ သူတို့စိတ်ဓာတ်က အရမ်းမြင့်မြတ်တယ်။ ကျွန်မ ဒီပရဟိတကိုလုပ်တာလည်း ကျွန်မကိုယ်ကျွန်မ ချစ်လို့ရယ်၊ တိုင်းသူပြည်သားတွေကို ချစ်လို့ရယ် လုပ်တာပါ။ ဒါကြောင့် တခြားသူတွေကိုလည်း ကိုယ့်လို ဖြစ်လာပါစေဆိုတဲ့ အသိဉာဏ်ပေးချင်လို့ စံပြလုပ်ပြတာဖြစ်တယ်။ သူတို့ စက်ဘီးစီးတယ်ဆိုတာ လေထုညစ်ညမ်းမှုကို ကာကွယ်ဖို့နဲ့ ကမ္ဘာကြီးမပျက်ဖို့ သူတို့ရည်ရွယ်တာဖြစ်တယ်။ ဒါဟာ ဒီမိုကရေစီနဲ့လည်း သက်ဆိုင်ပါတယ်။ အခု ဒီကလူတွေက ဒီမိုကရေစီ အရမ်းလိုချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com





ဒါပေမယ့် ဒီမိုကရေစီက မိဘက အမွေပေးသလို ပေးလို့ရတာ မဟုတ်ဘူး။ ကိုယ်တိုင်လုပ်ယူမှ ရတာဖြစ်တယ်။ ပြီးတော့ ဒါဟာ လူတွေက အခုမှ ရှာတွေ့တာပါ။ ဘုရားက ဟောပြီးသားပါ။ ဗုဒ္ဓဘုရားက နှစ်ပိုင်းဟောကြားခဲ့တယ်။ နေနည်းနဲ့ သိနည်းတဲ့။ သိနည်းကိုတော့ သူတို့မလိုက် နိုင်သေးသော်လည်း နေနည်းကိုတော့ သူတို့တွေ လိုက်နာနိုင်ကြတယ်။ လူတွေ ပြောကြတာတော့ လွတ်လပ်ခြင်းပေါ့။ မြတ်စွာဘုရားပြောတာက (ကာလာမသုတ်)တဲ့။ ကာလမသုတ်လောက် လွတ်လပ်တာမရှိဘူးတဲ့။ နောက်တစ်ခု လူတွေပြောကြတာက လွတ်မြောက်ခြင်းတဲ့။ မြတ်စွာ ဘုရားဟောတာက ဝိမုတ္တိဝါဒ (ဒုက္ခအားလုံးမှ လွတ်မြောက်ခြင်း)တဲ့။ သူတို့က မျှတခြင်းလို့ ပြောတဲ့အခါမှာ မြတ်စွာဘုရားက မဇ္ဈိမပဋိပဒါ (အလယ်အလတ်လမ်းစဉ်)တဲ့။ နောက်တစ်ခု သူတို့က ကိုယ့်တာဝန်ကိုယ်ယူတဲ့။ မြတ်စွာဘုရားက ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရမယ်တဲ့။ ဒါကြောင့် သူတို့ဆီမှာ အခုမှလုပ်နေတာတွေက ကျွန်မတို့ မြတ်စွာဘုရား အဆုံးအမထဲမှာ အကုန်ရှိပြီးသားပါ။ မြတ်စွာဘုရားရဲ့ အဆုံးအမကို လိုက်နာတာဟာ ဘယ်လိုမှ မလွဲမှားနိုင်ပါဘူး။ အခု မြန်မာနိုင်ငံမှာ လူတွေ တန်းစီခိုင်းတယ်။ တန်းစီရတာတောင် မလွယ်ပါဘူး။ သည်းခံခြင်းနဲ့ ရောင့်ရဲခြင်း တစ်ပြိုင်တည်းကျင့်ကြံရတဲ့ ကိစ္စဖြစ်လို့ပါ။ ဒီနေရာမှာရရင် ဒီနေရာမှာ ရောင့်ရဲလိုက်၊ အရှေ့ကသူတွေ မပြီးမချင်း သည်းခံလိုက်။ ဒါဟာ အခြေခံအချက်ပဲ။ သူတို့ နိုင်ငံခြားမှာ လူ့အခွင့်အရေးလို့ သင်ကြားပေမယ့် ဒီဘက်မှာ မြတ်စွာဘုရားက သီလလို့ သင်ကြားထားပါတယ်။ ဒါဟာ ကိုယ့်ဘက်က စောင့်ထိန်းမယ့် ကိုယ်ကျင့်တရား သိက္ခာ ဖြစ်ပါတယ်။

သူတို့နိုင်ငံခြားသားတွေမှာ အဓိက သူတို့မှာ နေနည်းကိုသိတယ်။ ဘာလုပ်လုပ် သတိရှိနေတယ်။ ဒါကြောင့် တန်းစီတာတွေ၊ အမှိုက်ပစ်တာတွေမှာလည်း စည်းကမ်းရှိသွားတယ်။ နောက်ပြီး သူတို့က တီထွင်တယ်၊ ကြံဆတယ်၊ ရှာဖွေတယ်၊ လေ့လာတယ်။ ဒါကြောင့် သူတို့ကံကြမ္မာ သူတို့ကိုယ်တိုင် ဖန်တီးသူတွေဖြစ်နေတယ်။ ဒီမှာကတော့ ကိုယ့်ကံကြမ္မာ ကိုယ်မဖန်တီးတတ်။ လှူဒါန်းရင်လည်း ကံ၊ ကံ၏အကျိုးကိုလည်း သိနေ၊ နောင်ဘဝကိုလည်း သိနေတော့ လောဘနဲ့ လှူဒါန်းကြတာတွေများတယ်။ ဒါတွေကလည်း လွဲမှားနေတယ်။ ဒါကြောင့် တို့တွေမှာ အကျိုးတရားမကောင်းဘူးဆိုတာ အကြောင်းတရားတွေ လွဲမှားနေလို့ ဖြစ်နေတာဖြစ်တယ်။ ဘယ်သူ့ကိုမှ အပြစ်တင်လို့မရဘူး။ ကိုယ့်တာဝန်က အကြောင်းတရားကောင်းတွေ အမြဲလုပ်နေဖို့လိုတယ်။ ဒါမှ အကျိုးတရားကောင်းတွေ ရောက်လာနိုင်မှာဖြစ်တယ်။ ဒါကြောင့် လူတိုင်း အထူးသဖြင့် လူငယ်တိုင်း အကြောင်းတရားကောင်းတွေ လုပ်ကိုလုပ်ရမယ်။ ဒါကြောင့် လူငယ်တွေရော လူတိုင်းကိုရော ပြောချင်တာက "ကုသိုလ်များများလုပ်ကြပါ" လို့ တိုက်တွန်းနှိုးဆော် ပြောကြားသွားပါတယ်။

လင်း၈ (ဥပဓ၁)

www.burmeseclassic.com

www.burmeseclassic.com



# အများကောင်းကျိုးကို အကောင်းဆုံးလုပ်ပေးမှာပါဟု ဒေါ်ရွှေဇီးကွက် ပြောကြား

နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ၁၂ နှစ်ပြည့် အခမ်းအနားကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် နာရေးကူညီမှုအသင်း (ရန်ကုန်) အသင်းဥက္ကဋ္ဌ ဦးကျော်သူ၏ဇနီး ဒေါ်ရွှေဇီးကွက်နှင့် တွေ့ဆုံစဉ် အသင်း၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**နာရေးကူညီမှုအသင်း (ရန်ကုန်) ၁၂ နှစ်မြောက် အခမ်းအနား ကျင်းပရတဲ့အပေါ် အစ်မရဲ့ ခံစားချက်ကလေးကို ပြောပြပေးစေလိုပါတယ်။**

အစ်မရဲ့ ဝမ်းသာပီတိကတော့ အရင်တုန်းကဆိုရင် လူတွေဟာ ရယူမှုအပေါ်မှာပဲ အားကျခဲ့ပြီး ရယူမှုသာ ပြုလိုကြပါတယ်။ အခုအချိန်မှာတော့ ပေးဆပ်တဲ့လူတွေကို လေးစားရကောင်းမှန်း လူတွေ အတော်များများ သိလာကြပါပြီ။ ကျွန်မတို့အနေနဲ့တော့ အများကောင်းကျိုးအတွက် ပရဟိတလုပ်ငန်းနဲ့ပဲ ပေးဆပ်မှုတွေ ပြုနေတာပါ။ တချို့ပုဂ္ဂိုလ်တွေဆိုရင် အများကောင်းကျိုးအတွက် ဘဝတွေကို ပေးဆပ်ခဲ့ကြပါတယ်။ ဒီအခါကျမှ လူအများစုက အဲဒီပုဂ္ဂိုလ်တွေကို လေးစားရကောင်းမှန်း၊ အားကျရကောင်းမှန်း သိလာပြီး သူတို့ကိုယ်တိုင် အဲဒီလို အများကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့် လုပ်ဆောင်ရမယ်ဆိုတာ သိလာတဲ့အတွက် အစ်မအနေနဲ့ အများကြီး ဝမ်းသာပါတယ်။

**အစ်မတို့အသင်းအနေနဲ့ အခြား နာရေးကူညီမှုအသင်းတွေနဲ့ကော အဆက်အသွယ် ရှိပါသလား။**

အစ်မတို့ရဲ့ နာရေးကူညီမှုအသင်း (ရန်ကုန်)ဟာ အခြားနာရေးကူညီမှုအသင်းတွေနဲ့ မသက်ဆိုင်ပါဘူး။ အသင်းအချင်းချင်းတော့ အဆက်အသွယ်ရှိပါတယ်။ အခြား နာရေးကူညီမှုအသင်းက လိုအပ်တယ်ဆိုရင် လှူသင့်လှူထိုက်တယ်ဆိုရင် လှူဒါန်းပေးပါတယ်။ ကျွန်မတို့ နာရေးကူညီမှုအသင်း (ရန်ကုန်)အနေနဲ့ နာရေးလုပ်ငန်းအတွက်သာမက ကျန်းမာရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်းတွေကို ရန်ကုန်မြို့အပါအဝင် ပြည်၊ ပဲခူး၊ ကြို့ပင်ကောက် တို့မှာလည်း ဖွင့်လှစ်ပေးထား ပါတယ်။ အဲဒီဆေးခန်းတွေမှာ တာဝန်ထမ်းဆောင်တဲ့ ဆရာဝန်ကြီးတွေကတော့ စေတနာ့ ဝန်ထမ်းတွေပါ။

**အစ်မအနေနဲ့ အခုခေတ်လူငယ်တွေကို ဘာများ ဖြည့်စွက်ပြောကြားလိုပါသလဲ။**

အခုခေတ်လူငယ်တွေကို အစ်မအနေနဲ့ ပြောကြားလိုတာကတော့ မြတ်စွာဘုရားရှင် ဟောကြားထားတဲ့ မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်ဆိုတဲ့ စိတ်ထားကို ထားရှိဖို့ပါပဲ။ ကျွန်မတို့ မြန်မာလူမျိုးတွေဟာ ငါးပါးသီလ၊ ရှစ်ပါးသီလဆိုတဲ့ သီလတွေကို စောင့်ထိန်းပြီး၊ မကောင်းမှုကိုရှောင် ဆိုတဲ့ အဆင့်မှာပဲ ရှိနေကြပါတယ်။ ကောင်းမှုကိုဆောင်တဲ့ အဆင့်ကို ရောက်ဖို့ ဒီလို ပရဟိတလုပ်ငန်းတွေကို လုပ်ဆောင်ရဦးမှာပါ။ လူအများစုအနေနဲ့ ပရဟိတ လုပ်ငန်းတွေအပေါ် လူမှုရေးလုပ်ငန်းလို့ပဲ သဘောထားနေကြပါတယ်။ အမှန်ကတော့ ဒီနာရေး ကူညီမှုအသင်းဆိုတဲ့ လုပ်ငန်းစဉ်ဟာ ဘာသာရေးအနေနဲ့လည်း ဆင်ခြင်လို့ရပါတယ်။ ဒီလုပ်ငန်းစဉ်ကို မြတ်စွာဘုရားရှင်ကိုယ်တိုင် ဆောင်ရွက်ဖို့ လမ်းညွှန်ခဲ့တာပါ။ ပရဟိတလုပ်ငန်း တွေကို လုပ်ဆောင်နေစဉ်မှာ မိမိရဲ့စိတ်ထားကို ဖြူစင်အောင် ထားရှိလုပ်ဆောင်နေရပါမယ်။ မိမိရဲ့စိတ်ထားကို ဖြူစင်အောင်လုပ်တယ်ဆိုတဲ့နေရာမှာ လာဘ်လာဘကို မျှော်တွေးပြီး မိမိ အနေနဲ့ ဝင်ငွေရှိမလား၊ ပိုက်ဆံရမလားဆိုတာမျိုး လောဘသက္ကာယတက်တာမျိုး၊ ကိုယ့်ရဲ့ ဩဇာအာဏာတွေ ကြီးလာမလား၊ ကိုယ့်ရဲ့နာမည် ကြီးလာမလားဆိုတာမျိုးကို မျှော်တွေးပြီး မလုပ်ဆောင်ကြဖို့ အကြံပြုလိုပါတယ်။ အဲဒီလိုမျှော်တွေးပြီး လုပ်ဆောင်မယ်ဆိုရင်တော့ မိမိရဲ့ စိတ်ထားက ဖြူစင်မှု မရှိနိုင်ပါဘူး။ ကျွန်မတို့ အသင်းအနေနဲ့ အများကောင်းကျိုးကိုသာ သက်သက်လုပ်ဆောင်ကြပါတယ်။ လူအများစုက ကျွန်မတို့အသင်းကလူတွေကို မေးကြပါ တယ်။ ဒီနာရေးကူညီမှုအသင်းဟာ ဒီလောက်အချိန်ကာလအတောအတွင်းမှာ ဒီလောက် မြန်မြန်ကြီး အောင်မြင်မှုတွေရရှိတာ၊ ရေရှည်ထိန်းလာနိုင်တဲ့အပေါ်မှာ မေးမြန်းကြပါတယ်။ ကျွန်မတို့အသင်းအနေနဲ့ ဦးတည်ချက်တစ်ခုပဲရှိပါတယ်။

အဲဒီဦးတည်ချက်က အများကောင်းကျိုးအတွက် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတာပါပဲ။ ဒီလုပ်ငန်းကို စပြီးလုပ်ဆောင်စဉ်က ဘဘဦးသုခတို့၊ ကိုကျော်သူတို့၊ ဆရာမ ဒေါ်သန်းမြင့်အောင် တို့ဆိုတဲ့ နာမည်လေးတွေကို လူသိများလာတာပေါ့။ သူတို့ရဲ့ ကျော်ကြားမှုတွေက သုဘရာဇာ ဖြစ်ခါမှ ဖြစ်ရော၊ ဒီလုပ်ငန်းကို လုပ်ဆောင်ကြပေမယ့် သူတို့လည်း သုဘရာဇာတွေ ဖြစ်မသွား ခဲ့ပါဘူး။ သူတို့ရဲ့နာမည်တွေ ကြီးလာပြီး နာရေးကူညီမှုအသင်း (ရန်ကုန်)ဟာ ဖြစ်ပေါ်လာရ တာပါ။ အောင်မြင်မှုတွေ ရရှိတဲ့အပေါ်မှာ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ ပြောင်းလဲမှုမရှိပါဘူး။ ကျွန်မတို့ နာရေးကူညီမှုအသင်းက အခက်အခဲတွေ၊ အတိုက်အခံတွေအားလုံးကို ကျော်ဖြတ် နိုင်ခဲ့ပါတယ်။ နာရေးကူညီမှုအသင်း ပျက်သွားခြင်း/ပျက်မသွားခြင်း ဆိုတာက ကျွန်မတို့ အသင်းရဲ့ ရည်ရွယ်ချက်မဟုတ်ပါဘူး။ ကျွန်မတို့ နာရေးကူညီမှုအသင်း (ရန်ကုန်)ရဲ့ ရည်ရွယ် ချက်က အများကောင်းကျိုးကို အကောင်းဆုံး ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲ ဆိုတာပါပဲ။


www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ပါတယ် သူငယ် ချင်းတို့" "ငါ ... မင်းတို့ကို အနူး အညွတ်တောင်းပန်တယ်" တောင်းပန် တယ်ဆိုတဲ့စကားကို ငါဘာကြောင့် ပြောတာလဲဆိုတာ မင်းတို့ကို ရှင်းပြ မယ်။ ငါဆိုတာလည်း မင်းတို့ အသက်အရွယ်တွေကို ကျော်ဖြတ်လာပြီးတော့ အခုအချိန်မှာ လူကြီးလို့ ပြောလို့ရတဲ့ အသက် ၅၃ နှစ်ထဲကို ရောက်နေပြီ။ ငါ လူငယ်ဘဝကို ဖြတ်သန်းခဲ့တယ်။ ငါတို့ လူငယ်တွေဆိုတာ ငါတို့ကို အမိန့်ပေးတာ အာဏာရှင်ဆန်တာကို ငါတို့ လုံးဝလက်မခံဘူး။ မင်းတို့လည်း ဒီလို အမိန့်ပေးတာ မလုပ်နဲ့၊ မသွားနဲ့၊ မသောက်နဲ့၊ မစားနဲ့ စတဲ့ ... စတဲ့ ... (နဲ့) တွေနဲ့ ပြောတယ် ဆိုရင် မင်းတို့ မခံနိုင်ဘူး။ ငါလည်း မခံနိုင်ခဲ့ဘူး။ ဒါကြောင့် မင်းတို့ကို ငါ နွေးထွေးစွာနဲ့ မင်းတို့ကို တောင်းပန်တယ်ဆိုတဲ့စကား ချစ်ခင်ရင်းနှီးစွာ ငါသုံးစွဲခြင်းဖြစ်တယ်။

သူငယ်ချင်းတို့ ဆိုတာကလည်း မင်းတို့ထဲမှာ ငါ့ထက် အသက်ကြီးတဲ့သူတွေ၊ ငါနဲ့ ရွယ်တူတွေ၊ ငါ့ထက် အသက်ငယ်တဲ့သူတွေ အများကြီး။ ဒါဟာလည်း ငါ ချစ်ခင်ရင်းနှီးစွာနဲ့ မင်းတို့ကို သူငယ်ချင်းတို့ဆိုတဲ့ စကားလုံးကို သုံးလိုက်တာဖြစ်တယ်။ ငါ ဘာကို တောင်းပန်တာလည်း ငါ ဘာကို မေတ္တာရပ်ခံတာလည်းဆိုတာကို မင်းတို့ကို ရှင်းပြမယ်။ အေး ... မင်းတို့ မိဘတွေလည်းမကြိုက်တဲ့၊ မင်းတို့ ဆွေမျိုးသားချင်းတွေ၊ ညီအစ်ကို မောင်နှမတွေအားလုံး လည်း မကြိုက်တဲ့၊ မင်းတို့ရဲ့ ညီငယ်၊ ညီမငယ်၊ တူ၊ တူမငယ်တွေလည်း မကြိုက်တဲ့ ကုန်ကုန် ပြောရင် ဘုရားမကြိုက်တဲ့ "သုရာမေရိယ" ဆိုတဲ့ အရက်သေစာ သောက်သုံးခြင်းကို ငါပြော တာ။ မင်းတို့ကတော့ ငါ့ကိုပြောမယ် "ဟော့...ဘဲကြီး ခင်ဗျားကြီးတုန်းကလည်း ခင်ဗျားလုပ်ခဲ့




www.burmeseclassic.com

www.burmeseclassic.com


တာပဲ၊ သောက်ခဲ့တာပဲ၊ မျိုခဲ့စို့ခဲ့တာပဲ။ ကျုပ်တို့ကို အခုမှလာပြီး ဆရာမလုပ်နဲ့ ... လာနမ်း မဖြူးနဲ့လို့ မင်းတို့ပြောမယ်” မင်းတို့ပြောတာ ငါလက်ခံတယ်။ ငါလည်း အကုန်လုပ်ခဲ့ဖူးတယ်။ အကုန်မှ အကုန် လုပ်ခဲ့ဖူးတယ်။ ငါမလုပ်ဖူးတာ တစ်ခုပဲရှိတယ် ( - ) မလုပ်ည့်ဘူးဆိုတာဘဲ။ ရှင်းလား။ မင်းတို့သောက်နေတဲ့ ဒီအရက် ငါအကုန်သောက်ဖူးတယ်။ ချက်အရက်၊ ဆေးအရက်၊ ဘီအီးကအစ ရမ်၊ ဘရမ်ဒီ၊ ဝီစကီ အစုံ ငါ အားလုံးသောက်ဖူးတယ်။ ဒီ ဝီစကီဆိုတာထက် ကောင်းတဲ့ အရသာပေါ်ပေါက်လာရင် ငါ ရှာဖွေပြီး သောက်ဦးမှာသေချာတယ်။ ဒါ ငါလုပ်ဖူး တာကို ငါပြောပြတာ။ ဒီလုပ်ဖူးတာတွေကို ငါ ဘာဖြစ်လို့ ဖြတ်ခဲ့လဲ။ ဒါ မင်းတို့ကို ငါရှင်းပြ မယ်။ ဒီအရာတွေဟာ မကောင်းဘူးဆိုတာ ငါသိတယ်။ ဘာကြောင့်လည်း။ ကျန်းမာရေး ထိခိုက် လာတယ်။ လုပ်ငန်းတွေ ထိခိုက်လာတယ်။ အပေါင်းအသင်းတွေ ရှောင်ဖယ်လာတယ်။ ဆွေမျိုး သားချင်း ညီအစ်ကိုမောင်နှမတွေ နှာခေါင်းရှုံ့လာတယ်။ မိသားစုတွေ ပတ်ဝန်းကျင်မှာ မျက်နှာ ငယ်လာတယ်။ ဒါတွေကစတာ။ ကျန်းမာရေးထိခိုက်လာတော့ ကိုယ့်လုပ်ငန်းပါ ထိခိုက်လာ တယ်။ ကိုယ့်ဆွေမျိုးသားချင်းတွေ အားလုံး စိတ်ဆင်းရဲရတယ်။ ဒါမကောင်းမှုဘဲ။ အဲဒီအချိန် မှာ တစ်ပြိုင်နက်ထဲ ဆရာတော်ကြီးတွေ၊ သံဃာတော်တွေရဲ့ဆုံးမသြဝါဒတွေ၊ တရားအခွေတွေ၊ စာအုပ်စာပေတွေ ငါဖတ်ရှုလာတယ်။ ဒီအချိန်မှာ ငါ့ခေါင်းထဲမှာ လက်ခနဲ အလင်းတန်းတစ်ခု ပေါ်ပေါက်လာမိတယ်။ ဒီအလင်းတန်းဟာ ကောင်းမှုဆိုတဲ့အရာ ...။ ပြီးတော့ ငါ့ရဲ့ဆရာ ဆရာကြီး မင်းသိခ် စကားလုံးအတိုင်း “ဖျတ်ခနဲပေါ် ... ဆတ်ခနဲလုပ်” ဆိုတာကို ငါအသုံးချခဲ့တယ်။ ကောင်းမှုကိစ္စတွေ ကိုယ့်ခေါင်းထဲမှာ ဖျတ်ခနဲပေါ်လာတဲ့အချိန်မှာ ကိုယ်က ဆတ်ခနဲ လက်တွေ့ လုပ်ဖို့ အရေးကြီးတယ် ... ဒါပဲ။ အဲဒီတော့ ကုသိုလ်ကောင်းမှုတွေပဲဖြစ်ဖြစ်၊ အများကောင်းကျိုး ပဲဖြစ်ဖြစ် ကောင်းမှုမှန်သမျှ ကိုယ့်ခေါင်းထဲမှာ ဖျတ်ခနဲပေါ်လာရင် ကိုယ်တွေက ဆတ်ခနဲ အကောင်အထည်ဖော်ဖို့ အရေးကြီးတယ်ဆိုတာ ငါသိသွားတယ်။ ဒါ ငါ့ရဲ့အဖြေပဲ။

အဲတော့ ... ဒီအချိန်မှာ မင်းတို့ ကောင်းမှုဆိုတာတွေ မင်းတို့ဆီမှာ ပေါ်ချင်မှ ပေါ်ဦးမယ်။ ဒါပေမဲ့ တစ်ချိန်မှာတော့ ပေါ်လာမှာပဲ။ အဲဒီလို ပေါ်လာတဲ့အချိန်ဟာ မင်းတို့ သက်တမ်းစေ့ သွားတဲ့အချိန်၊ ကမ္ဘာမြေပြင်ကနေ ထွက်ခွာသွားတဲ့ အချိန်မဖြစ်ဖို့ အရေးကြီးတယ်။ ငါ ဟိုတလောက မလေးရှားကိုသွားတယ်။ မလေးရှား လူမှုရေးအသင်းတွေ ဖိတ်ကြားလို့ ငါသွား တယ်။ ဟိုရောက်တော့ ငါမေးတယ်။ ခင်ဗျားတို့ အသင်းအဖွဲ့တွေ ဒီနာရေးကိစ္စလုပ်တာ ဘယ်လိုလူတွေကို အများဆုံး အကူအညီပေးရတာလဲလို့ မေးတယ် (ဥပမာ) သက်တမ်းစေ့လို့ အကူအညီပေးရတဲ့သူတွေ များလား။ ကျန်းမာရေးချို့ယွင်းလို့ ဆုံးပါးသွားတဲ့သူတွေ များလား။ စသဖြင့်ပေါ့။ သူတို့က ဖြေတယ်။ ငါအရမ်း တုန်လှုပ်သွားတယ်။ ဘာလည်းဆိုတော့ “ကျွန်တော် တို့ အသုဘပေါင်း မြောက်မြားစွာ ချခဲ့ပါတယ်၊ ကျွန်တော်တို့ချပေးတဲ့ အသုဘတွေက လူငယ်၊ လူရွယ်တွေပဲ ဖြစ်ပါတယ်တဲ့” ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ လူငယ်၊ လူရွယ်တွေ များတာလည်း။ သူတို့က ပြောတယ်။ ဒီမှာက မလေးရှားနိုင်ငံကို လာအလုပ်လုပ်တယ်။ အလုပ်ပင်ပန်းလို့ပဲ ဖြစ်ဖြစ်၊ ပင်ပန်းမှုဒဏ်ကို ဖြေဖျောက်ဖို့ အရက်သေစာ၊ မူးယစ်ဆေးတွေ သုံးစွဲတယ်။ အဲဒါနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com

ဆုံးတာတွေများတယ်တဲ့...။ သွားပြီ။ ဒီလို ဆုံးပါးသွားတဲ့သူတွေရဲ့ မိသားစုတွေအတွက် ရင်နာစရာ၊ ရင်ကျိုးစရာအပြင် ငါတို့ မြန်မာနိုင်ငံအတွက် အနာဂတ်ခေါင်းဆောင် ကြယ်ပွင့်လေးတွေ ကြွေလွင့်သွားတာကို ငါ ယူကြုံးမရဖြစ်မိတယ်။ မင်းတို့လည်း စဉ်းစားကြည့်။ ငါတို့ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ဆုပ်ကိုင်ကြမယ့် မင်းတို့လို လူငယ်၊ လူရွယ်တွေ တစ်စစီ တစ်စစီ မကြွေသင့်ဘဲနဲ့ ကြွေကုန်တာ ငါတို့နိုင်ငံအတွက် ဘယ်လောက် ဆုံးရှုံးမှုတွေ ဖြစ်ကုန်ပြီလည်း⊠ ဒါ ငါ စဉ်းစားတယ်၊ ဘာကြောင့်မို့ ဒီလိုကြွေလွင့်ကုန်တာလည်း။ အမှန်တော့ ကိုယ့်နေအိမ် ကိုယ့်ခြံဝန်းဟာ သာယာလှပ၊ စိမ်းလန်းစိုပြေနေတယ်ဆိုရင် ဘယ်သူမှ ကိုယ့်နေအိမ်ကနေပြီးတော့ ခြေစုံပစ် ထွက်ခွာသွားမှာ မဟုတ်ဘူး။ နေအိမ်မှာနေရတာ ဆင်းရဲတယ်၊ ကျပ်တည်းတယ်၊ ဒုက္ခများတယ်၊ ဆူပူမှုတွေဖြစ်တယ်၊ မငြိမ်းချမ်းဘူးဆိုရင် ဘယ်သူမဆို နေအိမ်က ထွက်ခွာသွားမှာကတော့ ဓမ္မတာပဲ။ ဒါ ငါနားလည်တယ်။ အဲတော့ ဒီလိုထွက်ခွာသွားတဲ့အချိန်မှာ တစ်ခြားအိမ်ကို ရောက်သွားပြီပဲထား ... တစ်ခြားအိမ်မှာ ကိုယ်ကလည်း ထွက်ပေါက်ရှာတာ တစ်လွဲထွက်ပေါက်မဖြစ်ဖို့ အရေးကြီးပြန်တယ်။ မှန်ကန်တဲ့ ထွက်ပေါက်ဖြစ်ရမယ်။ ကိုယ်ကကိုယ့်တိုင်းပြည်ကနေ ထွက်ခွာသွားတယ်။ ပြည်ပရောက်တယ်။ ပြည်ပမှာ ကိုယ် ဘယ်လိုရှာဖွေမယ်၊ စုဆောင်းမယ်၊ ကိုယ့်မိသားစုကို ကိုယ်ဘယ်လိုပြန်ပြီး အကျိုးပြုမယ်၊ ဘယ်လိုထောက်ပံ့မယ်၊ ဒါတွေကို စဉ်းစားရတော့မယ်။ အခု မင်းတို့ဖြစ်နေတာက ပြည်ပရောက်တယ်၊ အလုပ်လုပ်တယ်၊ ပင်ပန်းတယ်၊ ပင်ပန်းလို့ပဲသောက်သောက်၊ စိတ်ညစ်လို့ပဲသောက်သောက်၊ အိမ်ကိုလွမ်းလို့ပဲသောက်သောက်၊ အသည်းကွဲလို့ပဲသောက်သောက်၊ အခုသောက်သမျှအားလုံးဟာ မင်းတို့ရဲ့ဘဝတွေ ကြွေလွင့်ကုန်နေရတယ်။ မင်းတို့ ငယ်ငယ်ရွယ်ရွယ်နဲ့ မအိုဆေးကို မသောက်ကြပါနဲ့။ မအိုဆေးဆိုတာ မင်းတို့ ငယ်ငယ်ရွယ်ရွယ်နဲ့ အသက်မကြီးဘဲနဲ့ သေဆုံးသွားတဲ့အတွက် မအိုဆေးကို မသောက်ကြပါနဲ့လို့ ငါကပြောတာ။ အိုတဲ့အထိကို မခံဘူး။ မင်းတို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးသွားကြပြီ။ ဒါ...နမြောစရာကြီးပါ။ ဒီလို ဆုံးပါးသွားတာကလည်း မင်းတို့ ညင်ညင်သာသာ သေဆုံးသွားတာ မဟုတ်ဘူး။ မင်းတို့ ဆုံးပါးသွားပြီးတော့ မင်းတို့ရောက်သွားတဲ့ အခြားဘုံဘဝကနေပြီးတော့ မင်းတို့ခန္ဓာတွေကို ကြည့်ကြည့်စမ်း။ ပုံဆိုးပန်းဆိုး၊ ပုံပျက်ပန်းပျက်နဲ့ ကျန်ခဲ့တာကို မင်းတို့မြင်တွေ့လား⊠ မင်းတို့ ပြန်တွေးကြည့် စားသောက်ဆိုင်ထဲမှာ အော့အန်ပြီး သေတယ်၊ အိမ်သာထဲမှာ အော့အန်ပြီး သေတယ်၊ အိမ်သာအိုးထဲကို လက်တွေနှိုက်ထားတယ်၊ အားကိုးတကြီးနဲ့ လက်တွေ ဆုပ်ကိုင်ထားကြတယ်။ သွေးတွေအန်တယ်၊ ပုံပျက်ပန်းပျက် မင်းတို့ရဲ့ ခန္ဓာကိုယ်ထဲက ကလီစာတွေ တစ်စစီ ပြုတ်တောက်နေတာတွေကို မင်းတို့ ပြန်ခံစားကြည့်ပါ။ ပြန်မြင်ယောင်ကြည့်ပါ။ ဒါမျိုးတွေက မဖြစ်သင့်တော့ပါဘူး။ လောကကြီးနဲ့ မင်းတို့မိသားစုတွေ သာယာစိုပြေ၊ စိမ်းလန်းဖို့ ငြိမ်းချမ်းဖို့ မင်းတို့လူငယ်တွေ လက်ထဲမှာရှိတယ်။ ဒီလိုဖြစ်ကုန်တာကလည်း ဒါဟာ ဝိသမလောဘသားတွေရဲ့ လက်ချက်ပဲ။ မင်းတို့သောက်နေတဲ့ အရက်တွေ အရက်နှစ်မျိုးရောတယ်။ ဒီ အရက်တွေအားလုံးက ဓာတုပစ္စည်းတွေ အတ်မြေ သြဇာတွေပါတယ်။ အယ်လ်ကိုဟောပါဝင်တဲ့ ရာခိုင်နှုန်းတွေက မမှန်ကန်တော့ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းထဲမှာ လှိုက်စားကုန်တယ်။ သွေးပြန်ကြောတွေ ပေါက်ထွက်ကုန်တယ်။ မင်းတို့ ဆုံးသွားပြီ။ ဆုံးသွားတဲ့အခါ မင်းတို့ခန္ဓာကိုယ်ကို သက်သက်သာသာ၊ လွယ်လွယ်ကူကူနဲ့ သင်္ဂြိုဟ်ပေးရတယ်လို့တော့ မထင်နဲ့။ နေထိုင်ခွင့်ကျော်လွန် (Over Stay) တွေဖြစ်တဲ့အတွက် သံရုံးက မင်းတို့အတွက် စာထွက်တာနောက်ကျတယ်။ နှောင့်နှေးတယ်။ ပြည်ပရဲကလည်း လာဘ်ပေးလာဘ်ယူတွေလုပ်တယ်။ စီးပွားရှာရေးသမားတွေကလည်း လာဘ်ထိုးတယ်။ အမှန်မှာ မင်းတို့ခန္ဓာကိုယ် ဆုံးပါးသွားတယ်ဆိုရင် မင်းတို့ခန္ဓာကိုယ်ကို ခွဲစိပ်ပြီးတော့ ဆေးစစ်ချက်ယူတယ်ဆိုရင် ပေါ်ပေါက်လာတဲ့ ဆေးစစ်ချက်အရ စားသောက်ဆိုင် (ဒါမှမဟုတ်) ဒီ အရက်ထုတ်လုပ်တဲ့ အရက်ကုမ္ပဏီကို အရေးယူလို့ရတယ်။ ဒါပေမဲ့ ဒီကုမ္ပဏီ စားသောက်ဆိုင်တွေကနေ ရဲကို လာဘ်ထိုးထားတယ်။ အဲဒီတော့ မင်းတို့ရဲ့ သေဆုံးသွားတဲ့ ခန္ဓာကိုယ်ကို လွယ်လွယ်ကူကူနဲ့ သင်္ဂြိုဟ်ပစ်လို့ မရတော့ဘူး။ သင်္ဂြိုဟ်မခံရတော့ဘူး။ ပုံပျက်ပန်းပျက်နဲ့ ပိုင်ရှင်မဲ့အလောင်းအဖြစ်နဲ့ ဒီပြင် လမ်းဘေးသေဆုံးသွားတဲ့ အလောင်းတွေနဲ့အတူ ရောနှောပြီး သင်္ဂြိုဟ်ခံရတော့မယ်။ အဲတော့ မင်းတို့ ဒါတွေကို မြင်တွေ့ကြပါ။ မင်းတို့ ရှာထား၊ ဖွေထား၊ စုထား၊ ဆောင်းထားတဲ့ ငွေကြေးတွေနဲ့ ပျော်ရွှင်စွာနဲ့ မင်းတို့ အမိမြန်မာနိုင်ငံကို အချိန်တန်လို့ ပြန်လာကြမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ။ မင်းတို့ မိသားစုတွေ မင်းတို့ကို စောင့်မျှော်နေကြပါတယ်။ ဒါ မင်းတို့ကို ငါ ဆရာလုပ်တာ မဟုတ်ဘူး။ ငါ့အတွေ့အကြုံတွေကို မင်းတို့အားလုံးကို ပြောပြတာ။ ပြောပြတယ်ဆိုတာ ပြည်တွင်းကကော ပြည်ပကကော ငါ့သူငယ်ချင်းတွေအားလုံးကို ပြောပြတာ။ အခုဆို မကြာတော့ဘူး လာတော့မယ် သင်္ကြန်။ သင်္ကြန်မှာ လုပ်ကြဦးမယ်၊ သောက်ကြဦးမယ်၊ သေကြဦးမယ်။ အဲတော့ မင်းတို့ကပြောမယ်။ ငါတို့ဘာသာ ငါတို့သောက်တာ၊ ငါတို့ဘာသာ ငါတို့သေတာ မင်းနဲ့ဘာဆိုင်လဲ၊ ခင်ဗျားကြီးနဲ့ ဘာဆိုင်လည်းလို့။ အေး ... ဆိုင်တယ်။ ငါတို့ကတော့ သေသွားတဲ့သူတွေရဲ့ ခန္ဓာကိုယ်မှန်သမျှကို ငါတို့ သင်္ဂြိုဟ်ပေးနေရတာ၊ အခမဲ့ သင်္ဂြိုဟ်ပေးနေရတာ။ မင်းတို့ ငါတို့ကို စိန်ခေါ်မယ်ဆိုရင် မင်းတို့ပဲ ဘယ်လောက်သေနိုင်မလဲ။ ငါတို့ပဲ အသုဘ ဘယ်လောက်ချပေးနိုင်မှာလဲဆိုတာ မင်းတို့ပဲစောင့်ကြည့်။ ဒါမှမဟုတ်ရင် မင်းတို့ မနေနိုင်လို့ သောက်တဲ့အခါ ပထမဦးဆုံး မင်းတို့ကိုယ်မင်းတို့ "သရဏဂုံ" အရင်တင်ပြီးတော့ မင်းတို့သေသွားရင် နောက်ဆက်တွဲ မဖြစ်မနေ ဆက်ဆံရမဲ့ စားသောက်ဆိုင်၊ ရဲ၊ ရင်ခွဲရုံ၊ ဆရာဝန်၊ မင်းတို့ရဲ့ သောက်ဖော်သောက်ဖက်တွေနဲ့ မင်းတို့ရဲ့ ခန္ဓာကိုယ်ကို အခမဲ့ သင်္ဂြိုဟ်ပေးမယ့် နာရေးကူညီမှုအသင်းတွေကို အရင်ဆုံး မေတ္တာပို့ထား။ ဒါမှ မင်းတို့သေဆုံးသွားရင် မင်းတို့ရဲ့ခန္ဓာကိုယ် လွယ်လွယ်ကူကူ လျှောလျှောရှုရှု မီးသင်္ဂြိုဟ်စက်ထဲကို ရောက်သွားမှာ။ အဲဒီတော့ မင်းတို့ကို ငါ စကားအကောင်းပဲ ပြောချင်တယ်။ မင်းတို့ ဒီ သေရည်အရက်ကို မသောက်ကြပါနဲ့။ သေရည်သေရက်နဲ့ ထွက်ပေါက်မရှာကြပါနဲ့။ သေရည်သေရက်နဲ့ မင်းတို့ဂုဏ်သိက္ခာကို မထိခိုက်စေပါနဲ့။ သေရည်သေရက်နဲ့ မင်းတို့မိဘ ဆွေမျိုးသားချင်းတွေ မျက်နှာမပျက်ပါစေနဲ့။ သေရည်သေရက်နဲ့ အမိမြန်မာနိုင်ငံကြီး မပျောက်ဆုံးသွားပါစေနဲ့။ ဒါတွေဟာ မင်းတို့ကို မင်းတို့အတွက် personal ပြောတာ။ သတိပေးတာ။ တောင်းပန်တာ။ ဒီထက် တိုင်းပြည်နဲ့ လူမျိုး

www.burmeseclassic.com



## ❝ လူမျိုးတစ်မျိုး နိမ့်ကျပျက်စီးစေရန် အရက်နှင့် ဘိန်းသည် အသံတိတ် ဗျူဟာမြောက် လက်နက်ဖြစ်သည် ...

ဆိုတဲ့ ကြီးကျယ်တဲ့ စကားလုံးကြီးတွေကို ပြောရမယ်ဆိုရင် "လူမျိုးတစ်မျိုး နိမ့်ကျပျက်စီးစေရန် အရက်နှင့် ဘိန်းသည် အသံတိတ် ဗျူဟာမြောက် လက်နက်ဖြစ်သည်"လို့ "သုစရိတယုဝ" (အရက်မသောက်သူများအသင်း)က ထုတ်ထားတဲ့ စာမှာပါလာတယ်။ အဲဒီ အကျိုးပြုစာမှာ ပါတဲ့ အချက်တချို့ကို မင်းတို့ကို ငါပြောပြမယ်။ မြန်မာတို့၏ အမျိုးဂုဏ် နိမ့်ကျပျက်စီးစေရန် အရက်နှင့် ဘိန်းကို ဒလဟော သုံးစွဲကြစေရန် ဗြိတိသျှ ကိုလိုနီခေတ်မှာ မြန်မာပြည်အား ကျွန်ပြုအစမှ အုပ်ချုပ်စဉ်ကာလတုန်းက တိုင်းပြည်တွင်း အရက်သမား ဘိန်းသမားများ ပေါ်များလာပါက အုပ်ချုပ်ရာတွင် လွယ်ကူ၍ ကုပ်သွေးစုပ်နိုင်ရန် အထူးရည်ရွယ်ချက် စီမံချက်ဖြင့် အသံတိတ်လက်နက်ကို အသုံးပြုခဲ့ကြတယ်။ အသိဉာဏ်မဲ့၊ ပညာမဲ့တဲ့ မြန်မာလူမျိုးအများစုဟာ အရက်သမား ဘိန်းစားဘဝကို ကျရောက်ပြီး နိမ့်ကျတဲ့ လူမျိုးတစ်မျိုးဘဝသို့ ရောက်ရှိခဲ့ကြတယ်။ အဲဒီအချိန်မှာ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်မာကျောပြီး စာအလွန်ဖတ်ကြတဲ့၊ စာကြမ်းပိုးများဖြစ်တဲ့ မြန်မာမျိုးချစ် လူငယ်တစ်စုက YMBA လို့ခေါ်တဲ့ "ဗုဒ္ဓ ကလျာဏယုဝအသင်း"ကို အေဒီ ၁၉၀၆ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၆၈ ခုနှစ်မှာ စတင်ထူထောင်ခဲ့ပြီး နေမဝင်အင်ပါယာ ဗြိတိသျှ ကိုလိုနီနယ်ချဲ့အစိုးရအား အရက်ရောင်းချ ချက်လုပ် ဖြန့်ဖြူးခွင့်ဥပဒေကို တားမြစ်ပေးဖို့ ရဲရဲဝံ့ဝံ့ ပြတ်သားစွာ တောင်းဆိုခဲ့တယ်။ ဒီလို အသံတိတ်လက်နက်ဖြစ်တဲ့ အရက်သေစာ မူးယစ်ဆေးဝါးတို့နဲ့ တိုင်းပြည်ပျက်သွားတဲ့ သာဓကတွေလည်း ကမ္ဘာ့နိုင်ငံတွေမှာရှိခဲ့တယ်။ ဒါကြောင့် ငါတို့ မြန်မာနိုင်ငံမှာ သေရည်အရက် မူးယစ် ဆန့်ကျင်တားမြစ်တဲ့ကိစ္စမှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတင်မကဘူး နိုင်ငံတွင်း နေထိုင်ကြတဲ့ အခြားဘာသာဝင်တွေပါ ပါဝင်ကြဖို့၊ မြန်မာပြည်ဖွား တစ်မျိုးသားလုံးရဲ့ တာဝန်ကြီးတစ်ရပ်လည်းဖြစ်တယ်။ နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန အပါအဝင် အစိုးရဌာနပေါင်းစုံ၊ နိုင်ငံရေးပါတီအင်အားပေါင်းစုံ၊ ပရဟိတ အင်အားစုပေါင်းစုံတို့ကပါ ပြည်သူလူထုအင်အားစုနဲ့ ပူးပေါင်းပြီး ဒီ အရက် မူးယစ် တိုက်ဖျက်ရေးကို ထိရောက်စွာ ပြုလုပ်သင့်တဲ့အချိန်လည်း ရောက်ပြီဖြစ်တယ်။ .... ဒါပါပဲ။ အခုတော့ကွာ မင်းတို့တွေက ရဲဆေးတင်ဖို့ပဲဖြစ်ဖြစ်၊ နာမည်ကြီး အရက်ပုလင်းကိုကိုင်ပြီး အောက်ခြေလွတ်တဲ့သူက လွတ်၊ အရက်သေစာသောက်ပြီး လူမသိသူမသိ အရိုင်းအစိုင်း သတ္တဝါတစ်ကောင်လို ဖြစ်လိုဖြစ်၊ အဲဒီနောက် လူသတ်မှု၊ မုဒိန်းမှု၊ ရိုက်မှု၊ ဆဲမှု အများပေါင်း မြောက်မြားစွာတွေ နောက်ဆက်တွဲ ကျူးလွန်ကုန်ကြပြီ။ ဒီလို ဘုရားမကြိုက်တဲ့အလုပ်၊ နတ်ဒေဝါတို့ ရွံရှာတဲ့လုပ်ရပ်၊ လူအများမနှစ်မြို့တဲ့ အကုသိုလ်လုပ်ရပ်တွေကို အခုတော့ မင်းတို့အရွယ်တင်မကဘူး။ လူကြီးတွေပါ လုပ်ကုန်ကြတော့ ငါ အရှက်မိုးရိပ်မိတယ်။ ဒီတော့ လူကြီးတွေကတော့ လူကြီးတွေပဲ ခေါက်ရိုးကျိုးနေပြီ။ ဒီလူကြီးတွေကို ခေါက်ထားလိုက်

www.burmeseclassic.com



တော့။ မင်းတို့ လူငယ်တွေက ဖြူစင်တယ်၊ သန့်ရှင်းတယ်၊ နုငယ်တဲ့ နှလုံးသားတွေရှိတယ်။ မင်းတို့မှာ အင်အားရှိတယ်၊ ပါဝါရှိတယ်၊ သတ္တိရှိတယ်၊ မခံချင်စိတ်ရှိတယ်။ အဲဒီအင်အားစုတွေကို မင်းတို့မိသားစု၊ ငါတို့တိုင်းပြည်အတွက် အသုံးချလိုက်ရင် ဘယ်လောက်တန်ဖိုးရှိမလဲ။ အေး ... မင်းတို့ကို ငါ ရိုးရိုးရှင်းရှင်းပဲ ငါပြောမယ်။ သူတစ်ပါးအသက်သတ်ခြင်း၊ သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူခြင်း၊ သူတစ်ပါးအိမ်ရာအား ပြစ်မှုကျူးလွန်ခြင်း၊ လိမ်ညာမုသားပြောဆိုခြင်း၊ မူးယစ်စေသော အရက်သေစာ သောက်သုံးခြင်းဆိုတာတွေဟာ ငါတို့ရဲ့ဗုဒ္ဓမြတ်စွာဘုရားတင်မကဘူး၊ ဘယ်ဘာသာ ဘယ်လူမျိုးမှ ကြိုက်နှစ်သက်တဲ့ လုပ်ရပ်တွေမဟုတ်ဘူး။ လူဆိုတာလူကျင့်ဝတ်ရှိရမယ်။ ဒါမှ လူပီသမယ်။ လူပီသမှ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မိသားစု၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်တိုင်းပြည်တင် မကဘူး ကမ္ဘာလောကကြီးတစ်ခုလုံး ငြိမ်းချမ်းမှုကိုရမယ်။ ငါတို့ ဗုဒ္ဓမြတ်စွာဘုရားက အခုလို သီလကျိုးပေါက်မယ့် ကိစ္စရပ်တွေကိုမလုပ်ဖို့ သတိပေးထားသလို၊ လုပ်ရန်လည်း အားပေးမှု မပြုလုပ်ဖို့ ဆုံးမဩဝါဒ ဟောကြားထားခြင်းဖြစ်တယ်။ ကဲ .. ဒါပါပဲကွာ။ အဲဒီတော့ မင်းတို့ကို ငါတောင်းပန်တယ်။ ငါ ဒီလို မင်းတို့ကို ကြီးကြီးကျယ်ကျယ်တွေပြောတာ စေတနာနဲ့ပါ။ ငါတို့ဟာ သေလူတွေအားလုံးအတွက် ငါတို့ ကူညီပေးနေရတာပါ။ ဒါ့အပြင် ရှင်လူတွေအတွက်ပါ ငါတို့မှာ တာဝန်ရှိနေပြီ။ နာရေးကူညီမှုလုပ်တယ်။ သုခကုသိုလ်ဖြစ် ဆေးခန်းဆိုပြီး ကျန်းမာရေးစောင့်ရှောက်တယ်။ သုခအလင်းဆိုပြီးတော့ ပညာရေးတွေပေးတယ်။ အလုပ်အကိုင်တွေ ရကုန်တယ်။ ပညာတတ်တွေဖြစ်ကုန်တယ်။ ကျန်းမာရေးတွေကောင်းကုန်တယ်။ ဒီကြားထဲမှာ စစ်ဘေးဒုက္ခရောက်နေတဲ့သူတွေကို စောင့်ရှောက်တယ်။ အဲတော့ ငါတို့မှာ တာဝန်ရှိလို့ ဒီစကားကို ပြောတာဖြစ်တယ်။ မင်းတို့ ငါ့ကို နားလည်ပေးမယ်လို့ ငါယုံကြည်တယ်။ မင်းတို့ ငါ့ကို ချစ်တယ်ဆိုရင် ငါပြောတဲ့စကားကို နားထောင်ကြပါ။ မင်းတို့တစ်တွေ ငယ်ငယ်ရွယ်ရွယ်နဲ့ မအိုသေးခင် ဘဝကူးပြောင်းစေတဲ့ ဒီ "မအိုဆေး" ကို မသောက်ကြပါနဲ့လို့ ငါ တောင်းပန်ပါတယ် ချစ်သူငယ်ချင်းတို့ .....

❑

www.burmeseclassic.com

# ခံစားမှု ၏ နိဂုံး

သင်တို့နှင့်ကျွန်ုပ် ... ဆန့်ကျင်ဘက်ကြီး ဖြစ်ချင်ဖြစ်နေလိမ့်မည်။
သင်တို့နှင့်ကျွန်ုပ် ... နားလည်မှုတွေ တူချင်မှတူလိမ့်မည်။
သင်တို့နှင့်ကျွန်ုပ် ... လျှောက်လှမ်းကြသည့်လမ်း တူချင်မှတူလိမ့်မည်။
သင်တို့နှင့်ကျွန်ုပ် ... ရည်ရွယ်ချက်ခြင်း တူချင်မှတူလိမ့်မည်။
မည်သို့ဖြစ်စေ ... ဤအရာများသည် ခံစားမှုမှ ပေါ်ပေါက်လာခြင်းပင် ဖြစ်တော့သည်။

**တကယ်တော့ ... ခံစားမှုဟာ**
နူးညံ့သိမ်မွေ့တဲ့ ကဗျာစာနုတွေ ထွက်လာသလို
ကြမ်းတမ်းဆိုးမွေ့တဲ့ ကဗျာစာကြမ်းတွေ ပေါ်ပေါက်စေခဲ့တယ်။
**တကယ်တော့ ... ခံစားမှုဟာ**
ငြိမ်းချမ်းရေးသံစဉ်ဂီတတွေ မွေးဖွားစေသလို
ပေါက်ကွဲမှု ဂီတသံစဉ်တွေကို ပေါ်ပေါက်စေခဲ့တယ်။
**တကယ်တော့ ... ခံစားမှုဟာ**
သမိုင်းကို ဖျက်ရယ်ပြုနိုင်ခဲ့သလို
သမိုင်းရဲ့ အတ္ထုပ္ပတ္တိကို အတည်ပေါက်လုပ်ပြနိုင်ခဲ့တယ်။
**တကယ်တော့ ... ခံစားမှုဟာ**
လူသားများကို ချွတ်ခြုံကျ ငတ်ပြတ်စေနိုင်သလို
လူသားများ တိုးတက်ကြီးပွားအောင်မြင်မှုကို ဖြစ်ပေါ်စေနိုင်တယ်။
**တကယ်တော့ ... ခံစားမှုဟာ**
စည်းလုံးမှုကို ပြိုကွဲစေသလို
ညီညွတ်မှု ပင်လုံစိတ်ကို မွေးဖွားနိုင်စေတယ်။
**တကယ်တော့ ... ခံစားမှုဟာ**
ကမ္ဘာမြေပြင်ကြီး သွေးချောင်းစီးစေနိုင်သလို
ကမ္ဘာမြေပြင်ကြီး စိမ်းလန်းသာယာမှုကို ဖြစ်ပေါ်စေနိုင်တယ်။
**တကယ်တော့ ... ခံစားမှုဟာ**
အာဏာရှင်တွေ ပေါ်ပေါက်လာနိုင်စေသလို
အဖိနှိပ်ခံ ပြည်သူတွေကို မွေးဖွားပေးစေခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com


**တကယ်တော့ ... ခံစားမှုဟာ**
ဒို့အရေးတွေ ပေါက်ကွဲစေသလို
ငြိမ်းချမ်းတဲ့ မေတ္တာပို့သံတွေ လွှမ်းခြုံနိုင်ခဲ့တယ်။
**တကယ်တော့ ... ခံစားမှုဟာ**
လောကကြီးကို ဖြိုခွင်းမယ့် အနုမြူတွေကို ဖော်ထုတ်နိုင်တဲ့ ယမမင်းဖြစ်သလို
လောကကြီးအတွက် ငြိမ်းချမ်းရေးပန်းပွင့်တွေကို ပွင့်စေနိုင်တဲ့ ဥယျာဉ်မှူးဖြစ်တယ်။
**တကယ်တော့ ... ခံစားမှုဟာ**
အဆိုးမြင်ဝါဒများကို မွေးဖွားပေးသော 'တလမိခင်"ဖြစ်သလို
အကောင်းမြင်ဝါဒများကို မွေးဖွားပေးနိုင်သော "ပဏ္ဍိတမိခင်"ဖြစ်တယ်။
**တကယ်တော့ ... ခံစားမှုဟာ**
တုံ့ပြန်မှုကို တန်ပြန်စေနိုင်သလို
တန်ပြန်မှုကို ရိုက်ချိုးနိုင်စေတယ်။
**တကယ်တော့ ... ခံစားမှုဟာ**
ဝါဒအစွဲများ ပေါ်ပေါက်လာစေသလို
ဥပေက္ခာဝါဒလည်း မွေးဖွားပေးနိုင်တယ်။
**တကယ်တော့ ... ခံစားမှုဟာ**
သုံးတတ်ရင် "ဆေး"
မသုံးတတ်ရင် "ဘေး"။
**တကယ်တော့ ... ခံစားမှုဟာ**
ခံစားခဲ့ကြရတဲ့ အမှုအခင်းလေးပါ။
ကြီးတဲ့အမှုကို ငယ်အောင်လုပ်
ငယ်တဲ့အမှုကို ပပျောက်အောင်လုပ်
ဒါမှ ... ခံစားမှု ပဋိပက္ခငြိမ်းဥပဒေသ
မြတ်ဗုဒ္ဓရဲ့ ဓမ္မနည်းဥပဒေသဖြစ်တော့မှာ။
**တကယ်တော့ ... ခံစားမှုဟာ**
ဖန်ဆင်းရှင်မဟုတ်ဘူး ခံစားမှုသက်သက်သာဖြစ်တယ်။
ခံစားမှုကို အကျိုးရှိအောင် သုံးတတ်ဖို့ပဲလိုတယ်။
ကျွန်ုပ်အတွက်တော့ ခံစားမှုတိုင်းဟာ ငြိမ်းချမ်းမှုပန်းပွင့်တွေကိုပဲ ပွင့်စေနိုင်ရမယ်။
ဒါကြောင့် ကျွန်ုပ်၏ ခံစားမှုနိဂုံးဟာ ... ကျွန်ုပ်ရဲ့ ငြိမ်းချမ်းမှု
ကျွန်ုပ်၏ ငြိမ်းချမ်းမှုဟာ ... ကျွန်ုပ်၏ ထွက်ရပ်လမ်း
ကျွန်ုပ်၏ ထွက်ရပ်လမ်းဟာ ... ကျွန်ုပ်၏ ထွက်ပေါက်
ကျွန်ုပ်၏ ထွက်ပေါက်ဟာ ... ကျွန်ုပ်၏ ဗြဟ္မစိုရ်တရားပဲ ဖြစ်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com






ခေတ်သုံးခေတ် ... နှစ်သုံးနှစ်ကို ဖြတ်သန်း ကျွန်တော် ကျော်သူရဲ့ ဘဝသက်တမ်း။

ကမ္ဘာလောကကြီးထဲ ၁၉၅၉ ခုနှစ်၊ လူ့လောကကြီးထဲ ရောက်ရှိ။

ပညာရေးကို မသိ။ စီးပွားရေးကို မသိ။ ကျန်းမာရေးကို မသိ။ လူမှုရေးကို မသိ။ ဘာဆိုဘာမှ မသိ။ ကမ္ဘာလောကကြီးထဲ ရောက်ရှိ။

ကလေးအတွေး ကလေးအသိ ဆော့ကစားချင်တာပဲရှိ။

မိဘတွေ ခံစားမှုကိုမသိ ... ကိုယ်လိုချင်တာပဲသိ။

သားသားတို့က မူလတန်း၊ အလယ်တန်း။ ဟို ... အကိုကြီးတွေကတော့ Rasu လို့ခေါ်တဲ့ တက္ကသိုလ်အတန်း။

လူတွေက ရှုတ်ရှုတ် ... ကျောင်းသားကြီးတွေက တရုတ်ရုတ် ... လူထုကြီးက တအုတ်အုတ် ... တရုတ်ကုလားတွေက တဖြုတ်ဖြုတ်။

ဘဝတွေက ဖရိုဖရဲ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ထဲ ကောင်းကင်ပြာကြီးထဲ ကျီးတွေက ပြိုဆင်း ... မီးခိုးမှိုင်းတွေက ဝေ့ဆဲ။ သစ်ပုတ်ပင်ကြီးကတော့ ... ခွပ်ဒေါင်းအလံ လွှင့်ဆဲ။

ငြိမ်းချမ်းမှုတဲ့လား ... ငြိမ်းချမ်းမှုအတွက်လား ... အဘမှိုင်းတဲ့လား ... ဦးသန့်တဲ့လား။

လား ပေါင်းများစွာထဲ... နားစည်ထဲမှာ ဝေ့ဝဲ။

ဘာဆိုဘာမှမသိခဲ့ ... ဘာဘာ ဘာမှ မသိဘူးတဲ့လား။

သားတို့သိတာ ... ကလေးဘဝထဲ ... စစ်တိုက်တမ်းကစားဖို့ပဲ။

တိုက်မယ် ... ခိုက်မယ်... ပစ်မယ် ... ခတ်မယ် ... ထိုးမယ် ... ကြိတ်မယ် ... ဆက်သွယ်ရေး စက်နဲ့ စကားပြောမယ် ... လက်ပစ်ဗုံးနဲ့ပစ်မယ့် ကစားပွဲတွေ၊ ကစားနည်းတွေ။

www.burmeseclassic.com

www.burmeseclassic.com



အမည်နာမကား ... စစ်တိုက်တမ်းကစားနည်းတဲ့။

မင်းက ဗိုလ်ကြီးဆို ... ငါက ဗိုလ်မှူး။

မင်းက ဗိုလ်မှူးဆို ... ငါက ဗိုလ်ချုပ်။

နေရာလုတာကအစ ... ကျားဗိုလ်ဆွဲကြ။

ကစားကြတာများ ... Hero တော့ဖြစ်ချင်ကြပါရဲ့။

ဒါ ... ဗိုလ်ချုပ်တို့ရဲ့ အာဇာနည်တွေအကြောင်း။
ဗိုလ်ချုပ်တို့ရဲ့ တိုင်းပြည်ချစ်တဲ့အကြောင်း။
ဗိုလ်ချုပ်တို့ရဲ့ ပြည်သူကို ကာကွယ်မှုအကြောင်း။
ဗိုလ်ချုပ်တို့ရဲ့ ပြည်သူကိုချစ်တဲ့အကြောင်း။
ပြည်သူတို့က ဗိုလ်ချုပ်တို့ကို ချစ်တဲ့အကြောင်း။

အကြောင်း ... အကြောင်းပေါင်းစုံကို အဟောင်းက အသစ်ဖြစ်အောင် စစ်ရာဇဝင် သမိုင်းစစ်ကို အမှန်တကယ်အားကျ။

နှလုံးသားထဲ ထကြွလာအောင် ပြောပြကြတဲ့ မိဘ၊ ဘိုးဘွားများနှင့် ခင်ပွန်းကြီး ဆယ်ပါ။

ဒါ ... ကလေးပုံပြင်မဟုတ် ... ဒဏ္ဍာရီမဟုတ် ... လုပ်ကြံမဟုတ်တဲ့ အဟုတ်အမှန် ဖြစ်ခဲ့တဲ့ စစ်စစ် စစ်စစ်မှန်တဲ့ စစ်သမိုင်းအစစ်။

စစ်ရာဇဝင်စစ်စစ် သမိုင်းစစ်စစ်ကို တစ်ဖြစ်ဖြစ်မည်အောင် အားကျလို့မဝသေး ... စစ်တိုက်တမ်းကစားလို့ မပြီးသေး ... အဖိုးနဲ့အဖေ အင်းစိန်ဆိုတဲ့ ဘဝတက္ကသိုလ် နံရံကြား ရောက်လို့ သွားသလေး။

မိဘ၊ ဘိုးဘွားတို့ရဲ့ ချွေးနဲ့စာစစ်စစ်နဲ့ လုပ်ကိုင်ခဲ့တဲ့ နိုင်လွန်စက် ... အလုပ်ရှင် အလုပ်သမား တစ်ပြေးညီရှိရမယ်လို့ အမြတ်ကြီးစား အရင်းရှင်တဲ့ ... စစ်ဗိုလ်ချုပ်ကြီးက ညွှန်ကြား၊ ပစ္စည်းကိုသိမ်းသွား ... လူကိုလည်း ထိန်းထား။

ဩော် ... ကလေးအတွေးနဲ့တွေးကြည့် ... "အစိမ်းရောင်လူသားတွေဆိုတာ ဒါမျိုးကြီး လည်း လုပ်သလား"တဲ့။

ဒီလိုနဲ့ ... လွတ်လပ်ရေးရလို့ မဝသေး၊ မလွတ်လပ်တဲ့ ဘဝထဲ မဆလလူသား ဖြစ်လို့ လာ။

မလွတ်လပ်တဲ့ဘဝထဲ အထက်တန်းကျောင်းနဲ့ တက္ကသိုလ်တွေမှာ ဆီဒင်ကားတွေ မျက်စိရှုပ်လာ။ အခွင့်ထူးခံ သားသမီးတွေ မျက်စိနောက်လာ။ ကျောင်းစိမ်းစာအုပ်တွေ မဲဖောက်လို့လာ။ ဒါဟာ ... တစ်ပြေးညီတဲ့လားဗျာ။

အေးဗျာ ... အေးရာအေးကြောင်း၊ လူငယ်အတွေး ... အဖြေရှာကြည့်။

ကောင်းပါလေစွ ... ကောင်းလေစွ။ ယမကာနဲ့ မှူးယစ်ဘဝ။

အမှန်တရားတွေပျောက် ... သီလတွေဖောက် ... ခာတ်ရှင်ထဲရောက်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုလူကြီးနဲ့ဖိုက် ... ဟိုသူငယ်မနဲ့ဆိုက်။

ဟိုဘဲကြီးနဲ့တိုက် ... ဟိုမဒီကြီးနဲ့ခိုက်။

မကောင်းတာကို ကောင်းသလားလို့၊ မသင့်တာကို သင့်သလားလို့၊ မှားတာကို မှန်သလားလို့ စမ်းသပ်ချင်တဲ့ လူငယ်တစ်ယောက်။

လူစိတ်မပျောက်ခင် ... အသိရောက်။

အသိတရားရလို့ ... လူလုပ်မယ်ကြံကာရှိသေး ... "ဒို့အရေး"တဲ့။

ဘာပါလိမ့်လို့ ... နားစွင့်ကြ၊ ထကြည့်ကြ၊ စူးစိုက်ကြ၊ အာရုံစိုက်ကြ။

ဟ... ငါတို့အရေးပဲ၊ ပြည်သူ့အရေး ဒို့အရေးပဲ။

ညီလိုက်တဲ့ပြည်သူ၊ ညီလိုက်တဲ့ အနုပညာရှင်တွေ၊ ညီလိုက်တဲ့ ဝန်ထမ်းတွေ။

ဟုတ်ပြီဟေ့ဆိုပြီး ... ငါလည်း ညီအောင်လိုက်ညို ... ဒဂုံ (၁)နဲ့ ဆေးရုံကြီးမှာ အများနည်းတူ ပေါက်ပေါက်လိုက်ဖောက်။

အဲဒီနောက်တော့ ... ထောင် (၆)ကိုရောက်။

ဒီအချိန်မှာ ကလေးက နှစ်ယောက်။

မဟေသီက တစ်ယောက်။

လက်တွဲညီသလား မမေးနဲ့ ... လင်နဲ့မယား လျှာနဲ့သွား၊ အယူအဆတွေကွဲပြား ... ကိုယ်က အနုပညာသမား။

ဩော် ... အဲဒီအချိန်မှာ လူလတ်အတွေး တွေးကြည့် "အစိမ်းရောင်ဆိုတာ ဒါမျိုးကြီးလည်း ဖန်တီးသားပဲ"လို့။

ဒီလိုနဲ့ ... နဝတခေတ်ထဲ လူဖြစ်လို့လာ။

ငိုလိုက် ရယ်လိုက်နဲ့ ဘဝရဲ့သားကောင်များကို ထပ်မံ၍ ငိုခိုင်းရယ်ခိုင်းတဲ့ ဇာတ်ရှင်သမိုင်း ရာဇဝင်ထဲ ဝှေ့လို့ဝဲ။

ဇာတ်ရှင်သမားတို့ကတော့ ပရိသတ်ပြည်သူကို အကုသိုလ်တွေ ဝေမျှဆဲ။

ဒါနဲ့ ... အေးရာအေးကြောင်း၊ ငြိမ်းရာငြိမ်းကြောင်း လူလတ်အတွေးနဲ့ အဖြေရှာကြည့်။

ကောင်းပါလေစွ ... ကောင်းလေစွ တွေ့ပါပြီတဲ့ ... သုဘရာဇာတဲ့။

သုခ ... ကျော်သူ၊ ကျော်သူ ... သုခ ကက်ကင်းတဲ့။

ကျေးဇူးရှင် ဘဘဦးသုခရဲ့စကား ... မှန်တာမှ ဒက်ထိပဲ။

ကျော်သူ ... သင်္ချိုင်း၊ သင်္ချိုင်းကျော်သူ ဒါလည်း ကက်ကင်းပဲ။

ကက်ကင်းကိုရိုက် ကက်ကင်းကိုဆောင်ကာ ... မိဘကို ဒုက္ခပေးခဲ့၊ မိသားစုလေးကို သောကတွေရစေခဲ့၊ ပြည်သူကို အကုသိုလ်ဝေမျှခဲ့တဲ့ ငါ ... ဝဋ်ကြွေးတွေကျေ၊ ဝဋ်ကြွေးတွေပြေအောင် အနိမ့်ကျဆုံး ကုသိုလ်အလုပ်မျိုးသည် မြင့်မြတ်သောသူတို့သာ လုပ်နိုင်သည်တဲ့...။

ဒီမှာတင် ... ဘဝတစ်ဆစ်ချိုး ပေးဆပ်မှုတွေတိုး၊ ဘာသာတရားကို ရှိခိုးခဲ့ရ။

www.burmeseclassic.com

www.burmeseclassic.com

ဟ၀... ဘာတဲ့တုန်း ... နားစွင့်စမ်း၊ မော့ကြည့်စမ်း၊ မေးကြည့်စမ်း၊ မျှော်ကြည့်စမ်း၊ လျှောက်ကြည့်စမ်း။

"လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဆင်းရဲခပ်သိမ်းငြိမ်းပါစေ၊ ဒေါသခပ်သိမ်းငြိမ်းပါစေ"တဲ့ ... ဟာ ပြည်သူပြည်သား လူသားအားလုံးကို မေတ္တာပို့တဲ့အသံတွေပဲ။

မိုးထဲ ... လေထဲ ... သေနတ်ဆွဲ၍မဟုတ်။

မိုးထဲ ... လေထဲ ... ထီးဖိနပ်မဆွဲတဲ့ ... သံဃာတော်တွေပဲ။

ဆွမ်းဘယ်လိုများ ဘုန်းပေးကြမလဲလို့ တွေးမိ။

ရိုက်လက်စ ဓာတ်ရှင်ကားတွေ စွန့်ခွာခဲ့ပြီး လှမ်းလိုက်တဲ့ခြေလှမ်း ... သံဃာတော်တို့ နားနေရာ ကြေးသွန်းဘုရားကြီးဆီသို့။

ဒီမှာတင် လက်သီးလက်မောင်း မတန်း ... မကြွေးကြော်ခဲ့ဘဲနဲ့ သူ့အလိုလို Auto လင်မယားနှစ်ယောက် ပြည်ထဲရေးရောက်။

ဒါတင်မကသေး ... အောင်သပြေထဲလည်း အမြည်းအဖြစ် ခေတ္တခဏရောက်။

သားနဲ့သမီးလည်း ... အဝေးရောက်။

ဩော် ... လူကြီးအတွေး "အစိမ်းရောင်ဆိုတာ ဒါမျိုးကြီးလဲ စွမ်းဆောင်ပေးသားပဲ"လို့။

ဒီလိုနဲ့ ... နအဖ လက်ထဲမှာ အလုပ်လက်မဲ့ (၁၀၉ - ၁၁၀) ဘ၀။ ယခုအချိန်ထိ သုံးနှစ်တိတိ စွန်းခဲ့ပြီပေါ့။

ခေတ်သုံးခေတ်ရဲ့ နှစ်သုံးနှစ်မှာ အနုပညာသမားဘဝကနေ အရှင်လတ်လတ် သုဘရာဇာဘဝကို လုံးလုံးရောက်အောင် စွမ်းဆောင်ပေးတဲ့ ... အစိမ်းရောင်လူသား။

အနိစ္စ ဒုက္ခ အနတ္တ တရားတွေကို အချိန်တိုတိုနဲ့ မြင်တွေ့ခွင့်ရအောင် စွမ်းဆောင်ပေးတဲ့ ... အစိမ်းရောင်လူသား။

သံဝေဂတရားတွေ သိမြင်၊ ကျင့်ကြံ၊ အားထုတ်ခွင့်ရအောင် စွမ်းဆောင်ပေးတဲ့ ... အစိမ်းရောင်လူသား။

သာဓု ... သာဓု ... သာဓုပါ ... အစိမ်းရောင်လူသား။

အသင်တို့သည်လည်း ကျွန်ုပ်သိသလို ... သိကြပါစေ။

ကျွန်ုပ်ရသလို ... ရကြပါစေ။

ကျွန်ုပ်မြင်တွေ့သလို ... မြင်တွေ့ကြပါစေ။

ကျွန်ုပ်ပေးဆပ်သလို ... ပေးဆပ်နိုင်ကြပါစေလို့သာ ကျွန်ုပ်ရဲ့ မွေးနေ့ (၅၁)နှစ်ပြည့်မှ စ၍ ရန်သူမျိုးငါးပါးမှ ကင်းဝေးကြပြီး လူအချင်းချင်း နှိပ်စက်ခြင်း ... ကင်းရှင်းကြပါစေ။


ဒို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေဟု မေတ္တာပို့သ သစ္စာဆို ဆုမွန်ကောင်း တောင်းလိုက်ရယုံမှတစ်ပါး အခြားမရှိတော့ချေ။

မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဖြင့် ....

(၅၁ နှစ်ပြည့် မွေးနေ့ အမှတ်တရ)

www.burmeseclassic.com

www.burmeseclassic.com

# ဝင်္ကြေးတွေ ကျေ
# ကံကြေးတွေ ပြေ

ရှစ်သောင်းလေးထောင် ဓမ္မက္ခန္ဓာ စေတီ ကိန်းဝပ်စံပယ်တော်မူသော ပန်းပေါင်းစုံ "လိုချင်တိုင်းပြည့် ယွန်းဘုရားကြီး"သည် (၉)ရက်တိုင်တိုင် ဒေသစာရီ လှည့်လည်အပူဇော်ခံခဲ့ပြီး သည့်နောက် ယနေ့ (၉)ရက်မြောက် သောနေ့တွင် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၄၂ ရပ်ကွက် မေတ္တာချောင်းကူးရပ်ရှိ ဝင်္ကြေးတော်ပြေ စေတီတော်မြတ်ကြီးတည်ရှိရာ ရန်အောင်မြေကျောင်းတိုက်တွင် ပြန်လည်၍ သီတင်းမသုံးခင် နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ ကြွချီကာ အပူဇော်ခံခဲ့ပါသည်။

ဝင်္ကြေးတော်ပြေ ဝေယျာဝစ္စအဖွဲ့မှ ရှမ်းရိုးရာ ရှမ်းအိုးစည်၊ ရှမ်းသိုင်းအဖွဲ့များ ဆရာတော်ကြီးများ၏ တပည့်၊ ဒါယကာများမှ ပင့်ဆောင်လာခဲ့ရာ နာရေးကူညီမှုအသင်း (ရန်ကုန်) တွင် အသင်းသူ အသင်းသားများ၊ ဝန်ထမ်းများ၊ ဆေးဝါးလာရောက်ကုသသော လူနာများ၊ လူနာရှင်များနှင့် အလှူရှင်များပါမကျန် ဖူးမြော်ကြည်ညို လှူဒါန်းခွင့်ကို ရရှိခဲ့ပါသည်။

ရှစ်သောင်းလေးထောင် ဓမ္မက္ခန္ဓာစေတီ ကိန်းဝပ်စံပယ်တော်မူသော ပန်းပေါင်းစုံ "လိုချင်တိုင်းပြည့် ယွန်းဘုရားကြီး" တည်ထားခြင်း၏ တင်ပြချက်မှာ -

သမ္မာသမ္ဗုဒ္ဓ ခပ်သိမ်းသော တရားတော်တို့ကို သိမြင်တော်မူသော မြတ်စွာသည် သတ္တဝါတို့အား (အန္ဓ) အကန်းဘဝမှ (ဝိဇ္ဇာ) အလင်းရောင်သို့လည်းကောင်း၊ ပုထုဇဉ်ဘဝမှ အရိယာသူတော်ကောင်းအဖြစ်သို့ ရောက်ရှိသည်အထိ (ဓမ္မ)တည်းဟူသော တရားတော်မြတ်တို့ကို ဟောကြားတော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ) အမည်အားဖြင့် ခေါ်ဝေါ်သတ်မှတ်ကြပြီး၊ ၂၁၀၀၀ သော (လိုက်နာရေး) သုတ္တန်တော်တို့ကိုလည်းကောင်း၊ ၂၁၀၀၀ သော (ကျင့်သုံးရေး) ဝိနယ ဓမ္မက္ခန္ဓာတော်တို့ကိုလည်းကောင်း၊ ၄၂၀၀၀ သော (သိမြင်ရေး) အဘိဓမ္မာဓမ္မက္ခန္ဓာတော်တို့ကိုလည်းကောင်း၊ ပေါင်းစပ်အပ်သော ၈၄၀၀၀ ရှစ်သောင်းလေးထောင်သော "ဓမ္မဝိနယ"အားဖြင့် (၂)ပါး၊ နိကာယ်အားဖြင့် (၅)ရပ်၊ ပိဋကတ်အားဖြင့် (၃)ပုံသော တရားတော်မြတ်တို့ကို ဟောကြားဆုံးမတော်မူခဲ့ပေသည်။

တရားတော်မြတ်တို့ကြောင့် (သံသရာ) ဘဝခရီးသွား ဓမ္မအနှစ်ကို "ရှာမှီးသူ"တို့သည် ထို (ဓမ္မ) အစစ်ကိုသိအောင်၊ မြင်အောင်၊ (ကိုယ်ကျိုးစွန့်) ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ခဲ့ကြ၍ ဝဋ် (၃)ပါးမှ လွတ်မြောက်ကာ၊ ကိလေသာ (၁၀)ပါးမှ ရပ်စဲကြပြီး မီး (၁၁) တစ်ဆယ့်တစ်ပါးတို့မှ ငြိမ်းသတ်နိုင်ခဲ့ကြလေပြီ။ ဤကဲ့သို့ အကြောင်းတရား အကျိုးတရားတို့ကို သိမြင်သောအားဖြင့် ...

မြတ်ဗုဒ္ဓသည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော (ဓမ္မ)ကို ဟောကြားတော်မူခဲ့ပေသည်။ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာ တရားတော်အပေါင်းတို့သည်ကား၊ မြတ်ဗုဒ္ဓသြဘာ ကိုန်းဝပ်စံပယ်တော်မူ၏။ (ဗုဒ္ဓသြဘာရှိ၏) သို့အတွက်ကြောင့် ဗုဒ္ဓသည်လည်း ဓမ္မဖြစ်၏။ ဓမ္မသည်လည်း ဗုဒ္ဓဖြစ်၏။ ထို (ဓမ္မပိုင်ရှင်) မြတ်ဗုဒ္ဓ၏ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ ကရုဏာတော်၊ သစ္စာတော်၊ မေတ္တာတော်၊ တန်ခိုးတော်တို့သည် (အပြစ်ကင်း၊ ကောင်းမြတ်သော) အရာမှန်သမျှတို့ကို "လိုချင်တိုင်းပြည့်"စုံစေနိုင်၏။ သို့အတွက်ကြောင့် အမြတ်ဆုံး (အာဇာနည်စစ်) မြတ်ဗုဒ္ဓအား ဂုဏ်ပြုလျက် မိမိတို့စွမ်းနိုင်သော ဗုဒ္ဓဆင်းတုတော်ပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင်တို့ဖြင့် တပေါင်းတစည်း တစ်နေရာတည်း စုပုံလျက် ဤရှစ်သောင်းလေးထောင် ဓမ္မက္ခန္ဓာစေတီ လိုချင်တိုင်းပြည့်ဘုရားကြီးကို တည်ထားအပ်ပါသည်။

ရန်အောင်မြင်ကျောင်းတိုက်၊ ဝဋ္ဋကြွေးတော်ပြေဆရာတော် ဘဒ္ဒန္တ သိရီပါလ (ဒီပါရာမ သာသနာပြု)၏ အာသီသပတ္ထနာ

"ခေတ်ကောင်းရေးဆောင် အမှားအမှန်ဖွေရှာ
ရှစ်သောင်းလေးထောင် တရားဓမ္မက္ခန္ဓာစေတီသာ
ဖြစ်ကြောင်းအေးအောင် သနားရှုတော့မှာ
ဖြစ်ကြောင်းအားလုံး အေးပါစေ"

ကျွန်တော်၊ ကျွန်မတို့ ယခုကဲ့သို့ ဝဋ္ဋကြွေးတော်ပြေ ကျောင်းဝင်းအတွင်းရှိ ရှစ်သောင်းလေးထောင် ဓမ္မက္ခန္ဓာစေတီ "လိုချင်တိုင်းပြည့်ဘုရားကြီး"အား ဖူးမြော်ကြည်ညို အပူဇော်ခံခွင့်ရရှိခဲ့သလို ပြည်တွင်းပြည်ပရှိ အများပြည်သူအပေါင်းတို့သည်လည်း ဖူးမြော်ကြည်ညိုနိုင်ရန် ယခုကဲ့သို့ တင်ပြရခြင်းဖြစ်ပါသည်။ အများပြည်သူအပေါင်း ဝဋ္ဋကြွေးများကျေ၊ ဝဋ္ဋကြွေးများပြေပြီး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

ကျော်သူ

www.burmeseclassic.com

www.burmeseclassic.com





# နှလုံးသားတွင် ဘုရားတည်

ကျော်သူ

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကျွန်တော် မဖူးမြော်ရသည်မှာ လေးနှစ်တာကာလအတွင်းသို့ ရောက်ခဲ့ပြီဖြစ်သည်။

ကုန်လွန်ခဲ့ပြီးသောကာလ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလမတိုင်မီ အချိန်များတွင် ကျွန်တော်သည် တစ်ပတ်လျှင် တစ်ကြိမ် အနည်းဆုံး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ တက်ရောက်ဖူးမြော်ခဲ့ဖူးပါသည်။ ထို့အပြင် တက်ရောက်ကြည်ညို ဖူးမြော်ခွင့်ရခဲ့လှသော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အထွဋ်အထိပ်တွင် တည်ရှိနေသော စိန်ဖူးတော်ကြီးအားလည်း ကျွန်တော်နှင့် ကျွန်တော်၏သား ပြည်သိမ်းကျော်တို့ တက်ရောက်ဖူးမြော်ခဲ့ဖူးပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာပြည်သူလူထုတင်မက ကမ္ဘာ့နိုင်ငံအသီးသီးမှ ဘာသာခြားများနှင့်ပါ မစိမ်းပါ။ လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာမရွေး လွတ်လပ်စွာ တက်ရောက်ဖူးမြော်ခွင့်ရရှိသည့် တန်ခိုးကြီးမားလှသည့် ဗုဒ္ဓဘာသာနွယ်ဝင်တို့၏ အထွဋ်အမြတ်ထား ကိုးကွယ်ရာတည်းဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်များကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ နောက်ပိုင်းတွင် လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာမရွေးတို့၏ နာရေး၊ ဆေးကုသမှု၊ ပညာရေးကဏ္ဍများအား (အခမဲ့) ဖေးမကူညီပေးနေသော ကျွန်တော် တက်ရောက်ဖူးမြော်ရာတွင် လွတ်လပ်မှုများ ဆုံးရှုံးခဲ့တော့သည်။

www.burmeseclassic.com


ကျွန်တော်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်ဖူးမြော်မည်ဆိုပါက အာဇာနည်ကုန်း မြောက်ဘက်မုခ်မှ ဓာတ်လှေကားနှင့်တက်ကာ ရင်ပြင်ပေါ်ရောက်သည်နှင့် မေတ္တာပို့သမှုကို မြောက်ဘက်မုခ်တွင်ရှိသော ဝိဇ္ဇာတန်ဆောင်းရောက်သည်အထိ ပို့သကာ ဝိဇ္ဇာတန်ဆောင်းတွင် သမထ၊ ဝိပဿနာကျင့်စဉ်တို့ကို ကျင့်ကြံအားထုတ်ပြီး တနင်္လာထောင့်တွင် စေတီတော်မြတ်ကြီးအား မြတ်ဗုဒ္ဓ၏ ဆံတော်များကို မျှော်မှန်းကြည်ညို သဒ္ဓါပွားကာ ဦးချပြီးနောက် စေတီတော်မြတ်အား လက်ျာရစ်တစ်ပတ် ပတ်ကာ အောင်မြေတွင် ဦးချ၍ မြောက်ဘက်မုခ်မှ ပြန်လည်၍ ဆင်းလေ့ရှိသည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလကုန်မှစ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်၍ အဓိဋ္ဌာန်ကျင့်စဉ်များ၊ မေတ္တာပွားများမှုများကို သွားရောက်ကျင့်ကြံ အားထုတ်ရာတွင် ကျွန်တော်၏နောက်မှ မယောင်မလည်နှင့် ပါလာသောလူတချို့ ဝိဇ္ဇာတန်ဆောင်းထဲသို့ ဝင်ရောက်ရာ၌ မြတ်စွာဘုရားရှင်အား တစ်စုံတစ်ဦးမှ ဆက်ကပ်ထားသော စားဖွယ်သောက်ဖွယ် သစ်သီးဝလံများအား လျင်မြန်စွာ သိမ်းကြုံး၍ ယူငင်သွားခြင်း၊ အဓိဋ္ဌာန်ကျင့်စဉ် ကျင့်ကြံရာ၌ ပွားများသော မြတ်စွာဘုရား၏ ဂုဏ်တော်များ ရွတ်ဖတ်ပူဇော်ရာ၌ မည်သည့်ဆုများ တောင်းနေသနည်း။ မည်သည့်ဂုဏ်တော်အား ရွတ်ဖတ်နေသနည်းဟူ၍ ကျွန်တော်၏အနားတွင် ကပ်၍နားထောင်နေသောသူတချို့၊ အဓိဋ္ဌာန်စ၍ (၁၀)မိနစ် (၁၅)မိနစ်ခန့်တွင် "ဆရာကြီး ဆရာကြီး နေရာကဖယ်ပေးပါတော့။ (အဘ) ဧည့်သည်တော်လာနေပြီ"ဟူ၍တစ်မျိုး၊ ကျွန်တော့်အား ဓာတ်ပုံခိုးရိုက်ကြသော လုံခြုံရေးများကတစ်ဖန်၊ အချို့သော ဘုရားဖူးများက ကျွန်တော်၏ အဓိဋ္ဌာန်ပြီးစီး၍ မြတ်စွာဘုရားရှင်အား ရှိခိုးကန်တော့အပြီးတွင် ကျွန်တော်၏ဘေးမှလည်းကောင်း၊ ရှေ့မှလည်းကောင်း လာရောက်၍ ကျွန်တော့်အား လက်အုပ်ချီမိုးနေကြခြင်း စသည် စသည်တို့ကြောင့် ကျွန်တော်သည် ယနေ့တိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဝေးကွာခဲ့ရပါတော့သည်။ ကုသိုလ်ယူ မေတ္တာပွားလို၍ သွားကာမှ အကုသိုလ်တွေသာ ရခြင်းသည် မဖြစ်သင့်တော့ချေ။ ထို့ကြောင့် ကျွန်တော်သည် ရန်ကုန်မြို့မြို့လည်ခေါင်သို့ သွားရောက်သည့် အချိန်ကာလများတွင်သာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အဝေးမှ ဖူးမြော်ကန်တော့ခွင့် ရခဲ့တော့သည်။

လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသော ကျွန်တော်တို့၏ မြတ်ဗုဒ္ဓ ရွှေတိဂုံစေတီတော်မြတ်အား မလွတ်လပ်စွာဖြင့် မဖူးမြော်လိုတော့ပါ။ ထို့ကြောင့် ကျွန်တော်၏နေအိမ်ရှိ ဘုရားခန်းထဲမှ မြတ်ဗုဒ္ဓဆင်းတုတော်နှင့် နာရေးကူညီမှုအသင်း (ရန်ကုန်) ရှိ ဘုရားခန်းတွင်းမှ ဗုဒ္ဓဆင်းတုတော်များ ရှေ့မှောက်တွင်သာ မိမိ မေတ္တာပွားများမှုနှင့် သမထ ဝိပဿနာ ကျင့်စဉ်များကို ကျင့်ကြံအားထုတ်ခဲ့ရပါတော့သည်။

၂.၆.၂၀၁၁ ခုနှစ် ကြာသပတေးနေ့သည် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ခဲ့သည်။ ကျွန်တော်တို့၏ နာရေးကူညီမှုအသင်း (ရန်ကုန်) ရှိရာ မြောက်ဒဂုံမြို့နယ်သို့ နံနက် ၁၁း၀၀ နာရီအချိန်တွင် အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းနှင့်အဖွဲ့ လာရောက်

www.burmeseclassic.com

www.burmeseclassic.com

တွေ့ဆုံ လေ့လာစကားပြောမည့်နေ့ဖြစ်သည်။ ထို့ကြောင့် နံနက် မိုးလင်းလင်းခြင်း နာရေး ကူညီမှုအသင်း သန့်ရှင်းမှု၊ လုံခြုံမှု စသည့် ကိစ္စရပ်များအား ညွှန်ကြားနေစဉ် Townace Pick-up ကားအဖြူတစ်စီး ဝင်လာသည်။ လူ ၅ ယောက်ခန့် ပါလာသည်။ သစ်သားပေါင် ၅ ပေ × ၄ ပေ အရွယ်ကြီးတစ်ခုပါ ကားပေါ်မှချကာ လူတစ်ဦးက ကျွန်တော့်အား ဝမ်းသာဖက်လှဲနှင့် "ဦးကျော်သူရေ ... အခုမှပဲ ကျွန်တော့်ရဲ့ဆန္ဒ ပြီးမြောက်တော့တယ်"ဟု ပြောကာ လက်ဆွဲနှုတ်ဆက်လိုက်သည်။

ထိုသူ၏အမည်ကား "ဦးဝင်းတင်"၊ ပန်းချီဆရာကြီး "ကျိုက်လတ်ဝင်းမောင်"ဖြစ်သည်။ နာရေးကူညီမှုအသင်း (ရန်ကုန်)ကို စတင်ဖွဲ့စည်းကတည်းက ကျွန်တော့်အား ဂုဏ်ပြုလိုသည်မှာ ယခုမှ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ အသင်းသားတစ်ဦးဖြစ်သူ ပန်းချီဆရာဦးတင်ဦး အဆက်အသွယ်နှင့် ပြီးမြောက်သွားခြင်းဖြစ်သည်ဟု ပြောကြားကာ ပန်းချီဆရာကြီး ကျိုက်လတ်ဝင်းမောင်မှ သူရေးဆွဲထားသော ဆီဆေးပန်းချီကားကြီးအား ကျွန်တော့်အား ဂုဏ်ပြုလက်ဆောင်အဖြစ် ချီးမြှင့်သွားတော့သည်။ ထိုအချိန်ကာလ အပိုင်းအခြားအထိ ကျွန်တော်သည် အသင်းတွင် အလုပ်အလွန်များနေ၍လည်းကောင်း၊ ဧည့်သည်တော် ဂျွန်မက်ကိန်းနှင့် တွေ့ဆုံနေမှုကြောင့်လည်းကောင်း လက်ဆောင်ပေးအပ်ခဲ့သော ပန်းချီကားကြီးအား သေချာတိကျစွာမလေ့လာ၊ မခံစားဖြစ်ခဲ့ပေ။ ဂျွန်မက်ကိန်း ပြန်သွားပြီးသည့်နောက် ပင်ပန်းမှုများအား အနားပေး၍ စိတ်ကိုလျှော့ချလိုက်ကာ ကျွန်တော်၏ အခန်းတွင်းရှိ ကျွန်တော်၏ အလုပ်စားပွဲနံရံပေါ်တွင် ချိတ်ဆွဲထားသော ပန်းချီကားကြီးအား အသေးစိတ် ကြည့်ရှုနစ်မျောသွားစဉ် ကျွန်တော်တို့၏ အသင်းသားတစ်ဦးဖြစ်သူ ကိုဝံသ (ပန်းချီဆရာကြီး ဦးသန်းအောင်၏သား) ဖြစ်သူ၏ စကားသံကို ကြားလိုက်မိသည်။ "ပန်းချီလောကမှာ ပန်းချီကျိုက်လတ်ဝင်းမောင်ကို ရွှေတိဂုံဝင်းမောင်လို့ ခေါ်ကြတယ်။ ဒီဆရာက မျက်စိမှိတ်ပြီး ရွှေတိဂုံစေတီတော်ကို မကြည့်ဘဲ အလွတ်ရေးဆွဲနိုင်လောက်အောင်ကို တော်တယ်ဗျ"တဲ့။ ဟုတ်ပါသည်။ ဆရာကြီး ရွှေတိဂုံဝင်းမောင် (ခ) ပန်းချီ ကျိုက်လတ်ဝင်းမောင်၏ ဆီဆေးလက်ရာ ပန်းချီကားမှာ အသက်ဝင်လှသည်။ ကျွန်တော်၏ အလုပ်ခန်းကြမ်းပြင်ပေါ်တွင် ခင်းထားသော ကြွေပြားအခင်းပေါ်တွင် ထိုင်၍ ဖူးမြော်ကြည်ညိုမိပါက တကယ့်ကို ရွှေတိဂုံစေတီတော်မြတ် ရင်ပြင်တော်ပေါ်မှ ဖူးမြော်ရသလို ခံစားရပါတော့သည်။

ကိုဝံသ ပြောသွားသောစကားအရ "ဒီဆရာက ရွှေတိဂုံစေတီတော်မြတ်ကို မကြည့်ဘဲ အလွတ်ဆွဲနိုင်တယ်"ဟူသော စကားရပ်မှာ ကျွန်တော့်အတွက် များစွာ တာသွားတော့သည်။ ဆရာတော်ဘုရားကြီးများ၏ ဆုံးမဩဝါဒများတွင် ပါရှိသော "နှလုံးသားမှာ ဘုရားတည်ဖို့ အရေးကြီးတယ်"ဟု ပဲ့တင်သံများ ထပ်သွားပါတော့သည်။ ဟုတ်ပါသည်။ ဆရာကြီး ကျိုက်လတ်ဝင်းမောင်မှာ နှလုံးသားတွင် ဘုရားတည်၍ ရေးဆွဲထားခြင်းဖြစ်မည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်မည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်အား ဂုဏ်ပြုချီးမြှင့် လက်ဆောင်ပေးခဲ့သော ရွှေတိဂုံစေတီတော်မြတ် ဆီဆေးပန်းချီကား၏ မြင်ကွင်းသည်ကား ကျွန်တော် ရွှေတိဂုံစေတီတော်မြတ်

www.burmeseclassic.com



ပေါ်သို့ စတင်တက်ရောက်ရာလမ်း၊ ရွှေတိဂုံစေတီတော်မြတ်မှ ရောင်ခြည်တော်များ ကွန့်မြူးခြင်းကို ဖူးတွေ့မိသည့် ကျွန်တော်၏ အောင်မြေနေရာ၊ ကျွန်တော် အဓိဋ္ဌာန်ဝင်သည့် ဝိဇ္ဇာတန်ဆောင်းစသည့် (၃) ဌာန ဆုံစည်းရာ အောင်မြေများပါရှိရာ ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်သော ပန်းချီကားချပ်ကြီးပင် ဖြစ်တော့သည်။

လူသားအားလုံး နှလုံးသွားတွင် ဘုရားတည်နိုင်ကြပါစေသတည်း။




www.burmeseclassic.com

www.burmeseclassic.com



# ဘဝကူးကောင်းအောင် သရဏဂုံကိုတော့ စောင့်ထိန်းသင့်တယ်လို့ ပြောတဲ့ ဦးကျော်သူ နှင့် တွေ့ဆုံခြင်း



ကမ္ဘာမြေပြင်ပေါ်မှာ လူရယ်လို့ စတင်မွေးဖွားတဲ့နေ့ကစပြီး သေဖို့ ခြေလှမ်းစတော့တာပါပဲ။ သေခြင်းတရားမှာလည်း ရောဂါဝေဒနာကြောင့် သေဆုံးရတာရှိသလို အက်စီးဒင့်ကြောင့် သေဆုံးရတာတွေလည်း ရှိပါတယ်။ သေခြင်းတရားဆိုတာကလည်း နေရာဒေသ၊ အချိန်၊ အသက်အရွယ် ဘယ်အရာမှကို ကန့်သတ်ထားလို့ မရပါဘူး။ အဲဒါကြောင့် အသက်အရွယ်နဲ့ အချိန်ကာလကို ထိုင်စောင့်မနေဘဲ ငယ်စဉ်ကတည်းက ဘာသာတရားကို ကိုယ်တတ်နိုင်သလောက် လေ့လာလိုက်စားဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် လူတွေရဲ့ နောက်ဆုံးခရီးကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေတဲ့ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးကျော်သူကို ဘာသာတရားနဲ့ပတ်သက်ပြီး အခုလို မေးမြန်းဖြစ်ခဲ့ပါတယ်။

**ဦးကျော်သူအနေနဲ့ ဘာသာရေးနဲ့ပတ်သက်ပြီး နေ့စဉ် ဘာတွေလုပ်ဖြစ်ပါသလဲ။**

ဘာသာရေးနဲ့ပတ်သက်ပြီး နေ့စဉ်ကတော့ သတ္တဝါအားလုံး၊ ကမ္ဘာ့လူသားအားလုံး၊ မြန်မာပြည်သူပြည်သား အားလုံးကို အမြဲတမ်း မေတ္တာပို့တယ်။ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ၊ ၂၀၀၁ ခုနှစ်ကနေ စတင်လုပ်ခဲ့တဲ့ အများအကျိုးကို ထမ်းရွက်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို အမျှဝေတယ်။ နာရေးကူညီမှုအသင်းဆိုပြီး သေဆုံးသွားတဲ့ လူတွေကို အသုဘချပေးရုံနဲ့ မပြီးသေးဘူး။ ဒီခေတ်မှာဆို ပိုဆိုးတယ်။ (၁၀) ယောက်သေတယ်ဆိုရင် (၉)ယောက်လောက်က မကျွတ်လွတ်ဘူး။ အခုခေတ်မှာ အားလုံးက အဆင်မပြေမှုတွေ၊ ဒေါသ၊ မောဟတွေနဲ့ ဘဝကူးသွားကြရတယ်။ အဲဒီတော့ သူတို့အတွက် ကျွတ်ဖို့လွတ်ဖို့အတွက်ကိုပါ လုပ်ပေးရတယ်။ ဒါတွေကတော့ နေ့စဉ်လုပ်ဖြစ်တဲ့ ကောင်းမှုတွေပါ။

www.burmeseclassic.com

www.burmeseclassic.com




**ဗုဒ္ဓဘာသာကို မိရိုးဖလာအရ ကိုးကွယ်လာခဲ့ပြီးတဲ့နောက် ဗုဒ္ဓတရားတော်ရဲ့ အနှစ်သာရတွေကို ဘယ်အချိန်မှာ စတင်သိရှိခဲ့တာပါလဲ။**

ဗုဒ္ဓတရားတော်ရဲ့ အနှစ်သာရကို သိရှိတဲ့အချိန်ကတော့ ၁၉၉၄ ခုနှစ်လောက် ကျွန်တော် အသက် (၃၀)လောက်မှာ သိလာခဲ့တယ်။ လူငယ်ဘဝ အိမ်ထောင်မကျခင်တုန်းကတော့ ဘုန်းကြီးတွေရှင်ကန်တော့ရမယ်ဆိုတဲ့ အသိပဲရှိသေးတယ်။ အိမ်ထောင်ကျပြီး အသက် (၃၀)ကျော်နောက်ပိုင်းမှာ ဘာသာရေးစာပေတွေ ဖတ်တယ်။ အရှင်ဇနကာဘိဝံသရဲ့ စာပေတွေ၊ ယောဆရာတော်ရဲ့စာပေတွေ၊ ဦးဇောတိကရဲ့စာပေတွေကိုဖတ်တယ်။ ဦးဇောတိက,က ဘာသာခြားကနေ ဗုဒ္ဓဘာသာကိုပြောင်းပြီး ဘုန်းကြီးဝတ်တာဆိုတော့ သူ့ရဲ့စကားတွေ တရားတွေက လူ့ဘဝ ကျင်လည်နေရတဲ့အချိန်နဲ့ ကိုက်ညီမှုရှိတယ်။ သူ့ရဲ့ သွန်သင်ဆုံးမမှုကိုလည်း နာခံတယ်။ အဓိက,က စိတ်ကောင်းထားဖို့ကိုပြောတယ်။ ကျွန်တော့်ကလေးတွေ သားနဲ့သမီး ငယ်ငယ်တုန်းက ရွှေရာသီ သင်္ကြန်တွင်းမှာ အောင်ဆန်းဆရာတော်ဆီမှာ တရားစခန်းဝင်ရင်းနဲ့ သမီးက ဆရာတော်ကြီးကို လျှောက်တယ်။ ရုပ်ရှင်မင်းသား မင်းသမီးတွေ ဘဝကူးပြီး သေဆုံးသွားတဲ့အခါ ဘယ်ဘုံရောက်မလဲလို့ မေးလိုက်တဲ့အခါ အဲဒီမှာ ဆရာတော်ကြီး ဖြေလိုက်တဲ့ စကားကို တော်တော်လေး လန့်သွားတယ်။ အဲဒီစကားက ဘာလဲဆိုတော့ ရုပ်ရှင်မင်းသား မင်းသမီးတွေ သေဆုံးရင် အပါယ်လားတယ်တဲ့။ အဲဒီအချိန်မှာ လန့်သွားပြီး ကုသိုလ်ကောင်းမှုလုပ်မှ ဖြစ်တော့မယ်ဆိုပြီး လုပ်လာခဲ့တယ်။ ၂၀၀၁ ခုနှစ်မှာ ဘဘဦးသုခက နာရေးကူညီမှုအသင်း လုပ်မယ်ဆိုတာနဲ့ အဲဒီအလုပ်လုပ်ရင်း ဘာသာရေးကို လေးလေးနက်နက် လိုက်စားလာခဲ့တယ်။ ကျွန်တော် တစ်ချိန်ကဆို သမထလိုင်းကို လိုက်စားတယ်။ လူ့ဘဝမှာ ရပ်တည်နေတဲ့အချိန်မှာ လူတွေနဲ့ ဆက်ဆံရတဲ့ သမထဘက်ကို ကျွန်တော် အလေးသာခဲ့တယ်။ အခုတော့ ကျွန်တော် ဝိပဿနာဘက်ကူးနေပါပြီ။

**ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ သိရှိနားလည်သင့်တဲ့ ဘာသာရေးအကြောင်းအရာတွေက ဘာတွေများလဲဆိုတာ ပြောပြပေးပါလား။**

ဗုဒ္ဓဘာသာဆိုတာ မြတ်စွာဘုရားဟောတာကတော့ လူဟာ လူ့ကျင့်ဝတ်နဲ့ နေရမယ်။ ရိုးသားစွာနေရမယ်။ အခုအချိန်မှာ သိပ္ပံပညာရှင်တွေ ပြောကြားနေတဲ့အရာတွေ တော်တော်များများက မြတ်စွာဘုရားဟောကြားခဲ့တဲ့ အရာတွေချည်းပဲ။ မြတ်စွာဘုရားက အလုံးစုံကို သိမြင်တော်မူတဲ့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ပဲ။ မြတ်စွာဘုရားဟောတာတွေက အကုန်လုံး အမှန်တွေပဲ။ အခုအချိန်မှာ မကြုံရသေးတာကလည်း ကိုယ်ပြုတဲ့ကုသိုလ် အကုသိုလ်အရှိန်လေးတွေ ရှိနေလို့သာပဲ။ နည်းနည်းလေး ခံသာနေကြတာ။ ပွဲတင်သံဆိုတာ အချိန်မရွေးပြန်လာမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com





**ဦးကျော်သူ အနုပညာအလုပ်တွေလုပ်နေစဉ် အချိန်ကာလတုန်းက ဘာသာရေးနဲ့ ပတ်သက်ပြီး ဘာတွေလုပ်ဖြစ်ခဲ့ ပါသလဲ။**

အနုပညာလောကမှာ နေတုန်းကတော့ လုပ်တာတော့ လုပ်တယ်။ ဒါပေမယ့် နည်းလမ်း မမှန်ခဲ့ဘူး။ အခုအချိန်မှာ နာရေးကူညီမှုအလုပ်တွေ လုပ်ရင်းနဲ့မှ အနိစ္စဆိုတာ လူတိုင်းကြုံတွေ့ရမှာပဲ၊ မမြဲဘူးဆိုတာကို ပိုသိလာရတယ်။ ကိုယ် ကောင်းတာလုပ်ရင် ကောင်းတာ ဖြစ်မှာပဲ။ အဲဒါကြောင့် ကျွန်တော့်မှာ ရက်ရာဇာနဲ့ ပြဿဒါးဆိုတာ မရှိတော့ဘူး။ ကျွန်တော်ထုတ်တဲ့ ပြက္ခဒိန်မှာလည်း ရက်ရာဇာ၊ ပြဿဒါး မပါဘူး။ ကုသိုလ်ကောင်းမှု လုပ်တဲ့နေ့က ရက်ရာဇာ၊ အကုသိုလ်လုပ်တဲ့ရက်က ပြဿဒါးပဲ။ ကျွန်တော် အဲဒီလို ရေးခဲ့ပါတယ်။

**ပရဟိတလုပ်ငန်းလုပ်ဖို့အတွက်ဆိုရင် ဘာသာရေးနဲ့ပတ်သက်တဲ့ အသိအမြင်ကရော ဘယ်လောက်ထိ လိုအပ်ပါသလဲ။**

ဘာသာရေးကတော့ ဘယ်အလုပ်ပဲလုပ်လုပ် လိုအပ်တဲ့အရာပါ။ ပရဟိတပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ နိုင်ငံရေးပဲလုပ်လုပ် ဘာသာရေးစိတ်ကလေးရှိတယ်ဆိုရင် လူ့ရဲ့စိတ်ကို သိမ်မွေ့စေတယ်။ ယဉ်ကျေးစေတယ်။ မကောင်းတာကို မလုပ်ဖြစ်ဘူး။ စီးပွားရေးလုပ်တဲ့အခါမှာလည်း လောဘစိတ်တွေ အများကြီးထားလို့လည်း မဖြစ်ဘူး။ အဲဒီ လောဘစိတ်ရဲ့ အကျိုးအပြစ်တွေက တစ်ချိန်မှာ ကိုယ်ပြန်ခံစားရမှာပဲ။ အဲဒီအတွက် ဘယ်အလုပ်ကိုပဲလုပ်လုပ် ဘာသာရေးကိုပဲ လက်ကိုင်ပြုထားရမှာပါ။

**တချို့သောလူငယ်တွေက ဘာသာရေးလုပ်ဖို့ သူတို့နဲ့ မဆိုင်သေးဘူးထင်ကြတယ်။ အဲဒီအပေါ် ဦးကျော်သူအနေနဲ့ လူငယ်တွေကို ဘာပြောချင်ပါသလဲ။**

ဘာသာရေးလုပ်တယ်ဆိုတာကတော့ အသက်အရွယ်နဲ့ မဆိုင်ပါဘူး။ လူဆိုတဲ့ မျိုးရိုးက ကမ္ဘာမြေပြင်ပေါ်ရောက်လာတာနဲ့အမျှ သေဖို့ ခြေလှမ်းစလှမ်းတော့တာပဲ။ ငယ်ငယ်ရွယ်ရွယ် လပိုင်းလေးတွေနဲ့ သေဆုံးသွားတဲ့ ကလေးတွေရှိသလို လူလတ်ပိုင်းမှာ သေဆုံးသွားတဲ့ သူတွေလည်း ရှိတယ်။ နည်းပေါင်းစုံနဲ့ သေဆုံးကြတယ်။ ရောဂါဝေဒနာနဲ့ ဆုံးတာရှိသလို အက်စီးဒင့်ဖြစ်ပြီး ဆုံးတာရှိတယ်။ အချိန်မရွေး သေနိုင်တယ်။ အသက်ကြီးမှ သေမယ်ဆိုတာ မဟုတ်ဘူး။ ဒါကို လူတိုင်းလက်ခံနိုင်ရမယ့်အချက်ပဲ။ အချိန်မရွေးသေနိုင်တဲ့အတွက် မသေခင်စပ်ကြား အသက်ရှင်နေတဲ့အချိန်မှာ ကိုယ်သိတတ်တဲ့ အရွယ်ကစပြီး ဘာသာရေးလိုက်စားမှ ကိုယ့်ဘဝကူးကောင်းမှာ။ ကိုယ့်နောက်ဆုံးထွက်သက်မှာ ဘာသာရေးအတွေးအခေါ် စိတ်ကူးလေးနဲ့ သွားတယ်ဆိုရင် ဒါအကောင်းဆုံးပဲ။ ကျွန်တော်ဆိုရင် တစ်ချိန်တုန်းက အနုပညာအလုပ်တွေ လုပ်နေတော့ ဘာသာရေးလုပ်ဖို့ကို မေ့လျော့နေခဲ့ပြီး သောက်စားမူးယစ်နေခဲ့ဖူးတယ်။ ဒါတွေလုပ်ခဲ့ဖူးတယ်။ အဲဒီတော့ ဒီလူကြီးကကွာ သူ့ကျတော့ စုံနေအောင် လုပ်ခဲ့ပြီးတော့ ငါတို့ကျတော့ မလုပ်ဖို့ ဟန့်တားတယ်။ ဒါမျိုးလည်း မတွေးစေချင်ဘူး။ ကိုယ်တို့လုပ်ခဲ့တဲ့အရာတွေကို ကိုယ်တို့ ခံရဦးမှာပဲ။ မကောင်းတာလုပ်ခဲ့တဲ့ဒဏ်တွေကို ခံရဦးမှာပဲ။ အဲဒီဒဏ်တွေကို မခံရအောင်၊ ဘဝမှာ အေးအေးချမ်းချမ်းနဲ့ နေထိုင်ခွင့်ရအောင်၊ သေသွားရင်လည်း ဘဝကူးကောင်း

www.burmeseclassic.com

www.burmeseclassic.com





အောင် ဘာသာရေးကိုတော့ အနည်းဆုံး သရဏဂုံလေးကိုတော့ စောင့်ထိန်းနိုင်ရင် ကောင်းတယ်။ သီလမဆောက်တည်နိုင်ရင် တောင်မှ သရဏဂုံလေးတော့ စောင့်ထိန်းသင့်တယ်။ သီလကတော့ လူ့ကျင့်ဝတ်ပဲ။ လူတွေလိုက်နာသင့်တဲ့ ကျင့်ဝတ်ဖြစ်တယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ နိုင်ငံဖြစ်ပြီး ဘာလို့ ဆင်းရဲတာလဲ။ ဘုရားဟောတဲ့စကားကို မလိုက်နာကြဘူး။ တခြားနိုင်ငံတွေက ဘာသာခြားတွေ ဘာလို့ တိုးတက်နေလဲ။ သူတို့ကျင့်ကြံအားထုတ်နေတဲ့ ပုံစံတွေက ဒီ ဗုဒ္ဓဘာသာမှာ ဘုရားဟောကြားခဲ့တဲ့အတိုင်းပဲ။ ခရစ်ယာန်တွေဆိုရင် ဘုရားကျောင်းမှာ အလှူငွေထည့်တာတောင်မှ ပိုက်ဆံကို ဘယ်သူမှမမြင်အောင် လက်ထဲဆုပ်ပြီး ပေးကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘေးလူကမြင်သွားတဲ့အခါ သူ့ရဲ့စိတ်မှာ ဒီလူက ငါ့ထက်အများကြီး လှူနိုင်တာပဲ ဆိုပြီး သူ့ရဲ့စိတ်မှာ ထိခိုက်သွားနိုင်တယ်။ သိမ်ငယ်သွားနိုင်တယ်။ ဒါမျိုးတွေမဖြစ်အောင် ဘယ်ဘက်လက်က လှူရင် ညာဘက်လက်က မသိစေနဲ့ဆိုတာ သူတို့ရဲ့ ကောင်းတဲ့အချက်တွေပဲ။ ဒါတွေကလည်း ဗုဒ္ဓရဲ့ ဟောကြားတဲ့အထဲမှာပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာနိုင်ငံမှာက ဘုရားဟောတဲ့အတိုင်း မလိုက်နာ မကျင့်သုံးလို့ ဒီလိုတွေဖြစ်နေတာ။ ပါးစပ်ကသာ သာသနာကို မစော်ကားနဲ့၊ သာသနာကို မထိနဲ့လို့ လက်သီးလက်မောင်းတန်းပြီး ကြွေးကြော်နေလို့ မရဘူး။ ကိုယ်ကရော သာသနာအတွက်ကို ဘာတွေများ လုပ်ခဲ့ပြီးပြီလဲ။ ဘာတွေများ ပေးဆပ်ပြီးပြီလဲ။ ကိုယ်က ပေးဆပ်ပြီးတော့မှ သာသနာကို ထိခိုက်အောင် လုပ်တဲ့သူတွေကို ပြောတယ်ဆိုတာ အဓိပ္ပာယ်ရှိတယ်။ ကိုယ်က ဘုရားဟောတရားကို နားမထောင်ဘဲနဲ့ ငါတို့ဘာသာကို လာမထိနဲ့ လို့ပြောရင် အဓိပ္ပာယ်မရှိဘူး။ **ဗုဒ္ဓဘာသာအနေနဲ့ တခြားဘာသာတွေနဲ့ ရန်ဖြစ်တယ်ဆိုတာ မရှိဘူး။ အားလုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြဟ္မစိုရ်တရား မထွန်းကားသရွေ့ တိုင်းပြည်က ဘယ်လိုမှ တိုးတက်မှာမဟုတ်ဘူး။ ငြိမ်းချမ်းမှာမဟုတ်ဘူး။** ရှေးလူကြီးတွေ ပြောတဲ့ စကားတွေက အရမ်းမှန်တာပဲ။

**ဘာသာရေးလုပ်တဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိတယ်ဆိုတာ လူငယ်တွေသိအောင် ပြောပြပါလား။**

ဘာသာရေးလုပ်တဲ့အခါမှာ ဘယ်သူမှတော့ အကျိုးကျေးဇူးတွေ ခံစားဖို့ မမျှော်လင့်ပေမယ့် ရရှိတဲ့ အကျိုးကျေးဇူးက ကိုယ့်စိတ်ချမ်းသာမှုပဲ။ စိတ်ချမ်းသာတဲ့အတွက် လောဘ၊ ဒေါသ၊ မောဟကို ထိန်းပေးနိုင်တယ်။ အဲဒီအတွက် ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မိသားစုလည်း အဲ့ဒီ စိတ်ချမ်းသာမှုကို ခံစားရတယ်။ လူတိုင်း ဘာသာရေးကို လိုက်စားမယ်ဆိုရင် ကိုယ့်တိုင်းပြည်ကအစ အေးချမ်းလာမှာပဲ။

**ငါးပါးသီလနဲ့ပတ်သက်ပြီး ဘယ်လိုမျိုး စောင့်ထိန်းဖြစ်လဲ။ ငါးပါးသီလကို စောင့်ထိန်းတဲ့အတွက် ဘယ်လိုကုသိုလ် အကျိုးတွေ ရရှိတယ်ဆိုတာ လူငယ်တွေသိအောင် ပြောပြပေးပါလား။**

ငါးပါးသီလဆိုတာက ဘုရားဟောတရားဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး စောင့်ထိန်းတယ်။ မပျက်ဘူးလို့တော့ မပြောဘူး။ ပရဟိတအလုပ်က လူပေါင်းစုံနဲ့ ဆက်ဆံရတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com





လုပ်ရတဲ့အလုပ်က ကုသိုလ်ရပေမယ့် တချို့နေရာလေးတွေမှာ အကုသိုလ်လေးတွေ ရလာတာလည်းရှိတယ်။ တချို့သောလူတွေက ပရဟိတအလုပ်ကို အကြောင်းပြုပြီး ကိုယ်ကျိုးရှာချင်ကြ တဲ့သူတွေ၊ အလှူငွေတွေကို အလွဲသုံးစားလုပ်တဲ့သူတွေ၊ ထင်ပေါ်ကျော်ကြားချင်လို့ လုပ်တဲ့သူတွေနဲ့ ကြုံတဲ့အတွက် ဒီလုပ်ငန်းကိုလည်း လုပ်ချင်စိတ် မရှိတော့ဘူး။ အဲဒီအတွက် တတ်နိုင်သလောက် ဒီလုပ်ငန်းမှာ ဦးဆောင်နိုင်တဲ့ မျိုးဆက်သစ်ခေါင်းဆောင်တွေကို နေရာပေးနိုင်ဖို့အတွက် လက်တွဲခေါ်နေတယ်။ တစ်နေ့ကျရင် ကိုယ့်လမ်းကိုယ်သွားရမှာဖြစ်တဲ့တွက် ဘာသာရေးကို ဦးစားပေးပြီး လုပ်ရမယ့်အခြေအနေတွေ ဖြစ်လာပြီ။ ငါးပါးသီလရဲ့ ကုသိုလ်အကျိုးကတော့ ကိုယ်တိုင်စောင့်ထိန်းကြည့်မှ သိလာမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဘာတွေ ဘယ်လို ခံစားရတယ်ဆိုတာကို မပြောတော့ပါဘူး။ ကိုယ်တိုင်လက်တွေ့ လုပ်ကြည့်ကြပါ။

**အလှူဒါနပြုခြင်းကြောင့် ဘယ်လိုမျိုး ကုသိုလ်ကျေးဇူးတွေရရှိပြီး ဘယ်လိုစိတ်မျိုးတွေ ထားသင့်တယ်ဆိုတာကို လူငယ်တွေသိအောင် ပြောပြပေးပါလား။**

"အူမတောင့်မှ သီလစောင့်တယ်"ဆိုတဲ့စကားက မှားတယ်။ ကိုယ်က သီလလုံရင် အူမက တောင့်ပြီးသားဖြစ်မှာပဲ။ အလှူလှူတဲ့အခါပဲဖြစ်ဖြစ် သူများကို ကူညီတာပဲဖြစ်ဖြစ် ကိုယ်က စိတ်ထားမှန်မှန်နဲ့ လှူပေးသင့်တယ်။ အဖွဲ့အစည်းတွေအနေနဲ့ဆိုရင်လည်း သူများက စေတနာစိတ်နဲ့ လှူတဲ့အရာကို မှန်မှန်ကန်ကန်နဲ့ စနစ်တကျသုံးရတယ်။ ကိုယ်ကျိုး လုံးဝမပါရဘူး။ ကျွန်တော်ဆိုရင် ရရှိတဲ့အလှူငွေထဲက ဘယ်တော့မှ ကိုယ်ကျိုးအတွက် မသုံးဘူး။ ကိုယ့်ထမင်း ကိုယ်ဝယ်စားတယ်။ ကိုယ့်ကားကို ကိုယ့်ဆီထည့်ပြီးထားတယ်။ ဗုဒ္ဓဘာသာတွေက အလှူဒါနလုပ်တဲ့အခါ ကမ္ပည်းတင်မှတို့ ဘာဘွဲ့ညာဘွဲ့တို့ ပိုက်ဆံပေးပြီးဝယ်တာတို့က ကျွန်တော့်အတွက်တော့ တကယ့်ကို ဟာသပဲ။ ဒါက တရားမရှိသေးတဲ့လူတွေပဲဖြစ်မှာပဲ။ ဘယ်ဘုန်းကြီးကျောင်းမှာ ဘယ်ကျောင်းဆောင်ကြီးကို ဆောက်ပေးတယ်။ သိန်းပေါင်းဘယ်လောက်လှူပြီး ဆောက်ပေးရင် ဘာဘွဲ့တွေရမယ်ဆိုလို့ လှူတာတွေက လွဲမှားနေကြတာပဲဖြစ်တယ်။ တကယ်လိုအပ်တဲ့နေရာမှာ တကယ်လှူဖို့က အရေးကြီးတယ်။ အခုဆို ကျွန်တော်တို့တစ်တွေအနေနဲ့ စာသင်ကျောင်းတွေ သွားပြီးဆောက်ပေးတယ်။ ဆေးခန်းတွေ သွားပြီးဖွင့်ပေးတယ်။ ဒါတွေက တကယ်လိုအပ်တဲ့နေရာတွေမှာ နောင်သံသရာအတွက် နောက်အနာဂတ် မျိုးဆက်သစ်တွေအတွက် ကျွန်တော်တို့က လုပ်ပေးရတာ။ တကယ်လိုအပ်တဲ့နေရာမှာ တကယ်လှူဖို့က အရေးကြီးတယ်။ ကျွန်တော်တို့ နာရေးကူညီမှုအသင်းကို လှူကြပါလို့ တစ်ခွန်းမှ မပြောဖူးဘူး။ စလုပ်ကတည်းက ကျွန်တော့်ကို တချို့လူတွေကပြောတယ်။ ခင်ဗျားက မင်းသားပဲ၊ နိုင်ရင် လောကမှာ ခင်ဗျားအပေါင်းအသင်းတွေက အများကြီးပဲ။ သူတို့က မင်းသား မင်းသမီး၊ သူဌေးတွေ။ သူတို့ဆီက အလှူခံပါလားဆိုပြီး ပြောကြတယ်။ ကျွန်တော့်အနေနဲ့ အဲဒီလို လုံးဝ အလှူမခံဘူး။ သူတို့ဘာသာ သူတို့ရဲ့စိတ်မှာ သဒ္ဓါပေါက်လို့ လာလှူတာကိုပဲ အလှူခံတယ်။

www.burmeseclassic.com





ငါတို့ကို လှူပါဆိုပြီး တစ်ခွန်းမှမပြောဘူး။ ဒါမျိုးကလည်း မပြောကောင်းဘူး။ လူဆိုတာ ကိုယ့်စိတ်ထဲမှာ သဒ္ဓါပေါက်လို့ သိန်းတစ်ရာပဲလှူလှူ သိန်းတစ်ထောင်ပဲ လှူလှူ ဒါမျိုးကျတော့ လက်ခံတယ်။ သဒ္ဓါပေါက်တဲ့အချိန်မှာ ချက်ချင်းလှူလိုက်တာက အကောင်းဆုံးပဲ။ ဆရာမင်းသိခ်ပြောတဲ့ စကားတစ်ခွန်းရှိတယ်။ "ဖျတ်ခနဲပေါ် ဆတ်ခနဲလုပ်"ဆိုတဲ့ စကားအတိုင်းပဲ။ ကိုယ့်စိတ်ထဲမှာ လှူချင်တဲ့စိတ် ရှိနေရင် ချက်ချင်းထပြီး ပြတ်ပြတ်သားသား လှူလိုက်။ အဲဒါက ကိုယ့်အတွက်ရော တစ်ပါးသူအတွက်ပါ အကျိုးရှိတယ်။ ကိုယ်လှူတဲ့နေရာကလည်း တကယ်အကျိုး ရှိတဲ့နေရာဖြစ်ရမယ်။

**ဝိပဿနာ သင်တန်းဖွင့်တယ်လို့ သိရပါတယ်။ အဲဒီသင်တန်းနဲ့ပတ်သက်ပြီးလည်း ပြောပြပေးပါလား။**

အဲဒါကတော့ ကျွန်တော်လုပ်တာ မဟုတ်ပါဘူး။ ကျွန်တော့်အမျိုးသမီး ရွှေဇီးကွက်လုပ်တာ။ သူ့ရဲ့ဆရာနဲ့ ဓမ္မလမ်းလေး လျှောက်ကြမယ်ဆိုတဲ့ သင်တန်းလေး အရင်တုန်းကဖွင့်တယ်။ ဒီမှာ စိတ်ဝင်စားတဲ့လူငယ်တွေ အလှူရှင်တွေ လာတက်ကြတယ်။ ဝိပဿနာကိုတော့ ကျွန်တော် သိပ်မလုပ်ဖြစ်သေးဘူး။ ဘာသာရေးကို နေ့စဉ်လုပ်ဖြစ်ပေမယ့် ဝိပဿနာဆိုတာက ကျွန်တော်သိသလောက်ပြောရရင် တရားထိုင်နေမှ တရားရတာမဟုတ်ဘူး။ ကိုယ်စကားပြောတာပဲဖြစ်ဖြစ် ထမင်းစားတာပဲဖြစ်ဖြစ် ဘာပဲလုပ်လုပ် အမှတ်ကလေးနဲ့ လုပ်ဖို့ပဲလိုတယ်။ သတိနဲ့ အသိကို မမေ့လျော့ဖို့ပဲ။

**လူငယ်တွေအနေနဲ့ ဗုဒ္ဓရဲ့ စစ်မှန်တဲ့တရားတွေ ဘာသာရေးအကြောင်းတွေကို သိရှိအောင် ဘာတွေလုပ်ပေးသင့်တယ်လို့ ထင်ပါသလဲ။**

ဗုဒ္ဓဘာသာဝင်ကလေးတွေက ဘုန်းကြီးကျောင်းသွားဖို့ခေါ်ရင် ဘယ်သူမှ မလိုက်ချင်ဘူး။ တခြားဘာသာတွေမှာဆိုရင် သူတို့ရဲ့ ဘုရားကျောင်းတွေသွားရတာကို ကလေးတွေက ပျော်ကြတယ်။ သူတို့ကလေးတွေ ဘုရားကျောင်းသွားရင် ဘာကြောင့်ပျော်သလဲဆိုတာ လေ့လာသုံးသပ်ကြည့်ဖို့လိုတယ်။ ဒါတွေကို ဆရာတော်ကြီးတွေ သံဃာတော်တွေကလည်း သုံးသပ်ကြည့်ပေးဖို့လိုတယ်။ ကိုယ့်ဘာသာကို နောက်မျိုးဆက်သစ်ကလေးတွေ ဘာသာတရားကို ကိုင်းရှိုင်းအောင် ကိုယ့်ဘာသာမှာ ကိုယ်ပျော်မွေ့အောင် ဘုန်းကြီးကျောင်းသွားရတာကို ပျော်တယ်။ ဘုရားတက်ရတာကို စိတ်ချမ်းသာတယ်။ အဲဒီလိုဖြစ်အောင် နည်းနည်းတော့ ပြောင်းလဲမှုတွေ လုပ်ပေးသင့်တယ်လို့ထင်တယ်။ ဘုန်းကြီးကျောင်းသားဆိုပြီး စာတွေချည်းပဲ ကြိမ်လုံးကိုင်ပြီး သင်နေလို့မရဘူး။

**ကိုယ့်ရဲ့ ဘာသာ သာသနာ ပျောက်ကွယ်မသွားအောင် ဘယ်လိုထိန်းသိမ်းမှုတွေ လုပ်ပေးသင့်တယ်လို့ ထင်ပါသလဲ။**

ဒါကတော့ အဓိက လူကြီးမိဘ၊ ဆရာတော်၊ သံဃာတော်တွေအပေါ်လည်း မူတည်တယ်လေ။ ကျွန်တော်တို့က မြတ်စွာဘုရားကိုလည်း မြင်တွေ့ဖူးတာမဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ တရားတွေကိုလည်း နာခဲ့ဖူးတာမဟုတ်ဘူး။ ဆရာတော်တွေရဲ့ သွန်သင်မှုကို စိတ်ဝင်စားလို့ ဖတ်ရှုပြီးတော့ တရားတွေနာ၊ ပြီးတော့မှ တကယ်ကောင်းတယ်ဆိုတာ သိရှိလာတာ။ တရားစစ်

www.burmeseclassic.com

www.burmeseclassic.com





တရားမှန်တွေကို ဆရာတော်ကြီးတွေက အသေအချာလေး ဟောပြောပေးဖို့ အရေးကြီးပါတယ်။ ကျွန်တော် လူပြိန်း တစ်ယောက်အမြင်နဲ့ ပြောရရင် ဘာသာရေးမှာ ပါဠိလို သိပ်မသုံးဘဲနဲ့ အများနားလည်နိုင်အောင် လက်တွေ့ကျကျ အဖြစ်အပျက်လေးတွေနဲ့ယှဉ်ပြီး ပြောမယ်ဆိုရင် စိတ်ဝင်စားလာကြမှာပဲ။ မြတ်စွာဘုရားလက်ထက်တုန်းက အဖြစ်အပျက်တွေဖြစ်တဲ့ သာဝတ္ထိပြည်မှာ ဘယ်သူတွေကတော့ ဘာတွေဖြစ်တယ်ဆိုတာ ကိုယ်တွေ့ မမြင်ဘူးပေမယ့် စိတ်ကူးလေးနဲ့ မျက်စိထဲပဲ မြင်ရတယ်။ အဲဒါတွေကို အခုခေတ်ကာလနဲ့ယှဉ်ပြီး ဟောနိုင်အောင် လုပ်ပေးသင့်တယ်။ အခုလက်ရှိဖြစ်နေတဲ့ အရာတွေကို အခြေခံပြီး ဟောပြောသင့်တယ်။ ဒါကလည်း ဘုန်းကြီးတွေ နိုင်ငံရေးလုပ်တာ မဟုတ်ဘူး။ တရားဟောတာ၊ နိုင်ငံရေးလုပ်တာ မဟုတ်ဘူး။ နိုင်ငံရေး၊ ဘာသာရေး၊ ပြည်သူ့အရေး၊ ဘာသာရေးကို လုပ်တဲ့အတွက် ဒါတွေကိုတော့ ယှဉ်ပြီး ပြောပြသင့်တယ်။ အဲဒါမှလည်း လူတွေရဲ့နားထဲမှာ စွဲမြဲနေမှာဖြစ်တယ်။

**ငယ်ရွယ်စဉ်အချိန်ကတည်းက ကိုယ့်ရဲ့ ဘာသာရေးမှာ ပျော်မွေ့ဖို့အတွက် မိဘတွေအနေနဲ့ ဘယ်လောက်အထိ တာဝန်ရှိပါသလဲ။**

လက်ဦးဆရာက မိဘဖြစ်တဲ့အတွက် မိဘတွေကတော့ တာဝန်အရှိဆုံးပဲ။ လူကြီးမိဘတွေအနေနဲ့ ကလေးတွေ ဘာသာရေးကို လိုက်စားတတ်အောင် စံနမူနာဖြစ်ဖို့ ရှေ့ကနေပြီး လုပ်ဆောင်ပြသင့်တယ်။ ကျွန်တော်ဆိုရင် ညတိုင်း ဘုရားရှိခိုးတယ်။ တရားခွေဖွင့်ပြီး တရားနာတယ်။ အဲဒါကိုကြည့်ပြီး ကျွန်တော်မွေးစားထားတဲ့ ကလေးလေးဆို သူလည်း ညတိုင်း ဘုရားခန်းသွားပြီး ဘုရားရှိခိုးတယ်။ ဒါမျိုးတွေကိုကြည့်ပြီး သူတို့ ဘာသာရေးနဲ့ ရင်းနှီးလာတယ်။ အဲဒီကနေ တစ်ဆင့်ပြီးတစ်ဆင့်တက်ပြီး တကယ်အစစ်အမှန်တွေ ရရှိအောင် သွန်သင်ဆုံးမပေးဖို့လိုတယ်။ ဆုံးမတဲ့အခါမှာလည်း တကယ်လက်တွေ့ဖြစ်ပျက်နေတဲ့ ဟာမျိုးလေးတွေ၊ လူတစ်ယောက်ကို ရိုက်လိုက်တဲ့အခါ လူတစ်ယောက်က ဒုက္ခရောက်သွားတယ်။ သိပ်မကြာခင်မှာ ရိုက်လိုက်တဲ့သူက ဘယ်လိုပြန်ဖြစ်တယ်ဆိုတာကို နှိုင်းယှဉ်ပြီး ပြောပြပေးရမယ်။ မိဘတွေအနေနဲ့လည်း ကလေးတွေကို ဆုံးမပေးဖို့အတွက် ဆရာတော်တွေရဲ့ တရားတော်တွေကို နာခံရတာဖြစ်တဲ့အတွက် ဆရာတော်ကြီးတွေအနေနဲ့ နားလည်အောင် ဘယ်လိုဟောရမယ်ဆိုတာကတော့ ပိုသိပါတယ်။

ဆရာတော်တွေမှာကလည်း အမှန်ကို အမှန်အတိုင်း သိပ်ပြီး ပြောခွင့်မရဘူး။ ၂၀၀၇ ခုနှစ် စက်တင်ဘာ သံဃာအရေးအခင်းမှာတုန်းက ကျွန်တော် 'တို့အရေး' သွားလုပ်တာမဟုတ်ဘူး။ သွားပြီးအော်ဟစ်တာလည်း မဟုတ်ဘူး။ သံဃာတွေကို ဆွမ်းသွားကပ်တာ။ လက်သီးလက်မောင်းတန်းဖို့ နေနေသာသာ လက်ကလေးနှစ်ဖက်က ပခုံးပေါ်တောင်မရောက်ဘူး။ အဲဒါကို အဖမ်းခံရတယ်။ အဲဒီတုန်းကဆို စိတ်ဓာတ်တောင်ကျသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com





ငါတို့ ဗုဒ္ဓဘာသာအနေနဲ့ သံဃာတော်တွေကို ဆွမ်းကပ်တာနဲ့ တင် အဖမ်းခံရတာ၊ ကိုယ်လုပ်တဲ့အလုပ်တွေ အပိတ်ခံရတော့ ကိုယ့်ဗုဒ္ဓဘာသာကိုတောင် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ နောက်တော့မှ ဒါက ကိုယ့်ရဲ့အရင်ဘဝ ဝဋ်ကြွေးတွေရှိလို့ ခံရတာပဲ ဆိုပြီး ကိုယ့်စိတ်ကို ကိုယ်ပြန်ထိန်းရတယ်။

**ဗုဒ္ဓဘာသာလို့ အမည်ခံထားပေမယ့် တချို့က နတ်ကိုးကွယ်တာတွေရှိတယ်။ အဲဒီအပေါ် အမြင်လေးကို ပြောပြပေးပါလား။**

အဲဒါကတော့ ကိုယ်ယုံကြည်ရာ ကိုယ်လုပ်နေကြတာ ဖြစ်တဲ့အတွက် ကျွန်တော် မပြောချင်ပါဘူး။ နတ်ကိုးကွယ်တဲ့သူလည်း ရှိသလို၊ ဘိုးတော်တွေကိုးကွယ်တဲ့သူတွေလည်းရှိတယ်။ ဒါတွေကိုတော့ သွားပြီး စော်ကားလို့မရဘူး။ သူ့သမိုင်းနဲ့သူ ရှိကြတာပဲ။ ဘာသာရေးကိုတော့ ဒီဟာကိုးကွယ်တာ မှားတယ်၊ ဟိုဟာကိုးကွယ်တာ မှားတယ်ဆိုပြီး သွားပြောလို့မရဘူး။ ကျွန်တော့်အနေနဲ့တော့ ထေရဝါဒ ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ ဒီစကားမျိုးပြောတဲ့အတွက် အပြစ်တင်ရင် တင်နိုင်တယ်။ ကျွန်တော်ကတော့ အားလုံးကို မျှမျှတတ မဖျိုမပင့်ပဒါပဲ။ ကိုယ်ယုံကြည်တာကို လွတ်လပ်စွာ ကိုးကွယ်လို့ရတယ်။ ကိုယ့်ရဲ့ခံယူချက်ပဲ။ ဒါပေမယ့် လမ်းကြောင်း မမှားသွားဖို့တော့ လိုတယ်။ ကိုယ့်ဘာသာကိုယ် ချင့်ချိန်နိုင်ရမယ်။ ကျွန်တော်တို့လည်း အရင်က လုပ်ခဲ့တာပဲ။ ဒါပေမဲ့ ကိုယ့်အသိတရားနဲ့ကိုယ် အမှန်တရားကိုပဲ ရခဲ့တာပဲ။

**ဘာသာရေးနဲ့ပတ်သက်ပြီး ကြုံကြိုက်နှစ်သက်လို့ မှတ်ယူထားတဲ့ ဆောင်ပုဒ်လေးတွေရှိရင်လည်း ပြောပြပေးပါလား။**

အဲဒါကတော့ ယောဆရာတော်ကြီးဟောတဲ့ "ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမယ်"ပါ။ ကျွန်တော်မှတ်ယူထားတာတွေကတော့ အများကြီးပဲ။ ကျွန်တော် ယခုအချိန်မှာ ကောင်းတဲ့အလုပ်တွေကိုပဲ လုပ်တယ်။ မကောင်းတာဆိုလို့ ဆေးလိပ်သောက်တာပဲရှိတယ်။ ဆေးလိပ်သောက်ရင် အသက်တိုမယ်ဆိုတာ သိတယ်။ ကျွန်တော်လည်း ဒီလောကကြီးမှာ နေလည်း မနေချင်တော့ဘူး။

**ဘာသာရေးရှုထောင့်ကနေ အခုခေတ်လူငယ်တွေအပေါ် ဦးကျော်သူရဲ့အမြင်ကို ပြောပြပေးပါလား။**


လူငယ်တွေအတွက် ပြောရရင် ဘဘဦးသုခရဲ့စကားဖြစ်တဲ့ "တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်" ကိုယ်ဘာဖြစ်ချင်တာလဲ၊ ဖြစ်ချင်တာကို ရအောင်လုပ်ဖို့လိုတယ်။ ဆရာမင်းသိင်္ခပြောတဲ့ စကားတစ်ခွန်းရှိတယ်။ "ဆင်းရဲရင် နှိပ်စက်ကြမယ်၊ ချမ်းသာအောင် လုပ်" ဆင်းရဲရင် နှိပ်စက်ကြမယ်ဆိုတာက ငွေကြေးဆင်းရဲတာကို ပြောတာမဟုတ်ဘူး။ စာရိတ္တဆင်းရဲတာ၊ ကိုယ်ကျင့်တရားဆင်းရဲတာ၊ သီလဆင်းရဲတာကို ပြောတာဖြစ်တယ်။ အဲဒါတွေဆင်းရဲရင် လောကဓံရဲ့နှိပ်စက်ခြင်းကို ခံရမယ်။ အဲဒီအတွက် လူ့ကျင့်ဝတ်တွေ၊ ကိုယ်ကျင့်တရားတွေ၊ သီလတွေကို ချမ်းသာအောင်လုပ်ဖို့ပဲ ပြောချင်ပါတယ်။

**ဒီသဇ္ဇာ**

❑

www.burmeseclassic.com

www.burmeseclassic.com

# တရား

ဟက်ဟက်ပက်ပက် ရယ်ပြီးမှ
ဟက်ဟက်ပက်ပက် ကွဲခဲ့တဲ့ ငါ့နှလုံးသား။
အော် ... တစ်ချိန်တစ်ခါတုန်းက
ငါ ... ရယ်လိုက်၊ မောလိုက်၊ ပျော်လိုက်၊ ပါးလိုက်နဲ့။
မူးလိုက်၊ ရူးလိုက်၊ ချစ်လိုက်၊ မိုက်လိုက်နဲ့။
ဒီအချိန် ... ဒီအခါ ရောက်ပြန်တော့
ငါ ... ပေးဆပ်လိုက်၊ နှစ်သိမ့်လိုက်၊ ဖြေသိမ့်လိုက်နဲ့။
အပူမီးတွေ ငါ့ကူးစက်။
ပေါက်ကွဲမှုတွေ ငါ့ကူးစက်။
နာကျင်မှုတွေ ငါ့ကူးစက်။
မျက်ရည်စတွေ ငါ့ကူးစက်။
အေး ... တစ်ချိန်တစ်ခါက ဟက်ဟက်ပက်ပက် ရယ်ခဲ့တဲ့ငါ။
ခုချိန်မှာတော့ ဟက်ဟက်ပက်ပက် ကွဲခဲ့တဲ့ ငါ့နှလုံးသား။
ရလဒ်ကတော့ ... တရားမရှိသေးတဲ့ငါ။
နောင်အနာဂတ်မှာတော့ ... တရားသိသလိုလို တရားရှိသလိုလိုနဲ့
ငါ့နောက်မလိုက်ခဲ့နဲ့လို့ ပြောနိုင်ဖို့
စွန့်ခြင်းငါးပါးနဲ့ ပြီးပြည့်စုံအောင် ကြိုးစားတော့မယ်ဟေ့။

ကျော်သူ

www.burmeseclassic.com

www.burmeseclassic.com


ပီတိဖြစ်လိုက်ရသည့်ဖြစ်ခြင်း ... ။

ရင်ခုန်လိုက်ရသည့်ဖြစ်ခြင်း ... ။

ပျော်လိုက်ကြသည့်ဖြစ်ခြင်း ... ။

လွန်ခဲ့သည့် (၅)နှစ်ကျော်၊ နှစ်သစ်ကူးရက်များနှင့် ရုပ်ရှင်အနုပညာသည်များ၏ မှတ်တိုင်များ စိုက်ထူခဲ့ကြသည့်ည ...။


အကယ်ဒမီည။

ထိုနေ့ ထိုညများသည် မိမိနှင့် မသက်ဆိုင်တော့။

ရုပ်ရှင်အနုပညာလောကနှင့် တစ်ဖက်သတ် ကွာရှင်းပြတ်စဲ ပြီးစီးခဲ့သည်မှာ (၂)နှစ်ကျော် (၃)နှစ်ထဲသို့ ဝင်လာခဲ့ပြီဖြစ်သည်။

အကြောင်းရင်းစစ်သော် ဗုဒ္ဓဘာသာဝင်တစ်ယောက်၏ လုပ်ရိုးလုပ်စဉ်တစ်ရပ်အပေါ် အခြေခံသွားသည်။

မိမိသည် အော်ဟစ်ဆူပူသောင်းကျန်းမိသူမဟုတ်။ မိမိသည် လက်သီးလက်မောင်းတန်းဖို့ နေနေသာသာ လက်နှစ်ဖက်ကို မိမိပခုံးထက်ထိပင် မ,မခဲ့။



# ကက်ကင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိစေတော့။ ကိုယ့်ကံနှင့်ကိုယ် ကမ္ဘာမြေကြီးပေါ်ရှိ မြန်မာပြည်ကြီးထဲသို့ ရောက်လာခဲ့ပြီကိုး။ သို့သော် ကျေးဇူးတင်ပါသည် အမိမြန်မာပြည်။

ကျေးဇူးကြီးလှပါသည် (အဘ) ဘဘဦးသုခ။ မိမိ၏ ပရိသတ်၊ မိမိ၏ ကျေးဇူးရှင်များ။ မိမိနှင့် ပါဝင်ပတ်သက်ခဲ့ဖူးသော ခင်ပွန်းကြီး (၁၀)ပါး၊ မိမိထက် နိမ့်ကျသူများ။ မိမိထက် မြင့်မားသူများ၊ မိမိနှင့် ကိုးကွယ်ရာ ဘာသာတူသူများ။ မိမိနှင့် ကိုးကွယ်ရာ ဘာသာမတူသူများ၊ မိမိလေးစားသည့် မိတ်ဆွေများ၊ မိမိရွံရှာခဲ့သော ရန်သူများနှင့် အမိမြန်မာပြည်သူပြည်သားများအပြင် နိုင်ငံရပ်ခြားမှ မိမိတို့ မြန်မာပြည်အတွင်းတွင် ဘဝပြောင်းသွားသောသူများ အားလုံး အားလုံး ငြိမ်းချမ်းလှပ အဆင်ပြေမှုရှိအောင် (အခမဲ့) အသုဘဝန်ဆောင်မှုဖြစ်သော နာရေး ကူညီမှုအသင်း (ရန်ကုန်) တည်းဟူသော လူမှုရေးအသင်းအဖွဲ့ ပေါ်ပေါက်လာအောင် စတင် ဖွဲ့စည်း၍ မျိုးစေ့ချပေးခဲ့သော ဘဘဦးသုခ၏ ကျေးဇူးနှင့် တရားသဘော (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ကို လွယ်ကူစွာ ရှာဖွေဖော်ထုတ်ပေးခဲ့သော အမိမြန်မာပြည်၏ ကျေးဇူးတရားများပင် ဖြစ်တော့သည်။

"သေသောသူသည် သုသာန်သို့ သက်သက်သာသာသွားသင့်သည်" မဟုတ်ပါလား။ သို့သော် ...

အများအကျိုး ရွက်သယ်ပိုးက<br>
ခန်းခနဲ့ ဆိုကဲ့ရဲ့လည်း<br>
မငဲ့မစောင်း ကိုယ့်လမ်းကြောင်းကို<br>
စိတ်ကောင်းနှင့်ယှဉ် ရှေ့ရှုနှင်လော့။

ဟူသော ရွှေဟင်္သာဆရာတော်ကြီး၏ ဆုံးမသြဝါဒအတိုင်းပင် ဖြစ်ခဲ့သည်။

ဘဘဦးသုခ၏ ဖေးမမြှင့်တင်မှုစွမ်းအားနှင့်အတူ နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် ငွေအား၊ လူအား၊ ဉာဏ်အားနှင့် ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်စားရိတ်နှင့် ကိုယ်သွား၍ ပြည်သူ့အကျိုး ထမ်းဆောင်မှုပြုကတည်းက မိမိနှင့် ရုပ်ရှင်မရိုက်ချင်သော ကုမ္ပဏီများ၊ ဒါရိုက်တာများ၊ မင်းသမီးများ ထူးဆန်းအံ့သြဖွယ် ပေါ်ထွက်လာခဲ့သည်။ ပြည်သူကျွေးသော ထမင်းကို စားပြီး ပြည်သူ့အရေးကိစ္စကို မျက်ကွယ်ပြု၍ မိမိအား ရွံရှာသူ၊ မင်္ဂလာမရှိသူ၊ လာဘ်ပိတ်သူ အဖြစ် သတ်မှတ် အကြဉ်ခံခဲ့ရပါသည်။

လွန်ခဲ့သော (၂) နှစ်ကျော် အချိန်ကာလမှစ၍ ယခု လက်ရှိအချိန်တွင်တော့ မိမိ၏ အချို့သော အနုပညာလောကသားများသည် မိမိအား သူစိမ်းတစ်ယောက်၊ မမြင်ဘူးသောသူ တစ်ယောက်၊ အန္တရာယ်ရှိသူတစ်ယောက်၊ အဖက်မတန်သောသူတစ်ယောက်၊ ရွံရှာဖွယ် ကြောက်ရွံဖွယ်တစ်ယောက်ကဲ့သို့ ဖြစ်သွားပြန်ပါပြီ။ ယခင်က ညီအစ်ကို မောင်နှမသဖွယ် ဆက်ဆံ ကူညီဖေးမခဲ့သူများပင် လမ်းတွေ့လျှင် မခေါ်ရဲ၊ မခေါ်ချင်၊ မပြောရဲ၊ မပြောချင်၊ မမြင်ချင် ဟန်ဆောင်သွားကြသည်။ တယ်လီဖုန်းလေးပင် ဆက်၍ စကားပြောဖော်မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



တော်လိုက်သည့် ... အနုပညာရှင်
ပြောင်မြောက်လိုက်သည့် ... အနုပညာရှင်
ထူးချွန်လိုက်သည့် ... အနုပညာရှင်များပင် ဖြစ်တော့သည်။

အရင်းစစ်သော် ဖန်တီးရှင်၊ တန်ခိုးရှင်၊ ကံဇာတ်ဆရာကြီး၏ တန်ခိုးအာဏာ အစွမ်းထက်မှုကြောင့်ပင် ဖြစ်တော့သည်။

ပီတိဖြစ်လိုက်ရသည့်ဖြစ်ခြင်း ...
ရင်ခုန်လိုက်ရသည့်ဖြစ်ခြင်း ...
ပျော်လိုက်ကြသည့်ဖြစ်ခြင်း ...
ယခင်နှင့်ယခု မတူတော့ ...။

ယခင် အနုပညာလောကမှာ လှုပ်ရှားမှုများက အတ္တဟိတ၊ ယခု လူမှုရေးလောကမှာ လှုပ်ရှားမှုများက ပရဟိတ၊ ယခင်နှင့်ယခု ကွာခြားလှသည်။ မိမိ၏ ရင်ထဲ၊ နှလုံးသားထဲ၊ ဦးနှောက်ထဲ၊ ယခု ပေါ်ပေါက်လာသည့် ပီတိ၊ ရင်ခုန်မှုအပျော်တို့သည် မိုးနဲ့မြေ ဖြစ်ခဲ့ပါပြီ။ ဘဘဦးသုခ ပြောခဲ့ဖူး၊ ဆုံးမခဲ့ဖူးပါသည်။

"မောင်ကျော်သူ ... မင်း အီတလီဝန်ကြီးချုပ်ကိုသိလား? (မသိပါ)
မင်း ပြင်သစ်သမ္မတကိုသိလား? (မသိပါ)
မင်း ချာလီချက်ပလင်ကို သိလား? (သိတာပေါ့)"

အေး ... အဲဒါပဲကွ။ အနုပညာသည်ဆိုတာ လူတိုင်းသိတယ်။ စစ်မှန်တဲ့ အနုပညာသည်ဆိုတာ လူတိုင်းလေးစားတယ်။ ဒါကြောင့် အနုပညာသည်လုပ်တဲ့ အကျိုးပြုလုပ်ငန်းဆိုတာ "အောင်မြင်ရမယ်"တဲ့။

ဘဘဦးသုခ စကားသည် မိမိအတွက် အားဆေးတစ်ခွက်ပင် ဖြစ်တော့သည်။ ဒါကြောင့် ထိုအချိန်မှစ၍ -

မိမိသည် အသက်မရှိသူတို့နှင့်သာ ပတ်သက်သွားတော့သည်။
မိမိသည် လူတိုင်းမသွားချင်သော သင်္ချိုင်းသုသာန်သို့ အမြဲသွားနေသည်။
မိမိသည် လူတွေ မေ့ချင်ယောင်ဆောင်မှုကို သိလာသည်။
မိမိသည် လူတွေမသိသော အရာများကို မြင်လာသည်။

ထို့ကြောင့် မိမိ၏ အနုပညာနှလုံးသားကို ငြိမ်းချမ်းမှုအတွက် စတေးပစ်လိုက်တော့သည်။ ဤတွင် ကျေးဇူးရှင် ဘဘဦးသုခ ကမ္ဘာမြေမှ မထွက်ခွာခင် မိမိအား ပြောကြားခဲ့သည့် နောက်ဆုံးစကားရပ်ကို ကြားယောင်မိပါသည်။

"မောင်ကျော်သူ ... မင်းနဲ့ဘဘက အကျိုးပေးတယ် ... ကက်ကင်း"တဲ့ ဟုတ်ပေသား ပဲ။

သုခ + ကျော်သူ၊ ကျော်သူ + သုခ
(သောကြာ + တနင်္လာ)၊ (တနင်္လာ + သောကြာ)

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိမိ၏ဦးနှောက်ထဲ ဖျတ်ခနဲပေါ်လာ၍ ဆတ်ခနဲ ပြန်ပြောမိသည်။

"ဟာ ... ဘဘ .. ဒါဆို ကျနော့်က သင်္ချိုင်းနဲ့လည်း အကျိုးပေးတာပေါ့"

ကျော်သူ + သင်္ချိုင်း၊ သင်္ချိုင်း + ကျော်သူ" လေ။

"မှန်လိုက်လေ ... ဟုတ်လိုက်လေ ... မောင်ကျော်သူရယ်"

တဲ့။ ဟုတ်ပါတယ် မောင်မောင် (ကျော်ဝင်း)ဆိုတဲ့ လူတစ်ယောက် ကမ္ဘာမြေပြင်ကို ရောက်လာပြီး "ကျော်သူ"ဟူသော အမည်နာမနှင့် ဘဝ ဘဝတွေကို ဖြတ်သန်းကျော်ဖြတ်တဲ့ အချိန်မှစပြီး ပေးဆပ်လိုက်ရတဲ့ ပေးဆပ်မှုတွေ "ကက်ကင်း"ကိုက်ပြီး သင်္ချိုင်းမြေနှင့် အကျိုးပေးခဲ့ရသည်မှာ ယနေ့တိုင် ...

မိမိ ... ပီတိဖြစ်လိုက်ရသည့်ဖြစ်ခြင်း

မိမိ ... ရင်ခုန်လိုက်ရသည့်ဖြစ်ခြင်း

မိမိ ... ပျော်လိုက်ရသည့်ဖြစ်ခြင်း။

သို့သော် အားလုံး ... အားလုံး ... အလုံးစုံတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

တရားသိသလိုလို ... တရားရှိသလိုလိုနဲ့

ဝင်လေထွက်လေရပ်ပြီး

ငါ့နောက်မလိုက်ခဲ့နဲ့။

**ကျော်သူ**

❑


www.burmeseclassic.com

www.burmeseclassic.com



# ပြိုင်ပွဲ

## ကျော်သူ



အမှည့် ... ကြွေ

... ခြွေခြင်း။

အချိန်တန်လို့ ကြွေ

အချိန်မတန်ဘဲ ခြွေ ... စသည်ဖြင့် နိဒါန်းပျိုးလိုက်၍ "ပြိုင်ပွဲ" ဟူသော ခေါင်းစည်းနှင့် လားလားမှ မဆိုင်ဟု ဆိုပါလိမ့်မည်။

အမှည့်ကြွေ ။ ။ လူရယ်လို့ဖြစ်လာပြီး ကမ္ဘာမြေပြင်ကို ရောက်ရှိ ဘဝဘဝတွေကို ဖြတ်သန်းလျှောက်ခတ်ရင်းနဲ့ မီးစာလည်းကုန် ဆီလည်းခမ်း ဖြစ်ခြင်းပျက်ခြင်းတို့သည် သဘာဝ တရားပင် ဖြစ်တော့သည်။

အဓမ္မဝါဒီ အတ္တလူသားများ အချိန်တန်၍ဖြစ်စေ၊ အချိန်မတန်ဘဲနှင့်ဖြစ်စေ လွင့်စင် သွားမှုသည်ကား ဖြစ်ပျက်သဘောသာ ဆောင်တော့သည်ဟု မှတ်ယူတော့သည်။

သူတို့အတွက် ကမ္ဘာမြေကြီးကတောင် ကျေးဇူးတင်မည်ဖြစ်သည်။

"အဓိပ္ပာယ်မဲ့သော လူတစ်ယောက်ကို ထမ်းပိုးထားရသည့် ဝဋ်ကြွေးမှလွတ်ပြီ" ဟုပင် သတ်မှတ်ပေလိမ့်မည်။ ထိုထိုသော အကြောင်းအချက်များကို သုံးသပ်လိုက်သော် မိမိရေးခဲ့ သော (ဟိတ်[illegible])ကို ပြန်မြင်ယောင်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိတ်☒

ကိုယ့်လမ်း ... ကိုယ်သွား

ကိုယ့်အလုပ် ... ကိုယ်လုပ်

ကိုယ့်တာဝန် .. ကိုယ်ကျေ

ကိုယ့်သီလ ... ကိုယ်လုံ

ကိုယ့်သမိုင်း ... ကိုယ်ရေး

ဒါပဲ ... ကျော်သူ။


မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူကမ္ဘာသားများ သောကကင်းဝေး ငြိမ်းချမ်းသာယာရေးကို ရှေ့ရှုလျက် ... ဓမ္မပြိုင်ပွဲ ဆင်နွှဲကြရန် ဦးတည်လျက် ...။

အချိန်မတန်ဘဲ အခြွေခံခဲ့ရသော သက်ရှိထင်ရှား ပရဟိတ သူရဲကောင်း လူစွမ်းကောင်း အာဇာနည်ပုဂ္ဂိုလ်များအား အစဉ်လေးစားဦးညွှတ်လျက် ... ။

❑

www.burmeseclassic.com

www.burmeseclassic.com


ရန်သူ ... ။

အပေါ်ကရန်သူကို အောက်သို့ရောက်လာအောင် ဖြားယောင်း၊ အောက်ကရန်သူကို အပေါ်သို့ရောက်လာအောင် မြှူဆွယ်၊ အရပ် (၈) မျက်နှာက ရန်သူများကို တည်ကြက်လုပ်ပြီး ကျုံးသွင်း စသဖြင့် ဖျားယောင်းခြင်း၊ မြှူဆွယ်ခြင်း၊ ကျုံးသွင်းခြင်း၊ မိုင်းတိုက်ခြင်း၊ ချောင်ပိတ်ခြင်း၊ ထောင်ချောက်ဆင်၍ ရန်သူကို အမိအရ ဖမ်းဆီးသတ်ဖြတ်ခြင်းတို့လုပ်ရန် အချိန်ရောက်ပြီဖြစ်သည်။

ရန်သူတို့သည် ကျွန်တော်၏ ပစ်မှတ်အတွင်းသို့ ရောက်နေပြီဖြစ်သည်။ ကျွန်တော်နှင့် ကျွန်တော်၏ သွေးသောက်များ၏ အင်အားတစ်ရပ်ထဲနှင့် ထိုရန်သူတို့ကို နှိမ်နင်း၍မရ၊ အများအား၊ ပြည်သူအားနှင့် တက်ညီလက်ညီ စည်းလုံးညီညွတ်စွာ သစ္စာသွေးသောက်ပြီး ရဲရဲတောက် နှိမ်နင်းမှုရမည့် ရန်သူပင်ဖြစ်သည်။

ဤရန်သူသည် ... မာယာများသည်။

ဤရန်သူသည် ... ပရိယာယ်ကြွယ်ဝသည်။

ဤရန်သူသည် ... ကလိမ်ကကျစ်ကျသည်။

ဤရန်သူသည် ... အတ္တကြီးသည်၊ ရက်စက်သည်။

မိုးလုံးပြည့် မုသာဝါဒသုံးသည်၊ သွေးထိုးတတ်သည်၊ သပ်သျှူတတ်သည်၊ အကောက်ကြံတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတုံးအောင်လုပ်မည့် ရန်သူ၊ အမျိုးဖျက်မည့် ရန်သူ၊ သာသနာဖျက်မည့် ရန်သူ၊ တစ်ကိုယ်ကောင်းဆန်သည့် ရန်သူ ... မည်သို့သော ရန်သူဖြစ်စေကာမူ ကျွန်တော်တို့ စည်းလုံးမည်၊ စိတ်ဓာတ်ခိုင်မာမည်။ လက်တွဲမဖြုတ်၊ ကြံ့ခိုင်မှုရှိမည်ဆိုပါက ချေမှုန်းနိုင်မည်ဖြစ်သည်။

သတ်ဖြတ်ခြင်း၊ နှိမ်နင်းခြင်း၊ ဖမ်းဆီးခြင်း၊ ကျုံးသွင်းခြင်း စသည့် စကားလုံးများကို သုံးခြင်းမှာ ကျွန်တော် နိုင်ငံရေးလုပ်နေခြင်းမဟုတ်၊ နိုင်ငံရေးလှုံ့ဆော်စာလည်းမဟုတ်၊ အရေးအခင်းဖြစ်အောင် လုပ်မည့်သူမဟုတ်၊ ဆူပူနှောင့်ယှက်မည့်သူမဟုတ်။

ကျွန်တော် ... နိုင်ငံရေးသမားမဟုတ်။

ကျွန်တော် ... လူမှုရေးသမား။

ကျွန်တော် ... နိုင်ငံရေးကိုမသိ။

ကျွန်တော် ... လူမှုရေးသမားသာသိသည်။

သို့သော် နိုင်ငံရေးကောင်းလျှင် လူမှုရေးသမားများ သက်သာမည်။ နိုင်ငံရေးညံ့လျှင် လူမှုရေးသမားများ ပင်ပန်းမည်ဖြစ်သည်။

နိုင်ငံရေးဆိုသည်မှာ လှည့်စားတတ်သည်။

လူမှုရေးဆိုသည်မှာ ရိုးစင်းသည်။ ဖြူစင်သည်။ ဖြောင့်မတ်သည်။ ငြိမ်းချမ်းသည်။

သို့သော် ဖြူစင်ဖြောင့်မတ်၊ ရိုးသား၊ တည်ကြည်၊ ငြိမ်းချမ်းသော လူမှုရေးလုပ်ငန်းကို အမဲဆိုး (အနက်ရောင်ဆိုး)မည့် ဒိဋ္ဌိအယူဝါဒသမား၏ ဖျက်ဆီးမှု၊ တိုက်ခိုက်မှု၊ နှောင့်ယှက်မှုများရှိနေသည်။ သူတို့ သူတို့သာလျှင် ငြိမ်းချမ်းမှုကို ဖျက်ဆီးမည့် ဘုံရန်သူဖြစ်တော့သည်။

ကျွန်တော် ပြောခဲ့ဖူးပါသည်။ ကျွန်တော် ရေးခဲ့ဖူးပါသည်။ ကျွန်တော် ရိုးသားစွာ အဖြူထည် လူမှုရေး လုပ်ငန်းစဉ်များကို တင်ပြခဲ့ဖူးပါသည်။ ကုသိုလ်ယူရမည့် ကိစ္စရပ်များ၊ ကိုယ်ချင်းစာစိတ်များ ပွားများရေး၊ ဗြဟ္မစိုရ်တရား (၄)ပါး လက်ကိုင်ထားရေး၊ သီလလုံရေး၊ အယူသီးမှုပပျောက်ရေး။

အမှည့်ခြွေ ။ ။ လူရယ်လို့ဖြစ်လာပြီး ကမ္ဘာမြေပြင်ကို ရောက်ရှိ ဘဝတွေကို ဖြတ်သန်းလျှော်ခတ်ရင်းနဲ့ မီးစာလည်းမကုန်၊ ဆီလည်းမခမ်းဘဲနှင့် ဖြစ်ခြင်း၊ ပျက်ခြင်း တို့သည် သဘာဝတရားကို ဆန့်ကျင်ခြင်းပင်ဖြစ်သည်။

ကြွေချိန်မတန်ဘဲနှင့်ကြွေ

အမှည့်မလွန်ဘဲနှင့် အခြွေခံရခြင်းပင် ဖြစ်တော့သည်။

မှည့်၍ကြွေသော "အမှည့်ကြွေ"ကို မပြောလိုပါ။

ယင်းသည် တရားသဘောတရားနှင့်အညီ ဖြစ်ခြင်းပျက်ခြင်းပင် ဖြစ်တော့သည်။

မမှည့်ဘဲနှင့် အခြွေခံရသော အမှည့်မလွန်သေးဘဲနှင့် အခြွေခံရသော "အမှည့်ခြွေ" ကိစ္စကိုသာ တွေးတောမိတော့သည်။

အခြွေခံချင်၍ ခြွေခြင်းခံရသည်လား ...⊠

www.burmeseclassic.com

www.burmeseclassic.com


အခြွေမခံချင်ဘဲနှင့် ခြွေခြင်းကို ခံရသည်လား ...။
ခြွေသင့်ခြွေထိုက်၍ ခြွေခြင်းကို ခံရသည်လား ...။
မခြွေသင့် မခြွေထိုက်ဘဲနှင့် ခြွေခြင်းကို ခံရသည်လား ...။
ဤတွင် မခြွေသင့် မခြွေထိုက်ဘဲနှင့် အခြွေခံရသူတို့ကိုယ်စား ကျွန်တော် ပြောပါတော့မည်။

ကမ္ဘာမြေပြင်ကို ရောက်ရှိပြီး ဘဝဘဝတွေ လော့ခ်ခတ်ကြရာဝယ် ...
မိမိအတ္တအတွက် လှုပ်ရှားကြသော ... အတ္တဟိတ။
အများအတွက် လှုပ်ရှားကြသော ... ပရဟိတ စသည်ဖြင့် (၂)မျိုး ခွဲထုတ်နိုင်တော့သည်။
အတ္တဟိတ ... အများအတွက် တစ်ချက်ကလေးမှ လှည့်မကြည့်သော အတ္တလူသား။
မိမိကောင်းကျိုးတစ်ခုတည်းကိုသာ ရည်ရွယ်လှုပ်ရှား ရုန်းကန်နေသော လောဘလူသား။
မိမိသည်သာ မိမိ၏ ကိုးကွယ်ရာဖြစ်သည်ဟူသော ဗုဒ္ဓ၏ ဆုံးမသြဝါဒကို တလွဲဆံပင်ကောင်း၍ မိမိအတွက်မှလွဲ၍ ကျန်လူများကို ရန်လုပ်၊ ဂုံးချော၊ မြှောက်ထိုးပင့်ကော်လုပ်သော ဒေါသလူသား။
မိမိအကျိုးရှိမည့်အလုပ်၊ မိမိစီးပွားဖြစ်မည့် လုပ်ရပ်များကိုသာ မည်သူ့ကိုမျှ မငဲ့ဘဲ အရိုးကြေကြေ၊ အရေခမ်းခမ်း လှုပ်ရှားနေသော မောဟလူသား။
ထို ... ထိုသော အတ္တသမား၊ အတ္တလူသားများသည် မှည့်ရုံတင်မက ပုပ်ချင် ပုပ်ပါလေ့စေတော့ ... ဥပေက္ခာပြုသင့်သည် မဟုတ်ပါလား။ ယင်းတို့သည် ဆန်ကုန်မြေလေးပင် ဖြစ် တော့သည်။
ထိုသူ ... ထိုလူသားတို့ ကြွေလွင့်သွားခြင်း။ အခြွေခံရခြင်းအတွက် ပူဆွေးဝမ်းနည်းစရာ မလိုပေ။ မိမိတို့၏ မျက်ရည်များကိုပင် အားနာစရာဖြစ်တော့သည်။
ပရဟိတ ။ ။ အများအတွက် ဘဝ ဘဝတွေကို လော့ခ်ခတ်ရုန်းကန်နေသော ပရဟိတလူသား။
ပြည်သူအတွက် ... ဘဝ ဘဝတွေကို နှစ်မြှုပ်ရုန်းကန်နေသော ပရဟိတလူသား။
တိုင်းပြည်အတွက် ... ဘဝ ဘဝတွေကို အဆုံးခံ၍ ကြံ့ကြံ့ခိုင်နေသော ပရဟိတလူသား။
ကမ္ဘာကြီးအတွက် ... ဘဝ ဘဝတွေကို ပေးဆပ်၍ ရဲရင့်ပြတ်သားစွာ ရင်စည်းခံ၍ စွန့်လွှတ်အနစ်နာခံနေသော ပရဟိတလူသား ... စသဖြင့် နည်းလမ်းပေါင်းစုံနှင့် အများအတွက် အဖက်ဖက်မှ ပေးဆပ်နေသော ပရဟိတလူသားများ များစွာရှိနေဆဲ ရှိနေဦးမည်ဖြစ်သည်။
ထို ... ထိုသော ပရဟိတစစ်စစ် လူသားများသည် စွန့်လွှတ်ခြင်းများစွာ၊ ပေးဆပ်ခြင်းများစွာတို့ဖြင့် လုပ်ဆောင်ပေးနေသော လူသားများ (အဖြူထည်လူသားများ) ဖြစ်သည့်အတွက် "မကူညီချင်နေပါ။ မနှောင့်ယှက်ပါနှင့်" ဟူသော စကားနှင့်အညီ အဖြူထည်ကို အရောင်မဆိုးမိရန် အညစ်အထေးမပေရန်၊ အပွန်းအပဲ့ အထိအခိုက်မဖြစ်ရန် အထူးအရေးကြီးလှသည်။

www.burmeseclassic.com

www.burmeseclassic.com



မမှည့်ခင် ... မကြွေစေလိုပါ။
မမှည့်ခင် ... အခြွေမခံလိုပါ။
မှည့်သော်ငြားလည်း ... အခြွေမခံလိုပါ။
သဘာဝအရ ... မှည့်ပြီးမှ ကြွေ
ကြွေလျှင် မှည့်လို့သာ ဖြစ်သင့်သည်။

မနာလို ဝန်တိုစိတ်မွေးခြင်း၊ မစ္ဆရိယစိတ်ပွားများခြင်း၊ အပျက်သဘောဆောင်ခြင်း၊ ဂုံးချောခြင်း၊ သပ်သျှုံခြင်း၊ သိမ်းသွင်းခြင်း၊ မှိုင်းတိုက်ခြင်း၊ ခုတုံးလုပ်ခြင်း၊ အငြိုးအတေးကြီးခြင်း စသည့် ဓမ္မလမ်းကြောင်းကို ဖီဆန်၍ ဘုရားမကြိုက်သော လူမဖြစ်ရန် သတိရှိဖို့၊ သတိထားဖို့၊ အထူးလိုအပ်နေပြီဖြစ်သည်။ ဆုတ်ကပ်အချိန်ကာလကြီးသို့ ရောက်ရှိနေသောကြောင့် အဓမ္မဝါဒီကို ရှောင်ကြရန် ထပ်ခါထပ်ခါ သတိပေးခြင်းသာဖြစ်သည်။

မိမိကိုယ်ကိုလည်း ထပ်ခါထပ်ခါ ဆင်ခြင်ပွားများနေရဆဲပင်ဖြစ်သည်။ ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်ဖြစ်သည်။ ပရဟိတလူသားများအနေနှင့်လည်း အတ္တဟိတ လူသားများ၏ ထောင်ချောက်ထဲ၊ သတ်ကွင်းထဲ မဝင်မိဖို့ အထူးသတိထားရမည်။ အတ္တဟိတ သမားများအနေနှင့်လည်း မိမိ၏ အတ္တကိစ္စရပ်ကိုသာ စိတ်ထက်သန်ပါက ကိုယ့်လမ်းကြောင်း ကိုယ်လျှောက်ရုံပင်ဖြစ်သည်။ သို့သော် ပရဟိတသမားများ၏ ပေးဆပ်မှုလမ်းကြောင်းများကို ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း စသည့် အဓမ္မဝါဒီလမ်းစဉ်ကို မလုပ်သင့်ပေ။

မိမိတို့၏ သမိုင်းကြောင်းလှပအောင် မိမိတို့၏ လုပ်ရပ်များကသာ ဖော်ကျူးပေးမည် ဖြစ်သည်။ ငှက်တစ်သောင်း ... တစ်သိန်း ... တစ်သန်း စသည်ဖြင့် နားနေနိုင်သော ပရဟိတ သစ်ပင်ကြီးမှ အကိုင်း၊ အခက်၊ အသီးတို့ကို ဘာကြောင့်များ ခုတ်ထွင်၊ ရှင်းလင်း၊ ဆွတ်ခူးချင် ပါသနည်း?

မိမိတို့ကိုယ်တိုင် ဖြူစင်သန့်ရှင်းသော သီလနှင့် နေထိုင်သွားမည်ဆိုပါက မိမိတို့တွင် လည်း ငှက်တစ်သိန်း၊ တစ်သန်းမက ငှက်ပေါင်း ကုဋေကုဋာနားနေနိုင်မည့် လူ့လောကကြီးကို အလှဆင်နိုင်မည့် လူသားအားလုံး အားကိုးရာ၊ မြတ်နိုးရာ၊ အထွဋ်အထိပ်နေရာ တစ်နေရာသို့ ရောက်ရှိမည် ဖြစ်တော့သည်။

ဒါကြောင့် ... ပြိုင်ကြပါ
ကိုယ်ကျင့်တရား ... ပြိုင်ကြပါ
သီလလုံခြုံရေး ... ပြိုင်ကြပါ
အကြင်နာတရား ... ပြိုင်ကြပါ
မေတ္တာထားရေး ... ပြိုင်ကြပါ
ကရုဏာထားရေး ... ပြိုင်ကြပါ
မုဒိတာထားရေး ... ပြိုင်ကြပါ
သစ္စာတရား ... ပြိုင်ကြပါ

www.burmeseclassic.com

www.burmeseclassic.com


ဒီပြိုင်ပွဲဟာ ... ဓမ္မပြိုင်ပွဲ ... အရှုံးမရှိ။
ပြိုင်ပြီဆိုကတည်းက နိုင်နေပြီဖြစ်သည်။
သို့တည်းမဟုတ်
တရားမဲ့ရေး ... ပြိုင်မလား။
အာဃာတထားရေး ... ပြိုင်မလား။
မစ္ဆရိယစိတ်ထားရေး ... ပြိုင်မလား။
ယုတ်မာရက်စက်ရေး ... ပြိုင်မလား။

ထိုပြိုင်ပွဲသည်ကား ... အဓမ္မဝါဒီပြိုင်ပွဲပင် ဖြစ်တော့သည်။ ပြိုင်ပြီဆိုကတည်းက ရှုံးနေပြီဖြစ်သည်။ ဒါတွေကြောင့် ဓမ္မဝါဒီ ပရဟိတလူသားများ အချိန်မတန်ဘဲနှင့် ကြွေလွင့်သွားမှုသည် လူသားတိုင်းအတွက် အကြီးကျယ်ဆုံးသော ဆုံးရှုံးမှု၊ နစ်နာမှုပင်ဖြစ်သည်။

မိစ္ဆာဒိဋ္ဌိ အယူရှိသူများအကြောင်း ... များစွာ များစွာ ပြောခဲ့ဖူးပါသည်။ (ဥပမာအားဖြင့် တဏှာကျွန် မခံပြီ၊ အခမဲ့ ကိုယ်ထည်၊ ရိက္ခာ၊ ခုတ်မယ် ... ထစ်မယ် ... ပါးပါးလှီးမယ်၊ နယ်ကျွန်ထွက်ပေါက်၊ သေသောသူသည် သုဿန်သို့ သက်သက်သာသာ သွားသင့်သည်၊ လှူမယ်တန်းမယ် သာသနာပြုမယ်၊ မသေဆေးစားကြသူများ စသဖြင့် နောက်ဆုံး (အမွေ၊ ကက်ကင်းနှင့် ရှင်းတမ်း)တို့ ဖြစ်ကြသည်။

မြန်မာပြည်တွင်းရှိ ပြည်သူပြည်သားများနှင့် ပြည်ပရောက် မြန်မာလူမျိုးတော်တော်များများသည် မိစ္ဆာဒိဋ္ဌိ အယူဝါဒသမားတို့၏ အယူစွဲ၊ အမှားစွဲ၊ အယူသီးမှုများကို သိရှိပြီးဖြစ်ကြသည်။ ထို့ကြောင့် ကျွန်တော်တို့၏ ရန်သူကို မြင်နေရပြီဖြစ်သည်။ ထိုရန်သူတို့၏ ပရိယာယ်ကြွယ်မှု၊ သပ်သိမ်မှု၊ ဖြားယောင်းသွေးဆောင်မှု လက်တွင်းသို့မရောက်အောင် ကျွန်တော်တို့ အထူးသတိထားရမည်။ စိတ်ဓာတ်တို့ကို ကြံ့ကြံ့ခိုင်ကာ ရဲရဲရင့်ရင့် တွန်းလှန်တိုက်ဖျက်ရတော့မည်။ ရန်သူအား အမြစ်ပါမကျန် တိုက်ခိုက်ရတော့မည်။

ပစ်မှတ်ကိုသိလျှင် ထိအောင်ပစ်ဖို့က မိမိတို့တာဝန်ပင် ဖြစ်တော့မည်။ မိမိတို့၏ ကိုယ်တွင်းကိုယ်ပမှာရှိတဲ့ ကိလေသာဟူသော မိစ္ဆာဒိဋ္ဌိ အယူဝါဒ ရန်သူတို့ကို ပြည်တွင်းပြည်ပမှာရှိသည့် မြန်မာပြည်သူပြည်သားများက စည်းလုံးညီညွတ် လက်တွဲမဖြုတ် စိတ်ဓာတ်ခိုင်ခိုင်၊ တွန်းလှန်တိုက်ခိုက်ရန် အချိန်ရောက်ပြီဖြစ်ပါသည်။ ဒါမှ "ကမ္ဘာမှာ မြန်မာဟေ့"ဟု ရင်ကော့၍ မော်ကြွားနိုင်မည်ဖြစ်သည်။

ကျွန်တော် လူမှုရေးလုပ်ကိုင်ပါသည်။ အများကတော့ ကျွန်တော်သည် ကုသိုလ်တွေ အများကြီးရနေပြီဟု ထင်ကြပါသည်။ သို့သော် ... ကျွန်တော်သည် ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ ရနေပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်လုပ်နေသည့် လုပ်ငန်းဆောင်ရွက်မှုများသည် အများအကျိုးအတွက် ထမ်းရွက်လုပ်ဆောင်သည်ဟုဆိုသော်လည်း ဤကောင်းမှုလုပ်ငန်းကြီးတွင် နှောင့်ယှက်သူ၊ ဟန့်တားသူ၊ တားမြစ်သူ၊ ဖျက်ဆီးသူမှန်သမျှကို လေလှိုင်းမှ တစ်ဆင့်သော်လည်းကောင်း၊ စာပေထက်မှသော်လည်းကောင်း၊ FACEBOOK မှသော်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြန်လည်ဖြေရှင်း တုန့်ပြန်မှုများကို လုပ်ခဲ့ရသည်ဖြစ်၍ အကုသိုလ်များပင် ရခဲ့သည်။ အပယ်သို့ လားတော့မည်လား ... မသိ။

သို့သော် ကျွန်တော်တို့၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ပြည်သူလူထုအား ပြောကြားထားသော စကားစုအရ "သုဂတိသွားရာ တံခါးပေါက်သည် မည်မျှပင် ကျဉ်းမြောင်းသည်ဖြစ်စေ ယမမင်း၏ ခွေးရေပုရပိုဒ်၌ ငါ၏အပြစ်တွေ မည်မျှပင် ရေးမှတ်ထားသည်ဖြစ်စေ ငါကား ဂရုမပြု"ဟူသော စာပိုဒ်သည် ကျွန်တော့်အတွက် မဟာအားဆေးတစ်ခွက်ပင် ဖြစ်တော့သည်။

ထို့ကြောင့် ကျွန်တော်တို့၏ ဘုံရန်သူဖြစ်သော အယူမှား၊ အစွဲမှား၊ ဒိဋ္ဌိဝါဒများအား သိရှိပြီးသည်နှင့်အညီ ကျွန်တော်တို့၏ သတ်ကွင်းထဲသို့ ဝင်ရောက်နေသော ရန်သူတို့ကို ဇွဲရှိရှိ၊ သစ္စာရှိရှိ၊ ဥမကွဲ၊ သိုက်မပျက်၊ စည်းလုံးညီညွတ်စွာ တွန်းလှန်ဟန့်တားကြမည်ဆိုပါက ငြိမ်းချမ်းသာယာ စိုပြည်လှပသော လူ့ဘုံတစ်ရပ် ပျော်ရွှင်ဖွယ်၊ နေချင်ဖွယ် ကမ္ဘာကြီးတစ်ခု တည်ဆောက်နိုင်တော့မည် ဖြစ်ပါကြောင်း ... ။

❑

www.burmeseclassic.com

www.burmeseclassic.com

အဘရဲ့အမွေ၊ အဖရဲ့အမွေ။

အဘ (ဘဘဦးသုခ) ...။

(၇)ရက်သားသမီး ဆင်းရဲချမ်းသာ လူမျိုးမရွေး၊ ဘာသာမရွေး၊ ပြည်သူလူထုတို့ရဲ့ နာရေးကိစ္စ အဝဝကို အဆင်ပြေချောမွေ့စွာနှင့် သင်္ဂြိုဟ်ပေးနိုင်အောင် နာရေးကူညီမှုအသင်း (ရန်ကုန်)ကို ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ... "အဘ"။

အဖ (ဗိုလ်ချုပ်အောင်ဆန်း) ...။

အဖတိုက်ပွဲဝင်ခဲ့တဲ့ ... အမွေ။

အဖဦးဆောင်ခဲ့တဲ့ ... အမွေ။

မြန်မာပြည်သူလူထုကို ကိုယ်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်လူမျိုးအတွက် လွတ်လပ်ရေး ရရှိအောင် တိုက်ပွဲဝင်ခဲ့တဲ့ ... "အဖေ"။

"အဘ"ရဲ့ အမွေကို အထိခိုက် အပွန်းပဲ့မခံဘဲ ဆက်လက်တိုးပွားအောင် နာရေးကူညီမှုအသင်း (ရန်ကုန်) လူမှုရေးလုပ်ငန်းစဉ်မှ တစ်ဆင့်တက်၍ "သုခကုသိုလ်ဖြစ် ဆေးခန်း"ဟူ၍ အခမဲ့ကုသိုလ်ဖြစ် ဆေးကုသပေးခြင်းလုပ်ငန်းကို ကျွန်တော်တို့ရှိသမျှ အင်အား၊ အလှူရှင်တို့ရဲ့ သဒ္ဓါတရားနှင့် ရဲရဲရင့်ရင့် ဖွင့်လှစ်ပြီးဖြစ်သလို၊ ယခု "သုခအလင်း"ဟူလေသော စာကြည့်တိုက်ကိုပါ ထပ်မံတိုး၍ ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



"သုခအလင်း" ဟု ဆိုရာ၌ လူမှုရေးလုပ်ငန်းများလုပ်စဉ် လူမှုရေးသမားများ၏ စိတ်ဓာတ်၊ ခံယူချက်၊ ရည်မှန်းချက်များ ထိမိအောင် ပြည်သူလူထုအတွက် အကျိုးတိုးပွားအောင်၊ အနာဂတ်ရဲ့ အားကိုးအားထားရာ၊ အနာဂတ်ရဲ့ သူရဲကောင်းများဖြစ်ရန်၊ အနာဂတ်မြန်မာပြည်ကြီးရဲ့ဦးဆောင်မှုပေးနိုင်သော လူငယ်မျိုးဆက်သစ်များ ပေါက်ဖွားစေရန် ရည်သန်လျက် ဤ "သုခအလင်း" စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ငြိမ်းချမ်းသောအလင်းတန်းကို ဖွင့်လှစ်ပေးမည့်၊ ပျိုးထောင်ပေးမည့် လမ်းပြကြယ်ဟု ဆိုချင်ပါသည်။

ဒီလို "အဘ (ဘဘဦးသုခ)ရဲ့အမွေ"ကို တိုးပွားအောင် ထမ်းဆောင်ထိန်းသိမ်းရာ၌ အနှောင့်အယှက်၊ အတိုက်အခိုက်၊ အဖျက်အဆီးများ များစွာ ကြုံတွေ့ခဲ့ရသည်။ ဤတွင် "အဖ (ဗိုလ်ချုပ်အောင်ဆန်း)ရဲ့အမွေ" "အဖ(ဗိုလ်ချုပ်အောင်ဆန်း)ရဲ့ ဩဝါဒ" "အဖ (ဗိုလ်ချုပ်အောင်ဆန်း)ရဲ့ဆိုဆုံးမမှု"တို့ကို မိမိတို့ လက်ကိုင်တုတ်အဖြစ် အသုံးပြုရတော့မည်။

ဤတွင် ကျွန်တော်၏စိတ်ထဲတွင် "ဖျတ်ခနဲ" ပေါ်လာသည်။ ကျွန်တော်၏ ဆရာတစ်ဦးဖြစ်သော ကမ္ဘာမြေပြင်ပေါ်မှ ထွက်ခွာသွားပြီဖြစ်သော ဘဘဆရာကြီး မင်းသိခ်ပင်ဖြစ်သည်။ ဆရာကြီးမင်းသိခ်၏ ပုဏ္ဏားဘကွန်းကို သူ၏ဆရာဖြစ်သော ဖိုးသူတော်ကြီးက လူ့ဘဝကို ရင်ဆိုင်ဖို့၊ သူဌေးဖြစ်ဖို့ ပေးလိုက်သည့် ပစ္စည်းများပင် ဖြစ်တော့သည်။

နံပါတ် (၁) မီးအိမ်

နံပါတ် (၂) လွယ်အိတ်

နံပါတ် (၃) ဝါးရင်းတုတ် ... တို့ဖြစ်သည်။

နံပါတ် (၁) မီးအိမ် ။ ။ မီးအိမ်သည်ကား ဘဝခရီးလမ်းကို လျှောက်ရာ၌ အမှောင်ထုကို ဖြိုခွင်းသွားဖို့၊ ငြိမ်းချမ်းသောပန်းတိုင်ကိုရောက်ဖို့ အလင်းတန်းများပေးမည့် ... မိမိတို့ ရိုးမြေကျသည်အထိ လက်ကိုင်ထားရမည့် အရာဖြစ်သည်။

နံပါတ် (၂) လွယ်အိတ် ။ ။ လွယ်အိတ်သည်ကား မိမိလျှောက်ရာ ဘဝခရီး၌ မိမိအတွက် အကျိုးရှိမည့် ဆောင်ပုဒ်များ၊ ခံယူချက်များ၊ ဒဿနများ၊ ကုသိုလ်အထုပ်များ စုဆောင်းသိမ်းဆည်းရမည့် အရာဖြစ်သည်။

နံပါတ် (၃) ဝါးရင်းတုတ် ။ ။ ဝါးရင်းတုတ်သည်ကား မိမိလျှောက်ရာ လမ်းခရီး၌ နှောင့်ယှက်သူ၊ ဖျက်ဆီးသူ၊ ဟန့်တားမှုများ၊ တားမြစ်ပိတ်ပင်မှုများကို ရှင်းလင်းသုတ်သင်ရာတွင် သုံးရမည့်အရာဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့၏ခံယူချက် (အများပြည်သူလူထုအတွက်)နှင့် လျှောက်လှမ်းနေသော ကုသိုလ်ရေး၊ ငြိမ်းချမ်းရေးလမ်းခရီး၌ မိမိတို့ရရှိသမျှ ကုသိုလ်ရေး အထုပ်ပစ္စည်းများကို လွတ်အိတ်ထဲထည့်၊ ဘဝရဲ့အလင်း၊ ဘာသာရေးရဲ့အလင်း၊ ငြိမ်းချမ်းမှုအလင်း၊ လူမှုရေးအလင်း ဖန်မီးအိမ်ကိုကိုင်ကာ လမ်းခရီး၌ တားမြစ်ပိတ်ပင် အယူသီးမှုများကို မိမိတို့၏

www.burmeseclassic.com


လက်ကိုင်ဝါးရင်းတုတ်နှင့် ဖယ်ရှားသွားရမည် ဖြစ်တော့သည်။ ထို့ကြောင့် "ပုဏ္ဏားဘကွန်း လမ်းစဉ်"ကို ကျင့်သုံးရမည် ဖြစ်တော့သည်။

ဤသို့ ကျွန်တော်တို့ရဲ့ လူမှုရေးလမ်းတစ်လျှောက် ငြိမ်းချမ်းရေးပန်းတိုင်သို့ သွားရာ လမ်းခရီးတွင် အမှောင်ရှိလျှင် အလင်းပြ၊ ကုသိုလ်အထုပ်များကို သိမ်းဆည်းသကဲ့သို့ အယူသီးမှု၊ နှောင့်ယှက်မှုများကို ရှင်းဖယ်၍သွားသော်လည်း မိစ္ဆာဒိဋ္ဌိရန်စွယ်ကား မသေးလှချေ။ ဆုတ်ကပ်ခေတ်ကြီး ရောက်နေပြီ မဟုတ်ပါလား။

ရှင်းလင်း၍ မကုန်နိုင်။

သုတ်သင်၍ မကုန်နိုင်။

ဖယ်ရှား၍ မကုန်နိုင်။

ရန်သူအင်အားသည် များလာပြီ၊ အယူသီးမှုများ တိုးပွားလာပြီ၊ ပိတ်ပင်တားဆီးမှု များ များလာပြီဖြစ်ပါက ... ။

ကျွန်တော်၏ခံယူချက် အဓိဋ္ဌာန်ကိုတော့ မည်သို့မျှမဖျက်။

အများမိုးခါးရေ သောက်ပေမဲ့ ကျွန်တော်မသောက်နိုင်။

ကျွန်တော် ကြံ့ကြံ့ခံမည်။

ခံယူချက်၊ ကျင့်ကြံမှု၊ ရည်မှန်းချက်များ လုံးဝ အပွန်းအပဲ့မခံ။

အဆုံးစွန်ဆုံး ကျွန်တော်ပြောတော့မည်။

တစ်ယောက်နဲ့အများ

တစ်ယောက်အားနဲ့ အများအား ... ။

အင်အားခြင်းမမျှ ဖြစ်လာခဲ့သော် ... ။

တိုက်ပွဲတစ်ပွဲတွင် ရန်သူအင်အား အလုံးအရင်းနှင့် မိမိဘက်မှ အင်အားနည်းပါးသွားခြင်း၊ သစ္စာဖောက်ခံရခြင်း စသည်တို့ကြောင့် မိမိတစ်ဦးတည်း ကျန်ရစ်ခဲ့သော် သင်တို့ကော မည်သို့လုပ်မည်နည်း၊ မည်သို့ဆုံးဖြတ်မည်နည်း။ ကျွန်တော်ကတော့ အသေခံ၍ တိုက်မည်။

ရန်သူ၏အဖမ်းကို မခံနိုင်။

ရန်သူ၏စည်းရုံးမှုကို မခံနိုင်။

ရန်သူ၏သိမ်းသွင်းမှုကို မခံနိုင်။

နောက်ဆုံး မိမိတွင် ကျန်ရစ်သော ကျည်တစ်တောင့်၊ ဗုံးတစ်လုံး၊ ဓားတစ်ချောင်းဖြင့်။ ဟုတ်ပါသည်။ ပုဏ္ဏားဘကွန်းကို သူ၏ဆရာ ဖိုးသူတော်ကြီးပေးလိုက်သည့် ပစ္စည်းများတွင် နောက်ဆုံး နံပါတ် (၄) ပစ္စည်းတစ်ခု ရှိပါသေးသည်။ ယင်းပစ္စည်းသည် "မင်းလိုချင်တဲ့ ပန်းတိုင်ကို ရက်၊ လ၊ နှစ် နောက်ဆုံးထားပြီးသွား"။ "အေး ... အဲဒီနေ့ရောက်လို့မှ မင်း လိုချင်တဲ့ ပန်းတိုင်၊ မင်းသွားချင်တဲ့ နေရာ၊ မင်းရောက်ချင်တဲ့ ဌာနကိုမှ မရောက်ခဲ့ရင် မင်း အဲဒီအဆိပ်ပုလင်းကိုသာ သောက်ချလိုက်တော့"ဟုဆိုကာ ဘကွန်း၏လည်ပင်းတွင် ကြိုးနှင့် အဆိပ်ပုလင်းကို ချိတ်၍ ဆွဲပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည် ... ကျွန်တော့်တွင် နောက်ဆုံးလက်နက်ရှိသည်။

ကျွန်တော့်ရဲ့ အစိဋ္ဌာန်

ကျွန်တော့်ရဲ့ ရည်မှန်းချက်

ကျွန်တော့်ရဲ့ ခံယူချက်

ကျွန်တော့်ရဲ့ သစ္စာတရားတို့ကိုတော့ လုံးဝ အထိအခိုက် အပွန်းအပဲ့ မခံနိုင်တော့။ ကျွန်တော် ကိုယ်လွတ်ရုန်းခြင်းမဟုတ်။ အဖန်ငါးရာ ငါးကမ္ဘာကိုလည်း မကြောက်တော့။ အဓိဋ္ဌာန်ကိုတော့ မဖျက်နိုင်တော့ချေ။

သတ်ကွင်းရှိလျှင် ထွက်ပေါက်ရှိရမည်။

ဒါကြောင့် ရန်သူ၏ သတ်ကွင်းထဲသို့ ရောက်ခဲ့လျှင် ထွက်ပေါက်ကိုရှာရမည် မဟုတ်ပါလား ...။

ယင်းထွက်ပေါက်သည်⊠

အမေ လက်ဆင့်ကမ်းပြောထားတာ ...

"စိတ်မပျက်နဲ့၊ စိတ်ဓာတ်မကျနဲ့"တဲ့။

"ကျွန်တော် စိတ်မပျက်ပါဘူး။ စိတ်ဓာတ်မကျပါဘူးအမေ

စိတ်နာနာနဲ့ ဖိလုပ်နေတာပါ"။

ဒါကြောင့် ... စိတ်နာနာနဲ့ ချရေးမိတာပါ ခင်ဗျာ။

❑

www.burmeseclassic.com

www.burmeseclassic.com



နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌဖြစ်ပြီး ပရဟိတလူမှုအကျိုးကို အစဉ်မနေး စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နေသူ ဦးကျော်သူသည် ၂၀၁၃ ခုနှစ် အယူသီးမှုတိုက်ဖျက်ရေး ခရီးစဉ်အဖြစ် ဇန်နဝါရီလ ၅ ရက်နေ့မှ စတင်ကာ မန္တလေးမြို့နှင့် တောင်ကြီးမြို့သို့ သွားရောက်ခဲ့ပြီး စာပေဟောပြောပွဲများ၌ ပါဝင်ဟောပြောခဲ့သည်။ ဇန်နဝါရီလ ၇ ရက်နေ့က မြစ်လောင်မြို့ရှိ "အဖြူရောင်လွင်ပြင် လူမှုကူညီရေးအသင်း" တစ်နှစ်ပြည့် အခမ်းအနားတွင် စာရေးဆရာများဖြစ်ကြသည့် ကဗျာဆရာ ကိုလေး(အင်းဝဂုဏ်ရည်)၊ ဦးဘုန်း (ဓာတု)တို့နှင့်လည်းကောင်း၊ ဇန်နဝါရီ ၈ ရက်နေ့က ချမ်းမြသာစည်မြို့ တွန်းတုံရပ်ရှိ နိဗ္ဗာန်ရွှေပြည်နာမူ လူမှုရေးကူညီရေးအသင်း ၂ နှစ်ပြည့် အခမ်းအနားတွင် ဆရာဦးထွန်းလွင် (မိုးလေဝသ) ဟာသသရုပ်ဆောင် ဇေလုဝတို့နှင့်အတူလည်းကောင်း ဟောပြောခဲ့သည်။ ထို့နောက် ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ခရီးဆက်ခဲ့ပြီး ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အေးသာယာမြို့လယ် ဘသန်းဗိမာန်တော်ကြီး၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ နာရေးကူညီမှုအသင်းကြီး၏ လုပ်ဆောင်မှုများ၊ ပေးဆပ်မှုများအကြောင်း ပြောကြားခဲ့ရာ စာပေဟောပြောမှု အစီအစဉ်များ အဆုံးမှာ ကိုမျိုး(မြန်မာစာ)၏ စာပေဟောပြောပွဲ အတွေ့အကြုံများနှင့် ဟောပြောပွဲအဆုံး၌ ကဗျာရွတ်ဆိုခဲ့ခြင်း ရည်ရွယ်ချက်များအကြောင်းကို ဦးကျော်သူထံ သွားရောက်၍ ပွင့်နေသော သူ၏ စိတ်တံခါးကို ဖွင့်ကြည့်ဖြစ်ခဲ့ပါသည်။

**ဦးကျော်သူသွားခဲ့တဲ့ ခရီးစဉ်တွေနဲ့ပတ်သက်ပြီးတော့ နေရာဒေသတစ်ခုစီရဲ့ အတွေ့အကြုံတွေကို ပြောပြပေးပါဦး။**

မန္တလေးကနေ တစ်ဆင့်ပြီးတစ်ဆင့် သွားတယ်။ မန္တလေးမှာ နှစ်ပတ်လည်နေ့ ဟောပြောပွဲတွေလုပ်ပြီး ၉ ရက်နေ့ကို တောင်ကြီးသွားတယ်။ အေးသာယာကနေ ၃၈ ဖွဲ့လောက်

**အယူသီးမှုပပျောက်စေချင်သူ**
**(သို့မဟုတ်)**
**လူမှုပရဟိတစိတ်ထားဖွံ့ဖြိုးရှင်**
# ဦးကျော်သူ
**နှင့်**
**တွေ့ဆုံခြင်း**



www.burmeseclassic.com

www.burmeseclassic.com





လာပြီး တက်ကြတယ်။ ဟောပြောပွဲက တော်တော်ကို အောင်မြင်တယ် ပြောရမှာပဲ။ ပရဟိတ လူမှုရေးသမားတွေကိုလည်း အများကြီးတွေ့ရတယ်။ ဟောပြောပွဲပြီးတာနဲ့ ဘုရားတွေ သွားဖူးကြတယ်။

**ခရီးစဉ်တစ်လျှောက်လုံးမှာ အယူလွဲမှု ပပျောက်ရေးဆိုတဲ့ ခေါင်းစဉ်နဲ့ သွားခဲ့တယ်နော်။ အဲဒီစကားလုံးရဲ့ အဓိပ္ပာယ်နဲ့ ဆိုလိုရင်းကို သိချင်ပါတယ်။**

အယူလွဲမှု ပပျောက်မှုဆိုတာက အဓိက,က အယူသီးတာပေါ့။ ရန်ကုန်မှာဆိုလည်း ရန်ကုန်၊ မန္တလေးမှာဆိုလည်း မန္တလေး သုဿနရောနဲ့သူရှိတယ်။ လူတစ်ယောက် သေသွားပြီဆိုရင် မကိုင်ချင်ကြဘူး။ အိမ်မှာ မထားချင်ကြဘူး။ ဘာကြောင့်လဲမေးတယ်။ ဟုတ်ပြီ လူတွေသေတာကျတော့ အဲဒီလိုလုပ်တာပဲဆိုရင် ဘာကြောင့် တိရစ္ဆာန်အသေတွေကျတော့ ပါးစပ်ထဲထည့်ပြီး စားကြတာလဲ။ ဒီလိုမျိုး ယှဉ်ပြီးတော့ ပြောရတယ်။ လူတွေက အသက်ရှင်တုန်းကသာ ကိုယ့်အဖေ၊ ဦးလေးဆွေမျိုးဆိုပြီး ပြောတယ်။ သြော် ... ဆုံးလည်းဆုံးရော ဒီအခေါင်းကို မကိုင်ချင်ကြဘူး။ ဒါမျိုးတွေမဖြစ်အောင် ဒီအကျင့်တွေမရှိအောင် ဟောပြောတယ်။ တချို့မြို့တွေဆိုရင် သုဿန်မရှိတော့ဘူး။ ပျောက်ကုန်ပြီ။ ဒီလိုဟာမျိုးတွေ မဖြစ်သင့်အောင် ဒါတွေကို အစိုးရဘက်ကရော၊ ပြည်သူပြည်သားတွေဘက်ကပါ မဖြစ်အောင်၊ သဘောပေါက်အောင် ရှင်းပြတာပါ။

**သွားတဲ့ခရီးစဉ်တိုင်းမှာ ဦးကျော်သူက အနုပညာသမားလည်းဖြစ်တယ်။ လူမှုရေးသမားလည်းဖြစ်တယ်ဆိုတော့ ပရိသတ်တွေရဲ့ စိတ်ပါဝင်စားမှုရော ဘယ်လောက်ထိရှိလဲ။**

ပရိသတ်တွေဘက်က တုံ့ပြန်တာ ကြောက်ခမန်းလိလိ အားပေးတယ်။ ဒီလို ဟောပြောပွဲတွေကိုလည်း တစ်ခါမှ မလုပ်ဖူးဘူး။ မင်းသားဘဝက လမ်းမှာ သရုပ်ဆောင်ရလို့ ပရိသတ်တွေဝိုင်းအုံကြည့်တာ ဒီလောက်ပဲ။ အခုက လာအားပေးတာ အများကြီးကိုတွေ့တော့ ကိုယ်တို့ဟောပြောတဲ့စကားကိုလည်း သူတို့နှလုံးသားထဲ စွဲဖို့လည်းလိုတယ်။ ကျော်သူလုပ်တာကိုသဘောကျလို့ လာပြီး လက်ခုပ်လာတီးတာထက် ကိုယ်တို့ဟောပြောတဲ့ စကားလုံးတစ်လုံးစီတိုင်း နှလုံးသားထိကို စွဲငြိပြီး အသိတစ်ခုခု ရစေချင်တယ်။ လာကြည့်တဲ့လူတွေအားလုံး အသိတစ်ခုခုရပြီး လုပ်စေချင်တယ်။ နိုင်ငံရေးဟောပြောပွဲ၊ လူမှုရေးဟောပြောပွဲ၊ ဆေးပညာဟောပြောပွဲ တစ်ပွဲပဲဖြစ်ဖြစ် လက်ခုပ်တီးအားပေးရုံနဲ့ ကိုယ်တို့လိုချင်တဲ့အရာ ဒီကိစ္စနဲ့ အောင်မြင်မှာမဟုတ်ဘူး။ ကိုယ်ဖြစ်ချင်တာလည်း ဖြစ်လာမှာမဟုတ်ဘူး။

**ဘာဘဦးသုခရဲ့ စကားဖြစ်တဲ့ အနုပညာရှင်တွေ လူမှုရေးလုပ်ရင် အောင်မြင်တယ်ဆိုတဲ့ စကားကကော ဦးကျော်သူ ဘယ်လိုမြင်မိလဲ။**

အနုပညာသမားတိုင်း လူမှုရေးလုပ်တာ အောင်မြင်တယ်ဆိုတာ မဟုတ်ဘူး။ ဘယ်သူမဆို ဘယ်လောက,ကပဲဖြစ်ဖြစ် အနုပညာလောကလား။ အတတ်ပညာလောကလား၊ ဆေးပညာလောကလား။ လူမှုရေးလုပ်တယ်ဆိုတာ လူမှုရေးကို နားလည်ရမယ်၊ စောင့်ထိန်းရမယ်၊ ကိုယ်ကသစ္စာရှိမယ်။ လူ့ကျင့်ဝတ် လိုက်နာမှသာ သစ္စာရှိမှသာလုပ်ပါ။ သိက္ခာ ကိုယ်ကျင့်တရားရှိရမယ်။

www.burmeseclassic.com

www.burmeseclassic.com




သစ္စာမဆိုရဲဘဲ လုပ်တယ်ဆိုတာ လူထုကို လိမ်ညာလုည့်စား အမြတ်ထုတ်ထားတာပါ။ ဖြဟ္မစိုရ် တရားလေးပါးကို ကိုင်စွဲပြီး လုပ်ရမယ်။ အဲဒီလိုမှမလုပ်ရင် အဲဒါတော့ ဘယ်သူပဲလုပ်လုပ် ရေရှည်ခံမှာ မဟုတ်ဘူး။ လူမှုရေးလုပ်တယ်ဆိုတာ တကယ် ပြည်သူလူထုကို ကူညီချင်တဲ့စိတ်နဲ့ လုပ်မှာလား၊ ငွေကြေးကြောင့် လား၊ ကျန်တဲ့အဖွဲ့အစည်းကို တိုက်ခိုက်ချင်တာလား။ ဒါတွေကို ပြန်သုံးသပ်ဖို့လိုတယ်။ ပြည်သူလူထုကို ပြန်သုံးသပ်ဖို့လိုတယ်။ ပြည်သူလူထုကို ထဲထဲဝင်ဝင် အနစ်နာခံပြီးတော့ ပေးဆပ်မှာလား။ ဒါဆိုရင် အောင်မြင်မယ်။

**ဒီခရီးစဉ်မှာဆိုရင် ဟောပြောပွဲပြီးရင် ကိုမျိုး(မြန်မာစာ)ရဲ့ မျိုးဆက်နှင့် ကမ်းလက်ကဗျာကို ရွတ်ဆိုခဲ့တယ်နော်။ ဘယ်လို မျိုးကြောင့် ဒီကဗျာကို ရွတ်ဖြစ်သွားတာလဲ။**

ကျွန်တော်တို့ လူမှုရေးသမားတွေ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကျော်လွှားခဲ့ရတဲ့ ဟာတွေကို ပြောပြီး အဓိကဖြစ်တဲ့ လူမှုရေးလောကကြီး ဆက်လက်ရှင်သန်ဖို့ပါ။ ဘဘဦးသုခ က ကျွန်တော် ကျော်သူကို လက်ဆင့်ကမ်းသလိုပဲ ကျွန်တော်က ဒီအရာတွေကို ကျယ်ပြန့်အောင်၊ ခိုင်မာလာအောင် လုပ်ပေးတယ်။ ကျွန်တော် သေသွားခဲ့သော် ကျွန်တော့်နေရာမှာ ဒီအဖွဲ့အစည်း မှာ ဆက်လက်ပြီး ရှင်သန်အောင် အများအတွက် ကိုယ်ကျိုးစွန့်တဲ့ မျိုးဆက်သစ်တွေကို လိုအပ် တယ်။ အဲဒီမျိုးဆက်သစ်တွေ လက်ကမ်းကြိုတယ်ဆိုတာ ပြချင်တယ်။ ကိုမျိုး (မြန်မာစာ) ရေး ထားတဲ့ကဗျာက "တကောင်းဘိရာဇာ လက်ထက်ကတည်းက ဤကမ္ဘာမြေက ဒီဇရိယာ ဒီအတိုင်းပဲရှိတယ်။ လူဦးရေတိုးပွားပြီး မျိုးဆက်သစ်တွေ ထွက်လာမှာပဲ။ မလိုချင်ဘူး။ မောင်း ထုတ်ဖယ်ရှားပစ်လို့ မရဘူး။ ဒီမျိုးဆက်သစ်တွေကို ကိုယ်တို့က စေတနာသန့်သန့်နဲ့ လက်ဆင့် ကမ်းပြီး ကြိုဆိုရမယ်ဆိုတဲ့ ကိုမျိုး(မြန်မာစာ)ရဲ့ ကဗျာကို ဟောပြောပွဲတိုင်းမှာ 'မျိုးဆက်နှင့် ကမ်းလက်' ကဗျာနဲ့ အဆုံးသတ်တယ်။

**ဦးကျော်သူအနေနဲ့ ကိုယ့်သားသမီးတွေဖြစ်တဲ့ ကိုယ့်အသင်းသူ၊ အသင်းသားတွေကို ဘယ်လိုမျိုး လက်ကမ်းအမွေ ပေးချင်ပါသလဲ။**

ကျွန်တော့်သားသမီးတွေကတော့ အချိန်ပြည့် မပါဝင်ဘူး။ ရေမြေခြားမှာ နေတာကိုး။ ရောက်တုန်းရောက်ခိုက်သာ လုပ်အားပေးတာ။ အနီးစပ်ဆုံးက ကျွန်တော်တော့်သားသမီး အသင်းသူ အသင်းသားတွေကိုပဲ အဓိကထားတယ်။ သူတို့ကို ကျွန်တော်သင်ပေးတယ်။ စည်းကမ်းဆိုတာ အာဏာရှင်ဆန်တယ်။ တစ်ကိုယ်ကောင်းဆန်တယ်ပြောလို့ မရဘူး။ ကိုယ်တို့ အသင်းက လူမှုရေးအသင်းအဖွဲ့လေ။ လူကျင့်ဝတ်ကို ပိုပြီးလိုက်နာရမယ်။ ဆေးလိပ်သောက် တာကအစ သတ်မှတ်ထားတဲ့ ဇရိယာအတွင်းမှာပဲ သောက်ရမယ်။ ယူနီဖောင်းဆိုရင်လည်း သေသေသပ်သပ် ဝတ်ရမယ်။ ကျွန်တော် ခရီးသွားပြီဆိုရင် အမြဲမှာထားတယ်။ ငါမရှိတဲ့အချိန် မင်းတို့ ကိုယ့်ကိုကိုယ် ဥက္ကဋ္ဌဆိုပြီး သတ်မှတ်ပြီး အလုပ်လုပ်။ မျိုးဆက်သစ်တွေကို ကျွန်တော် တို့က အမြဲလက်ဆင့်ကမ်းတယ်။

www.burmeseclassic.com

www.burmeseclassic.com





# ပီတိ ကို ရိုက်ချိုးခြင်း

ကျော်သူ

နာရေးကူညီမှုအသင်း (ရန်ကုန်)ရှိ သုခကုသိုလ်ဖြစ်ဆေးခန်း၏ နောင်တော် သုခကုသိုလ်ဖြစ်ဆေးခန်း (ပြည်)ကို ၈-၆-၂၀၁၁ မှစ၍ စမ်းသပ်ဖွင့်လှစ်ကာ ရဟန်းရှင်လူအပေါင်းတို့၏ ကျန်းမာရေး ကိစ္စအဝဝကို အခမဲ့ ကုသပေးလျက်ရှိရာ ၉-၆-၂၀၁၁ ရက်နေ့အထိ လူနာပေါင်း ၈၉ ဦးတို့ကို ကုသပေးပြီးဖြစ်သည်။ ဆရာဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်အတူ ဆရာဝန် ၃ ဦးတို့မှ ကုသိုလ်ဖြစ် ပရဟိတစိတ်ဓာတ်ပြည့်ဝစွာ လာရောက်ကုသပေးမှုကြောင့် ပြည်မြို့ ရေနံချောင်း၊ ပုတီးကုန်း၊ သဲကုန်း၊ ပေါက်ခေါင်း၊ နှောကုန်း အစရှိသည့် မြို့ရွာများရှိ ကျန်းမာရေး ချို့တဲ့သော ရဟန်းသံဃာ အများပြည်သူတို့မှာ များစွာ ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ ထိုနည်းတူ ကုသပေးသော ဆရာဝန်ကြီးများ၏ပီတိ၊ ဦးဆောင်ဦးရွက်ပြုလုပ်ခဲ့သော ပြည်မြို့ မိုးမေတ္တာ ပရဟိတလူငယ် သွေးလှူအဖွဲ့တို့၏ပီတိ၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ပီတိတို့ကား အတိုင်းအဆမရှိ ဖြစ်ခဲ့ရသည်။

သို့သော် ထိုပီတိတို့ကို ရိုက်ချိုးခြင်း ခံခဲ့ရပြီဖြစ်သည်။ မိုးမေတ္တာ ပရဟိတအဖွဲ့၏ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ အကြင်နာတို့အပြင် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဖြဟ္မစိုရ်တရား (၄) ပါးကိုပါ ပိတ်ဆို့ခံခဲ့ရသလို ဖြစ်စေခဲ့သည်။ အကြောင်းမှာ ဇွန်လ ၁၀ ရက်နေ့ နေ့စွဲပါ ပြည်မြို့နယ် အုပ်ချုပ်ရေးမှူး အောင်ဇော်ထက်၏ စာကြောင့်ပင်ဖြစ်တော့သည်။ "အသင်းအဖွဲ့ ဖွဲ့စည်းခွင့် လျှောက်ထားမှု တင်ပြခြင်းကိစ္စ"ဟူသော အကြောင်းအရာပါစာအရ ရည်ညွှန်းချက် (၁)ပါ အချက်အလက်များသည် လုပ်ရိုးလုပ်စဉ် အချက်များဖြစ်သည်။ သို့သော် ကျွန်တော်တို့သည် စီးပွားရေးလုပ်ငန်းလုပ်ခွင့် လျှောက်ထားခြင်းမဟုတ်။ နိုင်ငံတော်မှ ငွေချေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမဟုတ်။ အများသူအကျိုးကို (အခမဲ့) ထမ်းဆောင်ပေးမည့် နိုင်ငံတော်အား တစ်ဖက်တစ်လမ်းမှ အကျိုးပြုမည့် အဖွဲ့ဖြစ်သည်။ ရည်ညွှန်းချက် (၁/ခ) အရ - နိုင်ငံရေးကင်းရှင်းကြောင်း ထောက်ခံချက်မှာ ယခုလက်ရှိ ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီ လျှောက်လှမ်းရာတွင် မလိုအပ်တော့ဟုလည်းကောင်း၊ လက်ရှိစီးပွားရေးကုမ္ပဏီကြီးများ လက်ရှိ ကြံ့ခိုင်ဖွံ့ ဖြိုးရေးအသင်းများသည်လည်းကောင်း၊ နိုင်ငံရေး/ပါတီနိုင်ငံရေး ကင်းရှင်းပါ၏လားဟု စဉ်းစားမိသည်။

ထို့အပြင် ရည်ညွှန်းချက် (၂)အရ ပြည်ထဲရေးဝန်ကြီးဌာန အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်မရရှိမီ ကာလအတွင်း ယင်းအသင်းအဖွဲ့၏ လုပ်ငန်းများ လှုပ်ရှားဆောင်ရွက်ခြင်းမပြုကြောင်းဟု ရေးသားထားပြန်သည်။ ယခု မြန်မာပြည်တွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ NGO အဖွဲ့များ၊ ဖောင်ဒေးရှင်းများတို့သည် တရားဝင်မှတ်ပုံတင် ချပေးခြင်း မရှိသေးဘဲ ဆောင်ရွက်နေခြင်းဖြစ်သည့်အပြင် အချို့သော အသင်းအဖွဲ့များ၏ ဆောင်ရွက်မှုများ၊ အလှူခံကိစ္စများကို တရားဝင် နိုင်ငံတော် သတင်းစာများ၊ စာစောင်/ဂျာနယ်များအတွင်း ဖော်ပြနေခြင်းကိုတော့ မသိကျိုးကျွန်ပြုနေသလားဟု တွေးတောမိသည်။



ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်)သည် လူမှုရေးသက်သက်သာ လုပ်ဆောင်နေသော ပရဟိတ လူငယ်စစ်စစ်များနှင့် ဖွဲ့စည်းထူထောင်ထားသော မှတ်ပုံတင်အမှတ် (၁၈၉၇)နှင့် လုပ်ဆောင်ပေးနေသော လူမှုရေးအဖွဲ့ဖြစ်သည်။ နိုင်ငံရေးပါတီဖွဲ့စည်းထားသော အဖွဲ့မဟုတ်။ ဆင်းရဲချမ်းသာ လူမျိုးဘာသာမရွေးတို့၏ နာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများကို မိမိတို့ နိုင်သလောက်အင်အားနှင့် ကူညီဖေးမပေးနေသော နိုင်ငံတော်အား တစ်ဖက်တစ်လမ်း အကျိုးပြုပေးနေသော အဖွဲ့ဖြစ်သည်။

ထိုနည်းတူစွာ ပြည်မြို့ မိုးမေတ္တာ ပရဟိတလူငယ် သွေးလှူအဖွဲ့သည်လည်း လူသားချင်းစာနာစိတ်ဖြင့် "သွေးဖြင့် အသက်ကယ်" လုပ်ငန်းကို လုပ်ဆောင်ပေးဆပ်ခဲ့ရာ သွေးပုလင်းပေါင်း တစ်ထောင်ကျော်ခဲ့ပြီဖြစ်သည်။ တစ်နည်းအားဖြင့် လူပေါင်းတစ်ထောင်ကျော်၏ အသက်ကို ကယ်ဆယ်နိုင်ခဲ့သော မြတ်ဗုဒ္ဓ၏ ဆိုဆုံးမကို လိုက်နာကျင့်သုံးသော ပရဟိတလူငယ်များပင်ဖြစ်သည်။ ထို့အပြင် မိုးမေတ္တာ ပရဟိတလူငယ် သွေးလှူရှင်များအသင်းသည် လူငယ်ဖွံ့ဖြိုးရေးအတွက် စာပေဟောပြောပွဲများ ကျင်းပခဲ့ရာ လိမ္မာယဉ်ကျေးသော လူငယ်လူရွယ်များ၊ ဗြဟ္မစိုရ်တရား (၄)ပါးကို လက်ခံကျင့်သုံးသော ပရဟိတလူငယ်များ ပေါ်ပေါက်လာခဲ့သည်။

ထို့အပြင် ဘာသာတရားကိုင်းရှိုင်းရန်၊ လူယဉ်ကျေးများ ပေါ်ပေါက်ရန်၊ ပရဟိတ

www.burmeseclassic.com



စိတ်ဓာတ်များ မွေးဖွားလာရန်၊ အယူသီးမှုကို တိုက်ဖျက်နိုင်ရန် ရည်ရွယ်၍လည်း ဆရာတော်ဘုရားကြီးများအား ပင့်ဖိတ်၍ တရားပွဲများ ကျင်းပပေးခဲ့သော လူငယ်အဖွဲ့ဖြစ်သည်။

သုခ ကုသိုလ်ဖြစ်ဆေးခန်း(ပြည်) ဟူ၍ ဖွင့်လှစ်ရာ၌ ဆေးခန်းတည်နေရာသည် သာသနာပိုင် နယ်မြေဖြစ်သည့်အတွက် သက်ဆိုင်ရာ သာသနာရေးဦးစီးအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ဆေးခန်းတည်ရှိရာ မာန်အောင်ကျောင်းဆရာတော်ကြီးမှလည်း ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုကြိုဆိုခဲ့သည်။ "ဆေးခန်း"ဟူရာ၌ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးအဖွဲ့မှလည်း ဆေးဝါး (အခမဲ့) ကုသိုလ်ဖြစ် ကုသပေးမည့် ဆရာဝန်ကြီးများနှင့်လည်း တွေ့ဆုံခဲ့ပြီးဖြစ်သည်။ ယခုမူ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ တားမြစ်မှုသည် အဘယ်ကြောင့် တားမြစ်ရပါသနည်းဟု အဖြေရှာမရတော့ချေ။ အများပြည်သူတို့ လိုအပ်နေသော ကျန်းမာရေးကို လစ်လျူရှုချင်ပါ၍လားဟု စဉ်းစားမိသည်။ ရဟန်းရှင်လူ အများပြည်သူတို့၏ မျက်နှာများ၊ အလှူရှင်တို့၏ မျက်နှာများကို တစ်ချက်လေးတော့ ငဲ့ကြည့်သင့်သည်။



ပရဟိတ၏ ဆန့်ကျင်ဘက် - အတ္တဟိတ

သုခ၏ ဆန့်ကျင်ဘက် - ဒုက္ခများ ဖြစ်စေချင်ပြီလားဟူ၍ တွေးမိပြန်သည်။

အချုပ်ဆိုရသော် ...

ကျွန်တော်တို့သည် ပါတီနိုင်ငံရေး လှုပ်ရှားသူများမဟုတ်။

ကျွန်တော်တို့သည် နိုင်ငံတော်အာဏာလုမည့်သူများမဟုတ်။

ကျွန်တော်တို့သည် ပြည်သူလူထုအကျိုးကို တတ်စွမ်းသလောက် ထမ်းဆောင်ပေးဆပ်နေသူများဖြစ်သည်။

ကျွန်တော်တို့သည် ပရဟိတသမားစစ်စစ်များဖြစ်သည်။

ကျွန်တော်တို့သည် မြတ်ဗုဒ္ဓ၏စကားကို လိုက်နာကြသည့်သူများဖြစ်သည်။

ကျွန်တော်တို့သည် မြန်မာ(ဗမာ)ပြည်သားစစ်စစ်များဖြစ်သည်။

မြန်မာ(ဗမာ့)သွေးသည် ရဲသည်။

ထို့ကြောင့် စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဆုံးမစကားဖြစ်သော

"အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့"ဟူသော သြဝါဒအတိုင်း ကျင့်သုံးရန်သာ ရှိတော့သည်။

ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်။

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ် နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ၏ အယူသီးမှုတိုက်ဖျက်ရေး (1st Break Out လူမှုရေးဟောပြောပွဲ) ခရီးစဉ်အဖြစ် အထက်မြန်မာပြည် မန္တလေးတိုင်းအတွင်းရှိ ရွှေဘိုခရိုင် ဆိပ်ခွန်ကျေးရွာ၊ ကျောက်ဆည်မြို့ မြစ်လောင်းမြို့ မဟာအောင်မြေမြို့နယ်၊ အမရပူရမြို့နယ် (အရှေ့ခြမ်း)၊ ရွှေကြက်ယက်ကျေးရွာ၊ ချမ်းမြသာစည်မြို့နယ်နှင့် စစ်ကိုင်းတိုင်း ငန်းဇွန်မြို့နယ်ရှိ မြို့သာ အစရှိသည့် မြို့/ကျေးရွာ အသီးသီးရှိ နာရေးကူညီမှုအသင်းများ၊ လူမှုကူညီရေးအသင်းများတို့၏ ဖိတ်ကြားချက်အရ ၅.၁.၂၀၁၃ (စနေနေ့) နံနက် (၈း၀၀)နာရီအချိန်တွင် နာရေးကူညီမှုအသင်း (ရန်ကုန်) ရုံးချုပ်မှ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အတူ အသင်းသူ/သားတို့ စတင် ခရီးနှင်ခဲ့သည်။ မန္တလေးမြို့သို့ ည (၆း၀၀)နာရီအချိန်တွင်




ပင်ရောက်ခဲ့ရာ "နိဗ္ဗာန်ရွှေပြည် နာမှုလူမှုကူညီရေးအသင်း"မှ ခရီးဦးကြိုခဲ့ပြီး "တောင်စလင်းတိုက်သစ်ကျောင်း"သို့ ဆက်လက်သွားရောက်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ နေမိန္ဒ ကိုယ်တိုင်ကြိုဆို၍ အနားယူရန်အတွက် နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ခရီးဦးဆိုက်သည်နှင့် တောင်စလင်းတိုက်သစ်၏ ကျောင်းထိုင်ဆရာတော်ကြီး ဘဒ္ဒန္တ တိက္ခအား ဦးခိုက်ကန်တော့ကာ တစ်နေ့တာခရီး၏ ပင်ပန်းနွမ်းနယ်မှုအား အိပ်စက်အနားယူခဲ့ကြသည်။ ၆.၁.၂၀၁၃ (တနင်္ဂနွေနေ့) နေ့လည် (၂း၀၀)နာရီအချိန်တွင် လူမှုရေးဟောပြောပွဲအဖြစ် ပထမအဖြစ် ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်မြို့ရှိ "စိတ္တသုခ နာရေးကူညီမှုအသင်း"၌လည်းကောင်း။ ည (၈း၀၀)နာရီအချိန်တွင် စစ်ကိုင်းတိုင်း ငန်းဇွန်မြို့နယ်၊ မြို့သာမြို့ရှိ "ယသကုလပုတ္တ လူမှုကူညီရေးအသင်း"၌လည်းကောင်း။ ၇.၁.၂၀၁၃ (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီအချိန်

www.burmeseclassic.com

www.burmeseclassic.com





တွင် ကျောက်ဆည်မြို့ အနောက်သာဂရမြို့ရှိ "အကြင်နာ လူမှုကူညီရေးအသင်း"၏ ရုံးခန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး နာရေးကူညီမှု အသင်း (ရန်ကုန်)မှ အလှူငွေ ၃၀၀၀၀၀ိ/- (သုံးသိန်း)ကျပ် တိတိအား ပေးအပ်လှူဒါန်းခဲ့ပြီး ဆက်လက်၍ ညနေ (၃း၀၀) နာရီအချိန်တွင် မဟာ အောင်မြေမြို့နယ်ရှိ "ဒေ၀ယာနိက နာမှုကူညီရေး အသင်း"၌လည်းကောင်း၊ ညနေ (၄း၀၀)နာရီအချိန်တွင် ကံတက်ကုန်း မစိုးရိမ် ဘုန်းတော်ကြီး သင် ပညာရေးကျောင်းမှ ကျောင်းသား/သူများနှင့် တွေ့ဆုံခဲ့ပြီးနောက် ည (၈း၀၀)နာရီအချိန် တွင် မြစ်လောင်းမြို့ရှိ "အဖြူရောင်လွင်ပြင် လူမှုကူညီရေးအသင်း" တစ်နှစ်ပြည့် အခမ်းအနား တွင် ဥက္ကဋ္ဌ ဦးကျော်သူသည် ဦးဘုန်း(ဓာတု)၊ ကိုလေး(အင်း၀ဂုဏ်ရည်) တို့နှင့်အတူ လည်းကောင်း။ ၈.၁. ၂၀၁၃ (အင်္ဂါနေ့) နံနက် (၉း၀၀)နာရီအချိန်တွင် အမရပူရမြို့နယ် (အရှေ့ ခြမ်း)၊ ရေဘုတ်ကျေးရွာ၊ ကံဦးဘုန်းကြီးကျောင်းအတွင်းရှိ "ဘ၀အလင်း" အခမဲ့စာဖတ်ခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ရာ အခမ်းအနားသို့ တက်ရောက် လာကြသော မန္တလေးမြို့ ဒေသခံ အလှူရှင်များတို့မှ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ စုစုပေါင်းအလှူငွေ ၁၁၁၀၀၀၀ိ/- (တစ်ဆယ့်တစ်သိန်း တစ်သောင်း)ကျပ်တိတိအား ပေးအပ်လှူဒါန်းခဲ့ပြီး နံနက် (၁၁း၄၅) နာရီအချိန်တွင် အမရပူရ မြို့နယ် (အနောက်ခြမ်း)၊ ရွှေကြက်ယက်ကျေးရွာရှိ "သံဝေဂဉာဏ လူမှုကူညီရေးအသင်း"၏ တစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့ကြပြီး နာရေးကူညီမှုအသင်း (ရန်ကုန်)မှ အလှူငွေ ၂၀၀၀၀၀ိ/- (နှစ်သိန်း)ကျပ်တိတိအား ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ည (၈း၀၀) နာရီအချိန်တွင် ချမ်းမြသာစည်မြို့ ထွန်းတုံးရပ်ရှိ "နိဗ္ဗာန်ရွှေပြည် နာမှုလူမှုကူညီရေးအသင်း" (၂)နှစ်ပြည့် အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးကျော်သူသည် ဦးထွန်းလွင်(မိုးလေ၀သ)နှင့် ဟာသ သရုပ်ဆောင် ဗေလု၀တို့နှင့်အတူ ဟောပြောခဲ့သည်။ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူသည် ၂၀၁၃ ခုနှစ် ပွဲဦးထွက် အယူသီးမှု တိုက်ဖျက်ရေး (1st Break Out လူမှုရေး ဟောပြောပွဲ) ခရီးစဉ်၌ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ၂၀၀၁ ခုနှစ်မှစ၍ တစ်ဆင့်ခြင်း၊ တစ်လှမ်းခြင်း လုပ်ဆောင်ပေးဆပ်မှု မှတ်တမ်း ပုံရိပ်လွှာများအား Projecter ဖြင့် Slide show ပြသ၍ ဦးကျော်သူမှ လူမှုရေး ပရဟိတလုပ်ငန်းများ နှင့်ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံများ၊ လူမှုရေးလုပ်ကိုင်နေကြသည့် ပုဂ္ဂိုလ်များနှင့် အသင်းအဖွဲ့များအနေဖြင့် လျှောက်လှမ်း ရမည့် ရည်ရွယ်ချက်၊ စောင့်ထိန်းအပ်သော သီလ၊



www.burmeseclassic.com

www.burmeseclassic.com



ထားရှိအပ်သည့် စိတ်ဓာတ်တို့ဖြင့် အနာဂတ် မျိုးဆက်သစ် လူမှုရေးသမားများ ပေါ်ထွန်းလာရန်၊ "ဝွန်ပန်းရုံအနီး လှည်းဘီးနွံထဲကျွံနေသည် ကူ၍တွန်းပေးကြပါ လေးလွန်း၍ မတွန်းနိုင်ဘူးလား၊ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်"ဆိုသည့်အတိုင်း လူမှုရေးအသင်းအဖွဲ့များအနေဖြင့် ကိုယ့်လှေကိုယ်ထိုး ပဲခူးရောက်ရောက်ဆိုပြီး ဦးတည်ချက်၊ ရည်ရွယ်ချက်များ လွဲနေမည်ဆိုပါက ခရီးရောက်မည်မဟုတ်ကြောင်း၊ လူဆိုသည်မှာ မွေးဖွားလာသည်နှင့် တစ်ပြိုင်နက်တည်း သေခြင်းတရားဆီသို့ ဦးတည်၍ လျှောက်လှမ်းနေပြီဖြစ်ကြောင်း၊ လူမမယ် ကလေးငယ်များသည်လည်း အချိန်မတန်ခင် ကြွေလွင့်သွားကြောင်း၊ အချိန်ကုန် (သက်တမ်း) ကုန်၍ ဘဝကူးပြောင်း သွားသူများ ရှိသလို သက်တမ်း မကုန်ခင် ကံကြောင့် သေဆုံးသွား နိုင်ကြောင်း၊ ထို့ကြောင့် ကုသိုလ်ကောင်းမှုအား စုံဆက်မပြတ် လုပ်ကိုင် သွားကြရန် အရေးကြီး ကြောင်း၊ ဇော်ဝမ်းကြီး လည်း သေတာပဲ ... သုမောင်ကြီးလည်း သေတာပဲ ... ဗိုလ်ချုပ် အောင်ဆန်းလည်း ကျဆုံးသွားတာပဲ ... ဦးနေဝင်းလည်း သေတာပဲ ... ဟိုပုဂ္ဂိုလ်ကြီးလည်း သေတာပဲ ... ကျော်သူကြီးလည်း သေမှာပဲ ဟူ၍ သံဝေဂစကားများအား ပြောကြား ဟောကြားခဲ့သည်။ ကြိုဆိုအားပေးမှုများ ပြုလုပ်ပေးရသည်မှာလူမှုရေးသမားများ၏ တာဝန်ဖြစ်ကြောင်း၊ လူကြီးလူငယ် ပြဿနာများအား ကိုယ်ချင်းစာနာစိတ်တို့ဖြင့် စည်းလုံးညီညွတ်စွာ ဖြေရှင်းသင့်ကြောင်း၊ ဘဏ္ဍာငွေ အရှုပ်အရှင်းများ ကင်းရှင်းရန် အရေးကြီးကြောင်း၊ စာရင်းဇယားများ တိကျစွာဖြင့် စာရင်းအင်းအဖွဲ့များ၏ အကြံပြုချက်များအား လက်ခံသင့်ကြောင်း၊ အဖွဲ့အစည်းတစ်ခု အမည်နာမ ဂုဏ်သတင်း မြင့်မားလာလျှင် လူမှုကျင့်ဝတ်များ၊ ကိုယ်ချင်းစာနာစိတ်များနှင့် စွန့်လွှတ်အနစ်နာခံ ပေးဆပ်ကြရန် အရေးကြီးကြောင်း ပြောကြားသွားကာ မျိုးဆက်သစ်လူမှုရေးသမားများကို မျိုးဆက်ဟောင်း လူမှုရေးသမားများမှ ကမ်းလက်ဖြင့် ကြိုဆိုသင့်ကြောင်း ကိုမျိုး (မြန်မာစာ) ရေးသားပေးသော "မျိုးဆက်နှင့် ကမ်းလက်" ကဗျာအား ရွတ်ဖတ်၍ ဟောပြောမှုအစီအစဉ်အား ရုတ်သိမ်းခဲ့သည်။ မန္တလေးတိုင်းအတွင်းရှိ လူမှုရေးခရီးစဉ် ဟောပြောပွဲတစ်လျှောက် အစစ အရာရာ ကူညီပံ့ပိုးပေးခဲ့ကြသော ဒေသခံ လူမှုရေးအသင်းအဖွဲ့များမှ လူမှုရေးသမားများ၊ ဒေသခံပြည်သူလူထုများ၊ ခရီးစဉ်အား အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ရန်အတွက် ပို့ဆောင်ကူညီပေးခဲ့သော ရွှေစင်စကြာ အဆင့်မြင့် ခရီးသွားလုပ်ငန်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် Kyaw Thu 1st Break Out လူမှုရေး ဟောပြောပွဲ အထက်မြန်မာပြည်ခရီးစဉ်အား အောင်မြင်စွာ အဆုံးသတ်ခဲ့သည်။



ကျော်သူ

❑

www.burmeseclassic.com

www.burmeseclassic.com



ရှက်ဖို့ကောင်းလှသည် ...။

ကျွန်တော်တို့ မြန်မာလူမျိုးတွေ အယူသီးပုံ၊ အစွဲကြီးပုံများ တလွဲဆံပင်ကောင်းမှုများပင် ဖြစ်တော့သည်။ ဘာသာခြားများ၊ တိုင်းတစ်ပါးမှ နိုင်ငံခြားသားများသိလျှင် အတော့်ကို ရယ်စရာကြီးဖြစ်နေမည်။

မြန်မာလူမျိုးများ ကမ္ဘာတွင် ဟာသလူမျိုးဖြစ်ကုန်မည်ကို စိုးရိမ်မိသည်။ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အယူသီးမှု၊ အစွဲအလန်းကြီးမှုများကို ကျွန်တော်တို့ တိုက်ဖျက်လာသည်မှာ ယခုအချိန်ထိပင်။ သို့သော် ကျွန်တော်တို့နှင့် ယခုတိုင် အချို့သောသူတို့သည် ပြဒါးတစ်လမ်း သံတစ်လမ်း၊ ဆန့်ကျင်ဘက်အနေအထားပင် ဖြစ်နေသေးသည်။ သူတို့ထံမှ တီးတိုးပြောသံများ၊ အကြံဉာဏ်ပေးသံများ၊ ဆရာကြီးလုပ်သံများ၊ အတင်းအဖျင်းပြောသံများ၊ ရှုတ်ချသံများ၊ မချေမငံ ပြောသံများ စသည့် လူမှုရေးတိုက်ခိုက်သံ၊ အယူသီးမှု စကားလုံးများ ယနေ့တိုင် မကြာမကြာ ကြားနေရဆဲပင်ဖြစ်သည်။

ရှေးလူကြီးများစကား မပယ်ဖျက်ကောင်းဘူးတဲ့။ ဒါက သူတို့ နောက်ဆုံး အနိုင်ယူတဲ့ စကားလုံး။ ဒီတော့ ကျွန်တော် ရှင်းပြီ၊ ရှင်းရပြီ။ ရှင်းပြီဆိုသော်ငြားလည်း ကျွန်တော် ရေးခဲ့ဖူးသော 'ခုတ်မယ်၊ ထစ်မယ်၊ ပါးပါးလှီးမယ်' ဟူသော စာစုမှ ကျွန်တော်တို့၏ လူမှုရေးလမ်းပြကြယ်ဖြစ်သော ဆရာတော်ကြီး ဘဒ္ဒန္တ ဦးတိက္ခ၏ ဟောကြားချက်စကားများမှ စရတော့မည်။



# ရှင်းတမ်း ၁

အမျိုး၊ ဘာသာ၊ သာသနာအတွက် မြတ်စွာဘုရားရှင်သည် ကောင်းတာလုပ်လျှင် ကောင်းကျိုးပေးမည်။ မကောင်းတာလုပ်လျှင် မကောင်းမှုများရမည်ဟူ၍ ဟောကြားခဲ့သည် မဟုတ်ပါလား။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် ရတနာသုံးပါးကို ကြည်ညိုလေးစား ဦးခိုက်ကြသော်လည်း ကံနှင့်ပတ်သက်၍ ယုံကြည်မှုအားနည်းမှုများကို တွေ့ရသည်။

လူအများစုသည် နာရေးကိစ္စများကို အယူသီးကြသည်။ နာရေးကြောင့် စီးပွားပျက်တယ်၊ လူသေတတ်တယ်၊ ထိခိုက်နစ်နာမယ်၊ ပျက်စီးဆုံးရှုံးတတ်၊ နိမိတ်မကောင်းမှုတွေ ဖြစ်တတ်တယ်ဟူ၍ ရှေးဘိုးဘေးဘီဘင် လက်ထက်ကတည်းက အယူသီးမှုများ၊ အရိုးစွဲမှုများ၊ အမှားစွဲမှုများ ရှင်သန်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

လူတော်တော်များများသည် အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ အထိအတွေ့ဟူသော အာရုံငါးပါးထဲတွင် နစ်မွန်းနေကြသည်။ မိမိကိုယ်မိမိတို့ သုဘ (သို့မဟုတ်) မင်္ဂလာဟု သတ်မှတ်နေကြသည်။

အမှန်မှာ ရှင်သူ၊ သေသူတို့ အားလုံးသည် အသုဘများ (သို့မဟုတ်) အမင်္ဂလာများပင် ဖြစ်တော့သည်။

အဘယ့်ကြောင့်ဆိုသော် ရေမချိုးဘဲနှင့် ဆယ်ရက်ခန့်နေကြည့်လျှင် မိမိခန္ဓာမှ အပုပ်နံ့များ ထွက်လာမည်။ ဒွါရခြောက်ပါးမှ အနံ့အသက်မျိုးစုံ ထွက်နေတော့မည်။ ရုပ်တရား၊ နာမ်တရား အားလုံးသည် အသုဘချည်းပင်ဖြစ်သည်။ မည်သည့်အရာမှ တည်မြဲမှုကို မဆောင်နိုင်ချေ။

မြတ်စွာဘုရားသည် လူမသာကို အိမ်ထဲသို့၊ ရပ်ကွက်ထဲသို့သွင်းလျှင် 'ခိုက်သည်' ဟူ၍ မဟောကြားခဲ့ပါ။

စဉ်းစားစေချင်သည်။ ရပ်ကွက်၊ အိမ်ပြင်ပတွင် ဆုံးသွားပါက (ရပ်ကွက်) အိမ်ထဲသို့ အသွင်းမခံကြ၊ သွင်းလျှင် ရွာနာတယ်၊ အရပ်နာတယ်၊ အိမ်သူအိမ်သားတွေ ခိုက်တယ်ဟူ၍ မည်သည့်ကျမ်းဂန်တွင်မှ မပါရှိပါ။ သို့သော် အားလုံးနီးပါး အယူသီးမှုများက လွှမ်းခြုံနေမှုကို ခံနေရသည်။

ဒါဆို ကျွန်တော်မေးတော့မည်။ လူမသာကြတော့ ရပ်ကွက်ထဲ၊ အိမ်ထဲ မသွင်းကောင်းဘူးတဲ့။ အဲဒါဆိုလျှင် တိရစ္ဆာန်မသာများကြတော့ ဘာဖြစ်လို့ အိမ်ထဲသွင်းကြသနည်း။ သက်ရှိလောကကြီးထဲတွင် လူသာလျှင် အမြတ်ဆုံးဖြစ်သည်လို့ ပြောကြပြီး မည်သည့်အတွက် နံနက်ဘက် ဈေးကပြန်လာလျှင် သူ့ထက်ငါ အလုအယက် ငါကတော့ ကြက်သားစားနိုင်တယ်၊ ငါကတော့ ဝက်သား စသဖြင့် အပြိုင်အဆိုင် ဈေးဝယ်လာပြီး ဂုဏ်ယူဝင့်ကြွားစွာ နေအိမ်ထဲသို့ တိရစ္ဆာန်မသာများကိုထည့်ပြီး ခုတ်ထစ်၊ ဆေးကြော၊ ကြော်လှော်၊ ချက်ပြုတ်ပြီး မိမိတို့ရဲ့ ပါးစပ်ထဲသို့ တိရစ္ဆာန်မသာများကို ဘာကြောင့်ထည့်ကြသနည်း။ အရိုးများကို နူးနေအောင် ချက်ပြုတ်၍ ဝါးကြသည် မဟုတ်ပါလား။

ဒါကြောင့် လူ့ဝမ်းဗိုက်သည် တိရစ္ဆာန်တို့၏ သင်္ချိုင်း၊ လူ့ပါးစပ်သည် တိရစ္ဆာန်တို့၏ မီးသဂြိုဟ်စက်ပင် ဖြစ်တော့သည်။

တိရစ္ဆာန်မသာကျတော့ မိမိတို့ဝမ်းဗိုက်ထဲသို့ထည့်ပြီး လူမသာကျတော့ အိမ်ထဲ (ရပ်ကွက်)ထဲသို့ အသွင်းမခံမှုတို့သည် အဆိုးဝါးဆုံးသော အယူသီးမှု၊ မိစ္ဆာဒိဋ္ဌိအယူဝါဒမှ ဆင်းသက်လာမှုပင် ဖြစ်တော့သည်။

တစ်ဖန် လူသေသွားလျှင် အိမ်နောက်ဖေးသယ်သွား၊ တံစက်မြိတ်ရေ လက်ပြန်ခပ်နှင့် ရေချိုးပေး၊ အဝတ်အစားဝတ်၊ သနပ်ခါးလိမ်း၊ ဆံပင်ထုံးပေး၊ နှုတ်ခမ်းနီဆိုးပေး၊ မျက်ပန်းပေးနှင့် သေသွားမှ ကြင်နာပြ၊ ဂရုစိုက်ပြနေတော့သည်။ အလောင်းလုအောင်လုပ်တာတဲ့။ ပြုံးပြုံးလေးသေမှ အလောင်းလုတာတဲ့။ နောက်မှ ခေါင်းကဆံပင်ကိုဖြတ်၊ ခြေထောက်နစ်ချောင်းကို

www.burmeseclassic.com



တုပ်တော့သည်။ အိမ်မှာ နှစ်ညတောင် ထားရဦးမှာဖြစ်တဲ့အတွက်တဲ့ဗျာ။ သေတာတောင် အချုပ်အနှောင်ခံရတဲ့ဘဝ ...။

ထို့နောက် သေသူ၏ ပါးစပ်ထဲ မတ်စေ့ (ယခုခေတ်တွင်တော့ မရနိုင်တော့) ထည့်သည့် 'ကူးတို့ခ'ဟု ဆိုကြပြန်သည်။ အသက်မရှိသော ခန္ဓာနှင့် ဘယ်ကားကို တစ်မတ်ပေးစီး၍ ဘယ်ကိုသွားမည်နည်း။

တချို့က ပါးစပ်ထဲထည့်ထားသည့် မတ်စေ့ကို အတင်းနှိုက်ပြန်သည်။ Lucky ကောင်းတယ်တဲ့၊ ငွေပွားတယ်တဲ့လေ။

အလောင်းကို အိမ်ကထုတ်တော့ ခြေကမထုတ်ရဘူး၊ ခေါင်းကမထုတ်ရဘူး၊ တံခါးပေါင်နဲ့ မထိရဘူး၊ အိမ်နံရံကိုမထိရဘူး၊ လှေကားက မဆင်းရဘူး စသဖြင့် 'ဘူး'များ ပဲ့တင်ထပ်နေတော့သည်။ နောက်ထပ် ကြေးစည်ထု၊ ကနားဖျင်းဖျက်ခြင်း လုပ်တော့သည်။ နောက်နိဗ္ဗာန်ယာဉ်ပေါ်သို့ အလောင်းတင်သော် ရေအိုးကိုခွဲတော့သည်။ မင်းနဲ့ငါတို့ အိုးစားကွဲပြီ၊ အိမ်ပြန်မလာနဲ့ဟုဆိုသည်။ နောက် ငိုကြ၊ ယိုကြ၊ မသွားရဘူး၊ ခေါ်မသွားရဘူး၊ ပစ်သွားပြီလား စသဖြင့် အယူစွဲ၊ အယူသီးမှုများ လွှမ်းခြုံနေကြသည်။ သုဿန်ရောက်သော် အခေါင်းထဲမှ ပန်းတစ်ပွင့်ကိုယူ၍ ယူသည့်လူက စကား မည်သူ့ကိုမျှမပြောတော့ချေ။ သေသူရဲ့လိပ်ပြာကို ပြန်ခေါ်တာတဲ့။ အိုးစားကွဲလိုက်ကြ၊ ပြန်ခေါ်လိုက်ကြ၊ ခြေထောက်ကို တုပ်နှောင်လိုက်ကြ၊ ငိုလိုက်ကြနဲ့ သေသူကို မီးသင်္ဂြိုဟ်စက်ထဲသို့ ထည့်မည့်အစား ထိုသူများကို စိတ်ရောဂါအထူးကုဆေးရုံသို့ပင် ပို့ရမလိုဖြစ်တော့သည်။

သေဆုံးသူ၏ လုံချည်၊ အင်္ကျီ၊ ခြင်ထောင်၊ မွေ့ယာများကို ခိုက်မှာစိုး၍ ခန်းစီးစများ ချုပ်၍ ဘုန်းကြီးကျောင်းကို ပို့ကြသည်။ ကုသိုလ်ရအောင် ဘုန်းကြီးကျောင်းတွင် ချိတ်ခိုင်းဆွဲခိုင်းတော့သည်။ ဒါဆို ဘုန်းကြီးတွေကျတော့ ခိုက်စေတဲ့လား။ သေဆုံးသွားသူ၏ လက်ဝတ်လက်စား၊ ဆွဲကြိုး၊ လက်စွပ်များကြတော့ ခိုက်မှာစိုး၍ ဘုန်းကြီးကျောင်းကို မလှူကြတော့ဘူးလား။ ဘယ်ရောက်ကုန်ပါလိမ့်⊠

နာရေးယာဉ် (နိဗ္ဗာန်ယာဉ်) ကိုလည်း ရပ်ကွက်ထဲဝင်လျှင် ဟိုဘက်ကဝင်၊ ဒီဘက်က မဝင်ရဘူး စသဖြင့် တားမြစ်သူတွေ၊ မိမိအိမ်ရှေ့တွင် မော်တော်ယာဉ်ခေါင်း လာလှည့်တာကို မလိုချင်၊ နိဗ္ဗာန်ယာဉ်မောင်းသည့် ယာဉ်မောင်းများလည်း ယခင်က မကြာခဏ လက်သီးနှင့် အထိုးခံရမှုများ ရှိခဲ့သည်။ လမ်းထိပ်တွင် ကန်တော့ပွဲထိုးပေးခဲ့ရသည်လည်းရှိသည်။ ဒီလမ်းက နိဗ္ဗာန်ယာဉ်မဝင်ရ၊ မသွားရတဲ့လမ်း စသဖြင့် တားမြစ်နယ်မြေများလည်း ရှိခဲ့သည်။ ရှိနေဆဲပင်။ ကောင်းပြီ၊ ဒါဆိုရင် အဲဒီလမ်းကလူတွေက မသေတော့မဲ့သူတွေများလား⊠ သေခဲ့သည် ရှိသော် မိမိအိမ်မှ လမ်းထိပ်သို့ မိမိတို့ ကိုယ်တိုင်သယ်ပိုးပြီး 'မ'ချမည်တဲ့လား⊠ နောက်နိုင်ငံရပ်ခြားတွင် သေဆုံး၍ သေဆုံးသူ၏ခန္ဓာကိုယ်အား မြန်မာပြည်တွင် သင်္ဂြိုဟ်ချင်၍ ပြန်သယ်လာသော အလောင်းများသည် လေယာဉ်ဖြင့် သယ်ဆောင်လာရခြင်းဖြစ်သည်။ ထို့ကြောင့် လမ်းထဲမဝင်ရဘူး၊ ဟိုဘက်က မထွက်ရဘူး၊ ဒီဘက်က မဝင်ရဘူး၊ အိမ်ရှေ့ ကားမကွေ့ရဘူး

www.burmeseclassic.com


စသဖြင့် ပြောနေသူများ စဉ်းစားကြည့်စေချင်သည်။ မိမိတို့ ဦးခေါင်းထက် မိမိတို့၏ နေအိမ်ထက်မှ နေ့စဉ် အလောင်းတင်လေယာဉ်ပျံများ ဖြတ်သန်းနေဆဲ၊ ပျံသန်းနေဆဲပင်ဖြစ်တော့သည်။ နိဗ္ဗာန်ယာဉ်ဝင်တာကိုတော့ မကြိုက်ကြ၊ နိဗ္ဗာန်ယာဉ်ကို မြင်ကြလျှင်တော့ မိမိတို့၏ ပိုက်ဆံအိတ်များကို ပုတ်ကြကာ လာဘ်ရွှင်လို့လား ... စဉ်းစားကြပါ။ သိပ်ရုက်ဖို့ ကောင်းနေပါပြီ။

မိမိတို့၏ စိတ်ဓာတ်များ၊ ခံယူချက်များ၊ အယူသီးမှုများကို ပြန်လည်ပြုပြင်စေလိုပါသည်။ ပြဒါးတစ်လမ်း သံတစ်လမ်း မဖြစ်သင့်တော့ပါ။

ကိုယ့်စိတ်ကို ပြန်စစ်ကြည့်စေချင်သည်။

မှားလား ... မှန်လား။


မှန်လား ... မှားလားဆိုတာ။

မှားရင် ... ပြင်။

မှန်ရင် ... ဆက်လုပ်ဖို့က အားလုံးရဲ့တာဝန် ဖြစ်တော့သည်။

ကျွန်တော် စကားလုံးများနှင့် ရှင်းပြရသည်မှာ များလှပါပြီ။ ထို့ကြောင့် ယခု လူမှုရေးလုပ်ငန်း (နာရေးကူညီမှု)တွင် အယူသီးမှု၊ အရိုးစွဲမှု၊ အမှားကို လက်ခံနေမှုများကို တိုက်ဖျက်ကြသော သူရဲကောင်းလူပုဂ္ဂိုလ်များ၏ အကြောင်းအရာ၊ သက်သေခံဓာတ်ပုံများနှင့်တကွ ထပ်မံရှင်းပြပါတော့မည်။

နံပါတ် (၁) ကိုချိုသန်း + မမိုးစန္ဒာ



နေ့ရက် ။ ။ ၉-၁၂-၂၀၀၆
နေရာ ။ ။ မြောက်ဥက္ကလာပခန်းမ
ကုသိုလ်ယူသည့်လမ်းကြောင်း ။ ။ တောင်ဒဂုံမြို့နယ်မှ ထားဝယ်ချောင်သုသာန်
မြောက်ဒဂုံမြို့နယ်မှ ထားဝယ်ချောင်သုသာန်သို့

www.burmeseclassic.com



သူတို့၏ မင်္ဂလာနေ့ရက်၊ မင်္ဂလာရှိသောအချိန်တွင် မြောက်ဥက္ကလာပမြို့နယ်ခန်းမတွင် မင်္ဂလာအခမ်းအနားပြုလုပ်ပြီးချိန်တွင် သူတို့၏ ရဲရဲတောက်တောင်းဆိုချက်ကြောင့် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ နာရေးလမ်းကြောင်းတွင် မင်္ဂလာဝတ်စုံနှင့်တကွ မင်္ဂလာရှိစွာဖြင့် ကုသိုလ်ယူခဲ့သည်။

နံပါတ် (၂) မောင်ပြည့်ဖြိုးအောင် + မနှင်းနွယ်ဝင့်
မင်္ဂလာနေ့ရက် ။ ။ ၆-၁-၂၀၀၇ ခုနှစ်

သူတို့၏ မင်္ဂလာနေ့ရက်၊ မင်္ဂလာရှိသောအချိန်၊ မင်္ဂလာရှိသောနေရာ ဆီဒိုးနားဟိုတယ်ကြီးတွင် ကျင်းပသော သူတို့မင်္ဂလာဆောင်၏ ဖိတ်စာထဲတွင် လက်ဖွဲ့မည့် ချီးမြှင့်ထောက်ပံ့မှုများကို လူမှုရေးအသင်း (၁၁) သင်းအား မိမိတို့စိတ်ကြိုက် နှစ်သက်ရာအသင်းအဖွဲ့သို့ လှူဒါန်းပေးပါရန်ဟူ၍ ပုံနှိပ်ကာ အစွဲအလန်းထုံးစံများကို တိုက်ဖျက်၍ အယူသီးမှု တိုက်ဖျက်ရေး မှတ်တိုင်ကို ထူခဲ့ပါသည်။ ယင်းအခမ်းအနားတွင် နာရေးကူညီမှုအသင်း (ရန်ကုန်) အတွက် အလှူငွေ (၁၀)သိန်းနီးပါး ရရှိခဲ့ပါသည်။ (မှတ်တမ်းဓာတ်ပုံနှင့် နဂ္ဂတစ်ဖလင်များသည် နာဂစ်မုန်တိုင်းဒဏ်ကြောင့် အသင်းအဆောက်အအုံ ပျက်စီးမှုနှင့်အတူ ပါသွားပါ၍ ခွင့်လွှတ်ပါရန်။)

နံပါတ် (၃) ကိုသိန်းဇော် + မသန်းသန်းအေး



နေ့ရက် ။ ။ ၂၈-၂-၂၀၀၈ ခုနှစ်
နေရာ ။ ။ ရေဝေးသုသာန်အနီးရှိနေအိမ်
ကုသိုလ်ယူသည့်လမ်းကြောင်း ။ တောင်ဒဂုံမြို့နယ်မှ ကြည်စုသုသာန်
သုဝဏ္ဏမှ ရေဝေးသုသာန် (အအေးခန်း)

သူတို့လင်မယားသည်လည်း ရဲရဲတောက် လူမှုရေးသမားများပင် ဖြစ်တော့သည်။ သူတို့သည်လည်း ရေဝေးသုသာန်အနားရှိ နေအိမ်တွင် မင်္ဂလာပွဲကိုလုပ်၍ မင်္ဂလာရက်မြတ်တွင် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ လမ်းကြောင်းကို လိုက်လံကုသိုလ်ယူ လုပ်အားပေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


နံပါတ် (၄) ကိုဖိုးချို + မဝင်းဝင်းဇော်





နေ့ရက် ။ ။ ၁၈-၁၁-၂၀၀၇ ခုနှစ်
နေရာ ။ ။ ရေဝေးသုသာန်အနီး
ကုသိုလ်ယူသည့်လမ်းကြောင်း ။ ။ ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်

သူတို့ဇနီးမောင်နှံသည်လည်း အယူသီးမှုတိုက်ဖျက်ရေး ရဲရဲတောက် ဇနီးမောင်နှံပင် ဖြစ်သည်။ သူသည် ကျွန်တော်တို့၏ နာရေးကူညီမှုအသင်း (ရန်ကုန်) ရုံးခွဲတွင် မင်္ဂလာအခန်းအနား ကျင်းပပြီး မင်္ဂလာရက်မြောက်တွင် ကုသိုလ်ဖြစ် နာရေးလိုက်လံ ပို့ဆောင်ခဲ့သည်။

နံပါတ် (၅) ကိုဘိုဘို + မပွင့်ဖြူနှင်း





နေ့ရက် ။ ။ ၁၁-၁၁-၂၀၀၉ ခုနှစ်
နေရာ ။ ။ ဗြဟ္မဝိဟာရစာသင်တိုက် (သင်္ဃန်းကျွန်း)

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ယူသည့်လမ်းကြောင်း ။ ။ ဂျပန်ဆေးရုံမှ ရေဝေးသုသာန်
မင်္ဂလာတောင်ညွန့်မှ ရေဝေးသုသာန်

သူတို့သည်လည်း နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဝန်ထမ်းတစ်ဦးဖြစ်သည်။ သူတို့သည်လည်း မင်္ဂလာပေါ် မင်္ဂလာထပ်သည်နှင့်အညီ ဧည့်ခံပွဲပြီးပြီးချင်း နာရေးကူညီမှုကိစ္စများကို လိုက်လံ ကုသိုလ်ယူကြသည်။

ထို့ကြောင့် သူတို့ သူတို့သည် တစ်သက်တစ်ခါ မင်္ဂလာ၊ မင်္ဂလာပေါ်တွင် မင်္ဂလာထပ်သည့် တကယ့်မှန်မြတ်သည့် အလှူပွဲ၊ ကုသိုလ်ပွဲကို ဆင်နွှဲခဲ့ကြသူများဖြစ်တော့သည်။

သို့သော် အောက်ပါဓာတ်ပုံအတိုင်း အယူသီးမှုများ၊ တားမြစ်မှုများ၊ ဟန့်တားမှုများ၊ တိုက်ခိုက်မှုများ၊ ဖျက်ဆီးမှုများ ရှိနေဆဲပင်။

ဒါကြောင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေမှုများကို
ကိုယ့်စိတ် ... ကိုယ်စစ်
ကိုယ့်လမ်း ... ကိုယ်သွား
ကိုယ့်အလုပ် ... ကိုယ်လုပ်
ကိုယ့်တာဝန် ... ကိုယ်ကျေ
ကိုယ့်သမိုင်း ... ကိုယ်ရေးကြရမှာဖြစ်သည့်အတွက်
မှားလား ... မှန်လား
မှန်လား ... မှားလား
မှားရင်ပြင် ... မှန်ရင်ဆက်လုပ်ကြဖို့ လိုတယ်။

မည်သို့ဖြစ်စေကာမူ ကျွန်တော်နှင့် ကျွန်တော်၏ သွေးသောက်များသည်ကား ဗိုလ်ချုပ်ရဲ့စကား၊ ဆရာတော်ကြီးရဲ့ဩဝါဒ ဆုံးမစကားအတိုင်း ရှေ့သို့ ရဲရဲချီတက်ကြမည်ဖြစ်ကြောင်း။

"လောကဓံတရား၏ ရိုက်ပုတ်ခြင်းဒဏ်ချက်ကြောင့်
ငါ၏ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီနေ၏။
သို့သော် ... ညွတ်ကားမညွတ်"။

**(ဗိုလ်ချုပ်အောင်ဆန်း)**

"လူ့ဘုံထုံးစံ၊ ကဲ့ရဲ့ဒဏ်ဖြင့်၊ ရန်မာန်ပိတ်သည်း၊ ခရီးခဲ၌၊
စိတ်ဇွဲသန်သန်၊ နောက်မပြန်ဘဲ၊ ရဲမာန်ရဲဆေး၊ ရဲစိတ်မွေးလျက်၊ ရဲသွေးနီနီ၊
စီရရီဖြင့်၊ ဦးတည်မပျက်၊ ရှေ့သို့ဆက်လော့။"

**(မဟာဂန္ဓာရုံဆရာတော်ကြီးအမရပူရ)**

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ... ဒါတွေ ... ဒါတွေဟာ
အားလုံးအတွက်
လူသားတိုင်းအတွက်
တစ်တိုင်းပြည်လုံးအတွက်
တစ်ကမ္ဘာလုံးအတွက်
အယူသီးမှု တိုက်ဖျက်ရေး ရဲရဲတောက် ရှင်းတမ်း ဖြစ်တော့သည်။

**ကျော်သူ**

❑

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါတရားသည် လူသားတိုင်းမှာ ရှိသင့်ရှိထိုက်သော အရေးကြီးဆုံး တရားတစ်မျိုးဖြစ်သည်။ ရတနာမြတ်သုံးပါး၊ ကံ,ကံ၏အကျိုးတရား၊ ယခုလက်ရှိဘဝ နောင်ဘဝတို့ ယုံမှားသံသယမရှိဘဲ လေးလေးနက်နက် ယုံကြည်မှုကို 'သဒ္ဓါ'ဟုခေါ်သည်။ အယူဝါဒရေးရာ၌ အမြင်ကြည်လင်ပြတ်သားမှုသည် သဒ္ဓါ၏ အစွမ်းသတ္တိပင်ဖြစ်သည်။

'ဒါန'၏ အခြေခံအုတ်မြစ်သည် သဒ္ဓါပင်ဖြစ်တော့သည်။ သဒ္ဓါစိတ်ရှိမှ ဒါနမြောက်သည်။ ဒါနဟုဆိုရာတွင် မိဘက သားသမီးများကိုပေးခြင်း၊ သားသမီးများက မိဘတို့ကိုပေးခြင်း၊ ရန်သူကို ကြောက်၍ပေးခြင်း၊ ရန်သူကို အောင်နိုင်ရန်ပေးခြင်း၊ ပြည်သူများက အစိုးရအား အခွန်ပေးရခြင်း၊ အစိုးရက ပြည်သူတို့ကို စားဝတ်နေရေး ပြေလည်စေရန် ဆောင်ရွက်ပေးခြင်း၊ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း စသည်ဖြင့် လူတစ်ဦးက လူတစ်ဦးကို ပေးအပ်သည့် ပစ္စည်းဝတ္ထုပေးခြင်းဟူသမျှတို့သည် ဒါနချည်းပင်ဖြစ်သည်။ သို့ရာတွင် ဒါနပြုရာ၌ သဒ္ဓါနှင့်ပညာ (၂)ပါး မျှတညီညွတ်ရန် အရေးကြီးပေသည်။




'ဒါန'သည် နတ်ပြည်သို့သွားလမ်း စောင်းတန်းလှေကားသဖွယ်ဖြစ်၏။ မြတ်သောရိက္ခာထုပ်လည်းဖြစ်၏။ ခရီးဖြောင့်သော လမ်းမကြီးနှင့်လည်းတူ၏။ မြတ်သောမဂ်ဖိုလ်နိဗ္ဗာန်ရရန် အကြောင်းလည်းဖြစ်၏။ အစိုးရခြင်းကိုလည်း ဖြစ်စေတတ်၏။ စည်းစိမ်ချမ်းသာကိုလည်း ပေးတတ်၏။ မိမိကိုယ်ကိုလည်း စောင်မတတ်၏။ ချမ်းသာကိုလည်း ပွားစေတတ်၏။ မယဉ်ကျေးသောသူကိုလည်း ယဉ်ကျေးစေတတ်၏။ အလုံးစုံသော အကျိုးကိုလည်း ပြီးစေတတ်၏။ ဒါနသည် အမြတ်မင်္ဂလာတစ်ပါးလည်းဖြစ်၏ဟု ဆရာတော်ကြီး ဓမ္မဒူတ အရှင် ပညာဇောတ ရေးသားသော 'ဒါနဝတ္ထု'တွင် ဖော်ပြထားပါသည်။

www.burmeseclassic.com


'ဣစ္ဆာသယ ပတ္တမြားပမာ လိုရာကိုပေးနိုင်သော ဒါန'ကို လျစ်လျူရှုသူ၊ ရွတ်ချကဲ့ရဲ့သူ၊ မနာလိုသူ၊ နှောင့်နှေးအောင်ပြုလုပ်သူ၊ ဟန့်တားဖျက်ဆီးသူ၊ မိစ္ဆာအယူရှိသူတို့သည် ဓမ္မအန္တရာယ်တို့ပင် ဖြစ်တော့သည်။

ဤတွင် ကျွန်တော် ပြောပြပါတော့မည်။

ကျွန်တော်တို့၏ ကိုယ်ကျိုးမဖက် လုပ်ဆောင်ပေးနေသော 'နာရေးကူညီမှုအသင်း (ရန်ကုန်)'နှင့် အခမဲ့ ဆေးဝါးကုသပေးနေသော 'သုခကုသိုလ်ဖြစ်ဆေးခန်း'သို့ လှူဒါန်းကြကုန်သော အလှူရှင်၊ ဒါနရှင်တို့၏ အကြောင်းပင်ဖြစ်တော့သည်။

ရှိ၍လှူခြင်း၊ မရှိဘဲနှင့်လှူခြင်း

ရှိ၍ ဒါနလုပ်ခြင်း၊ မရှိဘဲနှင့် ဒါနလုပ်ခြင်း တို့ဖြစ်သည်။

မိမိတွင် ငွေကြေးပစ္စည်းဥစ္စာ ပြည့်စုံ၍ လှူဒါန်းခြင်း၊ ဒါနလုပ်နိုင်ခြင်းတို့ရှိသလို မိမိ၏ လုပ်အား၊ စွမ်းအား၊ ဉာဏ်အား (ကိုယ်ခန္ဓာအားရင်း၍) လှူဒါန်းခြင်း၊ ဒါနလုပ်ခြင်းတို့ ဖြစ်ကြသည်။ ယင်းကို ထမင်းအိုးချက်သည်နှင့် တင်စားပြောလိုသည်။ ထမင်းအိုးကျက်ရန် ထင်းကောင်းကောင်းလိုသည်။ ထင်းကိုလောင်မြိုက်ရန် မီးကောင်းကောင်းလိုသည်။ မီးကောင်းလျှင် ထင်းမီးတောက်မည်။ ထင်းမီးကောင်းလျှင် ထမင်းအိုး မြန်မြန်ကျက်မည်ဖြစ်သည်။ ဤတွင် ထင်းကို သဒ္ဓါစိတ်၊ မီးကို ဒါနစိတ်၊ ထမင်းအိုးကို ကုသိုလ်စိတ်ဟု တင်စားလိုက်ရပါသည်။ ထင်းကောင်း၍ မီးကောင်းသည်။ မီးကောင်း၍ ထမင်းကျက်သည် ဖြစ်တော့သည်။

အကျိုးပေးရာမှာ စေတနာကသာ အကျိုးပေးနိုင်၍ ဝတ္ထုက အကျိုးမပေးနိုင်။ ယင်းသို့ အကျိုးမပေးနိုင်ပါဘဲလျက် အဘယ့်ကြောင့် ပစ္စည်းဝတ္ထုကို ဒါနဟုခေါ်သနည်း။ အကျိုးပေးရာ၌ စေတနာကသာ ကံဖြစ်၍ အကျိုးပေးနိုင်သော်လည်း ထိုစေတနာသည် ပစ္စည်းဝတ္ထုထင်ရှား ရှိ၍ ဖြစ်ပေါ်နေသော စေတနာမှသာ ဒါနကံအတွင်း သွတ်သွင်းနိုင်သည်ဖြစ်၏။ ပစ္စည်းဝတ္ထုသည်လည်း ဒါနကံမြောက်ဖို့ရန် အရေးကြီးသော အကြောင်းဖြစ်၏။ 'လှူဖွယ်ဝတ္ထုကြောင့် ကောင်းကျိုးရသည်'ဟုဆိုလျှင် မမှားနိုင်ပေ။

ကျွန်တော်တို့သည် အလှူရှင်များ လှူဒါန်းသော ဆေးဝါး၊ ငွေကြေးတို့ဖြင့် နာမကျန်းဖြစ်သော (၇)ရက်သားသမီးများ၊ ဘဝတစ်ပါးသို့ ပြောင်းသွားကြကုန်သော (၇)ရက်သားသမီးတို့၏ နာရေးကိစ္စများကို ကုသိုလ်ဖြစ် ကြားခံမေးဆပ်နေကြသူတို့ ဖြစ်ကြပါသည်။ ထိုသို့ ထမ်းဆောင်ပေးနိုင်ခြင်းမှာ အလှူရှင်တို့၏ သဒ္ဓါစိတ်၊ ကုသိုလ်စိတ်၊ ဒါနအလှူတို့ကြောင့် ဖြစ်ပါသည်။

အလှူရှင်မရှိလျှင် ကျွန်တော်တို့ အများအတွက် မစွမ်းဆောင်နိုင်ပါ။

သဒ္ဓါစိတ်မရှိလျှင် ကျွန်တော်တို့ အများအတွက် မပေးဆပ်နိုင်ပါ။

ဒါနမရှိလျှင် ကျွန်တော်တို့ အများအတွက် မရပ်တည်နိုင်ပါ။

ထို့ကြောင့် ကျွန်တော်တို့၏လုပ်ငန်းသည် အလှူရှင်တို့နှင့် တိုက်ရိုက်ဆက်နွှယ်နေသည်။ ကျွန်တော်တို့၏ လူမှုရေးလုပ်ငန်းသည် N.G.O အဖွဲ့အစည်းဖြစ်သော်လည်း အခြား

www.burmeseclassic.com

အခြားသော၊ အချို့သော N.G.O အဖွဲ့အစည်းများနှင့် လုပ်ဆောင်မှု၊ ခံယူမှု၊ ကျင့်ကြံအားထုတ်မှု မတူညီပါ။ မည်သို့ပင်ဖြစ်စေကာမူ ကိုယ့်လမ်း ကိုယ်လျှောက်၊ ကိုယ့်သီလ ကိုယ်လုံရန်သာ အရေးကြီးပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ နာရေးကူညီမှုအသင်းအတွက် Proposal တင်ခြင်း၊ အခြားသော အဖွဲ့အစည်းများမှ အလှူခံခြင်းတို့သည် ၂၀၀၁ - ခုနှစ်မှစ၍ ယနေ့တိုင် မရှိခဲ့ပါ။ ပြည်တွင်း၊ ပြည်ပအလှူရှင်၊ ဒါနရှင်၊ သဒ္ဓါတရားပြည့်ဝသော အလှူရှင်များ၏ အလှူငွေများကိုသာ စနစ်တကျ စိစစ်လက်ခံ၍ နာရေး၊ ကျန်းမာရေး ဒုက္ခသည်များထံ တိုက်ရိုက်ကူညီပံ့ပိုးမှုကို လုပ်ဆောင်ပေးနေသော အသင်းတစ်သင်းသာဖြစ်သည်။ အလှူရှင်တို့၏ သဒ္ဓါစိတ်၊ ဒါနစိတ်၊ ကုသိုလ်ကောင်းမှုကြီးကြောင့် ကျွန်တော်တို့၏ နာရေးကူညီမှုအသင်း (ရန်ကုန်)သည် ယနေ့တိုင် အများပြည်သူဘက်မှ မားမားမတ်မတ် ရပ်တည် ပံ့ပိုးကူညီနိုင်ခြင်း ဖြစ်တော့သည်။

ဤသို့လှူဒါန်းကြရာဝယ် ... ဥပမာအားဖြင့် သာဓကပြပြောရမည်ဆိုပါက ...

လွန်ခဲ့သော (၅)နှစ်ခန့်က ဆရာတော်ကြီးများ၏ တရားပွဲများကို နှစ်စဉ်ကျင်းပပေးနေသော ကံမြင့် (စမ်းချောင်း) ကျောင်းတိုက်တွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာကလေး တစ်ခုကို တင်ပြလိုပါသည်။

တရားပွဲသို့ တရားနာရန် လာရောက်ကြကုန်သော (၇)ရက်သားသမီးအပေါင်းတို့က ကျွန်တော်တို့၏ နာရေးကူညီမှုအသင်း (ရန်ကုန်) အလှူခံဌာနသို့ အလှူငွေများ လာရောက်လှူဒါန်းကြသည်မှာ အလွန်ပီတိဖြစ်စရာ၊ သာဓုအနုမောဒနာ ခေါ်စရာပင်ဖြစ်သည်။ အချို့သည် အလှူငွေ (၁)သိန်း၊ (၅)သောင်း၊ (၁)ထောင် စသည်ဖြင့် ဝမ်းမြောက်ဝမ်းသာ လှူဒါန်းကြသည်။ ထိုအချိန် အလှူခံဌာနနှင့် မလှမ်းမကမ်းမှ ကလေးမလေးတစ်ဦးသည် မယောင်မလည် ရပ်ကြည့်နေသည်။ တရားပွဲစခါနီးတွင် အလှူခံဌာနမှ အလှူရှင်များ နည်းပါးသွားချိန် ထိုကလေးမလေးသည် မဝံ့မရဲနှင့် သိမ်ငယ်စွာ စကားလေးတစ်ခွန်း လာရောက်ပြောပြပါသည်။ "သမီးလည်း ငွေလှူချင်ပါတယ် ... သမီးအိမ်ကအဖေ နေမကောင်းဖြစ်နေတာရယ်၊ ပြီးခဲ့တဲ့အပတ်က သမီးအမေ ဆုံးပါးသွားတာရယ်ကို ကုသိုလ်လေးလုပ်ချင်လို့ပါ"တဲ့။ ထိုအခါ ကျွန်တော်တို့မှလည်း "ရပါတယ် ခင်ဗျာ ... လှူနိုင်ပါတယ်"လို့ပြောတော့ သူမက "သမီးမှာ ဈေးရောင်းလို့ရတဲ့ အထဲက အဖေအိုကြီးရဲ့ ဆေးဝါးခရယ်၊ ထမင်းစားဖို့ရယ် နှုတ်လိုက်တော့ ဒီ (၅)ကျပ်ပဲကျန်လို့" ပါတဲ့ဗျာ။ 'သမီးရယ် ... (၅)ကျပ်ပဲဖြစ်ဖြစ်၊ (၁)ကျပ်ပဲဖြစ်ဖြစ် သဒ္ဓါစိတ်က အရေးကြီးပါတယ်။ သဒ္ဓါတရား နည်းများမဆို လှူဒါန်းနိုင်ပါတယ်"လို့ ပြောလိုက်တော့ သူမ၏ ညှိုးငယ်နေသော မျက်နှာမှာ ဝင်းပသွားပြီး (၅)ကျပ်တန် နွမ်းနွမ်းလေးကို လှူဒါန်းကာ အလှူခံဖြတ်ပိုင်းစာရွက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး တက်ကြွသော ခြေလှမ်းနှင့် လျှောက်လှမ်းသွားသည်ကို ကျွန်တော်တို့အဖွဲ့ ငေးမောကြည့်ရင်းနှင့် သာဓု အကြိမ်ကြိမ်ခေါ်ဆိုမိပါသည်။

ထို့အပြင် တောင်ဥက္ကလာပမြို့နယ်၊ နန္ဒဝန်ဈေးမိသားစု စေတနာရှင်များ၏ သုခ ကုသိုလ်ဖြစ်ဆေးခန်းသို့ လစဉ် အလှူငွေလှူဒါန်းကြပုံကို တင်ပြပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ၂၀၀၇ ခုနှစ်၊ မတ်လ (၂)ရက်နေ့မှစ၍ သုခကုသိုလ်ဖြစ်ဆေးခန်း စတင်ဖွင့်လှစ်ပြီး ဆင်းရဲချမ်းသာ၊ လူမျိုးမရွေး၊ ဘာသာမရွေး နာမကျန်းဖြစ်သော ဝေဒနာရှင်များအား အခမဲ့ ကုသိုလ်ဖြစ် ဆေးဝါးကုသပေးနေကြောင်း ကြားသိရသောအချိန်တွင် တောင်ဥက္ကလာပမြို့နယ်မှ ဦးစစ်ကွင်း (စတိုင်သစ်လက်ဖက်ရည်ဆိုင်)၊ ဦးမျိုးတင့်၊ ဦးအကြူး၊ ဦးလှိုင်မြင့်၊ ဦးအောင်မြင့်၊ ဦးစိုးနိုင်နှင့် ဦးမြင့်ဇော်တို့ မိတ်ဆွေတစ်စုသည် မုဒိတာပွားကာ ဝမ်းမြောက်မိသဖြင့် သုခကုသိုလ်ဖြစ်ဆေးခန်းကို မည်ကဲ့သို့ ပံ့ပိုးကူညီ ကုသိုလ်ပြုကြရမည်ကို စုစည်းတိုင်ပင်ခဲ့ကြသည်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့၏အသင်းရုံး (ယခင် သဃ်န်းကျွန်းမြို့နယ်)သို့ လာရောက်လေ့လာပြီး ညှိနှိုင်းတိုင်ပင်ကာ စိတ်ပါဝင်စားသူ အလှူရှင်များ၏ တစ်ပိုင်တစ်နိုင် လှူဒါန်းငွေများကို စနစ်တကျ ကောက်ခံစုစည်း၍ သုခကုသိုလ်ဖြစ်ဆေးခန်းသို့ လှူဒါန်းနိုင်ရန် ဆောင်ရွက်ခဲ့ကြသည်။ နန္ဒဝန် ဈေးသူဈေးသားများကလည်း မိမိတို့ နေ့စဉ်ဝင်ငွေမှ စုစည်းလှူဒါန်းလိုကြသဖြင့် တစ်ပေါင်းတည်း စုစည်းဆောင်ရွက်ခဲ့ကြပါသည်။ အလှူငွေများကို စနစ်တကျ စာရင်းပြုစု၍ အလှူရှင်များ သိရှိနိုင်ရန် စနစ်တကျ ကြေငြာခဲ့ပြီး တစ်လထက် တစ်လ လှူဒါန်းလိုသူ စေတနာရှင်များ တိုးပွားလာခဲ့ရာ ယခုဆိုလျှင် ကျွန်တော်တို့ သုခကုသိုလ်ဖြစ်ဆေးခန်းသို့ (၃၂)ကြိမ်မြောက် လှူဒါန်းခဲ့ရာ သိန်း (၂၄၀)ကျော်ခဲ့ပြီ ဖြစ်ပါသည်။

အထူးသဖြင့် နန္ဒဝန်ဈေးတွင် ပန်းရောင်းနေသည့် အမေကြီး ဒေါ်သန်းက နေ့စဉ် ပန်းရောင်းရငွေမှ (၂၀၀)ကျပ်ကို စုစည်း၍ လှူဒါန်းခြင်း၊ ကုန်စိမ်းရောင်းသော ဒေါ်သန်းစိန်၏ ခွေးနဲ့စာဒါနအလှူ။ ဆံသဆိုင်မှ ကိုကြည်လွင်မှလည်း ဈေးဦးပေါက်ငွေမှ (၂၀၀)ကျပ် နေ့စဉ် လှူဒါန်းခြင်း၊ အမေကြီး ဒေါ်မြင့်မိသားစုကလည်း မိမိတို့အနေဖြင့် ချို့တဲ့လှသဖြင့် နေအိမ်ကို ပြင်ဆင်နိုင်ခြင်း မရှိသေးဘဲ အမိုးအကာ မလုံခြုံနေကြသော်လည်း သုခကုသိုလ်ဖြစ်ဆေးခန်းသို့ လှူဒါန်းလိုစိတ် ပြင်းပြကြသဖြင့် ခွေးနဲ့စာမှ အိမ်ပြုပြင်ရန် မဖြစ်မနေ ရအောင်စုဆောင်းထားသော ငွေကျပ် (၁)သိန်းတိတိကို လှူဒါန်းကာ ပီတိအပြုံး ဖုံးလွှမ်းနေခြင်းကို မြင်ရသည်မှာလည်း မုဒိတာပွားစရာဖြစ်တော့သည်။ ထို့အပြင် ကျွန်တော်တို့၏ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လာရောက်လှူဒါန်းသူအချို့မှာ မိမိတို့ မင်္ဂလာပွဲ အခမ်းအနားပြုလုပ်ပြီး လာရောက်၍ သတို့သမီး၊ သတို့သားဝတ်စုံဖြင့် လာရောက်လှူဒါန်းမှုများ မိမိတို့၏ သားသမီး ရင်သွေးငယ်တို့ မွေးနေ့ရက်တွင် မွေးနေ့ပွဲ အခမ်းအနား လုပ်ဆောင်ခြင်းမပြုဘဲ အလှူဒါန လာရောက်ပြုလုပ်ပေးခြင်း၊ လစဉ် လာရောက်လှူဒါန်းမှုများ ပြုလုပ်ပေးခြင်း စသည်တို့ဖြင့် ငယ်ရွယ်သူ မျိုးဆက်သစ်ကလေးငယ်များ၏ စိတ်တွင် ကုသိုလ်ရေး၊ လူမှုရေးစိတ်ဓာတ်များ ပွားများယုံကြည်သက်ဝင်မှုများ ရှိလာစေတော့သည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများတင်မက ခရစ်ယာန်၊ ဟိန္ဒူ၊ မူဆလင် အစရှိသော ဘာသာခြားများပင် သဒ္ဒါတရားထက်သန်စွာဖြင့် ကျွန်တော်တို့၏ လုပ်ရပ်၊ စွမ်းဆောင်ချက်၊ ပေးဆပ်မှုများကို အသိအမှတ်ပြု၍ တက်တက်ကြွကြွ လှူဒါန်းမှုများရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ယခု ကျွန်တော့်၏ ရှင်းချက်၊ ကျွန်တော့်၏ ရှင်းတမ်း ထုတ်ရပါတော့မည်။ အကြောင်းမှာ ကျွန်တော်တို့ တော်တော်များများ ကြုံခဲ့ဖူးပါသည်။ ယင်းကဲ့သို့ အကြောင်းအရာများ များစွာရှိခဲ့ဖူးပါသည်။ ဤအကြောင်းအရာများမှ ကျွန်တော်တို့ မှတ်မှတ်ရရရှိခဲ့သော အကြောင်းအရာအချို့ကိုသာ ကျွန်တော် တင်ပြပါမည်။

ကိုယ့်ပေါင် ကိုယ်လှန် ထောင်းပါရစေတော့။ ရှက်ရှက်နှင့် ပြောရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

လွန်ခဲ့သော (၆)နှစ်ခန့်က ဖြစ်ပါသည်။ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရပ်ကွက်တစ်ခုအတွင်းမှ ရပ်ကွက်မိသားစုများမှ သဒ္ဓါတရားထက်သန်စွာဖြင့် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ငွေလှူဒါန်းပွဲလေးလုပ်ချင်ကြောင်း၊ အကြောင်းကြား၍ ကျွန်တော်တို့ ဝမ်းမြောက်စွာ အလှူပေးပွဲသို့ သွားရောက်ကြပါသည်။ ယင်းရပ်ကွက် မြို့နယ်အတွင်း ဆင်းရဲနွမ်းပါးသော နေ့စားအလုပ်သမားများ၊ ကလေးငယ်များတို့အား စတုဒီသာ ထမင်းကျွေးပွဲနှင့် ငွေလှူဒါန်းပွဲကို တစ်ကြိမ်တည်း ကျင်းပခဲ့ကြသည်။ ထမင်းလာရောက် စားသောက်ကြသော လူများ၏ ဝမ်းသာမှုပီတိများနှင့်အတူ ကျွန်တော်သည် ထိုစဉ်အခါက ရပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်နေခြင်းကြောင့် တစ်ရပ်ကွက်လုံး၊ တစ်မြို့နယ်လုံး အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်သည်။ ထိုအချိန်တွင် ရပ်ကွက်အတွင်းမှ လူတချို့တို့ ရောက်လာပြီး ဘာအတွက် လာရသလဲ၊ ဘာလုပ်ဖို့လှူသလဲ၊ ဘာအတွက် ကျွေးရသလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်ရသလဲ စသဖြင့် 'လဲ'ပေါင်းများစွာ မိုးမွှန်ကုန်တော့သည်။ အလှူရှင်တို့၏ မျက်နှာတို့သည် ညှိုးငယ်စွာဖြင့် ကျန်ရစ်ခဲ့သည်ကိုသာ ကျွန်တော် လှမ်းမြင်လိုက်ရသည်။

နောက် ... လွန်ခဲ့သော (၄)နှစ်ခန့်က ဖြစ်ပါသည်။ ရန်ကုန်မြို့ ပုသိမ်ညွန့်ရပ်ကွက်၊ လမ်းတစ်လမ်းတွင် တရားပွဲတစ်ပွဲ ကျင်းပလျက်ရှိသည်။ တရားဟောဆရာတော်ကြီးမှ ဤတရားပွဲမှ ကောက်ခံရရှိသော အလှူငွေများကို နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းလိုပါကြောင်း အကြောင်းကြားသည့်အတွက် ညတရားပွဲပြီးချိန်တွင် လာရောက်အလှူခံရန်နှင့် တရားပွဲက တရားကိုချစ်ခင်၊ တရားကိုမြတ်နိုးကြသော (၇)ရက်သားသမီးတို့မှ ဆရာတော်ကြီးအား လှူဒါန်းမှုအစုစုကို ယခုကဲ့သို့ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ တစ်ဆင့်လှူဒါန်းမှုအတွက် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုရန် စောင့်စားနေကြသည်။ ကျွန်တော်တို့သည် ည (၇)နာရီအချိန်ခန့်တွင် တရားပွဲပြီးစီးမည့်အချိန်နှင့် ကိုက်ခါ သွားရောက်အလှူခံရန် တက်ကြွစွာဖြင့် ချီတက်ကြသည်။ သို့သော် လမ်းတစ်ဝက်ခန့်အရောက်တွင် ကျွန်တော်၏ တယ်လီဖုန်းသံမြည်လာသည်။ 'ကျွန်တော်တို့ လာနေပါပြီခင်ဗျာ ... ရောက်ဖို့(၃)မိနစ်ခန့်သာ လိုပါတော့တယ်' ဟု ဖုန်းကိုင်ကိုင်ချင်း ကျွန်တော် ဝမ်းမြောက်စွာ ပြောဆိုမိသည်။ သို့သော် တစ်ဖက်မှပြောသည့် တရားပွဲဖြစ်မြောက်ရေးအဖွဲ့မှ အလှူငွေပေးအပ်မည့် 'ဥပါသကာ'၏အသံမှာ ညှိုးငယ်စွာဖြင့် 'ဆရာရေ ... လာလို့မဖြစ်တော့ဘူးဗျာ၊ စိတ်မကောင်းပါဘူးခင်ဗျာ၊ မလှူဖြစ်တော့ပါဘူးခင်ဗျာ'

www.burmeseclassic.com



ဟူ၍ ဖြစ်တော့သည်။ ကျွန်တော်တို့ အတော်အံ့ဩသွားသည်။ ဘာကြောင့်ပါလိမ့်ဟု စဉ်းစား၊ အဖြေရှာကြည့်သော်လည်း အဖြေမရခဲ့။ ဘာကြောင့်လဲ ... ဘာဖြစ်လို့လဲ .. စသဖြင့် ပြန်မေးချိန်မရခဲ့။ တစ်ဖက်မှ ဖုန်းပိတ်လိုက်သည်ကိုသာ သိလိုက်ရသည်။ နောက်နေ့နံနက်တွင်မှ အကြောင်းစုံသိရတော့သည်။ မြို့နယ်မှ လူအချို့က ဒီအသင်းကို မလှူရဘူး၊ လှူချင်သပဆိုရင် သူတို့ရဲ့အသင်းရှိတယ် ... အဲဒီအသင်းကိုသာ လှူရမယ် ဟု ပြောကြားသွားခြင်းပင်ဖြစ်တော့သည်။ ထိုစဉ်က တရားဟောဆရာတော်သည်လည်း သူတို့ကို ဥပေက္ခာထားကာ တနားရာပရိသတ်ကြီးအတွက် မေတ္တာသုတ် တရားတော်များသာ မေတ္တာဓာတ်များ ချီးမြှင့်ခဲ့ရသည်ဟု ကြေကွဲဝမ်းနည်းဖွယ်ရာ ကြားသိခဲ့ရသည်။

နောက် ... လွန်ခဲ့သော (၂)နှစ်ခန့်က ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း အသင်းသို့ လှူဒါန်းနေကြသော ကြည့်မြင်တိုင်၊ ကမ်းနားဈေးမိသားစု ဖြစ်ပါသည်။ နှစ်စဉ် နှစ်သစ်ကူးပြီး နှစ်ဆန်း(၁)ရက် (အင်္ဂလိပ်လို ဇန်နဝါရီလ ၁ ရက်)နေ့တွင် ဈေးမိဈေးဖများက ဦးစီး၍ ဈေးသူဈေးသားများ၊ ဈေးဝယ်သူများ၏ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အားတက်သရော ချွေးနဲ့စာမှ လှူဒါန်းကြသည့် အလှူပွဲနေ့၊ မင်္ဂလာရှိသည့် နေ့ရက်တစ်ရက်ဖြစ်ပါသည်။ ယင်းနေ့တွင် ဈေးသူဈေးသားများ ဝိုင်းဝန်းချက်ပြုတ်ထားသော မြန်မာတို့ရဲ့ မုန့်ဟင်းခါးကို ရာဝင်အိုးကြီးများနှင့် ချက်ပြုတ်၍ လာရောက်သူမှန်သမျှကို စေတနာဒီသာကျွေးမွေး၍ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ စုပေါင်းလှူဒါန်းခြင်း အခမ်းအနားကို နှစ်စဉ်မပျက် ပြုလုပ်ခဲ့ပါသည်။

သို့သော် ထိုနှစ် ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်း ဒီဇင်ဘာလသို့ရောက်သော် ဈေးမိဈေးဖများထံမှ ကျွန်တော်တို့ဆီသို့ အကြောင်းကြားလာတော့သည်။ “ကိုကျော်သူရေ ... စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော်တို့ ဒီနှစ်ကစပြီး လှူဒါန်းပွဲ လုပ်ခွင့်မရတော့ပါဘူး”တဲ့။ အကြောင်းမှာ အထက်တွင် ပြောခဲ့သည့်အတိုင်း မြို့နယ်မှ လူတချို့က ကျော်သူကို မခေါ်ရဘူး၊ ကျော်သူ့အသင်းကို မလှူရဘူး၊ လှူခြင်းလှူ သူတို့ရဲ့အသင်းကိုသာ လှူရမည်ဟု တစ်ချက်လွှတ် ပြောကြားလိုက်ခြင်းပင်။ သို့တည်းမဟုတ်ပါက ခင်ဗျားတို့ရဲ့နေရာတွေ ပျောက်သွားမယ်ဟူ၍လည်း နောက်ဆက်တွဲ ပြောကြားချက်လည်း ပါလာသည်။ ဣဿာမစ္ဆရိယစိတ်များ ပွားများနေမှုပင် ဖြစ်တော့သည်။ သို့အတွက် ကျွန်တော် ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် ရှက်မိသည်။

ကျွန်တော်တို့ ပြုလုပ်နေကြသည့် ကုသိုလ်အလှူမျိုးကို လူပြည်မှလွဲ၍ ကျန် (၃၀)ဘုံတွင် မည်သည့်ဘုံတွင်မှ မရနိုင်သော ကုသိုလ်အလုပ်မျိုးပင်ဖြစ်သည်။ ထိုကုသိုလ်အလုပ်မျိုးကို မားပြတိုက်ခံရခြင်း၊ အနှကြမ်းစီးခံရခြင်း၊ ပိတ်ဆို့တားမြစ်ခံရခြင်းတို့သည် လွန်စွာရှက်ဖွယ် ဖြစ်တော့သည်။

မွန်မြတ်သည့် ဒါနအလှူပွဲကို တားမြစ်သူ၊ နှောင့်ယှက်သူ၊ ဖျက်ဆီးသူတို့သည် ဗုဒ္ဓဘာသာဝင်တွေမှ ဟုတ်ရဲ့လားဟု သံသယဖြစ်မိသည်။ ဒိဋ္ဌိအယူဝါဒတွေလား၊ မှေးအန္တရာယ်တွေများလားဟု သတ်မှတ်မိသည်။ အခြားသော အခြားသော ဘာသာဝင်များတွင် ဤကဲ့သို့ အကျင့်ဆိုး၊ အကျင့်ပျက်၊ သီလဖောက်ပြန်တဲ့သူတွေ ရှိသည်ဟု မကြားမိ။ ထို့ကြောင့် ကိုယ့်ပေါင်

www.burmeseclassic.com



ကိုယ်လုန်ထောင်းကာ ကိုယ့်မျက်နှာကိုယ် ဓားနဲ့လှီးလိုက်ချင်ရဲ့ဟု စိတ်တွင်ဖြစ်ပေါ်လာသည်။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်တို့သည် ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်တာဝန်ကိုယ်ကျေ၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်သီလကိုယ်လုံအောင်ထား၍ ဖြူစင်ရိုးသားစွာကို လက်ကိုင်ပြုကာ လူမှုရေးလမ်းကြောင်းကို ဆက်လက် ချီတက်လျှောက်လှမ်းကြမည်ဖြစ်သည်။

ကျွန်တော်တို့၏ အသင်းအဖွဲ့သို့ ပြည်တွင်းပြင်ပမှ လှူဒါန်းမှုပြုကြသော အလှူရှင်များကိုလည်း နေ့စဉ် မေတ္တာပို့ အမျှဝေ၍ လှူဒါန်းမှုအစစ (နည်းများမဆို) လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ သာဓု ... သာဓု ... သာဓု ဟု ခေါ်ဆိုလိုက်ပါသည်။

ရှေ့ဆက်၍ ကျွန်တော်တို့လျှောက်လှမ်းမည့် လမ်းကြောင်းပေါ်တွင် တွေ့ရှိဦးမည့် မိစ္ဆာအယူဝါဒများ၊ ဒိဋ္ဌိအယူဝါဒများ၊ ဣဿာမစ္ဆရိယစိတ်ရှိသူများ၊ အနှောင့်အယှက်၊ အဟန့်အတား၊ အဖျက်အဆီးများ ကြုံတွေ့ခဲ့ရသည်ရှိသော် ဘဘဦးသုခ၏ သုခအာသီသဟူသော ဆောင်ပုဒ်ကိုခံယူကာ လက်ကိုင်ပြု၍ ရင်ဆိုင်သွားတော့မည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

**<u>သုခအာသီသ</u>**

ဘဝခုံရုံးမှာ
တရားခံလည်း မဖြစ်လိုပါ ...
တရားလိုလည်း မဖြစ်လိုပါ ...
သက်သေလည်း မဖြစ်လိုပါ ...
ပြောလာသမျှ စောဒကမတက်လိုပါ ...
လောကဓံတရား ထိုရှစ်ပါး
ဘုရားသော်မှ ငြင်းမရ
မင်းက ဘာမို့လဲဟု
အမြဲဆင်ခြင်နေလိုပါသည် ...။

'ဒါန'နှင့်ပတ်သက်၍ စာသားများ စကားလုံးများသည် ဆရာတော် ဓမ္မဒူတ အရှင်ပညာဇောတ၏ 'ဒါနဝတ္ထု'မှဖြစ်ပြီး ပေါက်စေတီကျောင်းတိုက် ဆရာတော်ကြီး (ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်)၏ ခွင့်ပြုချက်ဖြင့် ထုတ်နုတ်ထားခြင်းဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

ငရဲမှလာသူတို့ ပြာပူကို မကြောက်ကြသော်လည်း ငရဲသို့ ပြန်မသွားစေလိုသော ဆန္ဒဖြင့် ... ။

❑

www.burmeseclassic.com

www.burmeseclassic.com





# ပိုင်ရှင်မဲ့များ

နာရေးကူညီမှုအသင်း (ရန်ကုန်)၏ သန္ဓေတည်ခဲ့ပုံမှာ ကျေးဇူးရှင် စာရေးဆရာ၊ ဒါရိုက်တာကြီး ဘဘ ဦးသုခ ဆေးရုံတက်စဉ် အချိန်ကာလမှ စတည်ခဲ့ပါသည်။ ဘဘ ဦးသုခ၏ ဆေးရုံကုတင်နံဘေးတွင် ဆေးဝါးလာရောက် ကုသနေသော အမေအိုကြီးကို အမေအိုကြီး၏ မိသားစုမှ နေ့စဉ် အမေအိုကြီးအား လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ အမေအိုကြီး၏ မိသားစုသည် ဆင်းရဲနွမ်းပါးလှသော မိသားစုဖြစ်သည်။ တစ်ရက်တွင် အမေအိုကြီး၏ မိသားစုအား သက်ဆိုင်ရာ ဆရာဝန်ကြီးမှ အမေအိုကြီးအား နေအိမ်သို့ ပြန်လည်ခေါ်ဆောင်လိုပါက ခေါ်ဆောင်သွားနိုင်ပြီဖြစ်ကြောင်း ဆေးဝါးကုသမှု-အပိုင်းကဏ္ဍသည်လည်း အစွမ်းကုန် ကုသပေးခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် အမေအိုကြီး၏ ရောဂါသည် ကျွမ်းနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုနေ့မှစ၍ အမေအိုကြီး၏ မိသားစုသည် ဆေးရုံသို့ လာရောက်ခြင်းမပြုခဲ့သည်ကို ဘဘ ဦးသုခ သတိထားမိသည်။ အကြောင်းမှာ အမေအိုကြီးအား မိသားစုမှ နေအိမ်သို့ ပြန်လည်ခေါ်ဆောင်သွားပါက အမေအိုကြီးအား ပြုစုဂရုစိုက်မည့် အဖော်မရှိခြင်း၊ အမေအိုကြီးအား ကျွေးမွေးပြုစုရမည့် စရိတ်မရှိခြင်း၊ အမေအိုကြီး ဆုံးပါးသွားပါကလည်း အမေအိုကြီးအား မီးသင်္ဂြိုဟ်ရန် စရိတ်၊ အသုဘစရိတ်၊ နိဗ္ဗာန်ယာဉ်ငှားခစရိတ် စသည့်စသည့် ကုန်ကျစရိတ်များ မတတ်နိုင်၍ ဖြစ်ကြောင်းဟု နောက်ပိုင်းတွင် သိရှိခဲ့ရတော့သည်။ အမေအိုကြီးမှာ

www.burmeseclassic.com



ယင်းဆေးရုံတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ပြီ။ ပိုင်ရှင်မဲ့အနေဖြင့် ဆေးရုံမှ သင်္ဂြိုဟ်ပေးခဲ့ရသည်။

ထို့ကြောင့် ထိုစဉ်အခါက ဘာသာ ဦးသုခသည် အခြားသော (ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ်) စသည့် ဘာသာများတွင် နာရေးကူညီမှုလုပ်ငန်းများ ရှိနေခဲ့ပြီး မြန်မာပြည်တွင် မြန်မာလူမျိုး ဗုဒ္ဓဘာသာလူမျိုးများအတွက် နာရေးကူညီမှုလုပ်ငန်းဟူ၍ မရှိသေးသောကြောင့် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စေတနာရှင် လူမှုရေးသမားများနှင့် ပူးပေါင်း၍ နာရေးကူညီမှုအသင်း (ရန်ကုန်) တည်းဟူသော (အခမဲ့) နာရေးကိစ္စများကို ဖေးမကူညီ ထမ်းဆောင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ နာရေးကူညီမှုအသင်း (ရန်ကုန်) သည် လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ မရွေးတို့၏ နာရေးကိစ္စများ ဖြစ်ပေါ်လာပါက (အခမဲ့) မီးသင်္ဂြိုဟ်ပေးခြင်း၊ အအေးခန်းထားပေးခြင်းတို့ကို အလှူမီနီယမ်အခေါင်းများ၊ မှန်ခေါင်းများဖြင့် ကူညီမှုကို လုပ်ဆောင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်တော့သည်။ ထိုသို့လုပ်ဆောင်ရာတွင် ပိုင်ရှင်ရှိ သေဆုံးသွားသူများအပြင်၊ ပိုင်ရှင်မဲ့ (အမည်၊ လိပ်စာ၊ မိသားစု) မသိသူများ၏ ရုပ်အလောင်းများကိုပါ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ သယ်ဆောင်သင်္ဂြိုဟ်ခြင်း၊ သက်ဆိုင်ရာ ရင်ခွဲရုံများသို့ ပို့ဆောင်ပေးခြင်းများကို ပေးဆပ်လျက်ရှိသည်။

ပိုင်ရှင်မဲ့များသည် လမ်းဘေးတွင် သေဆုံးခြင်း (အဆိပ်မိခြင်း၊ လုယက်ခံရခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း)၊ ရေနစ်သေဆုံးခြင်း၊ ရထားကြိတ်သေဆုံးခြင်း၊ ကားတိုက်သေဆုံးခြင်း စသည်တို့ဖြစ်သည်။ ယင်းတို့သည် မိသားစုနှင့် တကွဲတပြားဖြစ်နေသော လမ်းဘေးတွင် လေလွင့်နေသော ကလေးငယ်များ လူငယ်/ရွယ်များနှင့် သားသမီးတို့မှ စွန့်ပစ်ခြင်းခံခဲ့ရသည့် မိဘများတို့ဖြစ်ကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတွင် ဤကဲ့သို့ ဖြစ်ရပ်များသည် မဖြစ်ပေါ်သင့်၊ မမြင်သင့်၊ မကြားသင့်ပေ။ လောကဓံ၏ ရိုက်ပုတ်ခြင်း ဒဏ်ရာဒဏ်ချက်တို့ကို ကြံ့ကြံ့ခံနိုင်ဖို့ အရေးကြီးလှသည်။ အမှန်စင်စစ် ပိုင်ရှင်မဲ့ဟူသည် မရှိသင့်သော စကားရပ်ဖြစ်သည်။ လူရယ်လို့ လူ့လောကကြီးထဲ ရောက်ရှိလာကတည်းက ပိုင်ရှင်များရှိကြသည်။

မည်သို့ဖြစ်စေ ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ တာဝန်မှာ သေဆုံးသွားသူတို့၏ ရုပ်အလောင်းများကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးရန်သာ ဖြစ်ပေသည်။ ကမ္ဘာမြေပြင်ပေါ်တွင် အာဏာကြောင့် တိုက်နေတဲ့စစ်ပွဲ၊ လွတ်လပ်မှုအတွက် တိုက်နေတဲ့စစ်ပွဲ၊ အာဃာတကြောင့် တိုက်နေတဲ့စစ်ပွဲ၊ စီးပွားရေးကြောင့် တိုက်နေတဲ့စစ်ပွဲ၊ ဘာသာရေးကြောင့် တိုက်နေတဲ့စစ်ပွဲ၊ လူမှုရေးကြောင့် တိုက်နေတဲ့စစ်ပွဲ၊ ပညာရေးကြောင့် တိုက်နေတဲ့စစ်ပွဲ၊ ကျန်းမာရေးကြောင့် တိုက်နေတဲ့စစ်ပွဲ၊ အိမ်ထောင်ရေးကြောင့် တိုက်နေတဲ့စစ်ပွဲ၊ အချစ်ရေးကြောင့် တိုက်နေတဲ့စစ်ပွဲ ... စတဲ့ စတဲ့ ဝိရောဓိစစ်ပွဲများတွင် ကျဆုံးသွားသော၊ ဆုံးပါးသွားသောသူများ၏ ရုပ်အလောင်းများအား လူလူချင်း စာနာစိတ်မွေးကာ ဖြူစင်သော စိတ်ကိုင်ပြ၍ ကူညီဖေးမသွားကြဖို့ အရေးကြီးလှပေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်တွင်းရှိ ကလီစာများအား ဖြတ်တောက်ခံရသကဲ့သို့ ခံစားမှု၊ အရိုးအကြောများ အပိုင်းပိုင်း ရိုက်ချိုးခံရသကဲ့သို့ ခံစားမှု၊ နှလုံးသားအား ဆုပ်ကိုင်ဖြစ်ညှစ်သကဲ့သို့ ခံစားမှု၊ အသက်ရှူလမ်းကြောင်းအား ဖိညှစ်ပိတ်ဆို့ခြင်း ခံရသကဲ့သို့ ခံစားမှု၊ အသွေးအသားများ ဖောက်ထုတ်စုပ်ယူ ခံရသကဲ့သို့ ခံစားမှု စသည့် အနိဋ္ဌာရုံ ခံစားမှုများသည် ခန္ဓာကိုယ်မှ ဖြစ်ပေါ်လာခဲ့ရသည်။ ဤသည်ကား ကိုယ်ဖြစ်ခန္ဓာ (ကာယကံ) ခံစားမှုများတည်း။

အသံနက်ကြီးဖြင့် စိမ်းစိမ်းဝါးဝါး အော်လိုက်သံ၊ အမေကယ်ပါ ... အဖေကယ်ပါ ဟူ၍ ညည်းညူအော်ဟစ်သံ၊ ကျိတ်မနိုင်ခဲမနိုင် ဖျစ်ညှစ်အော်လိုက်သည့်အသံများ၊ အထိတ်တလန့် လျှပ်တစ်ပြက် အော်ဟစ်လိုက်သံ၊ ချောက်ချားဖွယ် ထွက်ပေါ်လာသော အံကြိတ်သံ၊ ဖြည်းညင်းစွာ လေသံပျော့ဖြင့် ညည်းတွားလိုက်သံ စသည့် နှုတ်ဝစီမှ ထွက်ပေါ်လာသော ခံစားမှုများသည် ဝစီတည်းဟူသော မိမိ၏နှုတ်ခမ်းများမှ ထွက်ပေါ်လာသော အသံများပင်ဖြစ်သည်။ ဤသည်ကား နှုတ်ခမ်းပါးစပ်မှ (ဝစီကံ) ခံစားမှုများပင်ဖြစ်သည်။

လူတို့၏ စိတ်အလျင်တို့သည် ကာယကံ၊ ဝစီကံတို့အပေါ်တွင် အမှီသဟဲပြုသည်။ စိတ်ကြောင့် ခန္ဓာကိုယ်မှ လှုပ်ရှားမှုများ ပြုလုပ်ခဲ့သလို စိတ်ကြောင့်ပင် ဝစီကံဖြစ်သော နှုတ်မှ ပြောစကားများ ထွက်ပေါ်လာသည်။ ထိုကဲ့သို့ပင် ကာယတည်းဟူသော ခန္ဓာကိုယ်၏ ဖြစ်ပျက်




www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုတို့ကြောင့် ဝစီတည်းဟူသော နှုတ်မှုလည်း အသံမျိုးစုံ ထွက်ပေါ်လာခဲ့ရသည်။ ဤသည်ကား စိတ်(မနောကံ)၏ ခံစားမှုများပင်ဖြစ်သည်။

လူတို့သည် ကျန်းမာနေစဉ် အချိန်ကာလများ၌ စိတ်ဦးဆောင်မှုဖြင့် ခန္ဓာကိုယ်မှ လှုပ်ရှားခြင်း၊ နှုတ်ခမ်းများ၊ ပါးစပ်များမှ ပြောဆိုခြင်းအမှုများကို ပြုလုပ်တတ်ကြသည်။ ဝေဒနာခံစားနေရသော အချိန်ဖြစ်သည့် ကျန်းမာရေးချို့ယွင်းပြီး သေအံ့ဆဲဆဲဖြစ်နေသည့် အချိန်တွင် ခန္ဓာကိုယ်၏ ခံစားမှုအသီးသီးတို့အပေါ် မူတည်၍ နာကျင်မှု ခံစားရမှုများအပေါ် ဝစီ (နှုတ်)မှ ညည်းညူအော်ဟစ် ညည်းတွားသံများ ဖြစ်ပေါ်လာခဲ့ရသည်။ ထိုအခါ မနောတည်းဟူသော စိတ်အလျင်တို့သည် မိမိတို့၏ သံယောဇဉ်များ၊ ကိလေသာ တဏှာများ၊ ပစ္စည်းဥစ္စာများ၊ သားသမီး မြေးမြစ်များ၊ ဆွေမျိုးမိတ်ဆွေများ၊ တိုက်တာအိုးအိမ်များ၊ ရွှေငွေလက်ဝတ်ရတနာများနှင့် မိမိတို့ စွဲလမ်းတပ်မက်ခဲ့မှုများအပေါ် တောင့်တမှုများ ဖြစ်ပေါ်လာခဲ့သည်။ ထိုကဲ့သို့ သေအံ့ဆဲဆဲလူတို့တွင် ထိုသံယောဇဉ် အမျှင်အတန်းလေးတစ်ခုဖြစ်စေ သမုဒယသစ္စာ ပေါ်ပေါက်လာပါက ဘဝကူးပြောင်းမှုသည် ရှောရှောရှူရှူ ဖြစ်မည်မဟုတ်။ ဤ အချိန်အပိုင်းအခြားလေးသည် အလွန်အရေးကြီးလှပေသည်။ မည်သူ့ကိုမျှ ဒုက္ခမပေးခဲ့သော အရက်သမားတစ်ဦးသည် ဘဝကူးပြောင်းခါနီး အချိန်လေးတွင် သရဏဂုံ တည်ခွင့်ရခဲ့သည့်အတွက် နတ်ပြည်သို့ရောက်ရှိခဲ့ကြောင်း ဘုရားဟောထဲတွင် ပါရှိခဲ့သည်။ ထိုကဲ့သို့ ဘဝကူးကောင်းရန်အတွက် ကျွန်ုပ်တို့သည် ကောင်းမှု ကုသိုလ်ရေး ကိစ္စရပ်များအား စဉ်ဆက်မပြတ် လုပ်ဆောင်နေပါမှ ထိုကောင်းမှုအရှိန်ကြောင့် ဘဝကူးကောင်းဖို့ လွယ်ကူမည်။ သို့တည်းမဟုတ် အကုသိုလ်ကိစ္စများနှင့် ကျင်လည်နေမည်ဆိုပါက အသေလှမည်မဟုတ်၊ ဘဝကူးကောင်းမည်မဟုတ်ချေ။

ကြောက်ရွံ့မှု၊ စိုးရိမ်မှု၊ နာကျင်မှု၊ ကြေကွဲမှု စတဲ့ ခံစားမှုမျိုးစုံတို့အတွက် ကျွန်တော်တို့ကိုယ်ချင်းစာစိတ်ဖြင့် ကြိုးစားဖေးမလိုစိတ် ဖြစ်ပေါ်လာသည်။ လူ့ဘဝသက်တမ်း၏ နောက်ဆုံးအချိန်လေးအတွင်း ရောက်နေချိန်တွင် ဆင်းရဲသော မိသားစုဝင်များသာ ယခုကဲ့သို့ သံယောဇဉ်အမျှင်တန်းခြင်းမျိုးကို ခံစားရသည်မဟုတ်။ ချမ်းသာသော အသိုင်းအဝိုင်းက ပို၍သာ သံယောဇဉ်အမျှင်တန်းမှုမျိုး ဖြစ်ပေါ်စေသည်။ ပိုင်ဆိုင်မှုများကြောင့်ပင် မဟုတ်ပါလား။ “ဘာမှ မလိုချင်ရင် ... ဘာမှ ကြောက်စရာမရှိဘူး” ဟူသော ကျွန်တော်၏ဇနီး ရွှေဇီးကွက်၏ဖခင် ပြောစကားကား မှန်ကန်လှပေသည်။ စဉ်ဆက်မပြတ် ကုသိုလ်ရေးများ လုပ်ကိုင်နေကာမှ သေခါနီးတွင် ဘဝကူးကောင်းရန် အမှတ်သညာ ရရှိမည်ဖြစ်သည်။ အကြောင်းတရားကြောင့် အကျိုးတရားခံစားရမည်ဖြစ်တော့သည်။ သို့ရာတွင် ယခုကဲ့သို့ ဆုတ်ကပ်ကြီးထဲ ရောက်ရှိနေစဉ် လူသားအများစုတို့သည် ဘဝရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားမှုများကြောင့် ထိုအကုသိုလ်ဖော်များ ကပ်တွယ်ငြိနေမှုတို့ကြောင့် ဘဝကူးကောင်းရန် ခက်ခဲလှတော့သည်။

ထိုသို့သော ဘဝကူးခါနီး စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ခံစားချက်များအား ကျွန်တော်တို့လျစ်လျူရှုထား၍ မရတော့ချေ။ ထိုသူတို့အား သွားရောက်၍ ဆေးသွင်းပေးခြင်း၊ အားပေး

www.burmeseclassic.com

www.burmeseclassic.com


စကား ပြောကြားခြင်းတို့နှင့် မလုံလောက်။ ရှောင်လွှဲ၍မရသည့်အရာဖြစ်သော သေခြင်းတရားသည် တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာတွင် ကြုံတွေ့ရမည်။ ထိုအခါ သေအံ့ဆဲဆဲ၊ သေအံ့မူးမူး၊ သေလုမျောပါး ဝေဒနာခံစားနေရသော လူနာများကို တွေ့ရှိရသောအခါ ဘယ်လိုများ လုပ်ပေးရမလဲဆိုသည့် အတွေးမျိုး တွေးမိသည်။ (တစ်ချိန်က ရောဂါဝေဒနာ ခံစားနေရသော လူမမာတစ်ဦးမှ ငွေလှူဒါန်းမှု ပြုလုပ်လိုကြောင်း အကြောင်းကြားခဲ့၍ သွားရောက်အလှူခံခဲ့ပြီး သာဓု ... သာဓု ... သာဓု ခေါ်ဆိုနိုင်ခဲ့သော ဖြစ်ရပ်တွင်၊ ထိုလူနာသည် နောက်ပိုင်း ကျန်းမာသန်စွမ်းလာပြီး နှစ်ရှည် နေထိုင်သွားနိုင်ခဲ့ကြောင်း ကိုယ်တွေ့ ကြုံတွေ့ခဲ့ဖူးသည်။ နောက်တစ်ဦးမှာလည်း မဆုံးခင်စပ်ကြား လှူဒါန်းမှုပြုလိုသော ဆန္ဒကြောင့် ကျွန်တော်တို့အား အကြောင်းကြားခဲ့၍ ထိုလူနာရှိရာ နေအိမ်သို့ သွားရောက်ခဲ့ရာ ကားလမ်းပိတ်ဆို့မှုများကြောင့် အတန်ငယ် နောက်ကျသွားခဲ့သည်။ ထိုအချိန် လူနာ၏အိမ်သို့ ဝင်ရောက်သည်နှင့် မိသားစုများ၏ မျက်လုံးများသည် ကြေကွဲမျက်ရည်စများနှင့် ဆီးကြိုကြသည်။ လှူဒါန်းမည့်လူနာထံသို့ ကျွန်တော်တို့အား ခေါ်ဆောင်သွားခဲ့ရာ လူနာသည် လက်ထဲတွင် လှူဒါန်းမည့်ငွေအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အသက်ကား မရှိတော့ချေ။ ထိုဖြစ်ရပ်အား ကျွန်တော်တို့၏ လူမှုရေး သက်တမ်းတစ်လျှောက် ရင်နာဖွယ်ရာ ဖြစ်ရပ်ဖြစ်ခဲ့ရသည်။)

ထို့ကြောင့် ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် သေဆုံးသွားသော ဆင်းရဲ၊ ချမ်းသာ၊ လူမျိုး၊ ဘာသာမရွေးတို့အတွက် အခမဲ့ သင်္ဂြိုဟ်ပေးရုံဖြင့် တာဝန်ကျေပွန်ပြီဟု သတ်မှတ်၍မရချေ။ ဘဝကူးပြောင်းခါနီး သေဆုံးအံ့ဆဲဆဲ လူသားများအတွက် ဘဝကူးကောင်းရန် တာဝန်ကိုပါ ထမ်းဆောင်ရတော့မည်ဖြစ်သည်။ ထို့ကြောင့် ဝေဒနာခံစားနေရသော ကျန်းမာရေးချို့တဲ့နေကြသော ကာယကံရှင်တို့၏ ဆန္ဒအလျောက်ဖြစ်စေ၊ မိသားစုဝင်တို့၏ ဆန္ဒအလျောက်ဖြစ်စေ၊ ဆရာတော် သံဃာတော်တို့၏ မေတ္တာပို့သသံ၊ သရဏဂုံ ဆောက်တည်မှုပေးသော တရားသံ၊ မသေခင် စိတ်ချရသော တရားထူးတို့အား လိုလားတောင့်တခဲ့ပါလျှင် နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် ဆရာတော် သံဃာတော်တို့အား ပင့်လျှောက်ကာ ကာယကံရှင်ရှိရာ ဆေးရုံ (သို့မဟုတ်) နေအိမ်များသို့ လိုက်လံပို့ဆောင်ပေးသော ကောင်းမှုကုသိုလ်တော်ကြီးတစ်ရပ်အား လုပ်ဆောင်ပေးရန် ဆုံးဖြတ်လိုက်ရပါတော့သည်။ ဘဝကူးမည့်သူများအတွက် ဘဝကူးကောင်းရန် လမ်းစတစ်ခုကို ကျွန်တော်တို့ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ပြု၍ စတင်လမ်းဖောက်ပေးခဲ့ပြီဖြစ်တော့သည်။ မြန်မာပြည်အရပ်ရပ်ရှိ လူမှုရေး အသင်းအဖွဲ့များသည်လည်း ဤကောင်းမှုတော်ကြီးအား လုပ်ဆောင်ကြရန် ဝန်လေးမည်မဟုတ်ဟု ယုံကြည်မိပါသည်။

ထို့ကြောင့် သေခါနီးသောသူတို့အတွက် ရဲရဲကြီးသေရဲပြီး အရာအားလုံးအား သံယောဇဉ်ဖြတ်နိုင်ကြကာ သေခါနီးလေ ပျော်စရာကောင်းလေ ဟူသော စကားရပ်အတိုင်း ဘဝ ဘဝတို့သည် ကူးပြောင်းခြင်း လုပစေတော့မည့် ကုသိုလ်ကောင်းမှုတော်ကြီးတစ်ရပ်အား ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ (အာဇာနည်)နေ့မှ စတင်၍ ပေးဆပ်တော့မည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄)

# အသံ



www.burmeseclassic.com

www.burmeseclassic.com




၂၀၁၂ မတ်လ ၁ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးပွဲတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က တာဝန်ယူထမ်းဆောင်မှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြောကြားလိုက်သည့် မိန့်ခွန်းကို ကျွန်တော် ရေဒီယိုမှ နားမထောင်မိ၊ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မှုကိုလည်း မကြည့်ရှုမိခဲ့ချေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ လူမှုရေးသမားများသည် အချိန်နှင့်တစ်ပြေးညီ နာရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ပြည်သူလူထုတို့၏ လိုအပ်ချက်၊ တောင်းဆိုချက် အကူအညီရလိုမှုတို့ကို နံနက်မှ ညအချိန်အိပ်စက်သည့် အချိန်ကာလအထိ ပေးဆပ်မှုတို့ကို နိစ္စဓူဝ နားရက်မရှိ လုပ်ကိုင်ပေးဆပ်နေရ၍ ဖြစ်တော့သည်။


မတ်လ ၂ ရက်နေ့တွင် ရောက်ရှိလာသော မြန်မာ့အလင်းသတင်းစာကို လူမှုရေးအလုပ် ရုပ်နားသော ညနေပိုင်းအချိန်တွင် သမ္မတကြီး၏ မိန့်ခွန်းအား အကြိမ်ကြိမ် ဖတ်ရှုမိသည်။ ပြည်သူတွေရဲ့ဆန္ဒကို အကောင်အထည်ဖော်ပေးနေသော သမ္မတကြီး၏ မိန့်ခွန်းအပြည့်အစုံကို ပြည်သူလူထုတစ်ဦးအနေဖြင့် ဖတ်ရှုကာ လူမှုရေးသမားတစ်ယောက်အနေဖြင့် ခံစား၊ ကြည့်မိတော့သည်။

www.burmeseclassic.com



**နိုင်ငံရေး**

နိုင်ငံရေးကို ကျွန်တော် ရိုးရိုးရှင်းရှင်းစွာပြောရလျှင် ကျွန်တော် နားမလည်၊ ရှုံ့ရှာသည်။ မုန်းတီးခဲ့သည်။ ကျွန်တော်သိခဲ့သော နိုင်ငံရေးမှာ ကျွန်တော် လူ့ဘဝထဲရောက်ပြီး သုံးလေးနှစ်အရွယ်တွင် ကျွန်တော်၏ မိဘဆိုးဘွားပိုင် နိုင်လွန်စက်ရုံကြီးကို ထိုအချိန်ကာလ၌ နိုင်ငံတော်သမ္မတကြီးဖြစ်ခဲ့သော ဦးနေဝင်းမှ သိမ်းပိုက်ခဲ့ခြင်း၊ အဖိုးနှင့် အဖေတို့ကို အင်းစိန်ထောင်ထဲသို့ မတရားထည့်သွင်းခံရခြင်းတို့ပင်ဖြစ်သည်။ ထို့နောက် ၇ တန်း၊ ၈ တန်း အရွယ်တွင် နိုင်ငံတော်၏ အထင်ကရ ပုဂ္ဂိုလ်တစ်ဦးဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဦးသန့်၏ ရုပ်ကလာပ်အခမ်းအနားမှစ၍ ဦးသန့်အရေးအခင်း။ ထို့နောက် ကျွန်တော်၏ အဖိုးနှင့် ဖခင်တို့ကို မတရားဖမ်းဆီးထောင်ချခဲ့သော ကျွန်တော်တို့၏ သမိုင်းကြောင်းကို ဖိနှိပ်ခဲ့သော စစ်အာဏာရှင် (မ.ဆ.လ) တို့ကို ပြည်သူတစ်ရပ်လုံးက ဆန္ဒပြတောင်းဆိုခဲ့သော ၈၈ အရေးအခင်းတို့ ပေါ်ပေါက်လာခဲ့သည်။ ၈၈ အရေးအခင်းကာလတွင် ကျွန်တော်သည် (ဒုတိယနှစ် ရူပဗေဒနှင့် သရုပ်ဆောင်) လုပ်ကိုင်စဉ်ဖြစ်သည်။ ပြည်သူကို လုပ်ကျွေးပြုပေးနေသူ၊ မတရားမှုကို ငုံမခံတတ်သော စိတ်ဓာတ်တို့ဖြင့် ကျွန်တော်သည် ချီတက်ဟောပြောပွဲများတွင် ပါဝင်လှုပ်ရှားခဲ့သည်။ သို့သော် ကျွန်တော် နိုင်ငံရေးကို မယုံကြည်ခဲ့။ မတရားဖိနှိပ်မှုကို လက်မခံနိုင်၍ ပါဝင်လှုပ်ရှားခဲ့ခြင်းဖြစ်သည်။ ၈၈ အရေးအခင်းတွင် ကျွန်တော်တို့ ကျောင်းသားပြည်သူ၊ ရဟန်းသံဃာများ များစွာ အသက်ဆုံးရှုံးခဲ့ရသည်။ ကျွန်တော့်၏ တပည့်ဖြစ်သူ ကရင်အမျိုးသားလေး "အဘိုး" တစ်ယောက်လည်း အသက်ဆုံးခဲ့ရသည်။ ယင်းနောက် န.ဝ.တ စစ်အာဏာရှင်တို့၏ စစ်ဆေးမေးမြန်းခြင်းကို ကျွန်တော်ခံခဲ့ရသည်။ ကျောင်းသားပြည်သူများ အကျဉ်းကျခံခဲ့ရသည်။ သို့သော် ကျွန်တော်သည် နိုင်ငံရေးကို နားမလည်၊ မတရားမှုကိုသာ သိရှိခဲ့ရသည်။ ယင်းနောက် ရုပ်ရှင်သရုပ်ဆောင် လုပ်ကိုင်ရင်းနှင့် "အဖြူရောင်ကမ်ပိန်း" ဟုခေါ်သော အကျဉ်းကျကျောင်းသားများ၏ မိသားစုဝင်တို့အား လိုက်လံအားပေးနှစ်သိမ့်ကြသော လှုပ်ရှားမှုတွင် ကျွန်တော် ပါဝင်ခဲ့သည်။ ၈၈ ကျောင်းသားများ၏ ဆွမ်းကျွေးပွဲ၊ မင်္ဂလာပွဲတို့ကို ကျွန်တော် တက်ရောက်ခဲ့သည်။ သို့သော် ကျွန်တော် နိုင်ငံရေးကို နားမလည်။ လူသားခြင်း စာနာထောက်ထားသော စိတ်ဓာတ်နှင့်သာ လုပ်ဆောင်ခဲ့သည်ဟု ခံယူခဲ့သည်။ ထို့နောက် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးတွင် သံဃာတော်များ နေပူမိုးရွာမရှောင် ဖိနပ်မပါဘဲ ဆုတောင်းမေတ္တာပို့မှုတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက်အနေဖြင့် ဆွမ်းဆက်ကပ်လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။ ယင်းအတွက် န.အ.ဖ အာဏာရှင်တို့မှ ဖမ်းဆီးကာ စစ်ကြောရေးစခန်းသို့ ၈ ရက်တိုင်တိုင် ရောက်ခဲ့ရပြန်သည်။ သို့သော် ကျွန်တော် နိုင်ငံရေးကို နားမလည်သေး။ ဘာသာတရားကို ကြည်ညိုမှုဖြင့်သာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အမျိုးဘာသာ သာသနာအတွက် ပေးဆပ်ခဲ့မှု၏ ရလဒ်ကား အနုပညာလောကထဲမှ ထုတ်ပယ်ခံရခြင်းပင်ဖြစ်တော့သည်။ အချုပ်ဆိုသော် ကျွန်တော်သည် နိုင်ငံရေးကိုမသိ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးကို နားမလည်၊ မယုံကြည်၊ မနှစ်မြို့ ရွံရှာခဲ့သည်။ ရွံမုန်းမိတော့သည်။

ယခု နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်မှ တစ်နှစ်ပြည့်သောနေ့တွင် အများပြည်သူတို့ ယုံယုံကြည်ကြည်နှင့် နိုင်ငံတော်အချုပ်အခြာအာဏာကို အပ်နှင်းခံထားရသည့်အတွက် မိဘပြည်သူများကို ဦးထိပ်ထားပြီး ပြည်သူတွေရဲ့ဆန္ဒကို အကောင်အထည်ဖော်ပေးမည်ဟု ပြောကြားခဲ့သည်။ ယခု အစိုးရသည် နောက်နှစ်ပေါင်းများစွာအတွက် အလှည့်အပြောင်းဖြစ်သလို အနာဂတ် သားစဉ်မြေးဆက်များအတွက်လည်း သမိုင်းတွင်စေမည့် စတင်ခြင်းအသစ်ဖြစ်ကြောင်း၊ မိဘပြည်သူများအတွက် ယခုကဲ့သို့ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ၊ စံနမူနာ သာဓကပြုဖွယ်ရာ အောင်မြင်တဲ့ကူးပြောင်းမှုကြီးကို ဆောင်ရွက်ခဲ့ခြင်းသည် အစိုးရချည်းသက်သက်မဟုတ်ကြောင်း နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တရားစီရင်ရေးမဏ္ဍိုင်များ၊ မီဒီယာများ စသည်တို့အားလုံးတို့က စည်းလုံးညီညွတ်စွာ ဦးထမ်းပဲ့ထမ်း ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်သာ ဖြစ်ပါကြောင်း၊ နိုင်ငံသားများအားလုံး နောက်ကြောင်းပြန်မလှည့်စတမ်း လျှောက်လှမ်းကြပြီး မတူညီတာတွေကိုဖယ်၊ တူညီတာတွေကို ပူးပေါင်းလုပ်ကိုင်သွားကြမည်ဆိုပါက ဒီမိုကရေစီသည် ခိုင်မာသည်ထက် ခိုင်မာလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာရင့်သန်လာစေရန် ခိုင်မာတောင့်တင်းသော နိုင်ငံရေးမျိုးဆက်သစ်များလိုအပ်ကြောင်း၊ မျိုးဆက်သစ် မျိုးဆက်ဟောင်းတို့၏ စုပေါင်းစွမ်းအားနှင့် နိုင်ငံတည်ဆောက်သွားနိုင်ရေးသည် ကျွန်တော်တို့နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးရဲ့ အနာဂတ်နှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း ပြောကြားခဲ့သည့်အတွက် ကျွန်တော်သည် နိုင်ငံရေးအပေါ် သမ္မတကြီးမှ ယခုကဲ့သို့ ပြောကြားသော စကားလုံးများကြောင့် ကျေနပ်မိတော့သည်။ ဝမ်းမြောက်မိတော့သည်။ နိုင်ငံရေးကောင်းခြင်း ဆိုးခြင်းတို့သည် နိုင်ငံတော်ကိုအုပ်ချုပ်သော နိုင်ငံ့ခေါင်းဆောင်များပေါ်တွင်သာ တည်တော့သည်ဟူ၍ နားလည်သွားတော့သည်။ ထို့ကြောင့် ကျေနပ်မိပါတော့သည်...နိုင်ငံရေး။

**စီးပွားရေး**

ကျွန်တော် စီးပွားရေးကို နားမလည်။ မကျွမ်းကျင်။ အဆုံးစွန်ဆုံးပြောရသော် ရုပ်ရှင်လောကတွင် သရုပ်ဆောင်အဖြစ် ကျင်လည်စဉ်ကာလများ၌ ကျွန်တော့်အား ထုတ်လုပ်သူမှ သရုပ်ဆောင်ကြေးငွေများပေးသော် ကျွန်တော် ပိုက်ဆံမရေတွက်တတ်။ ငွေကြေးကို မကိုင်ဆောင်တတ်။ ဇနီးဖြစ်သူအား အိမ်သို့ရောက်လျှင် ထိုငွေကြေးတို့ကို ထိုးအပ်၊ ငွေကြေးကွာဟမှုများဖြစ်သည့်အခါ ကွာဟ၊ လိုသည့်အခါတွင် လို၊ ထုတ်လုပ်သူကို ပြန်ပြော၊ ပြန်တောင်းနှင့် သံသရာလည်နေခဲ့သူ တစ်ယောက်ဖြစ်သည်။ အနုပညာမှလွဲ၍ မည်သည့်စီးပွားရေးမှ မလုပ်တတ်။ လုပ်ခဲ့ရင်လည်း မအောင်မြင်ခဲ့၊ ဤမျှလောက်ကို စီးပွားရေးကျွမ်းကျင်သူ တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးကို ကျွန်တော် ရွံမုန်းခဲ့သည်။



www.burmeseclassic.com



သို့သော် နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းထဲတွင် စီးပွားရေးလုပ်ငန်းလိုင်စင်များ၊ သွင်းကုန်ပို့ကုန်လိုင်စင်များ၊ ပို့ကုန်နှင့်ပတ်သက်သော အခွန်အခများကို လျှော့ချဖယ်ရှားပေးခဲ့ခြင်း၊ နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားများ ပြောင်းလဲပေးခြင်း၊ ဆန်စပါးတင်ပို့ခွင့်များ ဖန်တီးပေးခြင်း၊ စက်သုံးဆီ၊ တယ်လီဖုန်း၊ မော်တော်ကားဈေးနှုန်းများကို ကျဆင်းလာအောင် ဆောင်ရွက်ပေးခဲ့ခြင်း၊ အများပိုင်ကုမ္ပဏီများ တိုးပွားရှင်သန်စေခြင်း၊ စက်မှုလုပ်ငန်းများ တိုးမြှင့်ပေးခဲ့ခြင်း၊ ပြည်တွင်းပြည်ပ တတ်သိပညာရှင်များ၏ တန်ဖိုးကြီးမားသော အကြံဉာဏ်များကို အလေးအနက်ထားပြီး ပြည်သူလူထုတို့၏ စီးပွားရေးကို မြှင့်တင်ပေးခြင်း၊ ယခင် မ.ဆ.လခေတ်က ပုဂ္ဂလိကပိုင် စက်ရုံ/အလုပ်ရုံများကို အစိုးရပိုင်အဖြစ် သိမ်းပိုက်ခဲ့သော်လည်း ယခု ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲမှုကို လူတစ်စုလက်ဝယ်သို့ မရောက်ရှိစေရန်၊ မညီမျှမှုများ မဖြစ်ပေါ်စေရန်၊ စွမ်းရည်မြှင့်တင်မှုကို အဟန့်အတားမဖြစ်စေရန် အဘက်ဘက်မှ သုံးသပ်ဆောင်ရွက်နေကြောင်းများကို ကြားသိရ၍ စီးပွားရေးကို ကျွန်တော် ကျေနပ်မိပြန်တော့သည်။ ထို့ကြောင့် ကျေနပ်မိပါတော့သည်...စီးပွားရေး။

**ပညာရေး**

ပညာရေးနှင့် ပတ်သက်ပြန်တော့လည်း ကျွန်တော် နားမလည်။ မတတ်ကျွမ်း။ မ.ဆ.လခေတ်တွင် ကြီးပြင်းလာသူတစ်ယောက်အနေဖြင့် ပညာရေးဆုံးရှုံးမှုများထဲတွင် တစ်ယောက်အပါအဝင်ဖြစ်ခဲ့သည်။ ပညာရေးအစမ်းသပ်ခံ လူသားတစ်ဦး ဖြစ်ခဲ့ရသည်။ ပညာရေးနှင့်ပတ်သက်၍ နောက်ဆုံးနှစ် ရူပဗေဒနှင့် ကျောင်းထွက်ခဲ့သည်။ ဘွဲ့ထူးဂုဏ်ထူးများလည်းမရ။ ထို့ကြောင့် ပညာရေးကို ကျွန်တော် မုန်းခဲ့၊ စိမ်းကားခဲ့သည်။

သို့သော် ယခု သမ္မတကြီး၏ မိန့်ခွန်းမှာ တက္ကသိုလ်တွေ စာသင်ကျောင်းတွေ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ဖို့နေရာမှာ ခေတ်စနစ်နှင့်ညီတဲ့ သင်ရိုးညွှန်းတမ်းတွေကိုသာမက စီမံခန့်ခွဲမှု၊ ပြုပြင်ပြောင်းလဲရေးကိုပါ ဒွန်တွဲဆောင်ရွက်နေကြောင်း၊ စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် သမားရိုးကျ စာကြည့်တိုက်များအပြင် နိုင်ငံတကာအဆင့်မြင့်တက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ထားသော အွန်လိုင်းစာကြည့်တိုက်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ အရည်သွေးမြှင့်မားရေး လက်တွေ့ အင်တာနက်ချိတ်ဆက်မှုများ၊ ကွန်ယက်များ မြှင့်တင်ဆောင်ရွက်ရေးများကို လုပ်ဆောင်ပေးမည့်အပြင် "သေနတ်ကိုင်သော လက်များကို လက်တော့ပ်ကိုင်သော လက်များအဖြစ် ပြောင်းပေးမည်" ဟူသော သမ္မတကြီး၏ မိန့်ခွန်းစကားအရ ပညာရေးဟူသော စကားလုံးအား ကျွန်တော် ချစ်ခင်မိသည်။ မြတ်နိုးမိတော့သည်။ ထို့ကြောင့် ကျေနပ်မိပါတော့သည်... ပညာရေး။



www.burmeseclassic.com

www.burmeseclassic.com


**ကျန်းမာရေး**

ကျန်းမာရေးနှင့်ပတ်သက်၍ ကျွန်တော် မကောင်းမွန်လှ။ နေ့တစ်မျိုး ညတစ်မျိုး ဖြစ်နေသည်။ ကျွန်တော်၏ ကျန်းမာရေးမှာ ဂဏန်းမငြိမ်လှ။ အများပြည်သူ၏ မေတ္တာပို့မှုများကြောင့် အသက်ခန္ဓာ မြဲနေခြင်းပင်ဖြစ်သည်ဟု ယုံကြည်မိသည်။ ထို့ကြောင့် ကျန်းမာရေးကို ကျွန်တော် ကြောက်သည်။ ရွံ့သည်။

သို့သော် နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းတွင် ဆင်းရဲနွမ်းပါးသော မိဘပြည်သူများအတွက် ကျန်းမာရေးနှင့်ပတ်သက်၍ လူသားဂုဏ်သိက္ခာနှင့်အညီ ကျန်းမာစွာနေထိုင်နိုင်ရန်အတွက် ပြည်တွင်းပြည်ပ များတွင်ရှိသော ပုဂ္ဂလိက၊ NGO၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီကိုရယူပြီး ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ် ရည်မှန်းချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်သူများ၏ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ယူနီဗာဆယ် ကျန်းမာရေးအာမခံစနစ်သစ် ပေါ်ထွန်းလာရန် ဆောင်ရွက်နေကြောင်း၊ လာမည့်နှစ်တွင် ကျန်းမာရေးကဏ္ဍ၌ နိုင်ငံတော်၏ ဘဏ္ဍာငွေကို ယခင်နှစ်များထက် လေးဆတိုးမြှင့်သုံးစွဲမည်ဖြစ်သည်ဟု ပြောကြားခဲ့သောကြောင့် ကျွန်တော် နေကောင်းသလိုလို ဖြစ်သွားသည်။ ကျွန်တော်သည် ကျန်းမာရေးကို မြတ်နိုးမိတော့သည်၊ ထို့ကြောင့် ကျေနပ်မိပါတော့သည်...ကျန်းမာရေး။

**လူမှုရေး**

ဟုတ်ကဲ့။ လူမှုရေးနှင့်ပတ်သက်၍ ကျွန်တော် ထဲထဲဝင်ဝင် သိထားသည်။ လူမှုရေးနှင့်ပတ်သက်၍ ထုံးလိုမွှေ ရေလိုနှောက်ထားသူဖြစ်သည်။ ၂၀၀၁ ခုနှစ်မှစပြီး နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် လုပ်ကိုင်ပေးဆပ်ခဲ့ရာ ယခုဆိုလျှင် (၁၂)နှစ်တာ ကာလတွင်းသို့ ရောက်တော့မည်ဖြစ်သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ မိမိ၏ အနုပညာလုပ်ကိုင်မှု အချိန်များကို ဖဲ့ယူ၍ ပေးဆပ်ခဲ့ရာမှ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလမှစ၍ ယနေ့တိုင် အနုပညာလုပ်ငန်းများ လုပ်ခွင့်မရှိတော့ပါသဖြင့် နေ့စဉ်နေ့တိုင်း ပေးဆပ်မှုပေါင်းများစွာကို မြတ်စွာဘုရား၏ ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ပြုခဲ့ကာ အများပြည်သူတို့ကို ကူညီဖေးမပေးဆပ်ခဲ့သော နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးဒဏ်ကယ်ဆယ်ရေးတို့ကို ထဲထဲဝင်ဝင် လုပ်ကိုင်နားလည်ခဲ့တော့သည်။

သမ္မတကြီး၏မိန့်ခွန်းတွင် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီ ရှင်သန်ခိုင်မာရေးမှာ အရပ်ဘက် လူ့အဖွဲ့အစည်းတွေဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာရှိကြောင်း အရပ်ဘက် လူ့အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာရေးအတွက် တိုင်းရင်းသားလူမျိုးတွေဟာ ဘာသာတရားရဲ့ အဆုံးအမနဲ့အတူ ယဉ်ကျေးမှုအရ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေခဲ့တဲ့ ပရဟိတ စိတ်ဓာတ်များနှင့် အရှိန်



www.burmeseclassic.com



အဟုန်မြင့်စွာ လုပ်ကိုင်လာရန် အရေးကြီးကြောင်း၊ ယခုကဲ့သို့ လူမှုရေးအသင်းအဖွဲ့များ ပေါ်ထွန်းလာခြင်းကိုလည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

သို့သော် ဤတစ်ကြိမ်တွင်တော့ လူမှုရေးကို ထဲထဲဝင်ဝင် သိရှိလုပ်ကိုင်ပေးဆပ်နေသော ကျွန်တော့်အဖို့ သမ္မတကြီး၏ လူမှုရေးစကားလုံးများကို ကြားသိရသောအခါ ကျွန်တော်သည် "လူမှုရေး"ကို အထူးကြောက်ရွံ့မိတော့သည်။ အထူးတုန်လှုပ်သွားတော့သည်။

ထို့ကြောင့် ကြောက်ရွံ့မိပါတော့သည် ... လူမှုရေး။

အဘယ့်ကြောင့်ဆိုသော် ... ကျွန်တော်တို့သည် ၂၀၀၁ ခုနှစ်မှစ၍ နာရေးကူညီမှုတည်းဟူသော နာရေးရှင်တို့၏ အပူမီးများကို ငြိမ်းသတ်ပေးသော နာရေး ကူညီဖေးမမှုတို့ကို (အခမဲ့) လုပ်ဆောင်ခဲ့ရာ ပထမပိုင်းတွင် တစ်နေ့ လျှင် နာရေးပေါင်း ၅ ဦးခန့်မှ ယခုဆိုလျှင် တစ်နေ့လျှင် ၄၅ မှ ၅၀ ဦးခန့် (အခမဲ့) သင်္ဂြိုဟ်ပေးနေရပြီဖြစ်သည်။ ဘဝကူးပြောင်းမှုများ မြင့်မားလာမှုကို ပြန်လည်သုံးသပ်သော် ဆင်းရဲနွမ်းပါး၍ ဆေးဝါးမကုနိုင်ခဲ့ခြင်းကို သိရှိခဲ့ရသည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ်မှစ၍ ခွဲစိတ် ကုသမည့် လူနာများ၊ ခွဲစိတ်မွေးဖွားမည့် ကိုယ်ဝန်ဆောင်မိခင်များကို ခွဲစိတ်ခ အကုန်အကျခံခွဲစိတ်ပေးခြင်း၊ ၂၀၀၇ ခုနှစ်မှစ၍ သုခ ကုသိုလ်ဖြစ်ဆေးခန်းဟူ၍ (အခမဲ့) ဆေးဝါးကုသမှုတို့ကို လုပ်ဆောင်ခဲ့ရာ တစ်နေ့လျှင် လူနာ ၂၀ ခန့်မှ ယခုဆိုလျှင် တစ်နေ့လျှင် လူနာ ၂၀၀ ယောက်ကျော်ခန့်ကို (အခမဲ့) ကုသပေးနေရပြီဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးချို့ယွင်းမှု ဘာကြောင့် ယခုကဲ့သို့ မြင့်မားလေသနည်းဟု စဉ်းစားကြသော် အသိ ပညာနည်းပါးမှု၊ ဗဟုသုတခေါင်းပါးမှုတို့ကို တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် သုခအလင်းစာကြည့် တိုက်ဖွင့်လှစ်ပေးခြင်း၊ အခြေခံအင်္ဂလိပ်စာ နွေရာသီသင်တန်း၊ အဆင့်မြင့်အင်္ဂလိပ်စာသင်တန်းများ၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်း၊ ကွန်ပျူတာသင်တန်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ စသည့် လူ့ကျင့်ဝတ်ပညာရေးနှင့် ပတ်သက်သော အသိပညာပေးသင်တန်းများကိုပါ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ လွန်ခဲ့သော သုံးနှစ်ခန့်က နွေရာသီ အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်ရာတွင် ကလေးငယ် ၂၀၀ ခန့် တက်ရောက်ခဲ့သော်လည်း ယခုနှစ် နွေရာသီသင်တန်းအတွက် စာရင်း လာရောက်ပေးသူ ကလေးပေါင်း ၁၀၀၀ နီးပါးခန့်ရှိခဲ့သည်။ လူမှုရေးနှင့်ပတ်သက်၍ ယခုအချိန်အထိ နာရေးကူညီမှုပေါင်း ၁၁၂၃၀၃၊ ဆေးဝါးကုသပေးမှုပေါင်း ၁၅၀၆၃၁၊ ပညာရေးနှင့် ပတ်သက်၍ ၁၀၀၀၀ ဦးခန့် ကူညီ ဖေးမပံ့ပိုးမှုများကို ကျွန်တော်တို့ လုပ်ကိုင်ပေးပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် သမ္မတကြီး ပြောကြားသွားသော လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ နာရေး၊ သဘာဝဘေး ကယ်ဆယ်ကူညီထောက်ပံ့ရေး စသည့် လူမှုရေးလုပ်ငန်းများကို နှစ်အလိုက်၊ ခေတ်အလိုက် ဆထက်တပိုး တိုးချဲ့လုပ်ကိုင် ပေးဆပ်ရန်သာ ရှိတော့သည်။



သို့ရာတွင် ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်) အပြင် အခြားလူမှုရေး အဖွဲ့အစည်းများ၊ လူမှုရေးအသင်းများ

www.burmeseclassic.com

www.burmeseclassic.com


အတွက် တရားဝင်လုပ်ကိုင်ခွင့် မှတ်ပုံတင် လက်ဝယ်သို့ မရရှိသေးပါ။ နေပြည်တော်မှ မှတ်ပုံတင်ခွင့်ပြုချက် ထုတ်ပေးလိုက်ပြီဟု ဖြစ်သော်ငြားလည်း ပြည်နယ်၊ တိုင်း၊ မြို့နယ် ဌာနဆိုင်ရာများမှ ယနေ့တိုင် ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အသိပေး အကြောင်းကြားခြင်း မရှိသေးချေ။ ထို့ကြောင့် သမ္မတကြီး မိန့်ကြားခဲ့သော ဖောင်ဒေးရှင်းများ၊ အသင်းအဖွဲ့များ ဖြစ်ထွန်းအောင်မြင်လာတာဟာ ကျွန်တော်တို့နိုင်ငံရဲ့ လူ့အဖွဲ့အစည်းအတွက် ဂုဏ်ယူဝမ်းမြောက်စရာဖြစ်ကြောင်း၊ အရပ်ဘက် အဖွဲ့အစည်းတွေဟာ ဒီမိုကရေစီ ရှင်သန် ခိုင်မာရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍမှာရှိကြောင်းဟု မိန့်ဆိုငြားသော်လည်း ကျွန်တော်တို့ လူမှုရေးအသင်းအဖွဲ့များအတွက် ယခုတိုင် မှတ်ပုံတင်မရခြင်းသည် သမ္မတ ကြီးနှင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်အာဏာပိုင်တို့ ချိတ်ဆက်မှုများ လွဲနေပြီလားဟု ကျွန်တော်တွေးမိသည်။ ထို့ကြောင့် ကျွန်တော်တို့ လူမှုရေးသမားများ၊ လူမှုရေး အသင်းအဖွဲ့များ အနေဖြင့် အစိုးရ အသိအမှတ်မပြုသော တရားမဝင် အဖွဲ့အစည်းများအဖြစ် ပြည်သူလူထု တို့အား ကူညီဖေးမမှုတို့ကို အကြောက်တရားနှင့် ယှဉ်တွဲကာ ကုသိုလ်ရေးကို လုပ်ကိုင်နေရ သော သူများပမာ ဖြစ်နေတော့သည်။ ဤတွင် သမ္မတကြီး၏ မိန့်ခွန်းများကို ကျွန်တော် ထပ်ခါ ထပ်ခါ ဖတ်ရှု၍ တွေးတောစဉ်းစားမိတော့သည်။ "ငါသာလျှင် သမ္မတကြီး ဖြစ်ရင်တော့"ဟူ၍ တွေးတောစဉ်းစားမိတော့သည်။

ဟုတ်ပါသည်။ "နိုင်ငံတော်သမ္မတ ဦးကျော်သူ"ဟူ၍ အတွေးထဲ ဖြစ်ပေါ်သွားတော့ သည်။ ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင် ဒီမိုကရေစီနိုင်ငံတော်သစ် ချီတက်ရာတွင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်းသော နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် ပြည်သူလူထုအားလုံး ကိုယ်ကျင့် တရား ဆင်းရဲနွမ်းပါးသော ပြည်သူလူထုတို့၏ ကျန်းမာရေး ပညာရေး၊ လူမှုရေး၊ နာရေး စသည့် ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် လုပ်ဆောင်ရ မည်။ ထိုသို့လုပ်ဆောင်ရာ တွင် ပြည်သူလူထုထဲသို့ မြို့နယ်၊ ရပ်ကွက်များအတွင်းသို့ ထဲထဲဝင်ဝင် ကွင်းဆင်းလေ့လာရန် မလိုချေ။ မြို့နယ်၊ ရပ်ကွက် အာဏာပိုင်များ၏ သတင်းပို့ချက်များထက် ပိုမိုတိကျ မှန်ကန် သော ဖြစ်ရပ်များကို သိရှိရန် အရေးကြီးသည် မဟုတ်ပါလား။ ထို့ကြောင့် ပြည်သူလူထုတို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို အနီးကပ် ပံ့ပိုးကူညီ ဖေးမပေးနေသော မြို့နယ်အလိုက်၊ တိုင်းအလိုက် ဖွဲ့စည်းထားသော လူမှုရေးအသင်းအဖွဲ့များနှင့် တစ်နာရီခန့်သာ တွေ့ဆုံလိုက် ရုံသာဖြစ်သည်။ ထိုအခါ ယင်းလူမှုရေးအသင်းအဖွဲ့များ၏ အများပြည်သူတို့အပေါ် ကူညီ ပေးရမှုများကို အခန်းကဏ္ဍအလိုက် ရာခိုင်နှုန်းများနှင့် လိုအပ် ချက်များကို သိရှိရမည်ဖြစ်သည်။ ထိုအခါ မည်ကဲ့သို့ ပြည်သူလူထု တို့၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို ခိုင်မာလာအောင် လုပ်ဆောင်ပေးသင့်သည်ကို တိကျသော အဖြေရရှိမည် ဖြစ်တော့ သည်။ အောက်ခြေပြည်သူလူထု ခိုင်မာပါမှ ဖောင်ဒေးရှင်းခိုင်မာ သော မိုးထက်မြင့်သော ဒီမိုကရေစီတိုက်တာကြီးများ ပေါ်ထွန်းလာ



www.burmeseclassic.com

www.burmeseclassic.com



**“ ပြည်နယ်အလိုက် ဖွဲ့စည်းထားသော လူမှုရေး အသင်းအဖွဲ့များသို့ သမ္မတကြီး ကိုယ်တိုင် ကွင်းဆင်း၍ သွားရောက်လေ့လာ ကြည့်ရှုလည်ပတ်မည်ဆိုပါက ပြည်သူလူထုတို့ ကြုံတွေ့နေရသော အခက်အခဲ အကျပ်အတည်း အနှောင့်အယှက် များကို မျက်ဝါးထင်ထင် .....**

မည်ဟု တွေးမြင်မိတော့သည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အောက်ခြေပြည်သူလူထုတို့နှင့် တိုက်ရိုက်ထိတွေ့ ကူညီပေးနေသော လူမှုရေးအသင်းအဖွဲ့များ အား အမြန်ဆုံး တရားဝင်မှတ်ပုံတင်များ ချမှတ်ပေးပြီးသည့်နောက် မိဘပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး။ စီးပွားရေး၊ နာရေး စသည့် လူမှုကိစ္စများကို ခိုင်မာလာအောင် ပံ့ပိုး ကူညီပေးနိုင်ရေးအတွက် သမ္မတကြီးပြောကြားသော စကားအရ အပြန်အလှန် နားလည်မှု၊ ယုံကြည်လေးစားမှုတို့နှင့်အတူ ပြည်သူ့အကျိုး တစ်ဖက်တစ်လမ်းမှ သယ်ပိုးနေသော တိုင်း၊ ပြည်နယ်အလိုက် ဖွဲ့စည်းထားသော လူမှုရေးအသင်းအဖွဲ့များသို့ သမ္မတကြီး ကိုယ်တိုင် ကွင်းဆင်း၍ သွားရောက်လေ့လာ ကြည့်ရှုလည်ပတ်မည်ဆိုပါက ပြည်သူလူထုတို့ ကြုံတွေ့နေရ သော အခက်အခဲ အကျပ်အတည်း အနှောင့်အယှက်များကို မျက်ဝါးထင်ထင် တွေ့မြင်ရပြီး အချိန်တိုတိုအတွင်းမှာ ပြုပြင်ပြောင်းလဲမှုများ အရာထင်လာမည်ဟု သမ္မတကြီး အတွေးမျိုးနှင့် ကျွန်တော် အတွေးနယ်ချဲ့ကာ အိပ်ပျော်သွားတော့သည်။

ထိုညက ကျွန်တော် အိပ်မက်မက်သည်။ နံနက် အရုဏ်တက်တွင်မက်သော အိပ်မက် ဖြစ်သည်။


“သမ္မတကြီး ဦးသိန်းစိန် ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်) ကို လာသည်” ဟု။

အရုဏ်တက်တွင်မက်သော အိပ်မက်သည် ဒက်ထိအောင် မှန်သည်ဟု အဆိုရှိပေ သည်။



www.burmeseclassic.com

www.burmeseclassic.com



# ဦးဦး ပုံပြောမယ်

"သမ္မတ ဦးသိန်းစိန်ကလည်း 'အရပ်ဘက် လူ့အဖွဲ့အစည်းတွေဟာ ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ထွန်းမှုတွေမှာ အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိခဲ့ကြောင်း ဒါကြောင့် အရပ်ဘက် လူ့အဖွဲ့အစည်းတွေရဲ့ လွတ်လပ်မှုကို အလေးထားကြောင်းနဲ့ အားပေးလိုကြောင်း' သူ့မိန့်ခွန်းတွေထဲမှာ ထည့်ပြောခဲ့ဖူးပါတယ်။ ပြီးတော့ 'ငြိမ်းချမ်းရေးဖြစ်စဉ်တွေ အောင်မြင်ဖို့အတွက် ပြည်သူလူထု ပါဝင်ဖို့လိုကြောင်းနဲ့ ပြည်သူတွေထဲက အရပ်ဘက် လူ့အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍဟာလည်း အလွန်အရေးကြီးကြောင်း ထည့်ပြောခဲ့ပါတယ်။ ဒါနဲ့ စကားမစပ် 'ဦးဦးပုံပြောမယ်'ကို သတိရမိတယ်။ အဲဒီလို မဖြစ်ဖို့တော့ လိုတယ်'ဟု နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူက 'မြန်မာနိုင်ငံအတွင်းရှိ အသင်းအဖွဲ့ဆိုင်ရာ ဥပဒေကြမ်း' အပေါ် သဘောထား ထုတ်ပြန်ခြင်း အခမ်းအနား၌ ပြောဆိုသည့် သူ၏ နှုတ်ခွန်းဆက် အမှာစကားတွင် ထည့်သွင်းပြောဆိုခဲ့သည်။

"ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ရှေးအစဉ်အဆက်ကတည်းက လူမှုရေးစိတ်ဓာတ် အပြည့်ရှိတဲ့ လူမျိုးတွေပါ။ သာရေး၊ နာရေး၊ ရပ်ရေး၊ ရွာရေး ကိစ္စတွေ ရှိလာရင် ဘယ်သူမှ ခေါင်းရှောင်မနေဘဲ သိုက်သိုက်ဝန်းဝန်း စည်းစည်းလုံးလုံးနဲ့ ဆောင်ရွက်တတ်တဲ့ လူမျိုးတွေပါ။ ကျွန်တော်တို့ **အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း 'ဗြဟ္မစိုရ်**

www.burmeseclassic.com

www.burmeseclassic.com

**တရားကို အခြေပြုသော လူအများကောင်းစားရေးဝါဒ မထွန်းကား မပြန့်ပွားသရွေ့ ကာလပတ်လုံး ကျွန်ုပ်တို့ ဤကမ္ဘာမြေပေါ်တွင် အထွေထွေသော ကပ်ဆိုးကြီးများ ဆိုက်ရောက်လျက်ပင် ရှိပေလိမ့်မည်'**လို့ မိန့်ကြားခဲ့ဖူးပါသည်ဟု လည်းကောင်း၊ **'ကျွန်တော်တို့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ အများအကျိုးပြု ပရဟိတ အသင်းအဖွဲ့တွေ ပေါ်ပေါက်လာတာ အုပ်ချုပ်သူ အစိုးရအဖွဲ့တွေကို ဆန့်ကျင်ဖို့၊ အံတုဖို့ မဟုတ်ပါဘူး။ အများပြည်သူတွေရဲ့ ဆင်းရဲဒုက္ခတွေ၊ အခက်အခဲတွေနဲ့ ဘဝရပ်တည်ရေး စိန်ခေါ်မှုတွေကြောင့် ပေါ်ပေါက်လာရတဲ့ ပြည်သူတွေအတွက် ပြည်သူ့အခြေပြု အဖွဲ့အစည်းတွေပါ။ ဒါကြောင့် ပြည်သူတွေကို ကိုယ်စားပြုပြီး ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတဲ့ စေတနာ့ဝန်ထမ်း ပရဟိတ အဖွဲ့အစည်းတွေကို စေတနာကောင်းနဲ့ အားပေးဖို့လိုပါတယ်'**ဟု လည်းကောင်း ဦးကျော်သူက သူ၏ အမှာစကားတွင် ထည့်သွင်းပြောဆို တိုက်တွန်းသွားခဲ့သည်။ 'အသင်းအဖွဲ့ဆိုင်ရာ ဥပဒေကြမ်း'မှာ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့က အခန်း ၁၀ ခန်း နှင့် အပိုဒ် ၂၆ ပိုဒ်ပါ အသင်းအဖွဲ့များဆိုင်ရာ ဥပဒေမူကြမ်းအဖြစ် ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းပြီး **အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန်အတွက်** အစိုးရ သတင်းစာများတွင် ဖော်ပြခဲ့ခြင်း အပေါ် လူမှုရေးအသင်းအဖွဲ့များက အကြံပြု ဆွေးနွေးကာ ဘုံသဘောထားကို ထုတ်ပြန်ကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်းအပေါ် သဘောထားအမြင် ထုတ်ပြန်ခြင်း အစည်းအဝေးတွင် ပြောကြားခဲ့သော ဦးကျော်သူ၏ အမှာစကား

အနယ်နယ် အရပ်ရပ်မှ ကြွရောက်လာကြသော ဗြဟ္မစိုရ်စိတ်ထားရှိသူ၊ ပရဟိတ သမားများနှင့် ဖိတ်ကြားထားသော တတ်သိပညာရှင်အပေါင်းတို့ခင်ဗျား ...

ယခုလို နာရေးကူညီမှုအသင်း(ရန်ကုန်)မှာ တစ်စုတစ်ဝေး၊ စည်းစည်းလုံးလုံး၊ ညီညီ ညွတ်ညွတ် တွေ့ဆုံနိုးနှောဖလှယ်ခွင့် ရတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုမြင် နေရတဲ့ ရာနှဲ့ချီသော ပရဟိတအသင်း ကိုယ်စားလှယ်တော်များဟာ မြန်မာနိုင်ငံအနှံ့အပြား တွင် ကိုယ်ကျိုးမဖက်၊ အများအတွက် ပေးဆပ် အနစ်နာခံ ကူညီနေကြတဲ့ ထောင်ပေါင်း များစွာသော ပရဟိတသမားတို့၏ ပုံရိပ်တစ်ခုလို့လဲ သတ်မှတ်လိုပါတယ်။ ဒီလို ပရဟိတသမား တွေဟာ သန်းနဲ့ချီသော မြန်မာပြည်သူပြည်သားများ၏ လူမှုဘဝ၊ အခက်အခဲများနှင့် စိန်ခေါ်မှု များကို လျော့နည်းသက်သာစေရန် ကူညီဆောင်ရွက်နေသူများလည်းဖြစ်ပါတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟုဆိုသော ဗြဟ္မစိုရ်တရား (၄)ပါးဟာ လူ့ဘဝရဲ့ အရေးအကြီးဆုံး ကျင့်စဉ်ဖြစ်သလို လူသားဖြစ်တည်ခြင်းရဲ့ တန်ဖိုးစံနှုန်းများလည်း ဖြစ်ပါတယ်။ ဗြဟ္မစိုရ်စိတ်များ ကိန်းပျောက်ချုပ်ငြိမ်းလျှင် လောကကြီးဟာ အမှောင်ဖုံးသလိုပါပဲ။ ဗြဟ္မစိုရ်စိတ်ရှိသော ပုဂ္ဂိုလ် များကြောင့်သာ လူ့လောက၊ လူ့ကမ္ဘာကြီးဟာ နေချင်စဖွယ် နှစ်သက်ဖွယ် ကောင်းနေရပါ တယ်။

ရှေးခေတ်အဆက်ဆက် လူသားတို့ လောကပါလတရား (၄)ပါးကို လိုက်နာကျင့်သုံး တန်ဖိုးထားခဲ့ခြင်းကြောင့်သာ ယခုလို လူ့လောက၊ လူ့ကမ္ဘာ တည်တံ့နေရခြင်းဖြစ်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကို နလုံးသွင်းသင့်ပါတယ်။ ဓမ္မနှင့် အဓမ္မဒွန်တွဲ အားပြိုင်နေသော လူ့ဘဝကြီးမှာ ဗြဟ္မစိုရ်စိတ်ထက်သန်အားကောင်းမှသာလျှင် အဓမ္မဝါဒီများကို အံတုအနိုင်ယူနိုင်မှာ ဖြစ်ပါတယ်။ ပေါင်းစည်းဆောင်ရွက်ရတဲ့ ပရဟိတလုပ်ငန်းများအတွက် "အကျင့်နှင့် အမြင်"သည် အရေးကြီးဆုံးဖြစ်ကြောင်း တရားတော်၌ ပြထားပါတယ်။ ထို့အတူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ဖ.ဆ.ပ.လ ညီလာခံတစ်ခုတွင် "ဗြဟ္မစိုရ်တရား ခေါင်းပါးနေသ၍ ကာလပတ်လုံး တိုင်းပြည်သည် ကပ်ဘေးအမျိုးမျိုး ဆိုက်ရောက်နေပေလိမ့်မည်"ဟု မိန့်မှာခဲ့ဖူးတယ်။

လူသားတို့ကြုံတွေ့ခံစားနေရတဲ့ သောကအထွေထွေ၊ ဒုက္ခအသွယ်သွယ်ကို လူသားတို့ကိုယ်တိုင်သာ ဖြေရှင်းဆောင်ရွက်ရပါတယ်။ စာနာ၊ နားလည်၊ သဘောပေါက်ခြင်းဖြင့် ပြည်သူတို့၏ ဝေဒနာ၊ အခက်အခဲ၊ သက်ပြင်းချသံ၊ ငိုကြွေးညည်းညူသံကိုလည်း ပြည်သူတို့နဲ့ အနီးကပ်ဆုံးနေသူတွေ၊ စာနာသနား ကူညီပေးသူတွေသာလျှင် သိနိုင်၊ ကြားနိုင်၊ မြင်နိုင်၊ လုပ်ပေးနိုင်မည်သာဖြစ်တယ်လို့ ယူဆပါတယ်။

ကျွန်တော် ပြည်သူ့အခြေပြု အဖွဲ့အစည်းတွေရဲ့ အရှိတရားနှင့် နက်နဲသိမ်မွေ့မှုကို နားလည်လက်ခံပေးစေလိုပါတယ်။ ပြည်သူ့ဘဝကို နားမလည် သူသည် ပြည်သူ့သစ္စာဖောက်၊ ပြည်သူကို သစ္စာဖောက်သူကို ပြည်သူက ဒဏ်ခတ်မှာ ဖြစ်ပါတယ်။ သမိုင်းက ဒဏ်ခတ်၊ လက်ရှိဘဝတွင်မက နောင်သံသရာ အဆက်ဆက်ပါ ဒဏ်ခတ်ခံရမှာပါ။ သမိုင်းဆိုး အမွေဆိုး မရရှိစေချင်ပါဘူး။ ဗြဟ္မစိုရ်စိတ်ဓာတ်စစ် ရှိသူတို့ကိုမူ လောကလူသားများသာမက သက်ရှိသက်မဲ့ အရာအားလုံးတို့က ကောင်းချီးသြဘာပေး၊ အသိအမှတ်ပြု တုံ့ပြန်ပေးကြမှာပါ။

ယခုကြွရောက်လာသော ပရဟိတအသင်း ကိုယ်စားလှယ်တော်ကြီးများ၏ နေလောင်ခံထားရသော မျက်နှာနှင့် အသားအရေများသည် ပြည်သူ့အတွက် ဘယ်လောက် ပေးဆပ်အနစ်နာခံ လုပ်ကိုင်နေကြကြောင်း လှစ်ပြသလိုဖြစ်သည်။ နာမည်မဖော် လူမသိဘဲ အများပြည်သူ့အတွက် ပေးဆပ်အနစ်နာခံနေကြသော ပရဟိတသမားများ၏ စိတ်ဓာတ်နှင့် လုပ်ရပ်ကို တွေးတမျှော်မြင်ပြီး လေးစားဂုဏ်ယူလိုပါတယ်။

ခေတ်သမိုင်းအဆက်ဆက်မှာကတည်းက လူမှုရေးသူရဲကောင်းတွေဟာ အဓမ္မဝါဒီတွေ၊ အတ္တဝါဒီတွေ၊ ကိုယ်ကျိုးရှာ အခွင့်အရေးသမားတွေရဲ့ အားပြိုင်၊ အားစမ်း၊ နှောင့်ယှက်ဟန့်တားမှုတွေ ရှိခဲ့ပါတယ်။ ဒီလိုအဖြစ်ဆိုးတွေ ကြုံလာတိုင်း ပရဟိတသမားတွေက ပါရမီမြောက်အောင် လုပ်ဆောင်ဖြည့်ဆည်းခဲ့ကြပါတယ်။ ပရဟိတသမားတွေမှာ သတ္တိနှစ်မျိုး ရှိပါတယ်။ မဟုတ်တာ၊ မကောင်းတာကို မလုပ်ဘူးဆိုတဲ့ သတ္တိနဲ့ ဟုတ်တာ၊ မှန်တာကိုပဲ လုပ်မယ်ဆိုတဲ့ သတ္တိပဲ ဖြစ်ပါတယ်။ ဒီသတ္တိနှစ်မျိုးကို မြဲမြဲဆုပ်ကိုင်ထားဖို့ လိုပါတယ်။

မြန်မာနိုင်ငံလို ခေတ်ပြောင်း၊ စနစ်ပြောင်း၊ အသွင်ပြောင်း ကူးပြောင်းဆဲကာလကြီးမှာ Civil Society ဟုခေါ်သော အရပ်ဘက် လူ့အဖွဲ့အစည်းကဏ္ဍဟာ အထူးအရေးပါပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင် ရန်ကုန်မြို့ အခြေစိုက် လူမှုအဖွဲ့အစည်းပေါင်း ၈၀ ကျော်နှင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ နာရေးကူညီမှုအသင်း(ရန်ကုန်)အနေနဲ့ ဖိတ်ကြားခြင်းမခံရ၍ မတက်ရောက်နိုင်ခဲ့ပါ။ သို့သော် သမ္မတကြီး၏ မိန့်ခွန်းအား လေ့လာဖတ်ရှုခဲ့ရပါတယ်။ သမ္မတကြီးက နိုင်ငံ၏ဖြစ်စဉ်နှင့် ဖြစ်ထွန်းမှုများမှာ အရပ်ဖက် လူ့အဖွဲ့အစည်းများဟာ အရေးကြီးသည်ဟု ယုံကြည်ပါကြောင်း အလေးပေး ပြောဆိုခဲ့ပါတယ်။

"ငြိမ်းချမ်းရေးဖြစ်စဉ်တွေဆိုတာ ခေါင်းဆောင်များသက်သက်က လက်မှတ်ထိုးရုံ၊ လက်ဆွဲနှုတ်ဆက်ရုံနဲ့ မလုံလောက်ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ဖို့ဆိုတာ လူထုကလည်း ပါဝင်လာဖို့ လိုပါတယ်။ ခေါင်းဆောင်တွေရဲ့ သဘောတူညီမှု၊ နားလည်မှုတွေကို လူထုဆီ ရောက်အောင် ပေးပို့နိုင်ဖို့အတွက် အရပ်ဘက် လူ့အဖွဲ့အစည်းရဲ့ အခန်းကဏ္ဍဟာ အင်မတန်မှပဲ အရေးကြီးပါတယ်" ဟု ပြောဆိုခဲ့ပါတယ်။

"အရပ်ဘက် လူ့အဖွဲ့အစည်းတွေရဲ့ လွတ်လပ်မှုကို အစဉ်အလေးထားသွားမှာဖြစ်ကြောင်း၊ အရပ်ဘက် လူ့အဖွဲ့အစည်းတွေရဲ့ လက်တွေ့ လူမှုဘဝကို ထင်ဟပ်တဲ့ တည်ဆောက်ရေးကို ရှေးရှုတဲ့ လှုပ်ရှားမှုတွေကို မြင်တွေ့အားပေးလိုပါကြောင်း၊ အဖွဲ့အစည်းပေါင်းစုံရဲ့ လွတ်လပ်ခွင့်အတွက် တရားဝင် မှတ်ပုံတင်ခြင်းကို အစလှုပ်ရှားမှု လုပ်ငန်းစဉ်အမျိုးမျိုးအတွက် လိုအပ်တဲ့ ပြေလျော့မှုကို အဆင့်အလိုက် လုပ်ဆောင်ပေးနေပါတယ်"ဟု ထည့်သွင်းပြောဆိုခဲ့သည်ကို လေ့လာမှတ်သားမိပါတယ်။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှတဆင့် ဟောပြောခဲ့သော သမ္မတကြီး မိန့်ခွန်းတွင်လည်း "ယခု နိုင်ငံရေးဖြစ်ထွန်းမှုဟာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ အရပ်ဘက် လူ့အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုအားလုံးက ကဏ္ဍအသီးသီးကနေ အားလုံးပူးပေါင်းဆောင်ရွက်မှုကြောင့်ဆိုတာ ငြင်းလို့မရပါဘူး။ ဒီမိုကရေစီဆိုတာဟာ ရွေးကောက်ပွဲတွေ ကျင်းပရုံနဲ့က မလုံလောက်ပါဘူး။ အသိအမြင် ကြွယ်ဝတဲ့ ပြည်သူလူထုတစ်ရပ်လုံးက ပြည်သူ့ဘဝအတွက် ရွေးချယ်မှုတွေကို ဖိနှိပ်မှု၊ ချုပ်ချယ်မှုတွေမရှိဘဲ ဆုံးဖြတ်နိုင်ခြင်းဘဲဖြစ်ပါတယ်။ ဒီနေရာမှာ သိပ်သည်းကျစ်လျစ်၍ စည်းကမ်းရှိတဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ ပေါ်ပေါက်လာဖို့လည်း အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ အစိုးရရဲ့ ရည်မှန်းချက်ကတော့ ခေတ်အဆက်ဆက်မှာ အရေးပါတဲ့ အခန်းကဏ္ဍမှာရှိခဲ့တဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ ပြန်လည်အားကောင်းလာဖို့အတွက် ကျိုးပမ်းဆောင်ရွက်ပေးဖို့ပဲ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ အားကောင်းလာဖို့က နိုင်ငံသားတစ်ဦးချင်းစီမှာပဲလည်း တာဝန်ရှိပါတယ်။ ကျွန်တော်အနေနဲ့ အားလုံး ပူးပေါင်းပါဝင်တဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ် တစ်ခု စနစ်တကျ ဖြစ်ပေါ်လာစေဖို့အတွက် ၂၀-၁-၂၀၁၃ ရက်နေ့က လူထုအခြေပြု အရပ်ဘက် လူ့အဖွဲ့အစည်းများနဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ တွေ့ဆုံခဲ့ပါတယ်။ ၂၇-၁-၂၀၁၃

www.burmeseclassic.com

www.burmeseclassic.com


**“ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ ပေါ်ပေါက်လာခြင်းဟာ အစိုးရကို အားပြိုင် အန်တုဖို့ မဟုတ်ပါ။ အရပ်ဖွဲ့ လူ့အဖွဲ့အစည်းနှင့် အစိုးရသည် စက်ဘီးတစ်စီးတွင် ပါဝင်သော ရှေ့ဘီးနှင့် နောက်ဘီး သဘောမျိုးသာဖြစ်သည်။**

ရက်နေ့ကလည်း သက်ဆိုင်ရာ အရပ်ဘက် လူ့အဖွဲ့အစည်းများနဲ့ ကျွန်တော်တို့ အစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးများနဲ့လည်း စားပွဲဝိုင်းဆွေးနွေးမှုများကို စတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလို တွေ့ဆုံမှုတွေကနေ အစပြုပြီး ပြည်ထောင်စုအဆင့် ပြည်နယ်တိုင်းဒေသကြီးအဆင့်ကစလို့ အစိုးရယန္တရားအဆင့်ဆင့်မှာ အရပ်ဘက် လူ့အဖွဲ့ကအစည်းတွေ၊ ပြည်သူလူထုတွေ ပါဝင်တဲ့ အုပ်ချုပ်မှုဖြစ်စဉ်ကို အကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု အရပ်ဖွဲ့ လူ့အဖွဲ့ အစည်းများ၏ အခန်းကဏ္ဍနှင့် အရေးပါမှုကို မီးမောင်းထိုးပြခဲ့သည်။

လူထုခေါင်းဆောင် **ဒေါ်အောင်ဆန်းစုကြည်**ကလည်း ၂၀၁၀၊ ဒီဇင်ဘာလ ၇ ရက်နေ့ တွင် ပြောကြားခဲ့သော ဗီဒီယိုမိန့်ခွန်း၌ -

**“စီးပွားရေးတိုးတက်ဖို့ မူဝါဒချမှတ်ရသလိုပဲ ကောင်းမွန်တဲ့အစိုးရတစ်ရပ် ပေါ်ပေါက်လာဖို့ လူမှုအဖွဲ့အစည်း အားကောင်းလာအောင် အကူအညီပေးရေး မူဝါဒ တွေ ချမှတ်သင့်တယ်**”ဟု ပြတ်ပြတ်သားသား ပြောဆိုခဲ့သည်ကိုလည်း မှတ်သားမိပါတယ်။

Civil Society ဟုခေါ်သော အရပ်ဘက် လူ့အဖွဲ့အစည်းဆိုသည်မှာ “နိုင်ငံတော်နှင့် မိသားစုအကြားတွင် တည်ရှိနေသော ကွက်လပ်ကြီးကို ဖြည့်သည့် အကြောင်းအရာအမျိုးမျိုး ရည်ရွယ်ချက် အဖွဲ့ဖွဲ့ဖြင့် ဖွဲ့စည်းထားသော အဖွဲ့များ”ဟု ဆိုလိုပါတယ်။

“အရပ်ဘက် လူ့အဖွဲ့အစည်းဆိုတာ နိုင်ငံသားစိတ်ဓာတ်၊ ဥပဒေကျင့်ဝတ်နဲ့ မြင့်မြတ်တဲ့ စံနှုန်းတွေရဲ့ အစုအပေါင်းကြီးဖြစ်တယ်။ အဲဒီအစုအပေါင်းဟာ နိုင်ငံတစ်ခုရဲ့ နိုင်ငံသားတွေ အတွက် သက်သက်မဟုတ်ဘူး။ လူသားမျိုးနွယ်တစ်ခုလုံးကို လွှမ်းခြုံတဲ့ အစုအပေါင်းစံနှုန်းသာ ဖြစ်တယ်”လို့ ဂျာမန်အတွေးအခေါ် ပညာရှင်ကြီး အင်မင်နျူရယ်ကန့် (Immanuel Kant) ဖွင့်ဆိုချက်ကို သဘောကျ နှစ်ခြိုက်မိပါတယ်။ သူ၏ ဖွင့်ဆိုချက် အနှစ်သာရကို ခံစား စံစား ရယူနိုင်ရန်အတွက် ဗြဟ္မစိုရ်တရား (၄)ပါးကို အခြေခံပြီး လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားကြဖို့ လိုပါတယ်။ “ကိုယ့်တာဝန် ကိုယ်ကျေ၊ ကိုယ့်အလုပ် ကိုယ်လုပ်” သဘောပဲ ဖြစ်ပါတယ်။

**အရပ်ဘက် လူ့အဖွဲ့အစည်းတွေ ပေါ်ပေါက်လာခြင်းဟာ အစိုးရကို အားပြိုင် အန်တုဖို့ မဟုတ်ပါ။ အရပ်ဖွဲ့ လူ့အဖွဲ့အစည်းနှင့် အစိုးရသည် စက်ဘီးတစ်စီးတွင် ပါဝင်သော ရှေ့ဘီးနှင့် နောက်ဘီး သဘောမျိုးသာဖြစ်သည်။ ဘီးတစ်ဘီး လည်နေ ခြင်းကြောင့် အခြားဘီးတစ်ခု ရပ်စရာ အကြောင်းမရှိပါ။ ဒီမိုကရေစီကို အရေးစိုက် သော အစိုးရများအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို ကိုယ်စားပြုသော**

www.burmeseclassic.com

www.burmeseclassic.com

**အရပ်ဘက်အဖွဲ့အစည်းများ၏ အသံကို လေးလေးစားစား အလေးထား၊ ဖြည့်ဆည်း၊ ပေးကြသည်** ဟု သိရပါတယ်။

၂၀၁ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ထုတ်ပြန်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြန်တမ်းအရ နိုင်ငံတော်၏ စုစုပေါင်းသုံးငွေ ပမာဏမှာ ကျပ် ၆၇၇၂ ဘီလီယံဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအတွက် အသုံးစရိတ်မှာ ၁၃၁၈ ဘီလီယံ၊ ၂၀%ကျော်၊ ပညာရေးဝန်ကြီးဌာနအတွက် အသုံးစရိတ်မှာ ၄.၅၇%၊ ကျန်းမာရေးဝန်ကြီးဌာနအတွက် အသုံးစရိတ်မှာ ၁.၃၁%၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအတွက် ၀.၂၆% ဟု ဖော်ပြထားပါတယ်။ ထို့အပြင် နိုင်ငံတော် လိုငွေပြမှုမှာ ၂၂၀၁.၄၅၀ ကျပ် ဘီလီယံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် မသန်စွမ်းသူ စုစုပေါင်း ၂.၃ သန်းကျော်ရှိသည်ဟု ကမ္ဘာ့အဖွဲ့အစည်းများက စစ်တမ်းကောက်ယူ ဖော်ပြထားတယ်။ ၂၀၁၁ ခုနှစ် UNICEF (ယူနီဆက်) စာရင်းအရ မြန်မာနိုင်ငံတွင် မူလတန်းအရွယ် ကျောင်းနေသူအားလုံး ကျောင်းအပ်ခဲ့ပြီး အလယ်တန်းအဆင့်တွင်တော့ ကျောင်းသားတစ်ဝက်ခန့် ကျောင်းထွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံတွင် လူ ၂၁၈၈ ဦးတွင် ဆရာဝန်တစ်ဦးနှင့် လူ ၁၆၆၇ ဦးတွင် ကုတင်တစ်လုံးနှုန်းသာ ရှိပါတယ်။ ယင်းအချိုးသည် နိုင်ငံတကာစံနှုန်းဖြင့်တိုင်းပါက သုံးဆခန့် နည်းနေသည်။ ၂၀၁၂ ခုနှစ်တွင် ကျန်းမာရေးအတွက် ဘက်ဂျက်ကို စုစုပေါင်းဘက်ဂျက်၏ ၇.၅% ထိ တိုးသုံးခဲ့သည်ဟု သိရသည်။ ယင်းကိန်းဂဏန်းများနှင့် စိန်ခေါ်မှုများကို သုံးသပ်လေ့လာ ဆင်ခြင်ခြင်းအားဖြင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေး လိုအပ်ချက်များကို တတ်အားသရွေ့ လုပ်ကိုင်ဆောင်ရွက် ကူညီပေးနေကြသော အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ အရေးပါမှုနှင့် လိုအပ်မှုကို ခံစားသိမြင်နိုင်ပါတယ်။

Civil Society ဆိုသည်မှာ -

နာရေးကူညီမှုအသင်း(ရန်ကုန်)၏ Civil Society ဟုခေါ်သော အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် ပတ်သက်သော လေ့လာမိသမျှကို အနည်းငယ် ပြောပြလိုပါတယ်။ ကမ္ဘာပေါ်တွင် အရပ်ဘက် လူ့အဖွဲ့အစည်း၏ အဓိပ္ပာယ်ကို ဖော်ဆောင်ရာ၌ ရှုပ်ထွေးမှုများ၊ ဝေဝါးမှုများစွာ ဖြစ်နေပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသွင်ကူးပြောင်းကာလများတွင် CSO ကို ပညာရှင်များက နိုင်ငံ၏ အင်အားစုတစ်ခုအဖြစ် အသုံးချခဲ့မှုကြောင့်လည်း အရပ်ဘက် လူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍ ပြန်လည်ထွန်းကားခဲ့သည်ဟု သိရပါတယ်။ အထူးသဖြင့် ၁၉၇၀ နှင့် ၈၀ ခုနှစ်များက အရှေ့ဥရောပက ကွန်မြူနစ်ဆန့်ကျင်ရေး၊ လူမှုတော်လှန်ရေးတွေနဲ့အတူ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ၏ အခန်းကဏ္ဍလည်း ရေပန်းစားလာခဲ့ပါတယ်။

အရပ်ဘက် လူ့အဖွဲ့အစည်း၏ ထင်ရှားသောလက္ခဏာ (၃)ရပ်မှာ

၁။ မိမိသဘောအလျောက် (Volunteering) ပါဝင်ဆောင်ရွက်ခြင်း

၂။ အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ လှုပ်ရှားမှုနှင့် လုပ်ငန်းဆောင်တာများသည် ဗဟုဝါဒ (Pluralism) ဆန်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ အရပ်ဘက် လူ့အဖွဲ့အစည်း၏ နယ်နမိတ်သည် အနူတ်သဘောဆောင်သည်။

စေတနာ့ဝန်ထမ်းခြင်းသည် ပြည်သူ၏ ပါဝင်ဆောင်ရွက်ခြင်း (Civil Participation)၊ စေတနာ့ဝန်ထမ်းခြင်းသည် နိုင်ငံတွင် လိုအပ်နေသည့် တာဝန်ကိုယူခြင်းလည်း ဖြစ်ပါသဖြင့် စေတနာ့ဝန်ထမ်းခြင်းသည် တက်ကြွသော နိုင်ငံသား (Active Citizenship) အဖြစ်ကို ပြရာလည်း မည်သည့် အရပ်ဘက် လူ့အဖွဲ့အစည်းများသည် ငွေကြေးခံစားခွင့် မရသော၊ မယူသော ပြည်သူ့အကျိုးသက်သက်ဆောင်သည့် စေတနာ့ ဝန်ထမ်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်ဟု ဆိုချင်ပါတယ်။

"Volunteering is the human face of democracy" စေတနာ့ဝန် ထမ်းခြင်းသည် ဒီမိုကရေစီကို လူသားအသွင် ဖန်ဆင်းပြခြင်းဖြစ်သည်ဟု ပညာရှင်များက မှတ်ချက်ပြုကြပါတယ်။ ဒါကြောင့် Volunteering သည် Democracy ဖြစ်ပြီး Democracy ဆိုတာဟာ volunteering နှင့် သဘောအတူတူပါပဲ။

စေတနာ့ဝန်ထမ်းခြင်းများ အလွန်အမင်း လျော့ကျလာခြင်းသည် ဒီမိုကရေစီ အကျပ်အတည်းဆိုက်ခြင်းဟု ပညာရှင် Putnam က ဆိုခဲ့ပါတယ်။ ဒါကြောင့် အရပ်ဘက် လူ့အဖွဲ့အစည်းများကို ချေမှုန်းဖျောက်ဖျက်ခြင်းဟာ ဒီမိုကရေစီကို ချေမှုန်းဖျောက်ဖျက်ရာ ရောက်ခြင်းဆိုတဲ့ သဘောပါဘဲ။

အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် ပတ်သက်၍ ဆက်လက်ပြောဆိုပါရစေ။ အရပ်ဘက် လူ့အဖွဲ့အစည်း (Civil Society) ဆိုသည်မှာ နိုင်ငံတော်ဈေးကွက်တို့နှင့် ဒီမိုကရက်တစ်လူ့ဘောင် လူ့အဖွဲ့အစည်း ဖွဲ့စည်းရာတွင် ပါဝင်သော ကဏ္ဍကြီး ၃ ခုအနက် တစ်ခုဖြစ်ပါတယ်။

**အရပ်ဘက် လူ့အဖွဲ့ကအစည်းသည် လူမှုလုပ်ရှားမှု သန္ဓေတည်ရာ ဖွဲ့စည်းခြင်းဖြစ်ပေါ်ရာ နယ်ပယ်ကြီးဖြစ်ပါတယ်။**

တစ်ခါတစ်ရံတွင် အချင်းချင်း ဆန့်ကျင်ဖီလာဖြစ်သည့် မြောက်မြားစွာသော လူမှုရေးအကျိုးစီးပွားများကို ကိုယ်စားပြုထားသည့် အရပ်ဘက် လူ့အဖွဲ့ကအစည်းအတွင်းရှိ အဖွဲ့အစည်းများသည် ၎င်းတို့၏ လူမှုပတ်ဝန်းကျင်အခြေခံ အကျိုးဆောင်ပေးသည့် လူထုပရိသတ်များ၊ အဓိကထားလှုပ်ရှားသည့် အကြောင်းအရာကိစ္စရပ်များ (ဥပမာ ... သဘာဝပတ်ဝန်းကျင်ရေးရာ၊ လိင်ကွဲပြားမှုဆိုင်ရာ) နှင့် လုပ်သားသာဝတို့အပေါ် မူတည်၍ ဖွဲ့စည်းထားကြသည်ဟု ၁၉၉၃ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂဖွဲ့စည်းမှု အစီအစဉ် UNDP ၏ ဖွင့်ဆိုချက်တွင် တွေ့ရပါတယ်။

နိုင်ငံရေးသိပ္ပံပညာရှင်ကြီး လယ်ရီဒိုင်းမွန်း (Larry Diamond) ကလည်း "CS သည် စနစ်တကျ စုစည်းထားသည့် လူမှုဘဝများ၏ နယ်ပယ်ဖြစ်သည်။ ဤအစုအဖွဲ့နယ်ပယ်ကြီးကိုလည်း မိမိတို့၏ သဘောဆန္ဒအလျောက် ပါဝင်မှု၊ ကိုယ့်အားကိုယ်ကိုး ရပ်တည်မှု၊ ကိုယ်ထူကိုယ်ထ ပံ့ပိုးမှု၊ နိုင်ငံတော်(အစိုးရ)၏ ကြိုးကိုင်ထိန်းချုပ်မှုများ ကင်းလွတ်သော လွတ်လပ်မှု၊ ဥပဒေစနစ်တစ်ရပ်၏ အောက်တွင် တည်ရှိမှု စသည်တို့ဖြင့် ဖွဲ့စည်းထားသည်"ဟု ဆိုပြန်တယ်။

www.burmeseclassic.com

အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် သာမန်လူ့အဖွဲ့အစည်းတို့အကြား ကွာခြားချက်မှာ အရပ်ဘက် လူ့အဖွဲ့အစည်း အတွင်းတွင် နိုင်ငံသူ၊ နိုင်ငံသားများ အနေဖြင့် လူအများ ရှေ့မှောက်၌ ၎င်းတို့၏ အကျိုးစီးပွားများ၊ စိတ်ဝင်စားမှုများ၊ စိတ်ကူးစိတ်သန်းများကို ဖော်ထုတ်တင်ပြရန်၊ သတင်းအချက်အလက် ဖလှယ်ကြရန်၊ ဘုံရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက်ရန်၊ အစိုးရထံ တောင်းဆိုချက်များပြုရန်၊ အစိုးရအာဏာပိုင်များ၏ တာဝန်ခံမှုကို မျက်ခြေမပြတ် စစ်ဆေးကြရန် စသည့် ရည်ရွယ်ချက်များဖြင့် အစုလိုက်၊ အဖွဲ့လိုက် လှုပ်ရှားဆောင်ရွက်ကြသည်ဟု ရှင်းပြထားပါတယ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်ကလည်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ပိုလန်နိုင်ငံတွင် မိန့်ခွန်းတစ်ခု ပြောဆိုရာ အရပ်ဘက် လူ့အဖွဲ့အစည်းသည် ၂၁ ရာစု ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် အလွန်အရေးပါကြောင်း မှတ်ချက်ပြု ပြောကြားခဲ့တယ်။ လွတ်လပ်သော နိုင်ငံတစ်ခုအတွက် မရှိမဖြစ်အရာ (၃)ခုရှိပါတယ်။ ယင်းတို့မှာ ပြည်သူ့ကိုယ်စားပြုသော အစိုးရ၊ ကောင်းစွာလည်ပတ်နေသော ဈေးကွက်နှင့် အရပ်ဘက် လူ့အဖွဲ့အစည်းတို့ ဖြစ်ပါတယ်။ တိုင်းပြည်တိုးတက်ကြီးပွားရန် ယင်းအချက် (၃)ချက်တို့က မြှင့်တင်ထောက်ပံ့ထားပါတယ်။ ကျွန်မတို့ (အမေရိကန်နိုင်ငံ)ရဲ့ လွတ်လပ်ရေးဟာ ကျွန်မတို့ အရပ်ဘက် လူ့အဖွဲ့အစည်းရဲ့ ထုတ်ကုန်တစ်ခု ဖြစ်ခဲ့ပါတယ်။ ကျွန်မတို့ အရပ်ဘက် လူ့အဖွဲ့အစည်းဟာ အကြိုနိုင်ငံရေး **Pre-Policical** ပါ အရပ်ဘက် လူ့အဖွဲ့အစည်းဟာ ကျွန်မတို့ နိုင်ငံ ဖြစ်တည်အောင် ကူညီခဲ့ရုံမက အနာဂတ်မှာ ဆက်လက်အင်အား ကြီးမားအောင်လည်း ဒီမိုကရေစီ ဖြစ်တည်အောင် ကူညီပေးခဲ့ပါတယ်။ ထို့အပြင် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ၊ လူသားဖွံ့ ဖြိုးတိုးတက်မှုအတွက် ရန်းကန်လှုပ်ရှားမှုအပိုင်းမှာလည်း တက်တက်ကြွကြွ ပါဝင်နေပါတယ်။ ကျွန်မတို့ သမိုင်းတလျှောက် မတရားမှုတွေကို ဖော်ထုတ်၊ တိုက်ဖျက်ရာမှာလည်း အရေးပါတဲ့ အခန်းက ပါဝင်နေပါတယ်။ ကျေးကျွန်စနစ် ပပျောက်ရေး၊ အမျိုးသမီး အခွင့်အရေး၊ အလုပ်သမား အခွင့်အရေး၊ ရာသီဥတု ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့ကိုလည်း ဒီ အရပ်ဘက် လူ့အဖွဲ့အစည်းတွေက ရှေ့တန်းက ဦးဆောင်မှုပေးခဲ့ပါတယ်။ ကျွန်မရဲ့ အသက်မွေးဝမ်းကြောင်းမှုကို ဒီ အရပ်ဘက် လူ့အဖွဲ့အစည်းတွေကနေ စတင်ခဲ့တာပါ။ ကျွန်မကလေးများ ကာကွယ်ရေးရန်ပုံငွေအဖွဲ့မှာ အလုပ်လုပ်ခဲ့ပါတယ်။

၂၁ ရာစုမှာ အိုင်ဒီယိုလော်ဂျီ မျက်နှာစာအောက်မှာ အရပ်ဘက် လူ့အဖွဲ့အစည်းတွေဟာ မကြာခဏဆိုသလို ချေမှုန်းခြင်းခံနေရပါတယ်။ အမေရိကန်နိုင်ငံအတွက်တော့ အရပ်ဘက် လူ့အဖွဲ့အစည်းကို ဒီမိုကရေစီ မြှင့်တင်ရေးအတွက် အရေးပါတဲ့ အစိတ်အပိုင်းအဖြစ် ရှုမြင်ပါတယ်။ အရပ်ဘက် လူ့အဖွဲ့အစည်း ခေါက်တိုင်ဟာ အခြားခေါက်တိုင်များဖြစ်တဲ့ အစိုးရနှင့် ဈေးကွက်များ အားကောင်းတည်ငြိမ်အောင် ကူညီပေးနေပါတယ်။ အရပ်ဘက် လူ့အဖွဲ့အစည်းမရှိရင် အစိုးရတွေ ယိုင်နဲ့ပြီး ပြိုကျသွားနိုင်ပါတယ်။ ဈေးကွက်များလည်း

www.burmeseclassic.com

ပျက်စီးသွားပါလိမ့်မယ်။" ဟု အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ အရေးပါပုံများနှင့် ပတ်သက်၍ လေးလေးနက်နက် ထည့်သွင်းပြောဆိုခဲ့ပါတယ်။

အရပ်ဘက် လူ့အဖွဲ့အစည်းဆိုသည်မှာ အနိုင်အထက် စေခိုင်းခြင်းမှ ကင်းဝေးသော စုပေါင်းလုပ်ကိုင်ခြင်းဖြစ်တယ်။ အကျိုးတူ၊ ရည်ရွယ်ချက်တူ၊ တန်ဖိုးထားတူသူများ စုပေါင်း လုပ်ကိုင်ကြခြင်းဖြစ်သည်ဟု လန်ဒန် စီးပွားရေးတက္ကသိုလ်က ဖွင့်ဆိုထားပါတယ်။

ယခုလို အရပ်ဘက် လူ့အဖွဲ့အစည်း၏ ဖွင့်ဆိုပုံများနှင့်ပတ်သက်၍ သဘောထားအမြင်များကို တင်ပြရခြင်းမှာ မြန်မာနိုင်ငံတွင်လည်း အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် ပတ်သက်၍ နိုင်ငံတော်မှ သီးသန့်ဖွင့်ဆိုစေလို၍ ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့တွင် နိုင်ငံတော်သတင်းစာများ၌ ဖော်ပြပါရှိသော "အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း"ပါ 'အသင်းအဖွဲ့' ဖွင့်ဆိုချက်သည် ယေဘုယျဆန်လွန်း သည်ဟု ထင်မြင်မိပါတယ်။ အရပ်ဘက် လူ့အဖွဲ့အစည်းအတွက် သီးသန့်ဖွင့်ဆိုပေးသင့် သည်ဟု ထင်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ အစိုးရနှင့် ပြည်သူတို့၏ အခွင့်အရေးများ၊ လုပ်ပိုင်ခွင့် အာဏာများနှင့် ဆက်ဆံရေးစည်းမျဉ်းစည်းကမ်းများကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းထားသည့် ဥပဒေကြီးဖြစ်သည်ဟု သိထားပါတယ်။

အရပ်ဘက် လူ့အဖွဲ့အစည်း၏ သဘောမှာလည်း တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက် စေရန်နှင့် လိုအပ်နေသော လူမှုရေးစိန်ခေါ်မှုများတွင် အစိုးရအဖွဲ့အစည်းများ၊ လွတ်လပ်သည့် ပြည်သူ့အသင်းအဖွဲ့များမှ အပြန်အလှန် ကြပ်မတ်ဖော်ဆောင်ပေးရန်ဖြစ်သည်ဟု ဆိုရပါမယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁)နှင့် အခန်း(၈)တို့တွင် လူတိုင်း လွတ်လပ်စွာ ဖော်ထုတ်ပိုင်ခွင့်နှင့် အသင်းအပင်းဖွဲ့ပိုင်ခွင့်များကို ထည့်သွင်းဖော်ပြထားသည်ကို လေ့လာမိ ပါတယ်။ အခွင့်အရေးဆိုသည်မှာ စာရွက်ပေါ်တွင် ရေးသားဖော်ပြရုံဖြင့် အသက်ဝင်လာသည် မဟုတ်ပါ။ အလေးထား လိုက်နာကျင့်သုံးမှသာ အသက်ဝင်မှာပါ။ ၁၉၄၇ ခုနှစ် လွတ်လပ်ရေး မရခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ရေးဆွဲခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေ (၁၉၄၇)၊ ပုဒ်မ ၁၇ (ဂ) တွင် အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခွင့်ကို ပြဋ္ဌာန်းပေးထားသည်ကို သိရှိရပါတယ်။

အရပ်ဘက် လူ့အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခွင့် အခွင့်အရေးကို ကမ္ဘာ့ နိုင်ငံအများစု၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲပေးကြသည်ကိုလည်း လေ့လာ တွေ့ရှိခဲ့ပါတယ်။

မြန်မာအိမ်နီးချင်း ထိုင်းနိုင်ငံ ဖွဲ့စည်းပုံဥပဒေတွင် နိုင်ငံတော်သည် နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု စီမံချက်တို့အတွက် မူဝါဒများ ချမှတ်ရာတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်သော်လည်းကောင်း၊ ပြည်သူလူထု၏ ပါဝင်မှုကို အားပေးရမည် ဆိုသော သဘောကို ထည့်သွင်းဖော်ပြထားပါတယ်။ ဖိလစ်ပိုင်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်

www.burmeseclassic.com

www.burmeseclassic.com

လည်း နိုင်ငံတော်သည် တိုင်းပြည်၏ ကောင်းကျိုးစီးပွားကို တိုးတက်ဖော်ဆောင်လျက်ရှိသော ပရဟိတအသင်းများ၊ ဒေသဆိုင်ရာ လူထုအဖွဲ့အစည်းများကို အားပေးရမည်။ လွတ်လပ်သော လူထုအသင်းအဖွဲ့များ၏ အခန်းကဏ္ဍကို နိုင်ငံတော်မှ လေးစားရမည် စသည်ဖြင့် ထည့်သွင်း ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရှိရပါတယ်။

အရပ်ဘက် လူ့အဖွဲ့အစည်းကို အထောက်အပံ့ဖြစ်စေသည့် အခြေခံရပိုင်ခွင့်များမှာ

(၁) လွတ်လပ်စွာ ပြောဆိုရေးသားထုတ်ဝေခွင့်

(၂) လွတ်လပ်စွာ အသင်းအပင်းများ ဖွဲ့စည်းခွင့်

(၃) လွတ်လပ်စွာ စည်းရုံးနိုင်ခွင့်

စသည်တို့ ဖြစ်ပါတယ်။ ထို့ကြောင့် မျက်မှောက်ခေတ်ကာလ၌ အထူးအရေးပါသော အရပ်ဘက် လူ့အဖွဲ့အစည်းများ ရှင်သန်တည်တံ့ပွားများလာအောင် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့မှလည်း အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာ အကောင် အထည်ဖော်ပေးကြပါဟု တိုက်တွန်းချင်ပါတယ်။ အရပ်ဘက် လူ့အဖွဲ့အစည်းကို ဟန့်တား နှောက်ယှက် ခြိမ်းခြောက်သလို ဖြစ်နေသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို မပြဋ္ဌာန်း သင့်ပါ။ အတည်မပြုပေးသင့်ပါ။

**တိုင်းပြည်ဖွံ့ ဖြိုးတိုးတက်စေရန်အတွက် "ရှိသူနှင့် သိသူ" ပူပေါင်းညှိနှိုင်း ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါတယ်။ "ရှိသူ"ဆိုသည်မှာ နိုင်ငံတော်နှင့်ပတ် သက်သော မူဝါဒများကို ချမှတ်နိုင်သူများ၊ ချမှတ်ခွင့်ရှိသူများ လုပ်ပိုင်ခွင့်ရှိသူများ၊ ငွေကြေးဥစ္စာ ရာထူးရှိသူများ၊ ဉာဏ်ပညာရှိသူများ စသူတို့ကို ဆိုလိုပါတယ်။ "သိသူ" ဆိုသည်မှာ ပြည်သူတို့နှင့် အနီးကပ်ဆုံးနေ၍ ပြည်သူတို့၏ ဘဝအခက်အခဲနှင့် စိန်ခေါ်မှုများ ပြည်သူတို့ ကြုံနေရသော နစ်နာမှုများနှင့် လူမှုဒုက္ခ အဝဝနှင့် လိုအပ် ချက်များကို သိရှိနားလည် ဖြည့်ဆည်းပေးချင်သူများကို ဆိုလိုပါတယ်။**

ထို့ကြောင့် "သိသူနှင့် ရှိသူ" ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း မရှိသမျှ ကာလပတ် လုံး "ခလုတ်နိုပ်တိုင်းလည်း မီးမပွင့်၊ လီဗာနင်းတိုင်းလည်း ကားမပြေး"၊ "ဖောင်စီးရင်း ရေငတ်" အဖြစ်ဆိုး၊ ဘဝဆိုးနှင့်သာ သံသရာလည်နေကြမှာပါဘဲ။

နိဂုံးချုပ်ဆိုရလျှင် "သူရဲကောင်းနှင့် အနိုင်ရသူဟာ တစ်ပြေးတစ်စားတည်း မဟုတ် ဘူး"ဆိုသော စကားပုံတစ်ခုကို ကြားဖူးပါတယ်။ သူရဲကောင်းဟာ သူရဲကောင်းတို့၏ စိတ်ဓာတ်၊ သူရဲကောင်းတို့၏ ခံယူချက်၊ သူရဲကောင်းတို့၏ လုပ်ရပ်တို့နဲ့ ရပ်တည်ရင်ဆိုင် ဖြေရှင်းကြပါ တယ်။ အနိုင်ရသူဆိုတာ အာဏာကြောင့်သော်လည်းကောင်း၊ အခွင့်သာသောကြောင့်သော် လည်းကောင်း၊ ငွေကြောင့်သော်လည်းကောင်း၊ မသမာသောနည်းကြောင့်သော်လည်းကောင်း၊ စသည်တို့ကြောင့် ယာယီ အသာစီးရနေသူများသာ ဖြစ်ပါတယ်။ ဒါကြောင့် သူရဲကောင်းနဲ့ အနိုင်ရသူဟာ အနှစ်သာရရော၊ တန်ဖိုးရော အလွန်ကွာခြားပါတယ်။ ကျွန်တော်...နေနဲ့ ပြောရ ရင် ပြည်သူတို့နဲ့ အတူနေပြီး ပြည်သူ လူမှုဒုက္ခအဖြာဖြာ၊ ကိစ္စအသွယ်သွယ်...ကို စာနာနားလည်

www.burmeseclassic.com

www.burmeseclassic.com



သိရှိခံစားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနေကြတဲ့ ကိုယ်ကျိုးမဖက် အနစ်နာခံ ပေးဆပ်နေကြတဲ့ ပရဟိတသမားတွေဟာ "တကယ့် လူမှုသူ့ရဲကောင်းစစ်စစ်" တွေ ဖြစ်ကြပါတယ်။ သူတို့ဟာ ကမ္ဘာကြီးကို ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ လူ့ဂုဏ်သိက္ခာ မြှင့်တင်ရေး၊ ဝိုကြွေးညည်းညူသံ လျော့နည်းစေရေးအတွက် သူတို့ရဲ့ ချွေးတွေ၊ သွေးတွေ၊ အချိန်တွေ၊ ငွေတွေ စတာတွေနဲ့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပြီး ဖန်တီးပုံဖော်နေကြသူတွေပဲ ဖြစ်ပါတယ်။ လူမှုသူ့ရဲကောင်းတွေကို တန်ဖိုးထားလေးစားနိုင်မှသာ ကမ္ဘာ့ငြိမ်းချမ်းရေးလည်း ဖြစ်ပေါ်လာမှာပါ။ ကမ္ဘာ့ ငြိမ်းချမ်းရေး ဖြစ်ပေါ်လာမှ လူ့လောက သာယာစိုပြေပြီး အဓွန့်ရှည်ပြီး လူမှုသူ့ရဲကောင်းတွေ ပေါ်များသော၊ ငြိမ်းချမ်းသောကမ္ဘာမြေ အမြန်ဆုံး ဖြစ်ပေါ်လာပါစေဟု ဆန္ဒပြုလိုက်ရပါတော့တယ်။

(အချက်အလက် စုဆောင်းတင်ဆက်သူ အလင်းဆက်(IR))

www.burmeseclassic.com

www.burmeseclassic.com




# အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်းအပေါ် သဘောထားအမြင် ထုတ်ပြန်ခြင်း

နာရေးကူညီမှုအသင်း (ရန်ကုန်) မှ ကြီးမှူးသည့် 'အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း'အပေါ် သဘောထား ထုတ်ပြန်ခြင်း အခမ်းအနားကို နာရေးကူညီမှုအသင်း (ရန်ကုန်) သုခခန်းမဆောင်ကြီး၌ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး 'စုပေါင်းသဘောထား ကြေညာချက်' တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံအရပ်ရပ်ရှိ လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော အသင်းအဖွဲ့ ၅၀၀ ခန့်၊ ကိုယ်စားလှယ်တော် ၁၀၀၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဒုဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်က အခမ်းအနား ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့အပြင် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ အုပ်ချုပ်ရေးမှူး ဒေါ်ဇရာမောင်မောင်မှ အသင်းအဖွဲ့ ဥပဒေကြမ်းနှင့် ပတ်သက်ပြီး နေပြည်တော်တွင် တက်ရောက်ဆွေးနွေးခဲ့သည့် အကြောင်းအရာများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ကိုယ်စားလှယ်များက ၎င်းတို့နှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များ၏ သဘောထားများကို ဖတ်ကြားတင်ပြခဲ့သည်။ မွန်းလွဲ ၃ နာရီခန့်တွင် ဖတ်ကြားတင်ပြခဲ့သော သဘောထားကြေညာချက်များကို အခြေပြု၍ ထုတ်ပြန်သည့် 'ဘုံ

www.burmeseclassic.com



သဘောထား ကြေညာချက်'အား နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးကျော်သူက ဖတ်ကြားတင်ပြခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့များအား လူမှုရေးတေးသီချင်းဖြင့် ဦးရဲလွင် (မဇ္ဈိမလှိုင်း)နှင့် ကိုဆောင်းဦးလှိုင်တို့က ဂုဏ်ပြုသီဆို ဖျော်ဖြေခဲ့ကြသည်။

"ဦးပဥ္စင်းတို့အနေနဲ့ ဒီလိုပွဲများကို တက်ရောက်ပြီး မိမိတို့ရဲ့ သဘောထားဆန္ဒတွေကို ထုတ်ဖော်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီလိုပွဲမျိုးကို စီစဉ်ဆောင်ရွက်ပေးတဲ့ နာရေးကူညီမှုအသင်း (ရန်ကုန်) ကိုလည်း ကျေးဇူးတင်မိတယ်။ ဦးကျော်သူတို့ အသင်းမို့လို့ လည်း အချိန်တိုအတွင်း ဒီလို ထိထိရောက်ရောက် လုပ်နိုင်တယ်လို့ ထင်မိတယ်။ ဒီကို တက်ရောက်လာတဲ့ အနယ်နယ် အရပ်ရပ်က အသင်းအဖွဲ့တွေရဲ့ အသံနဲ့ သဘောထားတွေဟာ အားလုံးနီးပါး တူညီနေတာ တွေ့ရတယ်။ ဒါ ဘာဖြစ်လို့လဲဆိုရင် လူမှုရေးအသင်းတွေ ကြုံတွေ့ နေရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေဟာ တူညီနေကြလို့ပဲ ဖြစ်တယ်လို့ ဆိုချင်ပါတယ်"ဟု မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ဘုန်းတော်ကြီးသင် ပညာရေးကြီးကြပ်အဖွဲ့မှ ဖက်ရှည် ဆရာတော် ဦးဣန္ဒက,က မိန့်ဆိုခဲ့သည်။

ကယားပြည်နယ် ဖယ်ခုံမြို့ လောကပါလ လူမှုကူညီရေးအသင်း ဒုဥက္ကဋ္ဌ ဦးကျော်ထင် အောင်ကလည်း 'အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း'ကို လက်မခံနိုင်ကြောင်းကို ကိုယ်တွေ့ ဖြစ်ရပ်များကို အခြေခံပြီး တင်ပြပြောဆိုခဲ့သည်။

"**ဥပဒေကြမ်းကို အတည်မပြုခင်မှာတောင် ဒေသန္တရ အာဏာပိုင်တချို့က အာဏာပြနေတာ တွေ့ရှိနေတယ်။ ဥပဒေအတည်သာ ဖြစ်လာရင် အနာဂတ် လူငယ် တွေရဲ့ ပရဟိတစိတ်နဲ့ ပူးပေါင်းဆောင်ရွက်လိုစိတ်တွေ ပျက်သုဉ်းသွားစေနိုင်ပါတယ်။ ဒါကြောင့် ဒီအသင်းအဖွဲ့ဆိုင်ရာ ဥပဒေကြမ်းကို လုံးဝ ကန့်ကွက်ပါတယ်**"ဟု မှတ်ချက် ပြုခဲ့သည်။

၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် နိုင်ငံတော် သတင်းစာများ၌ 'အသင်းအဖွဲ့များ ဆိုင်ရာ ဥပဒေကြမ်း'ကို ဖော်ပြခဲ့သည်။ ယင်းဥပဒေကြမ်းနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ အနယ် နယ် အရပ်ရပ်တွင် အလုပ်ရုံဆွေးနွေးပွဲများ၊ သဘောထားအမြင် ဖလှယ်ပွဲများကို ပြုလုပ် ကျင်းပခဲ့သည်။

**နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် မူကြမ်း**

နာရေးကူညီမှုအသင်း(ရန်ကုန်) အနေဖြင့် 'အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း' အပေါ် တခြားသော ပြည်တွင်း လူမှုအဖွဲ့အစည်းများ၏ စုပေါင်းအမြင်သဘောထား ဆွေးနွေးပွဲ များတွင် တက်ရောက်တင်ပြခဲ့သည်။ ထို့ပြင် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင်လည်း 'အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း'အပေါ် သဘောထားကြေညာချက်ကိုလည်း ထုတ်ပြန် ခဲ့ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် မြန်မာပြည် အနယ်နယ် အရပ်ရပ်၊ တောင်ပေါ်မြေပြန့်ရှိ လူမှုအခြေပြု ပရဟိတ အသင်းအဖွဲ့များ၏ သဘောဆန္ဒများကို တင်ပြဆွေးနွေးနိုင်ကြစေရန် တတ်နိုင်သရွေ့ကြိုးစားဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် စက်တင်ဘာလ ၈ ရက်နေ့တွင် နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ကြီးမှူးကျင်းပသည့် 'အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း'အပေါ် သဘောထားထုတ်ပြန်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ပြီး 'စုပေါင်းအမြင် သဘောထား ကြေညာချက်'ကို ထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းသဘောထား ကြေညာချက်တွင် အချက် ၈ ချက်ပါပြီး ပြည်သူတို့ မလိုက်နာနိုင်သော ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို အမြန်ဆုံး ပယ်ဖျက်ပေးရန်၊ 'နှစ်ထပ်ကွမ်း' ဥပဒေပြဋ္ဌာန်းရန် လိုအပ်သည်ဟု မယုံကြည်ကြောင်း စသည်တို့ ပါဝင်သည်။ ထို့ပြင် ဥပဒေအသစ် မဖြစ်မနေ ပြဋ္ဌာန်းမည်ဆိုပါက မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် အပိုင်းထက် မပိုသင့်ကြောင်းနှင့် အသင်းအဖွဲ့လှုပ်ရှားမှုကို ကန့်သတ်ချုပ်ချယ်ခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်သတ်မှတ်ခြင်းများ မပြုလုပ်ရန်တို့ ပါဝင်သည်။

နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် ယင်း 'သဘောထား ကြေညာချက်' အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးများ၊ သက်ဆိုင်ရာ ဌာနများ၊ သံရုံးများ၊ တိုင်းနှင့် ပြည်နယ် လူမှုရေးအသင်းအဖွဲ့များထံသို့ တင်ပြပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အမေးရှိရင် အဖြေရှိရမယ်

မြန်မာပြည်သူလူထုတို့အတွက် အနစ်နာခံ ပေးဆပ်နေကြသည်ဟု ကမ္ဘာနှင့် မြန်မာများပါ ပြောဆိုပြီး အရပ်ဖက် အဖွဲ့အစည်းများ ဥပဒေ ပေးပေါက်လာရေးအတွက် ကြိုးစားပမ်းစား အကောင်အထည်ဖော် ဆောင်ရွက်နေကြသော အဖွဲ့အစည်း (သို့) အုပ်စုတစ်စုအတွင်းရှိ သူတို့အား ကျွန်တော် မေးမြန်းလိုသည်မှာ -

- သင်တို့သည် ဖြဟ္မစိုရ်တရားလေးပါး၏ အဓိပ္ပာယ်နှင့် အနှစ်သာရကို သိရှိပါသလား?
- သင်တို့သည် ရောဂါဝေဒနာ ခံစားနေသူတစ်ဦးအား ကိုယ်တိုင်ကိုယ်ကျ ကယ်တင်ဖူးပါသလား?
- သင်တို့သည် ကျောင်းသားလူငယ်လေး တစ်ဦးတစ်ယောက်အား အသိပညာ၊ အတတ်ပညာရပ်များအား ဆုံးခန်းတိုင် စီစဉ်ဆောင်ရွက်ပေးဖူးပါသလား?
- သင်တို့သည် ကွယ်လွန်သွားသူတစ်ဦး၏ နာရေးကိစ္စရပ်အား ကိုယ်တိုင်ကိုယ်ကျ သိမ်းပိုး သင်္ဂြိုဟ်ပေးမှု လုပ်ဆောင်ပေးဖူးပါသလား?
- သင်တို့သည် ရန်သူမျိုးငါးပါးကြောင့် ဒုက္ခပင်လယ်ကြီးထဲမှာ နစ်မွန်းနေသူအပေါင်းတို့အား ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ ထိထိမိမိ အားပေးကူညီ လှူဒါန်းမှုမျိုး လုပ်ဖူးပါသလား?

www.burmeseclassic.com

www.burmeseclassic.com


- **သင်တို့သည် မြန်မာပြည်သူလူထုအပေါင်းအား မြန်မာပြည်သူလူထုတို့ လှူဒါန်းထားသော အလှူငွေ (ငွေကြေး) တို့ဖြင့် "အများပြည်သူအတွက် အများပြည်သူကောင်းမှု" ဟူ၍ ကိုယ်ကျိုးမပါဘဲ လိပ်ပြာသန့်စွာ ပေးဆပ်မှုမျိုး လုပ်ဖူးပါသလား?**

- **သင်တို့သည် မိမိတို့ ကူညီလှူဒါန်း ဆောင်ရွက်ပေးမှုအပေါင်းတို့အပေါ် ရဲဝံ့စွာ သစ္စာဆို အမျှပေးဝေရဲပါသလား?**

- **သင်တို့သည် ဒုက္ခရောက် ပြည်သူလူထုတို့အား စွန့်လွှတ်အနစ်နာခံ ပေးဆပ်နေကြသော လူမသိ သူမသိ မထင်မရှား ဖြုတ်စိုရ်လူသားများ (သို့) လူမှုရေး အသင်းအဖွဲ့ငယ်များထံသို့ သွားရောက် ခြေချပြီး သူတို့နှင့်အတူ ထပ်တူခံစားဖူးပါသလား?**

အထက်ပါ အချက် (၈) ချက်လုံးဖြင့် ပြီးပြည့်စုံသော အဖွဲ့အစည်း (သို့) အုပ်စုတစ်စုမှ အရပ်ဖက် လူ့အဖွဲ့အစည်း ဥပဒေအား ဦးဆောင်ဆွေးနွေး တင်ပြမည်ဆိုပါက ကျွန်တော် ဘာမှ မပြောလိုတော့ပေ။

မြန်မာပြည်သူပြည်သားတို့အတွက်၊ မြန်မာ့(ပြည်တွင်း) လူမှုရေးအဖွဲ့အစည်းများ အတွက် ရင်လေးစွာဖြင့် ...

လိပ်ပြာသန့်စွာဖြင့် လူမှုရေးသစ္စာဆိုရဲတဲ့
ကျော်သူ
(၃.၁၀.၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅)


# မယ
# စိတ်ထား

www.burmeseclassic.com

www.burmeseclassic.com

သုခအလင်း
စာကြည့်တိုက်

သုခကုသိုလ်ဖြစ်ဆေးခန်း








www.burmeseclassic.com

www.burmeseclassic.com



















www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com





# ၂၀၁၀ ပေးဆပ်မှုများ

နာရေးကူညီမှုအသင်း (ရန်ကုန်)သည် အများပြည်သူတို့အား ၂၀၁၀ ခုနှစ် တစ်နှစ်တာအတွင်း (အခမဲ့) ကူညီဖေးမ ပေးဆပ်လုပ်ဆောင်မှုများအား ဖော်ပြအပ်ပါသည်။

- နာရေးကူညီမှုစုစုပေါင်း ၁၄၃၈၄ ဦး
- ဆေးကုသ/ကူညီမှု စုစုပေါင်း ၃၄၇၂၂ ဦး
- သွေးကူညီမှု စုစုပေါင်း ၁၃၆ ပုလင်း

၂၀၁၀ ခုနှစ်၊ ဧပြီလမှစ၍ အပူချိန်ဒီဂရီများ စံချိန်တင်မြင့်တက်လာမှုကြောင့် ပြည်နယ်နှင့် တိုင်းများတို့ရှိ ရေတွင်း/ကန်များ ခန်းခြောက်ကာ မြန်မာပြည်သူ/သားများ သောက်သုံးရေ ပြတ်လပ်ရှားပါးမှုဒဏ်ကို ပြည်နယ်နှင့်တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ဒေသများရှိ ရေဒုက္ခသည်များအတွက် နာရေးကူညီမှုအသင်း (ရန်ကုန်)မှလည်း မိမိတို့ တတ်စွမ်းသရွေ့ အသင်းသူ/သားများ၊ ဒေသခံ လူမှုရေးသမားများနှင့် ပူးပေါင်းကာ ရေတိုလုပ်ငန်းအဖြစ် အရေးပေါ်လိုအပ်နေသော သောက်သုံးရေတို့ကို ပေးဝေလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြသလို ရေရှည်လုပ်ငန်းအဖြစ်လည်း အဝီစိတွင်းများ တူးဖော်ခြင်းနှင့် ရေလှောင်အုတ်ကန်/ရေစင်များ တည်ဆောက်လုပ်ခြင်းများကိုလည်း "အများပြည်သူအတွက် အများပြည်သူဆောင်းမှု နာရေးကူညီမှုအသင်း(ရန်ကုန်)"ဟု ကမ္ပည်းရေးထိုးပြီး မြန်မာလူမျိုးအချင်းချင်း ရိုင်းပင်းကူညီ ပံ့ပိုးဖေးမ လှူဒါန်းဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




**အရေးပေါ်သောက်သုံးရေ ပေးဝေလှူဒါန်းမှု (ရေတိုစီမံကိန်း)**

- ကျေးရွာပေါင်း ၂၆ ရွာ
- ရေဂါလံပေါင်း ၆၈၀၀၀ ဂါလံ

**အဝီစိတွင်း/အုတ်ရေလှောင်ကန် တူးဖော်တည်ဆောက်လှူဒါန်းမှု (ရေရှည်စီမံကိန်း)**

- အဝီစိရေတွင်းနှင့် အုတ်ရေလှောင်ကန်စုစုပေါင်း ၃၀ တွင်း

အဝီစိတွင်းများနှင့် အုတ်ရေလှောင်ကန်များ တူးဖော်တည်ဆောက်ခဲ့သည့် ကျေးရွာများမှာ - ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ခနာကျေးရွာ၊ လက်ပံကုန်းကျေးရွာ၊ ကျောင်းတိုက်ကျေးရွာ၊ ပြည်တော်သာကျေးရွာ၊ စက်ကုန်းကျေးရွာ၊ ညောင်ပင်ကန်ကျေးရွာ၊ ခနီးကျေးရွာ၊ သပြေကန်ကျေးရွာ၊ ဇွဲကိုက်ကျေးရွာ၊ သပြုကျေးရွာ၊ သခွတ်ကန်ကျေးရွာ။




ပဲခူးတိုင်း၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ကျူတောကျေးရွာ၊ ဇီးကုန်းလေးရွာ၊ သက်ကယ်ချင်းကုန်း၊ ပန်းတောင်းနယ်၊ မကျည်းစုကျေးရွာ၊ ရွှေမုဋ္ဌောဘုန်းတော်ကြီးကျောင်း၊ နဝဒေးနယ်မြေ၊ ရွှေပေါက်ပင်ဘုန်းကြီးကျောင်း၊ ဆင်ဂေါင်းကျေးရွာ၊ ပုတီးကုန်းမြို့နယ်၊ ချောင်းကမ်းလေး၊ ပေါက်ခေါင်းမြို့နယ်၊ သီးကုန်းကျေးရွာ၊ ကျောက်ပြင်သာကျေးရွာ၊ ဖလံပင်ကျေးရွာ၊ ဆီဆုံကျေးရွာ။

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ ခနိုတောကျေးရွာ၊ ထော်အောက်ကျေးရွာ၊ ဗညားဒလရပ်ကွက်၊ မစိုးရိမ်ဘုန်းကြီးကျောင်း၊ စံပြကျေးရွာ၊ မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ပင်ဝွေးချို။

ရှမ်းပြည်နယ်၊ အင်းလေးဒေသ၊ ရေသာဘုရားကျိန်းကျောင်း စသည့် ကျေးရွာတို့တွင် နာရေးကူညီမှုအသင်း (ရန်ကုန်)မှ အဝီစိရေတွင်း/အုတ်ရေလှောင်ကန်များ သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

**၂၀၁၀ ခုနှစ် တစ်နှစ်တာအတွင်း တိုးချဲ့မှုများ**

- သုခအလင်းစာကြည့်တိုက် (ဖေဖော်ဝါရီလ၊ ၁၃ ရက်) ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့။

(စတင်ဖွင့်လှစ်စဉ် အချိန်ကာလ၌ စာအုပ်ပေါင်း ၁၀၀၀၊ ယခု အချိန်ကာလတွင် စာအုပ်ပေါင်း ၃၀၀၀ ကျော်)

www.burmeseclassic.com

 www.burmeseclassic.com 

သုခအလင်း စာကြည့်တိုက်တွင်ရှိသော စာအုပ်၊ စာစောင်အချို့အား ပညာဒါနအဖြစ် (ပြည်မြို့ ရတနာမဥ္ဇူ ပရဟိတဂေဟာ၊ စစ်ကိုင်းတိုင်း၊ သခွတ်ပင်လယ်ကျေးရွာရှိ ပညာရတနာ စာကြည့်တိုက်၊ ပဲခူးမြို့ မော်ကန်လမ်းရှိ COSMO POLITAN စာကြည့်တိုက်၊ နတ်မောက်မြို့ရှိ ကျေးရွာစာကြည့်တိုက်၊ ချင်းပြည်နယ်၊ ချင်းတောင်တန်း စာကြည့်တိုက်များသို့ တစ်ဆင့် လှူဒါန်းပေးခဲ့ပါသည်။

- ဓာတ်မှန်ခန်းအဆောက်အအုံ (ဇွန်လ၊ ၁၉ ရက်) ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ (တစ်ပတ်လျှင် ၃ ရက် - အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ဖွင့်လှစ်ရိုက်ကူးပေးလျက်ရှိသည်။)

- လူနာ နားနေဆောင် (ဇူလိုင်လ၊ ၁၇ ရက်)

သုခကုသိုလ်ဖြစ်ဆေးခန်းသို့ ဆေးဝါးလာရောက်ကုသကြသော လူနာများ သက်သောင့်သက်သာ နားနေရန်အတွက် ဖွင့်လှစ်ခဲ့သည်။

- သုခကုသိုလ်ဖြစ်ဆေးခန်းမှ ဆေးရုံသုံး လူနာကုတင်များ၊ လက်တွန်းလှည်းထိုင်ခုံများ၊ ချိုင်းထောက်များ၊ အောက်ဆီဂျင်အိုးများ၊ သွေးများကို လိုအပ်သော လူနာများအား လှူဒါန်းခြင်း၊ ငှားရမ်းခြင်းတို့ကို နေ့စဉ် အခမဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။

- သုခအာဟာရစားသောက်ဆိုင် (ဩဂုတ်လ၊ ၂၉ ရက်) နေ့တွင် လုပ်အားပေး အသင်းသူ/သားများ၊ လူနာများ၊ အလှူရှင်ဧည့်သည်များ စျေးနှုန်းသက်သာစွာဖြင့် သန့်ရှင်းစွာ သုံးဆောင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့သည်။

- မော်တော်ယာဉ် စက်ပြင်အဆောက်အအုံ (စက်တင်ဘာလ၊ ၂၅ ရက်)နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

- နာရေးကူညီမှုအသင်း (ရန်ကုန်) ဝတ်ရွတ်အဖွဲ့ (ဩဂုတ်လ၊ ၁၈ ရက်) နေ့မှ စတင်၍ ပို့ဆောင်ရာ၌ သံဝေဂလင်္ကာများ ရွတ်ဆိုသော ဝတ်ရွတ်အဖွဲ့ကိုပါ တိုးချဲ့ဖွဲ့စည်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။

- နာရေးဈာပန အဆောက်အအုံ (ဩဂုတ်လ၊ ၁၆ ရက်) နေ့မှစတင်၍ အုတ်မြစ်ချ ဆောက်လုပ်ခဲ့ရာ ယင်းအဆောက်အအုံတွင် ဈာပနပို့ဆောင်ရေးရုံးခန်း၊ နာရေးကူညီမှုအသင်း ရုံးခန်း၊ စာကြည့်တိုက်နှင့်တကွ လူမှုရေးသင်တန်းများ၊ ပညာရေးသင်တန်းများကို ထပ်မံတိုးချဲ့သင်ကြားနိုင်ရေးအတွက် ရည်ရွယ်၍ ဆောက်လုပ်ဆဲဖြစ်သည်။

- မျက်စိခွဲစိပ်ခန်း သုခကုသိုလ်ဖြစ်ဆေးခန်းတွင် လာရောက်ကုသနေကြသော မျက်စိဝေဒနာရှင်များအား ခွဲစိပ်ကုသမှု လိုအပ်ပါက သုခကုသိုလ်ဖြစ်ဆေးခန်းတွင် ခွဲစိပ်ကုသပေးနိုင်ရန်အတွက် တိုးချဲ့ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ခွဲစိပ်ကိရိယာများအား ဂျပန်နိုင်ငံမှ မှာယူတင်သွင်းရာ၌ (၂)လခန့် ကြာမြင့်မည်ဖြစ်ပါ၍ ဧပြီလအတွင်းတွင် မျက်စိဝေဒနာရှင်များအား ခွဲစိပ်ကုသပေးမှုများ ပြုလုပ်နိုင်တော့မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**ဖွင့်လှစ်ခဲ့သည့် သင်တန်းများ**

- ပညာရေး

မျိုးဆက်သစ်လူငယ်များ ကလေးများအတွက်လည်း အင်္ဂလိပ်စာ အခြေခံသင်တန်း၊ အဆင့်မြင့် အင်္ဂလိပ်စာသင်တန်းများကိုလည်း ပညာရည်မြင့်တင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားခဲ့သည်။

- ပန်းချီသင်တန်း

လူကြီး/လူငယ် ပန်းချီပညာရပ်ကို ဝါသနာပါသူတို့အတွက် ပန်းချီဆရာကြီး ဦးဝင်းကြည် ဦးစီး၍ ပန်းချီပညာရှင်များ လာရောက်သင်ကြားမှုများ ပြုလုပ်ပေးလျက်ရှိသည်။

- လူမှုရေးသင်တန်း

အသင်းဝင်လျှောက်ထားသော အသင်းသား/သူသစ်များအား အပတ်စဉ် နာရေး၊ ဆေးကုညီမှု၊ လူမှုဆက်ဆံရေးတို့အပြင် ဓာတ်ပုံရိုက်သင်တန်းများပါ စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးနှင့်ပတ်သက်သော သင်တန်းများနှင့် သဘာဝသီးနှံတို့ဖြင့် ဖော်စပ်သော ခေါင်းလျှော်ရည်၊ ဆပ်ပြာရည်တို့ ထုတ်လုပ်ပုံ ထုတ်လုပ်နည်းများကိုလည်း အခါအားလျော်စွာ သင်ကြားပို့ချလျက်ရှိသည်။

- နာရေးပို့ဆောင်မှုအလှူ

မင်းလှမြို့ နာရေးကူညီမှုအသင်း အပါအဝင် မြန်မာနိုင်ငံအရပ်ရပ်မှ နာရေးကူညီမှုအသင်းများမှ အသုံးပြုရန် လိုအပ်နေသော အလူမီနီယမ်အခေါင်းများ၊ စတီးဗန်းများအပြင် နာရေး လက်တွန်းလှည်းယာဉ်တို့ကိုပါ အခါအားလျော်စွာ လှူဒါန်းဒါနပြုခဲ့သည်။

အချုပ်ဆိုရသော် နာရေးကူညီမှုအသင်း (ရန်ကုန်) သုခကုသိုလ်ဖြစ်ဆေးခန်း စသည့် လူမှုရေးလုပ်ငန်းစဉ် အဝဝတို့ကို ယခုကဲ့သို့ တိုးချဲ့ဖွင့်လှစ် ကုသဖေးမမှုများ ပြုလုပ်နိုင်ခြင်းသည် ပြည်တွင်း/ပမှ သဒ္ဒါတရား နည်းများမဆို လှူဒါန်းကြသော အလှူရှင်များ၏ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တို့ကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် အများပြည်သူတို့၏ လှူဒါန်းမှုတို့ဖြင့် အများပြည်သူတို့အား ကူညီဖေးမ ကယ်တင်မှုများကို ပေးဆပ်နိုင်ခြင်းပင် ဖြစ်တော့သည်။

ကျော်သူ





www.burmeseclassic.com

www.burmeseclassic.com



၁၉.၇.၂၀၁၁ (အင်္ဂါ)နေ့တွင် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ကွယ်လွန်ခြင်း (၄၇)နှစ်မြောက် အထိမ်းအမှတ်အား ရည်စူး၍ မြေးဖြစ်သူ ဒေါ်မြမြအေး (မိသားစု)တို့မှ အလှူငွေ (၁၀၀၀၀၀ိ/-) တစ်သိန်းကျပ်တိတိကို လာရောက်၍ လှူဒါန်းခဲ့သည်။

ရွှေတိဂုံဘုရားလမ်းပေါ်ရှိ ကန်တော်မင်ပန်းခြံ မြေကွက်လပ်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီး ဆရာကြီး၏ ဂုဏ်သိက္ခာနှင့်လိုက်လျောအောင် ဂုဏ်အင်္ဂါရပ် (၄)ရပ်ကို ထွင်းထုထားသော တံဆိပ်ကြီးခပ်နှိပ်ထားသည့် ဂူဗိမာန်ကိုလည်း မြင်တွေ့နိုင်သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် -




(၁) စာပေယဉ်ကျေးမှု တော်လှန်ရေးကြီး ဆင်နွှဲခဲ့လို့ တံဆိပ်မှာ စာအုပ်ကတစ်ကန့်၊
(၂) အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဆင်နွှဲခဲ့လို့ ဒေါင်းကတစ်ကန့်၊
(၃) ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဆောင်ရွက်ခဲ့လို့ ချိုးငှက်ကတစ်ကန့်၊
(၄) အဖိအနှိပ်ခံ ပြည်သူတွေဘက်က ထာဝစဉ် ရပ်တည်ခဲ့ပြီး အထူးသဖြင့် အလုပ်သမားတွေနဲ့ တောင်သူလယ်သမားတွေရဲ့ ဆင်းရဲတွင်းနက်မှုက လွတ်မြောက်စေလိုတဲ့ အထိမ်းအမှတ်အဖြစ် တူ၊ တံစဉ်က တစ်ကန့်

တံဆိပ်ခပ်နှိပ်ထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ကိုယ်တစ်ပိုင်း ကြေးသွန်းရုပ်ပုံအား ပန်းပုဆရာကြီး ဦးဟန်တင်၏ လက်ရာကို မြင်တွေ့ရမှာဖြစ်ပြီး ဗိမာန် အနောက်ဘက် နံရံတွင် "တပြည်သား နယ်ချဲ့အစွန်းရန်ကို တကယ် တကယ့် တွန်းလှန်ဖို့ အရေးကလည်း မဝေးတော့ပြီမို့ အရေးကြီးလျှင်ဖြင့် သွေးစည်းပြီး သွေးနီးရာ ဆိုသည့်အတိုင်း ကိုင်း ထထကြွကြွနှင့် ဝိုင်းကြပေရော့" (၁၃၁၄ - ခု) (၁၉၅၂) ဆိုသည့် ဆရာကြီး၏ လေးချိုးကြီး တစ်ပုဒ်ကို ကောက်နုတ်ချက် ရေးထားပါသည်။ တောင်ဘက်နံရံဘက်တွင် "ကောင်းမျိုးအထွေ ထွေရယ်နှင့် ချွန်စေမြစေစော။ ဒေါင်းအိုးဝေရယ်လို့ တွန်စေ ကစေသော" (၁၂၈၁ - ခု) (၁၉၂၀) လို့ ရေးသားထားပါတယ်။ မြောက်ဘက်နံရံတွင်လည်း "ဆရာမသေခင် တိုင်းပြည်မှာ တကယ့် ငြိမ်းချမ်းရေးအစစ်ကို တွေ့သွားချင်တယ်" (၁၃၁၈ - ၁၃၂၆) (၁၉၅၇-၁၉၆၄) ဟု ဆရာကြီး ရေးခဲ့ ပြောခဲ့သည့် စကားလုံးများကို ထွင်းထားပါသည်။

၁၂၇၇ ခုနှစ်၊ တပေါင်းလတွင် အဖ ဦးစံဒွန်း၊ အမိ ဒေါ်အုန်းတို့မှ ပြည်ခရိုင်၊ ရွှေတောင် မြို့အပိုင် ဝါးလည်ရွာတွင် မွေးဖွားသန့်စင်ခဲ့သည်။ ငယ်အမည်မှာ မောင်လွှန်းဖြစ်ပြီး (၉)နှစ် သားအရွယ်တွင် မန္တလေးရှိ ဦးလေးဘုန်းကြီးများနှင့် လိုက်ပါပြီး မြတောင်တိုက်တွင် စာပေ ပညာ သင်ယူခဲ့သည်။ ကလေးအရွယ်ဘဝ၌ အရှင် (၂) ပါး ပါတော်မူသည်ကို မျက်မြင်တွေ့ခဲ့ ရသူတစ်ဦးလည်းဖြစ်သည်။ သီပေါမင်း ပါတော်မူစဉ် (၁၁) နှစ်သားအရွယ်သို့ ရောက်ရှိနေ သည်။ ရန်ကုန်သို့ အလုပ်လုပ်ရန် သွားရောက်ခဲ့ပြီး ဇဗ္ဗူကျွက်သရေ ပုံနှိပ်တိုက်တွင် စာစီ အလုပ်သမားဘဝမှ အယ်ဒီတာဖြစ်လာခဲ့သည်။ ထိုအချိန်တွင် ပြဇာတ် (၈၀)ခန့်ကို ရေးသား ပြီး ကြည့်မြင်တိုင်သူ ဒေါ်ရှင်နှင့် လက်ထပ်ခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းသတင်းစာတွင် မြန်မာအယ်ဒီတာအဖြစ်လည်းကောင်း၊ မော်လမြိုင်မြို့ရှိ မြန်မာတိုင်းသတင်းစာတွင် အယ်ဒီ တာအဖြစ် လုပ်ကိုင်ခဲ့သည်။ မောင်သမာဓိ အမည်ဖြင့်လည်း ဆောင်းပါးများ ရေးသားခဲ့သည်။ ဇင်းကျိုက်တောင်တွင်လည်း အချိန်အတော်ကြာ အဂ္ဂိရတ် ထိုးခဲ့ပြီးနောက် ရန်ကုန်သို့ ပြန်သွား ပြီး သူရိယသတင်းစာတွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့ပြန်သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ နောက်ဆုံးစကားဖြစ်သည့် "အင်း ... ဆရာတော့ မသေခင် ဆရာတို့တိုင်းပြည်ကြီးမှာ တကယ့်လွတ်လပ်ရေးနဲ့ ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ် ညွတ် ဖြစ်တာကိုပဲ မြင်သွားချင်တာပဲ" လို့ တစ်လုံးစီ ပီပီသသ ဖြည်းဖြည်းနဲ့မှန်မှန် ပြောကြား ခဲ့ပြီး (၂၂)ရက်အကြာ ၂၂.၇.၁၉၆၄ ရက်နေ့တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန် အနိစ္စရောက်ခဲ့သည်။

ဆရာကြီး အဘ သခင်ကိုယ်တော်မှိုင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီဟူ၍ ပေါ် ပေါက်ခင် တစ်နှစ်ကတည်းက ငြိမ်းချမ်းရေးလုပ်ငန်းအား သူ့အမြင်၊ သူ့မေတ္တာ၊ သူ့စေတနာနှင့် သူ့ဘာသာ ဦးဆောင်မှုယူပြီး ဆောင်ရွက်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ စတာလင် ငြိမ်းချမ်းရေး ဆုကြီးအားလည်း ပထမဦးဆုံး ချီးမြှင့်ခံခဲ့သော ငြိမ်းချမ်းရေးဖခင်ကြီးလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ရှင်ဘုရင်ခေတ်၊ နယ်ချဲ့အရင်းရှင်ခေတ်နှင့် ဆိုရှယ်လစ်လူ့ဘောင်သစ် တည်ဆောက်မည့် ခေတ်ကြီးသုံးခေတ်အတွင်းတွင် မဖောက်မပြန် တော်လှန်သည့်ပြည်သူများနှင့် လက်တွဲမဖြုတ် လုပ်ဆောင်သွားရှာသည့် ပြည်သူ့ဖခင် ဆရာကြီးကို ကြည်ကြည်ညိုညို လေးလေးမြတ်မြတ် ကန်တော့ရင်း ဆရာကြီး တစ်သက်လုံး ကြိုးပမ်းသွားရှာတဲ့ ...

(၁) အမျိုးသားလွတ်လပ်ရေး၊

(၂) လွတ်လပ်တဲ့ အမျိုးသားတွေ ဆင်းရဲတွင်းက ထွက်နိုင်ရေး၊

(၃) တစ်မျိုးသားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် လုပ်ဆောင်နိုင်ရေး

တို့ကို ဆက်လက်ကြိုးပမ်း လုပ်ဆောင်သွားဖို့ အဓိဋ္ဌာန်ပြုကြရမှာ ဖြစ်ပါတော့သည်။

ထို့အပြင် အဘ သခင်ကိုယ်တော်မှိုင်း၏ မြေးဖြစ်သူ ဒေါ်မြမြအေး၏ မွန်မြတ်သော ဆန္ဒဖြစ်သည့် အဘ သခင်ကိုယ်တော်မှိုင်းပြတိုက် ဖြစ်မြောက်ရေးကိုလည်း သမိုင်းပညာရှင်များ၊ အဖိုးတန် သမိုင်းအတ္ထုပ္ပတ္တိကို ဖော်ထုတ်လိုသော အလှူရှင်များ ပြည်သူပြည်သားများနှင့် မျိုးဆက်သစ် လူငယ်/ရွယ်များက တာဝန်သိစွာ၊ တာဝန်ရှိစွာဖြင့် ဝိုင်းဝန်း အကောင်အထည်ဖော်အပ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

(အမေ လူထုဒေါ်အမာ၏ "ဆရာကြီး သခင်ကိုယ်တော်မှိုင်း" စာအုပ်မှ ထုတ်နှုတ်တင်ပြပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



၇.၈.၂၀၁၁ (တနင်္ဂနွေ)နေ့လည် ၁၂း၀၀ နာရီအချိန်၌ နာရေးကူညီမှုအသင်း (ရန်ကုန်) တွင် လစဉ် ကျင်းပလျက်ရှိသော စာပေဟောပြောပွဲတွင် ဆရာမောင်စိန်ဝင်း (ပုတီးကုန်း) သည် “ယနေ့ ဟောပြောရသည့်ပွဲမျိုးသည် နာရေးကူညီမှုအသင်းရှိ လူငယ်များသည် ကျွန်တော်တို့ မလုပ်ကိုင်နိုင်သည့် ကိစ္စများ၊ ကျွန်တော်တို့ မဆောင်ရွက်နိုင်သည့် အရာတွေအား ဆောင်ရွက်လုပ်ကိုင်နေကြတယ်လို့ ခံယူမိပါကြောင်း၊ ယခုလို လူငယ်များနှင့်ပတ်သက်ပြီး စကားပြောခွင့်ရသည့်အချိန်တွင် ကျွန်တော်တို့တွေ မလုပ်နိုင်ပေမယ့် သူတို့လုပ်ကိုင်နေကြတဲ့ လုပ်ငန်းအပေါ်မှာ တစ်စိတ်တစ်ဒေသ ပါဝင်ခွင့်ရသည့်အတွက် စိတ်ထဲတွင် ကျေနပ်ကြည်နူးမှုဖြစ်မိပါကြောင်း၊ ပရဟိတကိစ္စ၊ သူများကိစ္စလုပ်ဖို့ အဓိကထား ရည်ရွယ်ချက်ဖြင့် ပြောကြားဖြစ်ကြောင်း မိမိ ယခင်က လုံးချင်းဝတ္ထုများ ရေးသားသည့်အချိန်၌ မိမိ လုံးချင်းဝတ္ထုအသစ်တစ်အုပ် ရေးသားသည့်အချိန်တွင် စာပေစင်မြင့်ပေါ်မှ ၎င်းဝတ္ထုအကြောင်းအရာများ ယနေ့ချိန်ထိ ကြော်ငြာခြင်း မရှိခဲ့ချေ။ ၎င်းကိစ္စသည် မိမိ၏ အလုပ်မဟုတ်သည်ဟု မိမိယုံကြည်မိပါကြောင်း၊ လူငယ်အများစုသည် ကိုယ့်အတွက်မဟုတ်ဘဲ သူတစ်ပါးအတွက် ပေးချင်တဲ့စိတ်ဖြစ်ပေါ်မိခဲ့ရင် မနည်းဘူးဆိုတဲ့ စိတ်ဖြင့်သာ မိမိတို့ အပြင်၌ ဟောပြောဖြစ်ခဲ့ပါကြောင်း နာရေးကူညီမှုအသင်းရှိ လူငယ်များသည် မိမိအတွက်ဆိုတာထက် အများအကျိုး လုပ်ကိုင်နေကြသော လူငယ်များဖြစ်သည့်အတွက် “ပန်းတိုင်ရှိရာ” ခေါင်းစဉ်အား ဟောပြောခဲ့ပါသည်။

သူရဲကောင်းတို့သည် ဘယ်သောအခါမှ ဘုန်းဘုန်းလဲကျသွားရိုး မရှိပါဘူး။ မသကာ ယိုင်ရုံပါပဲ။ ခေါင်းဆောင်များ၏ လုပ်ဆောင်မှုတို့သည် မိမိတို့၏ အတွေးအမြင်ကသာ ပျောက်ကွယ်သွားလိမ့်မည်။ ဒါပေမယ့် ကျွန်တော်တို့၏ ရင်ထဲကနေတော့ ဘယ်တော့မှ ပျောက်ကွယ်မှာ




www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါဘူး။ မည်သည့်သူရဲကောင်းမဆို မိမိတို့၏ မြင်ကွင်းက ပျောက်ကွယ်တိုင်း လူတွေရဲ့ နှလုံးသားမှာ မပျောက်ကွယ်နိုင်ပါဘူး။

အဆုံးသတ်၌ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း) သည် ပန်းတိုင်ဆိုသည့် နေရာရောက်ဖို့ အတွက် အခြေအနေ အချိန်အခါ သုံးသပ်ပြီး မျိုးဆက်ဟောင်းများက စတေးခံပြီး မျိုးဆက်သစ် များအတွက် ပေးဆပ်ရင်းနှင့် မျိုးဆက်ဟောင်းများသည် သူရဲကောင်းများ ဖြစ်သွားကြတော့ သည်ဟူသော အသည်းကွဲတောင်ကြားတွင် နေထိုင်ကျက်စားကြသော တောင်ဆိတ်မျိုးနွယ်စု များ၏ ပုံပြင်တစ်ပုဒ်ကို မျက်ဝါးထင်ထင် မြင်တွေ့လာရအောင် ပြောဆိုဟောကြားသွားခဲ့သည်။ ထို့နောက် ပန်းတိုင်ရှိရာနေရာသို့ မရောက်ရောက်အောင် ဇောမာန်တင်း၍ ပျံသန်းရင်း ပျံရင်းနှင့် အသေခံသွားရှာကြသော "ငှက်တို့၏တေး"ဟူသော စိတ်ဓာတ်မြှင့်တင်ရေး ကဗျာတစ်ပုဒ်ကို ရွတ်ဆိုရှင်းပြကာ ဟောပြောပွဲအား နိဂုံးချုပ်ခဲ့သည်။

**ငှက်တို့၏တေး**

မလိုက်ရဲရင်တော့
အသိုက်ထဲမှာပဲ ကျန်ခဲ့လေ ...။
တစ်နေ့နီးမှာပေါ့
ရှေ့ခရီးမျှော် မာန်တင်းပါကွယ့်
ငှက်ဆိုတာက ပျံရင်းသေ ...။
ခြသေ့်က မြက်မစား
ကျားက ကြွက်မချောင်း
ဖွတ်တွေက မိချောင်းလိုမနေ
အိုးဝေ အိုးဝေ တွန်သံနှောလေတဲ့
စိမ်းမြညို့ ဟောဟိုတောဆီသို့
အမောခံဇောမာန်တင်း
ပျံရင်းသေ ခရီးဆက်မယ်တဲ့
အဲဒါ ... ငှက်တို့ရဲ့သမိုင်း။

မောင်စိန်ဝင်း (ပုတီးကုန်း)

ထိုထိုသော "ငှက်တို့၏တေး" ဟူသောအမည်ရှိ နူးညံ့လှသော စကားလုံးများနှင့် ဖွဲ့စည်းထားသောကဗျာသည် မျိုးဆက်သစ်လူငယ်များအတွက်တင်မက မျိုးဆက်ဟောင်း လူကြီးများအတွက်ပါ စိတ်ဓာတ်ခွန်အား မာန်အင်အားများစွာ ပေးစွမ်းမှုကို မွေးဖွားစေခဲ့သည်။

၁၇.၈. ၂၀၁၁

www.burmeseclassic.com

www.burmeseclassic.com



"မွေးဖွားခြင်းနှင့် သေဆုံးခြင်း" စကားအရ "ဖြစ်လျှင် ပျက်မည်" ဖြစ်သော်ငြား လည်း ဖြစ်ချင်း ပျက်ခြင်းတို့သည် ရုပ်ဝတ္ထုတို့နှင့်သာ သက်ဆိုင်သည်။ စိတ်သတ္တိနှင့် မသက်ဆိုင်ချေ။ ခိုင်မာသော စိတ်ဓာတ်နှင့် ရဲရင့်သော ခံယူချက်တို့ကို မည်သည့်အရာကမှ မဖျက်ဆီးနိုင်ချေ။ ဖြစ်ခြင်းနှင့် ပျက်ခြင်းကြားကာလ ... ။

မွေးဖွားခြင်းနှင့် သေဆုံးခြင်း ကြားကာလ၌ အများအတွက် အကျိုးပြုမည့်၊ အကျိုးရှိမည့် အရာများကို ဖန်တီးတည်ဆောက်ပေးရမည့် တာဝန်မှာ ကျွန်တော်တို့ လူမှုရေးသမားများ၏ တာဝန်ဖြစ်သည်။




ကျွန်တော်တို့သည် ဘဘဦးသုခ ရည်မှန်းမျှော်လင့် မျိုးဆက်ချပေးခဲ့သော နာရေးကူညီမှုအသင်း (ရန်ကုန်)ကို ဖွဲ့စည်းတည်ထောင်၍ ပြည်သူလူထုတို့ကို ပံ့ပိုးကူညီခဲ့ရာမှ "သုခကုသိုလ်ဖြစ်ဆေးခန်း" ဟူသော အခမဲ့ ဆေးဝါးကုသပေးသော ကုသိုလ်ကို ရယူခဲ့ပြီးဖြစ်ပါသည်။ ယခုတစ်ဖန် "သုခအလင်း" စာကြည့်တိုက်ဟူ၍ မျိုးဆက်သစ်လူငယ်များအတွက် ရည်သန်လျက် မွေးဖွားခဲ့ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"သုခအလင်း" အဓွန့်ရှည်ရေး၊ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကျွန်တော်တို့၏ စိတ်ဓာတ်၊ ခံယူချက်တို့ ခိုင်မာရဲရင့်ဖို့ လိုအပ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ခိုင်မာသော ဆုံးဖြတ်ချက်၊ ရဲရင့်သော ခံယူချက်များဖြစ်သော ...

**"ငါ့အားဖုံးလွှမ်းထားသော လကွယ်သန်းခေါင်ယံ ...၊ ယင်းမှောင်မိုက်အတွင်းမှနေ၍ အရှုံးမပေးသော ငါ့စိတ်ဓာတ်ကို ဖန်ဆင်းပေးသူ နတ်၊ သိကြားကို ငါသည် ကျေးဇူးစကားဆိုပါ၏။ လောကဓံတရား၏ လက်ခုပ်အတွင်းသို့ ဘယ်လိုပင် ကျရောက်စေကာမူ ငါကား မတုန်မလှုပ်၊ မငိုကြွေး။ လောကဓံတရား၏ ရိုက်ပုတ်ခြင်းဒဏ်ချက်ကြောင့် ငါ၏ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီနေ၏။ သို့သော် ညွတ်ကား မညွတ်။ လောဘ ဒေါသတို့ ကြီးစိုးရာဌာန၏ အခြားမဲ့၌ကား သေခြင်းတရားသည် ကြောက်မက်ဖွယ်ရာ ငံ့လင့်နေ၏။ သို့ပင်မူ ငါ့အား မတုန်လှုပ်သည်ကိုသာ တွေ့ရပေအံ့။ နောင်ကိုလည်း ဘယ်တော့မှ မကြောက်သည်ကို တွေ့ရပေအံ့။"**

ဟူသော စကားလုံးများသည် ကျွန်တော်တို့အတွက် ခိုင်မာရဲရင့်သော အားဆေးများပင် ဖြစ်တော့သည်။

ဗိုလ်ချုပ်ရဲ့ အားဆေးများနှင့် ဘဘဦးသုခရဲ့ အမွေ (လူမှုရေး၊ ဘာသာရေး)ကို ထပ်မံတိုးပွားမှုပြုခဲ့သော ဤ"သုခအလင်း" စာကြည့်တိုက်ကို ဗိုလ်ချုပ်ရဲ့မွေးနေ့ဖြစ်သော ၁၃.၂.၂၀၁၀ ရက်နေ့တွင် မျိုးဆက်သစ်လူငယ်များအတွက် ရည်သန်လျက် နာရေးကူညီမှု အသင်း (ရန်ကုန်) တည်ရှိရာ နေရာဌာန၌ မွေးဖွားခဲ့ပြီ ဖြစ်ပါသည်။

ကျွန်တော်တို့သည် မျိုးဆက်သစ်လူငယ်များအတွက် ရည်သန်၍ ဘဘဦးသုခ မျိုးစေ့ချပေးသော လူမှုရေးစိတ်ဓာတ်နှင့် ဖြစ်ပေါ်လာမည့်၊ ဖြစ်ပေါ်လတ္တံ့၊ ဖြစ်ပေါ်နေဆဲ အတိုက်အခိုက်၊ အနှောက်အယှက်၊ အဖျက်အဆီး၊ အတားအဆီးမှန်သမျှကို ကျွန်တော်တို့၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ရဲရဲတောက် စကားလုံးများကို လက်ခံကျင့်သုံးကာ ကျွန်တော်တို့၏ ဘဝပန်းတိုင်၊ ပြည်သူတို့၏ ငြိမ်းချမ်းရေးပန်းတိုင်သို့ရောက်အောင် ဤ"သုခအလင်း"နေရာဌာနမှ မလျော့သော ဇွဲနှင့် လက်တွဲမဖြုတ် ချီတက်ကြပါမည်ဟု သန္နိဋ္ဌာန်ချလိုက်ပါသည်။

ဘဘဦးသုခနှင့် ဖခင် ဗိုလ်ချုပ်အောင်ဆန်းတို့ ရောက်ရာ မြင့်မြတ်သောဘုံဌာန အသီးသီးမှ သာဓု ... သာဓု ... သာဓု ... ခေါ်ဆိုပါရစေတော့ ... ။

ကျော်သူ

www.burmeseclassic.com

www.burmeseclassic.com


# (၁)နှစ်သား "သုခအလင်း" စာကြည့်တိုက်

ယနေ့ ၁၃.၂.၂၀၁၁ ရက်နေ့ (ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့) သည် "သုခအလင်း" စာကြည့်တိုက်၏ (၁)နှစ်ပြည့်သော နေ့ရက်ဖြစ်သည်နှင့်အညီ ကြက်သားဆန်ပြုတ်နှင့် အီကြာကွေးတို့အား ဝင့်ကြွေးတော်ပြေကျောင်းတိုက်သို့ သွားရောက်၍ အာရုံဆွမ်း ဆက်ကပ်လှူဒါန်းပြီး နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လာရောက် ငွေလှူဒါန်းကြသော အလှူရှင်များ၊ အသင်းသူ/သားများ၊ ဝန်ထမ်းများ၊ သုခကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ကုသကြသော လူနာများ၊ လူနာရှင်များအား အာဟာရအဖြစ် ကုသိုလ်ကောင်းမှု ပြုခဲ့ပါသည်။

နာရေးကူညီမှုအသင်း (ရန်ကုန်)မှ မျိုးဆက်သစ်လူငယ်/ရွယ်များအတွက် ရည်ရွယ်ကာ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေး၊ ကျန်းမာရေး စသည့် အသိပညာအထွေထွေ ဗဟုသုတများ တိုးပွားစေရန် "သုခအလင်း" စာကြည့်တိုက်အား ၂၀၁၀၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ (ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့)တွင် အမှတ် (၁၃/က)၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၂ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) သုခကုသိုလ်ဖြစ်ဆေးခန်း၏ အပေါ်ထပ်တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပါသည်။

"သုခအလင်း" စာကြည့်တိုက်အတွက် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ အသင်းပိုင်ငွေဖြင့် မတည်၍ စာအုပ်စာပေများ ဝယ်ယူခဲ့သည့်အပြင် ပြည်တွင်း/ပြင်ပမှ စေတနာရှင်၊ အလှူရှင်များတို့မှ စာကြည့်တိုက်အတွက် စာအုပ်များ လာရောက်လှူဒါန်းခဲ့ကြပါသည်။ ကိုယ်ပိုင် စာကြည့်တိုက်ဖွင့်ရန် ရည်ရွယ်ခဲ့သော စာရေးဆရာကြီး အီကြာကွေးသည် သူကွယ်လွန်သွားချိန်တွင် သူကိုယ်တိုင် အနှစ်နှစ် အလလ စုဆောင်းထားရှိခဲ့သော စာအုပ်များအား ဆရာကြီး၏ သားတပည့်များမှ "သုခအလင်း" စာကြည့်တိုက်အတွက် လာရောက်လှူဒါန်းခဲ့ပါသည်။ ဆရာကြီးသည် ကိုယ်ပိုင်စာကြည့်တိုက်ဖွင့်ရန် ရည်ရွယ်ချက်ပျက်ခဲ့ရသော်လည်း ဆရာကြီး အီကြာကွေး လက်ဆင့်ကမ်းခဲ့သော စာပေအမွေအနှစ်များကို "သုခအလင်း" စာကြည့်တိုက်မှ ဆက်လက်ထိန်းသိမ်းပေးနိုင်ခဲ့သည်။ (၁၆.၈.၂၀၁၀) နေ့ရက်တွင်လည်း ဗဟိုစည်အထူးကုဆေးရုံမှ ဒေါက်တာ ဒေါ်ယဉ်ယဉ်ကြူနှင့် ဒေါက်တာ ဒေါ်ခိုင်ဇင်သင်းတို့လည်း "သုခအလင်း" စာကြည့်တိုက်အတွက် စာအုပ်ပေါင်း (၅၈၆) အုပ် လှူဒါန်းခဲ့ပါသည်။ ထို့အပြင် စာပေလောကမှ စာရေးဆရာကြီးများ၊ စာရေးဆရာမကြီးတို့မှလည်း မိမိတို့ ထွက်ရှိသော စာအုပ်များကို လာရောက်လှူဒါန်းခြင်းပြုခဲ့သလို Asia Foundation သည်လည်း လူသားအကျိုးပြု စာအုပ်စာပေများ လှူဒါန်းပေးခဲ့ပါသည်။



"သုခအလင်း" စာကြည့်တိုက်တွင် စာအုပ်များကို သက်ဆိုင်ရာ စာပေအမျိုးအစား ကဏ္ဍအလိုက် ခွဲခြား၍

 www.burmeseclassic.com 

စနစ်တကျ ထားရှိပါသည်။ ရှားပါးသောစာအုပ်များအား ကော်ပီပွား၍ ငှားရမ်းဖတ်ရှုနိုင်ရန် အတွက် စီစဉ်ထားရှိပါသည်။ "သုခအလင်း" စာကြည့်တိုက်တွင် ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်း များကိုလည်း (၃)လအထိ ထားရှိပြီး (၃)လကျော်လွန်ပြီးသော ဂျာနယ်၊ စာစောင်များ၊ မဂ္ဂဇင်း များနှင့် "သုခအလင်း" စာကြည့်တိုက်၌ အမျိုးအစားတူ စာအုပ်များအား နယ်မြို့များတွင် ရှိသော စာကြည့်တိုက်များနှင့် ကိုယ့်ထူကိုယ်ထ ကျေးရွာစာကြည့်တိုက်များသို့ ပြန်လည်၍ လှူဒါန်းပေးခဲ့ပါသည်။

ထိုကဲ့သို့ အသိပညာတိုးပွားရန် ရည်ရွယ်ပြီး တစ်ဆင့်ပြန်လည် လှူဒါန်းခဲ့သော စာကြည့် တိုက်များမှာ "ပညာရတနာ" စာကြည့်တိုက် သခွတ်ပင်လယ်ကျေးရွာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်း။ "မိုးမေတ္တာ" ပရဟိတ လူငယ်များအသင်း ခေတ္တရာမြို့သစ်၊ ပြည်မြို့။ "လူငယ် စာကြည့်တိုက်" နမ္မတီးမြို့၊ ကချင်ပြည်နယ်။ "ဓမ္မရောင်ခြည်" စာကြည့်တိုက် တိလောကမာရဇိန် ဘုရားဝင်း၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်း။ "ပညာဘုံ" စာကြည့်တိုက် နောင်နန်းတိုက်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ "အလိမ္မာ" စာကြည့်တိုက် (၁၂) ရပ်ကွက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်း၊ ရန်ကုန်တိုင်း။ "ပညာရိပ်မွန်" စာကြည့်တိုက် သပြေကုန်းကျေးရွာ၊ မြန်အောင် မြို့နယ်၊ ဧရာဝတီတိုင်း။ "တက်နေဝန်း" စာကြည့်တိုက် နတ်မောက်မြို့နယ်၊ မကွေးတိုင်းတို့ ဖြစ်ကြသည်။

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့မှ စတင်၍ ဖွင့်လှစ်စဉ်အချိန်၌ စာအုပ် အရေအတွက် (၁၀၆၅) အုပ်သာရှိခဲ့ပြီး ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ (၁၃)ရက်နေ့အထိ စာအုပ် အရေအတွက် (၅၀၀၀)ခန့်အား ငှားရမ်းဖတ်ရှုနိုင်ခဲ့ပါသည်။ "သုခအလင်း" စာကြည့်တိုက် အသင်းဝင်အဖြစ် (၂၁၁)ယောက်ရှိခဲ့ပြီ ဖြစ်ပါသည်။ "သုခအလင်း" စာကြည့်တိုက်မှ စာအုပ် များအား နာရေးကူညီမှုအသင်း (ရန်ကုန်) လုပ်အားပေးအသင်းသူ/သားများနှင့် ဝန်ထမ်း များသာ ငှားရမ်းဖတ်ရှုခွင့်ကိုပြုခဲ့ရာ ယခုလက်ရှိ တိုးချဲ့ဆောက်လုပ်လျက်ရှိသော အဆောက် အအုံပြီးစီးမည့် မတ်လအတွင်း "သုခအလင်း" စာကြည့်တိုက်သို့ အချိန်ပေး၍ စာဖတ်လိုသူ များအတွက် စာဖတ်ခန်း ဖွင့်လှစ်နိုင်ရန်အတွက် နာရေးကူညီမှုအသင်း (ရန်ကုန်)ရှိ လုပ်အား ပေး အသင်းသူ/သားများမှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

"သုခအလင်း" စာကြည့်တိုက်မှ အပတ်စဉ် စာအုပ်ပေါင်း (၈၀)ခန့်အား ငှားရမ်း ဖတ်ရှု လေ့လာမှတ်သားကြသည်။ ငှားရမ်းဖတ်ရှုသော စာအုပ်များတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော အတ္ထုပ္ပတ္တိ၊ မိန့်ခွန်း၊ စာပေလက်ရာများကို ဖတ်ရှုသူ အများဆုံးဖြစ်သည်ဟု စာရင်းဇယားများအရ သိရှိရသည်။

ထို့ကြောင့် "သုခအလင်း" စာကြည့်တိုက်သည် ဗဟုသုတ လိုလားသူများ၊ ပညာရေး တိုးတက်လိုသူများ၊ ဘာသာရေး/နိုင်ငံရေး လေ့လာလိုက်စားသူများအတွက် အသိပညာ၊ အတတ်ပညာ စာပေဝါသနာရှင်များ မွေးဖွားရာ ခိုနားရာ စုဝေးရာ နေရာဌာနတစ်ခုအဖြစ် မကြာမီ အချိန်ကာလအတွင်း ရောက်ရှိတော့မည် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# ဘဝနေနည်း အနုပညာ

# Way of Living

ဗုဒ္ဓသည် Way of life (ဘဝနေနည်း)ကိုသာမက End of life (ဘဝကို အဆုံးသတ်နည်း)ကိုပါ သင်ကြားပေးခဲ့သူဖြစ်သည်။ ဦးကျော်သူသည် Way of helping the deceased (ကွယ်လွန်သူများကို ကူညီနည်း)ကိုသာမက Way of living (ဘဝအသက်မွေးဝမ်းကျောင်းနည်း) ကိုပါ တတ်သိပညာရှင် ဆရာ/ဆရာမများနှင့် ပူးပေါင်းသင်ကြားပေးခဲ့သူဖြစ်ကြောင်း တင်ပြပါမည်။ ၅.၁.၂၀၀၃ (စနေနေ့)တွင် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ပညာရေးကဏ္ဍအဖြစ် အလုပ်အကိုင် ရရှိရေးအတွက် တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်လာခဲ့ရာ ၃/၂၀၁၂ သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားအား အမှတ် (၁၃/က)၊ ၄၂ ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၌ နံနက် (၁၀း၀၀)နာရီအချိန်တွင် ကျင်းပခဲ့သည်။ ယင်းအခမ်းအနားတွင် အစီအစဉ် (၇)ရပ်ဖြင့် ကျင်းပခဲ့ပြီး နာရေးကူညီမှုအသင်း (ရန်ကုန်)၏ အတွင်းရေးမှူး ဒေါ်ရွှေစီးကွက်မှ ဟိုတယ်သင်တန်းသား/သူများအား "နာရေးကူညီမှုအသင်း (ရန်ကုန်) ၁၂ နှစ်ပြည့် အထိမ်းအမှတ်တွင် တတပ်တအား သုခအာဟာရ စားသောက်ဆိုင်နေရာတွင် ကူညီလုပ်ဆောင်ပေးကြသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားပြီး ယနေ့သင်တန်းဆင်းပြီးသည်မှစ၍ လုပ်ငန်းခွင်ဝင်ရောက်ခဲ့သော် ဗုဒ္ဓ၏ဝါဒအတိုင်း လက်ကိုင်ကျင့်သုံးကြရန်နှင့် လက်တွေ့ကျင့်သုံးလျှင် အောင်မြင်မှုရှိကြောင်း၊ လူ့လောကတွင် တရားမျှတစွာ နေထိုင်နိုင်ဖို့အတွက် ပညာရှင်များ တွေးရင်းမှ ဒီမိုကရေစီလမ်းကြောင်း ပေါ်လာကြောင်း ယခုခေတ် ပြောနေကြသော ဒီမိုကရေစီဝါဒဆိုသည်မှာ ဗုဒ္ဓ၏ဝါဒပင်ဖြစ်ကြောင်း၊ ဒုက္ခအားလုံးမှ လွတ်မြောက်သည့် ဝါဒဖြစ်ကြောင်း၊ ဒီမိုကရေစီဝါဒသည် ကိုယ့်တာဝန် ကိုယ်ယူ ... ဗုဒ္ဓဝါဒ

www.burmeseclassic.com

သည့် ကိုယ့်ကံကြမ္မာ ကိုယ်ယူ ... အကြောင်းတရားကောင်းရင် အကျိုးတရားကောင်းမည် ... အကျိုးတရားမကောင်းရင် အကြောင်းတရားမကောင်း အစရှိသည့် ဗုဒ္ဓ၏ဝါဒနှင့် ဒီမိုကရေစီဝါဒအား ရှင်းလင်းမြင်သာစွာ ပြောကြားခဲ့ပြီး အလုပ်ခွင်၌လည်း ပရဟိတစိတ်ဓာတ်ဖြင့် ဗုဒ္ဓဝါဒအတိုင်း ကျင့်ကြံအားထုတ်ကြပါရန်” အမှာစကားအဖြစ် ပြောကြားခဲ့သည်။ ထို့နောက် ဆက်လက်ပြီး နာရေးကူညီမှုအသင်း (ရန်ကုန်)၏ အုပ်ချုပ်ရေးမှူး ဒေါ်ဇော်မောင်မောင်မှ “အသင်းကြီး၏ နှစ်ပတ်လည် အခမ်းအနားတွင် ပါဝင်ကူညီ လုပ်ဆောင်ပေးကြသော ဆရာများနှင့် သင်တန်းသား/သူများအား ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး လုပ်ငန်းခွင်အတွင်း ရောက်သော် ဘာသာတရား အဆုံးအမနှင့်နေထိုင်၍ မိမိတို့လုပ်ကိုင်မည့် နေရာဌာနတွင် ရိုးရိုးသားသား ကြိုးကြိုးစားစားနှင့် နေထိုင်ရန်၊ ရိုးသားမှုဂုဏ်သည် မည်သည့်အရာနှင့်မျှ မလဲနိုင်ကြောင်း၊ အသင်းကြီးတွင် အခမဲ့အဖြစ် ပညာသင်ယူခဲ့ကြရသည့်အတွက် ဂုဏ်မငယ်စေချင်ကြောင်း၊ မိမိတို့ ထမ်းရွက်ရမည့် တာဝန်ဝတ္တရားများသည် သီးသန့်တာဝန်မဟုတ်ဘဲ ပရဟိတစိတ်ဓာတ်ထည့်ဝင်၍ လုပ်ဆောင်သင့်ကြောင်း” ပြောကြားခဲ့ပါသည်။ သင်တန်းသား/သူများမှ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေ ၃၀၀၀၀ိ/- (သုံးသောင်းကျပ်တိတိ) အား ပေးအပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် သင်တန်းတက်ရောက် သင်ကြားပေးခဲ့သော ဆရာ/မများ၏ကိုယ်စား သင်တန်းဆရာ ဦးမြင့်ရွှေ (ခ) ဦးကိုင်ဇာမှ “သင်တန်းတစ်လျှောက်လုံးတွင် ဆရာများဘက်မှ အစစအရာရာ တာဝန်ကျေပြီဖြစ်ကြောင်း၊ သင်တန်းအပြီးမှာ တပည့်များအနေဖြင့် တာဝန်ရှိလို့ လုပ်ခြင်းဆိုတာထက် တာဝန်သိလို့ လုပ်ဆောင်ခြင်းအား သိမြင်သွားခဲ့ရင် တပည့်များအား ကျေးဇူးတင်ကြောင်း၊ နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် အဆင့်မြင့်မြင့် သင်ကြားနိုင်ရန်နှင့် သင်တန်းတက်နိုင်အောင် ပြုလုပ်ဆောင်ရွက်ပေးကြသော အသင်းကြီးမှ ဥက္ကဋ္ဌ ဦးကျော်သူနှင့်တကွ တာဝန်ရှိသူများနှင့် အလုပ်အမှုဆောင်များတို့အား ဆရာများကိုယ်စား ကျေးဇူးတင်ရှိကြောင်း၊ ပညာဒါနဖြစ်ပေမယ့် ဖြစ်အောင်သင် ဖြစ်အောင်လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း၊ သူများနောက်မကျန်ဘဲ ရှေ့ကို တိုးထွက်နိုင်တယ်ဆိုပါက များစွာဝမ်းသာကြောင်း၊ မြန်မာနိုင်ငံမှာ ပေးဆပ်သူများပြည့်နိုင်အောင် ကြိုးစားကြပါရန်၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ကျေးဇူးကိုသိပြီး ပြန်လည်ပေးဆပ်နိုင်အောင် ကြိုးစားကြပါရန်” ဆုံးမအမှာစကား ပြောကြားခဲ့သည်။ ဟိုတယ်ဝန်ဆောင်မှုသင်တန်းတွင် တက်ရောက်သင်ကြားသည့် သင်တန်းသား/သူ (၂၇)ဦးဖြစ်ပြီး (၂၆)ဦး အောင်မြင်ခဲ့သည်။ Distinction ဖြင့် (၁)ဦး၊ Credit ဖြင့် (၅)ဦး၊ Pass ဖြင့် (၂၀)ဦးတို့ဖြစ်သည်။ သင်တန်းဆင်း အောင်လက်မှတ်များအား အတွင်းရေးမှူး ဒေါ်ရွှေဇီးကွက်၊ အုပ်ချုပ်ရေးမှူး ဒေါ်ဇော်မောင်မောင်၊ သင်တန်းနည်းပြဆရာဦးအောင်ထွန်းနှင့် ဦးမြင့်ရွှေ (ခ) ဦးကိုင်ဇာတို့မှ အသီးသီး ဂုဏ်ပြုချီးမြှင့် ပေးအပ်ခဲ့ပြီးနောက် သင်တန်းသား/သူများကိုယ်စား သင်တန်းသား မောင်တင်မျိုးထွန်းမှ “နာရေးကူညီမှုအသင်း (ရန်ကုန်)သည် ကျွန်တော်တို့၏ ဘဝရည်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းဖို့ ကြိုးစားနေကြတဲ့ လူငယ်များအတွက် အခကြေးငွေ တစ်စုံတစ်ရာမယူဘဲ အမြော်အမြင် ကြီးမားစွာဖြင့် မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



တရား ရှေ့ထားကာ အသက်မွေးကျောင်းသင်တန်းများစွာကို ဖွင့်လှစ်သင်ကြားပေးရန် စီမံခြင်းနှင့် သင်တန်းအောင်မြင်ပြီးသူများကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရာနှုန်းပြည့်ရရှိအောင် စီမံညွှန်ကြားဆောင်ရွက်ပေးခဲ့သော ဥက္ကဋ္ဌ ဦးကျော်သူ၊ ဒု-ဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်၊ အတွင်းရေးမှူး ဒေါ်ရွှေဇီးကွက်၊ အုပ်ချုပ်ရေးမှူး ဒေါ်ဖရောမောင်မောင်နှင့် ဝန်ထမ်းများအားလုံးတို့အား ကျွန်တော်တို့ သင်တန်းသား/သူများမှ အထူးကျေးဇူးတင်ကြောင်း၊ ယခုကဲ့သို့ ဟိုတယ်သင်တန်းမျိုးကို အခြားနေရာများတွင် တက်ရောက်မည်ဆိုပါက ငွေကြေး အမြောက်အမြား ကုန်ကျနိုင်သည့်အတွက် ယခုကဲ့သို့ နာရေးကူညီမှုအသင်းကြီးက အခကြေးငွေ တစ်စုံတစ်ရာမယူဘဲ ဖွင့်လှစ်သင်ကြားပေးသော စေတနာကို သိရှိခဲ့ရပါကြောင်း၊ နောင်အခါများတွင်လည်း နာရေးကူညီမှုအသင်းကြီးက ဖွင့်လှစ်သော သင်တန်းများအတွက် ငွေကြေးဒါန (သို့) လုပ်အားပေး ဝန်ထမ်းတစ်ဦးအနေဖြင့် ဉာဏ၊ ဒါန၊ ကာယ အဖြစ် ဝင်ရောက်ကူညီလုပ်ကိုင်ပေးသွားမည်ဖြစ်ကြောင်း” ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ကျော်သူ**

www.burmeseclassic.com

www.burmeseclassic.com

# သား 'သုခ' ရဲ့ အားဆေးတစ်ခွက်

**ကျော်သူ**

၁၄.၇.၂၀၁၁ (ကြာသပတေး)နေ့တွင် နာရေးကူညီမှုအသင်း (ရန်ကုန်) ရုံးချုပ်ရှိရာ မြောက်ဒဂုံမြို့နယ်သို့ ကျေးဇူးရှင် စာရေးဆရာ ဒါရိုက်တာ ဘဘဦးသုခ၏ သားဖြစ်သူ သုခ (သား) (ခ) ကိုရဲအောင်တို့ မိသားစုအား ဘဘဦးသုခ၏ တပည့်ရင်းဖြစ်သူ ဒါရိုက်တာ ဦးနှင်းမိုးမှ လိုက်လံပို့ဆောင်ခဲ့သည်။

သုခ (သား) (ခ) ကိုရဲအောင်သည် နိုင်ငံရပ်ခြားသို့ နေထိုင်နေသူတစ်ဦးဖြစ်ပြီး စာရေးဆရာတစ်ဦးလည်းဖြစ်သည်။ ယခု မြန်မာပြည်သို့ရောက်ရှိခိုက် ဖခင်ဖြစ်သူ ဘဘဦးသုခ မျိုးစေ့ချပေးခဲ့သော နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လာရောက်လေ့လာမှုပြုပြီးနောက် အလှူငွေ ၁၅၀၀၀၀ိ/- ကျပ်အား သဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းခဲ့သည်။ ထို့အပြင် သုခ ကုသိုလ်ဖြစ်ဆေးခန်း (ရန်ကုန်)သို့လည်း လူနာများအား ဆေးဝါးကုသမှုတို့ကို လိုက်လံလေ့လာခဲ့သည်။ သုခ (သား) (ခ) ကိုရဲအောင်သည် မိဝေးဖဝေး ရပ်ဝေးသံဃာ ဆရာသမားများနှင့် ဝေးလံသော နိုင်ငံရပ်ခြားတွင် နေထိုင်နေသော်လည်း မြန်မာပြည်တွင်းရှိ လူငယ်တို့အတွက် ဘဝရပ်တည်ချက်စာပေများ၊ ငါးပါးသီလကို နေ့စဉ်ဆောက်တည်သောလူများ၊ ဆောက်တည်ရကောင်းမှန်း မသိသောသူများ၏ ကိုယ်ကျင့်တရား ခြားနားမှု ဆောင်းပါးများနှင့် လူမှုအကျိုးဆောင်၊ လူငယ်ပြုပြင်ရေးများကို ရေးသားနေသော ဘဘ ဦးသုခ၏ စာပေမျိုးစေ့ဖြစ်သော သုခ (သား) အမည်ဖြင့် ရေးသားနေသော စာရေးဆရာတစ်ဦးဖြစ်သည်နှင့်အညီ နာရေးကူညီမှုအသင်း (ရန်ကုန်) သုခကုသိုလ်ဖြစ်ဆေးခန်း (ရန်ကုန်)တို့တွင် လိုအပ်သော အထောက်အကူပစ္စည်းများ၊ အကူအညီများကို ဆက်လက်ဆောင်ရွက်ပေးမည်ဟုလည်း ပြောကြားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဘဦးသုခ မျိုးစေ့ချတည်ထောင်ခဲ့သော နာရေးကူညီမှုအသင်း (ရန်ကုန်)၏ တိုးတက်မြင့်မားမှုများနှင့် အများပြည်သူတို့အပေါ် ထိရောက်သော ကူညီမှုများ ပြုလုပ်ပေးခြင်းတို့အပေါ် သုခ(သား) (ခ) ကိုရဲအောင်သည် များစွာ ကျေနပ်ဝမ်းသာပီတိဖြစ်ကာ သာဓု ... သာဓု ... သာဓုဟု ခေါ်ဆိုသွားပါသည်။

ထို့ကြောင့် မျိုးစေ့ချထူထောင်ခဲ့သော နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ရှင်သန်တိုးတက်အောင် ပြုလုပ်နေကြဆဲအချိန်တွင် အတိုက်အခိုက် အနှောင့်အယှက် အဟန့်အတားများ ကြုံကြိုက်ခံစားနေရစဉ် ကွယ်လွန်သွားရှာပြီဖြစ်သော ဘဘဦးသုခအား ရည်မှန်းတောင်းတအောက်မေ့နေဆဲ ဘဘဦးသုခ၏ ရင်သွေးဖြစ်သူ သုခ(သား) (ခ) ကိုရဲအောင် ရောက်ရှိလာခြင်းသည် ကျွန်တော်တို့အတွက် မဟာအားဆေးတစ်ခွက် သောက်သုံးလိုက်ရခြင်းပင် ဖြစ်တော့သည်။

အဘလမ်းပြခဲ့တဲ့ ... အမွေ
အဘလမ်းညွှန်ခဲ့တဲ့ ... အမွေ
အဘဦးဆောင်ခဲ့တဲ့ ... အမွေ
အဘမျိုးစေ့ချခဲ့တဲ့ ... အမွေ
အဘရဲ့ အမွေ ... အားလုံးနဲ့ဆိုင်တဲ့အမွေ ... အားလုံးပိုင်တဲ့အမွေ
ဒီအမွေကို ... အပွန်းအပဲ့မခံနိုင်
အနိုင်ကျင့်မခံနိုင်
အစော်ကားမခံနိုင်။
တန်ဖိုးမဖြတ်နိုင်တဲ့ ... အမွေ။
အဘရဲ့အမွေကို တိုးပွားအောင် လုပ်ဆောင်ရမှာ တစ်မျိုးသားလုံးရဲ့အလုပ်။
အဘရဲ့အမွေကို မြင့်မားလာအောင် လုပ်ဆောင်ရမှာ တစ်မျိုးသားလုံးရဲ့တာဝန်။
အဘရဲ့အမွေကို ဂုဏ်ရှိန်မြင့်အောင် လုပ်ဆောင်ရမှာ တစ်မျိုးသားလုံးရဲ့ဝတ္တရား။
အဘရဲ့အမွေကို သမိုင်းထူနိုင်အောင် လုပ်ဆောင်ရမှာ တစ်မျိုးသားလုံးရဲ့အဓိဋ္ဌာန်။
ဒီအမွေကို ... ထိပါးစော်ကား အနိုင်ကျင့်လာရင်တော့
ဗြဟ္မစိုရ်တရား လက်ကိုင်မထားနိုင်တော့ ... သွေး သွေးချင်း၊
အသက် အသက်ချင်း
သမိုင်း သမိုင်းချင်း လဲရန်အသင့်။
အဘယ့်ကြောင့်နည်း။
အဘရဲ့အမွေသည် ဗုဒ္ဓရဲ့အမွေကြောင့်ပင် ဖြစ်တော့သည်။

ကျော်သူ

www.burmeseclassic.com

www.burmeseclassic.com



နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် ၂၃.၉.၂၀၁၁ (သောကြာနေ့) နံနက် (၁၀း၀၀) နာရီမှ ညနေ (၅း၀၀) နာရီအချိန်ထိ ဧရာဝတီနှင့်ပတ်သက်၍ "လူငယ်များရဲ့ ဧရာဝတီ"ဟူသော ဧရာဝတီ မြစ်ဆုံစီမံကိန်းအား ဆန့်ကျင်ကန့်ကွက်မှုအတွက် တတ်သိပညာရှင်များ၊ စာပေ၊ ရုပ်ရှင်၊ ဂီတ ပညာရှင်များ၊ တိုင်းရင်းသားပေါင်းစုံတို့၏ ကိုယ်စားပြုလူငယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံရေးလှုပ်ရှားသူများ၊ ဘာသာပေါင်းစုံ အဲဖွဲ့အစည်းများ၊ အခြေခံလူတန်းစားများ၊ ဧရာဝတီကို ချစ်မြတ်နိုးကြသော လူမျိုးဘာသာ ဆင်းရဲချမ်းသာ မြန်မာပြည်တွင် နေထိုင်ကြသော ဧရာဝတီကို စိတ်ပါဝင်စားသူများနှင့် စည်ကားသိုက်မြိုက် စည်းလုံးညီညွတ် တက်ကြွစွာဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ယင်းအခမ်းအနားတွင် နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ အပါဝင် ကဗျာဆရာ (၁၅)ဦးမှ ကဗျာများရွတ်ဆိုခဲ့ကာ ကိုရဲလွင်၊ ကိုသားထွေး၊ ဆောင်းဦးလှိုင်၊ အနဂ္ဂ၊ ရန်ရန်ချမ်း၊ ဇေယျာသော်၊ ရသ တို့မှ ဧရာဝတီလှုံ့ဆော်မှု သီချင်းများဖြင့် ဖျော်ဖြေခဲ့သည်။ ဒေါ်ဒေဝီသန့်စင်၊ ဦးအုန်း၊ ဦးအောင်ကြည်ညွန့်တို့မှလည်း ဧရာဝတီ မြစ်ဆုံစီမံကိန်းအား ကန့်ကွက်ကြောင်း ဟောပြောခဲ့သည်။ ကိုယ်တိုင်မတက်ရောက်နိုင်သော စာရေးဆရာများ၊ တတ်သိပညာရှင်များ၏ စာတမ်းများ၊ အက်ဆေးများကို လူငယ်များမှ ဖတ်ကြားရွတ်ဆိုခဲ့သည်။ ဗီဒီယိုပြကွက်များအဖြစ် ဘဘဦးဝင်းတင်၊ လူထုစိန်ဝင်း၊ ဆရာအောင်သင်းတို့ရဲ့ ဧရာဝတီနဲ့




www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သည့် လူငယ်တွေအပေါ် မှာကြားချက်တွေကိုလည်း ပြသခဲ့သည်။ ထို့နောက် လူငယ်များရဲ့ ဇရာဝတီဆွေးနွေးပွဲအား တက်ရောက်လာကြသော လူထုပရိသတ်ထဲမှ ဝိုင်းဝန်းဆွေးနွေး အကြံပြုကာ နာရေးကူညီမှုအသင်း (ရန်ကုန်) ဘဏ္ဍာရေးမှူး ဒေါ်ရွှေဇီးကွက်မှ နှုတ်ခွန်းဆက်စကားပြောကြားပြီးသည့်နောက် အခမ်းအနား ရုပ်သိမ်းချိန်တွင် ကိုရဲလွင် (မဇ္ဈိမလှိုင်း)တို့ ဦးဆောင်၍ ထူးအိမ်သင် ရေးစပ်သီဆိုထားသည့် "ရာဇဝင်များရဲ့ သတို့သမီး" သီချင်းအား တက်ရောက်လာကြသော ဇရာဝတီကို ချစ်မြတ်နိုးသော လူမျိုးဘာသာပေါင်းစုံတို့က ဝိုင်းဝန်း ကြွေးကြော် တက်ကြွစွာဖြင့် သီဆိုကြကာ အခမ်းအနားအား အောင်မြင်စွာ ရုပ်သိမ်းလိုက်ပါတော့သည်။ ယခု လူငယ်များရဲ့ ဇရာဝတီရင်ခုန်သံပွဲသည် ယခင့်ယခင်များက ကျင်းပခဲ့သော ပွဲများနှင့်မတူ ထူးခြားလှစွာဖြင့် တက်ရောက်ကြသော ဇရာဝတီအား စိတ်ပါဝင်စားသော ဧည့်ပရိသတ်များသည် လူဦးရေအားဖြင့် (၅၀၀) ကျော်တို့ တက်ရောက်သဖြင့် နာရေးကူညီမှုအသင်း (ရန်ကုန်) ရှိ အစည်းအဝေးကျင်းပရာ ခန်းမဆောင်တစ်ခုတည်းဖြင့် မလုံလောက်သဖြင့် စာသင်ခန်း တစ်ခန်းကိုပါ ပရိဂျက်တာထိုး၍ ပြသကာ အမေးအဖြေကဏ္ဍအတွက်ပါ မိုက်ကရိုဖုန်းများပါ ဆင့်ပွားထားရှိ ကျင်းပပေးခဲ့ရသည်။

လူငယ်များရဲ့ ဇရာဝတီရင်ခုန်သံပြပွဲ၌ ခံစားမှုများ ဖော်ထုတ်ကြသော ရင်ခုန်သံစကားများထဲမှ ကောက်နှုတ်ချက်များ -

- "မေခနဲ့မလိခ ပေါင်းစည်းမှ အရှိန်အဟုန်ကြီးမားတဲ့ ဧရာဝတီပေါ်ပေါက်လာတာ။ ကျွန်တော်တို့က မေခဆိုရင် အစိုးရက မလိခ။ အစိုးရက မလိခဆိုရင် ကျွန်တော်တို့က မေခ။ ဒါကြောင့် မြစ်ဆုံကိစ္စကို ဆုံးဖြတ်ချက်ချမယ့် လွှတ်တော်အနေနဲ့ မှန်ကန်တည့်မတ်စွာ ဆုံးဖြတ်သင့်တယ်။ တိမ်းစောင်းပြီး ဇောက်ထိုးဆုံးဖြတ်လိုက်ရင် ပြည်သူနဲ့အစိုးရ တစ်ကွဲစီဖြစ်သွားမယ်။ မြန်မာပြည်ကြီးကို ဇောက်ထိုးတော့ မကြည့်သင့်။"

**(ကျော်သူ)**

- "ဧရာဝတီကို ပိတ်ဆို့ထားတာဟာ အနုပညာကို ပိတ်ဆို့ထားသလို ခံစားရတယ်။"

**(ကိုရဲလွင်–မဇ္ဈိမလှိုင်း)**

- "ဧရာဝတီပေါ်မှာ ရုပ်ရှင်ရိုက်ခဲ့ဖူးတယ်။ အခုလို ပိတ်ဆို့တားဆီးတာမျိုး မဖြစ်သင့်။"

**(ရဲတိုက်)**

- "တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော ဧရာဝတီမြစ်ဆုံစီမံကိန်း ရုပ်သိမ်းပေးမှုကိစ္စရပ်အား ထပ်မံ၍ အရှိန်အဟုန်မြှင့်ကာ လုပ်ဆောင်ကြဖို့လိုကြောင်း။"

**(ဒေါ်မြင့်မြင့်ခင်ဖေ(ခ)ရွှေဇီးကွက်)**

www.burmeseclassic.com

www.burmeseclassic.com

"အစိုးရအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာမှာ ပြုပြင်ပြောင်းလဲမှုကို လိုတယ်လို့ ပြောထားသလို ဧရာဝတီနဲ့ပတ်သက်ပြီး မြစ်ကောရန် အရင်မလုပ်ကြပါနဲ့ စစ်ကောရန်သာ အရင်လုပ်ကြပါ"


(ဒေါ်အေဝီသန့်စင်)

သမိုင်းတရားခံ မဖြစ်ပါစေနဲ့၊ မင်းတို့နားထောင် ပြည်သူတွေနဲ့ ဧရာဝတီရပ်ရှင်မှာ မင်းတို့ ဗီလိန်မဖြစ်စေနဲ့ လူ့အခွင့်အရေးဟာ အရေးကြီးသလို မြစ်အခွင့်အရေးဟာလည်း အရေးကြီးတယ်။"

(ဦးကောဝိသ-မန္တလေး)

"သို့ ... ဧရာဝတီ၊
ထီးနန်းမပြုတ် ဆုတ်ခွာစေ၊
လာမဲ့ဘေး ဝေးပါစေ၊
ရေစီးရေလာ ကောင်းပါစေ"

(ကဗျာဆရာအောင်ပိုင်စိုး)



"ကျွန်တော် ပြည်ဘက်ကို သွားတဲ့အချိန်မှာ ဧရာဝတီမြစ်ဟာ အလယ်မှာ သောင်ထွန်းနေတယ်။ (၁၉၈၉ ခုနှစ်လောက်က) အခုတော့ အဲဒီသောင်ပြင်ဟာ သောင်မဟုတ်တော့ပါဘူး။ လူတွေတောင် တက် နေနေကြပါပြီ။ သဘာဝပတ်ဝန်းကျင်ဟာ ပြောင်းလဲလာ ပြောင်းလဲလာ ဒီဆည်မဆောက်ခင်ကလည်း ပြောင်းလဲတာပါ။ ကျွန်တော်တို့ အခွင့်အရေးကို ကျွန်တော်တို့ ကာကွယ်ဖို့ပါပဲ။ ကျွန်တော်တို့က ဧရာဝတီအကြောင်း သီချင်းလေး မဆိုပါဘူး။ ကျွန်တော်တို့ သီချင်းလေးပဲ ကျွန်တော်တို့ ဆိုပါမယ်။ ကျွန်တော်တို့သီချင်းက စစချင်းရောက်လာတော့ အကုန်လုံးထကြ အကုန်လုံးထကဆိုတော့ ကျွန်တော်တို့ ဗမာပြည်က ရှိတဲ့လူတွေ အကုန်လုံးကို လှုပ်နှိုးဖို့ပဲ ကျွန်တော်တို့ လာတာပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ရိုးရိုးတန်းတန်း လမ်းမပေါ်က လူတွေကို ရှေ့ဆက်လျှောက်ဖို့အတွက်ပါ။"

(အနုရ)

www.burmeseclassic.com

www.burmeseclassic.com




"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြစ်ကြီးတွေ အများကြီးရှိပါတယ်။ အဲဒီမြစ်ကြီးတွေထဲမှာမှ ဧရာဝတီမြစ်ကြီးဟာ မိုင်ပေါင်း ၁၅၀၀ ကျော်ရှည်လျားပြီးတော့ ကျွန်တော်တို့ မြန်မာ့ရာဇဝင်နှင့် အတူတူရှင်သန်လာခဲ့တဲ့ ပါရမီဖြည့်ဖက်ကြီးတစ်ပါးလို့ ပြောလို့ရပါတယ်။ ဒီ ပါရမီဖြည့်ဖက်ကြီးဟာ ကျွန်တော်တို့ခေတ်ရောက်တော့မှ အသက်လည်း အိုမင်းလာပြီ။ သူ့ကိုဘေးကနေပြီးတော့ စောင့်ရှောက်မယ့်သူ မရှိတော့ဘူးဆိုရင် သူ့မှာ သေဆုံးရမယ့်အချိန် သူ့မှာရှိပါတယ်။ ဒါဟာ ဘယ်သူမှ မလွန်ဆန်နိုင်တဲ့ တရားပါ။ ဒီတော့ ဧရာဝတီမြစ်ကြီးကိုလည်း ကျွန်တော်ချစ်ပါတယ်။"

**(ရသ)**

"အန်ကယ်က အခု အသက် (၈၅)နှစ်ရှိပြီ။ အန်ကယ်တို့ ဧရာဝတီမြစ်ဆုံကို (၃)ခေါက်ရောက်တယ်။ ၁၉၈၅ ခုနှစ်ကရောက်တာ ရေကလည်း ကြည်တယ်။ ငါးတွေက အများကြီးပဲရှိတယ်။ အရမ်းကို ကျက်သရေရှိတယ်။ နောက်တစ်ခေါက်ရောက်တာက ၂၀၀၇ ခုနှစ်ရောက်တော့ အခြေအနေ တော်တော်ဆိုးတယ်။ တတိယအကြိမ်ရောက်တော့ ၂၀၀၉ တော်တော်လေးကို ဆိုးသွားပြီ။ မေခဟာ အင်မတန် ရေစီးကြမ်းပါတယ်။ မလိခဟာ အင်မတန် နူးညံ့ပါတယ်။ အဲဒီလောက် အဖိုးတန်တဲ့ ဒီ ဧရာဝတီကို ဘယ်အချိန်ကမှ ဆည်ဆောက်တာကို သဘောမတူဘူး။ ကန့်ကွက်ခဲ့ကြတယ်။ သို့သော်လည်း နိုင်ငံရဲ့အကျိုး ဖွံ့ဖြိုးမှု ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ နိုင်ငံတော်ရဲ့လုပ်ရမယ့် တာဝန်ပါ။ သို့သော် ဖွံ့ဖြိုးမှုလုပ်တိုင်းလဲ အကောင်းတွေပဲ မဟုတ်ဘူး။ အကောင်းအဆိုးဆိုတာရှိတယ်။ ဧရာဝတီမြစ်ဆုံကို (၂)နှစ်လောက် လေ့လာပြီးတော့ လုပ်မယ်ပြုမယ်ဆိုရင် ကမ္ဘာအရပ်ရပ်က ဆည်တွေတောင် (၁၀)နှစ်လောက် အချိန်ယူပြီးတော့ ပြင်ဆင်ရတယ်။ အဲဒီတော့ ဧရာဝတီကို ဗမာပြည်မှာ စပြီးတော့ စီဆင်းတဲ့အခါ ဗမာ့အသက်သွေးကြောဧရာဝတီမြစ်ဟာ တကယ်တော့ ဗမာလို့ပြောတာတောင်မှ လုံလောက်ပါတယ်။ ကမ္ဘာ့မြစ်ကြီး (၁၃)သွယ်မှာ ဧရာဝတီမြစ်ကြီးပါတယ်။ အဲဒီလောက် ထင်ရှားပြီးတော့ ကောတော့မယ်။ အဲဒါကို ကျွန်တော်တို့ အတတ်နိုင်ဆုံး ထိန်းသိမ်းရမယ်။ ပြုပြင်ရမယ်။"

**(ဦးအုန်း)**



www.burmeseclassic.com

www.burmeseclassic.com

နာရေးကူညီမှုအသင်း (ရန်ကုန်)၏ လစဉ်လတိုင်း ကျင်းပလျက်ရှိသော မြန်မာစာပေ ဟောပြောပွဲတစ်ရပ်အား ၂၀၁၂ ခုနှစ်၊ ဧပြီလ ၈ ရက် (တနင်္ဂနွေနေ့) နေ့လည် ၁း၀၀ နာရီ အချိန်တွင် ၁၃/က ဗိုလ်မှူးဗထူးလမ်း၊ ၄၂ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်တွင် ကျင်းပခဲ့ပါသည်။ ဒဿမအကြိမ်မြောက် မြန်မာစာပေဟောပြောပွဲတွင် ဆရာအော်ပီကျယ်သည် "ကူ၍တွန်းပေးပါ"ဟူသော ခေါင်းစဉ်ဖြင့် နာရေးကူညီမှုအသင်း (ရန်ကုန်)ရှိ စာပေချစ်မြတ်နိုးကြသော လူငယ်လူရွယ်များအတွက် ဟောပြောသွားခဲ့ပါသည်။

"ဇွန်ပန်းရုံအနီး
လှည်းဘီး နွံထဲကျွံနေသည်
လေးလွန်း၍ မတွန်းနိုင်ဘူးလား
ပြိုင်တူတွန်း၍ ရွေ့နိုင်သည်။"

ဟူသော ကဗျာအား ရွတ်ဆို၍ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်သည် ရေ၊ မြေ၊ သယံဇာတ ပေါကြွယ်ဝသောကြောင့် ဇွန်ပန်းကဲ့သို့ မွှေးကြိုင်၍နေပါသဖြင့် လူငယ်လူရွယ်များတို့သည် ဇွန်ပန်းရနံ့အား ခံစား၍ နေနေကြသည်ကို တွေ့နေ မြင်နေရသဖြင့် ထိုကဲ့သို့ မနေကြဘဲ နွံနစ်နေသော လှည်းဘီးအား ပြိုင်တူတွန်း၍ ရွေ့နိုင်ကြောင်း၊ အခြားပြည်ပနိုင်ငံများဖြစ်သော စင်္ကာပူနိုင်ငံ၊ ဒူဘိုင်း (UAE) နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့သည် အပင်စိုက်ရာတွင် ရေများလည်း အပင်သေ၊ ရေနည်းလည်း အပင်သေသဖြင့် ခက်ခဲစွာ ပညာရှင်များနှင့် ဂရုတစိုက် စိုက်ပျိုး၍ စိုပြေလှပမှုကို ရယူနေရကြောင်း၊ မြန်မာနိုင်ငံသည် သစ်ပင်၊ ပန်းပင် စိုက်ရာတွင် မြေကြီးအား




www.burmeseclassic.com

www.burmeseclassic.com



(ကလိ)ထိုး၍ စိုက်ရုံမျှလောက်နှင့် အပင်ပေါက်နိုင်ကြောင်း ဟာသဉာဏ်နောက ပြောကြားသွားခဲ့ပါသည်။

ဆက်လက်၍ မိမိတို့နေထိုင်ရာ မြန်မာနိုင်ငံ၏ မြေကြီးအောက်ခြေတွင် သယံဇာတများသည် ထုထည်၊ ကုဗ မည်မျှရှိသည်၊ မည်မျှထွက်သည်ကို လူငယ်လူရွယ်များ မသိရှိကြဘဲ အိမ်နီးချင်းနိုင်ငံများက သိရှိကြ၍ တန်ဖိုးနည်းပေး ဝယ်ခြင်းအား ခံရပြီး တိုင်းပြည် မည်မျှနစ်နာသွားသည်ကို မသိကြကြောင်း၊ ထိုကဲ့သို့ နွံထဲနစ်နေသည်ကို မြန်မာလူငယ်လူရွယ်များသည် မသိကြကြောင်း၊ ထိုသို့သိရန် နည်းပညာ၊ ဗဟုသုတ၊ ပညာ၊ လူမှုဆက်ဆံရေး သိဖို့လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ တိမ်ကောခဲ့သော မြစ်များနှင့် မြစ်တစ်စင်းသေရင် ရေစုပ်စက်တစ်သိန်းလောက်နှင့်လည်း ပြန်စုပ်၍မရနိုင်ကြောင်း၊ ယနေ့ခေတ်သည် ဒီမိုကရေစီခေတ်ဖြစ်သဖြင့် လူငယ်လူရွယ်များသည် သိအောင်လုပ်သင့်ကြောင်း၊ ထို့ကြောင့် မြစ်များ မတိမ်ကောစေရန် လူငယ်လူရွယ်များအား မိမိတို့၏ မိခင်မြန်မာပြည်ကြီးအား နွံထဲသို့မနစ်မြုပ်စေရန် နလုံးသားနှင့် မစဉ်းစားဘဲ ဦးနှောက်ဖြင့်စဉ်းစားကာ "ကူ၍တွန်းပေးပါ"ဟူ၍ ခေါင်းစဉ်ဖြင့် မျှဝေဟောပြောသွားခဲ့ပါသည်။



နာရေးကူညီမှုအသင်းရှိ အသင်းသား/သူ လူငယ်လူရွယ်များအား နာရေးကူညီမှုလုပ်ရာတွင် ယုံကြည်မှု (Trust)၊ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်တတ်မှုတို့သည် အရေးကြီးကြောင်း၊ နာရေးမှ မဟုတ်ဘဲ မည်သည့်အသင်းအဖွဲ့တွင်မဆို ၎င်းအရာများမရှိပါဘဲနှင့် ပါဝင်လာပါက မအောင်မြင် မပေါက်ရောက်နိုင်ကြောင်း ပြောကြားသွားခဲ့ပါသည်။ မည်သည့်ခေါင်းဆောင်မှ မြတ်စွာဘုရားလောက် ခွင့်လွှတ်မှု၊ သည်းခံမှု အပြည့်မရှိနိုင်ကြောင်း၊ ကိုယ်ကိုယ်တိုင်တောင် မှန်ကြည့်ပြီး ကဲ့ရဲ့ကာ အမြင်ကတ်နေကြောင်း၊ ထို့ကြောင့် ဖြည့်ဆည်း၍ နားလည် ပေးကြကာ ခရီးဆက်သင့်ကြောင်းကို ဝေမျှသွားခဲ့ပါသည်။ ခေါင်းဆောင်က တစ်၊ နှစ်၊ သုံး ... "တွန်း"ဟုဆိုရာတွင် တွန်းတဲ့သူနည်းပါတယ်။ ထို့ကြောင့် ညီညွတ်ဖို့လိုပါကြောင်း၊ မြန်မာများသည် သနားကြင်နာတတ်သည်၊ သို့သော် ညီညွတ်ဖို့ရန် လိုအပ်ပါသည်။ ဒီမိုကရေစီအကြောင်း သိအောင်ကြိုးစားကြပါရန်လည်း တိုက်တွန်းသွားခဲ့ပါသည်။

"ကျွန်းတုံးတစ်တုံးကို တွန်းရာတွင် ခိုတဲ့သူပါရင် လေးပါတယ်၊ တစ်ပြိုင်နက်တည်း မတွန်းရင် လေးပါတယ်၊ ဦးနှောက်အသိဉာဏ်မရှိရင် လေးပါတယ်" ဒါကြောင့် ကူ၍တွန်းပေး

www.burmeseclassic.com


ကြပါဟု ဆရာအော်ပီကျယ်မှ သတိပေး ပြောကြားသွားခဲ့ပါသည်။

ထို့ကြောင့် ဆရာအော်ပီကျယ်၏ "ကူ၍တွန်းပေးပါ"ဟူသော စာပေဟောပြောပွဲသည် ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်) အသင်းသား/သူများ၊ မျိုးဆက်သစ် လူမှုရေးခေါင်းဆောင်များအတွက် တန်ဖိုးမဖြတ်နိုင်သော အတွေးအခေါ်များ၊ အသိဉာဏ်များ တိုးပွားလာစေကာ ရှေ့ဆက်လျှောက်ရမည့် အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်ကြီးအတွက် များစွာ အထောက်အပံ့ကောင်းများ ရရှိစေလျက် ပြည်သူပြည်သားအားလုံး စည်းလုံးညီညွတ်စွာဖြင့် သယံဇာတ ပေါကြွယ်ဝသော ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးအား ကာကွယ်၊ စောင့်ရှောက်၊ ထိန်းသိမ်းကြရန် အရေးကြီးပါကြောင်း သိရှိလိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်မြို့ နဝဒေးနယ်မြေ ရွှေပေါက်ပင်တောရကျောင်းတိုက်တွင် တည်ထားကိုးကွယ်တော်မူသော မဟာအောင်မြေအောင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်၊ စိန်ဖူးတော်အထွဋ်တင်လှူပူဇော်ပွဲနှင့် ရွှေပေါက်ပင်ဆရာတော် (၆၂) နှစ်မြောက် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနားအား တက်ရောက်ရန်အတွက် နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဒေါ်ရွှေဇီးကွက်၊ အသင်းသား/သူများနှင့် ဦးရဲလွင်၊ ကိုဆောင်းဦးလှိုင် (အထူးဖည့်သည်တော်အသင်းသားများ) တို့နှင့်အတူ ၂၅.၇.၂၀၁၂ ရက်နေ့ နံနက် (၇း၀၀)နာရီအချိန်၌ နာရေးကူညီမှုအသင်း (ရန်ကုန်) ရုံးချုပ်မှ ရွှေစင်စကြာ ခရီးသွားမော်တော်ယာဉ်အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ပြည်မြို့သို့ ထွက်ခွာခဲ့သည်။

နံနက် (၈း၃၀) နာရီအချိန်ခန့်တွင် မှော်ဘီမြို့ရှိ "မြို့မ အခမဲ့ နာရေးကူညီမှုအသင်း" မှ ကြိုဆို၍ နံနက်စာ မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး ရုံးခန်းနှင့် မှော်ဘီမြို့ သုသာန်သို့ သွားရောက်၍ မီးသင်္ဂြိုဟ်စက်အား သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။ ထို့နောက် မှော်ဘီမြို့ရှိ နာရေးကူညီမှုအသင်းသား/ သူများနှင့် ရင်းနှီးစွာတွေ့ဆုံပြီး အကြံပြုချက်များ ပြောကြားခဲ့ကာ အမှတ်တရဓာတ်ပုံ ရိုက်ကူးခဲ့ပြီး မှော်ဘီမြို့မှ ဆက်လက်ထွက်ခွာခဲ့သည်။ နံနက် (၁၁း၀၀) နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် နတ်တလင်းမြို့ရှိ "ဟိတကာရီ သာရေးနာရေး ကူညီမှုအသင်း"သည် နတ်တလင်းမြို့အဝင်မှ ကြိုဆိုနှုတ်ဆက်ကာ ရုံးခန်းရှိရာသို့ ဝင်ရောက်ခဲ့သည်။ ယင်းနောက် နတ်တလင်းသုသာန်ရှိ "ကုသိုလ်ဖြစ် သုဗြဟ္မစာရီ"





## သီရိခေတ္တရာ နှင့် ဒိုင်ယာရီခြေလှမ်းများ

www.burmeseclassic.com

www.burmeseclassic.com



မီးသဂြိုဟ်ရေးအဖွဲ့နှင့် တွေ့ဆုံခဲ့ကာ ဖွဲ့လောင်စာသုံး မီးသဂြိုဟ်စက်အား လေ့လာခဲ့ကြပြီး "ဟိတကာရီ သာရေးနာရေး ကူညီမှုအသင်း"အား ထူထောင်ခဲ့သော ဆရာတော်ဘုရားကြီး၏ ကျောင်းတိုက်သို့ ဝင်ရောက်၍ ဂါရဝပြု ကန်တော့ခဲ့ကြသည်။ ထို့နောက် "ဟိတကာရီ သာရေးနာရေး ကူညီမှုအသင်း"မှ နေ့လည်စာ သီးစုံထမင်းဟင်းတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီးနောက် "ဟိတကာရီ သာရေးနာရေး ကူညီမှုအသင်း" အသင်းသား/သူများနှင့် Heart to Heart လူမှုရေးအဖွဲ့သား (၃၀၀) နီးပါးခန့်နှင့် တွေ့ဆုံ၍ လူမှုရေးကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့သည်။ ည (၇း၀၀)နာရီအချိန်တွင် ရွှေပေါက်ပင်ဆရာတော်ကြီး၏ မွေးနေ့အကြိုအဖြစ် အင်းလေးဒေသ၏ ကြာသင်္ကန်းယက်လုပ်ခြင်း ဇာတ်ဝင်ခန်းများပါဝင်သည့် ဦးကျော်သူ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော "အမေ့နို့ဖိုး" ရုပ်ရှင်ဇာတ်ကားအား ကြွရောက်လာကြသော ဘုရားဖူး ဓမ္မမိတ်ဆွေများနှင့် လုပ်အားဒါန ဝိုင်းဝန်းပြုလုပ်ပေးကြသော ဆရာတော်ဘုရားကြီး၏ တပည့်၊ ဒါယိကာ၊ ဒါယကာမများတို့အား ပြသခဲ့သည်။

၂၆.၇.၂၀၁၂ ရက်နေ့ နံနက် (၅း၃၀) နာရီအချိန်တွင် ရွှေပေါက်ပင်တောရကျောင်းတိုက်ရှိ အောင်မြေတွင် အပူဇော်ခံထားရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား မျက်နှာတော်သစ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ဆက်ကပ်ခြင်းနှင့် မြတ်စွယ်တော်ပူဇော်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ နံနက် (၉း၀၀)နာရီအချိန်တွင် ဝါဆိုကြာသင်္ကန်း ကပ်လှူပူဇော်ရန်အတွက် ကြာသင်္ကန်းယက်လုပ်မည်ဖြစ်သော ကြာရိုးကြာပန်းခိုင်တို့အား ရန်ကုန်မှ လိုက်ပါလာသော OK ရှမ်းအိုးစည်အဖွဲ့နှင့်အတူ အပူဇော်ခံ လှည့်လည်ခြင်း အခမ်းအနားအား ကျင်းပခဲ့ပြီး ရွှေပေါက်ပင်ကျောင်းဝန်းတွင် တည် ဆောက်ဆဲ ဓမ္မာရုံအဆောက်အဦ အပေါ်ထပ်၌ ကြာသင်္ကန်းယက်လုပ်ရန်အတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ အင်းလေးရှိ ရေသာဘုရားကျိန်းကျောင်း၌ "ရေကြည်စမ်း ပညာဒါနသင်တန်း"မှ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီး အောင်မြင်ခဲ့သော ကျောင်းသူလေးများတို့သည် ကြာရိုးမျှင်များထုတ်၍ ဝါဆိုကြာသင်္ကန်း ယက်လုပ်ခဲ့ကြသည်။ နေ့လည် (၁း၀၀)နာရီအချိန်တွင် ပြည်မြို့ရှိ ရတနာမာန်အောင်ကျောင်း၌ ဖွင့်လှစ်ထားသော သုခကုသိုလ်ဖြစ်ဆေးခန်း (ပြည်)မှ သုခအလင်း ပညာဒါနသင်တန်း ဖွင့်လှစ်၍ ပညာသင်ကြားနေသော ကျောင်းသား/သူများ၊ ဆရာ/မများနှင့် ကျောင်းသားမိဘများ တွေ့ဆုံပွဲ အခမ်းအနားအား ကျင်းပခဲ့သည်။ ယင်းအချိန်တွင် ပြည်မြို့ဆေးရုံကြီး၌ အရေးပေါ် လူနာတစ်ဦးအတွက် အသက်ကယ်တင်ရန် (အို)သွေးလိုအပ်နေကြောင်း သိရှိရသည့်အတွက်



နာရေးကူညီမှုအသင်း (ရန်ကုန်)မှ အသင်းသူ ဒေါ်ခင်သီတာအောင်သည် မိုးမေတ္တာ သွေးလှူ အဖွဲ့နှင့်အတူ ဆေးရုံကြီးသို့ လိုက်ပါလှူဒါန်းခဲ့သည်။ နေ့လည် (၃း၀၀)နာရီအချိန်တွင် ရွှေပေါက်ပင် တောရကျောင်းသို့ ရောက်ရှိနေကြသော လုပ်အားပေးအဖွဲ့များ၊ ဘုရားဖူး ဓမ္မမိတ်ဆွေများအား ဦးရဲလွင်၊

www.burmeseclassic.com



ကိုဆောင်းဦးလှိုင်တို့နှင့်အတူ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ တွဲဖက်၍ ဖျော်ဖြေပွဲတစ်ရပ်အား ကျင်းပပြုလုပ်ခဲ့ကြသည်။ ညနေ (၄း၀၀)နာရီအချိန်တွင် နာရေးကူညီမှုအသင်း(ရန်ကုန်) အတွင်းရေးမှူး ဒေါ်ရွှေဇီးကွက်မှ ပြည်မြို့ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့ရှိ "စေတနာ နာရေးကူညီမှုအသင်း"သို့ သွားရောက် တွေ့ဆုံခဲ့ရာ အိမ်ခြေ (၂၀၀၀) ခန့်၊ လူဦး ရေ တစ်သောင်းဝန်းကျင်တို့ အသုံးပြုလျက်ရှိသည့် ပုတီးကုန်းမြို့သုသာန်အား ဝင်ရောက်လေ့လာခဲ့ကြသည်။ ည (၇း၀၀) နာရီအချိန်မှ စတင်၍ မြန်မာပြည်သူ/သားများ၊ ကမ္ဘာပြည်သူ/သားများအား မေတ္တာပို့သ၍ မြတ်စွာဘုရားရှင်အား မေတ္တာပန်းရနံ့စုံဖြင့် ကပ်လှူရန်အတွက် သီကုံးခြင်း အခမ်းအနားအား မေတ္တာပို့သသံများ လွှမ်းခြုံကာ ည (၉း၀၀) နာရီအချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။



သုခကုသိုလ်ဖြစ်ဆေးခန်း (ကြို့ပင်ကောက်) ဖွင့်ပွဲအခမ်းအနား

၂၇.၅.၂၀၁၂ ရက်နေ့ နံနက် (၅း၃၀) နာရီအချိန်ခန့်တွင် မြတ်စွာဘုရားရှင်အား သစ်သီးဆွမ်းကပ်လှူဒါန်းခြင်း၊ နံနက် (၈း၀၀) နာရီအချိန်တွင် ရွှေပေါက်ပင်တောရဆရာတော် ဘဒ္ဒန္တသောမာစာရ (၆၂) နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနား၌ နာရေး ကူညီမှုအသင်း (ရန်ကုန်)မှ မဟာအောင်မြေအောင်စေတီ စိန်ဖူးတော်တင် အခမ်းအနား၌ လိုအပ်သည့် ဝါးငြမ်းတည်ဆောက်မှု ကုန်ကျစရိတ်များနှင့် ရွှေပေါက်ပင်တောရကျောင်းတိုက်တွင် အသုံးပြုရန်အတွက် ရေစုပ်စက် (၁) လုံးအား နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ + ဒေါ်ရွှေဇီးကွက် (မိသားစု) တို့မှ လှူဒါန်းပေးအပ်ခြင်းနှင့် ရွှေပေါက်ပင်ဆရာတော် ဘဒ္ဒန္တ သောမာစာရမှ မွေးနေ့အလှူမြတ်ဒါနအဖြစ် ပဲခူး မြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာ ဣန္ဒနိမ္မိတ စာရမှ မွေးနေ့အလှူ မြတ်ဒါနအဖြစ် ပဲခူး မြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာ ဣန္ဒနိမ္မိတ သုခ ကုသိုလ်ဖြစ် ဆေးပေးခန်းနှင့် သုခကုသိုလ်ဖြစ် ဆေးခန်း (ပြည်)အတွက် အလှူငွေ (၁) သိန်း ကျပ်စီအား လှူဒါန်းခဲ့သည်။ နံနက် (၈း၃၀) နာရီအချိန်တွင် ရွှေပေါက်ပင်တောရကျောင်းရှေ့ရှိ ကြာကန်ကြီးတွင် ငါးဘေးမဲ့လွှတ်ပွဲ အခမ်းအနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကာ နံနက် (၉း၀၀)နာရီအချိန်တွင် မဟာအောင်မြေအောင်စေတီ စိန်ဖူးတော်အထွဋ် တင်လှူ ပူဇော်ပွဲ အခမ်းအနားအား ရွှေပေါက်ပင်ဆရာတော်ကြီးနှင့် နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌဦးကျော်သူတို့နှင့် ရပ်နီးရပ်ဝေးမှ ရောက်ရှိလာကြသော ဘုရားဖူး မိတ်ဆွေများ။

www.burmeseclassic.com

www.burmeseclassic.com


နာရေးကူညီမှုအသင်း (ရန်ကုန်) အသင်းသား/သူများ၊ ဆရာတော်ကြီး၏ တပည့် ဒါယကာ/မများ တို့ဖြင့် မိုးရေစက်များကြားမှ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ နေ့လည် (၂း၀၀) နာရီအချိန်တွင် နာရေးကူညီမှုအသင်း (ရန်ကုန်) အတွင်းရေးမှူး ဒေါ်ရွှေဇီးကွက်သည် ပြည်မြို့ရှိ မိုးမေတ္တာ ပရဟိတလူငယ်အဖွဲ့ခေါင်းဆောင် ကိုညီညီအောင်နှင့်အတူ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့ရှိ သာရေးနာရေးအဖွဲ့မှ ထင်းလောင်စာသုံး မီးသင်္ဂြိုဟ်စက်အား သွားရောက်လေ့လာခဲ့ကြသည်။ ရွှေပေါက်ပင်တောရကျောင်းတိုက်၏ အလှူ့ဒါနကုသိုလ်ပွဲကြီးအား တစ်နေကုန်နီးပါး ပင်ပန်းနွမ်းနယ်စွာလုပ်အားဒါနပြုခဲ့ကြသော ဘုရားဖူး ဓမ္မမိတ်ဆွေအပေါင်းတို့အား ဦးကျော်သူ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော "ပုဏ္ဏားဘကွန်း" ရုပ်ရှင်ဇာတ်ကားအား ည (၇း၃၀) နာရီအချိန်တွင် ပြသခဲ့သည်။


ဥသျှစ်ပင်မြို့မှ သာရေးနာရေးအဖွဲ့နှင့် ထင်းလောင်စာသုံး မီးသင်္ဂြိုဟ်စက်အား လေ့လာမှု

၂၈.၇.၂၀၁၂ ရက်နေ့ နံနက် (၇း၀၀) နာရီအချိန်တွင် ရွှေတောင် နာရေးကူညီမှုအသင်းမှ ဒါနပြုကျွေးမွေးသော ရွှေတောင်ခေါက်ဆွဲအား ရွှေပေါက်ပင်ကျောင်းဝင်းတွင် နာရေးကူညီမှုအသင်း (ရန်ကုန်) အဖွဲ့သား/သူများ သုံးဆောင်ပြီး ဆရာတော်ဘုရားကြီးအား နှုတ်ဆက်ဂါရဝပြုကာ ရန်ကုန်အပြန်ခရီးတွင် ကြို့ပင်ကောက်မြို့ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) သုခကုသိုလ်ဖြစ်ဆေးခန်းမှ ဖွင့်လှစ်ပေးလိုက်သော နှလုံးလှဆရာတော် အရှင်ပါမောက္ခ ဦးစီးသော နာရေးကူညီမှုအသင်း (ရန်ကုန်)၏ "သုခကုသိုလ်ဖြစ် ဆေးခန်း (ကြို့ပင်ကောက်)" ဖွင့်ပွဲအခမ်းအနား ကျင်းပရာသို့ နံနက် (၁၁း၀၀)နာရီအချိန်တွင် ရောက်ရှိခဲ့သည်။ ထိုနေ့ [illegible]က် နှလုံးလှဆရာတော် အရှင်ပါမောက္ခ၊ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဦးဝင်းမြင့်နှင့် နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး မြို့နယ် သံဃာနာယက ဆရာတော်ကြီးထံမှ ဩဝါဒခံယူကာ အများပြည်သူကိုယ်စား ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။ အခမ်းအနားတွင် နှလုံးလှဆရာတော် အရှင်ပါမောက္ခမှ ဆေးခန်း ဖွင့်လှစ်ခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခြင်း၊ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူမှ နှုတ်ခွန်းဆက် အမှာစကားပြောကြားခြင်း၊ သုခကုသိုလ်ဖြစ်ဆေးခန်း (ကြို့ပင်ကောက်) တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဦးဝင်းမြင့်မှ အမှာစကားပြောကြားခြင်း၊ နာရေးကူညီမှုအသင်း (ရန်ကုန်) အတွင်းရေးမှူး ဒေါ်ရွှေဇီးကွက်မှ အမှာစကားပြောကြားခြင်း၊ သုခကုသိုလ်ဖြစ်ဆေးခန်း (ကြို့ပင်ကောက်) ဥက္ကဋ္ဌ ဦးမြင့်သိန်းမှ ကျေးဇူးတင်စကား ပြောကြား

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီး သုခကုသိုလ်ဖြစ်ဆေးခန်း (ကြို့ပင်ကောက်)တွင် ဆေးကုသမှုခံယူခဲ့သော လူနာတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အခမ်းအနားအား နေ့လည် (၃း၀၀)နာရီအချိန်တွင် စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ခဲ့ပြီး ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာခဲ့တော့သည်။

**ကျော်ချ**



www.burmeseclassic.com

www.burmeseclassic.com

# အဘ



အဘနာမည်က ဦးသန်းမြင့်ပါ။ ကမ္ဘာကျော် လက်ဖက်ရည်ဆိုင်၊ ပရိဘောဂဆိုင်၊ တာမွေ ပလာဇာနဲ့ မျက်နှာချင်းဆိုင်ရှေ့မှာ နေတယ်။ နာဂစ် ပြီးမှ အဘ ဒီကိုရောက်လာတာ။ ဟိုတုန်းကတော့ ၁၅၇ လမ်းက မိတ်ဆွေတစ်ယောက်အိမ်မှာ နေတယ်။ သူတို့ ရွှေပြည်သာကို ပြောင်းသွားတယ်။ အဘကို ထားခဲ့ကြတယ်။ ထားခဲ့တဲ့အတိုင်း အဘနေတာပဲ။

အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် အဘပြောချင်တာက အတိတ်ကိုထားလိုက်တော့၊ အခု ပစ္စုပ္ပန်မှာ အဘကို ဦးကျော်သူက ကူညီခဲ့လို့ အခု ပစ္စုပ္ပန်မှာ အဘ ရပ်တည်နေနိုင်တာ၊ မနက်ဖြန် အဘ ဘာဖြစ်မလဲ မပြောနိုင်ဘူး။ လမ်းထွက်သွားရင် ယာဉ်အန္တရာယ်၊ ယာဉ်ကြော အဘ တိမ်းရှောင်ပြီး သွားနေရတယ်။ အဘ ဆေးရုံက ဆင်းလာတယ်။ တစ်နှစ်တိတိ သူများအိမ်မှာနေတယ်။ စိတ်ဖိစီးမှုဒဏ် အဘ ခံစားခဲ့ရတယ်။ သာမန်လူကောင်းတစ်ယောက် မဟုတ်ဘူး။ သူများလို အလူမီနီယံနဲ့ မသွားနိုင်ဘူး။ သစ်သားလေးချောင်းထောက်လေးနဲ့ ကျွန်းသားနဲ့ လုပ်ထားတာလေးနဲ့ အဘ ဟော ... ဒီလို ထော့နဲ့ ထောနဲ့ သွားရတယ်။


ပထမဦးဆုံး ဦးကျော်သူနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းအလယ်ခေါင်မှာ လက်တစ်ဖက်က ပတ်တီးလေးနဲ့ ကားခေါင်းခန်းမှာ ထိုင်နေတယ်။ အဘ မိုးရေထဲမှာ ဖြေးဖြေးနဲ့သွားတယ်။ သူက လက်ထဲမှာ တစ်ထောင်တန် ထုတ်ပေးပြီး လှူတယ်။ ဩော် ... ဦးကျော်သူ သူက မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေနဲ့ အဘကို တစ်ထောင်တန်ပေးတယ်။ ဩော် ... ဦးကျော်သူ၊ ကျွန်တော် လက်မခံပါရစေနဲ့။ ဘာဖြစ်လို့လဲအဘလို့ သူက ပြန်မေးတယ်။ ကျွန်တော် ခင်ဗျားကို

www.burmeseclassic.com

www.burmeseclassic.com



ဘာအလုပ်တစ်ခုမှ လုပ်မပေးခဲ့ဖူးဘူး။ မဟုတ်ဘူး၊ ကျွန်တော် သဒ္ဓါပေါက်လို့ အဘကို လှူတာပါတဲ့၊ အချိန်မရွေး လိုအပ်တဲ့ အကူအညီရှိရင်ပြော ကျွန်တော့်ဆီ လာခဲ့ပါတဲ့။ တစ်နှစ်ပြည့်တဲ့အခါကျမှ အဘကို ယောဂီဝတ်နဲ့ အဘွားကြီးတစ်ယောက်က ဦးသန်းမြင့် ရှင် ... ဦးကျော်သူဆီ သွားပြီး အကူအညီတောင်းကြည့်ပါလား ... သွားနိုင်လာနိုင်အောင်လို့ပေါ့ ... ရရင်လည်း ရမယ်၊ မရရင်လည်း မရဘူးပေါ့။ ဒါနဲ့ အဘလည်း TAXI အငှားကားလေးနဲ့ သင်္ဃန်းကျွန်းမှာရှိတဲ့ နာရေးကူညီမှုရုံးကိုသွားပြီး သူ့ကို အကူအညီတောင်းတယ်။ ဟိုလဲရောက်ရော ဦးကျော်သူက ကင်မရာယူပြီး အဘကို ဓာတ်ပုံရိုက်တယ်။ သောကြာနေ့မှာ သွားတယ်။ တနင်္လာနေ့မှာ Wheel Chair လာပေးတယ်။ အဘ အိပ်မက်ထဲတောင် မမက်ခဲ့ဘူး။ အဲဒီ Wheel Chair



ပေးတဲ့နေ့က အဘကို ဦးကျော်သူကိုယ်တိုင် လာခေါ်တယ်။ ဟိုလည်းကျရော အဘ ဒီမှာ Wheel Chair တဲ့ ... ကျွန်တော် ကူညီမယ်လို့ ပြောထားပြီးပြီတဲ့ ... အဘ ပီတိတွေဖြစ်ပြီး မျက်ရည်တွေကျတယ်။ ဦးကျော်သူ ဘာပြောလဲသိလား ... ?

"ကျွန်တော်လိုချင်တာ ဒါပဲတဲ့ ... လူတစ်ယောက်ရဲ့ ဝမ်းသာပီတိကို ...။"

မြန်မာနိုင်ငံမှာ သန်းပေါင်းမြောက်မြားစွာ ချမ်းသာတဲ့လူတွေ အများကြီးရှိတယ်။ ဆင်းရဲတဲ့လူတွေလည်း အများကြီးရှိတယ်။ အဲဒီ ဆင်းရဲ၊ ချမ်းသာ ဒွန်တွဲနေတဲ့ထဲမှာမှ အဘကို လှူနိုင်တဲ့လူ သူဟာ ဦးကျော်သူတစ်ယောက်ပဲရှိတယ်။

သံဃာတော်တွေ ဆန္ဒပြတုန်းက စစ်ကားတွေ Round လှည့်နေတယ် ... လူတိုင်းက ပြောတယ် ... ခင်ဗျားတဲ့ ဒီစာတန်းလေး ဖြုတ်ထားလိုက်ပါလား ... ဘာလို့ဖြုတ်ရမှာလဲ ... ဒါ ကိုယ့်ရဲ့ အသက်သခင် ကျေးဇူးရှင် ... ဒီ Wheel Chair အနောက်က စာတန်းက အဘရဲ့ ရင်ထဲက ဖြစ်ပေါ်လာတဲ့ ဆန္ဒနဲ့ ရေးထိုးထားတာ။

ကျွန်တော် ညအိပ်ရာဝင်တော့မယ်ဆို အမြဲတမ်း ဦးကျော်သူက ကျွန်တော့်ထက် အသက် အများကြီးငယ်ပါတယ်။ ကျန်းမာပါစေ ... ချမ်းသာပါစေ ... အမြဲတမ်း ကျွန်တော် မေတ္တာပို့တယ်။ ဟိုတစ်ခါကိစ္စနဲ့ ပတ်သက်ပြီးတော့ အဘ BBC နားထောင်တယ်။ VOA နားထောင်တယ်။ လူများတွေက လာပြောတယ်။ သူတို့ပြောတာတွေ အဘ ကိုယ့်ဦးနောက်နဲ့

www.burmeseclassic.com



ချင့်ချိန်လိုက်တယ်။ ဘာဖြစ်လို့လဲ ... မှန်တာလုပ်ရင်တော့ အမှန်အတိုင်းပဲ ဖြစ်ရမှာပဲ ... အချိန်တန်တော့ အမှန်တိုင်းဟာ အမှန်တရားအတိုင်း သူ့ဟာသူ ပြီးသွားတာပဲ။ အလင်္ကာတန်းဂျာနယ် အဘ အပတ်တိုင်း ဝယ်ဝယ်ဖတ်တယ်။ ဟိုတုန်းကဆို ဦးကျော်သူပုံ နာရေးကူညီမှုအသင်း အလှူငွေလက်ခံတဲ့ပုံ အမြဲတမ်းပါတယ်။ အခု လုံးဝ သူ့နာမည်မပါဘူး။ သူ့ဓာတ်ပုံတွေလည်း မတွေ့ရတော့ဘူး။ အခုကြည့် ခိုင်ရွှန်းလဲ့ရည် နာရေးကူညီမှုအသင်း အလှူငွေလှူဒါန်းတာတွေ ဘာတွေ ဦးကျော်သူနာမည် တစ်ချက်မပါဘူး ... ခါတ်မှန်ခန်းအတွက်ဆိုလားပဲ ...။

နောက်ပိုင်း ဟိုကိစ္စနဲ့ပတ်သက်ပြီးကတည်းက လုံးဝ သူ့ပုံမပါတော့ဘူး။ လွန်ခဲ့တဲ့မနှစ်က ၁၂ လပိုင်းလားမသိဘူး။ ကျားကွက်သစ်မှာ နာရေးအတွက် ဦးကျော်သူကား ကျောက်မြောင်းလမ်းကနေ ကွေ့ဝင်သွားတော့ အဘတွေ့လိုက်တာနဲ့ အဘ ချက်ချင်း Wheel Chair တွန်းပြီး လိုက်သွားတာ ... ခုနက နိဗ္ဗာန်ယာဉ် ဘယ်သွားလဲ ...? အဲသည့်ဘက်ကို ဆင်းသွားတယ်တဲ့ ... ဓမ္မဝိဟာရလမ်းထဲကနေ။ ဟိုး ... စိုင်းထီးဆိုင်နေတဲ့လမ်းလေ။ ဟိုး ... ကျားကွက်သစ်ကျတော့ လမ်းကလည်း တော်တော်ဆိုးတာ ... အဘ သွားလဲသွားရော သူနဲ့ ထိပ်တိုက်တွေ့ရော ... စကားပြောဖြစ်တယ်။ ကျွန်တော့်ကို ရုပ်ရှင်လဲ မရိုက်ရအောင် ... ဗီဒီယိုလဲ မရိုက်ရအောင် အကုန်လုံးပိတ်ထားတယ်။ အဲ့တော့ ဦးကျော်သူက နှုတ်ခမ်းမွှေး ... ပါးသိုင်းမွှေးနဲ့



အသားတွေမည်းပြီး ဆံပင်လည်း ရှည်လာတယ်။ လွန်ခဲ့တဲ့ ၄ နှစ်လောက် Wheel Chair လှူတုန်းက ဟိုဘုန်းကြီးကျောင်းမှာလေ ရုပ်ရည်များဆို တခြားစီပဲ ယူပစ်သလိုကိုဖြစ်သွားတာပဲ။ အဘ ကြည့်ပြီးတော့လေ စိတ်မကောင်းလိုက်တာ ...။

ဦးကျော်သူကနေပြီး အဘအတွက် T-Shirt လေးလဲ လက်ဆောင်ပေးလိုက်တယ်၊ အဘရဲ့ ကျန်းမာရေးအတွက် လိုအပ်တဲ့ ဆေးဝါးဓာတ်စာလည်း ဝယ်ယူဖို့အတွက် ဦးကျော်သူကနေ ပိုက်ဆံ ၁၀၀၀၀ိ/- (တစ်သောင်းကျပ်)ကို ထပ်မံလှူဒါန်းလိုက်ပါတယ်၊ ဘုန်းကြီးကျောင်းဆေးခန်းကို တစ်ခါ နေမကောင်းလို့လေ Wheel Chair နဲ့ တာမွေကုန်းကနေ တက်ပြီးတော့ သုခဆေးခန်းလေ။ အဲဒီနေ့ သောက်ဆေးတွေလဲ အများကြီးပေးလိုက်တယ်။ အဘကို ပိုက်ဆံ ၃၀၀၀ိ/- (သုံးထောင်ကျပ်) ထပ်ပေးလိုက်သေးတယ်။ အဘ ထမင်းပယ်စားနော်၊ လက်ဖက်ရည်သောက်နော်၊ ကျွန်တော် လက်မခံပါရစေနဲ့ပြောလဲ မရဘူး အတင်းပဲ။ သူ့အမျိုးသမီး ဒေါ်မြင့်မြင့်ခင်ဖေက “အဘတဲ့ အဘကို ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်တဲ့


www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက ဓာတ်ပုံထဲမှာပဲ တွေ့ဖူးတယ်တဲ့။ ဦးကျော်သူတစ်ယောက် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ရှိပါစေလို့ ကျွန်တော် နှုတ်ဆက်လိုက်ပါတယ်။

အဘ ဦးသန်းမြင့်ကဲ့သို့ပင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဆင်းရဲနွမ်းပါး၍ မသန်မစွမ်းဖြစ်နေသူတို့ကိုလည်း ကျွန်ုပ်တို့ တတ်နိုင်သည့်ဖက်မှ ကူညီပံ့ပိုးမှုများကို လုပ်ဆောင်ပေးခဲ့မှုများအား အောက်ပါပုံများနှင့် တင်ပြအပ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com





# "အမေ... ဦးကျော်သူ့ဆီ မရောက်ရောက်အောင် သွား ကူ"

လူ့ခန္ဓာကိုယ်ရှိ အစိတ်အပိုင်းများထဲတွင် အရေးအကြီးဆုံး အပိုင်းတစ်ခု အပါအဝင်ဖြစ်သည့် မျက်စိအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့မှစ၍ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ သုခကုသိုလ်ဖြစ်ဆေးခန်းရှိ မျက်စိဆေးရုံ၌ ခေတ်မီခွဲစိတ်ကိရိယာများဖြင့် မျက်စိဝေဒနာရှင်များအား စက္ခုအလင်းရရှိအောင် စေတနာရှင် ဆရာဝန်ကြီးများ၏ ကူညီပံ့ပိုးမှုဖြင့် (အခမဲ့) မျက်စိခွဲစိပ်ကုသမှု စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

၂၅.၁.၂၀၁၃ ရက်နေ့ ညနေ (၅း၀၀)နာရီ ကျွန်မတို့ လူမှုရေးဝန်ထမ်းများ အားလုံးတို့၏ အိမ်ပြန်သည့်အချိန်တွင် နာရေးကူညီမှုအသင်း (ရန်ကုန်) ရုံးချုပ်၏ လုံခြုံရေးဂိတ် အရှေ့ထိုင်ခုံတွင် မျက်လုံးတစ်ဖက်သည် မျက်စိအိမ်အတွင်းမှ လွန်စွာပြူးထွက်နေသော အမျိုးသမီးတစ်ဦးအား အမှတ်မထင် တွေ့ခဲ့မိသည်။ နောက်တစ်နေ့ နံနက် ရုံးတက်ချိန်တွင် ၎င်းအမျိုးသမီးအား ပြန်လည်တွေ့ရှိခဲ့ရာ ၎င်းအမျိုးသမီးအား မည်ကဲ့သို့ ယခုလို မျက်စိဝေဒနာဖြစ်ခဲ့ရကြောင်းကို မေးမြန်းခဲ့ရာ သူမ၏ ဖြစ်စဉ်ဖြစ်ရပ်အား စိတ်မကောင်းစွာ ပြောပြခဲ့သည်။ ၎င်းအမျိုးသမီးသည် ဖျာပုံ၊ ၁၇ ရပ်ကွက်၊ မြို့ပတ်လမ်း၊ နယ်မြေ (၇) တွင် နေထိုင်သူ ဖြစ်သည်။ "ကျွန်မ ဒေါ်အေးပြုံးပါ။ အသက် (၆၉)နှစ်ရှိပါပြီ။ ခင်ပွန်းသည် ကွယ်လွန်တာ (၂၆)နှစ်ရှိပြီ။ သားနှစ်ယောက်နဲ့ ဘဝကို ဖြတ်သန်းနေရင်းနဲ့ နာဂစ်မုန်တိုင်းကျတော့ သားနှစ်ယောက်စလုံးကို ဆုံးရှုံးသွားခဲ့တယ်။ ဒီမျက်လုံးဖြစ်တာက ထမင်းချက်ဖို့ ထင်းခွဲရင်း သစ်ကိုင်းစက မျက်စိကို စိုက်သွားတာ။ အရှိန်ပြင်းတယ်။ တစ်နေ့လုပ်မှ တစ်နေ့စားရတော့ နာတော့လည်း ပိုက်ဆံမရှိလို့ မကုခဲ့ဘဲ နေခဲ့တယ်။ ဖြစ်တာက (၂)နှစ်လောက်ရှိပြီ။ အခု မခံမရပ်နိုင်အောင် နာလွန်းအားကြီးလို့ ဆံပင်ဖြတ်ပြီး ရန်ကုန်ကို ဆင်းလာခဲ့တာပါ။ ဆံပင်ရောင်းတာ ၇၀၀၀ိ/- (ခုနစ်ထောင်) ရတယ်။ ရွာမှာရှိတဲ့ လူတွေက ဦးကျော်သူဆီသွားဖို့ပြောလို့ ရောက်လာခဲ့တာ။ အိမ်မှာတစ်ယောက်တည်းဆိုတော့ ကျော်သူရှိတဲ့နေရာကို မသိဘူး။ ကျွန်မတို့ရွာက ရင်သား

www.burmeseclassic.com

ကင်ဆာဖြစ်နေတဲ့ သမီးတစ်ယောက်နဲ့ လူကြုံလိုက်လာတာ။ သူကလည်း ကျော်သူ့ဆေးခန်းမှာ ကုဖို့ဆိုတော့ အတူတူလိုက်လာတာ၊ တည်းဖို့က ဘုန်းကြီးကျောင်းကို အရင်သွားတယ်။ ဘုန်းကြီးကျောင်းမှာ နေရာမရှိတော့လို့ ... ကိုယ်သိတဲ့ ဘုန်းကြီးကျောင်းကလည်း မရှိတော့။ အခု ဒလဘက်ခြမ်း ကမ်းနားမှာရှိတဲ့ တည်းခိုခန်းတစ်ခုမှာတည်းတယ်။ မခံစားနိုင်လွန်းလို့ ရောက်လာခဲ့တာပါ”ဟု မျက်ရည်ဝဲကာ ပြောပြခဲ့သည်။ မျက်စိသည် အလွန် အံ့ဩဖွယ်ကောင်းသော အစိတ်ပိုင်းတစ်ခု ဖြစ်သည့်အပြင် လွန်စွာမှ ဂရုစိုက်ရသည့် အစိတ်အပိုင်းဖြစ်သည်။ မျက်စိသည် ကိုယ်ခန္ဓာအတွက် အသုံးဝင်၍ အလွန်သိမ်မွေ့နူးညံ့သော အပိုင်းတစ်ခု ဖြစ်၏။ အနည်းငယ်သော ဒဏ်ရာနှင့်ပင်လျှင် မျက်စိကို ဒုက္ခပေးနိုင်ပြီး မျက်စိကို ကွယ်စေနိုင်သည်။ ထို့ကြောင့် မျက်စိများကို ဂရုတစိုက်စောင့်ရှောက်ရန် လိုအပ်ပေသည်။ ထို့ကြောင့် သုခကုသိုလ်ဖြစ် ဆေးခန်းမှ မျက်စိဆရာဝန် ဒေါက်တာချိုချိုလှိုင်မှ မျက်စိဝေဒနာရှင် ဒေါ်အေးပြုံးအား ခွဲစိတ်ကုသရန်အတွက် သဃ်န်းကျွန်းဆေးရုံ မျက်စိခွဲစိတ်ခန်းတွင် အကြီးစား ခွဲစိတ်ရန်အတွက် သုခကုသိုလ်ဖြစ်ဆေးခန်းမှ ခွဲစိတ်ခန်းကုန်ကျငွေအား ဆေးကူညီမှုစနစ်ဖြင့် ခွဲစိတ်ကုသပေးတော့မည်ဖြစ်သည်။ ဒေါ်အေးပြုံးသည် ဆံပင်ဖြတ်၍ ရောင်းချခဲ့သည့်ငွေဖြင့် ခွဲစိတ်စရိတ်၊ ဆေးခန်းစရိတ် မကုန်ကျသော်လည်း တည်းခိုစရိတ်၊ ခရီးစရိတ်၊ စားစရိတ် အဘယ်ကဲ့သို့ စခန်းသွားမည်နည်း။

ထိုကဲ့သို့တွေးနေခိုက် လူနာတိုကင်ဆောင်မှ ဖုန်းဆက်၍ ကင်မရာနှင့် မှတ်တမ်းယူလာရန် ခေါ်ဆို၍ သွားရောက်ခဲ့သည်။ ထိုစဉ် တိုက်ဆိုင်စွာဖြင့် လူနာအမျိုးသမီးတစ်ဦး၏ ဒဏ်ရာသည် ဒေါ်အေးပြုံးနှင့် ဆင်တူ ဖြစ်ရပ်မတူသော ဒေါ်အေးသန်း အသက် (၅၇)နှစ်သည် သူ၏ မြေးလေးနှင့်အတူ ကစားခဲ့စဉ် မြေးလေး၏လက်နှင့် မျက်လုံး အား မတော်တဆ ရိုက်မိခဲ့သည်။ ရိုက်မိခဲ့သည့် နောက်ပိုင်းတွင် ရာသီဥတု အအေးဒဏ်ကြောင့် ရံဖန်ရံခါ နာတစ်လှည့် အောင့်တစ်ချက်ဖြင့် နေထိုင်ခဲ့သည်မှာ (၅) နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီး ယခုကဲ့သို့ မျက်လုံးအသားထွက်လာသည်မှာ (၇) လ ရှိပြီဖြစ်သည်။ မျက်စိမမြင်ရသည်မှာ (၃)လခန့်ရှိပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။



ဒေါ်အေးသန်းသည် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကော့ကရင်ကျေးရွာတွင် နေထိုင်သူဖြစ် ပြီး ၎င်းမျက်စိဒဏ်ရာဖြင့် သားဖြစ်သူနေထိုင်ရာ ကော့သောင်းမြို့သို့ အလည်သွားရောက်ခဲ့ရင်း ဦးကျော်သူရဲ့ နာရေးကူညီမှု အသင်း DVD အခွေကို ကြည့်ဖြစ်ခဲ့သည်။ ဒေါ်အေးသန်း၏

www.burmeseclassic.com

သားမှ "အမေ ဦးကျော်သူဆီကို မရောက်ရောက်အောင်သွားက ... အမေပျောက်သွားတဲ့ မှတ်ပုံတင်ကို သား ကော့သောင်းမြို့မှာ ထောက်ခံစာလုပ်ပေးမယ်"ဆိုပြီး အဆင်ပြေခဲ့သည်။ ဒေါ်အေးသန်း၏ မှတ်ပုံတင်သည် သူမ၏ နေရပ်ရွာ "မာရမ်း"တွင် နေထိုင်စဉ် ရာသီဥတုကြောင့် ရေလွှမ်းမိုးမှုကြောင့် မှတ်ပုံတင်ပျောက်သွားခဲ့သည်။ သားဖြစ်သူ လုပ်ပေးလိုက်သည့် မှတ်ပုံတင်ကိုယူပြီး ချွေးမနှင့်အတူ ရန်ကုန်မြို့ရှိ တည်းခိုခန်းတွင် တည်းခိုနေထိုင်ကာ ဦးကျော်သူ၏ ဆေးခန်းဆီသို့ အရောက်လာခဲ့ကြောင်း စိတ်ရှည်လက်ရှည် ပြောပြခဲ့သည်။

ယခု တင်ပြလိုက်သော မျက်စိဝေဒနာရှင် (၂)ဦးလုံးသည် မျက်စိဝေဒနာအား နှစ်နှင့်ချီ ခံစားခဲ့ကြသည်။ အကယ်၍ သုခကုသိုလ်ဖြစ် မျက်စိဆေးရုံသာ မဖွင့်ဖြစ်ခဲ့လျှင် မည်သို့ပင် မခံမရပ်နိုင်အောင် နာကျင်မှုဒဏ်အား ကြိတ်မှိတ်ခံစားပြီး မျက်စိကွယ်သည်အထိ နေကြတော့မည်လား။ စိတ်ဓာတ်ပြင်းပြသော လူနာများမို့လို့သာ ဦးကျော်သူ မျက်စိဆေးရုံသို့ မရောက်,ရောက်အောင် လာခဲ့ခြင်းပင်ဖြစ်သည်။ ငွေကြေးလည်း မပြည့်စုံ၊ ဝေဒနာများကိုလည်း ခံစားနေရကာ စိတ်လျှော့လိုက်ကြသည့် မျက်စိဝေဒနာသည် မည်မျှ များပြားနေဦး မည်နည်း။ မည်သို့ပင်ဖြစ်စေကာမူ မျက်စိဝေဒနာရှင် ဒေါ်အေးပြုံးနှင့် ဒေါ်အေးသန်းတို့ နှစ်ဦးလုံးအား သုခကုသိုလ်ဖြစ် မျက်စိဆေးရုံမှ ဝေဒနာပျောက်ကင်းစေရန် စေတနာရှင် ဆရာဝန်ကြီးများ အကူအညီဖြင့် ဗြဟ္မစိုရ်တရား လေးပါးအား လက်ကိုင်ပြုလျက် ဆေးဝါး ကုသပေးနေလျက် ရှိပေတော့သည်။

ငင

www.burmeseclassic.com



နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဦးကျော်သူ၊ ဒေါ်မြင့်မြင့်ခင်ဖေ (ခ) ဒေါ်ရွှေဇီးကွက်၊ ဒေါ်ဧရာမောင်မောင်၊ ဦးဖြိုးကိုကိုတို့အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကပုန်းနာရေးကူညီမှုအသင်း (၂)နှစ်ပြည့်အခမ်းအနားတွင် ဥက္ကဋ္ဌဖြစ်သူ ဦးဆန်းဝင်းနှင့် အဖွဲ့ဝင်များ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံရှိ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး၍ ဟောပြောပွဲများ ပြုလုပ်ရန်အတွက် ၁၉.၁.၂၀၁၃ ရက်နေ့တွင် ကွာလာလမ်ပူမြို့သို့ ရောက်ရှိခဲ့သည်။

၂၀.၁.၂၀၁၃ နေ့လည် (၁း၃၀)နာရီအချိန်တွင် ကပုန်းမြို့ရှိ DEWAN DATO TAN KIM HOR ခန်းမတွင် ကျင်းပပြုလုပ်သော ကပုန်း နာရေးကူညီမှုအသင်း (၂)နှစ်ပြည့် အခမ်းအနားသို့ ဦးကျော်သူနှင့်အဖွဲ့ ရောက်ရှိခဲ့ကြပြီး အခမ်းအနားတွင် ကပုန်းနာရေးကူညီမှုအသင်း သြဝါဒဆရာတော် ဒေါက်တာ အရှင်ကိန္နကမှ သြဝါဒစကား မြွက်ကြားခြင်း၊ ကပုန်းနာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးဆန်းဝင်းနှင့် စာရေးဆရာ ဦးအောင်စိုးသူတို့မှ အမှာစကားများ ပြောကြားပြီးနောက် ဒေါ်ရွှေဇီးကွက်မှ လူမှုရေးသမားများ လိုက်နာသင့်သော မြတ်ဗုဒ္ဓဟောကြား

# အိမ်ပြန်လမ်းကို မျှော်နေကြသည့် မိသားစုများ (သို့မဟုတ်) မလေးရှား လူမှုခရီးစဉ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ဖြုဟ္မစိုရ်လေးပါး၊ ဗုဒ္ဓဓမ္မနှင့် ပရဟိတတို့နှင့် ပတ်သက်၍ အသိပေးပြောကြားခဲ့ကာ ဦးကျော်သူမှ နာရေးကူညီမှုအသင်း ဖြစ်ပေါ်လာပုံ၊ အခက်အခဲများအား ပြောကြားပြီး Slide Show ဖြင့် ပြသခဲ့ကြပါသည်။

တက်ရောက်လာကြသော လူမှုရေးအဖွဲ့ စုစုပေါင်း (၃၀)ကျော်တို့မှ သိရှိလိုသော အကြောင်းအရာများအား စာရွက်များဖြင့် မေးမြန်းမှုတို့အား ပြန်လည်ဖြေကြားခဲ့ပါသည်။ ထို့နောက်တွင် မလေးရှားရှိ မြန်မာမိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များမှ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေစုစုပေါင်း မလေးရှား ရင်းဂစ် (၂၅၇၉၇) အား လှူဒါန်းမှုများ



အား လက်ခံရယူခြင်း၊ တက်ရောက်လာသော အသင်းအဖွဲ့များနှင့် အမှတ်တရ ဓာတ်ပုံရိုက်၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

၂၁.၁.၂၀၁၃ နံနက် (၉း၃၀) နာရီအချိန်တွင် SAMNAK SABODH BUDDIST ASSOCIATION ဘုန်းတော်ကြီးကျောင်းတွင် လူမှုရေးအသင်းအဖွဲ့ (၁၇)ဖွဲ့နှင့် တွေ့ဆုံပွဲအား ရင်းနှီးနွေးထွေးစွာ ကျင်းပခဲ့ပြီး ယင်းတွေ့ဆုံပွဲတွင် တက်ရောက်လာကြသော အသင်းအဖွဲ့များမှ မိတ်ဆက်စကား ပြောကြားကာ လူမှုရေးသမားများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ဆောင်ရန်ရှောင်ရန် အချက်အလက်များ မေးမြန်းမှုကို ဦးကျော်သူ၊ ဒေါ်ရွှေဇီးကွက်၊ ဒေါ်ဇရာမောင်မောင်တို့မှ ပြန်လည်ဖြေကြားခဲ့ပါသည်။ ထို့နောက် ယင်းအခမ်းအနားတွင် ကပုန်းနာရေး ကူညီမှုအသင်းမှ စောင့်ရှောက်ထားသော မော်တော်ယာဉ်ပေါ်မှ ပြုတ်ကျကာ အတိတ်မေ့ဝေဒနာ ခံစားနေရသည့် မဝုန်နိုက်အတွက် ဦးခေါင်းခွဲစိတ်ကုသရန် စရိတ်များအား အသင်းအဖွဲ့များမှ ဝိုင်းဝန်းလှူဒါန်းကြရာ ဦးကျော်သူ မိသားစုမှလည်း US$ 500 အားလည်း လှူဒါန်းမှုပြုခဲ့ပါသည်။

၂၁.၁.၂၀၁၃ ရက်နေ့ နေ့လည်ပိုင်းတွင် ပင်လယ်ကမ်းခြေမြို့ဖြစ်သော စကင်နချမ်းမြို့သို့ သွားရောက်ကာ မြန်မာမိသားစုများနှင့် တွေ့ဆုံ၍ မြန်မာမိသားစုများမှ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းသော အလှူငွေ ရင်းဂစ် (၅၀၀၀)အား လက်ခံခြင်း၊ ပြည်ပရောက် မြန်မာလူမျိုးများအနေဖြင့် မိမိတို့၏ ဘဝရပ်တည်မှုအတွက် သမ္မာအာဇီဝကျစွာ လုပ်ကိုင်ရင်း မှားယွင်းသည့် စိတ်အပန်းဖြေမှုများဖြစ်သော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်သေစာ သောက်စားခြင်းတို့အား မပြုလုပ်ကြရန် ဥက္ကဋ္ဌ ဦးကျော်သူ၊ ဒေါ်ရွှေဇီးကွက်နှင့် ဦးဖြိုးကိုကိုတို့မှ စေတနာအားပေးစကားများ ပြောကြားခဲ့ကြပါသည်။ ထို့နောက် အောင်ပေါ်မြို့ဖြစ်သော ဂျန်းတင်းမြို့သို့ သွားရောက် ညအိပ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၂.၁.၂၀၁၃ ရက်နေ့ နံနက်ပိုင်းတွင် ယင်းတောင်ပေါ်မြို့ရှိ ကွမ်ယင်မယ်တော် ဘုရားကျောင်းကြီးသို့ သွားရောက်လေ့လာမှုများ ပြုခဲ့ပြီးနောက် မိုင် (၅၀၀) ကျော်ဝေးသော ပီနန်းမြို့သို့ ခရီးဆက်ခဲ့ကြသည်။

၂၃.၁.၂၀၁၃ နံနက် (၉း၀၀)နာရီတွင် ပီနန်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်လေ့လာခဲ့ကြသည်။ ဦးကျော်သူနှင့်အဖွဲ့သည် ပီနန်းကျောင်းရှိ ကျောင်းထိုင် ပီနန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ပညာဝံသအား သွားရောက်ဖူးမြော် ကန်တော့ခဲ့ကြသည်။ ထို့နောက် ပီနန်းမြို့ရှိ ပရဟိတအသင်းများ၊ မြန်မာမိသားစုများနှင့် တွေ့ဆုံကာ လှူဒါန်းထားသော ရင်းဂစ် (၁၃၇၂၃) အား လက်ခံရယူခဲ့ပြီး အဆိုပါအခမ်းအနား ကုန်ကျစရိတ်ငွေအဖြစ် ရင်းဂစ် (၂၀၅၀) အား တိုက်အုပ်ဆရာတော် ဦးဝိစိတ္တအား ပြန်လည်ပေးအပ်ခဲ့သည်။ ထိုမှတစ်ဆင့် ပီနန်းမြို့ရှိ နာရေးကူညီမှုအသင်း (ပီနန်း) ရုံးခန်းသို့ သွားရောက်ကာ ဝိုးချဲများနှင့် လူနာတင်ကားတစ်လုံးအား အလှူလက်ခံ ရရှိခဲ့ကြသည်။

၂၄.၁.၂၀၁၃ ရက်နေ့တွင် ကပုန်းနာရေးကူညီမှုအသင်း၏ အစီအစဉ်ဖြင့် ဦးကျော်သူနှင့်အဖွဲ့သည် လန်ကာဝီကျွန်းသို့ ခရီးဆက်ခဲ့ကြပြန်သည်။ လန်ကာဝီကျွန်းရှိ ဒေသခံ ဦးကျော်ဝင်းနှင့်အဖွဲ့မှ နာရေးကူညီမှုအသင်း (ရန်ကုန်)နှင့် ကပုန်းနာရေးကူညီမှုအသင်းတို့အား ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ဒေသစံတော်ချိန် ည (၁၁း၀၀)နာရီအချိန်တွင် အလုပ်မှနား၍ ပြန်လာကြသော မြန်မာလူငယ်များတို့သည် ဦးကျော်သူနှင့် ဒေါ်ရွှေဇီးကွက်တို့မှ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ၎င်းတို့၏ မေးမြန်းမှုများကို ရင်းနှီးပွင့်လင်းစွာဖြင့် ပြန်လည်ဖြေကြားခဲ့ကြသည်။ ထို့နောက် မြန်မာလူငယ်များသည် မိမိတို့၏ ချွေးနဲ့စာဖြင့် လုပ်ကိုင်ရရှိထားသည့် လုပ်အားခများဖြစ်သော မလေးရှားရင်းဂစ် (၂၃၈၀) အား စေတနာထက်သန်စွာဖြင့် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းမှုပြုခဲ့ကြပါသည်။ ဦးကျော်သူမှ ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာလူငယ်များအား စည်းကမ်းရှိကြရန်နှင့် ကိုယ့်လူမျိုး၏ ဂုဏ်သိက္ခာအားမြှင့်တင်ရန် တိုက်တွန်းပြောဆိုခဲ့ပါသည်။ ဒေါ်ရွှေဇီးကွက်မှလည်း ဘဝတွင် အကျိုးရှိအောင်နေထိုင်နည်းများကိုလည်း ဘာသာတရားအခြေခံကာ ဆုံးမစကားများ ပြောကြားခဲ့ပါသည်။

၂၆.၁.၂၀၁၃ ရက်နေ့ ကွာလာလမ်ပူမြို့ ည (၈း၀၀)နာရီအချိန်တွင် Save The Age သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးအဖွဲ့နှင့် နာရေးကူညီမှုအသင်း (ရန်ကုန်) တွေ့ဆုံကျင်းပခဲ့သည်။ ဦးကျော်သူနှင့် ဒေါ်ရွှေဇီးကွက်တို့မှ လူမှုရေးလုပ်ဆောင်ချက်များ၊ လူမှုရေးသမားများ၏ ခံယူချက်များအား ပြောကြားခဲ့ပြီးနောက် Save The Age အဖွဲ့မှလည်း သက်ကြီးရွယ်အို အဖိုးအဖွားများအား ကူညီစောင့်ရှောက်ရခြင်း၏ ရည်ရွယ်ချက်များကို ပြန်လည်ပြောကြားခဲ့ကာ အမှတ်တရ




www.burmeseclassic.com

www.burmeseclassic.com



တီရှပ်လက်ဆောင်များ ပေးအပ်ကာ မှတ်တမ်းဓာတ်ပုံများရိုက်ကူး၍ ည (၁၀း၀၀) နာရီ အချိန်တွင် အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

၂၇.၁.၂၀၁၃ နံနက် (၉)နာရီအချိန်တွင် မလေးရှားနိုင်ငံရှိ အပြင်စည်းမဂ္ဂဇင်း၊ သတင်းကွန်ရက်ဂျာနယ်၊ ရွှေမြန်မာဂျာနယ်၊ ဂလက်ဆီဂျာနယ်၊ ခေါင်းလောင်းသံဂျာနယ်၊ သူရိယဂျာနယ်၊ မြန်မာ့မိတ်ဆွေဂျာနယ်၊ ဘောလုံးမင်းသားဂျာနယ်၊ မိုးကြိုးဂျာနယ်တို့မှ အယ်ဒီတာများ၊ သတင်းထောက်များနှင့် သတင်းစာရှင်းလင်းပွဲအား ကပုန်းနာရေးကူညီမှုအသင်းမှ ဦးစီး၍ ဂန္ထဝင်စားသောက်ဆိုင်တွင် ကျင်းပပြုလုပ်ခဲ့ရာ သတင်းဂျာနယ်များမှ သိရှိလိုသော အကြောင်းအရာ မေးမြန်းချက်များအား ဦးကျော်သူ၊ ဒေါ်ရွှေဇီးကွက်တို့မှ ရှင်းနှီးပွင့်လင်းစွာ ဖြေကြားခဲ့ကာ နေ့လည် (၁၁း၀၀)နာရီအချိန်တွင် အခမ်းအနားအား အဆုံးသတ်ခဲ့သည်။ ညနေ (၃း၀၀)နာရီအချိန်တွင် ကွယ်လွန်သူ ကိုစောမြင့် အသက် (၃၄)နှစ် (မြောက်ဦးမြို့)၏ ရုပ်အလောင်းအား ကပုန်းနာရေးကူညီမှုအသင်းနှင့် နာရေးကူညီမှုအသင်း (ရန်ကုန်)တို့မှ ပူးပေါင်း၍ စုပေါင်းသင်္ဂြိုဟ်ပေးခဲ့ရာ ဦးကျော်သူကိုယ်တိုင် နိဗ္ဗာန်ယာဉ်အား မောင်းနှင်၍ သံဃာတော်နှစ်ပါးနှင့်အတူ သရဏဂုံတင်ခြင်း၊ အမျှပေးဝေခြင်းတို့အား ပြုလုပ်၍ မီးသင်္ဂြိုဟ်ခြင်း အခမ်းအနားအား ပီဂျေသုသာန်တွင် ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ ယင်းနောက် ကွာလာလမ်ပူမြို့ရှိ ဧက (၁၀၀) ခန့် ကျယ်ဝန်းသော ကလမ်မယ်ရှူး သုသာန်သို့ သွားရောက်လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့လေ့လာရာတွင် အရိုးပြာထားရှိသော အုတ်နံရံများ၊ ရုပ်အလောင်းများထည့်ထားသော အုတ်ဂူများအပြင် သုသာန်တွင် ကုသိုလ် အကုသိုလ် အကျိုးဆက်တို့ကို ဖော်ကျူးထားသော ရေတံခွန်ကျောက်တောင် အဆောက်အအုံကြီးထဲမှ လှုပ်ရှားနေသော ရုပ်တုပြခန်းအား မြင်တွေ့ခဲ့ရသည်။ ညနေ (၆း၀၀)နာရီအချိန်တွင် ကပုန်းနာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးဆန်းဝင်း၏ နေအိမ်တိုက်ခန်းတွင် ကပုန်းအသင်းသူ/သားများနှင့် နှုတ်ဆက်စကားများ မှာကြားခြင်း အခမ်းအနားအား ကျင်းပခဲ့ရာ ဦးကျော်သူနှင့်အဖွဲ့တို့မှ လူမှုရေးသမားများ၊ လူမှုရေးအသင်းအဖွဲ့များအတွက် အရေးကြီးသော ဆောင်ရန်ရှောင်ရန် ကိစ္စများအား အဓိက ပြောကြားခဲ့သည်။

၂၈.၁.၂၀၁၃ ရက်နေ့ ဒေသစံတော်ချိန် (၂း၀၀)နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာခဲ့သည်။ အပြန်လေယာဉ်ခရီးပေါ်ဝယ် မလေးရှားနိုင်ငံရှိ လူမှုရေးအသင်းအဖွဲ့များ၏ မြန်မာပြည်သူ/သားများအတွက် ပေးဆပ်လုပ်ဆောင်ရမှုများ၊ တွေ့ကြုံဆက်ဆံနေရသော မလေးနိုင်ငံ အစိုးရဝန်ထမ်းများ၊ သံရုံးနှင့် ဆက်သွယ်မှုပြုရာတွင် ကြန့်ကြာမှုများအား တွေးတောနေမိသလို မလေးရှားနိုင်ငံရောက် မြန်မာပြည်သူ/သားများ၊ လူမှုရေးအဖွဲ့များ၏ ချွေးနည်းစာတို့ဖြင့် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခြင်းတို့အပေါ် မလေးရှားနိုင်ငံရှိ မျိုးဆက်သစ် ပရဟိတ လူငယ်အဖွဲ့၏ လက်ကမ်းစာစောင်မှ ရေးသားထားသော ...


www.burmeseclassic.com

www.burmeseclassic.com



ယတြာနှင့်မလှူ၊ သဒ္ဓါနှင့်လှူသည်။
တဏှာနှင့်မလှူ၊ ပညာနှင့်လှူသည်။
စိတ်အကြံပေါက်မလှူ၊ နိဗ္ဗာန်ရောက်ဖို့လှူသည်။
ရှိလို့မလှူ၊ သိလို့လှူသည်။
ရှိဖို့မလှူ၊ သိဖို့လှူသည်။
ကိုယ့်ဖို့မလှူ၊ သူ့ဖို့လှူသည်။

ဟူသော ကဗျာစာပိုဒ်အား ပြန်လည်မြင်ယောင်မိပြန်ကာ အကြောင်းအမျိုးမျိုးနှင့် အမိမြန်မာပြည်တွင်းမှ ထွက်ခွာခဲ့ရသည့် ပြည်ပနိုင်ငံ အသီးသီးတို့တွင် ရောက်ရှိနေကြသော အလှူရှင် မြန်မာပြည်သူလူထုနှင့် အလှူရှင် လူမှုရေးအသင်းအဖွဲ့များအပေါ် သာဓု၊ သာဓု၊ သာဓု ဟူ၍ အကြိမ်ကြိမ် ခေါ်ဆိုမိပြန်သည်။ အထူးအားဖြင့် မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသော မျိုးချစ်မြန်မာပြည်သူလူထုတို့ ဖွဲ့စည်းတည်ထောင်ထားသော နာရေးကူညီမှုအသင်းများအနေဖြင့် အကူအညီပေးနေရသောနာရေးလမ်းကြောင်းများမှ မူးယစ်ဆေးဝါးသုံးစွဲ၍လည်းကောင်း၊ အရက်သေစာ သောက်သုံးခြင်းကြောင့်လည်းကောင်း၊ ဆိုက်ကယ်မှောက်ခြင်းကြောင့်လည်းကောင်း၊ ရထားကြိတ်ခံရခြင်းကြောင့်လည်းကောင်း၊ အချင်းချင်း ခိုက်ရန်ဖြစ်၍လည်းကောင်း၊ အချိန်မတန်ဘဲနှင့် လူ့ဘဝမှ ထွက်ခွာသွားသော လူငယ်လူရွယ်များ၏ ရုပ်အလောင်းများအား ကူညီဖေးမ သင်္ဂြိုဟ်ပေးနေရခြင်းတို့သည် အမိမြန်မာနိုင်ငံအတွက် အင်မတန် အန္တရာယ်ကြီးမားကာ အနာဂတ် မျိုးဆက်လူငယ်လူရွယ်များ မကြွေသင့်ဘဲ ကြွေလွင့်နေရခြင်းပင်ဖြစ်သည်။ နာရေးကူညီမှုအသင်းများအနေဖြင့် မည်သည့်နည်းလမ်း၊ မည်သည့်နေရာ၊



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အကြောင်းအချက်များဖြင့် သေဆုံးရစေကာမူ လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ မရွေးတို့အား ကူညီဖေးမ သင်္ဂြိုဟ်ပေးနေရမြဲဖြစ်သည်။ ထို့ကြောင့် မသေသင့်ဘဲ သေဆုံးနေရသော အရွယ်ကောင်း လူငယ်လူရွယ်များအဖို့ မကြွေလွင့် မသေဆုံးသင့်ကြရန်အတွက် ပြည်တွင်း/ပမှ မြန်မာမိသားစု များ၊ ပြည်သူလူထုအပေါင်းနှင့် စာပေပညာရှင်များ၊ ဂျာနယ်လစ်များ၊ တတ်သိပညာရှင်များ၊ ဆေးပညာရှင်တို့နှင့် အစိုးရပိုင်းမှ တာဝန်ရှိသူများ မြန်မာသံရုံး အဖွဲ့သားတို့ အတူလက်တွဲ၍ ပညာပေးခြင်းများ၊ သင်ခန်းစာပေးခြင်းများအား လုပ်ဆောင်သင့်ပါကြောင်း အသိတရားတစ်ခု ရရှိခဲ့တော့သည်။

မဖြစ်မီက ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရန်နှင့် ပြည်ပနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ထွက်ခွာခဲ့ကြသော အထူးအားဖြင့် လူငယ်လူရွယ်များအနေဖြင့် ကပုန်းနာရေးကူညီမှုအသင်း (၂)နှစ်ပြည့် အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးဆန်းဝင်း ပြောကြားခဲ့သော ဘတ်စ်ကားများပေါ်တွင် ရေးသားထားလေ့ရှိသော "သင့်အား ... သင့်မိဘ၊ သင့်မိသားစုများမှ အပြန်လမ်းခရီးကို စောင့်မျှော်လျက်ရှိသည်"ဟူသော ပညာပေးစကားအား အထူးအလေးထားသင့်သည် ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ကာ မလေးရှားနိုင်ငံ လူမှုရေးခရီးစဉ်တစ်လျှောက် အဖက်ဖက်မှ အဆင်ပြေချောမောအောင် ကူညီပံ့ပိုးခဲ့ကြသော Datuk Dr. Richard Tan, Madan Jissica နှင့် ကပုန်းနာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးဆန်းဝင်းနှင့် အသင်းသူ/သားများနှင့် မလေးရှားနိုင်ငံ လူမှုရေးအသင်းအဖွဲ့များ မလေးရှားနိုင်ငံရောက် မြန်မာပြည်သူ/သားများ အားလုံးတို့ကို အထူးမှတ်တမ်းတင်ခဲ့ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com






၂၀၁၃ ခုနှစ်သည် နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ၏ အယူသီးမှု တိုက်ဖျက် ရေး ခရီးစဉ်များအဖြစ် ပြည်တွင်း/ပရိ လူမှုရေး အသင်းအဖွဲ့များ၏ ဖိတ်ကြား ချက်များဖြင့် (1st break Out လူမှုရေးဟောပြောပွဲ) ခရီးသွားနှစ် ဖြစ်ပေသည်။

အထက်မြန်မာပြည် မန္တလေးတိုင်းသို့ ၅.၁.၂၀၁၃ ရက်နေ့မှ ၈.၁.၂၀၁၃ ရက်နေ့အထိ လည်းကောင်း၊ တောင်ကြီးမြို့ ၉.၁.၂၀၁၃ ရက်နေ့မှ ၁၀.၁.၂၀၁၃ ရက်နေ့အထိလည်းကောင်း၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ၁၉.၁.၂၀၁၃ ရက်နေ့မှ ၂၈.၁.၂၀၁၃ ရက်နေ့အထိ လူမှုရေးဖိတ်ကြားချက်များအရ သွားရောက်၍ လူမှုရေး ဟောပြောပွဲများ ဟောပြောခဲ့သည်။ ၅.၂.၂၀၁၃ ရက်နေ့ နံနက် (၇း၀၀)နာရီအချိန်တွင် နာရေး ကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့သားများသည် ဗြဟ္မစိုရ်နှလုံးသားဖြင့် ဒုတိယအကြိမ်အဖြစ် ညောင်ဦး၊ မန္တလေး၊ ပြည်မြို့များသို့ ခရီးနှင်ရန် ဖန်လာပြန်သည်။ ၎င်းခရီးစဉ်သည် ရေရှားပါးသည့် ကျေးရွာများတို့မှ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အကူအညီတောင်းခံစာများ ပေးပို့ ထားသည့်အပေါ် ကွင်းဆင်း၍ လေ့လာမှုများအား တစ်ပါတည်းလုပ်ဆောင်ရန် တာဝန်များနှင့် လူမှုရေးဟောပြောပွဲခရီးစဉ် ပူးပေါင်း၍ ထွက်လာခဲ့သည်။ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ရွှေစင်စကြာ ခရီးသွားလုပ်ငန်းမှ ပရဟိတ လူမှုအကျိုးပြု ဓာတ်ကားရိုက်ကူးရန်အတွက် အလှူငွေ လှူဒါန်းထားရှိသည်။ တစ်နိုင်ငံလုံးအတိုင်းတာအဖြစ် ရိုက်ကူးနိုင်ရန်အတွက် ဓာတ်ညွှန်းနှင့် ဒါရိုက်တာ နာရေးကူညီမှုအသင်း (ရန်ကုန်) အလုပ်အမှုဆောင်ဖြစ်သူ ဦးမြတ်ဆွေ(ခ) မိုးခြိမ်းညံ့ သည် ဓာတ်လမ်းရေးဖွဲ့ရန် ခရီးစဉ်တွင် လိုက်ပါခဲ့သည်။

www.burmeseclassic.com

၅.၂.၂၀၁၃ ရက်နေ့တွင် ပြည်မြို့ ရွှေပေါက်ပင်တောရကျောင်းတိုက်သို့ နေ့လည် (၁း၀၀)နာရီအချိန်တွင် ရောက်ရှိပြီး ခဏတာ အနားယူပြီးသည့်နောက် ညပိုင်းတွင် ညောင်ဦးသို့ ခရီးဆက်ခဲ့သည်။ ညောင်ဦးသို့ ၆.၂.၂၀၁၃ ရက်နေ့ နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကြပြီး ညောင်ဦးဒေသတစ်ဝိုက်ရှိ ရေရှားပါးသည့် ကျေးရွာများတို့မှ နာရေးကူညီမှုအသင်း (ရန်ကုန်)



သို့ ရေတွင်းတူးဖော်ရန် အကူအညီတောင်းခံထားသည့် သဲပြင်တော၊ ကံကြီးကုန်း (တောင်/ မြောက်)၊ ကုက္ကိုကူတောင်၊ ဇီးအိုး၊ ကုက္ကိုလ်တောင်ခွင် အစရှိသည့် ကျေးရွာများသို့လည်းကောင်း၊ ၇.၂.၂၀၁၃ ရက်နေ့တွင် အဖွဲ့(၁)သည် ကုန်းပေါ်နက်၊ စိုင်ကန်၊ ကဖြူး၊ ကူတော၊ မြောက်ကုန်း၊ ဆင်လူး၊ တောရွာ၊ ခွေးပြုတ် အစရှိသည့် ကျေးရွာများသို့လည်းကောင်း၊ အဖွဲ့(၂)သည် ရေတွင်း ညောင်ပင်၊ ညောင်ကြီး၊ ကံစောင်း၊ ယမ်းဆမ်း၊ သပွတ်စု၊ မုန့်တိုင် အစရှိသည့် ကျေးရွာများသို့ လည်းကောင်း အသီးသီး ကွင်းဆင်းလေ့လာခဲ့ကြသည်။ ၉.၂.၂၀၁၃ ရက်နေ့ တောင်သာမြို့နယ်၊ ဇဂျမ်းအုပ်စု "ကျောင်းအိုရွာ လူမှုကူညီရေးအသင်း"သို့ သွားရောက်ခဲ့ပြီး ပရဟိတလုပ်ငန်း များနှင့် ပတ်သက်၍ ဆွေးနွေးအကြံပြုခြင်း၊ ရွာသစ်ရွာ "အေးသုခနာမှုကူညီရေးအသင်း" စာကြည့်တိုက်အောင်မြင်ရေးအတွက် လမ်းညွှန်အကြံပြုခဲ့ကြပြီးနောက် ကဗျာဆရာကြီး ဦးတင်မိုး၏ ဇာတိရပ်ရွာရှိ ဆရာကြီးဦးတင်မိုး ငယ်စဉ်ဘဝ ပညာသင်ကြားခဲ့သော စာသင်ကျောင်းသို့ ဝင်ရောက်ကာ လက်ရှိကျောင်းအုပ်ဆရာမကြီးနှင့် တွေ့ဆုံနှုတ်ဆက် စကားပြောကြားပြီး ဆရာကြီးဦးတင်မိုး နေထိုင်ခဲ့သော နေအိမ်သို့ဝင်ရောက်၍ ဆရာကြီး၏ မိသားစုဝင်များနှင့် ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ယင်းနောက် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာ ခဲ့ရာ ၁၀.၂.၂၀၁၃ ရက်နေ့တွင် ရောက်ရှိခဲ့ပြီး တောင်စလင်းတိုက်သစ် ဆရာတော် ဦးတိက္ခ၏ ကျောင်းတိုက်တွင် ခဏတာ နားနေပြီး "လောကပါလ နာရေးစုပေါင်းကူညီဆောင်ရွက်မှုအသင်း" နှင့် "ဗိသုကာ လူမှုကူညီရေးအသင်း"တို့နှင့်အတူ ဈာပနလမ်းကြောင်း (၂)ကြောင်းအား ဦးကျော်သူကိုယ်တိုင် နိဗ္ဗာန်ယာဉ် မောင်းနှင်ကူညီပေးခဲ့သည်။ ယင်းနေ့ ညနေပိုင်းတွင် မေမြို့ ပြင်ဦးလွင်သို့ ခရီးဆက်ခဲ့ပြီး ၁၁.၂.၂၀၁၃ ရက်နေ့တွင် ပြင်ဦးလွင်မြို့ရှိ "သန္တိသုခ နာရေး ကူညီမှုအသင်း"သို့ ဝင်ရောက်၍ လေ့လာခြင်း၊ မန္တလေး ပုသိမ်ကြီးမြို့နယ် ကြာနီကန် "ကျန်းမာသုခ လူမှုကူညီရေးအသင်း" ရုံးခန်းဖွင့်ပွဲနှင့် လူနာတင်ယာဉ် ပေးအပ်ပွဲသို့ တက်ရောက်၍



www.burmeseclassic.com

www.burmeseclassic.com



ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ ည (၇း၀၀)နာရီအချိန်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်း ရပ်ကွက်၊ “လောကပါလ နာမှုကူညီရေးအသင်း” စာပေဟောပြောပွဲ အခမ်းအနားသို့ လည်းကောင်း၊ ၁၂.၂.၂၀၁၃ ရက်နေ့တွင် မန္တလေး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင် သီရိ မင်္ဂလာသရက်တောကျောင်းတိုက်ရှိ “ရွှေကြေးစည် လူမှုကူညီရေးအသင်း” စာပေဟောပြောပွဲ သို့လည်းကောင်း၊ ၁၃.၂.၂၀၁၃ ရက်နေ့ တွင် မန္တလေး ကံတက်ကုန်း မစိုးရိမ် ကျောင်းတိုက်၌ ကျင်းပပြုလုပ်သည့် “ဗိုလ်ချုပ်မွေးနေ့ သွေးလှူဒါန်းပွဲနှင့် တေးကဗျာရွတ်ဆိုပြိုင်ပွဲ”သို့ တက်ရောက် ၍ ဥက္ကဋ္ဌ ဦးကျော်သူမှ သွေးလှူဒါန်းခဲ့ပြီး ကချင်ပြည်နယ် လိုင်ဇာမြို့သို့ ချီတက် လမ်းလျှောက်ကြသော လူငယ်အဖွဲ့များ နှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဒုတိယ အကြိမ် အလှူငွေ သိန်း (၂၀) ကျပ်တိတိနှင့် အသင်း၏ အမှတ်တံဆိပ်ပါ ဦးထုပ်အလုံး (၃၀) လှူဒါန်းခဲ့သည်။ (ပထမအကြိမ်တွင် အလှူငွေ ၁၀ သိန်းကျပ်တိတိအား ပဲခူးမြို့တွင် လှူဒါန်း ခဲ့ပြီးဖြစ်သည်။) နေ့လည်ပိုင်း၌ ၎င်းကျောင်း တိုက်တွင် ကျောင်းသား/သူများတို့မှ ဗိုလ်ချုပ် မွေးနေ့ တေးကဗျာရွတ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ည (၇း၀၀)နာရီအချိန်တွင် မန္တလေး ပုသိမ်ကြီးမြို့နယ် ရွှေကျင်ကွက်သစ် “နာမှုကူညီရေး (လူငယ်) အသင်း” (၂)နှစ်ပြည့် စာပေဟောပြောပွဲသို့လည်း ကောင်း၊ ၁၄.၂.၂၀၁၃ ရက်နေ့ နံနက် (၆း၃၀) နာရီအချိန် တွင် မဟာမြတ်မုနိဘုရားကြီးတွင် ကချင်ပြည်နယ် လိုင်ဇာမြို့သို့ ချီတက်လမ်းလျှောက်ကြသော အဖွဲ့များနှင့်အတူ အောင်မြေနင်း၍ မေတ္တာပို့သ ဆုတောင်းခြင်း၊ ချိုးဖြူငှက်များလွှတ်ခြင်းတို့ ပြုလုပ်ခဲ့သည်။ နံနက် (၁၀း၀၀)နာရီအချိန်တွင် စစ်ကိုင်းမြို့



ပန်းဘဲတန်း ရပ်ကွက်နေ ဦးစိုးဝင်း + ဒေါ်ညလေးငယ်တို့၏ “(၁၀) နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်နှင့် ညလေးငယ် ပွဲထိုင်လက်ဝတ်ရတနာ၊ ပိုးထည်တိုက်၊ ပန်းကမ္ဘာ အလှုနန်းတော် Shopping Centre” ဖွင့်ပွဲ အခမ်းအနားသို့ တက် ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ပြီး နာရေး ကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေ (၅)သိန်းကျပ်၊ ဦးကျော်သူ၏ လူမှုရေး ဟောပြောပွဲ ခရီးစရိတ်အဖြစ် (၅) သိန်းကျပ်တို့အား လှူဒါန်းပေးအပ်ခဲ့ရာ ယင်းလူမှုရေး ဟောပြောပွဲ ခရီးစရိတ် အလှူငွေကျပ် (၅) သိန်းအား ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသော အခါ နာရေးကူညီမှုအသင်း (ရန်ကုန်) ရုံးချုပ်သို့ ခရီးသွားအဖွဲ့သားများ၏ ဆန္ဒဖြင့် ပြန်လည် လှူဒါန်းမှုကို ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းမြို့မှ အပြန်လမ်းခရီးတွင် ကချင်ပြည်နယ် လိုင်ဇာမြို့သို့ ချီတက်လမ်းလျှောက်သည့် လူငယ်များနှင့် ထပ်မံတွေ့ဆုံခဲ့ကြပြီး လက်ဖြန့်ဆက် အားပေးခဲ့ သည်။ သပြေသာကျေးရွာရှိ “ရွှေသပြေသာ လူမှုကူညီရေးအသင်း” သို့လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com

ည(၇း၃၀)နာရီအချိန်တွင် အလွှကပွကျေးရွာ "ကလျာဏကာရီ လူမှုကူညီရေးအသင်း"၏ စာပေဟောပြောပွဲသို့လည်းကောင်း၊ ၁၅.၂.၂၀၁၃ ရက်နေ့တွင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ "ချမ်းမြသီတာ လူမှုကူညီရေးအသင်း"၏ စာပေဟောပြောပွဲသို့လည်းကောင်း၊ ည(၉း၃၀) နာရီအချိန်တွင် အမရပူရမြို့နယ်၊ ဆောက်တောဝရွာ "မိဘမေတ္တာ လူမှုကူညီရေးအသင်း"၏ စာပေဟောပြောပွဲသို့လည်းကောင်း အသီးသီး တက်ရောက်ဟောပြောခဲ့ပြီး ပြည်မြို့သို့ ခရီးဆက်ခဲ့တော့သည်။

၁၆.၂.၂၀၁၃ ရက်နေ့တွင် ပြည်မြို့တွင်ကျင်းပပြုလုပ်သော "မဟာဗေယျံပညာဒါနစီမံကိန်း (၅)နှစ်ပြည့် အထိမ်းအမှတ်" စာပေဟောပြောပွဲသို့လည်းကောင်း၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ (၁၂)နှစ်တာ ပေးဆပ်လုပ်ဆောင်မှု မှတ်တမ်းများအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခြင်း၊ သေခြင်းတရားသည် ကြီးငယ်ဟူ၍ မရှိ၊ အဆိုတော် ဟယ်ရီလင်း၊ ဒါရိုက်တာကြီး ဦးတင်ယု၊ ဟာသသရုပ်ဆောင် မော့(စ်)တို့သည်လည်း သေမင်း၏ ခေါ်ဆောင်မှုနောက်သို့ လိုက်ပါသွားခဲ့ကြသည်။ မည်သူမျှ ပြေးမလွတ်နိုင်ကြောင်း၊ အနိစ္စတရားအား မမေ့မလျော့ကြရန်နှင့် လူသားချင်း စာနာစိတ်မွေးမှသာ ငြိမ်းချမ်းရေးကို ရမည်ဖြစ်ကြောင်း၊ ပရဟိတ အသင်းအဖွဲ့များ လူမှုရေးသမားများ အချင်းချင်း စည်းလုံးညီညွတ်ကြရန် အရေးကြီးကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဖ.ဆ.ပ.လ ညီလာခံမိန့်ခွန်း၌ ပြောကြားခဲ့သည့် "ဗြဟ္မစိုရ်တရားကို အခြေပြုသော လူအများကောင်းစားရေးဝါဒ မပြန့်ပွား မစည်ကားသ၍ ကာလပတ်လုံး ကျွန်ုပ်တို့ ဤကမ္ဘာမြေပေါ်မှာ အထွေထွေသော ကပ်ကြီးများ ဆိုက်ရောက်လျက်ပင် ရှိပေလိမ့်မည်။" ဟူသည့် စကားရပ်၊ မိမိကိုယ်ကို ကြည်ညိုနိုင်အောင် ကြိုးစားကြရန်နှင့် ပရဟိတ မျိုးဆက်သစ်လူငယ်များအား ကြိုဆိုနေရာပေးကြရန် ဟောပြောခဲ့သည်။

နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ၏ အယူသီးမှုတိုက်ဖျက်ရေး (1st Break Out လူမှုရေးဟောပြောပွဲ) ဒုတိယအကြိမ်မြောက် ဗြဟ္မစိုရ်ဟောပြောပွဲခရီးစဉ်အား အစစ အရာရာ စီစဉ်ဆောင်ရွက် ကူညီပံ့ပိုးပေးခဲ့ကြသော ဒေသခံ လူမှုရေးအသင်းအဖွဲ့များမှ လူမှုရေးသမားများ၊ တက်ရောက်အားပေးခဲ့ကြသော ပြည်သူလူထုများ၊ ခရီးစဉ်အား အဆင်ပြေချောမောစွာ သွားလာနိုင်ရန်အတွက် ကူညီပေးခဲ့သော ရွှေစင်စကြာ အဆင့်မြင့် ခရီးသွားလုပ်ငန်းနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဒုတိယအကြိမ်မြောက် ဟောပြောပွဲခရီးစဉ်အား အောင်မြင်စွာ အဆုံးသတ်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

# ဒဂုန်တာရာ ၏ ငြိမ်းချမ်းရေးပန်ကြားလွှာ (၂)



၂၀၁၁ နွေရာသီတွင်းသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်တွင်းစစ်မီးသည် အရှိန်တိုး၍ ပြန်လည်တောက်လောင်ခဲ့ပေသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် လက်နက်ကိုင်တိုက်ပွဲများ ပိုမိုများပြား ပိုမိုပြင်းထန်လာခဲ့သည်။ အသက်များစွာ အသက်များစွာ သေဆုံးရကြောင်းလည်း သိရသည်။

ဤ ပြည်တွင်းစစ်မီးသည် ပို၍ပြင်းထန်၊ ပို၍ကျယ်ပြန့်၊ ပို၍အသက်သေကြေ၊ ပို၍ အိုး-အိမ်-ပစ္စည်း-ဥစ္စာ ပျက်စီးစေမည့် အန္တရာယ်ကို ပေးတော့မည်ဟု အမှန်တကယ် စိုးရိမ်လာကြရသည်။

သေဆုံးကြရသူများမှာ ပြည်ထောင်စုမြန်မာနိုင်ငံသားများဖြစ်ကြသည်။ အိုး-အိမ်-ပစ္စည်း-ဥစ္စာ ပျက်စီးဆုံးရှုံးရသည်မှာလည်း ဤနိုင်ငံနှင့် ဤနိုင်ငံသားများ၏ အိုး-အိမ်-ပစ္စည်း-ဥစ္စာ များသာ ဖြစ်သည်။

ထို့ကြောင့် ပြည်တွင်းစစ်မီးတွင် သေကြေရသမျှ အသက်ဆုံးရှုံးရသမျှ အိုး-အိမ်-ပစ္စည်း-ဥစ္စာတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အသွေးအသားများသာဖြစ်သည်။

ထိုဆုံးရှုံးမှုများကို ဆက်၍ မခံကြရစေရန် အချင်းချင်း တိုက်ခိုက်မှုများကို အမြန်ဆုံး ရပ်စဲကြဖို့ မလုပ်မဖြစ် လိုအပ်နေပြီ။

ထို့ကြောင့် သက်ဆိုင်ရာအားလုံးတို့သည်

(၁) ချက်ချင်း အပစ်အခတ်ရပ်စဲကြရန်

(၂) တွေ့ဆုံဆွေးနွေး၍ ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ကြပါရန်

အလေးအနက် ပန်ကြားမေတ္တာရပ်ခံပါသည်။

ငြိမ်းချမ်းရေး ဖွဲ့စည်းဆောင်ရွက်မှုများကို နိုးနိုးကြားကြား၊ ကျယ်ကျယ်ပြန့်ပြန့် အနယ်နယ် အရပ်ရပ် လုပ်ကိုင်ကြပါရန် ပြည်သူအပေါင်းတို့အားလည်း လေးစားစွာ ပန်ကြားလိုက်ပါသည်။

(ကျည်ဆံခြံ၍မလုံ ... မေတ္တာခြံမှ လုံလိမ့်မည်။)

ဒဂုန်တာရာ
၇.၈.၂၀၁၁
အောင်ပန်းမြို့ ရှမ်းပြည်။

www.burmeseclassic.com




၂၀.၁.၂၀၁၃ ရက်နေ့ နံနက် (၇း၀၀)နာရီ အချိန်မှစ၍ ကချင်ပြည်နယ် လိုင်ဇာဒေသသို့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုတစ်ရပ် အနေဖြင့် လမ်းလျှောက် ထွက်ခွာခဲ့ကြသော ကိုရန်နိုင်ထွန်း၊ ကိုမီးသွေး (ခ) ကိုဇော်မင်းနိုင်၊ ကိုဇင်ကိုကို၊ ကိုရဲထွင့်အောင်၊ ကိုဖိုးကျော် အစရှိသည့် လူငယ်များမှ ဦးဆောင်၍ အမာခံလူငယ် (၁၇)ယောက်ဖြင့် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့မှ စတင်ထွက်ခွာခဲ့ရာ လှည်းကူးမြို့သို့ ည (၉း၃၀)နာရီအချိန်တွင် ရောက်ရှိခဲ့ကြပြီး လှည်းကူးမြို့တွင် ညအိပ် ရပ်နားခဲ့ကြသည်။ ၂၂.၁.၂၀၁၃ ရက်နေ့ နံနက် (၇း၀၀)နာရီမှ လှည်းကူးမြို့မှ ပဲခူးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ ငြိမ်းချမ်းရေး လမ်းလျှောက်အဖွဲ့အား ယင်းနေ့ နံနက် (၁၀း၄၅) နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အင်အား (၅၀)ကျော်တို့သည် လမ်းလျှောက်ထွက်ခွာသူများ၏ ကျောပိုးအိတ်နှင့် လက်များတွင် ကိုင်ဆောင်ထားသော ငြိမ်းချမ်းရေးအလံများကို ဖြုတ်သိမ်းမှသာ ဆက်လက်ထွက်ခွာခွင့်ပြုမည်ဆိုခဲ့ရာ နောက်ဆုံး၌ အလံများကိုဖြုတ်၍ ဆက်လက်ပြီး မိမိတို့၏ ခရီးအား ဆက်လက်နှင်ခဲ့ကြကာ ည (၈း၃၀)နာရီ အချိန်တွင် ပဲခူးမြို့ ဆရာတော် ဘန္ဒန္တတိလောက၏ သီရိမင်္ဂလာတပ်ဦးဝက်ပါ ဘုရားကျောင်း၌ တွင် ညအိပ်ရပ်နားခဲ့သည်။ ထိုသို့ ညအိပ်ရပ်နားစဉ် ၎င်းတို့ ကြုံတွေ့ခဲ့ရသော အခက်အခဲများ။ လိုအပ်ချက်များကို နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ဆက်သွယ်အကူအညီ တောင်းခံ

www.burmeseclassic.com

www.burmeseclassic.com


ဆီအိုးကြီးဟု တင်စားနေရသော အဆိုပါဒေသတွင် မြွေဆိပ်ဖြေဆေး လုံလောက်စွာ မရှိခြင်းကို အံ့သြဖွယ်၊ ဝမ်းနည်းဖွယ် ကြားသိရပါသည်။ ပြည့်စုံသော ပညာပေးမှုမရှိခြင်း၊ ဆေးဝါးရရှိရန် ခက်ခဲခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်းများ၏ အကျိုးဆက်အဖြစ် လူ့အသက်များ ဆုံးရှုံးနေကြရသည်။ မြွေကိုက်ခံရသော လူနာအများစုသည် အခြေခံလူတန်းစား (လက်လုပ်/စား) တောင်သူများပင်ဖြစ်သည်။ နိစ္စဓူဝ မိမိတို့ ဝမ်းတစ်ထွာအတွက် ရုန်းကန်နေကြသူများဖြစ်၍ ပညာဗဟုသုတနည်းပါးပြီး မြွေအန္တရာယ်နှင့် အမြဲရင်ဆိုင်နေကြရသည်။ အကယ်၍ မြွေကိုက်ခံရသော်လည်း သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများတွင် မြွေဆိပ်ဖြေဆေးမရှိခြင်း၊ မလုံလောက်ခြင်းတို့ကြောင့် အဖိုးတန်သော လူ့ဘဝမှ အလွယ်တကူ ထွက်ခွာသွားရသူမှာ ဒုနဲ့ဒေးဖြစ်နေသည်။ လွန်ခဲ့သော လအနည်းငယ်က တိုင်းအဆင့် ဆေးရုံကြီးတစ်ခုတွင် ပြည့်စုံသော အသိပညာပေးလုပ်ငန်း တစ်စိတ်တစ်ပိုင်းအဖြစ် ကြေငြာချက်တစ်ခု ကပ်ထားသည်ကို ဖတ်ရှုခဲ့ရသော မိတ်ဆွေတစ်ဦးမှ ဖောက်သည်ချခြင်းဖြစ်ပါသည်။ ၎င်းမှာ "မြွေဆိပ်ဖြေဆေးမရှိပါ"၊ "မြွေမကိုက်အောင်နေပါ"။ ဝမ်းရေးအတွက် ယာတော၊ ကိုင်းတော၊ လယ်တောများကို ဖက်တွယ်ကာ နွားနှင့်ယှဉ်



ရုန်းနေရသော ဆင်းရဲသား တောင်သူများအတွက် ရင်နာဖွယ်ပင်ဖြစ်သည်။ ငွေကြေး တတ်နိုင်ပင် တတ်နိုင်ငြားသော်လည်း ရရှိရန် ခက်ခဲခြင်းမှာလည်း ဖြေရှင်းရမည့် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။ မိမိတို့အသင်းသို့ အကူအညီ တောင်းခံထားသော မြွေဆိပ်ဖြေဆေး ကူညီမှု ပေးသော အဖွဲ့အစည်းတစ်ခု၏ စာရင်းအရ ထိုဒေသတွင် မြွေကိုက်ခံရသော လူနာဦးရေ (၃၀၀)ကျော်ရှိပြီး အများစုသည် ဆေးဝါးလုံလောက်မှု မရှိပါ။ အဆိုပါအဖွဲ့အစည်းမှ လူနာ (၈၀)ဦးအား မြွေဆိပ်ဖြေဆေး ကူညီမှု ပေးနိုင်ခဲ့ပါသည်။ လူနာအများစုသည် ဆေးဝါး၊ အကူအညီ ကင်းမဲ့နေဆဲဖြစ်ပါသည်။ မြွေကိုက်မှုနှုန်းမြင့်မားသော ဒေသများရှိ ဆေးရုံ၊ ဆေးခန်းများတွင်လည်း မြွေဆိပ်ဖြေဆေး ရရှိမှုမှာလည်း လုံလောက်မှုမရှိပေ။ သေပျောက်မှုနှုန်း မြင့်မားသော အန္တရာယ်တစ်ခု (ပြဿနာတစ်ခု) ဖြစ်သော်လည်း အသိပညာပေးမှု၊ အရေးယူဆောင်ရွက်မှုများမှာ နှေးကွေးလေးလံလွန်းလှသည်။ မိမိနိုင်ငံမှ နည်းပညာပိုင်း၊ ငွေကြေးပိုင်း မလုံလောက်၍ ဆေးဝါးအလုံအလောက် မထုတ်လုပ်နိုင်ခဲ့သော် ပြည်ပမှ ဆေးဝါးတင်သွင်းသော ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အရေးတယူ ဖြေရှင်းရမည့် ပြဿနာတစ်ရပ်ဖြစ်သည်။ ယခင်က မြွေကိုက်ခံရသော လူနာတစ်ဝက်နှုန်းမှာ အသက်ဆုံးရှုံးနေရသော်လည်း ယခုအခါ ထိုနှုန်းအတိုင်း မပြောင်းလဲ၍ ဒုက္ခပေးနေဆဲဖြစ်သည်။

(ကြိုးကြီးကား နီနေဆဲပင်ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com

အမိက ကိုက်သောမြွေအမျိုးအစားမှာ မြွေပွေးဖြစ်ပြီး ပင်ကိုယ်သဘာဝအရ အဆိပ်ပြင်းသော တွားသွားသတ္တဝါ အမျိုးအစားဖြစ်သည်။ အပူပိုင်းဇုန်ဒေသများနှင့် မုတ်သုံတောများတွင် နေထိုင်ကျက်စား မျိုးပွားသော မြွေမျိုးဖြစ်သည်။ ရေမြေသဘာဝ အရောင်အသွေးအတိုင်း အပေါ်ယံအရေခွံ အရောင်ပြောင်းလဲသွားသော သတ္တဝါဖြစ်သည်။ အစာရှာချိန်မှလွဲ၍ ပင်ကိုယ်သဘာဝအတိုင်း ရစ်ခွေနေတတ်သည်။ မြွေပွေးမတစ်ကောင်မှ သားလောင်းအကောင်ရေ အမြောက်အမြား မွေးဖွားနိုင်သည်။ ပူအိုက်သောအချိန်များတွင် ခိုအောင်းရာနေရာမှ အပြင်သို့ထွက်ကာ စိုစွတ်သောနေရာများ၊ အေးမြသောနေရာများတွင် ခိုအောင်းနေတတ်သည်။ အဆိပ်မှာ ပြင်းထန်ပြီး သွေးအတွင်း ပျံ့နှံ့ချိန်မှာ ပျမ်းမျှအားဖြင့် (၄) နာရီနီးပါး အချိန်ယူရသည်။ အသက်ရှူလမ်းကြောင်းစနစ်၊ နှလုံးစနစ်၊ ကျောက်ကပ်စနစ်များအား ဖျက်ဆီးနိုင်ပါသည်။ ၎င်းတို့၏ အမိကအစာအာဟာရမှာ ကြွက်များဖြစ်သည်။ အပူချိန်ပြင်းသော အချိန်တွင် ခိုအောင်းနေတတ်ပြီး အေးမြသောအချိန်တွင် အပြင်သို့ ထွက်လေ့ရှိသည်။ အရွယ်အစားမရွေး အဆိပ်ရှိပါသည်။ "ဆေးထုတ်လုပ်မှုအချိုးသည် လူဦးရေ သန်းခြောက်ဆယ်တွင် လူနာနှစ်ထောင်သာ ပေးနိုင်သည်။" ဟူ၍ အဆုံးမသတ်ရသေးသော စာပိုဒ်ပင်ဖြစ်တော့သည်။

ထို့ကြောင့် ယင်းစာပိုဒ်အား ကျွန်တော့်အနေဖြင့် အဆုံးသတ်ရသော် "မြွေဆိပ်ဖြေဆေးမရှိပါ"၊ "မြွေမကိုက်အောင်နေပါ"၊ "ကြိုးကြိုးကား နီနေဆဲပင်ဖြစ်သည်" ဟူသော စာသားများအရ မြန်မာ့ကျေးလက်ဒေသ တောင်သူဦးကြီးများအား မြွေမကိုက်အောင် ကာကွယ်နည်းဖြစ်သော ကြက်ပေါင်ရှည်ဖိနပ် (Rubber Boots)များ စီးကြရန်လည်းကောင်း၊ လက်အိတ်များဝတ်ဆင်ကြရန်လည်းကောင်း ပညာပေးကြသော်ငြားလည်း ရှေးရိုးထုံးတမ်း အစဉ်အလာအတိုင်း ဖိနပ်မစီးခြင်း၊ လက်အိတ်မဝတ်ခြင်းဖြင့် လယ်ယာမြေများထဲတွင် အလုပ်လုပ်ကိုင်ခြင်းကိုသာ အားရခဲ့၍ ပညာပေးကဏ္ဍရပ်များ မအောင်မြင်ခဲ့။ သို့ရာတွင် နောင်မျိုးဆက်သစ် လူငယ်လူရွယ် တောင်သူလယ်သမားများအတွက် ဖိဖိစီးစီး ပညာပေးကဏ္ဍများကို ထိရောက်စွာ သက်သေဓာတ်ပုံများဖြင့် ပြသကာ အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးကဏ္ဍများအား လုပ်ဆောင်



ကြရမည်ဖြစ်သည်။ ယခု လောလောဆယ် အချိန်ကာလတွင် ပြည်တွင်းရှိ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုသည်လည်း အလွန်နည်းပါးနေ၍ မြွေကိုက်ခံရခြင်း (ပိုးထိခြင်း)ကြောင့် အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေရသော ကျွန်တော်တို့အားလုံး၏ ကျေးဇူးရှင် တောင်သူလယ်သမားဦးကြီးများသည် နှစ်စဉ် သေဆုံးမှု တိုးမြင့်နေသည်ကို ဝမ်းနည်းစွာ တွေ့မြင်ကြားသိနေရသည်။ ထို့ပြင် ကျန်းမာရေးအသိပညာ နည်းပါးနေကြသော ကျေးလက်ဒေသများတွင် မြွေကိုက်ခံရခြင်း (ပိုးထိခြင်း) ဖြစ်ပေါ်လာပါက ယင်းမြွေဆိပ်သည် ခန္ဓာကိုယ်ထဲသို့ မပြန့်နှံ့


www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်ရန်အတွက် မိမိ၏ခြေထောက်အား မိမိကိုယ်တိုင် ကိုင်းခုတ်ဓားဖြင့် ခုတ်ပစ်ခြင်းများကိုလည်း ပြုလုပ်နေကြကြောင်း သိရှိခဲ့ရသည်။ ထို့ကြောင့် မြွေဆိပ်သည် ခန္ဓာကိုယ်အတွင်းသို့ ပြန့်နှံ့ဆဲ ပြန့်နှံ့ကာ ထိုလူနာသည်လည်း ခြေထောက်ပိုင်းဖြတ်လိုက်မှုကြောင့် သွေးလွန်၍ အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရပြန်သည်။ ထိုကဲ့သို့ မိမိခြေထောက်အား မိမိ၏ဓားဖြင့် မိမိကိုယ်တိုင် ပိုင်းဖြတ်ခဲ့သူတို့မှာ အမျိုးသမီးများပင် ပြုလုပ်ကြကြောင်း ကျွန်တော်တို့ ထိုကျေးလက်ဒေသများသို့ သွားရောက်သည့်အခါ သိရှိခဲ့ရသည်။

ထို့ကြောင့် မြန်မာနိုင်ငံသူ/သားများ၏ ကျေးဇူးရှင်၊ ထမင်းရှင်ဟု ခေါ်ဆိုကြရသော တောင်သူဦးကြီးများ၏ အသက်ကို ကယ်တင်နိုင်ရန်အတွက် မြွေဆိပ်ဖြေဆေးများ အထူးလိုအပ်လျက်ရှိပါသည်။ ထိုသို့သော မြွေဆိပ်ဖြေဆေးများသည် မြန်မာနိုင်ငံအတွက် အသုံးဝင်သော အမျိုးအစားမှာ အာရှနိုင်ငံ အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးဖြင့်သာ ကုသမှုကို ပြုလုပ်နိုင်ကြောင်းလည်း သိရှိရသည်။ အနောက်နိုင်ငံများမှ မြွေအမျိုးအစားနှင့် အာရှနိုင်ငံရှိ မြွေအမျိုးအစားများ ကွဲပြားမှုကြောင့် ယင်းမြွေဆိပ်ဖြေဆေးသည်လည်း ကွဲပြားမှု၊ ကုသမှုများ မတူညီနိုင်ချေ။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် မြန်မာပြည်တွင်းရှိ မြွေကိုက်ခံရသော ဝေဒနာရှင် လူနာများအတွက် အိမ်နီးချင်း အိန္ဒိယနိုင်ငံရောက် မြန်မာမိသားစုများမှ တတ်နိုင်သမျှ မေတ္တာ၊ စေတနာ၊ ကရုဏာထားရှိကာ လူသားချင်း စာနာစိတ်များဖြင့် မြွေဆိပ်ဖြေဆေးများအား လှူဒါန်းမှုပြုကြရန်နှင့် ကျွန်တော်တို့၏ နာရေးကူညီမှုအသင်း (ရန်ကုန်)မှလည်း ယင်းမြွေဆိပ်ဖြေဆေးများအား ဝယ်ယူ၊ မှာယူနိုင်ရန်အတွက် အိန္ဒိယနိုင်ငံရှိ ဆေးဝါးထုတ်လုပ်မှုကုမ္ပဏီများနှင့် ချိတ်ဆက်မှုပြုလုပ်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးကြပါရန် နှိုးဆော်လိုက်ရပါတော့သည်။




www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်မုန်းလပြည့်နေ့ ဆေးပေါင်းခသောညတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း သပိတ်စခန်းအား ဖြိုခွဲနှိမ်နင်းမှု၌ လယ်တီဆရာတော်ကြီး၏ သမိုင်းဝင်သိမ်တော်ကြီးအား ကာကွယ်စောင့်ရှောက်ခဲ့သည့် ဘုရား၏သားတော် ရဟန်းသံဃာတော်များအနက် ထိခိုက်ဒဏ်ရာရရှိ၊ မီးလောင်ကျွမ်းခဲ့သော သံဃာတော်များအား လိုအပ်သောဆေးဝါးများ ကူညီထောက်ပံ့နိုင်ရန်အတွက် နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်သောအဖွဲ့သည် ၃၀.၁၁.၂၀၁၂ ရက်နေ့တွင် ထွက်ခွာခဲ့ရာ မန္တလေးမြို့သို့ နံနက် ၉း၃၀ နာရီအချိန်တွင် ရောက်ရှိခဲ့သည်။ ကြိုတင်ရောက်ရှိနေသော နာရေးကူညီမှုအသင်း (ရန်ကုန်) အဖွဲ့သားများနှင့် ပြည်မြို့ သုခကုသိုလ်ဖြစ်ဆေးခန်း (ပြည်)ရှိ မိုးမေတ္တာ ပရဟိတလူငယ် သွေးလှူအဖွဲ့တို့သည် လေဆိပ်သို့ လာရောက်ကြိုဆိုခဲ့ကြပြီး မုံရွာမြို့သို့ ထွက်ခွာခဲ့ရာ နေ့လည် ၁း၀၀ နာရီအချိန်တွင် မုံရွာမြို့သို့ ရောက်ရှိခဲ့ကြသည်။ မုံရွာမြို့ရှိ ပြည်သူ့ဆေးရုံကြီးတွင် ကုသမှု ခံယူနေကြသော ရဟန်းသံဃာတော်များအတွက် ဆေးဝါးများ လှူဒါန်းနိုင်ရန် ကြိုးစားခဲ့ကြသော်




လည်း အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ရဟန်းသံဃာတော်များအား မုံရွာ ပြည်သူ့ဆေးရုံကြီးတွင် သွားရောက်၍ အားပေးစကားပြောကြားပြီး သံဃာတော်တစ်ပါးလျှင် ၃၀၀၀၀ိ/- (သုံးသောင်း)ကျပ်နှုန်းဖြင့် ဒဏ်ရာပြင်းထန်စွာ ရရှိထားသော သံဃာတော် (၃၇)ပါးအား ဆေးဝါးကုသရန်အတွက် ဝတ္ထုငွေများ လှူဒါန်းခဲ့ကြသည်။

ထို့နောက် မိုးမေတ္တာ ပရဟိတ သွေးလှူရှင်များအဖွဲ့မှလည်း ဥက္ကဋ္ဌ ဦးကျော်သူနှင့်တကွ အဖွဲ့သားများနှင့်အတူ မီးလောင်ဒဏ်ရာ ရရှိခဲ့သော ရဟန်းသံဃာတော်များ ပြည်သူ/သားများအတွက် ဆေးဝါးများအား ထပ်မံလှူဒါန်းမှုကို ပြုလုပ်ခဲ့သည်။ အဆိုပါဆေးရုံကြီး၌ လက်ပံတောင်းတောင်အရေးတွင် ပါဝင်ခဲ့သော မဖြူဖြူဝင်း၊ မသွဲ့သွဲ့ဝင်း၊ မအေးနက်တို့နှင့် တွေ့ဆုံခဲ့ကြပြီး ခန္ဓာကိုယ်တွင် မီးလောင်ဒဏ်ရာများ ရရှိခဲ့သော မဖြူဖြူဝင်းမှ ယခုကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

လာရောက်လှူဒါန်း အားပေးစကားပြောကြားသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ၎င်းတို့အတွက်လည်း အားတစ်ခုပင်ဖြစ်ပါကြောင်းနှင့် ဖြစ်ပွားခဲ့ပုံ အဆင့်ဆင့်တို့အား ၎င်းတို့ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ဦးကျော်သူအား ရင်နင့်ဖွယ် ပြောကြားခဲ့သည်။ ထို့နောက် မုံရွာမြို့ ဒေသခံများ ပြောကြားချက်အရ မုံရွာမြို့တွင်ရှိသော ဘုန်းကြီးကျောင်းများနှင့် လက်ပံတောင်းတောင်တစ်ဝိုက်ရှိ ကျေးရွာများတွင်လည်း မီးလောင်ဒဏ်ရာရရှိခဲ့သော ရဟန်းသံဃာတော်များ၊ ကျေးလက် တောသူတောင်သားများ များစွာကျန်ရှိနေပြီး ဆေးရုံသို့ လာရောက်ကုသခြင်း မခံယူကြဘဲ မိမိတို့ သိကျွမ်းသလောက် ဆေးမြီးတိုများဖြင့် ကြိတ်၍ကုသနေကြောင်း ရင်နင့်ဖွယ် သိရှိခဲ့ရပြန်သည်။



ထို့ကြောင့် မုံရွာမြို့ရှိ ဘုန်းကြီးကျောင်း (၄)ကျောင်းအား သွားရောက်စုံစမ်းရာတွင် ဘုန်းတော်ကြီးကျောင်း (၃) ကျောင်းမှ ဒဏ်ရာရရှိခဲ့သူ ရဟန်းသံဃာတော်များ မရှိကြောင်းကို စိုးရိမ်တကြီးဖြင့် ပြန်လည်ဖြေကြားကြခြင်းကို ကြုံတွေ့ခဲ့ရသည်။ ကျန်ရှိသော ဇောတိကာရာမ ကျောင်းတိုက်တွင် ကိုရင်ငယ်များ၊ ရဟန်းငယ်များ စုစုပေါင်း အပါး (၆၀) ကျော်ခန့်အား မျက်မြင်တွေ့ရှိခဲ့၍ ဆရာတော်ကြီးထံ ခွင့်ပန်ကာ ရဟန်းသံဃာ ကိုရင်များအတွက် လိုအပ်သည့် ဆေးဝါးများအား မေတ္တာစေတနာ အရင်းခံ၍ ကုသပေးနေသော ဆရာဝန်များ၏ အကူအညီဖြင့် ငွေကျပ် (၃)သိန်းခန့်အား ဆေးဝါးပစ္စည်းများ ဝယ်ယူခဲ့ပြီး စေတနာဆရာဝန်များထံ ချိတ်ဆက်၍ ယင်းဘုန်းကြီးကျောင်း၌ လှူဒါန်းပေးအပ်ခဲ့သည်။ ထို့နောက် ဦးကျော်သူနှင့်အဖွဲ့သည် ညနေ ၆း၀၀ နာရီခန့်တွင် မုံရွာမြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ဆက်လက်သွားရောက်ခဲ့ရာ ည ၈း၃၀ နာရီ အချိန်တွင် ရောက်ရှိခဲ့သည်။ မန္တလေးဆေးရုံကြီး၌ သပိတ်စခန်းဖြိုခွဲမှုတွင် ဒဏ်ရာရရှိခဲ့သော ရဟန်းသံဃာတော်များအား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ အားပေးစကား ပြောကြားခဲ့သည်။ ထို့နောက် မန္တလေးမြို့ရှိ တောင်စလင်းတိုက်သစ်ကျောင်း၌ ညအိပ်ရပ်နားပြီး နံနက် ၁၀း၀၀ နာရီအချိန်တွင် မန္တလေးမြို့မှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာခဲ့သည်။



ဤအကြောင်းအရာများမှာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း သပိတ်စခန်း (သို့) လယ်တီဆရာတော်ကြီး၏ သမိုင်းဝင်သိမ်တော်ကြီးအား ကာကွယ်စောင့်ရှောက်ခြင်း (သို့) သာသနာတော်အား ထိန်းသိမ်းကာကွယ်ခြင်းတို့တွင် မျက်ရည်ယိုဖိုးကြောင့်ဟုဆိုသော ဗုံးဒဏ်

www.burmeseclassic.com



ကြောင့် အံ့သြဖွယ်ရာ ကြောက်မက်ဖွယ်ကောင်းသော မီးလောင်ကျွမ်းခြင်းကို ခံခဲ့ရသော ဗုဒ္ဓ၏ သားတော် ရဟန်းတော်များနှင့် ဗုဒ္ဓဘာသာဝင် ပြည်သူ/သားတို့အား သွားရောက်ကူညီ ဖေးမ လှူဒါန်းခဲ့သော ဖြစ်စဉ်အကျဉ်းဖြစ်သည်။ ဤနေရာတွင် ကျွန်တော်အဓိက ပြောလိုသည်မှာ သာမန်မီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာရသည့် သာမန်ဒဏ်ရာမျိုးမဟုတ်သော အင်မတန် ကြောက်မက်ဖွယ်ကောင်းလှသည့် လူညွှန့်တုံးစေသည့် ဝေဒနာခံခဲ့ရသော ရဟန်းရှင်လူအပေါင်းတို့အား လူသားချင်း စာနာစိတ် မွေးဖွားကာ မြန်မာပြည်သူ/သားအပေါင်းတို့မှ ဝိုင်းဝန်းကူညီ ဂရုစိုက်ကုသပေးကြရန်နှင့် အမှန်တကယ် ဒုက္ခဆိုးများ ခံစားနေရသော သေရာပါမည့် ဒဏ်ရာများ ရခဲ့ကြသည့် ရဟန်းရှင်လူများရှိပါလျက်နှင့် အကြောက်တရားများ လွှမ်းခြုံမှုကြောင့် မရှိပါဘူးဟု ငြင်းဆိုမှုများ မပြုလုပ်ကြပါရန် အလွန်အရေးကြီးလှသည်။ အမှန်စင်စစ် မီးလောင်ကျွမ်းခြင်းကို ရက်စက်စွာ ခံခဲ့ရသော ရဟန်းသံဃာတော်များမှာ ငယ်ရွယ်နုပျိုလှသည့် အပြစ်မဲ့ သံဃာတော်များနှင့် ကိုရင်ငယ်လေးများမှာ အများစုဖြစ်သည်။ သူတို့သည် နိုင်ငံရေး လှုပ်ရှားမှု၊ နိုင်ငံတော် မငြိမ်သက်အောင် လုပ်မည့်သူများ မဟုတ်သလို (နိုင်ငံရေး)ဟူသော စကားကိုပင် သိရှိမည့်သူများ မဟုတ်ကြချေ။ သူတို့၏ နှလုံးသားထဲတွင် သာသနာတော်ကို ကာကွယ်စောင့်ရှောက်ရမည့် မြင့်မြတ်လှသော စိတ်ဓာတ်ချက်ပင် ရှိလိမ့်မည်မှာ မုန်ကန်လှသည်။ ထိုသို့ ဝိုင်းဝန်းကူညီ လှူဒါန်းမှုများကိုလည်း ဆေးရုံများမှ ပိတ်ပင်တားဆီးခြင်း၊ လက်မခံခြင်းများနှင့် ကုသပေးနေသော ဆေးရုံကြီးများတွင်လည်း အသုံးပြုနေရသော (သုံးရေ) ပြတ်တောက် နေမှုများသည် မသင့်တော်၊ လူမြင်၍မကောင်းလှပေ။ လူသားချင်း စာနာထောက်ထားစိတ်များ၊ ကိုယ်ချင်းစာနာစိတ်များ မွေးဖွားကြရန် အရေးကြီးလှပေသည်။ ထို့အပြင် တက်ရောက် ကုသနေကြသော ရဟန်းရှင်လူအပေါင်းတို့မှာ ရာဇဝတ်သားများလည်း မဟုတ်ချေ။ ကာယကံရှင် လူနာများ၏ ဆန္ဒအလျောက် ပြင်ပဆေးရုံများတွင် ကုသလိုပါကလည်း အဆင်ပြေချောမွေ့စွာဖြင့် သက်ဆိုင်ရာ ဆေးရုံကြီးများမှ လွယ်ကူစွာ ဆင်းခွင့်ပြုရန်လည်း အရေးကြီးလှသည်။ ကမ္ဘာ့အလယ်တွင် မျက်နှာပျက်စရာဖြစ်ခဲ့သော ဗုဒ္ဓဘာသာဝင်များမှ ဗုဒ္ဓဘာသာဝင်များ အချင်းချင်း ရက်စက်မှု သမိုင်း တွင်သွားခဲ့ပြီဖြစ်တော့သည်။ ယင်းသမိုင်းအမဲစက်အား မည်သို့ ပြန်လည်၍ အဖတ်ဆယ်မည်နည်း။ မည်သို့ ပြန်လည်၍ ကယ်တင်ကြမည်နည်း။ လူသားအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် စာနာထောက်ထားကြကာ ကူညီရိုင်းပင်းမှုမှလွဲ၍ အခြား မရှိတော့ချေ။ မည်သို့ဆိုစေ ကျွန်တော်တို့ နာရေးကူညီမှုအသင်း (ရန်ကုန်)သည် မြတ်စွာဘုရား ဟောကြားခဲ့သော “ဂိလာန ရဟန်းသံဃာတော်တို့အား ပြုစုစောင့်ရှောက်ခြင်းသည် ငါဘုရားအား ပြုစုစောင့်ရှောက်ခြင်းမည်ပေ၏”ဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဆိုဆုံးမစကားအား လက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ပြုကာ ဒုက္ခရောက်သူတို့အား အမှန်တကယ် (အစစ်အမှန်) ကူညီပါရစေဟု ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောကြားလိုက်ပါတော့သည်။

(ယင်းကဲ့သို့ အရေးပေါ်လှူဒါန်းမှုအား နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဦးစီး၍ အများပြည်သူတို့ လှူဒါန်းထားသော အလှူငွေကျပ် သိန်းနှစ်ဆယ်နှင့်အတူ ပေါ်ပြူလာဂျာနယ်၌ ပင်တိုင်ရေးသားနေကြသည့် ဆောင်းပါးရှင်များဖြစ်ကြသော ဆရာမ ခက်မာ၊ အကြည်တော်၊ မိုက်တီး၊ ခင်မင်းဇော် (DVB)၊ သီတာ (DVB)၊ ကျော်သူ၊ ကိုမျိုး (မြန်မာစာ) နှင့် ပန်းချီမင်းကျော်ခိုင် (USA) တို့၏ ဉာဏ်ပူဇော်ခ ငွေကျပ် ၁၅၀၀၀၀/- (တစ်သိန်းငါးသောင်း) ကျပ်တို့ဖြင့် ပထမအကြိမ် စုပေါင်းလှူဒါန်းမှုဖြစ်ပါကြောင်း မှတ်တမ်းတင်လိုက်ရပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



၁၇.၁.၂၀၁၃ ရက်နေ့တွင် နတ်၊ လူ သာဓုခေါ်စေသော အလှူဒါနတစ်ခုအား၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးကျော်သူ ကိုယ်တိုင်ကိုယ်ကျ လက်ခံခဲ့သည်။ ယင်း၊အလှူသည် လက်ရှိနေထိုင်လျက်ရှိသော ကျပ် ၃၅၀ သိန်းခန့် တန်ဖိုးရှိသည့် တိုက်ခန်းကို နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ အပြီးလှူဒါန်းခြင်းဖြစ်သည်။ သက်ရှိထင်ရှား ရှိနေစဉ်၌ လှူဒါန်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ အလှူရှင်ဖြစ်သူ ဦးလှကျော် အသက် ၈၀ နှစ်သည် ကွယ်လွန်သူ ဒေါ်မိမိကြီးအား ရည်စူး၍ တိုက် ၁၊ အခန်း ၂ ဆောင်းဟေမာန်အိမ်ရာ၊ မြောက်ဒဂုံမြို့နယ်ရှိ ဆောင်းဟေမာန်တိုက်ခန်းအား နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းခဲ့သည်။ ဦးလှကျော်သည် သား၊ သမီး မိသားစုမရှိဘဲ တစ်ဦးတည်း နေထိုင်သူဖြစ်ပြီး ၎င်းတိုက်ခန်းအား မိမိမရှိတော့သည့်နောက်ပိုင်း၌ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ အများပြည်သူတို့အတွက် အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန် အပြီးအပိုင် ယတိပြတ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဦးလှကျော်သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင် ပထမဦးစွာ သံဃာတော်များကို မိမိ၏ တိုက်ခန်းအလှူ လှူဒါန်းမည်ဟု စိစစ်ပြီးမှ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရခြင်းကို တိုက်ခန်းအလှူရှင် ဦးလှကျော်မှ "နဂိုကတည်းက ဗုဒ္ဓဘာသာဝင် ဒါနကိုပြုချင်တယ်၊ ပြုချင်ပေမယ့် ဘယ်ဟာ အကောင်းဆုံး

# ဆောင်းဟေမာန်က
# ရှာမှရှားအလှူ
# ကျော်သူ



www.burmeseclassic.com

 www.burmeseclassic.com

ဖြစ်မလဲလို့ ကျွန်တော်စဉ်းစားကြည့်တော့ ဘာသာရေးအရ သံဃာတော်တွေကို လှူချင်ပေမယ့် လှူနေတဲ့သူတွေ အများကြီးရှိတယ်။ လူသားတွေအတွက်ကတော့ အလှူမခံရတဲ့ ပြဿနာရှိတယ်။ ဒါကြောင့် ကျွန်တော်က ပြည်သူတွေ အကျိုးရှိအောင်ဆိုပြီးတော့ လှူလိုက်တာပါ။ ဒီလို နာရေးကို လှူတဲ့သူတွေ နည်းနေတယ်။ ကျွန်တော့်ရည်ရွယ်ချက်က နာရေးကူညီမှုအသင်း (ရန်ကုန်)ကို အားလုံးပုံအပ်ပြီး လှူဒါန်းခြင်းဖြစ်ပါတယ်”ဟု ပြောကြားခဲ့ပါသည်။ “လူ့အလိုနတ်မလိုက်နိုင်”ဟု ပညာရှင်များ ဆိုရိုးစကားရှိသည်။ လူတို့၏ လိုအပ်သော တောင်းဆုများကို အလွယ်တကူ ဖန်ဆင်းပေးနိုင်သော နတ်တစ်ပါးပင် အလိုမလိုက်နိုင်ဟုဆိုလျှင် လူတို့၏ လိုချင်တပ်မက်စိတ်သည် မည်မျှပင် များပြားကြောင်း သိရှိနိုင်ရန် ပညာရှင်တို့၏ ထိုစကားပုံသည် ထင်သာလှသည်။ ယခုတွင်မူ အလှူရှင် ဦးလုကျော်သည် မိမိပိုင်ဆိုင်မှုတစ်ခုဖြစ်သော ဆောင်းပောမာန်တိုက်ခန်းကို လိုချင်တပ်မက်မှုမရှိ ကိုယ့်နောက်မပါမည့် ထိုတိုက်ခန်းအား လှူဒါန်းခြင်းသည် မိမိသေဆုံးသွားသည့်အခါ မိမိနောက်ပါမည့် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ပိုင်ဆိုင်မှုစစ်စစ်ကို ဆုပ်ကိုင်ရင်း နတ်၊ လူ သာခုခေါ်စေမည့် မွန်မြတ်သော အလှူဒါနတစ်ခုကို ပြုအပ်ခဲ့ပါတော့သည်။

> သံဖြင့်လုပ်သော အနှောင်အဖွဲ့၊ သစ်ဖြင့်လုပ်သော အနှောင်အဖွဲ့၊ မြက်,လျှော်တို့ဖြင့်လုပ်သော အနှောင်အဖွဲ့မျိုးကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့မဆိုကုန်။ ပတ္တမြားနားတောင်း စသော ရတနာတို့၌လည်းကောင်း၊ သားမယားတို့၌လည်းကောင်း လွန်စွာတပ်မက်နှစ်သက်သော ငဲ့ကွက်မှုတဏှာ အနှောင်အဖွဲ့မျိုးကိုသာလျှင် ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိသူတို့က ဆိုကုန်၏၊ လျော့ရဲဟန်ရှိသော်လည်း လွတ်နိုင်ခဲသော၊ ယုတ်နိမ့်ရာ အပယ်ငရဲသို့ ဆွဲခေါ်တတ်သော ဤအနှောင်အဖွဲ့ကို ပညာရှိသူတို့သည် ရှန်းဖြတ်၍ ကာမဂုဏ်ချမ်းသာကိုစွန့်ကာ တောသို့ဝင်ကြကုန်၏။
>
> ဓမ္မပဒ



www.burmeseclassic.com




"တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်" မှန်ပါတယ်၊ ကျေးဇူးရှင် ဘဘဦးသုခရဲ့ "တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်" ဆိုသောစကားရပ်သည် လူမှုရေးသမားများတွင်သာမက ကမ္ဘာမြေပြင်ပေါ်ရှိ လူသားတိုင်းအတွက် အမှန်ကန်ဆုံး အထိရောက်ဆုံး စကားဖြစ်ပါသည်။ နာရေးကူညီမှုအသင်း (ရန်ကုန်) သည် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဘဘဦးသုခ မျိုးစေ့ချ ထူထောင်ခဲ့ရာ ယခု ၂၀၁၃ ခုနှစ် ဇန်နဝါရီလကုန်အထိ လူသားများ၏ နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေး၊ စစ်ဘေး အစရှိသည့် လူမှုကယ်ဆယ်ရေး ကူညီဖေးမမှုလုပ်ငန်းများ ထမ်းရွက်လုပ်ဆောင်ခဲ့သည်မှာ ၁၂ နှစ်ကျော်ကာလ ရှိခဲ့ပါသည်။ ထိုသို့ လူမှုရေး သစ္စာတရားများ လူ့ကျင့်ဝတ်များ၊ လူ့သီလများ၊ အမှန်ကန်ဆုံး အမြင့်မြတ်ဆုံး စောင့်ထိန်းခဲ့သောကြောင့် နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် ကူညီဖေးမ၊ ပေးဆပ်မှုများ မြင့်မားလာသလို သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြသော ပြည်တွင်း ပြည်ပမှ မြန်မာပြည်သူလူထုတို့၏ အလှူငွေများ၊ ဆေးဝါးသုံးပစ္စည်းများသည်လည်း မြင့်မား တိုးတက်လာခဲ့ပါသည်။ အမေရိကန်နိုင်ငံရှိ ဆန်ဖရန်စစ္စကိုရောက် မြန်မာများ (Sanfrancisco BayArea Burmsese Community Organizer)မှ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းရှိ သပိတ်စခန်းဖြိုခွဲမှုတွင် ဒဏ်ရာရရှိခဲ့သော သံဃာတော်များအား ပြည်တွင်းတွင် ဆေးဝါးကုသရန်အတွက် အလှူငွေ US$ 4000 အား ပေးပို့ လှူဒါန်းခဲ့သည်။ ထိုအခါ

 www.burmeseclassic.com 

နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူမှ မန္တလေးမြို့ရှိ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းရှိ သပိတ်စခန်းတွင် ဒဏ်ရာရခဲ့သော သံဃာတော်များအား ကူညီပေးနေသည့် လူမှုရေးအဖွဲ့အား မန္တလေးမြို့သို့ရောက်ရှိစဉ် ဆေးဝါးကုသမည့် သံဃာတော်များ၏ အခြေအနေ အား စုံစမ်းမေးမြန်းရာ မရှိတော့ကြောင်း သိရှိခဲ့ရသည်။ ရန်ကုန်မြို့သို့ ဦးကျော်သူ ပြန်လည် ရောက်ရှိချိန် နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ ဆက်သွယ်အကူအညီတောင်းခံလာသော ကချင်ပြည်နယ် ဖားကန့်မြို့တွင် မူလတန်းအရွယ် ကျောင်းသူလေးအား ကျောင်းဆင်းချိန်တွင် ကျောင်းကြိုသော ကလေးငယ်လေး၏ ဖခင်ဖြစ်သူ ကချင်လူမျိုး ကိုခေါ်ဘောမ် (ခ) ကိုယာကု သည် လက်နက်ကြီး ပေါက်ကွဲမှု ဒဏ်ကြောင့် ဗုံးဆံထိမှန်ကာ အရေးပေါ် ခွဲစိတ် ကုသရန် အတွက် ရန်ကုန်မြို့သို့ ဖားကန့် မြို့ ငြိမ်းချမ်းရေးအတွက် လူမှုရေးလုပ်ကိုင်နေသော ကိုခင် မောင်ဝင်းနှင့် ကိုရင်ထွေးတို့မှ



ခေါ်ဆောင်ခဲ့ကာ ကြည့်မြင်တိုင် အရိုးအကြောဆေးရုံသို့ တက်ရောက်ကုသခဲ့ရာ ကြည့်မြင်တိုင် အရိုးအကြောဆေးရုံတွင် ခွဲစိပ်ကုသရန် အတွက် ဆရာတော် အရှင်ဇဝန (မေတ္တာရှင်) မှ အလှူငွေကျပ် ၆၅၀၀၀၀ိ/ (ခြောက်သိန်း ငါးသောင်း)ကျပ်တိတိအား လှူဒါန်းခဲ့သည်။ သို့ရာတွင် ကိုခေါ်ဘောမ် (ခ) ကိုယာကု၏ ဒဏ်ရာသည် အလွန်ပြင်းထန်၍ အန္တရာယ်များနေ သောကြောင့် ဆာကူရာဆေးရုံတွင် ထပ်မံခွဲစိပ်မှု ခံယူရတော့မည့် အခြေအနေ ဖြစ်ပေါ် နေသည်။ ကိုခေါ်ဘောမ် (ခ) ကိုယာကုသည် ဖားကန့်မြို့နေ ရိုးသားသော ကချင်လူမျိုးတစ်ဦး ဖြစ်သည့်အပြင် လူမမယ် သမီးငယ်လေးအား ပညာသင်ကြားနိုင်ရန် ဘဝကို ရုန်းကန်နေရ သူလည်းဖြစ်သည်။ သူ့အား ဖားကန့်မြို့ ငြိမ်းချမ်းရေးအတွက် လူမှုရေးအဖွဲ့မှ ဦးခင်မောင်ဝင်း နှင့် ကိုရင်ထွေးတို့မှ လူသားချင်း စာနာစိတ်ဖြင့် လိုက်လံကူညီစောင့်ရှောက်နေရသည့် အခြေ နေတွင် ထပ်မံ၍ အကြီးစားခွဲစိပ်မှုနှင့် ဒဏ်ရာအား CT (Scan) ရိုက်ရန် ငွေကြေးအခက်အခဲ ဖြစ်ပေါ်နေကြောင်း သိရှိရသည်။ ကြည့်မြင်တိုင် အရိုး၊ အကြောဆေးရုံ ပါမောက္ခ ဒေါက်တာ ခင်မောင်မြင့်နှင့် လက်ထောက်ဆရာဝန်ကြီးတို့မှလည်း ဒဏ်ရာရရှိခဲ့သော ဝဲဘက်လက်အား ပေါင်မှသွေးကြောဖြင့် အစားထိုး အစွမ်းကုန်ကုသပေးခဲ့သည်။ ယခု ထပ်မံခွဲစိပ်မှုပြုရန် ငွေကြေး အခက်အခဲအား နာရေးကူညီမှုအသင်း (ရန်ကုန်)မှ အလှူငွေ ၁၀၀၀၀၀ိ/ (ဆယ်သိန်း) ကျပ်တိတိအား ၁၇.၁.၂၀၁၃ ရက်နေ့တွင် သွားရောက်လှူဒါန်းကူညီခဲ့သည်။ ထို့နောက် ကြည့်မြင်တိုင် အရိုး၊ အကြော ဆေးရုံအုပ်ကြီးနှင့်တကွ ဆရာဝန်၊ ဆရာဝန်ကြီးများနှင့်

 www.burmeseclassic.com 

တွေ့ဆုံခဲ့ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး နာရေးကူညီမှုအသင်း (ရန်ကုန်)ရှိ သုခကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ပြသကြသော အရိုး၊ အကြော ခွဲစိပ်ရမည့် လူနာများအား ကူညီမှုပေးနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်ခဲ့သည်။ တစ်ချိန်တည်းတွင် ၇.၁.၂၀၁၃ ရက်နေ့တွင် သုခကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ပြသခဲ့သော လူနာ မောင်အောင်မြတ်၏ မွေးရာပါ အဖု/အလုံး (managocele) ရောဂါအား မြောက်ဥက္ကလာပ ဆေးရုံသို့ ပို့ကာ ကုသခဲ့သော်လည်း အရေးပေါ် ခွဲစိပ်ကုသမှုပြုရန် ရန်ကင်း ကလေးဆေးရုံကြီးသို့ ပြန်လည်၍ ပို့ဆောင်ခဲ့ရသောကြောင့် နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူနှင့် အလုပ်အမှုဆောင်များ၊ အသင်းသူ/သားများသည် မောင်အောင်မြတ်အား သွားရောက်ကာ အားပေးကြည့်ရှုခဲ့သည်။ မောင်အောင်မြတ် ဖခင်သည် ကျွန်စစ်သားအိမ်ရာ၊ အရှေ့ဒဂုံမြို့နယ်တွင် ဆိုက်ကားနင်း၍ အဋ္ဌမတန်းရောက်သည် အထိ ပညာသင်ကြားပေးခဲ့သော ရိုးသားလှသော ဖခင်တစ်ဦးဖြစ်သည်။ မိခင်ဖြစ်သူသည် လွန်ခဲ့သော ၂ နှစ်ခန့်၌ ကွယ်လွန်ခဲ့သောကြောင့် နာရေးကူညီမှုအသင်း (ရန်ကုန်)မှ သင်္ဂြိုဟ်ပေးခဲ့ရသေးသည်။ ပညာသင်ကြားရန်အတွက် ဖခင်ဖြစ်သူမှာ အနေ့ယာဉ်နင်း၍ စားဝတ်နေရေးအတွက် ရှာဖွေနေရသော ဖခင်တစ်ဦးဖြစ်သဖြင့် သား မောင်အောင်မြတ်၏ ခွဲစိတ်မှုအား မတတ်နိုင်ချေ။ ထို့ကြောင့် နာရေးကူညီမှုအသင်း (ရန်ကုန်)မှ မောင်အောင်မြတ် ခွဲစိတ်ကုသမှုအတွက်လည်းကောင်း၊ CT (Scan) ရိုက်ရန်အတွက်လည်းကောင်း အလှူငွေ ၇၃၅၄၅၀ိ/ (ခုနစ်သိန်းသုံးသောင်းငါးထောင်လေးရာ့ငါးဆယ်)ကျပ်တိတိအား လှူဒါန်းကူညီမှုပြုလုပ်ခဲ့သည်။ ထိုကဲ့သို့သော လှူဒါန်းမှု အလှူငွေများသည် အများပြည်သူတို့မှ လှူဒါန်းထားသော အလှူငွေများတို့ဖြင့်သာ အများပြည်သူအတွက် ကူညီဖေးမပေးခဲ့ခြင်းဖြစ်သည်။ ယင်းလှူဒါန်းမှုအတွက် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ရှိ မိုးမခဂျာနယ်ဝက်ဆိုဒ်အား ဦးစီးလုပ်ကိုင်နေသော စာရေးဆရာ လူမှုရေးသမားဖြစ်သူ မောင်ရစ်အား ဦးကျော်သူမှ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကိစ္စရပ်အတွက် လှူဒါန်းထားသော အလှူငွေများထဲမှ သုံးစွဲခွင့်ပြုရန် အကြောင်းကြားထားပြီးလည်း ဖြစ်ပေသည်။ ထိုအချက်အလက်အား ပြည်ပမှ မြန်မာအလှူရှင်များအနေဖြင့် နားလည်သဘောပေါက်လိမ့်မည်ဟု ထင်မိပါသည်။ အလှူရှင်



www.burmeseclassic.com

www.burmeseclassic.com


များအနေဖြင့် မည်သည့်ခေါင်းစည်းတပ်ထားသော အလှူငွေကောက်ခံပွဲဖြစ်စေကာမူ မိမိတို့၏ အလှူငွေများသည် တကယ်လိုအပ်သော နေရာဒေသ၊ အစစ်အမှန်လိုအပ်သော ဒုက္ခသည်များ ထံသို့ တကယ်ပေးဆပ်နေကြသော လူပုဂ္ဂိုလ် အသင်းအဖွဲ့တို့မှ အကျိုးရှိစွာ ရောက်ရှိသွားမည် ဆိုပါက မိမိတို့၏ လှူဒါန်းမှု ကုသိုလ်တော်ကြီးသည် အထမြောက် အောင်မြင်သွားမည်ဖြစ်ပါ ကြောင်း အသိပေးအပ်သည်။ "ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်"ဟူသော ယောဆရာတော်ဘုရားကြီး၏ ဩဝါဒစကားသည် မှန်ကန်လှပေသည်။ အဘယ့်ကြောင့်ဆို ၁၇.၁.၂၀၁၃ နေ့လည် ၂း၀၀ နာရီအချိန်တွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၏ သပိတ် စခန်းဖြိုခွဲမှုကြောင့် ဒဏ်ရာရခဲ့သော ဆရာတော်ကြီးများ ဆေးဝါးကုသရန် လှူဒါန်းလိုက်သော အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုရောက် မြန်မာများ (Sanfrancisco Bay Area Burmese Community Organizer) ၏ လှူဒါန်းငွေအား အရေးပေါ်လိုအပ်နေသော ခွဲစိပ် အသက် ကယ်ပေးရမည့် လူနာ (၂)ဦးအား လွှဲပြောင်းကုသရန်အတွက် ဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့သည် ကြည့်မြင်တိုင် အရိုးအကြောဆေးရုံနှင့် ရန်ကင်း ကလေးဆေးရုံတို့မှအပြန် နာရေးကူညီမှု အသင်း(ရန်ကုန်)သို့ အမေရိကန်နိုင်ငံ နယူးယောက်မြို့နေ သူငယ်ချင်း ပန်းချီ မင်းကျော်ခိုင် ထံမှ ပါဆယ်ထုပ် တစ်ထုပ်အား လက်ခံရရှိခဲ့သည်။ ပါဆယ်ထုပ်အား ဖွင့်ဖောက်ကြည့်သော အခါ "ကိုကျော်သူ၊ ဒေါ်ရွှေဇီးကွက် ... မီးလောင်ဒဏ်ရာရခဲ့ကြတဲ့ ရဟန်းတော်များအတွက် အမေရိကန်လုပ်ငန်းရှင်တစ်ယောက်နဲ့ သူ့ဇနီး မြန်မာအမျိုးသမီးတို့က အမည်မဖော်လိုသူဆိုတဲ့ နာမည်နဲ့ လှူလိုက်တဲ့ဆေးတွေပါ။ အဲဒီလိမ်းဆေးတွေကို သမားတော်တွေနဲ့ပြပြီး အသုံးပြုနိုင် ပါတယ်။ အားလုံးကို သတိရလျက် ... မင်းကျော်ခိုင်"ဟူ၍ စာနှင့်တကွ မီးလောင်ဒဏ်ရာ ဝေဒနာရှင်များအား ကုသရန်အတွက် ဆေးဗူးကြီး (၄) ဗူးအား ဝမ်းသာအားရ လက်ခံရရှိခဲ့ တော့သည်။ ထို့ကြောင့် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုရောက် မြန်မာများ (Sanfrancisco Bay Area Burmese Community Organizer) အဖွဲ့၏ ဆန္ဒပြည့်ဝခဲ့စေသလို အရေးပေါ် ခွဲစိပ်ကုသရမည့် လူနာ ၂ ဦးအတွက် ဆန္ဒပြည့်ဝရတော့သည်။ ထို့ကြောင့် မည်သည့် လှူဒါန်းမှုများမဆို (လေဘေး၊ မီးဘေး၊ ရေဘေး၊ စစ်ဘေး၊ ပဋိပက္ခအရေး) ဟူ၍ အလှူရှင်များ အနေဖြင့် ခေါင်းစီးတပ် ကမ္ပည်းထိုးရန် မလိုအပ်သည့်အပြင် မိမိတို့လှူဒါန်းသည့် အလှူပစ္စည်း အလှူငွေများအား စစ်မှန်သော လူမှုရေးအသင်းအဖွဲ့များ၊ သီလလုံခြုံသော လူပုဂ္ဂိုလ်များထံမှ တစ်ဆင့် ထိရောက်မှန်ကန်သော အလှူဒါနဖြစ်မြောက်ရန်အတွက်သာ သတိပြုရမည်ဖြစ်ကြောင်း "ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်"ဟူသော စကားရပ်က သက်သေထူခဲ့ခြင်း ဖြစ်သည့်အပြင် ကျွန်တော်တို့ လူမှုရေးအသင်းအဖွဲ့ လူမှုရေးသမားများအနေဖြင့် တကယ်လို အပ်သော ဒုက္ခသည်စခန်းများရှိ ပြည်သူလူထုထံသို့ ထိရောက်တိကျသော အလှူငွေများအား လူသားချင်း စာနာစိတ်မွေးကာ ကူညီဖေးမလိုသော ဗြဟ္မစိုရ်တရားအား သစ္စာရှိစွာ လက်ကိုင် ပြု၍ ဖေးမမှုများ ပြုလုပ်ရန် "တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်"ဆိုသော စကားအား လက်ကိုင်ပြုကျင့်သုံးရန် လိုအပ်ပါတော့သည်။ ထို့ကြောင့် ကျွန်တော် ၂၀၁၃ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်ကူး ဆုတောင်းစကားဆိုခဲ့သော စာပိုဒ်လေးအား နောက်ဆုံးတင်ပြအပ်ပါသည်။ (ဖြစ်ချင်တာတွေလဲ မဖြစ်တဲ့လောက မဖြစ်ချင်တာတွေလည်း ဖြစ်နေရတဲ့ လောကကြီးမှာ ကျွန်တော် ဘာမှ ဆုမတောင်းချင်ပါဘူး။ တစ်ခုပဲ ပြောချင်ပါတယ်။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်တယ် ဆိုတာပါပဲ။ (တလက်စတည်း အမေရိကန်နိုင်ငံရှိ ဆန်ဖရန်စစ္စကို ရောက် မြန်မာများ (SanFrancisco Bay Area Burmese Community Organizer) အဖွဲ့၏ ဆန္ဒကိုလည်း ၁၈.၁.၂၀၁၃ ရက်နေ့ နေ့လည် ၃း၀၀ နာရီအချိန်တွင် ဖြည့်ဆည်းပေးခဲ့ပါသည်။ အကြောင်းမှာ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့မှ သူငယ်ချင်း ပန်းချီ မင်းကျော်ခိုင် ပို့လိုက် သည့် အမည်မဖော်လိုသော အလှူရှင်မိသားစု၏ လှူဒါန်းမှုပြုခဲ့သည့် မီးလောင်ဒဏ်ရာ ရရှိ ခဲ့သော သံဃာတော်များ အသုံးပြုရန်အတွက် ဆေးဗူးကြီး ၄ ဗူးအားလည်း လက်ပံတောင်း တောင် ကြေးနီစီမံကိန်းရှိ သပိတ်စခန်းတွင် ဒဏ်ရာရခဲ့သော သံဃာတော်များအား အထူး ဂရုစိုက် ကုသပေးနေသော သီတဂူဆရာတော်ကြီးထံသို့ ဦးကျော်သူနှင့် အလုပ် အမှုဆောင်များ၊ အသင်းသား/သူ များမှ မြောက်ဒဂုံမြို့နယ်ရှိ သီတဂူဆရာတော်ကြီး၏ ကျောင်းတော်သို့ သွား ရောက်၍ ဆရာတော်ဘုရားကြီး လက်ဝယ်သို့ ပေးအပ်လှူဒါန်းမှု ပြုခဲ့ပါသည်။)

**ကျော်သူ**



www.burmeseclassic.com

www.burmeseclassic.com


နာရေးကူညီမှုအသင်း (ရန်ကုန်)၏ သမိုင်းတွင် ဥက္ကဋ္ဌ ဦးကျော်သူ၏ ကိုယ်ပွားထွက်ပေါ်လာပြီဟုဆိုလျှင် ယုံကြည်ကြမည်မဟုတ်။ ယခု အမှန်တကယ်ပင် ထွက်ပေါ်နေပါပြီ။ စိတ်ချင်းမတူ ရုပ်ချင်းဆင်တူသော ဓာတ်ပုံစတန်း (Stand) ပင်ဖြစ်သည်။ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးကျော်သူသည် နေ့စဉ်နှင့်အမျှ ဈာပနကိစ္စရပ်များ၊ ကျန်းမာရေးကိစ္စရပ်များ၊ ပညာရေးကိစ္စရပ်များသာမက သတင်းမီဒီယာများဖြင့် တွေ့ဆုံခြင်း၊ အသင်းကြီးမှ အပတ်စဉ် (သို့) လစဉ် ကျင်းပလေ့ရှိသော အစည်းအဝေးပွဲများနှင့် ပြည်တွင်းပြည်ပရှိ လူမှုရေးပရဟိတ အသင်းအဖွဲ့များနှင့် တွေ့ဆုံမှုများ။ တက်ရောက်အားပေးခြင်းတို့အပြင် အသင်းသို့ စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် လာရောက်၍ လှူဒါန်းကြသော အလှူရှင်များ၏ ဂုဏ်ပြုမှတ်တမ်းလွှာဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံခြားဧည့်သည်တော်များအား အသင်းကြီး၏ လုပ်ငန်းစဉ်များကို အစမှအဆုံး ကိုယ်တိုင်ကိုယ်ကျ လိုက်လံရှင်းလင်းပြသခြင်း အစရှိသည့် လုပ်ရပ်များဖြင့် အများပြည်သူအပေါ် ပေးဆပ်လုပ်ကိုင်နေလျက်ရှိသည်။ ထိုပေးဆပ်မှုလုပ်ရပ်များ လုပ်ကိုင်ထမ်းရွက်နေစဉ်သော်လည်းကောင်း၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ကိစ္စရပ်ဖြင့် ပြည်ပနိုင်ငံများ၏ ဖိတ်ကြားမှုကြောင့်လည်းကောင်း၊ ပြည်တွင်းရှိ နယ်ဒေသများ



www.burmeseclassic.com

၏ ဖိတ်ကြားမှုကြောင့်လည်းကောင်း မကြာခဏ ခရီးထွက်နေရသည်။ သဘာဝဘေးအန္တရာယ် (မီးဘေး၊ ရေဘေး၊ လေဘေး၊ စစ်ဘေး) များ ကြုံလာခဲ့သည့်အခါတွင်လည်း၊ မည်သည့်မည်မျှ ဝေးပါစေ အသင်းသား/သူများ၏ မလျော့သော ဇွဲလုံ့လတို့ဖြင့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကာ ကူညီဖေးမခဲ့သည်။ ထိုကဲ့သို့ မအားလပ်သည့်ကြားမှ ၃.၁.၂၀၁၃ ရက်နေ့ ည (၇း၀၀)နာရီ အချိန်တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ၏ သက်တော် (၅၁) နှစ်မြောက် မွေးနေ့ စာပေဟောပြောပွဲ၌ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ၂၀၀၁ ခုနှစ်တွင် ဘဘဦးသုခ စတင် ဖွဲ့စည်း ပျိုးထောင်ပေးခဲ့ချိန်မှစ၍ ယနေ့အချိန်အထိ ပေးဆပ်မှုများ တိုးတက်မြင့်မားလာမှု အစရှိသည့် လုပ်ငန်းစဉ်များအား Projecter ဖြင့် ပြသ၍လည်းကောင်း၊ လူမှုရေး အသင်းအဖွဲ့ များ အနေဖြင့် ထားရှိအပ်သည့် စံနှုန်းများ၊ ကျင့်ဝတ်များ၊ စောင့်ထိန်းအပ်သည့် ကိုယ်ကျင့် တရားများနှင့် ကိုယ်တိုင် လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ တို့အား အဓိကထားကာ ဟောပြောခဲ့သည်။ အံ့သြမှုကောင်းသည်မှာ ကျွန်မတို့ ခေါင်းမူး ခေါင်းကိုက်သော် မည်သည့်အလုပ်မျှ မလုပ်ချင်/မကိုင်ချင်ပေ။ ထိုနေ့သည် ဥက္ကဋ္ဌ ဦးကျော်သူ နေမကောင်း ဖြစ်နေသည်။ ဖျားနေသည်။ ထိုသို့ဖြစ်နေသော်လည်း ညပိုင်းဟောပြောပွဲအား အများပြည်သူ ရှေ့သို့ထွက်ကာ အားကြိုးမာန်တက် ဟောပြောခဲ့သည်။ နှစ်လတိုင်တိုင် ကြိုတင်ပြင်ဆင်မှု ပြုလုပ်ရသော နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ၁.၁.၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် (၁၂)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင်လည်း မအားလပ်ဘဲ ကိုယ်ကိုယ် တိုင် ပါဝင်လုပ်ဆောင်နေသောကြောင့် ပွဲပြီးသည့် ညနေပိုင်းတွင် စတင်၍ နေမကောင်းဖြစ်ခဲ့ သည်။ ထိုသို့ နေမကောင်းဖြစ်နေသော်လည်း ၃.၁.၂၀၁၃ ရက်နေ့တွင် ဟောပြောခဲ့ပြီး ၅.၁.၂၀၁၃ ရက်နေ့ တွင်လည်း အထက်မြန်မာပြည်ခရီးစဉ်အား စတင်ခဲ့တော့သည်။ (၁၀)ရက် ခန့် ကြာမြင့်မည် ဖြစ်သည်။ ကျွန်မတို့ ခရီးထွက်သည်ဆိုသည်မှာ သွားရောက်ကာ အပန်းဖြေ ကာ လည်ကြမည်၊ ပတ်ကြမည်ဖြစ်သည်။ ဥက္ကဋ္ဌ ဦးကျော်သူသည် လည်ပတ်ခြင်းမဟုတ်။ အထက်မြန်မာပြည်ရှိ အများပြည်သူတို့အတွက် လူမှုရေးဟောပြောမည်ဖြစ်သည်။ ထိုကဲ့သို့ ခရီးထွက်နေသော်လည်း နာရေး ကူညီမှုအသင်း (ရန်ကုန်)တွင် သူ၏ကိုယ်ပွားကို ထားခဲ့သေး သည်။



နာရေးကူညီမှုအသင်း (ရန်ကုန်) တည်ထောင်ခြင်း (၁၂)နှစ်ပြည့်တွင် အသင်း ဝင်းကြီးတွင် လူပုဂ္ဂိုလ်များ၊ မီဒီယာများ၊ အလှူရှင်များ၊ ဧည့်သည်များဖြင့် ပြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်။ ထိုကဲ့သို့ အစီအစဉ်များနေချိန်တွင် နယ်မှလာရောက်ကြသော အသင်းအဖွဲ့များ၊ ဧည့်သည်များမှ သူတို့ချစ်ခင်နှစ်သက် တန်ဖိုးထားသော ဦးကျော်သူနှင့် ဓာတ်ပုံတွဲပြီး ရိုက်ချင်သော်လည်း ဥက္ကဋ္ဌသည် အခမ်းအနားကျင်းပနေစဉ် (သို့) မအားလပ်၍ ဓာတ်ပုံ မရိုက်လိုက်ရခြင်းအတွက် စိတ်မကောင်းဖြစ်မည်ကို စိုးရိမ်သဖြင့် ဥက္ကဋ္ဌ ဦးကျော်သူသည် သူ၏ အရုပ်၊ အသားအရောင်၊ ဝတ်စား ဆင်ယင်မှု ပုံတူကလုန်း (Clone) ကို စီစဉ်ထားရှိသည်။ ထိုကလုန်းသည် ဥက္ကဋ္ဌ ဦးကျော်သူအပြင် ဒု-ဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်၊ အတွင်းရေးမှူး ဒေါ်ရွှေဇီးကွက်တို့၏ ကလုန်းများလည်း ထားရှိသည်။ ဥက္ကဋ္ဌ ဦးကျော်သူသည် ကျေးဇူးတရား သိတတ်သော



သူလည်းဖြစ်ရာ နာရေးကူညီမှုအသင်း (ရန်ကုန်) ပေါ်ပေါက်လာရန် စတင် မျိုးစေ့ချ ပျိုးထောင် ပေးခဲ့သော စာပေ၊ ဂီတ၊ အနု ပညာရှင် ဒါရိုက်တာကြီး ဘဘဦးသုခ၏ ဓာတ်ပုံအား ကိုင်ဆောင် ထားသည့် ကလုန်းပုံဖြစ်သည်။ အလှူရှင်များအနေဖြင့် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးကျော်သူအား ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းလိုကြောင်း၊ ဦးကျော်သူ ကျန်းမာ၊ မမာ တွေ့ချင်ကြောင်း၊ တစ်ချိန်က ကျော်ကြားခဲ့သော ရုပ်ရှင်မင်းသားဖြစ်သည်ကတစ်ကြောင်း၊ ပရဟိတအလုပ်ကို စိတ်နစ်၍ ဆောင်ရွက်နေသော ဦးကျော်သူနှင့် အတူတကွ ဓာတ်ပုံရိုက်ချင် သူများအတွက် နေမဝင်အလုပ်ကြီးကို လုပ်ကိုင်နေသည့်အပြင် သူနှင့်အတူ ပရဟိတအလုပ် များကို လုပ်ကိုင်နေသော အသင်းသား/သူများကို ပရဟိတသမားစစ်စစ်ဖြစ်အောင် သူလို ကျော်သူ များများထွက်လာအောင် သင်ကြားပေးနေသည့်အပြင် ကျော်သူအပွားများ ပေါ်မထွက်ခင် ရုပ်ပုံကလုန်းထားခဲ့သည်။ ယင်း ကလုန်းကျော်သူ၏ ပုံရိပ်ဖြင့် ဦးကျော်သူ ခရီးသွားနေစဉ် ကာလတစ်လျှောက် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လာရောက်လှူဒါန်းကြ သော အလှူရှင်များမှာလည်း ဝမ်းသာအားရ ပီတိဖြစ်စွာ ကျော်သူ ကလုန်းပုံဖြင့် နားလည်မှု ပြည့်ဝစွာ အမှတ်တရ ရိုက်ကူးကြသည်။ ထို့ကြောင့် ဦးကျော်သူ အထက်မြန်မာပြည်သို့ ခရီး ထွက်နေချိန်တွင် သူ့ကိုယ်စား အလုပ်လုပ်ပေးနေသော ကလုန်းရှိသည်။ သို့သော် သူ ကမ္ဘာ မြေပြင်မှ ထွက်သွားမည့်အချိန်တွင် သူ့အစား အများပြည်သူတို့အတွက် ကိုယ်ကျိုးစွန့်၍ ပေးဆပ်နိုင်မည့် သူသင်ပေးထားသော သင်တန်းသား/သူများ၊ အသင်းသား/သူများ၊ ပရဟိတ မျိုးဆက်သစ်များထဲမှ မည်သူ သူ့ကိုယ်စား ပေါ်ပေါက်လာမည်နည်း။

www.burmeseclassic.com

အခန်း(၆)

# သံဝေဂ
# ကထာ



www.burmeseclassic.com

www.burmeseclassic.com



# လွတ်ငြိမ်းခွင့်

ငါ ... ဘာမှမဟုတ်တဲ့ ငါ။
ဘာမှအသုံးမဝင်တဲ့ ငါ။
ဘာမှအကျိုးမဝင်တဲ့ ငါ။
လူမှုရေးတော့ သိ။
စီးပွားရေးက မရှိ။
ပညာရေးက မဟုတ်။
ကျန်းမာရေးက ဆုတ်ယုတ်။
ဖွဲ့စည်းပုံက ထွေပြား။
နိုင်ငံရေးက ဝေဝါး။
ဘာမှအသုံးမကျတော့တဲ့ ငါ။
ဘာမှအကျိုးမပြုတော့တဲ့ ငါ။
ငါ့ကို မင်းတို့ရဲ့ ချည်နှောင်မှုကနေ လွတ်ငြိမ်းခွင့်တော့ ပေးပါတော့ ...။
ငါ မဟုတ်တော့တဲ့ ငါ။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ... ငါ့မှာ မင်းတို့အသိုင်းအဝိုင်းတွေ မလုပ်နိုင်တဲ့ ပညာရပ်တွေရှိတယ်။
ငါ့မှာ မင်းတို့အဖွဲ့အစည်းတွေ မမြင်နိုင်တဲ့ အမြင်အာရုံရှိတယ်။
ငါ့မှာ မင်းတို့အဖွဲ့အစည်းတွေ မတွေးနိုင်တဲ့ အတွေးမျိုးရှိတယ်။
ငါ့မှာ မင်းတို့ပညာတတ်တွေ မစွမ်းနိုင်တဲ့ ပညာစွမ်းရှိတယ်။
ဒါ ... ငါ့ရဲ့စွမ်းအား၊ ငါ့ရဲ့ ပါဝါပဲ။
အဲဒီ ငါ့ရဲ့အင်အားကို မင်းတို့ ခုတုံးတော့ မလုပ်ကြပါနဲ့။
ငါ ရှက်လှပါဘီ။
ဒါကြောင့် ... ငါ ထပ်ပြောမယ်။
ငါဟာ ငါမဟုတ်တော့ဘူး။
ငါ့မှာ မင်းတို့ကို အကျိုးပြုစရာ ဗလာ။
ငါ့မှာ မင်းတို့အသုံးပြုစရာ နတ္ထိ။
ငါ့လမ်း ငါသွားပါရစေတော့။
ငါ့အလုပ် ငါလုပ်ပြီး ငါ့သမိုင်း ငါရေးဖို့ ငါ့ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးကြပါတော့။
နောင်တစ်ချိန်ချိန်မှာတော့ ... တရားသိသလိုလို တရားရှိသလိုလိုနဲ့
ဝင်လေထွက်လေ ရပ်ပြီး
ငါ့နောက် မလိုက်လာကြနဲ့လို့ ငါ မှာခဲ့ပါရစေ။
ငါ မဟုတ်တော့တဲ့ ငါ။

**ကျော်သူ**

www.burmeseclassic.com

www.burmeseclassic.com




လူဆိုသည်မှာ မွေးပြီးလျှင် သေကြမည်သာဖြစ်သည်။

သတ္တဝါမှန်သမျှ ဖြစ်လိုက် ပျက်လိုက် ဖြစ်တော့သည်။

ဒါကတော့ ... တရားသဘောအရပင်။ သို့သော် ကျွန်ုပ်တို့၏ ပေးဆပ်မှုများကတော့ ပျက်လိုက်ဖြစ်လိုက် (ပျက် ဖြစ်)ပင် ဖြစ်တော့သည်။

ဤတွင် ကျွန်ုပ်တို့သည် တရားသဘောကို ဆန့်ကျင်ခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ ဟောကြားချက်ကို ဖီလာပြုခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် ဒိဋ္ဌိအယူစွဲများ မဟုတ်ပါ။ ကျွန်ုပ်တို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင် စစ်စစ်များသာဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာကို လက်ကိုင်ပြု၍ ကျင့်ကြံပွားများနေသူတို့သာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် "ဖြစ်ပျက်" လောကကြီးထဲတွင် ရပ်တည်နေကြရင်းနှင့် အများအတွက် အကျိုးရှိစေမည့်၊ အကျိုးပြုစေမည့် ကုသိုလ်ကောင်းမှုများကို လက်ကိုင်ပြုရာ၌ "ပျက်ဖြစ်" လုပ်ငန်း၊ လမ်းစဉ်တို့ကို ကျင့်သုံးမိတော့သည်။

အကြောင်းရင်းကို ရှင်းပြရသော် ကျွန်ုပ်တို့၏ လူမှုရေးအသင်းဖြစ်သော နာရေးကူညီမှုအသင်း (ရန်ကုန်)၏ လုပ်ငန်းစဉ်များတွင် သေဆုံး (ဘဝပြောင်း)သွားသူတို့၏ ရုပ်ကလာပ်များကို သင်္ဂြိုဟ်ပေးခြင်းတို့သည် ဖြစ်ပျက်ကို ရှုခြင်းပင်ဖြစ်သည်။ မွေးလာလျှင် သေဆုံးဖို့ ခြေလှမ်းခြင်းပင်ဖြစ်သည်။ ဘယ်နေ့သေမည်၊ ဘယ်အချိန်သေမည်၊ ဘယ်နေရာတွင် သေမည်ကိုတော့ မသိနိုင်။ သို့သော် ... သုခကုသိုလ်ဖြစ်ဆေးခန်း၏ လုပ်ဆောင်ချက်၊ ပေးဆပ်မှုများသည်ကား ပျက်ဖြစ်ပင်ဖြစ်တော့သည်။

အဘယ့်ကြောင့်ဆိုသော် လူဆိုသော သတ္တဝါတို့သည် မွေးဖွားခြင်း (ပဋိသန္ဓေနေခြင်း) နှင့် ခန္ဓာအိမ်မှ ထွက်ခွာမှု (သေဆုံးခြင်း)ဆိုသည့် ကြားကာလတွင် စားဝတ်နေရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com


ရှန်းကန်လှုပ်ရှား သံသရာလည်ပတ်နေကြသည်။ ထိုသံသရာစက်ဝိုင်းအတွင်း လည်ပတ်နေစဉ် ကာလ၌ အကြောင်းကြောင်းကြောင့် ခြေလက်ကျိုးပဲ့ခြင်း၊ အစာအိမ်ထိခိုက်ခြင်း၊ နှလုံးထိခိုက်ခြင်း၊ မျက်စိထိခိုက်ခြင်း စသဖြင့် ခန္ဓာကိုယ်၏ ဦးခေါင်းမှ ခြေဖဝါးအဆုံး ဖောက်ပြန်/ပျက်စီး ဆုံးရှုံးခြင်းများကို အပျက်သဘောအားဖြင့် ကြုံတွေ့ကြရမည်ဖြစ်သည်။ သက်မဲ့ပစ္စည်းများ ဖြစ်သော နာရီ၊ ပန်ကာ၊ မော်တော်ယာဉ်၊ စက်ဘီး စသည်တို့လည်း ဖန်တီး/ပြုပြင်ထိန်းသိမ်း ခြင်းအားဖြင့် “ဖြစ်”၍ သုံးစွဲ/ယိုယွင်းခြင်းအားဖြင့် “ပျက်”ခြင်းတို့ပင် ဖြစ်တော့သည်။ ယင်း သက်မဲ့ပစ္စည်းများ ချို့ယွင်းပျက်စီးခဲ့ပါက လူသားတို့သည် ပြန်လည်ပြုပြင် သုံးစွဲကြသကဲ့သို့ လူသားတို့၏ ချို့ယွင်းဖျက်ဆီးမှုတို့ကို မည်သူတို့က ပြန်လည်ပြုပြင် မွမ်းမံမှုများကို လုပ်မည်နည်း။

လူအချင်းချင်း စာနာစိတ်များထားရှိရန် ကျွန်ုပ်တို့၏ တာဝန်ပင်ဖြစ်တော့သည်။

လူအချင်းချင်း မေတ္တာစိတ်ပွားများရန် ကျွန်ုပ်တို့၏ တာဝန်ပင်ဖြစ်တော့သည်။

လူအချင်းချင်း ကရုဏာစိတ်များထားရှိရန် ကျွန်ုပ်တို့၏ တာဝန်ပင်ဖြစ်တော့သည်။

ဤတာဝန်၊ ဝတ္တရား၊ ခံယူချက်တို့ကို မည်သူတစ်ဦးတစ်ယောက်ကမှ လာရောက် ခိုင်းစေ တာဝန်ပေးအပ်ခြင်းမဟုတ်။ ကျွန်ုပ်တို့၏ လူပီသသော အသိဉာဏ်၊ လူပီသသော ခံယူ ချက်၊ လူပီသသော ဝတ္တရားများသည် ဖြတ်သန်းလာခဲ့ရသော ဘဝရဲ့သင်ခန်းစာ၊ ဘဝရဲ့အတွေ့ အကြုံ၊ ဘဝရဲ့ နာကျည်းချက်၊ ဘဝရဲ့ ဒဏ်ရာဒဏ်ချက်များနှင့် ပဏ္ဍိတ ဆရာသမားများ၏ ဆုံးမမှုများကြောင့် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ပြုပြင်ပြောင်းလဲမှုများလုပ်ကာ ဗုဒ္ဓရဲ့လမ်းစဉ် အတိုင်း လျှောက်လှမ်းကြခြင်းပင်ဖြစ်သည်။

ဤသို့ ဗုဒ္ဓရဲ့လမ်းစဉ်၊ ဗုဒ္ဓရဲ့အလိုတော်ကျ လျှောက်လှမ်းရင်း ကျွန်ုပ်တို့၏ ပျက်ဖြစ် ပေးဆပ်မှုများ၊ ပျက်ဖြစ် စာနာမှုများ၊ ပျက်ဖြစ် ကရုဏာထားမှုများကို ရှင်းပါအံ့။

သုခကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ပြသကြသော လူနာများသည် ကျန်းမာရေး ထိခိုက်၍ လာကြခြင်းဖြစ်သည်။ သူတို့၏ခန္ဓာမှ သွေးသားဖောက်ပြန်မှုများကြောင့် သွေးသား ပျက်စီးမှုကြောင့် လာရောက်ပြသခြင်းဖြစ်သည်။

ဤသို့သော ပြုပြင်ကုသပေးနိုင်သည့် လုပ်ရပ်များကို ကျွန်ုပ်တို့သည် လူသားအချင်း ချင်း ကရုဏာစိတ်ထားကာ ကုသိုလ်ဖြစ် အခမဲ့ ပြုပြင်ကုသပေးမှုများ လုပ်ခဲ့သည်မှာ မရေ တွက်နိုင်တော့ပါ။ ကုသိုလ်ဖြစ်ကုသပေးသော ဆရာဝန်ကြီးများနှင့် ကျွန်ုပ်တို့၏ ထောက်ပံ့ပေး သော ဆေးဝါးများကြောင့် “အပျက်” (နေမကောင်းဖြစ်ခြင်း) မှ နောက်ဆုံး အကြောင်းကြောင်း ကြောင့် ပျက်ရသော သေခြင်းတရားမတိုင်ခင် “အဖြစ်” (ကျန်းမာနေကောင်းလာခြင်း)သို့ ရောက်ရှိလာစေရန် စွမ်းဆောင်ပေးနိုင်ခြင်းဖြစ်သည်။

ထိုနည်းတူစွာပင် မျက်စိတိမ်စွဲ၍ အမြင်အာရုံမရှိသော လူနာများအတွက် မျက်စိခွဲစိပ် ပေးကာ အမှောင်ဘဝမှ အလင်းဘဝသို့ရောက်အောင် စွမ်းဆောင်ပေးဆပ်ခြင်းမှာလည်း အထက်ဖော်ပြပါ အကြောင်းအလို့ငှာ အပျက်မှအဖြစ်သို့ လုပ်ဆောင်ပေးခြင်းပင် မဟုတ် ပါလား။

www.burmeseclassic.com

 www.burmeseclassic.com 

အောက်ဖော်ပြပါ အထွေထွေ ရောဂါဝေဒနာသည်များနှင့် မျက်စိဝေဒနာရှင်တို့၏ "အမှောင်မှ အလင်း" "အပျက်မှ အဖြစ်" ဘဝသို့ ရရှိရန် ရောက်ရှိလာကြသော သုခကုသိုလ် ဖြစ်ဆေးခန်း လူနာတို့၏ ရင်တွင်းခံစားချက်တို့နှင့် ဓာတ်ပုံများကို တင်ပြလိုက်ရပါသည်။








www.burmeseclassic.com

www.burmeseclassic.com

မျက်စိဝေဒနာရှင်များ၏ ဓာတ်ပုံများနှင့် ရင်တွင်းခံစားချက်များ





ထိုနည်းတူစွာ ကျွန်ုပ်၏ နှလုံးသားထဲ သတ်သတ်မှတ်မှတ် ဖြစ်ပေါ်လာခဲ့သော အဘ ဦးသန်းမြင့်နှင့် ကျွန်ုပ် ဆုံဆည်းမှုကို တင်ပြပါမည်။

လွန်ခဲ့သော (၄)နှစ်ခန့်က ကျွန်ုပ် ရုပ်ရှင်ရိုက်ကွင်းသွားစဉ် ဖျိုင်းရေအိုးစင် (တာမွေ) မြို့နယ်တွင် အဖိုးအိုတစ်ဦး သစ်သားဒေါက်တံဖြင့် လမ်းကို တစ်လှမ်းခြင်း လျှောက်လှမ်းနေသည်ကို မြင်တွေ့ရ၍ အဘအတွက် ငွေတစ်ထောင်လှူခဲ့သည်မှ စတော့သည်။

အချုပ်ဆိုရသော် ကုသိုလ်ပြုရာတွင် လူသည် တိရစ္ဆာန်ထက်သာသလို အကုသိုလ်ပြုရာတွင် လူသည် တိရစ္ဆာန်ထက်သာနိုင်သည်။

လူလေးမျိုးရှိရာ၌ အမှောင်ကလာပြီး ... အမှောင်သွားမည့်လူ၊

အလင်းကလာပြီး ... အမှောင်သွားမည့်လူ၊

အမှောင်ကလာပြီး ... အလင်းသွားမည့်လူ၊

အလင်းကလာပြီး ... အလင်းသွားမည့်လူ ဟူ၍ရှိသည်။ ကျွန်ုပ်တို့သည်ကား အလင်းက လာပြီး ... အလင်းသွားမည့်လူဖြစ်အောင် ကြိုးစားနေကြသည်။

သို့ကြောင့် ... ဖြစ်ခြင်းနှင့် ပျက်ခြင်း၊ ရှင်ခြင်းနှင့် သေခြင်းတို့တွင် သေခြင်းသည် အဆန်းမဟုတ်။ "ကံ"တစ်ခုနဲ့ ပိုင်းခြားလိုက်သည့်အတွက် ဘဝတစ်ခု ကုန်ဆုံးသွားပြီးဟု ဆိုငြားသော်လည်း မသေခင်စပ်ကြား ခံစားနေရသော ဝေဒနာ၊ မစွမ်းမသန်ဖြစ်မှုများကို ကျွန်ုပ်တို့ တတ်နိုင်သလောက် ပျက်ခြင်းမှ ဖြစ်ခြင်းသို့ ရောက်ရှိအောင် ကုသပေးခြင်း၊ အစား

www.burmeseclassic.com

www.burmeseclassic.com

ထိုးပေးခြင်းတို့ဖြင့် လူပီသအောင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရား၊ လက်ကိုင်ထားကာ အားထုတ်ကြိုးပမ်း၍ ကုသိုလ်အထုပ်များကို စုဆောင်းရင်း ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာမရွေး၊ (၇)ရက်သားသမီးအပေါင်းတို့ဘက်မှ ရပ်တည်ကာ အေးချမ်းသာယာ ဝပြောသည့် ငြိမ်းချမ်းမှု ပန်းတိုင်ဆီသို့ ချီတက်လျက်ရှိပါကြောင်း ... ။

ကမ္ဘာမြေပြင်သို့ အလည်အပတ်ရောက်ခွင့်ပေး၍ ဤကဲ့သို့ လူမှုရေး၊ ကုသိုလ်ရေး ကိစ္စအဝဝကို လုပ်ဆောင်ခွင့်ပေးခဲ့သော၊ ဖန်တီးပေးခဲ့သော မိဘနှစ်ပါးနှင့်တကွ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ ပဏ္ဍိတဆရာသမားများ၊ မြင်အပ် မမြင်အပ်သော ပုဂ္ဂိုလ်အသီးသီးတို့နှင့် မောင်တစ်ထမ်း မယ်တစ်ရွက် ပေးဆပ်နေသော ကျွန်ုပ်၏ မဟေသီ ရွှေဇီးကွက်အပြင် ဖခင်ဖြစ်သူ ကျွန်ုပ်အား သီလလုံခြုံရန် (ဆန်ရေ) လမ်းပြပေးခဲ့သော သား - ပြည်သိမ်းကျော်၊ သမီး - မြင့်မိုရ်ဦးတို့အား လေးစားဦးညွှတ်လျက် ... ။

**ကျော်သူ**

www.burmeseclassic.com



# စုတိကမ္ဗဇရုပ် ချုပ်ငြိမ်းခြင်း

ရန်ကုန်မြို့ သိမ်ဖြူလမ်း၊ ဒေဝသာဂရသိမ်ကုန်း၊ ဓမ္မိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပရိယတ္တိ ဇောတကကျောင်း၊ နာယကစာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (သာသနဓဇ ဓမ္မာစရိယ၊ ဝိနယပါရဂူ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်ကြီး သက်တော် (၆၆)နှစ်၊ သိက္ခာတော် (၄၆)ဝါသည် ၁၂.၂.၂၀၁၁ (စနေနေ့)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၄.၂.၂၀၁၁ (တနင်္လာနေ့) မွန်းလွဲ ၂း၀၀ နာရီအချိန်တွင် နာရေးကူညီမှုအသင်း (ရန်ကုန်)မှ အသင်းသားများနှင့် တပည့်သံဃာတော်၊ တပည့်ဒါယကာ၊ ဒါယကာမများတို့ဖြင့် ရေဝေးသုသာန်သို့ သယ်ယူပင့်ဆောင်ကာ အန္တိမအဂ္ဂိသာစုကိစ္စနပူဇာသဘင် ဆင်ယင်ကျင်းပခဲ့ပါသည်။

ဆရာတော်ကြီးသည် ပရိယတ္တိစာပေ ပို့ချခြင်းတာဝန်ကို နောက်ဆုံးချိန်အထိ သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ပေးခဲ့ပြီး မင်းကွန်းဆရာတော်ကြီး၏ အပ္ပမာဒ သံဝေဂလင်္ကာအတိုင်း "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"ဟူသော ဘုရားစကား လိုက်နာပွါးခဲ့ပြီး တရားလက်မလွတ်ခဲ့သော ဆရာတော်ကြီးတစ်ပါးပင်ဖြစ်သည်။

**"အပ္ပမာဒ သံဝေဂလင်္ကာ"**

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့
ကိုယ်ကဉ်ပုံ၊ ဖြစ်လိုတုံလည်း
တဖုံဆင်ကွဲ၊ သူတနဲဖြင့်
ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို
ပညာစက္ခု၊ မျှော်ထောက်ရှု၍
ယခုပင်လျှင်၊ မအိုခင်က
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့
ယခင်ပင်လျှင်၊ မနာခင်က
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့

www.burmeseclassic.com

www.burmeseclassic.com


ယခုပင်လျှင်၊ မသေခင်က
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့
ရတုချိန်ထောက်၊ ဤခါရောက်မှ
ချုပ်ပျောက်ခန္ဓာ၊ သေပိမ့် ငါ-ဟု
သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်
မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်
တစ်စက်ကမှ၊ မရှိကြဘူး
"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"
ဘုရားစကား၊ လိုက်နာပွား၍
တရား လက်မလွှတ်စေနှင့်။
(မင်းကွန်းဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာ လောင်ကျွမ်းခြင်းခံရသော ဇာမဏီငှက်သည် ကြွင်းကျန်ခဲ့သော ပြာပုံမှ တစ်ဖန်ပြန်လည် ပေါက်ဖွားလာပြီး ထပျံသွားသော ဒဏ္ဍာရီငှက် (သို့) သူ့ရဲ ကာင်းငှက် (သို့) ဇာမဏီငှက်။

နာရေးကူညီမှုအသင်း (ရန်ကုန်)ရှိ အသုံးပြုလျက်ရှိသော ဂျပန်နိုင်ငံလုပ် နာရေးပို့ဆောင်ရေးယာဉ်၏ ခေါင်မိုးပေါ်တွင် ထိုဇာမဏီငှက်ကို ရွှေချကာ အမြတ်တနိုး အထွဋ်အထိပ်တွင် ထားရှိလျက်ရှိသည်။

၁၄.၈.၂၀၁၁ တနင်္ဂနွေနေ့ ည ၇း၄၀ နာရီအချိန်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ မြန်မာပြည်၏ ဘာသာသာသနာအတွက် စာပေသူရဲကောင်းတစ်ဦးဖြစ်သူ ဒဿနပညာရှင်၊ အငြိမ်းစား ဒဿနိကဗေဒ ပါမောက္ခ နန္ဒာသိန်းဇံ (မဟာသဒ္ဓမ္မဇောတိကဓဇ) အသက် ၆၅ နှစ်သည် ကွယ်လွန်အနိစ္စရောက်ရှိသွားပါ၍ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ၁၅.၈.၂၀၁၁ တနင်္လာနေ့ နံနက် ၁၀း၃၀ နာရီအချိန်တွင် နာရေးကူညီမှုအသင်း (ရန်ကုန်)ရှိ ဂျပန်နိုင်ငံလုပ် နာရေးပို့ဆောင်ရေးယာဉ်ဖြင့် သွားရောက်၍ စာရေးဆရာ နန္ဒာသိန်းဇံ၏ ကျန်ရစ်ခဲ့သော ရုပ်ကလပ်အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးခန်းသို့ သွားရောက်၍ သယ်ဆောင်ပြီး ရေဝေးသုသာန်အအေးခန်းသို့ ပို့ဆောင်ခြင်းကို ပြုလုပ်ခဲ့သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးခန်းမှ ဥက္ကဋ္ဌ ဦးကျော်သူ မောင်းနှင်လာသော နာရေးပို့ဆောင်ရေးယာဉ် ထွက်ခွာလာချိန်တွင်၊ လေပြင်းမိုးပြင်းများ ရွာချထားခြင်းကြောင့် အအေးခန်းဂိတ်ပေါက်ရှိ ကိုင်းညွတ်နေသော ပိတောက်သစ်ကိုင်းနှင့် မီးကြိုးတို့၏ ချိတ်ဆွဲခြင်းကို




www.burmeseclassic.com

www.burmeseclassic.com


ခံရပြီး နာရေးပို့ဆောင်ရေးယာဉ် ခေါင်မိုးပေါ်ရှိ ရွှေချကာ အမြတ်တနိုး အထွဋ်အထိပ်ထား၍ရှိသော ဇာမဏီငှက်၏ အတောင်ပံတစ်ဖက်မှာ ရိုက်ချိုးခြင်းခံလိုက်ရသည်။ ထို့ကြောင့် ရိုက်ချိုးခံရသော ဇာမဏီငှက်အရုပ်အား နောက်မှ လိုက်လံကူညီဖေးမပေးသော စာရေးဆရာမ ဒေါ်သန်းမြင့်အောင် စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်ပေးပြီး ဆရာ နန္ဒာသိန်းဇံ၏ ရုပ်ကလာပ်အား ရွှေဝေး သုသာန်အအေးခန်းသို့ ပို့ဆောင်ပေးခဲ့တော့သည်။

လမ်းခရီးတွင် အတွေးနယ်ချဲ့ခဲ့သည်။ ဇာမဏီငှက်ဟုဆိုရာ၌ ဒဏ္ဍာရီငှက် (သို့) သူရဲကောင်းငှက် (သို့) အာဇာနည်ငှက်ဟု တင်စားခေါ်ဆိုကြသည်။ ဆရာ နန္ဒာသိန်းဇံသည်လည်း မြန်မာပြည်၏ စာပေသူရဲကောင်း (သို့) စာပေအာဇာနည်တစ်ဦးပင်ဖြစ်သည်။ ယခု ဆရာ နန္ဒာသိန်းဇံ၏ ၁၈.၈.၂၀၁၁ (ကြာသပတေးနေ့) နံနက် (၁၀း၀၀) နာရီအချိန်တွင် ရေဝေး သုသာန်၌ ဂူသွင်းသဂြိုလ်မည့် နောက်ဆုံးခရီးဖြစ်သော နှုတ်ဆက်ပွဲအတွက် ဆရာ၏ ကျန်ရစ်သော ရုပ်ခန္ဓာကိုယ်အား ပြင်ဆင်ပြုပြင် ထိန်းသိမ်းထားရန်အတွက် အအေးခန်းသို့ ပို့ဆောင်ရာတွင် ဇာမဏီငှက် တောင်ပံတစ်ဖက် ကျိုးကျန်ရစ်ခဲ့သည့် အတိတ်နိမိတ်သည် မြန်မာပြည်တွင်း ပြည်သူပြည်သားအားလုံးတို့အတွက် ဆက်လက်ပေးဆပ်ရန် ဆရာ့ကိုယ်စား တစ်စုံတစ်ယောက်အား အမွေထားရစ်ခဲ့လေသလားဟု .... ။

ဆရာထားရစ်ခဲ့သော ဒဏ္ဍာရီ၊ အာဇာနည်၊ သူရဲကောင်းတည်းဟူသော ပညာအမွေကို မည်သူ ဆက်လက်၍ ထိန်းသိမ်းပါတော့မည်နည်း။

www.burmeseclassic.com

 www.burmeseclassic.com 

# ငြိမ်းချမ်းရေး နေအိမ်ထဲက 'ဂူ' ဆရာ 'ပါ'



၂၀၀၈ ခုနှစ်၊ ဒေါ်ပတ္တမြားခင်မွေးနေ့ အထိမ်းအမှတ် ဆွမ်းကျွေးအလှူပွဲကို ပြည်လမ်းရှိ တိပိဋကတ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပစဉ် ဆရာပါရဂူမှ "ကိုကျော်သူ ခင်ဗျားရဲ့ အတ္ထုပ္ပတ္တိ၊ ခင်ဗျားရဲ့ သမိုင်းကြောင်းစာအုပ်ကို ကျွန်တော် ရေးအုံးမယ်ဗျာ"တဲ့။

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့ ကျွန်တော်၏ မွေးနေ့အမှတ်တရအဖြစ် Kyaw Thu's Art Zone ပန်းချီပြပွဲလုပ်စဉ်က "ကိုကျော်သူ ခင်ဗျားက စုတ်တံကိုင်ပြီး တော်လှန်ရေး လုပ်နေတဲ့ သူရဲကောင်းပဲ။ ခင်ဗျားရဲ့အကြောင်းကို ကျွန်တော် ရေးအုံးမယ်ဗျာ"တဲ့။

၂၀၁၀ ခုနှစ်၊ နေမျိုးဆေးရဲ့ ပန်းချီပွဲပြပွဲမှာ နောက်တစ်ကြိမ် "ကိုကျော်သူ ခင်ဗျားတို့ သုခအလင်းစာကြည့်တိုက်ကို ကျွန်တော် ပါရဂူ ရှန်တိနိကေတန်စာကြည့်တိုက်က စာအုပ်တွေ လှူချင်တယ်ဗျာ။ လာယူအုံး။ ကိုကျော်သူက တိုက်ပွဲဝင်နေတဲ့ အနုပညာသမား"တဲ့။

တစ်လေးလုံးနေ့ (၁.၁.၂၀၁၁) နှစ်သစ်ကူးနေ့၊ ကျွန်တော့်ဇနီး ရွှေဇီးကွက်မွေးနေ့ အမှတ်တရ Kyaw Thu's Art Zone Vol:2 ဒုတိယအကြိမ်မြောက် ပြပွဲလုပ်တဲ့နေ့ အဲဒီနေ့ ကလည်း ဆရာပါက "ကိုကျော်သူ ခင်ဗျားကို ကျွန်တော်ပြောရအုံးမယ်။ ခင်ဗျားလို လူမျိုး တော်လှန်ရေး အနုပညာသမားတွေ ကျွန်တော်တို့နိုင်ငံမှာ အများကြီးလိုတယ်။ ခင်ဗျားရဲ့ ရေးချက်တွေက တော်လှန်ရေး ရေးချက်တွေ၊ ပေါက်ကွဲမှုရေးချက်တွေ၊ ငြိမ်းချမ်းမှုရေးချက်တွေ။ ဒီလိုမျိုးအကြောင်းကို ကျွန်တော် ရေးအုံးမယ်"တဲ့။ ဒါကြောင့် ကျွန်တော် အဲဒီတုန်းက ဆရာ ပါကို ပြန်ပြောကြားခဲ့တယ်။

"ဆရာပါရေ ... သမိုင်းကြောင်းတွေ ရေးမယ်ဆိုရင် မြန်မြန်သာရေးပါတော့။ ကျွန်တော် မသေခင် ဖတ်သွားချင်ပါရဲ့။ သေပြီးမှ ထွက်လာတဲ့ စာအုပ်တစ်အုပ်ကို ကျွန်တော် ခံစားဖို့ ဖတ်ရှုလို့ ရတော့မှာမဟုတ်ဘူး"လို့။ အဲဒီမှာ ဆရာပါက "ရေးထားပြီးပါပြီ။ ကျွန်တော်ရဲ့နှလုံး သားထဲမှာ၊ ဦးနှောက်ထဲမှာ၊ စာရွက်ပေါ် ချမရေးရသေးတာတစ်ခုပါပဲ။ စာမျက်နှာပေါ်ကနေ

www.burmeseclassic.com

ခင်ဗျားအကြောင်း ချရေးခွင့်ရတဲ့ နေ့တစ်နေ့၊ စာဖတ်ပရိသတ် အများပြည်သူ ဖတ်ရှုခွင့်ရတဲ့ အချိန်ကာလကြရင် ခင်ဗျားရဲ့အတ္တုပ္ပတ္တိ၊ ကျွန်တော့်ရဲ့ဆန္ဒကို အကောင်အထည်ဖော်တော့မှာ ပါ''တဲ့။ အဲဒီလိုနဲ့ အဲဒီအချိန် အဲဒီကာလတစ်ခုကို စောင့်စားရင်း မျှော်လင့်ရင်းနဲ့ ...။

ခုတော့ ဆရာပါ ဆုံးရှာပြီ။ ကမ္ဘာမြေကြီးက ထွက်ခွာသွားရှာပြီ။ ဆရာရေးချင်တဲ့ ဆရာ တင်ပြချင်တဲ့ ကျွန်တော့်ရဲ့သမိုင်းကတော့ တည်ရှိနေဆဲ၊ ရှင်သန်နေဆဲ။ တကယ်တော့ သမိုင်း ဆိုတာ ကိုယ့်သမိုင်း ကိုယ်ရေးရတာပါ ဆရာရယ်။ ကျွန်တော့်သမိုင်းကောင်းဖို့ ကျွန်တော် ဖန်တီးရမှာပါ။ ကျွန်တော့်သမိုင်းလှဖို့ ကျွန်တော် တည်ဆောက်ရမှာပါ။

ဆရာပါ...ဆရာကတော့ ဆရာ့သမိုင်းကောင်းဖို့ ဆရာဖန်တီးခဲ့ပြီပဲ။ ဆရာ့သမိုင်းလှဖို့ ဆရာတည်ဆောက်ခဲ့ပြီပဲ။ ဒ့ါအပြင် အနာဂတ် မြန်မာပြည်ရဲ့ သမိုင်းလမ်းကြောင်း သာယာ လှပဖို့ ဆရာလမ်းဖွင့်လှစ်ပေးခဲ့ပြီပဲ။ ဆက်လျှောက်လှမ်းဖို့ ကျွန်တော်တို့အားလုံးရဲ့ တာဝန်ပဲ။ ကမ္ဘာမြေပြင်မှ ထွက်ခွာသွားလေသူ ဆရာပါတစ်ယောက် ရှန်တိနိကေတန် (သို့) ငြိမ်းချမ်းရေး နေအိမ်အဆောက်အအုံထဲမှာ ရှင်သန်ပျော်မွေ့နေမယ်လို့ ယုံကြည်လျက် ...။

( ''ပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက်'' ကို တည်ထောင်သူ စာရေးဆရာကြီး ပါရဂူ အသက် (၉၁)နှစ်သည် ၉.၅.၂၀၁၁ စနေနေ့ နံနက် ၉း၃၀ အချိန်တွင် ရန်ကုန်မြို့ အာရှတော်ဝင် ဆေးရုံကြီး၌ ကွယ်လွန်သွားပြီဖြစ်ပါသည်။ နာရေးကူညီမှုအသင်း (ရန်ကုန်) မှ ဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဒေါ်သန်းမြင့်အောင်နှင့် အသင်းသားများသည် ဆရာပါရဂူ၏ ရုပ်အလောင်းအား ရေဝေးသုသာန်ရှိ အအေးခန်းသို့ သယ်ယူပို့ဆောင်ပေးခဲ့ပါသည်။ ဆရာ ပါရဂူ၏ နောက်ဆုံးနှုတ်ဆက်ခြင်း အခမ်းအနားကို ၁၁.၄.၂၀၁၁ တနင်္လာနေ့ ညနေ ၅း၀၀ နာရီတွင် ရေဝေးသုသာန်၌ ကျင်းပမည်ဖြစ်ပါသည်။)



www.burmeseclassic.com

 www.burmeseclassic.com 

# သေရင် မီးခိုးနဲ့ပြာ
# ပါသွားမှာက
# ကုသိုလ် အကုသိုလ်

၂၀.၁.၂၀၁၁ (ကြာသပတေးနေ့) နေ့လည် (၃း၀၀)နာရီအချိန်ထိ နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် တစ်နေ့တာ နာရေးကူညီမှုပေါင်း (၃၈)ဦးအား မီးသင်္ဂြိုဟ်ပေးခြင်း၊ အအေးခန်းထားပေးခြင်းတို့ကို ကူညီဖေးမ လုပ်ဆောင်ပေးလျက်ရှိရာ -

နေ့လည် (၁း၀၀)နာရီခန့်တွင် သန်လျင် ဖားအောက်တောရ ရိပ်သာ၏ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး မိခင်ကြီး ဆရာကြီး အဘွားဒေါ်သုမေဓာ (ခ) ဒေါ်စိန်လင်း (ပင်ရှာ) အသက် (၈၅)နှစ်၊ ဝါတော် (၂၀)သည် ၁၈.၁.၂၀၁၁ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသည်။ ဈာပနအခမ်းအနားကို နာရေးကူညီမှုအသင်း (ရန်ကုန်)မှ အသင်းသူ/သားများ၊ ပုံတော်တင်ဆောင်ရန် ရွှေပြေးမော်တော်ယာဉ်နှင့် ဂျပန်နိုင်ငံတွင် အသုံးပြုသော အထူးနိဗ္ဗာန်မော်တော်ယာဉ်ကြီးတို့ဖြင့် သွားရောက်၍ ကူညီဖေးမ မီးသင်္ဂြိုဟ်ပေးခဲ့ပါသည်။ ယင်း ဈာပနအခမ်းအနားသည် သန်လျင် နာရေးကူညီမှုအသင်းနှင့် နာရေးကူညီမှုအသင်း (ရန်ကုန်)တို့ ပူးပေါင်းဆောင်ရွက်ခြင်း၊ လူမှုရေးသမားအချင်းချင်း စည်းလုံးညီညွတ်ခြင်းအင်အားကို ပြသနိုင်ခဲ့သည်။

ယင်းအခမ်းအနား၏ ထူးခြားချက်မှာ ဆရာကြီး အဘွား ဒေါ်သုမေဓာ (ခ) ဒေါ်စိန်လင်းကို သက်ဆိုင်ရာ သန်လျင်သုသာန်တွင် မီးသင်္ဂြိုဟ်ခြင်း မပြုလုပ်ဘဲ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ အနောက်ဘက်ဝင်းတွင် မီးသင်္ဂြိုဟ်ခြင်း အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်း မီးသင်္ဂြိုဟ်ခြင်း၊ အခမ်းအနားတွင် လောင်မြိုက်နေသော မီးတောက်များ၊ မိုးယံသို့တက်သွားသော မီးခိုးငွေ့များ၊ လောင်ကျွမ်းသွားသော ရုပ်ခန္ဓာတို့၏ အနောက်ဘက် ခပ်လှမ်းလှမ်းတွင် ဖူးမြော်လိုက်ရသော စေတီတော်တို့ကို မြင်တွေ့လိုက်ရသည်နှင့် ...

"သေရင် မီးခိုးနဲ့ပြာ
ပါသွားမှာက ကုသိုလ် အကုသိုလ်"

ဟူသော စကားရပ်ကို ပြန်လည်ကြားယောင်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


# နေ့မြင် ညပျောက်

ကိုကိုညီညီနှင့် ကျွန်တော်၊ ကျွန်တော့်ဇနီး ရွှေဇီးကွက်တို့နှင့် ရင်းနှီးသောကာလမှာ ကြာမြင့်လှပြီဖြစ်သည်။ ကိုကိုညီညီသည် ကျွန်တော် ရုပ်ရှင်လောကတွင် နာမည်ကြီးနေစဉ် ကာလကတည်းက ကျွန်တော်တို့နှင့် ခင်မင်ရင်းနှီးခဲ့သော သူငယ်ချင်းများ ဖြစ်ခဲ့သည်။ ကျွန်တော်၏ ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ရသည့် ဇာတ်ကောင်နှင့်လိုက်ဖက်သော ဆံပင်ပုံစံများကိုလည်း ဖန်တီးပေးခဲ့သူလည်းဖြစ်သည်။ ကိုကိုသည် လူချစ်လူခင်ပေါများပြီး အပေးအကမ်း ရက်ရောသူ ဒါနရှင်တစ်ဦးလည်းဖြစ်သည်။ ဘာသာတရားကိုလည်း ကိုင်းရှိုင်းသူလည်းဖြစ်သည်။ ကိုကိုညီညီသည် နာမည်ကြီး ဆံသပညာရှင်များဖြစ်သည်နှင့်အညီ ကိုကိုညီညီတည်းဟူသော Beauty Saloon ဆိုင် မြောက်မြားစွာနှင့် ဆံသပညာရှင်ပေါင်း မြောက်မြားစွာ မွေးဖွားပေးခဲ့သော ဆံသပညာရှင်လည်းဖြစ်သည်။ ယခု ဦးကိုကို ဆုံးရှာပြီ။ ဦးကိုကို (ခ) ချစ်လွင် အသက် (၅၈)နှစ် (KO KO Beauty Saloon) ပိုင်ရှင်သည် ၂၄.၁.၂၀၁၁ (တနင်္လာနေ့)တွင် ကွယ်လွန်ခဲ့ပြီး ၂၆.၁.၂၀၁၁ (ဗုဒ္ဓဟူးနေ့) နေ့လည် (၃း၀၀) နာရီအချိန်တွင် ရေဝေးသုသာန်၌ နာရေးကူညီမှုအသင်း (ရန်ကုန်) အသင်းသူ/သားများ၊ ဦးကိုကိုအား ချစ်ခင်ကြသော မိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးသားချင်းများ၊ အနုပညာသမားများနှင့် တပည့်တပန်းများဖြင့် စည်ကားစွာ မီးသင်္ဂြိုဟ်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။ ဦးကိုကိုအား လွမ်းဆွတ်ကြေကွဲ ဝမ်းနည်းမှုကား အဆုံးမသတ်နိုင်တော့ချေ။

တစ်နေ့ကွယ် ... သေနယ်သို့ တစ်ခါကူး
မေ့လျော့ကာ သေဘူးထင်ပါနဲ့
နေ့ကွယ်တာ အချိန်များလျှင်ဖြင့်
သေနယ်ရွာ တစ်ကြိမ်သွားရမယ်
တားမရဘူး ...။

www.burmeseclassic.com

www.burmeseclassic.com


ယနေ့ "၁၄-၁-၂၀၁၀"သည် နာရေးကူညီမှုအသင်း (ရန်ကုန်)ကို စတင်တည်ထောင် မျိုးဆက်ချပေးခဲ့သော စာရေးဆရာ၊ ဒါရိုက်တာ ဘဘဦးသုခ၏ နှစ်တစ်ရာပြည့် မွေးနေ့ဖြစ်ပါသည်။ ဤမွေးနေ့ အချိန်သမယ၌ ဘဘဦးသုခ လက်ဆင့်ကမ်းခဲ့သောအမွေကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်နေသော ဦးကျော်သူ၊ ဒေါ်မြင့်မြင့်ခင်ဖေနှင့် နာရေးကူညီမှုအသင်း (ရန်ကုန်) အသင်းသား/သူများက ကောင်းမှုကုသိုလ်ပြုကာ ဘဘ၏အုတ်ဂူအား ဆေးကြောသန့်စင်၊ မွန်းမံပြင်ဆင်၍ ဘဘကို ပူဇော်ကန်တော့ခဲ့ကြပါသည်။

U Thukha (1910-2005) was a six-time Burmese Academy Award winning film director, writer, song writer, script writer and film actor. U Thukha directed 33 films and is considered the most successful Burmese film director.

He was profoundly respected for his altruistic attitude and works. He was the founder and president of the Free Funeral Service Society (Yangon), which volunteers its funeral services to any family regardless of race, religion or social standing. He was also known for his efforts to rename the full moon day of Pyartho (which normally falls in January) as Mother's Day, as well as for his campaign for younger generations to pay more respect to their mothers.

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်/ဗီဒီယို သရုပ်ဆောင်၊ လူရွှင်တော် အကယ်ဒမီ မော့စ် (ခ) ဦးတင်ဝင်း အသက် (၅၉) နှစ်သည် အကယ်ဒမီ ရွှေစင်ဆု ဆွတ်ခူးရယူပြီး (၄၅)ရက်မြောက် ၁၃.၂.၂၀၁၃ ရက်နေ့ နံနက် (၄း၂၀) နာရီအချိန်တွင် သူ၏ ချစ်လှစွာသော မိသားစု၊ အနုပညာ ညီအစ်ကို မောင်နှမများ၊ ချစ်ပရိသတ်များတို့အား နှုတ်ဆက်ထွက်ခွာသွားခဲ့ပြီး ကြွင်းကျန်ရစ်သည့် ရုပ်ခန္ဓာအား နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးရုံ (SSC) သို့ သွားရောက်သယ်ယူပြီး ရေဝေးသုသာန် အအေးခန်းသို့ ပို့ဆောင်ကူညီပေးခဲ့သည်။


ဟာသသရုပ်ဆောင် မော့စ်သည် ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ရေသိုးချောင်ကျေးရွာတွင် မွေးဖွားခဲ့သူဖြစ်ပြီး ၁၉၈၈ ခုနှစ်ဝန်းကျင်ခန့်တွင် ရုပ်ရှင်အနုပညာလောကသို့ ဝင်ရောက်ခဲ့သည်။ ဟာသအနုပညာရှင်တစ်ဦးပီပီ မော့စ်၏ ပြက်လုံးများသည် ပရိသတ်တို့၏ စိတ်နှလုံးဟာဒယအား တိုင်း၊ ပြည်နယ်၊ မြို့ ကျေးရွာအနှံ့ ကြိုက်နှစ်သက် ရွှင်ပြုံးစေခဲ့ပြီး အဆို၊ အငို၊ အပြော၊ အက၊ မင်းသား၊ လူကြမ်း အစရှိသည့် ပညာရပ်များကိုလည်း ပိုင်နိုင်ကျွမ်းကျင်သည့် စွယ်စုံရ အနုပညာရှင်တစ်ဦးလည်းဖြစ်သည်။ မြန်မာ့ဇာတ်သဘင် အငြိမ့်လောကတွင် အောင်မြင်သည့် ပရိသတ်အသိအမှတ်ပြု လူရွှင်တော် မိုးဒီနှင့် အတွဲညီခဲ့သည့် မော့စ်သည် ကမ္ဘာမြေပြင်မှ ထွက်ခွာသွားခြင်းသည် ရုပ်ရှင်လောကကြီးအတွက် အစားထိုး




www.burmeseclassic.com

 www.burmeseclassic.com 


မရသလို နာရေးကူညီမှုအသင်း (ရန်ကုန်)မှလည်း ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။



၁၅.၂.၂၀၁၃ ရက်နေ့ နေ့လည် (၃း၀၀) နာရီ အချိန်တွင် ရေဝေးသုသာန်တွင် ရုပ်ရှင်/ဗီဒီယို ဟာသသရုပ်ဆောင် လူရွှင်တော် အကယ်ဒမီ မော့စ် (ခ) ဦးတင်ဝင်း အသက် (၅၉) နှစ်၏ ရုပ်ကလာပ်အခမ်းအနားအား နာရေးကူညီမှုအသင်း (ရန်ကုန်)မှ စီစဉ်ဆောင်ရွက် ကူညီပေးခဲ့ပြီး အသင်းသား အသင်းသူများနှင့်အတူ အကယ်ဒမီမော့စ်၏ နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ခဲ့ကြ သော မိသားစုဝင်များ၊ အနုပညာ လုပ်ဖော်ကိုင်ဖက် ညီအစ်ကို မောင်နှမများ၊ ချစ်လှစွာသော ပရိသတ်များအား ထာဝရ ခွဲခွာသွားပြီ ဖြစ်သော်လည်း ပရိသတ်များအား အကြိမ်များစွာ ရယ်မောအောင် ဖန်တီးခဲ့ပြီးနောက် ဆုံးအချိန်၌ ပရိသတ်အား ငိုအောင်ဖန်တီးခဲ့သော အကယ်ဒမီ မော့စ် သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်/ဗီဒီယို ဇာတ်ကားများ၊ ပြက်လုံးများသည် ပရိသတ်များတို့၏ ရင်ထဲတွင် အစဉ်ထာဝရ ကြားယောင်နေမည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။


အကယ်ဒမီ ရွှေစင်ရုပ်ဆု တက်ရောက်ယူခဲ့စဉ်၌ "ငမော့စ် ဒီအကယ်ဒမီရုပ်ကြီးကို လိုက်ဖမ်းနေတာ အခုကျမှပဲ မိတော့တယ်။ ငမော့စ်ရဲ့ပရိသတ်ကြီးရေ ... ငမော့စ် တာဝန်ကျေပါတယ်နော်။ ဒီဆုဟာ မော့စ်ကို ပြည်သူလူထုက ပေးလိုက်တဲ့ဆုဖြစ်လို့ ကျေးဇူးတင်ပါတယ်" လို့ ပြောကြားခဲ့သည့် စကားသည် ချစ်လှစွာသော ပရိသတ်ကြီးအတွက် နောက်ဆုံးစကား ဖြစ်ခဲ့လိမ့်မည်ဟု မမျှော်လင့်ခဲ့သည်မှာ အမှန်ပင်။

ပြည်သူလူထုအပေါ် တာဝန်ကျေခဲ့တဲ့ အကယ်ဒမီ မော့စ် ကောင်းရာသုဂတိလားပါစေ။



www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းချမ်းပါစေ တာရာမင်းဝေ

နာရေးကူညီမှုအသင်း (ရန်ကုန်)သည် ၁.၁.၂၀၁၁ ခုနှစ်မှစတင်၍ နေ့စဉ်နှင့်အမျှ အများပြည်သူတို့၏ နာရေးကိစ္စအဝဝတို့ကို (အခမဲ့) ကူညီမှုပြုလာခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း (၁၁)နှစ်တိုင်တိုင် ရောက်ရှိလာခဲ့ပါသည်။ ထို့အတူ နာရေးကူညီမှုအသင်း (ရန်ကုန်) သည် ဘဝနတ်ထံသို့ ပျံလွန်တော်မူသွားသော ဆရာတော်ကြီးများ၊ ဘဝတစ်ပါးသို့ ပြောင်းလဲသွားကြသော နာမည်ကျော် စာရေးဆရာကြီးများ၊ ပြည်သူချစ်သော အနုပညာရှင်များ စသဖြင့် ၎င်းတို့၏ နှစ်ပတ်လည်နေ့များသည်လည်း အကြိမ်ကြိမ်တိုင်ခဲ့ပါပြီ။ ထိုသူများထဲမှ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် ကမ္ဘာမြေပြင်မှ ထွက်ခွာသွားခဲ့သည့် ပြည်သူ့ဘက်မှ ရပ်တည်ခဲ့သော အနုပညာရှင် စာရေးဆရာ တာရာမင်းဝေ တစ်ဦးသည်လည်း အပါအဝင်ပင်ဖြစ်သည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့ နံနက် (၈)နာရီအချိန်တွင် ချစ်ညီညီ (ခ) ရွှေဘုန်းလူ (ခ) စာရေးဆရာ တာရာမင်းဝေ၏ (၅)နှစ်ပြည့် နှစ်ပတ်လည်အတွက် ဆွမ်းကပ်လှူ ပူဇော်ခြင်းကို အမှတ် (၃၆၄)၊ ပီမိုးနင်း (၁)လမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ ကျင်းပခဲ့သည်။ ယင်းအလှူပွဲသို့ နာရေးကူညီမှုအသင်း (ရန်ကုန်)၏ အတွင်းရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ခ) ဒေါ်ရွှေဇီးကွက်နှင့် သုခကုသိုလ်ဖြစ်ဆေးခန်းမှ တာဝန်ရှိသူများတို့ သွား ရောက်ခဲ့ကြသည်။ စာရေးဆရာ တာရာမင်းဝေ၏ ရုပ်အလောင်းအား ၂၀၀၇ ခုနှစ်၊ ဩဂုတ် (၈) ရက်နေ့၌ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူကိုယ်တိုင် နိဗ္ဗာန်ယာဉ်အား မောင်းနှင်၍ ရေဝေးအအေးခန်းသို့ ပို့ဆောင်ပေးခဲ့ဖူးပါသည်။ ယင်း (၅)နှစ်ပြည့် အောက်မေ့ဖွယ် အခမ်းအနားတွင် ကျန်ရစ်သူမိသားစုနှင့်အတူ တာရာမင်းဝေ၏ ရဲဘော်ရဲဘက်များ၊ မိတ်ဆွေများ၊ စာပေလောကမှ မိတ်ဆွေများ၊ (၈၈) ကျောင်းသားများ၊ နိုင်ငံရေးလောကမှ နိုင်ငံရေးသမားများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုကဲ့သို့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ စတင်ခြေလှမ်းနေစဉ်အချိန်တွင် မြန်မာပြည် ငြိမ်းချမ်းရေးအတွက် အသက်ပေးခဲ့သော၊ ကျဆုံးခဲ့ကြသော သူရဲကောင်းများကို အစဉ်အမှတ်ရကြကာ သူရဲကောင်းများ၏ စွန့်လွှတ်အနစ်နာခံမှု၊ သူရဲကောင်းတို့၏ စေတနာ၊ မေတ္တာ၊ သူရဲကောင်းတို့၏ ကျေးဇူးတရားများကို ပြန်လည်၍ ကျေးဇူးဆပ်သည့်အနေဖြင့် ပြည်သူ/သားအားလုံး စည်းလုံးညီညွတ် စည်းကမ်းရှိစွာဖြင့် အတ္တများကို ဖြုတ်ပြီး ငြိမ်းချမ်းမှု ကွန်ယက်များကို လက်ဆင့်ကမ်း သယ်ဆောင်ကြဖို့ အရေးကြီးပါပေသည်။ မြန်မာပြည် ငြိမ်းချမ်းပါစေဟု ဆုတောင်းမေတ္တာပို့သ ကဗျာဖွဲ့သီခဲ့သော တာရာမင်းဝေ (ခ) ရွှေဘုန်းလူ (ခ) ချစ်ညီညီ တစ်ယောက် ကျန်ရစ်သူမိသားစု၏ ကောင်းမှုအစုစုတို့ကြောင့် ငြိမ်းချမ်းရာ အစစ်ဖြစ်သော အရပ်ဒေသသို့ ရောက်ရှိခံစားနိုင်ပါစေဟု မေတ္တာပို့သလိုက်ရပါသည်။

**"မြန်မာပြည် ငြိမ်းချမ်းပါစေ"**

သွေးစတွေ စိုလူး
အလံဦးမှာ
ကိုယ့်နာမည်ချိတ်လို့
ကြိုးစင်ရိပ်ဝယ်
ကျွန်တော်တို့
တိုက်ပွဲဝင်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# "သံဝေဂ" ရစရာ လမ်းကြောင်း (၂)ခု

နာရေးကူညီမှုအသင်း (ရန်ကုန်)သည် သေဆုံးသွားသော ရုပ်အလောင်းများအား မီးသဂြိုဟ်မှု ပြုလုပ်ပေးရာတွင် ယခုဆိုလျှင် မီးသဂြိုဟ်ခ (၂) ဆ တိုးမြှင့်၍ ရန်ကုန်မြို့တော် စည်ပင်သာယာဌာနသို့ ပေးဆောင်၍ နာရေးကူညီမှုလုပ်ငန်းများကို နေ့စဉ်နေ့တိုင်း ပျမ်းမျှ (၄၅/၅၀) ဦးတို့ကို (အခမဲ့) ဖေးမကူညီ သဂြိုဟ်ပေးလျက် ရှိပါသည်။ ထို့အပြင် ရဲမှုခင်းများ ဖြစ်သော (ရေနစ်၊ ရထားကြိတ်၊ လမ်းဘေးသေ၊ ဆွဲကြိုးချ .... ) စသည့် နာရေးကိစ္စများကိုပါ ထမ်းရွက်ကူညီဖေးမပေးလျက်ရှိသည်။

ယနေ့ ၁၁.၂.၂၀၁၁ (သောကြာနေ့)တွင် နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ပို့ဆောင်ရသော နာရေးကိစ္စများတွင် ထူးခြားသော သံဝေဂရစရာ နာရေးလမ်းကြောင်း (၂)ခုကို တွေ့ကြုံခဲ့ရသည်။

ပထမဦးစွာ တောင်ဒဂုံမြို့နယ်နေ ဦးကျော်ဝင်း အသက် (၄၂)နှစ်သည် လောကဓံ၏ နှိပ်စက်ခြင်းဒဏ်ကို မခံနိုင်သည့်အဆုံး မိမိကိုယ်မိမိ သစ်ပင်တွင် ကြိုးဆွဲ၍ အဆုံးစီရင်သွားခြင်းပင်ဖြစ်သည်။ နံနက်အစောပိုင်းတွင် ရပ်ကွက်လမ်းထိပ်သစ်ပင်၌ ဆွဲကြိုးချသေဆုံးနေကြောင်း ရပ်ကွက်နေ ရပ်မိရပ်ဖတို့မှ တွေ့ရှိပြီး တောင်ဒဂုံရဲစခန်းမှတစ်ဆင့် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အကြောင်းကြား၍ သွားရောက်သယ်ဆောင်ပြီး စံပြဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ရသည်။ (သေဆုံးသူ ဦးကျော်ဝင်းသည် ညပိုင်းအချိန်၌ ဦးမောင်မောင် ဆက်ကပ်ပွဲသို့ သွားရောက်ကြည့်ရှုခဲ့သည်ကို မြင်တွေ့ရသည်ဟု ရပ်ကွက်နေ ရပ်မိရပ်ဖများက ပြောကြားခဲ့သည်။)

ဒုတိယထူးခြားသော နာရေးလမ်းကြောင်းမှာ စိန်ပန်းမြိုင် (၁) လမ်း၊ ၃၃ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒေါ်လေး (ကရင်ချောင်း)၏ နာရေးလမ်းကြောင်းဖြစ်သည်။ ဒေါ်လေး (ကရင်ချောင်း)သည် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီးဖြစ်သည်နှင့်အညီ လောကဓံ၏ လှည့်စားခြင်း၊ နှိပ်စက်ခြင်းတို့ကို မြတ်စွာဘုရား ဟောကြားခဲ့သော ဓမ္မနှင့်အညီ ရင်ဆိုင်ကျင့်ကြံ အားထုတ်မှုတို့ကြောင့် အသက် (၁၀၀)နှစ်အထိ သက်တမ်းစေ့ နေထိုင်သွားနိုင်ခဲ့သော အမေကြီးတစ်ဦးပင်ဖြစ်တော့သည်။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း နာရေးကူညီမှုအသင်း (ရန်ကုန်)မှ နာရေးစုစုပေါင်း (၁၂၅၈) ဦး ရှိခဲ့သည့်အနက် သံဃာတော် (၂၂)ပါး၊ သီလရှင် (၆)ပါး၊ ကျား (၆၈၀)ဦး၊ မ (၅၃၁) ဦး၊ ကလေး (၁၅)ဦး၊ ရဲမှုခင်းဆိုင်ရာ ကျား (၄)ဦးတို့အား အခမဲ့ ကူညီဖေးမ သင်္ဂြိုဟ်ပေးခဲ့သည်။

ထိုကဲ့သို့ နေ့စဉ်နေ့တိုင်း အချိန်တိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်းတွင် နာရေးကိစ္စများ အဆက်မပြတ် တွေ့ကြုံဖေးမ ကူညီမှုများကို လုပ်ဆောင်နေကြရာဝယ် ဦးမောင်မောင်ထွေး ရေးသားထားသော "အသုဘရှုကြွပါ" ဓမ္မနာဒစာအုပ်ငယ်ထဲမှ ...

"လူသေကြီးက
မြတ်ဓမ္မ
ဟောပြနေတိုင်းသာ၊
ငါသေသလိုလည်း
သင်တို့လည်း
သေမြဲဓမ္မတာ၊
မသေခင်က
ကုသလ
ပြုကြဖန်ခါခါ"

ဟူသော အဖိုးတန်စာပိုဒ်လေးအား အဖန်ဖန်ပွားများနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၇.၆.၂၀၁၂ (တနင်္ဂနွေနေ့) ည (၁၁း၃၀) နာရီအချိန်တွင် မြန်မာနိုင်ငံ၌ လူသိများ၊ ထင်ရှားသော ထွန်းလင်းတောက်ပသည့် ကြယ်တစ်ပွင့် (သို့) သံမဏိကလောင်တစ်ချောင်း၊ ဖြစ်သူ သတင်းစာဆရာ လူထုစိန်ဝင်း အသက် (၇၂) နှစ်သည် SSC ဆေးရုံ၌ နာတာရှည် အဆုပ်ဝေဒနာဖြင့် ကွယ်လွန်သွားခဲ့သည်။ ဆရာ၏ ရုပ်ကလာပ်အား ၁၉.၆.၂၀၁၂ (အင်္ဂါနေ့) နေ့လည် (၂း၀၀) နာရီအချိန်တွင် ရေဝေးသုသာန်၌ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဒုဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်၊ ဦးရဲလွင် (မဇ္ဈိမလှိုင်း)နှင့် ကိုဆောင်းဦးလှိုင်တို့နှင့်အတူ နာရေးကူညီမှု အသင်း (ရန်ကုန်) အသင်းသား/သူများမှ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ရုပ်ကလာပ်အခမ်းအနား တွင် သတင်းစာဆရာကြီး ဦးဝင်းတင် (ဟံသာဝတီ)နှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်တို့မှ ဆရာလူထုစိန်ဝင်းအား အမှတ်တရစကားများဖြင့် ဂုဏ်ပြုပြောကြားခဲ့ကြ သည်။ စာပေလောကသားများ၊ ရွှေညဝါဆရာတော်နှင့် ရဟန်းသံဃာတော်များ၊ ၈၈ မျိုးဆက်

# လူထုထဲက သံမဏိ ကလောင်တစ်ချောင်း ကြွေလွင့်



ကျောင်းသားများ၊ ကျောင်းသားသမဂ္ဂများ၊ မြန်မာ့နိုင်ငံရေးနယ်ပယ်နှင့် မြန်မာ့လူမှုရေး နယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ဆရာလူထုစိန်ဝင်းအား လေးစားချစ်ခင် ကြည်ညိုကြ သည့် ဧည့်ပရိသတ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆရာလူထုစိန်ဝင်းသည် မျက်မှောက်ခေတ် မြန်မာ့စာပေလောကတွင် စာအရေးနိုင်ဆုံး ပုဂ္ဂိုလ်တစ်ဦးအဖြစ် ထင်ရှားသူဖြစ်သည်။ ဆရာသည် ပုံမှန်အားဖြင့် တစ်ရက်လျှင် ဆောင်းပါး နှစ်ပုဒ်နှုန်းဖြင့် ဆောင်းပါးများ နေ့စဉ်ရေးသားခဲ့သည့် ဝါရင့် သတင်းစာဆရာတစ်ဦးဖြစ်သည်။

ဆရာလူထုစိန်ဝင်း၏ -

"အာဏာပိုင်ဆိုတဲ့ စကားလုံးကြောင့် ပြည်သူ့ဝန်ထမ်းတွေက သူတို့ကိုယ်သူတို့ ရုံးတစ်လုံး၊ ဓါးတစ်စင်းနဲ့ အာဏာပိုင်စိုးတဲ့ အရှင်သခင်အဖြစ် မှတ်ယူသွားတတ်ကြတယ်။ သူတို့ကို လစာရိက္ခာပေးထားကြတဲ့ တိုင်းသူပြည်သားများကို ကျေးတော်မျိုး၊ ကျွန်တော်မျိုး၊

www.burmeseclassic.com

www.burmeseclassic.com




အဖြစ် သဘောထားပြီး အာဏာပါဝါပြ ဟိန်းကြွေးဟောက်ကြတယ်။ တိုင်းသူပြည်သားများကို ရင်ဝယ်သားကဲ့သို့ သနားကြင်နာရမယ်ဆိုတဲ့ အပြောအဆိုအသုံးအနှုန်းမျိုးကိုလည်း ပျောက်အောင်လုပ်ရပါမယ်။ အစိုးရက မိဘမဟုတ်ဘူး။ ပြည်သူကသာ မိဘဖြစ်တယ်ဆိုတဲ့စကားကို နားထဲစွဲအောင် လုပ်ပေးဖို့လည်း အထူးလိုအပ်ပါတယ်။ ဒါမှ ဒီမိုကရေစီနဲ့ လိုက်လျောညီထွေ ဖြစ်မှာပါ။''ဆိုသည့် အရေးအသားသည် ပြည်သူများအတွက် အသိဉာဏ်တံခါးကို ပွင့်စေခဲ့သည့် စကားရပ်တစ်ခုဖြစ်သည်။

ဆရာလူထုစိန်ဝင်းသည် နိုင်ငံရေး၊ လူမှုရေးနယ်ပယ်များတွင် မှားယွင်းလွဲချော်နေသည်များအား ရဲဝံ့ပြတ်သားစွာ ဖော်ထုတ်ရေးသားပြောဆိုပြီး အစဉ်အမြဲ အမှန်တရားဘက်မှ ရပ်တည်ခဲ့ကာ စာပေနယ်တွင် သံယောဇဉ်ကြီးစွာဖြင့် မပြတ်တမ်း ဆုံးမသွန်သင်ရင်း ဇရာနှင့်ဘယာ ဝင်ရောက်သော်လည်း ဇွဲသတ္တိမလျော့တမ်း နောက်ဆုံးထွက်သက် အသင်ငင်ငင်ရှိသည့်အထိ ကိုယ်တိုင်ရေး သမိုင်းမှတ်တိုင်တစ်ခု တာဝန်ကျေပွန်ခဲ့သူဖြစ်သည်။ အစဉ်အမြဲ အမှန်တရားဘက်မှ ရပ်တည်ခဲ့သော မြန်မာနိုင်ငံ၏ သံမဏိကလောင်တစ်ချောင်းအဖြစ် လူထုအတွက်၊ အမှန်တရားအတွက်၊ ကောင်းရာလုပ်တဲ့သူ၊ မှန်တဲ့အလုပ်လုပ်တဲ့သူ လူထုထဲက လူထုလမ်းပြကြယ်တစ်စင်း ကြွေလွင့်သွားခြင်းအတွက် ကောင်းသောလားခြင်းဖြင့် ကောင်းရာသုဂတိလားပါစေ ဟု ဆုမွန်တောင်းရင်း ရှိသေစွာဖြင့် ဂုဏ်ပြုဦးညွတ်လိုက်ရပါတော့သည်။



www.burmeseclassic.com




# အဝင်နဲ့အထွက်

ကမ္ဘာမြေပြင်ပေါ်သို့ ရောက်ရှိလာသူများရှိသလို၊ ကမ္ဘာမြေပြင်မှ ပြန်လည်ထွက်ခွာသွားသူများသည်လည်း ဒုနဲ့ဒေး။ ကမ္ဘာမြေပြင်ပေါ်တွင် ရောက်ရှိပြီး သံသရာတွင် ကျင်လည်ကျက်စားကြရင်း သက်တမ်းမကုန်မီစပ်ကြား ပြန်လည်ထွက်ခွာသွားသူတို့သည်လည်း ဒုနဲ့ဒေး။

၁၁.၅.၂၀၁၁ (ဗုဒ္ဓဟူးနေ့) နံနက် (၁၁း၀၀) နာရီအချိန်တွင် မြောက်ဒဂုံမြို့နယ်၊ ၄၈ ရပ်ကွက်၊ မဟာဆွေလမ်းရှိနေအိမ်တွင် ကွယ်လွန်သွားသော စာရေးဆရာကြီးနတ်နွယ် (ခ) ဦးလှမြင့် အသက် (၇၈)နှစ်အား နာရေးကူညီမှုအသင်း (ရန်ကုန်)မှ သွားရောက်၍ ကျန်ရစ်သော ရုပ်ကလာပ်(အလောင်း)အား သယ်ဆောင်ကာ ရေဝေးသုသာန်အအေးခန်းသို့ နေ့လည် (၂း၀၀)နာရီတွင် ပို့ဆောင်ပေးခဲ့သည်။

ယင်းနေ့ ၁၁.၅.၂၀၁၁ (ဗုဒ္ဓဟူးနေ့) နေ့လည် (၂း၀၀)နာရီအချိန်တွင်လည်း ရေဝေးသုသာန်၌ ၁၁.၁.၂၀၁၁ နေ့တွင် ကွယ်လွန်သွားပြီဖြစ်သော စာရေးဆရာ၊ ဒါရိုက်တာ မောင်ဝဏ္ဏ၏ဇနီး ဒေါ်ချိုချိုရီ အသက် (၅၉)နှစ်၏ ဈာပနအခမ်းအနား ကျင်းပချိန်လည်းဖြစ်သည်။ စာပေ၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များဖြင့် စည်ကားစွာ ဒေါ်ချိုချိုရီ၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခဲ့ကြသည်။

ဆရာနတ်နွယ်သည် ရေဝေးသုသာန်အအေးခန်းသို့ အဝင်၊ စာရေးဆရာ ဒါရိုက်တာ မောင်ဝဏ္ဏ၏ မဟေသီ ဒေါ်ချိုချိုရီသည် ရေဝေးသုသာန်ခန်းမမှ အထွက်ပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ပကာသန မဖက်ဘဲ
# သဘာဝအတိုင်းသွားချင်သူ
# ကိုဝဏ္ဏ



နာရေးကူညီမှုအသင်း (ရန်ကုန်)သည် နာရေးကိစ္စရပ်များ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ သုသာန်များသို့ ရုပ်အလောင်းများ သယ်ဆောင်မှုများ ပြုလုပ်ပေးရာတွင် အသက် (၈၀)နှစ်အထက် ဘဝပြောင်းသွားသော လူတို့အား ဂျပန်နိုင်ငံတွင် အသုံးပြုလျက်ရှိသော နိဗ္ဗာန်မော်တော်ယာဉ်ကြီးဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။ အသက် (၈၀)နှစ်အောက် ဘဝပြောင်းသွားသော လူတို့အား ISUZU, TOYOTA (Hilux) စသည့် နိဗ္ဗာန်မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင် ကူညီဖေးမလျက်ရှိသည့်အပြင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော ဆရာတော် သံဃာတော်ကြီးများအား ဂျပန်နိုင်ငံတွင် အသုံးပြုသော LINCON နိဗ္ဗာန်မော်တော်ယာဉ်ဖြင့် ကူညီဖေးမ ကုသိုလ်ယူလျက်ရှိသည်။ အထူးအားဖြင့် နိုင်ငံ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ကြီးများ၊ ပြည်သူ့အကျိုးပြု အနုပညာရှင်များ ဘဝပြောင်းသွားသောအခါ ခြွင်းချက်အနေဖြင့် အထူးနိဗ္ဗာန်မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင် သင်္ဂြိုဟ်ပေးခြင်း၊ အအေးခန်းသို့ ပို့ဆောင်ပေးခြင်းများကို ပြုလုပ်ပေးဆပ်လျက်ရှိသည်။

ယနေ့ နံနက် (၆း၃၀)နာရီတွင် ဒါရိုက်တာ၊ စာရေးဆရာ ကိုဝဏ္ဏတစ်ယောက် ကွယ်လွန်သွားပြီဟူသောသတင်းကို ကိုဝဏ္ဏ၏ တူဖြစ်သူ ဖိုးသောကြာမှ သတင်းပေးပို့သည့်အတွက် လိုအပ်သော စာရွက်စာတမ်းများကို လျင်မြန်စွာရရှိရန် ပြောကြားပြီး နာရေးကူညီမှုအသင်း (ရန်ကုန်)မှ နိုင်ငံ့ဂုဏ်ဆောင် ပြည်သူ့အကျိုး သယ်ပိုးပေးခဲ့သော (သဘာဝအုပ်စု)၏ စာရေးဆရာ၊ ဒါရိုက်တာ ကိုဝဏ္ဏ အသက် (၆၅)နှစ် ရုပ်အလောင်းအား ရေဝေးသုသာန်အအေးခန်းသို့ သယ်ဆောင်ရန်အတွက် အထူးနိဗ္ဗာန်မော်တော်ယာဉ်အား အဆင်သင့်ဖြစ်ရန် မှာကြားခဲ့သည်။ နံနက် (၁၀း၀၀)နာရီခန့်တွင် မီးသင်္ဂြိုဟ်ခွင့်၊ အအေးခန်းထားရှိခွင့်၊ သင်္ချိုင်းလက်မှတ်အား ရရှိပြီဟု ပြန်လည်အကြောင်းကြားသည့်အတွက် ကျွန်တော်ကျော်သူနှင့် နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဇင်ထွန်းအောင်၊ ကျော်ဟိန်းတို့နှင့်အတူ အထူးနိဗ္ဗာန်မော်တော်ယာဉ်ကြီးဖြင့် သဃ်န်းကျွန်းမြို့နယ်၊ သာမုခြံနေအိမ်မှ သွားရောက်သယ်ဆောင်ခဲ့ကြသည်။

သယ်ဆောင်ခဲ့ရာလမ်းတစ်လျှောက် ကျွန်တော်က ကိုဝဏ္ဏနှင့် တွေ့ဆုံခဲ့ပုံများ၊ ကိုဝဏ္ဏမှ ကျွန်တော့်အား ရုပ်ရှင်လောကထဲသို့ ပထမဦးဆုံး ပို့ဆောင်ရန် ကြိုးစားခဲ့ပုံများ၊ ကိုဝဏ္ဏ၏

www.burmeseclassic.com

www.burmeseclassic.com

ရိုက်ကွင်းများသို့ ကျွန်တော်ကိုယ်တိုင် ရုပ်ငြိမ်ဓာတ်ပုံရိုက်ရန် အကြောင်းပြုပြီး ကျောင်းပိတ်ရက်များတွင် ရှမ်းပြည်ဘက်သို့ လိုက်သွားပုံများ (ဖြတ်လျှောက်အခန်းများနှင့် ဇာတ်ပို့ခန်းများ) တွင် ကျွန်တော့်၏မိဘများ မသိအောင် ဝင်ရောက်ရိုက်ကူးခဲ့ပုံများ၊ "ပန်းတွေနဲ့ဝေ" ရုပ်ရှင်ဇာတ်ကားကြီးအား ဗီဒီယိုအဖြစ် ပြန်လည်၍ အသက်သွင်း ရိုက်ကူးခဲ့ရာတွင် ဒါရိုက်တာကိုဝဏ္ဏက ကျွန်တော့်အား အမိက္ခဇာတ်ကောင်အဖြစ် အသုံးပြုခဲ့ပုံများ စသည့် လွမ်းမောဖွယ်ရာဖြစ်ရပ်များကို ပြောကြားခဲ့သည်။

ရေဝေးသုသာန်သို့ ရောက်လုနီးနီး မြောက်ဥက္ကလာပ၊ ကန်သာယာလမ်းဆုံတွင် လူနေအိမ်များ၊ ဈေးဆိုင်တန်းများ အရှေ့တွင် အထူးနိဗ္ဗာန်မော်တော်ယာဉ် နောက်ဘီးဟက်တက်ကွဲသွားတော့သည်။ (ယင်းကဲ့သို့ ကျွန်တော် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်များတွင် ရုပ်အလောင်းသယ်ဆောင်ရာ၌ နိဗ္ဗာန်မော်တော်ယာဉ် လမ်းခုလတ်တွင် စက်ချို့ယွင်းခြင်းကြောင့် ရပ်နားသွားရသည့်အခါများတွင် "ဟေ့ ... မနောက်နဲ့ကွာ။ ခင်ဗျားတို့အတွက် အဆင်ပြေအောင် လုပ်ပေးနေတာ ကူညီကြပါကွာ"ဟု ပြောဆိုလိုက်ပါက တစ်နည်းမဟုတ် တစ်နည်း စက်ပြန်လည် ကောင်းမွန်သွားပြီး သက်ဆိုင်ရာသုသာန်သို့ ရောက်ရှိပို့ဆောင်ပေးနိုင်ခဲ့သည်။) ယခု ကိုဝဏ္ဏ၏ နောက်ဆုံးခရီးလမ်းကြောင်းတွင် "ကိုဝဏ္ဏရေ ... မနောက်ပါနဲ့ဗျာ"ဟု ပြောဆို၍ မရနိုင်တော့ချေ။

ပေါက်ကွဲသွားသော နိဗ္ဗာန်မော်တော်ယာဉ်ဘီးမှာလည်း ပြန်လည်၍ အလိုလို ကောင်းမွန်လာမည်မဟုတ်။ ထို့ကြောင့် အသင်းရုံးချုပ်သို့ ဆက်သွယ်ပြီး နိဗ္ဗာန်မော်တော်ယာဉ် (အသက် ၈၀ နှစ်အောက် အသုံးပြုသောနိဗ္ဗာန်ယာဉ်) အား အမြန်ဆုံးလာရောက်ရန် ခေါ်ယူခဲ့သည်။ မြောက်ဥက္ကလာပမြို့နယ်၊ ကန်သာယာရပ်ကွက်မှ မိဘပြည်သူများ၊ TAXI အငှားယာဉ်မောင်းဆရာများကလည်း ဝိုင်းဝန်း၍ အကူအညီများပေးကြသည်။ ဤသည်မှာ မြန်မာလူမျိုးတို့၏ အယူသီးမှုကို တိုက်ဖျက်ကြသည့် ချစ်စရာဓလေ့တစ်ခုပင်ဖြစ်သည်။

အချိန်အနည်းငယ်အတွင်း ရောက်ရှိလာသော နိဗ္ဗာန်မော်တော်ယာဉ်ပေါ်သို့ ကိုဝဏ္ဏ၏ ရုပ်အလောင်းအား ဝိုင်းဝန်းပြီး အထူးနိဗ္ဗာန်မော်တော်ယာဉ်ပေါ်မှ ပြောင်းရွှေ့သယ်ဆောင်ခဲ့ကြသည်။ ရောက်ရှိလာသော အသက် (၈၀)နှစ်အောက် သယ်ဆောင်သော နိဗ္ဗာန်မော်တော်ယာဉ်ဖြင့် ရေဝေး သုသာန်အအေးခန်းသို့ ပို့ဆောင်ပေးနိုင်ခဲ့တော့သည်။ ကျွန်တော်၏အတွေးထဲတွင် စာရေးဆရာ၊ ဒါရိုက်တာ ကိုဝဏ္ဏသည် ဖခင်ဖြစ်သူ ဦးသာခု ထူထောင်ခဲ့သော သဘာဝအုပ်စု၏ အစ်ကိုအကြီးဆုံးဖြစ်သည်နှင့်အညီ အများနည်းတူ သဘာဝကျကျ နောက်ဆုံးခရီးကို သွားချင်ခဲ့သူတစ်ဦးများ ဖြစ်လေပြီလားဟု ... ။


စာရေးဆရာ ဒါရိုက်တာ ကိုဝဏ္ဏ အသက် (၆၅)နှစ်၏ ရုပ်ကလာပ်အခမ်းအနားအား
၁၃.၁.၂၀၁၁ (ကြာသပတေးနေ့) နေ့လည် (၃း၀၀)နာရီအချိန်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ခြင်း
အခမ်းအနား ကျင်းပပြီး ဖြစ်ပါသည်။

www.burmeseclassic.com

 www.burmeseclassic.com 

မြတ်စွာဘုရားရှင်က "မသေခင်သုတ္တန်"လို့ အမိပ္ပာယ်ရတဲ့ "ပုရာဘေဒ သုတ္တန်" မှာ မသေခင် ဖြည့်ဆည်းရမယ့် ဘဝအရည်အသွေးတွေကို တစ်စုတစ်ဝေးတည်း ဟောကြားထားပါတယ်။ မြင့်မြတ်တဲ့ လူသားတိုင်းနဲ့ မြင့်မြတ်လိုတဲ့ လူသားတိုင်း မဖြည့်မဖြစ် ဖြည့်ဆည်းရမယ့် စိတ်ဓာတ်အရည်အသွေး၊ ဘဝအရည်အသွေးတွေ မသေခင်မှာ တဏှာကင်းအောင် ကြိုးစားရပါမယ်။ လုံးဝမကင်းတောင် နည်းနိုင်သမျှ နည်းရပါမယ်။ အစွန်းထွက်တဲ့ တဏှာမျိုး၊ လွန်ကဲဖောက်ပြန်တဲ့ တဏှာမျိုး လုံးဝမဖြစ်အောင် သတိနဲ့ ထိန်းသိမ်းနိုင်ရပါမယ်ဟူ၍ မြတ်စွာဘုရားရှင် ဟောကြားခဲ့သည်။

၁၇.၃.၂၀၁၂ ရက်နေ့ မွန်းလွဲ (၁၂း၃၀) နာရီတွင် ကွယ်လွန်သွားရှာသော ရန်ကုန်မြို့ လှိုင်မြို့နယ်၊ မြကန်သာ (၅)လမ်းနေ ဦးလှမြင့် (မနောမယပတ္တမြား) ရုံအဖွဲ့မှူး (ငြိမ်း)၊ (ပညာရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန) ဒေါ်သန်းနွဲ့၏ သမီးကြီး ဒေါ်ကြည်ကြည်ဆွေ B.Sc (Chem:) ဘုရားရဟန်းသိမ်၊ ကျောင်း ဒါယကာမကြီး အသက် (၄၇)နှစ်၏ ကျန်ရစ်သော




www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်အား နာရေးကူညီမှုအသင်း (ရန်ကုန်)မှ Cool Box ဖြင့် အသုဘရှုရန် နေအိမ်တွင် အသုံးပြုထားရှိပေးခဲ့သည်။ ကွယ်လွန်သူ ဒေါ်ကြည်ကြည်ဆွေ၏ ရုပ်ကလပ်အား နာရေးကူညီမှုအသင်း (ရန်ကုန်) အတွင်းရေးမှူး ဒေါ်ရွှေဇီးကွက်နှင့် အသင်းသား/သူများမှ သွားရောက်ကြည့်ရှုရာ ခန္ဓာကိုယ်သည် ပျော့ပျောင်းစွာရှိနေသည်ကို ထူးခြားစွာ တွေ့မြင်ခဲ့ရသည်။ နာရေးရှင်များ၏ဆန္ဒ၊ ကွယ်လွန်သူ၏ဆန္ဒအရ ဒေါ်ကြည်ကြည်ဆွေ၏ လက်မှတစ်ဆင့် ပေးအပ်လှူဒါန်းမှုကို ပြုခဲ့ရာတွင်လည်း ခန္ဓာကိုယ်သည် ပျော့ပျောင်းစွာ တည်ရှိနေသည်ကို ထူးခြားစွာတွေ့ရသည်။

၁၉.၃.၂၀၁၂ ရက်နေ့ နံနက် (၁၀း၀၀)နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ခြင်း အခမ်းအနားကို ပြုလုပ်ရာတွင် နေအိမ်မှ နံနက် (၈း၃၀) နာရီအချိန်တွင် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ နိဗ္ဗာန်မော်တော်ယာဉ်ဖြင့် စတင်ထွက်ခွာခဲ့ပြီး ရေဝေးသုသာန်ခန်းမ၌ အသုဘရှု အခမ်းအနားအား ကျင်းပခဲ့ရာ ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်သားသမီးများ၊ မိသားစုများနှင့် နာရေးကူညီမှုအသင်း (ရန်ကုန်) အသင်းသူ/သားများမှ စည်ကားသိုက်မြိုက်စွာ လာရောက်အားပေးစကားများ ပြောကြားခြင်း၊ အသုဘရှုခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

နာရေးကူညီမှုအသင်း (ရန်ကုန်)အနေဖြင့် တစ်နေ့လျှင် နာရေးပေါင်း (၄၅/၅၀)ဦးခန့် အခမဲ့ သင်္ဂြိုဟ်ပေးနေရာတွင် ယခုကဲ့သို့ ထူးခြားစွာ ဘဝကူးပြောင်းသွားသော လူပုဂ္ဂိုလ်များကိုလည်း မကြာခဏ ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ပြီးဆုံးခဲ့တဲ့ အတိတ်အကြောင်း၊ ဖြစ်မလာသေးတဲ့ အနာဂတ်အကြောင်းတွေကို မလိုအပ်ဘဲ တွေးတောနေပြီး စိတ်ပင်ပန်း မနေသင့်တော့ပေ။ မသေခင် ကိုယ်တကယ်ပိုင်တဲ့ ပစ္စုပ္ပန် တစ်ခဏလေးမှာပဲ စိတ်ကို တည့်တည့်ချထားပြီး လုပ်သင့်လုပ်ထိုက်တာကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြဖို့ အရေးကြီးလှသည်။ မသေခင်မှာ ကိုယ့်စိတ်ကို ဒေါသမီး မလောင်မြိုက်အောင် ထိမ်းရှောင်နိုင်အောင် ကြိုးစားရမည်။ လူသားတွေရဲ့ မသေခင်ဘဝကို အရုပ်ဆိုး၊ အကျည်းတန်စေတဲ့ မနာလို၊ ဝန်တိုမှု (ဣဿာ၊ မစ္ဆရိယ)ကိုလည်း တွန်းလှန်နိုင်ရပါမယ်။ ကိုယ့်ထက်သာ မနာလိုတဲ့စိတ်၊ ကိုယ့်လိုပြည့်စုံမှာ ဝန်တိုတဲ့စိတ် လွှမ်းမိုးနေတဲ့သူဟာ မသေခင်က ပုပ်နေတဲ့ သက်ရှိအလောင်းကောင်ပါပဲ။ ကိုယ်အပြုအမူ ကြမ်းတမ်းသူ၊ နှုတ်အပြောအဆို ကြမ်းတမ်းသူ၊ စိတ်နေသဘောထားကြမ်းတမ်းသူ မဖြစ်စေရပါဘူး။



မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်လို့ခေါ်တဲ့ တံခါးခြောက်ပေါက်ကနေ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ သဘောတရားလို့ခေါ်တဲ့ အာရုံခြောက်ပါးဆီကို တဏှာလောဘ အစရှိတဲ့ ကိလေသာ ရေအလျှင်တွေ စီးဆင်းမသွားအောင် စောင့်ရှောက်နိုင်ရပါမယ်။ မြင်

www.burmeseclassic.com

www.burmeseclassic.com



မြင်ကာမျှ ကြား ကြားကာမျှနဲ့ ပြီးအောင် သတိပဋ္ဌာန် တရားကို ပွားများနိုင်ရင် ကိလေသာရေစီးဆင်းမှု ရပ်တန့်သွားမှာဖြစ်သလို ကိလေသာ အရင်းမခံဘဲ အလုပ်လုပ်နေပါလျက်နဲ့ သူတစ်ပါးတို့က ကိလေသာအရင်းခံတယ်လို့ ထင်ယောင်ထင်မှား စွပ်စွဲလာရင်လည်း မတုန်မလှုပ် သည်းခံနိုင်ရပါမယ်။ "တစ်လောကလုံးမှာ ကိုယ်ပိုင်တာ ဘာမှမရှိပါလား" ဆိုတဲ့အသိ စွဲစွဲမြဲမြဲ ရှိနေရပါမယ်။ အဲဒီအသိ စွဲစွဲမြဲမြဲ ရှိနေပြီဆိုရင် ရှိချင်တာ မရှိလို့လည်း မပူပန်တော့ဘူး။ ရှိပြီးတာ မရှိလို့လည်း မဆူညံတော့ပါဘူး။ မလုပ်သင့်တာအားလုံး အကြွင်းမဲ့ရှောင်နိုင်ပြီး လုပ်သင့်တာအားလုံး အကြွင်းမဲ့ဆောင်နိုင်ပြီဆိုရင်တော့ အကြွင်းမဲ့ဘဝ လွတ်မြောက်မှုကိုရပါပြီ။ သေခြင်းတရားက အကြွင်းမဲ့လွတ်မြောက်ပါပြီ။ ထပ်တလဲလဲ တစ်သေတည်း သေနေရတဲ့အဖြစ်ဆိုး၊ ဒုက္ခဆိုးတွေက ထာဝရ လွတ်မြောက်ပါပြီ။ အနိုင်းမဲ့ နိဗ္ဗာန်မှာ အကြွင်းမဲ့ ပျော်စံနိုင်ပါပြီ။

ဒေါ်ကြည်ကြည်ဆွေသည် လူ့ဘဝတွင် ရှိစဉ်ကာလ လှူဒါန်းခဲ့သော ဒါနကုသိုလ်ကောင်းမှု၊ ကျင့်ကြံအားထုတ်ခဲ့သော ဝိပဿနာ တရားဘာဝနာ စောင့်တည်ခဲ့သော သီလကုသိုလ်တို့ကြောင့် ယခုဆိုလျှင် သေခြင်းတရားက လွတ်မြောက်ရာဖြစ်သော အနိုင်းမဲ့နိဗ္ဗာန်ဘုံသို့ ရောက်ရှိမည်ဟု ယုံကြည်မိပါတော့သည်။

စာကြွင်း

Myanmar in Singapore စာမျက်နှာမှ ထုတ်နုတ်တင်ပြပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

# သံဝေဂ တရား ထပ်မံ ရရှိခြင်း



ရုပ်ရှင်သရုပ်ဆောင် ဒေါ်တင်တင်လှ အသက် (၆၈)နှစ်သည် ၂.၁၀.၂၀၁၀ (စနေနေ့) နံနက် (၆း၄၅)နာရီအချိန်၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်အနိစ္စ ရောက်ရှိခဲ့ပါသည်။ ကျန်ရစ်သော ရုပ်ခန္ဓာအား ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန် အအေးခန်းသို့ နာရေးကူညီမှုအသင်း (ရန်ကုန်)က သွားရောက်သယ်ဆောင် ကူညီပေးခဲ့ပါသည်။

ယနေ့ ၄.၁၀.၂၀၁၀ (တနင်္လာနေ့) နံနက် (၁၁း၀၀)နာရီအချိန်တွင် ရေဝေးသုသာန်၌ နာရေးကူညီမှုအသင်း (ရန်ကုန်)က အလှူမီးနီယမ်မှန်ခေါင်းဖြင့် ဈာပနအခမ်းအနား ပြင်ဆင်ပေးကာ အသင်းသူ/သားများ၊ နာရေးကူညီမှုအသင်း (ရန်ကုန်) ဝတ်အဖွဲ့မှ သံဝေဂအလင်္ကာများ ရွတ်ဖတ်ပူဇော် အမျှပေးဝေခြင်းတို့ကို ကုသိုလ်ဖြစ် ပေးဆပ်ကူညီပံ့ပိုးပေးခဲ့ပါသည်။

ရုပ်ရှင်အစည်းအရုံးမှ "နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် သရုပ်ဆောင်များအနေဖြင့် သွားရောက်ကူညီ သင်ကြားပို့ချပေးခြင်း မပြုလုပ်ရန်"ဟူသော စာထုတ်ခဲ့သော်လည်း အနုပညာရှင်များဖြစ်သော ဘဘဦးသုခမှ အစပြု၍ ဒွေး၊ သုမောင်၊ ဂျော်လီဆွေ၊ ညီဘွား၊ ထွန်းထွန်းနိုင်၊ ဇော်ဝမ်း၊ စန္ဒာအောင်သိန်း၊ အေဝမ်းဦးလှမျိုး၊ အလှဖန်တီးရှင် မိတ်ကပ်အောင်အောင် (တောင်ကြီး)နှင့် ဇာတ်ပို့ဇာတ်ရံများ၊ လူကြမ်းသရုပ်ဆောင်များ၊ ဟာသသရုပ်ဆောင်များ၊ အနုပညာရှင်များတို့၏ မိဘဆွေမျိုးသားချင်းတို့၏ နာရေးကိစ္စများကိုလည်း နာရေးကူညီမှုအသင်း (ရန်ကုန်)က လုပ်ဆောင်ပေးဆပ်လျက်ရှိပါသည်။

ကျွန်တော်သည် အမေ ဒေါ်တင်တင်လှ၏ အသုဘအခမ်းအနားတွင် မြင်တွေ့ခဲ့ရသော မြင်ကွင်းများက ကျွန်တော့်အတွက် သံဝေဂတရားများကို ထပ်မံ၍ ရရှိစေခဲ့သည်။ အကြောင်းမှာ အမေ ဒေါ်တင်တင်လှသည် ကျွန်တော်တို့၏ ရုပ်ရှင်ဘက်တွင် မင်းသားကြီး ဦးရွှေဘ၊ တွံတေး သိန်းတန်တို့ လက်ထက်ကတည်းက မင်းသမီးအဖြစ် သရုပ်ဆောင်ခဲ့သူတစ်ဦးလည်း

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။ ထို့နောက် ရုပ်ရှင်လောကတွင် ရုပ်ရှင်ဖလင်များ ပြတ်တောက်သွားသည့်အချိန်တွင် ရုပ်ရှင်လောကသားများ၊ ရုပ်ရှင်အနုပညာလောကနှင့် ခေတ္တ အလှမ်းဝေးခဲ့ကြရသည်။ တစ်ဖန် ဗီဒီယိုများပေါ်ကာစအချိန်ကာလတွင် ကျွန်တော်၏ ပထမဦးဆုံးသော ဗီဒီယိုကားဖြစ်သည့် စာရေးဆရာမ မအေးလေးဝတ္ထုဖြစ်သော "ဥက္ကာ"အမည်ရှိ ဗီဒီယိုဇာတ်လမ်းတွင် ကျွန်တော်၏ မိခင်အဖြစ် ပြန်လည်၍ ရုပ်ရှင်အနုပညာလောကသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကျွန်တော်တို့၏နောက်မှ ရုပ်ရှင်လောကအတွင်းသို့ ဝင်ရောက်လာသော မင်းသား၊ မင်းသမီး သစ်များ၏ အဒေါ်ဇာတ်ဝင်ခန်း၊ အမေဇာတ်ဝင်ခန်းများတွင် ပါဝင်၍ သရုပ်ဆောင်ပေးခဲ့ရသော ဝါရင့်သရုပ်ဆောင်တစ်ဦးလည်းဖြစ်သည်။ ထို့ပြင် ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်အစည်းအရုံးတို့၏ ခိုင်းစေချက်များ (နိုင်ငံတော်ကိစ္စ)ရုပ်များကို အချိန်မရွေး မိမိ၏ အလုပ်မအားလပ်သည့်ကြားမှ မိမိ၏အနုပညာကို အသုံးချကာ ပေးဆပ်နေသူတစ်ဦးလည်းဖြစ်သည်။ အမေ ဒေါ်တင်တင်လု ကဲ့သို့ ရုပ်ရှင်အစည်းအရုံး၏ ခိုင်းစေချက်များကို မိမိတို့၏ ကျန်းမာရေး လူမှုရေး အိမ်တွင်းရေး ကိစ္စအဝဝတို့ကို စွန့်လွှတ်ကာ ပေးဆပ်ခဲ့ကြသော အနုပညာရှင်ပေါင်းများစွာ ရှိခဲ့သည်။ သို့သော် ယခုကဲ့သို့ နိုင်ငံတော်အတွက်လည်းကောင်း၊ ရုပ်ရှင်အစည်းအရုံးသို့လည်းကောင်း၊ ရုပ်ရှင် လုပ်ငန်းအတွက်လည်းကောင်း မညည်းမညူ ပေးဆပ်ခဲ့ကြသော သရုပ်ဆောင်များ၏ နောက်ဆုံး အချိန်ဖြစ်သော ဈာပနအခမ်းအနားများတွင် ထိုကဲ့သို့ ခိုင်းစေခဲ့သော လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့၊ အမှုဆောင်များသော်လည်းကောင်း၊ အဖွဲ့ဝင်များသော်လည်းကောင်း တစ်ဦးတစ်ယောက်မျှ မတွေ့ရှိခဲ့ရခြင်းသည် သံဝေဂရဖွယ်ဖြစ်သည်။ ရုပ်ရှင်အစည်းအရုံးအဖွဲ့ဝင်တစ်ဦးဖြစ်သည်နှင့် အညီ ရုပ်ရှင်လုပ်ငန်းအတွက်သော်လည်းကောင်း၊ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေပွဲများသော် လည်းကောင်း မည်မျှဖင် ပေးဆပ်ခဲ့ပါမူ ဤကမ္ဘာမြေပြင်မှ ထွက်ခွာသွားရသည့်အချိန်တွင် "သင်သွားလိုရာ သွားနိုင်ပြီ၊ ကျွန်ုပ်တို့နှင့် ယခုအချိန်မှစ၍ ပတ်သက်ခြင်းမရှိတော့"ဟူသော ပြန်တမ်း စာလေးတစ်စောင်ကိုသာ လူကြုံနှင့် ထည့်ခိုင်းလိုက်ခြင်းသည် မလုပ်သင့် မလုပ်ထိုက် သော လူလူချင်း စာနာစိတ်မရှိသော လုပ်ရပ်ပင်ဖြစ်သည်ဟု ကျွန်တော်ယုံကြည်သည်။

ဝမ်းနည်းကြေကွဲရပါကြောင်း ပန်းခြင်းလေးတစ်ခု၊ ပန်းခွေလေးတစ်ခုကိုမျှ မမြင်တွေ့ ခဲ့ရ၊ ထိုနေ့ ထိုရက်တွင် ယင်း အနုပညာအဖွဲ့အစည်းကြီး၏ အမှုဆောင်များ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအားလုံးတို့သည် မည်မျှအရေးကြီးသည့် လုပ်ငန်းတစ်ခုကို တစ်ယောက်မကျန် လုပ်ဆောင်နေရပါသနည်း။

တစ်လက်စတည်း ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော် မေဆွိ၏ဖခင်၊ ထပ်ဆင့်အကယ်ဒမီ ဒေါ် မြင့်မြင့်ခင် (အန်တီဘေဘီ)၏ ခင်ပွန်း ဘဝတစ်ပါးသို့ ပြောင်းလဲစဉ်ကလည်း ထိုနည်း အတိုင်းပင် မြင်တွေ့ခဲ့ရသည်။

ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော် မေဆွိ မြန်မာပြည်တွင်ရှိစဉ်ကလည်းကောင်း မိခင် ဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဒေါ်မြင့်မြင့်ခင် (အန်တီဘေဘီ) မကျန်းမာ

www.burmeseclassic.com

www.burmeseclassic.com

စဉ်အချိန်ကလည်းကောင်း နိုင်ငံတော်အခမ်းအနားများ၊ ရန်ပုံငွေပွဲများတွင် စင်မြင့်ပေါ်သို့ အတင်းအဓမ္မတက်ခိုင်း၍ "ဟေလားရေ မောင်တို့ ... ဟေလားရေ မောင်တို့" စသည့် သီချင်းကို မောပန်းနွမ်းနယ်မှုများကြားမှ မညာစတမ်း သီဆိုဖျော်ဖြေပေးခဲ့ရသော်လည်း ခင်ပွန်းဖြစ်သူ၏ ဈာပနအခမ်းအနားတွင်တော့ ထိုခိုင်းစေခဲ့သော လူပုဂ္ဂိုလ်များ မတွေ့ရှိခဲ့။

အနုပညာရှင်များသည် လူ့ရှယ်လို့ လူ့လောကကြီးထဲ ရောက်လာသည့်အချိန်မှစ၍ ပေးဆပ်မှုများစွာ လောကကြီးအတွက်၊ လူသားများအတွက်၊ နိုင်ငံတော်အတွက် ပေးဆပ်မှုများ ရှိခဲ့သော်လည်း ထိုသူတို့၏ နောက်ဆုံးခရီး ကမ္ဘာမြေကြီးကို နှုတ်ဆက်သည့် အခမ်းအနားတွင် စည်ကားသိုက်မြိုက်စွာဖြင့် နှုတ်ဆက်ခရီးလမ်းကြောင်းကို တက်ညီလက်ရောက် အားပေးပြု ပါက ကျန်ရစ်သူမိသားစုများအနေဖြင့်လည်းကောင်း လာရောက်ကြသော ဧည့်ပရိသတ်များ အတွက်လည်းကောင်း အမြင်တင့်တယ်၍ မင်္ဂလာရှိပေမည်။

အချုပ်ဆိုရသော် "ရုပ်ရှင်သည် ပြည်သူ့အတွက်၊ ရုပ်ရှင်အစည်းအရုံးသည် ရုပ်ရှင် လောကသားများအတွက်"ဟူသော ဆောင်ပုဒ်များကို ထုတ်ဖော်ကြွေးကြော်ခဲ့သည့် ရုပ်ရှင် အစည်းအရုံး၊ ရုပ်ရှင်လုပ်ငန်းမှ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အနုပညာရှင်များ ပတ် သက်ခြင်းမပြုရဟူသော စာများထုတ်ပြန်ခဲ့သည့် လူပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များအနေနှင့် လူလူချင်း စာနာစိတ်မွေးကာ မြတ်ဗုဒ္ဓဟောကြားထားသော ဗြဟ္မစိုရ်တရားလေးပါး (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ) အနက်မှ တစ်ပါးတည်းသော ကရုဏာတရားလေးကို လက်ကိုင် ပြု၍ မိမိတို့ အသင်းအဖွဲ့အား စည်းလုံးညီညွတ်စွာဖြင့် အုပ်ချုပ်စေချင်တော့သည်။ သို့တည်း မဟုတ်ပါက မိမိတို့၏ အသင်းအဖွဲ့ အမည်နာမဖြစ်သော ရုပ်ရှင်အစည်းအရုံးဟူသော အမည် ကို ပြောင်းလဲသင့်ပြီဖြစ်ပါကြောင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာထား၍ ကရုဏာဒေါသ ဖြင့် ပြောကြားလိုက်ရပါတော့သည်။

အမေ ဒေါ်တင်တင်လှ၏ ရုပ်အလောင်းအား အအေးခန်းမှထုတ်လာစဉ် ခန်းမထဲ အရောက် ကြည့်ရှုလိုက်သောအခါ အမေ၏ အောက်နှုတ်ခမ်းသည် လောကကြီးကို မကျေနပ်၍ လည်းကောင်း၊ အနုပညာလောကကြီးကို နာကြည်း၍လည်းကောင်း၊ ဝေဒနာကိုခံစားရ၍ လည်းကောင်း စသည့် နာကြည်းမှုများ၊ ကြေကွဲမှုများ၊ မကျေနပ်မှုများကြောင့်လားတော့မသိ။ သွားဖြင့် ပြတ်လုနီးပါးကိုက်ထားသော ဒဏ်ရာတွင် သွေးစို့နေသည်ကို မြင်တွေ့လိုက်ရသည်။ ဤဒဏ်ရာ၏ တရားခံအဖြေကိုတော့ ကာယကံရှင်များသာ သိပါလိမ့်မည်။

မည်သို့ဖြစ်စေ အများပြည်သူတို့အား ထဲထဲဝင်ဝင် နာရေးကူညီမှု၊ ဆေးဝါးကူညီမှု၊ ပညာဒါနပေးဆပ်မှု စသည့် လူမှုရေးကောင်းမှုတို့ကို နေ့စဉ်မပျက် အချိန်ပြည့် ပေးဆပ်မှုများ ပြုလုပ်ခွင့်ရခဲ့သည်မှာ (၃)နှစ်တိတိ ရှိခဲ့ပြီဖြစ်ပါ၍ ကျွန်တော့အား အနုပညာလုပ်ဆောင်ချက် များ ပိတ်ပင်ခဲ့သော နိုင်ငံတော်မှ လူပုဂ္ဂိုလ်ကြီးများအား ကျေးဇူးအထူးတင်ရှိကာ သာဓုခေါ်ဆို လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# တစ်သိန်း ပြည့်ပြီ

BURMESE CLASSIC

၂၁.၃.၂၀၁၁ (တနင်္လာနေ့) နံနက် (၈း၀၀) နာရီတွင် နာရေးကူညီမှုအသင်း (ရန်ကုန်) ဈာပနလမ်းကြောင်း လက်ခံရာရုံးခန်းတွင် ဝန်ထမ်းများ၊ အသင်းသူ/သားများ၊ ဝတ်ရွတ်အဖွဲ့၊ ဓာတ်ပုံပညာရှင်များတို့သည် တယ်လီဖုန်းမြည်သံကို နားစွင့်နေကြသည်။ နံနက် (၉း၀၃)နာရီအချိန်တွင် မြောက်ဒဂုံမြို့နယ်၊ ၄၉ ရပ်ကွက်၊ ငုဝါမြိုင် (၁)လမ်းနေ ဦးချစ်ဟန် အသက် (၇၈) နှစ်၏ နာရေးလမ်းကြောင်း အကူအညီတောင်းခံလာခဲ့သည်။ ဦးချစ်ဟန် အသက် (၇၈)နှစ်သည် နာရေးကူညီမှုအသင်း (ရန်ကုန်)၏ နာရေးကူညီမှုပေါင်း (၁)သိန်းတိတိပြည့်သော နာရေးလမ်းကြောင်းပင်ဖြစ်တော့သည်။

နာရေးကူညီမှုအသင်း (ရန်ကုန်)၏ ဈာပနအဖွဲ့၊ မော်တော်ယာဉ်အဖွဲ့၊ ဓာတ်ပုံပညာရှင်အဖွဲ့တို့သည် မိမိတို့ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများအတိုင်း လုပ်ဆောင်ကြပြီးသည့်နောက် သုခအာဟာရ စားသောက်ဆိုင်တွင် နံနက်စာ ထမင်းသုံးဆောင်ပြီး မွန်းလွဲ (၁၂း၀၀) နာရီအချိန်တွင် ကွယ်လွန်သူ ဦးချစ်ဟန်၏ နေအိမ်သို့ သွားရောက်၍ ကူညီဖေးမမှုများပြုလုပ်ရန် အသင့်အနေအထားဖြစ်နေသည်။

နာရေးကူညီမှုအသင်း (ရန်ကုန်) ဘဏ္ဍာရေးမှူး ဒေါ်ရွှေဇီးကွက် ဦးဆောင်၍ အလုပ်အမှုဆောင်၊ အရန်အမှုဆောင် အမျိုးသမီးတို့မှ နိဗ္ဗာန်ယာဉ်ပေါ်ရှိ နိုင်ငံခြားမှ လှူဒါန်းထားသည့် အခေါင်းအား နာရေးနေအိမ်၊ ကိုက် (၂၀၀) အကွာအဝေးသို့ သယ်ဆောင်ခဲ့ကြပြီး နေအိမ်အတွင်းသို့ အသင်းသားများမှ လက်ဆင့်ကမ်း ထပ်မံသယ်ဆောင်ခဲ့ကြသည်။ ကွယ်လွန်သူ ဦးချစ်ဟန်သည် ငုဝါမြိုင် (၁)လမ်းရှိ တဲအိမ်လေးတွင် ဇနီးနှင့် နှစ်ဦးတည်းသာနေထိုင်ပြီး အဆုပ်ဝေဒနာအား ဇနီးဖြစ်သူမှ ကုသပြုစုပေးနေရသောသူတစ်ဦးဖြစ်သည်။ ဦးချစ်ဟန်၏ ရုပ်အလောင်းအား အခေါင်းထဲသို့ထည့်ပြီး နာရေးနေအိမ်အပြင်တွင် အခေါင်းတင်ဆောင်ရန် စတီးထောင့်ခုံပေါ်သို့ လက်ဆင့်ကမ်း ပြန်လည်သယ်ဆောင်ပြီး အကျီအဝတ်အစား၊ ဖိနပ်၊ ပန်း၊

www.burmeseclassic.com

ထမင်းထုပ် ထည့်သွင်းပြီးနောက် နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူမှ ကျန်ရစ်သူဇနီးနှင့် မိသားစုတို့ ရက်လည်ဆွမ်းကျွေးရန်အတွက် သင်္ကန်းပရိက္ခရာနှင့် အသင်းသူ/သားတို့၏ ချွေးနဲစာဖြင့် လှူဒါန်းထားသော အလှူငွေ (၃၇၀၀၀၀/-)ကျပ်တို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ဦးကျော်သူဦးဆောင်၍ နိဗ္ဗာန်ယာဉ်ပေါ်သို့ ကွယ်လွန်သူ၏ ရုပ်အလောင်းအား အလုပ်အမှုဆောင်၊ အရန်အမှုဆောင် အမျိုးသားများတို့မှ သယ်ဆောင်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပေးခဲ့ပါသည်။

BURMESE CLASSIC

ယင်း နာရေးကူညီမှု (၁) သိန်းပြည့် အခမ်းအနားတွင် နာရေးကူညီမှုအသင်း (ရန်ကုန်) မှ နိုင်ငံခြားအခေါင်းဖြင့် မီးသင်္ဂြိုဟ်ပေးခြင်း၊ ကွယ်လွန်သူ အသက် (၈၀)ကျော်တို့အား ကူညီပေးသော အထူးနိဗ္ဗာန်ယာဉ်ဖြင့် ကူညီပေးခြင်း၊ ဝတ်ရွတ်အဖွဲ့ဖြင့် ကုသိုလ်ယူ မေတ္တာပို့ အမျှပေးဝေခြင်း၊ ယပ်တောင်၊ ဆပ်ပြာ၊ ရေသန့်ဗူးတို့ နာရေးပို့ဆောင်သူတို့အား ဝေငှပေးခြင်း၊ နာရေးပို့ဆောင်သူတို့ လိုက်ပါစီးနင်းရန်အတွက် BM မော်တော်ယာဉ် (၁၀)စီး ကူညီပေးခြင်း၊ ရက်လည်ဆွမ်းကပ်ရန် သင်္ကန်းပရိက္ခရာနှင့် အလှူငွေ (၃၇၀၀၀၀/-) ကျပ် လှူဒါန်းပေးခြင်း၊ အသင်းသူ/သားပေါင်း (၁၀၀)ဦးရေကျော်ဖြင့် ဝိုင်းဝန်းကူညီဖေးမ ပို့ဆောင်ပေးခြင်း၊ ပြင်ပဓာတ်ပုံပညာရှင် (၄၈)ဦးတို့မှ မှတ်တမ်းတင်ဓာတ်ပုံများအား ကုသိုလ်ဖြစ် သက်စွန့်ဆံဖျားလာရောက်ရိုက်ကူးပေးခြင်း စသည့် ထူးခြားမှုများနှင့်အတူ ကွယ်လွန်သူ ဦးချစ်ဟန်တစ်ယောက်သည်လည်း မိမိ၏ ဘဝကူးပြောင်းသည့် အချိန်ကာလတွင် ဤကဲ့သို့ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ စည်ကားသိုက်မြိုက်စွာ လှူဒါန်းကူညီဖေးမ သင်္ဂြိုဟ်ပေးမည်ဟု ကြိုတင်၍ သိရမည်မဟုတ်ပေ။

**"ကြိုမသိရ၊ ဤငါးဝ"**

သက်တမ်းရှည်ရာ၊ ကြိုတင်ကာ၊ သူ ငါ မသိနိုင်။
သေမည့်ရောဂါ၊ ကြိုတင်ကာ၊ သူ ငါ မသိနိုင်။
သေမည့်ချိန်ခါ၊ ကြိုတင်ကာ၊ သူ ငါ မသိနိုင်။
သင်္ချိုင်းနေရာ၊ ကြိုတင်ကာ၊ သူ ငါ မသိနိုင်။
ဂတိလားရာ၊ ကြိုတင်ကာ၊ သူ ငါ မသိနိုင်။

**(ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်)**

www.burmeseclassic.com

www.burmeseclassic.com

# ကုသိုလ်ပြုလျှင်... ကိုယ့်ဖို့ ကျန်ခဲ့လျှင်... သူများဖို့

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ကိုသန့်ဇော်ဦး (ခ) တီတီး (Memo Fashion Tailor) အသက် (၃၆)နှစ်သည် ၁၂.၂.၂၀၁၁ (စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄.၂.၂၀၁၁ (တနင်္လာနေ့) မွန်းတည့် (၁၂:၀၀)နာရီအချိန်တွင် ရန်ကုန် ပြည်သူ့ဆေးရုံအအေးခန်းမှ ရေဝေးသုသာန်သို့ နာရေးကူညီမှုအသင်း (ရန်ကုန်) အစီအစဉ်ဖြင့် သယ်ဆောင်သင်္ဂြိုဟ်ပေးခဲ့သည်။

ကွယ်လွန်သူ ကိုသန့်ဇော်ဦးသည် အသက်ပင် ငယ်ရွယ်သော်လည်း ဘုရား၊ ကျောင်း၊ ရဟန်းဒကာတစ်ဦးဖြစ်ပြီး လူချစ်လူခင်ပေါများသော စိတ်ရင်းကောင်းမွန်သော လူရွယ်တစ်ဦးပင်ဖြစ်သည်။ ထို့ပြင် ပြည်မြို့ ရွှေပေါက်ပင်ဆရာတော်ကြီး၏ တပည့်ရင်းတစ်ဦးလည်းဖြစ်သည်။ ကိုသန့်ဇော်ဦး၏ ဈာပနအခမ်းအနားသို့ ရွှေပေါက်ပင်ဆရာတော်ကြီးကိုယ်တိုင် ပြည်မြို့မှ ကြွရောက်ကာ ဘဝကူးကောင်းမွန်ရန်အတွက် သရဏဂုံတင်ခြင်း၊ မေတ္တာပို့သခြင်း အမျှပေးဝေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

ကိုသန့်ဇော်ဦး၏ ဈာပနအခမ်းအနားအား တရုတ်ရိုးရာဖြင့် ကျင်းပဆောင်ရွက်ပေးနေစဉ် "ရေဝေးသွားလမ်း ဓမ္မာရုံမှ သံဝေဂ" စာပိုဒ်လေးအား မြင်ယောင်မိတော့သည်။

**"ရေဝေးသွားလမ်းဓမ္မာရုံမှ သံဝေဂ"**

မည်သူမည်မျှ စားရစားရ တစ်ဝမ်းဝရုံပဲ၊
မည်သူမည်မျှ ဝတ်ရဝတ်ရ အရေပြားဖုံးရုံပဲ၊
မည်သူမည်မျှ အိပ်ရနေရ တစ်ကိုယ်စာလေးပဲ၊
မည်သူမည်မျှ ပစ္စည်းဥစ္စာရှိရှိ သေလျှင် ထားခဲ့ရတာချည်းပဲ၊
ကုသိုလ်ပြုလျှင် ကိုယ့်ဖို့၊ ကျန်ခဲ့လျှင် သူများဖို့။

www.burmeseclassic.com



ညောင်ရွှေမြို့သို့ ဗြဟ္မစိုရ်ခရီးဆက်နေစဉ် ၁၉.၈.၂၀၁၃ ရက်နေ့ ညနေပိုင်းအချိန်တွင် ဆရာကြီး ဒဂုန်တာရာ ကွယ်လွန်သွားကြောင်း ကြားသိခဲ့ရသည်။ ညောင်ရွှေမြို့မှ အောင်ပန်းမြို့ရှိ ဆရာကြီး၏နေအိမ်သို့ သွားရောက်ရန် ခရီးဆက်ခဲ့သည်။ ဆရာကြီးသည် ငြိမ်းချမ်းစွာ လှဲလျောင်းနေသည်ကို တွေ့မြင်ခဲ့ရသည်။ ဦးစွာပထမ ဆရာကြီးအား ဂါရဝပြု ကန်တော့ခဲ့ပြီးနောက် ရုပ်ကလာပ်အခမ်းအနားအား ဆရာကြီး၏ တူမဖြစ်သူ စာရေးဆရာမ သင်းမြစန္ဒီနှင့် တွေ့ဆုံကာ နာရေးကိစ္စရပ်များအား အောင်ပန်းမြို့ရှိ နာရေးကူညီမှုအသင်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ၂၁.၈.၂၀၁၃ ရက်နေ့ နေ့ခင်း (၂း၀၀)နာရီအချိန်တွင် ရုပ်ကလာပ်အခမ်းအနားအား ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဆရာကြီး၏ အရိုးပြာများတို့အား အောင်ပန်းမြို့ရှိ ဆရာကြီး ဒဂုန်တာရာ ပိုင်ဆိုင်သည့် မြို့ပြင်ရှိ သုံးဧကအကျယ် ခြံဝန်းအတွင်းတစ်နေရာ၌ ငြိမ်းချမ်းရေး ချိုးငှက်ပုံကျောက်တိုင် ထုလုပ်ထားရှိရန် ကျွန်တော်တို့ အကြံပြုခဲ့သည်။

၂၀.၈.၂၀၁၃ ရက်နေ့တွင် ညောင်ရွှေမြို့မှ တောင်ကြီးမြို့သို့ ဗြဟ္မစိုရ်လူမှုရေးခရီးစဉ်အား ဆက်လက်ထွက်ခွာခဲ့သည်။ ယင်းနေ့တွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားခဲ့သော ဒေါ်ရွှေဥ အသက် (၇၀)နှစ်၏ ရုပ်ကလာပ်အား နာမ့်ခုံးရှမ်းများ ပရဟိတအသင်းနှင့်အတူ ပူးပေါင်း၍ ဦးကျော်သူကိုယ်တိုင် နိဗ္ဗာန်ယာဉ်မောင်းနှင်၍ ကူညီပို့ဆောင် သင်္ဂြိုဟ်ပေးခဲ့သည်။ ထို့နောက် ဦးကျော်သူမှ တောင်ကြီးမြို့ရှိ နာမ့်ခုံးရှမ်းများ ပရဟိတအသင်းအား မေတ္တာရပ်ခံ၍ အထူး နိဗ္ဗာန်ယာဉ်ကြီးဖြင့် ဆရာကြီး ဒဂုန်တာရာ၏ နောက်ဆုံးခရီးအား ကူညီဆောင်ရွက်ရန် သဘောတူရရှိခဲ့သည်။ ၎င်းနိဗ္ဗာန်ယာဉ်ကြီးဖြင့် ဆရာကြီး၏ ရုပ်ခန္ဓာအားသယ်ဆောင်ရန် အောင်ပန်းမြို့သို့ ဆက်သွယ်အကြောင်းကြားခဲ့ပြီး ၂၁.၈.၂၀၁၃ ရက်နေ့ နံနက် (၉း၀၀)နာရီ အချိန်တွင် 'နာမ့်ခုံးရှမ်းများ ပရဟိတအသင်း'နှင့်အတူ နိဗ္ဗာန်မော်တော်ယာဉ်ကြီးဖြင့် တောင်ကြီးမြို့မှ အောင်ပန်းမြို့သို့ စတင်ထွက်ခွာခဲ့ရာ လမ်းတစ်လျှောက် မြို့အသီးသီးရှိ လူမှုရေး အသင်းအဖွဲ့များဖြစ်သော 'သာဓုလူမှုနာမှုကူညီရေးအသင်း' (အေးသာယာ)၊ ပင်းတယ




www.burmeseclassic.com


www.burmeseclassic.com



သွေးလှူရှင်အဖွဲ့၊ ညောင်ရွှေမြို့ရှိ' ရွှေမေတ္တာလူမှုကူညီရေးအသင်း'၊ ရွှေညောင်မြို့ရှိ ပရဟိတအသင်းများ တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံးညီညွတ်စွာဖြင့် အောင်ပန်းမြို့သို့ နံနက် ၁၁ နာရီအချိန်တွင် ရောက်ရှိခဲ့ကြသည်။ ထို့နောက် အောင်ပန်းမြို့နာရေးကူညီမှုအသင်းတို့နှင့် ပူးပေါင်း၍ ဆရာကြီး၏ ရုပ်ကလာပ်အား နေ့လည် ၂ နာရီအချိန်တွင် နိုင်ငံရေးအဖွဲ့များ၊ အနုပညာရှင်များ၊ စာပေပညာရှင်များ၊ ဂီတပညာရှင်များ၊ ရာဇာနေဝင်း၊ ဟေမာနေဝင်း၊ သန္တာနေဝင်းတို့နှင့် မြို့မိမြို့ဖများတို့သည် နေအိမ်မှ (၂)မိုင်ကျော်ရှိသော အောင်ပန်းမြို့သုသာန်သို့ လမ်းလျှောက်ကြပြီး ဆရာကြီး၏ ရုပ်ခန္ဓာအား နာမ်ခံ့ရှမ်းများ ပရဟိတအသင်း၏ နိဗ္ဗာန်ယာဉ်ပေါ်တင်ဆောင်၍ သုသာန်သို့ အရောက်သယ်ဆောင်ခဲ့ပြီး ဆရာကြီးအား မီးသင်္ဂြိုဟ်ရန် ပြင်ဆင်ထားရှိသည့် နံ့သာထင်းပုံပေါ်တင်၍ ဒေသဓလေ့ ထုံးတမ်းစဉ်လာအတိုင်း စီစဉ်ကျင်းပပြုလုပ်ခဲ့သည်။ နောက်ဆုံးတော့ မီးခိုးပြာ ပါသွားမှာက ကုသိုလ်/အကုသိုလ်ပင် ဖြစ်တော့သည်။ သို့သော် ဆရာကြီး၏ ခန္ဓာအား လောင်ကျွမ်းခြင်းဖြင့် ထွက်ပေါ်လာသော မီးခိုးနှင့် ပြာမှုံတို့သည် ရှမ်းပြည်နယ်တစ်ခုလုံး လွှမ်းခြုံသွားသည်ကို တွေ့မြင်မိတော့သည်။ ထိုမီးခိုးနှင့် ပြာမှုံတို့သည် ငြိမ်းချမ်းရေးမီးခိုးနှင့် ငြိမ်းချမ်းရေးပြာမှုံအလား ခံစားမိတော့သည်။

'ရန်သူ မရှိ မိတ်ဆွေသာရှိ
မုန်းသူမရှိ ချစ်သူသာရှိ
နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ'

ဟူသော ဆရာကြီး၏ ဆိုစကားအတိုင်း မြန်မာပြည်သူ/သားများ၊ တိုင်းရင်းသားပေါင်းစုံ အချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်မည်ဆိုပါက ငြိမ်းချမ်းရေးကို ရရှိမည်ဟု ကျွန်ုပ်တို့ သိရှိခဲ့ရသည်။ ထိုနည်းတူစွာ တိုင်းပြည်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဖ.ဆ.ပ.လ ညီလာခံတွင် မိန့်ကြားခဲ့သော 'ဗြဟ္မစိုရ်တရား ခေါင်းပါးနေသရွေ့ ကာလပတ်လုံး တိုင်းပြည်သည် ကပ်ဘေးအမျိုးမျိုး ဆိုက်ရောက်နေပေလိမ့်မည်'ဟူသော မိန့်မှာချက်အား ကျွန်ုပ်တို့ နားထဲတွင် ပဲ့တင်ထပ် ကြားသိရပြီး 'ဒေါင်းဆိုတာ ... က,မှ လှတယ်။ ငှက်ဆိုတာ တေးသီမှ အေးချမ်းတယ်။ ငါးဆိုတာ ကူးခတ်နေမှ ကြည်နူးတယ်။ ခွေးဆိုတာ ... အမြီးလေးနှံ့နေမှ ပျော်မြူးတယ်။ လူဆိုတာ ဗြဟ္မစိုရ်တရား လက်ကိုင်ထားမှ ငြိမ်းချမ်းရေးကိုရမယ်"ဟူ၍ ကျွန်တော် ၂၀၁၀ ခုနှစ်တွင် ရေးသားခဲ့သည်ကို မျက်ဝါးထင်ထင် မြင်တွေ့မိတော့သည်။ တိုင်းရင်းသားပေါင်းစုံ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားပြည်သူလူထုအပေါင်းတို့ အပြင် စာပေပညာရှင်များ၊ နိုင်ငံရေးသမားများတို့၏ စည်းလုံးညီညွတ်မှုသည် အောင်ပန်းမြို့တွင် မြန်မာပြည်ကြီး၏ ငြိမ်းချမ်းရေးပြယုဂ် (သို့) ငြိမ်းချမ်းရေးကျောက်တိုင်တစ်ခု ထူထောင်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးမှုကို ၁၉၄၇ ခုနှစ် ပင်လုံကျောက်တိုင်မှ ၂၀၁၃ ခုနှစ် အောင်ပန်းတွင် ဆရာကြီး ဒဂုန်တာရာအတွက် ရည်စူးထူထောင်ခဲ့သော ငြိမ်းချမ်းရေးကျောက်တိုင်တို့သည် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ အနာဂတ်သမိုင်းကို ထင်ဟပ်နေပေလိမ့်မည်ဟု မျှော်လင့်တောင့်တမိပါတော့သည်။

www.burmeseclassic.com














www.burmeseclassic.com


www.burmeseclassic.com

နိုင်ငံတော်သမ္မတ
ဦးသိန်းစိန်၏
ဂုဏ်ပြုမှတ်တမ်းလွှာနှင့်
လွယ်အိတ်



www.burmeseclassic.com

www.burmeseclassic.com






Kyaw Thu and wife —

You have my deepest admiration for the work you do on behalf of your fellow citizens. Best of luck to you as you continue your efforts.


Derek Mitchell

www.burmeseclassic.com

www.burmeseclassic.com







မိတ်!

ကိုယ့်လမ်း . . . ကိုယ်သွား
ကိုယ့်အလုပ် . . . ကိုယ်လုပ်
ကိုယ့်တာဝန် . . . ကိုယ်ကျေ
ကိုယ့်သီလ . . . ကိုယ်လုံ
ကိုယ့်သမိုင်း . . . ကိုယ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်း(ခ)
မောင်မောင်(ခ)
ကျော်သူ

၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ၊ ၂ရက် မွေးဖွား။
တက္ကသိုလ်ပညာသင်ကြားစဉ်
ဒေါ်မြင့်မြင့်ခင်ဖေ (ခ) ရွှေဇီးကွက်နှင့် အိမ်ထောင်ပြု။
သား သမီး နှစ်ဦး ထွန်းကား
သား ပြည်သိမ်းကျော်၊ သမီး မြင့်မိုရ်ဦး။

၁၉၈၄ တွင် ရုပ်ရှင် စတင်ရိုက်ကူး။
မြန်မာ့ရုပ်ရှင် ထူးချွန်ဆု နှစ်ဆု ရရှိခဲ့။

၂၀၀၁ ခုနှစ်မှစ၍
နာရေးကူညီမှုအသင်းတွင် ကူညီခဲ့၊
၂၀၀၃ ခုနှစ်တွင်
နာရေးကူညီမှုအသင်း(ရန်ကုန်)တွင်
ဒုတိယ ဥက္ကဋ္ဌ၊
၂၀၀၈ ခုနှစ်တွင် ဥက္ကဋ္ဌ
ယခုအချိန်ထိ တာဝန်ထမ်းဆောင်ဆဲ၊
သဘာဝ ပတ်ဝန်းကျင်၊
လူမှုရေး၊ ငြိမ်းချမ်းရေးတို့အတွက်
တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့။
ပြည်သူ့ဘက်တော်သား အနုပညာသမားဆု(၂၀၀၉)
ပြည်သူ့ဂုဏ်ရည်ဆု(၂၀၁၀)
မောနွေလ အသင်းတော်မှ D.H.S.S ဘွဲ့(၂၀၁၁)
NED ဆု (၂၀၁၂)၊
ရုပ်ရှင်သူ့ရဲကောင်းဆု(၂၀၁၂)
မေတ္တာရှင် ပရဟိတစံပြဆု(၂၀၁၃)
ရရှိခဲ့။

www.burmeseclassic.com